ဗုဒ္ဓရှင်တော်မြတ်ဘုရား

ဟောကြား ပညတ် ဝိနည်းဥပဒေတော်မြတ်ကို

အကြောင်းဝတ္ထုနှင့်တကွ

အရှင်ဇာနကာဘိဝံသ

ဘာသာပြန်ဆိုရေးသားအပ်သော

# ဘုရားဥပဒေတော်ကြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ—၂၅၃၅ ကောဇာ—၁၃၅၃ ခရစ်—၁၉၉၁

၂၀၇၃၉

## ဗုဒ္ဓရှင်တော်မြတ်ဘုရား

ဟောကြားပညတ် ဝိနည်းဥပဒေတော်မြတ်ကို

အကြောင်းဝတ္ထုနှင့်တကွ

**အရှင်ဇနကာဘိဝံသ**

# ဘုရားဥပဒေတော်ကြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ-၂၅၃၅ ကောဇာ-၁၃၅၃ ခရစ်-၁၉၉၁

(က)

ဒုတိယအကြိမ် ပုံနှိပ်ခြင်း

အုပ်ရေ-၂၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဦးစီးဌာနအတွက် စာပေပေါင်းကူးပုံနှိပ်တိုက် (၀၂၅၆) ၆၄-စီ၊ ကြာပဒုမ္မာလမ်း၊ ၃/၁-ရပ်ကွက် (ငွေကြာရံဗိုလ်သာ) တောင်ဥက္ကလာပ တွင် ဦးတင်မောင်က ပုံနှိပ်၍ ဒုတိယညွှန်ကြားရေးမှူး-ဦးအောင်သန်း၊ မှတ်ပုံတင်အမှတ် (၀၂၅၂၇) ကထုတ်ဝေသည်။

# အာသီသပတ္တနာ

ဗုဒ္ဓ သာသနာတော်ကြီးကို စနစ်တကျ အရှည်တည်တံ့ စေလိုသော ဝိုင်-အမ်-ဘီ-အေ အသင်းကြီး၏ ရည်ရွယ်ရင်း အာသီသအဘိုင်း "အကွပ် မရှိသောကြမ်း ပရမ်းပတာ" ဆိုသော စကားကဲ့သို့ မည့်သည့် အဖွဲ့အစည်း, မည်သည့် တိုင်းပြည်မှာမဆို စည်းကမ်းဥပဒေ ကျနအောင် မရှိလျှင် တာရှည် စွာ တည်တံ့ထွန်းကားနိုင်မည် မဟုတ်ဟု ဝိုင်-အမ်-ဘီ-အေ စာပေဖြန့်ချိရေး အဖွဲ့က ယုံကြည်ပါသဖြင့် သာသနာတော်၌ ဘုရားရှင်၏ အလိုတော်ကို စနစ် တကျ လွယ်ကူစွာ သိရှိနားလည်ကြစေရန် ဤ "ဘုရား ဥပဒေတော်ကြီး" အမည်ရှိ ပါတိမောက် အခြေပြု ကျမ်းစာကြီးကို အမြဲတန်း လက်ဝယ် ဆောင်ယူနိုင်ကြစေရန် ကြိုးစားထုတ်ဝေ ဖြန့်ချိအပ်ပါသည်။

**သဒ္ဓါတိုးပွါးမှု အကြောင်းရင်း**

ကျွန်တော်တို့ ဗုဒ္ဓသာသနာတော်ကြီး၏ အသက်သည် ဝိနည်း ပညတ်တော်ပင် ဖြစ်၍ ဝိနည်း ပညတ်တော်ကြီး ကျဆုံး ကွယ်ပျောက်သည်နှင့်တစ်ပြိုင်နက် ဗုဒ္ဓသာသနာ တော်ကြီးလည်း တစ်ပါတည်း ကျဆုံးကွယ်ပျောက် သွားရမည်ပင် ဖြစ်ပါ သည်၊ ဗုဒ္ဓသာသနာတော်ကြီး၏ အသက် ဝိနည်းပညတ်တော်ကြီး မကျဆုံး မကွယ်ပျောက်မူ၍ အရှည်တည်တံ့ ခိုင်မြဲအောင် ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ် များမှာ ပထမ ရဟန်းတော်များဖြစ်၍—ဒုတိယ လူဒါယကာများပင် ဖြစ်ပါ သည်၊ ရဟန်းတော်များဘက်မှ ဝိနည်း ပညတ်တော်ကို ကျင့်ဆောင်ခြင်း, လူဒါယကာများဘက်မှ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ လှူဒါန်းခြင်း အမှု များကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြပါမူ သာသနာတော်ကြီး အရှည်တည်တံ့ခိုင်မြဲပြီး စည်ပင်ပြန့်ပွါးမည်မှာ အမှန်ပင် ဖြစ်လိမ့်မည် ဟု ယုံကြည်ပါသည်၊ လူဒါယကာတို့၏ ပစ္စည်း လေးပါး လှူဒါန်းမှုသည် သဒ္ဓါ တရား အကြည်ညို တိုးပွါးမှု၌ အခြေတည်ပါသည်၊ သဒ္ဓါတရား အကြည်ညို တိုးပွါးမှုသည် ရဟန်းတော်များ၏ ဝိနည်းပညတ်တော်အတိုင်း ကျင့်ဆောင် မှု၌ အခြေတည်ပါသည်၊ ဤအကြောင်းများကြောင့်ပင် ကျွန်တော်တို့သည် သာသနာတော်ကို ကြည်ညို၍ ရဟန်းတော်များ၏ ဝိနည်းသိက္ခာ ဖြစ်သော "ဘုရားဥပဒေတော်ကြီး"ကို အလွယ်တကူ သိရှိနားလည် လိုကြကုန်သော ရဟန်းရှင်လူများနှင့် သာသနာတော်ကို စနစ်တကျ ဖြစ်စေလိုကြကုန်သူများ, သာသနာတော်ကို အရှည် တည်တံ့အောင် ကြိုးစားလိုကြ ကုန်သူများကို

အဓိကထား၍ ဘုရားရှင်၏ အလိုတော်ကို စနစ်တကျ အလွယ်တကူ သိရှိနားလည်ကြစေရန် ကြိုးစားထုတ်ဝေခဲ့ပါသည်။

**ထုတ်ဝေခဲ့ပြီးသော ကျမ်းစာများ**

ကျွန်တော်တို့ အဖွဲ့ကြီးမှ သာသနာတော် အရှည်တည်တံ့မှုကို ရည်စူး၍ အရှင်ဇနကာဘိဝံသ ဆရာတော်၏ အနာဂတ်သာသနာကျမ်း, သာမညဖလသုတ် မြန်မာပြန်, ဗြဟ္မဇာလသုတ် မြန်မာပြန်, သင်္ဂြိုဟ် ဘာသာဋီကာ, ကျမ်းစာအုပ် များနှင့် သာသနာ ၂၅၀၀-ပြည့် အထိမ်းအမှတ် အဖြစ်ဖြင့် ဓမ္မဝိနယ ပြန်တမ်း စာအုပ်များကို ထုတ်ဝေဖြန့်ချိခဲ့ပါသည်၊ ထိုစာအုပ်များ ထုတ်ဝေစဉ်ကပင်, ရှင်ကျင့်ဝတ်စာအုပ်နှင့်, ဘုရားဥပဒေတော်ကြီးကို ထုတ်ဝေဖြန့်ချိရန် ကြေညာခဲ့သော်လည်း ရှင်ကျင့်ဝတ် စာအုပ်မှာ အမရပူရမှ ရိုက်နှိပ် ဖြန့်ချိပြီး ဖြစ်၍ ဘုရားဥပဒေတော်ကြီးမှာမူ ယခုမှပင် စာအုပ်အမြန် ဖြန့်ချိလိုသော အာသီသဖြင့် ကြိုးစားရပါ၍ ဆရာတော်၏အလိုနှင့် အတိအကျ မဖြစ်သေး စေကာမူ ဟံသာဝတီပုံနှိပ်တိုက်၏ အကူအညီဖြင့် ကျမ်းစာအုပ်မှာ စိတ်တိုင်းကျ အမြန်ပြီးမြောက်ခြင်းသို့ ရောက်ခဲ့ရပါသည်။

**စာမေးပွဲဝင် ပုဂ္ဂိုလ်များ**

ဘုရား ဥပဒေတော်ကြီးသည် ရှင်,ရဟန်းများ အတွက် အစိုးရ စာမေးပွဲများတွင် ဖြေစွမ်းနိုင်ပြီးလျှင် ဝိနည်းအဆုံးအဖြတ် များတွင်လည်း တိကျ နားလည်စေ၍ အားကိုးအားထားပြုရသော ကျမ်းတစ်ဆူ ဖြစ်ပြီးလျှင် လူပုဂ္ဂိုလ် ဥပါသကာများအတွက်လည်း ဗုဒ္ဓသာသနာကို တကယ်စနစ်တကျ ကြည်ညိုတတ်လာအောင် နားလည်စေနိုင်သော မြန်မာစာသား စကားလုံးတို့ဖြင့် တန်ဆာဆင်ထားသော ကျမ်းတစ်စောင် ဖြစ်ပါသည်။

ယခုထုတ်ဝေရသော ဘုရား ဥပဒေတော်ကြီးသည် သာသနာတော် ရှည်သမျှပတ်လုံး သူတော်ကောင်းတို့၏ နှလုံးအိမ်ကို ထိန်းသိမ်း ကြည်ညိုစေ၍ သာသနာတော်၏ အရှည် တည်တံ့ရေး ကိုလည်း အစဉ် ပြည့်ဖြိုးအောင် ဆောင်ရွက်နိုင်မည့် နတ်ဆေးကောင်းသဖွယ် ကျေးဇူးပြုနိုင်လိမ့်မည်ဟု အထူးမျှော်လင့် ဆုတောင်းပါသည်။

**မျှော်လင့် တောင့်တချက်**

ဤကျမ်းစာ၏ကျေးဇူးကြောင့်ဗုဒ္ဓသာသနာတော်၌ သူတော်ကောင်း တရားသည် စနစ်တကျ အစဉ် ထွန်းကား၍ သီလစင်ကြယ်သော ရဟန်းတော်တို့၏ အရောင်သည် တပြောင်ပြောင်,တလက်လက် ထွန်းတောက်လျက် ရှိကြပါစေသတည်း။

ဤကျမ်းစာကို ကြည့်ရှုပြီးကြကုန်သော သူတော်ကောင်း ဥပါသကာ အပေါင်းတို့သည်လည်း သာသနာတော် အရှည် တည်တံ့ရေး အတွက် ရဟန်းကောင်း, ရဟန်းမြတ်တို့အား သဒ္ဓါတရား ထက်သန်စွာဖြင့် အားပေး ချီးမြှင့်နိုင်ကြပါစေသတည်း။

ဤကျမ်းစာကိုထုတ်ဝေရသော ကျွန်တော်တို့နှင့်တကွ ကုသိုလ်ရှင်အပေါင်း တို့အားလည်း "ဗုဒ္ဓသာသနာကို မတွန့်မဆုတ် စွန့်စွန့်စားစား ဖြောင့်မတ်သော သဒ္ဓါတရားဖြင့် အသက်ထက်ဆုံး စောင့်ရှောက် ထိန်းသိမ်း နိုင်ကြစေရန်" သာသနာတော်ကို လိုလားကြကုန်သော သူတော်ကောင်း, လူ, နတ်, ဗြဟ္မာ အပေါင်းတို့၏ အစဉ် စောင့်ရှောက်ခြင်းသည် ဖြစ်ပါစေသတည်း။

ဗုဒ္ဓသာသနာကို အသက်နှင့်ထပ်တူ ချစ်မြတ်နိုးကြသော ပုဂ္ဂိုလ်တို့သည် ပေါများ ပေါပေါက်ကြပါစေသော်။

**ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။**

**ထိန်ဝင်း**
အကျိုးဆောင်
(ဝိုင်-အမ်-ဘီ-အေ) ဗုဒ္ဓဘာသာကလျာဏယုဝ
စာပေဖြန့်ချိရေးအဖွဲ့
ရန်ကုန်မြို့။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


အခြေခံနိဒါန်း (က)

ပါရာဇိကအခန်း

၁။ (က) မေထုနဓမ္မ ပါရာဇိက = ရှင်သုဒိန်-ဇနီးဟောင်းကို မေထုန်မှီဝဲမှု .... ၁

(ခ) ပဌမအနုပညတ် = တောကျောင်းဘုန်းကြီး-မျောက်မကို မှီဝဲမှု .... ၅

(ဂ) ဒုတိယအနုပညတ် = ဝေသာလီမြို့သား ရဟန်းများ-သိက္ခာမချဘဲ မေထုန်မှီဝဲမှု .... ၆

၂။ (က) အဒိန္နာဒါန ပါရာဇိက-ရှင်ဓနိယ-ဘုရင်၏ သစ်တော်တို့ကို လှည့်စား၍ယူမှု .... ၉

(ခ) အနုပညတ်=ဆဗ္ဗဂ္ဂီ ရဟန်းများ-ခဝါထုပ်ကို ခိုးမှု .... ၁၂

၃။ (က) မနုဿဝိဂ္ဂဟ ပါရာဇိက-ရဟန်းအများ-အချင်းချင်းသတ်မှု .... ၁၅

(ခ) အနုပညတ်=ဆဗ္ဗဂ္ဂီရဟန်းများ-သေခြင်း၌ ကျေးဇူးရှိပုံကိုပြောမှု .... ၁၇

၄။ (က) ဥတ္တရိ မနုဿဓမ္မ ပါရာဇိက=ဝဂ္ဂုမုဒါမြစ်ကမ်း၌ ဝါကပ်သော ရဟန်းများ-ဈာန်မဂ်ဖိုလ် မရဘဲ ပါကြွား၍ပြောမှု .... ၂၀

(ခ) ဓားပြကြီးငါးမျိုး .... ၂၁

သံဃာဒိသေသ အခန်း

၁။ သုက္ကဝိသဋ္ဌိသိက္ခာပုဒ်=ရှင်သေယျသက-လုံ့လပြု၍ သုက်လွှတ်စေမှု .... ၂၄

၂။ ကာယသံသဂ္ဂသိက္ခာပုဒ်=ရှင်ဥဒါယီ-မာတုဂါမကို ဆွဲကိုင်မှု .... ၂၈

၃။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ် ရှင်ဥဒါယီ အယုတ်တမာ ပြောမှု .... ၃၁

## မာတိကာ

စဉ် | အကြောင်းအရာ | စာမျက်နှာ

၄။ အတ္တကာမ ပါရိစရိယ သိက္ခာပုဒ် = ရှင်ဥဒါယီ-မေထုန် အလှူခံမှု ... ၃၃
၅။ သဉ္စရိတ္တသိက္ခာပုဒ် = ရှင်ဥဒါယီ-အောင်သွယ်မှု ... ၃၅
၆။ ကုဋိကာရသိက္ခာပုဒ် = အာဠဝီတိုင်းသား ရဟန်းများ အတောင်းအရမ်းများမှု ... ၃၇
၇။ ဝိဟာရကာရ သိက္ခာပုဒ် = အရှင်ဆန္န-ကျောင်းဆောက် လို၍ သစ်ပင်ခုတ်စေမှု ... ၄၀
၈။ ဒုဋ္ဌဒေါသ သိက္ခာပုဒ် = မေတ္တိယ, ဘူမဇက ရဟန်းများ- အရှင်ဒဗ္ဗကို ပါရာဇိကဖြင့် စွပ်စွဲမှု ... ၄၁
၉။ ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ် = မေတ္တိယ, ဘူမဇက ရဟန်း များ-အရှင်ဒဗ္ဗကို ပါရာဇိကဖြင့် စွပ်စွဲမှု ... ၄၅
၁၀။ သံဃဘေဒက သိက္ခာပုဒ် = ရှင်ဒေဝဒတ်-သံဃာသင်းခွဲမှု ၄၇
၁၁။ ဘေဒါနုဝတ္တက သိက္ခာပုဒ် - ရှင်ကောကာလိက စသော ရဟန်းများ-ရှင်ဒေဝဒတ်၏ သံဃာသင်းခွဲခြင်းအားပေး နောက်လိုက်မှု ... ၄၉
၁၂။ ဒုဗ္ဗစ သိက္ခာပုဒ် = အရှင်ဆန္န-ဆုံးမသည်ကိုမနာခံမှု ... ၅၁
၁၃။ ကုလဒူသက သိက္ခာပုဒ် = အဿဇိ, ပုနဗ္ဗသုက ရဟန်းများ- သဒ္ဓါတရားပျက်စီးအောင် ပြုသည့်အတွက် ပဗ္ဗာဇနီယ ကံပြုသောအခါ ကံပြုသောသံဃာများကို ကဲ့ရဲ့ရှုတ်ချမှု ... ၅၃

## အနိယတ အခန်း

၁။ ပဌမအနိယတ သိက္ခာပုဒ် = ရှင်ဥဒါယီ-မာတုဂါမနှင့် အတူ အကွယ်အကာ ရှိသောနေရာ၌ တစ်ယောက်ချင်း ထိုင်နေမှု ... ၆၁
၂။ ဒုတိယ အနိယတ သိက္ခာပုဒ် = ရှင်ဥဒါယီ-မာတုဂါမနှင့် အတူ အကွယ်အကာမရှိသောနေရာ၌ တစ်ယောက်ချင်း ထိုင်နေမှု ... ၆၃

## မာတိကာ

အကြောင်းအရာ — စာမျက်နှာ

### နိဿဂ္ဂိယ ပါစိတ် အခန်း

#### စီဝရဝဂ်

၁။ ပဌမ ကထိန သိက္ခာပုဒ် = ခရီးသွားသော ရဟန်းများ—အထုပ်အပိုးတွေကို ထမ်းကြ ရွက်ကြမှု .... ၆၆
၂။ ဒုတိယ ကထိန သိက္ခာပုဒ် = ရဟန်းအများ—သင်္ကန်းကြီးကို ထားပစ်ခဲ့မှု .... ၇၁
၃။ တတိယ ကထိန သိက္ခာပုဒ် = ရဟန်းအများ—အကာလ၌ ရသော သင်္ကန်းကို တစ်လထက်ပို၍ မချုပ်ဆိုးဘဲထားမှု .... ၇၃
၄။ ပုရာဏစီဝရ သိက္ခာပုဒ် - ရှင်ဥဒါယီ—ဇနီးဟောင်း ဘိက္ခုနီအား သင်္ကန်း လျှော်ခိုင်းမှု .... ၇၅
၅။ စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ် = ရှင်ဥဒါယီ—ဥပ္ပလဝဏ် ထေရီမ၏ သင်းပိုင်ကို အလှူခံမှု .... ၇၇
၆။ အညာတိက ဝိညတ္တိသိက္ခာပုဒ် = ရှင်ဥပနန္ဒ-သင်္ကန်းကို အတင်း တောင်းမှု .... ၇၈
၇။ တတုတ္တရိ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီရဟန်းများ—သင်္ကန်း အပိုတောင်းမှု .... ၈၀
၈။ ဥပက္ခဋ သိက္ခာပုဒ် = ရှင်ဥပနန္ဒ—ရည်ရွယ်ရင်းထက် တန်ဖိုးပိုအောင် သင်္ကန်းစီမံမှု .... ၈၁
၉။ ဒုတိယ ဥပက္ခဋ သိက္ခာပုဒ် = ရှင်ဥပနန္ဒ—ဒါယကာ နှစ်ဦးထံသွား၍ သင်္ကန်းကို တန်ဖိုးပိုအောင် စီမံမှု .... ၈၃
၁၀။ ရာဇသိက္ခာပုဒ် = ရှင်ဥပနန္ဒ—ဝေယျာဝစ္စပြုသူအား အတင်းတောင်းမှု .... ၈၃

#### ကောသိယဝဂ်

၁။ ကောသိယ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီရဟန်းများ—ပိုးလုပ်သူတို့ထံ တိုက်တွန်းမှု .... ၈၈
၂။ သုဒ္ဓကာဠက သိက္ခာပုဒ်=ဆဗ္ဗဂ္ဂီ ရဟန်းများ-အနက်ရောင် ချည်သက်သက်ဖြင့် အခင်းပြုမှု .... ၈၉

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | ဒွေဘာဂ သိက္ခာပုဒ်=ဆဗ္ဗဂ္ဂီရဟန်းများ—အနက်ရောင် အထည်ကိုယ်တွင် အဖြူရောင် အနားကွပ်ရှိသော ထည့်မှု ... | ၉၀ |
| ၄။ | ဆဗ္ဗဿ သိက္ခာပုဒ်=ရဟန်းအများ—နှစ်စဉ် အခင်းအသစ် ပြုလုပ်မှု ... | ၉၁ |
| ၅။ | နိသီဒန သန္ထတ သိက္ခာပုဒ် = ရဟန်းအများ— အခင်းဟောင်းကို စွန့်ပစ်မှု ... | ၉၂ |
| ၆။ | ဧဠကလောမ သိက္ခာပုဒ် = ရဟန်းတစ်ပါး— သိုးမွေးထုပ်ကြီး ရွက်လာမှု ... | ၉၅ |
| ၇။ | ဧဠကလောမ ဓောဝါပန သိက္ခာပုဒ် ဆဗ္ဗဂ္ဂီရဟန်းများ- ဘိက္ခုနီတို့အား ခိုင်းမှု ... | ၉၆ |
| ၈။ | ရူပိယ သိက္ခာပုဒ်=ရှင်ဥပနန္ဒ--ငွေအလှူခံမှု | ၉၇ |
| ၉။ | ရူပိယ သံဝေါဟာရ သိက္ခာပုဒ်=ဆဗ္ဗဂ္ဂီရဟန်းများ- ရွှေ,ငွေကို လဲလှယ်မှု .... | ၁၀၀ |
| ၁၀။ | ကယဝိက္ကယ သိက္ခာပုဒ် = ရှင်ဥပနန္ဒ-ပရိဗိုဇ်နှင့် အဝတ်ချင်း လဲယူမှု ... | ၁၀၃ |


## ပတ္တဝဂ်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပတ္တသိက္ခာပုဒ် = ဆဗ္ဗဂ္ဂီရဟန်းများ သပိတ်များစွာ ကိုယ်ပိုင်ထားမှု .. | ၁၀၅ |
| ၂။ | (က) ဦနပဉ္စ ဗန္ဓန သိက္ခာပုဒ် = ရဟန်းအများ— အလိုက်မသိဘဲ သပိတ်တောင်းမှု .. | ၁၀၆ |
| | (ခ) ခုဒ္ဒသိက္ခာလာ သပိတ်နှင့်စပ်၍ မှတ်ဖွယ်များ .. | ၁၀၈ |
| | (ဂ) သပိတ်နှင့်စပ်၍ မှတ်သားထိုက်သော အပ်, မအပ် စားခွက်များ .... | ၁၁၀ |
| ၃။ | ဘေသဇ္ဇသိက္ခာပုဒ် = ရဟန်းအများ- ထောပတ်စသော ဆေးများကို ကြာရှည်စွာ သိမ်းထားမှု .... | ၁၁၂ |
| ၄။ | ဝဿိက သာဋိက သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ— မိုးလမရောက်ခင် မိုးရေခံသင်္ကန်း ချုပ်ဆိုးဝတ်မှု .... | ၁၁၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၅။ စီဝရ အစ္စိန္နန သိက္ခာပုဒ် = ရှင်ဥပနန္ဒ— ပေးပြီး သင်္ကန်းကို ပြန်၍လုယူမှု .... ၁၁၄
၆။ သုတ္တဝိညတ္တိ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီရဟန်းများ— ချည်တို့ကို များစွာ တောင်းမှု .... ၁၁၈
၇။ မဟာပေသကာရ သိက္ခာပုဒ် = ရှင်ဥပနန္ဒ— မိမိသို့ ရည်မှန်းသော သင်္ကန်းကို ရည်မှန်းသော အဖိုးထက် ပို၍ ကုန်အောင် စီမံမှု .... ၁၁၈
၈။ အစ္စေကစီဝရ သိက္ခာပုဒ် = ရဟန်းအများ— အစ္စေက သင်္ကန်းကို ကြာရှည်စွာထားမှု .... ၁၂၀
၉။ သာသင်္က သိက္ခာပုဒ် = တောကျောင်းရဟန်းအများ— ၆-ညဉ့်ထက်ပို၍ သင်္ကန်းနှင့်ကင်းနေမှု .... ၁၂၃
၁၀။ ပရိဏတ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီရဟန်းများ— သံဃာ လှူမည့် သင်္ကန်းကို မိမိသို့ လှူစေမှု .... ၁၂၅


## သုဒ္ဓပါစိတ် အခန်း

## မုသာဝါဒဝဂ်


၁။ မုသာဝါဒ သိက္ခာပုဒ်=ရှင်ဟတ္ထက-မုသားပြောမှု .... ၁၂၇
၂။ ဩမသဝါဒ သိက္ခာပုဒ်=ဆဗ္ဗဂ္ဂီ ရဟန်းများ— ဆဲရေး ရှုတ်ချမှု .... ၁၂၈
၃။ ပေသုည သိက္ခာပုဒ်= ဆဗ္ဗဂ္ဂီ ရဟန်းများ— ချောပစ် ကုန်းတိုက် ( ရန်တိုက် )မှု .... ၁၂၉
၄။ ပဒသော ဓမ္မ သိက္ခာပုဒ်=ဆဗ္ဗဂ္ဂီ ရဟန်းများ—ပါဠိ တော်ကို သံပြိုင်ဆို၍ စာချမှု .... ၁၃၀
၅။ ပဌမ သဟသေယျ သိက္ခာပုဒ်= ရဟန်း ငယ်များ— ဥပါသကာတို့နှင့် အတူအိပ်မှု ၁၃၁
၆။ ဒုတိယ သဟသေယျ သိက္ခာပုဒ်= အရှင် အနုရုဒ္ဓါ- မာတုဂါမနှင့် အမိုး အကာတူနေရာ၌ အိပ်မှု .... ၁၃၃
၇။ ဓမ္မ ဒေသနာ သိက္ခာပုဒ်=ရှင်ဥဒါယီ— မာတုဂါမအား ( ယောကျာ်း အဖော်မပါဘဲ )တရားဟောမှု .... ၁၃၅

# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ


၈။ ဘူတာရောစ သိက္ခာပုဒ်=ရဟန်းအများ-ချာန်မင်္ဂ-ဖိုလ်တရားကို ရကြောင်း ပြောမှု .... ၁၃၇
၉။ ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်= ဆဗ္ဗဂ္ဂီ ရဟန်းများ- ရှင်ဥပနန္ဒ၏ သံဃာဒိသေသ် အာပတ်ကို လူတို့အား ပြောမှု .... ၁၃၇
၁၀။ ပထဝီ ခဏန သိက္ခာပုဒ်=ရဟန်းအများ- မြေတူးမှုနှင့် အတူးခိုင်းမှု .... ၁၃၈


## ဘူတဂါမဝဂ်


၁။ ဘူတဂါမသိက္ခာပုဒ်=ရဟန်းတစ်ပါး-သစ်ပင်ခုတ်မှု .... ၁၄၀
၂။ အညဝါဒက သိက္ခာပုဒ်=အရှင်ဆန္န-စကားတစ်မျိုးဖြင့် စကားတစ်မျိုးကို ဖုံးမှု .... ၁၄၃
၃။ ဥဇ္ဈာပနက သိက္ခာပုဒ်=မေတ္တိယ,ဘူမဇကရဟန်းများ- အထင်သေး အမြင်သေးအောင် ပြောမှု .... ၁၄၄
၄။ ပဌမသေနာသန သိက္ခာပုဒ်= ရဟန်းအများ- သံဃိက အိပ်ရာ နေရာကို မရုပ်သိမ်းမှု .... ၁၄၅
၅။ (က) ဒုတိယ သေနာသန သိက္ခာပုဒ်= သတ္တရသဝဂ္ဂီ ရဟန်းကလေးများ- သံဃိကကျောင်း၌ အိပ်ရာ နေရာခင်း၍ မရုပ်သိမ်းဘဲ သွားမှု .... ၁၄၆
(ခ) အိပ်စရာ ထိုင်စရာ ၁၀-မျိုး .... ၁၄၇
၆။ အနုပခဇ္ဇသိက္ခာပုဒ်=ဆဗ္ဗဂ္ဂီရဟန်းများ-မထေရ်ကြီးများ အနား၌ ကပ်ရောက် နေထိုင်မှု .... ၁၄၈
၇။ နိက္ကဍ္ဍနသိက္ခာပုဒ်=ဆဗ္ဗဂ္ဂီရဟန်းများ-သံဃိကကျောင်းမှ ထွက်သွားအောင် လုပ်မှု .... ၁၄၉
၈။ ဝေဟာသကုဋိ သိက္ခာပုဒ် = ရဟန်းတစ်ပါး-အထက်၌ အခင်းမရှိသေးဘဲ ခုတင်ကိုခင်း၍ ထိုင်မှု .... ၁၅၁
၉။ မဟလ္လက ဝိဟာရ သိက္ခာပုဒ် = ရှင်ဆန္န- ကျောင်းကို အထပ်ထပ် အမိုးခိုင်းမှု .... ၁၅၂
၁၀။ သပါဏက သိက္ခာပုဒ် = ရဟန်းအများ- ပိုးရှိသော ရေကို သွန်မှု .... ၁၅၃

| ဦ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ဘိက္ခုနောဝါဒဝဂ်

| | | |
|---|---|---|
| ၁။ | ဩဝါဒ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ–ဘိက္ခုနီတို့အား ဩဝါဒပေးမှု ... | ၁၅၅ |
| ၂။ | အတ္ထင်္ဂတ သိက္ခာပုဒ် = အရှင် စူဠပန်– နေဝင်အောင် ဩဝါဒ ပေးမှု .... | ၁၅၆ |
| ၃။ | ဘိက္ခုနုပဿယ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ ဘိက္ခုနီကျောင်းကို သွား၍ ဩဝါဒပေးမှု .... | ၁၅၈ |
| ၄။ | အာမိသသိက္ခာပုဒ် = ဆဗ္ဗဂ္ဂီရဟန်းများ–ထေရ်ကြီးတို့အား စွပ်စွဲမှု ... | ၁၅၉ |
| ၅။ | စီဝရ ဒါန သိက္ခာပုဒ် = ရဟန်းတစ်ပါး– ဘိက္ခုနီအား သင်္ကန်းပေးမှု .... | ၁၅၉ |
| ၆။ | စီဝရ သိဗ္ဗန သိက္ခာပုဒ် = ရှင်ဥဒါယီ–ဘိက္ခုနီအား သင်္ကန်းချုပ်ပေးမှု .... | ၁၆၀ |
| ၇။ | သံဝိဓာန သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီရဟန်းများ-ဘိက္ခုနီတို့နှင့် တိုင်ပင်၍ ခရီးသွားမှု .... | ၁၆၁ |
| ၈။ | နာဝါဘိရုဟန သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ–ဘိက္ခုနီတို့နှင့် အတူတိုင်ပင်၍ လှေစီးမှု ... | ၁၆၂ |
| ၉။ | ဘိက္ခုနီပရိပါစိတ သိက္ခာပုဒ် = ရှင်ဒေဝဒတ်-ဘိက္ခုနီက စီမံပေးသော ဆွမ်းကိုစားမှု .... | ၁၆၃ |
| ၁၀။ | ရဟော နိသဇ္ဇ သိက္ခာပုဒ် = ရှင်ဥဒါယီ–ဘိက္ခုနီနှင့် အတူ လူကွယ်ရာ၌ နေမှု .... | ၁၆၅ |

## ဘောဇနဝဂ်

| | | |
|---|---|---|
| ၁။ | အာဝသထပိဏ္ဍ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ–တည်းခိုးရာ ဇရပ်၌ အမြဲနေ၍ ဆွမ်းစားမှု .... | ၁၆၆ |
| ၂။ | ဂဏဘောဇန သိက္ခာပုဒ် = ရှင်ဒေဝဒတ်– အဖော်အပေါင်းနှင့် အတူ ဂဏဘောဇဉ်ကို စားမှု .... | ၁၆၇ |
| ၃။ | ပရမ္ပရ ဘောဇန သိက္ခာပုဒ် = ရဟန်းအများ–ဘောဇဉ်နာမည်ဖြင့် ပင့်ဖိတ်ထားလျက်ဆွမ်းခံစားမှု .... | ၁၇၀ |

စဉ် | အကြောင်းအရာ | စာမျက်နှာ

၄။ ကာဏမာတာ သိက္ခာပုဒ် = ရဟန်းအများ—လက်ဆောင်ပေးဖို့ မုန့်များကို အကုန်ခံယူမှု ... ၁၇၂
၅။ ပထမ ပဝါရဏာ သိက္ခာပုဒ် = ရဟန်းအများ—တော်ပြီဟု ဆိုပြီးမှ အခြားတစ်နေရာ သွားရှိစားမှု .... ၁၇၄
၆။ ဒုတိယ ပဝါရဏာ သိက္ခာပုဒ် = ရဟန်းတစ်ပါး—ပဝါရိတ် သင့်ထားသော ရဟန်းအား နောက်ကပ်စားဖို့ရန် တိုက်တွန်းမှု .... ၁၇၅
၇။ ဝိကာလဘောဇန သိက္ခာပုဒ် = သတ္တရသဝဂ္ဂီရဟန်းကလေးများ-နေလွဲအခါ စားသောက်ကြမှု .... ၁၇၆
၈။ သန္နိဓိ သိက္ခာပုဒ် = အရှင်ဗေလဋ္ဌသီသ- ဆွမ်းကို ချန်ထား၍ နောက်ရက်၌စားမှု .... ၁၇၉
၉။ ပဏီတဘောဇန သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ—မွန်မြတ်သော အစာကို တောင်းစားမှု .... ၁၈၁
၁၀။ ဒန္တပေါဏ သိက္ခာပုဒ် = ရဟန်းတစ်ပါး—လူ့သာမဏေတို့က မပေးအပ်( မကပ်အပ် သော အာဟာရကို စားမှု .... ၁၈၂

## အစေလကဝဂ်

၁။ အစေလက သိက္ခာပုဒ် = အရှင်အာနန္ဒာ— ပရိဗိုဇ်မအား မုန့် ၂-ယှက်( မှား၍ )ပေးမှု .. ၁၈၈
၂။ ဥယျောဇန သိက္ခာပုဒ် = ရှင်ဥပနန္ဒ— ရဟန်း တစ်ပါးကို ဆွမ်းခံခေါ်သွားပြီးနောက် ဘာမျှမပေးဘဲ ပြန်လွှတ်မှု .... ၁၈၉
၃။ သဘောဇန သိက္ခာပုဒ် = ရှင်ဥပနန္ဒ— အိမ့်ရှင်မနှင့်အတူ အိပ်ခန်းတွင်း၌ ထိုင်နေမှု .... ၁၉၀
၄။ ရဟောပဋိစ္ဆန္န သိက္ခာပုဒ် = ရှင်ဥပနန္ဒ— အိမ်ရှင်မနှင့်အတူ ကွယ်ရာ၌ ထိုင်နေမှု .... ၁၉၁
၅။ ရဟောနိသဇ္ဇ သိက္ခာပုဒ် = ရှင်ဥပနန္ဒ— အိမ့်ရှင်မနှင့်အတူ ပြောစကားကို သူများမကြားနိုင်သော လူမြင်ကွင်း၌ ထိုင်နေမှု .... ၁၉၂

စဉ် | အကြောင်းအရာ | စာမျက်နှာ

၆။ စာရိတ္တ သိက္ခာဒ် = ရှင်ဥပနန္ဒ—ယမင်းဖြင့် ဖိတ်ထား
လျက် ထိုထမင်းမစားခင် အခြားအိမ်သို့ လှည့်လည်မှု .... ၁၉၂
၇။ မဟာနာမ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ—
နှိပ်နှိပ်စက်စက် တောင်းမှု = ... ၁၉၅
၈။ ဥယျုတ္တသေနာ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ—
ရန်သူစစ်တပ်သို့ ချီတက်လာသော စစ်တပ်ကိုကြည့်ရှုမှု .... ၁၉၈
၉။ သေနာဝါသ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ—
စစ်တပ်၌ ကြာရှည်စွာနေမှု .... ၁၉၉
၁၀။ ဥယျောဓိက သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ—
စစ်တိုက်နေသည်ကို ကြည့်မှု .... ၂၀၀

သုရာပါနဝဂ်

၁။ သုရာပါန သိက္ခာပုဒ် = အရှင်သာဂတ—
သေရည်သောက်မှု .... ၂၀၂
၂။ အင်္ဂုလိပတောဒက သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ
ကလိထိုး၍ ကစားမှု .... ၂၀၄
၃။ ဟသဓမ္မ သိက္ခာပုဒ် = သတ္တရသဝဂ္ဂီ ရဟန်းကလေးများ—
အစိရဝတီ မြစ်ထဲ၌ ရေကစားမှု .... ၂၀၅
၄။ အနာဒရိယ သိက္ခာပုဒ် = အရှင်ဆန္န—ရဟန်းတို့အား
မလေးမစား ပြောမှု .... ၂၀၇
၅။ ဘိံသာပန သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ—
ခြောက်လှန့်မှု .... ၂၀၇
၆။ ဇောတိ သိက္ခာပုဒ် = ရဟန်းအများ—မီးလှုံမှု .... ၂၀၈
၇။ နှာန သိက္ခာပုဒ် = ရဟန်းအများ—အလိုက်မသိဘဲ
ရေချိုးမှု .... ၂၀၉
၈။ ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ် = ရဟန်းအများ—
သင်္ကန်းမမှတ်မိမှု ၂၁၂
၉။ ဝိကပ္ပန သိက္ခာပုဒ် = ရှင်ဥပနန္ဒ–ပစ္စုဒ္ဓိုရ်၍ မပြန်ရ
သေးသော သင်္ကန်းကို ဝတ်မှု .... ၂၁၃
၁၀။ စီဝရ အပနိဓာန သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ–
သပိတ်,သင်္ကန်းကို ဝှက်ထားမှု .... ၂၁၅

# မာတိကာ

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|

## သပ္ပါဏကဝဂ်


၁။ သဥ္စိစ္စ သိက္ခာပုဒ် = ရှင်ဥဒါယီ-ကျီးကန်းသတ်မှု ... ၂၁၆
၂။ သပ္ပါဏက သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ–
ပိုးကောင်ရှိမှန်းသိလျက် ရေကို သောက်မှု, ချိုးမှု ... ၂၁၇
၃။ ဥက္ကောဋန သိက္ခာပုဒ်။ = ဆဗ္ဗဂ္ဂီ ရဟန်းများ–
ငြိမ်းပြီးသော အဓိကရုဏ်းကို လှုံ့ဆော်ပေးမှု ... ၂၁၇
၄။ ဒုဋ္ဌုလ္လ သိက္ခာပုဒ် = ရဟန်းတစ်ပါး–
အခြားရဟန်း၏ ဒုဋ္ဌုလ္လ အာပတ်ကို ဖုံးထားမှု ... ၂၁၈
၅။ ဦနဝီသတိဝဿ သိက္ခာပုဒ် = ရဟန်းအများ–
အသက် ၂၀-မပြည့်သူကို ရဟန်းပြုပေးမှု ... ၂၁၉
၆။ ထေယျသတ္ထ သိက္ခာပုဒ် = ရဟန်းတစ်ပါး–
ခိုးသူ ကုန်သည်နှင့်အတူ သွားမိမှု ... ၂၂၁
၇။ သံဝိဓာန သိက္ခာပုဒ် = ရဟန်းတစ်ပါး–
မာတုဂါမနှင့်အတူ ခရီးသွားမှု ... ၂၂၂
၈။ အရိဋ္ဌ သိက္ခာပုဒ် = အရိဋ္ဌရဟန်း–မိစ္ဆာအယူကို ယူမှု ... ၂၂၃
၉။ ဥက္ခိတ္တ သံဘောဂ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ
နှင်ထုတ်ခံရသော ရဟန်းနှင့် ပေါင်းသင်းမှု ... ၂၂၅
၁၀။ ကဏ္ဋက သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ–မိစ္ဆာအယူ
မစွန့်သော သာမဏေနှင့် ပေါင်းသင်းဆက်ဆံမှု ... ၂၂၇


## သဟဓမ္မိကဝဂ်


၁။ သဟဓမ္မိက သိက္ခာပုဒ် = အရှင်ဆန္န–
သိက္ခာပုဒ်က မကျင့်လိုမှု ... ၂၃၀
၂။ ဝိလေခန သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီရဟန်းများ–
ဝိနည်းသိက္ခာပုဒ်ကို ကဲ့ရဲ့မှု ... ၂၃၁
၃။ မောဟန သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ–သိလျက်
အပြစ်ကိုပြုပြီးနောက် မသိ၍ ပြုမိဟန်ဆောင်မှု ... ၂၃၃
၄။ ပဟာရ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ–
ရိုက်နှက် ပုတ်ခတ်မှု ... ၂၃၅

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၅။ | တလသတ္တိက သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီရဟန်းများ-ရိုက်နှက်တော့မလို ချိန်ရွယ်မှု ... | ၂၃၆ |
| ၆။ | အမူလက သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ— ရဟန်းတစ်ပါးကို သံဃာဒိသေသ်အာပတ်ဖြင့် စွပ်စွဲမှု ... | ၂၃၇ |
| ၇။ | သဉ္စိစ္စ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ— ကုက္ကုစ္စကို ဖြစ်စေမှု ... | ၂၃၇ |
| ၈။ | ဥပဿုတိ သိက္ခာပုဒ်=ဆဗ္ဗဂ္ဂီရဟန်းများ-ရန်ဖြစ်သောရဟန်းများ စကားပြောနေသည်ကို ချောင်း၍ နားထောင်မှု ... | ၂၃၉ |
| ၉။ | ကမ္မပတိဗာဟနသိက္ခာပုဒ်=ဆဗ္ဗဂ္ဂီ ရဟန်းများ ဆန္ဒပေးပြီးမှ ကံကိုတားမြစ်မှု ... | ၂၄၀ |
| ၁၀။ | ဆန္ဒံအဒတွာ ဂမန သိက္ခာပုဒ်=ဆဗ္ဗဂ္ဂီရဟန်းတစ်ပါး-ဆန္ဒမပေးဘဲ ဖဲ့သွားမှု ... | ၂၄၁ |
| ၁၁။ | ဒုဗ္ဗလ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ— သံဃာနှင့်သဘောတူ သင်္ကန်းပေးပြီးမှ ရှုတ်ချကဲ့ရဲ့မှု ... | ၂၄၃ |
| ၁၂။ | ပရိဏာမနသိက္ခာပုဒ် = ဆဗ္ဗဂ္ဂီရဟန်းများ- သံဃိကလာဘ်ကို အခြားပုဂ္ဂိုလ်သို့ ညွတ်စေ လှူစေမှု ... | ၂၄၄ |

## ရတနဝဂ်=ရာဇဝဂ်

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | (က) အန္တေပုရသိက္ခာပုဒ်=အရှင်အာနန္ဒာ-မိမိဝင်လာမည့်အကြောင်းကို တင်ကြို၍မသိစေဘဲ နန်းတော်ခန်းဆောင်ဝင်မှု ... | ၂၄၅ |
| | (ခ) အိမ်တော်ဝင် အပြစ်ဆယ်ခု ... | ၂၄၇ |
| ၂။ | ရတနသိက္ခာပုဒ်= ရဟန်းတစ်ပါး— ငွေထုပ်ကို သိမ်းထားမှု ... | ၂၄၉ |
| ၃။ | ဝိကာလေ ဂါမပ္ပဝေသနသိက္ခာပုဒ်= ဆဗ္ဗဂ္ဂီရဟန်းများ—နေလွဲအခါ ရွာတွင်းဝင်၍ တိရစ္ဆာန ကထာ (နတ်ပြည်လမ်း၊ နိဗ္ဗာန်လမ်း = မဂ်တရား၏ဖီလာကန့်လန့်ဖြစ်သော စကားကို) ပြောဆိုမှု ... | ၂၅၂ |

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄။ | သူစိဃရသိက္ခာပုဒ် = ရဟန်းအများ— အလိုက်မသိဘဲ အပ်ဘူးအများကို တောင်းမှု | ... | ၂၅၇ |
| ၅။ | မဥ္စပီဌသိက္ခာပုဒ် = ရှင်ဥပနန္ဒ၊ မြင့်သော ညောင်စောင်း( ခုတင် )ပေါ်၌အိပ်မှု | ... | ၂၅၈ |
| ၆။ | တူလောနဒ္ဓသိက္ခာပုဒ် = ဆဗ္ဗဂ္ဂီရဟန်းများ— ညောင်စောင်းအင်းပျဉ်ကို လဲ၀ါဂွမ်းတို့ဖြင့်အပေါ်ကဖွဲ့ထားမှု | ... | ၂၅၉ |
| ၇။ | နိသီဒနသိက္ခာပုဒ် = ဆဗ္ဗဂ္ဂီရဟန်းများ - အလွန်ကြီးသော နိသီဒိုင်အခင်းကို ဆောင်မှု | ... | ၂၆၀ |
| ၈။ | ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ် = ဆဗ္ဗဂ္ဂီရဟန်းများ - အနာလွှမ်း သင်္ကန်းကို ပမာဏလွန်အောင်ပြုမှု | ... | ၂၆၂ |
| ၉။ | ဝဿိကသာဋိကာ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ရဟန်းများ— အတိုင်းအရှည်လွန်သော မိုးရေခံသင်္ကန်းကိုဆောင်ယူ ( ပြုလုပ် )မှု | ... | ၂၆၃ |
| ၁၀။ | နန္ဒတ္ထေရ သိက္ခာပုဒ် = ညီတော်နန္ဒထေရ်— ဘုရားသင်္ကန်းတော်လောက်ကြီးသော သင်္ကန်းကိုဝတ်မှု | ... | ၂၆၆ |
| | **ပါဋိဒေသနီယအခန်း** | | |
| ၁။ | ပဌမပါဋိဒေသနီယ သိက္ခာပုဒ် = ရဟန်းတစ်ပါး— ဘိက္ခုနီ၏ လက်မှဆွမ်းကိုခံယူစားသောက်မှု | ... | ၂၆၈ |
| ၂။ | ဒုတိယပါဋိဒေသနီယသိက္ခာပုဒ် = ဆဗ္ဗဂ္ဂီရဟန်းများ- ဆွမ်းစားစဉ် စီမံနေသော ဘိက္ခုနီကိုမတားမြစ်မှု | ... | ၂၆၉ |
| ၃။ | တတိယပါဋိဒေသနီယသိက္ခာပုဒ် = ရဟန်းတော်အများ- အတိုင်းအရှည်မသိဘဲ ခဲဖွယ်ဘောဇဉ်ကိုခံယူမှု | ... | ၂၇၁ |
| ၄။ | စတုတ္ထပါဋိဒေသနီယ သိက္ခာပုဒ် = တောကျောင်း ဘုန်းကြီးများ—သာကီဝင် မင်းသမီးအများ တောပုန်းတို့က လုယက်ဖျက်ဆီးခံရမှု | ... | ၂၇၅ |
| | **သေခိယအခန်း** | | |
| | **ပရိမဏ္ဍလဝဂ်** | | |
| ၁။ | ပရိမဏ္ဍလ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီရဟန်းများ- သင်းပိုင်, ကေသိကို မညီမညွတ်ဝတ်မှု | ... | ၂၇၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂။ | သုပ္ပဋိစ္ဆန္န သိက္ခာပုဒ် ၂-ပါး | .... ၂၀၀ |
| ၃။ | သုသံဝုတ သိက္ခာပုဒ် ၂-ပါး | .... ၂၀၂ |
| ၄။ | ဩက္ခိတ္တစက္ခု သိက္ခာပုဒ် ၂-ပါး | .... ၂၀၃ |
| ၅။ | ဥက္ခိတ္တက သိက္ခာပုဒ် ၂-ပါး | .... ၂၀၄ |
| | **ဥဇ္ဇဂ္ဃိကဝဂ်** | |
| ၁။ | ဥဇ္ဇဂ္ဃိက သိက္ခာပုဒ် ၂-ပါး | .... ၂၀၅ |
| ၂။ | အပ္ပသဒ္ဒ သိက္ခာပုဒ် ၂-ပါး | .... ၂၀၅ |
| ၃။ | ပစာလက သိက္ခာပုဒ် ၆-ပါး | .... ၂၀၆ |
| | **ခမ္ဘကတဝဂ်** | |
| ၁။ | ခမ္ဘကတ သိက္ခာပုဒ် ၂-ပါး | .... ၂၀၈ |
| ၂။ | ဩဂုဏ္ဌိတ သိက္ခာပုဒ် ၂-ပါး | .... ၂၀၈ |
| ၃။ | ဥက္ကုဋိက သိက္ခာပုဒ် | .... ၂၀၉ |
| ၄။ | ပလ္လတ္ထိက သိက္ခာပုဒ် | .... ၂၀၉ |
| ၅။ | သက္ကစ္စပဋိဂ္ဂဟဏ သိက္ခာပုဒ် | .... ၂၁၀ |
| ၆။ | ပတ္တသညီ သိက္ခာပုဒ် | .... ၂၁၀ |
| ၇။ | သမသူပက သိက္ခာပုဒ် | .... ၂၁၁ |
| ၈။ | သမတိတ္ထိက သိက္ခာပုဒ် | .... ၂၁၁ |
| | **သက္ကစ္စဝဂ်** | |
| ၁။ | သက္ကစ္စဘုဉ္ဇန သိက္ခာပုဒ် | .... ၂၁၂ |
| ၂။ | ပတ္တသညီဘုဉ္ဇန သိက္ခာပုဒ် | .... ၂၁၃ |
| ၃။ | သပဒါန သိက္ခာပုဒ် | .... ၂၁၃ |
| ၄။ | သမသူပကဘုဉ္ဇန သိက္ခာပုဒ် | .... ၂၁၄ |
| ၅။ | ထူပကတ သိက္ခာပုဒ် | .... ၂၁၄ |
| ၆။ | ပဋိစ္ဆာဒန သိက္ခာပုဒ် | .... ၂၁၅ |
| ၇။ | သူပေါဒနဝိညတ္တိ သိက္ခာပုဒ် | .... ၂၁၆ |
| ၈။ | ဥဇ္ဈာနသညီ သိက္ခာပုဒ် | .... ၂၁၇ |
| ၉။ | အတိမဟန္တကဗဠ သိက္ခာပုဒ် | .... ၂၁၈ |
| ၁၀။ | ပရိမဏ္ဍလအာလောပ သိက္ခာပုဒ် | .... ၂၁၈ |

## မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

### ကံဗလဝဂ်

၁။ အနာဟင္ဒသိက္ခာပုဒ် ... ၂၉၉
၂။ ဘုဥ္မမာနသိက္ခာပုဒ် ... ၃၀၀
၃။ သကဗင္ဍသိက္ခာပုဒ် ... ၃၀၀
၄။ ပိဏ္ဍုကေ္ခပကသိက္ခာပုဒ် ... ၃၀၁
၅။ ကဗဠာဝစ္ဆေဒကသိက္ခာပုဒ် ... ၃၀၁
၆။ အဝဂဏ္ဍကာရကသိက္ခာပုဒ် ... ၃၀၂
၇။ ဟတ္ထနိဒ္ဓုနကသိက္ခာပုဒ် ... ၃၀၂
၈။ သိတ္ထာဝကာရကသိက္ခာပုဒ် ... ၃၀၃
၉။ ဇိဝှာနိစ္ဆာရကသိက္ခာပုဒ် ... ၃၀၃
၁၀။ စပုစပုကာရကသိက္ခာပုဒ် ... ၃၀၄

### သုရုသုရုဝဂ်

### ဆွမ်းစားမှုနှင့်ဆိုင်သောသိက္ခာပုဒ်များ

၁။ သုရုသုရုသိက္ခာပုဒ် ... ၃၀၅
၂။ ပတ္တ,ဟတ္ထ,ဩဋ္ဌနိလ္လေဟကသိက္ခာပုဒ် ၃-ပါး ... ၃၀၆
၃။ ပါနီယထာလကသိက္ခာပုဒ် ... ၃၀၆
၄။ သသိတ္ထကသိက္ခာပုဒ် ... ၃၀၇

### တရားဟောမှုနှင့်ဆိုင်သော သိက္ခာပုဒ်များ

၁။ ဆတ္တပါဏိ သိက္ခာပုဒ် ... ၃၀၈
၂။ ဒဏ္ဍ,သတ္ထ,အာဝုဓပါဏိသိက္ခာပုဒ်များ ... ၃၀၈

### ပါဒုကဝဂ်

၁။ ပါဒုကာရုဠ္ဟ စသော သိက္ခာပုဒ် ၈-ပါး ... ၃၀၉
၂။ နီစေ အာသန သိက္ခာပုဒ် ... ၃၁၀
၃။ ဌိတ နိသိန္န, ပစ္ဆတောဂစ္ဆန္တိ, ဥပ္ပထေနဂစ္ဆန္တိ- သိက္ခာပုဒ်များ ... ၃၁၁
၄။ ဌိတော ဥစ္စာရ သိက္ခာပုဒ် ... ၃၁၂
၅။ ဟရိတေ ဥစ္စာရ သိက္ခာပုဒ် ... ၃၁၃
၆။ ဥဒကေ ဥစ္စာရ သိက္ခာပုဒ် ... ၃၁၃
သိက္ခါနိဖြစ်ပေါ်လာပုံ ... ၃၁၅

အကြောင်းအရာ စာမျက်နှာ

## ဘိက္ခုနီ သိက္ခာပုဒ်များ

### ပါရာဇိကအခန်း

၁။ ဥဗ္ဘဇာဏုမဏ္ဍလိကာ ပါရာဇိက = သုန္ဒရီနန္ဒာ—ယောကျ်ား၏ ကိုင်ခြင်းကိုသာယာမှု .... ၃၂၂

၂။ ဝဇ္ဇပဋိစ္ဆာဒိကာ ပါရာဇိက = ထုလ္လနန္ဒာ—အပြစ်ကို ဖုံးထားမှု .... ၃၂၃

၃။ ဥက္ခိတ္တာနုဝတ္တိကာ ပါရာဇိက = ထုလ္လနန္ဒာ-သံဃာက နှင်ထုတ်ထားသော ရဟန်း၏ နောက်လိုက်လုပ်မှု ... ၃၂၇

၄။ အဋ္ဌဝတ္ထုကာ ပါရာဇိက – ဆဗ္ဗဂ္ဂီဘိက္ခုနီများ—ယောကျ်ား၏လက်ဆွဲခြင်းစသောရှစ်မျိုးကိုသာယာမှု .... ၃၂၉

### သံဃာဒိသေသ အခန်း

၁။ ဥဿယဝါဒိကာ သိက္ခာပုဒ် = ထုလ္လနန္ဒာ-တရားစွဲမှု .... ၃၃၂

၂။ စောရီဝုဋ္ဌာပန သိက္ခာပုဒ် = ထုလ္လနန္ဒာ- ခိုးသူမကို ရဟန်းပြုပေးမှု ... ၃၃၆

၃။ ဂါမန္တရ စသော သိက္ခာပုဒ် = ဘိက္ခုနီ အမျိုးမျိုး တစ်ခြားရွာသို့ တစ်ယောက်တည်း သွားမှု စသည် .... ၃၃၈

၄။ ဥက္ခိတ္တ သြသာရဏ သိက္ခာပုဒ် = ထုလ္လနန္ဒာ-သံဃာက ဖယ်ထုတ်ထားသူကို ပြန်၍သွင်းမှု ... ၃၄၀

၅။ အဝဿုတ ဘုဉ္ဇန သိက္ခာပုဒ် = သုန္ဒရီနန္ဒာ- မိမိကို ချစ်ကြိုက်နေသူ တို့၏ လက်မှ ခဲဖွယ် ဘောဇဉ်ကို ယူ၍စားမှု ... ၃၄၂

၆။ ဥယျောဇိကာ သိက္ခာပုဒ် = ဘိက္ခုနီတစ်ပါး-သုန္ဒရီနန္ဒာကို တိုက်တွန်းမှု .... ၃၄၃

၇။ ကုပိတ သိက္ခာပုဒ် = စဏ္ဍကာဠီ-စိတ်ဆိုးသည် ဖြစ်၍ ''ဘုရားကို စွန့်ပါ၏''စသည်ဖြင့် ပြောဆိုမှု ... ၃၄၄

၈။ ပစ္စာကတ သိက္ခာပုဒ် = စဏ္ဍကာဠီ-စိတ်ဆိုး၍ပြောဆို ရန်တွေ့မှု .... ၃၄၆

၉။ သံသဋ္ဌ သိက္ခာပုဒ် = ထုလ္လနန္ဒာ၏တပည့် ဘိက္ခုနီများ—လူတို့နှင့် ရောရောနှောနှော နေထိုင်မှု .... ၃၄၇

# မာတိကာ


| ဝဠ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | သံသဋ္ဌာနုဗဟုဒါန သိက္ခာပုဒ် = ထုလ္လနန္ဒာ-လူတို့နှင့် ရောနှော၍ နေခြင်းကို အားပေးမှု | ၃၄၉ |


## နိဿဂ္ဂိယ ပါစိတ်အခန်း


| | | |
|---|---|---|
| ၁။ | ပတ္တ သန္နိစယ သိက္ခာပုဒ် = ဘိက္ခုနီ အများ-သပိတ် အများကို သိုမှီးသိမ်းဆည်းထားမှု | ၃၅၂ |
| ၂။ | စီဝရဘာဇန သိက္ခာပုဒ် = ထုလ္လနန္ဒာ– အကာလ သင်္ကန်းကို ကာလသင်္ကန်းလုပ်၍ ဝေဖန်မှု | ၃၅၂ |
| ၃။ | စီဝရ အစ္ဆိန္ဒန သိက္ခာပုဒ် = ထုလ္လနန္ဒာ-သင်္ကန်းချင်း လဲပြီးနောက် ပြန်၍ လုယူမှု | ၃၅၄ |
| ၄။ | အညံဝိညာပန သိက္ခာပုဒ် = ထုလ္လနန္ဒာ-ထောပတ်ကို တောင်းပြီးနောက် ရသောအခါ မလိုချင်ဟု ပြော၍ ဆီကိုတောင်းမှု | ၃၅၅ |
| ၅။ | အညံ စေတာပန သိက္ခာပုဒ် = ထုလ္လနန္ဒာ-အခုတစ် မျိုး အလဲခိုင်းပြီး နောက်တစ်မျိုးအလဲခိုင်းပြန်မှု | ၃၅၆ |
| ၆။ | သံဃိကေန အညံစေတာပန သိက္ခာပုဒ် = ဘိက္ခုနီ အများ– သင်္ကန်းကို ရည်ညွှန်း၍ လှူအပ်သော သံဃိကဥစ္စာဖြင့် ဆေးကို လဲလှယ်စေမှု | ၃၅၇ |
| ၇။ | သံဃိကသံယာစိကေန အညံ စေတာပန သိက္ခာပုဒ် = ဘိက္ခုနီအများ-သင်္ကန်းကို ရည်ညွှန်း၍လှူအပ်သော သံဃိက ဥစ္စာ, ကိုယ်တိုင်တောင်း၍ရသော ဥစ္စာ ၂- မျိုးဖြင့် ဆေးကိုလဲ စေမှု | ၃၅၈ |
| ၈။ | မဟာဇနိကေန အညံ စေတာ ပန သိက္ခာပုဒ် = ဘိက္ခုနီအများ- ယာဂုကို ရည်ညွှန်း၍ လှူအပ်သော ဘိက္ခုနီအများဆိုင် ပရိက္ခရာဖြင့် ဆေးကိုလဲစေမှု | ၃၅၉ |
| ၉။ | မဟာဇနိကသံယာစိကေန အညံ စေတာ ပန သိက္ခာ ပုဒ် = ဘိက္ခုနီအများ ယာဂုကို ရည်ညွှန်း၍ လှူအပ် သော အများဆိုင် ပရိက္ခရာ, ကိုယ်တိုင်တောင်း၍ ရသော ပရိက္ခရာ ၂- မျိုးဖြင့် ဆေးကိုလဲစေမှု | ၃၆၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၁၀။ ပုဂ္ဂလိကသံဃာစိကေန အညံ့ေစတာ ပန သိက္ခာပုဒ် ထုလ္လနန္ဒာ-ကျောင်းကို ရည်ညွှန်း၍ လှူအပ်သော ပုဂ္ဂလိကပစ္စည်း, ကိုယ်တိုင်တောင်း၍ ရအပ်သော ပစ္စည်း ၂-မျိုးဖြင့် ဆေးကို လဲစေမှု .... ၃၆၀
၁၁။ ဂရုပါဝုရဏစေတာပန သိက္ခာပုဒ် = ထုလ္လနန္ဒာ- ကောသလမင်း၏ ကမ္ဗလာကို တောင်းမှု .... ၃၆၁
၁၂။ လဟုပါဝုရဏ စေတာပန သိက္ခာပုဒ် = လည်းကောင်း .... ၃၆၂

## သုဒ္ဓပါစိတ် အခန်း

### လသုဏဝဂ်

၁။ လသုဏ သိက္ခာပုဒ် = ထုလ္လနန္ဒာ- အလိုက်မသိဘဲ ကြက်သွန်ဖြူတို့ကိုများစွာ ဆောင်ယူစေမှု .. ၃၆၄
၂။ သမ္ဗာဓေသိက္ခာပုဒ် = ဆဗ္ဗဂ္ဂီဘိက္ခုနီများ-အင်္ဂါဇာတ် အမွေးတို့ကို နုတ်(ရိတ်)မှု .... ၃၆၅
၃။ တလဃာတက သိက္ခာပုဒ် = ဘိက္ခုနီ ၂-ယောက်- အင်္ဂါဇာတ်ကို ပုတ်ခတ်မှု .... ၃၆၅
၄။ ဇတုမဋ္ဌက သိက္ခာပုဒ် = ဘိက္ခုနီတစ်ယောက်- သူ၏ အင်္ဂါသို့ ချိပ်တောင့်သွင်းမှု .... ၃၆၆
၅။ ဥဒကသုဒ္ဓိက သိက္ခာပုဒ် = ဘိက္ခုနီ တစ်ယောက်- အလွန်နှိုက်၍ ရေဆေးမှု .... ၃၆၇
၆။ ဥပဋ္ဌာန သိက္ခာပုဒ် = အမတ်ကတော်ဟောင်း ဘိက္ခုနီ ဆွမ်းစားသော ရဟန်းအနီး၌ သောက်ရေ ယပ်ခပ်မှုဖြင့် ပြုစုခြင်း .... ၃၆၈
၇။ အာမကဓညသိက္ခာပုဒ် = ဘိက္ခုနီအများ- စပါးကို တောင်း၍စားမှု .... ၃၆၉
၈။ တိရောကုဋ္ဋသိက္ခာပုဒ် = ဘိက္ခုနီတစ်ယောက်- နံရံ တစ်ဘက်၌ ကျင်ကြီးခွက်ကိုစွန့်ပစ်မှု ... ၃၇၀
၉။ ဟရိတေဆဍ္ဍန သိက္ခာပုဒ် = .... ၃၇၁
၁၀။ နစ္စာဒိဒဿန သိက္ခာပုဒ် = ... ၃၇၂

# မာတိကာ

အကြောင်းအရာ — စာမျက်နှာ

## အန္ဓကာရဝဂ်

၁။ ရတ္တန္ဓကာရ သိက္ခာပုဒ် = ဘိက္ခုနီတစ်ယောက်—အမှောင်ထဲ၌ယောကျ်ားနှင့်အတူတစ်ယောက်ချင်းနေမှု .... ၃၇၃
၂။ ပဋိစ္ဆန္နောကာသ သိက္ခာပုဒ် = .... ၃၇၃
၃။ အဇ္ဈောကာသ သိက္ခာပုဒ် = .... ၃၇၄
၄။ ရထိကာဒိ သိက္ခာပုဒ် = ထုလ္လနန္ဒာ— ရထားလမ်း စသည်၌ယောကျ်ားနှင့်အတူတစ်ယောက်ချင်းနေမှု .... ၃၇၄
၅။ ပုရေဘတ္တံအနာပုစ္ဆာ သိက္ခာပုဒ် = ဘိက္ခုနီ တစ်ယောက်-နေရာထိုင်ပေါ်ထိုင်ပြီးနောက် အကြောင်း မကြားဘဲ ပြန်သွားမှု .... ၃၇၅
၆။ ပစ္ဆာဘတ္တံ အနာပုစ္ဆာသိက္ခာပုဒ် = ထုလ္လနန္ဒာ- ပစ္ဆာဘတ်အခါ၌မတိုင်ကြားဘဲနေရာထိုင်ခုံကိုခင်း၍ထိုင်မှု .... ၃၇၆
၇။ ဝိကာလေ အနာပုစ္ဆာသိက္ခာပုဒ် = ဘိက္ခုနီအများ- အိမ်ရှင်ကို ခွင့်မပန်ဘဲ အိပ်ရာကို ခင်း၍ ထိုင်မှု လျောင်းမှု .... ၃၇၇
၈။ ဒုဂ္ဂဟိတ သိက္ခာပုဒ် = ဘဒ္ဒါကာပိလာနီ၏ တပည့်မ ဘိက္ခုနီ—မိမိက အကြားလွဲအမှတ်လွဲ၍သူတစ်ပါးကို ကဲ့ရဲ့စေမှု .... ၃၇၈
၉။ အဘိသပ သိက္ခာပုဒ် = စဏ္ဍကာဠီ မိမိကိုလည်း ကောင်း,သူတစ်ပါးကိုလည်းကောင်း ကျိန်ဆဲမှု .... ၃၇၉
၁၀။ ဝဓိတွာ ရောဒန သိက္ခာပုဒ် = စဏ္ဍကာဠီ- ရန်ဖြစ်၍ မိမိကိုယ်ကို ညှဉ်းဆဲကာ ညှဉ်းဆဲကာငိုမှု .... ၃၇၉

## နဂ္ဂဝဂ်

၁။ နဂ္ဂနှာယန သိက္ခာပုဒ် = ဘိက္ခုနီများ-ရေလဲမပါဘဲ ရေချိုးမှု .... ၃၈၀
၂။ ဥဒကသာဋိကာ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ဘိက္ခုနီများ သိပ်ကြီးသော ရေသနုပ်ကိုပြုလုပ်၍ဝတ်မှု .... ၃၈၁

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃။ | ဝိသိဗ္ဗနသိက္ခာပုဒ် = ထုလ္လနန္ဒာ—အချုပ်မကောင်းသော သင်္ကန်းကို အဖြေခိုင်းပြီးနောက် ပြင်၍ ချုပ်မပေးမှု .... | ၃၀၂ |
| ၄။ | သဃာဋိစာရ သိက္ခာပုဒ် = ဘိက္ခုနီအများ–အခြား သင်္ကန်းများကို အပ်နှံထားခဲ့၍ သင်းပိုင် ကေသီနှင့်သာ ဒေသစာရီ လှည့်နေမှု .... | ၃၀၃ |
| ၅။ | စီဝရသင်္ကမနီယ သိက္ခာပုဒ် = ဘိက္ခုနီ တစ်ယောက်- သူ့သင်္ကန်းကို ခွင့်မပန်ဘဲ ဝတ်ရုံမှု .... | ၃၀၃ |
| ၆။ | လာဘန္တရာယကရဏသိက္ခာပုဒ် = ထုလ္လနန္ဒာ–ဘိက္ခုနီ သံဃာ၏ သင်္ကန်းလာဘ်ကို ပိတ်ပင် တားမြစ်မှု .... | ၃၀၄ |
| ၇။ | ပဋိဗာဟန သိက္ခာပုဒ် = ထုလ္လနန္ဒာ- သင်္ကန်းဝေဖန်ခြင်းကို တားမြစ်မှု .... | ၃၀၅ |
| ၈။ | သမဏစီဝရဒါနသိက္ခာပုဒ် = ထုလ္လနန္ဒာ-လူဝတ်ကြောင် စသူတို့အား ရဟန်း၏ သင်္ကန်းကို ပေးမှု .... | ၃၀၆ |
| ၉။ | သမယာဘိက္ကာမန သိက္ခာပုဒ် = ထုလ္လနန္ဒာ- သင်္ကန်းအပေါ်(ရလိမ့်မည်ဟု) အားနည်းသော မျှော်လင့်ချက်ဖြင့် သင်္ကန်းကာလကို လွန်စေမှု .... | ၃၀၇ |
| ၁၀။ | ကထိနုဒ္ဓါရ ပဋိဗာဟန သိက္ခာပုဒ် = ထုလ္လနန္ဒာ-တရား လမ်းကြောင်းကျသော ကထိန်နုတ်ခြင်းကို တားမြစ်မှု .... | ၃၀၈ |

## တုဝဋ္ဋဝဂ်

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | တုဝဋ္ဋသိက္ခာပုဒ် = ဘိက္ခုနီများ- ခုတင်တစ်ခု၌ ၂-ယောက် အတူ အိပ်မှု .... | ၃၀၉ |
| ၂။ | ဧကတ္ထရဏပါဝုရဏ သိက္ခာပုဒ် = ဘိက္ခုနီအများ- အခင်းတစ်ခုတည်းကိုပင် ၂-ယောက်အတူ ခင်းလည်းခင်း, ခြုံလည်းခြုံ၍ အိပ်မှု .... | ၃၉၀ |
| ၃။ | အဖာသုကရဏ သိက္ခာပုဒ် = ထုလ္လနန္ဒာ- အရှင်မ ဘဒ္ဒါကို စိတ်မချမ်းသာအောင် ပြုမှု .... | ၃၉၁ |
| ၄။ | သဟဇီဝိနီ သိက္ခာပုဒ် = ထုလ္လနန္ဒာ -မိမိကို ဥပဇ္ဈာယ် ဆရာလုပ်၍နေသော တပည့်မကို မကျန်းမမာ ဖြစ်နေ လျက် မပြုစုမှု .... | ၃၉၂ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | နိကစုန သိက္ခာပုဒ် = ထုလ္လနန္ဒာ-ကျောင်းကိုပေးပြီးမှ စိတ်ဆိုး၍ နှင်ထုတ်မှု .... | ၃၉၃ |
| ၆။ | သံသဋ္ဌ သိက္ခာပုဒ် = စဏ္ဍကာဠီ-ယောကျ်ားတို့နှင့် ရောရောနှောနှော နေမှု .... | ၃၉၃ |
| ၇။ | အန္တောရဋ္ဌ သိက္ခာပုဒ် = ဘိက္ခုနီအများ-မိမိတိုင်းပြည် အတွင်း ရန်ရှာဖွယ်ဟု သမုတ်အပ်၍ ဘေးရန်လည်းရှိသော အရပ်၌ အဖော် ကုန်သည်များမပါဘဲ ဒေသစာရီလှည့်မှု.... | ၃၉၅ |
| ၈။ | တိရောရဋ္ဌ သိက္ခာပုဒ် = ဘိက္ခုနီအများ-တိုင်းတပါးဝယ် ရန်ရှာဖွယ်ဟု သမုတ်အပ်၍ ဘေးရန်လည်း ရှိသော အရပ်၌ အဖော်ကုန်သည်များမပါဘဲ ဒေသစာရီ လှည့်လည် သွားလာမှု .... | ၃၉၅ |
| ၉။ | အန္တောဝဿ သိက္ခာပုဒ် = ဘိက္ခုနီအများ-ဝါတွင်း၌ ဒေသစာရီ လှည့်လည်သွားလာမှု .... | ၃၉၆ |
| ၁၀။ | စာရိကာ အပက္ကမန သိက္ခာပုဒ် = ဘိက္ခုနီအများ-ဘယ်မှမသွားဘဲ တစ်နေရာတည်း၌ မိုးရော, ဆောင်းရော, နွေရော နေကြမှု .... | ၃၉၆ |


### စိတ္တာဂါရဝဂ်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စိတ္တာဂါရသိက္ခာပုဒ် = ဆဗ္ဗဂ္ဂီဘိက္ခုနီများ-ဆန်းကြယ်စွာ ပြုလုပ်အပ်သော အိမ်တော်ကို အကြည့်သွားကြမှု .... | ၃၉၇ |
| ၂။ | အာသန္ဒိ သိက္ခာပုဒ် = ဘိက္ခုနီအများ-အလွန်မြင့်သော ညောင်စောင်းအင်းပျဉ် ခုတင် ထိုင်ခုံများနှင့် ခြသေ့်ရုပ်, ကျားရုပ် စသော ရဲရင့်သော သားကောင် အရုပ်များ ပါသော ပလ္လင်ကို သုံးစွဲကြမှု .... | ၃၉၈ |
| ၃။ | သုတ္တကန္တန သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ဘိက္ခုနီများ-ဗိုင်းငင် ချည်ငင်မှု .... | ၃၉၉ |
| ၄။ | ဂိဟိဝေယျာဝစ္စ သိက္ခာပုဒ် = ဘိက္ခုနီအများ-လူဝတ် ကြောင်များ၏ ဝေယျာဝစ္စကို ရွက်ဆောင် ပြုလုပ်ပေးမှု.... | ၃၉၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၅။ | အဓိကရဏာဝူပသမ သိက္ခာပုဒ် = ထုလ္လနန္ဒာ- အဓိကရုဏ်းကို ငြိမ်းစေမည်ဟု ဝန်ခံပြီးနောက် ငြိမ်းအောင် လုပ်မပေးမှု .... | ၄၀၁ |
| ၆။ | သယာတ္တာဒါန သိက္ခာပုဒ် = ထုလ္လနန္ဒာ— ဇာတ်ဆရာ, ဇာတ်သူ, ဇာတ်သား စသည်တို့အား မိမိကိုယ်တိုင် ခဲဖွယ် ဘောဇဉ် ပေးမှု .... | ၄၀၂ |
| ၇။ | အာဝသထစီဝရ သိက္ခာပုဒ် = ထုလ္လနန္ဒာ—ကျောင်းပိုင် ဖြစ်သော ဥတုနီးသင်္ကန်းကို သူချည်းသုံးစွဲမှု — | ၄၀၂ |
| ၈။ | အာဝသထာနိဿဇ္ဇန သိက္ခာပုဒ်=ထုလ္လနန္ဒာ-ကျောင်းကို မစွန့်လွှတ်(မအပ်နှံ)ဘဲ ဒေသစာရီ လှည့်လည်မှု .... | ၄၀၃ |
| ၉။ | တိရစ္ဆာနဝိဇ္ဇာပရိယာပုဏန သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီဘိက္ခုနီ များ-တိရစ္ဆာနဝိဇ္ဇာကို သင်ယူမှု .... | ၄၀၄ |
| ၁၀။ | တိရစ္ဆာနဝိဇ္ဇာဝါစန သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ဘိက္ခုနီများ-တိရစ္ဆာနဝိဇ္ဇာကို ပို့ချပေးမှု — | ၄၀၅ |


## အာရာမဝဂ်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အာရာမသိက္ခာပုဒ် = ဘိက္ခုနီအများ-ခွင့်မပန်ဘဲ ဘိက္ခုတို့၏ ကျောင်းတိုက် အာရာမ်တွင်း ဝင်မှု — | ၄၀၈ |
| ၂။ | ဘိက္ခုအက္ကောသန သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ဘိက္ခုနီများ- ရှင်ဥပါလိကို ဆဲဆိုခြိမ်းခြောက်မှု — | ၄၁၀ |
| ၃။ | ဂဏပရိဘာသန သိက္ခာပုဒ် = ထုလ္လနန္ဒာ- ဘိက္ခုနီ သံဃာ(ဂိုဏ်း)ကို ပုတ်ခတ်ပြောဆိုမှု .... | ၄၁၁ |
| ၄။ | နိမန္တိတသိက္ခာပုဒ် = ဘိက္ခုနီအများ-ပင့်လည်းပင့်အပ်, ပဝါရိတ်လည်းသင့်ပြီးပါလျက် ခဲဖွယ်,ဘောဇဉ်ကိုစားမှု.... | ၄၁၂ |
| ၅။ | ကုလမစ္ဆရိ သိက္ခာပုဒ် = ဘိက္ခုနီတစ်ယောက်- မိမိနှစ်သက်သော ဒါယကာအိမ်သို့ သူတစ်ပါးတို့ မသွားအောင် ဝန်တိုမှု .... | ၄၁၃ |
| ၆။ | အဘိက္ခုကအာဝါသ သိက္ခာပုဒ် = ဘိက္ခုနီအများ- အနီးအပါးဝယ် ရဟန်းယောကျ်ား မရှိသော ကျောင်း၌ ဝါကပ်မှု(ဝါတွင်းနေမှု) .... | ၄၁၄ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | ပဝါရဏာ သိက္ခာပုဒ် = ဘိက္ခုနီအများ-<br>ဘိက္ခုသံဃာ့အထံ ပဝါရဏာ မပြုမှု .... | ၄၁၅ |
| ၈။ | ဩဝါဒါဂမန သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီ ဘိက္ခုနီများ-<br>ဩဝါဒခံဖို့ရန် ဘိက္ခုတို့အထံ မသွားမှု .... | ၄၁၆ |
| ၉။ | ဥပေါသထာပုစ္ဆန သိက္ခာပုဒ် = ဘိက္ခုနီအများ-<br>ဥပုသ်နေ့ကို မမေးမှုနှင့် ဩဝါဒခံဖို့ရန် ခွင့်မတောင်းမှု .... | ၄၁၇ |
| ၁၀။ | ပသာခသိက္ခာပုဒ် = ဘိက္ခုနီတစ်ယောက်-<br>ယောကျ်ားနှင့် တစ်ယောက်ချင်း ချက်၍ အောက်ပိုင်း၌<br>ပေါက်သော အနာကို ခွဲစေမှု .... | ၄၁၈ |

## ဂဗ္ဘိနီဝဂ်

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဂဗ္ဘိနီ သိက္ခာပုဒ် = ဘိက္ခုနီအများ-<br>ကိုယ်ဝန်ဆောင် မိန်းမကို ဘိက္ခုနီ ပြုလုပ်ပေးမှု .... | ၄၁၉ |
| ၂။ | ပါယန္တီ သိက္ခာပုဒ် = ဘိက္ခုနီအများ-<br>နို့တိုက်နေရသော မိန်းမကို ရဟန်းပြုပေးမှု .... | ၄၂၀ |
| ၃။ | အသိက္ခိတသိက္ခာ သိက္ခာပုဒ် = ဘိက္ခုနီအများ-<br>၂-နှစ်ပတ်လုံး သိက္ခာမကျင့်ရသေးသော သိက္ခမာန်ကို<br>ရဟန်းပြုပေးမှု .... | ၄၂၀ |
| ၄။ | သံဃေန အသမ္မတ သိက္ခာပုဒ် = ဘိက္ခုနီအများ-<br>သိက္ခာကျင့်ပြီးသော သိက္ခမာန်ကို သမ္မုတိမရဘဲ<br>ဘိက္ခုနီ ပြုပေးမှု .... | ၄၂၁ |
| ၅။ | ဦနဒွါဒသဝဿ သိက္ခာပုဒ် = ဘိက္ခုနီအများ-<br>ယောကျ်ားနှင့်ဆက်ဆံဘူးသော ၁၂-နှစ်မပြည့်သေးသော<br>သူငယ်မကို ရဟန်း ပြုပေးမှု .... | ၄၂၂ |
| ၆။ | ဂိဟိဂတ အသိက္ခိတ သိက္ခာ သိက္ခာပုဒ် = ဘိက္ခုနီအများ-<br>ယောကျ်ားဆက်ဆံဖူး၍ ၁၂-နှစ်ပြည့်သော သူငယ်မကို<br>၂-နှစ်ပတ်လုံး သိက္ခာမကျင့်ရသေးဘဲ ရဟန်း ပြုပေးမှု | ၄၂၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၇။ အသမ္မတ ဝုဋ္ဌာန သိက္ခာပုဒ် = ဘိက္ခုနီအများ- ဂိဟိဂတဖြစ်၍ ၁၂-နှစ် ပြည့်သောအခါ သိက္ခာပုဒ် ၆-ပါး၌ ၂-နှစ်လုံးလုံး ကျင့်ပြီးသော်လည်း သံဃာ့အထံမှ ဝုဋ္ဌာန သမ္မုတိမရဘဲ ရဟန်းပြုပေးမှု .... ၄၂၄

၈။ သဟဇီဝိနီ သိက္ခာပုဒ် = ထုလ္လနန္ဒာ-အတူတကွ အသက်မွေးနေထိုင်သော တပည့်မကို ၂-နှစ်လောက်မျှ မချီးမြှောက်, မစောင့်ရှောက်မှု .... ၄၂၄

၉။ နာနုဗန္ဓန သိက္ခာပုဒ် = ဘိက္ခုနီ ဖြစ်ခါစကလေးများ ဥပဇ္ဈာယ်ဆရာမ နောက်သို့ (ပြုစုလုပ်ကျွေး၍) ၂-နှစ်လောက်မှ မလိုက်ကြမှု --- ၄၂၅

၁၀။ နေဝဝူပကာသန သိက္ခာပုဒ် = ထုလ္လနန္ဒာ-တပည့်မကို ရဟန်းပြုပေးပြီးနောက် အရပ်တစ်ပါးသို့ ခေါ်မသွားမှု.... ၄၂၅


## ကုမာရီဘူတဝဂ်


၁။ ဦနဝီသတိဝဿ သိက္ခာပုဒ် = ဘိက္ခုနီအများ- အသက် ၂၀-မပြည့်သေးသော ကုမာရီဘူတ သာမဏေမကို ရဟန်းပြုပေးမှု .... ၄၂၆

၂။ အသိက္ခိတ သိက္ခာ သိက္ခာပုဒ် = ဘိက္ခုနီအများ- အသက် ၂၀-ပြည့်သော်လည်း ၂-နှစ်ပတ်လုံး သိက္ခာ ၆-ပါးကို မကျင့်ရသေးသော အပျိုစင် သာမဏေမကို ဘိက္ခုနီ ပြုပေးမှု .... ၄၂၇

၃။ သံဃာန အသမ္မတ သိက္ခာပုဒ် = ဘိက္ခုနီအများ- အသက် ၂၀-ပြည့်၍ သိက္ခာပုဒ် ၆-ပါးတို့ကို ၂-နှစ်ပတ်လုံး ကျင့်ပြီးဖြစ်သော်လည်း သံဃာ့အထံမှ ဝုဋ္ဌာပန သမ္မုတိမရသေးဘဲ ဘိက္ခုနီ ပြုပေးမှု --- ၄၂၇

၄။ ဦန ဒွါဒသဝဿာ သိက္ခာပုဒ် = ဘိက္ခုနီအများ- တစ်ဆယ့်နှစ်ဝါ မရသေးဘဲ ဥပဇ္ဈာယ်ဆရာမ လုပ်၍ သူတစ်ပါးကို ဘိက္ခုနီ ပြုပေးမှု .... ၄၂၈

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅။ | သံဃေန အသမ္မတာ သိက္ခာပုဒ် = ဘိက္ခုနီအများ– သံဃာ့အထံမှ ဝုဋ္ဌာပန သမ္မုတိမရဘဲ ဥပဇ္ဈာယ်ဆရာမ ပြုလုပ်မှု | .... | ၄၂၇ |
| ၆။ | ခိယျနဓမ္မာပဇ္ဇန သိက္ခာပုဒ် = စဏ္ဍကာဠီ- ဘိက္ခုတို့ ကဲ့ရဲ့မှု | ... | ၄၂၉ |
| ၇။ | ပတိဿဝနဝိသံဝါဒန သိက္ခာပုဒ် = ထုလ္လနန္ဒာ- ငါ့အား သင်္ကန်းပေးလျှင် ဘိက္ခုနီ ပြုပေးမည်ဟု ဝန်ခံပြီးနောက် ထိုဝန်ခံချက် ပျက်ကွက်မှု | .... | ၄၃၀ |
| ၈။ | အနုဗန္ဓန သိက္ခာပုဒ် = ထုလ္လနန္ဒာ-ငါ့နောက်သို့ ၂-နှစ်ပတ်လုံး လိုက်နေလျှင် ဘိက္ခုနီ ပြုပေးမည်ဟု ဝန်ခံပြီးနောက် ထိုဝန်ခံချက် ပျက်ကွက်မှု | .... | ၄၃၁ |
| ၉။ | သောကာဝါသ သိက္ခာပုဒ် = ထုလ္လနန္ဒာ-ယောကျ်ားကြီး, ယောကျ်ားငယ်တို့၌ ရောရောနှောနှော နေထိုင်၍ ကြမ်းတမ်းသော သောက၏ တည်ရာဖြစ်သော စဏ္ဍကာဠီမည်သော သိက္ခမာန်ကို ရဟန်းပြုပေးမှု | .... | ၄၃၁ |
| ၁၀။ | အနနုညာတ သိက္ခာပုဒ် = ထုလ္လနန္ဒာ- မိဘနှင့် လင် ယောကျ်ားတို့က ခွင့်မပြုအပ်သော သိက္ခမာန်ကို ရဟန်းပြုပေးမှု | .... | ၄၃၂ |
| ၁၁။ | ပါရိဝါသိက ဆန္ဒဒါန သိက္ခာပုဒ် = ထုလ္လနန္ဒာ- ပျက်ပြီးသော ဆန္ဒပေးခြင်းဖြင့် ဘိက္ခုနီပြုပေးမှု | .... | ၄၃၃ |
| ၁၂။ | အနုဝဿံ ဝုဋ္ဌာပန သိက္ခာပုဒ် = ဘိက္ခုနီအများ- နှစ်စဉ်(တစ်နှစ် တစ်ပါးကျ) ဥပဇ္ဈာယ် လုပ်နိုင်သော ဘိက္ခုနီတို့ ကိုယ်စီကိုယ်စီ ရဟန်းပြုပေးကြမှု | — | ၄၃၄ |
| ၁၃။ | ဒွေ ဝုဋ္ဌာပန သိက္ခာပုဒ် = ဘိက္ခုနီအများ- တစ်နှစ်တည်း၌ ၂-ပါး ရဟန်းပြုပေးမှု | — | ၄၃၄ |


## ဆတ္တုပါဟနဝဂ်


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဆတ္တုပါဟနသိက္ခာပုဒ် = ဆဗ္ဗဂ္ဂီဘိက္ခုနီများ- ထီးဆောင်း, ဖိနပ်စီးမှု | .... | ၄၃၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂။ | ယာန သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီဘိက္ခုနီများ—ယာဉ်ဖြင့် သွားလာမှု .... | ၄၃၆ |
| ၃။ | သင်္ဃာဏိ သိက္ခာပုဒ် = ဘိက္ခုနီတစ်ယောက်—ခါးကြိုး တန်ဆာကိုဆောင်မှု .... | ၄၃၇ |
| ၄။ | ဣတ္ထာလင်္ကာရ သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီဘိက္ခုနီများ—မိန်းမ တို့၏ အသုံးအဆောင် တန်ဆာကိုဆောင်မှု .... | ၄၃၈ |
| ၅။ | ဂန္ဓဝဏ္ဏက သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီဘိက္ခုနီများ—နံ့သာရည် အလှရည်တို့ဖြင့် ရေချိုးမှု .... | ၄၃၈ |
| ၆။ | ဝါသိတက သိက္ခာပုဒ် = ဆဗ္ဗဂ္ဂီဘိက္ခုနီများ—နံ့သာ ထုံအပ်သော နှမ်း မှုန့်ညက်ဖြင့် ပွတ်တိုက်၍ရေချိုးမှု .... | ၄၃၉ |
| ၇။ | ဥမ္မဒ္ဒါပန သိက္ခာပုဒ် = ဘိက္ခုနီအများ· အခြား ဘိက္ခုနီတို့ကို ခြေဆုပ်လက်နယ်ခိုင်းမှု .... | ၄၄၀ |
| ၈။ | အနုပသမ္ပန္နာ နိသီဒန သိက္ခာပုဒ် = ဘိက္ခုနီအများ— ခွင့်မပန်ဘဲ ဘိက္ခုနီတို့၏ရှေ့၌ ထိုင်နေမှု .... | ၄၄၀ |
| ၉။ | အနောကာသ ကတ သိက္ခာပုဒ် = ဘိက္ခုနီအများ— ပြဿနာ မေးခွင့်မတောင်းဘဲ ပြဿနာမေးမှု .... | ၄၄၁ |
| ၁၀။ | အသံကစ္စိကာ သိက္ခာပုဒ် = ဘိက္ခုနီတစ်ယောက်- ရင်စည်းတဘက်မပါဘဲ ရွာတွင်းသို့ ဆွမ်းခံဝင်မှု .... | ၄၄၁ |


## ပါဠိဒေသနီယ အခန်း


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သပ္ပိဝိညာပန သိက္ခာပုဒ်=ဆဗ္ဗဂ္ဂီဘိက္ခုနီများ- ထောပတ်ကို တောင်း၍စားမှု၊ .... | ၄၄၃ |
| ၂။ | ဒဓိဝိညာပနစသော သိက္ခာပုဒ် ၇-ပါး .... | ၄၄၃ |


## ဘိက္ခုနီခန္ဓက၌ လာသော တချို့သိက္ခာပုဒ်များ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မာတုဂါမကို ရှိမခိုးရ .... | ၄၄၅ |
| ၂။ | ဆဗ္ဗဂ္ဂီဂိုဏ်းဝင် ဘိက္ခုနီများ မတော်တရော်ပြုမှု .... | ၄၄၆ |
| ၃။ | ဘိက္ခုနီများ နံရိုး အလှပြင်မှု .... | ၄၄၆ |

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄။ | ဘိက္ခုနီများ ခါးစသည်ကို အလှပြင်မှု | .... | ၄၄၇ |
| ၅။ | မျက်နှာကို အလှပြင်မှု | .... | ၄၄၀ |
| ၆။ | အထွေထွေပြစ်မှုများ | .... | ၄၄၀ |
| ၇။ | ကျမ်းပြီးနိဂုံး | .... | ၄၄၉ |
| ၈။ | ဖုံသုတေရ ဂါထာပါဌ်နှင့် မြန်မာပြန် | .... | ၄၅၄ |

# အခြေခံနိဒါန်း

၁။ သဗ္ဗောဒိတော ကာရုညေန,
ပရံ ပရတ္ထမာဝဟော၊
ကရောပယာတနိဗ္ဗာနံ,
ဩသဇ္ဇ ဒုက္ကရံ ကရံ။

၂။ တဿာယံ ဥပဒေသော ဟိ,
နာထဿ နာထဒေသကော,
ယေန နော ဒမထံ ယာမ,
ကော တံ ဗာဠှာစရေန္န ဘော။

ယော နာထော-ငါ၏ကိုးကွယ်, ငါ့ကိုကယ်သည့်, ငါ့နွယ်မခြား, လူနတ်များ၏,ကိုးစားရာသခင်, အကြင်ဘုရားရှင် ကိုယ်တော်မြတ်သည်၊ကာရုညေန သဗ္ဗောဒိတော-သတ္တဝါခပင်း, ဆင်းရဲခြင်းကြောင့်, ပြင်းပြလှစွာ, မဟာကရုဏာတော်, နှိုးဆော်တိုက်တွန်းအပ်သည်(ဖြစ်၍) ကရောပယာတ နိဗ္ဗာနံ-လက်လှမ်းမှီလောက်, အနီးရောက်သည့်, မျက်မှောက်ပြုရန်, မြတ်နိဗ္ဗာန်ကို၊ ဩသဇ္ဇ-အလွယ်တကူ, လှမ်းမယူဘဲ, ဗိုလ်လူတွက်ဘာ, စွန့်လွှတ်ခွါ၍၊ဒုက္ကရံ-သာမန်လူများ, မကြံအားအောင်, ထူးခြားလွန်ကဲ, ပြုနိုင်ခဲသော ပါရမီဖြည့်မှုကို၊ ကရံ (ကရောန္တော)-လေးသင်္ချေကိန်း,ကပ်တစ်သိန်းမျှ, ထိန်းသိမ်းဆင့်ဆင့်, ပြုကျင့်တော်မူလျက်၊ ပရံ-လွန်လွန်ကဲကဲ, စိတ်ဇွဲသန်သန်, နောက်ပြန်မဆုတ်, ကြိုးအားထုတ်၍သာလျှင်၊ ပရတ္ထမာဝဟော· ကိုယ်ဆင်းရဲမှု, လျစ်လျူရှု၍, ဗိုလ်လူမြားမြောင်, စီးပွားကိုသာ ဆောင်တော်မူပါပေ၏။

အယံ-ယခုအခါတွင်, လူရှင်အများ, ရှုမှတ်သားဖို့, ပြန်ကြား လှစ်ဖွင့်, ဤဥပဒေတော်သည်ကား၊ တဿ နာထဿ- နတ်လူအပေါင်း, ခညောင်းဆည်းကပ်, ထိုဘုရားရှင်ကိုယ်တော်မြတ်၏၊ နာထဒေသကော-ရဟန်းရှင်မှန်, ကိုးကွယ်ခံဖို့, ကျင့်ရန်ပုံသေ, ညွှန်ပြပေသော၊ ဥပဒေသောဟိ-ကရုဏာတော်, ဉာဏ်တော်မြတ်ဖြင့်, ပိုင်းဖြတ်ချင့်သုံး, ကျင့်ထုံးဥပဒေတော်ကြီးပါပေတည်း၊ ယေန-ကိုယ်နှုတ်နှစ်တန်, ကျင့်ရန်ထုတ်ဖော်, ယင်းဥပဒေတော်ကြောင့်၊နော-သဒ္ဒါအလျောက်, ဥပဒေအောက်၌, ကပ်ရောက်ဝင်နေ, တို့တတွေသည်၊

# ( ၁ ) ဘုရားဥပဒေတော်ကြီး

**ဒုမထံ-ကိုယ်နေအေးအေး, နှုတ်ချိုမွှေး၍, ယဉ်ကျေးမေ့သိမ်, တည်ငြိမ်သူ့အဖြစ်သို့၊ ယာမ-လူသာမန်ထက်, ဆင့်ဆင့်တက်၍, မပျက်ပုံသေ, ရောက်ကြရပေ၏၊ ဘော-ဘုရားသခင်,တရားရင်ဝယ်, ဖွားမြင်ရငြား, အို...သားတော်အများတို့၊ တံဥပဒေသံ-ယခုလည်းကောင်း,နောင်လည်းကောင်းဖို့,ငဲ့စောင်းထုတ်ဖော်, ထိုဥပဒေတော်ကြီးကို၊ ကော-ဖခင့်စကား, လွန်လေးစား၍, တရားကိန်းအောင်း, အဘယ်ရဟန်းကောင်းသည်၊ အဇ္ဈာစရေနု- မလိုက်နာဘဲ,သွေဖီလွဲ၍, တစ်နည်းထူးချွန်,အဘယ်မှာ ကျူးလွန်ထိုက်ပါတော့အံ့နည်း။**

**အလောင်းတော်ဘဝ**

ဗုဒ္ဓမြတ်စွာ၏ လောင်းလျာဖြစ်သော သုမေဓာရှင်ရသေ့သည် ပင်ကိုယ်အားဖြင့်ကုဋေများစွာချမ်းသာကြွယ်ဝသော သေဋ္ဌေးသားဖြစ်၍ ၁၆-နှစ် အရွယ်ရောက်သောအခါ လောကီအတတ်ဟူသမျှ၌ တစ်ဘက်ကမ်းရောက် တတ်မြောက်ပြီး ဖြစ်၏၊ ထိုကုဋေများစွာ ဥစ္စာအားလုံးကို စွန့်လွှတ်နိုင်သော (သဒ္ဓါပညာ)စွမ်းရည်သတ္တိရှိသည် အားလျော်စွာ ရသေ့ ရဟန်း ပြုပြီးသော အခါလည်း ၇-ရက်အတွင်း၌ လောကီဈာန် အဘိညာဉ်ကို ရတော်မူ၏၊ ဤမျှလောက် ပင်ကိုယ်ဉာဏ် ထက်မြက်၍ လောကီဘက် တရားအားလုံးကို ကုန်ဆုံးအောင် သိပြီးသော ရသေ့အရှင်မြတ်သည် ဒီပင်္ကရာဘုရားရှင်ကို ဖူးမြင်ရသောအခါ သတ္တဝါတို့အား ငဲ့ညှာထောက်ထား သနားကြင်နာ ကရုဏာတော် မပြင်းပြပါမူ ထိုနေရာမှာပင် နိဗ္ဗာန်ကို မြင်နိုင်လောက်ပါပေသည်၊ သို့သော် သတ္တဝါတို့၏ ဆင်းရဲဒုက္ခ ရောက်နေကြပုံကိုမြင်ရ, မိမိ၏ဉာဏ်စွမ်းကိုလည်း သိရသဖြင့် လက်လှမ်းမှီလောက် အနီးရောက်နေသော နိဗ္ဗာန်ကိုယူတော်မမူသေးဘဲ သတ္တဝါတို့ကို ကယ်တင်ဖို့ရာ ဘုရားဖြစ်အောင် အားသစ်ကြိုးစားတော်မူခဲ့ပါပေသည်။

**ကိုယ်ဆင်းရဲခံတော်မူရပုံ**

ထိုသို့ ဘုရားဖြစ်အောင် ကြိုးစားရာ၌ ပါရမီဆယ်ပါး ဖြည့်ကျင့်ရပုံ, စွန့်ခြင်းကြီး ငါးပါးစွန့်ရပုံ, လောကတ္ထစရိယ စသော စရိယ ၃-ပါး ကျင့်ရပုံများကို အသေးစိတ် စဉ်းစားသောအခါ ဘုရားအလောင်းတော်၏ ကိုယ်ဆင်းရဲ ခံခဲ့ရပုံများကို ထင်ရှားစွာသိမြင်နိုင်ပါသည်၊ တခြားဘဝဇာတ်များစွာကို ဖယ်ထားလိုက်ပါဦး၊ ဝေဿန္တရာမင်းဘဝ၌ပင် ဒါနပါရမီ ဖြည့်ကျင့်ရာဝယ် ဆင်ဖြူတော်လှူမှုကြောင့် တောထဲမှာ ဒုက္ခခံ၍ စံတော်မူရလေသည်၊ သိဝိမင်းဘဝတုန်းက မျက်လုံးတော်ကို ထုတ်ဖော်၍ လှူရာ၌လည်း မည်မျှနာကျင် ဆင်းရဲ

တော်မူမည်ကို မှန်းဆသင့်ပါသည်၊ ဘူရိဒတ်နဂါးမင်းဘဝ၌ မုဆိုးညှဥ်းပန်းနှိပ်စက်သော်လည်း သီလမပျက်အောင် စောင့်စည်းလျက် ကိုယ်ဆင်းရဲခံရပုံကို အာရုံပြုနိုင်ပါသည်၊ ခန္တိဝါဒီရသေ့ ဘဝတုန်းက ကလာဗုမင်း၏ ညှဥ်းပန်းနှိပ်စက်ဒဏ်ကို အသက်စွန့်၍ သည်းခံတော်မူသည်မှာလည်း သတ္တဝါတို့ကို ကယ်တင်လိုသော အရင်းခံ ကရုဏာတော် ကြောင့်ပင် မဟုတ်ပါလော၊ ဒီပင်္ကရာဘုရား လက်ထက်တော်ဝယ် ကိုယ်တော်တစ်ပါးအတွက် နိဗ္ဗာန်ကို ယူခဲ့ပါမူ မည်သည့် ဆင်းရဲဒုက္ခကိုမျှ ခံစားရမည် မဟုတ်ပါ၊ ယခုသော်ကား သတ္တဝါအများကို သနားကြင်နာသော ကရုဏာတော်ကြောင့်သာ ကိုယ်တော်၏ ဆင်းရဲဒဏ်ကို ကမ္ဘာပေါင်းများစွာ ခံတော်မူခဲ့ပါသည်။

**သာသနာတော် တည်ထောင်ခြင်း** ဤကဲ့သို့ အသက်ပေါင်းများစွာစွန့်ရသည့်တိုင်အောင် ကိုယ်တော်၏ ဆင်းရဲဒဏ်ကို ခံတော်မူ၍ ဘုရားဖြစ်တော်မူပြီးသောအခါ အေးဆေးချမ်းသာစွာ နေနိုင်ပါလျက် နေတော်ပမူဘဲ စ, လယ်, အဆုံး စကားလုံးပရိယာယ် ပြည့်ကြွယ်ကုန်လုံ အနက်အဓိပ္ပာယ် ပြည့်စုံသော တရားတော်များကို ဟောပြတော်မူ၏၊ ထိုတရားတော်ဖြင့် သီလအကြောင်းအရာကိုလည်း ပြတော်မူ၏၊ သမာဓိနှင့် ပညာ အကြောင်းအရာကိုလည်း ပြတော်မူ၏၊ ထို သီလ သမာဓိ ပညာ ၃ မျိုးကို ကျင့်သင့် ကျင့်ထိုက်သောကြောင့် "သိက္ခာ ၃-ပါး"ဟု ခေါ်၏၊ [သိက္ခိတဗ္ဗာ-ကျင့်သင့်ကျင့်ထိုက်၏၊ ဣတိ-ထို့ကြောင့်၊ သိက္ခာ-သိက္ခာမည်၊] ထိုသိက္ခာ ၃-ပါးကိုပင် "သာသနဗြဟ္မစရိယ=ဘုရား အဆုံးအမ ဖြစ်သော မြတ်သောအကျင့်"ဟု ခေါ်၏၊ ဆိုလိုရင်းကား—"တရား ဓမ္မ ဟောပြတော်မူရင်းပင် ထိုသိက္ခာ ၃-ဖြာ သာသနာတော်လည်း တည်ထောင်ပြီးဖြစ်တော့သည်"ဟု ဆိုလိုသည်၊ ထိုသို့ သာသနာတော် ထွန်းပေါ် လာသောအခါ တရားတော်ကို သဘောကျ၍ ကျင့်ကြံ အားထုတ် လိုသော ပုဂ္ဂိုလ်, တရားဟောတော်မူလိုက်ရုံဖြင့် ကျင့်မှုကိစ္စပြီးမြောက်၍ တရားပေါက်သော ပုဂ္ဂိုလ်များ ပေါ်ထွန်းလာ၏၊ ထိုပုဂ္ဂိုလ်များကို "သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များ"ဟု အသိအမှတ်ပြုကြရ၏၊ ဤစကားအစဉ်ဖြင့် သာသနာတော် တည်ထောင်ပုံနှင့် သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များ ဖြစ်ပေါ်လာပုံကို နားလည်ကြပြီ။

**သာသနာတည်စဉ် ဥပဒေမလို** ထိုသို့ သာသနာတော်တည်ထောင်စဉ် သာသနာ့တာဝန်ကို ထမ်းဆောင်ကြသော ရဟန်းတော်များသည် တရားပေါက်ပြီးပုဂ္ဂိုလ်, တကယ့် သဒ္ဓါတရားဖြင့် တရားကျင့်လို

၍ ဝင်လာသောပုဂ္ဂိုလ်တို့သာ များပြားလေရကား ချုပ်ချယ်တားမြစ်သော ဝိနည်းဥပဒေများ ထိုအချိန်မှာ မလိုသေးချေ၊ ပြုလုပ်ဖို့ရန် ခွင့်ပြုသော ဥပဒေ လောက်သာ ပညတ်တော်မူရလေသည်၊ ထို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သည် ဘုရားဝါတော် ၂၀-အတွင်း၌ အစွမ်းကုန် သန့်ရှင်းလျက် အတိုးတက်ကြီးတိုးတက်ကာ ခတ္တိယ ဗြာဟ္မဏဇာတ် ရှိကြသော အထက်တန်း အမျိုးသားတို့ အားကျပါးကျ သာသနာတော်သို့ ဝင်ရောက်လာကြပေသည်။

**သာသနာ ၃-ရပ် တစ်မျိုး**

"သာသနာ" ဟူသော စကား၌ "ဘုရား၏အဆုံးအမ ဩဝါဒ"ဟု အဓိပ္ပာယ်ရ၏၊ ထို"အဆုံးအမဩဝါဒ" ဟူသည် အရင်းအမြစ်အားဖြင့် "ပရိယတ်"ဟု ခေါ်သော ပိဋကတရားတော်များတည်း၊ ထိုပရိယတ်တရားတော်၌ ညွှန်ပြသည့်အတိုင်း ကျင့်ခြင်းကို(သီလကျင့်ခြင်း, သမာဓိရအောင်သမထကမ္မဋ္ဌာန်း အားထုတ်ခြင်း,ဉာဏ်ပညာတိုးပွားအောင် ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်ခြင်းကို) "ပဋိပတ္တိသာသနာ"ဟု လည်းကောင်း, ထိုအကျင့်ဖြင့် ထိုးထွင်း၍သိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို "ပဋိဝေဓသာသနာ"ဟု လည်းကောင်း ခေါ်၏၊ ပြခဲ့သော သီလ, သမာဓိ, ပညာ သိက္ခာ ၃-ပါးသည် အကျင့်တရားများ ဖြစ်သောကြောင့် ပဋိပတ္တိ သာသနာ၌လည်းကောင်း, မဂ်ပညာ ဖိုလ်ပညာ ဖြစ်လျှင် ပဋိဝေဓသာသနာ၌ လည်းကောင်း ပါဝင်ကြတော့၏၊ ဤစကားစဉ်အရ— "ပရိယတ်"ဟု ခေါ်အပ်သော တရားတော်များသည် သီလ သမာဓိ ပညာ သိက္ခာ ၃-ရပ် မြတ်သော အကျင့် သာသနာ၏ လည်းကောင်း, ပဋိပတ် ပဋိဝေဓ သာသနာတော် ၂-ရပ်၏လည်းကောင်း အခြေခံ ဖြစ်ကြောင်းကို သိနိုင်ပြီ၊ မှန်၏-ကျင့်နည်းကြံနည်းကို ညွှန်ပြသောတရားတော် မရှိလျှင် မှန်ကန်အောင် မကျင့်နိုင်၊ မှန်ကန်အောင် မကျင့်နိုင်လျှင် အမှားကို ကျင့်မိကြတော့မည်၊ ထိုအကျင့်မှားဖြင့်ကား မည်သည့်ထူးခြားသော တရားကိုမျှ ရနိုင်ကြမည်မဟုတ်ချေ။

**သီလနှင့်ဝိနည်း**

သိက္ခာ ၃-ပါးတွင် သီလသည် အရင်းခံဖြစ်၏၊ လက်တွေ့အားဖြင့်လည်း သီလသိက္ခာ 'စင်ကြယ်သူသာ မှန်ကန်သော သမာဓိရှိသည်ကို တွေ့ရ၏၊ သမာဓိရှိသူမှလည်း ထိုးထွင်းသော အသိဉာဏ်ပညာကို ရနိုင်၏၊ [သမာဟိတော ယထာဘူတံ ဇာနာတိ=တည်ကြည်သူသည် ဟုတ်တိုင်းမှန်စွာ'သိနိုင်၏၊] ပရိယတ် တရားတော်တွင်လည်း ဝိနည်းတရားတော်သည် ရဟန်းတော်များ၏ သီလသိက္ခာကို အပြည့်အစုံ ညွှန်ပြသော တရားတော်ဖြစ်၏၊ ထိုမျှလောက် ကြီးကျယ်သော သီလသည်

သာသနာပကာလ၌မရှိနိုင်၊ မှန်၏—သာသနာပကာလ၌ ၄ါးပါး,ရှစ်ပါး,ဆယ်ပါးစသောကိုယ်ကျင့်သီလများ ရှိနိုင်သော်လည်း သာသနာတွင်း၌ကဲ့သို့ ကုဋေကိုးထောင်ကျော် သီလမျိုးကား ကြားမျှ မကြားရချေ၊ ထိုသီလတော်များသည် သာသနာ့ဝန်ထမ်း ရဟန်းတော်များအတွက် ဘုရားရှင် ပညတ်ထားအပ်သော ဥပဒေတော်ကြီးလည်း ဖြစ်၏၊ ထိုဥပဒေတော်အရ စောင့်စည်းနေထိုင်သော ရဟန်းတော်များသည် ကိုယ်အမူအရာအားဖြင့် လည်းကောင်း, နှုတ်အပြောအဆိုအားဖြင့် လည်းကောင်း မည်သည့် လူကြီး လူကောင်းနှင့်မျှ မတူအောင် ယဉ်ကျေး သိမ်မွေ့ရကား ဗုဒ္ဓဘာသာဝင်များကို မဆိုထားဘိ ဘာသာခြားတို့ကပင် လေးစားရလောက်အောင် ကျက်သရေကို ဆောင်နိုင်ပါသည်။

**သာသနာတော်၏ အသက်** ဤစကားစဉ်ကို ဆင်ခြင်သောအခါ ဝိနည်းပါဠိတော်အရ ညွှန်ပြအပ်သော သီလ သိက္ခာသည် သာသနာတော်၏ အရင်းအမြစ် အကျဆုံးဖြစ်၍ "သာသနာ့ အသက်" ဖြစ်ကြောင်း တင်ရှား၏၊ ရဟန်းတော်များသည် ထိုဝိနည်း တရားတော်အတိုင်း သီလသိက္ခာကို မထိန်းသိမ်း မစောင့်စည်းတော့ဘဲ ဆယ်ပါးသီလမျှကိုသာ စောင့်စည်း နေထိုင်ခဲ့သော်(ယခု သက်န်းမျိုးကို ဝတ်နေသော်လည်း) ဘုရားရှင်၏ အဆုံးအမ ဩဝါဒခံများ မဟုတ်ကြတော့၊ သာသနာပ ရသေ့ ပရိဗိုဇ် အနေမျှသာ ဖြစ်ကြတော့၏၊ ထို့ကြောင့် ဝိနည်းတော်လာ သီလ, သိက္ခာကို မစောင့်စည်းသော အခါ "သာသနာတော် အသက်မရှိတော့ပြီ = သာသနာ ကွယ်ပြီ"ဟု ဆိုရတော့လတ္တံ့၊ သို့ဖြစ်လျှင် ထိုသီလ သိက္ခာပုဒ်များကို ညွှန်ပြထားသော ဝိနည်းတရား (ဝိနည်းပါဠိ,တော်) သည်လည်း သာသနာတော်၏ အသက်ပင် ဖြစ်၏"ဟု မှတ်ယူထိုက်၏၊ ဘာကြောင့်နည်း ဝိနည်းပါဠိတော် ကွယ်ပျောက်လျှင် သီလသိက္ခာ ကျင့်စဉ်လည်း သေသေချာချာ မရှိနိုင်သော ကြောင့်တည်း၊ ထိုကြောင့် "ဝိနယော နာမ သာသနဿ အာယု=ဝိနည်း တရားတော်သည် သာသနာတော်၏ အသက်"ဟု ဆောင်ပုဒ်တစ်ခု အဖြစ်ဖြင့် ရဟန္တာအရှင်မြတ်တို့ မိန့်တော်မူအပ်ခဲ့ပေသည်။

**ဥပဒေတော်ကြီး** "ဥပဒေသ"ဟူသော ပါဠိစကားကို "ဥပဒေ"ဟု ခေါ်နေကြ၏၊ ထိုပါဠိ၏ မြန်မာလိုဆိုလိုရင်းမှာ "နည်းလမ်းညွှန်ပြချက်" ဟူသည်တည်း၊ ဗုဒ္ဓမြတ်စွာသည် အကြောင်းဝတ္ထု အပြစ်တစ်စုံတစ်ရာ မပေါ်ခင် ဝိနည်း ဥပဒေတော်ကို ကြိုတင်၍ ပညတ်တော်မမူ၊ အကြောင်း ဝတ္ထု တစ်ခုခုပေါ်လာမှသာ ပညတ်တော်မူသည်၊ ထိုသို့ ပညတ်တော်မူခါနီး၌

လည်း သံဃာစည်းဝေးစေ၍ ထိုသံဃာ့အစည်းအဝေး၌ အမှုရှင် ရဟန်းကို စစ်ဆေး မေးမြန်းတော်မူ၏၊ ထိုသို့ မေးမြန်းတော်မူပြီးမှ အပြစ်တင်တန်လျှင် အပြစ်တင်တော်မူ၍ ဆိုးမသြဝါဒ တရားစကားကို ခပ်များများ မိန့်တော်မူ၏၊ ထိုတရားစကားတော်ကို ကြားနာရသော သံဃာတော် အများကလည်း ဤအမှုမျိုး နောင်မဖြစ်ပေါ်အောင်"ဥပဒေပညတ်တော်" ထားထိုက်သည်ဟု အယူရှိကြသောအခါကျမှ ထိုက်သင့်ရာ ဥပဒေကို ပညတ်တော်မူသည်၊ တချို့ ဥပဒေတော်များကား တားမြစ် ချုပ်ချယ်သော ဥပဒေမဟုတ်, အရေးအခွင့် ပေးသော ဥပဒေဖြစ်၏၊ ထိုဥပဒေများ၏ အကြောင်းဝတ္ထု အမှုကိစ္စမှာလည်း မလဲ့သာ မရှောင်သာသော အမှု, သို့မဟုတ် အလွန်အကြူး စောင့်စည်းထားသဖြင့် ဆင်းရဲပင်ပန်းခံရသော အမှုကိစ္စမျိုး ဖြစ်လေသည်။

**မဟာကရုဏာတော်** ထို့ကြောင့်ဗုဒ္ဓမြတ်စွာသည် ဝိနည်းဥပဒေတော်ကြီးကို တည်ထားတော်မူခါနီးဂယ် သာသနာတော်ကိုကိုးကွယ် ဆည်းကပ်နေသော လူဝတ်ကြောင်များကိုလည်း ငဲ့ညှာ တောက်ထား (လူတို့ စိတ်ကို မထိခိုက်အောင်, ပူဇော်သမျှ အကျိုး များများ ရအောင်) သနားညှာတာသော ကရုဏာ, ရဟန်းကောင်း ရဟန်းမြတ်တို့ အနေအထိုင် မကျဉ်းကြပ်စေဘဲ သူတို့ အလေးအမြတ်ကို ခံနိုင်လောက်စေလိုသော မဟာကရုဏာ, ရဟန်းဆိုး, ရဟန်းယုတ်များလည်း အပြစ်တွေ့ ဗလဗ္ဗေဖြင့် လူဝတ်ကြောင်တို့၏ အကိုးကွယ်အဆည်းကပ် ပစ္စည်းလာဘ်ကို ခံယူနေခြင်းကြောင့် နောင်သံသရာဝယ် ကယ်တင်၍ မဖြစ်နိုင်အောင် ဒုက္ခချောက်တွင်းသို့ သက်ဆင်းကျရောက်ရမည့် အရေးကို တွေးတော ထောက်ထား ကြီးမားသော မဟာကရုဏာ, ဤသို့ ကရုဏာအမျိုးမျိုးကို ဖြစ်ပေါ်စေပြီးမှ တရားဓမ္မ ဟောညွှန်ပြ၍ ဝိနည်းဥပဒေသကို ထားတော်မူခဲ့ပါသည်။

**ဉာဏ်တော်ကြီး** ဗုဒ္ဓမြတ်စွာသည် ထိုကဲ့သို့ ဥပဒေသကို ထားတော်မမူမီ ဖြစ်ပေါ်လာသော အကြောင်းဝတ္ထု၏(ဖြစ်မှု၏)အကြီးအငယ်ကိုလိုက်၍(ထိုဖြစ်မှုကို ဖြစ်စေသော စိတ်ရင်း, စေတနာရင်းကို လိုက်၍) ထိုက်သင့်သော ဥပဒေကို ပညတ်တော်မူရန် ဉာဏ်တော်ဖြင့် စဉ်းစားတော်မူ၏၊ "ရှေးရှေးဘုရားရှင်တို့သည် ဤအပြစ်မျိုး၌ မည်သည့်အာပတ်ကို ပညတ်တော်မူလေသနည်း" ဟုလည်း ဆင်ခြင်တော်မူ၏၊ ဤသို့ ဆင်ခြင်စဉ်းစားတော်မူပြီးမှ ပညတ်တော်မူအပ်ရကား ဘုရားပညတ် အရပ်ရပ် ဥပဒေတော်သည် သာမန် လူဝတ်ကြောင်များ၏ ဥပဒေထက် သာလွန် လေးနက်ပါပေသည်။

"သို့ဖြစ်လျှင် ဘုရားရှင်သည် ဉာဏ်တော်ဖြင့် ကြိုတင်၍ မြော်မြင်တော်မူကာ အပြစ်မပေါ်လာမီကပင် ပညတ်တော်များကို ထားပါတော့လော"-ဟူအံ့၊ သမားကောင်းတို့မည်သည် လူတစ်ယောက်၏ လက်၌ အနာ ပေါက်လောက်အောင် သွေးဆိုးနေသည်ကို သိမြင်သော်လည်း ထိုနေရာ၌ အနာမပေါ်ခင် ခွဲစိတ်ကုသ၍ ဆေးတင်ပေးရိုးမရှိ၊ အကယ်၍ ခွဲစိတ်ကုသဆေးတင်ပေးခဲ့သော် ထို ရောဂါရှင်က ကျေးဇူးတင်မည် မဟုတ်ရုံသာမက, သမားတော်ကိုပင် "ငါ၏ အသားကောင်းကို ခွဲရမည်လား" ဟု အပြစ်တင်လိုပေလိမ့် ဦးမည်၊ ထို့အတူ ဗုဒ္ဓမြတ်စွာလည်း တင်ကြို၍ မြင်အပ်သော အပြစ်များကြောင့် ဝိနည်းပညတ်တော်ကို ကြိုတင်၍ ထားတော်မမူ၊ အကယ်၍ ကြိုတင်ထားခဲ့ပြန်လျှင်လည်း "အမျိုးကောင်းသားတွေကို အပြစ်မရှိဘဲ ချုပ်ချယ်ရမည်လား" ဟု တချို့က အပြစ်ပင်တင်လိုကြပေလိမ့်ဦးမည်၊ ဘုရားရှင်၏ ဉာဏ်တော်ကား ဥပဒေပညတ် တည်ထားအပ်ရာဝယ် ထိုကဲ့သို့ အကျိုးမရမည့် အချက်ကိုလည်း ရှောင်ကြဉ်တော်မူခဲ့ရပေသေးသည်။

**အရှင်သာရိပုတ္တရာ လျှောက်ခြင်း** ဤ အကြောင်းကို အရှင်သာရိပုတ္တရာ လျှောက်သော စကား, ဘုရားရှင် ပြန်၍ မိန့်တော်မူသော စကားဖြင့် ထင်ရှားစေအံ့။

**အရှင်သာရိ။** ။မြတ်စွာဘုရား ... သိက္ခာပုဒ် ပညတ်တော်မူခြင်းသည် သာသနာတော်၏ တာရှည်တည်ဖို့ရန် အကြောင်းတစ်ရပ် ဖြစ်ပါသောကြောင့် သိက္ခာပုဒ် ပညတ်တော်မူဖို့ရန် ယခုအခါ အချိန်တန်ပါပြီ။

**မြတ်စွာဘုရား။** ။သာရိပုတ္တရာ... စောင့်ဆိုင်းဦး, သာရိပုတ္တရာ... စောင့်ဆိုင်းဦး၊ သိက္ခာပုဒ် ပညတ်ခြင်း၌ သင့်တော်သော အချိန်အခါ ငါဘုရား ကိုယ်တော်တိုင် သိတော်မူမည်၊ သာရိပုတ္တရာ... သံဃာတော်မှာ ကျူးလွန်မှု အပြစ်မပေါ်သေးသမျှ မြတ်စွာဘုရားသည် သိက္ခာပုဒ် ပညတ်တော်မူလိမ့်ဦးမည် မဟုတ်။

**ဥပဒေသ၏ အကျိုး ဆယ် ပါး** ဗုဒ္ဓ ရှင်တော်မြတ်သည်ဝိနည်းဥပဒေတစ်ရပ်, တစ်ရပ်ကို ပညတ်တော်မူရာ၌ ထို ဥပဒေ ပညတ်တော်ကြောင့် ၁၀-ပါးသောအကျိုးကို ရစေတော်မူ၏။ ၁။ ပညတ်တော်မမူမီ ထိုဥပဒေနှင့်စပ်ဆိုင်သော တရားစကားကို ဟောထားပြီး ဖြစ်သောကြောင့် ထိုဥပဒေတော်ကို ပညတ်လိုက်သည်နှင့်တစ်ပြိုင်နက် "သင်္ဃ ဘဒ္ဒေ ="

ကောင်းပါသည် ဘုရား''ဟု သံဃာတော်အများပင် လက်ခံကြရ၏၊ ဤသို့ စကားတော်ကို လက်ခံကြခြင်းသည် စီးပွါးချမ်းသာ ရဖို့ရာ ဖြစ်သောကြောင့် ''ဘုရားစကားတော်ကို လက်ခံခြင်းသည်ပင် ဥပဒေ၏ အကျိုးတစ်မျိုး'' ဟု ခေါ်ဆိုအပ်တော့သည်။

၂။ ဤဥပဒေ ပညတ်တော်ကြောင့် သံဃာတော်များသည် နေရ, ထိုင်ရ ချမ်းသာ၏၊ ထင်ရှားစေအံ့-''လောကဥ္စ လူကြီးသူမကို ရိုသေရခြင်း''ဟူသော လူ့ဝိနည်း(လူ့ဥပဒေ)တစ်ရပ်ရှိ၏၊ အမျိုးကောင်းသားသမီးတိုင်းထိုကျင့်ဝတ်ကို လိုက်နာရ၏၊ ထိုသို့ လိုက်နာမှု၌ သူတစ်မျိုး, ငါတစ်ဖုံ သဘော မကွဲလွဲပဲ သဘောတူကြ၏၊ ထိုသို့သဘောတူသဖြင့်လည်း ထိုကျင့်ဝတ်အတိုင်း နေကြ, ထိုင်ကြသည့်အတွက် နေရထိုင်ရ ချမ်းသာကြလေသည်၊ ထို့အတူ ဘုရားရှင်၏ ဝိနည်းဥပဒေတော်ကြောင့်ရဟန်းကောင်းဟူသမျှတို့လည်းသူတစ်မျိုးငါတစ်ဖုံ မကျင့်ကြဘဲ သဘောတူကျင့်ကြသဖြင့် နေရထိုင်ရ ချမ်းသာကြပေသည်၊ ဤသို့ သံဃာတော်များ၏ ချမ်းသာအေးမြ နေထိုင်ရခြင်းသည် သိက္ခာပုဒ် ပညတ်တော် ဥပဒေ၏ အကျိုးတစ်မျိုးပေတည်း။

၃။ ဤဥပဒေတော်သည် ဒုဿီလပုဂ္ဂိုလ်တို့အား နှိမ်နင်းရာဝယ် လက်နက်ကောင်း တစ်မျိုးလည်း ဖြစ်၏၊ ခဲ့ဦးအံ့ -သိက္ခာပုဒ် ပညတ်တော်သာ မရှိ ပါလျှင် ရဟန်းဆိုး, ရဟန်းယုတ် လုပ်ချင်တိုင်း လုပ်၍နေရာ၌ သာသနာတော် ကြောင်းအားဖြင့် မည်သည့်အပြစ်ကိုမျှ မပြနိုင်သောကြောင့် နှိမ်နိုင်လောက်သော သံဃာ့အင်အား ရှိစေကာမူ နှိမ်၍ မဖြစ်နိုင်ချေ၊ ဥပဒေ ပညတ်တော် ရှိခြင်းကြောင့်ကား (ကာလအလိုက် သံဃာ့အား, အစိုးရအား, တိုင်းပြည် အား မရှိသောကြောင့် မနှိမ်ကြစေကာမူ နှိမ်လိုလျှင်) ''အသင်၏ ကျူးလွန်မှု၌ မည်သည့်အာပတ် သင့်နေ၏၊ ထိုအမှုကို ရှောင်လျှင်ရှောင်, မရှောင်လျှင် မည်သည့်အပြစ်ကို ခံရမည်''ဟု နှိမ်ခွင့်ရှိသည်သာ၊ ထို့ကြောင့် ဝိနည်းဥပဒေ ပညတ်တော်သည် ဒုဿီလ ရဟန်းယောက်များအား နှိမ်နင်းနိုင်ခြင်း အကျိုး တစ်မျိုးကိုလည်း ရစေနိုင်သည်။

၄။ ဒုဿီလရဟန်းများကြောင့် ထိုထိုသံဃာ့ကိစ္စကိုပြုရာ၌ သံဃာကောင်း တို့မှာ အနှောက်အယှက်များ၍ ဆင်းရဲကြရ၏၊ ထိုကဲ့သို့ ဒုဿီလ ရဟန်းယုတ် များကို နှိမ်နိုင်ခြင်းကား သီလကို ချစ်ခင်မြတ်နိုးကြသော ရဟန်းကောင်း တို့၏ ချမ်းသာစွာနေရခြင်းဟူသော အကျိုးကိုလည်းပြီးစေနိုင်သည်၊ တစ်နည်း အားဖြင့် စဉ်းစားပြန်လျှင်-သီလအကျင့်ကို ချစ်ခင်မြတ်နိုးကြသော သူတော်

ကောင်းရဟန်းတို့သည် သီလသိက္ခာကို ဖြည့်ကျင့်လိုကြသော်လည်း ကျင့်နည်းကို ညွှန်ပြသော ဝိနည်းဥပဒေပညတ်တော် မရှိလျှင် "မည်ကဲ့သို့ ဖြည့်ကျင့်ရမည်" ဟု မသိသောကြောင့် သီလဖြည့်ကျင့်ရေး၌ "ဟိုလိုဖြည့်ကျင့်ရမှာလေလား, သည်လိုဖြည့်ကျင့်ရမှာလေလား" ဟု တွေးတောပင်ပန်း ကြကုန်ရာ၏၊ ဥပဒေပညတ်တော် ရှိခြင်းကြောင့်ကား ထိုသို့ပင်ပန်းကြရ, ဥပဒေညွှန်ပြချက်အတိုင်း ဖြည့်ကျင့်ရသဖြင့် ရွှင်ပျချမ်းသာကြလေသည်၊ ထို့ကြောင့် ဝိနည်းဥပဒေပညတ်တော်သည် သီလချစ်ခင် သူတော်စင်ရဟန်းတို့၏ ချမ်းသာရွှင်ပျနေထိုင်ရခြင်း အကျိုးကိုလည်း ရစေနိုင်ပေသည်။

၅-၆။ ဥပဒေပညတ်တော်သည် "ယခုဘဝ၌ လောကအပြစ်ဒဏ် ဘေးရန်အန္တရာယ်တို့ကို စောင့်ရှောက်ပြီးဖြစ်၍ နောင်သံသရာဘေး ရန်ဘေးတို့ကိုလည်း ပိတ်ဆို့တားဆီးပြီးဖြစ်ခြင်း" ဟူသော အကျိုး ၂-မျိုးကိုလည်း ရစေနိုင်၏၊ မှန်၏- ဥပဒေပညတ်တော်မရှိလျှင် အချို့ရဟန်းများသည် လူဝတ်ကြောင်တို့ ပြုလေ့ရှိသော ပါဏာတိပါတမှု အဒိန္နာဒါနမှု မိစ္ဆာစာရမှုစသည်ကိုပြုလတ္တံ့၊ ထိုသို့ပြုခြင်းကြောင့် အရိုက်အနှက် အသတ်အဖြတ် ခံရခြင်း, မင်းပြစ်မင်းဒဏ်ခံရခြင်း, နာမည်ပျက်ခြင်းစသော ဘေးရန်အန္တရာယ်တို့ကို ယခုဘဝ၌ပင် ခံကြရတော့မည်၊ ထိုပါဏာတိပါတ စသော မကောင်းမှုတို့ကြောင့်ပင် နောင်သံသရာ၌ အပါယ်ဆင်းရဲသော ဘေးရန်ကိုလည်း ခံကြရဦးမည်၊ ဝိနည်းသိက္ခာပုဒ် ဥပဒေတော်ရှိခြင်းကြောင့်ကား ထိုပစ္စုပ္ပန်သံသရာ ဘေးရန်အန္တရာယ်များကို စောင့်စည်းပြီး တားဆီးပြီး ဖြစ်လေတော့၏။

၇။ ဝိနည်းဥပဒေတော်သည် မကြည်ညိုသေးသူ များကိုလည်း ကြည်ညိုစေနိုင်၏၊ မှန်၏-ရဟန်းတော်တစ်ပါးသည် မြို့ရွာအတွင်း၌ ဝိနည်းဥပဒေတော်နှင့်ညီစွာ သင်္ကန်းလည်းရုံ စက္ခုန္ဒြေလည်းချ (အအေးအပူညီမျှလျှင်) ဖိနပ်လည်းမစီးဘဲသွားအံ့၊ ဆွမ်းစားလျှင်လည်း ဆွမ်းလုပ်ကိုပြင်၍ ရှူးရှူးရှဲရှဲ မမြည်စေဘဲ သပ်ရပ်စွာစားအံ့၊ ထိုရဟန်းတော်ကို မကြည်ညိုသေးသော ဘာသာခြားသူများကပင် လေးစားရမည်သာ၊ ရှေးတုန်းက ဗုဒ္ဓဘာသာဝင် မဟုတ်သော ဗြာဟ္မဏလူမျိုးတစ်ယောက်သည် ဝိနည်းဥပဒေကို ကြည့်၍ "ရဟန်းဆိုတာ ဤမျှလောက် စောင့်စည်းရပေသကိုး" ဟု တွေးတောကာ လွန်စွာကြည်ညိုစိတ် ဖြစ်လာသတတ်၊ ဤသို့လျှင် ဝိနည်းဥပဒေတော်သည် မကြည်ညိုသေးသူကို ကြည်ညိုစေနိုင်ခြင်း အကျိုးရှိပါသည်။

၇။ ဝိနည်းဥပဒေတော်သည် ကြည်ညိုပြီး ဗုဒ္ဓဘာသာဝင် ဖြစ်ပြီးသူတို့ကိုလည်း သဒ္ဓါတရား တိုးပွားစေနိုင်၏၊ မှန်၏-နဂိုက သာမန်လောက်သာ ကြည်ညိုနေသူသည် မိမိကိုးကွယ်ထားသော ဆရာသမား၏ ဝိနည်းဥပဒေတော် လေးစားပုံ ဥပဒေနှင့်အညီ နေထိုင်ပုံကို တွေ့မြင်ရသောအခါ "ငါတို့မှာ ဤမျှလောက် အကျင့်သိက္ခာပြည့်ဝသော ဆရာသမားကို ကိုးကွယ်ရပေသည်" ဟု ကြည်နူးဝမ်းမြောက်လျက် တိုးတက်၍ ကြည်ညိုစိတ် ပေါ်ပေါက်လာတတ်သည်၊ အကြမ်းအားဖြင့် စဉ်းစားလျှင် စာတတ် အပြော အဟော ကောင်း ပုဂ္ဂိုလ်များကို လူတို့ကကြည်ညိုသည်ဟု ထင်ရသော်လည်း အသေအချာ စဉ်းစားသော် ထိုပုဂ္ဂိုလ်တို့အပေါ်၌ လူတို့ကြည်ညိုပုံမှာ လေးလေးနက်နက် မရှိလှ၊ ဝိနည်းသိက္ခာကို ရိုသေစောင့်ရှောက်သော ပုဂ္ဂိုလ်တို့ အပေါ်၌ ကြည်ညိုပုံသာ လေးနက်သည်၊ အကယ်၍ ယခုလက်ရှိ ပုဂ္ဂိုလ်တိုင်း မိမိ၏ ကိုယ်ကျင့်သိက္ခာကို ဝိနည်းဥပဒေတော်နှင့်အညီ ပြုပြင်နေနိုင်သည်ဖြစ်အံ့၊ ထို ပုဂ္ဂိုလ်ကို ကိုးကွယ်ဆည်းကပ်သော ဒါယကာ ဒါယိကာမတို့သည် ယခု တက်ပို၍ ကြေနပ်ကြည်ညို ကြလိမ့်မည်သာ၊ ဤသို့လျှင် ဝိနည်းဥပဒေတော် သည် ကြည်ညိုပြီးသူများကိုလည်း ပို၍လေးစား ကြည်ညိုစေနိုင်ပါသည်။

၉။ ပြခဲ့ပြီးသော ပရိယတ်, ပဋိပတ်, ပဋိဝေဓ, ၃-ပါးကို "သဒ္ဓမ္မ = သူ တော်ကောင်းတရား"ဟု ခေါ်၏၊ ဘုရားရှင်တို့သည် ထိုသူတော်ကောင်း တရား၏ ကြာရှည်စွာ တည်တံ့ရစ်ဖို့ အကျိုးငှာလည်း ဝိနည်းဥပဒေတော်များ ကို ထားတော်မူခဲ့ကြပေသည်၊ ချဲ့ဦးအံ့- ဝိနည်းဥပဒေပညတ်တော် မရှိလျှင် ဘုရားရှင် မျက်မှောက်တော်၌ ရဟန်းဖြစ်ကြသော သံဃာတော်များသည် နောက်တစ်ဆက် ရဟန်းသစ်များကိုတည်ထောင်ပြီးနောက်ထိုရဟန်းသစ်များ ကမူ နောက်ထပ် မတည်ထောင်နိုင်ကြတော့ဘဲ ထို ဒုတိယအဆက် ရဟန်း တော်များ ကုန်သည်နှင့်တစ်ပြိုင်နက် သာသနာအဆက် ပြတ်တော့၏၊ ထို ရဟန်းသံဃာ သာသနာ အဆက်ပြတ်လျှင် ပရိယတ် တရားတော်များကို လူ ဝတ်ကြောင်အဖြစ်ဖြင့် စွမ်းစွမ်းတမန် မရွက်ဆောင်နိုင်ကြတော့၊ ပရိယတ် လမ်းညွှန်ကွယ်လျှင် ကျင့်စဉ်ပဋိပတ်နှင့် ထိုးထွင်းသိအပ်သော မဂ် ဖိုလ် နိဗ္ဗာန် ပဋိဝေဓတို့လည်း အရင်းလဲ၍ အဖျားထင်းဖြစ်ကြရတော့သည်။

ဝိနည်းဥပဒေတော် တည်ရှိလျှင်ကား ဘုရားရှင်နှင့် မျက်မှောက် သံဃာ တော်များ ပရိနိဗ္ဗာန်စံပြီးကြပါသော်လည်း ဝိနည်း ဥပဒေတော်၏ ညွှန်ပြ ချက်ကိုကြည့်ရှုကာ ရဟန်းသံဃာ အဆက်မပြတ်အောင် တည်ထောင်နိုင်ကြ

သေး၏၊ ထိုရဟန်းသံဃာများသည်ပင် ပရိယတ် တရားတော်များကို မကွယ် မပအောင် ယခုအချိန်အထိ ဆောင်တော်မူခဲ့ကြ၏၊ ထိုပရိယတ်တရားတော် မှာလာသည့်အတိုင်း ကျင့်ကြံမှု ပဋိပတ်ကြောင့် အချိန်မရွေး ပဋိဝေဓ မဂ် ဖိုလ်တရားများလည်း ထင်ရှားနိုင်သေး၏၊ ထို့ကြောင့် ဝိနည်းဥပဒေတော် သည် (သဒ္ဓမ္မ ၃-ဖြာ) သာသနာ ၃-ရပ်ကိုလည်း ကြာရှည်စွာ တည်တံ့စေနိုင် ပါပေသည်။

၁၀။ "ဝိနည်း" ဟူသည် ကိုယ်နှုတ် ၂-ပါးကို ထိန်းသိမ်း စောင့်စည်း ထားရသော (ရဟန်းများ၏)ကိုယ်ကျင့်တရားတည်း၊ ထိုကိုယ်ကျင့်တရားသည် သဘာဝအားဖြင့် ထင်ရှားရှိနေ၏၊ သို့သော် ဘုရားရှင် ကိုယ်တော်မြတ်က ထုတ်ဖော်ပညတ်ခြင်းမပြုပါမူ ထိုဝိနည်းသည် တိမ်မြုပ် ငုပ်နေဦးမည်သာ၊ လောက၌ အရည်အချင်းရှိလျက် တိမ်မြုပ်နေသူ တစ်ယောက်ကို အာဏာရှိသူ တစ်ယောက်ယောက်က ထင်ရှားအောင် ထုတ်ဖော်လိုက်လျှင် ထိုမြုပ်နေသူကို ချီးမြှောက်ရာ (ချီပင့်·မြှင့်မြှောက်ရာ) ရောက်သကဲ့သို့ ထို့အတူ မထင်ရှား သေးသော ဝိနည်းကျင့်ဝတ်များကို ဥပဒေတော်အဖြစ်ဖြင့် ထုတ်ဖော်ပညတ် လိုက်ခြင်းသည် ထိုဝိနည်းကို ချီးမြှောက်ရာရောက်၏၊ ထို့ကြောင့် ဝိနည်း ဥပဒေတော်သည် ရဟန်းကျင့်စဉ် ဝိနည်းတရားတော်ကို မြှောက်ကော်မြှင့် တင်ရာလည်း ရောက်ပါသည်၊ အချုပ်မှာ....

(၁) ကောင်းပါပြီဘုရားဟု စကားတော်ကို လက်ခံနိုင်ခြင်း အကျိုး,
(၂) သံဃာတော်အများ၏ ချမ်းသာစွာ နေထိုင်ရခြင်းအကျိုး,
(၃) အလဇ္ဇီဒုဿီလ (ရဟန်းယုတ်) များကို နှိမ်နိုင်ခြင်းအကျိုး,
(၄) သီလချစ်ခင်သူတော်စင် ရဟန်းတို့ချမ်းသာစွာ နေနိုင်ခြင်းအကျိုး,
(၅) ယခုဘဝ၌ ဘေးရန်အန္တရာယ်တို့ကို စောင့်ရှောက်ပြီး ဖြစ်ခြင်း အကျိုး,
(၆) နောင်တမလွန်ဘဝ၌ ဘေးရန်အန္တရာယ်ကို ပယ်နိုင်ခြင်းအကျိုး,
(၇) သာသနာတော်၌ မကြည်ညိုသေးသူများကို ကြည်ညိုလာခြင်း အကျိုး,
(၈) ကြည်ညိုပြီးသူများအား သဒ္ဓါတရား တိုးပွားစေခြင်းအကျိုး,
(၉) သူတော်ကောင်းတရား၏ တည်တံ့ခြင်းအကျိုး,
(၁၀) ဝိနည်းကိုယ်ကျင့်တရားများကို ချီးမြှောက်ခြင်းအကျိုး,

ဤဆယ်မျိုးသော အကျိုးကို ရည်ရွယ်တော်မူ၍ ဝိနည်းဥပဒေတော်ကို ဘုရားရှင် ပညတ်တည်ထားတော်မူရပေသည်၊

## (၄) ဘုရားဥပဒေတော်ကြီး

**ကိုယ်ကျိုးရှုမြဲ** များစွာသော သတ္တဝါတို့သည် မိမိအကျိုးကိုသာ ပထမဆုံး စဉ်းစားလေ့ရှိကြ၏၊ မိမိအကျိုးရမည့် လမ်းစဉ်ကိုသာ ညွှန်ပြသည့်အတိုင်း လိုက်လိုကြ၏၊ ထို့ကြောင့် ပြခဲ့သော အကျိုးဆယ်ပါးတို့တွင် ဝိနည်းဥပဒေအတိုင်း စောင့်စည်းနေထိုင်ပါလျှင် မကြည်ညိုသေးသော ဒါယကာ ဒါယိကာမတို့၏ အကြည်ညိုကို ခံရခြင်း, ကြည်ညိုပြီးသော ဒါယကာ ဒါယိကာမတို့ အကြည်ညို တိုးခြင်း, ယခုဘဝ ဘေးရန်အန္တရာယ်ကို စောင့်ရှောက်ပြီး ဖြစ်ခြင်း, တမလွန်ဘဝ၌ ဒုက္ခကင်းကွာ ချမ်းသာစွာ နေနိုင်ခြင်း, ဤအကျိုး ၄-ပါးတို့ကား ကျင့်သောပုဂ္ဂိုလ်တိုင်း ရနိုင်ကြ၏၊ ထို့ကြောင့် မိမိအကျိုး သာသနာတော်အကျိုးကို လိုသားသော ရဟန်းကောင်း ဟူသမျှသည် ဘုရားအမိန့်တော် ဥပဒေများကို လေးလေးစားစား လိုက်နာသင့်ကြပေသည်၊ ထို့ကြောင့်ပင် ရှေးဆရာမြတ်တို့လည်း ဘုရားအမိန့်တော် ဥပဒေကို အသက်စွန့်၍ စောင့်ရှောက်ကြရန် တိုက်တွန်းတော်မူခဲ့ကြပေသည်။

ပါတိမောက္ခံ ဝိသောဓေန္တော,
**အပ္ပေဝ** ဇီဝိတံ ဇဟေ၊
ပညတ္တံ လောကနာထေန,
န ဘိန္ဒေ သီလသံဝရံ။

ပါတိမောက္ခံ-ဝိနည်းပိဋကတ်, အရပ်ရပ်၌, ပညတ်ထုတ်ဖော်, သိက္ခာပုဒ်သီလတော်ကို၊ ဝိသောဓေန္တော-မကျိုးမပေါက်, မညှိုးပျောက်ဘဲ, တိုးတောက်စေချင်, သုတ်သင်သူသည်၊ ဇီဝိတံ-လွန်စွာစုံမက်, ကိုယ့်အသက်ကို၊ အပ္ပေဝ ဇဟေ-မပံ့တဝံ့, ရှိတရှိဖြင့်, တွန့်ကာလွန့်ကာ, စွန့်လိုက်ရစေကာမူ၊ လောကနာထေန-ဗြဟ္မာလူနတ်, မြတ်ထက်မြတ်သည့်, နတ်နတ်ထိပ်ထား, ဖဘုရားသည်၊ ပညတ္တံ-အာဏာတော်မြတ်, မိန့်တော်မှတ်၍, ပညတ်ထုတ်ဖော်, ဟောပြတော်မူအပ်သော၊ သီလသံဝရံ-ကိုယ်နှုတ်နှစ်ထွေ, ချုပ်တည်းစေဖို့, ကုဋ္ဌေကိုးထောင် ကျော်ခေါင်မြင့်ဟီး, သီလတော်ကြီးကို၊ န ဘိန္ဒေ-အမိန့်တော်ချက်, ဦးထိပ်ရွက်၍, မဖျက်မိစေ, စောင့်စည်းသင့်ပေသတည်း။

## အာပတ်ခုနစ်မျိုး ပြခန်း

**အာပတ်။** ။"အာပတ္တိ"ဟူသောပါဠိကို"အာပတ်"ဟုခေါ်၏၊ "ရဟန်းများရောက်ထိုက်သောအပြစ်, (တစ်နည်း)-အပြစ်သင့်ခြင်း = အပြစ်ရောက်ခြင်း"ဟု ဆိုလို၏၊ ထိုအာပတ်သည် ပါရာဇိက, သံဃာဒိသေသ်, ထုလ္လစ္စည်း, ပါစိတ်, ပါဋိဒေသနီယ, ဒုက္ကဋ်, ဒုဗ္ဘာသိတ၊ ဤသို့အားဖြင့် ၇-မျိုးရှိသည်။

**ပါရာဇိက။** ။ဤအာပတ်သို့ရောက်သော(ဤအာပတ်သင့်သော) ရဟန်းသည် သာသနာတော်မှ ဆုံးရှုံးရတော့၏၊ "လူဖြစ်ရှုံးသူ"ဟု ဆိုရလောက်အောင် ဖောက်ပြန်ပျက်စီးနေသူသည် လူရာမဝင်တော့သကဲ့သို့ ထို့အတူ ရဟန်းအဖြစ် ဆုံးရှုံးလောက်အောင် ပါရာဇိက အာပတ်သင့်နေသူသည် ရဟန်းအရာမဝင်တော့ချေ၊ ရဟန်းကောင်းတို့က ထိုသူနှင့် အပေါင်းအသင်း မလုပ်ကြရတော့ပြီ၊ ထို့ကြောင့် ဤအာပတ်သည် ကျူးလွန်သော ရဟန်းကို သာသနာတော်မှ ဆုံးရှုံးစေတတ်သောကြောင့် "ပါရာဇိကအာပတ်" မည်၏၊ [ပရာဇေတိ-သာသနာတော်မှ ဆုံးရှုံးစေတတ်၏၊ ဣတိ-ထို့ကြောင့်၊ ပါရာဇိ-ကာ-ပါရာဇိက မည်၏၊]

ပါရာဇိကန္တိ ယံ ဝုတ္တံ,
တံ သုဏောဟိ ယထာတထံ၊
စုတော ပရဒ္ဓော ဘဋ္ဌော စ,
သဒ္ဓမ္မာ ဟိ နိရင်္ကတော၊
သံဝါသောပိ တဟိံ နတ္ထိ,
တေနေတံ ဣတိ ဝုစ္စတိ။

အကြင်အာပတ် "ပါရာဇိက"ဟု ဆိုအပ်၏၊ ထိုအာပတ် (အကြောင်း)ကို ဟုတ်တိုင်းမှန်စွာ နားထောင်ပါလော၊ ပါရာဇိက အာပတ်သင့်သောပုဂ္ဂိုလ်သည် သူတော်ကောင်းတရားမှ ရွေ့သွား၏၊ ချွတ်ယွင်းသွား၏၊ လျောကျသွား၏၊ သူတော်ကောင်းတရားမှ ကင်းကွာအောင်လည်း အပြုခံရ၏၊ ထိုပါရာဇိက ကျသူနှင့်အတူတကွ (ကံကြီး,ကံငယ်ကိစ္စ၌) ပေါင်းသင်းခွင့်လည်း မရှိတော့၊ ထို့ကြောင့် ဤအာပတ်ကို "ပါရာဇိက"ဟု ခေါ်ဆိုအပ်လေသည်၊ ...ပရိဝါပါဠိတော်။

**မှတ်ချက်။** ။"အပေါင်းအသင်းမလုပ်"ဟူသည်ကား ရဟန်းခံစသော ကံကြီးငယ်ဟူသမျှ၌ ထိုပုဂ္ဂိုလ်ကို ရဟန်းတစ်ပါး အရေအတွက်အဖြစ်ဖြင့် ထည့်သွင်း၍ မပါဝင်စေရ၊ ပါရာဇိကကျရောက်နေသော ရဟန်း

ယုတ်မှန်းသိလျက် ယုံသူနှင့် ကံကြီး, ကံငယ်လည်း မပြုကြရ၊ မသိ၍ ပါနေစေကာမူ ထိုကံကို ပြီးစေနိုင်လောက်သော အခြားသံဃာများ အပြည့်အစုံပါမှ ထိုကံထမြောက်အောင်မြင်နိုင်သည်၊ ထို့ကြောင့် ရဟန်းခံကိစ္စကဲ့သို့သော ကံကြီးများ၌ ပြည့်စုံသင့်သော သံဃာထက် ပိုမိုများပြားအောင်လည်း ကြိုးစားရ၏၊ အကြားအကြား၌ ရဟန်း မစစ်သူတွေ ပါဝင်နေပြန်လျှင် ထိုသူ့အတွက် ရဟန်းကောင်းချင်း ၂-တောင့်ထွာထက် ဝေးကွာနေမည်စိုး၍လည်း အချင်းချင်းနီးကပ် နိုင်သမျှနီးကပ်အောင် ထိုင်ကြရလေသည်၊ [ ၂-တောင့်ထွာအရပ်ကို "ဟတ္ထပါသ် - လက်လှမ်းမှီအရပ်" ဟု ခေါ်၏၊ သံဃာ့ကံပြုရာ၌ ရဟန်းအစစ်ချင်းချင်း ဟတ္ထပါသ် ဆက်စပ်နေရသည်၊ ဟတ္ထပါသ် တိုင်းရာမှာလည်း တစ်ဘက်ရဟန်း၏ အပြင်ဘက်ဆုံး ကိုယ်အင်္ဂါနှင့် မိမိ၏အနီးဆုံး ကိုယ်အင်္ဂါကို တိုင်းရသည်။ ]

---

**သံဃာဒိသေသ်။** ။"သံဃာဒိသေသ"ဟူသောပါဠိကို"သံဃာဒိသေသ်" ဟု ခေါ်၏၊ [သံဃ + အာဒိ + သေသ။] ဤအာပတ်သင့်သော ရဟန်းသည် အာပတ်ပြေပျောက်အောင် ပြုရာ၌ အခြားအာပတ်များကဲ့သို့ တစ်ပါးထံမှာ ဖြေ၍မဖြစ်၊ သံဃာတော်များထံ ပရိဝါသ်တောင်း၍ ပရိဝါသ်နေရ၏၊ ထို့နောက် သံဃာ့ထံမှာပင် မာနတ်တောင်း၍ မာနတ်ကျင့်ရ၏၊ တစ်ချို့မှာ ပရိဝါသ်နေရင်း သံဃာဒိသေသ် အာပတ်ထပ်သင့်ပြန်သဖြင့် အရင်းအစ ပြန်၍ကျင့်ရ၏၊ ထိုသို့အရင်းအစသို့ပြန်၍ ငင်ရမှုကို "မူလာယပဋိကဿန"ဟု ခေါ်၏၊ ထိုကံကိုလည်း သံဃာကပင်ပြုရ၏၊ ထို့နောက်မှ သံဃာ့အထံ ခွင့်တောင်း၍ အဗ္ဘာန်သွင်းစေရ၏၊ ပရိဝါသ်, မာနတ်ကျင့်မှုသည် ဒဏ်ထမ်း ခြင်းနှင့်တူ၏၊ ထိုသို့ ဒဏ်ခံနေရခိုက်၌ သံဃာက အပြင်ထုတ်ထားသကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် ပရိဝါသ် မာနတ်ကျင့်ပြီးသောအခါ သံဃာကကျေနပ်၍ သံဃာ့အတွင်းသို့ သွင်းမှုကို "အဗ္ဘာန်သွင်း" ဟု ခေါ်သည်။

ဤသို့လျှင် ဤအာပတ်အတွက် အစအဆုံး၌ ပရိဝါသ်ပေးမှု, အစမှ ကြွင်းသော အလယ်၌မာနတ်ပေးမှု, အဆုံး၌ အဗ္ဘာန်သွင်းမှုများဝယ် သံဃာနှင့် မကင်းရကား (သံဃာပါမှ ကံအထမြောက်ရကား) "သံဃော + အာဒိ- သေသေသု ဣစ္ဆိတဗ္ဗော အဿ"ဟု ဝိဂြိုဟ်ပြု၍ "သံဃာဒိသေသ"ဟု အမည် ရလေသည်၊ အဿ-ဤအာပတ်အပေါင်းအတွက်၊ အာဒိသေသေသု-အစဆုံး ပရိဝါသ်ပေးကံ, အစမှကြွင်းသော အလယ်အဆုံးမာနတ်ပေးစသော ကံတို့၌၊ သံဃော-သံဃာကို၊ ဣစ္ဆိတဗ္ဗော - လိုလားထိုက်၏၊ ဣတိ - ထို့ကြောင့်၊ သံဃာဒိသေသော-သံဃာဒိသေသ်မည်၏။

**သံဃာဒိသေသောတိ ယံ ဝုတ္တံ,**
**တံ သုဏောဟိ ယထာတထံ၊**
**သံဃောဝ ဒေတိ ပရိဝါသံ,**
**မူလာယ ပဋိကဿတိ၊**
**မာနတ္တံ ဒေတိ အဗ္ဘေတိ,**
**တေန နေတံ ပဝုစ္စတိ။**

အကြင် အာပတ်ကို "သံဃာဒိသေသ်" ဟု ဆိုအပ်၏၊ ထိုအာပတ် (အကြောင်း)ကို ဟုတ်တိုင်းမှန်စွာ နားထောင်ပါလော၊ (ထိုအာပတ်သင့်၍ အာပတ်မှ ထလိုသူအား) သံဃာသည်သာ ပရိဝါသ် ပေးရ၏၊ အရင်းသို့ ပြန်၍ ငင်ရ၏၊ မာနတ်ပေးရ၏၊ အဗ္ဘာန် သွင်းရ၏၊ ထို့ကြောင့် (ထိုသို့ အစ,အလယ်,အဆုံး ၃-ပါးလုံး၌ သံဃာပါဝင်ရသောကြောင့်) ဤအာပတ်ကို "သံဃာဒိသေသ်"ဟု ခေါ်ဆိုအပ်လေသည်။ ...ပရိဝါပါဠိတော်, ဂါထာသင်္ဂဏိက။

**ထုလ္လစ္စဥ်း** ။"ထူလစ္စယ" ဟူသော ပါဠိကို "ထုလ္လစ္စဥ်း" ဟု ခေါ်၏၊ (ထူလ+အစ္စယ)။ ပါရာဇိကအာပတ်သင့်သူသည် ရဟန်းအဖြစ်ကို စွန့်လွှတ်မှ (လူအဖြစ်နှင့်ဖြစ်စေ, သာမဏေအဖြစ်နှင့် ဖြစ်စေနေမှ) စင်ကြယ်၏၊ သံဃာဒိသေသ် အာပတ်သင့်သော ရဟန်းသည် ပရိဝါသ် မာနတ်ကျင့်၍ အဗ္ဘာန် သွင်းပြီးမှ စင်ကြယ်၏၊ ထုလ္လစ္စဥ်း စသော အောက် အာပတ် ၅-ပါးတွင် တစ်ပါးပါးသင့်သော ရဟန်းကား အခြား ရဟန်း တစ်ပါးအထံ (၂-ပါး, ၃-ပါးနှင့် သံဃာ့အထံလည်း ဖြစ်နိုင်၏၊) "တပည့်တော်မှာ မည်သည့်အာပတ် သင့်ပါသည်"ဟု ပြောရုံမျှဖြင့် စင်ကြယ်၏၊ ဤသို့ပြောခြင်းကို "ဒေသနာ = ပြောခြင်း, ဒေသနာ = ကြားခြင်း"ဟု ခေါ်ကြ၏။

ထိုသို့ ဒေသနာပြောရုံမျှဖြင့် စင်ကြယ်သော အာပတ် ၅-ဖုံတို့တွင်ကား ဤ ထုလ္လစ္စဥ်း အာပတ်သည်, အရုန့်အရင်း အကြမ်းတမ်းဆုံး အပြစ်တည်း၊ ထို့ကြောင့် "ထူလော+ရုန့်ရင်းကြမ်းတမ်းသော+ အစ္စယော–အပြစ်တည်း" ဟူသော ဝိဂ္ဂိုဟ်အရ "ထုလ္လစ္စယ" ဟု အမည်ရလေသည်။ [သဒ္ဒါနည်းအရ "ထူ"၌ ရဿပြု။] ဤစကား အစဉ်ဖြင့် "သံဃာဒိသေသ် အာပတ်" ကို "ဝုဋ္ဌာနဂါမ်အာပတ်"ဟု လည်းကောင်း, ထုလ္လစ္စည်းစသော အောက်အာပတ် ငါးဖုံကို "ဒေသနာဂါမ် အာပတ်"ဟု လည်းကောင်း ဝိနည်းအခေါ် မှတ်ခဲ့

ပါဦး။ [ဝုဋ္ဌာန-ပရိဝါသ် စသည်ကျင့်မှ ထမြောက်ခြင်းသို့+ဂါမိနီ(ဂါမ်)— ရောက်စေနိုင်သော အာပတ်၊ ဒေသနာ—အချင်းချင်း ပြောပြရုံဖြင့်+ဂါမိနီ (ဂါမ်)—စင်ကြယ်ခြင်းသို့ ရောက်စေနိုင်သော အာပတ်။]

ထုလ္လစ္စယန္တိ ယံ ဝုတ္တံ,
တံ သုဏောဟိ ယထာတထံ၊
ဧကဿ မူလေ ယော ဒေသေတိ,
ယောစ တံ ပဋိဂ္ဂဏှာတိ၊
အစ္စယော တေန သမော နတ္ထိ,
တေနေတံ ဣတိ ဝုစ္စတိ။

အကြင် အာပတ်ကို''ထုလ္လစ္စဉ်း''ဟု ဆိုအပ်၏၊ ထိုအာပတ် (အကြောင်း) ကို ဟုတ်တိုင်းမှန်စွာ နားထောင်ပါလော၊ ရဟန်းတစ်ပါးအထံ၌ အကြင် ရဟန်းသည် ဒေသနာ ပြော၏၊ အကြင်ရဟန်းကလည်း ထိုအာပတ်ကို လက်ခံ၏၊ ထိုရဟန်း ၂-ပါးတို့ ပြောအပ်ခံယူအပ်သော အပြစ်တို့တွင် ထိုအပြစ်နှင့် တန်းတူ ရန့်ရင်းသော အပြစ်မရှိ၊ ထို့ကြောင့် ဤအာပတ်ကို "ထုလ္လစ္စဉ်း" ဟု ခေါ်ဆိုအပ်လေသည်။ ပရိဝါပါဠိတော်, ဂါထာ သင်္ဂဏိက။

**ပါစိတ်**။ ။''ပါစိတ္တိယ''ဟူသော ပါဠိကို''ပါစိတ်''ဟု ခေါ်၏၊ [စိတ္တ+ ပါတိယ၊] လွန်ကျူးလိုသော စိတ်ဖြင့် ဤအာပတ်သင့်သောအခါ ကုသိုလ် စိတ်များ မရှိတော့ရကား ဤအာပတ်သည် ကုသိုလ်စိတ်ကို ကျစေ (ပျောက် စေ, ပျက်စေသည် မည်၏၊ ထို့ကြောင့် ''စိတ္တံ-ကုသိုလ်စိတ်ကို၊ ပါတေတိ- ကျစေတတ်၏''ဟူသော ဝိဂ္ဂိုဟ်နှင့်အညီ "ပါစိတ္တိယ"ဟု အမည်ကို ဘုရားရှင် ပညတ်တော်မူခဲ့လေသည်။ [''စိတ္တပါတိယ'' ဟု မူလပုဒ်ရင်း ရှိသော်လည်း ''ပါတိယ''မှ (တ)ကိုချေ, ပါနှင့် စိတ္တကို ရှေ့နောက်ပြန်စေ၍ ''ပါစိတ္တိယ'' ဟု ပြီးစေရသည်။]

ပါစိတ္တိယန္တိ ယံ ဝုတ္တံ,
တံ သုဏောဟိ ယထာတထံ၊
ပါတေတိ ကုသလံ ဓမ္မံ,
အရိယမဂ္ဂံ အပရဇ္ဈတိ၊
စိတ္တသမ္မောဟနဋ္ဌာနံ,
တေနေ တံ ဣတိ ဝုစ္စတိ။

အကြင်အာပတ်ကို''ပါစိတ္တိယ''ဟု ဆိုအပ်၏၊ ထိုအာပတ် (အကြောင်း) ကို ဟုတ်တိုင်းမှန်စွာ နားထောင်ပါလော၊ အကြင်အာပတ်သည် ကုသိုလ်တရားကို(ကုသိုလ်စိတ်ကို) ကျစေတတ်၏၊ အရိယမဂ်ကို ဖျက်ဆီးတတ်၏၊ စိတ်တွေဝေခြင်း၏ အကြောင်းလည်း ဟုတ်၏၊ ထို့ကြောင့် ဤအာပတ်ကို ''ပါစိတ်''ဟု ခေါ်ဆိုအပ်လေသည်။ ....ပရိဝါပါဠိတော်,ဂါထာသင်္ဂဏိက။

**ပါဋိဒေသနီ။** ။''ပါဋိဒေသနီယ'' ဟူသောပါဠိကို ''ပါဋိဒေသနီ''ဟု ခေါ်နေကြ၏၊ အခြားအာပတ်များကို ဒေသနာပြောသလို မပြောရဘဲ ''ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပာယံ ပါဋိဒေသနီယံ၊ တံပဋိဒေသေမိ''စသည်ဖြင့် သီးခြားဒေသနာ ပြောရသောကြောင့် ''ပဋိ(ဝိသုံ)သီးခြား + ဒေသေတဗ္ဗာ- ပြောထိုက်၏'' ဟူသော ဝိဂ္ဂိုဟ်နှင့်အညီ ''ပဋိဒေသနီယ''ဟု ဖြစ်၏၊ ထို့နောက်မှ ''ပဋိဒေသနီယံ ယေဝ ပါဋိဒေသနီယံ''ဟု သွတ္ထတဒ္ဓိတ်ဆင့်ရသည်။

**ပါဋိဒေသနီယန္တိ ယံ ဝုတ္တံ,**
**တံ သုဏောဟိ ယထာတထံ၊**
**ဘိက္ခု အညာတကော သန္တော,**
**ကိစ္စာ လဒ္ဓါယ ဘောဇနံ၊**
**သာမံ ဂဟေတွာ ဘုဉ္ဇေယျ,**
**ဂါရယှန္တိ ပဝုစ္စတိ။**

အကြင်အာပတ်ကို''ပါဋိဒေသနီယ''ဟုဆိုအပ်၏၊ထိုအာပတ်(အကြောင်း) ကို ဟုတ်တိုင်းမှန်စွာ နားထောင်ပါလော၊ ရဟန်းတစ်ပါးသည် ဘိက္ခုနီနှင့် ဆွေမျိုးမတော်ပါဘဲ ခဲခဲယဉ်းယဉ်းရှာမှ ရရှာသောဘိက္ခုနီ၏ ဘောဇဉ် (အစာ)ကို ကိုယ်တိုင်ယူ၍စားအံ့၊ ထိုစားမှုကို ကဲ့ရဲ့ဖွယ်ဟု ဆိုအပ်၏၊....ဤသို့ စသည်ဖြင့် ပရိဝါ၌ ဂါထာများစွာလာလေသည်။

**ဒုက္ကဋ်။** ။''ဒုက္ကတ''ဟူသော ပါဠိကို ''ဒုက္ကဋ်''ဟု ခေါ်၏၊[ဒု + ကတ၊] လိမ်၍ပြောခြင်း,ဆဲခြင်း,ရန်တိုက်ပေးခြင်းစသော မကောင်းမှု အငယ်များကို ''ဒုဋ္ဌု-မကောင်းသဖြင့်၊ တစ်နည်း, ဝိရူပံ - ဖောက်ဖောက်ပြန်ပြန် + ကတံ- ပြုအပ်၏''ဟူသော ဝိဂ္ဂိုဟ်နှင့်အညီ ''ဒုက္ကဋ''ဟု ခေါ်ရ၏၊ ထိုမကောင်းမှုကြောင့် သင့်ရောက်အပ်သော အာပတ်ကိုလည်း (အကြောင်းအမှု၏အမည်

ကိုအကျိုးအာပတ်ပေါ် တင်စား၍ ကာရဏူပစာရအားဖြင့်) ''ဒုက္ကဋ''ဟု ပင် ခေါ်ရတော့သည်၊[ချွန်မရဘဲ ချွန်ရ၏ဟု ပြောခြင်းစသော အကြီး အကျယ် လိမ်မှုများကိုမူ ပါရာဇိက အာပတ်စသည်ဖြင့် ကြီးလေးသောအပြစ် များဟု ပညတ်တော်မူသည်။]

**ဒုက္ကဋံ ဣတိ ယံ ဝုတ္တံ,**
**တံ သုဏောဟိ ယထာတထံ၊**
**အပရဒ္ဓံ ဝိရဒ္ဓဉ္စ,**
**ခလိတံ ယဉ္စ ဒုက္ကဋံ၊**
**ယံ မနုဿော ကရေ ပါပံ,**
**အာဝိဝါ ယဒိဝါ ရဟော၊**
**ဒုက္ကဋန္တိ ပဝေဒေန္တိ,**
**တေနေတံ ဣတိ ဝုစ္စတိ။**

အကြင်အာပတ်ကို''ဒုက္ကဋ''ဟု ဆိုအပ်၏၊ ထိုအာပတ်ကို (အကြောင်း) ကို ဟုတ်တိုင်းမှန်စွာ နားတောင်ပါလော၊ အကြင်အမှုကို မကောင်းသဖြင့် (ဖောက်ဖောက်ပြန်ပြန်)ပြုအပ်၏၊ ထိုအမှုသည် (ဘုရားဟောတော်မူတိုင်း မပြုအပ်သည့်အတွက်ကြောင့်) အပြစ်ဖြစ်၏၊ ကုသိုလ်ကောင်းမှုကိုလည်း ဖျက် ဆီးရာရောက်၏၊ အရိယမဂ်လမ်းမှ ချွတ်ချော်၏၊ လူတစ်ယောက်သည် သူတစ် ပါး၏ မျက်မှောက်ဖြစ်စေ, မျက်ကွယ်ဖြစ်စေ အကြင်မကောင်းမှုကို ပြုအံ့၊ ထိုမကောင်းမှုကို ''ဒုက္ကဋ''ဟု ပြောဆိုကြ သိစေကြ၏၊ ထို့ကြောင့် ဤအာ ပတ်ကို''ဒုက္ကဋ''ဟု ဆိုအပ်လေသည်။....ပရိဝါပါဠိတော်။

ဒုဗ္ဘာသိ။ ။''ဒုဗ္ဘာသိတ''ဟူသောပါဠိကို''ဒုဗ္ဘာသိ''ဟု ခေါ်နေကြ၏၊ [ဒု-မကောင်းသဖြင့် + ဘာသိတ-ပြောဆိုအပ်သော စကား၊] စိတ်ဆိုး၍ ဆဲခြင်းမျိုးမဟုတ်ဘဲ, ပြောင်လှောင်လိုသဖြင့် အမျိုးနှင့်စပ်၍ဖြစ်စေ, အတတ် ပညာနှင့်စပ်၍ဖြစ်စေ ''ဟေး....စဏ္ဍာလကြီး လာပြီကွ,-ပညာရှိကြီး ပြောပါ လိမ့်မယ်''စသည်ဖြင့် ပြောဆိုအပ်သောစကားကို ''ဒုဗ္ဘာသိတ''ဟု ခေါ်၏၊ ထိုစကားကြောင့် သင့်ရောက်အပ်သော အာပတ်ကိုလည်း (ဥပစာတင်စား၍) ''ဒုဗ္ဘာသိတ အာပတ်''ဟု မိန့်တော်မူအပ်လေသည်။

## အခြေခံနိဒါန်း 

**ဒုဗ္ဘာသိတန္တိ ယံ ဝုတ္တံ,**
**တံ သုဏောဟိ ယထာတထံ,**
**ဒုဗ္ဘာသိတံ ဒုရာဘဋ္ဌံ,**
**သံကိလိဋ္ဌမ္ပိ ယံပဒံ၊**
**ယဉ္စ ဝိညူ ဂရဟန္တိ,**
**တေနေတံ ဣတိ ဝုစ္စတိ။**

အကြင်အာပတ်ကို''ဒုဗ္ဘာသိတ''ဟု ဆိုအပ်၏၊ ထိုအာပတ် (အကြောင်း) ကို ဟုတ်တိုင်းမှန်စွာ နားထောင်ပါလော၊ မကောင်းသဖြင့် ပြောဆိုအပ်သော စကားသည် ဒုဗ္ဘာသိတမည်၏၊ အကြင် ပုဒ်ဗျည်း (စကား)သည် (ပြောင်မှု, လှောင်မှုဖြစ်၍) ညစ်ညမ်းဆိုးဝါး၏၊ အကြင်စကားမျိုးကို ပညာရှိတို့လည်း ကဲ့ရဲ့ကြ၏၊ ထို့ကြောင့် ထိုစကားကို (ထိုစကားကြောင့် သင့်ရောက်အပ်သော အာပတ်ကို) "ဒုဗ္ဘာသိတ" ဟု ဆိုအပ်လေသည်၊ ပရိဝါပါဠိတော်၊ [ယောဇနာ၌ ယံ, ယဉ္စတို့ကို ''ယသ္မာ''ဟု ချည်းဖွင့်လေ၏။]

**အဆင့်ဆင့် အပြစ်ကြီးပုံ။** ။ဤအာပတ် ၇-ဖုံတို့တွင် ဒုဗ္ဘာသိတထက် ဒုက္ကဋ်သည် အပြစ်ကြီးလေး၏၊ ဒုက္ကဋ်ထက် ပါဋိဒေသနီ, ပါဋိဒေသနီထက် ပါစိတ်, ပါစိတ်ထက် ထုလ္လစ္စဉ်းသည် အစဉ်အတိုင်း အပြစ်ကြီးလေး၏၊ သံဃာဒိသေသ်ကား ထုလ္လစ္စဉ်းထက် အပြစ်ကြီးသောကြောင့် သံဃာ့အထံ၌သာ ထိုအပြစ်ကို ဖြေရသည်၊ ပါရာဇိကအာပတ်သည်ကား ရိုးရိုးဖြေရုံနှင့် မပြေနိုင်တော့ရကား ရဟန်းအဖြစ်ကို စွန့်လွှတ်လိုက်မှသာ ထိုအပြစ်ကျေလေတော့၏၊ ယခုအခါ ထိုအာပတ်များကို ဝိနည်း ပါဠိတော် အခြေတည်၍ ညွှန်ပြပေအံ့၊

# ဘုရားဥပဒေတော်ကြီး

## ၁။ ပါရာဇိကအခန်း

### က။ မေထုနဓမ္မပါရာဇိက

### မူလပညတ်

**အမှုသည်—ရှင်သုဒိန်။**
**အမှု—ဇာနီးဟောင်း၌ မေထုန်မှီဝဲမှု။**

ရဟန်းပြုခဲ့ပုံ

အရှင်သုဒိန်မည်သော ရဟန်းတော်သည် သာမညပုဂ္ဂိုလ်မဟုတ်၊ ဝေသာလီပြည် ကလန္ဒရွာဝယ် ကုဋေလေးဆယ်ကြွယ်ဝသော ကလန္ဒ သေဋ္ဌေး၏သားတည်း၊ သူသည် ကိစ္စတစ်စုံတစ်ခုအတွက် ဝေသာလီမြို့၌ ရောက်နေစဉ် ဘုရားရှင်၏တရားတော်ကို ကြားနာနေရင်း စဉ်းစားမိသည်မှာ— "ဤတရားတော်လာသည့်အတိုင်း နေထိုင်ကျင့်ကြံဖို့ကိစ္စသည် လူ့ဘောင်မှာ မဖြစ်နိုင်၊ ရဟန်းပြုမှသာ တရားတော် အတိုင်း နေနိုင်မည်" ဤသို့ ကြံစည်စဉ်းစား၍ တရားဘော်အပြီး၌ ဘုရားရှင့်ထံ ရဟန်းပြုပေးပါရန် ခွင့်တောင်းလေသည်။

ထိုအခါ ဘုရားရှင်သည် "မိဘတို့ခွင့်မပြုအပ်သော သားကို ရဟန်းပြုမပေးကောင်း" ဟု မိန့်တော်မူလေသော် မိဘတို့နေရာ ကလန္ဒရွာသို့ ပြန်၍ "ရဟန်းပြုခွင့် ပေးပါရန်" မိဘတို့ထံ ခွင့်တောင်းလေသည်၊ သူ၏မိဘတို့သည် ဗုဒ္ဓဘာသာဝင်များမဟုတ်ကြ၊ သားတစ်ယောက်ဘည်းသာရှိသည်၊ ထို့ကြောင့်

ရဟန်းပြုခွင့်မပေးကြချေ၊ ထိုအခါ "ရဟန်းမပြုရလျှင် မနေ, သေချင်သေပေစေတော့" ဟု မိဋ္ဌာန်ကာ ၇-ထပ်လောက် ထမင်းအငတ်ခံနေမှ ရဟန်းပြုခွင့် ရလေသည်၊ အရှင်သုဒိန်ဆိုသူကား ဤမျှလောက် သဒ္ဓါဆန္ဒ ပြင်းပြ စွာဖြင့် ရဟန်းပြုခဲ့သော အမျိုးကောင်းသေဌေးသား ဖြစ်လေသည်။

**ရဟန်းပြုပြီး ကျင့်ပုံ**

ရဟန်းပြုပြီးသောအခါ (ကိလေသာတို့ကို ခါပစ်ကြောင်း ဖြစ်၍ "ဓုတင်" ဟု ခေါ်ရသော) အကျင့်များကိုဆောက်တည်၍ မိမိအရပ်မှ ဝေးကွာသော ဝဇ္ဇီတိုင်းတွင် ပါဝင်သည့် အခြားတစ်ရွာ၌ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်း ပွားများနေ လေသည်၊ ထိုသို့နေစဉ် ဝဇ္ဇီတစ်တိုင်းလုံး ငတ်မွတ်ခြင်းဘေးနှင့် ကြုံနေသောကြောင့် ရဟန်းအများနှင့် မိမိပါ ဆွမ်းကိစ္စလွယ်ကူစေရန် မယ်တော်ခမည်းတော်နှင့် ဆွေမျိုးများကို အားကိုးကာ ရဟန်းများစွာကို ပင့်ခေါ်၍ ကလန္ဒရွာသို့ ကြွလာလေသည်၊ ထိုသို့ ကြွလာကြောင်းကို အလျင်ကြားသိ၍ ပို့လှူလာသော ဆွေမျိုးများ၏ ဆွမ်းအိုးပေါင်း အလုံး ၆၀-လောက်ကို ရဟန်းတော်များအား လှူဒါန်း၍ မိမိမှာဆွမ်းခံမြဲ ဆွမ်းခံဝင်လေသည်၊ ထိုအခါ မိမိတို့အိမ်မှ ကျွန်မတစ်ယောက်သည် ကျွန်များပင် မစားချင်လောက်အောင်သိုးနေသော မုယောမုန့်ကို လမ်းသို့စွန့်ပစ်ရန် ထွက်အလာဝယ် အရှင်သုဒိန်နှင့် ပက်ပင်းပါ တွေ့၍ "အဲဒီမုန့်ဟာ စွန့်ပစ်မှာဖြစ်လျှင် ငါ့သပိတ်ထဲ ထည့်လိုက်ပါတော့" ဟု ပြောဆို ခံယူပြီးလျှင် ထိုမုန့်အသိုးကိုပင် ရွာတွင်းရှိသောဇရပ်တစ်ခုပေါ်သို့ ကြွ၍ ဘုဉ်းပေးတော်မူရှာလေသည်။

**ခမည်းတော်နှင့် တွေ့ရပုံ**

ရှင်သုဒိန်ရောက်လာကြောင်းကို အလျင်ကြားသိသော ဆွေမျိုးများသည် သဘောမတူဘဲ ရဟန်းပြုသွားသူ ဖြစ်၍ သေဌေးကြီးအား သားဖြစ်သူ ရောက်လာကြောင်းကိုမပြောဝံ့ကြ၊ ထို့ကြောင့် သေဌေးကြီးမသိသေးချေ၊ မုန့်ကိုသပိတ်ထဲ၌ လောင်းလိုက်သော ကျွန်မလည်း ရှစ်နှစ်လောက် ကွဲနေ၍ ဘုန်းကြီးရုပ် တစ်မျိုးပြောင်းနေသောမိမိသခင်ကလေးကို ကောင်းစွာမမှတ်မိချေ၊ သို့သော် အသံနှင့် ခြေလက်များကို သတိထား၍ "မိမိသခင်ကလေးဘဲ" ဟု အတတ်စွဲကာ ကပျာကယာ ပြေး၍ (အိန္ဒိယအမျိုးသမီးပီပီ) အိမ်တွင်းပုန်းလုပ်နေရသော သေဌေးကတော်သခင်မကို ပြောပြလေသည်၊ ခမည်းတော်သေဌေးကြီးလည်း အလုပ်အကိုင်များကို စီမံရာမှ ပြန်အလာတွင် သူများအိမ် အနီးအပါးဇရပ်ကြို ဇရပ်ကြား၌ မုန့်အသိုးစားနေသော သူ့သားကိုမြင်ရ၍ ရင်ထုမနာဖြစ်ပြီးလျှင် အိမ်လိုက်ဖို့ အတန်တန် ပြောသော်လည်း "ယနေ့ ဆွမ်းကိစ္စ ပြီးပါပြီ" ဟု

ပြောဆို ပယ်မြစ်နေသောကြောင့် နက်ဖြန် အိပ်လာခဲ့ဖို့ရန် မှာကားသွားလေသည်။

**ပစ္စည်းဖြင့် ဖြားယောင်းပုံ**

နက်ဖြန်နံနက်၌ကား သေဋ္ဌေးကြီးသည် ရွှေပုံ ငွေပုံကိုလက်ခုပ်တစ်ဖောင်လောက်စီမြင့်အောင်ပုံ၍ထိုရွှေပုံ ငွေပုံ နှစ်ပုံတို့၏အလယ်မှာနေရာခင်းပြီးလျှင် ချွေးမ (ရှင်သုဒိန်၏ ဇနီးဟောင်း) ကိုလည်း ရှင်သုဒိန် သဘောအကျဆုံး တန်ဆာများကို ဆင်ယင်ဖို့ရန် သတိပေးပြီးနောက် ရှင်သုဒိန်ဒါလာကို စောင့်မျှော်နေလေသည်၊ ရှင်သုဒိန် ရောက်လာသောအခါ ထိုရွှေပုံငွေပုံများကို ပြ၍ "ချစ်သား... ဟောဒီ ရွှေပုံနှင့် ငွေပုံသည် သားရဲ့မိခင်နှင့် လက်ထပ်စဉ်က သနပ်ခါးပန်းပန်ဖိုး အဖြစ်ဖြင့် သားရဲ့ဘိုးဘွားများက မိခင်ကို ပေးလိုက်တဲ့ ဥစ္စာကလေးများ ဖြစ်ပါတယ်၊ ဘိုးဘွားမိဘ ဒါယမ္မအနှစ်နှင့် ကူးသန်းရောင်းဝယ်လို့ ရရှိတဲ့ ပစ္စည်းတွေမှာ မရေတွက်နိုင်အောင် များပါတယ်, လူထွက်ပြီး ကုသိုလ်ကောင်းမှုပြုချင်တိုင်းပြုနိုင်ပါတယ်, လူထွက်ပါတော့"ဟု ဖျောင်းဖျ ပြောဆို လေသည်၊ ထိုအခါ ရှင်သုဒိန်က လူထွက်နိုင်ဟဲ့ အကြောင်း အလွန်မွေ့လျော်၍ သာသနာတော်မှာ နေကြောင်းကို ပြောပြသော်လည်း မရသဖြင့် တတိယအကြိမ်မှာ— "ဖခင် . ဆဲ့မထုတ်ဘူးဆိုလျှင် စကားတစ်ခွန်းလောက် ပြောစမ်းချင်တယ်"အစချီ၍ "ပြောဘာပေါ့"ဟုခွင့်ပြုသောအခါ-"ဖခင်...ဖခင်၏ရွှေငွေစသော ရတနာတွေကို အိတ်ကြီးတွေမှာ ထည့်၍ လှည်းပေါင်းများစွာဖြင့် တိုက်ထုတ်ပြီးလျှင် ဂင်္ဂါရေလယ်ကျော၌ မျှောပစ်လိုက်ပါ၊ အဲသလိုမျှောပစ်လိုက်ခြင်းက ဖခင်မှာ စိုးရိမ်ကြောင့်ကြကင်း၍ ချမ်းသာခြင်း ဖြစ်ပါလိမ့်မည်"ဟု ပြောလေသည်။

**ဇနီးဟောင်း ဖြားယောင်းပုံ**

ထိုစကားကို ကြားရ၍ အလွန် စိတ်မချမ်းသာသော သေဋ္ဌေးကြီးသည် ချွေးမကို ဖြားယောင်းခိုင်းရလေတော့၏၊ ထိုအခါ အခန်းတွင်းမှ ထွက်ချင်ပါလျက် ယောကျ္ာမများအပြစ်တင်မည်စိုး၍မထွက်ဝံ့သောဇနီးဟောင်းသည်အခကောင်းဆုံး ဝတ်ဆင်၍ ထွက်လာပြီးလျှင် အရှင်သုဒိန်၏ ခြေကိုဖက်၍*အရှင့်သား

* ဘုရားသာသနာ တည်ထောင်ခါစ၌ ဖင်းညီ မင်းသား သေဋ္ဌေး သူကြွယ်သားတွေ ရဟန်းပြုသွားကြသောအခါ အမျိုးသမီးများနယ်၌ အသွယ်သွယ်ထင်မြင်ချက် ပေးကြရာဝယ် နောက်ဆုံး၌ "ဒီအမျိုးသားတွေဟာ ငါတို့ကက်သာသော နတ်ကညာတွေကို လိုချင်ကြသဖြင့် ငါတို့ကိုဖယ်ထား၍ ရဟန်းပြုသွားကြတာ ဖြစ်တယ်"ဟု အဘည်ပြု မှတ်ချက်ချထားလေသည်။

အရှင့်သားတို့ မျှော်မှန်းပြီးနေတဲ့ နတ်ကညာတွေဆိုတာ ဘယ်လောက်များလှပါသလဲ'' ဟု သူ့စိတ်ထဲမှာ မခံချည့် မခံသာ ဖြစ်နေသော အကြောင်းအရာကိုပင် မေးရှာလေတော့သည်၊ ထိုအခါ ရှင်သုဒိန်သည် တရားရင်ပိပိ တည်ကြည်သောစိတ်ဖြင့်''နှမ... နတ်ကညာတွေကိုမှန်းပြီးရဟန်းအကျင့်ကို ကျင့်နေတာမဟုတ်ပါ''ဟု ပြောလေသော် .. ''ဇနီး ဖြစ်ပါလျက် (နှစ်မ)ဟု အခေါ်ခံရလေခြင်း, ငါ့မျှော်လင့်ချက်တွေ ကုန်ပါပေါ့'' ဟု တွေး၍ အဆွေးကြီးဆွေးကာ ထိုနေရာမှာပင် မူးမိုက် လဲသွားရှာလေသည်။ [သူ့မျှော်လင့်ချက်ကား''နောက်ထပ် ပေါင်းရလိမ့်ဦးမည်, ပေါင်းရလို့ရှိလျှင် သားသမီးရ၍ ဒီအမွေအနှစ်တွေ ငါပိုင်ဖြစ်နိုင်သည်''ဟူသော မျှော်လင့်ချက်တည်း၊ ''နှမ''ဟူသော အသုံးအနှုန်းမှာ မောင်နှမအရင်းလို သဘောထားသဖြင့် ''ဇနီး'' မဖြစ်နိုင်တော့ကြောင်းကိုပြသော ရှေးသုံး စကားလုံးဖြစ်သည်။]

**မယ်တော်ကြီး သားမျိုးစေ့တောင်းပုံ**

ထိုအခါ မယ်တော်ကြီး ပြောသည်မှာ– ''ငါ့သား.... ဟုကယ်လူမထွက်နိုင်လျှင် ရဟန်းဘဝမှာပင် ပျော်ရွှင်စွာ နေပါတော့၊ သို့သော်သားသမီးမရှိသော ပစ္စည်းတွေကို ငါတို့သေလျှင် လိစ္ဆဝီမင်းတို့ သိမ်းရစ်ပါလိမ့်မယ်၊ သားတစ်ယောက်လောက်ရရုံ သားမျိုးစေ့ဘဲပေးပါတော့''ဟု နောက်ဆုံး ပူဆာခြင်းမျိုးဖြင့် ပူဆာလေသော်, ဘုရားပညတ်တော်မူပြီးသော သိက္ခာပုဒ်လည်း မရှိသေးသဖြင့် အပြစ်ရှိလိမ့်မည်မထင်သောကြောင့်''သူတို့၏ နားပူနားဆာလုပ်ခြင်းမှ အေးစေတော့''ဟု သဘောထား၍ ''ဒီကိစ္စလောက်တော့ ကူညီနိုင်ပါရဲ့''ဟု ဝန်ခံပြီးလျှင် မိမိနေရာမဟာဝုန်တောသို့ မယ်တော်ကြီးနှင့် အတူလာသော ဇနီးဟောင်းအား သားမျိုးစေ့ပေးမိလေသည်။

**သိက္ခာပုဒ်ပညတ်ရပုံ**

ထိုကဲ့သို့ သားမျိုးစေ့ပေးပြီးနောက်အရှင်သုဒိန်ကိုယ်တိုင် (''သာသနာတော်နှင့် မလျော်သောအမှုကို ငါပြုမိပေါ့'' ဟု) နောင်တ-ရသဖြင့်မစားနိုင်, မသောက်နိုင်တမှိုင်မှိုင်နှင့် ပိန်ချုံးနေသော ခန္ဓာကိုယ်ကို သိတင်းသုံးဘော်တို့မြင်ကြ၍ အကြောင်းကိုမေးကြလေရာ သူ၏ ဖြစ်ပျက်ပုံကို အလုံးစုံပြောပြရှာလေသည်၊ ထိုအခါ ကြားရသောရဟန်းတော်များလည်း အပြစ်တင်ကြ၍ ဘုရားရှင်အား လျှောက်ကြလေသော်, ဘုရားရှင်လည်း ရှင်သုဒိန်အား ကဲ့ရဲ့ပြစ်တင်တော်မူ၍ ...

''ယောပန ပန ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝေယျ, ပါရာဇိကော ဟောတိ အသံဝါသော''။

"အကြင်ရဟန်းသည် မေထုန်မှီဝဲအံ့၊ ထိုရဟန်းသည် ပါရာဇိကကျ၍ ရဟန်းကောင်းတို့နှင့် ကံကြီးကံငယ် ပေါင်းသင်းခွင့်မရှိခစရ"....ဟု ပထမ ပါရာဇိကသိက္ခာပုဒ်ကို ရှေးဦးစွာ (အပြည့်အစုံမဟုတ်သေးဘဲ) ပညတ်တော်မူရလေသည်။

**ဝတ္ထုမှတ်ချက်။** ။ဤဝတ္ထု၌ အရှင်သုဒိန်သည် မိမိကိုယ်တိုင် သဒ္ဓါဆန္ဒပြင်းပြသော သူတော်ကောင်း ဖြစ်ပါလျက် မယ်တော်ကြီး ပူဆာချက်ကြောင့် သာသနာတော်နှင့် မလျော်သောအမှုကို ပြုမိရလေ၏၊ [အပေါင်းအသင်း မကောင်း၍ ပျက်စီးရခြင်းမျိုးပင်တည်း၊] ထို ကျူးလွန်မိသော ပြစ်မှုကြောင့်ပင် နောင်တ-ကြီးစွာဖြင့် တစ်ဘဝလုံး လူဖြစ်ရှုံးကာ တရားထူးမရတော့ချေ၊ မိမိမျိုးစေ့ပေးလိုက်သော သားကလေးနှင့်မိခင်ကိုကား နောင်အခါ သာသနာဘောင်သို့ ဝင်လာကြ၍ သားအမိ ၂-ဦးလုံးပင် ရဟန္တာ ဖြစ်ကြပေသည်။

## ပထမ အနုပညတ်

### အမှုသည်-တောကျောင်းဘုန်းကြီး။
### အမှု - မျောက်မကိုမှီဝဲမှု။

**တောကျောင်းဘုန်းကြီးဖြစ်ထွေ** ဝေသာလီပြည် မဟာဝုန်တော၌ တောကျောင်းဘုန်းကြီးတစ်ပါးကား မျောက်မကြီးတစ်ကောင်ကို ထမင်းမုန့်စသည်ကျွေး၍ အတော်ယဉ်ပါးသည့်အခါ ထိုမျောက်မ၌ မေထုန်မှီဝဲလေ့ရှိ၏၊ အခါတစ်ပါး၌ အာဂန္တုက ရဟန်းတော်များသည် အခြားရဟန်းတို့ ဆွမ်းခံချိန်တွင် ကျောင်းစဉ်လှည့်၍ ကြည့်ရှုကြလေရာ, ထိုမျောက်မကြီးသည် ထိုရဟန်းတို့ကိုမြင်၍ သူ့ဘုန်းကြီးရှေ့၌ ပြုနေကျဖြစ်သော "အမြီးနန့်ခြင်း, ခါးကိုကွပေးခြင်း"အမူအရာကို ပြုလေသည်၊ ထိုအခါ ထိုတောကျောင်းဘုန်းကြီးအပေါ် မယုံသင်္ကာဖြစ်ကြသောကြောင့် ပုန်းအောင်း ချောင်းနေကြလေသည်၊ ထိုဘုန်းကြီးလည်း ဆွမ်းခံပြန်လာပြီးနောက် တချို့ကိုသူစား၍ တချို့ကိုသူ့မျောက်မကြီးအားပေးပြီးလျှင် ရှေးရှေး နေ့များ၌ ကျင့်နေကျအတိုင်း မျောက်မကြီး၌ ကျင့်လေဒတော့၏၊

ထိုအခါ ပုန်းအောင်းနေသော ရဟန်းများထွက်လာ၍ "သိက္ခာပုဒ် ပညတ်ထားတယ်မဟုတ်လား, ဘာပြုလို့ သည်လိုကျင့်ရသလဲ"ဟု အပြစ်ဘင်ကြလေရာ, တောကျောင်းဘုန်းကြီးက "သိက္ခာပုဒ် ပညတ်ထားတာက လူမိန်းမအတွက်သာဖြစ်တယ်, တိရစ္ဆာန်မအတွက်မဟုတ်ဘူး"ဟု ငြင်းချက်

ထုတ်လေသော်, ဘုရားအထံတော်ရောက်ကြ၍ ဘုရားရှင်က ထိုတောကျောင်း ဘုန်းကြီးကို များစွာရှုတ်ချတော်မူပြီးလျှင် အနုပညတ်ထပ်၍

"ယော ပန ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝေယျ, အန္တမသော တိရစ္ဆာနဂတာယပိ ပါရာဇိကော ဟောတိ အသံဝါသော"။

"အကြင်ရဟန်းသည် မေထုန်မှီဝဲအံ့, အယုတ်သဖြင့် တိရစ္ဆာန်မဥ္ဇ ဖြစ်စေ မှီဝဲအံ့၊ ထိုရဟန်းသည် ပါရာဇိကကျ၍ ရဟန်းကောင်းတို့နှင့် ပေါင်းသင်း ဆက်ဆံမှု (ကံကြီး ကံငယ် အတူပြုခွင့်) မရှိစေရ"ဟု ပညတ်တော် မူရပြန် လေသည်။

## ဒုတိယ အနုပညတ်

**အမှုသည် - ဝေသာလီမြို့သားရဟန်းများ။**

**အမှု - သိက္ခာမချဘဲ မေထုန်မှီဝဲမှု။**

**ဝေသာလီမြို့သား ရဟန်းများဖြစ်ပုံ**

ဝေသာလီမြို့သားရဟန်းများသည်စားချင်တိုင်းစား, အိပ်ချင်တိုင်းအိပ်, ရေချိုးချင်တိုင်းချိုးကြ၍ တရား ကိုကား နှလုံးမသွင်းကြ၊ သူတို့သည် ကာမရာဂထကြွ သောင်းကျန်းသဖြင့် မထိန်းနိုင်, မသိမ်းနိုင်ဖြစ်ကာ သိက္ခာမချ, လူမထွက်ကြဘဲ မေထုန်မှီဝဲကြလေသည်၊ ထို့နောက်မှ လူထွက်ကြ၍ လူ့ဘောင်ရောက်သော အခါ ဆွေမျိုး စည်းစိမ်ပျက်စီးကြ, ရောဂါဖြစ်ကြသဖြင့် နောင်တ-ရ၍ သာ သနာ့ဘောင်သို့ ပြန်ဝင်လိုပါကြောင်းဖြင့် ဘုရားကိုလျှောက်ပေးဖို့ရန် အရှင် အာနန္ဒာထံ တောင်းပန်ကြလေသည်၊ အရှင်အာနန္ဒာက ဘုရားထံတစ်ဆင့် လျှောက်လေသော် ဘုရားရှင်သည် "ရဟန်းဝတ်နှင့် သိက္ခာမချဘဲ မေထုန် မှီဝဲပြီးနောက် ရဟန်းဘောင်ပြန်လာသူကို(ရဟန်းသိက္ခာမလေးစားသူဖြစ်၍) ရဟန်းခံမပေးရ"ဟု မိန့်တော်မူပြီးလျှင် "ဘိက္ခူနံ သိက္ခာ သာဇီဝ သမာ ပန္နော သိက္ခံ အပ္ပစ္စက္ခာယ" တို့ကို ဖြည့်စွက်၍ ဒုတိယ တစ်ဖန် အနုပညတ် ထပ်တော်မူရပြန်သည်၊ ထိုအခါ အပြည့်အစုံဖြစ်သော ပထမ ပါရာဇိက သိက္ခာပုဒ် ပါဠိတော်မှာ—

"ယော ပန ဘိက္ခု ဘိက္ခူနံ သိက္ခာ သာဇီဝ သမာပန္နော သိက္ခံ အပ္ပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ မေထုနံ ဓမ္မံ ပဋိသေဝေယျ, အန္တမသော တိရစ္ဆာနဂတာယပိ ပါရာဇိကော ဟောတိ အသံဝါသော" ဟုဖြစ်၏။

**သိက္ခာပစ္စက္ခာန်မပြန်။** ။အကြင်ရဟန်းသည် ရဟန်းတို့၏ သိက္ခာနှင့် သာဇီဝသို့ ကောင်းစွာရောက်သူဖြစ်ပါလျက် သိက္ခာမချဘဲ သိက္ခာ ပုဒ်၌ ဖြည့်ကျင့်လိုသော စိတ်အားမရှိကြောင်းကိုလည်း ထင်ရှားမပြဘဲ မေထုန်မှီဝဲအံ့၊ အောက်ထစ်ဆုံး တိရစ္ဆာန်မဉ္စပင် မှီဝဲစေဦးတော့၊ ထိုရဟန်းမှာ ပါရာဇိကကျ၍ ရဟန်းကောင်းများနှင့် ပေါင်းသင်းခွင့် မရှိတော့ချေ။

**အင်္ဂါ ၂-ပါး။** ။၁-မှီဝဲလိုသောစိတ် ရှိခြင်း, ၂-သူ့ဘစ်ပါး၏မဂ်တွင်းသို့ မိမိအင်္ဂါဇာတ်ကို သွင်းခြင်း ဤအင်္ဂါ ၂-ပါးနှင့်ညီလျှင် ပါရာဇိက အာပတ်သင့်၏။

[ ဆောင် ] မှီဝဲလိုဘိ, စိတ်ကူးရှိ၍, သူ့၏မဂ်တွင်း, ကိုယ့်အင်္ဂါသွင်းဘု, ကြောင်းရင်းနှစ်လီ, အင်္ဂါညီ, သင့်ပြီ ပထမပါရာဇိက။

**မဂ် ၃-ပါး။** ။"မဂ္ဂ"ဟူသောပါဠိကို"မဂ်"ဟု ဆိုထား၏၊ မြန်မာလို "လမ်း" ဟု ဆိုလို၏၊ ထိုမဂ်သည် ဝစ္စမဂ် = ကျင်ကြီးလမ်း (ဖင်ပေါက်), ပဿာဝမဂ် = ကျင်ငယ်လမ်း (အင်္ဂါဇာတ်ပေါက်), မုခမဂ် = အစာဝင်လမ်း (ပါးစပ်ပေါက်)ဟု ၃-မျိုးရှိ၏၊ ထို ၃-မျိုး သော လမ်းပေါက်ထဲသို့ အင်္ဂါဇာတ်ကို နှမ်းတစ်စေ့ခန့်မျှ သွင်းမိ လျှင်ပင် ပါရာဇိက ကျ၏။

**ကိုယ့်မဂ်ကိုယ်သွင်း။** ။သူ၏မဂ်တွင်းသို့သွင်းမှ ပါရာဇိကကျသည်မဟုတ် သေး၊ ကျောက်ကုန်းပျော့သူသည်ငုံ၍ မိမိအင်္ဂါဇာတ်ကို ပါးစပ်ဖြင့် စုပ်လျှင် လည်းကောင်း, အင်္ဂါဇာတ်ရှည်သူသည် မိမိ၏ဝစ္စမဂ်သို့ သွင်းလျှင်လည်း ကောင်း ပါရာဇိက ကျသည်သာ။

**ထုလ္လစ္စဉ်း။** ။ဘုရားလက်ထက်တော်၌ ရဟန်းတစ်ပါးသည် အသေကောင် မိန်းမကိုတွေ့မြင်၍ ရာဂစိတ်ဖြစ်၏၊ ထိုမိန်းမ၏ အင်္ဂါဇာတ်ကို တစ်ဝက် ကျော်ကျော် ခွေးစားထား၏၊ ထိုရဟန်းသည် ထိုအင်္ဂါဇာတ်ကိုပင် မှီဝဲလေ သည်၊ ထိုနောက် ပါရာဇိကကျ,မကျ၌ ယုံမှားသံသယဖြစ်သောကြောင့် ဘုရား ရှင်ကိုလျှောက်လေရာ ဘုရားရှင်သည် "ထုလ္လစ္စဉ်းအာပတ်သင့်၏"ဟု ဆုံးဖြတ် တော်မူလေသည်၊ [အင်္ဂါဇာတ်သည် တစ်ဝက်အတိကျအောင် ခွေးစားထား လျှင်လည်းကောင်း,တစ်ဝက်ကျော်အောင် ခွေးစားထားလျှင်လည်းကောင်

ထုလ္လစ္စဉ်းအာပတ်သာ သင့်၏။ "ဥပက္ခုက္ခာယိတေစ ယေဘုယျေန ခါယိတေစ ထုလ္လစ္စယံ"-ပဌမ ပါရာဇိကဋ္ဌကထာ။]

**ဒုက္ကဋ်။** ။ဘုရား လက်ထက်တော်၌ ရဟန်း တစ်ပါးသည် မိန်းမတစ်ယောက်၌ စွဲလမ်းနေ၏၊ သူမရှိခိုက်၌ ထိုမိန်းမ သေသွား၏၊ အတော်ကြာမှ ပြန်လာ၍ ထိုအကြောင်းကို သိသောအခါ သုသာန်သွား၍ ထိုမိန်းမ၏ အရိုးများကို ဆက်စပ်လျက် အင်္ဂါဇာတ်နေရာ၌ မှီဝဲ၏၊ ထိုနောက် ဘုရားရှင်အား လျှောက်ကြလေရာ "ဒုက္ကဋ်အာပတ်"ဟု ဆုံးဖြတ်တော်မူသည်၊ ဤသို့လျှင် အရိုးဖြစ်စေ, လုံးလုံးပုပ်၍ ပျက်စီးနေသော အင်္ဂါဇာတ်၌ဖြစ်စေ မှီဝဲလျှင် ဒုက္ကဋ်အာပတ်သင့်၏။

## အာပတ်မသင့်သူများ

**မသိသူ။** ။ဘုရား လက်ထက်တော်၌ မဟာဝုန်တောဝယ် နေ့အခါ ပက်လက် အိပ်ပျော်နေသော ရဟန်းတစ်ပါးကို မိန်းမတစ်ယောက်မြင်၍ အင်္ဂါဇာတ်ပေါ် ဖိ၍ထိုင်ကာ အလိုရှိတိုင်း ကျင့်ပြီးနောက် အနီး၌ရယ်မောလျက် ရပ်နေ၏၊ ရဟန်းသည် (ထိုကိစ္စပြီးမှနိုးလာ၍) "ငါ့မှာ အာပတ်သင့်လေသလား"ဟု ယုံမှား သံသယ ဖြစ်သောကြောင့် ဘုရားကို လျှောက်၏၊ ဘုရားရှင်က "သင်ကသာယာမိသလား"ဟု မေးတော်မူရာ "တပည့်တော် သူပြုကျင့်နေတုန်းက အိပ်ပျော်နေလို့ သိတောင်မှ မသိလိုက်ပါ"ဟု လျှောက်လေသော် "လုံးလုံးမသိလိုက်သူမှာ အာပတ်မသင့်"ဟု ဆုံးဖြတ်တော် မူလေသည်။

**မှတ်ချက်။** ။ဤဝတ္ထုနှင့်အလားတူ နောက်၌တံခါးမပိတ်ဘဲနေ့လည်အိပ်ပျော်နေသော ရဟန်းသာတစ်ပါးကိုလည်း မိန်းမအများ အပြုကျင့်ခံရသေး၏၊ ထိုဝတ္ထုကြောင့် "နေ့အခါ ဆိတ်ငြိမ်စွာကိန်းအောင်းနေသော (အိပ်နေသော-အဋ္ဌကထာ) ရဟန်းသည် အဝင်အထွက် တံခါးမကိုပိတ်၍ (စေ့၍) ထားရမည်"ဟု မိန့်တော်မူ၏၊ "တံခါးမကို မပိတ်မစေ့ဘဲ အိပ်လျှင် ဒုက္ကဋ် အာပတ်သင့်၏"ဟု အဋ္ဌကထာ၌ မိန့်သည်။

**မသာယာသူ။** ။ဘုရားလက်ထက်တော်၌ ရဟန်းတစ်ပါးသည် ဝေသာလီမြို့ မဟာဝုန်တောဝယ် နေ့အခါ ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ် နေစဉ် သစ်ပင်ကိုမှီ၍ အိပ်ပျော်သွား၏၊ ထိုရဟန်းကို မိန်းမတစ်ယောက် မြင်၍ အင်္ဂါဇာတ်ကို အဖိလိုက်တွင် ဆတ်ကနဲနိုးကာ ဇာပျာကယာထ၍ ထိုမိန်းမကို ၂-လိမ့်, ၃ လိမ့် လိမ့်အောင် လှိမ့်၍ လှိမ့်၍ ကန်ကျောက် လေသည်၊

ထို့နောက်မှ ယုံမှားသံသယဖြစ်၍ ဘုရားရှင်ကို လျှောက်လေရာ ဘုရားရှင်က "သာယာမိသလား"ဟု မေးတော်မူ၍ "မသာယာကြောင်း" လျှောက်လေသော်, "မသာယာလျှင် အာပတ်မသင့်"ဟု ဆုံးဖြတ်တော် မူလေသည်။

**မှတ်ချက်။** ။ဤနေရာမျိုး၌ မသာယာခြင်းမှာ နဂိုကပင် ကမ္မဋ္ဌာန်းကိုကြိုးပမ်းအားထုတ်ကာ ကိလေသာစစ်တပ်ကို နေ့စဉ်တိုက်ခိုက်နေသော သူရဲကောင်းကြီး ဖြစ်သောကြောင့်သာတည်း၊ နဂိုက ပေါ့ပေါ့ဆဆ နေသူတို့မှာ စောနမှုချ သာယာကြမည်သာ။

**အရူးစသူများ။** ။ဗဒ္ဓသည်းခြေ ပျက်၍ ဆေးကု၍ မရလောက်အောင် တကယ်ရူးသဖြင့် သူ့ဟာသူ ဘာလုပ်လို လုပ်မှန်း မသိသော အရူး,ဘီလူး,သရဲ,နတ် စသူတို့ ဖမ်းစား ချောက်လှန့် ထားသဖြင့် စိတ်ပုံ့လွင့်နေသူ, ရောဂါဝေဒနာဒဏ် အပြင်းအပြ ခံနေရသဖြင့် သူများက ပြုကျင့်သည်ကိုမျှ မသိသူနှင့် ဤသိက္ခာပုဒ်၏ အစဆုံး အမှုသည်ဖြစ်သော အရှင်သုဒိန်တို့မှာ အာပတ်မသင့်။

**သတိပေးချက်။** ။ဤမေထုန်နှင့် စပ်သော စကားသည် ရှန့်ရင်းသော စကားဖြစ်၍ သူတော်ကောင်းတို့ ပြောဆိုသင့်, ရေးသားသင့်သော စကား မဟုတ်ချေ၊ ထို့ကြောင့် ဤစာကိုကြည့်ရှုသူတို့သည် စက်ဆုပ်ရွံရှာ မသတီစရာသဘောကို တွေးတောနိုင်ကြပါစေ၊ ထို့ပြင်-ဤမျှလောက် စက်ဆုပ်ရွံရှာဖွယ် ကောင်းသော အမှုကို ဝေးစွာ ရှောင်ကြဉ်ပြီး ဖြစ်တော်မူသော မြတ်စွာဘုရားသည် ရဟန်း သံဃာတော်များအပေါ်၌ ပြင်းပြသော မဟာကရုဏာတော်ကြောင့် နှုတ်တော်နှင့် မသင့်လျော်သော အကြောင်းအရာတို့ကိုပင် "သာယာလိုက်သလား, သိလိုက်သလား" စသည်ဖြင့် စစ်ဆေးမေးမြန်းတော်မူကာ ထိုက်သင့်ရာ ဥပဒေသကိုထားတော်မူရပေသည်-ဟု ဘုရားရှင်၏ မဟာကရုဏာဂုဏ်တော်ကို အာရုံပြုလျက် လေးနက်သော စိတ်ထားဖြင့် ရှုစားနိုင်ကြပါစေ။

---

## ၁။ အဒိန္နာဒါနပါရာဇိက

### မူလပညတ်

**အမှုသည်—ရှင်ဓနိယ။**

**အမှု– ဘုရင်၏သစ်တော်တို့ကိုလှည့်စား၍ယူမှု၊**

**ရှင်ဓနိယ ကျောင်းကလေး** အရှင်ဓနိယသည် ရာဇဂြိုဟ်မြို့ဣသိဂိလိတောင်ကမ်းပါး၌ မြက်မိုးမြက်ကာ ကျောင်းကုဋ္ဌ် ကလေး တစ်ဆောင် ဆောက်၍နေ၏၊ အခါတစ်ပါး၌ သူဆွမ်းခံသွားစဉ် မြက်ရိတ် သမားနှင့် ထင်းခုတ်သမားတို့သည် မြက်ကျောင်း ကုဋ္ဌ်ကလေး

ကိုဖျက်၍ မြက်နှင့်ထင်းတို့ကို ယူသွားကြလေသည်၊ ထို့အတူ သုံးကြိမ်တိုင်အောင် ထိုကျောင်းကလေးမျိုးကို ဆောက်၍ သုံးကြိမ်တိုင်အောင်ပင်အဖျက်အဆီး အယူအငင်ခံရလေသည်၊ အရှင်ဓနိယသည် အိုးလုပ်ငန်း၌ ကောင်းစွာကျွမ်းကျင်သော အိုးထိန်းသည်၏ သား ဖြစ်ရကား ထို မြက်ကျောင်းကုဋ္ဋိကလေးမျိုး နောက်ထပ် မဆောက်တော့ဘဲ ရွှံ့တွေကို ကိုယ်တိုင်နယ်၍ မြေကျောင်းကလေး လုပ်ပြီးလျှင် မီးဖုတ်လိုက်သည့်အခါ နီနီ ရဲရဲနှင့် အလွန်ရှုချင်ဖွယ်ကောင်းသော မြေတိုက်ကလေး ဖြစ်လာလေသည်။

**မြေတိုက်ကလေး အဖျက်ခံရပုံ**

ဘုရားရှင်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းတော်မူလာသောအခါ ထိုမြေတိုက်ကလေးကို မြင်တော်မူ၍ "ဤမောဃပုရိသသည် မြေတိုက်လုပ်ဖို့ရန် မြေတူးစဉ်, မြေကိုရွှံ့ဖြစ်အောင်နယ်စဉ် မီးဖုတ်စဉ်တုန်းက ပျက်စီးရှာမည့် ပိုးကောင်ကလေးများကိုမှ မသနားလေရော့သလား၊ သူလုပ်ပုံကို အတုလိုက်၍ နောင်လာနောက်သား တို့သည် အလုပ်ကိစ္စ ဆိုင်ရာဝယ် ပိုးမွှား တိရစ္ဆာန်ကလေးများကိုသတ်လို့ ပါဏာတိပါတကံမထိုက်ဟု အထင်မှားရစ်ဖွယ်ရှိသည်" ဟု မိန့်တော်မူပြီးလျှင် "နောင်ခါ ဤမြေတိုက်မျိုးကို မလုပ်ရ" ဟု သိက္ခာပုဒ်ပညတ်တော်မူလေသည်၊ ထိုမြေတိုက်ကလေးကိုလည်း အဖျက်ခိုင်းတော်မူလေရာ ရဟန်းများသွား၍ ဖျက်ကြလေသည်၊ အရှင်ဓနိယသည် အခြားတစ်နေရာမှ ကျောင်းတိုက်ကလေး ဖျက်သံကြား၍ လာပြီးလျှင် "ဘာကြောင့်ဖျက်ကြပါသလဲ" ဟု မေးရာ "မြတ်စွာဘုရားက အဖျက်ခိုင်း၍ ဖျက်ကြောင်းကို ပြောကြလေသော် "တရားရှင် ဘုရားက ခိုင်းစေလျှင် ဖျက်ကြပါကော့" ဟု ကျေကျေနပ်နပ်ပင် ခွင့်ပြုရှာလေသည်။

မှတ်ချက်။ ။ဤဝတ္ထု၌ တိုက်ကျောင်းကလေး အဖျက်ခိုင်းပုံကိုထောက်၍ ယခုကာလ၌လည်း ရဟန်းများနှင့် မအပ်စပ်သော ပရိက္ခရာ တစ်စုံတစ်ခုကို သုံးစွဲနေတာ တွေ့လျှင် ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် ထိုမအပ်သော ပရိက္ခရာကို (တိုဥစ္စာရှင်အား အာပတ်မသင့်စေလိုသော စိတ်ကောင်းဖြင့်) ဖျက်ပစ်ကောင်း၏-ဟု အဋ္ဌကထာ မိန့်သည်။

**အရှင်ဓနိယ သစ်တော်များယူပုံ**

"ငါ၏ မြက်ကျောင်း ကလေးများကို သူတစ်ပါးတို့ ဖျက်ဆီးယူသွားခြင်း ခံရသည်မှာ ၃ ခါရှိပြီ၊ မြေတိုက်ကလေးကိုလည်း ဘုရားရှင် အဖျက်ခိုင်းတော်မူသောကြောင့် ရဟန်းအများ ဖျက်သွားကြလေပြီ၊ ဗိမ္ဗိသာရမင်း၏ သစ်တော်တို့ကို ရေတွက်မှတ်သားရသော သစ်တောဘက် ဆိုင်ရာ

စာရေးကြီးတစ်ယောက်ကား ငါ့မိတ်ဆွေဖြစ်သူ၏၊ သူ့အထံမှာ သစ်သားတို့ကို တောင်း၍ သစ်သားကျောင်းငယ် ဆောက်လုပ်ရလျှင် ကောင်းမှာဘဲ”ဟု အရှင်ဓနိယမှာ အကြံ ဖြစ်လေသည်၊ ဤသို့ ကြံပြီးနောက် စာရေးကြီးထံ သစ်များကို တောင်းလေသော် “အရှင်ဘုရား လှူရန်သစ်များမရှိပါ၊ မြို့ကို ပြုပြင်ရန်ထားသော ဘုရင့် သစ်တော်များသာ ရှိပါသည်၊ ထို သစ်တော်တို့ကို မင်းတရားက လှူစေဟု အမိန့်ချလျှင် အရှင်ဘုရား ယူပါတော့”ဟု လျှောက်လေလျှင်, အရှင်ဓနိယလည်း “မင်းတရားက လှူပြီးသားဘဲ”ဟု ညာဖြန်း ပြောဆို၍ သစ်တော်တို့ကိုလည်းဖြင့် တိုက်ယူစေလေသည်။

**စာရေးကြီး အဖမ်းခံရ၍ ဘုရင့်ထံ ရှင်းရပုံ**

ထိုကိစ္စအတွက် ဆိုင်ရာအမတ်တို့က သစ်တောစာရေးကြီးကို ဖမ်းကြသဖြင့် ရှင်ဓနိယကိုယ်တိုင် ဘုရင့်ထံသို့ ဝင်ကာ “ဘိသိက်ခံစဉ်တုန်းက မြက် ထင်း ရေများကို ရဟန်း ပုဏ္ဏားတို့အား ပေးလှူပါသည်”ဟု မင်းတရား ပြောဖူးသော စကားကြောင့် သစ်တော်များကို ယူမိကြောင်း ရှင်းပြလေသည်၊ “ထိုစကားမှာ တောထဲ၌ ပိုင်ရှင်မရှိသော မြက် ထင်း ရေတို့ကို ရည်ရွယ်ပြောသော စကား ဖြစ်ပါတယ်, ယခုလို ပိုင်ရှင်ရှိသော အရာကို မဆိုလိုပါ၊ ကိုယ်တော်ဟာ သေသောက်ကြူးလက် ရောက်ပြီး ဖြစ်လျက် အမွေးတန်ဖိုးရှိ၍ လူတစ်ယောက်က နုတ်ယူသောကြောင့် အသတ်မခံရသော သိုးကလေးကဲ့သို့ ဘုရားရှင်၏ အရေအမွေးတော်ကြောင့် သတ်လောက်သောအပြစ်မှ လွှတ်ရပါတယ်, နောင်လဲ ဤအမှုမျိုးကို မပြုပါနှင့်” ဟု ပြောဆို လွှတ်လိုက်လေသည်၊ [အရှင်ဓနိယက သူ့အပြစ်ဟု ဝန်ခံသောကြောင့် စာရေးကြီးလည်း လွှတ်ရမည်သာ။] ထိုအကြောင်းကို အရပ်သူ အရပ်သားတို့ သိသဖြင့် ကဲ့ရဲ့ကြလေရာ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဘုရားရှင် ထံတော်ပါးသို့ ရောက်သွားလေသော် .. ဘုရားရှင်လည်း မောဃပုရိသ-အလကားယောကျ်ား-ဟု ကဲ့ရဲ့ပြစ်တင်တော်မူလေသည်၊ အရှင်ဓနိယသည် ဤနေရာဝယ် ကဲ့ရဲ့ရှုတ်ချခံရသော်လည်း နောင်အခါ၌မူ တရားရ၍ ရဟန္တာ ဖြစ်လေသည်။ = ဥပနိဿယေ သတိပိ တသ္မိံ ခဏေ မဂ္ဂဝါ ဖလေဝါ အသတိ မောဃပုရိသာတိ ဝဒ္ဒိုယေဝ, ဓနိယ ဥပသေနေတ္ထ- ရာဒိကာဝိယ-။ [သာရတ္ထဋီကာ, ပဌမပါရာဇိက အဖွင့်။]

**သိက္ခာပုဒ် ပညတ်တော်မူပုံ**

ထိုအမှု ရောက်လာချိန်မှာ တရားသူကြီး လုပ်ခဲ့ဖူးသော ရဟန်းတစ်ပါးလည်း ဘုရားအနီး၌ ရှိလေရာ, “ဗိမ္ဗိသာရမင်းသည် ဘယ်လောက်တန်ဘိုးရှိသော ပစ္စည်းကိုခိုး လျှင်

၃၆၂၂

ထိုသူ့ကိုဖမ်း၍ ညှဉ်းဆဲမှု ချုပ်ထားမှု တိုင်းပြည်မှနှင်ထုတ်မှုကို ပြုသနည်း” ဟု ဘုရားရှင် မေးတော်မူလေသည်၊ ထိုအခါ တရားသူကြီးဟောင်း ရဟန်းက “ငွေစင်တစ်မတ်ကို ဖြစ်စေ၊ တစ်မတ်တန် ပစ္စည်းကိုဖြစ်စေ ခိုးလျှင် ညှဉ်းဆဲမှုစသည်ကို ပြုပါကြောင်း” လျှောက်လေသော် ထိုလျှောက်ချက်အရ ရာဇဂြိုဟ်ပြည်သုံးဖြစ်သော “ငွေတစ်မတ်၊ သို့မဟုတ် တစ်မတ်တန်ခိုးလျှင် ပါရာဇိကကျစေ”ဟု “ယော ပန ဘိက္ခု အဒိန္နံ ထေယျသင်္ခါတံ အာဒိယေယျ”မှ စ၍ ပါရာဇိကော ဟောတိ အသံဝါသော”တိုင်အောင် မူလပညတ်ကို ထားတော်မူသည်။ [ထိုသိက္ခာပုဒ် ပညတ်တော်မူချိန်၌ ရာဇဂြိုဟ်ပြည်ဝယ် “ရွှေ ၅-ပဲသား၊ ငွေ ၅-ပဲသား၊ ကြေးနီ ၁၀-ပဲသား၊ ပေါင်း ပဲ ၂၀-ကို တစ်ကျပ်”ဟု သုံးစွဲ၏၊ ထို့ကြောင့် ပြခဲ့သော ရွှေ၊ ငွေ၊ ကြေးနီ ပေါင်းထားသော ၅-ပဲသားကို “တစ်မတ်” ခေါ်သည်ဟု မှတ်။]

## အနုပညတ်

### အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ။

### အမှု-ခဝါထုပ်ကို ခိုးမှု။

**ခဝါထုပ်ကြီး ခိုးမှု** ထိုသိက္ခာပုဒ် ပညတ်တော်မူပြီးနောက် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခဝါဆိပ်ကမ်းသို့ သွား၍ ခဝါသည်တို့၏ အထုပ်ကြီးကို ခိုးယူလာလေသည်၊ ထိုသို့ခိုးယူပြီးနောက် ဝေစုဝေနေသည်ကို အခြားရဟန်းတို့ မြင်၍ “ငါ့ရှင်တို့ တယ် ဘုန်းကြီးကြပါကလား၊ သင်္ကန်း ချုပ်ဖို့ အဝတ်တွေ အများကြီး ရသကိုး”ဟု ပြောဆိုကြလေရာ၊ ဘယ်မှာ ဘုန်းကြီးလို့တုံး၊ ခဝါဆိပ်က ခိုးလာကြတာဘဲဟု ရဲရဲကြီး ပြောဆိုကြလေသည်၊ ထိုအခါ “သူများဥစ္စာကို ပိုင်ရှင်ကမပေးဘဲ မယူရဘူး”လို့ ပညတ်တော်မူထားတယ် မဟုတ်ပါလား၊ ‘ပညတ် ထားတာမှန်တယ်၊ အဲဒီ သိက္ခာပုဒ်ကို မြို့ထဲရွာထဲအတွက် ပညတ်တာဖြစ်တယ်၊ ယခု မြို့ပြင်ကယူတာဘဲ”ဟု ဆင်ခြေလဲကြသည်ကို ဘုရားရှင်အား လျှောက်ကြလေသော် ... ဘုရားရှင်သည် “ဂါမာဝါ အရညာဝါ=ရွာမှ မြို့မှဖြစ်စေ၊ တောမှဖြစ်စေ” ဟု ထည့်စွက်၍ အနုပညတ် ထပ်တော်မူရလေသည်။

**သိက္ခာပုဒ် မြန်မာပြန်။** ။အကြင်ရဟန်းသည် ရွာမှဖြစ်စေ၊ တောမှ ဖြစ်စေ၊ ဥစ္စာရှင်တို့သည် မပေးအပ်သော လူ့ဥစ္စာကို ခိုးလိုသောစိတ် (လိမ်ယူလို၊ ညာယူလိုသောစိတ်)ဖြင့် ယူအံ့၊ အနည်းဆုံးအားဖြင့် တစ်မတ်-တစ်မတ်တန်လောက် ဥစ္စာကိုခိုးလျှင် အစိုးရမင်းတို့က ခိုး

သူကိုဖမ်း၍ နှိပ်စက်ညှဉ်းဆဲမှု ချုပ်နှောင်မှု နှင်ထုတ်မှုတစ်ခုခုကို ပြုကြစရာရှိ၏၊ "ဟဲ့သူခိုး ဟဲ့လူမိုက် ဟဲ့လူချင်း ဟဲ့သူဝှက်" ဟု ဆဲဆို ကြိမ်းမောင်းမှုလည်း ကြိမ်းမောင်းကြစရာ ရှိ၏၊ ထိုတစ်မတ် တစ်မတ်တန်က စ၍ ခိုးသော ဤရဟန်းလည်း ပါရာဇိကကျ၍ ရဟန်းကောင်းတို့နှင့် ပေါင်းသင်းခွင့် မရှိတော့ချေ။

**ဒုတိယပါရာဇိကအင်္ဂါ။** ။၁-လူဇာတ်ရှိသူ (လူစင်စစ်)၏ ဥစ္စာဖြစ်ခြင်း, ၂-သူတစ်ပါးဥစ္စာမှန်း သိခြင်း, ၃-ခိုးလိုသော စိတ်ရှိခြင်း, ၄-ဂရုပရိက္ခာရဖြစ်ခြင်း, ၅-ခိုးယူခြင်း, ဤအင်္ဂါ ၅-ပါး ညီညွတ်မှ ပါရာဇိက အာပတ်သင့်၏။

[ဆောင်] လူဇာတ်ရှိငြား-သူတစ်ပါး၏-ပိုင်ထားဥစ္စာ, သူ့ဥစ္စာဟု-သိမှတ်မှုနှင့် ဂရုပရိက်, ထေယျစိတ်သွင်း, ခိုးယူခြင်းဟု, ကြောင်းရင်း ၅-လီ, အင်္ဂါညီ, ကျဖြီ ပါရာဇိက်။

၁။ လူဇာတ်ရှိသူ လူစင်စစ်၏ ဥစ္စာကိုခိုးမှ ပါရာဇိက ကျသောကြောင့် နတ်, ဥစ္စာစောင့်စသော ပြိတ္တာ, တိရစ္ဆာန်တို့၏ ဥစ္စာကို ခိုးဝှက် လုယူလျှင် ပါရာဇိကမကျ, သို့သော် ထုံးစံအတိုင်း ငါးပါးသီလကား ပျက်၏။

၂။ သူတစ်ပါးဥစ္စာမှန်း သိလျက်ခိုးယူမှ ပါရာဇိကကျသည်၊ သူ့ဥစ္စာပင် ဖြစ်သော်လည်း ကိုယ့်ဥစ္စာထင်၍ ယူမိလျှင် လည်းကောင်း, ပိုင်ရှင်မရှိသော ပံသကူဥစ္စာဟု ထင်၍ ယူလျှင် လည်းကောင်း, ပါရာဇိက မကျ၊ သို့သော် သိသောအခါ ပြန်ပေးရမည်။

၃။ ခိုးယူလို ဓားပြတိုက်၍ လုယူလို ညာယူလိုသောစိတ်ဖြင့် ယူမှ ပါရာဇိကကျသည်၊ ခေတ္တခဏ ငှားယူလျှင် လည်းကောင်း, အကျွမ်းဝင်သူ့ ဥစ္စာဖြစ်၍ ငါယူသည်ကို ကျေနပ်ပါလိမ့်မည် ဟု ထင်၍ ယူလျှင် လည်းကောင်း ပါရာဇိက မကျ။

၄။ တစ်မတ်-တစ်မတ်တန် ဥစ္စာကို "ဂရု=ကြီးလေးသော+ပရိက္ခာရ= ပစ္စည်း အသုံးအဆောင်" ဟု ခေါ်၏၊ ထို ဂရုပရိက္ခာရကိုယူမှ ပါရာဇိက ကျသည်၊ တစ်ပဲ့တန်အထက် တစ်မတ်တန်အောက် ယူလျှင် ထုလ္လစ္စဉ်း အာပတ်, တစ်ပဲနှင့် တစ်ပဲတန်အောက် ယူလျှင် ဒုက္ကဋ် အာပတ်သင့်၏။

၅။ သည်းခြေပျက်၍ တကယ် ရူးနေစဉ် လည်းကောင်း, ဘီလူးစသည် လုန့်၍ စိတ်ပျံ့လွင့်နေစဉ် လည်းကောင်း, ဒုက္ခဝေဒနာ အပြင်းအထန် ခံနေရစဉ် လည်းကောင်း သူ့ဥစ္စာကို ယူမိသော်လည်း ပါရာဇိကမကျ၊ အစဆုံး အမှုသည်ဖြစ်သော အရှင်ဓနိယလည်း ပါရာဇိက မကျ။ [သူ့ဥစ္စာကို တရားစွဲ၍

ယူမှုနှင့် စပ်၍ မှတ်ဖွယ် ရှိသေး၏၊ ထို မှတ်ဖွယ်ကို ဘိက္ခုနီ(သံဃာဒိသေသ်) ခန်းကျမှ ပြဦးမည်။]

**အဒိန္နာဒါန အမျိုးမျိုး။** ။မတရားသဖြင့် ယူခြင်း မရိုးမသား ယူခြင်း ဟူသမျှကို ဤသိက္ခာပုဒ်အရ "အဒိန္နာဒါန"ဟုချည်း ခေါ်ရ၏၊ ထိုအဒိန္နာဒါန်သည်–

၁။ **အာဒိယန**–သူ့ဥစ္စာကို ကိုယ်ရအောင် တရားစွဲ၍ ယူခြင်း။

၂။ **ဟရဏ**–သူ့ဥစ္စာကို အရိုးခံအတိုင်း ဆောင်ယူသွားခြင်း၊ လမ်းကျမှ လိုချင်၍ ယူခြင်း။

၃။ **အဝဟရဏ** မိမိအထံ၌ အပ်နှံထားသည်ကို ပြန်တောင်းသောအခါ မပေးဘဲ (မအပ်ပါဘူး စသည်ဖြင့် လိမ်၍ ညာ၍) ယူခြင်း။

၄။ **ဣရိယာပထဝိကောပန**–အသက်ရှိသောဥစ္စာကို သူ့နေမြဲ ဣရိယာပုထ် ပျက်အောင်ဖျက်၍ (နေရာပြောင်းအောင် ချောက်လှန့်၍) ယူခြင်း။

၅။ **ဌာနာစာဝန**–မြှုပ်ထားသော ရွှေအိုး စသည်ကို နဂိုနေရာမှ ရွေ့အောင်လုပ်၍ ယူခြင်း။

၆။ **သင်္ကေတဝီတိနာမန**-ကင်းခွန် ကောက်ရာ အရပ်ကို ရှောင်လွှဲ၍ အခွန်မပေးဘဲ သွားခြင်း။

၇။ **ထေယျာဝဟာရ**-ပုန်းလျှိုး ကွယ်လျှိုးခိုးခြင်း၊ အလေး တင်းတောင်း စဉ်းလဲ၍ ခိုးခြင်း။

၈။ **ပသယှာဝဟာရ**-ဥစ္စာရှင်ကို လွှမ်းမိုးနှိပ်စက်၍(ဒဏ်တပ်မည်, ဆောင် ချမည်, သပိတ်မှောက်မည် စသည်ဖြင့် ခြိမ်းခြောက်၍) ယူခြင်း။

၉။ **ကုသာဝဟာရ**-မဲချရာ၌ မိမိကျသော ညံ့သောမဲကို သူတစ်ပါး၏ ကောင်းသောမဲနှင့် လဲ၍ယူခြင်း။

၁၀။ **ပဋိစ္ဆန္နာဝဟာရ**-ဥယျာဉ်စသော အရပ်၌ သူတစ်ပါး၏ လက်ဝတ် တန်ဆာကို မြက်စသည်ဖြင့် ဖုံး၍ နောင်မှ လာယူခြင်း။

၁၁။ **ပရိကပ္ပါဝဟာရ** အဝတ်ဖြစ်လျှင် ယူမည်၊ အခြားဝတ္ထု ဖြစ်လျှင် မယူဟု ကြံစီစိတ်ကူး၍ အထုပ်ကိုယူခြင်း, မည်သည့်အရပ်လွန်မှ ယူမည်၊ ဒီ အတွင်းမှာ ဥစ္စာရှင်မြင်လျှင် ခဏယူသလိုလုပ်၍ ပြန်ထားမည် စသည်ဖြင့် အရပ်ဌာနကို ကြံဆ၍ ယူခြင်း။

[အဋ္ဌကထာတို့၌ ခိုးနည်း ၂၅-ပါးလာ၏၊ ထိုတွင် တချို့မှာ သဘောတူ ဖြစ်၍ ခုဒ္ဒသိက္ခာလာတိုင်း ၁၁ ပါးကိုသာ ရေးလိုက်သည်။]

**သတိထားဖွယ်။** ။ဤဒုတိယ ပါရာဇိကသည် အလွန် သတိထားထိုက်သော အာပတ်တည်း၊ (တိရစ္ဆာန်စသည် မဟုတ်သော) လူ့ဥစ္စာ မှန်လျှင်

မိခင်ဥစ္စာကိုပင်သော်လည်း ခိုးလိုသော,လိမ်လို ညာလို လှည့်စားလိုသော စိတ်ဖြင့်မယူကောင်း၊ ထို့ကြောင့် ဈေးသွား၍ကိုယ်တိုင် ကပ္ပိဝယ်ယူရာ၌ကိုင်ကြည့်ရင်းက ခိုးယူချင်စိတ်ပေါက်လာလျှင်တစ်နေရာ ဖွက်လိုက်ရုံဖြင့် အပြစ်သင့်နေတတ်၏၊ ရထားသဘော်၌ လက်မှတ်မပေးဘဲစီးပြီးနောက် လက်မှတ်စစ်သည့်အခါ ရှောင်တိမ်းနေရုံမျှဖြင့်လည်းကောင်း, လက်မှတ်စစ်ရာအပေါက်မှမထွက်ဘဲ ရှောင်တိမ်း၍ထွက်ရုံဖြင့်လည်းကောင်း အပြစ်သင့်၏၊ ကျောင်းသား ကပ္ပိယ၏အသက်ကို(လူကြီးလက်မှတ် မယူရအောင်)ညာ၍ပြောခြင်း,ပါလာသော ကုန်ပစ္စည်းများကို တန်ဆာမလုပ်ရအောင် ဟိုတစ်ခြား သည်တစ်ခြားထား၍ လှည့်ပတ်ခြင်း, သူတစ်ပါးထံ အပ်နှံထားခြင်းတို့ကြောင့်လည်း အပြစ်သင့်တတ်၏၊ ရထားသဘော် စသည်၌လူတို့ကအခွန်အကောက် မပေးရအောင် မိမိထံလာအပ်၍ ထိုပစ္စည်းကို မိမိဖွက်ထားလျှင်လည်း အပြစ်သင့်၏၊ တချို့အရပ်၌ ငွေထည့်လျှင်ထည့်, မထည့်လျှင် သပိတ်မှောက်မည်ဟု ခြိမ်းခြောက်၍လည်း အပြစ်သင့်တတ်၏။ အလွန်မကြာသေးသော ရှေးကရဟန်းကလေးတစ်ပါးသည် ဝိနည်းကို စောစောကမသင်ခဲ့ဘဲ နောက်မှသင်ယူသောအခါ ဖြေ၍မရနိုင်သော အာပတ်သင့်နေမှန်း သိသဖြင့်ဝိနည်းတက်ရင်း ချုံးချုံးချ၍ ငိုရလေသတဲ့၊ ထို့ကြောင့် ဤဒုတိယပါရာဇိကနှင့်စပ်၍ သင့်တတ်သော အပြစ်များကို အထူး သတိထားသင့်ကြပေသည်။

---

## ၈။ မနုဿဝိဂ္ဂဟ ပါရာဇိက

### မူလပညတ်

**အမှုသည်–ရဟန်းအများ။**
**အမှု–အချင်းချင်းသတ်မှု။**

ရဟန်းများဖြစ်ရပုံ — မြတ်စွာဘုရားသည် ဝေသာလီမြို့ မဟာဝုန်တော ကူဋာဂါရသာလာ၌ သီတင်းသုံးတော်မူစဉ် အသုဘကမ္မဋ္ဌာန်း၏ အကျိုးကို အမျိုးမျိုးဟောတော်မူပြီးနောက် ၁၅–ရက်လုံး ဆွမ်းပို့မည့် ရဟန်းတစ်ပါးမှ လွဲ၍ အခြားသူများ၏ အဖူးအမြော် အတွေ့ခံတော်မမူဘဲ တစ်ပါးတည်း ကိန်းအောင်းတော်မူလေသည်၊ ထိုအချိန်၌ များစွာသော ရဟန်းတို့သည် အသုဘကမ္မဋ္ဌာန်းကို အားထုတ်ကြစဉ် မိမိတို့ခန္ဓာကိုယ်ကို စက်ဆုပ် ရွံမုန်းသာကြရကား ကိုယ်ကိုယ်ကိုလည်း ကိုယ်တိုင်သတ်ကြ, တစ်ပါး တစ်ပါးကိုလည်း သတ်ကြ "မိဂလဏ္ဍိက"မည်သော ရှင်ယောင်ကြီး (ရဟန်းအသွင်ဖြင့် နေသော်လည်း ရဟန်းမဟုတ်သော ရှသေ့လိုနေသူ)

ကိုလည်း "ငါတို့သေလျှင် သပိတ်သင်္ကန်းကို သင်ရရစ်ပါလိမ့်မည်, ငါတို့ကို သတ်ပါ"ဟု ခိုင်းကြသဖြင့် ထိုရှင်ယောင်ကြီးကလည်း တစ်နေ့လျှင်တစ်ပါးကျ နှစ်ပါးကျမှစ၍, တစ်နေ့လျှင် ၆၀-ကျိပ်တိုင်အောင်ပင် သတ်ပေးလေသည်။ [ဤနည်းအားဖြင့် ရဟန်းပေါင်းငါးရာ ပျက်စီးကြလေသတတ်၊]

**သိက္ခာပုဒ် ပညတ်တော်မူရပုံ** ဘုရားရှင်သည် ၁၅-ရက်လွန်၍ ကိုယ်တော် တစ်ပါး တည်းနေရာမှ ထွက်တော်မူလာသည့် အခါ ကျောင်းတိုက်တွင်း၌ ရဟန်းများ နည်းပါး၍ ကျဲတောက်တောက်ဖြစ်နေသောကြောင့် အရှင်အာနန္ဒာကိုမေးတော်မူလေသော် . အရှင်အာနန္ဒာက အကျိုးအကြောင်း လျှောက်လေရာ, မြတ်စွာဘုရားသည် အာနာပါနကမ္မဋ္ဌာန်းကို ထပ်မံဟောတော်မူ၍ ရဟန်းတို့သတ်ကြဖြတ်ကြသောအမှုကို ကဲ့ရဲ့တော်မူပြီးလျှင်—

**"ယော ပန ဘိက္ခု သဉ္စိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ, သတ္ထဟာရကံ ဝါဿ ပရိယေသေယျ၊ အယမ္ပိ ပါရာဇိကော ဟောတိ အသံဝါသော"။**

ဟု မူလပညတ်ကို ထားတော်မူရလေသည်။ [အကြင်ရဟန်းသည်သတ္တဝါမှန်းသိသော သညာနှင့်တကွ (သေစေလိုသော စေတနာဖြင့်) စေ့ဆော်၍ လူ၏ကိုယ်ကို ဇီဝိတိန္ဒြေမှချအံ့ ("သတ်အံ့" ဟူလို) ထို သေလိုသူအနီး၌ အလွယ်တကူ ရအောင်) လက်နက်တစ်စုံတစ်ခုကိုမူလည်း ရှာ၍ ချထားအံ့၊ ဤရဟန်းသည် ပါရာဇိကကျ၍ ရဟန်းကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံခွင့် မရတော့ချေ။ -- ဤမူလပညတ်၌ "မရဏဝဏ္ဏံဝါ သံဝဏ္ဏေယျ" စသော စကားများ မပါသေးသည်ကို သတိပြု။]

**မှတ်ချက်။** ။ရှေးလွန်လေပြီးသော အခါ မုဆိုးငါးရာတို့သည် တစ်သက်ပတ်လုံး သားငှက်တို့ကိုသတ်၍ အသက်မွေးခဲ့ကြပြီးနောက် ငရဲရောက်၍ ငရဲမှ လွတ်သောအခါ လူ့ဘဝရကြပြန်သဖြင့် ဘုရားအထံတော်၌ ရဟန်းပြုကြလေသည်၊ ထိုသူတို့တွင် အချို့မှာသောတာပန်,သကဒါဂါမ်,အနာဂါမ်,ရဟန္တာဖြစ်ကြ၍အချို့ကားပုထုဇဉ်ဘဝ၌သာတည်နေကြသေး၏၊ မုဆိုးဘဝ၌ ပြုခဲ့သော အကုသိုလ်ကံကြွင်းသည် ယခုအခါ အခွင့်သာတော့မည်ဖြစ်၍ ကိုယ့်ကိုယ်ကို သတ်၍ဖြစ်စေ, သူတစ်ပါး၏အသတ်ခံ၍ဖြစ်စေ ကေန်ပျက်စီးကြရတော့မည်၊ ကံအကျိုးပေးခွင့် ကြုံလာလျှင် ဘုရားရှင်လည်း မတားမြစ်နိုင်။

တိုသူတို့တွင် သောတာပန် စသည်ဖြစ်ပြီး သူတို့မှာ ဂတိမလွဲနိုင်သော်လည်း ပုထုဇဉ်ရဟန်းတို့အတွက် လားရမည့်ဘဝကို စိတ်မချရ

သေခါနီး၌ မိမိကိုယ်ကို စွဲလမ်းခင်မင်နေလျှင် ဧကန်အပါယ်ကျရလိမ့်မည်၊ ခန္ဓာကိုယ်ကို မစွဲလမ်းလျှင်ကား မိမိတရားကို နှလုံးသွင်းခါ နတ်ပြည်သို့ ရောက်နိုင်ရာ၏-ဟု မြော်မြင်တော် မူသောကြောင့် ဘုရားရှင်လည်းအသုဘကမ္မဋ္ဌာန်းကိုဟောထားတော်မူနှင့်လေသည်။

ထိုသို့တရားဟောတော်မူပြီးလျှင် 'လာမည့် ၁၅-ရက်အတွင်း၌မှာ ထိုသတ်ဖြတ်မှုကိစ္စ ပေါ်လာတော့မည်, ငါဘုရား မကယ်နိုင်သော ကံ အကျိုးတရားကြီးကို တွေ့မြင်နေရသဖြင့် အကျိုးမရှိ''ဟု သဘောတော်ရ၍ ၁၅-ရက်လုံးလုံး အဖူးမြော်အတွေ့ခံတော်မမူဘဲ တစ်ပါးတည်း ကိန်းအောင်းနေတော်မူ၍ ရဟန်း ငါးရာလုံး ကုန်ဆုံးပြီးမှ ထွက်တော်မူလာပြီးလျှင် ရဟန်းများ နည်းသွားခြင်း၏ အကြောင်းကို သိတော်မူသော်လည်း စကားလက်စရမှ သိက္ခာပုဒ် ပညတ်တော်မူလိုသောကြောင့် အရှင်အာနန္ဒာအား ရဟန်းများ နည်းပါးခြင်း၏ အကြောင်းကို မေးတော်မူလေသည်။

## အနုပညတ်

### အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ၊ အမှု-သေခြင်း၌ ကျေးဇူးရှိပုံကို ပြောမှု။

**သေရခြင်း၌ ကျေးဇူး ရှိကြောင်းပြောမှု**

ဥပါသကာ တစ်ယောက်သည် မကျန်းမမာဖြစ်နေ၏၊ သူ၏ဇနီးသည် အလွန်လှပ၏၊ ဆဗ္ဗဂ္ဂီ ရဟန်းတို့ကား ထိုဇနီး၌ စွဲလမ်းနေကြလေသည်၊ ထို့ကြောင့် ''ဥပါသကာသေလျှင် သူ့ဇနီးကိုရလိမ့်မည်''ဟု မျှော်လင့်ချက်ဖြင့် ဥပါသကာအားပြောပြကြသည်မှာ—''ဒကာ…သင်သည်မကောင်းမှုကို ရှောင်ကြဉ်၍ ကုသိုလ်ကောင်းမှုကို ပြုထားသူဖြစ်၏၊ သင့်မှာရောဂါစွဲကပ်၍ ဆင်းရဲသော အသက်ရှင်ခြင်းဖြင့် ဘာအကျိုးရှိဦးမှာလဲ၊ အသက်ရှင်နေခြင်းထက် သေရခြင်းက မြတ်ပါသေး၏၊ သေလျှင် နတ်ပြည်ရောက်၍ ချမ်းချမ်းသာသာ နေရလိမ့်မည်''ဤသို့ပြောကြလေသော်ဥပါသကာသည်း''ကိုယ်တော်များပြောတာ မှန်ပေသည်''ဟု ယူဆ၍ မသင့်သောအစာများကို စားသောက်လေရာ မကြာခင် ရောဂါတိုးသဖြင့် စုတေလေသည်၊ ထိုအခါ ''ရဟန်းတွေက သေခြင်း၏ အကျိုးကျေးဇူးကို ပြောသောကြောင့်သာ သူ့ယောကျ်ားသေရသည်''ဟု ဇနီးသည်က အတတ်စွဲ၍ ကဲ့ရဲ့သည်ကို တစ်ဆင့်စကား ကစ်ဆင့်နားဖြင့် ဘုရားရှင် ကြားတော်မူသောကြောင့်—

''မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ, မရဏာယ ဝါ သမာဒပေယျ အမ္ဘော ပုရိသ ကိံ တုယှိမိနာ ပါပကေန ဒုဇ္ဇီဝိတေန, မတံ တေ ဇီဝိတာ သေယျောတိ, ဣတိစိတ္တမနော စိတ္တသင်္ကပ္ပော အနေက-ပရိယာယေန မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ, မရဏာယ ဝါ သမာဒပေယျ''။

ဟု ဖြည့်စွက်၍ အနုပညတ် ထပ်ဆင့်တော် မူရလေသည်။

**သိက္ခာပုဒ်မြန်မာပြန်**။ ။၁—ယောပန ဘိက္ခု သဉ္စိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိ-တာဝေါရောပေယျ = အကြင်ရဟန်းသည် သတ္တဝါမှန်းသိလျက် တမင် အားထုတ်၍ လူကို ကိုယ်တိုင်သတ်အံ့, သို့မဟုတ် အသတ်ခိုင်းအံ့။

၂–သတ္ထဟာရကံ ဝါဿ ပရိယေသေယျ = (ထိုသို့ အသတ်မခိုင်းလျှင်) သေချင်နေသူ အလွယ်တကူသေရအောင် ထိုသူ့အနီး၌ လက်နက် တစ်စုံတစ်ရာကို ရှာမှီး၍ ချထားအံ့။

၃–မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ = ( ဆင်းရဲစွာ အသက် ရှင်နေရခြင်း၏ အပြစ်ကိုပြောပြခြင်း, သေသည့်အခါ ရောက်ရမည့် သုဂတိဘဝကို ပြောပြခြင်းအားဖြင့်) သေခြင်း၏ အကျိုးကျေးဇူးကို(ထိုသူ သေချင်စိတ် ပေါက်လာအောင်) ပြောပြအံ့။

[''အမ္ဘော ပုရိသ ကိံ တုယှိမိနာ ပါပကေန ဒုဇ္ဇီဝိတေန, မတံ တေ ဇီဝိတာ သေယျော'' ကား သေခြင်း၏ ကျေးဇူးကို ပြောပြပုံ စကားတည်း၊ အမောင်ယောကျ်ား ...သင့်မှာ ဆင်းဆင်းရဲရဲ စားချင်တာ မစားရ, သောက်ချင်တာ မသောက်ရနှင့် အသက် ရှင်နေရခြင်းဖြင့် ဘာအကျိုးရှိတော့မှာလဲ၊ သင့်အတွက်တော့ အသက်ရှင်နေရခြင်းထက် သေရခြင်းက ကောင်းပါသေးတယ်''ဟု ပြောသည်။]

၄–မရဏာယ ဝါ သမာဒပေယျ=(ကြိုးဆွဲချပြီးလဲ သေနိုင်တယ်, အဆိပ်သောက်ပြီးလဲ သေနိုင်တယ်, ရေထဲခုန်ချပြီးလဲ သေနိုင်တယ် စသည်ဖြင့်) သေဖို့ရာနည်းလမ်းကိုလည်း ပြောပြအံ့။

[''ဣတိ စိတ္တ မနော စိတ္တသင်္ကပ္ပော အနေကပရိယာယေန မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ, မရဏာယ ဝါ သမာဒပေယျ''ဟု ထပ်၍ ပါနေသော စကားတို့ကား ပြီးခဲ့သောစကားကို ပြန်၍အုပ်သော နိဂုံးစကားတည်း၊ ''ဤသေခြင်း၌စိတ်ရှိ,သေခြင်း၌ သညာ စေတနာ ဝိတက်ရှိသည်ဖြစ်၍ နည်းအမျိုးမျိုးဖြင့်

သေခြင်း၌ အကျိုးကျေးဇူးကိုပြောအံ့၊ သေဖို့ရန် နည်းပေးလမ်းပြလုပ်အံ့'' ဟု ဆိုလိုသည်။]

အယမ္ပိပါရာဇိကော ဟောတိ အသံဝါသော=သူသတ်လို့ဖြစ်စေ အသတ်ခိုင်းလို့ဖြစ်စေ သေသွားလျှင်, သူချထားသောလက်နက်ဖြင့် သေသွားလျှင်, သူပြောသည့်အတိုင်း မတော်တာစားရ၍ရောဂါတိုးပြီး သေသွားလျှင်, သူနည်းပေးသည့်အတိုင်း ကြိုးဆွဲချမှုစသည်ပြု၍ သေလျှင် ဤရဟန်းမှာ ပါရာဇိကကျ၍ ကံကြီးကံငယ်ကိစ္စ၌ ရဟန်းကောင်းတို့နှင့် ပေါင်းသင်းခွင့် မရတော့ချေ။

**တတိယပါရာဇိကအင်္ဂါ**။ ။၁— လူဇာတ်ရှိခြင်း ( လူအစစ် ဖြစ်ခြင်း), ၂—သတ္တဝါမှန်းသိခြင်း, ၃—သတ်လို(သေစေလို) သောစိတ်ရှိခြင်း, ၄—လုံ့လအားစိုက်ခြင်း, ၅—သေခြင်း၊ဤအင်္ဂါ ၅-ပါးစုံမှပါရာဇိကကျသည်။

[**ဆောင်**] လူဇာတ်လည်းရှိ, သတ္တဝါဟုသိ၍, သတ်မည့်သိုလား,စိတ်စက်ထားဖြင့်, အားပါးစိုက်လျှင်း, စုတေခြင်းဟု,ကြောင်းရင်း၅-လီ, အင်္ဂါညီ, ကျပြီပါရာဇိက်။

၁။ လူဇာတ်ရှိသူ လူစင်စစ်ကိုသတ်မှ ပါရာဇိကကျသည်၊ လူစင်စစ်မဟုတ်-လူယောင်ဆောင်နေသော ဘီလူး ပြိတ္တာနှင့် နတ်ဘီလူးစသော နတ်မျိုးတို့ကိုသတ်လျှင် ထုလ္လစ္စဥ်းအာပတ်သင့်၏၊ တိရစ္ဆာန်ကိုသတ်လျှင်ကား ''ပါစိတ်အာပတ်''ဟု ပါစိတ်အခန်း၌လာလတ္တံ့၊ [လူဇာတ်ရှိသူဖြစ်လျှင်ကား ပဋိသန္ဓေနေစ ကလလရေကြည်ဘဝ၌ပင် ကိုယ်ဝန်ကျဆေးပေးခြင်း, ဗိုက်ကိုအနှိပ်ခံစေခြင်း စသည်ပြုလျှင်ပင် ပါရာဇိကကျ၏။]

၂။ သတ္တဝါမှန်းသိမှလည်း အာပတ်သင့်၏၊ ညဥ့်မှောင်မိုက်၌ သတ္တဝါဟု မထင်ဘဲ သစ်ငုတ်ကြီးထင်၍ လူကိုပစ်ခတ်သော်လည်း သေစေကာမူ ပါရာဇိကမကျ။

၃။ သေစေလိုသောစိတ်ရှိမှလည်း ပါရာဇိကကျ၏၊ သေစေလိုသော စိတ်မရှိဘဲ ညှဥ်းဆဲလိုသောစိတ်ဖြင့် ရိုက်နှက်ရာ၌ သေသွားစေကာမူ ပါရာဇိကမကျ၊ သို့သော် ပါစိတ်ခန်း၌ လာလတ္တံ့အတိုင်း ပါစိတ်အာပတ်ကား သင့်သည်။

၄။ သေစေလို၍ ရိုက်နှက်မှု ကိုယ်ဝန်ကျဆေး ပေးမှုစသော ကိုယ်လက်ဆိုင်ရာ လုံ့လကိုဖြစ်စေ,အသတ်ခိုင်းမှု, သေဖို့ရာ နည်းလမ်းပေးခြင်း, ဂါထာမန္တန်စုတ်ခြင်း စသော နှုတ်မှုဆိုင်ရာ လုံ့လကိုဖြစ်စေ (ကိုယ်မှု

နှုတ်မှု တစ်ခုခု) ပြု၍ သေစေမှ ပါရာဇိကကျသည်၊ ကိုယ်မှု,နှုတ်မှု တစ်ခုခု ပြုသော်လည်း မသေလျှင် ပြုသည့်အတွက်(ပြုရုံမျှဖြင့်)ဒုက္ကဋ်အာပတ်သင့်၍, အပြုခံရသူမှာ ဆင်းဆင်းရဲရဲခံနေရလျှင် ထုလ္လစ္စဉ်းအာပတ်သင့်၏။

**သတိပြုဖွယ်။** ။သေခြင်း၏အကျိုးကျေးဇူးကို ပြောပြရာ၌ ကိုယ်တိုင်လည်း မသတ်၊ သူတစ်ပါးကိုလည်း အသတ်မခိုင်းဘဲ သေချင်လာအောင် ပြောပြရုံဖြင့် အာပတ်သင့်ရသည်၊ ယခုအခါ လူမမာနား၌ သေရမှာ မကြောက်အောင် လူမမာကို အားပေးစကားပြောတတ်၏၊ ဆင်းရဲစွာ ရောဂါခံနေရသည်ကိုမြင်၍ မြန်မြန်သေအောင် ပြောတတ်ကြ၏၊ အသတ်ခံရတော့မည့် ရာဇဝတ်ကောင်ကို တစ်ချက်တည်းနှင့် သေပါစေဟု (သနားသဖြင့်)ပြောတတ်ကြ၏၊ ထိုသို့ပြောကြရာ၌ မိမိပြောမှုကြောင့် အနည်းငယ်မျှ အချိန်စော၍ သေလျှင် ပြောသူမှာ ဤသိက္ခာပုဒ်ဖြင့် အပြစ်သင့်တတ်သည်၊ ထို့ကြောင့် လူမမာအနား၌ အားပေးမမှားဖို့ သတိပြုသင့်ကြသည်။

---

## ဃ။ ဥတ္တရိမနုဿဓမ္မပါရာဇိက

### မူလပညတ်

**အမှုသည်–ဝဂ္ဂုမုဒါမြစ်ကမ်း၌ ဝါကပ်သော ရဟန်းများ။**
**အမှု–ဈာန်မဂ်ဖိုလ် မရဘဲ ဝါကြွား၍ပြောမှု။**

**ရဟန်းများ ညာကြံပုံ** ဝဂ္ဂုမုဒါမြစ်သည် ဝဇ္ဇီတိုင်းတွင် အပါအဝင်ဖြစ်၏၊ ဝဂ္ဂုမုဒါမြစ်ကမ်း၌ ရဟန်းအများ ဝါကပ်ချိန်ဝယ် ဝဇ္ဇီတိုင်းသည် ငတ်မွတ်ခေါင်းပါးခြင်းဘေး (ဒုဗ္ဘိက္ခန္တရကပ်) ဆိုက်ရောက်နေသောကြောင့် ရဟန်းအများပင် ဆွမ်းခံ၍ မလွယ်ကူတော့ချေ၊ ထိုအခါ ရဟန်းများ စည်းဝေး၍ အမျိုးမျိုး အကြံပေးကြရာဝယ် "မည်သည့်ကိုယ်တော်ဟာ ဈာန်ရပုဂ္ဂိုလ်ဖြစ်တယ်, မည်သည့်ကိုယ်တော်ကတော့ သောတာပန်ဖြစ်တယ်, မည်သည့်ကိုယ်တော်ကမူ ရဟန္တာဖြစ်တယ်" ဤသို့ စသည်ဖြင့် တစ်ပါး၏ဂုဏ်ကို အခြားတစ်ပါးက လူတို့အား ပြောပြသောနည်းကို အားလုံး သဘောတူ အတည်ပြု၍ မိမိတို့မှာ မရှိသောဂုဏ်ကို လူတို့အား ကြွားဝါ၍ ပြောကြလေသည်၊ ထိုအခါ လူတို့က လွန်စွာကြည်ညိုကြသဖြင့် မိမိတို့မစားရက် မသောက်ရက် သားသမီး, မိဘတို့ကိုမျှ မကျွေးရက်သော အစားအစာများကို လှူဒါန်းကြလေသည်။

**ဘုရားရှင် ကဲ့ရဲ့တော်မူပုံ** သီတင်းဝါလကျွတ်လျှင် ဘုရားအထံ အဖူးအမြော်လာကြရိုးထုံးစံရှိသည့်အတိုင်း ထိုဝဂ္ဂုမုဒါမြစ်ကမ်းမှ ရဟန်းတို့လည်း ဘုရားထံလာကြလေရာ, ဘုရားရှင်က (သိတော်

မူလျက်နှင့် စကားလက်စရအောင်) "သင်တို့ဝါတွင်း၌ ချမ်းသာစွာ နေခဲ့ကြရရဲ့လား, ဆွမ်းကိစ္စလဲ မပင်ပန်းဘဲ မျှတကြရဲ့လား" ဟု မေးတော်မူလေသည်၊ ထိုအခါ ဆွမ်းကိစ္စ မပင်ပန်းပါကြောင်း လျှောက်ကြလေလျှင် "ဘယ်နည်းနဲ့ မပင်ပန်းဘဲ နေခဲ့ကြရသလဲ" ဟု ထပ်မံ မေးတော်မူသောအခါ သူတို့ကြွားဝါခဲ့ပုံကို အလုံးစုံလျှောက်ကြလေသည်၊ ထိုအခါဘုရားရှင်က "သင်တို့အလုပ်ဟာ ရဟန်းများနှင့် မလျော်သော အလုပ်ဖြစ်သည်၊ အလွန်ထက်သော သားလှီးဓားဖြင့် ဗိုက်ကိုဖြတ်လှီးလိုက်ရတာက တစ်ဘဝသာ အသက်သေ၍ နောင်အရှည်ငရဲမကျနိုင်သဖြင့် ကောင်းသေး၏၊ (သက်သာသေး၏) ဝမ်းရေးအတွက်ကြောင့် မဟုတ်မမှန် လုပ်ကြံညာဖြန်း၍ မိမိဂုဏ်ပြောမှုရသော အစာကို စားရခြင်းကြောင့်ကား သေလျှင် အပါယ်ရောက်ဖွယ်ရာရှိသဖြင့် မကောင်းမြတ်ချေ" ဟု ကဲ့ရဲ့တော်မူပြီးလျှင် သူခိုးဓားပြငါးမျိုးကို ဆက်လက်ဟောတော်မူပြန်သည်။

## ဓားပြကြီးငါးမျိုး

၁။ ရဟန်းတစ်ပါးသည် "ရာထောင်များစွာ တပည့်ပရိသတ် ခြံရံလျက် မြို့ရွာများကို လှည့်လည်ကာ ဒကာဒကာမတို့၏ အပူဇော်ကို ဘယ်တော့များခံရပါ့မလဲ" ဟု ကြံစည်၍ ထိုကဲ့သို့ အပူဇော်ခံရအောင် ကြိုးစားအားထုတ်သဖြင့် အပူဇော်ခံရ၏၊ ထိုသူသည် သာသနာတော်ကြီးပွားရေး သတ္တဝါတို့အကျိုးများရေးကို မရည်ရွယ်ဘဲ သာသနာတော်မှီပြီး မိမိကြီးကျယ်ခမ်းနားရေးကိုသာတွေး၍ အားထုတ်သော ပဌမသူခိုးဓားပြ တစ်ဦးတည်း။

၂။ ရဟန်းတစ်ပါးကား ဘုရားဟောအပ်သော တရားတော်ကို သူကိုယ်တိုင် ကြံစည်၍ သိသကဲ့သို့ပြော၍ တရားတော်ကိုခိုးယူ၏၊ ထိုသူသည်း ဒုတိယသူခိုးဓားပြ တစ်မျိုးပင်တည်း။

၃။ ရဟန်းတစ်ပါးကမူ သီလစင်ကြယ်သော ရဟန်းတော်ကို သီလမစင်ကြယ်ဘူးဟုစွပ်စွဲ၏၊ ထိုသူလည်းတတိယသူခိုးဓားပြတစ်မျိုးပင်တည်း။

၄။ ရဟန်းတစ်ပါးကားသံဃိကပစ္စည်းဖြစ်သောကျောင်းမှစ၍ မြက်,ဝါးတိုင်အောင် ပစ္စည်းများကို လူတို့အားပေး၏၊ ထိုသူလည်းသူခိုးဓားပြ တစ်မျိုးပင်တည်း။

၅။ ရဟန်းတစ်ပါးကမူ မိမိမှာမရှိသော ဈာန်မဂ်ဖိုလ်တရားကို ရှိဟန်ဆောင်၍ လူတို့အားပြောဆို၏၊ "ထိုသူကားတစ်ယောက်နှစ်ယောက်

မက တစ်လောကလုံးကို လိမ်ရာကျသောကြောင့် အကြီးကျယ်ဆုံး သူခိုးဓားပြတည်း''ဟု ဓားပြသူခိုးငါးမျိုးကို ခွဲခြားဟောပြတော်မူ၍ ''ယောပနဘိက္ခု အနဘိဇာနံ မှစ၍ တုစ္ဆံမုသာ ဝိလပိန္တိ'' တိုင်အောင် သိက္ခာပုဒ်ကို ပညတ်တော်မူသည်၊ ဤမူလပညတ်၌ ''အညတြ အဓိမာနာ''ဟု မပါသေးသည်ကို သတိပြု။]

## အနုပညတ်

**အထင်မှား၍ပြောမှု။** ။သီလစင်ကြယ်၍ ကမ္မဋ္ဌာန်းအားထုတ်လေ့ရှိကြသော များစွာသော ရဟန်းတို့သည် မိမိတို့ သန္တာန်၌ ကိလေသာစိတ် လုံးလုံး မဖြစ်ကြသောကြောင့် ကိုယ့်ကိုယ်ကို ရဟန္တာဖြစ်ပြီဟု မှတ်ထင်ကြ၍ အခြား သီတင်းသုံးဖော် ရဟန်းတို့အား ပြောကြလေသည်၊ ထို့နောက် ရာဂဒေါသ မောဟ စိတ်များ ဖြစ်လာပြန်သောအခါမှ ရဟန္တာ မဖြစ်သေးမှန်းသိ၍ ရှေးက''ရဟန္တာဖြစ်ပြီ''ဟု ပြောမိသည့်အတွက် ပါရာဇိကပြစ်များ သင့်လေရော့သလားဟု ယုံမှားသံသယ ဖြစ်ပြီးလျှင် အရှင်အာနန္ဒာအား လျှောက်ကြလေရာ အရှင်အာနန္ဒာက တစ်ဆင့်ဘုရားရှင်အထံလျှောက်လေသော်''မဂ်ဖိုလ်ရပြီဟု ထင်မိ၍ ပြောခြင်းသည် လိမ်ခြင်းမဟုတ်ရကား အာပတ်မသင့်''ဟု မိန့်တော်မူပြီးလျှင် ''အညတြ အဓိမာနာ''ဟု ချွင်းချက်ပြု၍ အနုပညတ် ထပ်တော်မူရလေသည်။

**အပြည့်အစုံသိက္ခာပုဒ်။** ။ယော ပန ဘိက္ခု အနဘိဇာနံ ဥတ္တရိမနုဿဓမ္မံ အတ္တုပနာယိကံ အလမရိယဉာဏဒဿနံ သမုဒါစရေယျ ဣတိ ဇာနာမိ ဣတိ ပဿာမီတိ၊ တတော အပရေန သမယေန သမနုဂ္ဂါဟိယမာနော ဝါ အသမနုဂ္ဂါဟိယမာနော ဝါ အာပန္နော ဝိသုဒ္ဓါ ပေက္ခော ဧဝံ ဝဒေယျ၊ အဇာနမေဝံ အာဝုသော အဝစံ ဇာနာမိ အပဿံ ပဿာမိ တုစ္ဆံ မုသာ ဝိလပိန္တိ၊ အညတြ အဓိမာနာ၊ အယမ္ပိ ပါရာဇိကော ဟောတိ အသံဝါသော။

သိက္ခာပုဒ် မြန်မာပြန်။ ။အကြင်ရဟန်းသည် ဥတ္တရိမနုဿဓမ္မဟုခေါ်ရသော ဈာန်မဂ်ဖိုလ်တရားကို မိမိမှာမရှိကြောင်း သိပါလျက်, ကိလေသာကို ဖျက်ဆီးစွမ်းနိုင်သော ဉာဏ်အမြင်အထူးပါရှိသော ဥတ္တရိမနုဿဓမ္မကို မိမိသို့ ဆောင်ယူ၍ (ဈာန်မဂ်ဖိုလ် ရှိဟန်ဆောင်၍) "ဤအကြောင်းကြောင့် ငါသိ၏, ဤအကြောင်းကြောင့် ငါမြင်၏"ဟု ပြောအံ့၊ [ဤသို့ပြောလျှင်ပင် ပါရာဇိကကျပြီ "တတော အပရေန"စသည်ကား သူ့မှာ သင့်သောအာပတ်ကို ထုတ်ဖော်ဝန်ခံပုံကို ပြသော စကားတည်း၊ ထိုသို့ဝန်မခံ သော်လည်း ပါရာဇိကကား ကျပြီးပင်။] ထိုပြောပြီးကာလမှ နောက်၌ သူတစ်ပါးတို့က စစ်ဆေး အပ်သည် ဖြစ်စေ, မစစ်ဆေးအပ်သည် ဖြစ်စေ အာပတ် သင့်ပြီးဖြစ်၍ မိမိစင်ကြယ်ရာ စင်ကြယ်ကြောင်း လူ့အဖြစ်ကို လိုသားရကား ဤသို့ပြောတန်ရာ၏– "အရှင်ဘုရား ... တပည့်တော်သည် မသိပါဘဲ သိတယ်, မမြင်ပါဘဲ မြင်တယ်ဟု အချီးနှီးသောစကားကို လိမ်၍ပြောမိပါပြီ"ဟု ပြောဆိုဝန်ခံရာ၏၊ မိမိ၌ ဈာန်မဂ်ဖိုလ်ရှိ၏ဟုထင်၍ပြောခြင်းမှ တစ်ပါး ( သက်သက်လိမ်၍ ပြောသော ) ဤရဟန်းလည်း ပါရာဇိကကျ၍ ရဟန်းကောင်းတို့နှင့် ကံကြီးကံငယ် ကိစ္စ၌ ပေါင်းသင်းခွင့် မရတော့ချေ။

## အသိခက်သောပါဠိများ

**ဥတ္တရိမနုဿဓမ္မံ။** ။ဥတ္တရိ=မြင့်မြတ်သော+မနုဿ လူ၊ (ဈာန်ရသော ဈာယီပုဂ္ဂိုလ်, မဂ်ဖိုလ်ရသော အရိယာ ပုဂ္ဂိုလ်များကို ဆိုသည်၊) ဓမ္မ=တရား၊ ထိုဈာယီ အရိယာလူတို့၏ တရား=ဟူသည် ဈာန်မဂ်ဖိုလ် တရားတည်း။

**အလမရိယဉာဏဒဿနံ။** ။အလံ=စွမ်းနိုင် (ကိလေသာတို့ကို ဖျက်ဆီးခြင်း ကိစ္စ၌စွမ်းနိုင်) + အရိယ=ကိလေသာ အညစ်အကြေးမှ ဖြူစင်သန့်ရှင်းသော+ဉာဏ+ဒဿန=သိလည်းသိတတ်+မြင်လည်းမြင်တတ်သောဉာဏ်၊ ထိုဉာဏ်နှင့်ယှဉ်သော ဈာန်မဂ်ဖိုလ် တရားကို "အလမရိယ ဉာဏဒဿန"ဟု ဆိုသည်။

**အတ္တုပနာယိကံ။** ။အတ္တ = မိမိသို့ + ဥပ = ကပ်၍ + နာယိကံ = ဆောင်လျက်၊ "မရအပ်သေးသော စျာန်မဂ်ဖိုလ်တရားကို မိမိရလေဟန် ဆောင်ခြင်း"ဟူလို။

**ဝိသုဒ္ဓါပေက္ခော။** ။ပါရာဇိကကျနေသော ရဟန်းဘဝကား သူ့အတွက်မှာ မသန့်ရှင်းသော ဘဝဖြစ်၍၊ လူ့ဘဝသာလျှင် သူ့အတွက်သန့်ရှင်းစင်ကြယ်သော ဘဝဖြစ်၏၊ ထို့ကြောင့် လူ့ဘဝကို "ဝိသုဒ္ဓ"ဟုလည်းကောင်း၊ ထို လူ့ဘဝသို့ပြောင်းလို လူဝတ် လဲလိုခြင်းကို "အပေက္ခ"ဟုလည်းကောင်း ဆိုသည်။

**အဓိမာန။** ။အဓိ = ရအပ်ပြီဟု + မာန = မှတ်ထင်ခြင်း၊ မရသေးသော်လည်း အလွန်ကြိုးစား အားထုတ်နေသူဖြစ်၍ ရပြီးပြီဟုမှတ်ထင်မှုကို အဓိမာန"ဟု ခေါ်သည်၊တစ်နည်း-အဓိက = လွန်ကဲသော + မာန = မှတ်ထင်ခြင်း၊ မိမိမှာရရှိပြီးသော သီလ သမာဓိ ပညာဂုဏ်ထက် တိုးတက်လွန်ကဲ၍(စျာန်မဂ်ဖိုလ် တစ်ခုခုရပြီဟု) အထင်ကြီးနေခြင်း— ဟူလို။

**စတုတ္ထပါရာဇိက အင်္ဂါ** စျာန်မဂ်ဖိုလ်ဥတ္တရိရယ်က, မိမိ၌မရှိမှန်၊ ပါပိစ္ဆာ စိတ်ဝါကြွားနှင့်, ပြောမှားမိဟန်၊ သူတစ်ပါးမညွှန်ပြန်, နာခံသူ လူသား၊ ပြောခြင်းပင် အမြန်သိလျှင်လ, အင်္ဂါးတန်-အမှန်ရှိတာကြောင့်, စတုတ္ထာ ပါရာဇ်ငယ်, ကျ၏မမှား။

၁။ စျာန်တရား, မဂ်ဖိုလ်တရားကို"ဥတ္တရိ မနုဿဓမ္မ"ဟုခေါ်၏၊ ဥတ္တရိ = မြင့်မြတ်သော + မနုဿ = လူ၊ စျာန်ရနေသူဖြစ်၍ ရိုးရိုးလူတို့ထက် မြင့်မြတ်သောလူကို "ဥတ္တရိမနုဿ"ဟု ခေါ်၏၊ "ထိုမြင့်မြတ်သော လူတို့၏တရား"ဟူသည် စျာန်တရား-မဂ်ဖိုလ်တရားတည်း။] ထိုစျာန် မဂ်ဖိုလ်တရားတို့ မိမိမှာမရှိဘဲလျက် "ရှိသည်-စျာန်ရသည်, မဂ်ဖိုလ် ရသည်"ဟု ပြောလျှင် ပါရာဇိကကျ၏။

၂။ [ပါပ = ယုတ်မာသော + ဣစ္ဆာ = အလို။] ဤသိက္ခာပုဒ်၌"ယုတ်မာသော အလို"ဟူသည် ဝါကြွားလိုသော အလိုဆန္ဒတည်း၊ ထိုသို့ ဝါကြွားလိုသော ဆန္ဒဖြင့် ပြောမှ ပါရာဇိကကျသည်၊ ကမ္မဋ္ဌာန်း အားထုတ်နေသူဖြစ်၍ လောဘ ဒေါသ စသော စိတ်များလည်း အတော်ကြာကြာ မဖြစ်သောကြောင့် တကယ်ပင် စျာန် (မဂ်ဖိုလ်) ရပြီဟုထင်၍ ပြောမိလျှင်ကား ပါရာဇိကမကျ။

၃။ သူတစ်ပါးကိုညွှန်ပြ၍ ပြောခြင်းမဟုတ်ဘဲ, မိမိကိုညွှန်ပြ၍ "ငါစျာန်ရသည်, ငါမဂ်ဖိုလ်ရသည်" စသည်ဖြင့် ပြောမှ ပါရာဇိကကျသည်၊ "ငါ့ဥပဇ္ဈာယ်ဆရာ၏ တပည့်များ ရဟန္တာချည်းဘဲ"ဟုကြွားဝါလို၍ ပြောရာ၌ကား ထိုတပည့်တို့တွင် မိမိသည်းပါဝင်သော်လည်း "ငါ = တပည့်တော်"ဟု မိမိကိုတိုက်ရိုက် မညွှန်ပြသောကြောင့် ပါရာဇိကမကျ၊ ထုလ္လစ္စည်းအာပတ်သာဟု မိန့်တော်မူသည်။

၄။ အပြောခံရသူကလူဖြစ်မှ ပါရာဇိကကျသည်၊ နတ် စသူကို ပြောမိလျှင် ပါရာဇိကမကျ၊ နတ်တို့သည် အသိမြန်လွန်းသောကြောင့် နတ်အား ပြောရာ၌ ပါရာဇိကမကျဟု ချွင်းချက်ပြုတော်မူသည်။

၅။ "ဥတ္တရိမနုဿဓမ္မကို ငါရသည်"ဟု ပြောပြီးလျှင် ပြီးခြင်း (ယခုကာလစကားပြောကြရာ၌ ပြောပြီးလျှင် နားထောင်သူက ချက်ခြင်း နားလည်သလို) နားလည်မှ ပါရာဇိကကျသည်၊ အကြာကြီးတွေးပြီးမှ "သူဟာစျာန်ရသူဘဲ"စသည်ဖြင့် သိရာ၌ ပါရာဇိကမကျ။

## သတိပြုဖွယ်များ

ဤ စတုတ္ထပါရာဇိကမှာလည်း သတိထားဖွယ်များသေး၏၊ ရဟန်းအများတို့သည် "ဤနေရာမှအရင်ဆုံးထွက်သွားသူကို ရဟန္တာဟူ၍ သိရလိမ့်မည်"ဟု ကတိကဝတ်ပြု၍ ဝါကပ်ကြကုန်၏၊ ရဟန်းတစ်ပါးသည် မိမိကို ရဟန္တာဟု ထင်စေလိုသောကြောင့် (ရဟန္တာမဖြစ်သေးဘဲ) အရင်ဆုံး ထွက်သွား၏၊ ထိုရဟန်း ညာဖြန်းမှုအတွက် ပါရာဇိကကျ၏ဟု ဆုံးဖြတ်တော် မူသည်၊ ထို့ကြောင့် ယခုကာလ၌လည်း ထိုကဲ့သို့ မညာမိအောင် သတိပြုသင့်၏၊ ဘုရားလက်ထက်တော်၌ ရဟန်းတစ်ပါးသည် သူ့ကို လူအများက ချီးမွမ်းစေလို(အထင်ကြီးစေလို)သောကြောင့် ဣန္ဒြေကြီးစွာထား၍ ဆွမ်းခံသွား၏၊ အခြားရဟန်းများကား အထင်ကြီးအောင် ဣန္ဒြေကြီးစွာ ထား၍ စင်္ကြံသွားကြ, ရပ်နေကြ, ထိုင်နေကြ, လျောင်းနေကြ၏၊ ထိုရဟန်းများကို လူတို့က "ရဟန္တာ ကိုယ်တော်မြတ်တွေ" ဟု အထင်ကြီးကြ၏၊ ထိုသို့ အထင်ကြီးအောင် ဟန်ဆောင်သောရဟန်းတို့အား "ထုလ္လစ္စည်းအာပတ်" ဟု ပညတ်တော်မူသည်။

ထို့ကြောင့် ယခုကာလ၌လည်း မိမိကိုယ်ကို အထင်ကြီးအောင် ဟန်မလုပ်မိဖို့ သတိပြုသင့်ကြသည်၊ ဆွမ်းခံသွားမှုစသည်၌ ဘုရားပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို စောင့်ထိန်းသောအားဖြင့်သာဣန္ဒြေရစွာသွားရ, လာရ,

နေထိုင်ရမည်၊ ထိုသို့ သိက္ခာပုဒ်ကို စောင့်ထိန်းသောအားဖြင့် ဣန္ဒြေရရသွားမှု စသည်ကြောင့်ကား အာပတ်မသင့်ရှိသာမက, သိက္ခာပုဒ်ကို ရှိသေစောင့်ထိန်းမှု ကုသိုလ်ပင်ရပါသေး၏။

မှန်၏-မြတ်စွာဘုရား၏ ဝိနည်းသိက္ခာပုဒ်တော်များသည် ကိုယ်မှု နှုတ်မှုကို ဣန္ဒြေရအောင် ပညတ်အပ်သော သိက္ခာပုဒ်များချည်းဖြစ်၏၊ ဥပမာ၂- "မြို့ရွာအတွင်း၌ စက္ခုန္ဒြေချ၍သွားရမည်" ဟု ပညတ်တော်မူ၏၊ ရဟန်းသာမဏေများ၏ နဂိုစိတ်ကား တောင်ကြည့် မြောက်ကြည့် ကြည့်ချင်၏၊ သို့သော် သိက္ခာပုဒ်တော်ကို ရှိသေသောအားဖြင့် ကြည့်ချင်သောစိတ်အလိုသို့ မလိုက်ဘဲ စက္ခုန္ဒြေချထားခြင်းကို "အထင်ကြီးအောင် ဟန်လုပ်သည်" ဟု မဆိုရ၊ "သိက္ခာပုဒ်တော်ကို စောင့်ထိန်းဖော်ရသော သူတော်ကောင်း" ဟုသာ ဆိုရသည်၊ ထို့ကြောင့် မည်သည့်ကိစ္စ၌မဆို သူတစ်ပါးက အထင်ကြီးအောင် ဟန်လုပ်ခြင်းမျိုးမဖြစ်ဘဲ, သိက္ခာပုဒ် စောင့်ထိန်းခြင်းမျိုးဖြစ်အောင် သတိပြုသင့်ကြပါသည်။

**မှတ်ဖွယ်။** ။ဘိက္ခုဆိုင်ရာ ပါရာဇိကသိက္ခာပုဒ် ၄-ပါးကို စဉ်းစားလျှင် လူကောင်းများ၏ ကျင့်မိုးကျင့်စဉ် ငါးပါးသီလတွင် ရှေ့သီလ ၄-ပါးနှင့် သဘောတူပင်ဖြစ်၏၊ မှန်၏-ပထမ ပါရာဇိကသည် အဗြဟ္မစရိယမှ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ဖြစ်၏၊ ထို့အတူ ဒုတိယပါရာဇိကနှင့် အဒိန္နာဒါန, တတိယပါရာဇိကနှင့် ပါဏာတိပါတ, စတုတ္ထပါရာဇိကနှင့် မုသာဝါဒတို့ သဘောတူပုံကို သိပါ။

ထိုသို့ သဘောတူသော်လည်း လူများ၌ ထိုသီလပျက်သော် ထပ်၍ဆောက်တည် နိုင်သေး၏၊ ရဟန်းတော်များ၌ကား ဤသီလ ၄-ပါး ပျက်လျှင် ထပ်၍သိက္ခာတင်ခွင့်မရ၊ ဒုဿီလ(သီလမရှိသူ) ဖြစ်ကော့ရကား ဘိက္ခုအဖြစ်ကို တစ်သက်လုံး စွန့်လွှတ် လိုက်ရတော့သည်၊ ထို့ကြောင့် ရဟန်းဟူသမျှတို့ ဤသီလ ၄-ပါးကို အသက်လိုသဘောထား၍ ရှိသေလေးစားစွာ စောင့်ထိန်းကြရလေသည်။ [ငါးပါးသီလတွင် သုရာမေရယ သိက္ခာပုဒ်ကို ပါစိတ်ခန်းကျမှ ပညတ်တော်မူလိမ့်မည်၊ ဘိက္ခုနီများအတွက်က ဤ ၄-ပါးအပြင် နောက်ထပ် ပါရာဇိကများလာလိမ့်ဦးမည်။]

**ပါရာဇိကအခန်း ပြီး၏။**

# ၂။ သံဃာဒိသေသအခန်း

## က။ သုက္ကဝိသဋ္ဌိသိက္ခာပုဒ်

### မူလပညတ်

**အမှုသည်-ရှင်သေယျသက။**
**အမှု—လုံ့လပြု၍သုက်လွှတ်စေမှု။**

**အရှင်သေယျသက** အရှင်သေယျသကသည် ကာမစိတ်အားကြီး၍ သာသနာတော်၌ မပျော်ပိုက်ဘဲ ရှိနေလေရာ သူ၏ ဥပဇ္ဈာယ်ဖြစ်သော ရှင်ဥဒါယီ၏အကြံပေးအချက်အရ စားချင်တိုင်းစား အိပ်ချင်တိုင်းအိပ် ရေချိုးချင်တိုင်းချိုးပြီးလျှင်ကာမစိတ်ဖြစ်သည့်အခါ သူ၏အင်္ဂါဇာတ်ကို လက်ဖြင့် လုံ့လပြု၍ သုက်ကိုလွှတ်စေ၏၊ ထိုအကြောင်းကို ရဟန်းများသိ၍ ဘုရားရှင်ထံ လျှောက်ကြလေရာ ဘုရားရှင်သည် များစွာပြစ်တင် ရှုတ်ချတော်မူ၏ "သဉ္စေတနိကာ သုက္ကဝိသဋ္ဌိ, သံဃာဒိသေသော"ဟု မူလပညတ်ကို ထားတော်မူရလေသည်။

### အနုပညတ်

**အိပ်မက်၌လွှတ်စေမှု** ထိုသို့ပညတ်တော်မူပြီးနောက်များစွာသောရဟန်းတို့သည် မွန်မြတ်သော ဘောဇဉ်ကိုစားသောက်ကြပြီးလျှင် အိပ်ခါနီး၌ "မည်သည့်အချိန်ကျလျှင် ထမည်" ဟု ထဖို့ရန်လည်း သတိမပြုကြ၊ ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်းတစ်မျိုးမျိုးကိုလည်း မစီးဖြန်းကြဘဲ အမှတ်တမဲ့ အိပ်ကြလေသော် ကာမဂုဏ်နှင့် စပ်သော အိပ်မက် မက်၍ သုက်လွှတ်ကြလေသည်၊ ထိုအခါ"အာပတ်သင့်လေရော့သလား"ဟု ယုံမှားသံသယ ဖြစ်ကြသဖြင့် ဘုရားရှင်အား လျှောက်ကြလေရာ အိပ်မက် မက်၍ သုတ်လွှတ်ရာ၌ သာယာမှုစေတနာကားရှိ၏, သို့သော် ပင်ကိုယ်သတိမျိုး မရှိဘဲ အိပ်မက်ထဲ၌ ဖြစ်ရသောကြောင့် မထိန်းနိုင် မစောင့်စည်းနိုင်သော အရာဖြစ်ရကား အာပတ်မသင့်ဟု မိန့်တော်မူ၍ "အညတြ သုပိနန္တာ" ဟု အနုပညတ် ထပ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။သဉ္စေတနိကာ သုက္ကဝိသဋ္ဌိ အညတြသုပိနန္တာ သံဃာဒိသေသော။

**မြန်မာပြန်ကား။** ။အိပ်မက် မက်၍သုက်လွှတ်ခြင်းမဟုတ်ဘဲ, စေတနာအထင်အရှားရှိသော (လွှတ်စေလိုသော စေတနာဖြင့် အားထုတ်၍ဖြစ်သော) သုက်လွှတ်စေခြင်းသည် သံဃာဒိသေသ် အာပတ်ဖြစ်၏၊

သုက်လွှတ်အောင် အားထုတ်သဖြင့် သုက်လွှတ်လျှင် သံဃာဒိသေသ် အာပတ်သင့်၏ ဟူလို။]

အင်္ဂါ ၃-ပါး။ ။၁-လွှတ်စေလိုသော စေတနာရှိခြင်း, ၂-လွှတ်အောင် လုံ့လပြုခြင်း, ၃-သုက်လွှတ်ခြင်း၊ ဤ အင်္ဂါ ၃-ပါးစုံမှ အာပတ် သင့်၏၊ ထို့ကြောင့် လုံ့လမပြုဘဲ ကာမစိတ်အားကြီး၍ သူ့ဘာသာ လွတ်ရာ၌ အာပတ်မသင့်၊ သို့သော် ထိုစိတ်မျိုးဖြစ်လာလျှင် အသုဘ ဘာဝနာကို ဖြစ်စေခြင်း, ကျမ်းစာကို ကြည့်ရှုခြင်းစသည်ဖြင့် စိတ်ကို ထိန်းချုပ်လေ့ရှိစေရသည်။

[ဆောင်] လွှတ်စေလိုငှာ - စေတနာတည့်, မျာပါလုံ့လ - ပြုမိကလျှင်း, သုက်လွှတ်ခြင်းဟု, ကြောင်းရင်း ၃- လီ, အင်္ဂါညီ,သင့်ပြီစိသဒ္ဓိ။

---

## ၁။ ကာယသံသဂ္ဂသိက္ခာပုဒ်

### အမှုသည်—ရှင်ဥဒါယီ။
### အမှု—မာတုဂါမကိုဆွဲကိုင်မှု။

**အရှင်ဥဒါယီ ကျင့်ကြံပုံ** အရှင်ဥဒါယီသည် တောကျောင်း၌နေ၏၊ သူ၏ကျောင်း ကား အလွန်လှပ၏၊ အလယ်၌ အခန်းထား၍ နံပါး လေးဘက်၌ လှည့်ပတ်သွားလာဖို့ရာ စမြင် လှည့်၍ထား သည်၊ ခုတင်ထိုင်ခုံများနှင့် အခင်းခေါင်းအုံးများကိုလည်း သူနေရာနှင့်သူ သပ်သပ်ယပ်ယပ် သားသားနားနား ဆင်ပြင်ထား၏၊ သောက်ရေနှင့် ခြေ ဆေးရေ အဆင်သင့် ခပ်ထားပြီးလျှင် ကျောင်းဝင်းကိုပါ တံမြက်လှည်း ထားသဖြင့် အလွန်သာယာသော ကျောင်းဟု ဆိုထိုက်ရကား လူအများပင် တမင်တကာ ကျောင်းအကြည့် လာတတ်ကြလေသည်၊ အခါတစ်ပါး၌ ပုဏ္ဏား သမီးခင်ပွန်း ၂-ယောက် ကျောင်းကြည့်ရောက်လာလေသော် ကျောင်းပေါ် တက်၍ အရှင်ဥဒါယီက ရှေ့, ပုဏ္ဏားက အလယ်, ပုဏ္ဏေးမကလေးက နောက်ကလိုက်လျက် လှည့်ပတ်ကြည့်နေစဉ် အရှင်ဥဒါယီသည် တံခါး များကို တချို့ပိတ် တချို့ဖွင့်လုပ်ရင်း နောက်ချန်ကာ ပုဏ္ဏေးမကလေး၏ ကိုယ်အင်္ဂါကို ဆွဲငင်လေသည်။

**ပုဏ္ဏေးမကလေးက ဖော်ခြင်း** ကျောင်းကြည့်ရင်း စကားတပြောပြောနှင့် သွားနေ စဉ် ပုဏ္ဏားသည် အရှင်ဥဒါယီအား တောကျောင်း မှာ သီတင်းသုံးတော်မူသဖြင့် အလွန် မြင့်မြတ်တဲ့ အကြောင်းကိုချီးမွမ်းလေသော်, ပုဏ္ဏေးမကလေးသည် သူ့ယောကျ်ား သူ

တော်ကောင်းကို(ရှင်ဥဒါယီအပေါ် အတင်ကြီးပြီး) ဘုန်းကြီးလုပ်သွားမည် စိုးသောကြောင့် “အရှင်ဥဒါယီဟာ ဘာမြင့်မြတ်သလဲ ကျွန်မရဲ့ ကိုယ်အင်္ဂါတွေကို ရှင်ကိုင်သလို ဟိုကိုင်သည်ကိုင် ကိုင်တယ်” ဟု ထုတ်ဖော် ပြောလေသည်၊ ထိုအခါ ပုဏ္ဏားသည်“ဘုန်းကြီးတွေ မကောင်းကြောင်း,အမျိုးသမီးများနှင့်အတူ ကျောင်းသွားဖို့ မတော်ကြောင်း”ကဲ့ရဲ့သဖြင့် ဘုရားရှင်ကြား သိတော်မူလေရာ, အရှင်ဥဒါယီကို များစွာ ပြစ်တင်ရှုတ်ချတော်မူ၍ ဤကာယသံသဂ္ဂသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်ပါဠိတော်။** ။**ယော ပန ဘိက္ခု ဩတိဏ္ဏော ဝိပရိဏတေန စိတ္တေန မာတုဂါမေန သဒ္ဓိံ ကာယသံသဂ္ဂံ သမာပဇ္ဇေယျ ဟတ္ထဂ္ဂါဟံ ဝါ ဝေဏိဂ္ဂါဟံ ဝါ အညတရဿ ဝါ အညတရဿ ဝါ အင်္ဂဿ ပရာမသနံ သံဃာဒိသေသော။**

**သိက္ခာပုဒ်မြန်မာပြန်။** ။အကြင်ရဟန်းမှာ မာတုဂါမကို သုံးသပ်ကိုင်ဆွဲ လိုသောရာဂသည် ဘီလူးအသွင် ပူးဝင်၍နေသဖြင့် မရိုးမသားစိတ် ဖောက်ပြားပြီးလျှင် မာတုဂါမနှင့်အတူ ကိုလက်နှီးနှောအံ့, လက်ကို ဆွဲအံ့, ဆံထုံးဆံပင် တစ်ခုခုကိုကိုင်အံ့, အင်္ဂါကြီးငယ် တစ်ခုခုကို သုံးသပ်ကိုင်ဆွဲအံ့၊ ထိုရဟန်းမှာ သံဃာဒိသေသ်အာပတ်သင့်၏။

**အင်္ဂါ ၅-ပါး။** ။၁-လူမိန်းမဖြစ်ခြင်း, ၂-မိန်းမမှန်းသိခြင်း, ၃-ကာယသံသဂ္ဂရာဂရှိခြင်း, ၄-ထိမိအောင် လုံ့လပြုခြင်း, ၅-လက်စသည်ကို ကိုင်မိခြင်း ဤအင်္ဂါငါးပါးညီလျှင် အာပတ်သင့်၏။

**[ဆောင်]** လူမိန်းမစင်, မိန်းမထင်လျက်, သံသဂ်ရာဂ, လုံ့လပြုခြင်း, ကိုင်မိခြင်းဟု, ကြောင်းရင်း ၅-လီ, အင်္ဂါညီ, သင့်ပြီသံသဂ္ဂ။

**မှတ်ချက်။** ။မာတုဂါမကိုယ်၌ ဝတ်ထားသော အဝတ်စသည်ကို ကိုင်လျှင် ထုလ္လစ္စည်းအာပတ်သင့်၍, မာတုဂါမဝတ်ဖို့ထားသောအဝတ်တန်ဆာများကိုကိုင်လျှင် ဒုက္ကဋ်အာပတ်သင့်သေး၏၊ ရိုးသားသော စိတ်ဖြင့် အမိ,နှမ,အစ်မ စသူကိုကိုင်လျှင်လည်း ဒုက္ကဋ်အာပတ်ပင်၊ စာရွက်ရေခွက် စသည်၌ ရေးဆွဲထုလုပ်ထားသော မိန်းမရုပ်များကိုလည်း မကိုင်ကောင်း, ဒုက္ကဋ်ပင်၊ ကိုင်မှဖြစ်တော့မည့် အရာ၌ကား ထိုအရုပ်ကိုမထိစေဘဲလည်းကောင်း, ခါးငယ် ခဲတံစသည်ဖြင့် ခြစ်၍အနည်းငယ်မျှဖျက်ပြီးမှလည်းကောင်းကိုင်ကောင်းသည်။

**မထိမကိုင်ကောင်းများ** မာတုဂါမနှင့် စပ်ဆိုင်ရာသာမက, သာယာဖွယ်ပစ္စည်းဖြစ်သောကြောင့်ဖြစ်စေ, သူတစ်ပါးကို နှိပ်စက်ဖွယ်ပစ္စည်းဖြစ်သောကြောင့် ဖြစ်စေ, ထိကိုင်လျှင် လက်ဆော့ရာရောက်သဖြင့် လူကြီးလူကောင်း မပီသသောကြောင့်ဖြစ်စေ, တားမြစ်ထားသော အခြားမထိမကိုင်ကောင်းများလည်းရှိသေး၏၊ ထိုဝတ္ထုများကို(မတော်တဆ ထိမိခြင်းမျိုးမဟုတ်ဘဲ)တမင်တကာထိ, ကိုင်လျှင် ဒုက္ကဋ်အာပတ်သင့်၏။ ထိုပစ္စည်းများကား—

**စပါးအမျိုးမျိုး** ရဟန်းတော်များသည် သလေးစပါး မုယောစပါး စသော စပါးအမျိုးမျိုးကို မထိမကိုင်ရ၊ လယ်ခင်း၌သာ လမ်းရှိ၍ အခြားနေရာ၌ လမ်းမရှိသဖြင့် သွားခွင့်ကြုံလျှင် စပါးအသီးများကို မထိမကိုင်မိအောင် သတိထား၍သွားရမည်၊ အိမ်ဝင်းပေါက် စသည်၌ စပါးဖြန့်ထားရာဝယ် နင်း၍သွားမှဖြစ်လျှင် "လမ်း" ဟု သဘောထား၍ နင်းသွားနိုင်၏၊ စပါးပုံပေါ်မှာ နေရာခင်းပေးလျှင်လည်း ထိုင်ကောင်း၏။

**သစ်သီးများ** အပင်၌ သီးနေသော ပဲအမျိုးမျိုး, ထန်းအုန်း ငှက်ပျော စသော အသီးအမျိုးမျိုးကိုလည်း လက်ဆော့သောအားဖြင့် မထိမကိုင်ရ၊ သစ်ပင်မှဆွတ်ခူးပြီးသော လူတို့သစ်သီးကိုလည်း (အကပ်မခံဘဲ) မကိုင်ရ၊ သို့သော် သစ်ပင်အောက်၌ ကြွေကျနေသော သစ်သီးကို လူ သာမဏေတို့အဖို့ ရည်မှန်း၍ ကောက်ယူကောင်း၏၊ လူသာမဏေတို့အားပေးပြီးနောက် သူတို့ကပြန်၍ ကပ်လှူလျှင်လည်း သုံးစားကောင်း၏။ [ရဟန်းများ ပိုင်သော သစ်သီးကိုလည်း အကပ်မခံဘဲမကိုင်ရ၊ ကိုင်မိရုံမျှဖြင့် ထိုရဟန်း မစားကောင်း၊ နေရာရွှေ့အောင်ကိုင်မိလျှင် ထိုသစ်သီးကို အခြား ရဟန်းများလည်း မစားကောင်း။]

**ရတနာအမျိုးမျိုး** ပုလဲ ပတ္တမြားမှစ၍ ရွှေငွေ (ပိုက်ဆံ, ငွေစက္ကူတို့ပါ) ရတနာ အမျိုးမျိုးကိုလည်း မထိမကိုင်ရ၊ [ငွေကိုင်လျှင် ဒုက္ကဋ်အာပတ်, မိဘဒကာ ဒကာမတို့က လှူသည်ကိုခံယူလျှင် လည်းကောင်း, ကိုယ်နှုတ်ဖြင့် မခံယူသော်လည်း စိတ်ထဲ၌ သာယာနေလျှင် လည်းကောင်း, သက်သက်အလှူခံ၍ ယူလျှင်လည်းကောင်း, ပါစိတ်အာပတ်သင့်၏, ကိုင်တိုင်း ဒုက္ကဋ်အာပတ်သင့်၏။] ရွှေငွေဖြင့် ပြုလုပ်ထားသော စေတီ,ကြုတ်,ဆင်းတုတော်များကို မထိမကိုင်ရ၊ ထိုဆင်းတုစေတီတော်ပေါ်မှာ တင်နေသော အမှိုက် အညစ်အကြေးကိုကား ရှင်းလင်း သုတ်သင်ကောင်း၏၊ စေတီတော်

စသည်အား လှူထားသောရွှေငွေလုပ်ပစ္စည်းများကိုမူဘုရားစောင့်ရဟန်းတော်သည် ကိုင်၍ ဟိုဟိုသည်သည် ရွှေကောင်းသတဲ့၊ ရွှေကျောင်းနှင့် ကျောင်းသံဃိကရွှေငွေလုပ် ပစ္စည်းများကိုးကား (မထိမဖြစ်၍) ထိကိုင်ကောင်းပြန်၏။

**လက်နက်အမျိုးမျိုး** ဓား လှံ သေနတ်စသောလက်နက်အမျိုးမျိုးကိုလည်း မထိမကိုင်ရ၊ လက်နက်အဖြစ် အသုံးပြုသမျှ န္တားရိုက်တံဖျာ (နှင်တံ)ကိုမျှ မကိုင်ရ၊ လက်နက်မဟုတ်လျှင်ကား ထင်းဖြတ်ဖို့ဓားစသည်ကို ကိုင်ကောင်း၏၊ ပိုက်ကွန်မြှုံး စသည်ကိုလည်းမကိုင်ရ၊ ထိုပစ္စည်းများကို လှူလာလျှင် လက်နက် ပိုက်ကွန်အဖြစ်ကိုဖျက်၍ သင့်တော်သောနေရာ၌ သုံးစွဲကောင်း၏။

**တူရိယာအမျိုးမျိုး** တီးမှုတ်ခြင်းနှင့် စပ်ဆိုင်သော တူရိယာမျိုးကိုလည်း မထိမကိုင်ရ၊ အဋ္ဌကထာ၌ ဗုံ,စောင်းစသည်သာ လာသော်လည်း နဲ့ ပလွေ လင်းကွင်းစသော တူရိယာဟူသမျှမထိမကိုင်ရဟု ယူဆကြသည်၊ လှူလာလျှင်ကား တူရိယာအဖြစ်ကိုဖျက်၍ သင့်တော်သောနေရာ၌ သုံးစွဲကောင်း၏။

---

## ၈။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်

**အမှုသည်–ရှင်ဥဒါယီ။**

**အမှု–အယုတ်တမာ ပြောဆိုမှု။**

**ရှင်ဥဒါယီ ပြောပုံ** ရှင်ဥဒါယီသည် သာဝတ္ထိပြည် (ရှေ့သိက္ခာပုဒ်၌ပြခဲ့သော) တောကျောင်းဝယ်နေ၏၊ များစွာသော မိန်းမတို့သည် ကျောင်းအကြည့်လာကြ၏၊ ရှင်ဥဒါယီသည် ထိုမိန်းမတို့အား ကျောင်းပြပြီးနောက် ထိုမိန်းမအချို့၏ဝစ္စမဂ်ပဿာဝမဂ်ကိုရည်ရွယ်၍ လှကြောင်းကိုလည်း ချီးမွမ်း၏၊ တချို့မိန်းမမဂ်များ မလှကြောင်းကိုလည်း ကဲ့ရဲ့၏၊ (ဘာရယ်လို့ နာမည်မတပ်ဘဲ ဝစ္စမဂ်ပဿာဝမဂ်ကိုရည်စူး၍) "ငါ့ပေးစမ်းပါ့, ငါ့ပေးထိုက်တယ်"ဟု တောင်း၏၊ "မင့် အမေကငါ့များ ဘယ်တော့ကြည်ညိုပါ့မလဲ (ကြည်ညိုရင်တော့ မင်းရဲ့မေထုန်ရမှာဘဲ)" ဟု တောင့်တစကား ပြော၏၊ "မင်းတို့ရဲ့ယောကျ်ားများကို ဘယ်လိုနေပြီး ပေးသလဲ"ဟု (မေထုန်ပေးပုံကိုလည်း)မေး၏၊ "ဒီလိုနေပြီးပေးရတယ်, ဒီလိုနေပြီးပေးမှ ယောကျ်ားကချစ်တယ်"ဟု ပေးနည်းကိုလည်းသင်ပြ၏၊ ဤသို့ စသည်ဖြင့် အမျိုးကောင်းသမီးတို့ မကြားကောင်း မနာသာ ယုတ်ယုတ်မာမာတွေကို ပြောလေသည်။

သိက္ခာပုဒ်ပညတ်ရပုံ ထိုဥဒါယီ၏ စကားကို အရှက်မရှိသော မိန်းမတွေက ရယ်ကြမောကြနှင့် သဘောကျကြသော်လည်း အရှက်ရှိသော အမျိုးကောင်းသမီးတို့ကမူ ထိုနေရာမှထွက်၍ အခြား ရဟန်းများကို ကဲ့ရဲ့အောင် လျှောက်ကြသည်မှာ— "အရှင်ဘုရားတို့ ဥဒါယီ ကိုယ်တော် ပြောဆိုပုံဟာ မတော်ပါဘူး, ဒီစကားမျိုးကို ကိုယ့်ယောကျ်ားက ပြောတာတောင် မနှစ်သက်နိုင်ပါ, ရှင်ဥဒါယီ ပြောတာကို ဘယ်မှာ တပည့်တော်တို့ ခံနိုင်ပါမလဲ"ဟု လျှောက်ကြလေသော် အခြားရဟန်းတို့က ရှင်ဥဒါယီကို ကဲ့ရဲ့ကြပြီးလျှင် ဘုရားရှင်ထံလျှောက်ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်ပါဠိတော်။ ။**ယော ပန ဘိက္ခု ဩတိဏ္ဏော ဝိပရိဏတေန စိတ္တေန မာတုဂါမံ ဒုဋ္ဌုလ္လာဟိ ဝါစာဟိ ဩဘာသေယျ၊ ယထာတံ ယုဝါ ယုဝတိံ မေထုနုပသံဟိတာဟိ သံဃာဒိသေသော။**

သိက္ခာပုဒ်မြန်မာပြန်။ ။အကြင် ရဟန်းသည် ဘီလူးအသွင် ရာဂပူးဝင် အပ်သည်ဖြစ်၍ (ရိုးသားသော စိတ်မရှိဘဲ) ဖောက်ပြန်သော စိတ်ဖြင့် မာတုဂါမကို ဝစ္စမဂ်ပဿာဝမဂ် မေထုန်နှင့်စပ်သော ရုန့်ရင်းသော စကားတို့ဖြင့် ယုတ်ယုတ်မာမာပြောဆိုအံ့၊ [လုလင်ပျိုတစ်ယောက်က မိန်းမပျိုတစ်ယောက်ကို မေထုန်နှင့်စပ်သော စကားတို့ဖြင့် မရှက်မကြောက် ပြောဆိုနည်းမျိုးတည်း။] ထိုသို့ ပြောဆိုသော ရဟန်းသည် သံဃာဒိသေသ်အာပတ်သင့်၏။

အင်္ဂါ ၅-ပါး။ ။၁-လူအစစ် မိန်းမဖြစ်ခြင်း (လူယောင်ဆောင်သော နဂါးမစသည် မဟုတ်ရ), ၂-မိန်းမမှန်းသိခြင်း, ၃-ဒုဋ္ဌုလ္လဝါစဿာဒရာဂ (ယုတ်ယုတ်မာမာ ပြောနေရသည်ကို သာယာသောရာဂ)ရှိခြင်း, ၄-ထိုရာဂဖြင့် ယုတ်ယုတ်မာမာ ပြောဆိုခြင်း, ၅-ပြောလျှင်ပြောခြင်း (ကပြောခံရသူက)သိခြင်း၊ ဤအင်္ဂါ ၅-ပါး ညီညွတ်လျှင် ဤသိက္ခာပုဒ်အရ သံဃာဒိသေသ်အာပတ်သင့်၏။

[ဆောင်] လူမိန်းမပင်, မိန်းမထင်လတ်, ဝါစဿာဒ, ထိုရာဂဖြင့်-ပြောပြလေဘိ, ချက်ချင်းသိဟု, ကြောင်းရှိ၅-လီ, အင်္ဂါညီ, သင့်ပြီဒုဋ္ဌုလ္လာ။

**မှတ်ချက်။** ။ဝစ္စမဂ်ပဿာဝမဂ်၏လှကြောင်းကို ချီးမွမ်းလျှင်လည်းကောင်း, မလှကြောင်း တစ်စုံတစ်ရာ ချို့ယွင်းနေကြောင်းကို ကဲ့ရဲ့လျှင်လည်းကောင်း သံဃာဒိသေသ် အာပတ်ပင်၊ ထိုသို့ ချီးမွမ်းသည်ဖြစ်စေ, ကဲ့ရဲ့သည်ဖြစ်စေ အပြောခံရသော မိန်းမကနားလည်မှလည်း သံဃာဒိသေသ်သင့်သည်၊ နားမလည်လျှင် ဒုက္ကဋ်အာပတ်သာသင့်၏။

---

## ၁။ အတ္တကာမပါရိစရိယသိက္ခာပုဒ်

### အမှုသည်—ရှင်ဥဒါယီ။

### အမှု—မေထုန်အလှူခံမှု။

**မေထုန်အလှူခံပုံ** ရှင်ဥဒါယီသည် သာဝတ္ထိပြည်၌ ဟိုအိမ်ကပ်ဒီအိမ်ကပ်နှင့် လူ့အိမ်သို့ ချဉ်းကပ်သွားလာတတ်သော ရဟန်းတည်း၊ လင်သေပြီးသော မုဆိုးမတစ်ယောက်ကား အလွန်အဆင်းလှ၏၊ ဥဒါယီသည် ဆွမ်းခံသွားရင်း ထိုမာတုဂါမ အိမ်သို့ဝင်၍ တရားစကားပြောလေရာ ထိုမာတုဂါမက တရားကို သဘောကျ၍ ပစ္စည်း ၄-ပါး ဖိတ်လေလော် ..."ငါတို့မှာ ဆွမ်း,သင်္ကန်း,ကျောင်း,ဆေးဆိုတဲ့ပစ္စည်း ၄-ပါးတော့ ရလွယ်ပါတယ် ရခဲတာကိုလှူပါလား"ဟု ပြောဆိုလေသည်၊ မာတုဂါမက" ဘာများရခဲပါသလဲ"ဟု မေးလျှင် "မေထုန်ရခဲသည်" ဟု ပြောလေသည်၊ မာတုပါမက "အလိုရှိပါသလား"... ဥဒါယီက" အလိုရှိတာပေါ့" - မာတုဂါမက "လိုက်ခဲ့"ဟုခေါ်ပြီးလျှင် အခန်းတွင်းဝင်၍ အဝတ်လှစ်ပြီး ခုတင်ပေါ် ပက်လက် အိပ်နေလေသည်၊ ထိုအခါ ရှင်ဥဒါယီ လိုက်သွား၍— "ထွီ(ရွံစရာ) ဒီအနံ့မကောင်းတဲ့ အယုတ်တမာကို ဘယ်သူသုံးသပ်ချင်မှာလဲ"ဟု ပြောဆို ထွက်သွားလေသည်။

**မခံချင်၍ ပြစ်တင်ကဲ့ရဲ့ပုံ** ထိုမာတုဂါမသည် ဥဒါယီက ထွီ ဟုဆို၍ပြောဆိုထွက်သွားသည်ကိုမခံချင်သောကြောင့် "စည်းစိမ်ဥစ္စာအဆင်းအားဖြင့် ဘယ်မိန်းမနှင့်ပြိုင်ပြိုင် ငါက အောက်မကျဘူး, ဥဒါယီဟာ ငါ့ကိုမေထုန်တောင်းပြီး မကောင်းသော အနံ့ရှိသလေး,အယုတ်တမာလေးနှင့် ငါ့ဥစ္စာကို ရှုတ်ချသွားတယ်"ဟု ကဲ့ရဲ့သည်မှစ၍ ဥဒါယီ၏ မေထုန်တောင်းမှုကို ဘုရားရှင်ကြားတော်မူလျှင် ရှင်ဥဒါယီအား များစွာ ပြစ်တင် ကဲ့ရဲ့တော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်ပါဠိတော်။** ''ယော ပန ဘိက္ခု ဩတိဏ္ဏော ဝိပရိဏတေန စိတ္တေန မာတုဂါမဿ သန္တိကေ အတ္တကာမပါရိစရိယာယ ဝဏ္ဏံ ဘာသေယျ၊ ဧတဒဂ္ဂံ ဘဂိနိ ပါရိစရိယာနံ, ယာ မာဒိသံ သီလဝန္တံ ကလျာဏဓမ္မံ ဗြဟ္မစာရိံ ဧတေန ဓမ္မေန ပရိစရေယျာတိ မေထုနူပသံဟိတေန၊ သံဃာဒိသေသော။

**သိက္ခာပုဒ်မြန်မာပြန်။** ၊အကြင်ရဟန်းသည် ရာဂတည်းဟူသော တွင်းသို့ (စိတ်အားဖြင့်) သက်ဆင်းကျရောက် နေရကား ပရိုးမသား ဖောက်ပြားသောစိတ်ဖြင့် မာတုဂါမအထံ၌ မိမိအတွက် ကာမဖြင့် ပြုစုရခြင်း၏ အကျိုးကျေးဇူးကို ဟောပြောအံ့ (ကာမဖြင့် လုပ်ကျွေးဖို့ရန် ကာမကို တောင်းအံ့-ဟူလို၊) [ဧတဒဂ္ဂံ ဘဂိနိ-စသော စကားကား ကာမဖြင့်ပြုစုရခြင်း၏ အကျိုးကျေးဇူးကို ပြောပြသော စကားတည်း၊ နှမ .. သီလသိက္ခာရှိလျက် ကိုယ်ကျင့်တရားပြည့်ဝ၍ (အဗြဟ္မစရိယမှ ရှောင်ကြဉ်ကာ) ဗြဟ္မာစရီဖြစ်သော ငါလိုပုဂ္ဂိုလ်ကို မေထုန်ပေးလှူခြင်းသည် ပစ္စည်း ၄-ပါး အလှူများနှင့် လားလားမျှ မတူအောင် မြင့်ခေါင်ကြီးကျယ်သော အကျိုးကို ရတတ်သဖြင့် အမြတ်ဆုံး အလှူဖြစ်သည်၊] ဤသို့ မေထုန်နှင့်စပ်သော စကားဖြင့် ပြောဆိုသော ရဟန်းသည် သံဃာဒိသေသ် အာပတ်သင့်၏။

**အင်္ဂါ ၅-ပါး။** ။၁ လူသားစင်စစ် မိန်းမဖြစ်ခြင်း, ၂-လူမိန်းမမှန်းသိခြင်း, ၃-အတ္တကာမ ပါရိစရိယရာဂ (မိမိလိုလားအပ်သောကာမဂုဏ်ဖြင့်ပြုစုစေလိုသောရာဂ) ရှိခြင်း, ၄-ဂုဏ်ကျေးဇူးကို ပြောဆိုတောင်းခံခြင်း, ၅-အကောင်းခံရသူ မိန်းမကနားလည်ခြင်း ဤအင်္ဂါငါးပါး ညီလျှင် သံဃာဒိသေသသ် အာပတ်သင့်၏။

**[ဆောင်]** လူမိန်းမပင်, မိန်းမထင်လျက်, ကိုယ့်တွက်တာဟု-ကာမမှုဖြင့်-ပြုစေလိုတံ့-ရာဂကြို၍, ဂုဏ်းကိုပြောဘိ, ချက်ချင်းသိဟု, ကြောင်းရှိ ၅-လီ, အင်္ဂါညီ, သင့်ပြီကာမ-ပါရိစရိယ။

## ၄။ သဥ္စရိတ္တသိက္ခာပုဒ်

### မူလပညတ်

**အမှုသည် - ရှင်ဥဒါယီ။**

**အမှု - အောင်သွယ်မှု။**

**အောင်သွယ်မှု** ရှင်ဥဒါယီသည် များစွာသော အမျိုးအိမ်သို့ သွားလာ ထွက်ဝင်တတ်သော (အလယ်စား) ရဟန်းတစ်ပါးဖြစ်၍ အပျိုလူပျိုရှိသော အိမ်ကိုလည်း သိနိုင်၏၊ လူပျိုကလေး၏ မိဘများအထံ၌ အခြားအိမ်က မိန်းမပျို၏ဂုဏ်ကို များစွာပြောပေး၏၊ မိန်းမပျို၏ မိဘများ အထံ၌လည်း အခြားအိမ်က လုလင်ပျို၏ ဂုဏ်ကို များစွာပြောပေး၏၊ "မည်သည့်ယောကျ်ားကလေးသည် မည်သည့်မိန်းကလေးနှင့် သင့်တော်၏" ဟုလည်း ပြောလေ့ရှိ၏၊ ဤနည်းအားဖြင့် ရှင်ဥဒါယီဆွယ်ပေး၍ အကြောင်း ပါသွားကြသော အိမ်ထောင်သည်တို့ကား သာဝတ္ထိမြို့၌ အတော်များပြား လေသည်။

**ကျိန်ဆဲကြ, ဆုတောင်းကြ** ထိုသို့ ရှင်ဥဒါယီ အောင်သွယ်ပေးမှုကြောင့် အကြောင်း ပါရသော မာတုဂါမတို့တွင် ဆိုးဝါးသော ယောက္ခမ မိဘတို့နှင့် အတူနေရသော မာတုဂါမတို့က "ငါတို့ ဆင်းရဲသလို ဥဒါယီကိုယ်တော်ကြီးလဲ ဆင်းရဲဒုက္ခ ရောက်ပါစေဟယ်" ဟု ကျိန်ဆဲကြ၏၊ ယောက္ခမမိဘတို့နှင့် ချမ်းချမ်းသာသာ နေထိုင်ရသူတို့ကမူ "ငါတို့ ချမ်းသာသလို အရှင်ဥဒါယီကိုယ်တော်လဲ ချမ်းသာတော်မူပါစေ, ငါတို့မှာ အရာရာစီစဉ်ပြီးရှိသလို အရှင်ဥဒါယီ ကိုယ်တော်မှာလဲ စီစဉ်ပြီး ရှိပါစေ, ငါတို့ ချမ်းသာ အဆီယစ်နေသလို အရှင်ဥဒါယီ ကိုယ်တော်လဲ ချမ်းသာအဆီယစ်တော်မူပါစေ"ဟု ဆုတောင်းကြ၏၊ ထိုသို့ အချို့ကကျိန်ဆဲ ကြ၍ အချို့က ဆုမွန်ကောင်း တောင်းကြသည်ကို ရဟန်းများမှတစ်ဆင့် ဘုရားရှင်ကြားတော်မူ၍ "ယောပနဘိက္ခု သဥ္စရိတ္တံ သမာပဇ္ဇေယျ ဣတ္ထိ- ယာဝါ ပုရိသမတိံ ပုရိသဿဝါ ဣတ္ထိမတိံ ဇာယတ္တနေဝါ ဇာရတ္တနေဝါ၊ သံဃာဒိသေသော"ဟု ရှေးဦးစွာ ပညတ်တော်မူရလေသည်။

**အနုပညတ်** အခါတစ်ပါး၌ မိန်းမ လိုက်စားသော လူတစ်စုတို့သည် ဥယျာဉ်တစ်ခုမှနေ၍ ပြည့်တန်ဆာမတစ်ယောက်ကိုအခေါ် ခိုင်းကြ၏၊ ပြည့်တန်ဆာမကား လိုက်မလာချေ၊ ထိုအခါ လူတစ်ယောက်က

''ဘာပြုလို့ ဒီပြည့်တန်ဆာမကို တောင်းတောင်းပန်ပန် ခေါ်နေရသလဲ'' အရှင်ဥဒါယီပြောလျှင် အရှင်ဥဒါယီက သူ့ကို လွှတ်လိုက်မှာပေါ့'' ဟု ပြောလေသော် ထိုစကားကိုကြားသော သီတင်းသည် ဥပါသကာက ''မောင်-ဒီလိုမပြောပါနဲ့, ရဟန်းတော်များမှာ ဒီအမှုကိုမအပ်ပါဘူး''ဟု ကန့်ကွက်၏၊ ထို့နောက်... ''ဒီအမှုကို ရှင်ဥဒါယီပြုစေရဲ့, မပြုစေဘူး''ဟု ငြင်းခုန်၍ အလောင်းအစား ပြုပြီးလျှင် ရှင်ဥဒါယီထံသွား၍ ထိုပြည့်တန်ဆာမကို လွှတ်လိုက်ပါရန် တောင်းပန်ကြလေသည်၊ ရှင်ဥဒါယီလည်း ပြည့်တန်ဆာမ ထံသွား၍ ထိုသူများဆီလိုက်သွားဖို့ ပြောပြလေရာ, ပြည့်တန်ဆာမက ''ဒီလူတွေကို တပည့်တော်မသိပါ, တပည့်တော်မှာလဲ တန်ဖိုးများသော အဝတ်တန်ဆာ ရှိနေသည့်ပြင်, မြို့ပြင်လိုက်ရမည်ဖြစ်၍ မလိုက်လိုကြောင်း ''လျှောက်လေ၏၊ ထိုအခါ ရှင်ဥဒါယီက ''လိုက်သာလိုက်သွားပါ, သူတို့ကို ငါသိပါတယ်''ဟု ပြောသဖြင့် လိုက်သွားရလေသည်၊ ထိုအခါ အလောင်းအစား လုပ်သော ဥပါသကာသည် များစွာကဲ့ရဲ့၍ ရဟန်းများကို လျှောက်ထားသဖြင့် ဘုရားထံရောက်ပြန်ရာ ''အနွှမသော တခ်ဏိကာယပိ''ဟု ထပ်၍ ပညတ်တော် မူရပြန်လေသည်၊ [ယခုကာလ ပြည့်တန်ဆာမ များကို ''တခ်ဏိကာယော''ဟု ခေါ်သည်။]

**သိက္ခာပုဒ်မြန်မာပြန်။** ။အကြင် ရဟန်းသည် အောင်သွယ် ပေးအံ့၊ ယောကျ်ားဘက်ကခိုင်းသဖြင့် ယောကျ်ားအလိုကို မိန်းမအား မယားဖြစ်ဖို့ရန် ပြောအံ့၊ မိန်းမဘက်က ခိုင်း၍ ယောကျ်ား အား လင်ဖြစ်ဖို့ရန် ပြောအံ့၊ အယုတ်ဆုံး တစ်ခဏမျှ ပေါင်း အပ်သော ပြည့်တန်ဆာမကိုလည်း ပြောအံ့၊ ထိုရဟန်း သံဃာဒိသေသ် အာပတ်သင့်၏။

**သိက္ခာပုဒ်အင်္ဂါ ၅-ပါး။** ။၁-မိန်းမယောကျ်ားတို့လူသားစင်စစ်ဖြစ်ခြင်း, ၂-အောင်သွယ် ထိုက်ခြင်း, ၃-ဝန်ခံခြင်း, ၄-စုံစမ်းခြင်း, ၅-ပြန်ပြောခြင်း၊ ဤအင်္ဂါ ၅-ပါးညီလျှင် သဉ္စရိတ္တသံဃာ ဒိသေသ်သင့်၏။

**ရှုဦးအံ့။** ။'' ၂-အောင်သွယ် ထိုက်ခြင်း '' ဟူသည် တစ်ယောက်နှင့် တစ်ယောက် သမီးခင်ပွန်း မဖြစ်သေးခြင်း, ဖြစ်သော်လည်း ယခုအချိန်မှာ ကွာပြီးရှင်းပြီးဖြစ်ခြင်းကို ဆိုလိုသည်၊ ၃-''ဝန်ခံခြင်း'' ဟူသည် ''မည်သူ့ကို ပြောပေးပါ'' ဟု စေခိုင်းသည့်အခါ နှုတ်ဖြင့်ဖြစ်စေ, ဦးခေါင်းညိတ်၍

ဖြစ်စေ, ဝန်ခံခြင်းတည်း၊ ၄–"စုံစမ်းခြင်း" ဟူသည် ဝန်ခံခဲ့သည့်အတိုင်း သွား၍ သဘောတူ, မတူကို စုံစမ်းခြင်းတည်း၊ ၅– "ပြန်ပြောခြင်း" ဟူသည် စုံစမ်းပြီးနောက် ထိုသူ့သဘောကို ပြန်၍ပြောခြင်းတည်း၊ ထိုကဲ့သို့ အောင်သွယ်ပေးရာ၌ သူတို့ချင်းပေါင်းရသည်ဖြစ်စေ, မပေါင်းရသည်ဖြစ်စေ၊ အင်္ဂါ ၅ ပါးညီလျှင် အာပတ်သင့်လေပြီ။

[ဆောင်] ကျား-မ ၂-ရပ်-လူသားဇာတ်တို့,ကင်းပြတ်ကွဲခိုက်-အောင်သွယ်ထိုက်၍,ခိုင်းခိုက်ဝန်ခံ,စုံစမ်းဟန်နှင့်, တစ်ဖန်မယွင်းပြန်ပြောခြင်းဟု, ကြောင်းရင်း ၅-လီ, အင်္ဂါညီ, သင့်ပြီ သဉ္ဇရိတ်။

## ၈။ ကုဋ္ဌိကာ ရသိက္ခာပုဒ်

### အမှုသည်–အာဠဝီတိုင်းသား ရဟန်းများ။
### အမှု–အတောင်းအရမ်းများမှု။

**အာဠဝီရဟန်းတို့ အတောင်း အရမ်း များပုံ** အာဠဝီတိုင်းသား ရဟန်းတို့သည် ကျောင်း ဒကာမရှိဘဲ မိမိတို့ဘာသာ ပဲ့ခွပ်ပုဆိန်စသော လက်သမား ကိရိယာကို ငှားရမ်း၍ မိမိတို့ နေထိုင်ဖို့ရာ ကျောင်းဆောက်ကြကုန်၏၊ "မည်သည့် အရွယ်လောက်ရှိလျှင် ကျောင်းပြီးစေမည်" ဟုကား အတိုင်းအရှည်ပမာဏ မရှိချေ၊ ထို့ကြောင့် ထိုကျောင်းများသည် မပြီးနိုင်ဘဲ ရှိလေရာ "ယောကျ်ားတစ်ယောက်လောက် ပေးကြစမ်းပါဦး, ယောကျ်ားများ လုပ်ရမည့်အလုပ်ကို လုပ်ပေးကြပါဦး, နွားငှားကြပါဦး, လှည်းငှားကြပါဦး, ပဲခွပ်,ဓားမ,ပေါက်တူး,ဆောက်များ ငှားကြပါဦး, နွယ်-ဝါး-မြက် မြေညက်များ ပေးကြပါဦး" ဤသို့ စသည်ဖြင့် ခဏခဏ အတောင်းအရမ်း လာကြလေသည်။

**လူတွေဖြစ်ပုံ** ရဟန်းများ၏ အတောင်း အရမ်းဖြင့် နှိပ်စက် ခံရသူတို့သည် ရဟန်းတွေကိုမြင်လျှင် တောင်းလိမ့်ဦးမည် ထင်၍ ထိတ်ခနဲ ဖြစ်ကြကုန်၏၊ (မြွေကိုမြင်လျှင် လန့်ပြီး နောက်ဆုတ်သကဲ့သို့) ရဟန်းများကိုမြင်လျှင် လန့်ပြီးနောက်ဆုတ်ကြကုန်၏၊ တချို့လည်း ခပ်ဝေးဝေးမှပင် ထွက်ပြေးကြကုန်၏၊ တချို့လည်း ရဟန်းများ သွားရာလမ်းမှ ရှောင်လွှဲ၍ အခြားလမ်းဖြင့် သွားကြကုန်၏၊ ထိုသို့ မရှောင်သာလျှင် မျက်နှာချင်း မဆိုင်မိအောင် မျက်နှာလွှဲ၍ နေကြကုန်၏၊ ရဟန်းများ လာနေသည်ကို မြင်လျှင်

အိမ်ရှင်တို့က အိမ်တံခါးကို ပိတ်ထားကြကုန်၏၊ ခပ်ဝေးဝေး၌ နွားမကြီးကို မြင်ရုံမျှဖြင့် ရဟန်းထင်၍ ပြေးကြသူတွေလည်း မရှားပင်၊ ထိုကဲ့သို့ ဖြစ်ချိန်မှာ အရှင်မဟာကဿပသည် အာဠဝီပြည်၌ သီတင်းသုံးခိုက်နှင့် ကြုံ၍ ဆွမ်းခံဝင်တော်မူရာ အရှင်မဟာကဿပကိုလည်း အခြားရဟန်းများ နည်းတူ အပြုအမူခံရလေသည်။

**မဏိကဏ္ဍဇာတ်** ထိုအချိန်မှာပင် ဗုဒ္ဓရှင်တော်မြတ်လည်း ရာဇဂြိုဟ်မှ အာဠဝီမြို့သို့ ကြွလာတော်မူလေရာ အရှင်မဟာကဿပသည် အာဠဝီရဟန်းတို့ အတောင်းအရမ်းများသဖြင့် လူတို့ အကြည်ညိုပျက်ပြားပုံကို ဘုရားရှင်အား လျှောက်လေသည်၊ ထိုအခါ ဘုရားရှင်သည် ထိုရဟန်းတို့ကို များစွာပြစ်တင်တော်မူ၍ အတောင်းအရမ်းများလျှင် လူကိုမဆိုထားဘိ, တိရစ္ဆာန်များပင် မုန်းတတ်ကြောင်းကို ပြလိုရကား မဏိကဏ္ဍဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ၌ ဂင်္ဂါမြစ်ကမ်းဝယ် ညီနောင်ရသေ့ ၂-ဦးတို့ နေကြလေသည်၊ ညီငယ်ရသေ့သည် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်း ပွားများလေ့ ရှိသဖြင့် (လည်ပင်း၌ ပတ္တမြားတန်ဆာ ရှိ၍) မဏိကဏ္ဍမည်သော နဂါးမင်းသည် ထို ညီငယ်ရသေ့၏ မေတ္တာစွမ်းကြောင့် ချစ်ခင်နေရကား နတ်အသွင်ဖြင့် မပြတ်လာ၍ စကားပြော၏၊ စကားပြောပြီးသည့်အခါ နဂါးအသွင်အတိုင်း ခုနစ်ထပ်လောက် အခွေဖြင့် ပတ်ပြီးလျှင် ဦးထိပ်၌ ပါးပျဉ်း မိုးကာ ကြည်ညိုသော အခြင်းအရာကို ပြလျက် နေတတ်လေသည်။

ညီငယ်ရသေ့ကမူ နဂါးကိုကြောက်သဖြင့် ပိန်ချုံးနေတော့၏၊ ထိုပိန်ချုံးနေသည်ကို နောင်တော်ရသေ့ မြင်၍ "နဂါးမလာစေလိုလျှင် သူ၏ ပတ္တမြားကို တောင်းလိုက်" ဟု အကြံပေးလေရာ နောက်တစ်ကြိမ်အလာဝယ် ပတ္တမြားကို တောင်းလေသော် "ရဟန်းက ပတ္တမြားတောင်းတယ်, ရဟန်းက ပတ္တမြားလိုချင်သတဲ့၊ ဒီ ပတ္တမြားကြောင့် ငါ့မှာ အစားအသောက် ပြည့်စုံရတယ်, ဒီပတ္တမြားကို မပေးနိုင်" ဟုဆို၍ နောက်မလာတော့ဘဲ တစ်ခါတည်း ပြန်သွားလေတော့သည်။

နဂါး လောခါမှ ကြည့်၍လှသော နဂါးကို မမြင်ရသဖြင့် ရသေ့ကလေးသာ၍ ပိန်ချုံးပြန်ရာ, နောင်တော်က-"အကြင်သူ၏ ချစ်ခြင်းကို အလိုရှိ၏၊ ထိုသူ့ကို မတောင်းရဘူး, တောင်းလျှင် မုန်းတတ်သည်ဟု ဆုံးမလေသည်၊

မြတ်စွာဘုရားသည် ဤဝတ္ထုကို ဟောတော်မူပြီးလျှင်– "အို ရဟန်းများ.... တိရစ္ဆာန်များသော်မှ တောင်းရမ်းသည်ကို မကြိုက်လျှင် လူများဆိုတာ ပြောဖွယ်ရာမရှိ, "သာ၍ပင်မကြိုက်မည်သာ"ဟု အခြားဝတ္ထု ၂-မျိုးကိုပါ မိန့်တော်မူ၍ ဤကုဋိကာရသိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။

**သိက္ခာပုဒ်ပါဠိတော်။** ။**သညာစိကာယ ပန ဘိက္ခုနာ ကုဋိ ကာရယမာနေန အသာမိကံ အတ္တုဒ္ဒေသံ ပမာဏိကာ ကာရေ-တဗ္ဗာ၊** တတြိဒံ ပမာဏံ၊ ဒီဃသော ဒွါဒသ ဝိဒတ္ထိယော သုဂတ ဝိဒတ္ထိယာ, တိရိယံ **သတ္တန္တရာ၊ ဘိက္ခူ အဘိနေတဗ္ဗာ ဝတ္ထု ဒေသနာယ၊** တေဟိ ဘိက္ခူဟိ ဝတ္ထုဒေသေတဗ္ဗံ အနာရမ္ဘံ သပရိက္ကမနံ၊ သာရမ္ဘေ စေ ဘိက္ခု ဝတ္ထုသ္မိံ **အပရိက္ကမနေ** သညာစိကာယ ကုဋိံ ကာရေယျ, ဘိက္ခူပါ **အနဘိနေယျ** ဝတ္ထုဒေသနာယ, ပမာဏံဝါ **အတိက္ကာမေယျ၊** သံဃာဒိ သေသော။

**သိက္ခာပုဒ်မြန်မာပြန်။** ။ရဟန်းသည် ပဲခွပ် ပုဆိန်စသော လက်သမား ကိရိယာများကို ငှားရမ်း၍ ကျောင်းဒကာလည်း မရှိ၊ မိမိနေဖို့လည်း ဖြစ်သော ကျောင်းကုဋ်ကို ဆောက်လုပ်လိုလျှင် (သိပ်မကြီးစေဘဲ) သင့်တော်လောက်သော ပမာဏနှင့် ယှဉ်သော ကျောင်းကုဋ်ကိုသာ, ဆောက်လုပ်စေရမည်၊ ထိုကျောင်းကုဋ်၏ ပမာဏကား– "ဘုရား အထွာတော်ဖြင့် အလျား ၁၂-ထွာ, အနံ (နံရံ အတွင်းစွန်းကို တိုင်းသောအားဖြင့်) ၇နစ်ထွာ"ဖြစ်၏၊ ထို့ပြင်-ကုဋ်နေရာကို အသေ အချာ မသတ်မှတ်သေးခင် "မည်သည့်နေရာ၌ သင့်တော်သည်"ဟု ညွှန်ပြပေးဖို့ရာ ရဟန်းတို့ကို မိမိဆောက်လိုသောနေရာသို့ ပင့်ရမည်၊ ထိုရဟန်းတို့က ပိုးရွ,ခြပုန်းစသော ခြသေ့,သစ်ကျား စသောပိုးမွှား တိရစ္ဆာန်လည်းမရှိသော ကောက်ပဲသီးနှံစိုက်ပျိုးရာ စသော အရပ် လည်း မဟုတ်၍ ဘေးရန်အန္တရာယ်ကင်းသော, ကျောင်း၏ပတ်ဝန်း ကျင်၌ လှည်းများ သွားလာနိုင်လောက်အောင် ဥပစာလည်း ကျန်ရှိ သေးသော အရပ်ကိုသာ (ကုဋ်နေရာ အဖြစ်ဖြင့်) ညွှန်ပြရမည်၊ ဘေးရန်အန္တရာယ်ရှိသောအရပ်, သို့မဟုတ် ဥပစာမကျန်သော အရပ်၌ ကိုယ်တိုင် လက်သမား ကိရိယာကို ငှားရမ်း၍ ကုဋ် ဆောက်လျှင်

လည်းကောင်း, ကုဋိနေရာကို ညွှန်ပြပေးဖို့ရာ ရဟန်းတို့ကို မပင့်လျှင် လည်းကောင်း, အလျား ၁၂ ထွာ၊ အနံ ခုနစ်ထွာ ပမာဏထက် လွန်စေလျှင် လည်းကောင်း သံဃာဒိသေသ် အာပတ်သင့်၏။

**မှတ်ချက်။** ။အတွင်း၌ဖြစ်စေ အပြင်ဘက်၌ဖြစ်စေ အတွင်းအပြင် ၂-ဘက်လုံး၌ဖြစ်စေ အင်္ဂတေ သုတ်ထားသော-သို့မဟုတ် မြေညက် သုတ်ထားသော တစ်ယောက်နေသာရုံမျှ အလျား ၁၂-ထွာ၊ အနံခုနစ်ထွာရှိသော ကျောင်းကုဋ်ကလေးကို "ဥလ္လိတ္တကုဋိ, အဝလိတ္တကုဋိ, ဥလ္လိတ္တာဝလိတ္တကုဋိ"ဟု ခေါ်၏၊ ပုဏ္ဏားတို့နေရာ၌ ထိုအိမ်ကလေးမျိုး တွေ့ရတတ်သည်၊ ယခုကာလ သစ်သား,သစ်ရွက် ကျောင်းငယ်ကလေးမျိုးကို ဤသိက္ခာပုဒ်အရ "ကုဋိ"ဟု မဆိုလို။

ထိုကျောင်းကုဋ်(ကုဋိ)ကို ဆောက်လုပ်ရာ၌ ပိုးရွ- ခြပုန်းစသည်တို့မှာ ကျောင်းဆောက်သဖြင့် ပျက်စီးကျမည်ဖြစ်၍ သနားဖွယ်ကောင်းသောကြောင့် လည်းကောင်း, ခြသေ့ စသည်တို့မှာ ရန်မူတတ်သောကြောင့်လည်းကောင်း, ကောက်ပဲသီးနှံတို့ကား ပျက်စီးသဖြင့် ဥစ္စာရှင်တို့ မကျေမနပ် ရှိတတ်သောကြောင့် လည်းကောင်း, ထိုပိုးရွ-ခြပုန်း စသည်ရှိသောအရပ်ကို ရှောင်ကြဉ်၍ကျောင်းဆောက်ရသည်။ [ဤမှနောက်၌ အင်္ဂါများကို (အထူးမပြလျှင်)ပါတိမောက်ဘာသာဋီကာမှာ ရှုပါ။]

---

## ဆ။ ဝိဟာရကာရသိက္ခာပုဒ်

**အမှုသည်—အရှင်ဆန္န။**
**အမှု—ကျောင်းဆောက်လို၍ သစ်ပင်ခုတ်စေမှု။**

**အရှင်ဆန္န၏သစ်ပင်ခုတ်စေမှု**

အရှင်ဆန္န၏ ဒါယကာ သူကြွယ် တစ်ယောက်သည် " အရှင်ဘုရား - ကျောင်းနေရာကို ကြည့်တော်မူပါ, အရှင်ဘုရားဖို့ ကျောင်းဆောက် လိုပါသည် " ဟု လျှောက်၏၊ အရှင်ဆန္နသည်ကျောင်းနေရာကို ရှင်းလင်းသည့်အခါလူအများက "နတ်ကြီးသောသစ်ပင်"ဟု အသိအမှတ်ပြု၍ ကိုးကွယ်ထားသော စေတီ သစ်ပင်ကို ခုတ်ဖြတ်စေလေသည်၊ ထိုအခါ လူအများပင် မခံမရပ်နိုင်အောင် ဖြစ်ကြ၍ ကဲ့ရဲ့ကြသောကြောင့် ဤဝိဟာရကာရသိက္ခာပုဒ်ကို ဘုရားရှင်ပညတ်တော်မူရလေသည်၊ [ဤသိက္ခာပုဒ်၌ ကျောင်းဒကာရှိခြင်း, အရွယ်ပမာဏ ကန့်သတ်ချက်မရှိခြင်းသည် ရှေ့သိက္ခာပုဒ်မှထူး၏။]

**သိက္ခာပုဒ်ပါဠိတော်။** ။မဟလ္လကံ ပန ဘိက္ခုနာ ဝိဟာရံ ကာရယ-
မာနေန သဿာမိကံ အတ္တုဒ္ဒေသံ ဘိက္ခူ အဘိနေတဗ္ဗာ
ဝတ္ထုဒေသနာယ၊ တေဟိ ဘိက္ခူဟိ ဝတ္ထု ဒေသေတဗ္ဗံ
အနာရမ္ဘံ သပရိက္ကမနံ၊ သာရမ္ဘေ စေ ဘိက္ခု ဝတ္ထုသ္မိံ
အပရိက္ကမနေ မဟလ္လကံ ဝိဟာရံ ကာရေယျ, ဘိက္ခူ ဝါ
အနဘိနေယျ ဝတ္ထုဒေသနာယ သံဃာဒိသေသော။

**သိက္ခာပုဒ်မြန်မာပြန်။** ။ဆောက်လုပ်ပေးမည့်ကျောင်းဒါယကာရှိသော ကြောင့် မြင့်မြတ်သော ကျောင်းဟု ဆိုထိုက်သော(တစ်နည်း-ဆောက် လုပ်သူ ဒါယကာရှိသဖြင့် အတိုင်းအရှည် ပမာဏမထားဘဲ ကြီးမား နိုင်သော) မိမိဖို့ ရည်စူးအပ်သော ကျောင်းကို ဆောက်လုပ်စေလို သော ရဟန်းသည် ကျောင်းနေရာကို ညွှန်ပြဖို့ရာ ရဟန်းတို့ကို (မိမိ ရည်ရွယ်ထားသော နေရာသို့ ပင့်ရမည်၊ ထိုရဟန်းတို့က ပိုးရွ, ခြပုန်း, ခြသေ့,သစ်ကျားစသော ဘေးရန်မရှိသော ကောက်ပဲသီးနှံ စိုက်ပျိုးရာ စသည်လည်း မဟုတ်သော ကျောင်း၏ ပတ်ဝန်းကျင်၌ လှည်းတစ်စီး သွားလောက်အောင် ဥပစာလည်းရှိသော နေရာကို ညွှန်ပြရမည်၊ ဘေးရန် အန္တရာယ်ရှိ၍ လှည်းတစ်စီး လှည့်ပတ်သာ လောက်အောင် ဥပစာမရှိသောနေရာ၌ မဟလ္လကကျောင်းကို ဆောက်စေလျှင် လည်း ကောင်း၊ ရဟန်းတို့ကို ကျောင်းနေရာ ညွှန်ပြဖို့ မပင့်လျှင် လည်း ကောင်း၊ ထိုရဟန်းမှာ သံဃာဒိသေသ် အာပတ်သင့်၏။

---

## ၈။ ဒုဋ္ဌဒေါသသိက္ခာပုဒ်

**အမှုသည်-မေတ္တိယ,ဘုမဇကရဟန်းများ။**

**အမှု-အရှင်ဒဗ္ဗကို ပါရာဇိကဖြင့် စွပ်စွဲမှု။**

**အရှင်ဒဗ္ဗအကြောင်း** အရှင်ဒဗ္ဗသည် မလ္လမင်း၏ သားတော်တည်း၊ ၇-နှစ် အရွယ်ကပင် ရဟန္တာဖြစ်ခဲ့သော ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ် မြတ် ဖြစ်၏၊ ထိုအရှင်သည် တစ်နေ့သ၌ တစ်ပါးတည်း ကိန်းအောင်းတော် မူစဉ် အကြံဖြစ်သည်မှာ-"ငါသည် ရသင့်ရထိုက်သော တရားထူးကို ရပြီးပြီ၊ ငါ၏ ဤခန္ဓာကိုယ်သည် နောက်ဆုံးဘဝ ဖြစ်၏၊ ဤခန္ဓာကိုယ်လည်း လေလမ်း အဝ၌ တည်နေသော မီးတောက်ကဲ့သို့ အနိစ္စတာ ( မမြဲခြင်း ) လမ်းဝ၌

တည်နေရကား မကြာခင် ချုပ်ငြိမ်းတော့မည်၊ ဤခန္ဓာကိုယ် မချုပ်ငြိမ်းခင် သံဃာ့ဝေယျာဝစ္စ (သံဃာ့ကိစ္စ)ကို ရွက်ဆောင်နေရမှု ကောင်းလေစွ" ဟု ကြံလေသည်၊ ဤအကြံကို ဘုရားရှင်အား လျှောက်ထားလေရာ ဘုရားရှင် ခွင့်ပြုတော်မူ၍ ဉတ်ကမ္မဝါစာဖြင့် သံဃာ့အလယ်မှာ "သေနာသနပညာပက=အိပ်ရာနေရာ ခင်းပေးသူ၊ ဘတ္တုဒ္ဒေသက ဆွမ်းညွှန်ချသူ" ဟု သမ္မုတိ ပေးထားလေသည်၊ "ဤသို့ သမ္မုတိရသော ရှင်ဒဗ္ဗသည် ဘုရားရှင်ကို အဖူး အမြော်လာကြသော သံဃာများအတွက် အိပ်ရာ, နေရာ ခင်းပေးမှု "မည်သည့် ဒါယကာက ဆွမ်းခံပင့်ထားပါသည်" စသည်ဖြင့် ဆွမ်းညွှန်ပြမှုကို အပြဲထာဝရပြုကာ သံဃာ့ကိစ္စကို ဆောင်ရွက်တော်မူလေသည်။

**မေတ္တိယ, ဘုမ္မဇကတို့ ဖြစ်ဇွေ** မေတ္တိယအမည်, ဘုမ္မဇကအမည် ရှိကြသော ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဝါလည်း ငယ်ကြ၏၊ ရှေးဘုန်းရှေးကံ လည်း နည်းကြ၏၊ သံဃိက ပစ္စည်းများကို သုံးစွဲသည့် အခါ ငယ်ရွယ်သူတို့မှာ ညံ့သောအိပ်ရာ နေရာကိုသာ ရမြဲထုံးစံ ဖြစ်၏၊ ထို့ကြောင့် ဝါငယ်သော မေတ္တိယ ဘုမ္မဇကတို့မှာ ညံ့သော အိပ်ရာနေရာကို သာ ရကြသည်၊ ဘုန်းကံမရှိသောကြောင့် မဲချ၍ရသော ဆွမ်းခံ အလှည့်များ လည်း ညံ့သော အိမ်များ၌သာ ကျရောက်ကြလေသည်၊ အခါတစ်ပါး၌ကား (ကောင်းမြတ်သော ဆွမ်းဟင်းများကို လှူဒါန်းလေ့ ရှိသောကြောင့်) "ကလျာဏဘတ္တိက" ဟု ထင်ရှားသော သူကြွယ်၏အိမ်သို့ မေတ္တိယဘုမ္မဇက တို့ ဆွမ်းစားအလှည့်ကျလေသော်, နက်ဖန် ဆွမ်းကောင်း, ဟင်းကောင်းနှင့် သေဌေးကိုယ်တိုင် သားသမီးများနှင့်အတူ ပြုစုမည့်အရေးကို တွေးတောဝမ်းမြောက်ကာ တစ်ညလုံး အိပ်မပျော်ကြရှာချေ။

**ထိုရဟန်းများ၏ဆိုးပုံ** ထိုသူကြွယ်သည် ညနေလောက်ကပင် ကျောင်းသို့ ကိစ္စတစ်ခုနှင့်လာ၍ အရှင်ဒဗ္ဗထံ ဝင်ပြီးလျှင် စကားစပ်မိစပ်ရာ မေးလျှောက်ရင်းက နက်ဖန် မေတ္တိယ ဘုမ္မဇကတို့ ဆွမ်းစားလှည့်ကျကြောင်း သိသွားသဖြင့် ("ငါ့အိမ်မှာ ဒီလိုယုတ်မာတဲ့ ကိုယ်တော်တွေ ဆွမ်းစားမှ ကျပလေတယ်" ဟု စိတ်ပျက်ကာ) အိမ်ရောက်လျှင် ရောက်ခြင်း ကျွန်မကို ပြောသည်မှာ—"နက်ဖန် ဆွမ်းစားလာသော ကိုယ်တော်များကို တံခါးမုခ်မှာ နေရာပေး၍ ဆန်ကွဲထမင်း ပုန်းရည်ဟင်းနဲ့ ဆွမ်းကျွေးလိုက်" ဟု မှာထားလေသည်၊ ထိုရဟန်းတို့လည်း နံနက်အချိန်ကျ၍ ဆွမ်းစား ကြွကြလေရာ, ကျွန်မက တံခါးမုခ်၌ နေရာခင်းပေးလျှင် "အင်း ဆွမ်းကျက်ဟန်

မတူသေးဘူး ဒါကြောင့် ဒီမှာခေတ္တ နေရာခင်းပေးတာဘဲ''ဟု အောက်မေ့ကြသတဲ့၊ ထိုနောက်ဆန်ကွဲထမင်း ပုန်းရည်ဟင်းကိုယူလာခါမှ အံ့အားသင့်ကြ၍''ဟဲ့နှမရ, ဒို့နိစ္စဘတ်ဆွမ်းလှည့်ကျတဲ့ ကိုယ်တော်များပါဟ''ဟု ပြောလေသော် ''သိပါရဲ့ဘုရား-မနေ့ကပင် သူကြွယ်က ဒီလိုကျွေးရမယ်'' ဟု အမိန့်ထားကြောင်း လျှောက်လေလျှင် ''မနေ့က သူကြွယ်အလာမှာ ဒဗ္ဗက ကုန်းတိုက်လိုက်လို့သာ ဒီလိုကျွေးရသပေါ့''ဟု အရှင်ဒဗ္ဗအပေါ် အသင်မှားကြလေသည်၊ ထိုအထင်မှားသည့်ပြင် မျှော်လင့်ချက်နှင့် မကိုက်သော ဆန်ကွဲထမင်း ပုန်းရည်ဟင်းကို စိတ်မချမ်းမသာနှင့်ပင် စားကြလေရာ စိတ်တိုင်းကျအောင် ဆွမ်းမစားနိုင်ရှာကြချေ။

**အရှင်ဒဗ္ဗကို စွပ်စွဲနိုင်းပုံ**

ကျောင်းသို့ပြန်လာ၍ ကျောင်းတံခါး မုခ်ပြင်ဘက်မှာ မှိုင်နေကြစဉ် သူတို့ဘက်သူဖြစ်သော မေတ္တိယာဘိက္ခုနီမသည် သူတို့ထံရောက်လာ၍ ရှိခိုးဝပ်ချသော်လည်း စကားမပြောဘဲ မှိုင်မြဲမှိုင်နေကြလေသည်၊ ထိုအခါ ဘိက္ခုနီမသည် သူ့အပေါ် အပြစ်ရှိ၍ စကားမပြောကြတာဘဲဟုတွေးပြီး ''တပည့်တော်မက ဘာကို အပြစ်ပြုမိပါသလဲ''ဟု လျှောက်လေသော် ''သင်သည် ဒဗ္ဗက ငါတို့အား နှိပ်စက်နေတာကို လျစ်လျူရှုနေတယ်'' ဟု ပြောကြလေ၏၊ ဘိက္ခုနီက ''ဘယ်လို ကူညီစေလိုပါသလဲ''ဟု မေးလေသော် ''သင်ကူညီလိုလျှင် ဘုရားရှင်ထံသွား၍ ဒဗ္ဗက သင့်ကို မတရား ကျင့်တဲ့အကြောင်းလျှောက်ချေ'' ဟု စေခိုင်းလေသည်။

**ဘိက္ခုနီက စွပ်စွဲပုံ**

မေတ္တိယာ ဘိက္ခုနီမသည်(မျက်နှာငယ်သလို မရွှင်မပြသောမျက်နှာဖြင့်) ဘုရားရှင်ထံလာ၍- ''မြတ်စွာဘုရား ... ဒီကိစ္စကြီးဟာ သိပ်မတော်တာပါဘဲဘုရား, ဘေးရန်ဥပဒ်မရှိဘူးတဲ့ အရပ်ဒေသဟာ ယခုတော့ ဘေးရန်ဥပဒ်ရှိနေပေါ့ဘုရား၊ လေမရှိတဲ့အရပ်က လေတိုက်ခတ်နေပါပေါ့ဘုရား၊ အေးမြပေ့ဆိုတဲ့ ရေကလဲ မီးလို ပူနေပြီဘုရား၊ (လောကကြီး ကမောက်ကမ ဖြစ်ကုန်ပါပြီ-ဟု ဆိုလိုသည်၊) ''လျှောက်ပါရစေတော့- ရဟန္တာလို့ ကျော်စောနေတဲ့ အရှင်ဒဗ္ဗက တပည့်တော်မကို ဖျက်ဆီးပါတယ်ဘုရား'' ဟု ဝမ်းနည်းသံကလေးဖြင့် လျှောက်ထားလေသည်။

**ဘုရား စစ်ဆေးတော်မူပုံ**

ထိုသို့ လျှောက်လာသော အခါ ဘုရားရှင်သည် (အကြောင်းမှန်ကို သိပါသော်လည်း အများကျေနပ်ဖို့ရာ ထုံးစံအတိုင်း) သံဃာစည်းဝေးစေတော်မူ၍ အရှင်

ဒဗ္ဗကို စစ်ဆေး မေးမြန်းတော်မူသည်မှာ- "ဒဗ္ဗ မေတ္တိယာ ဘိက္ခုနီက သင့်အပေါ်မှာ ဒီလိုဒီလိုပြောဆိုနေတယ်, သူပြောသလို သင်ပြုမိသလား"....
ထိုအခါအရှင်ဒဗ္ဗက-"ဘုန်တော်ကြီးဘုရား သိတော်မူတဲ့ အတိုင်းပါဘုရား" ဟု လျှောက်ထားလေသော် .... (၂-ကြိမ် ၃-ကြိမ် ထပ်မေး သော်လည်း ဤအတိုင်းပင် လျှောက်လေသော်) "ဒဗ္ဗ... ပညာရှိများဟာ (သူများအပေါ် တာဝန်ချ၍) သင်ဖြေသလို ဖြေလေ့မရှိကြ၊ "ဘိက္ခုနီ ပြောသလိုပြုမိလျှင် ပြုမိကြောင်း,မပြုမိလျှင် မပြုမိကြောင်း" အတိအလင်း ဖြေရှင်းပါ၊ ဤသို့ မိန့်တော်မူသော အခါ— "ဘုန်းတော်ကြီး ဘုရား ...... တပည့် တော်သည် မွေးသည့်နေ့ကစ၍ မေထုန်မှီဝဲမှုဆိုဘာ အိပ်မက်မျှ မမက်ဖူးပါ" ဟု (၇-နှစ် အရွယ်က ရဟန္တာဖြစ်ခဲ့သူပီပီ,တည်ကြည်ရဲဝံ့စွာ) လျှောက်ထားလေသည်။

**ဘုရားရှင် ဆုံးဖြတ်တော်မူခြင်း** (အရှင်ဒဗ္ဗသည် နဂိုကပင် လဇ္ဇီ သူတော်ကောင်းဟု ထင်ရှားနေသော ပုဂ္ဂိုလ်ဖြစ်၏၊ မေတ္တိယာ ဘိက္ခုနီကား နဂိုကပင် အလဇ္ဇီနီ ဒုဿီလာဟု ထင်ရှား၏၊ လဇ္ဇီပုဂ္ဂိုလ်အတွက် သူ၏ပဋိညာဉ် ဝန်ခံချက်အတိုင်း ဆုံးဖြတ်နိုင်၏" ဟုဝိနည်း ထုံးတစ်ခု ဖြစ်စေတော်မူလိုခြင်းကြောင့် မေတ္တိယာဘိက္ခုနီသည် မတရားစွပ်စွဲသူ ဖြစ်ရကား)-"မေတ္တိယာဘိက္ခုနီကို လူဝတ် လဲစေ (သူသည် သူ့အလို အတိုင်းမဟုတ်၊ သူ့ကိုအားပေးတိုက်တွန်းသော ရဟန်းများရှိသည်၊ ထိုရဟန်း များကို ရှာဖွေစစ်ဆေးကြ" ဟု မိန့်တော်မူပြီးလျှင် ဂန္ဓကုဋိတိုက်တော်သို့ ဝင်တော်မူလေသည်။

**ဝန်ခံကြရပုံ** ဘုရားရှင် ဂန္ဓကုဋိသို့ ဝင်ကြွတော်မူသောအခါ (စွပ်စွဲ သည်ကိုမခံမရပ်နိုင်ဖြစ်နေသော)ရဟန်းများက အဝတ်ဖြူ ကိုပေး၍ ဘိက္ခုနီကို လူထွက်ခိုင်းကြသောအခါ ထိုမေတ္တိယ ဘူမဇက ရဟန်း တို့သည် "ဘိက္ခုနီမကိုမဖျက်ဆီးကြပါနှင့်" တပည့်တော်တို့က ခိုင်းလို့ စွပ်စွဲ ရရှာတာပါ"ဟု လျှောက်ကြလေသည်၊ ထိုအခါ ထိုလက်သည် ရဟန်းများကို "အခြေအမြစ်မရှိသော ပါရာဇိကမှုဖြင့် စွပ်စွဲရမလား"ဟု ကဲ့ရဲ့၍ ဘုရားရှင် အား လျှောက်ကြပြန်ရာ, ဘုရားရှင်လည်းထိုရဟန်းများကို ကဲ့ရဲ့ရှုတ်ချတော် မူပြီးလျှင် ဤသိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။

**သိက္ခာပုဒ်ပါဠိတော်။** "ယော ပန ဘိက္ခု ဘိက္ခုံ ဒုဋ္ဌော ဒေါသော အပ္ပတီတော အမူလကေန ပါရာဇိကေန ဓမ္မေန အနုဒ္ဓံ- သေယျ" အပ္ပေဝ နာမ နံ ဣမမှာ ဗြဟ္မစရိယာ စာဝေ

ယျ”န္တိ၊ **တတော** အပရေန သမယေန သမနုဂ္ဂါဟိယမာနောဝါ အသမနုဂ္ဂါဟိယ **မာနော**ဝါ အမူလကဥ္စေဝ တံ အဓိကရဏံ ဟောတိ၊ ဘိက္ခုစ ဒေါသံ ပတိဋ္ဌာတိ သံဃာဒိသေသော။

သိက္ခာပုဒ် မြန်မာပြန်။ ။အကြင်ရဟန်းသည် သူ့ကို ဒေါသက ဖျက်ဆီးအပ်, ဒေါသဖြင့် သူတစ်ပါးကိုလည်းဖျက်ဆီးတတ်,ပီတိသုခစသည်တို့ သူ့ကို မကပ် မရောက် အပ်သည်ဖြစ်၍ (စိတ်ဆိုး၍, သက်သက်မုန်း၍ဟူလို၊) အခြေအမြစ်မရှိသော ပါရာဇိက အာပတ်ဖြင့် ရဟန်းကို (“ဤမြတ်သောအကျင့်မှ သူ့ကိုဖျက်ရွေ့လျောစေနိုင်လျှင်ကောင်းမှာဘဲ” ဟူသောအလိုဆန္ဒဖြင့်) စွပ်စွဲအံ့၊ ထိုရဟန်းမှာ သံဃာဒိသေသ် အာပတ်သင့်၏၊ ထိုစွပ်စွဲပြီးနောက် အခြားရဟန်းတို့က စစ်ဆေးမေးမြန်းအပ်သည်ဖြစ်စေ, မစစ်ဆေး မမေးမြန်းဘဲဖြစ်စေ ထိုပါရာဇိက အာပတ်မှုဟူသော အဓိကရုဏ်းသည် အခြေအမြစ်လည်းမရှိ, စွပ်စွဲသောရဟန်းလည်း မိမိအပြစ်ကို ဝန်ခံရတော့၏၊

မှတ်ချက်။ ။ပါရာဇိကမှု ပြုကျင့်နေသည်ကိုမြင်၍, သို့မဟုတ် သူတစ်ပါးထံမှ တစ်ဆင့် ကြားရ၍, သို့မဟုတ် ဆိတ်ကွယ်ရာ၌ဖြစ်စေ မှောင်ထဲ၌ဖြစ်စေ မာတုဂါမနှင့် အတူနေသည်ကို တွေ့ရသဖြင့် ပါရာဇိကမှုကို ပြုလေသလားဟု ယုံမှားသံသယဖြစ်၍ စွပ်စွဲလျှင် မြင်ခြင်း,ကြားခြင်း ယုံမှားဖြစ်ခြင်းဟူသောအကြောင်း၃-ပါးတွင်တစ်ပါးပါးအကြောင်းဟူသော အခြေအမြစ်ရှိ၏၊ထိုသုံးပါးလုံးမရှိဘဲ စွပ်စွဲလျှင်ကား အခြေအမြစ်မရှိသော စွပ်စွဲခြင်းမည်၏၊ ထိုသို့ အခြေအမြစ်မရှိဘဲ သက်သက်အရှက်တကွဲ အကျိုးနည်းဖြစ်အောင် စွပ်စွဲလျှင် စွပ်စွဲရာ ဇော၌ပင် သံဃာဒိသေသ် အာပတ်သင့်၏၊ တတော အပရေန-စသော စကားကား အခြေအမြစ် မရှိကြောင်း ထင်ရှားအောင် ပြသောစကားသာတည်း။

## ၈။ ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ်

**အမှုသည်–မေတ္တိယ, ဘုမဇကရဟန်းများ။**

**အမှု–အရှင်ဒဗ္ဗကို ပါရာဇိကဖြင့် စွပ်စွဲမှု။**

မေတ္တိယ,ဘုမဇကတို့ကြံစည်ကြပုံ

မေတ္တိယ ဘုမဇက ရဟန်းတို့သည် ရှေ့သိက္ခာပုဒ်လာ ပထမဝတ္ထု၌ မိမိတို့ အလိုမပြည့်သည့်ပြင် အနှိပ်ခံရသည်ဖြစ်၍ “သိကြလိမ့်မပေါ့”ဟု စိတ်ထဲ၌ ကြုံးဝါး

ကာ အချက်ကောင်းကိုရှာနေကြလေရာ, တစ်နေ့သ၌ ဂိဇ္ဈကုဋ်တောင်မှ ဆင်းအလာဝယ် ဆိတ်မ၌မှီဝဲနေသော ဆိတ်ဖိုကိုမြင်ကြလေသည်၊ ထိုအခါဆိတ်ဖိုကို "ဒဗ္ဗမလ္လပုတ္တ"ဟု နာမည်မှည့်၍ ဆိတ်မကို "မေတ္တိယာ, ဘိက္ခုနီ"ဟု နာမည်မှည့်ကြစို့"ဟု တိုင်ပင်ကြပြီးလျှင် "ရှေးတုန်းက တစ်ဆင့်ကြားနဲ့ ပြောခဲ့ရလို့မသေချာဘူး၊ ယခုတော့ ဒဗ္ဗက မေတ္တိယာ၌ မေထုန်ကျင့်နေတာကို ကိုယ်တိုင်မြင်ကြရတယ်"ဟု ရဟန်းတို့အား ပြောလေသော်, ရဟန်းတို့က ဘုရားထံလျှောက်ကြသဖြင့် သံဃာစည်းဝေးစေပြီးလျှင် စစ်ဆေးသည့်အခါ ထိုရဟန်းတို့အကြံ အမှန်အတိုင်း ပေါ်ပေါက်ရကား ဤသိက္ခာပုဒ်ကို ပညတ်တော်မူရပြန်သည်။

သိက္ခာပုဒ်ပါဠိတော်။ ။ယော ပန ဘိက္ခု ဘိက္ခုံ ဒုဋ္ဌော ဒေါသော အပ္ပတီတော အညဘာဂိယဿ အဓိကရဏဿ ကိဉ္စိဒေသံ လေသမတ္တံ ဥပါဒါယ ပါရာဇိကေန ဓမ္မေန အနုဒ္ဓံသေယျ၊ "အပ္ပေဝ နာမ နံ ဣမမှာ ဗြဟ္မစရိယာ စာဝေယျ"န္တိ၊ တတော အပရေန သမယေန သမနုဂ္ဂါဟိယမာနော ဝါ အသမနုဂ္ဂါဟိယမာနော ဝါ အညဘာဂိယဉ္စေဝ တံအဓိကရဏံ ဟောတိ၊ ကောစိ ဒေသော လေသမတ္တော ဥပါဒိန္နော၊ ဘိက္ခု စ ဒေါသံ ပတိဋ္ဌာတိ၊ သံဃာဒိသေသော။

သိက္ခာပုဒ်မြန်မာပြန်။ ။ဤရဟန်းသည် ဒုဋ္ဌဒေါသ စိတ်ဖြင့် အခြားသူ၏ အမျိုးအမည်စသည်ကို အခြားသူ၌ ပြောင်းလွှဲ မှည့်ခေါ်၍ ထိုအမျိုးတူခြင်း, နာမည်တူခြင်းစသော အမြွက်လောက်ကို စွဲပြီးလျှင် "သူ့ကို သာသနာတော်မှ ရွေ့လျောအောင် တတ်နိုင်လျှင်ကောင်းရဲ့"ဟုကြံစည်၍ ပါရာဇိကအာပတ်ဖြင့်စွပ်စွဲအံ့၊ ထိုရဟန်းသည် သံဃာဒိသေသ် အာပတ်သင့်၏၊ [ထိုစွပ်စွဲပြီးနောက် အခြားရဟန်းတို့က စစ်ဆေးအပ်သည်ဖြစ်စေ မစစ်ဆေးအပ်သည် ဖြစ်စေ ထူ၏ အာပတ်ဟူသော အဓိကရုဏ်းသည် စွပ်စွဲခံရသူ၏အတွက် မဟုတ်ဘဲ အခြားတစ်ဦး၏ အတွက်လည်း ဖြစ်နေ၏၊ တစ်စုံတစ်ခုကို ဆင်တူရိုးမှားဖြစ်အောင် အမြွက် ထောင်ထားကြောင်းလည်း ထင်ရှား၏၊ ထိုရဟန်းလည်း မိမိအပြစ်ကို ဝန်ခံရတော့သည်။]

## ၁၀။ သံဃဘေဒကသိက္ခာပုဒ်

**အမှုသည်--ရှင်ဒေဝဒတ်။**

**အမှု - သံဃာသင်းခွဲမှု။**

**သံဃာသင်းခွဲရန်ကြံစည်မှု** မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတိုက်တော်ဝယ် သီတင်းသုံးတော်မူစဉ် ရှင်ဒေဝဒတ်သည် ဘုရားရှင်၏ တပည့်သံဃာများ ကွဲပြားဖို့ရန်, အာဏာစက်ပျက်ပြားဖို့ရန် သူ၏အသင်းဝင်ဖြစ်ကြသော ကောကာလိက, ကဋ္ဌမောဒကတိဿ, သမုဒ္ဒဒတ္တတို့နှင့် တိုင်ပင်လေသည်၊ ထိုအခါ လက်ထောက်ဖြစ်သော ကောကာလိကရဟန်းက ' ရှင်ဂေါတမသည် တန်ခိုးအာနုဘော် ကြီးမား၏၊ ဘယ်နည်းနှင့် သံဃာကွဲအောင်, အာဏာစက်ပျက်အောင် ပြုမည်နည်း'' ဟု မေးလေသော်, ရှင်ဒေဝဒတ်က ဘုရားထံ သူလျှောက်မည့် အကြံများကို ပြောပြသည်မှာ--

"မြတ်စွာဘုရား .. မြတ်စွာဘုရားသည် သန္တုဋ္ဌိ သလ္လေခ အကျင့်၏ (ရှိုးခြံသော အကျင့်, ခေါင်းခေါင်းပါးပါး သုံးစွဲသော အကျင့်၏၊) ဂုဏ်ကျေးဇူးကို များစွာ ဟောလေ့ ရှိပါသည်၊ ယခု တောင်းမည့် အကြောင်းအရာတို့မှာ သန္တုဋ္ဌိသလ္လေခဖြစ်ဖို့ အကြောင်းများ ဖြစ်ပါသည်။

၁။ ရဟန်းအားလုံး အသက်ရှည်သမျှ တောကျောင်းနေဖို့ရန်,
၂။ ဆွမ်းခံစားသောအားဖြင့် ပိဏ္ဍပါတ်ဓုတင် အမြဲဆောင်ဖို့ရန်,
၃။ သုသာန်စသည်မှ ကောက်ရသော သင်္ကန်းဖြင့် ပံသကူဓုတင် အမြဲဆောင်ဖို့ရန်,
၄။ သစ်ပင်ရင်းမှာသာ နေဖို့ရန်,
၅။ အမဲသား ငါး မစားဖို့ရန်--

ပညတ်တော်မူပါ''ဟု လျှောက်မည်၊ ထိုလျှောက်ချက်များ ဧကန် ရမည်လည်း မဟုတ်, မရလျှင် "ရှင်ဂေါတမသည် ဤအချက်များ မကျင့်ဘူး, ဒို့က ဤငါးပါးသော အကျင့်တို့ကို ကျင့်တယ်'' ဟု လူတို့အား ပြောပြမည်၊ လူတို့သည် ခေါင်းခေါင်းပါးပါး ရှိုးရှိုးခြံခြံ ကျင့်တာကိုမှ ကြည်ညိုကြသည်၊ ထို့ကြောင့် ငါတို့ကို အကြည်ညိုများလျှင် နောက်လိုက် သံဃာရ၍ သံဃာတွေကို ခွဲထုတ် ယူနိုင်လိမ့်မည်ဟု ပြောပြလေသည်။

ထိုအခါ အားလုံး သဘောတူကြ၍ ဘုရားထံ သွားပြီးလျှင် ထိုအတိုင်း လျှောက်တောင်းကြလေသည်၊ ထိုအခါ ဘုရားရှင်သည် ("ဝိနည်းတော်နှင့် အညီ နေထိုင်စားသောက်၍ တရားရအောင် ကျင့်နိုင်ခြင်းသာ ပဓာန" ဟု သဘောထားတော်မူ၍)· "၁—တောကျောင်း နေလိုသူ နေပေစေ, ရွာကျောင်းနေလိုသူလည်း ရွာကျောင်းမှာပင် နေပေစေ" ဤသို့ စသည်ဖြင့် အလိုရှိသလို နေထိုင် စားသောက်နိုင်ကြောင်း မိန့်တော်မူလေရာ, ရှင်ဒေဝဒတ် သည် သူ့ထင်ကြေးကိုက်သဖြင့် ငမ်းသာအားရဖြစ်ပြီးလျှင် လူများကိုလိုက်၍ ပြောပြလေသည်၊ ထိုအခါ ဉာဏ်နည်းသူတို့က ရှင်ဒေဝဒတ်စကားကို သဘော ကျ၍, ဉာဏ်ရှိသူတို့က "ရှင်ဒေဝဒတ်သည် သံဃာကွဲပြားအောင် အားထုတ် ရမလား" ဟု ကဲ့ရဲ့ကြပြီးလျှင် ဘုရားရှင်အား လျှောက်ကြသဖြင့် ဤ သိက္ခာ ပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ် ပါဠိတော်။** ။**ယော ပန** ဘိက္ခု **သမဂ္ဂဿ** သံဃဿ ဘေဒါယ ပရက္ကမေယျ၊ **ဘေဒနသံဝတ္တနိကံ** ဝါ အဓိကရဏံ သမာဒါယ ပဂ္ဂယှ တိဋ္ဌေယျ၊ **သော**ဘိက္ခု ဘိက္ခူဟိ ဧဝမဿ ဝစနီယော "**မာယသ္မာ သမဂ္ဂဿ** သံဃဿ ဘေဒါယ ပရက္ကမိ၊ ဘေဒနသံဝတ္တနိကံ ဝါ အဓိကရဏံ သမာဒါယ ပဂ္ဂယှ အဋ္ဌာသိ၊ သမေတာယသ္မာ သံဃေန၊ သမဂ္ဂေါ ဟိ သံဃော သမ္မောဒမာနော အဝိဝဒမာနော ဧကုဒ္ဒေသော ဖာသု ဝိဟရတီ"တိ ဧဝဉ္စ သော ဘိက္ခု ဘိက္ခူဟိ ဝုစ္စမာနော **တထေဝ** ပဂ္ဂဏှေယျ၊ သော ဘိက္ခု ဘိက္ခူဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗော၊ တဿ ပဋိနိဿဂ္ဂါယ၊ ယာဝတတိယဉ္စေ **သမနုဘာသိယမာနော** တံ ပဋိနိဿဇ္ဇေယျ ဣစ္စေတံ ကုသလံ၊ **နော** စေ ပဋိနိဿဇ္ဇေယျ၊ **သံဃာဒိသေသော**။

**သိက္ခာပုဒ် မြန်မာပြန်။** ။အကြင်ရဟန်းသည် ညီညွတ်နေသော သံဃာကို ကွဲပြားအောင် အားထုတ်အံ့၊ ကွဲပြားမှုကို ဖြစ်စေတတ်သော အကြောင်းတစ်စုံတစ်ရာကိုမူလည်း (ဥပမာ-အဓမ္မတွေကို ဓမ္မဟုယူခြင်း စသော အယူဝါဒကို) စွဲမြဲစွာယူ၍ ထိုဝါဒ ကောင်းကြောင်းကို ပြောဆို ချီးမြှောက်၍ (ဝါဒဖြန့်၍) တည်အံ့၊ ထိုရဟန်းကို မြင်ကြ

ကြားကြသော ရဟန်းတို့က (လျစ်လျူရှုမထားဘဲ) ဤသို့ပြောဆိုဆုံးမရမည်၊ "ငါ့ရှင် ညီညွတ်နေသော သံဃာကို ကွဲပြားအောင် အားမထုတ်ပါနှင့်၊ ကွဲပြားမှုကို ဖြစ်စေတတ်သော အကြောင်းကို မူလည်းယူ၍ ချီမြှောက်၍ မတည်ပါနှင့်၊ အရှင်သည် သံဃာနှင့် စိတ်သဘောချင်း ညီညွတ်ပါစေ၊ ညီညွတ်သော သံဃာသည် လွန်စွာဝမ်းမြောက်ရ, တစ်ပါနှင့်တစ်ပါး မငြင်းခုန်ရဘဲ ပါတိမောက် အကျရွတ်ဆိုကာ ဥပုသ်အတူပြုကာ) ချမ်းသာစွာ နေရသဖြင့် (ညီညွတ်ရကျိုး နပ်ပါသည်၊) ရဟန်းတို့က ဤသို့ ပြောအပ်သော်လည်း ရှေးအတိုင်း သူ့အယူဝါဒကို ချီမြှောက်နေသေးအံ့၊ ပါဒဖြန့်နေသေးအံ့ - ဟူလို )၊ ထိုရဟန်းကို ထိုအယူစွန့်ဖို့ရာ ဉတ်ကမ္မဝါစာ ၃-ကြိမ်ရွတ်ပြ၍ ဆိုဆုံးမရဦးမည် ထိုသို့ ဆိုဆုံးမအပ်သည် ဖြစ်၍ ထိုအယူကိုစွန့်လျှင်ကောင်းသည်၊ မစွန့်လျှင်ကား တတိယ ကမ္မဝါစာအဆုံးတွင် သံဃာဒိသေသ် အာပတ်သင့်သည်၊ [ဉတ်ကမ္မဝါစာတို့ကို ပါဠိတော်၌ရှုလေ။]

---

## ၄။ ဘေဒါနုဝတ္တကသိက္ခာပုဒ်

**အမှုသည်—ရှင်ကောကာလိကစသော ရဟန်းများ။**

**အမှု—ရှင်ဒေဝဒတ်၏ သံဃာသင်းခွဲခြင်း, အားပေး, နောက်လိုက်မှု။**

**ရှင်ဒေဝဒတ်၏ နောက်လိုက်များ** သံဃာကွဲပြားအောင်အားထုတ်သော ရှင်ဒေဝဒတ်ကို ရဟန်းများ ကဲ့ရဲ့ရှုတ်ချကြသောအခါ ရှင်ကောကာလိက စသော (ရှေ့သိက္ခာပုဒ်၌ ပြခဲ့သော)ရဟန်းတို့က "အရှင်ဘုရားတို့ ဒီလို မပြောကြပါနှင့်, အရှင်ဒေဝဒတ်သည် အမှန်ကိုသာ ပြောလေ့ရှိပါ၏၊ ရန်ခိုက်ငြင်းခုန်မှု မဖြစ်ဖို့ရန် ငြိမ်းအေးရေး တရားကိုသာ ပြောလေ့ရှိပါ၏၊ အရှင်ဒေဝဒတ်သည် တပည့်တော်တို့၏ ဆန္ဒနှင့် အကြိုက်ကိုသာယူ၍ ပြောဆိုပါသည်, တပည့်တော်တို့နှင့် တိုင်ပင်ပြီးမှ ပြောပါသည်၊ အရှင်ဒေဝဒတ် ပြောသမျှကို တပည့်တော်တို့လဲ သဘောကျပါသည်"ဟု အရှင်ဒေဝဒတ်ဘက်က ခုခံပြောဆို ကြသောကြောင့် ဘုရားရှင်အား လျှောက်၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်ပါဠိတော်။ ။တဿေဝ ခေါ ပန ဘိက္ခုဿ ဘိက္ခူ
ဟောန္တိ အနုဝတ္တကာ ဝဂ္ဂဝါဒကာ ဧကော ဝါ ဒွေ ဝါ တယော
ဝါ၊ တေ ဧဝံ ဝဒေယျုံ မာယသ္မန္တော ဧတံ ဘိက္ခုံ ကိဉ္စိ အဝစုတ္ထ၊
ဓမ္မဝါဒီစေသော ဘိက္ခု၊ ဝိနယဝါဒီစေသော ဘိက္ခု၊ အမှာကဉ္စေ
သော ဘိက္ခု ဆန္ဒဉ္စ ရုစိဉ္စ အာဒါယ ဝေါဟရတိ၊ ဇာနာတိ၊
နော ဘာသတိ အမှာကမ္ပေတံ ခမတီတိ၊ တေ ဘိက္ခူ ဘိက္ခူဟိ
ဧဝမဿု ဝစနီယာ၊ မာယသ္မန္တော ဧဝံ အဝစုတ္ထ၊ နစေသော
ဘိက္ခု ဓမ္မဝါဒီ, နစေသော ဘိက္ခု ဝိနယဝါဒီ၊ မာယသ္မန္တာနမ္ပိ
သံဃဘေဒေါ ရုစ္စိတ္ထ၊ သမေတာယသ္မန္တာနံ သံဃေန၊ သမဂ္ဂေါ-
ဟိ သံဃော သမ္မောဒမာနော အဝိဝဒမာနော ဧကုဒ္ဒေသော
ဖာသုဝိဟရတီတိ၊ ဧဝဉ္စ သော ဘိက္ခူ ဘိက္ခူဟိ ဝုစ္စမာနာ
တထေဝ ပဂ္ဂဏှေယျုံ၊ တေ ဘိက္ခူ ဘိက္ခူဟိ ယာဝတတိယံ
သမနုဘာသိတဗ္ဗာ တဿ ပဋိနိဿဂ္ဂါယ၊ ယာဝတတိယဉ္စေ
သမနုဘာသိယမာနာ တံ ပဋိနိဿဇ္ဇေယျုံ၊ ဣစ္စေတံ ကုသလံ၊
နော စေ ပဋိနိဿဇ္ဇေယျုံ၊ သံဃာဒိသေသော။

မြန်မာပြန်အကျဉ်းချုပ်။ ။သံဃာသင်းခွဲသော ရဟန်း၏အယူကို လိုက်ကုန်သော ၁-ပါး, ၂-ပါး, ၃-ပါးလောက်သော ရဟန်းတို့သည် "အရှင်ဘုရားတို့ ...ထိုရဟန်းကို ဘာတစ်ခုမျှ မပြောကြပါနှင့်" စသည်ဖြင့် ပြောဆိုအံ့၊ ထိုရဟန်းတို့ကို "မာယသ္မန္တော ဧဝံအဝစုတ္ထ= အရှင်တို့ ဤသို့မပြောကြနှင့်၊ နစေသောဘိက္ခု ဓမ္မဝါဒီ= (ကိုယ်တော်တို့ ထောက်ခံအားပေးနေသော (ထိုရဟန်းသည် ဓမ္မဝါဒီမဟုတ်" စသည်ဖြင့် ပြောဆို၍ တားမြစ်ရမည်၊ ထိုသို့ တားမြစ်ပါလျက် ရှေးအတိုင်း သူတို့အယူဝါဒကို ချီမြှောက်နေသေးလျှင် သံဃာ့အလယ်သို့ ဆွဲငင်ခေါ်သွား၍ ဉတ်ကမ္မဝါစာ ၃- ကြိမ် ရွတ်လျက် ဆုံးမရမည်၊ ထိုသို့ ဆုံးမပါလျက် သူတို့ဝါဒကို မစွန့်လျှင် ထိုရဟန်းများ သံဃာဒိသေသ် အာပတ်သင့်၏။

မှတ်ချက်။ ။''တယောဝါ''ဟု ၃-ပါးအထိ ပိုင်းဖြတ်ထားခြင်းကား ၄-ပါးပြည့်လျှင် သူတို့ဘက်၌ သံဃာဖြစ်နေရကား ကိုယ့်သံဃာနှင့်ကိုယ် အတိုက်အခံ ကံပြုနေကြရမည် စိုးသောကြောင့်တည်း၊ အကယ်၍ သံဃာသင်းခွဲသူ့ နောက်လိုက်တွေ ၄-ပါး, ၅-ပါး စသည် များနေလျှင် ၂-ပါးစီ, ၃-ပါးစီ ခွဲပြီးမှ သံဃာက ကမ္မဝါစာဖြင့် ဆုံးမရမည်၊ ၄-ပါး စုနေလျှင်ကား ထိုကဲ့သို့ နှိမ်နင်းသော ကံမျိုးကို ကမ္မဝါစာဖြင့် မပြုနိုင်ပါ။

---

## ၄။ ဒုဗ္ဗစသိက္ခာပုဒ်

**အမှုသည်-အရှင်ဆန္န။**
**အမှု-ဆုံးမသည်ကို မနာခံမှု။**

**အရှင်ဆန္န အပြောရခက်ပုံ** ဘုရားရှင်၏ ဖွားဖက်တော် ဖြစ်သော အရှင်ဆန္နသည် အခြား ရဟန်းတို့က ''ဤသို့သောအမှုကို မပြုနှင့် မအပ်ပါဘူး''ဟု ပြောဆိုဆုံးမသောအခါ ထိုရဟန်းတို့ကို ဤသို့ ပြန်ပြောလေ့ရှိ၏၊– ''တပည့်တော်ရဲ့ဘုရား၊ တပည့်တော်ရဲ့တရား၊ တပည့်တော်ရဲ့ အရှင့်သားတော်သည် တရားကို ထိုးထွင်း၍ သိထားတာ ဖြစ်တယ်၊ လေမုန်တိုင်းကြီး တိုက်လာသည့်အခါ မြက်, ထင်း, သစ်ရွက်, အမှိုက်သရိုက်တွေကို တစ်နေရာ၌ဖယ်ရှားလိုက်သလို, တောင်ပေါ်မှ စီးကျလာသော မြစ်ရေသည် မှော်သေး, မှော်ညွှန်းတို့ကို တစ်နေရာ၌ ဖယ်ရှားလိုက်သလို, ထို့အတူ ကိုယ်တော်တို့ဘတွေကို တပည့်တော်က ဖယ်ရှားနိုင်တယ်၊ ကိုယ်တော်တို့က တပည့်တော်ကို ပြောစရာ ဆိုစရာလို့ မှတ်နေကြသလား, တပည့်တော်ကသာ ကိုယ်တော်တို့ကို (မတော်တာရှိလျှင်) ပြောရ, ဆိုရ, ဆုံးမရမှာ''... ဤသို့ ပြန်၍ပြောလေ့ ရှိ၏၊ ထိုအကြောင်းကို ဘုရားရှင်သိတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်ပါဠိတော်။** ။**ဘိက္ခုပနေဝ ဒုဗ္ဗစဇာတိကော ဟောတိ** ဥဒ္ဒေသပရိယာပန္နေသု သိက္ခာပဒေသု၊ ဘိက္ခူဟိ **သဟဓမ္မိကံ ဝုစ္စမာနော အတ္တာနံ အဝစနီယံ ကရောတိ၊ မာ မံ အာယသ္မန္တော** ကိဉ္စိ အဝစုတ္ထ ကလျာဏံ ဝါ ပါပကံ ဝါ၊ **အဟမ္ပာယသ္မန္တေ န** ကိဉ္စိ ဝက္ခာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ ဝိရမထာယသ္မန္တော မမ ဝစနာယာတိ၊ **သော ဘိက္ခု ဘိက္ခူဟိ ဧဝမဿ ဝစနီယော၊** မာယသ္မာ အတ္တာနံ အဝစနီယံ အကာသိ၊ ဝစနီယမေဝ အာယသ္မာ

**သိက္ခာပုဒ်ပါဠိတော်။** ။တဿေဝ ခေါ ပန ဘိက္ခုဿ ဘိက္ခူ ဟောန္တိ အနုဝတ္တကာ ဝဂ္ဂဝါဒကာ ဧကော ဝါ ဒွေ ဝါ တယော ဝါ၊ တေ ဧဝံ ဝဒေယျုံ မာယသ္မန္တော တံ ဘိက္ခုံ ကိဉ္စိ အဝစုတ္ထ၊ ဓမ္မဝါဒီစေသော ဘိက္ခု၊ ဝိနယဝါဒီစေသော ဘိက္ခု၊ အမှာကဉ္စေသော ဘိက္ခု ဆန္ဒဉ္စ ရုစိဉ္စ အာဒါယ ဝေါဟရတိ၊ ဇာနာတိ၊ နော ဘာသတိ အမှာကမ္ပေတံ ခမတီတိ၊ တေ ဘိက္ခူ ဘိက္ခူဟိ ဧဝမဿု ဝစနီယာ၊ မာယသ္မန္တော ဧဝံ အဝစုတ္ထ၊ န စေသော ဘိက္ခု ဓမ္မဝါဒီ, န စေ သော ဘိက္ခု ဝိနယဝါဒီ၊ မာယသ္မန္တာနမ္ပိ သံဃဘေဒေါ ရုစိတ္ထ၊ သမေတာယသ္မန္တာနံ သံဃေန၊ သမဂ္ဂေါ-ဟိ သံဃော သမ္မောဒမာနော အဝိဝဒမာနော ဧကုဒ္ဒေသော ဖါသုဝိဟရတီတိ၊ ဧဝဉ္စ တေ ဘိက္ခူ ဘိက္ခူဟိ ဝုစ္စမာနာ တထေဝ ပဂ္ဂဏှေယျုံ၊ တေ ဘိက္ခူ ဘိက္ခူဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗာ တဿ ပဋိနိဿဂ္ဂါယ၊ ယာဝတတိယဉ္စေ သမနုဘာသိယမာနာ တံ ပဋိနိဿဇ္ဇေယျုံ၊ ဣစ္စေတံ ကုသလံ၊ နော စေ ပဋိနိဿဇ္ဇေယျုံ၊ သံဃာဒိသေသော။

မြန်မာပြန်အကျဉ်းချုပ်။ ။သံဃာသင်းခွဲသော ရဟန်း၏အယူကို လိုက်ကုန်သော ၁-ပါး, ၂-ပါး, ၃-ပါးလောက်သော ရဟန်းတို့သည် "အရှင်ဘုရားတို့ ...ထိုရဟန်းကို ဘာတစ်ခုမျှ မပြောကြပါနှင့်" စသည်ဖြင့် ပြောဆိုအံ့၊ ထိုရဟန်းတို့ကို "မာယသ္မန္တော ဧဝံအဝစုတ္ထ= အရှင်တို့ ဤသို့မပြောကြနှင့်၊ နစေသောဘိက္ခု ဓမ္မဝါဒီ= (ကိုယ်တော်တို့ ထောက်ခံအားပေးနေသော (ထိုရဟန်းသည် ဓမ္မဝါဒီမဟုတ်" စသည်ဖြင့် ပြောဆို၍ တားမြစ်ရမည်၊ ထိုသို့ တားမြစ်ပါလျက် ရှေးအတိုင်း သူတို့အယူဝါဒကို ချီမြှောက်နေသေးလျှင် သံဃာ့ အလယ်သို့ ဆွဲငင်ခေါ်သွား၍ ဉတ်ကမ္မဝါစာ ၃-ကြိမ် ရွတ်လျက် ဆုံးမရမည်၊ ထိုသို့ ဆုံးမပါလျက် သူတို့ဝါဒကို မစွန့်လျှင် ထိုရဟန်းများ သံဃာဒိသေသ် အာပတ်သင့်၏။

မှတ်ချက်။ ။''တယောဝါ''ဟု ၃-ပါးအထိ ပိုင်းဖြတ်ထားခြင်းကား ၄-ပါးပြည့်လျှင် သူတို့ဘက်၌ သံဃာဖြစ်နေရကား ကိုယ့်သံဃာနှင့်ကိုယ် အတိုက်အခံ ကံပြုနေကြရမည် စိုးသောကြောင့်တည်း၊ အကယ်၍ သံဃာသင်းခွဲသူ့ နောက်လိုက်တွေ ၄-ပါး, ၅-ပါး စသည် များနေလျှင် ၂-ပါးစီ, ၃-ပါးစီ ခွဲပြီးမှ သံဃာက ကမ္မဝါစာဖြင့် ဆုံးမရမည်၊ ၄-ပါး စုနေလျှင်ကား ထိုကဲ့သို့ နှိမ်နင်းသော ကံမျိုးကို ကမ္မဝါစာဖြင့် မပြုနိုင်ပါ။

---

## ၄၂။ ဒုဗ္ဗစသိက္ခာပုဒ်

### အမှုသည်-အရှင်ဆန္န။
### အမှု-ဆုံးမသည်ကို မနာခံမှု။

**အရှင်ဆန္န အပြောရခက်ပုံ** ဘုရားရှင်၏ ဖွားဖက်တော် ဖြစ်သော အရှင်ဆန္နသည် အခြား ရဟန်းတို့က ''ဤသို့သောအမှုကို မပြုနှင့် မအပ်ပါဘူး''ဟု ပြောဆိုဆုံးမသောအခါ ထိုရဟန်းတို့ကို ဤသို့ ပြန်ပြောလေ့ရှိ၏၊– ''တပည့်တော်ရဲ့ဘုရား၊ တပည့်တော်ရဲ့တရား၊ တပည့်တော်ရဲ့ အရှင့်သားတော်သည် တရားကို ထိုးထွင်း၍ သိထားတာ ဖြစ်တယ်၊ လေမုန်တိုင်းကြီး တိုက်လာသည့်အခါ မြက်, ထင်း, သစ်ရွက်, အမှိုက်သရိုက်တွေကို တစ်နေရာ၌ဖယ်ရှားလိုက်သလို, တောင်ပေါ်မှ စီးကျလာသော မြစ်ရေသည် မှော်သေး, မှော်ညှင်းတို့ကို တစ်နေရာ၌ ဖယ်ရှားလိုက်သလို, ထို့အတူ ကိုယ်တော်တို့ဘတွေကို တပည့်တော်က ဖယ်ရှားနိုင်တယ်၊ ကိုယ်တော်တို့က တပည့်တော်ကို ပြောစရာ ဆိုစရာလို့ မှတ်နေကြသလား, တပည့်တော်ကသာ ကိုယ်တော်တို့ကို (မတော်တာရှိလျှင်) ပြောရ, ဆိုရ, ဆုံးမရမှာ''... ဤသို့ ပြန်၍ပြောလေ့ ရှိ၏၊ ထိုအကြောင်းကို ဘုရားရှင်သိတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်ပါဠိတော်။** ။**ဘိက္ခုပနေဝ** ဒုဗ္ဗစဇာတိကော ဟောတိ ဥဒ္ဒေသပရိယာပန္နေသု သိက္ခာပဒေသု၊ ဘိက္ခူဟိ **သဟဓမ္မိကံ** ဝုစ္စမာနော **အတ္တာနံ အဝစနီယံ ကရောတိ၊ မာ မံ အာယသ္မန္တော** ကိဉ္စိ အဝစုတ္ထ ကလျာဏံဝါ ပါပကံဝါ၊ **အဟမ္ပာယသ္မန္တေ န** ကိဉ္စိ ဝက္ခာမိ ကလျာဏံဝါ ပါပကံဝါ၊ ဝိရမထာယသ္မန္တော မမ ဝစနာယာတိ၊ **သော ဘိက္ခု** ဘိက္ခူဟိ ဧဝမဿ ဝစနီယော၊ မာယသ္မာ အတ္တာနံ အဝစနီယံ အကာသိ၊ ဝစနီယမေဝ အာယသ္မာ

**အတ္တာနံ ကရောတု၊ အာယသ္မာပိ ဘိက္ခူ ဝဒတု သဟဓမ္မေန၊ ဘိက္ခူပိ အာယသ္မန္တံ ဝက္ခန္တိ သဟဓမ္မေန၊ ဧဝံသံဝဍ္ဎာ ဟိ တဿ ဘဂဝတော ပရိသာ, ယဒိဒံ အညမညဝစနေန အညမညဝုဋ္ဌာပနေနာတိ၊ ဧဝဉ္စ သော ဘိက္ခု ဘိက္ခူဟိ ဝုစ္စမာနော တထေဝ ပဂ္ဂဏှေယျ၊ သော ဘိက္ခု ဘိက္ခူဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗော တဿ ပဋိနိဿဂ္ဂါယ၊ ယာဝတတိယဉ္စေ သမနုဘာသိယမာနော တံ ပဋိနိဿဇ္ဇေယျ၊ ဣစ္စေတံ ကုသလံ၊ နော စေ ပဋိနိဿဇ္ဇေယျ၊ သံဃာဒိသေသော။**

**သိက္ခာပုဒ် မြန်မာပြန်အကျဉ်း။** ။ရဟန်း ဖြစ်ပါလျက် ပါတိမောက်၌ (ဝိနည်းပါဠိတော်၌) အကျုံးဝင်ကုန်သော သိက္ခာပုဒ် ဆိုင်ရာဝယ် အပြောခက်, အဆိုခက် ဖြစ်နေအံ့၊ ရဟန်းတို့က သိက္ခာပုဒ်ဖြင့် ပြောဆိုဆုံးမလျှင် မိမိကိုယ်ကို သူများ အဆုံးအမ ခံမည့်သူ မဟုတ်ကြောင်း ပြန်၍ ပြောအံ့၊ ပြောပုံကား "အရှင်ဘုရားတို့ … တပည့်တော်ကို ကောင်းကောင်း ဆိုးဆိုး ဘာကိုမျှ မပြောကြပါနှင့်၊ တပည့်တော်ကလည်း အရှင်ဘုရားတို့ကို ကောင်းတာဖြစ်စေ, ဆိုးတာဖြစ်စေ ဘာကိုမျှ ပြောလိမ့်မည်မဟုတ်၊ တပည့်တော်ကို ပြောခြင်း, ဆိုခြင်းမှ ရှောင်ကြပါ" ဤသို့ ပြန်ပြောအံ့၊ ထိုအဆုံးမခက်သော ရဟန်းကို အခြားရဟန်းတို့က ပြောရမည်မှာ- "အရှင်သည် ကိုယ့်ကိုယ်ကို မပြောရ,မဆိုရသူ မလုပ်ပါနှင့်၊ အရှင်ကလည်း ရဟန်းတို့ကို သိက္ခာပုဒ်ဖြင့် (မတော်တာရှိလျှင်) ပြောပါ၊ ရဟန်းတို့ကလည်း သိက္ခာပုဒ်ဖြင့် အရှင့်ကို ပြောပါလိမ့်မည်၊ ဤသို့အချင်းချင်းပြောဆိုကြခြင်း, 'အာပတ်သင့်လျှင်) အာပတ်မှထအောင် အချင်းချင်း ကူညီကြခြင်းကြောင့်သာ ထိုဘုရားရှင်၏ တပည့် ပရိသတ်သည် ဤအခြေအနေ တိုင်အောင် တိုးတက်ကြီးပွားလာရပါသည်၊ (တစ်ပါးနှင့်တစ်ပါး ပြောခွင့်,ဆိုခွင့် ဆုံးမခွင့်မရ၍ မပြောကြ,မဆုံးမကြလျှင် ဆုတ်ယုတ်ကုန်ပါလိမ့်မည်-ဟူလို၊)" ဤသို့ ရဟန်းတို့က ပြောပါလျက်(အပြောအဆိုမခံလိုခြင်းဟူသော) သူ့ဝါဒကိုမစွန့်ဘဲ ချီမြှောက်နေသေးလျှင် ထိုရဟန်းကို သံဃာ့အလယ်သို့ အတင်းဆွဲခေါ်၍ ဉတ်ကမ္မဝါစာဖြင့် ဆုံးမရမည်၊ ထိုသို့ ဆုံးမ၍ သူ့ဝါဒကိုစွန့်လျှင် ကောင်း၏၊ မစွန့်လျှင် တတိယကမ္မဝါစာအဆုံး၌ သံဃာဒိသေသ် အာပတ်သင့်သည်။

**မှတ်ချက်။** ။ယခုခေတ်၌များသောအားဖြင့် တိုက်ကိုလည်းကောင်း, ကျောင်းကိုလည်းကောင်း အုပ်ချုပ်နေကြသော တိုက်အုပ် ကျောင်းထိုင် ပုဂ္ဂိုလ်များသည် တိုက်ရှိသံဃာ ကျောင်းရှိသံဃာများကိုမပြောဝံ့ မဆိုးမဝံ့ကြတော့၊ လက်အောက် သံဃာများသည်လည်းအတော်များများက ထိုတိုက်အုပ်ကျောင်းထိုင်ကို မှီခိုအားထားလို၍ လာရောက်နေထိုင်ကြသည်မဟုတ်, နေရာရရုံလောက်ကို ရည်ရွယ်၍ လာရောက်နေထိုင်ကြခြင်းဖြစ်၏၊ စာသင်ခြင်းကိစ္စကိုမူ သင့်တော်ရာပုဂ္ဂိုလ်ထံ (အခြားကျောင်း အခြားတိုက်မှာ ဖြစ်စေ) သွားရောက် သင်ယူကြလေသည်၊ ထိုကဲ့သို့ အချင်းချင်းမှီခိုအားထားခြင်းမရှိကြသောကြောင့်လည်း ပြောဆိုဆုံးမဖို့မလွယ်ကူကြတော့ချေ၊ ဤကား မြို့စာသင်တိုက်များ၌ များသောအားဖြင့် ဖြစ်နေပုံတည်း။

ထိုကဲ့သို့ ဖြစ်နေမှုကြောင့် ''ဧဝံသံဝဍ္ဎာဟိတဿဘဂဝတောပရိသာ၊ ယဒိဒံ အညမညဝစနေန–အချင်းချင်း ပြောဆို ဆုံးမလာခြင်းကြောင့်သာ ဘုရားရှင်၏ပရိသတ်သည် ဤအခြေအနေတိုင်အောင် သီလ, သမာဓိ, ပညာအားဖြင့် ကြီးပွားတိုးတက်လာရပါသည်'' ဟူသော စကားနှင့် ပြောင်းပြန်ဖြစ်ကာ ''အချင်းချင်း မဆုံးမနိုင်သောကြောင့် ဘုရားသာသနာတော်ကြီးသည် ဤအခြေအနေတိုင်အောင် သီလ, သမာဓိ, ပညာအားဖြင့် ဆုတ်ယုတ်လာခဲ့ရပါသည်''ဟု ငြီးငြူရသောခေတ်သို့ ရောက်လုနီးပါးဖြစ်နေရပါသည်၊ ဤအခြေအနေကို တစ်မျိုးတစ်မည် ပြောင်းအောင် လက်ရှိဆရာတော်ကြီးများနှင့် အစိုးရကသာ မပြုပြင်နိုင်ပါလျှင် ဤသာသနာတော်သည် မြန်မာနိုင်ငံတော်တွင် ဤအခြေအနေမျှပင် တည်တံ့ဖို့ခဲယဉ်းပါလိမ့်မည်။

---

## ၃။ ကုလဒူသကသိက္ခာပုဒ်

**အမှုသည်–အဿဇိ, ပုနဗ္ဗသုကရဟန်းများ။**

**အမှု – သဒ္ဓါတရား ပျက်စီးအောင်ပြုသည့်အတွက် ပဗ္ဗာဇနီယကံပြုသောအခါ ကံပြုသောသံဃာများကို ကဲ့ရဲ့ရှုတ်ချမှု။**

**အဿဇိ ပုနဗ္ဗသုကတို့ကျင့်ပုံ** မြတ်စွာဘုရားယည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်တော်၌ သီတင်းသုံးတော်မူစဉ်, အဿဇိဟုလည်းကောင်း, ပုနဗ္ဗသုကဟု လည်းကောင်း အမည်ရသော အလဇ္ဇီရဟန်းယုတ်တို့သည် ကိဋာဂိရိဇနပုဒ်၌ ကျောင်းထိုင်ဘုန်းကြီးလုပ်လျက် မကောင်းသောအကျင့်များကို ကျင့်ကြလေသည်၊ ထိုရဟန်းတို့သည် ပန်း

ပင်ကိုစိုက်၍ ရေလောင်းကြ၏၊ ပန်းခူးကြပြီးလျှင် ပန်းကုံးအမျိုးမျိုး ပန်းခိုင် အမျိုးမျိုးပြုကုန်လျက် ကြီးကြီးငယ်ငယ် အရွယ်အစားစား ဖြစ်သော မိန်းမတို့အား ပေးကြကုန်၏၊ ထိုမိန်းမတို့နှင့်အတူ တစ်ခွက်တည်းစား တစ်ခွက်တည်းသောက် တစ်နေရာတည်းထိုင် တစ်နေရာတည်းအိပ် တစ်ခင်းတည်းခင်း တစ်ခြုံတည်းခြုံ၍ နေကြ,အိပ်ကြကုန်၏၊ ညစာလည်းစားကုန် အရက်လည်းသောက်ကုန် ပန်းနံ့သာကိုလည်း လိမ်းကျံခြယ်လှယ်ကုန်၏၊ က, လည်းက သီချင်းလည်းဆိုလျက် ကစားအမျိုးမျိုးကို ကစားရုံသာမက, ပွဲလယ်ခေါင်၌ သက်န်းကြီးကို ဖြန့်ခင်းပြီးလျှင် "ဟေ့နှမ....ဒီအပေါ်လာပြီး ကလှည့်ပါကွ"ဟု ဇာတ်သူမကိုပင် ခေါ်ငင်ကြကုန်၏။

**ကုလဒူသက**။ ။"ကုလာနိ - အမျိုးလေးပါးတို့ကို၊ ဒူသေတိ - ဖျက်ဆီးတတ်၏"ဟူသော ဝစနတ္ထနှင့်အညီ"ခတ္တိယ ဗြာဟ္မဏ ဝေဿ သုဒ္ဒ"ဟူသော အမျိုး ၄-ပါးကို ဖျက်ဆီးသူကို"ကုလဒူသက"ရဟန်းဟုခေါ်၏၊ "ဖျက်ဆီး" ဟူရာ၌ ပျက်စီးအောင် မစင်-ရွှံ့ပုပ်တို့ဖြင့် ပက်သည်မဟုတ်၊ ထိုအမျိုးများ၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်းတည်း၊ ခွဲဦးအုံ့-လူတစ်ယောက်ကို ဖျက်ဆီးရာ၌ မစင် ရွှံ့ပုပ်သည် ဖျက်ဆီးကြောင်း ဝတ္ထုဖြစ်သကဲ့သို့ ထို့အတူ အမျိုးကို ဖျက်ဆီးရာ၌ ဖျက်ဆီးကြောင်းဝတ္ထုရှိရဦးမည်၊ ထိုဝတ္ထုကား—"ပန်း-သီး-မှုန့်-မြေ, ဝါး-ပူ-ခြေ, ဝဇ္ဇေဒူရှစ်ဖြာ"နှင့်အညီ—

၁-ပန်း, ၂-သစ်သီး, ၃-ရေချိုးဆပ်ပြာမှုန့်, ၄-မြေညက်, ၅-ဝါး, ၆-ဒန်ပူ, ၇-ခြေဖြင့်သွားခြင်း, ၈-(ဝဇ္ဇေ)ဆေးကုခြင်းအားဖြင့် ၈-ပါးရှိ၏၊ မိန်းကလေး တစ်ယောက်ယောက်အား ပန်းပေးလိုက်လျှင် ထိုမိန်းကလေး၏ သဒ္ဓါတရားကို ဖျက်ဆီးပစ်ရာရောက်၏၊ [မစင်နှင့်ပန်း, ပက်ခြင်းနှင့်ပေးခြင်း, အပက်ခံရသူ ပျက်စီးခြင်းနှင့် မိန်းမ၏သဒ္ဓါတရား ပျက်စီးခြင်း, မစင်ပက်သူနှင့် ပန်းပေးသူ တူကြလေသည်။]

**သဒ္ဓါတရားပျက်ပုံ**။ ။မိန်းကလေးသည် ရိုးရိုးရာရာအားဖြင့် နဂိုက သဒ္ဓါတရား ကောင်းသူကလေးတည်း၊ သို့သော် "ဒါနံသဗ္ဗတ္ထ သာဓကံ = ပေးကမ်းခြင်းသည် အကျိုးအားလုံးပြီးစေ၏" ဟူသော စကားကို သဘောပေါက်၍ သူ့ကိုကြည်ညိုအောင် ရဟန်းတစ်ယောက်က ထိုမိန်းကလေးအား ပန်းကို ပေးလိုက်ရာ ထိုရဟန်းအား လှူဒါန်းချင်စိတ်ဖြစ်ကာ ချစ်ခင်လာပေမည်၊ သို့သော် ထိုကဲ့သို့ ပေးဖော်မရသော လဇ္ဇီသူမွန်သီလဝန် အရှင်မြတ်တို့အား မလှူချင်-မတန်းချင် မဆည်းကပ်-မကိုးကွယ်ချင်တော့သဖြင့် ထိုမိန်းကလေး၏ အစစ်အမှန် အဖိုးတန်သဒ္ဓါတရားတွေ ပျက်ပြားလေပြီ။

ဤနည်းအတိုင်း သစ်သီးပေး၍ ဖျက်ဆီးပုံ, (သစ်သီးဖြင့်သစ်ရွက်ကိုပါယူ) ကုက္ကိုမှုန့် စသော (ကာလပေါ်အမှုန့် ဆပ်ပြာခဲများနှင့်တကွ) ရေချိုးရာ၌ အသုံးပြုရသော အမှုန့်ကိုပေး၍ ဖျက်ဆီးပုံ, မြေညက်ပေး၍ ဖျက်ဆီးပုံ (အိန္ဒိယ၌ မြေညက်များကိုလည်း မြန်မာနိုင်ငံ သဲဆပ်ပြာကဲ့သို့ အသုံးပြုသည်၊) အိမ်စသည် ဆောက်ဖို့ရန်အတွက် ဝါးပေး၍ ဖျက်ဆီးပုံ, ဒန်ပူပေး၍ ဖျက်ဆီးပုံ, (အိန္ဒိယသားတို့သည် သွားတိုက်ရန် ဒန်ပူကို အများပင် အသုံးပြုကြသည်၊ ယခုမြန်မာနိုင်ငံ၌လည်း ကုလားနှင့်ပုဏ္ဏားတို့ ဒန်ပူသုံးကြသည်ကို တွေ့နိုင်သေး၏၊) လူများကစေခိုင်း၍ ခြေဖြင့်သွားလျက် အစေအပါး ခံခြင်းဖြင့် ဖျက်ဆီးပုံ, ဆေးကု၍ ဖျက်ဆီးပုံများကိုလည်း သိကြပါလေ။

**မိစ္ဆာဇီဝ**။ ။ရိုးသား ဖြောင့်မှန်သော အသက်မွေးခြင်း မဟုတ်ဘဲ, စဉ်းလဲကောက်ကျစ်သော မရိုးမဖြောင့်သော လိမ်သော ညာသော အသက်မွေးမှုကို "မိစ္ဆာဇီဝ"ဟု ခေါ်၏၊ [မိစ္ဆာ=မှားယွင်းသော+ အာဇီဝ= အသက်မွေးမှု (ပစ္စည်းရအောင်လုပ်မှု)၊] ပြခဲ့သော ပန်းပေးမှု စသော ရှစ်ပါးလည်း မိစ္ဆာဇီဝပင်တည်း၊ ထိုရှစ်ပါးအပြင် ကုဟန လပန စသည်တို့လည်း မိစ္ဆာဇီဝပင်တည်း။

**ကုဟန**။ ။ဒါယကာ ဒါယိကာမတို့ တအံ့တသြ ချီးမွမ်းရလောက်အောင် ဟန်ဆောင်မှု ဟိတ်ဟန်လုပ်မှုကို "ကုဟန"ဟုခေါ်၏၊ ထိုကုဟနသည် ပစ္စည်းသုံးစွဲပုံ, မိမိကိုချွန်ရသူ မင်္ဂဖိုလ်ရသူ ထင်အောင် ချွန်မင်္ဂဖိုလ်နှင့် နီးစပ်သော စကားကို ပြောဆိုမှု, သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း ဟူသော ဣရိယာပုထ် လေးပါး၌ သူများအထင်ကြီးအောင် ဟန်လုပ်၍နေမှု ဤသို့ အားဖြင့် သုံးမျိုးပြားပြန်၏။

**ပစ္စည်းသုံးစွဲပုံ**။ ။"ဆွမ်းဖြစ်စေ, သင်္ကန်းကျောင်း ဆေးဖြစ်စေ တစ်စုံတစ်ခု အကောင်းအမွန်ကို လှူပါရစေ"ဟု လာ၍ လျှောက်သာလျှင် (လိုချင်လျက်သားနဲ့ ထိုအလှူရှင်တို့က မိမိကို အထင်ကြီးစေလိုသော စိတ်ယုတ်မာဖြင့်) "ငါတို့မှာ ပြည့်စုံပါတယ်"ဟု ပြော၍၊ သို့မဟုတ် "ရဟန်းဆိုဘာ ဒါလောက် အကောင်းအမွန် သုံးဖို့မလိုပါဘူး, ပံ့သကူသင်္ကန်းတို့လို သင်္ကန်း, ရုက္ခမူ (သစ်ပင်အောက်) တို့လို ကျောင်းကလေး, သင့်တော်ရုံ အစား အစာ ဆေးဝါးဖြင့် မျှတရတယ်"ဟု ပြော၍၊ ထိုသို့ပြောသဖြင့် အလှူရှင်တို့အထင်ကြီးလေတော့၏၊ ထိုသို့အထင်ကြီးသဖြင့် သာ၍ လှူချင် လာသောကြောင့် "လှူပါရစေ"ဟု မရမက လျှောက်သောအခါ "သူတို့ကို ချီးမြှောက်သော

အားဖြင့်သော အလှူခံရသည့် အနေမျိုးဖြင့် အလှူခံ၏၊ ထိုအပြုအမူကား ပစ္စည်းသုံးစွဲပုံ ငှဲ့စပ်၍ မိမိကိုယ်ကိုအထင်ကြီးအောင် သာ၍ကြည်ညိုအောင် ပြုသော မိစ္ဆာဇီဝမှုတစ်မျိုးတည်း၊ ထိုသို့ပြုသဖြင့် ရအပ်သောပစ္စည်းများသည်မိစ္ဆာဇီဝ ဖြစ်၏၊ အထင်ကြီးစေလိုသော စိတ်ယုတ်မာကြောင့်မဟုတ်ဘဲ တကယ်စိတ်ရင်း စေတနာရင်းဖြင့် ပြောဆိုခြင်းကား သူတို့က အထင်ကြီးစေကာမူ မိစ္ဆာဇီဝမှု မဟုတ်။

**ဈာန်မဂ်ဖိုလ်နှင့်နီးစပ်သောစကား**။ ။ဈာန် မဂ် ဖိုလ် ရသူထင်အောင် စကားပြောပုံကား—"ဒါယကာရဲ့.... တန်ခိုးအာနုဘော်ရှိတဲ့ ကိုယ်တော်များဟာ မည်သို့ **အသွေးအရောင်ရှိတဲ့** သင်္ကန်းကို ဝတ်လေ့ရှိတယ်၊ မည်ကဲ့သို့ ဆိတ်ငြိမ်သောကျောင်းမှာ နေလေ့ရှိတယ်" ဤသို့စသည်ဖြင့် သူဝတ်သော သင်္ကန်းမျိုး သူနေသောကျောင်းမျိုးကို ပြောပြ၏၊ ထိုအခါ ဒါယကာက "ဒီကိုယ်တော်ဟာ ဈာန်ရကိုယ်တော်ဖြစ်မှာဘဲ, မဂ်ရ ဖိုလ်ရ (ရဟန္တာ)ဖြစ်မှာဘဲ"ဟု တွေးပြီး ထိုကိုယ်တော်ကို အထင်ကြီး၏၊ ထိုသို့ အထင်ကြီးအောင် ဟိတ်ဟန်ထုတ်မှုသည် မိစ္ဆာဇီဝဖြစ်၏၊ ထိုသို့အထင်ကြီး၍ လှူလေသမျှ ပစ္စည်းသည် မိစ္ဆာဇီဝပင်တည်း။

**သွားမှုစသည်ဖြင့် အထင်ကြီးစေမှု**။ ။ကိုယ်တော် တစ်ပါးကား သူ့ကို အထင်ကြီးစေလိုသောကြောင့် ဒါယကာ ဒါယိကာမတို့ ရှေ့၌ အလွန်ဣန္ဒြေ သိက္ခာ တည်ကြည်စွာဖြင့် သွား၏, ရပ်၏, ထိုင်၏, လျောင်း၏၊ လူကွယ်ရာ၌ကား တော်သလိုနေ၏၊ ထိုသို့အထင်ကြီးအောင် ဟန်ဆောင်သည်ပင် မိစ္ဆာဇီဝဖြစ်၏၊ ထိုသို့ဟန်ဆောင်နေသည်ကို အထင်ကြီး၍ လှူလေသမျှ မိစ္ဆာဇီဝချည်းတည်း၊ [အထင်ကြီးအောင် ဟန်ဆောင်ခြင်းမဟုတ်ဘဲ "ရဟန်းဆိုတာ မြို့ရွာအတွင်း၌ ဣန္ဒြေရရ သွားမှနေမှ သာသနာ့အသရေကို ဆောင်ရာရောက်မည်"ဟု စိတ်ကောင်းထား၍ သွားလာနေထိုင်မှုကား မိစ္ဆာဇီဝမဟုတ်။]

**လပန**။ ။ဒါယကာ ဒါယိကာမတို့ထံက ပစ္စည်းရအောင်ပြောမှု, ကြည်ညိုအောင် ပြောမှုကို "လပန"ဟု ခေါ်၏၊ ကျောင်းလာသည်ကို မြင်လျှင် "ဘာကိစ္စလာတုံး, ဆွမ်းစားပင့်လား, ဒီလိုဆိုရင် သွားနှင့်, လိုက်ခဲ့မယ်"ဟု (ဒါယကာက ဘာမှမလျှောက်ဘဲ သူကစ၍)ပြောခြင်း။

"ဒကာရ ငါ့ကိုမင်းကြီးက ကြည်ညိုတယ်, ငါ့ကို မည်သည့်ဝန်ကြီးက ကြည်ညိုတယ်"စသည်ဖြင့် မမေးဘဲလျက် သူ့ကိုယ်သူပြောခြင်း၊ မေးသည့်အတွက် သူ့ကိုယ်သူမြှောက်၍ပြောခြင်း။

မိမိသိလျှသော ဒါယကာ ဒါယိကာမတို့မပျင်းအောင် သူတို့အားလည်း ပြောခွင့်ပေး၍ ပြောခြင်း။

သေဒွေးကြီး သူကြွယ်ကြီး စစ်ပိုင်ကြီး ဘာမင်းကြီး ညာမင်းကြီးစသည်ဖြင့် ရာထူးဂုဏ်သိန် စည်းစိမ်နှင့်စပ်သော မြှောက်လုံးပင့်လုံး စကားသုံးနှုန်း၍ ခေါ်ခြင်း၊ [ပစ္စည်းလှူချင်အောင် မြှောက်၍ ခေါ်ခြင်းမဟုတ်ဘဲ ဝန်ကြီးကို "ဝန်ကြီး"ဟု ခေါ်ခြင်းသည်ကား မိစ္ဆာဇီဝမဖြစ်။]

"ရှေ့နှစ်က ဒီအချိန်မှာ လှူနေကျဘဲ, ယခုနှစ်မလှူကြဘူးလား"စသည်ဖြင့် "လှူပါ့မည်"ဟု လျှောက်အောင် ပြောခြင်း။

တစ်စုံတစ်ခု ပစ္စည်းကိုင်လာသူကိုမြင်လျှင်"ငါ့မလှူဘူးလား"ဟုမေးခြင်း။

တစ်စုံတစ်ယောက် အနားရောက်လာလျှင် သူက သူတို့အိမ်က)တော့အလှူ အတန်းရှိလျှင် တပည့်တော်သာ လှူဘာဘဲ ဟု (မလှူဘဲ မနေနိုင်အောင်) အခြားရဟန်းအား ပြောခြင်း။

မှားတာ မှန်တာ တရားတာ မတရားတာကို မစဉ်းစားဘဲ ချစ်ခင်လာအောင် ပြောခြင်း၊ မိမိကိုယ်ကို နှိမ့်ချ၍ သနားလာအောင်ပြောခြင်း။

ပဲနောက်ဟင်း ချက်ရာ၌ အနပ်နည်ပါး၍ မနပ်တာက များသလို အမှန်နည်းပါး၍ အမှားများသောစကားကိုပြောခြင်း။

ကလေး၏မိဘတို့က ကြည်ညိုအောင် ကလေးငယ်ကို ပွေ့ချီချော့မြှူခြင်း၊ ဤသို့ ပစ္စည်းရအောင် ပြောဆိုသမျှသည် လပနမည်၏၊ ထိုသို့ ပြောဆိုမှုကြောင့် ရလေသမျှပစ္စည်းသည် မိစ္ဆာဇီဝချည်းတည်း။

**အရိပ်အယောင်ပြုခြင်းစသည်။** ။ပစ္စည်းလှူအောင် အရိပ်နိမိတ် ပြုခြင်း၊ [ဥပမာ—စားဖွယ်တစ်ခုခု ကိုင်လာသည်ကို မြင်လျှင် "စားစရာရလာကြသလား" စသည်ဖြင့် မိမိလဲ လှူအောင်မေးခြင်း၊] လှူအောင် လမ်းခင်းပေးခြင်း၊ [ဥပမာ-နွားကျောင်းသားတွေကိုမြင်လျှင်"မင်းတို့နွားကလေးတွေ သာစို့သလဲ၊ နို့စို့တာ ဟုတ်မထင်ဘူး၊ နို့စို့လျှင် ရဟန်းများလဲ နွားနို့ရမှာပေါ့"ဟုပြောခြင်း။ မလှူလှူအောင် ချိတ်စကား ရိပ်စကားပြောခြင်း,....မလှူဘဲမနေနိုင်အောင်ဆဲခြင်း ရှုတ်ချခြင်း,"သဒ္ဓါတရားမဲ့တဲ့အကောင်"စသည်ဖြင့် ကဲ့ခြင်း,မလှူဘဲ့သူကို "ဟာ့အလှူ့ရှင်ကြီးဟ"စသည်ဖြင့်,ပြောင်လှောင်ခြင်း, တစ်ခြားအိမ်၌ ထိုသူသဒ္ဓါတရားမဲ့ကြောင်းပြောခြင်း, ရှေ့တော့အကောင်း ပြော၍ ကွယ်ရာမှာ သဒ္ဓါမဲ့ကြောင်း အပြစ်ပြောခြင်း, တစ်အိမ်၌ ရခဲ့သောလာဘ်ကို တစ်ခြားတစ်အိမ်၌ ပေးခဲ့၍, ထိုအိမ်မှ ပို၍ကောင်းသော

လာဘ်ကိုယူပြီးလျှင်နောက်တစ်အိမ်၌ပေးပြန်၍ထိုအိမ်မှသာ၍ပိုကောင်းသော လာဘ်ကိုရအောင်လုပ်ခြင်း ဤသို့စသည်ဖြင့် မိစ္ဆာဇီဝတွေ လွန်စွာများပြားလေသည်။

**သူတော်ကောင်း တစ်ပါး ကြုံရပုံ**

ထိုပြခဲ့သော ကုလဒူသန မိစ္ဆာဇီဝအမှုတို့ကြောင့် ဇနပုဒ်တစ်ခုလုံး (သဒ္ဓါစစ်သဒ္ဓါမှန်) ပျက်စီးနေစဉ် ကာသိတိုင်းမှ (ဝါကျွတ်၍) သာဝတ္ထိသို့ ဘုရားဖူးကြွလာသော ရဟန်းတော်တစ်ပါးသည် လမ်းခရီးအကြားဝယ် ကိဋာဂိရိဇနပုဒ်၌ ဆွမ်းခံချိန်ကျသဖြင့် ဣန္ဒြေရရနှင့် စက္ခုန္ဒြေချ၍ ဆွမ်းခံဝင်လေသော်, ထိုကိဋာဂိရိဇနပုဒ်သူ ဇနပုဒ်သားတို့သည် ထို ရဟန်းတော်ကို မြင်၍....''ဒီရဟန်းက ဘယ်နှယ်ရဟန်းပါလိမ့်, အ-တတနဲ့၊ နုံ့နုံ့သွားပြီး, မျက်မှောင်ကကုပ်လို့ အိမ်သို့ကပ်လာသော ဒီရဟန်းအား ဘယ်သူကဆွမ်းပေးချင်မှာလဲ၊ ငါတို့ရဲ့ အရှင်အဿဇိ, ပုနဗ္ဗသုကတို့ကတော့-သိမ်မွေ့တယ်, နူးညံ့တယ်, ချိုချိုသာသာပြောတတ်တယ်၊ မြင်လိုက်မှဖြင့် ပြုံးလို့၊ လာပါ လာပါဟု နှုတ်ဆက်တယ်, မျက်မှောင်လဲမကုပ်ပေါင်, ပေါ်လွင်လိုက်တဲ့ မျက်နှာမှမပြောနဲ့တော့, တွေ့ပလားဆို-စ၍ နှုတ်ဆက်ကြတာဘဲ၊ ဒီလို ကိုယ်တော်များမှ ဆွမ်းပေးထိုက်တာပေါ့''ဟု သူတို့ကိုယ်တော်များနှင့် နှိုင်းယှဉ်ကာ တကယ့်သဒ္ဓါတရား ဖြစ်လောက်သော သူတော်ကောင်းအပေါ်မှာ သဒ္ဓါ မဖြစ်နိုင်ဘဲ ရှိကြလေသည်၊ [ကိဋာဂိရိဇနပုဒ်သူ, ဇနပုဒ်သားတို့၏ အစစ်အမှန် သဒ္ဓါတရားကို သစ်သီးပေးမှု ပန်းပေးမှုစသည်ဖြင့် ဖျက်ဆီးပစ်ရာ ရောက်သောကြောင့် သစ်သီးပန်းစသည်ပေးမှုကို ကုလဒူသန(အမျိုး၏သဒ္ဓါတရားကို ဖျက်ပစ်မှု)ဟု ခေါ်သည်။]

**ဥပါသကာနှင့် တွေ့ပုံ**

ထိုဆွမ်း လှည့်နေသော ရဟန်းတော်ကို ဥပါသကာ (ရတနာသုံးပါး အစစ်အမှန်ကို ဆည်းကပ်ကိုးကွယ်သူ) တစ်ယောက်မြင်၍ အနားသို့ကပ်ပြီးလျှင် ''ဆွမ်းရပါရဲ့လားဘုရား''.... ''မရသေးဘူးဒါယကာ'' ... အရှင်ဘုရားတို့လို ပုဂ္ဂိုလ်ကောင်းမျိုးကို ဆွမ်းမရအောင်လုပ်ထားသူဟာ အရှင်ဘုရားတို့ရဲ့ သီတင်းသုံးဖော်တွေပင်ဖြစ်ပါတယ်၊ တစ်ရွာလုံးလှည့်သော်လဲ ရမည်မဟုတ်တော့ပါ၊ တပည့်တော်အိမ် သွားကြပါစို့'' ဟု လျှောက်၍ အိမ်သို့ပင့်သွားလေသည်၊ အိမ်သို့ ရောက်သောအခါ ဆွမ်းကပ်ပြီးနောက် သာဝတ္ထိမြို့သို့ ကြွမည့်အကြောင်းကိုသိရ၍, ''တပည့်တော်၏ လျှောက်ထားချက်ဖြင့် ဘုရားခြေတော်တို့ကို ရှိခိုးတော်မူပါလေ၊ ကိဋာဂိရိဇနပုဒ်၌ ကျောင်းတိုက် ပျက်နေ

ကြောင်း,အဿဇိ-ပုနဗ္ဗသုက ကိုယ်တော်တွေကျင့်ချင်တိုင်း ကျင့်နေကြောင်း, ကျောင်းတိုက် တည်တံ့အောင် ရဟန်းကောင်းများကို စေလွှတ်တော်မူပါ မည့်အကြောင်းကိုလဲ လျှောက်ပါလေ''ဟု မှာလိုက်လေသည်။

**အဂ္ဂသာဝက ၂-ပါး ကြွတော်မူရပုံ** ထိုရဟန်းသည်ဘုရားရှင်ထံရောက်၍ဒါယကာ မှာလိုက်တိုင်း ဘုရားရှင်အား လျှောက်လေရာ,ဘုရားရှင်သည် အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို အပြစ်တင်တော်မူ၍ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် တို့ကို ခေါ်တော်မူပြီးလျှင် ''သာရိပုတ္တရာ, မောဂ္ဂလာန်တို့...သင်တို့သွားကြချေ၊ အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို ကိဋာဂိရိဇနပုဒ်မှ နှင်ထုတ်ကြောင်းကံ (ပဗ္ဗာဇနိယကံ) ပြုကြချေ၊ သူတို့ဟာ သင်တို့ရဲ့သဒ္ဓိဝိဟာရိက တပည့်များဖြစ်ကြသည်''ဟု မိန့်တော်မူလေသည်၊ ထိုအခါ အရှင်သာရိပုတ္တရာတို့က ''အဿဇိပုနဗ္ဗသုကတို့ဟာ ကြမ်းတမ်းကြပါသည်၊ အဘယ်နည်းဖြင့် ပဗ္ဗာဇနိယကံ ပြုရပါမည်နည်း''ဟု ပြန်၍ လျှောက်လျှင် ''ရဟန်းများများခေါ်၍ သွားကြ''ဟု မိန့်တော်မူလေသော်, အဂ္ဂသာဝကကြီး ၂-ပါးသည် ရဟန်းများနှင့်အတူ ကြွသွား၍ ထိုရဟန်းတို့အား ပဗ္ဗာဇနိယကံပြုတော်မူကြလေသည်၊ ထိုရဟန်းတို့လည်း ထိုကံနှင့်လျော်သော ကျင့်ဝတ်ကိုမကျင့်ကြဘဲ သူတို့ကပြန်၍ ဆဲကြ,ခြိမ်းခြောက်ကြ,ဆန္ဒာဂတိလိုက်သလေ,ဒေါသာဂတိလိုက်သလေ စသည်ဖြင့် အပြစ်တင်ကြပြီးလျှင်,တချို့လဲ တခြားအရပ်သို့သွားနေကြ, တချို့လဲလူထွက်ကြလေသည်၊ ထိုကဲ့သို့ သူတို့က ပြန်၍ကဲ့ရဲ့ကြခြင်းကြောင့်၍သိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်ပါဠိတော်၊** ။ဘိက္ခု ပနေဝ အညတရံ ဂါမံဝါ နိဂမံဝါ ဥပနိဿာယ ဝိဟရတိ ကုလဒူသကော ပါပသမာစာရော၊ တဿခေါ ပါပကာ သမာစာရာ ဒိဿန္တိစေဝ သုယျန္တိစ၊ကုလာနိစ တေန ဒုဋ္ဌာနိ ဒိဿန္တိစေဝ သုယျန္တိစ၊ သောဘိက္ခု ဘိက္ခူဟိ ဧဝမဿ ဝစနီယော အာယသ္မာ ခေါ ကုလဒူသကော ပါပသမာစာရော၊ အာယသ္မတော ခေါ ပါပကာ သမာစရာ ဒိဿန္တိစေဝ သုယျန္တိစ၊ ကုလာနိစာယသ္မတာ ဒုဋ္ဌာနိ ဒိဿန္တိစေဝ သုယျန္တိစ၊ ပက္ကမတာ ယသ္မာ ဣမမှာ အာဝါသာ၊ အလံတေ ဣဓ ဝါသေနာတိ၊ ဧဝဉ္စ သော ဘိက္ခု ဘိက္ခူဟိ ဝုစ္စမာနော တေဘိက္ခူ ဧဝံ ဝဒေယျ ဆန္ဒဂါမိ နော စ ဘိက္ခူ၊ ဒေါသ ဂါမိနောစ

ဘိက္ခူ၊ မောဟာဂါမိနော စ ဘိက္ခူ၊ ဘယာဂါမိနော စ ဘိက္ခူ၊
တာဒိသိကာယ အာပတ္တိယာ ဧကစ္စံ ပဗ္ဗာဇေန္တိ ဧကစ္စံ န ပဗ္ဗာ-
ဇေန္တီတိ၊ သော ဘိက္ခု ဘိက္ခူဟိ ဧဝမဿ ဝစနီယော မာယသ္မာ ဧဝံ
အဝစ၊ န စ ဘိက္ခူ ဆန္ဒာဂါမိနော၊ န စ ဘိက္ခူ ဒေါသာဂါမိနော၊ န စ
ဘိက္ခူ မောဟာဂါမိနော၊ န စ ဘိက္ခူ ဘယာဂါမိနော၊ အာယသ္မာ
ခေါ ကုလဒူသကော ပါပသမာစာရော၊ အာယသ္မတော ခေါ
ပါပကာ သမာစာရာ ဒိဿန္တိ စေဝ သုယျန္တိ စ၊ ကုလာနိ စာယသ္မတာ
ဒုဋ္ဌာနိ ဒိဿန္တိ စေဝ သုယျန္တိ စ၊ ပက္ကမတာယသ္မာ ဣမမှာ အာ
ဝါသာ၊ အလံ တေ ဣဓ ဝါသေနာတိ၊ ဧဝဉ္စ သော ဘိက္ခု ဘိက္ခူဟိ
ဝုစ္စမာနော တထေဝ ပဂ္ဂဏှေယျ၊ သော ဘိက္ခု ဘိက္ခူဟိ ယာဝတ-
တိယံ သမနုဘာသိတဗ္ဗော တဿ ပဋိနိဿဂ္ဂါယ၊ ယာဝတတိယံ
စေ သမနုဘာသိယမာနော တံ ပဋိနိဿဇ္ဇေယျ၊ ဣစ္စေတံ ကုသလံ၊
နော စေ ပဋိနိဿဇ္ဇေယျ သံဃာဒိသေသော။

**မြန်မာပြန်အကျဉ်းချုပ်။** ။ကုလဒူသကရဟန်းတို့ကို 'ဒီကျောင်းတိုက်မှ ဖဲခွာထွက်သွားပါ၊ ဒီမှာနေ၍မသင့်ပါ'' ဟု ပြော၍ နှင်ထုတ်ရာ၌၊ ထိုသို့ နှင်ထုတ်သော အခါ "ရဟန်းတို့ကို အဂတိလိုက်ဘယ်" ဟု ပြောလျှင် ယိုသို့မပြောဖို့ရန် တားမြစ်ရမည်၊ တားမြစ်၍ မရလျှင် သံဃာ့အလယ်သို့ ခေါ်၍ ကမ္မဝါစာဖြင့် ဆုံးမရမည်၊ ဆုံးမ၍ ရလျှင်ကောင်း၏၊ မရလျှင် တတိယ ကမ္မဝါစာ အဆုံး၌ သံဃာဒိသေသ် အာပတ်သင့်၏။

**မှတ်ချက်။** ။ယခုကာလ၌ကား သစ်သီးပေးမှု ပန်းပေးမှုစသော ကုလဒူသန အမှုကြောင့် ဒုက္ကဋ်အာပတ်သာသင့်၏၊ စာလာ ပေလာအတိုင်းပြော ဆို ဆုံးမသူမရှိရကား ထိုကုလဒူသန ရဟန်းတို့မှာ သံဃာဒိသေသ် ကား မသင့်တော့ချေ။

**သံဃာဒိသေသ်သိက္ခာပုဒ် ပြီးပြီ။**

# ၃။ အနိယတအခန်း

## က။ ပဌမ အနိယတ သိက္ခာပုဒ်

အမှုသည်–ရှင်ဥဒါယီ။
အမှု–မာတုဂါမနှင့် အတူ အကွယ်အကာ ရှိသော
နေရာ၌ တစ်ယောက်ချင်း ထိုင်နေမှု။

**မာတုဂါမနှင့်အတူ ထိုင်နေမှု**

ရှင်ဥဒါယီ၏ ဒါယကာ အမျိုးမှ သတို့သမီးကို အခြား ဒါယကာ အမျိုးတစ်ဦးက တောင်းရမ်း လက်ထပ်၍ လက်ထပ်တမင်း ကျွေးနေစဉ်, အရှင်ဥဒါယီသည် ထိုအိမ်သို့သွား၍ သတို့သမီးရှိရာ အခန်းတွင်း ဝင်ပြီးလျှင် အခါအလိုက် စကားအမျိုးမျိုးကို ပြောဆိုနေလေသည်၊ [အနီးအပါးသို့ လူမလာသော အခါ "ဘယ့်နှယ်လဲ, မပျင်းဘူးလား, မပင်ပန်းဘူးလား, ထမင်းမဆာဘူးလား" စသည်ဖြင့် ဆွေမျိုးသားချင်း ပြောသလို ပြောနေ၏၊ အနီးအပါးသို့ လူလာသည့်အခါ၌ကား "ဥပုသ်စောင့်နော်, စာရေးတန်ဆွမ်းကျွေးနော်" စသည်ဖြင့် လူကြားကောင်းသော တရားကိုပြောနေ၏၊ ဤသို့ အမျိုးမျိုးပြောင်းလဲ၍ ပြောခြင်းကို "အခါအလိုက် ပြောနေသည်"ဟု ဆိုလိုသည်။]

**ဝိသာခါ သာသနာပြုပုံ**

သာဝတ္ထိမြို့၌ ကျောင်းအမ ဝိသာခါသည် အသက်လည်းရှည် သား, သမီး, မြေး, မြစ်လည်း ပေါသဖြင့် "အလွန် မင်္ဂလာရှိသူ" ဟု အသိအမှတ် အပြုခံရ၏၊ လက်ထပ်မင်္ဂလာစသော ကိစ္စ၌ သာသာ မတူသူတို့ကသော်မှ ဖိတ်၍ ရှေးဦးစွာ ထမင်းကျွေးလေ့ရှိ၏၊ ထိုသို့ ကျွေးပြီးနောက် "ဤလက်ထပ် သတို့သား, သတို့သမီးများလည်း အရှင်မကဲ့သို့ အသက်ရှည်စွာ အနာရောဂါကင်း၍ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ" ဟု ဆုတောင်းကြ ကုန်၏၊ ထို လက်ထပ်ပွဲ၌လည်း ဝိသာခါ ရောက်လာ၍ ရှင်ဥဒါယီ နေထိုင်ပုံကို မြင်သောရာ (အကြွေးမထားဘဲ ချက်ခြင်းသွား၍) "အရှင်ဘုရား မာတုဂါမနှင့် တစ်ယောက်ချင်း မျက်စိကွယ်ရာ (အကွယ်အကာရှိသော, ပြုချင်ရာကိုပြုနိုင်သော) နေရာ၌ နေတာဟာ မတော်ပါဘူး, အရှင်ဘုရားက ထိုအမှုကို မလိုလားသော်လဲ, လူအများက ယုံကြည်ဖို့ ခဲယဉ်းပါသည်" ဟု ပြောလေသည်၊ ထိုသို့ ပြောသော်လည်း ထိုစကားကို ဂရုမစိုက်ဘဲ နေမြဲနေသောကြောင့် လမ်းသို့ထွက်သွား၍

"ဥဒါယီကိုယ်တော်ဟာ မိန်းကလေးနှင့်အတူ ဆိတ်ကွယ်ရာမှာ တစ်ယောက်ချင်း နေထိုင်ကြောင်းကို" တွေ့သမျှ ရဟန်းတို့အား လျှောက်လေသည်၊ ထိုနောက် ရဟန်းများက ဘုရားကိုလျှောက်ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်၊ [ဤဝတ္ထုကို မှတ်ချက်ထား၍ ယခုကာလ၌လည်း သာသနာ သန့်ရှင်းစေလိုသော သဘောဖြင့် မတော်မတဲ့ ပြုကျင့်သူများကို ယဉ်ကျေးစွာ ပြောဆို တားမြစ်နိုင်, ကဲ့ရဲ့ရှုတ်ချ နိုင်၏၊ ထိုသို့ ကဲ့ရဲ့ရှုတ်ချမှုကြောင့် တစ်စုံတစ်ခုမျှ အပြစ်မရှိချေ။

သိက္ခာပုဒ်ပါဠိ။ ။ယော ပန ဘိက္ခု မာတုဂါမေန သဒ္ဓိံ ဧကော ဧကာယ ရဟော ပဋိစ္ဆန္နေ အာသနေ အလံကမ္မနိယေ နိသဇ္ဇံ ကပ္ပေယျ၊ တမေနံ သဒ္ဓေယျဝစသာ ဥပါသိကာ ဒိသွာ တိဏ္ဏံ ဓမ္မာနံ အညတရေန ဝဒေယျ ပါရာဇိကေန ဝါ သံဃာဒိသေသေန ဝါ ပါစိတ္တိယေန ဝါ၊ နိသဇ္ဇံ ဘိက္ခု ပဋိဇာနမာနော တိဏ္ဏံ ဓမ္မာနံ အညတရေန ကာရေတဗ္ဗော ပါရာဇိကေန ဝါ သံဃာဒိသေသေန ဝါ ပါစိတ္တိယေန ဝါ၊ ယေန ဝါ သာ သဒ္ဓေယျဝစသာ ဥပါသိကာ ဝဒေယျ၊ တေန သော ဘိက္ခု ကာရေတဗ္ဗော၊ အယံ ဓမ္မော အနိယတော။

သိက္ခာပုဒ်မြန်မာပြန်။ ။အကြင်ရဟန်းသည် မာတုဂါမနှင့်အတူ မျက်စိကွယ်ရာ ဖြစ်လောက်အောင် နံရံစသည်ဖြင့် ကွယ်ကာအပ်သော မေထုန်မှုကို ပြုနိုင်လောက်သော နေရာ၌ ယောကျ်ားအဖော် မပါဘဲ တစ်ယောက်ချင်းထိုင်နေအံ့၊ လဲလျောင်းနေအံ့၊ ထိုရဟန်းကိုယုံကြည်လောက်သော ဥပါသိကာမ မြင်၍ ပါရာဇိက သံဃာဒိသေသ်-ပါစိတ်အာပတ် ၃-မျိုးတွင် တစ်မျိုးမျိုးဖြင့် ပြောအံ့၊ ထိုရဟန်းကို (သူက ဟုတ်ကြောင်း ဝန်ခံလျှင်) ထိုပြောသည့်အတိုင်း အာပတ်ဖြင့် ဆုံးဖြတ်ရမည်၊ ယုံကြည်လောက်သော ဥပါသိကာမသည် (မည်သည့် အာပတ်ဟု မပြောတတ်သဖြင့်) သူကျင့်နေသော အမှုအရာဖြင့်သာ ပြောပြလျှင်လည်း (သူက ဝန်ခံလျှင်) ထိုအမှုအရာအတွက် သင့်နိုင်သော အာပတ်ဖြင့် ဆုံးဖြတ်ရမည်၊ ဤအာပတ်သည် "ပါရာဇိက-သံဃာဒိသေသ်-ပါစိတ်" တွင် မည်သည့်အာပတ်ဟု အသေအချာ သတ်မှတ်၍ မပြအပ်သောကြောင့် အနိယတအာပတ် မည်၏။

**မှတ်ချက်။** ။(က) မိန်းမတို့သည်အခြားတစ်ယောက်၏မေထုန်မှုကို ဖော်ပြောလေ့မရှိကြ၊ ဖုံးထားတတ်ကြ၏၊ ထို့ကြောင့် "တစ်ယောက်ချင်း=အဖော်မပါ" ဟူရာ၌ ယောကျ်ား အဖော်မပါသည်ကို ယူပါ၊ မိန်းမအဖော် များစွာပါသော်လည်း အဖော်ဟုမဆိုနိုင်။

(ခ) အနိယတသဒ္ဒါသည် အမြဲမဟုတ်, အသေအချာမဟုတ် ဟူသောအနက်ကိုပြ၏၊ ပါရာဇိကကို ဝန်ခံလျှင် ပါရာဇိကဖြင့် ဆုံးဖြတ်၊သံဃာဒိသေသ်ကိုဝန်ခံလျှင်သံဃာဒိသေသ်ဖြင့်ဆုံးဖြတ်၊ ပါစိတ်ကိုဝန်ခံလျှင် ပါစိတ်ဖြင့်ဆုံးဖြတ်လေ၊သူဝန်ခံတိုင်းဆုံးဖြတ်ရမည်ဖြစ်၍"မည်သည့်အာပတ်ဟု အသေအချာမသတ်မှတ်နိုင်" ဟူလို၊ ဤအနိယတအာပတ်ဟူသည် အာပတ် ၇-ပုံမှ အလွတ်မဟုတ်၊ ပါရာဇိက-သံဃာဒိသေသ်-ပါစိတ်တို့ပင်တည်း။

(ဂ) သိက္ခာပုဒ်၌ ဥပါသိကာမကိုသာ ပြထားခြင်းမှာလည်း ဝတ္ထုကြောင်း၌ဝိသာခါဥပါသိကာမပါနေ၍ဝတ္ထုအလိုက်ပြထားခြင်းတည်း၊ဥပါသကာကဖြစ်စေ ရဟန်းသာမဏေ စသူကဖြစ်စေ ဤသို့စွပ်စွဲလာရာ၌လည်း ဤသိက္ခာပုဒ်လာအတိုင်း (သူက ဝန်ခံမှသာ) ဆုံးဖြတ်ရမည်၊ အချုပ်မှာ–ဤသိက္ခာပုဒ်သည် အာပတ်သစ်ထပ်၍ ပညတ်အပ်သော သိက္ခာပုဒ်မဟုတ်, ဝိနည်းဆုံးဖြတ်ရာ၌"သူဝန်ခံသည့်အတိုင်း ဆုံးဖြတ်ရမည်"ဟု ဆုံးဖြတ်နည်းကိုပြသော သိက္ခာပုဒ်တည်း၊"သူဝန်ခံတိုင်း" ဟူရာ၌လည်း ဟုတ်မှန်တိုင်းပြောမည့် လဇ္ဇီသူတော်ကောင်း၏ ဝန်ခံခြင်းကိုသာ ဆိုလိုသည်၊လိမ်ပြောမည့် အလဇ္ဇီပုဂ္ဂိုလ်အတွက်ကား ဝန်ခံတိုင်း ဆုံးဖြတ်ရမည်မဟုတ်,အရာရာစစ်ဆေး၍သင့်သလိုဆုံးဖြတ်ရသည်။

---

## ခ။ ဒုတိယအနိယတသိက္ခာပုဒ်

[ဤသိက္ခာပုဒ်၌ အမှုသည်မှစ၍ အားလုံးရှေ့သိက္ခာပုဒ်နှင့်တူ၏။]

**မာတုဂါမနှင့် အကျွဲထိုင်နေမှု**

"မြတ်စွာဘုရားသည် မျက်စိကွယ်ရာဖြစ်လောက်အောင် တိုက်နံရံ စသည်ဖြင့် ကွယ်ကာအပ်သော အရပ်၌သာ မာတုဂါမနှင့် တစ်ယောက်ခြင်း ထိုင်နေမှုကို ပယ်မြစ်တော်မူသည်"ဟုကြံ၍ ရှေးသိက္ခာပုဒ်လာ အရှင်ဥဒါယီသည်ပင် အကွယ်အကာမရှိသဖြင့် ကာမမှုကိုပြုခြင်းငှါ မဖြစ်နိုင်သော်လည်း အနီးအပါး ၁၂-တောင် အတွင်းဝယ် ယောကျ်ား မိန်းမ အဖော် မရှိသောကြောင့် နား၏ကွယ်ရာဟုဆိုထိုက်သော နေရာ၌ ရှေ့သိက္ခာပုဒ်လာ အမျိုးသမီးနှင့်ပင်

တစ်ယောက်ချင်း ထိုင်နေပြန်လေသည်၊ ဝိသာခါလည်း ၂-ကြိမ်မြောက် ဖိတ်ပြန်သဖြင့် ထိုအိမ်သို့ရောက်လာရာ ရှင်ဥဒါယီနေထိုင်ပုံကို သဘောမကျသဖြင့် ရှေးနည်းအတူ ပြောဆိုပါသော်လည်း မရခြင်းကြောင့် အိမ်မှထွက်၍ တွေ့မြင်ရာ ရဟန်းကိုလျှောက်လေလျှင် ထိုရဟန်းတို့မှတစ်ဆင့် ဘုရားရှင် သိတော်မူရ၍ ဤဒုတိယအနိယတသိက္ခာပုဒ်ကို ပညတ်တော်မူရပြန်သည်။

**သိက္ခာပုဒ်ပါဠိတော်။** ။နဟေဝ ခေါ ပန ပဋိစ္ဆန္နံ အာသနံ ဟောတိ နာလံ ကမ္မနိယံ၊ အလဉ္စ ခေါ ဟောတိ မာတုဂါမံ ဒုဋ္ဌုလ္လာဟိ ဝါစာဟိ ဩဘာသိတုံ၊ ယော ပန ဘိက္ခု တထာရူပေ အာသနေ မာတုဂါမေန သဒ္ဓိံ ဧကော ဧကာယ ရဟော နိသဇ္ဇံ ကပ္ပေယျ၊ တမေနံ သဒ္ဓေယျဝစသာ ဥပါသိကာ ဒိသွာ ဒွိန္နံ ဓမ္မာနံ အညတရေန ဝဒေယျ သံဃာဒိသေသေန ဝါ ပါစိတ္တိယေန ဝါ နိသဇ္ဇံ ဘိက္ခု ပဋိဇာနမာနော ဒွိန္နံ ဓမ္မာနံ အညတရေန ကာရေတဗ္ဗော သံဃာဒိသေသေန ဝါ ပါစိတ္တိယေန ဝါ၊ ယေန ဝါ သာ သဒ္ဓေယျဝစသာ ဥပါသိကာ ဝဒေယျ၊ တေန သော ဘိက္ခု ကာရေတဗ္ဗော၊ အယံပိ ဓမ္မော အနိယတော။

မြန်မာပြန်။ ။နံရံစသည် မဖုံးကွယ်အပ်သော မေထုန်မှုကို မပြုနိုင်လောက်သော အရပ်ဖြစ်သော်လည်း နား၏ကွယ်ရာဖြစ်သောကြောင့် မာတုဂါမကို ဝစ္စမဂ် ပဿာဝမဂ်တို့နှင့်စပ်သော ရုန့်ရင်းကုန်သော စကားတို့ဖြင့် ပြောနိုင်လောက်သောနေရာ၌ အကြင်ရဟန်းသည် ယောကျ်ားအဖော် မိန်းမအဖော် မပါဘဲ မာတုဂါမနှင့် တစ်ယောက်ချင်း နေထိုင်အံ့၊ လဲလျောင်းနေအံ့၊ ထိုရဟန်းကို ယုံကြည်လောက်သော ဥပါသိကာမ မြင်၍ သံဃာဒိသေသ် ပါစိတ်အာပတ် ၂-မျိုးတွင် တစ်မျိုးမျိုးဖြင့်ပြောအံ့၊ ထိုရဟန်းကို (သူကဟုတ်ကြောင်းဝန်ခံလျှင်) ထိုပြောအပ်တိုင်းသော အာပတ်ဖြင့် ဆုံးဖြတ်ရမည်၊ ယုံကြည်လောက်သော ဥပါသိကာမသည် (မည်သည့် အာပတ်ဟု မပြောတတ်သဖြင့်) သူကျင့်နေသော အမှုအရာဖြင့်သာ ပြောပြလျှင်လည်း (သူကဝန်ခံလျှင်) ထိုအမှုအရာအတွက် သင့်နိုင်သော

အာပတ်ဖြင့် ဆုံးဖြတ်ရမည်၊ ဤအာပတ်လည်း "သံဃာဒိသေသ်-ပါစိတ်" တွင် မည်သည့်အာပတ်ဟု အသေအချာ သတ်မှတ်၍ မပြအပ်သောကြောင့် အနိယတ အာပတ်မည်၏။

မှတ်ချက်။ ။ဤ သိက္ခာပုဒ်၌ မျက်စိကွယ်ရာမဟုတ်ဘဲ ၁၂-တောင် အတွင်း အဖော် မရှိသောကြောင့်, နား၏ကွယ်ရာသာ ဖြစ်၏၊ "အဖော်" ဟူရာ၌လည်း ယောကျ်ား အဖော်သာမက, မိန်းမ အဖော်လည်း အဖော်ပင်တည်း၊ ဘာကြောင့်နည်း...မိန်းမတို့သည် မိန်းမချင်း၏ မေထုန်မှုကိုသာ ဖုံးထားလေ့ရှိ၏၊ ပျက်ရယ်ပြောင်လှောင်မှုမျိုးကား ဖုံးထားလေ့ မရှိ၊ ဤသိက္ခာပုဒ်၌လည်း မျက်စိကွယ်ရာ မဟုတ်သောကြောင့် မေထုန်မှုနှင့်မဆိုင်၊ ယုတ်ယုတ်မာမာ ပြောမှု, မေထုန်ဖြင့် ပြုစုဖို့ရန် တောင်းမှုများနှင့်သာ ဆိုင်သည်၊ ထို့ကြောင့် မိန်းမဖော် ရှိလျှင် ထိုသို့ မပြောဝံ့ရကား မိန်းမလည်း အဖော်ပင် ဖြစ်သည်။

**အနိယတအခန်း ပြီး၏။**

# ၄။ နိဿဂ္ဂိယပါစိတ်အခန်း

## စီဝရဝဂ်

### က။ ပဌမကထိနသိက္ခာပုဒ်

**အမှုသည်-ခရီးသွားသော ရဟန်းများ။**
**အမှု-အထုပ်အပိုးတွေကို ထမ်းကြ, ရွက်ကြမှု။**

**သင်္ကန်း ၃-ထည် ခွင့်ပြုတော်မူပုံ** မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ဝေသာလီပြည်သို့ ကြွတော်မူသောအခါ သင်္ကန်းထုပ်ကြီးကို ထမ်းကြ,ရွက်ကြ,ခါးစောင်းတင်ကြနှင့် လိုက်လာကြသောရဟန်းများကို မြင်တော်မူရ၍ "ဤ မောဃပုရိသတို့သည် အလွန် လျှင်မြန်စွာ သင်္ကန်းပေါများအောင် ကျင့်ကြသည် ဟု အပြစ်မြင်တော်မူ၍ "သင်္ကန်း၌ အကန့်အသတ် ထားရလျှင် ကောင်းမည်" ဟု အကြံတော် ဖြစ်ခဲ့လေသည်၊ ထို့နောက် ဝေသာလီပြည်၌ သီတင်းသုံးတော်မူစဉ် တပို့တွဲလပြည့်၏ ရှေ့နောက် ရှစ်ရက်တို့၌ (လဆန်း ၁၂-ရက်မှ လဆုတ် ၄-ရက်အထိ) ညဥ့်ဦးယံဝယ် သင်္ကန်းတစ်ထည်ဖြင့် နေစမ်းတော်မူ၏၊ ဘုရားရှင်ကို အချမ်းသည် မနှိပ်စက် (ချမ်းတော်မမူ)၊ ညဥ့်ဦးယံ လွန်လျှင် ချမ်းတော်မူ၍ နောက်တစ်ထည်ကို အသုံးပြုတော်မူ၏၊ သန်းခေါင်ယံ လွန်ပြန်လျှင် ချမ်းတော်မူ၍ နောက်တစ်ထည် ထပ်တော် မူပြန်၏၊ မိုးသောက်ယံ လွန်၍ အရုဏ် တက်ချိန်၌ ချမ်းတော်မူ၍ စတုတ္ထ သင်္ကန်းတစ်ထည်ကို တပ်တော်မူပြန်သည်၊ [တန်ခိုးဖြင့် သိတော်မူနိုင်သော်လည်း လက်တွေ့စမ်းပြမှ ကျေနပ်ကြမည် ဖြစ်သောကြောင့် လက်တွေ့ စမ်းပြတော်မူခြင်းတည်း။]

ထို့နောက် သင်္ကန်းထုပ်ကြီးကို ထမ်းပိုး၍ ခရီးသွားကြသော ရဟန်းများ၏ မနှစ်မြို့ဖွယ်ကို လည်းကောင်း, လက်တွေ့ စမ်းသပ်တော်မူပုံကို လည်းကောင်း မိန့်တော်မူပြီးလျှင် သင်္ကန်း ၃-ထည်ကိုသာ ခွင့်ပြုတော်မူလေသည်၊ [၃-ထည်တွင် တစ်ထည်ကို ၂-ထပ်ပြုလိုက်သည့်အခါ ဘုရားရှင် စမ်းသပ်တော်မူစဉ်က ၄-ထည်နှင့် ညီမျှသဖြင့် "သင်းပိုင်(ခါးဝတ်), ကောသိ(အပေါ်ခြုံ), ၂-ထပ် သင်္ကန်းကြီး" အားဖြင့် သင်္ကန်း ၃-ထည်(တိစီဝရ) ဖြစ်သည်။]

**ဆဗ္ဗဂ္ဂိယရဟန်းတို့ ကျင့်ပုံ။** ။"ဘုရားရှင်သည် သင်္ကန်း ၃-ထည်ကို ခွင့်ပြုတော်မူသည်" ဟု ကြံ၍ ဆဗ္ဗဂ္ဂိယ ရဟန်းတို့သည် ရွာဝင် သင်္ကန်း ၃-ထည်, ကျောင်းဝတ်သင်္ကန်း ၃-ထည်, ရေချိုးဆိပ်သွား သင်္ကန်း ၃-ထည်ဟု အလဲ

အလှယ်ပြုနေကြသောကြောင့်"ယောပန ဘိက္ခု အတိရေကစီဝရံ ဓာရေယျ, နိဿဂ္ဂိယံ ပါစိတ္တိယံ=အကြင်ရဟန်းသည် အမိဋ္ဌာန်တင်အပ် ဝိကပ္ပနာပြုအပ်သောသင်္ကန်းထက် အပိုသင်္ကန်းကိုဆောင်အံ့၊ ထိုရဟန်းသည် ထိုသင်္ကန်းကိုလည်း စွန့်ပစ်အပ်၏, ပါစိတ်အာပတ်လည်း သင့်၏"ဟု မူလပညတ်ကို ပညတ်တော်မူလေသည်။

**မှတ်ချက်။** ။ကိုယ်ပိုင်ဥစ္စာဟု ဆောက်တည်ထားအပ်သော သင်္ကန်းကို "အဓိဋ္ဌာန်တင်အပ်သောသင်္ကန်း"ဟု ခေါ်၏၊ ထိုအဓိဋ္ဌာန်သင်္ကန်းကား ၃-ထည်သာ ရှိစေရသည်၊ ကိုယ့်ဥစ္စာ အမှတ်မှ ကင်းစေ၍ သီဘင်းသုံးဖော် တစ်ပုံတစ်ယောက်၏ဥစ္စာအဖြစ်ဖြင့် ထားအပ်သောသင်္ကန်းကို "ဝိကပ္ပနာပြုအပ်သော သင်္ကန်း"ဟု ခေါ်၏၊ ထိုဝိကပ္ပနာပြုအပ်သောသင်္ကန်းလည်း ထိုသီတင်းသုံးဖော်၏ ဥစ္စာအနေဖြင့် ဝတ်ရုံ သုံးစွဲကောင်းသေး၏၊ အဓိဋ္ဌာန်တင်ပုံ ဝိကပ္ပနာပြုပုံကို နောက်မှပြမည်။

**အနုပညတ်ထပ်ရပုံ။** ။အရှင်အာနန္ဒာ၌ အဓိဋ္ဌာန်တင်သင်္ကန်း ၃-ထည်မှ အပိုသင်္ကန်းရလာ၏၊ ထိုသင်္ကန်းကို အရှင်သာရိပုတ္တရာအား လှူလို၏၊ အရှင်သာရိပုတ္တရာလည်း သာကေတမြို့သို့ ကြွတော်မူခိုက်ဖြစ်၍ ၉-ရက် ၁၀-ရက်လောက်ကြာမှ ရောက်တော်မူလာမည်၊ ထိုအကြောင်းကို ဘုရားရှင်အား လျှောက်လေရာ "အလွန်ဆုံး ၁၀-ရက်လောက် အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ အပိုအလွန်သင်္ကန်းကို ဆောင်ထားနိုင်၏"ဟု ခွင့်ပြုတော်မူပြီး၍ အနုပညတ်ကို ထပ်တော်မူရလေသည်။

**သိက္ခာပုဒ် ပါဠိတော်။** ။နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ ဒသာဟပရမံ **အတိရေက** စီဝရံ ဓာရေတဗ္ဗံ၊ တံ အတိက္ကာမယတော နိဿဂ္ဂိယံ ပါစိတ္တိယံ။

**မြန်မာပြန်။** ။ကထိန်ခင်းရာမှရခဲ့သော ပိတ်ဖျင်စသည်ကိုသင်္ကန်းချုပ်၍ ပြီးခြင်း, သို့မဟုတ် မချုပ်တော့ဘူးဟု ဆုံးဖြတ်သောအားဖြင့်ပြီးခြင်း, သို့မဟုတ် ပျောက်ဆုံးပျက်စီးခြင်းအားဖြင့်ပြီးခြင်း ဤနည်းအမျိုးမျိုးတွင် တစ်နည်းနည်းအားဖြင့်သင်္ကန်းပြီးစီးပြီးဖြစ်လျှင်လည်းကောင်း, ကထိန်နုတ်ပြီး ရုပ်သိမ်းပြီးဖြစ်လျှင်လည်းကောင်း, အဓိဋ္ဌာန်ဝိကပ္ပနာပြုထားသောသင်္ကန်းမှ အပိုသင်္ကန်းကို အလွန်ဆုံး ၁၀-ရက်သာ ထားနိုင်၏၊ ထို ၁၀-ရက် လွန်လျှင်ကား ထိုသင်္ကန်း စွန့်ထိုက်၍ ထိုရဟန်းလည်းပါစိတ်အာပတ်သင့်သည်။

**မှတ်ချက်။** ။ဝဏ္ဏကြောင်းအလိုက်ဆိုလျှင် "ဒသာဟပရမံ" ကိုသာ ထည့်သင့်၏၊ သို့သော် နောင်ကထိန်အကျိုးကိုပြရာ၌အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ အလိုရှိတိုင်း သက်န်းထားနိုင်၏ဟု ခွင့်ပြုချက်လည်းရှိသေးသောကြောင့် "နိဋ္ဌိတစီဝရသ္မိံ-ဥဗ္ဘတသ္မိံကထိနေ" ပုဒ်တို့ကို ပါ ထည့်စွက်၍ အနုပညတ်ထပ်တော်မူရသည်။ [နိဿဂ္ဂိယသဒ္ဒါသည် "စွန့်ပစ်ထိုက်၏"ဟူသော အနက်ကိုဟော၏၊ ထိုသက်န်းကို ဝိနည်းတော် ထုံးစံအရ တစ်ပါးအထံမှာဖြစ်စေ, အများအထံမှာဖြစ်စေ စွန့်ရပေးရမည်၊ မစွန့်မပေးဘဲ သုံးစွဲနေလျှင် ကိုင်တိုင်း, ကိုင်တိုင်း ဒုက္ကဋ်အာပတ် ထပ်၍သင့်၏၊ စွန့်လိုက် ပေးလိုက်လျှင်ကား ပထမသင့်သော ပါစိတ်အာပတ်သာသင့်၍ နောက်ထပ် ဒုက္ကဋ်အာပတ်မသင့်တော့။]

**အဓိဋ္ဌာန်တင်ပုံ။** ၊သက်န်း ၃-ထည်တွင် သက်န်းကြီးကို "ဣမံသံဃာဋိံ အဓိဋ္ဌာမိ=ဤသက်န်းကို သံဃာဋိဟု စွဲမြဲစွာ မှတ်ထားပါ၏"ဟု ဆို၍တင်၊ သင်းပိုင်ကို "ဣမံအန္တရဝါသကံ အဓိဋ္ဌာမိ = ဤသက်န်းကို အန္တရဝါသက ဟု စွဲမြဲစွာမှတ်သားထားပါ၏"ဟု ဆို၍တင်၊ ဧကသီကို "ဣမံဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ = ဤသက်န်းကို ဥတ္တရာသင်္ဂဟု စွဲမြဲစွာ မှတ်သားထားပါ၏"ဟု ဆို၍တင်၊ ဤသို့ သူ့နာမည်နှင့်သူ အဓိဋ္ဌာန်တင်ထားအပ်သော သက်န်းကို (ဆရာမှတ်မှတ် တပည့်မှတ်မှတ် ဆိုသကဲ့သို့) ကိုယ့်ဟာမှတ်မှတ် ဝတ်လျက် ရုံလျက် သို့မဟုတ် ကိုယ့်အနားမှာထားလျက် (အထူးအားဖြင့် အရုဏ်တက်ချိန်၌ မိမိ၏ ၂-တောင့်ထွာအတွင်းမှာ) ရှိစေရမည်၊ ၂-တောင့်ထွာ ထက်ဝေးသော အရပ်မှာထားမိလျှင် ထိုသက်န်းသည် နောက်သိက္ခာပုဒ် အရ နိဿဂ္ဂိထိုက်၏၊ ဝိကပ္ပနာပြုပုံကို နောက်မှပြမည်။

**သက်န်းစွန့်ပုံ။** ။"**ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ, ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ**"

၂-ထည်မှစ၍ အများဖြစ်လျှင် "ဣဒံ-နိဿဂ္ဂိယံ-ဣမာဟံ"ပုဒ်တို့ အစား "ဣမာနိ နိဿဂ္ဂိယာနိ, ဣမာနိ အဟံ"ဟု ပြင်ပါလေ၊ [ဘန္တေ-အရှင်ဘုရား၊ မေ-တပည့်တော်၏၊ ဣဒံစီဝရံ-ကို၊ ဒသာဟာတိက္ကန္တံ-ဆယ်ရက် လွန်သည် (ဖြစ်၍)၊ နိဿဂ္ဂိယံ-စွန့်အပ် စွန့်ထိုက်ပါ၏၊ အဟံ-တပည့်တော်သည်၊ ဣမံ-ဤသက်န်းကို၊ အာယသ္မတော-အရှင့်အား၊ နိဿဇ္ဇာမိ-စွန့်ပါ၏၊ နိဿဂ္ဂိ သက်န်းကို လက်ခံသူက အငယ်ဖြစ်လျှင် "ဘန္တေ"အရာ၌ "အာဝုသော" ဟု "အာယသ္မတော"အရာ၌ "တုယှံ"ဟုဆို၊ နောက်၌လည်း ဤနည်းချည်း။]
ပါဠိလိုမဆိုတတ်သူများကား—

"အရှင်ဘုရား ... တပည့်တော်၏ ဤသင်္ကန်းသည် ၁၀-ရက် လွန်လာသဖြင့် နိသဂ္ဂိထိုက်နေပါသည်၊ ဤသင်္ကန်းကို အရှင်ဘုရားအား တပည့်တော်စွန့်ပါသည်"ဟု ...

မြန်မာလိုလည်းဆိုနိုင်၏၊ [လက်ခံသူက သီတင်းငယ်ဖြစ်လျှင် "ငါ့ရှင်" ဟုလည်းကောင်း "သင့်အား" ဟုလည်းကောင်းဆိုရိုးသာ၊ နောက်၌လည်းဤနည်းချည်း၊] ဤသို့ စွန့်ပြီးသည့်အခါ ယခုကာလထုံးစံအတိုင်း ပါစိတ်အာပတ်ကို ရည်မှတ်၍ ဒေသနာပြောရမည်၊ ဤသို့စွန့်ပြီးနောက်မှ ဒေသနာပြောရသော ပါစိတ်အာပတ်ဖြစ်၍ "စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်"ဟု ဆိုရသည်၊ ထို့နောက် နိသဂ္ဂိသင်္ကန်းကို ခံသောရဟန်းက...

"ဣမံ စီဝရံ အာယသ္မတော ဒမ္မိ၊"

"ဤသင်္ကန်းကို (များလျှင် "ဣမာနိစီဝရာနိ-" ဤသင်္ကန်းတို့ကို) အရှင်အား ပြန်ပေးပါ၏"ဟု ပါဠိလိုဖြစ်စေ၊ မြန်မာလိုဆို၍ဖြစ်စေ ပြန်ပေးရမည်၊ ထိုသို့ ပြန်ပေး၍ ရပြီးနောက် အဓိဋ္ဌာန်သော်လည်း တင်-သို့မဟုတ်ဝိကပ္ပနာသော်လည်း ပြုထားရမည်၊ [ဝိကပ္ပနာပြုပုံကို သုဒ္ဓပါစိတ် သုရာပါနဝဂ် နဝမသိက္ခာပုဒ်ကျမှပြမည်။]

အင်္ဂါ ၅-ပါး။ ။ ၁-ဇာတိပမာဏလောက်သော သင်္ကန်း၏ မိမိဥစ္စာဖြစ်ခြင်း, ၂-နေ့ရက် အရေအတွက်သို့ ရောက်ခြင်း ၃-ပလိဗောဓပြတ်ပြီးဖြစ်ခြင်း, ၄-အပိုသင်္ကန်း ဖြစ်ခြင်း, ၅-၁၀ ရက်လွန်ခြင်း၊ ဤအင်္ဂါ ၅-ပါးညီမှ ထိုသင်္ကန်း နိသဂ္ဂိထိုက်၍ သင်္ကန်းရှင်ရဟန်းမှာ ပါစိတ်အာပတ်သင့်သည်။

ခွဲချိုးအံ့—

၁။ ခေါမ ကောသေယျ စသော သင်္ကန်း ၆-မျိုးတွင် ပါဝင်သည်ကို "ဇာတိ"ဟုခေါ်၍ အလျားတစ်တောင် အနံတစ်ထွာ ပမာဏရှိသည်ကို "ပမာဏလောက်"ဟု ခေါ်၏။

၂။ မိမိအားလှူပြီးဖြစ်၍ မိမိဥစ္စာ ဖြစ်နေသော်လည်း (အဝေးမှလှမ်းလှူလိုက်၍ လမ်းခရီး ရောက်နေခြင်း,အနားဌ မသိအောင်ထားခဲ့ခြင်း စသည်ကြောင့် မိမိမသိသေးလျှင် ထိုမသိသေးသမျှရက်ကို သင်္ကန်းရရာရက်ဟု အရေအတွက်မပြုရ, မိမိသိသည့်ရက်မှစ၍ အရေအတွက်ပြုရခြင်းကို"နေ့အရေအတွက်ရောက်ခြင်း"ဟုဆိုသည်။

၃။ ကထိန်ခင်းစဉ်က ရခဲ့သောအကျိုး (အာနိသင်) ကို မပြယ်အောင် ကာကွယ်တားမြစ်တတ်သော သက်န်းချုပ်ဖို့ အဝတ်နှင့် ကျောင်းတိုက်ကို "ပလိဗောဓ"ဟု ခေါ်၏၊ [ပလိ=ပရိ-ထက်ဝန်းကျင်+ ဗောဓ (ဗုန္ဓတိ)တားမြစ်တတ်သည်၊] ထိုပလိဗောဓသည် စီဝရပလိဗောဓ, အာဝါသပလိဗောဓဟု ၂-မျိုးရှိ၏၊ ရှေးခေတ်၌ ကထိန်သင်္ကန်းသည် ချုပ်ပြီး ဆိုးပြီးမဟုတ်၊ ပိတ်,ဖျင်-အဖြူထည်များသာတည်း၊ ကျောင်းရောက်၍ လှူပြီးမှ ကထိန်ခင်းဖို့အဝတ်ကို နေ့ချင်းပြီးအောင် ချုပ်ရဆိုးရသည်၊ ကထိန်ခင်းဖို့မဟုတ်သော အခြားပိတ်,ဖျင်များကိုကား သံဃာအားလုံး ညီမျှအောင် ဖြတ်တောက်၍ ဝေငလိုက်ရသည်။

**စီဝရပလိဗောဓ။** ။ထို ပိတ်,ဖျင်ကို သင်္ကန်း မချုပ်ရ သေးလျှင်လည်းကောင်း, သို့မဟုတ် မချုပ်တော့ဘူးဟု မဆုံးဖြတ်သေးလျှင် လည်းကောင်း, မပျောက်မပျက်ရှိသေးသမျှ "သင်္ကန်းမပြီးသေး"ဟု ဆိုရ၏၊ ထိုသို့သင်္ကန်းမပြီးသေးသမျှ"စီဝရပလိဗောဓ" ရှိသေးသည်ဟု ဆိုရ၏၊ ထိုပိတ်စ,ဖျင်စကို သင်္ကန်းချုပ်ပြီးလျှင်လည်းကောင်း၊ မချုပ်တော့ဘူးဟု ဆုံးဖြတ်လိုက်လျှင် သို့မဟုတ် ခိုးသူ, မီး,ကြွက်ကိုက်ခြင်း စသည်ကြောင့် ပျောက်သွားလျှင်လည်းကောင်း၊ "နိဋ္ဌိတစီဝရ=သင်္ကန်းနှင့်စပ်သော ကိစ္စပြီးဆုံးပြီ"ဟုဆိုရသည်၊ စီဝရပလိဗောဓမရှိတော့ပြီ-ဟူလို။ [ယခုကာလ၌ကား ကထိန်တုန်းကပင် သင်္ကန်းချုပ်ပြီး ဆိုးပြီးဖြစ်သောကြောင့် စီဝရပလိဗောဓ ပြတ်စဲပြီးဖြစ်ခဲ့၏။]

**အာဝါသပလိဗောဓ။** ။မိမိဝါဆိုရာ ကျောင်းတိုက်ကို "အာဝါသ"ဟု ဆိုသည်၊ ကထိန်ခင်းပြီးနောက် ထိုကျောင်းတိုက်၌ နေသေးသမျှ အာဝါသပလိဗောဓရှိ၏၊ ထိုကျောင်းတိုက်၌ "မနေတော့ပါဘူး"ဟု ဆုံးဖြတ်လိုက်သောအခါ အာဝါသပလိဗောဓပြတ်တော့၏၊ တပေါင်းလပြည့်နေ့ကျော်လွန်လျှင်ကား ကထိန်၏အကျိုးအာနိသင်အားလုံး ကုန်ဆုံးတော့သည် ဖြစ်၍ စီဝရပလိဗောဓ, အာဝါသပလိဗောဓ ၂-မျိုးလုံးပင်ပြတ်စဲတော့သည်။]

၄။ အဓိဋ္ဌာန် ဝိကပ္ပနာ ပြုထားသော သင်္ကန်းမှ အပို ဖြစ်နေခြင်း (အဓိဋ္ဌာန်ဝိကပ္ပနာတစ်ခုခုမပြုဘဲ အပိုထားခြင်း။)

၅။ လဆန်း ၁-ရက်နေ့ရလျှင် ထိုရရာရက်၏ လာလတ္တံ့သော အရုဏ်မှ စ၍ ၁၀-အရုဏ်လွန်လျှင် (၁၁-ရက်နေ့အရုဏ် ရောက်လျှင်)ဒသာဟာ

တိက္ကန္တ ဖြစ်၍၊ လဆန်းတစ်ရက်၏ -လွန်ပြီး အရုဏ်ကို ထည့်၍ မရေတွက်ရ၊ [အဋ္ဌကထာ၌ ၁၁-အရုဏ် ဆိုသည်မှာ လွန်ပြီး အရုဏ်ပါ ဆိုခြင်း ဖြစ်သည်။]

[ဆောင်]　ဇာတ်ပဓာဏ-လောက်င လေရာ၊ ကိုယ့်ဟာ ဖြစ်ခြင်း, ရေတွက်တွင်းသို့၊ ချောက်လျှင်းတုံဘိ, ပလိဗောဓ-ပြတ်ကြပေလစ်, အဝိုဖြစ်လျက်, ၁၀-ရက်လွန်ပြီ, အင် ၅-လီ, သင့်ပြီ ပထမကထိန။

---

## ၁။ ဒုတိယ ကထိနသိက္ခာပုဒ်

### အမှုသည်-ရဟန်းအများ။
### အမှု-သင်္ကန်းကြီးကို ထားပစ်ခဲ့မှု။

**သင်္ကန်းကြီး ထားပစ်ခဲ့မှု**　ရဟန်းအများသည် ဒေသစာရီ လှည့်လည် ကြသောအခါ(ဝန်လေးမည်စိုး၍)သင်္ကန်းကြီးကို အခြား ရဟန်းတို့ထံ အပ်ထားခဲ့၍ သင်းပိုင် ကေသီဖြင့်သာ သွားကြ၏၊ သူတစ်ပါးလက်၌ ကြာမြင့်စွာသိမ်းထားရသော သင်္ကန်းတို့ မှိုတက်ကုန်ရကား ပြန်လာသည့်အခါ နေလှမ်း နေကြသည်တို့ကို အရှင်အာနန္ဒာ မြင်၍ အပြစ်တင်တော်မူပြီးလျှင် ဘုရားရှင်အားလျှောက်လေရာ "နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ ဧကရတ္တမ္ပိ စေ ဘိက္ခု တိစီဝရေန ဝိပ္ပဝသေယျ, နိဿဂ္ဂိယံ ပါစိတ္တိယံ"ဟု ပညတ်တော်မူလေသည်။

**ဂိလာနသမ္မုတိ**　ထို့နောက် ရဟန်းတစ်ပါး မကျန်းမမာ ဖြစ်လေရာ, ဆွေမျိုးများထံ သွားလိုသော်လည်း သင်္ကန်း ၃-ထည်လုံးကို ယူ၍ မသွားနိုင်သောကြောင့် ဂိလာနရဟန်းအား အဝိပ္ပဝါသသမ္မုတိ ပေးဖို့ရန် ခွင့်ပြုတော်မူ၍ "အညတြ ဘိက္ခုသမ္မုတိယာ"ဟု ဖြည့်စွက်လျက် အနုပညတ် ထပ်တော်မူရပြန်သည်၊ [တိစီဝရိက် သင်္ကန်းနှင့် ကင်းနေ သော်လည်း ကင်းရာမရောက်ခြင်း, ကင်းခြင်းကြောင့် အာပတ် မသင့်စေခြင်း အကျိုးငှာ ပေးအပ်သော သမ္မုတိကို "အဝိပ္ပဝါသသမ္မုတိ" ဟု ခေါ်၏၊ ထိုသမ္မုတိရသော ဂိလာနရဟန်းကား မယူနိုင်သော သင်္ကန်း တစ်ထည်ထည်ကို ထားပစ်ခဲ့သော်လည်း အာပတ်မသင့်။]

**သိက္ခာပုဒ်။**　။နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ ဧကရတ္တမ္ပိ စေ ဘိက္ခု တိစီဝရေန ဝိပ္ပဝသေယျ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ ပါစိတ္တိယံ။

**မြန်မာပြန်။** ။ကထိန်မှုရသော ပိတ်ဖျင်နှင့် စပ်၍ သင်္ကန်းကိစ္စ ပြီးပြီးသော် လည်းကောင်း, ကထိန်နုတ်ပြီး ရုပ်သိမ်းပြီးသော် လည်းကောင်း သမ္မုတိရသော ဂိလာနရဟန်းမှတစ်ပါး အခြားရဟန်းသည်တိစီဝရိက် သင်္ကန်း ၃-ထည်တွင် တစ်ထည်ထည်နှင့် တစ်ညဉ့်မျှကင်း၍ မနေရ၊ ကင်းနေလျှင် ထိုသင်္ကန်း နိသဂ္ဂိထိုက်၍ ထိုရဟန်းလည်း ပါစိတ် အာပတ် သင့်၏။

**မှတ်ချက်။** ။ဤ သိက္ခာပုဒ်အတွက် အဓိဋ္ဌာန် တင်အပ်သော တိစီဝရိက်ကို မိမိနှင့် ၂ တောင့်ထွာမက ကွာဝေးနေသော်လည်း အပြစ်မရှိနိုင်သော အရပ်များကို ပါဠိတော်၌ ပြထား၏၊ ထိုသို့ ပြရာ၌ ''ဥဒေါသိတ ဘဏ္ဍာတိုက်''လည်း ပါသောကြောင့် ဤသိက္ခာပုဒ်ကို ဥဒေါသိတ သိက္ခာပုဒ်ဟုလည်း နာမည် တပ်နိုင်၏၊ ''ဥဗ္ဘတသ္မိံ ကထိနေ''ဟု ပါသောကြောင့် ကထိန သိက္ခာပုဒ်ဟုလည်း နာမည်တပ်နိုင်၏၊ ထိုတွင် ရှေးသိက္ခာပုဒ်ကို ပထမ ကထိန, ဤသိက္ခာပုဒ်ကို ဒုတိယ ကထိန ဟု ခေါ်သည်။

**နိသဂ္ဂိစွန့်ပုံ၊** ။ညဉ့်ကင်းမိ၍ နိသဂ္ဂိထိုက်သော သင်္ကန်းကို သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်တို့တွင် အလိုရှိရာ စွန့်နိုင်သည်၊ ပုဂ္ဂိုလ်ထံ စွန့်ပုံကား—

''ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ **အညတြ** ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ, ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ'' ဟူသည်တည်း။

ပါဠိလို မဆိုတတ်လျှင် ''အရှင်ဘုရား .... တပည့်တော်၏ ဤ သင်္ကန်းကို (ဘိက္ခုသမ္မုတိ မရဘဲ) ညဉ့်ကင်းနေအပ်သည် ဖြစ်၍ စွန့်ထိုက်နေပါ၏, ဤ သင်္ကန်းကို အရှင်ဘုရားအား တပည့်တော် စွန့်ပါသည်''ဟု မြန်မာလို ဆို၍လည်း စွန့်နိုင်၏၊ သင်္ကန်း ၂-ထည် ၃-ထည်ဖြစ်လျှင် ''ဣမာနိ'' စသည်ဖြင့် ဆို၊ အဝေးမှာနေလျှင် ''ဧတံ, ဧတာနိ''ဟု ဆို၊ ထိုစွန့်ပြီးနောက် ဒေသနာ ပြောရခြင်း, ပြန်ပေးရခြင်း စသည်တို့မှာ နိသဂ္ဂိအားလုံး အတူတူပင်တည်း။

**နိသဂ္ဂိမထိုက်စေနည်း။** ။တိစီဝရိက်အဓိဋ္ဌာန် တင်ထားသော သင်္ကန်းနှင့် အရုဏ်တက်ချိန်မှာ ညဉ့်ကင်းတော့မည် ထင်လျှင် အရုဏ်မတက်ခင် အဝေးရှိရာကို မှန်း၍ ''ဧတံ သံဃာဋိံ ပစ္စုဒ္ဓရာမိ = ထို သင်္ကန်းကြီးကို ပစ္စုဒ္ဒိုရ် ပြုပါ၏''ဟု ဆို၍ ပစ္စုဒ္ဒိုရ် ပြုလိုက်လျှင် နိသဂ္ဂိ မထိုက်တော့ပြီ၊ အရုဏ်တက်ပြီးနောက် အဝေးရှိရာ မှန်းပြီး ထပ်၍ အဓိဋ္ဌာန် တင်နိုင်သည်၊ ဤသို့ ပြုလျှင် နိသဂ္ဂိ ပါစိတ် အာပတ်လည်း မသင့်, အဓိဋ္ဌာန်လည်း ထပ်မံ တင်ပြီး ဖြစ်တော့သည်။

အင်္ဂါ ၄-ပါး။　။ ၁-တိစီဝရိက် အဓိဋ္ဌာန်တင်ထားအပ်ပြီးသော သင်္ကန်း ဖြစ်ခြင်း, ၂·ကထိန်မခင်းခြင်း (ခင်းသော်လည်း နုတ်ပြီးခြင်း), ၃·အဝိပ္ပဝါသ သမ္မုတိမရခြင်း, ၄-ညဥ့်ကင်းခြင်း, ဤအင်္ဂါ ၄-ပါး ညီလျှင် နိဿဂ္ဂိထိုက်၏။

[ဆောင်] မိဋ္ဌာန်တင်လစ်, သင်္ကန်းဖြစ်သား, စင်စစ်ကထိန်-ခင်းမကြိမ်တည်း, နာချိန် သမ္မုတိ-မရရှိဘဲ,, ရတ္တိအရုဏ် ကင်းနေတုံဟု, ဖြောင်းစုံ လေးလီ့အင်္ဂါညီ့သင့်ပြီ ဒုတိယ ကထိန။

---

## ၈။ တတိယကထိနသိက္ခာပုဒ်

**အမှုသည်—ရဟန်းအများ။**

**အမှု—အကာလဥ်ရသော သင်္ကန်းကိုတစ်လထက်ပို၍မချုပ်ဆိုးဘဲ ထားမှု။**

**ရဟန်းတစ်ပါး သင်္ကန်းဆန့်ပုံ**

သီတင်းကျွတ်လပြည့်မှစ၍ (ကထိန်အာနိသင် မရလျှင်) တန်ဆောင်မုန်းလပြည့်အထိ (ကထိန်အာနိသင်ရလျှင်) ကထိန် မနုတ်သေးသမျှ ကာလနှင့် တပေါင်းလပြည့် အထိသည် လွတ်လွတ်လပ်လပ် သင်္ကန်းထားနိုင်ရာ "ကာလ"တည်း၊ ထိုမှ တစ်ပါးသောအချိန်သည် "အကာလ (အချိန်မဟုတ်)"မည်၏၊ ရဟန်းတစ်ပါး၌ ထိုအကာလအခါဝယ် သင်္ကန်းချုပ်ဖို့ရာအထည်ရလာ၏၊ "ဆယ်ရက်ထက် လွန်၍ အပိုသင်္ကန်းမထားရ" ဟူသော ပညတ်တော်အရ ထိုအဝတ်ကို အမြန်သင်္ကန်းချုပ်၍ အဓိဋ္ဌာန်တင်လိုသောကြောင့် သင်္ကန်းချုပ်လေသည်၊ ထိုသို့ချုပ်သောအခါ မလောက်မငဖြစ်နေ၍ ထိုအထည်ကို ရေဆွတ်ပြီးလျှင် ၎အောက်ပိုင်းကို ခြေဖြင့်နင်းထား၍ အထက်ပိုင်းကို လက်ဖြင့်မြှောက်ကာ ဆန့်၍ဆန့်၍ နေရှာ၏၊ [သူ့အသင်ကား ဤနည်းဖြင့်ဆန့်ပေးလျှင် အတော် အတန် ရှည်လာလိမ့်မည်ဟု မျှော်လင့်၏၊ သို့သော် ခြောက်သွားသည့် အခါ နဂိုအတိုင်းဖြစ်လေသည်၊] ထိုနည်းအတိုင်း ထပ်၍ထပ်၍ ဆွဲဆန့်နေသည်ကို ဘုရားရှင်မြင်တော်မူ၍ ကြွလာတော်မူပြီးလျှင် "နောက်ထပ်ရဖို့ မျှော်လင့် ချက်ရှိသေးသလား"ဟု မေးတော်မူ၏၊ "ရှိပါသေးကြောင်း" လျှောက်လေ လျှင် "အကာလ၌ သင်္ကန်းချုပ်ဖို့ အဝတ်ကိုခံယူပြီး၍ နောက်ထပ်ရဖို့ မျှော်လင့်ချက်ရှိသေးလျှင် မချုပ်သေးဘဲ သိမ်းထားဖို့ရန်" ခွင့်ပြုတော်မူ လေသည်။

**ရဟန်းများ ကြာရှည်စွာထားမှု** ထိုကဲ့သို့ ခွင့်ပြုတော်မူသောအခါအချို့ရဟန်းများသည် ထိုအကာလသင်္ကန်းကိုတစ်လလွန်သော်လည်း မချုပ်ကြသေးဘဲ သိမ်းထားကြသဖြင့် သင်္ကန်းဝါန်းငပါ၌ သင်္ကန်းထုပ်ကြီးတွေ တိုးလိုးတန်းလန်း တည်နေသည်တို့ကို အရှင်အာနန္ဒာမြင်၍ ပြစ်တင်ကဲ့ရဲ့ပြီးလျှင် ဘုရားရှင်အားလျှောက်လေရာ ဤသိက္ခာပုဒ်ကို ပညတ်တော်မူလေသည်၊ ထို့ကြောင့်“အကာလသင်္ကန်းလျာအဝတ်ကို တစ်လထက်လွန်အောင် မချုပ်ဘဲထားမှုကြောင့် ဤသိက္ခာပုဒ်ကိုပညတ်တော်မူရသည်ဟုမှတ်။

**သိက္ခာပုဒ်။** ။**နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ ဘိက္ခုနော ပနေဝ အကာလစီဝရံ ဥပ္ပဇ္ဇေယျ၊ အာကင်္ခမာနေန ဘိက္ခုနာ ပဋိဂ္ဂဟေတဗ္ဗံ၊ ပဋိဂ္ဂဟေတွာ ခိပ္ပမေဝ ကာရေတဗ္ဗံ၊ နောစဿ ပါရိပူရိ၊ မာသပရမံ တေန ဘိက္ခုနာ တံစီဝရံ နိက္ခိပိတဗ္ဗံ ဦနဿ ပါရိပူရိယာ သတိယာ ပစ္စာသာယ၊ တတော စေ ဥတ္တရိ နိက္ခိပေယျ သတိယာပိ ပစ္စာသာယ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။ကထိန်ခင်းရာမှ မိမိအတွက် ရအပ်သော အဝတ်နှင့်စပ်၍ သင်္ကန်းကိစ္စ ပြီးပြီး သော်လည်းကောင်း, ကထိန် နုတ်ပြီးသော် လည်းကောင်း ရဟန်းမှာ အကာလသင်္ကန်းရအံ့၊ ထိုရဟန်းသည် ထိုသင်္ကန်းကိုခံယူလိုလျှင် ခံယူနိုင်၏၊ (မခံယူလိုလျှင်လည်း ပယ်နိုင်၏, ထိုပယ်သောရဟန်းအတွက် အထူးပြောဖွယ်မလို ဟူလို။) ခံယူပြီးလျှင် (ချုပ်လောက်ပါမူ) ဆယ်ရက်မလွန်ခင် အလျင်အမြန် ချုပ်ရမည်၊ [ဆယ်ရက်လွန်သွားက ထိုအဝတ်သည် ပထမကထိန သိက္ခာပုဒ်အရ နိသဂ္ဂိထိုက်လိမ့်မည်-ဟူလို၊] အကယ်၍ ထိုအဝတ်သည် သင်္ကန်းမချုပ်လောက်ဘဲ ဖြစ်နေအံ့၊လိုနေသည်ကို ဖြည့်၍ချုပ်ဖို့ရာ နောက်ထပ်ရဖို့ မျှော်လင့်ချက်လည်း ရှိနေသေးအံ့၊ ထိုရဟန်းသည် ထိုသင်္ကန်းကို မချုပ်သေးဘဲ တစ်လအလွန်ဆုံး ထားနိုင်သေး၏၊ နောက်ထပ်ရဖို့ မျှော်လင့်ချက် ရှိစေကာမူ တစ်လထက် လွန်၍ကား မထားနိုင်၊ အကယ်၍ တစ်လထက်လွန်၍ထားအံ့၊ ထိုသင်္ကန်းကို စွန့်ထိုက်၍, ထိုရဟန်းလည်း ပါစိတ်အာပတ်သင့်သည် ယခုကာလ၌ကား သင်္ကန်း

ချုပ်ပြီး တွေ့ကိုသာ ရသောကြောင့် ဤသိက္ခာပုဒ်နှင့် စပ်သော ကျင့်ဖွယ်များ မလိုလှတော့ချေ။]

ဒုန်ပုံနှင့်အင်္ဂါ။　။ဤသိက္ခာပုဒ်အရ နိဿဂ္ဂိ သင်္ကန်းလျှာ အဝတ်ကိုစွန့်ပုံကား—"ဣဒံ မေ ဘန္တေ အကာလစီဝရံ မာသာတိက္ကန္တံ နိဿဂ္ဂိယံ, ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ"ဟု ပါဠိလိုဖြစ်စေ, မြန်မာလိုဖြစ်စေ စွန့်ရမည်။ [ဣဒံ အကာလစီဝရံ-ဤအကာလသင်္ကန်းကို၊ မာသာတိက္ကန္တံ-တစ်လလွန်သည်" ဖြစ်၍ ဟု အနက်ဆို၊] အင်္ဂါများကား—ပထမ ကထိနအင်္ဂါတွင် "ဆယ်ရက် လွန်ခြင်း" အစား "တစ်လလွန်ခြင်း"ဟု လဲလှယ်က အင်္ဂါ ၅ ပါးပင်ရှိသည်။

[ဆောင်] ပထမ ကထိန, အင်ငါးဝဠ်, တစ်လလွန်အင်, ဆယ်ရက်ဘွင် လဲလျှင်တတိယ ကထိန။

## ၄။ ပုရာဏစီဝရသိက္ခာပုဒ်

**အမှုသည်—ရှင်ဥဒါယီ။**
**အမှု—ဇနီးဟောင်းဘိက္ခုနီအား သင်္ကန်းလျှော်ခိုင်းမှု။**

**ဥဒါယီနှင့် ဇနီးဟောင်းဘိက္ခုနီ**　သာဝတ္ထိပြည် ရှင်ဥဒါယီ၏ဇနီးဟောင်းသည် ဘိက္ခုနီတို့အထံ၌ ဘိက္ခုနီမပြုနေ၏၊ ထိုဘိက္ခုနီထံသို့ ရှင်ဥဒါယီသည် မကြာခဏသွား၏၊ ထိုဘိက္ခုနီမလည်း ရှင်ဥဒါယီထံသို့ မကြာခဏလာ၏၊ အခါတစ်ပါး၌ကား ရှင်ဥဒါယီသည် ထိုဘိက္ခုနီထံ ဆွမ်းစားသွားစဉ် ထိုဘိက္ခုနီ၏ရှေ့၌ အင်္ဂါဇာတ်ကိုဖော်၍ ထိုင်နေ၏၊ ထိုဘိက္ခုနီကလည်း (အားကျမခံ)သူ့ဟာကိုဖော်ထိုင်၏၊ ဥဒါယီသည် ဘိက္ခုနီ၏ ဥစ္စာကို တစိမ့်စိမ့်ကြည့်ရင်း သင်းပိုင်ပေသွားလေတော့သဖြင့် "ရေယူခဲ့စမ်းပါ, သင်းပိုင်ကို လျှော်ပစ်ရဦးမည်"ဟု ပြော၏၊ ဘိက္ခုနီက "တပည့်တော် လျှော်ပေးပါ့မယ်"ဟုဆို၍ယူသွားပြီးလျှင် ထိုပေနေသော သုက်တချို့ကို ပါးစပ်ဖြင့်စုတ်, တချို့ကို သူ့ဥစ္စာထဲ၌ ထည့်သွင်း၍ ထိုသုက်ကြောင့်ပင် ကိုယ်ဝန်စွဲလေတော့သည်။

**ဘုရားထံ လျှောက်ခြင်း**　ထိုဘိက္ခုနီ၏ ကိုယ်ဝန်ကိုမြင်၍ အခြား ဘိက္ခုနီတို့က "အဗြဟ္မစရိယအကျင့်ကို ကျင့်တဲ့ ဘိက္ခုနီပဲ"ဟု စွပ်စွဲကြလေသော်, အဗြဟ္မစရိယကို မကျင့်ရကြောင်းထင်ရှား

ဖို့ရာ "ဥဒါယီ၏သင်္ကန်းဟောင်းကို ဖွပ်ဖို့ ယူလာရာမှ သုက်တို့ကို စုတ်ယူမိ၍ အင်္ဂါဇာတ်၌ထည့်မိ၍ဖြစ်ရကြောင်းကို" ထုတ်ဖော်ပြောပြရလေသည်၊ ထိုအခါ "ဘယ့်နှယ်ကြောင့် ရှင်ဥဒါယီက ဘိက္ခုနီကို သင်္ကန်းဟောင်း အဖွပ်ခိုင်းရသလဲ" ဟု ကဲ့ရဲ့ကြပြီးလျှင် ဘုရားထံ လျှောက်ကြလေသည်၊ ဘုရားရှင်သည် ဥဒါယီကို သံဃာ့အလယ်၌ စစ်မေးတော်မူ၍ "သင်္ကန်းဟောင်းကို အဖွပ်ခိုင်းမိပါကြောင်း" ဝန်ခံသည့်အခါ "ယိုဘိက္ခုနီနှင့်ဆွေမျိုးသားချင်းတော်သလား, မတော်ဘူးလား" မေးတော်မူ၍ "မတော်ကြောင်း" လျှောက်ပြန်လျှင် "ဆွေမျိုးမတော်သော ယောကျ်ားသည် ဆွေမျိုးမတော်သော မိန်းမ၏ အပေါ်၌ သင့်လျော်သည် မသင့်လျော်သည်ကိုလည်း မသိနိုင်, သူတစ်ပါး ကြည်ညိုဖွယ် ရှိမရှိကိုလည်း မသိနိုင်၊ သို့ပါလျက် သင့်မို့ လို့ဆွေမျိုးမတော်သူကို သင်္ကန်းဟောင်း အဖွပ်ခိုင်းပလေ" ဟု ကဲ့ရဲ့ရှုတ်ချတော်မူပြီးလျှင် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု အညာတိကာယ ဘိက္ခုနိယာ ပုရာဏစီဝရံ ဓောဝါပေယျ ဝါ၊ ရဇာပေယျ ဝါ၊ အာကောဋာပေယျ ဝါ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင်ရဟန်းသည် ဆွေမျိုးမတော်သော ဘိက္ခုနီကို သင်္ကန်းဟောင်း အဖွပ်အဆိုး(ဖွပ်ရာ၌)အထုအရိုက်ခိုင်းအံ့၊ ထိုသင်္ကန်း နိဿဂ္ဂိထိုက်၍ ထိုရဟန်းသည်း ပါစိတ်အာပတ်သင့်သည်၊ ["ဆွေမျိုး" ဟူရာ၌ ဆွေ ၇-ဆက် မျိုး ၇-ဆက် သွေးသား စပ်နေသူကို ဆိုလိုသည်၊ သွေးသားမစပ်ဘဲ အစ်ကို ညီ စသူနှင့်စပ်၍ တော်ရသူကို ဆွေမျိုးဟုမဆိုရ၊ ထို့ကြောင့် ဥဒါယီအတွက် သူ့ဇနီးဟောင်းကိုပင် သူစိမ်းပြင်ပ (ဆွေမျိုးမတော်သူ)ဟု ဆိုရသည်။]

**ဉာတိများ။** ။"ဘ-ဘိုး-ဘေး-ဘီ-ဘင်-ဘောင်-ဘော" ဟု အထက် ၇-ဆက်, "သား-မြေး-မြစ်-တီ-တွတ်-ကျွတ်-ကျွတ်ဆက်" ဟု အောက် ၇-ဆက်ရှိ၏၊ ဘ-ဘိုး စသည်၌ အမိ-အဘွား-စသော မိန်းမများကိုလည်းကောင်း, သား စသည်၌ သမီး စသည်ကိုလည်းကောင်း ယူပါ၊ [ဘိုး၏ အဘကို ဘေး, ဘေး၏အဘကို ဘီ စသည်ဖြင့် လည်းကောင်း, မြေး၏ သားကို မြစ်, မြစ်၏သားကို တီ စသည်ဖြင့်လည်းကောင်းသိပါ၊] ဤသို့ ဆွေ ၇-ဆက်၊ မျိုး ၇-ဆက်တွင် (အထက်အောက်မှ) မပါဝင်သူ သွေးသားချင်း ဆက်သွယ်၍ မရနိုင်သူကို "အညာတိက" ဟု ခေါ်ကြရသည်၊ ထို့ကြောင့်

သား၏ မယားနှင့် ထိုမယားဘက်မှ ဆက်သွယ်လာသူတို့သည် ယခုအခါ၌ ဆွေမျိုး-ဟု အသိအမှတ် ပြုကြသော်လည်း ဝိနည်းတော်အရ ဆွေမျိုး စာရင်းတွင် မပါဝင်ကြ-ဟု မှတ်။

**ဆွေမျိုးဆက်ပုံ။** ။ဘ=ပဌမဆွေမျိုး၊ ဘိုး=ဒုတိယ၊ ဘိုး၏သား,သမီး ဖြစ်သော(ဘ၏ညီ အစ်ကိုမောင်-နှမအရင်းဖြစ်သော)ဦးကြီး,ဦးလေးစသည်= တတိယ၊ထိုတတိယ၏ သား,သမီးဖြစ်သော(တစ်ဝမ်းကွဲ ညီအစ်ကို မောင်-နှမ) =စတုတ္ထ၊ ထိုစတုတ္ထ၏ သား,သမီးဖြစ်သော(တစ်ဝမ်းကွဲတူ)=ပဥ္စမ၊ ထိုပဥ္စမ၏ သား,သမီးဖြစ်သော(တစ်ဝမ်းကွဲမြေး)=ဆဋ္ဌ၊ ထိုဆဋ္ဌ၏ သား,သမီးဖြစ်သော (တစ်ဝမ်းကွဲမြစ်)=သတ္တမ၊ တစ်ဝမ်းကွဲမြစ်မှ နောက်၌ ဉာတိစာရင်း မဝင် တော့ပြီ၊ ဤနည်းအတိုင်း "ဘိုး=ဒုတိယ၊ ဘေး=တတိယ၊ ဘိုး၏ညီမ,အစ်ကို မောင်နှမအရင်းဖြစ်သော(ဘိုးလေး,ဘွားလေး)=စတုတ္ထ၊ ထိုစတုတ္ထ၏ သား, သမီး စသည်ကိုလည်း ပဥ္စမ,ဆဋ္ဌ စသည်ဖြင့် ဆက်လေ၊ အောက်ဘက်မှာလည်း "သား=ပဌမ၊ မြေး=ဒုတိယ" စသည်ဖြင့် ဆက်လေ။

---

## ၈။ စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်

**အမှုသည်—ရှင်ဥဒါယီ။**

**အမှု—ဥပ္ပလဝဏ်ထေရီမ၏ သင်းပိုင်ကို အလှူခံမှု။**

**ရှင်ဥဒါယီ အကြံ** မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူစဉ် ဥပ္ပလဝဏ်ထေရီမသည် သာဝတ္ထိပြည်၌ အမဲသားပွဲသကူရ၍ မြတ်စွာဘုရားအား လှူဒါန်းရန် သာဝတ္ထိပြည်မှ ရာဇဂြိုဟ်သို့ တန်ခိုးဖြင့် ကြွလာ၏၊ ထိုအခါ ဘုရားရှင် ဆွမ်းခံဝင်တော်မူချိန်နှင့် ကြုံကြိုက်၍ ကျောင်းစောင့် အလှည့်ကျ နေသော ရှင်ဥဒါယီနှင့် တွေ့နေလေသည်၊ ထိုကြောင့် "ဤအသားကို ဘုရားရှင်အား လှူလိုက်ပါ"ဟု ရှင်ဥဒါယီအား မှာထား၍ ပြန်သွားမည်ပြုသောအခါ ဥပ္ပလဝဏ်ထေရီမ၏ ညက်ညောသော ခါးဝတ်သင်းပိုင်ကို လိုချင်ရုံသာမက, ခါးဝတ် သင်းပိုင်တက်ပို၍ ကိုယ်လုံးကိုယ်ပေါက်လှပုံကို ကြည့်ချင်‌ဇောကြောင့် "ခါးဝတ်သင်းပိုင်းကို လှူခဲ့ပါ"ဟု အလှူခံလေသည်၊ ထေရီမက "တပည့်တော်မှာ အားလုံးမှ ဤဝတ်ထားသော သင်္ကန်းသာ ရှိပါသည်၊ (အပိုမရှိပါ) မလှူပါရစေနှင့်" ဟု တောင်းပန်၏၊ "ဘုရားရှင်အား အမဲသားတွေလှူပြီး သူ့အပေါ်မှာ သင်းပိုင်ကလေးကို ကပ်သီးကပ်သတ် လုပ်နေရသေးသလား" ဟု စကားဖြင့် နှိပ်စက် သောကြောင့် အပေါ်တင် ရင်လွှမ်းတဘက်ကို လဲ၍ဝတ်ကာ ခါးဝတ်ကိုချွတ်၍

လှူရလေတော့သည်၊ [ဥဒါယီကား ခါးဝတ်ချွတ်လျှင် နောက်ထပ် လဲစရာ မရှိ၍ ကိုယ်လုံး ကိုယ်ပေါက်ကို မြင်ရလိမ့်မည် ထင်သော်လည်း ရင်လွှမ်းနှင့် လဲ၍ ဝတ်သောကြောင့် မမြင်ရတော့ချေ၊ ခါးဝတ်ကို လက်ပေါ်တင်၍ ပေးသောကြောင့် လက်ဝါးအပြင်ကိုသာ မြင်ရလေတော့သည်။]

**ဘိက္ခုနီတို့ ကဲ့ရဲ့ကြပုံ**

ဥပ္ပလဝဏ်ထေရီမကျောင်းသို့ ပြန်ရောက်၍ တပည့်မတို့က သပိတ်, သင်္ကန်း လှမ်းယူကြ၏၊ ထိုအခါ သင်းပိုင် မပါလာတော့သဖြင့် အကျိုးအကြောင်းကိုမေး၍ သိကြသောအခါ "ရှင်ဥဒါယီနှယ် ဘိက္ခုနီသင်္ကန်းကို သူမို့လို့ အလှူခံရက်ပလေ, မာတုဂါမဆိုတာ ပစ္စည်းလာဘ်လာဘ အလွန်နည်းပါးတယ်"ဟု ပြောဆိုကဲ့ရဲ့ကြပြီးလျှင် ရဟန်းတော်တို့ကို လျှောက်ကြလေသော်, ရဟန်းတော်တို့က တစ်ဆင့် ဘုရားရှင် လျှောက်ကြ၍ "ဆွေမျိုး တော်, မတော်"စစ်ဆေးပြီးလျှင် ဆွေမျိုးမတော်ကြောင်း သိတော်မူ၍ "ယော ပန ဘိက္ခု အညာတိကာယ ဘိက္ခုနိယာ ဟတ္ထတော စီဝရံ ပဋိဂ္ဂဏှေယျ, နိသဂ္ဂိယံ ပါစိတ္တိယံ=ဆွေမျိုး မတော်သူ ဘိက္ခုနီလက်မှ သင်္ကန်းကို အလှူမခံရ, ခံယူလျှင် ထိုသင်္ကန်း နိသဂ္ဂိထိုက်၍ ပါစိတ် အာပတ်လည်း သင့်သည်"ဟု မူလပညတ်ကို ထားတော်မူရလေသည်။

**နောက်ထပ် ပညတ်တော်မူရပုံ**

ဘိက္ခုနီတို့သည် ဘိက္ခုတို့အထံ သင်္ကန်းချင်း လဲပါရန် လျှောက်ကြလေရာ လက်မခံကြသဖြင့် "မာတုဂါမဆိုတာ လာဘ်လာဘ ရှားပါးကြတယ်, မိမိ ရှိတာနဲ့ မရှိတာကို လဲသည်ကိုမျှ ဘိက္ခုတို့ လက်မခံကြလျှင် ဘယ်လိုနည်းဖြင့် (မိမိတို့ ရရှိသမျှနဲ့) မျှတ နိုင်ပါတော့ မည်နည်း" ဟု ဝမ်းနည်းစွာ အပြစ်တင်ကြသည်ကို ဘုရားရှင် သိတော်မူ၍ "အညတြ ပါရိဝတ္တကာ=လဲလှယ်အပ်သော သင်္ကန်းမှ တစ်ပါး အခြားသင်္ကန်းကို မခံယူရ, လဲလှယ် အပ်သော သင်္ကန်းကိုမူ ခံယူကောင်း၏"ဟု အနုပညတ် ထပ်တော်မူရလေသည်။ [သိက္ခာပုဒ် မြန်မာ ပြန်ပုံ ထင်ရှားပြီ။]

## ၈။ အညာတိက ဝိညတ္တိသိက္ခာပုဒ်

**အမှုသည်—ရှင်ဥပနန္ဒ။**
**အမှု—သင်္ကန်းကို အတင်းတောင်းမှု။**

**ရှင်ဥပနန္ဒ အတင်းတောင်းမှု**

သာကီဝင် မင်းမျိုးမှထွက်၍ ရဟန်းပြုသူ ရှစ်သောင်း လောက် ရှိသည်တွင် ရှင်ဥပနန္ဒဆိုသူသည် ယုတ်မာသော ပုဂ္ဂိုလ်တစ်ပါးဖြစ်၏၊ တရားဟောကားကောင်းပေသည်၊

အခါတစ်ပါး၌ သေဌေးသား တစ်ယောက်အား တရားဟောလေသော်, သဘောကျ၍ ပစ္စည်း ၄-ပါးဖြင့် ဖိတ်လေ၏၊ ထိုအခါ ချက်ချင်းပင် ဝတ်လာလော အဝတ် ၂-ထည်မှတစ်ထည်ကိုတောင်းလေသည်၊ သေဌေးသားက "တပည့်တော်တို့ အမျိုးကောင်း သားတွေမှာ အဝတ် တစ်ထည်တည်း (အပေါ်ခြုံမပါဘဲ) သွားရခြင်း၌ ဘယ့်နှယ် တယ်တယ် ရှိလှပါတယ်, အိမ်ရောက်မှ ဒီ ၂-ထည်မှ တစ်ထည်ကို ဖြစ်စေ, သည့်ထက် ကောင်းသော အထည်ကိုဖြစ်စေပို့လိုက်ပါမည်"ဟု လျှောက်လေသည်၊ သို့သော် ရှင်ဥပနန္ဒက ထိုမျှကြာရှည် မဆိုင်းလိုဘဲ ၃-ကြိမ်တိုင်အောင် တောင်းပြီးလျှင် "မလှူချင်ဘဲနဲ့ ဖိတ်လို့ဘာအကျိုးရှိသလဲ"ဟု စကားဖြင့် နှိပ်စက်သောကြောင့်တစ်ထည်ကိုလှူ၍ ပြန်သွားရလေသည်၊ သေဌေးသား အဝတ်တစ်ထည်ဖြင့် လာသည်ကို မြင်သူတို့ကမေးကြ၍ အကြောင်းကို ပြောပြလေသော် လူတို့ကဲ့ရဲ့ကြသဖြင့် ဘုရားရှင်ကြားတော်မူရကား ရှင်ဥပနန္ဒကို ဆွေမျိုးတော်, မတော် မေးတော်မူပြီးလျှင် -

"ယော ပန ဘိက္ခု အညာတကံ ဂဟပတိံ ဝါ ဂဟပတာနိံ ဝါ စီဝရံ ဝိညာပေယျ, နိဿဂ္ဂိယံ ပါစိတ္တိယံ"ဟုပညတ်တော်မူလေသည်။

**ရဟန်းများ သင်္ကန်းအလုခံရပုံ**

ထိုသို့ ပညတ်တော် မူပြီးနောက် ရဟန်း များစွာတို့ သာကေတမြို့မှသာဝတ္ထိသို့အကြွတွင် လမ်းခရီးအကြား၌ ဝတ်သွားသော သင်္ကန်းတို့ကို ခါးပြတို့က လုယူလိုက်ကြလေသည်၊ ထိုအခါ ("ဆွေမျိုးမတော်သူကို မတောင်းရ" ဟု တားမြစ်တော်မူချက်ကြောင့်) မည်သူ့ကိုမျှ မတောင်းဝံ့ကြ၍ အဝတ်မပါဘဲသာ သာဝတ္ထိသို့ ရောက်လာကြပြီးလျှင် မိမိတို့ထက်ကြီးသော ရဟန်းတို့ကို ရှိခိုးပေ်ချကြသည့်အခါ "ဒီ တက္ကတွန်းတွေကတော့ တော်ရှာကြပေသားဘဲ, ရဟန်းတို့ကို ဝပ်ချဖော်ရကြတယ်"ဟု ချီးမွမ်းကြလေသော် "တက္ကတွန်း မဟုတ်ကြကြောင်း, ရဟန်းဖြစ်ကြကြောင်းကို" လျှောက်ကြလျှင် အရှင်ဥပါလိက ရဟန်းတို့၏ ကျင့်ဝတ်များကို စစ်မေးသည့်အခါ ရဟန်းဟုတ်ကြောင်းသိရ၍ သင်္ကန်းပေးကြရလေသည်၊ ထို့နောက် ဤအကြောင်းကို ဘုရားရှင် သိတော်မူ၍ "အညတြသမယာ . တတ္ထာယံ သမယော အစ္ဆိန္နစီဝရော ဝါ ဟောတိ ဘိက္ခု, နဋ္ဌစီဝရော ဝါ၊ အယံတတ္ထသမယော"ဟုဖြည့်စွက်၍ အနုပညတ်ထပ်ဆင့်တော်မူရလေသည်၊

သိက္ခာပုဒ်မြန်မာပြန်။ ။အကြင်ရဟန်းသည် တောင်းသင့်ရာ အခါကို ကြဉ်၍ ဆွေမျိုးမတော်သော အိမ်ရှင်ယောကျ်ား အိမ်ရှင်မကို (ဒါယကာ-ဒါယိကာမကို) သင်္ကန်းလျာ အဝတ်တောင်းအံ့၊ ထိုသင်္ကန်း နိဿဂ္ဂိထိုက်၍ ရဟန်းလည်း ပါစိတ်အာပတ်သင့်၏၊ ဤဆိုအပ်လတ္တံ့ကား တောင်းသင့်ရာ အခါတည်း—ခိုးသူက သင်္ကန်းကို လုယူ၍ (၂-ထည်လောက်မျှ) သင်္ကန်း ဝတ်ဖို့ မရှိတော့ရာအခါ, မီးလောင်မှု စသည်ကြောင့် (ဝတ်ဖို့မရှိအောင်) သင်္ကန်းပျက်စီးရာ အခါတည်း၊ ဤကားဆွေမျိုးမတော်သူကို တောင်းကောင်းရာအခါဖြစ်သည်။

မှတ်ချက်။ ။ဆွေမျိုးမတော်သော်လည်း ဖိတ်ထားသူ ဖြစ်လျှင် တောင်းကောင်းပါသေး၏၊ ရှင်ဥပနန္ဒကား ဖိတ်ထားသူအား မလှူချင်သော အဝတ်ကို အတင်းတောင်းခြင်းကြောင့် အပြစ်တင်ခံရသည်၊ ထို့ကြောင့် နဂိုက ဖိတ်ထားဖူးသူဖြစ်သော်လည်း မလှူချင်သည့်အခါ (မိမိအပေါ် သဒ္ဓါပျက်သည့်အခါ) မဖိတ်သူနှင့် မထူးပြီ၊ ထိုသူမျိုးကို မတောင်းကောင်းဟုမှတ်။

---

## ၆။ တတုတ္တရိသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။**
**အမှု—သင်္ကန်းအပိုတောင်းမှု။**

**သင်္ကန်းအပို တောင်းမှု** ခရီးသွားစဉ် သင်္ကန်းအလုခံရသော ရဟန်းများ ကို ဆဗ္ဗဂ္ဂီရဟန်းတို့ကပြောကြသည်မှာ—"အရှင်ဘုရားတို့ သင်္ကန်းအလုခံရသော ရဟန်း, သင်္ကန်းပျက်စီး၍ ဝတ်ဖို့ရာမရှိသောရဟန်းသည် ဒါယကာ,ဒါယိကာမတို့အထံသင်္ကန်းတောင်းနိုင်၏"ဟုခွင့်ပြုတော်မူထားသည်၊ သို့ဖြစ်၍"အရှင်ဘုရားတို့လဲသင်္ကန်းတောင်းကြပါလား" ဟုပြောကြလေသည်၊ ထိုရဟန်းတို့က"တော်ပါပြီ,တပည့်တော်တို့မှာသင်္ကန်း ရပါပြီ"ဟု ပြောလေသော်, "အရှင်ဘုရားတို့ကိုယ်တိုင် မတောင်းလိုလျှင် အရှင်ဘုရားတို့အတွက် တောင်းပေးမည်"ဟု ပြောသောအခါ "တောင်းပေး ကြတာပေါ့"ဟု ထိုရဟန်းတို့က ခွင့်ပြုသဖြင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် များစွာသော ဒါယကာတို့ထံ ချဉ်းကပ်၍ "ဒကာတို့... သင်္ကန်း အလုခံခဲ့ရသော ကိုယ်တော်တွေရောက်လာကြသည်, သင်္ကန်းလှူကြ"ဟုပြော၍ များစွာသော သင်္ကန်းလျာအဝတ်တို့ကို တောင်းကြလေသည်။

**ဒါယကာများ ကဲ့ရဲ့ကြပုံ** ထို့နောက်အစည်းအဝေးတစ်ခု၌ သင်္ကန်းလှူလိုက်ရသော ဒါယကာတို့စုမိ၍ "ခိုးသူ အလုခံရသော ရဟန်းတို့အား သင်္ကန်းလှူလိုက်ရကြောင်း"ကို တစ်ယောက်က ပြောပြရာ အခြားအခြား ဒါယကာတို့ကလည်း "သူလဲ လှူလိုက်ရကြောင်း"ကို အသီးအသီး ပြောကြသဖြင့်— "ကိုယ်တော်တွေနှယ် အတိုင်းအရှည် မသိဘဲ ဘာ့ကြောင့် အများကြီး တောင်းကြရပါလိမ့်မလဲ, အထည်ကုန်ကူးကြမလို့တဲ့လား,ဒါမှမဟုတ်လျှင် အထည်ဆိုင်ခင်းကြမလို့တဲ့လား"ဟု ကဲ့ရဲ့ကြသည်ကို ဘုရားရှင်ကြားသိတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**တဉ္စေ အညာတကော ဂဟပတိဝါ ဂဟပတာနီဝါ ဗဟူဟိ စီဝရေဟိ အဘိဟဋ္ဌုံ ပဝါရေယျ၊ သန္တရုတ္တရပရမံ တေန ဘိက္ခုနာ တတော စီဝရံ သာဒိတဗ္ဗံ၊ တတော စေ ဥတ္တရိ သာဒိယေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။ထိုအစ္ဆိန္နစီဝရ နဋ္ဌစီဝရဖြစ်သော ရဟန်းကို ဆွေမျိုးမတော်သော ဒါယကာ-သို့မဟုတ် ဒါယိကာမသည် များစွာသော သင်္ကန်း(သင်္ကန်းလျာအဝတ်)တို့ဖြင့် ဆောင်ယူဖိတ်မန်အံ့ ထိုရဟန်းသည် ထိုအဝတ်သင်္ကန်းများစွာမှ(သင်းပိုင်နှင့် အပေါ်ရုံ)ဤတစ်စုံကိုသာ သာယာရ, အလှူခံရမည်၊ ထို့ထက်ပို၍ သာယာ (အလှူခံ)လျှင် နိဿဂ္ဂိထိုက်၍ ပါစိတ်အာပတ်သင့်သည်။

**မှတ်ချက်။** ။"တစ်စုံ"ဟူရာ၌ လုံးလုံးမကျန်အောင် ကုန်သွားသူအတွက် ခွင့်ပြုခြင်းဖြစ်သည်၊တစ်ထည်ကျန်သေးလျှင်နောက်ထပ်တစ်ထည်သာ အလှူခံရမည်၊ ၂-ထည်ကျန်သေးမူကား လုံးဝပင်အလှူမခံရ။

---

## ၉။ ဥပက္ခဋသိက္ခာပုဒ်

**အမှုသည်–ရှင်ဥပနန္ဒ။**

**အမှု–ရည်ရွယ်ရင်းထက် တန်ဖိုးပိုအောင် သင်္ကန်းစီမံမှု။**

**သင်္ကန်းအဖိုး တိုးအောင်စီမံမှု** သာဝတ္ထိပြည်၌ ဒါယကာတစ်ယောက်သည်သူ၏ဇနီးအား "ရှင်ဥပနန္ဒကို သင်္ကန်းလှူမည့်အကြောင်း" ပြောနေ၏၊ ထို ပြောသံကို ဆွမ်းခံသွားသော ရဟန်း တစ်ပါးက ကြားခဲ့၍ ရှင်ဥပနန္ဒအား ပြောပြလေသော်, ရှင်ဥပနန္ဒသည် ထိုအိမ်သို့သွား၍ "ဒါယကာ ငါ့ကို သင်္ကန်းလှူလိုပါသလော"ဟု မေး၍ ထိုဒါယကာက

"လူမည်ဟု အကြံဖြစ်ရုံရှိပါသေးသည်"ဟု လျှောက်လေလျှင် "လူလိုလျှင် ဒီလို သင်္ကန်းမျိုးကိုလူပါ၊ ငါမဝတ်မည့် သင်္ကန်းကိုလူလို့ ဘာအသုံးကျမှာလဲ"ဟု ပြောဆို၍ နဂိုရည်မှန်းထားသော သင်္ကန်း၏ တန်ဖိုးထက် ပိုလာအောင် စီမံလေသည်၊ ထိုအခါ ဒါယကာက "ဤရဟန်းတွေဟာ အလွန်အလိုကြီးမားကြတယ်, မတင်းတိမ်နိုင်ကြဘူး, သင်္ကန်းလှူဖို့တောင် မလွယ်ကူဖူး, ရှင်ဥပနန္ဒဟာ ငါကလဲဖိတ်မထားဘဲနှင့် ဘာ့ကြောင့် သင်္ကန်း၌ တန်ဖိုး ပိုလာအောင် စီမံရသလဲ"ဟု ကဲ့ရဲ့လေသည်၊ ထိုအကြောင်းကို ဘုရားရှင် ကြားတော်မူသဖြင့် ရှင်ဥပနန္ဒကို စစ်ဆေးသောအခါ ဆွေမျိုး မတော်ကြောင်းကိုလည်း သိတော်မူရ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။

သိက္ခာပုဒ်။ ။ဘိက္ခုံ ပနေဝ ဥဒ္ဒိဿ အညာတကဿ ဂဟပတိဿဝါ ဂဟပတာနိယာဝါ စီဝရစေတာပန္နံ ဥပက္ခဋံ ဟောတိ ဣမိနာ စီဝရစေတာပန္နေန စီဝရံ စေတာပေတွာ ဣတ္ထန္နာမံ ဘိက္ခုံ စီဝရေန အစ္ဆာဒေဿာမီတိ၊ တတြစေ သော ဘိက္ခု ပုဗ္ဗေ အပ္ပဝါရိတော ဥပသင်္ကမိတွာ စီဝရေ ဝိကပ္ပံ အာပဇ္ဇေယျ၊ "သာဓု ဝတ မံ အာယသ္မာ ဣမိနာ စီဝရစေတာပန္နေန ဧဝရူပံဝါ ဧဝရူပံဝါ စီဝရံ စေတာပေတွာ အစ္ဆာဒေဟီ"တိ ကလျာဏကမျတံ ဥပါဒါယ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

မြန်မာပြန်။ ။ဆွေမျိုးမတော်သောဒါယကာ-သို့မဟုတ်ဒါယိကာမသည် ရဟန်းတစ်ပါးကို ရည်စူး၍ "ဤအဖိုးငွေဖြင့် သင်္ကန်းဝယ်ပြီးလျှင် မည်သည့်ရဟန်းကို သင်္ကန်းဖြင့် ဖုံးလွှမ်းအံ့"ဟု ကြံလျက် သင်္ကန်းဖိုး ငွေ စုဆောင်း စီမံထားအပ်သည်ဖြစ်အံ့၊ ထိုရဟန်းသည် ရှေးက ဖိတ်မန်အပ်သူ မဟုတ်ပါဘဲ ထိုအလှူ့ရှင်ရှိရာအရပ်သို့ ချဉ်းကပ်၍ သင်္ကန်း၌ထူးထွေ ပိုမိုလာအောင် စီမံခြင်းသို့ရောက်အံ့၊ စီမံပုံကား— တိုက်တွန်းပါတယ်ဒါယကာ (ဒါယိကာမ) သင်သည် ဤစုဆောင်း ထားအပ်သော သင်္ကန်းဖိုးဖြင့် သည်လိုသည်လို သင်္ကန်းမျိုးကိုဝယ်၍ ဖုံးလွှမ်း(လှူဒါန်း)လျှင် ကောင်းမှာဘဲ၊ ဤသို့အကောင်းကို လိုချင်၍ စီမံအံ့၊ ထိုသင်္ကန်း နိဿဂ္ဂိထိုက်၍ ထိုရဟန်းမှာ ပါစိတ်အာပတ်သင့်သည်၊ [ဤ၌ဖုံးလွှမ်း"ဟူသည် "လှူခြင်း"ပင်တည်း။]

## ၈၂။ ဒုတိယဥပက္ခဋသိက္ခာပုဒ်

**အမှုသည်-ရှင်ဥပနန္ဒ။**
**အမှု-ဒါယကာနှစ်ဦးထံသွား၍သင်္ကန်းကိုလေျာ့ဖိုးပိုအောင် စီမံမှု။**

**ဒါယကာ ၂-ယောက်ထံသွား၍စီမံမှု** ယောကျ်ား တစ်ယောက်သည်“ အရှင်ဥပနန္ဒအား သင်္ကန်းလှူမည့်အကြောင်းကို အခြားတစ်ယောက်အား ပြောပြ၏၊ ထိုယောကျ်ားကလည်း သူလဲလှူဖို့ ကြံနေကြောင်းကို ပြန်၍ပြော၏၊ ထိုသူတို့ပြောသံကို ဆွမ်းခံသွားသော ရဟန်းတစ်ပါးကြား၍ ရှင်ဥပနန္ဒအား ပြောပြလေရာ, ရှင်ဥပနန္ဒသည် ထိုဒါယကာ ၂-ဦးထံချဉ်းကပ်၍ ရေးနည်းအတိုင်းမေးပြီးလျှင် “သင်တို့ ၂-ဦးပေါင်း၍ ဤကဲ့သို့သော သင်္ကန်းတစ်ထည်တည်းသာလှူကြ, တစ်ထည်စီခွဲ၍ ငါမသုံးစွဲမည့် သင်္ကန်းတွေကိုလှူလို့ ဘာအသုံးကျမှာလဲ”ဟု ပြောဆိုစီမံလေသည်၊ ထို့နောက် ထိုသူတို့က ကဲ့ရဲ့ပုံ, ဘုရားရှင်စစ်ဆေးတော်မူ၍ သိက္ခာပုဒ်ပညတ်ရပုံတို့မှာ ပဌမဥပက္ခဋ သိက္ခာပုဒ်အတိုင်းပင်တည်း၊ သိက္ခာပုဒ် မြန်မာပြန်လည်းတူပြီ။

**သိက္ခာပုဒ်။** ။ဘိက္ခုံ ပနေဝ ဥဒ္ဒိဿ ဥဘိန္နံ အညာတကာနံ ဂဟပတီနံဝါ ဂဟပတာနီနံဝါ ပစ္စေက စီဝရစေတာပန္နာနိ ဥပက္ခဋာနိ ဟောန္တိ၊ ဣမေဟိ မယံ ပစ္စေကစီဝရစေတာပန္နေဟိ ပစ္စေကစီဝရာနိ စေတာပေတွာ ဣတ္ထန္နာမံ ဘိက္ခုံ စီဝရေဟိ အစ္ဆာဒေဿာမာတိ၊ တတြစေသော ဘိက္ခု ပုဗ္ဗေ အပ္ပဝါရိတော ဥပသင်္ကမိတွာ စီဝရေ ဝိကပ္ပံ အာပဇ္ဇေယျ “သာဓု ဝတ မံ အာယသ္မန္တော ဣမေဟိ ပစ္စေကစီဝရစေတာပန္နေဟိ ဧဝရူပံဝါ ဧဝရူပံဝါ စီဝရံ စေတာပေတွာ အစ္ဆာဒေထ၊ ဥဘောဝ သန္တာ ဧကေနာ”တိ ကလျာဏကမျတံ ဥပါဒါယ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

---

## ၉။ ရာဇသိက္ခာပုဒ်

**အမှုသည်-ရှင်ဥပနန္ဒ။**
**အမှု-ဝေယျာဝစ္စပြုသူအား တင်းတောင်းမှု။**

**ရှင်ဥပနန္ဒနှင့် တမန်** သာဝတ္ထိပြည်နေ အမတ်ကြီးတစ်ဦးသည် “ဤသင်္ကန်းအဖိုးဖြင့် သင်္ကန်းဝယ်၍ အရှင်ဥပနန္ဒကို လှူဒါန်းချေ

လော''ဟုမှာ၍ စေတမန်တစ်ယောက်ကို အရှင်ဥပနန္ဒအထံသို့ သင်္ကန်းအဖိုးငွေ အပို့ခိုင်းလေသည်၊ ထိုတမန်သည် ရှင်ဥပနန္ဒထံ ချဉ်းကပ်၍—

''အရှင်ဘုရား အရှင့်ကိုရည်မှန်း၍ ဤသင်္ကန်းဖိုးငွေကို ဆောင်ယူခဲ့ပါသည်, သင်္ကန်းအဖိုးငွေကို အလှူခံတော်မူပါ''ဟု လျှောက်လေသော်...

**အရှင်ဥပနန္ဒ**။ ။ဒါယကာ သင်္ကန်းအဖိုးကိုငါတို့လက်မခံကုန်, သင့်လျော်သောအခါ၌ ရဟန်းများနှင့် အပ်စပ်သောသင်္ကန်းကိုသာ လက်ခံကြသည်။

**တမန်**။ ။အရှင်ဘုရား၏ ဝေယျာဝစ္စ (အမှုကြီးငယ်) ပြုမည့်ကပ္ပိယ ရှိပါသလား၊ [ထိုသို့မေးချိန်မှာကျောင်းတိုက်သို့ ဥပါသကာတစ်ယောက် ကိစ္စတစ်ခုကြောင့် ရောက်လျက်ရှိနေသည်။]

**ရှင်ဥပနန္ဒ**။ ။ဒါယကာ ဤဥပါသကာသည် ရဟန်းများ၏ဝေယျာဝစ္စကို ပြုတတ်သူပင်ဖြစ်သည်၊ ဤသို့ ပြောဆို၍ ဝေယျာဝစ္စ ပြုမည့်သူကို ညွှန်ပြလေသည်၊

**တမန်**။ ။(အမတ်ကြီး၏ စေတမန်ဖြစ်သူ ဒါယကာသည် ထိုဥပါသကာ့ထံ ချဉ်းကပ်၍ ''ဤသင်္ကန်းအဖိုးငွေဖြင့် သင်္ကန်း ဝယ်ပြီးလျှင် အရှင်ဥပနန္ဒအား လှူရစ်ပါ''ဟု နားလည်အောင် ပြောပြပြီးလျှင်) ရှင်ဥပနန္ဒထံ တစ်ဖန်ချဉ်းကပ်၍ ''အရှင်ဘုရားညွှန်ပြသော ကပ္ပိယကို နားလည်အောင် တပည့်တော်ပြောပြခဲ့ပါပြီ၊ သင့်လျော်သောအခါ သူ့ထံ ချဉ်းကပ်တော်မူပါ, အရှင်ဘုရားကို သင်္ကန်း လှူပါလိမ့်မည်''ဟု လျှောက်၍ ပြန်သွားလေသည်။

**အမတ်ကြီးကတမန် လွှတ်၍လျှောက်ခြင်း**

ထိုသို့ သင်္ကန်းအဖိုးကို အပ်နှံခဲ့ပြီးနောက် အရှင်ဥပနန္ဒသည် ထိုကပ္ပိယဥပါသကာကို ဘာမျှ ပြောဆိုခြင်းမပြု (သင်္ကန်းအလိုရှိပြီ-ဟု မပြောဟူလို)၊သို့သော်အလှူ့ရှင်အမတ်ကြီးက တမန်လွှတ်၍ ''ကပ္ပိယထံ လှူရစ်ပါဟုမှာ၍ အပ်နှံခဲ့သော သင်္ကန်းကို အရှင်ဘုရားသုံးစွဲတော်မူပါ''ဟု လျှောက်၏၊ ရှင်ဥပနန္ဒကမူ (အလိုက်သိစွာ လှူရစ်လိမ့်မည်အထင်ရှိ၍ ဘာမျှမပြောသေး၊ အမတ်ကြီးက ၂-ကြိမ်မက ၃-ကြိမ်တိုင်အောင် တမန်စေလွှတ်၍ လျှောက်သည့်အခါ၌ကား ကပ္ပိယလုပ်သော ဥပါသကာထံသွား၍ ''သင်္ကန်းကိုအလိုရှိပြီ''ဟု ပြောလေသည်။

သက်န်း အတင်းမတောင်းပြီ ထိုအခါ၌ကား ထိုဥပါသကာမှာ အစည်းအဝေး ကိစ္စနှင့် ကြုံကြိုက်နေ၏၊ ထိုအစည်းအဝေး၌ "နောက်ကျနေသူကို ၅၀-ဒဏ်တပ်မည်"ဟုလည်းကတိကပြုထား၏၊ထို့ကြောင့် ထိုအကြောင်းကိုပြောပြ၍ "ယနေ့ တစ်နေ့မျှ ဆိုင်းပါ" ဟု တောင်းပန်လေသော် ရှင်ဥပနန္ဒက "ယနေ့ပင် လှူရမည်"ဟု ပြော၍ ထိုဥပါသကာ၏ပုဆိုးကို ဆွဲထားလေ၏၊ ထိုအခါ ရှင်ဥပနန္ဒဖို့ သင်္ကန်းဝယ်နေရ၍ နောက်ကျသဖြင့် ၅၀-ဒဏ်တပ်လေသော် (ရှင်ဥပနန္ဒ၏ ကပ္ပိယလုပ်မိ၍ အတင်း ဆွဲထားသဖြင့် သင်္ကန်းဝယ်ပေးနေရသောကြောင့် နောက်ကျကြောင်းကို) ပြန်ပြောလေသည်၊ ထိုအခါ လူတို့က

"ဒီရဟန်းတွေ အလွန် အလိုကြီးတယ်, သူတို့ရဲ့ကပ္ပိယ လုပ်ဖို့တောင် မလွယ်ကူဘူး, ယနေ့တစ်ရက်သာ ဆိုင်းပါဦးဟု တောင်းပန်တာကိုမျှ မဆိုင်းနိုင်ကြဘူး"ဟု ကဲ့ရဲ့ကြသည်ကို ဘုရားရှင်သည် တစ်ဆင့်ကြားတော်မူ၍ ဤသိက္ခာပုဒ်ကြီးကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်ပါဠိတော်။** ။[အလွန်ရှည်၍၊ ပါတိမောက်ခသော ပါဠိတော်မှာရှု။]

**မြန်မာပြန်။** ။"ဘိက္ခုံ ပနေဝ ဥဒ္ဒိဿ"မှ စ၍ "ဥပသင်္ကမိတွာ ယာယသ္မာ ကာလေန စီဝရေန ဘိက္ခုံ အစ္ဆာဒေဿတိ" တိုင်အောင် မြန်မာပြန်ပုံမှာ ဝတ္ထုကြောင်းအတိုင်း သိသာပြီ၊ "စီဝရတ္ထိကေန ဘိက္ခဝေ ဘိက္ခုနာ ဝေယျာဝစ္စကရော နိဒ္ဒိသိတဗ္ဗော=သင်္ကန်းကို အလိုရှိသော ရဟန်းသည် ဝေယျာဝစ္စပြုမည့် ကပ္ပိယ တစ်ယောက်ယောက် ကို ညွှန်ပြနိုင်၏"ဟူရာ၌ သင်္ကန်းကိုအလိုရှိလျှင် ညွှန်ပြနိုင်၏၊ အလိုမရှိလျှင် မညွှန်ပြဘဲ "ငါအလိုမရှိ"ဟု ပယ်လိုလျှင်လည်း ပယ်နိုင်၏ ဟု-မှတ်၊ "အာရာမိကော ဝါ ဥပါသကော ဝါ"ဟူရာ၌လည်း ရဟန်းတော်များ အနီးအပါး၌ ရှိလည်းရှိတတ် ဝေယျာဝစ္စပြုဖို့ရန် လျောက်သည်း လျောက်ပတ်သူကို ထုတ်ပြခြင်းဖြစ်၏၊ ကျောင်းသား ဖိုးသူတော် သီလရှင် ကျောင်းဒါယကာ ကျောင်းအမ စသူကိုလည်းညွှန်ပြကောင်းသည်သာ၊ ထို့ပြင်- "အရှင်ဘုရားမှာ ဝေယျာဝစ္စပြုသူ ရှိပါရဲ့လား"ဟု သိက္ခာပုဒ် ပါဠိအတိုင်း ဖြစ်စေ "ကပ္ပိယရှိပါရဲ့လား"ဟုလည်းကောင်း၊ "ကပ္ပိယညွှန်ပြပါ"ဟု လည်းကောင်း ဤသို့စသည် တစ်နည်းနည်းဖြင့် လျှောက်မှ ညွှန်ပြကောင်း၏၊ ထိုသို့မလျှောက်ဘဲ "သင်္ကန်းအဖိုးငွေကို အလှူခံပါ"ဟု လျှောက်ခံမျှဖြင့် ကပ္ပိယ မညွှန်

ကောင်း၊ ကပ္ပိယညွှန်ပြ၍ "သူ့ဆီပေးထားခဲ့"ဟုလည်း မပြောကောင်းချေ။

**စီဝရတွိကေန စသည်၏မြန်မာပြန်။** ။(ထိုကဲ့သို့ ကပ္ပိယ ညွှန်ပြ သဖြင့် "ကပ္ပိယထံ တောင်းရစ်ပါ, ချဉ်းကပ်ရစ်ပါ"ဟု လျှောက်၍ ကပ္ပိယထံ သင်္ကန်းဖိုးအပ်နှံထားခဲ့လျှင်) သင်္ကန်းအလိုရှိသောရဟန်းသည် ထိုကပ္ပိယထံ ချဉ်းကပ်၍ "ငါသင်္ကန်းအလိုရှိပြီ" ဟု သူသတိမေ့နေလျှင် သတိရအောင် ပြောဆို တောင်းယူကောင်း၏၊ ဤနည်းအတိုင်း ၃-ကြိမ်တိုင်တိုင် ချဉ်းကပ်၍ ပြောဆိုကောင်း, သတိပေးကောင်းသည်၊ ထိုသို့ ၃-ကြိမ်သွား၍ တောင်း သဖြင့် ထိုသင်္ကန်းရလျှင် ဝိနည်းအပြစ်မရှိ၍ကောင်း၏၊ ထိုသို့ ၃-ကြိမ် ၃-ခါ တောင်း၍ မရလျှင်ကား, ၄-ကြိမ်မြောက် ၅-ကြိမ်မြောက် ၆-ကြိမ်မြောက် နှုတ်ဖြင့်ပြောဆို၍ မတောင်းရ၊ သူ့အနီးအပါးသွား၍ ရပ်ရုံသာ ရပ်နေရမည်၊ ထိုင်လည်း မထိုင်ရ, ဆွမ်းစသည်ကိုလှူလျှင်လည်း အလှူမခံရ၊ ဘာအလိုရှိပါသလဲဟု မေးလျှင် "သင့်ဘာသာသင် သိပေတော့" ဟု ပြောရမည်၊ (သင်္ကန်းအလိုရှိသည်-ဟု မပြောရ၊) ထိုသို့ ၆ ကြိမ်ရပ်၍ပျ မရလျှင်ကား—

ယတဿ။ပေ။သာမိစိ—အကြင်ဒါယကာ(ဒါယိကာမ)ထံမှ သင်္ကန်းအဖိုး တမန်လွှတ်၍ ပို့လိုက်၏၊ ထိုအလှူ့ရှင်ထံသို့ ကိုယ်တိုင်သွား၍ဖြစ်စေ တမန်လွှတ်၍ဖြစ်စေ "သင်တို့ပို့လိုက်သော သင်္ကန်းအဖိုးသည် သင်တို့ရည်မှန်း အပ်သော ရဟန်းမှာ ဘာအကျိုးမျှမပြီးစေနိုင်၊ ကိုယ့်ပစ္စည်းကိုပြန်ရအောင် အားထုတ်ကြပေတော့၊ သူများလက်၌ အချည်းနှီး ပပျောက်ပျက်စေနှင့်" ဟု ပြောရမည်၊ ဤသို့ပြောခြင်းကြောင့် ရဟန်းမှာ အပြစ်မရှိ, လောကုတ္တရာနှင့် လျော်သော(ပြောရမည့်)ကျင့်ဝတ် တစ်မျိုးဖြစ်သည်၊ ¦တမန်စေလွှတ်၍ လှူမှ သာမဟုတ်, အလှူ့ရှင် ကိုယ်တိုင်လာ၍ သင်္ကန်း ဖိနပ်စသော ရဟန်း အသုံး အဆောင်အတွက် ငွေရွှေလှူသမျှ၌ ဤသိက္ခာပုဒ်အတိုင်း ပြုကျင့်ရသည်။]

**မှတ်ချက်။** ။ဤရာဇသိက္ခာပုဒ်အရ "ကပ္ပိယထံ ငွေကိုအပ်နှံ၍, အရှင်ဘုရား အလိုရှိသောအခါ ကပ္ပိယထံအပ်စင်သော ပစ္စည်းကိုအလှူခံပါ"ဟု လျှောက်လျှင်, သို့မဟုတ်- ကပ္ပိယကိုယ်တိုင်ကပင် "(၁၀-တန် ၂၀-တန် စသည်ဖြင့်) အပ်သောပစ္စည်းကို တောင်းပါ"ဟု လျှောက်လျှင်, မိမိလိုသောပစ္စည်းကို တောင်းကောင်း၏၊ "တစ်နေ့က လှူသွားသော ငွေနှင့်ဝယ်ပေးပါ"ဟုကား မခိုင်းကောင်း၊ ကပ္ပိယထံငွေကို အပ်နှံထားသော်လည်း ကပ္ပိယကဖြစ်စေ ငွေအပ်သွားသူကဖြစ်စေ "အပ်သောပစ္စည်းကိုတောင်းပါ"ဟု မဖိတ်လျှင် "မတောင်းကောင်း"ဟု မှတ်။

**ဘုရားလက်ထက် ဝတ္ထု။** ဘုရား လက်ထက်တော်၌ ရာဇဂြိုဟ်မြို့ နန်းတွင်း အစည်းအဝေးတစ်ခုမှာ စပ်မိစပ်ရာ စကားပြောရင်းက "ရဟန်းတော်များသည် ငွေကို(လှူလာလျှင်) ခံယူကောင်း၏"ဟု လူအများ ပြောဆိုသည်ကို "မဏိစူဠက" မည်သော ဂါမဏိ (လူကြီးလူကောင်း) တစ်ယောက်က "မခံယူကောင်း" ဟု ကန့်ကွက် လေသည်၊ ထို့နောက် ထို လူကြီးလူကောင်းသည် ဘုရားထံလာ၍ "သူကန့်ကွက်ခဲ့တာ မှန်ပါရဲ့လား" ဟု လျှောက်လေသော်...ဘုရားရှင်က "ဂါမဏိ သင် ပြောခဲ့သော စကားသည် မှန်၏၊ ရဟန်းများသည် ငွေကို မခံယူကောင်း၊ ရွှေငွေကို အပ်လျှင် ကာမဂုဏ်ငါးပါးလုံး (သား, မယားပါ) သုံးစွဲကောင်းလိမ့်မည်၊ "ရွှေ,ငွေ အပ်တယ်"ဟု ဆိုသောတရားကို ရဟန်းတရား မဟုတ်" ဟု ကေန်မှတ်လေ၊ သို့သော်"ကျောင်းမှာ မိုးမလုံခြင်းစသော အကြောင်းရှိလျှင် မြက်သက်ကယ် စသည်ကို ဆွမ်းခံသလို သွား၍ရပ်ပြီးလျှင် (ဘာအလိုရှိပါသလဲဟု လျှောက်သောအခါ မြက်သက်ကယ် အလိုရှိသည်, သစ်သား အလိုရှိသည်, လှည်းတိုက်စရာရှိ၍ လှည်းနွားကို ခေတ္တအလိုရှိသည်,ခိုင်းစရာလို၍ လက်သမား တစ်ယောက် ခေတ္တအလိုရှိသည်, စသည်ဖြင့်) အလှူခံကောင်း၏"ဟု ငါဘုရား ခွင့်ပြုတော်မူသည်၊ ရွှေ,ငွေကိုကားမည်သည့်ပရိယာယ်နှင့်မျှ သာယာကောင်း (ခံယူကောင်း)၏" ဟု ခွင့်မပြုနိုင်ကြောင်းကို မိန့်တော်မူလေသည်။

[သဠာယတနဝဂ္ဂ ဂါမဏိသံယုတ် ပါဠိတော်။]

စီဝရဝဂ် ပြီး၏။

# ကောသိယဝဂ်

## က။ ကောသိယသိက္ခာပုဒ်

**အမှုသည် - ဆဗ္ဗဂ္ဂီရဟန်းများ။**
**အမှု-ပိုးလုပ်သူတို့ထံ တိုက်တွန်းမှု။**

**ပိုးကောင်တွေပြုတ်ရန် တိုက်တွန်းခြင်း။** ။အာဠဝီမြို့ အဂ္ဂါဠဝ စေတီဝယ် ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဆဗ္ဗဂ္ဂီယ ရဟန်းတို့သည် ပိုးချည်လုပ်သူတို့ အထံသွား၍ "ဒါယကာတို့ များစွာကုန်သော ပိုးကောင်တို့ကို ပြုတ်ကြပါ, ငါတို့အားလည်း ပေးကြပါ, ငါတို့လဲ ပိုးချည်နှင့်ရောသော အခင်းကို ပြုလိုကြသည်"ဟု ပြောကြလေသည်၊ ထိုအခါ ပိုးအလုပ်သမားတို့သည် ငါတို့မှာ အသက်မွေးမှုအတွက်, သား မယား ကျွေးမှုအတွက် များစွာသော ပိုးငယ်ကလေးတွေကို သတ်နေကြရ၏၊ ငါတို့မှာ (ကံကောင်း ထောက်မ၍) ရထားသော လူ့ဘဝကလေးဟာ အရမတော်ဘဲ ဖြစ်နေကြရသည်၊ ရဟန်းတွေက ဘယ့်နှယ် ပြောကြပါလိမ့်မလဲ"ဟု ကဲ့ရဲ့ကြသည်ကို ဘုရားရှင် ကြားတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။

**သိက္ခာပုဒ်။** ။**ယော ပန** ဘိက္ခု **ကောသေယျ** မိဿကံ **သန္ထတံ ကာရာပေယျ** နိဿဂ္ဂိယံ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင်ရဟန်းသည် ပိုးချည်နှင့် ရောသောအခင်းကို ပြုအံ့၊ ထိုရဟန်းမှာ စွန့်ရခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။ရဟန်း ၁-ပါးထံ ဖြစ်စေ, ၂-ပါး, ၃-ပါးထံ ဖြစ်စေ, သံဃာ့ထံ ဖြစ်စေ ချဉ်းကပ်၍ "အရှင်ဘုရား....ပိုးချည်နှင့် ရောသော ဤအခင်းကို ပြုစေမိသည်ဖြစ်၍ ဤအခင်းကို စွန့်ထိုက်ပါ၏၊ တပည့်တော်သည် ဤအခင်းကို စွန့်ပါသည်" ဤသို့လျှောက်၍ "စွန့်ရခြင်းကို" "စွန့်ခြင်း ဝိနည်းကံ"ဟု ခေါ်၏၊ ထိုသို့ စွန့်ခြင်း ဝိနည်းကံပြုပြီးမှ ပါစိတ် အာပတ်ကို ဒေသနာ ပြောရ သောကြောင့် "စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ် အာပတ်"ဟု ခေါ်သည်၊ နိဿဂ္ဂိယံ ပါစိတ္တိယံ" ဟု လာသမျှ၌ ဤသို့စွန့်ခြင်း ဝိနည်းကံ ရှိကြရသည်သာ။

**အခင်းပြုပုံ။** ။သန္ထရိယတေ ခင်း၍ပြုအပ်၏၊ ဣတိ-ထို့ကြောင့်၊ သန္ထတံ-သန္ထတမည်၏ ဟူသော ဝိဂ္ဂဟ်အရ သန္ထတအထည်ကို ပြုလုပ်သည့် အခါ ညီညွတ်သော ကြမ်းပြင်, မြေပြင်စသည်ဝယ် သားမွေးချည်တို့ကို အလျားအနံ

အလိုရှိသလိုဖြန့်ထားရ၏၊ ထို့နောက် ထိုနည်းအတိုင်းပင် အလိုရှိသလောက် ထူအောင်ထပ်လျက် အထက်အောက်အချင်းချင်း ကပ်နေအောင် "ကဋ္ဌယကစီရေ (ထမင်းကို ကြိတ်၍ ပြုအပ်သောအရေ)" စသော စေးကပ်သော အရည်တို့ဖြင့် သွန်းလောင်း ဖိနှိပ်ပေးရမည်၊ ဤသို့လျှင် ညီညွတ်သော အပြင်ဝယ် ဖြန့်ခင်း၍ ပြုအပ်သောကြောင့် "သန္ထတ = အခင်း" ဟုခေါ်၏၊ "ရက်ကန်းစင်ပေါ်တင်၍ ရက်အပ်သော အထည်မျိုးမဟုတ်၊ ရက်ကန်းစင် တင်၍ ရက်အပ်သောအထည်ကား ဤသိက္ခာပုဒ်နှင့်မဆိုင်၊ "အခင်း" ဟုဆိုသဖြင့် ခင်းထိုင်ဖို့ ခင်းအိပ်ဖို့ သက်သက်သာ အသုံးဝင်၍ "အခင်း" ခေါ်သည်ဟု ထင်မှတ်တတ်ကြ၏၊ အမှန်မှာ—ခင်းခြင်းဆိုင်ရာသာမက, မျက်နှာကြက်, ကန့်လန့်ကာ, ခေါင်းအုံးများပင် ပြုလုပ်ရသော အထည်တစ်မျိုး ဖြစ်သည်။

## ၁။ သုဒ္ဓကာဠကသိက္ခာပုဒ်

အမှုသည် – ဆဗ္ဗဂ္ဂီရဟန်းများ။
**အမှု – အနက်ရောင်ချည်သက်သက်ဖြင့် အခင်းပြုမှု။**

**အနက်ရောင် သန့်သန့်အခင်း** [သုဒ္ဓ-သက်သက်, ဝါ သန့်သန့်၊ အခြားအရောင်များနှင့် မရောစေဘဲ သန့်သန့် (သက်သက်) မည်းနက်သော အဆင်း၊] ဆဗ္ဗဂ္ဂီယ ရဟန်းတို့သည် အခြား အဆင်း အရောင်နှင့် မရောစေဘဲ အနက်ရောင်သန့်သန့်ဖြစ်သော သိုးမွေးအခင်းကို ပြုထားကြလေ၏၊ ကျောင်းကြည့်လာသူ လူတို့သည် ထိုအခင်းများကို မြင်လေရာ, "ဘုရားသားတော်ရဟန်းများသည် ကာမစည်းစိမ် ခံစားသော လူများကဲ့သို့ အဘယ့်ကြောင့် သက်သက် မည်းနက်သော သိုးမွေး အခင်းများကိုပြုကြပါလိမ့်မလဲ" ဟု ကဲ့ရဲ့ကြသောကြောင့် "သက်သက် မည်းနက်သော သိုးမွေးတို့၏ အခင်းကို ပြုလျှင် နိဿဂ္ဂိပါစိတ်အာပတ်" ဟု ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု သုဒ္ဓကာဠကာနံ ဧဠကလောမာနံ သန္ထတံ **ကာရာပေယျ**၊ နိဿဂ္ဂိယံ ပါစိတ္တိယံ**။**

[သက်သက်မည်းသော သိုးမွေးအခင်းကို ပြုလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။]

## ၈။ ဒွေဘာဂသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။**

**အမှု—အနက်ရောင်အထည်ကိုယ်တွင် အဖြူရောင် အနား ကွပ်ရုံသာထည့်မှု။**

**ဆဗ္ဗဂ္ဂီတို့ညာတ်** "သက်သက် မည်းနက်သော သိုးမွေးအခင်း ကိုသာ မပြုရ"ဟုဘုရားပယ်မြစ်သော်မူသည်-ဟု ကြံ၍ဆဗ္ဗဂ္ဂီယ ရဟန်းတို့သည် ထိုတားမြစ်ချက်ကို ရှောင်သောအားဖြင့် သိုးမွေးအနက် အခင်းကို အထည်ကိုယ် လုပ်ပြီးလျှင် အစွန်အနား၌ (အနားပတ် တပ်ထား သကဲ့သို့) အဖြူရောင်သိုးမွေးများကို ထည့်သွင်း၍ အခင်းတစ်မျိုး လုပ်ကြ လေသည်၊ ထိုအကြောင်းကို အခြားရဟန်းများသိ၍ ကဲ့ရဲ့ပြီးလျှင် ဘုရား ရှင်အား လျှောက်ကြလေရာ .. "အခင်းအသစ်ကို ပြုလိုသော ရဟန်းသည် (မိမိပြုမည့် အခင်း၏ ပိဿာချိန်ကို မှန်းတားပြီးလျှင်) အနက်ရောင်သိုးမွေး ၂-ပုံ, အဖြူရောင်သိုးမွေး ၁-ပုံ, အညိုအရွေရောနေ၍ ကြောင်သောအဆင်း ရှိသောသိုးမွေး ၁-ပုံ ယူရမည်၊ (ပါစေရမည်-ဟူလို၊) ထိုသို့မယူဘဲပြုလျှင် နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏"ဟု ပညတ်တော်မူရာသည်၊ [ဤ၌အနက်ရောင် များနေမည်ကို တားမြစ်တော် မူလိုရင်းဖြစ်၍ အနက်ရောင် မများဘဲ အဖြူရောင် အကြောင်ရောင် သိုးမွေးများလျှင် အပြစ်မရှိ, အနက်ရောင် ၂-ဆထက် ပိုနေလျှင်သာ အပြစ်ရှိသည်။]

**သိက္ခာပုဒ်။** ။နဝံ ပန ဘိက္ခုနာ သန္ထတံ ကာရယမာနေန ဒွေဘာဂါ **သုဒ္ဓကာဠကာနံ ဧဠကလောမာနံ အာဒါတဗ္ဗာ၊ တတိယံ ဩဒါတာနံ စတုတ္ထံ ဂေါစရိယာနံ၊ အနာဒါ စေ ဘိက္ခု ဒွေဘာဂေ သုဒ္ဓကာဠကာနံ ဧဠကလောမာနံ တတိယံ ဩဒါတာနံ စတုတ္ထံ ဂေါစရိယာနံ နဝံ သန္ထတံ ကာရာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။**

[သန္ထတ (အခင်း) အသစ်ကိုပြုလိုသော ရဟန်းသည် အနက်ရောင် သက်သက်ဖြစ်သော သိုးမွေးတို့၏ ၂-ပုံကိုလည်းကောင်း, အဖြူရောင် သိုးမွေးတို့၏ (၃-ပုံမြောက်) တစ်ပုံကိုလည်းကောင်း, ကြောင်သော အရောင်ရှိသော သိုးမွေးတို့၏ (၄-ခုမြောက်)တစ်ပုံကိုလည်းကောင်း ယူရမည်၊ ထိုသို့မပါစေဘဲ အသစ်သန္ထတကိုပြုစေလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။]

## ၁၁။ ဆဗ္ဗဿ သိက္ခာပုဒ်

အမှုသည်-ရဟန်းအများ။
အမှု=နှစ်စဉ် အခင်းအသစ်ပြုလုပ်မှု။

**အကြောင်းအရင်းများမှု** ရဟန်းတို့သည် အခင်းသစ်ကို တနှစ်လျှင်တစ်ခုကျ နှစ်စဉ်ပြုကြသဖြင့် "ငါတို့အား သိုးမွေးလှူကြပါ၊ သိုးမွေးတို့ကို အလိုရှိသည်"ဟု အတောင်းအရမ်း များကြသောကြောင့် လူတို့က ကဲ့ရဲ့ကြသည်မှာ- "ငါတို့သည် အခင်းတစ်ခု ပြုလုပ်သားလိုက်လျှင် ဒီအခင်းအပေါ်မှာ ကလေးများ(ညအခါ) အခင်းကြီး, အခင်းငယ် စွန့်ကြသေး၏၊ ကြွက်လဲကိုက်သေး၏၊ ဒါတောင်မှ ၅-နှစ် ၆-နှစ်ကြာအောင် ခံပါသေးသည်၊ ဒီ (ကလေးသားငယ်မရှိသော) ရဟန်းတွေက ဘယ့်နှယ့်ကြောင့် တစ်နှစ်တစ်ခု အခင်းပြုကြရသလဲ"ဤသို့ ကဲ့ရဲ့သောကြောင့် "သိုးမွေးအခင်းသစ်ကို ပြုပြီးသောရဟန်းသည် ၆-နှစ်ကြာအောင် (သွားလေရာ ယူ၍) ဆောင်ထားရမည်၊ ၆-နှစ်အတွင်း၌ ထိုအခင်းကို (သူတစ်ပါးအား) စွန့်၍ဖြစ်စေ မစွန့်ဘဲဖြစ်စေ အခင်းသစ်ပြုလျှင် "နိသဂ္ဂိပါစိတ်အာပတ်သင့်၏"ဟု ပညတ်တော်မူရသည်၊ [ဤမူလပညတ်ချက်၌ "အညတြ ဘိက္ခုသမ္မုတိယာ" မပါသေး။]

**အနုပညတ်ထပ်ဆင့်တော်မူရပုံ** ရဟန်းတစ်ပါးသည် မကျန်းမမာဖြစ်နေ၏၊ ဆွေမျိုးများရှိရာသို့ သွားလိုသော်လည်း ထိုအခင်းကို ယူဆောင်၍မသွားနိုင်၊ ထိုအခင်းမျိုး မရှိလျှင်လည်း ရဟန်းမှာ နေရထိုင်ရမချမ်းသာ၊ ထိုအကြောင်းကို ဘုရားရှင်အား အခြားရဟန်းတို့က လျှောက်ကြသဖြင့် ဂိလာနရဟန်းအား သန္ထတ သမ္မုတိပေးဖို့ရန် ခွင့်ပြုတော်မူ၍"အညတြ ဘိက္ခု သမ္မုတိယာ"ဟု ထပ်ဆင့်လျက် သိက္ခာပုဒ် ပညတ်တော်မူရပြန်သည်၊ [သန္ထတသမ္မုတိရသော ရဟန်းကား ရောက်ရာအရပ်၌ (၆-နှစ်မပြည့်ခင်) အခင်းသစ် ပြုနိုင်သည်။]

**သိက္ခာပုဒ်။** ။နဝံ ပန ဘိက္ခုနာ သန္ထတံ ကာရာပေတွာ ဆဗ္ဗဿာနိ ဓာရေတဗ္ဗံ၊ ဩရေန စေ ဆန္နံ ဝဿာနံ တံ သန္ထတံ ဝိဿဇ္ဇေတွာ ဝါ အဝိဿဇ္ဇေတွာ ဝါ အညံ နဝံ သန္ထတံ ကာရာပေယျ အညတြ ဘိက္ခုသမ္မုတိယာ၊ နိသဂ္ဂိယံ ပါစိတ္တိယံ။

[ရဟန်းသည် အသစ်သန္ထတကို ပြုစေပြီးလျှင် ၆-နှစ် ပတ်လုံး ဆောင်ထားရမည်၊ ၆-နှစ်မပြည့်မီအတွင်း၌ ထိုသန္ထတကို စွန့်၍ ဖြစ်စေ မစွန့်ဘဲဖြစ်စေ သန္ထတအသစ်ကို ပြုစေသော ရဟန်းမှာ နိသဂ္ဂိပါစိတ်အာပတ်သင့်၏။]

## ၄။ နိသီဒန သန္ထတ သိက္ခာပုဒ်

**အမှုသည်-ရဟန်းအများ။**
**အမှု=အခင်းဟောင်းစွန့်ပစ်မှု။**

**အရှင်ဥပသေနနှင့် ဘုရားရှင်**

သာဝတ္ထိမြို့၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်သည် ၃-လပတ်လုံး ရဟန်းရှင်လူတို့၏ အတွေ့ (အဖူး အမြော်) ခံယူတော်မမူဘဲ (ဆွမ်းပို့သူရဟန်းတစ်ပါးကို သာ အတွေ့ခံတော်မူ၍)တစ်ပါးတည်းကိန်းအောင်းတော်မူလေသည်၊ ရဟန်း တို့ကလည်း ဘုရားအလိုတော်ကိုသိ၍ "(ဆွမ်းပို့သူမှတစ်ပါး မည်သူမှ ဘုရား ထံတော်သို့ မချဉ်းကပ်ကြစတမ်း, ချဉ်းကပ်သူအား ပါစိတ်အာပတ်ကို ဒေ သနာပြောစေကြစတမ်း(ချဉ်းကပ်သူပါစိတ်အာပတ်သင့်စေ-ဟုဆိုလိုသည်)" ဤသို့ ကတိကဝတ် ပြုထားကြလေသည်၊ ထိုအခါ ဝင်္ဂန္တပုဏ္ဏား၏ သားဖြစ် သော အရှင်ဥပသေနသည် တပည့်ပရိသတ် ငါးရာနှင့်အတူ အဝေးမြို့ရွာမှ လာ၍ဘုရားထံ ချဉ်းကပ်လေသည်။

**ပရိသတ်ကြောင့် ချီးမွမ်းခံရပုံ**

ရှင်ဥပသေနသည် ၂-ဝါရစဉ်က တစ်ဝါရတပည့်နှင့်အတူ ဘုရားရှင်ထံ ရောက်လာခဲ့ဖူး၏၊ ထိုစဉ်က "မိမိကိုယ်တိုင် ဆုံးမခံရမည့် အရွယ်ရှိပါလျက် သူတစ်ပါးကို ဆုံးမသော ဆရာလုပ်ရမည်လား" ဟု ဘုရားရှင်၏ အကဲ့ရဲ့ကို ခံခဲ့ရဖူး၏၊ ထို့ကြောင့် နောက်တစ်ခါ ပရိသတ်ကိုအကြောင်းပြု၍ အချီးမွမ်းခံရအောင် ကြံစည်ကာ ဆယ်ဝါရ၍ ဆရာဖြစ်သောအခါ သန့်ရှင်းသော ပရိသတ်ရအောင် အထူး ကြိုးစားခဲ့လေသည်၊ ထို့ကြောင့် ယခုတစ်ခေါက်ဘုရားထံ အရောက်၌ကား ပရိသတ် ငါးရာလုံး အာရညကင်,ပိဏ္ဍပါတ်,ပံ့သကူဓုတင်ဆောင်ချည်းဖြစ် ကြလေသည် "ဥပသေန ဤပရိသတ်သည် အလွန်ကြည်ညိုဖွယ် ကောင်း ပေ၏, ဘယ်ပုံဘယ်နည်းဖြင့် ပရိသတ်ကို ဆုံးမသနည်း" ဟု မေးတော်မူရ လေသည်၊ ထိုအခါ ရှင်ဥပသေနက "တပည့်တော်ကဲ့သို့ အာရညကင်, ပိဏ္ဍပါတ်,ပံ့သကူဓုတင် ဆောင်နိုင်သူကိုသာ တပည့်အဖြစ်ဖြင့် လက်ခံ

ပါသည်''ဟု လျှောက်လေလျှင် ''သာဓု သာဓု ဥပသေန, သာဓု ခေါ တွံ ပရိသံ ဝိနေသိ = တော်ပေ့တော်ပေ့ ဥပသေန, သင်သည် ကောင်းမွန်စွာ ပရိသတ်ကို ဆုံးမဖော်ရပေ၏''ဟု ချီးမွမ်းတော်မူလေသည်။

**ဓုတင်ဆောင်သူအား ဖူးခွင့်ပြုပုံ**

ဤသို့ ချီးမွမ်းတော်မူပြီးလျှင် ''ဥပသေန သာဝတ္ထိမြို့နေ ရဟန်းများ ကတိကဝတ် ပြုထားသည်ကို သိရဲ့လား''ဟု မေးတော်မူရာ မသိပါကြောင်း, ဖူးမြော်သူတို့အား ပါစိတ်အာပတ်သင့်ရမည်''ဟု ကတိကဝတ် ပြုသည်ကိုလည်း သဘောမတူကြောင်း လျှောက်လေသော် ဘုရားရှင်က ''သာဓု သာဓု'' ခေါ်တော်မူ၍ ''ငါဘုရား မပညတ်အပ်သည်ကို ရဟန်းများက မပညတ်ကောင်း, ပညတ်အပ်ပြီးကိုလည်း မဖျက်ကောင်း, ပညတ်သားတိုင်း ကျင့်ထိုက်သည်''ဟု မိန့်တော်မူပြီးလျှင် ''အာရညကင်, ပိဏ္ဍပါတ်, ပံ့သကူဓုတင်ဆောင် ရဟန်းတို့သည် ငါဘုရားကိုအလိုရှိတိုင်း ချဉ်းကပ်နိုင်သည်''ဟု ခွင့်ပြုတော်မူလေသည်။

**ရဟန်းများ အခင်းဟောင်းကိုစွန့်ပစ်ပုံ**

ထိုအခါ၌ များစွာသောရဟန်းတို့သည်''အရှင်ဥပသေနကို ပါစိတ် အာပတ် ဒေသနာ အပြော (အကြား) ခိုင်းမည်''ဟု ကျောင်းတော်တံခါးမုခ်၌ စောင့်နေကြ၍ အရှင်ဥပသေန ထွက်လာသည့် အခါ ''ကတိကဝတ် ပြုထားသည်ကို သိသလား''ဟု ဝိုင်း၍မေးကြလေသည်, အရှင်ဥပသေနက ဒီအမေးကို ဘုရားရှင်လည်း မေးတော်မူ၍– ဘုရားရှင်အား မိမိလျှောက်ခဲ့ပုံကို ပြန်ပြောပြီးလျှင် ''အာရညကင်, ပိဏ္ဍပါတ်, ပံသုကူ, ဓုတင်ဆောင် ရဟန်းများကို အလိုရှိတိုင်း ချဉ်းကပ်နိုင်သည်''ဟု ဘုရားရှင်ခွင့်ပြုလိုက်ပြီ-ဟု ပြောလေသော် ''အရှင်ဥပသေန ပြောတာ မှန်ပေတယ်, ဘုရားမပညတ်အပ်သည်ကို ရဟန်းများက မပညတ်ထိုက်, ပညတ်အပ်ပြီးကိုလည်း မဖျက်ထိုက်, ပညတ်တိုင်းသာ ကျင့်ထိုက်သည်''ဟု အရှင်ဥပသေန စကားကို သဘောတူကြလေသည်၊ ထို့နောက်ရဟန်းတို့သည်''ဓုတင်ဆောင်ရဟန်းများကိုဖူးမြော်ခွင့်ပြုသည်''ဟု ကြားကြ၍ ဘုရားကို ဖူးလိုသောကြောင့် ရဟန်းအများပင် အခင်းဟောင်းကို စွန့်ပစ်ကြ၍အာရညကင်, ပိဏ္ဍပါတ်, ပံ့သကူဓုတင်များကို ဆောင်ကြလေသည်။

**မှတ်ချက်။** ။ထိုရဟန်းတို့သည်ပြခဲ့သောဓုတင်၃မျိုးသာမက,တိစီဝရိတ်စသော အခြားဓုတင်များကိုလည်း ဆောင်ကြ၏၊ တိစီဝရိက်ဆောင်ရာ၌ သက်န်း ၃-ထည်ထက်ပို၍မထားရ,သိုးမွေးအခင်းများကိုလည်း ထို ရဟန်းတို့က ''သင်္ကန်းတစ်မျိုး''ဟု ထင်မှတ်ကြသဖြင့် ကိုသိုးမွေး

အခင်းများကိုစွန့်ပစ်ကြခြင်းဖြစ်သည်၊ အမှန်မှာ-သိုးမွေးအခင်းသည် အဓိဋ္ဌာန်ဝိကပ္ပနာပြုရသော သင်္ကန်းမျိုးတွင် မပါဝင်သောကြောင့် ထိုရဟန်းများ၏အထင်မှားခြင်းသာတည်း၊ ထို့ကြောင့် တိစီဝရိက် ရှုတင်ဆောင် ရဟန်းများ၌ထိုသိုးမွေးအခင်းထားကောင်းသည့်သာ။
[ပိမတိဋီကာ]

**သိက္ခာပုဒ် ပညတ်တော်မူရပုံ** ဘုရားရှင်သည် တစ်ပါးတည်း ကိန်းအောင်းရာမှ ထွက်တော်မူပြီးနောက် များစွာသော ရဟန်းတို့နှင့် အတူ ကျောင်းစဉ်လှည့်လည် တော်မူသည့် အခါ ထိုစွန့်ပစ်ထားသော အခင်းတို့ကိုမြင်တော်မူ၍ "သဒ္ဓါတရားဖြင့် လှူတို့ လှူသွားသော ပစ္စည်းကို ပစ်စလက်ခတ်ပြုခြင်း၌ လုံလောက်သောအကြောင်းမရှိ"ဟု ကြံတော်မူ၍ နောက်ဘပ်အခင်းသစ်ပြုလိုသော ရဟန်းသည် ဤကဲ့သို့ စွန့်ပစ်ထားသော အခင်းဟောင်းမှ ယူတန်သရွေ့ ယူစေထော်မူလိုခြင်းကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။

**သိက္ခာပုဒ်။** ။နိသီဒနသန္ထတံ ပန ဘိက္ခုနာ ကာရယ **မာနေန** ပုရာဏသန္ထတဿ သာမန္တာ သုဂတဝိဒတ္ထိ **အာဒါတဗ္ဗာ** ဒုဗ္ဗဏ္ဏ-ကရဏာယ၊ **အနာဒါ**စေ ဘိက္ခု ပုရာဏသန္ထတဿ သာမန္တာ သုဂတဝိဒတ္ထိံ **နဝံ** နိသီဒနသန္ထတံ **ကာရာပေယျ၊ နိဿဂ္ဂိယံ** ပါစိတ္တိယံ။

**မြန်မာပြန်။** ။နိသီဒိုန်မည်သော သိုးမွေးအခင်းကို ပြုလိုသော ရဟန်းသည် အခင်းဟောင်းကို အဆင်းပုံသဏ္ဌာန် ပျက်သွားစေခြင်းငှာ ထိုအခင်းဟောင်း၏ ထက်ဝန်းကျင် နံပါးတစ်နေရာမှ ဘုရားအထွာတော်ဖြင့် တစ်ထွာလောက်ကိုဖြတ်ယူရမည်၊ ထိုသို့မယူဘဲ နိသီဒိုန် အခင်းသစ်ကိုပြုသော ရဟန်းသည် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏၊ [နိသီဒိုန်အခင်း၏ ပုံသဏ္ဌာန်ကို သုဒ္ဓပါစိတ် ရတနဝဂ် နိသီဒန သိက္ခာပုဒ် ကျမှပြမည်။]

**မှတ်ချက်။** ။"တစ်ထွာလောက်ဖြတ်ယူရမည်"ဟု ဆိုသော်လည်း နိသီဒိုန် အသစ်၌ ထည့်၍ သင့်တော်လောက်သော အသားကောင်းနေရာက တစ်ထွာလောက်ရှိမှသာ တစ်ထွာလောက် ဖြတ်ယူရမည်၊ အခင်းဟောင်း ဆွေးရိနေသဖြင့် အသားကောင်း တစ်ထွာလောက်မျှ မရှိလျှင် ရတန်သလောက် ဖြတ်ယူရမည်၊ လုံးလုံးအသားကောင်း မရှိတော့လျှင် အခင်းဟောင်းမှ အသားကို လုံးလုံးမယူဘဲလည်း နိသီဒိုန်အခင်းသစ်ပြုနိုင်၏။

ထိုကဲ့သို့ တစ်ထွာဖြစ်စေ တစ်မိုက်ဖြစ်စေ ရတန်သန္ထာ ဖြတ်ယူပြီးလျှင်ကား နိသီဒိုနဲ့ အခင်းပြုလုပ်ဖြန့်ခင်းသည့်အခါ ထိုအဟောင်းမှအသားကို နိသီဒိုန်၏ တစ်နေရာရာမှာလည်း သန့်သန့်ထည့်နိုင်၏၊ ထိုသို့မထည့်ဘဲ ထိုအသားဟောင်းကိုလည်း အားလုံးပြန်ဖြေ၍ နိသီဒိုန် အခင်းအသစ်လုပ်မည့် သိုးမွေးတို့နှင့် ရောမွှေပြီးမှလည်း နိသီဒိုန် အသစ်ဖြစ်အောင် ပြုလုပ်နိုင်သည်။

---

## စ။　ဧဠကလောမသိက္ခာပုဒ်

**အမှုသည်-ရဟန်းတစ်ပါး**

**အမှု-သိုးမွေးထုပ်ကြီးရွက်လာမှု။**

**ရဟန်းတစ်ပါး ဖြစ်ပုံ**　ရဟန်းတစ်ပါးသည် သာဝတ္ထိမြို့သို့ သွားစဉ် လမ်းခရီးအကြား၌ သိုးမွေးများကိုရ၍ ကေသီဖြင့် ထုပ်လျက်ယူသွားလေသည်၊ လူတို့သည် အထုပ်ကြီးကိုရွက်လာသော ရဟန်းကိုမြင်၍"ဘယ်လောက်နဲ့ ဝယ်ခဲ့ရပါသလဲ, အမြတ်အစွန်းဘယ်လောက် ရဖို့ ရှိပါသလဲ"ဟု ပြောဆို ပြောင်ဖလှောင်ကြသောကြောင့် မျက်နှာပျက်ပျက်နှင့် ထိုအထုပ်ကို ထမ်းရွက်၍ ယူလာခဲ့ပြီးလျှင် သာဝတ္ထိသို့ ရောက်သောအခါ (စိတ်ပျက်သည့် လက္ခဏာဖြင့်) မတ်မတ်ရပ်လျက်ပင် မထိုင်တော့ဘဲပေါက်ချလိုက်လေသည်၊ အခြားရဟန်းတို့က "ဘာကြောင့် ပေါက်ချရသလဲ" ဟု မေးလေသော် လမ်း၌ အလှောင်ခံခဲ့ရကြောင်းကို ပြန်ပြောလေ၏၊ ထိုအခါ "ဘယ်လောက် ဝေးဝေးကယူခဲ့သလဲ"ဟု ထပ်မေးကြလေရာ သုံးယူဇနာကျော်ကျော် ယူခဲ့ရကြောင်းကို ပြောပြသဖြင့် "၃-ယူဇနာ ကျော်ကျော် သိုးမွေးတို့ကို ကိုယ်တိုင်ယူဆောင်ခဲ့ရမလား"ဟု ကဲ့ရဲ့ပြစ်တင်ကာ ဘုရားရှင်အား လျှောက်ကြားသဖြင့် ဤသိက္ခာပုဒ် ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။**　**။ဘိက္ခုနော ပနေဝ အဒ္ဓါနမဂ္ဂပ္ပဋိပန္နဿ ဧဠကလောမာနိ ဥပ္ပဇ္ဇေယျုံ၊ အာကင်္ခမာနေန ဘိက္ခုနာ ပဋိဂ္ဂဟေတဗ္ဗာနိ၊ ပဋိဂ္ဂဟေတွာ တိယောဇနပရမံ သဟတ္ထာ ဟရိတဗ္ဗာနိ၊ အသန္တေ ဟာရကေ၊ တတော စေ ဥတ္တရိ ဟရေယျ အသန္တေပိ ဟာရကေ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။**

မြန်မာပြန်။ ။ရဟန်းအား အခွန့်ရှည်သော ခရီးကို သွားစဉ် သိုးမွေး များဖြစ်အံ့ (ရအံ့-ဟူလို) ခံယူလိုလျှင် ခံယူနိုင်၏၊ ခံယူပြီးလျှင် ဆောင်ယူမည့် ရဟန်းရှင်လူ တစ်စုံတစ်ယောက်မျှ မရှိလျှင် မိမိလက်ဖြင့် (မိမိကိုယ်တိုင်) အလွန်ဆုံး သုံးယူဇနာတိုင်အောင် ယူဆောင်နိုင်၏၊ ဆောင်ယူမည့်သူ မရှိစေကာမူ မိမိလက်ဖြင့် သုံးယူဇနာထက်လွန်အောင် ဆောင်ယူလျှင်ကား နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

---

## ၁၇။ ဧဠကလောမဓောဝါပနသိက္ခာပုဒ်

**အပ္ပုသည်-ဆဗ္ဗဂ္ဂီရဟန်းများ။**

**အမှု-ဘိက္ခုနီတို့အားခိုင်းမှု။**

ဆဗ္ဗဂ္ဂီရဟန်းများ — ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဘိက္ခုနီတို့အား သိုးမွေးတွေကို တချို့က အဖွပ်အလျှော်ခိုင်းကြ, အချို့ကဆေးဆိုးခိုင်းကြ, အချို့က ရှပ်ထွေးနေသည်ကို အဖြည်အရှင်းခိုင်းကြလေသည်၊ ထိုအလုပ်ကိုချည်း လုပ်နေကြရသဖြင့် ဘိက္ခုနီတို့သည် ပါဠိအဋ္ဌကထာကို (မသင်ယူနိုင်ကြဘဲ) စွန့်လွှတ်ထားကြရ၏၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာတို့ကိုလည်း မဖြည့်နိုင်ဘဲ စွန့်လွှတ်ထားကြရကုန်၏၊ ထိုအကြောင်းကိုမိထွေးတော်ဂေါတမီ၏ လျှောက်ချက်အရ ဘုရားရှင်သိတော်မူ၍ သံဃာစည်းဝေးစေတော်မူပြီးလျှင် ဆဗ္ဗဂ္ဂီရဟန်းတို့ကို မေးတော်မူသည့်အခါ "ဟုတ်ပါကြောင်း" ဝန်ခံကြသဖြင့် ဆွေမျိုးတော်, မတော် မေးတော်မူပြန်ရာ "မတော်ကြောင်း" သိတော်မူရ၍ အပြစ်တင်တော်မူပြီးလျှင် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။ ။ယော ပန ဘိက္ခု အညာတိကာယ ဘိက္ခုနိယာ ဧဠကလောမာနိ ဓောဝါပေယျ ဝါ ရဇာပေယျ ဝါ ဝိဇဋ္ဌာပေယျ-ဝါ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။**

[ဆွေမျိုးမတော်သော ဘိက္ခုနီအား သိုးမွေးတို့ကို အဖွပ်အလျှော်-အဆိုး-အရှင်းခိုင်းသော ရဟန်းမှာ နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။]

## ၈။ ရူပိယသိက္ခာပုဒ်

**အမှုသည်–ရှင်ဥပနန္ဒ။**
**အမှု–ငွေအလှူခံမှု။**

**ရှင်ဥပနန္ဒ** ရှင်ဥပနန္ဒသည် တစ်ဦးသော အချို့၏အိမ်၌ အမြဲဆွမ်းစား၏၊ ထိုအိမ်၌ ခဲဖွယ်ဘောဇဉ် ချက်သည့်အခါ ရှင်ဥပနန္ဒဖို့ (ဦးဦးဖျားဖျားခပ်၍) ထားလေ့ရှိ၏၊ အခါတစ်ပါး၌ ထိုအိမ်ဝယ် ညချမ်းအခါ၌ အမဲသားဟင်းချက်၍ ရှင်ဥပနန္ဒဖို့လည်း ထားလေရာ, နံနက်စောစော၌ သားကလေးက အတင်းပူဆာသဖြင့် ရှင်ဥပနန္ဒအား အခြားတစ်မျိုးမျိုး ဝယ်လှူမည်ဟုကြံ၍ ထိုအမဲသားဟင်းကို ကလေးအား ပေးလိုက်ရလေသည်၊ နံနက်လင်း၍ ရှင်ဥပနန္ဒ ကြွလာသောအခါ အိမ်ရှင်ယောကျ်ားသည်(ကလေး ပူဆာသဖြင့် အရှင်ဘုရားဖို့ အမဲသားဟင်းကို ပေးလိုက်ရတဲ့အကြောင်းကို) ရှင်ဥပနန္ဒအား လျှောက်၍ ငွေတစ်ကျပ်ကိုပြပြီးလျှင် "ဤငွေဖြင့် ဘာကို ဆောင်ယူစေလိုပါသနည်း"ဟု မေးလေသည်၊ ရှင်ဥပနန္ဒက–"ဒကာ....ဒီငွေ ကို ငါ့အားစွန့်လွှတ် အပ်ပြီလား (လှူပြီးပြီလား)"ဟု မေး၍ "စွန့်လွှတ် အပ်ပြီးပါကြောင်း" လျှောက်လျှင် "ငါ့အား ဒီငွေကိုသာလှူတော့" ဟု ပြောဆို၍ ခံယူသွားလေသည်၊ ထိုယောကျ်ားလည်း ရှင်ဥပနန္ဒအားငွေလှူပြီး နောက်"ငွေကို ငါတို့ခံယူကြသလို, ဤရဟန်းတွေလဲ ငွေကိုခံယူကြတာဘဲ"ဟု ကဲ့ရဲ့လေသော် ရဟန်းများကြား၍ ဘုရားကိုလျှောက်ကြသဖြင့် ဤသိက္ခာပုဒ် ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယောပနဘိက္ခု ဇာတရူပရဇတံ ဥဂ္ဂဏှေယျဝါ၊ ဥဂ္ဂဏှာပေယျဝါ၊ ဥပနိက္ခိတ္တံ ဝါ သာဒယေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။**

မြန်မာပြန်။ ။အကြင်ရဟန်းသည် ရွှေငွေကို (လူတို့က လှူသည့်အခါ) ကိုယ်တိုင်ခံယူအံ့၊ (လမ်းစသည်၌ တွေ့သော အခါလည်း ကောက်ယူအံ့)၊သို့မဟုတ် ကပ္ပိယစသူကိုခံယူစေ(ယူလိုက်-ဟု စေခိုင်းအံ့)၊ (လမ်းစသည်၌ တွေ့သော အခါ၌လည်း အကောက်ခိုင်းအံ့)၊ အလှူ့ရှင်တို့က အပ်နှံလှူဒါန်းအပ်သော ရွှေငွေကို (အလှူခံသောအားဖြင့်)သာယာအံ့၊ ထို ရွှေငွေသည် စွန့်ပစ်ထိုက်၍ ရဟန်းလည်း ပါစိတ်အာပတ် သင့်၏။

**အယူခိုင်းခြင်း**။ ။အယူခိုင်းရာ၌ မိမိဖို့အယူခိုင်းလျှင် နိသဂ္ဂိယပါစိတ်, အခြားသီတင်းသုံးဖော်များဖို့ အယူခိုင်းလျှင် ဒုက္ကဋ်၊ လူများပိုင်ဆိုင်သော ရွှေငွေကို "ယူလော, သိမ်းထားလော,မည်သည့်အဖိုး ပေးလိုက်လော"ဟု ပစိမ်ကောင်းကြောင်းကိုလည်း ဖွင့်ကြ၏၊ ["တဝ စေဒ္ဒကံ ပဿာဟီတိ ဣမိနာ ဂိဟိသန္တကေပိ "ဣဒံဂဏှထာ"တိ အကပ္ပိယဝေါဟာရေန ဝိဓာနံ ဘိက္ခုနော နကပ္ပတီတိ"-သာရတ္ထ။] —

**ငွေစွန့်ပုံ**။ ။ဤရွှေငွေကို စွန့်ရာ၌ကား သံဃာ-ဂိုဏ်း-ပုဂ္ဂိုလ်အားလုံးပင် မအပ်သောကြောင့် အခြားနိသဂ္ဂိယ ပစ္စည်းကဲ့သို့ သံဃာ-ဂိုဏ်း-ပုဂ္ဂိုလ်အား စွန့်ခွင့်မရ၊ သံဃာ့အလယ်တွင်—"အဟံ ဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ၊ ဣဒံ မေ ဘန္တေ နိသဂ္ဂိယံ, ဣမာဟံ နိဿဇ္ဇာမိ" ဟု ပါဠိလိုဖြစ်စေ၊ "အရှင်ဘုရား တပည့်တော်သည် ရွှေ(ငွေ)ကို ခံယူမိပါပြီ, ဤရွှေ(ငွေ)ကို တပည့်တော် စွန့်ပါ၏"ဟု မြန်မာလိုဖြစ်စေ စွန့်ရမည်။

**စွန့်ရခြင်းအကျိုး**။ ။ထိုကဲ့သို့ စွန့်ပြီးသည့်အခါ လူတစ်ယောက်ယောက် လာလျှင် "ဤဟာကို သိလော"ဟုပြော, "ဤငွေဖြင့် ဘာကိုယူခဲ့ရမည်နည်း" ဟု ဒါယကာကလျှောက်လျှင်- "မည်သည့်ပစ္စည်းကို ယူစေလိုသည် ယူခဲ့"ဟု မပြောဘဲ သံဃာတော်မှာ အလိုရှိသော အပ်သောပစ္စည်းကို ညွှန်ပြ၍ "မည်သည့်ပစ္စည်းတော့ သံဃာမှာ အပ်တာဘဲ"ဟု ပြောနိုင်၏၊ ထိုသို့ပြော၍ ဒါယကာက ဝယ်ယူလာလျှင် ထိုပစ္စည်းကို (ရွှေငွေအလှူခံသော ရဟန်းမှတစ်ပါး) သံဃာအားလုံး (သံဃိကပစ္စည်းကိုခွဲဝေသုံးဆောင်သကဲ့သို့)သုံးဆောင် ကောင်း၏၊ ဤသို့လျှင် ရွှေငွေကို မစွန့်ဘဲထားက ထိုရွှေငွေသည် မည်သည့် ရဟန်းမျှ မအပ်တော့ဘဲ, သံဃာ့အလယ်၌ စွန့်လိုက်ကရွှေငွေခံသူ ရဟန်းမှတစ်ပါးသော သံဃာများ၌ ပစ္စည်းသုံးစွဲခွင့်ရခြင်းသည် ရွှေငွေကို စွန့်ရခြင်း၏ အကျိုးတည်း။

**ရွှေငွေခံသူ**။ ။ရွှေငွေကို အလှူခံမိသော ရဟန်းမှာကား စွန့်လိုက်သည့် အတွက် မိမိမှာအဆက်ဆက် အပြစ်ကင်း၍ သန့်ရှင်းခြင်းအကျိုးရှိ၏၊ ထိုစွန့်ပြီး ရွှေငွေမှ ကပ္ပိယတို့ ဝယ်ယူပေးသော ပစ္စည်းများကား မအပ်တော့ချေ၊ သံဃာမှ ဝေစုရသော ပစ္စည်းကို ရဟန်း သာမဏေ ကပ္ပိယတို့ကတစ်ဆင့် ပေးသော်လည်း ထိုပစ္စည်းကို မသုံးစွဲကောင်း၊ ထိုစွန့်ပြီး ရွှေငွေဖြင့် သစ်ပင် မျိုးစေ့ကိုဝယ်၍ စိုက်ထားအပ်သော သစ်ပင်၌သော်မျှ ထိုရွှေငွေကို အလှူခံ မိသော ရဟန်းမှာ အရိပ်မခိုကောင်း, ထိုငွေဖြင့် ဝယ်အပ်သော ဆီမီးရောင်၌ စာသော်မျှမကြည့်ရှု-မပို့ချကောင်း။

**မှတ်ချက်။** ။ရာဇသိက္ခာပုဒ်၏ ဝတ္ထုကြောင်း၌ ရှင်ဥပနန္ဒသည် သင်္ကန်းအဖိုး လာလှူသည့်အခါ ''ငါတို့ အလှူမခံ''ဟု ပယ်ခဲ့၏၊ ဤ သိက္ခာပုဒ်၌ကား ငွေတစ်ကျပ်ကိုပင် တောင်းယူ၏၊ သို့ဖြစ်၍ ရှင်ဥပနန္ဒ ကျင့်ပုံသည် ရှေ့-နောက် မညီဟု ဆိုဖွယ်ရှိ၏၊ အမှန်ကား-ဘုရား ပညတ်တော်မူစဉ်က ဤရူပိယ သိက္ခာပုဒ်သည် ရာဇသိက္ခာပုဒ်ထက် အရင်ကျ၏၊ သင်္ဂါယနာတင်သည့်အခါကျမှ ရာဇသိက္ခာပုဒ်သည် သင်္ကန်းနှင့် ဆိုင်သောကြောင့် (စီဝရဝဂ်၌ သွင်းထားသဖြင့်) ယခုကာလ စာအနေအားဖြင့် ရာဇသိက္ခာပုဒ်က အရင်ကျ၍ ဤသိက္ခာပုဒ်က နောက်ကျလျက် ရှိရသည်၊ ဤသို့လျှင် ရာဇသိက္ခာပုဒ် မပညတ်မီ ''ငွေကို မခံရ''ဟူသော ဤသိက္ခာပုဒ်ကို ပညတ်တော်မူပြီး ဖြစ်သောကြောင့် ရာဇသိက္ခာပုဒ်ဝတ္ထု၌ ''သင်္ကန်းအဖိုးကို အလှူမခံ''ဟု ပယ်လှန်ခြင်း ဖြစ်သည်။

**ကျင့်ဖွယ်။** ။ဤ သိက္ခာပုဒ်တော်အရ ရွှေ, ငွေ (ရွှေငွေသာမက, ရတနာမျိုးတွင် ပါဝင်သောပစ္စည်း)များကို ကိုယ်တိုင်လည်း မခံယူကောင်း၊ ကပ္ပိယ စသူကိုလည်း ''ယူလိုက်'' ဟု မခိုင်းကောင်း၊ အလှူရှင်တို့ အပ်နှံ လှူဒါန်း အပ်သော ရွှေငွေကိုလည်း မသာယာကောင်းတော့ပြီ၊ အကယ်၍ လှူလာလျှင် ရာဇသိက္ခာပုဒ် အတိုင်း ပယ်ရမည်၊ ကပ္ပိယထံ ငွေကို အပ်နှံ၍ (သို့မဟုတ် စာတိုက်စသည်ဖြင့် ကပ္ပိယထံ တင်ပို့၍) ''အရှင်ဘုရား အလိုရှိသော အခါ ကပ္ပိယ မည်သူ့ထံ ရယာန်းမျှား သုံးဆောင်အပ်သော (ဆွမ်း, သင်္ကန်း, စာအုပ် ခဲတန် စသည့်) ပစ္စည်းကို တောင်းခံတော်မူပါ'' ဤသို့စသည်ဖြင့် ရာဇ သိက္ခာပုဒ်၌ ပြခဲ့သည့်အတိုင်း လျှောက်ထားမှသာအပ်သော ပစ္စည်းများကို တောင်း ယူကောင်းသည်။

**ခေတ်အလိုက် ကျင့်ဖွယ်။** ။''သာဒယေယျ'' အရ သာယာမှု နိဿဂ္ဂိယ ပါစိတ်အာပတ် သင့်ရကား ယခုကာလ အလှူစသည်၌ ငွေကို လှူသည့်အခါ တစ်ပါးတည်း ထူးချွန်၍ ကိုယ်, နှုတ်ဖြင့် မပယ်သာလျှင် ''ငါ မယူလို, ငါ မသာယာ, ကပ္ပိယ သုံးချင်းရာ သုံးပစေ'' ဟု အမှန် စင်ကြယ်သော မသာယာသော စိတ်ဖြစ်လျှင် အာပတ်မသင့်၊ ထိုငွေကို ကျောင်းသားယူလာ၍ ''အရှင်ဘုရား....မည်မျှ ကုန်အပ်သော ပစ္စည်းကို တပည့်တော်အထံ တောင်း တော်မူပါ''ဟု လျှောက်လျှင် မူလက ငွေကို မသာယာခဲ့သောကြောင့် အပ်ဖွယ် ရှိသည်၊ ထိုသို့ မလျှောက်ဘဲ ကျောင်းသားစသူက ယူရုံသာယူထားလျှင် ထို ငွေနှင့်စပ်၍ ဘာမျှ မအပ်တော့ချေ။

**တိုက်တွန်းချက်။** ။ရွှေ,ငွေကိုအလှူခံ၍ ထိုရွှေငွေဖြင့် ဝယ်ယူအပ်သော ပစ္စည်း များ, ကုလဒူသနပြု၍ ရအပ်သောပစ္စည်းများ, မိမိကိုကြည်ညိုအောင်

ဟိတ်ဟန်ဆောင်သဖြင့် အထင်ကြီး၍ လှူအပ်သော ပစ္စည်းများသည် သိတင်းသုံးဖော် ၅-ဦးလုံးပင် မသုံးစွဲအပ်တော့ပြီ၊ သုံးစွဲသူတိုင်းမှာ ဒုက္ကဋ် အာပတ်သင့်၏၊ ထို့ကြောင့် ဤရွှေငွေနှင့်စပ်၍ အပ်သော နည်းလမ်းများကို ရာဇသိက္ခာပုဒ်ဝယ် ကပ္ပိယအမျိုးမျိုးဖြင့်ပြခဲ့သော နည်းလမ်းအတိုင်းစိစဉ်တတ်ဖို့ရာနှံကိုယ်စီကိုယ်ငှ အလေ့အလာပြုသင့် ကြပေသည်။

---

## ၈။ ရူပိယသံဝေါဟာရသိက္ခာပုဒ်

အမှုသည်–ဆဗ္ဗဂ္ဂီရဟန်းများ။
အမှု-ရွှေ, ငွေကို လဲလှယ်မှု။

**ဆဗ္ဗဂ္ဂီ ရဟန်းများ** ''ဘုရားရှင်သည် ရွှေငွေအလှူခံမှုကိုသာ ပယ်တော်မူသည်၊ အလှူခံပြီးသော ရွှေငွေဖြင့် တစ်စုံတစ်ရာကို လဲယူမှုကို ပယ်တော်မမူ'' ဟု ယူဆ၍ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွှေငွေဖြင့် အမျိုးမျိုးသော ပစ္စည်းများကို လဲကြလေသည်၊ ထိုအခါ လူတို့က ''ရဟန်းတော်တို့သည် အဘယ့်ကြောင့် ရွှေငွေဖြင့် လဲလှယ်ကြရကုန်သနည်း, လူတို့လိုပါဘဲကလား'' ဟု ကဲ့ရဲ့ကြခြင်းကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု နာနပ္ပကာရကံ ရူပိယသံဝေါဟာရံ သမာပဇ္ဇေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင်ရဟန်းသည် အမျိုးမျိုး အစားစားသော ရွှေငွေဖြင့် လဲလှယ်ခြင်း, (ရောင်းဝယ်ခြင်းသို့) ရောက်အံ့၊ ထိုလဲအပ်သော ဝတ္ထုလည်း စွန့်ပစ်ထိုက်၍ ထိုရဟန်းလည်း ပါစိတ်သင့်၏ ။

**မှတ်ချက်။** ။''နာနပ္ပကာရ–အမျိုးမျိုးအစားစား''ဟူသည် ပုတီး, နားကပ်စသည်ဖြင့် လက်ဝတ်လက်စား ပြုအပ်သော ရွှေငွေတန်ဆာ-လက်ဝတ်လက်စားမပြုအပ်သော ရွှေတုံးငွေခဲ,ရွှေဒင်္ဂါး ငွေဒင်္ဂါး ဗိုက်ဆံ ငွေစက္ကူ စသည်ဖြင့် အမျိုးမျိုးအစားစားသော ရွှေငွေတည်း၊ ''လဲလှယ်'' ဟူသည် ယခုကာလ ရောင်းဝယ်ခြင်းပင်တည်း၊ ထိုသို့ ရောင်းဝယ်ရာ၌ မိမိက ရွှေငွေဖြင့် သပိတ် သင်္ကန်း စသည်ကို ဝယ်ခြင်း, မိမိက သပိတ် သင်္ကန်းပေး၍ အခြားသူထံမှ ရွှေငွေကို ယူခြင်း (သပိတ် သင်္ကန်း ရောင်းခြင်း) အားလုံး ပါဝင်သည်၊ ထို့ကြောင့် ရဟန်း ဒါယကာ စသူတို့ထံမှ ငွေကိုတောင်း၍ ဖြစ်စေ, သူတို့ဘာသာ လှူခြင်းကြောင့် ဖြစ်စေ ယူလျှင် ရှေ့သိက္ခာပုဒ်အရ ထိုငွေသည် နိဿဂ္ဂိထိုက်၍, ထို ငွေဖြင့် သင်္ကန်း စာအုပ် စသည် ဝယ်ပြန်လျှင် ဤသိက္ခာပုဒ်အရ ထို

သက်န်း စသည်တို့ နိသဂ္ဂိယိုက်၍ ပါစိတ် အာပတ်လည်း သင့်၏၊ နိသဂ္ဂိထိုက်နေသော ပစ္စည်းတစ်ခုကို မစွန့်ဘဲ သုံးပြန်လျှင် ကိုင်တိုင်း ဒုက္ကဋ်အာပတ် များစွာသင့်လေသည်။

**စောဒနာဖွယ်**။ ။"လဲလှယ်သူတစ်ဘက်ဘက်က ရွှေငွေဖြစ်မှဤသိက္ခာပုဒ်အရ နိသဂ္ဂိထိုက်သည်"ဟု ဆိုသောကြောင့် ရဟန်းတစ်ပါး အလှူခံထားသော ငွေဖြင့် ဝယ်မိ၍ နိသဂ္ဂိယိုက်နေသော သင်္ကန်းကို အခြားရဟန်းက ကပ္ပိယဝတ္ထုဖြင့် လဲယူရာ၌ ဤသိက္ခာပုဒ်အရ အပြစ်ရှိဦးမည်လော-ဟု စောဒနာဖွယ် ရှိ၏၊ အဖြေကား-အလှူခံထားသောငွေဖြင့် ဝယ်မိသော သင်္ကန်းသည် ငွေမဟုတ်သော်လည်း ငွေနှင့်အလားတူ မည်သည့် သံဃာတင်းသုံးဖော်မျှ မအပ်၊ သို့ဖြစ်၍ ရူပိယအစစ် မဟုတ်သော်လည်း ထိုသင်္ကန်းသည် ရူပိယ သဘော သက်ရောက်ရကား ထိုသင်္ကန်းကို ကပ္ပိယဝတ္ထုဖြင့် လဲယူရာ၌ ၂-ဖက်လုံး မှာပင် နိသဂ္ဂိထိုက်သည်။

**ပဏ္ဏစကြ**။ ဤနေရာ၌ ငွေဖြင့်လဲလှယ်မိသော နိသဂ္ဂိယပစ္စည်း၏ အပြစ်ကြီးလေးပုံကို မှားယွင်းဖို့ရာ ဝိနည်းဓိုရ်များ၏ နည်း၌ အလွန်ထင်ရှားသော "ပတ္တစတုက္က"ခေါ် သပိတ် ၄-လုံးအကြောင်းကို ပြဦးအံ့။

၁။ ရဟန်းတစ်ပါးသည် ရူပိယ သိက္ခာပုဒ်၌ ပြခဲ့သည့်အတိုင်း ငွေကို အလှူခံ၍ ထိုငွေဖြင့် သံမျိုးစေ့ကို ဝယ်၊ သံမျိုးစေ့ကို သံဖြစ်အောင် ထုရိုက်၊ ထိုသံဖြင့် သပိတ်လုပ်ကားအံ့၊ ဤသပိတ်ကား မည်သည့် နည်းနှင့်မျှ အပ်အောင်လုပ်၍ မရာတော့သော "မဟာအကပ္ပိယ" သပိတ်တည်း၊ ထိုသပိတ်ကိုချက်ဆီး၍ ခွက်လုပ်,ပဲခွပ်လုပ်,ထိုပဲခွပ်ဖြင့် ဒန်ပူဖြတ်အံ့၊ ထိုခွက်,ပဲခွပ်,ဒန်ပူတို့ပင် မအပ်၊ ထိုပဲခွပ်ကို မီးဖုတ်၍ ထိုပဲခွပ်ဖြင့် ရေ,နွားနို့စသည်ကို နွေးလျှင် ထိုရေ,နွားနို့များလည်း မအပ်ပင်၊ ထိုသပိတ်ပျက်ကို ငါးများချိတ်လုပ်၍ ငါးများဖြင့် ရအပ်သော ငါးသည်ပင် သံဃာတင်းသုံးဖော် အားလုံးမအပ်-ဟူ၏။

၂။ ရဟန်းတစ်ပါးကား ငွေကိုအလှူခံ၍ သပိတ်ဝယ်အံ့၊ ထိုသပိတ်လည်း သံဃာတင်းသုံးဖော် ၅-ဦးလုံးမအပ်၊ သို့ရာတွင် သပိတ်သည်ထံ သပိတ် ပြန်ပေး၍ ငွေကို ပြန်ယူလျှင် ထိုသပိတ် သန့်စင်၏၊ ထိုသပိတ်ကို လပ်ခံ၍ ကပ္ပိယဖြင့် အပ်အောင် ကျွန်နိုင်သေး၏။

၃။ ရဟန်းတစ်ပါးကား ငွေကို အလှူခံပြီးနောက် သပိတ်ဆိုင်သွား၍ မိမိ နှစ်လိုရှိသော သပိတ်ကိုပြ၍ ကပ္ပိယက ဝယ်လှူ၏၊ ထိုသပိတ်လည်း မူလက ငွေကို အလှူခံမိလျက်သား ဖြစ်သောကြောင့် ကပ္ပိယ ဝယ်လှူ သော်လည်း မအပ်ပင်၊ ဒုတိယ သပိတ်ကဲ့သို့ ပြန်ပေးရမည်။

၄။ ရဟန်းတစ်ပါးကား ငွေကို အလှူမခံ၊ ဆိုင်ရာ ဒါယကာ, ဒါယိကာမတို့က "သပိတ်ဝယ် လှူပါ" ဟု မှာလိုက်သော ကပ္ပိယနှင့်အတူ– သို့မဟုတ် ဉာတိပဝါရိတနှင့်အတူ သွား၍ သပိတ်သည်အား "ဤငွေကို ယူ၍ ဤသပိတ်ကိုပေးပါ"ဟု ပြောအံ့၊ "ရဟန်းကိုယ်တိုင် ဝယ်အံ့" ဟူလို၊ ထိုသပိတ်ကား မူလအဖိုးကို အလှူမခံခဲ့သောကြောင့် အခြား သီတင်းသုံးဖော်များအား အပ်သော်လည်း ထိုရဟန်းက အစီအမံ မတတ်—သူကိုယ်တိုင် ဝယ်၍ အလေ လုပ်မိသောကြောင့် သူ့မှာ မအပ်တော့ချေ။

**၁-မှတ်ချက်။** ။၁-နံပါတ်သပိတ်၌ မည်သည့် နည်းနှင့်မျှ အပ်အောင် လုပ်၍ မရတော့''ဟူရာဝယ် ရဟန်းသံဃာများ၏ ပစ္စည်းအနေဖြင့် သပိတ်မှ ခွက်စသည့် ပြောင်းလွဲနေသမျှကို ရည်ရွယ်၍ ဆိုခြင်းတည်း၊ ''ငါး များနိုတ်''ဟူရာ၌လည်း အလဇ္ဇီရဟန်းဖြစ်လျှင် လုပ်ချင်ရာ လုပ်မည် ဖြစ်သောကြောင့် အစွမ်းကုန် မအပ်သော အရာကို ညွှန်ပြခြင်း ဖြစ်သည်–ဟု မှတ်၊ အကယ်၍ ထို ၁-နံပါတ် သပိတ်-ခွက်-သံများကို လူက ဝယ်၍ဖြစ်စေ, လုယူ၍ဖြစ်စေ, ပေးလိုက်၍ ဖြစ်စေ လူပိုင်ပစ္စည်း ဖြစ်သွားပြီးနောက် လူက ပြန်လှူလျှင် ထို သပိတ်, ခွက် စသည်တို့ အပ်ကြောင်းကို ဋီကာတို့ ဆိုကြသည်။

**[သာရတ္ထ]** နသက္ကာ ကေနစိ ဥပါယေန ကပ္ပိယော ကာတုန္တိဣဒံ ပဉ္စန္နံယေဝ သဟဓမ္မိကာနံ အနုရူပ ပရိဝတ္တနံ သန္ဓာယ ဝုတ္တံ၊ ဂိဟီဟိ ပန ဂဟေတွာ အတ္တနော သန္တကံ ကတွာ ဒိန္နံ သဗ္ဗေသံ ကပ္ပတိတိ ဝဒန္တိ။

ဤဝါဒကို လက်ခံနိုင်ကြပါလျှင် မိမိအလှူခံမိသောငွေကို မိဘစသူတို့အား မငဲ့မကွက် စွန့်လွှတ်ပြီးနောက် မိဘ စသူတို့က အပ်သော ပစ္စည်းများကို မိမိသားရဟန်း-သို့မဟုတ် အခြား သီတင်းသုံးဖော်တို့အား လှူရာ၌ အပ်သည် ဟုပင် ဝန်ခံကြရပေလိမ့်မည်၊ ဘာ့ကြောင့်နည်း၊ ငွေဖြင့် ဝယ်အပ်သော ပစ္စည်းနှင့် ငွေတို့မှာ ရဟန်းမျ ားအတွက် သဘောတူဖြစ်သောကြောင့်တည်း။

**၄-မှတ်ချက်။** ။[ ၂-၃-သပိတ်များအတွက် တင်ရှားပြီ၊ ] ၄-နံပါတ်သပိတ်၌ ငွေကိုအလှူမခံဘဲ ကပ္ပိယနှင့် အတူ သွား၍ ဈေးသည်အထံကျမှ မိမိ ကိုယ်တိုင် ဈေးဆစ်ခြင်း, ဝယ်မြင်းများကို ကျမ်းဂန်တို့၌ ဒုဗ္ဗိစာရဏာ– မကောင်းသဖြင့် စီမံခြင်း''ဟု ဆို၏၊ ပစ္စည်းကို ကပ္ပိရာ၌ ဒုဗ္ဗိစာရဏာ ဖြစ်လျှင် မိမိမှာ ထိုပစ္စည်းကိုကိုင်တိုင်း ဒုက္ကဋ်အာပတ် သင့်တော့၏

[ရွှေ့သပိတ်သုံးလုံးသည် နိသဂ္ဂိယဝတ္ထု၊ ၄-နံပါတ် သပိတ်ကား ဒုက္ကဋ်ဝတ္ထု-ဟု ခွဲခြားပါ၊ ကပ္ပိယဟူရာ၌ကား ရာဇသိက္ခာပုဒ်၌ ပြခဲ့သော ကပ္ပိယနှင့် ဉာတိပဝါရိတတို့ကို ယူရမည်။]

ဒွန်းပုံ။ ။ထိုကဲ့သို့ ရွှေငွေဖြင့်ဝယ်မိသော နိသဂ္ဂိယ ပစ္စည်းများကိုလည်း ရွှေငွေကဲ့သို့ပင် သံဃာ ဂိုဏ်း-ပုဂ္ဂိုလ်ထံ မစွန့်ရ၊ သံဃာ့အလယ်မှာ "အဟံ ဘန္တေ ရူပိယသံဝေါဟာရံ သမာပဇ္ဇိံ, ဣဒံ မေ ဘန္တေ နိသဂ္ဂိယံ,ဣမာဟံ နိဿဇ္ဇာမိ"ဟု ပါဠိမြန်မာ အလိုရှိရာဖြင့်စွန့်၍ ရူပိယသိက္ခာပုဒ် အတိုင်း စီစဉ်ရမည်။

---

## ည။ ကယဝိက္ကယ သိက္ခာပုဒ်

**အမှုသည်—ရှင်ဥပနန္ဒ။**
**အမှု—ပရိဗိုဇ်နှင့် အဝတ်ချင်းလဲယူမှု။**

**ရှင်ဥပနန္ဒ လုပ်ပုံ** အရှင်ဥပနန္ဒသည် သင်္ကန်းချုပ်မှု၌ ကျွမ်းကျင်၏၊ သူသည် အဝတ်အပိုင်း အဝတ်စများကို သင်္ကန်းဖြစ်အောင်စပ်ဟပ် ချုပ်ဆိုးပြီးလျှင် ကောင်းစွာ ပြေပြစ်အောင် ပွတ်၍ရုံ၏၊ ပရိဗိုဇ်တစ်ယောက်သည် အဖိုးများစွာတန်သော အဝတ်ကို ဝတ်လာ၍ ထို အဝတ်ဖြင့် ထိုသင်္ကန်းကို လဲဖို့ရန်ပြော၏၊ ဥပနန္ဒာက "သင်...နားလည်ရဲ့လား" ဟု မေး၏၊ "နားလည်ပါသည်"ဟု ပရိဗိုဇ်ကပြော၏၊ ဤသို့ ပြော၍ လဲယူပြီးလျှင် ထိုသင်္ကန်းကိုဝတ်၍ ပရိဗိုဇ်ကျောင်းသို့ သွားလေသော်, အခြားပရိဗိုဇ်တို့က "တယ်ကောင်းပါလား, ဘယ်ကရခဲ့သလဲ"ဟု မေးရာ မိမိအဝတ်ဖြင့် လဲခဲ့ကြောင်းကိုပြောလျှင် "ဒီသင်္ကန်းဟာ ဘယ်နှစ်ရက်လောက် ကြာအောင် ခံနိုင်မှာလဲ, သင့်အဝတ်ဟာ ကောင်းသေးတယ်"ဟု ပြောကြလေသည်၊ ထိုအခါ ပရိဗိုဇ်သည် "ဟုတ်သားဘဲ"ဟုယူဆ၍ ရှင်ဥပနန္ဒထံပြန်လဲဖို့ပြောလေရာ, "အခု တုန်းကသိရဲ့လားလို့ ငါမေးသားဘဲ, ခုမှတော့ ပြန်မလဲနိုင်ဘူး"ဟု ရှင်ဥပနန္ဒ ကပြောသဖြင့် "လူအချင်းချင်းတောင် မကျေနပ်လျှင် ပြန်ပေးကြသေးတယ်, ယခု ရဟန်းချင်းဖြစ်လျက် ဘာ့ကြောင့် ပြန်မပေးရသလဲ"ဟု ထိုပရိဗိုဇ်၏ ပြောဆိုကဲ့ရဲ့ခြင်းကို အစ်ဆင့်အားဖြင့် ဘုရားရှင် ကြားတော်မူ၍ ဤသိက္ခာပုဒ် ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။**ယောပန ဘိက္ခု နာနပ္ပကာရကံ ကယဝိက္ကယံ သမာပဇ္ဇေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။**

မြန်မာပြန်။ ။အကြင် ရဟန်းသည် အထူးထူး အပြားပြားသောလဲလှယ်ခြင်း(ဝယ်ခြင်း-ရောင်းခြင်း)သို့ရောက်အံ့၊ ထိုလဲယူအပ်သော ပစ္စည်းဝတ္ထုသည် နိဿဂ္ဂိထိုက်၍, ထိုရဟန်းလည်း ပါစိတ်အာပတ်သင့်၏။

မှတ်ချက်။ ။လဲခြင်း = ရောင်းဝယ်ခြင်း ၂-မျိုးကား (ပစ္စည်းအပေးအယူချည်းဖြစ်၍) သဘောတူပင်တည်း၊ "နာနပ္ပကာရက = အထူးထူးအပြားပြား"ဟူသည် သက်နိုးဆွမ်းစသော အမျိုးမျိုးသော ပစ္စည်းတည်း၊ ရွှေငွေနှင့်စပ်သော အကပ္ပိယဝတ္ထုဖြင့် လဲလှယ်ရောင်းဝယ်မှုကြောင့် ရှေ့သိက္ခာပုဒ်အရ အာပတ်သင့်၍, သက်နိုးစသော ကပ္ပိယဝတ္ထုဖြင့် လဲလှယ်မှုကြောင့် ဤသိက္ခာပုဒ်အရ အာပတ်သင့်၏၊ ဤသိက္ခာပုဒ်၌ ကပ္ပိယဝတ္ထုချင်း လဲလှယ်မှုဖြစ်၍ သီတင်းသုံးဖော်ချင်း လဲကောင်း၏၊ ရသေ့,သီလရှင် လူဝတ်ကြောင်စသည်တို့နှင့်ကား မလဲကောင်း။

| | |
|---|---|
| မအပ်သောလဲနည်း။ ။ | ဘာသာဋီကာမှာယူ။ |
| အပ်သောလဲနည်း။ ။ | |
| နိုင်းစေရာ၌ အပ်-မအပ်။ ။ | |

ကောသိယဝဂ်ပြီး၏။

# ပတ္တဝဂ်

## က။ ပတ္တသိက္ခာပုဒ်

### အမှုသည်–ဆဗ္ဗဂ္ဂီရဟန်းများ။
### အမှု–သပိတ်များစွာကိုယ်ပိုင်ထားမှု။

**သပိတ်အများထားခြင်း** ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သပိတ်များစွာကို ကိုယ်ပိုင် သိမ်းထားကြ၏၊ ထိုသပိတ်တွေကို လူတို့မြင်ကြသဖြင့် "ကိုယ်တော်တွေ သပိတ် ကုန်သွယ်ကြမလို့တဲ့လား, သို့မဟုတ် သပိတ်ဆိုင်ခင်းကြမလို့တဲ့လား"ဟု ကဲ့ရဲ့ကြခြင်းကြောင့် "ယောပန ဘိက္ခု အတိရေကပတ္တံ ဓာရေယျ, နိဿဂ္ဂိယံ ပါစိတ္တိယံ"ဟု မူလပညတ်ကို ပညတ်တော်မူလေသည်၊ ထို့နောက် အရှင်အာနန္ဒာအား သပိတ်အပိုရပြန်လေသော် ထိုသပိတ်ကိုလည်း သာကေတမြို့၌ သီတင်းသုံးခိုက်ဖြစ်နေသော အရှင်သာရိပုတ္တရာအားလှူလို၏၊ အရှင်သာရိပုတ္တရာလည်း ၉-ရက် ၁၀-ရက် လောက်ကြာမှ ရောက်လာမည်ဖြစ်၏၊ ထိုအကြောင်းကို ဘုရားရှင်အား လျှောက်လေလျှင် မူလပညတ်တော်ကို တစ်မျိုးပြင်၍ "ဒသာဟပရမံ အတိရေကပတ္တော ဓာရေတဗ္ဗော, တံအတိက္ကာမယတော နိဿဂ္ဂိယံ ပါစိတ္တိယံ" ဟု အနုပညတ်ထပ်တော်မူရလေသည်၊ သိက္ခာပုဒ်မြန်မာပြန်ကား—[အဓိဋ္ဌာန် မတင်အပ်, ဝိကပ္ပနာလည်းမပြုအပ်သော သပိတ်ကို အတိရေကပတ္တ(သပိတ်ပို) ဟု ခေါ်၏၊] သပိတ်ပိုကို အလွန်ဆုံး ၁၀-ရက်မျှ ထားကောင်း၏၊ ထို ၁၀-ရက်ထက် ကျော်လွန်၍ထားလျှင် သပိတ်လည်း နိဿဂ္ဂိထိုက်၍ ရဟန်းမှာ ပါစိတ်အာပတ်သင့်၏။

**သပိတ်အမျိုးအစား။** ။ဥက္ကဋ္ဌသပိတ် (သပိတ်ကြီး) မဇ္ဈိမသပိတ် သပိတ်လတ်) ဩမကသပိတ်(သပိတ်ငယ်)ဟု သပိတ် ၃-မျိုးရှိ၏၊ ဆန်တစ်စလယ် ချက် ထမင်းသည် အစားမှန်သူလူတစ်ယောက်၏ စားရိုးစားစဉ်ထမင်းတည်း၊ နံနက်တစ်ထပ်သာစားသောရဟန်းသာမဏေများအတွက်လည်း ထိုတစ်စလယ် ချက်ထမင်းသည် မျှတလုံလောက်၏၊ ထို့ကြောင့် ဆန်တစ်စလယ်ချက်သပင်း, ထိုထမင်း၏ ၄-ပုံတစ်ပုံခန့် လက်ကော်၍ ရလောက်အောင် မပြစ်ကျဲသော ပဲဟင်း, ထမင်း၏ ၄-ပုံတစ်ပုံခန့် (သားငါးတစ်ခုခု) ဟင်းလျာ ဤမျှ ဆန့်သောသပိတ်သည် ဩမကသပိတ်ငယ်မည်၏။

ဆန်တစ်ခွက်ချက်ထမင်း, ၄ ပုံတစ်ပုံခန့် ပဲဟင်း, ၄-ပုံတစ်ပုံခန့် သားငါးဟင်းကို ဆန့်သောသပိတ်သည် မဇ္ဈိမ သပိတ်လတ်မည်၏၊ ဆန်တစ်ပြည်ချက်ထမင်း, ၄-ပုံတစ်ပုံခန့်ပဲဟင်း, ၄ ပုံ တစ်ပုံခန့် သားငါးဟင်းကို ဆန့်သောသပိတ်သည် ဥက္ကဋ္ဌသပိတ်ကြီးမည်၏၊ ဆန်ကို ချက်သည့်အခါ ထမင်းအဖြစ်၌ ၂-ဆတိုးလေ့ ရှိသောကြောင့် ဆန်တစ်စလယ်ချက်လျှင် ထမင်းတစ်ခွက်သားနှင့် ပဲဟင်း သားငါးဟင်း ၄-ပုံတစ်ပုံစီပေါင်းလျှင် ၃-စလယ်ဖြစ်၏၊ ထိုနည်းအရ ဩမကသပိတ်သည် ၃-စလယ်ဆန့်၏၊ မဇ္ဈိမသပိတ်သည် ၃-ခွက်ဆန့်၏၊ ဥက္ကဋ္ဌသပိတ်သည် ၃-ပြည်ဆန့်၏ဟု မိန့်တော်မူကြသည်။

[ဆောင်] ၃-ပြည် ၃-ခွက်, ၃-စလယ်တွက်, ဆွမ်းချက်ဟင်းစုံခတ်။
ဥက္က-မဇ္ဈ, ဩမက, ဝင်ရစဉ်တိုင်းမှတ်။

**သပိတ် ၂-မျိုးနှင့်အရောင်။** ။မြေသပိတ်သံသပိတ်အားဖြင့် ၂-မျိုးသောသပိတ်သာအပ်၏၊ ထို ၂-မျိုးတွင် မြေသပိတ်ကို ၂-ကြိမ် မီးဖုတ်၍ သံသပိတ်ကို ငါးကြိမ်မီးဖုတ်ရမည်ဟု အဋ္ဌကထာတို့၌ဆို၏၊ ထိုသို့ဆိုခြင်း၌ ရည်ရွယ်ချက်မှာ ဖြူကြောင်ကြောင်အဆင်းမရှိစေဘဲ ညိုမှောင်မှောင် အဆင်းအရောင် ရှိစေလိုခြင်းဖြစ်သည်၊ သို့ဖြစ်၍ ကခါ၌ မီးဖုတ်အကြိမ်ကို မပြတော့ဘဲ "သမဏသာရုပ္ပေန-ရဟန်းတို့အား လျောက်ပတ်သောအားဖြင့်၊ ပက္ကံ ကျက်ပြီးသော"ဟု မိန့်သည်၊ ကင်္ခါမိန့်ချက်အရ "ညိုမှောင်သော အဆင်းအရောင်ရှိလျှင် သပိတ်အရာဝင်ပြီ၊ အဓိဋ္ဌာန်ဝိကပ္ပနာပြုနိုင်ပြီ"ဟုမှတ်၊ [ယခုကာလ သားရိုးကိုင်ထားသော သပိတ်များ၌ကား သားရိုးအတွင်းက အရောင်သည် ညိုမှောင်ခြင်း မရှိသောကြောင့် အချို့ဝိနည်းဓိုရ်များသည် ကိုယ်တိုင်မီးဖုတ်ပြီးမှ သားရိုးကိုင်စေပြီးလျှင် အဓိဋ္ဌာန်တင်၍သုံးစွဲကြသည်။]

| | |
|---|---|
| အဓိဋ္ဌာန်တင်ပုံ။ ။<br>ပစ္စုဒ္ဓိုရ်ပြုပုံ။ ။<br>အဓိဋ္ဌာန်ကျကြောင်း ၉-ပါး။ ။<br>နိဿဂ္ဂိသပိတ်ကိုစွန့်ပုံ။ ။ | ဘာသာဋီကာမှာယူ။ |

## ၁။ ဦနပဉ္စဗန္ဓနသိက္ခာပုဒ်

**အမှုသည်—ရဟန်းအများ**

**အမှု—အလိုက်မသိဘဲသပိတ်တောင်းမှု။**

**အလိုက်မသိခြင်း။** ။ကပိလဝတ်မြို့၌ အိုးထိမ်းသည် (အိုးသည်) တစ်ယောက်သည် ရဟန်းတို့အား သပိတ်အလို

ရှိလျှင်တောင်းဖို့ရန်ဖိတ်မံထား၏၊ ရဟန်းတို့သည် အတိုင်းအရှည်မသိကြဘဲ (အလိုက်မသိဘဲ)များစွာသောသပိတ်တို့ကို တောင်းကြလေသည်၊ထိုအိုးထိမ်းသည်မှာ သပိတ်ကိုချည်း လုပ်ပေးရသောကြောင့် ရောင်းဖို့ဘဏ္ဍာကို မလုပ်အားတော့ချေ၊စားရေးသောက်ရေး မမျှတမချောင်လည်အောင်ဖြစ်ရရှာ၏၊ သားမယားများလည်း ပင်ပန်းကြလေသည်၊ထိုအကြောင်းကို အခြားသူများ သိ၍ "ရဟန်းတွေနှယ် အလိုက်မသိ ပမာဏကိုမသိဘဲ သပိတ်များစွာကို တောင်းဘဲတောင်းနိုင်ပုန်းတယ်"ဟု ကဲ့ရဲ့သည်ကိုကြားတော်မူသောကြောင့် "န ဘိက္ခဝေ ပတ္တော ဝိညာပေတဗ္ဗော၊ ယော ဝိညာပေယျ, အာပတ္တိ ဒုက္ကဋဿ = ရဟန်းတို့ သပိတ်ကိုမတောင်းရ၊ အကြင်ရဟန်း တောင်း၏, ထိုရဟန်း ဒုက္ကဋ်အာပတ်သင့်စေ"ဟု ပညတ်တော်မူရလေသည်၊

**သပိတ်တောင်းခွင့် ပြုတော်မူရပုံ**

ထိုသို့ ပညတ်တော်မူပြီးနောက် ရဟန်းတစ်ပါးမှာ သပိတ်ကွဲသွားသော်လည်း တောင်းဖို့ရာ အပ်မည်, မအပ်မည်ကို မဆုံးဖြတ်နိုင်ဘဲ ယုံမှားသံသယဖြစ်နေသောကြောင့် မတောင်းတော့မူ၍ လက်ဖြင့်ဆွမ်းခံလှည့်လေသည်၊ ထိုအခါ လူတို့က "ရဟန်းတော်များသည် လက်ဖြင့် ဆွမ်းခံရသလား, တိတ္ထိတွေလို ဖြစ်နေပြီ"ဟု ကဲ့ရဲ့ကြပြန်သဖြင့် ပျောက်သောသပိတ်ရှိသောရဟန်း, ကွဲသောသပိတ်ရှိသောရဟန်းအား သပိတ်တောင်းခြင်းငှာ ခွင့်ပြုတော်မူပြန်သည်။

**သိက္ခာပုဒ် ပညတ်တော်မူရပုံ**

ထိုသို့ ခွင့်ပြုတော်မူပြန်သည့်အခါ ဆဗ္ဗဂ္ဂိယရဟန်းတို့သည် ဖြစ်စလောက် အက်ကြောင်းရာကလေး ထင်ရုံမျှဖြင့် တစ်ချို့လည်း အနည်းငယ်ပဲ့ရုံမျှဖြင့် တစ်ချို့လည်း ခြစ်ရာလေးထင်ရုံမျှဖြင့် (သပိတ်ကွဲပြီဟု ယူဆ၍) သပိတ်သစ်ကို တောင်းကြလေသည်၊ ရှေးကကဲ့သို့ပင့်ဖိတ်ထားသော အိုးထိမ်းသည်မှာ လက်မအားအောင် အလုပ်များ၍ ဆင်းရဲပင်ပန်းသွားပြန်လေသည်၊ ထိုအခါ အခြားလူတို့က ကဲ့ရဲ့ကြပြန်သည်ကို ဘုရားရှင်ကြားတော်မူ၍ ယခုတွေ့ရသောသိက္ခာပုဒ်ကိုအပြည့်အစုံပညတ်တော်မူရလေသည်။[ဤသိက္ခာပုဒ်၌ "ဗန္ဓန"ဟူသည် အက်ကြောင်းရာ၏ ၂-သက်၌ စူးငယ်ဖြင့်ဖောက်၍ ရိုးရိုးအပ်ချည်ကြိုးဖြင့်ဖြစ်စေ သင်ပေါင်းလျှော်ကြိုး သံနန်းကြိုးသေးသေး မသည်ဖြင့်ဖြစ်စေ တုပ်၍ဖွဲ့၍ချည်ထားခြင်းကို "ဗန္ဓန"ဟုခေါ်၏၊ ၂-လက်မလောက်ရှည်နေသောနေရာတစ်ခုလျှင် တစ်ဖွဲ့ကျ တုပ်နိုင်၏၊ ထိုကဲ့သို့ အတုပ်အဖွဲ့မျိုး ၅-ခု မပြည့်သေးသောသပိတ်ကို "ဦနပဥ္စဗန္ဓနပတ္တ"ဟု ခေါ်သည်။

သိက္ခာပုဒ်။ ။ယော ပန ဘိက္ခု ဦနပဉ္စဗန္ဓနေန ပတ္တေန အညံ နဝံ ပတ္တံ စေတာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ၊ တေန ဘိက္ခုနာ သော ပတ္တော ဘိက္ခု ပရိသာယ နိဿဇ္ဇိတဗ္ဗော၊ ယော စ တဿာ ဘိက္ခု ပရိသာယ ပတ္တပရိယန္တော၊ သော တဿ ဘိက္ခုနော ပဒါတဗ္ဗော၊ "အယံ တေ ဘိက္ခု ပတ္တော ယာဝ ဘေဒနာယ ဓာရေတဗ္ဗော"တိ၊ အယံ တတ္ထ သာမီစိ။ ။

မြန်မာပြန်။ ။အကြင်ရဟန်းသည် (သပိတ်က ၅-ဖွဲ့ မပြည့်သေးဘဲလျက်) သပိတ်သစ်ကို တောင်းအံ့၊ ထိုသပိတ်သည် နိဿဂ္ဂိထိုက်၍ ထိုရဟန်းမှာ ပါစိတ်အာပတ်သင့်၏၊ ထိုရဟန်းသည် ထိုသပိတ်ကို ရဟန်းပရိသတ်၌ စွန့်ရမည် (အခြားနိဿဂ္ဂိပစ္စည်းစွန့်ပုံကဲ့သို့ တစ်ပါးတည်းအထံ စွန့်၍မဖြစ်၊ အခြားရဟန်းများကလည်း စည်းဝေးရာအရပ်သို့ မိမိ၏အဓိဋ္ဌာန်တင်လျက်, သို့မဟုတ် ဝိကပ္ပနာပြုလျက် သုံးစွဲနေသော) သပိတ်ကို ကိုယ်စီကိုယ်ငယူ၍ ကြွလာကြရမည်၊ ထိုအခါ ထိုသပိတ်ကို အခြားရဟန်းများယူအောင် တိုက်တွန်းဖို့ရာ ရှိးသားသောရဟန်းတစ်ပါးကို "ပတ္တဂ္ဂါဟကသမ္မုတိ" ပေးရသည်၊ ထိုသမ္မုတိရသောရဟန်းက ထိုစွန့်ထားသောသပိတ်၏ ကောင်းမွန်ကြောင်းကို လျှောက်ထား၍ အကြီးဆုံးထေရ်အား ယူဖို့ရန် တိုက်တွန်းရသည်၊ ထေရ်ကြီးက ထိုသပိတ်ကိုယူလျှင် ထေရ်ကြီးသပိတ်ကို ဒုတိယထေရ်အား ယူစေရသည်၊ ထေရ်ကြီးစသူက ကိုယ့်သပိတ် ကိုယ်ကျေနပ်နေ၍ မယူကြလျှင် ထိုသပိတ်ကို တတိယ စတုတ္ထစသောထေရ်များကို ယူအောင်တိုက်တွန်းရသည်၊ ဤနည်းအားဖြင့် အားလုံးပုဂ္ဂိုလ်များ မလိုချင်၍ ကျန်နေသောသပိတ်ကို "ပတ္တပရိယန္တ အစွန်ဆုံးသပိတ်" ဟု ခေါ်၏၊ ထိုအစွန်ဆုံးသပိတ်ကို ထိုရဟန်းအား "ကွဲသည့်တိုင်အောင် ဤသပိတ်ကိုဆောင်ထားရမည်"ဟု ပြော၍ပေးရသည်၊ ဤကား ၅ ဖွဲ့မပြည့်သေးဘဲ သပိတ်သစ်ကို တောင်းရာ၌ကျင့်ရသော ကျင့်ဝတ်တည်း။

ခုဒ္ဒသိက္ခာလာ

သပိတ်နှင့်စပ်၍ မှတ်ဖွယ်များ

ပတ္တံ နပတိသာမေယျ, သောဒကံ နစဩတပေ၊
ဌပေယျ နနိဒဟေ ဘူ, နထပေ နောစလဂ္ဂယေ။

သောဒကံပတ္တံ-ရေမစင်သော သပိတ်ကို၊ နပတိသာမေယျ-သိမ်း၍လည်း မထားရ၊ နစဩသပေ-နေလည်းမလှမ်းရ၊ ဥဏှေ-နေပူ၌၊ နနိဒဟေ ကြာမြင့်စွာမထားရ၊ ဘူမျံ-ကြမ်းသောမြေပေါ်၌၊ နထပေ-အခင်းမပါ သပိတ်ခြေမပါဘဲမထားရ၊ နောစလဂ္ဂယေ - ဆင်စွယ်ကောက် စသည်တို့၌ ချိတ်၍ မထားရ။

[ ဆွမ်းစားပြီးလျှင် သပိတ်ကိုစင်ကြယ်စွာဆေး,ရေစင်အောင်သုတ်ပြီးမှ ဟင်းနံ့ပျောက်အောင် ခဏနေလှမ်း, ကြာရှည်စွာ နေပူမှာမထားရ၊ နေလှမ်းပြီးနောက် ရုပ်သိမ်း၍ အခင်းမပါ သပိတ်ခြေမပါသောမြေပေါ်မှာ မထားဘဲ နံရံကောက် စသည်၌လည်းမချိတ်ဘဲ သပိတ်ခြေပေါ်မှာဖြစ်စေ, အခင်းရှိသော မြေပေါ်မှာဖြစ်စေ, သပိတ်မပျက်စီးလောက်သော မြေပေါ်မှာဖြစ်စေ ထားရမည်၊ သပိတ်ဖုံးဖြင့် ဖုံးထားလျှင် အနံ့ မကောင်းသောကြောင့် သပိတ်ဖုံးကိုလည်း ဖွင့်ထားသင့်သည်။ ]

မိဍ္ဎန္တေ ပရိဘဏ္ဍန္တေ, အင်္ကေဝါ အာတပတ္တကေ၊
ပါဒေသု မဉ္စ ပီဌေဝါ, ထပေတုံ နစကပ္ပတိ။

မိဍ္ဎန္တေ-အတွင်း အကြည်စွန်း၌လည်းကောင်း၊ ပရိဘဏ္ဍန္တေ အပြင်ဘက် အကြည်စွန်း၌လည်းကောင်း၊ အင်္ကေဝါ တင်ပလ္လင်,ရင်ခွင်၌လည်းကောင်း၊ အာတပတ္တကေ - ထီးပေါ်၌ လည်းကောင်း၊ ပါဒေသုဝါ - ခြေတို့၌ လည်းကောင်း၊ မဉ္စပီဌေဝါ-ညောင်စောင်း အင်းပျဉ် (ခုတင် ကုလားထိုင်) ပေါ်၌လည်းကောင်း၊ ထပေတုံ-ထားခြင်းငှာ၊ နစကပ္ပတိ-မအပ်။

[ ရှေးက နံရံအခြေနိုင်အောင် သို့မဟုတ် ထိုင်ရအောင် နံရံ၏အတွင်း အပြင်၌ မြေခုံအပိုရှိတတ်၏၊ ၎င်းမြေခုံကို ''အကြည်'' ဟုခေါ်၏၊ ထိုအကြည်၌ သပိတ်ထားလျှင် လိမ့်ကျမည်စိုး၍ မထားရ-ဟုတားမြစ်သည်၊ ယခုကာလ အုတ်တိုက်အဆွန်းများလည်း အကြည်သဘောပင်ဖြစ်၍ မထားရ၊ အကြည်က တစ်တောင်လောက်ကျယ်နေလျှင်ထားကောင်း၏၊ သပိတ်ခြေပါလျှင်လည်း ထိုအကြည်မှာထားကောင်း၏-ဟု ဋီကာဆိုသည်။ ]

န နီဟရေယျ ဥစ္ဆိဋ္ဌောဒကဉ္စ စလကဋ္ဌိကံ၊
ပတ္တေန ပတ္တဟတ္ထောဝါ, ကဝါဋံ နပဏာမယေ။

ဥစ္ဆိဋ္ဌောဒကံ-လုပ်ဆေးရည်ကိုလည်းကောင်း၊ စလကဋ္ဌိကံ-စုပ်၍ ပစ်အပ်သော ဟင်းဖတ်နှင့် အရိုးကိုလည်းကောင်း၊ နနီဟရေယျ-သပိတ်၌ထည့်၍ မထုတ်ဆောင်ရ၊ [ သပိတ်ထဲ၌ထည့်၍ မစွန့်ပစ်ရဟူလို၊ သပိတ်ကို လက်ဆေးခံ လုပ်၍လည်းလက်မဆေးရ၊ ]ပတ္တေန-သပိတ်ဖြင့်လည်းကောင်း၊ ပတ္တဟတ္ထောဝါ-လက်၌ သပိတ်ရှိလျက်လည်းကောင်း၊ ကဝါဋံ-တံခါးရွက်ကို၊ နပဏာမယေ-မတွန်းမဖွင့်ရ။

[လက်၌ သပိတ်ရှိခိုက်သာမဟုတ်, လက်မှာဖြစ်စေ ခြေဖမိုးပေါ်မှာ ဖြစ်စေ ကိုယ်၏အစိတ်အပိုင်းမှာ သပိတ်ရှိလျှင် တံခါးရွက်ကို မတွန်းရ မင်းတုပ်ကလန့်ကိုလည်း မဖြုတ်ရ၊ သို့ရာတွင် သပိတ်ကို အိပ်ဖြင့်ပခုံးစွန်း၌ လွယ်ထားခိုက် ဖြစ်လျှင်ကား ထိုအားလုံးကိုပင် ပြုကောင်း၏၊ မပြုရဟု ဆိုသမျှ၌ ပြုလျှင် ရဟန်းမှာ ဒုက္ကဋ်, သာမဏေမှာ ဒဏ်။]

## သပိတ်နှင့်စပ်၍မှတ်သားထိုက်သော
## အပ်, မအပ်စားခွက်များ

ကပ္ပိယာ ထာလကာ တိဿော, တမ္ဗာယော မတ္တိကာမယာ၊
ဒါရုသောဝဏ္ဏရဇတ-မဏိဝေဠုရိယာမယာ။

အကပ္ပါ ဖလိကော ကာစ ကံသဇာ ဂိဟိသန္တကာ၊
သံဃိကာ ကပ္ပိယာ တုမ္ဗ- ဃဋိဇာ တာဝကာလိကာ။

တမ္ဗာယောမတ္တိကာမယာ - ကြေးနီ, သံ, မြေဖြင့် ပြုအပ်ကုန်သော၊ တိဿော- ၃-မျိုးကုန်သော၊ ထာလကာ-စားခွက် သောက်ခွက် တို့သည်၊ ကပ္ပိယာ-အပ်ကုန်၏၊ [ကြေးနီခွက်-မြေခွက်-သံခွက် ၃-မျိုးတို့သည် ရဟန်း သာမဏေတို့ ကိုယ်ပိုင် (ပုဂ္ဂလိက) အဖြစ်ဖြင့် သုံးစွဲကောင်း၏၊ ၎င်းတို့၌ ထည့်၍စားကောင်း သောက်ကောင်း၏။]

ဒါရုသောဝဏ္ဏရဇတမဏိ ဝေဠုရိယာ မယာ-သစ်သားခွက်, ရွှေခွက်, ငွေခွက်, ပတ္တမြားခွက်, ကြောင်မျက်ရွဲခွက်တို့သည်၊ အကပ္ပါ-မအပ်ကုန်၊ [ရွှေခွက်စသည်တို့သည် ကိုင်ရုံ ထိရုံမျှမအပ်, သစ်သားခွက်ကား ထည့်၍သာ မစားမသောက်ကောင်းသည်၊ ကိုင်ရုံကား ကိုင်ကောင်းပါသေး၏၊ ယခု ကာလ ကွမ်းအစ်စသည်၌ ငွေထုံးဘူးစသည်တို့မှာ လူ့ဥစ္စာပင်ဖြစ်စေကာမူ ကိုင်ရုံမျှ မကိုင်ကောင်းရကား အဘယ်မှာထည့်၍ စားကောင်းပါတော့ မည်နည်း၊ နှီးခွက် နှီးကွမ်းအစ်တို့ကိုပင် သစ်သားခွက်နှင့် အလားတူဟု သဘောထား၍ လက်ဖက်,ကွမ်းစသည် ထည့်စားမှုကို ရှောင်ကြဉ်ကြသည်၊]

ဖလိကောစ-ဖလ်ခွက်သည်လည်းကောင်း၊ ကာစကံသဇာ - ချက်ကျောက်ခွက်နှင့် စဉ့်ခွက်, ကြေးဖြူကြေးဝါခွက်တို့သည်လည်းကောင်း၊ ဂိဟိသန္တကာ-လူ့ဥစ္စာ ဖြစ်ကုန်သော် လည်းကောင်း၊ သံဃိကာ - သံဃိကဖြစ်ကုန်သော် လည်းကောင်း၊ ကပ္ပိယာ-အပ်ကုန်၏၊ [ပါရာဇိကဏ် ကာယသံသဂ္ဂဋ္ဌကထာ၌ "ဇာလိဖလိက-ဖလ်စစ် တွင်းထွက်ဖလ်ကို ပတ္တမြားနှင့်အလားတူ မသုံးသပ်

ကောင်း''ဟုဆိုထား၏၊ ဤ၌ကား သုံးသပ်-ကိုင်ကောင်းသေး သောကြောင့် ''ဖလိက''အရ ဖလ်စစ်ခွက်မဟုတ်ရာ၊ သဲကိုချက်၍ ပြုလုပ်အပ်သော ယခုကာလ ဖန်ခွက်သာဖြစ်ဘန်ရာ၏၊ ထို့ပြင်—''ပစိတ္တာကတောကာစမဏိ''ဟု ထိုအဋ္ဌကထာဆိုသောကြောင့် လည်းကောင်း၊ ''ကာစော-သည်၊ ကစ္ဆနသံသဂ္ဂါ ရွှေနှင့် ပေါင်းမိခြင်းကြောင့်''ဟု စာဏကျနီတိ ဆိုသောကြောင့်လည်းကောင်း, ချက်ကျောက်ကို ကာစ၌ သွင်းယူလိုက်သည်၊ ဤစကားအရ ချက်ဖလ်ခွက် ချက်ကျောက်ခွက် စဥ္စခွက် ကြေးဖြူ ကြေးဝါခွက်တို့မှာ ပုဂ္ဂလိက အဖြစ်ဖြင့်မသုံးစွဲအပ်, သံဃိက သို့မဟုတ် လူ့ဥစ္စာဖြစ်မူ ထည့်စားကောင်း၏ဟုလည်းကောင်း, ယခုကာလ ကြေးပါ့ဒွန်းနှင့် ဖလ်ခွက် ဖလ်ချိုင့်စသည်တို့ပုဂ္ဂလိကမအပ်ကြောင်းကိုလည်းကောင်း သတိပြုပါ။

တုမ္ဗဃဋိဇာ-ဘူးခွက်, အိုးခွက်တို့သည်၊ တာဝကာလိကာ - တစ်ခဏမျှ ထည့်၍ စားသောက်ကောင်းကုန်၏၊ [သွားလေရာယူ၍ သပိတ်ကဲ့သို့ကား အမြဲမသုံးစွဲကောင်း, ခဏလောက် ထည့်စား၍ စွန့်ပစ်ထားခဲ့ရမည်-ဟူလို၊ ဖက်ရွက် သစ်ရွက်ဖြင့် လုပ်အပ်သော ဖက်ခွက်များလည်း ထို့အတူ တစ်ခဏမျှထည့်စားကောင်း၏-ဟု ဋီကာတို့၌ဆို၏။]

**စဥ်းစားဖွယ်။** ။''ထည့်၍မစားကောင်း''ဟု ဆိုခဲ့သော သစ်သားခွက် နှီးခွက်စသည်၌ တချို့က ယာဝကာလိကဖြစ်သောခဲဖွယ် ဘောဇဥ်ကိုသာ ထည့်၍မစားမသောက်ကောင်း, ယာမကာလိက အဖျော်ရည် စသည်ကိုကား စားသောက်ကောင်း၏ဟု ယူကြ၏၊ ဝိနယကောသလ္လ၌ကား မည်သည့်ကာလိကမဆို ထည့်၍မစားမသောက်ကောင်းဟု ယူလို၏၊ ရှင္ဇဝါ ခုဒ္ဒကဝတ္ထု ခန္ဓကပါဠိတော်၌ သပိတ်အမျိုးမျိုးကို ပယ်ချက်နှင့်စပ်၍ အဋ္ဌကထာ၌ခွက်အဖြစ်ဖြင့်အပ်-မအပ်ကို ဝိစစ်ထားသောအရာ ဖြစ်၏၊ သပိတ်ခွက် ဟူသည်မှာ စားသောက်ဖွယ်အားလုံးကို (ယာမသတ္တာဟ ယာဝဇီဝက မကျန်) ထည့်စားဖို့ရာဖြစ်၏၊ သို့ဖြစ်၍ ''ထည့်၍မစားကောင်း''ဟု ပယ်ရှားအပ်သော ခွက်များ၌ မည်သည့်ကာလိကကိုမျှ ထည့်၍မစားခြင်းသာ သင့်လျော်ဖွယ်ရှိ၏၊ ထို့ကြောင့် ဝိနည်းမိုရ် ပုဂ္ဂိုလ်များသည် နှီးကွမ်းအစ်၌ ကွမ်းထည့်၍မစားကြ,နှီးကွမ်းအစ်ဖြင့်ကပ်လျှင် လက်ပေါ် တစ်ဆင့်ပြောင်း၍စားကြ၏၊ နှီးခွက်ဖြင့်လည်းအဖျော်ရည် စသည်ကို မသောက်ကြကုန်။

## ၈။ ဘေသဇ္ဇသိက္ခာပုဒ်

**အမှုသည်—ရဟန်းအများ။**

**အမှု—ထောပတ်ပဉ္စဘေသဇ္ဇဆေးများကိုကြာရှည်စွာသိမ်းထားမှု။**

**အာရာမ်စောင့်နှင့်ပြုတော်မူပုံ** အရှင်ပိလိန္ဒဝစ္ဆသည် ရာဇဂြိုဟ်မြို့၌ လိုဏ်ဂူပြုလုပ်ရာဝယ် တောင်ဝှမ်းကို (ရဟန်းအများအား) ရှင်းလင်းစေစဉ် ဗိမ္ဗိသာရ မဟာရာဇာ ရောက်လာခိုက်နှင့် ကြုံကြိုက်၍ ရဟန်းအများ ကြိုးကြိုးစားစား ရှင်းလင်းနေသည်ကို မြင်ရသောကြောင့် "အာရာမ်စောင့် (ကပ္ပိယ) အလိုရှိပါသလား" ဟု အရှင်ပိလိန္ဒအား လျှောက်လေသော်, "မဟာရာဇာ....အာရာမ်စောင့်ကို ဘုရားရှင်ခွင့်ပြုတော်မမူသေး" ဟု မိန့်တော်မူလျှင်, ဘုရားရှင်ထံလျှောက်၍ ဒါယကာအား အကြောင်းကြားပါဟု လျှောက်သွားလေသည်၊ ထို့နောက် သာဝတ္ထိမြို့သို့ တမန်စေလွှတ်၍ "ဗိမ္ဗိသာရ မဟာရာဇာသည် အာရာမ်စောင့်ကို လှူလိုပါကြောင်း" ဘုရားရှင်အား လျှောက်လေရာ, မြတ်စွာဘုရားသည် "အာရာမ်စောင့်ကို ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူလေသည်။

**အာရာမ်စောင့် ငါးရာလှူပုံ** မဟာရာဇာသည် အရှင်ပိလိန္ဒထံ အာရာမ်စောင့်လှူပါမည်ဟု ဝန်ခံပြီးနောက် မေ့နေရာ အတော်ကြီးကြာမှ သတိရသဖြင့် အမတ်ကြီးကို "အာရာမ်စောင့် လှူပြီးပြီလား" ဟုမေး၍ မလှူရသေးကြောင်းသိလျှင် ဝန်ခံခဲ့သည်မှစ၍ ရက်ဟိုကို ရေတွက်စေရာ ရက်ပေါင်းငါးရာ လွန်လာသောကြောင့် ထိုရက်နှင့် အရေအတွက်ညီမျှအောင် အာရာမ်စောင့် ငါးရာကို လှူစေလေသည်၊ ထိုသူတို့ဖြင့်ပင် သီးခြားရွာတစ်ရွာတည်ရ၏၊ ထိုရွာကို "အာရာမိကရွာ" ဟု လည်းကောင်း "ပိလိန္ဒဝစ္ဆရွာ" ဟုလည်းကောင်း ခေါ်ကြသည်။

**တန်ခိုးပြရပုံ** ထိုရွာ၌ ပွဲလမ်းသဘင်ရှိ၍ မိန်းကလေးတို့သည် ဝတ်စား တန်ဆာ ဆင်ပြင်ကာဖြင့် လွန်စွာ ပျော်ရွှင်ကြလေ၏၊ သတို့သမီးကလေး တစ်ယောက်ကား ဆင်းရဲနွမ်းပါးလှသဖြင့် တန်ဆာမရှိ၍ ငိုနေလေသည်၊ အရှင်ပိလိန္ဒဝစ္ဆသည် ဆွမ်းခံကြွတော်မူစဉ် တွေ့မြင်ရ၍ မြက်ခွေတစ်ခုကို ဓိဋ္ဌာန်ပြီးလျှင် "ရော့....ဒီမြက်ခွေကို သူ၏ဦးခေါင်း၌ စွပ်လိုက်" ဟု ကလေးမ၏ မိခင်ဖြစ်သူ အာရာမ်စောင့်မိန်းမကို ပေးလေသည်၊ အာရာမ်စောင့်မိန်းမသည် သူ့သမီး၏ဦးခေါင်းပေါ်ကို စွပ်လိုက်ရာ ပဒုမ္မာ ရွှေကြာပန်းဖြစ်သွား၍ အလွန်ရှုချင်ဖွယ်တင့်တယ်လေသည်။

မလိုသူတို့က "ဒီလောက်လုပသော ရွှေကြာပန်းသည် နန်းတော်၌ပင်မရှိနိုင်၊ ထိုဆင်းရဲသူမှာ ဘယ်နည်းနှင့်ရှိနိုင်မလဲ, ကေန်ခိုးယူလာတာ ဖြစ်ပါလိမ့်မည်"ဟု ဘုရင့်ထံသံတော်ဦး တင်ကြသောကြောင့် ထို အိမ်သူအိမ်သားတို့ကို ဖမ်းစေလေသည်၊ နောက်တစ်နေ့ ဆွမ်းခံ ကြွတော်မူလာသည့်အခါ ထိုအကြောင်းကို အရှင်ပိလိန္ဒဝစ္ဆ သိတော်မူ၍ နန်းတော်သို့ ကြွသွားပြီးလျှင် ဗိမ္ဗိသာရ မဟာရာဇာအား အကျိုးအကြောင်းကိုမေး၍ ရွှေပန်းအတွက်ဖမ်းရကြောင်းကို သိတော်မူရကား "နန်းတော်ပြာသာဒ်ကို ရွှေပြာသာဒ်ဖြစ်စေ"ဟု မိန့်ဩန်လိုက်ရာ ရွှေနန်းတော်ကြီးကို မဟာရာဇာကိုယ်တိုင် မြင်ရလေသည်၊ ထိုအခါကျမှ "အရှင်ဘုရားတန်ခိုးကြောင့် (အခိုက်အတန့်မျှ) ရွှေပန်းဖြစ်ရသည်ကို သိပါပြီ"ဟု လျှောက်၍ ထိုသူများကို လွှတ်စေရလေသည်။

**ဆေးပစ္စည်းများကို သိမ်းဆည်းထားမှု**

"အရှင်ပိလိန္ဒဝစ္ဆသည် ပင်းပရိသတ်အလယ်၌ တန်ခိုးပြတော်မူသတဲ့"ဟု လူအများ ကြားသိကြ၍ အလွန်ကြည်ညိုရကား "ထောပတ်, ဆီဦး, ဆီ, ပျားရည်, တင်လဲ"ဟူသော (ရောဂါရှိလျှင် နေလွဲအခါ၌ သုံးဆောင်ကောင်း၍ဆေးဟု အသိအမှတ်ပြုအပ်သော) ပစ္စည်းများကို လှူကြလေသည်၊ အရှင်ပိလိန္ဒဝစ္ဆကား ရတိုင်းရတိုင်းကို ရဟန်းပရိသတ်အား စွန့်လိုက်၏၊ သို့သော်အရှင်ပိလိန္ဒဝစ္ဆကို မှီကပ်၍နေသော ထိုပရိသတ်သည် လာဘ်လာဘကို များစွာလိုလားသူများ ဖြစ်ရကား ရတိုင်းရတိုင်း အိုးကြီး အိုးငယ်ဖြင့် သိုလှောင်ထားရုံမက,ရေစစ်ပဝါ သပိတ်စသည်တို့၌လည်း အပြည့်သိပ်၍ ပြတင်းပေါက်စသည်တို့၌ တွဲလွဲတွဲလဲ ဆွဲချိတ်ထားကြရကား(အစားအသောက် သိမ်းဆည်းမှုမရှိစဉ်က) ကြွက်မရှိသောကျောင်းများသည် ကြွက်တို့ဖြင့် ရောပြွမ်းနေတော့သတည်း။

**စစ်ဆေးတော်မူခြင်း**

ကျောင်းစဉ်လှည့်၍ အကြည့်အရှုလာကြသောလူတို့သည် သို့မှီး သိမ်းဆည်းထားသောထိုအိုး-အိတ်တို့ကိုမြင်ကြ၍ "ရှင်ဘုရင်မှာ အတွင်းဂိုဒေါင် (ကျီ-ကျ) ရှိသကဲ့သို့ ရဟန်းတော်များမှာလဲ အတွင်း ကျီ-ကျရှိကြသည်"ဟု ခနိုးခနဲ့နှင့် ကဲ့ရဲ့ကြသည်ကို ပစ္စည်းမသိမ်းဆည်းသော ရဟန်းတော်များကြား၍ ကဲ့ရဲ့ကြပြီးလျှင် ဘုရားရှင်အား လျှောက်ကြလေရာ, သံဃာစည်းဝေးစေတော်မူ၍ "ရဟန်းတို့...ပစ္စည်းပေါများဖို့ရာ အားထုတ်ကြ (သိမ်းဆည်းကြ) သည်"ဟု ကြားတော်မူရသည်မှာ

မှန်သလော-ဟု စစ်ကြောတော်မူပြီးလျှင် "မှန်ပါကြောင်း" ဝန်ခံကြသဖြင့် များစွာ ရှုတ်ချတော်မူပြီးကာ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာနိခေါ ပန တာနိ ဂိလာနာနံ ဘိက္ခူနံ ပဋိသာယနီယာနိ ဘေသဇ္ဇာနိ၊ သေယျထိဒံ၊ သပ္ပိ, နဝနီတံ, တေလံ,မဓု, ဖာဏိတံ၊ တာနိ ပဋိဂ္ဂဟေတွာ သတ္တာဟပရမံ သန္နိဓိကာရကံ ပရိဘုဉ္ဇိတဗ္ဗာနိ၊ တံ အတိက္ကာမယတော နိသဂ္ဂိယံ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။မကျန်းမမာသောရဟန်းတို့သည် သာယာနိုင် သုံးဆောင်နိုင်ကုန်သော အကြင်ဆေးများရှိ၏၊ အဘယ်ဆေးများနည်း-ဟူမူ၊ ထောပတ်,ဆီဦး,ဆီ,ပျားရည်,တင်လဲ ဤငါးမျိုးတည်း၊ ထိုဆေးတို့ကို အကပ်ခံပြီးလျှင် အလွန်ဆုံး ၇-ရက်မျှ သိုမှီးသိမ်းဆည်း၍ သုံးစွဲနိုင် သုံးစွဲကောင်း၏၊ ၇-ရက်ထက် လွန်သွားလျှင်ကား ထိုဆေးများ နိသဂ္ဂိထိုက်၍ ထိုရဟန်းလည်း ပါစိတ်အာပတ် သင့်သည်။

**မှတ်ချက်။** ။ဆီဦးကို "ထောပေး = မသဖောဂ"ဟု ခေါ်ကြသေး၏၊ "ဆီ" ဟူရာ၌ ဝက်ဆီစသော သားဆီ,ငါးကြီးဆီစသော ငါးဆီ, မုန်ညင်းဆီ,နှမ်းဆီ, ပဲဆီစသော ဆီအမျိုးမျိုးပါဝင်၏၊ သားငါးဆီများ၌ အသားဖတ် မပါအောင် စင်ပြီးသားဖြစ်စေရမည်၊ ငါးကြီးဆီ၌ မုယောစပါးမှုန့် စသည်ရောထားလျှင် ၇-ရက်မအပ်၊ ဆွမ်းခဲဖွယ် ကဲ့သို့ နံနက်ပိုင်း တစ်ရက်သာအပ်၏၊ "ဖာဏိတ"ဟူရာ၌ ယခုကာလ ကြံမှဖြစ်သော ကြံရည်-သကြား (အခြားပစ္စည်းမှဖြစ်သော သကြား)ကြိုသကာ စသည်နှင့် ထန်းပင် ပေပင်တို့မှဖြစ်သော ထန်းရည် ပေရည် ထန်းလျက် သကာ တင်လဲ (နယ်နှပ်ပွက်ရည်) စသည်တို့ ပါဝင်ကြသည်၊ အားနည်းသော ရောဂါရှိသူများသည် ထောပတ် ငါးကြီးဆီ စစ်စစ်များကို ညဥ့်သုံးစွဲကောင်း၏၊ ထိုကဲ့သို့ အကပ်ခံထားသော ထောပတ်စသည်ကို နောက်တစ်ရက်၌ ဆွမ်းစသော အာမိသနှင့်ရော၍ကား မစားကောင်း၊ ရောဂါရှိလျှင်ကား သူ့ချည်းသက်သက် ဆွမ်းစသည်နှင့်မရောဘဲ ခံတွင်း၌ ဆွမ်းစသောအာမိသ များလည်း မရှိစေဘဲ နောက်ရက်များ၌ အချိန်မရွေး နေလွဲ-မလွဲ စားကောင်းသည်။

ဆက်ဦးအံ့-ဤသိက္ခာပုဒ်တော် ပညတ်ချက်အရ ထန်းလျက် ကြိုသကာ (နယ်နှ-ပွက်ရည် သကြားအမှုန့်အခဲ ချိုချဉ်)များသည် ယနေ့ အကပ်ခံ၍ နေလွဲအခါ (ယနေ့အကပ်ခံပြီးနောက် ၇-ရက်အတွင်း

နောက်နောက် ရက်များ၏ နေလွဲ-မလွဲအခါ) လေနာခြင်း စသော ရောဂါရှိ၍ သူနှင့်ဆေးဖက်ဖြစ်မှ စားကောင်း၏၊ ယခုကာလ၌ကား ရဟန်း, သာမဏေနှင့် ဥပုသ်သည်များ စားကောင်းသည် ထင်၍ စားလေ့ရှိကြ၏၊ အမှန်အားဖြင့် မစားကောင်း၊ "အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠံ, အဂိလာနဿ ဂုဠောဒကံ = ဂိလာန အတွက် ထန်းလျက်, ကြံသကာစသည့် အခဲ, အတုံး, အမှုန့်ကို လည်းကောင်း, ဂိလာန မဟုတ်သူအတွက် ဂုဠနှင့် ရောသောရေ (ထန်းရည်စသည်) ကို လည်းကောင်း ခွင့်ပြုတော်မူ၏" ဟူသော သိက္ခာပုဒ်တော်အရ ထန်းရည်, ကြံရည်, ဖျော်ရည်, ဘိလပ်ရည် စသော အရည်များကိုကား ဆာလောင်မွတ်သိပ်လျှင် ရောဂါ မရှိသော်လည်း သောက်ကောင်း၏၊ "ဆာလောင် မွတ်သိပ်မှသာ သောက်ကောင်း"ရကား ယခုကာလ၌ မွန်းလွဲခါနီး ကပ်လှူကြသည်ကို အမှန်အားဖြင့် မသောက်ကောင်းဟု မှတ်။

---

## ဃ။ ဝဿိကသာဋိက သိက္ခာပုဒ်

**အရှုသည့်-ဆဗ္ဗဂ္ဂီ ရဟန်းများ။**

**အမှု-မိုးလမရောက်ခင် မိုးရေခံသင်္ကန်း ချုပ်, ဆိုး, ဝတ်မှု။**

**ဝဿိကသာဋိက ခွင့်ပြုတော်မူရပုံ** အခါတစ်ပါး၌ သာဝတ္ထိမြို့ ဇေတဝန် ကျောင်းတော်ဝယ် (တိစီဝရိက် မူတင်ဆောင် ဖြစ်ကြ၍ သင်းပိုင် အပိုမရှိကြသော) ရဟန်းတော်တို့သည် လေးကျွန်းလုံး နှံ့အောင်သည် ထန်စွာရွာသော မိုးရေကို ရေသနုပ်(ရေလဲ) သင်္ကန်း မပါဘဲ ခံယူ (ချိုး)ကြလေသည်၊ ထိုအချိန်မှာပင် ဝိသာခါသည် ကျွန်မကို ဆွမ်းစားအပင့် ခိုင်းလိုက်ရာ ထိုမိုးရေချိုးနေကြသော ကိုယ်တော်တွေကို (အဝတ် မပါသော ကြောင့်) တိတ္ထိတက္ကတွန်းတွေထင်၍, ပြန်လှည့်သွားပြီးလျှင် "ကျောင်းတော်မှာ ရဟန်းတော်များ မရှိကြပါ,တက္ကတွန်းတွေသာ မိုးရေခံနေကြပါသည်" ဟု ပြန်ပြောလေသည်၊ ထို့နောက် ဘုရားရှင်နှင့်တကွ ဆွမ်းဘုဉ်းပေ ကြွလာ၍ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဝိသာခါသည် ကျွန်မ၏အထင်မှားပုံကို လျှောက်ထား၍ "ရဟန်းများအား မိုးရေခံသင်္ကန်း လှူပါရစေ" ဟု ခွင့်တောင်းမှုကြောင့် "မိုးရေခံသင်္ကန်း"ဟု ခေါ်ရသော ဝဿိကသာဋိကာကို ခွင့်ပြုတော်မူရလေသည်၊ [ဝဿိကာ—မိုးအခါ၌ ဝတ်ရသော + သာဋိကာ- အဝတ်၊ ဝါ- သင်္ကန်း၊ မိုးရေခံသင်္ကန်း၏ အလျား, အနံ ပမာဏနှင့် တကွ သုံးစွဲနည်းကို သုဒ္ဓပါစိတ် ရတနဝဂ်ကျမှ ပြအံ့။]

**ဆမ္ဗဂ္ဂီ ရဟန်းတို့ဖြစ်ပုံ** မြတ်စွာဘုရားသည် ဝဿိကသာဋီကာကို ခွင့်ပြုတော်မူအပ်ပြီ-ဟု ယူဆကြ၍ မိုးလနှင့် အတော် ဝေးသော အချိန်ကပင် မိုးရေခံ သင်္ကန်းကို ရှာ၍ ချုပ်ဆိုး ကပ္ပဗိန္ဒု ထိုးကြပြီးလျှင် ဝတ်ကြလေ၏၊ မိုးလရောက်၍ မိုးရွာချိန်၌ကား ထိုသင်္ကန်း ဆွေးမြည့်လာပြီ (စုတ်ပြတ်ပြီ)ဖြစ်၍ အဝတ်မပါဘဲ မိုးရေ ခံကြလေသည်၊ ထိုအကြောင်းကို အခြား ရဟန်းတို့သည် ဘုရားရှင်အား လျှောက်ကြသဖြင့် ကဲ့ရဲ့တော်မူပြီးလျှင် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်၊ ဤသိက္ခာပုဒ်သည် မိုးရေခံသင်္ကန်းကို ရှာနိုင်ရာ အချိန်ကာလနှင့် ချုပ်ဆိုး ကပ္ပဗိန္ဒု ထိုး၍ ဝတ်နိုင်ရာ အချိန်အခါကို ပြသောသိက္ခာပုဒ် ဖြစ်သည်။

---

**သိက္ခာပုဒ်။** ။မာသော သေသော ဂိမှာနန္တိ ဘိက္ခုနာ ဝဿိကသာဋိကစီဝရံ ပရိယေသိတဗ္ဗံ၊ အဍ္ဎမာသော သေသော ဂိမှာနန္တိ ကတွာ နိဝါသေတဗ္ဗံ၊ ဩရေနေ စေ မာသော သေသော ဂိမှာနန္တိ ဝဿိကသာဋိကစီဝရံ ပရိယေသေယျ၊ ဩရေနဍ္ဎမာသော သေသော ဂိမှာနန္တိ ကတွာ နိဝါသေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

**မြန်မာပြန်။** ။မာသော သေသော ဂိမှာနန္တိ ဘိက္ခုနာ ဝဿိကသာဋိကစီဝရံ ပရိယေသိတဗ္ဗံ=နွေ ၄-လတွင် တစ်လသာ ကျန်တော့၏-ဟု ဆိုထိုက်ရာ(မြန်မာ အသုံးအနှုန်းအားဖြင့်)နယုန်လပြည့်ကျော် တစ်ရက်နေ့၌ (ထိုတစ်ရက်နေ့မှစ၍ နောက်မိုးလကုန်အောင် ကာလအတွင်း၌) ရဟန်းသည် မိုးရေခံသင်္ကန်းကို ရှာနိုင်၏,ရှာကောင်း၏၊ အဍ္ဎမာသော သေသော ဂိမှာနန္တိ ကတွာ နိဝါသေတဗ္ဗံ=နွေလတို့တွင် ၁၅-ရက်သာ ကြွင်းကျန်တော့၏"ဟု ဆိုထိုက်ရာ ဝါဆိုလဆန်း ၁-ရက်၌ (ထိုရက်မှစ၍ နောက်မိုးလကုန်အောင် ကာလအတွင်း၌) ချုပ်မှု,ဆိုးမှု,ကပ္ပဗိန္ဒု ထိုးမှုကိုပြု၍ ဝတ်နိုင်၏,ဝတ်ကောင်း၏၊ ဩရေနစေ။ပေ။နိဝါသေယျ= ထိုနောက်ဆုံး နွေတစ်လ၏ ဤဘက်၌(နယုန်လပြည့်ကျော် မတိုင်မီ၌) မိုးရေခံသင်္ကန်း ရှာရ၍သော်လည်းကောင်း, နွေလ၏နောက်ဆုံး ၁၅ ရက်၏ ဤမှာဘက်၌ (ဝါဆိုလဆန်း ၁-ရက်နေ့ မတိုင်မီ၌) ချုပ်မှု, ဆိုးမှု, ကပ္ပဗိန္ဒု ထိုးမှုကို ပြု၍ ဝတ်သော်လည်းကောင်း ထိုသင်္ကန်း

နိဿဂ္ဂိယ်ထိုက်၍ ပါစိတ်အာပတ်လည်း သင့်သည်၊ [ထို့ထက်အကျယ်ကို ပါတိမောက် ဘာသာဋီကာမှာရှု။]

---

## ၄။ စီဝရအစ္ဆိန္ဒနသိက္ခာပုဒ်

အမှုသည်--ရှင်ဥပနန္ဒ။

အမှု--ပေးပြီးသင်္ကန်းကို ပြန်၍လုယူမှု။

ရှင်ဥပနန္ဒ၏ စိတ်ဆြ

အရှင် ဥပနန္ဒသည် နောင်တော်၏ တပည့် တစ်ပါးကို "ငါ့ရှင်....လိုက်ခဲ့ပါ, ဇနပုဒ်သို့ ဒေသစာရီ လှည့်ချကြစို့" ဟု ခေါ်၏၊ "မလိုက်လိုပါ, တပည့်တော်မှာ သင်္ကန်း နည်းပါးနေပါသည်"ဟု ပြောလေသော် "လိုက်သာလိုက်ခဲ့ပါ, ငါကသင့်အား သင်္ကန်းပေးပါမည်"ဟု ပြော၍ သင်္ကန်းပေးလေသည်၊ ထို့နောက် ထိုရဟန်းသည် "မြတ်စွာဘုရားဇနပုဒ်သို့ ဒေသစာရီ ကြွတော်မူလိမ့်မည်"ဟု ကြား၍ ရှင်ဥပနန္ဒနှင့်မလိုက်ဘဲ မြတ်စွာဘုရားနှင့် လိုက်မည်"ဟု အကြံ ဖြစ်ပြန်၍, ရှင်ဥပနန္ဒက သွားကြစို့ဟု ခေါ်သောအခါ "ဘုရားနှင့်လိုက်တော့မည်"ဟု ပြောလေသည်၊ ရှင်ဥပနန္ဒသည် "သူနှင့်အတူလိုက်၍ သူ၏ သပိတ် သင်္ကန်း ဖိနပ်နေ့ရာခင်းတို့ကို ယူဖော်ရလိမ့်မည်"ဟု အသင်နှင့် သင်္ကန်း ပေးခဲ့၏၊ ထို့ကြောင့်သူနှင့်အတူ မလိုက်တော့ဘူးဟု ပြောလိုက်လျှင် စိတ်ဆိုးလာ၍ သူပေးထားပြီးသော သင်္ကန်းကို (သူ့ဟာဟု သဘောထားကာ) အတင်း ပြန်ယူလေတော့သည်၊ ထိုသို့ ပြန်၍ သင်္ကန်းလုယူမှုကြောင့် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။**ယော ပန ဘိက္ခု ဘိက္ခုဿ သာမံ စီဝရံ ဒတွာ** ကုပိတော အနတ္တမနော **အစ္ဆိန္ဒေယျ ဝါ အစ္ဆိန္ဒာပေယျ ဝါ**၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင်ရဟန်းသည် အခြားရဟန်းအား သင်္ကန်းကို ကိုယ်တိုင်ပေးပြီးနောက်, စိတ်ဆိုးသည် မိမိ၏ ပင်ကိုယ်စိတ် မရှိသည် ဖြစ်၍ ကိုယ်တိုင်မူလည်း အဘင်းယူအံ့၊ တစ်ယောက်ယောက်ကိုမူလည်း အတင်းယူခိုင်းအံ့၊ ထိုရလာသော သင်္ကန်းသည် နိဿဂ္ဂိယ်ထိုက်၍ ထို ရဟန်းလည်း ပါစိတ်အာပတ်သင့်သည်။

## ၈။ သုတ္တဝိညတ္တိသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ။**
**အမှု-ချည်တို့ကိုများစွာတောင်းမှု။**

**ချည်များစွာ တောင်းခြင်း** ဆဗ္ဗဂ္ဂီယ ရဟန်းတို့သည် သင်္ကန်းချုပ်ချိန် အခါကာလ၌ ချည်တို့ကို များစွာ တောင်းကြလေ၏၊ သင်္ကန်းချုပ်ပြီးသော်လည်း များစွာပိုနေသေး၏၊ ထိုအခါ အခြားချည်တို့ကို ထပ်မံတောင်း၍ ရက်ကန်းသမားတို့ကို သင်္ကန်းအရက် ခိုင်းရလျှင် ကောင်းမည်''ဟုကြံ၍ ထိုအကြံအတိုင်း ထပ်မံတောင်း၍ အရက်ခိုင် ကြလေသည်၊ သင်္ကန်းရက်ပြီးနောက်လည်း ချည်များစွာ ပိုနေသေးရကား နောက်ထပ်ဖြည့်စွက်တောင်းယူ၍ ၂-ကြိမ်မြောက်လည်းကောင်း၊ ၃-ကြိမ်မြောက်လည်းကောင်း အရက်ခိုင်းကြလေသည်၊ ထိုအခါ လူတို့ကဲ့ရဲ့ကြသည်ကို ရဟန်းတော်များကြား၍ ဘုရားထံ လျှောက်ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်၊ ထို့ကြောင့် ဤသိက္ခာပုဒ်ကို ကိုယ်တိုင် ချည်ကို တောင်း၍ ရက်ကန်းသမားတို့ကို ရက်စေမှုကြောင့် ပညတ်ရသော သိက္ခာပုဒ် ဟုမှတ်။

**သိက္ခာပုဒ်။** ။**ယော ပန ဘိက္ခု သာမံ သုတ္တံ ဝိညာပေတွာ တန္တဝါယေဟိ စီဝရံ ဝါယာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင် ရဟန်းသည် ကိုယ်တိုင် ချည်ကိုတောင်း၍ ရက်ကန်းသမားတို့ကို အရက်ခိုင်းအံ့၊ ထိုရဟန်းသည် နိဿဂ္ဂီယ ပါစိတ် အာပတ်သင့်၏။

---

## ၉။ မဟာပေသကာရသိက္ခာပုဒ်

**အမှုသည်-ရှင်ဥပနန္ဒ။**
**အမှု-မိမိဖို့ရည်မှန်းသော သင်္ကန်းကို ရည်မှန်းသော အဖိုးတက်ပို၍ ကုန်အောင်စီမံမှု။**

**ရှင်ဥပနန္ဒ၏ လောဘ** သာဝတ္ထိမြို့၌ ယောကျ်ားတစ်ယောက်သည် အရပ်တစ်ပါးသို့ သွားခါနီးဝယ် သူ့ဇနီးကို ''ချည်ကိုချိန်၍ ရက်ကန်းရက်သူအား ပေးပြီးလျှင်, သင်္ကန်း အရက်ခိုင်းထားပါ, ပြန်လာသောအခါ အရှင်ဥပနန္ဒအား သင်္ကန်းလှူမည်''ဟု မှာထားနေ၏၊ ထိုစကားကို ရဟန်းတစ်ပါး ဆွမ်းခံသွားစဉ် ကြားခဲ့၍ အရှင်ဥပနန္ဒအား

ပြောပြလေသည်၊ ထို ရက်ကန်း ရက်မည့်သူလည်း ရှင်ဥပနန္ဒ၏ ဒါယကာပင် ဖြစ်၏၊ ထို့ကြောင့် ရှင်ဥပနန္ဒသည် ထိုရက်ကန်းသည်ထံသွား၍ "ဒါယကာ.... ငါ့ကို ရည်မှန်း၍ ဤသင်္ကန်းကို ရက်စေခြင်း ဖြစ်သည်၊ အလျား ရှည်အောင် လည်း ပြုပါ, အနံ ပြန့်အောင်လည်း ပြုပါ, ပိတ်ပိတ်သဲသဲ ထူထဲအောင်လည်း ပြုပါ, ကောင်းစွာ ညီညီလည်း ရက်ပါ၊ စင်ဖော၌ ကောင်းစွာ ညီညီလည်း ဖြန့်ခင်းပါ, နယ်ဖြင့်လည်း ကောင်းစွာ ကန်ပါ, ဘီးဖြင့်လည်း ကောင်းစွာ ဖြီးပါ" ဤသို့ ပြောလေသည်။

ထိုအခါ ရက်ကန်းသည်က ပြန်လျှောက်သည်မှာ— ချည်ကိုချိန်ပြီးမှ ပေး ထားပါသည်၊ အလျားရှည်အောင်, အနံပြန့်အောင် ထူအောင်တော့ မဘတ် နိုင်ပါ၊ ချည်ပို၍မကုန်သော် ကောင်းစွာဖြန့်မှု စသည်ကိုသာ ဘတ်နိုင်ပါမည်၊ ဒကာ ငါ တိုက်တွန်း ဖောင်းပန် ပါခဲစေ (ငါ ပြောသလို ရက်ပါ-ဟု ဆိုလိုသည်)၊ ထိုချည်ဖြင့် ချို့တဲ့ခြင်း, (လိုနေခြင်း) ဖြစ်လိမ့်မည် မဟုတ်ပါ၊ လိုနေလျှင် သူကပြောပေးမလိုလို-လေသံပေးသေသည်၊ ) ထိုအခါ ထိုရက်ကန်း သည်သည် ထို ပထမ ယူဆောင်အပ်သော ချည်အားလုံးကို သုံး၍ (မလောက် သဖြင့်) ထိုမိန်းမထံ တောင်းလေရာ, ထိုမိန်းမက "ဒီချည်ဖြင့် ရက်ပါလို့ တိုင်းပြီးပေးထားသည် မဟုတ်ပါလား"ဟု ပြောလေသော်, အရှင်မပြောတာ မှန်ပါတယ်၊ သို့သော်—ရှင်ဥပနန္ဒက အလျားရှည်ရှည် အနံပြန့်ပြန့် ထူထူ ရက်ပါ"ဟု တိုက်တွန်းလာသောကြောင့် ချည်မလောက်ကြောင်း ပြောသဖြင့် ပထမချည်လောက်ပင် များအောင် ပေးရပြန်လေသည်။

**အရှုံ့ရှင် ကဲ့ရဲ့ပုံ**

ထိုနောက် "ထို သင်္ကန်းလှူမည့် ဒါယကာသည် အရပ်တစ်ပါးမှ ပြန်လာပြီ" ဟု ရှင်ဥပနန္ဒ ကြား၍ ဒါယကာထံသို့ သွားလေ သော်—ထို ဒါယကာသည် မိမိဇနီးကို "ထိုသင်္ကန်း ရက်ပြီးပြီ လား"ဟု မေး၍ ရက်ပြီးသော ထိုသင်္ကန်းကို ဇနီးသည်က သူ၏ ခင်ပွန်းအား ပေးပြီးလျှင် နောက်ထပ် ချည်ပေးရပုံနှင့် တကွ အကြောင်းစုံကို ပြောပြလေ သည်၊ ထိုဒါယကာသည် ထိုသင်္ကန်းကို(စိတ်မကျေမနပ်နှင့်' လှူလိုက်ပြီးနောက် ဤ ရဟန်းတွေဟာ အလွန် လောဘ ကြီးတယ်, ရောင့်ရဲ တင်းတိမ်ခြင်း မရှိ ကြဘူး, သူတို့အား သင်္ကန်းလှူဖို့ မလွယ်ဘူး၊ ရှင်ဥပနန္ဒဟာ ငါကလဲ ဖိတ် မထားဘဲနဲ့ ဘာကြောင့် ရက်ကန်းသမားထံ သွား၍ စီမံရသလဲ" ဟု ကဲ့ရဲ့ လေသည်။

**သိက္ခာပုဒ် ပညတ်တော်မူပုံ** ထိုအကြောင်းကို ဘုရားရှင် ကြားသိတော်မူရ၍ ရှင်ဥပနန္ဒကို ထိုဒါယကာနှင့် ဆွေမျိုးတော်-မတော် မေးတော်မူပြီးလျှင် ဆွေမျိုး မတော်ကြောင်း လျှောက်သဖြင့် "ဉာတိမဟုတ်သူ တစ်ယောက်သည် ဉာတိမဟုတ်သူ တစ်ယောက်၏ လျှောက်ပတ်မလျှောက်ပတ်ကိုလည်း မသိနိုင်, သူတို့မှာ ရှိ-မရှိကိုလည်း မသိနိုင်၊ သို့ပါလျက် သင်သည် ဘာကြောင့် "ရှေးကလည်း အလိုရှိသလို စီမံပါ" စသည်ဖြင့် အလျှောက် မခံရဖူးဘဲ ဆွေမျိုးမတော်သူ၏ ( ခိုင်းထားသော ) ရက်ကန်းသည်ထံသွား၍ အပိုကုန်အောင် စီမံရသနည်း" ဟု ကဲ့ရဲ့ရှုတ်ချတော်မူပြီးလျှင် ဆွေမျိုးမတော်သူ၏ ရက်ကန်းသည်ထံ သွား၍ အပိုကုန်အောင် သကန်း စီမံမှုကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်၊ [သိက္ခာပုဒ် မြန်မာပြန်ပုံမှာ ရှေ့ပိုင်း၌ ဝတ္ထုကြောင်းအတိုင်း သင်ရှားပြီ။

**သိက္ခာပုဒ်။** ။ဘိက္ခုံ ပနေဝ ဥဒ္ဒိဿ အညာတကော ဂဟပတိ ဝါ ဂဟပတာနီ ဝါ တန္တဝါယေဟိ စီဝရံ ဝါယာပေယျ၊ တတြ စေ သော ဘိက္ခု ပုဗ္ဗေ အပ္ပဝါရိတော တန္တဝါယေ ဥပသင်္ကမိတွာ စီဝရေ ဝိကပ္ပံ အာပဇ္ဇေယျ၊ "ဣဒံ ခေါ အာဝုသော စီဝရံ မံ ဥဒ္ဒိဿ ဝိယျတိ၊ အာယတဉ္စ ကရောထ၊ ဝိတ္ထတဉ္စ အပ္ပိတဉ္စ သုဝီတဉ္စ သုပ္ပဝါယိတဉ္စ သုဝိလေခိတဉ္စ သုဝိတစ္ဆိတဉ္စ ကရောထ၊ အပ္ပေဝနာမ မယမ္ပိ အာယသ္မန္တာနံ ကိဉ္စိမတ္တံ အနုပဒဇ္ဇေယျာမာ"တိ၊ ဧဝဉ္စ သော ဘိက္ခု ဝတွာ ကိဉ္စိမတ္တံ အနုပဒဇ္ဇေယျ အန္တမသော ပိဏ္ဍပါတမတ္တမ္ပိ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

အပ္ပေဝနာမ။ ။ပေ။ ပိဏ္ဍပါတမတ္တမ္ပိ—"ငါတို့ကလည်း သင်ဒါယကာတို့အား တစ်စုံတစ်ခုတော့ ပေးနိုင်ကောင်း ပေးနိုင်ပါလိမ့်မည်" [ဤစကားကား ကောင်းကောင်းရက်အောင် ရက်ကန်းသမားကို ချော့မော့ဖျားယောင်းသော စကားတည်း၊ ]ဤသို့ပြော၍တစ်စုံတစ်ခုနည်းနည်းပါးပါးဆွမ်းကလေးဖြစ်စေ ပေးအံ့၊ ထိုသင်္ကန်း နိဿဂ္ဂိထိုက်၍ ရဟန်းလည်း ပါစိတ်အာပတ် သင့်၏၊ [သူ၏ တစ်စုံတစ်ခု ပစ္စည်းကို ပေးခြင်းကြောင့်ဖြစ်စေ, အထူးကောင်းအောင် ရက်ရာ၌ အလျားရှည်, အနံပြန့်, ထူထူထဲထဲ ဖြစ်အောင် ရက်လျှင် ချည်ပို၍ ကုန်ဖွယ် ရှိ၏၊ ထိုချည် အပိုကုန်ခြင်းကြောင့် ယိုသင်္ကန်း နိဿဂ္ဂိ ထိုက်ရသည်၊ ဆွမ်းစသည်ကို ပေးမှုကြောင့် နိဿဂ္ဂိ ထိုက်ခြင်း မဟုတ်၊ ရှေ့ သိက္ခာပုဒ်နှင့်

ဤသိက္ခာပုဒ်နှစ်မျိုးလုံးပင် ရက်ကန်းသည်နှင့်စပ်၍ ဖြစ်ရ၏၊ ပေသကာရ သဒ္ဒါသည် တန္တဝါယသဒ္ဒါကဲ့သို့ ရက်ကန်းရက်သူကိုဟော၏၊ ဤသိက္ခာပုဒ် ကား ရှေ့သိက္ခာပုဒ်ထက် ရှည်လျားကျယ်ဝန်း၏၊ ထို့ကြောင့် ဤသိက္ခာပုဒ် ကို "မဟာပေသကာရ = ရှည်လျားသော ရက်ကန်းသည် သိက္ခာပုဒ်"ဟု နာမည်မှည့်ကြလေသည်။]

---

## ၈။ အစ္စေကစိဝရသိက္ခာပုဒ်

အမှုသည်- ရဟန်းအများ။

အမှု=အစ္စေကသင်္ကန်းကို ကြာရှည်စွာထားမှု။

**အစ္စေကသင်္ကန်းနှင့်ပြုတော်မူရပုံ** သာဝတ္ထိမြို့၌အမတ်ကြီးတစ်ယောက်သည် စစ်တပ်ရှိရာ (အရပ်တစ်ပါး)သို့ သွားခါနီး၌ ဝဿာဝါသိက သင်္ကန်းကို လှူဒါန်းလိုပါသည်ဟု မှာ၍ ရဟန်းများ အထံသို့ တမန်လွှတ်၍ အပင့်ခိုင်းလေသည်၊ ထိုအခါ ရဟန်းများသည် "ဝါကျွတ်ပြီးသော ရဟန်းတို့အားသာ ဝဿာဝါသိကသင်္ကန်းကိုခွင့်ပြုတော် မူ၏၊ (ယခုဝါမကျွတ်သေး၍ အပ်မည်မထင်)"ဟု သံသယကုက္ကုစ္စဖြစ်ကြ သောကြောင့် မသွားဘဲ နေကြလေသည်၊ ထိုအခါ အမတ်ကြီးသည် "ဘယ့်ကြောင့် အရှင်မြတ်တို့သည် ငါက ပင့်အပ်ပါကုန်လျက် မလာဘဲ နေကြရပါလိမ့်မည်နည်း၊ ယခုစစ်ကပ်သို့သွားရမည်ဖြစ်၍ ငါ၏အသက်ကို သိဖို့(စိတ်ချဖို့) ခဲယဉ်းသည်"ဟု ကဲ့ရဲ့သောကြောင့် ဘုရားရှင်သည်အစ္စေက စီဝရကို ခံယူထားဖို့ရန် ခွင့်ပြုတော်မူရလေသည်။

**မှတ်ချက်။** ။ဝဿာဝါသိက သင်္ကန်းဟူသည် ဝါတွင်း ကာလပတ်လုံး ဝါမကျိုးအောင် နေပြီးသောရဟန်းများအား လှူအပ်သောသင်္ကန်း တည်း၊ ယခုကာလ၌ကား ဝါမဆိုခင် (ဝါဆိုသည့်အခါငတ်ဖို့ရန်) ဝါဆိုသင်္ကန်းလှူလေ့ရှိကြ၏၊ ထိုဝါဆိုသင်္ကန်းသည် ဝဿာဝါသိက သင်္ကန်းမဟုတ်။

အစ္စေကသင်္ကန်း အရပ်တစ်ပါးသို့ သွားခါနီးဖြစ်၍ အသက်ကို စိုးရိမ်ရသောကြောင့်ဖြစ်စေ, ကိုယ်ဝန်ရှိနေ၍ မကျန်းမာဖြစ်နေ၍ အသက်စိုးရိမ်ရသောကြောင့်ဖြစ်စေ,အဆောတလျင်(ရက်ကြာကြာ ဆိုင်းငံ့မနေလိုဘဲ အရေးတကြီး အလျင်အမြန်) လှူအပ်သော သင်္ကန်း, တရားနာရခြင်း စသည့်ကြောင့် သဒ္ဓါတရားဖြစ်၍ အရေး တကြီးလှူအပ်သော သင်္ကန်းများတည်း၊ ထိုသို့ အရေးတကြီးလှူရာ၌

လည်း "ဝဿာဝါသိကံ ဒဿာမိ = ဝါလပတ်လုံး နေပြီးသော ရဟန်းအားလှူပါ၏"ဟု ဆို၍လှူမှသာ ဤသိက္ခာပုဒ်နှင့်ဆိုင်သော အစ္စေကသင်္ကန်းဖြစ်သည်၊ ထိုသို့မဆိုဘဲ လှူရိုးလှူစဉ်အတိုင်း အရေးတစ်ကြီးလာ၍ "ဤသင်္ကန်းကိုလှူပါ၏"ဟုဆိုလျှင် အစ္စေကသင်္ကန်းဟု ခေါ်နိုင်သော်လည်း ဤသိက္ခာပုဒ်နှင့်မဆိုင်။

[ဆောင်] ဒေါ်သွားမည်, ဂဗ္ဘိနီနှင့်, မအိမကျန်း, သဒ္ဓါစွမ်းကြောင့်-ရဟန်းထံရင်း-ရုတ်ချင်းပင့်ကာ, လာတန်လာ၍, ဝဿာဝါသိ-ဒဿာမိဟု-ဆိုဘိလှူဒါန်း, တိုသင်္ကန်း, ခေါ်မှန်းအစ္စေက။

**အစ္စေကသင်္ကန်းကို ကြာမြင့်စွာထားမှု**

"မြတ်စွာဘုရားသည်အစ္စေကသင်္ကန်းကိုခံယူ၍ထားဖို့ရန် ခွင့်ပြုတော်မူအပ်ပြီ"ဟု ကြားကြ၍ အစ္စေကသင်္ကန်းကို ခံယူပြီးလျှင် သင်္ကန်းကာလကုန်လွန်သော်လည်း အဓိဋ္ဌာန်ဝိကပ္ပနာမပြုကြဘဲ သင်္ကန်းတန်း၌ အထုပ်ဖြင့် ဆွဲထားကြသည်ကို အရှင်အာနန္ဒာမြင်တော်မူ၍ ကဲ့ရဲ့ပြီးလျှင်ဘုရားရှင်အားလျှောက်သောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်၊ ["သင်္ကန်းကာလ"ဟူသည် ကထိန်အကျိုး(အာနိသင်)မရလျှင် သီတင်းကျွတ်လပြည့်မှ တန်ဆောင်မုန်းလပြည့်အထိ တစ်လတည်း၊ ကထိန်အာနိသင်ရလျှင် တပေါင်းလပြည့် အထိ ၅-လတည်း၊ ထိုလရက်အတွင်း၌ အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ သင်္ကန်းထားနိုင်သောကြောင့် "သင်္ကန်းကာလ"ဟု ခေါ်သည်။]

**သိက္ခာပုဒ်။** ။ဒသာဟာနာဂတံ ကတ္တိကတေမာသိက ပုဏ္ဏမံ ဘိက္ခုနော ပနေဝ အစ္စေကစီဝရံ ဥပ္ပဇ္ဇေယျ၊ အစ္စေကံ မညမာနေန ဘိက္ခုနာ ပဋိဂ္ဂဟေတဗ္ဗံ၊ ပဋိဂ္ဂဟေတွာ ယာဝစီဝရကာလသမယံ နိက္ခိပိတဗ္ဗံ၊ တတော စေ ဥတ္တရိ နိက္ခိပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

**မြန်မာပြန်။** ။သီတင်းကျွတ်လပြည့်မှီ ၁၀-ရက် လိုသေးသော အချိန်ကာလအတွင်း၌ (သီတင်းကျွတ်လဆန်း ၅-ရက်မှ လပြည့်အထိ ၁၁-ရက်အတွင်း၌) အစ္စေကသင်္ကန်းရသောရဟန်းသည် အစ္စေကသင်္ကန်းဟုသိလျှင် ခံယူနိုင်၏၊ ခံယူပြီး၍ အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ သင်္ကန်းကာလကုန်အောင်ထားနိုင်၏ ထိုသင်္ကန်းကာလထက် လွန်၍ (အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ)ထားလျှင် နိဿဂ္ဂိထိုက်၍ ပါစိတ်အာပတ်သင့်၏။ ထိုထက်လွန်၍မှတ်ဖွယ်ကို ပါတိမောက်ဘာသာ ဋီကာမှာရှု။

## ၈၂။ သာသက်သိက္ခာပုဒ်

**အမှုသည်-တောကျောင်းရဟန်းအများ။**

**အမှု-၆-ညဉ့်ထက်ပို၍သက်နိုင်းနှင့်ကင်းနေမှု။**

တောကျောင်းဘုန်းကြီးများအနိုးခံရပုံ — နဂိုကတောကျောင်း၌ နေလေ့ရှိကြသော ရဟန်းတော်တို့သည် သင်္ကန်းရှားပါးခြင်းကြောင့် သင်္ကန်းရဖို့ရန် ရွာကျောင်းသို့လာ၍ ဝါကပ်ကြလေ၏၊ [ရွာကျောင်း၌ ဝါကျွတ်လျှင် ဝဿာဝါသိက သင်္ကန်းရတတ်၏၊ ထိုသင်္ကန်းကို မျှော်လင့်ကြဟန်တူသည်၊] ဝါကျွတ်သည့်အခါ သင်္ကန်းရသဖြင့် တောကျောင်းသို့ပြန်၍ နေမြဲနေကြပြန်လေသည်၊ [တစ်ချို့အရပ်၌ တန်ဆောင်မုန်းလ၁ယ် "ပန်းတိုးကာလ"ဟု ခေါ်၍ အပျော်အပါး ခိုးတမ်းကစားတတ်ကြ၏၊ ရှေးအခါက မူ အပျော်အပါးမဟုတ်ဘဲ ဓားပြတိုက်သူခိုးများပင်ထိုတန်ဆောင်မုန်းလ၌ခိုးကြလေသည်၊ ထိုသူခိုးများကို "ကတ္တိကစောရ တန်ဆောင်မုန်းလသူခိုး" ဟု ခေါ်၏] ထိုကတ္တိကစောရတို့သည် "ရဟန်းများမှာလာဘ်ပေါများသည်" ဟု အယူရှိ၍ တောကျောင်းဘုန်းကြီးများကို လုယက်ခိုးယူကြသဖြင့် ဘုရားရှင်အား လျှောက်ကြလေရာ "တောကျောင်းနေ ရဟန်းများသည် သင်္ကန်း ၃-ထည်တွင် တစ်ထည်ထည်ကို ရွာထဲ၌ထားခြင်းငှာ ခွင့်ပြုတော်မူရလေသည်၊ [ထိုခွင့်ပြုတော်မူချက်အရ တိစီဝရိက်အဓိဋ္ဌာန် တင်ထားအပ်သောသင်္ကန်းနှင့် ကင်းနေသော်လည်း ဒုတိယကထိန (ဥဒေါသိတ) သိက္ခာပုဒ်ကြောင့် အပြစ်မရှိ။]

၆-ညဉ့်ထက်လွန်၍ကင်းနေမှု — ဤသို့ ရွာတွင်း၌ ထားခွင့်ပြုတော်မူလျှင်ပင် အချို့ရဟန်းများသည် ၆-ညဉ့်ထက်ကျော်အောင် ထားသောကြောင့် ထိုသင်္ကန်းတစ်ချို့ ပျက်စီးကုန်ရကား သင်္ကန်းခေါင်းပါး(ရှားပါး)ကြလေသည်၊ ထိုအကြောင်းကို အခြားရဟန်းများသိ၍ "ရွာတွင်း၌ထားပြီးလျှင် ၆-ညဉ့်ထက် ကျော်လွန်အောင်ထိုသင်္ကန်းနှင့်ကင်း၍ ဘာ့ကြောင့် နေကြရသလဲ"ဟု ကဲ့ရဲ့ပြီး၍ ဘုရားအား လျှောက်ကြလေရာ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ဥပဝဿံ ခေါ ပန ကတ္တိကပုဏ္ဏမံ ယာနိ ခေါ ပန တာနိ အာရညကာနိ သေနာသနာနိ သာသင်္ကသမ္မတာနိ သပ္ပဋိဘယာနိ၊ တထာရူပေသု ဘိက္ခု သေနာသနေသု ဝိဟရန္တော အာကင်္ခမာ-

နော တိဏ္ဏံ စီပရာနံ အညတရံ စီဝရံ အန္တရဃရေ နိက္ခိပေယျ၊ သိယာစ တဿ ဘိက္ခုနော ကောစိဒေဝ ပစ္စယော တေန စီဝရေန ဝိပ္ပဝါသာယ၊ ဆာရတ္တပရမံ တေန ဘိက္ခုနာ တေန စီဝရေန ဝိပ္ပဝသိတဗ္ဗံ၊ တတော စေ ဥတ္တရိ ဝိပ္ပဝသေယျ အညတြ ဘိက္ခုသမ္မုတိယာ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

မြန်မာပြန်။ ။မကြိုးမပြတ်အောင် ဝါကပ်ပြီး၍ (ဝါကျွတ်ပြီးနောက်) (သူခိုး ဓားပြဘေးတို့ဖြင့်) ရွံရှာဖွယ် ရှိသည် ဘေးရန်ရှိသည်-ဟု သမုတ်အပ်သော တောကျောင်းတို့၌ တန်ဆောင်မုန်းလပြည့် တိုင်အောင် နေထိုင်လိုသောရဟန်းသည် တိစီဝရိက် အဓိဋ္ဌာန်တင် ထားသော သင်္ကန်း ၃-ထည်တို့တွင် တစ်ထည်ထည်ကို (တစ်ဂါဝုတ်ထက် မဝေးသော) မိမိ၏ဆွမ်းခံရွာ၌ထားနိုင်၏, ထားကောင်း၏၊ [ထိုသို့ ထားရှိရုံမျှဖြင့်ကား နေ့တိုင်း ဆွမ်းခံရောက်မည်ဖြစ်၍ ထိုသင်္ကန်း အကြောင်းကို(ဘေးရန်ရှိမရှိ)နေ့တိုင်း သိနိုင်သောကြောင့် ထိုသင်္ကန်း နှင့် အရုဏ်တက်ချိန်မှာ တစ်လလုံးလုံး ကင်းနေသော်လည်း အပြစ် မရှိဟူလို၊] ထိုသို့ထားရုံတွင်မကဘဲ ထိုသင်္ကန်းနှင့် ကင်းနေဖို့ရန် အကြောင်းတစ်စုံတစ်ရာ (နေ့တိုင်း မလာနိုင်လောက်အောင် တော်တော်ဝေးသောအရပ်သို့ သွားဖွယ်ကိစ္စစသည်)ရှိအံ့၊ ထိုရဟန်းသည် ထိုသင်္ကန်းနှင့်အလွန်ဆုံး ၆-ညဉ့်မျှကင်း၍ နေနိုင်သေး၏၊ ထို၆-ညဉ့် ထက်ပို၍ ကင်းနေလျှင်ကား (ဒုတိယကထိန သိက္ခာပုဒ်၌ပြခဲ့သော) အဝိပ္ပဝါသသမ္မုတိရသူ ဂိလာနရဟန်းကို ကြဉ်၍ အခြား ရဟန်း တို့မှာ သင်္ကန်းလည်း နိသဂ္ဂိထိုက်၍ ပါစိတ်အာပတ်လည်း သင့်သည်။

မှတ်ချက်။ ။သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလ ပြည့်အထိသည် သင်္ကန်းကာလဖြစ်၏၊ ထိုသင်္ကန်း ကာလ၌ပင် သင်္ကန်းနှင့်ညဉ့် ကင်းနေခွင့်ကို တောကျောင်းဘုန်းကြီးများအတွက် သီးခြားခွင့်ပြုချက်ကိုထောက်၍ အခြားပုဂ္ဂိုလ်များမှာ ကထိန်အာနိသင် မရလျှင် သင်္ကန်းကာလဖြစ်စေကာမူ တိစီဝရိက် အဓိဋ္ဌာန် သင်္ကန်းနှင့် ညဉ့်မကင်းရဟု သိသာပြီ။ ။

## ၉။ ပရိဏတ သိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။**

**အမှု—သံဃာလှူမည့်သင်္ကန်းကို မိမိသို့လှူစေမှု။**

**သံဃာညွတ်ပြီးသားကို မိမိသို့ညွတ်စေမှု** သာဝတ္ထိမြို့၌ အသင်း တစ်သင်းသည် သံဃာအား ဆွမ်းကပ်ပြီးလျှင် သင်္ကန်းလှူမည်–ဟု သင်္ကန်းနှင့်တကွ ဆွမ်းကို စီမံထားလေသည်၊ ထိုအချိန်မှာပင် ဆဗ္ဗဂ္ဂီယ ရဟန်းတို့သွား၍ "သင်္ကန်းတွေကို ငါတို့အား လှူကြပါ"ဟု ပြောလေ၏၊ ဒါယကာများက "အရှင်တို့အား မလှူနိုင်,သံဃာအား နှစ်စဉ်လှူနေကြဖြစ်သည်"ဟု ပြောလေသော် "သံဃာမှာ လှူသူတွေပေါများ ပါတယ်, ငါတို့မှာတော့ ဒါယကာတို့ကိုသာ အားကိုးနေရပါတယ်,ဒါယကာ တို့ကမှ မလှူလျှင် ဘယ်သူကလှူမှာတုန်း"ဟု စကားဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ မလွဲမရှောင်သာသောကြောင့် သင်္ကန်းတွေကို လှူလိုက်ကြရသဖြင့် သံဃာ တော်အား ဆွမ်းချည်းသာ ကပ်ရတော့သည်၊ ထိုအကြောင်းကို အခြား ရဟန်းများသိ၍ ဘုရားရှင်အား လျှောက်ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ် တော်မူရလေသည်၊

**သိက္ခာပုဒ်။** ။**ယော ပန ဘိက္ခု ဇာနံ သံဃိကံ လာဘံ ပရိဏတံ အတ္တနော ပရိဏာမေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင်ရဟန်းသည် လာဘ်တစ်ခုခုကို သံဃာသို့ ညွတ်ပြီး (သံဃာကိုလှူမည်ဟု ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ ပြောဆို ကိုင်း ညွတ်ပြီး)ဟု သိပါလျက် သံဃိကဖြစ်နေသော လာဘ်ကို မိမိသို့ညွတ် စေလျှင် (မိမိသို့ညွတ်လာအောင် သွေးဆောင်ပြောဆို ဖြားယောင်း လျှင်) ထိုပစ္စည်းကို နိဿဂ္ဂိထိုက်၍ ရဟန်းလည်း ပါစိတ်အာပတ်သင့် သည်။

**မှတ်ချက်။** ။သံဃာအား ညွတ်ပြီးသော ပစ္စည်းလာဘ်ကို မယ်တော့ ပစ္စည်းပင် ဖြစ်သော်လည်း မိမိအားမညွတ်စေကောင်း၊ ညွတ်စေ လျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏၊ သံဃိကလာဘ်ကို အခြား ပုဂ္ဂိုလ်အား ညွတ်စေရာ၌ ပါစိတ်အာပတ်သင့်ကြောင်းကို နောက်၌ ပြလိမ့်မည်၊ အခြားတိုက် သံဃာသို့ ညွတ်ပြီး လာဘ်ကို အခြား တစ်တိုက်သံဃာသို့ ဖြစ်စေ စေတီသို့ဖြစ်စေ ညွတ်စေလျှင်လည်း ကောင်း, စေတီသို့ညွတ်ပြီး လာဘ်ကို အခြားစေတီနှင့် သံဃာသို့ ညွတ်စေလိုလျှင်လည်းကောင်း, ပုဂ္ဂိုလ်တစ်ပါးသို့ညွတ်ပြီးလာဘ်ကို

သံဃာစေတီနှင့် အခြားပုဂ္ဂိုလ်သို့ ညွှတ်စေလျှင်လည်းကောင်း, ဒုက္ကဋ်အာပတ်သင့်၏၊ ''မည်သည့်နေရာ၌ လှူသင့်ပါသနည်း''ဟု တိုင်ပင်လာလျှင်ကား မိမိသဘောအတိုင်း ညွှန်ပြကောင်း၏။

[ဆောင်] သံဃာစေတီ, တစ်လီလီဝယ်, ရည်ရွယ်ပိုင်းခြား, ညွှတ်ပြီးသားကို, အခြားသံဃာ-စေတီမှာပင်, ပြောင်းကာညွှတ်စေ၊ တစ်ထွေပုဂ္ဂိုလ်, ညွှတ်ပြီးဆိုလည်း, ပုဂ္ဂိုလ်တခြား, သံဃာများနှင့်, ဘုရားစေတီ, ညွှတ်စေမိသော်, သင့်၏ဒုက္ကဋ်၊ တိုင်ပင်လတ်မူ, သင့်မြတ်တော်ရာ, ညွှန်ကောင်းပါသည်, ကျမ်းလာမိန့်ခွန်းအချုပ်တည်း။

**နိဿဂ္ဂိယပါစိတ်အခန်း ပြီး၏။**

# ၅။ သုဒ္ဓပါစိတ်အခန်း

## မုသာဝါဒဝဂ်

### က။ မုသာဝါဒသိက္ခာပုဒ်

**အမှုသည်-ရှင်ဟတ္ထက။**
**အမှု-မုသားပြောမှု။**

ဝါဒပြိုင်ခြင်း သာကီဝင် မင်းသား ရှင်ဟတ္ထကသည် ဝါဒပြိုင်လေ့ရှိ၏၊ သူသည် တိတ္ထိတို့နှင့် အတူစကားပြောသောအခါ "သူ၏ ဝါဒ၌အပြစ်ရှိ၏"ဟုထင်လျှင်"မိမိဝါဒမဟုတ်"ဟုပယ်၏၊ပြောရင်းပြောရင်း "အပြစ်မရှိ"ဟု ကင်ပြန်လျှင်" "မိမိပါဒ"ဟု ပန်ခံပြန်၏၊ ထို့အတူဝန်ခံပြီးမှ လည်း ပယ်တတ်၏၊ အကြောင်းအမျိုးမျိုးပြ၍လည်း မိမိစကားကို ဖုံးကွယ် တတ်၏၊ မုသားလည်းပြောတတ်၏၊ "မည်သည့်အရပ်၌ မည်သည့်အချိန် ဝါဒပြိုင်ကြစို့"ဟုချိန်းချက်ပြီးလျှင် ထိုသတ်မှတ်ထားသောအချိန်၏ ရှေးကျ ကျဖြစ်စေ နောက်ကျမှဖြစ်စေ သွား၍ တိတ္ထိတို့ကိုမတွေ့သည့်အခါ"ကြည့်ကြ, တိတ္ထိတွေမလာကြဘူး, သူတို့ရှုံးပြီ" ဟု ပြောကာ အနိုင်ယူသွားတတ်၏၊ ထို့ကြောင့် တိတ္ထိတို့က ကဲ့ရဲ့ကြလေသည့်၊ တိတ္ထိတို့ကဲ့ရဲ့သည်ကို ရဟန်းများ ကြား၍ ရှင်ဟတ္ထကအား "ဒီလိုပြောသလား"ဟု မေးလျှင် "တိတ္ထိတို့ကို ဘယ်နည်းနှင့်မဆို နိုင်ရမယ်, သူတို့အား အနိုင်မပေးရဘူး"ဟု ပြောတတ်၏၊ ဤအကြောင်းကို ဘုရားရှင်အား လျှောက်ကြသဖြင့် ဤသိက္ခာပုဒ်ကိုပညတ် တော်မူရလေသည်။

**သိက္ခာပုဒ်။** ။သမ္ပဇာနမုသာဝါဒေ ပါစိတ္တိယံ။

**မြန်မာပြန်။** ။မိမိစကားကို (မိမိကိုယ်တိုင်ကမဟုတ်မမှန်ဟု သိပါလျက်) မဟုတ်မမှန်သော စကားကိုပြောဆိုခြင်းကြောင့် ပါစိတ် အာပတ် သင့်၏။

**မှတ်ချက်။** ။"မုသာ"ဟူရာ၌ လိမ်လည်ခြင်း,ညာဖြန်းခြင်း, လှည့်စားခြင်း စသောမဟုတ်မမှန်မှုအားလုံးပါဝင်၏၊ "ဝါဒ=ပြောခြင်း"ဟူရာ၌ လက်ပြခြေပြ ခေါင်းညိတ် ခေါင်းခါမှုနှင့် စာရေးသားမှု စသည်တို့ ပါဝင်၏၊ [ဤပါစိတ်အာပတ်၌ ပစ္စည်း တစ်စုံတစ်ရာ စွန့်ရခြင်းဟူ သော "နိဿဂ္ဂိယ"မပါ၊ ထို့ကြောင့် "သုဒ္ဓပါစိတ်"ဟုခေါ်သည်၊ သုဒ္ဓ = နိဿဂ္ဂိယနှင့် မဖက်သက်သက် သန့်သန့် = သတ်သတ်)။]

## ၁။ ဩမသဝါဒသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ၊**
**အမှု-ဆဲရေးရှုတ်ချမှု။**

**ဆဲရေးရှုတ်ချမှု** ဆဗ္ဗဂ္ဂိယ ရဟန်းတို့သည် သီလကို မြတ်နိုးကြသော ရဟန်းကောင်းတို့နှင့် ငြင်းခုံကြစဉ် ထိုရဟန်းတော်တို့ကို အမျိုးဇာတ်ထိခိုက်၍ (ခတ္တိယ, ဗြဟ္မဏ, စဏ္ဍာလစသည်ဖြင့် ပုတ်ခတ်) ပြော ဆို၏၊ နာမည်ကိုထိခိုက်၍ လည်းကောင်း, အနွယ်ကိုထိခိုက်၍ လည်းကောင်း, မျိုးရိုးအလိုက် လုပ်ကိုင်ခဲ့သော အလုပ်ကိုထိခိုက်၍ လည်းကောင်း, အသက် မွေးမြေးကျောင်းဖြစ်သောအတတ်ကိုထိခိုက်၍လည်းကောင်း, အနာရောဂါကို ထိခိုက်၍လည်းကောင်း, အသွင်သဏ္ဌာန်ပုံဟန်ကို ထိခိုက်၍ လည်းကောင်း, ရာဂကြီးသူစသည်ဖြင့် ကိလေသာကို ထိခိုက်၍လည်းကောင်း, သင့်နေသော အာပတ်ကို ထိခိုက်၍လည်းကောင်း, တစ်စုံတစ်ခုကို မထိခိုက်ဘဲ "နွားကြီးပဲ, ခွေးပဲ" ဟုလည်းကောင်း, ဤသို့စသည်ဖြင့် ဆဲရေးကြ ရှုတ်ချကြလေသည်၊ ထိုအမှုကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။

**သိက္ခာပုဒ်။** ။ဩမသဝါဒေ ပါစိတ္တိယံ။

**မြန်မာပြန်။** ။နှုတ်တည်းဟူသော လှံဖြင့် ထိုးခြင်းကြောင့် ပါစိတ် အာပတ်သင့်၏။

**မှတ်ချက်။** ။ပြခဲ့သော ဆဲနည်းဆယ်မျိုးကို အက္ကောသဝတ္ထု (ဆဲခြင်း၏ အကြောင်း) ဆယ်ပါးဟုခေါ်၏၊ ထိုဆယ်မျိုးဖြင့် (အမျိုးဇာတ် စသည်ကို ထိခိုက်၍) ရဟန်းကိုဆဲလျှင် ဤသိက္ခာပုဒ်အရ ပါစိတ်၊ ဘိက္ခုနီ,သာမဏေ (ကိုရင်),လူများကိုဆဲလျှင် ဒုက္ကဋ်အာပတ် သင့် ၏၊ ထိုသို့ ဆဲသောအခါ အဆဲခံရသူမှာ နားလည်းမခံသာ စိတ်နှလုံး လည်း မခံသာအောင် နာရကားလှံဖြင့် အထိုးခံရသကဲ့သို့ ဖြစ်သော ကြောင့် ဆဲဆိုကြောင်း စကားလုံးကို လှံဟုလည်းကောင်း ဆဲမှုကို လှံဖြင့်ထိုးခြင်းဟုလည်းကောင်း တင်စား၍ "နှုတ်လှံထိုးခြင်း" ဟု ဆိုသည်။

**ဆဲပုံနှင့်အာပတ်အမျိုးမျိုး။** ။အဟုတ်စိတ်ဆိုး၍ ဒွန်းစဏ္ဍား ဇာတ်ရှိသူကို "ဟဲ့ဒွန်းစဏ္ဍား" ဟုလည်းကောင်း, မင်းဇာတ်ရှိသူကို "ဟဲ့မင်းမျိုး" ဟုလည်း ကောင်း ဆဲလို၍ပြောလျှင် ပါစိတ်အာပတ်ပင်တည်း၊ ထိုအက္ကောသဝတ္ထုများ ဖြင့်ပင် တိုက်ရိုက်မဆဲဘဲ "ယခုကာလ၌ဒွန်းစဏ္ဍားများရှိတယ်ဟေ့" စသည်ဖြင့် ဖောင်း၍ပြောလျှင် ဒုက္ကဋ်အာပတ်, အက္ကောသဝတ္ထု ၁၀-ပါးမှ အလွတ် ဖြစ်သော "ဟဲ့သူခိုး" စသည်ဖြင့် ဆဲရာ၌လည်း ဒုက္ကဋ်ပင်၊ ထိုအက္ကောသ

ဝတ္ထုဖြင့်ပင် ရဟန်းဖြစ်စေ သာမဏေလူကိုဖြစ်စေ ပြောင်လှောင်လို၍ "ဟော့ ခတ္တိယကြီးလာပြီကွ" စသည်ဖြင့် ပြောရာ၌ ဒုဗ္ဘာသိတာသင့်၏။

**ဒုက္ကဋ်နှင့်,ဒုဗ္ဘာသိတ။**　။"ဒု = မကောင်းသဖြင့် + ကတ = ပြုအပ်သော အမှု" မကောင်းသဖြင့် ပြုအပ်သော ကိုယ်မှု နှုတ်မှုကို "ဒုက္ကဋ"ဟု ဆိုရ သော်လည်း ဤနေရာ၌မကောင်းသဖြင့် ပြောမှုကြောင့် သင့်ရောက်အပ်သော အာပတ်ကိုပါ (ကာရဏူပစာရအားဖြင့် "ဒုက္ကဋ"ဟု ခေါ်ရသည်၊ ထို့အတူ မကောင်းသဖြင့် ပြောဆိုအပ်သောစကားကို "ဒုဗ္ဘာသိတ"ဟု ဆိုရသော်လည်း ထိုပြောမှုကြောင့် သင့်သော အာပတ်ကိုပါ [ကာရဏူပစာရ အားဖြင့်] "ဒုဗ္ဘာသိတ"ဟု ခေါ်ရသည်၊ [ကာရဏ = အကြောင်း၏ = ဥပစာရ = တင်စားအပ်သောနာမည်။]

## ၈။ ပေသုညသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။**

**အမှု-ချောပစ်ကုန်းတိုက် (ရန်တိုက်မှု)။**

**ရန်တိုက်မှု။**　။ဆဗ္ဗဂ္ဂီယရဟန်းတို့သည် မသင့်မတင့်ဖြစ်နေကြသောရဟန်း တို့၏အထံသို့ "ကိုယ်တော့်ကို မည်သည့်ပုဂ္ဂိုလ်က စဏ္ဍာလ မျိုးဟု ပြောနေတယ်" စသည်ဖြင့် ကုန်းတိုက်ကြ၏၊ သူတို့၏ကုန်းတိုက်မှုကြောင့် မဖြစ်သေးသော ခိုက်ရန်များလည်းဖြစ်ကြ, ဖြစ်ပြီးသော ခိုက်ရန်များလည်း တိုးပွားလာကြ၏၊ ထိုအကြောင်းကို ဘုရားရှင်သိတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။

**သိက္ခာပုဒ်။**　။ဘိက္ခုပေသုညေ ပါစိတ္တိယံ။

**မြန်မာပြန်။**　။ရဟန်း၏ကုန်းတိုက်မှုကြောင့် ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။**　။ဦးတိဿသည် ဦးဒတ္တနှင့်ကွယ်ရာ၌အကြောသဝတ္ထု ၁၀-ပါးတွင် တစ်ပါးပါးဖြင့် ဦးဒတ္တကိုဆဲ၏,ထိုဆဲသံကိုဦးဓမ္မကြား၍ (ဦးတိဿနှင့် ဦးဒတ္တကွဲအောင်) ဦးဒတ္တထံသွားပြော၏၊ ဤသို့ ရဟန်းတစ်ပါးက ရဟန်းတစ်ပါးအားဆဲရာ၌ ဆဲသံကိုကြားရသောရဟန်းက ကုန်းချော သောအားဖြင့် ဆောင်ပို့ခြင်းကို "ဘိက္ခုပေသုည" ဟု ခေါ်၏၊ [ဘိက္ခု = ရဟန်း၏+ပေသုည = ကုန်းချောခြင်း, ကတုန်းကတိုက် လုပ်ခြင်း] ဘိက္ခုနီလူသာမဏေတို့ကို ကုန်းတိုက်လျှင် ဒုက္ကဋ်၊ ဤသို့

ကုန်းတိုက်ရာ၌ ကုန်းတိုက်တတ်သူမှာ ထိုသူ ၂-ဦးကိုကွဲစေလိုသော ရည်ရွယ်ချက်, မိမိကို ''ပြောဖော်ရပေသည်''ဟု ကျေးဇူးတင်ကာ ချစ်ခင်လာစေလိုသော ရည်ရွယ်ချက် ၂-မျိုးတွင်တစ်မျိုးရှိတတ်သည်။

---

## ဃ။ ပဒသောဓမ္မသိက္ခာပုဒ်

**အမှုသည်–ဆဗ္ဗဂ္ဂီရဟန်းများ။**
**အမှု-ပါဠိတော်ကိုသံပြိုင်ဆို၍စာချမှု။**

**သံပြိုင်ချပုံ။** ဆဗ္ဗဂ္ဂီယရဟန်းတို့သည် ဥပါသကာတို့အား တရားကိုသံပြိုင်ချပေးကြကုန်၏၊ ထိုကဲ့သို့ ဆရာနှင့်တပည့် သံပြိုင်ရွတ်ဆိုမှုသည်ဆရာ့အပေါ်၌ တပည့်တအရိုအသေပါ့ဖွယ်ရှိ၏၊ ထို့ကြောင့်ဥပါသကာတို့သည် ဆဗ္ဗဂ္ဂီယရဟန်းတို့အပေါ်၌ မလေးစားကြကုန်၊ ထိုအကြောင်းကို ဘုရားရှင်သိတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု အနုပသမ္ပန္နံ ပဒသော ဓမ္မံ ဝါစေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင်ရဟန်းသည် လူ့သို့မဟုတ် သာမဏေကို သံပြိုင်စာချအံ့၊ ထိုရဟန်းသည် ပါစိတ်အာပတ်သင့်၏၊ [''ဓမ္မ''ဟူရာ၌ ပါဠိတော်နှင့် အဋ္ဌကထာများသာ ပါဝင်သည်၊ မြန်မာစာနိဿယစသည်ကိုကား မတော်တစ်ဆ သံပြိုင်ရွတ်ဆိုမိချမိသော်လည်း အာပတ်မသင့်၊ ပါဠိအဋ္ဌကထာဖြစ်မူ သံပြိုင်မဖြစ်အောင်ချပါလျက် မတော်တဆ သံပြိုင်ဖြစ်သွားသော်လည်း အာပတ်ပင်။]

**မှတ်ချက်။** ။''ဝါစေယျ = ပို့ချအံ့''ဟု ဆိုသောကြောင့် သံပြိုင်စာချမှ အာပတ်သင့်ရကား စာချသောအခါမဟုတ်လျှင် အာပတ်မသင့်၊ထို့ကြောင့် သာမဏေနှင့်ရဟန်း တွဲ၍ စာတက်ရာ၌လည်းကောင်း, တွဲ၍စာပြန်ရာ၌လည်းကောင်း သာမဏေအထံ ရဟန်းက စာတက်ရာ၌ လည်းကောင်း သံပြိုင်ဆိုသော်လည်း အာပတ်မသင့်၊ သာမဏေ ကိုယ်တိုင် ရပြီးလျက် ပြောက်၍မဆိုဝံ့သော (သို့မဟုတ်မကျေပွန်သော) စာကိုသံပြိုင်ထောက်ပေးရာ၌လည်း အာပတ်မသင့်။

---

## ၄။ ပဌမသဟသေယျသိက္ခာပုဒ်

အမှုသည်-ရဟန်းငယ်များ။
အမှု-ဥပါသကာတို့နှင့် အတူအိပ်မှု။

**လူတို့နှင့်အတူအိပ်မှု** အာဠဝီမြို့၌ ဥပါသကာတို့သည် ညဉ့် တရားနာဖို့ရန် လာကြ၏၊ တရားပြီးသော် ထေရ်ကြီးဖြစ်ကြသော ရဟန်းတော်တို့သည် မိမိတို့ဆိုင်ရာကျောင်းသို့ ကြွတော်မူကြ၏၊ ရဟန်းကလေးများကား တရားဟောရာ မဏ္ဍပ်မှာပင် (သတိလွတ်ကင်း၍ ဉာဏ်အဆင်ခြင်လည်း မရှိကြဘဲ)ဥပါသကာတို့နှင့်အတူ အိပ်ကြလေ၏၊ တစ်ချို့မှာ ကိုယ်၌သင်းပိုင်မကပ်ကြ,တစ်ချို့ကားယောင်ယမ်းပြောဆိုကြ၍ တစ်ချို့ကမူဟောက်ကြလေသည်၊ နံနက်စောစော၌ ရှေးဦးစွာနိုးသော ဥပါသကာတို့သည် ထိုအခြင်းအရာကိုမြင်၍ ကဲ့ရဲ့ကြသဖြင့် "ယောပနဘိက္ခု၊ အနုပသမ္ပန္နေန သဟသေယျံ ကပ္ပေယျ"ဟု မူလပညတ်ကို ပညတ်တော်မူရလေသည်။

**ရှင်ရာဟုလာ ဝစ္စကုဋီ၌အိပ်ရပုံ** ဘုရားရှင်သည် အာဠဝီမြို့မှ ကောသမ္ဗီမြို့သို့ ကြွတော်မူ၍ ဗဒရိကာရုံ ကျောင်းတိုက် (ဆီးတောတိုက်)၌ သီတင်းသုံးတော်မူစဉ် ရဟန်းတော်များသည် "ငါ့ရှင်ရာဟုလာ....လူ သာမဏေနှင့်အတူ မအိပ်ရ-ဟု ဘုရားရှင် ပညတ်တော်မူထားသည်၊ အိပ်ဖို့ နေရာ ရှာပါ"ဟု မိန့်တော်မူကြလေသည်၊ ကိုရှင်ရာဟုလာသည် (ဘုရားအထံတော်သို့ဖြစ်စေ, ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်သာရိပုတ္တရာ အထံတော်သို့ ဖြစ်စေ သွား၍ နေရာတောင်းလျှင် ရလောက်သော်လည်း မသွားတော့ဘဲ) မြတ်စွာဘုရားအတွက် သီးခြားထားအပ်သော ဝစ္စကုဋီ၌ (ကျင်ကြီးအိမ်၌) အိပ်ရှာလေသည်၊ နံနက်စောစော၌ ဝစ္စကုဋီသို့ ဘုရားကြွလာတော်မူ၍ "အဟမ်း"ဟု ချောင်းဟန့်တော်မူရာ, ရှင်ရာဟုလာကလည်းပြန်၍ချောင်းဟန့်သဖြင့် "ဘာသူတုန်း"ဟု မေးတော်မူလျှင် "တပည့်တော် ရာဟုလာပါဘုရား" ဟု လျှောက်၏၊ "ဘာ့ကြောင့် ဒီမှာနေရသလဲ"ဟု မေးတော်မူပြန်လျှင် ရဟန်းများနှင့်အတူ အိပ်ခွင့်မရ၍ နေရာမရှိသောကြောင့် ဝစ္စကုဋီမှာ အိပ်ရပါကြောင်း လျှောက်လေသည်၊ ဤသို့ တစ်ညဉ့်တလေမျှ အတူမအိပ်ရလျှင် သာမဏေများ ဒုက္ခရောက်ဖွယ် ရှိသောကြောင့် "ဥတ္တရိ ဒိရတ္တ တိရတ္တံ"ဟု ဖြည့်စွက်၍ အနုပညတ်ထပ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယော ပန ဘိက္ခု အနုပသမ္ပန္နေန ဥတ္တရိဒိရတ္တတိရတ္တံ သဟသေယျံ ကပ္ပေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင် ရဟန်းသည် လူသာမဏေနှင့် အတူ ၂-ညဉ့် ၃-ညဉ့်ထက် ပို၍အိပ်အံ့၊ ထိုရဟန်းသည် ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။၃-ညဉ့်အထိကား အတူတူအိပ်ကောင်း၏။ "အတူအိပ်" ဟူရာ၌ အမိုးတူ အကာတူသောနေရာ၀ယ် အိပ်ခြင်းကို ဆိုလိုသည်၊ ထို့ကြောင့် ယခုကာလ မီးရထားနှင့် ရွက်ထည်ချထားသောသင်္ဘော များသည် အမိုးအကာတူနေရကား ရဟန်းတော်များ ဦးခေါင်းချ၍ မအိပ်ကောင်း, ပထမခန်း ဒုတိယခန်းများလည်း နောက်ဆုံး-ထွက် ပေါက် ၀င်ပေါက် တူနေသဖြင့် ကုန်းပတ်စီးသူလူများနှင့် အမိုးအကာ တူပင်ဖြစ်၏။

"အိပ်" ဟူရာ၌လည်း ဦးခေါင်းချ၍ အိပ်မှ အိပ်ရာ ရောက်၏၊ ထို့ကြောင့် ထိုင်၍ အိပ်ပျော်နေလျှင် အိပ်ရာမရောက်၍ အာပတ် မသင့်ဟု မှတ်၊ ၃-ညဉ့်အထိ အတူအိပ်ပြီးလျှင်ကား ၄-ညဉ့်မြောက် နေ၀င်လျှင် လူ၀တ်ကြောင်ဖြစ်စေ လူသာမဏေဖြစ်စေ ရှိသောနေ ရာ၌ ဦးခေါင်းမချမိစေရ၊ ဦးခေါင်းချမိသည်နှင့် တစ်ပြိုင်နက် အာ ပတ်သင့်ပြီ၊ တစ်ညဉ့် နှစ်ညဉ့် အရုဏ်တက်အောင် အတူအိပ်ပြီး နောက်, ၃-ညဉ့်မြောက်၌ အရုဏ်မတက်ခင် ထနိုင်လျှင် စတုတ္ထ ညဉ့်၌ အိပ်သော်လည်း အာပတ်မသင့်၊ ဤသို့ ၃-ညဉ့်တစ်ကြိမ်ကျ အရုဏ်မတက်ခင် ထနိုင်သူမှာ အာပတ်မသင့်နိုင်။

ထို့ပြင်-၀စ္စကုဋီသို့ ကြွလာတော်မူသည့်အခါ ဘုရားရှင်၏ ချောင်းဟန့်တော်မူပုံ ရှင်ရာဟုလာ၏ ပြန်၍ ချောင်းဟန့်ပုံကို ထောက်၍ ယခုအခါ၌လည်း တံခါးပိတ်ထားသော ကုဋီသို့၀င်ခါနီး ၀ယ် ချောင်းဟန့်ဖို့ ၀တ္တရားရှိ၍, အတွင်း၌ရှိနေလျှင် ထိုသူကလည်း ပြန်၍ ချောင်းဟန့်ဖို့ ၀တ္တရားရှိသည်ဟုမှတ်၊ ထို့ပြင်-ဘုရားရှင်က "ဘယ်သူတုန်း" ဟု မေးလိုက်သည့်အခါ "အဟံဘဂ၀ါရာဟုလော-တပည့်တော် ရာဟုလာပါဘုရား" ဟု ပြန်၍ လျှောက်ပုံကိုထောက်၍ ညဉ့်အခါ ဘယ်သူတုန်းဟု မေးလျှင် "တပည့်တော် တိဿပါဘုရား" စသည်ဖြင့် မိမိနာမည်ကိုထည့်၍ လျှောက်ရမည်ကိုလည်းသတိပြုပါ။

## ၈။ ဒုတိယသဟသေယျသိက္ခာပုဒ်

**အမှုသည်–အရှင်အနုရုဒ္ဓါ။**
**အမှု–မာတုဂါမနှင့် အမိုးအကာတူနေရာ၌အိပ်မှု။**

**ဇရပ်၌ တည်းခိုရခြင်း**

"အရှင်အနုရုဒ္ဓါ" ဟူသည် သာမန်ပုဂ္ဂိုလ် မဟုတ်၊ လူ့ဘောင်၌ နေစဉ်က "ထမင်းဆိုတာပွဲတော်အုပ်ထဲ၌သာဖြစ်သည်"ဟုမှတ်ထင်လောက်အောင် လုပ်ငန်းဆောင်တာကို မသိခဲ့ရဘဲ အလွန်ချမ်းသာစွာကြီးပွားလာခဲ့ရသော သာကီဝင်မင်းသားတစ်ပါးဖြစ်၍ရဟန်းပြုသည့်အခါ ဒိဗ္ဗစက္ခုအဘိညာဉ်အရာဝယ်တေဒဂ်ရသောရဟန္တာတစ်ပါးလည်းဖြစ်သည်၊ ထိုအရှင်မြတ်သည် အခါတစ်ပါး၌ သာဝတ္ထိမြို့သို့ကြွတော်မူလာစဉ် လမ်းခရီးအကြားရှိ ရွာတစ်ရွာဝယ် အများတည်းခိုရာဇရပ်၌ ညဉ့်အိပ်ဖို့ရန် သီတင်းသုံးတော်မူရလေ၏၊ [ထိုဇရပ်ကားပစ္စည်းရှိသောမာတုဂါမတစ်ယောက်၏ ကောင်းမှုကို လိုသားသဖြင့် သူ့အိမ်နှင့်ကပ်လျက်အများတည်းခိုဖို့ရာ ဆောက်လုပ်အပ်သော ဇရပ်ဘည်း၊] အရှင်အနုရုဒ္ဓါရောက်ပြီးနောက် အခြားခရီးသွားတို့လည်း ထိုဇရပ်၌တည်းခိုဖို့ရန် ထိုဇရပ်ရှင်မထံ ခွင့်တောင်းကြလေသော် ထိုဇရပ်ရှင်က "ရဟန်းတော်တစ်ပါး ပထမရောက်နေပြီ, ထိုအရှင်ကခွင့်ပြုလျှင် နေကြတာပေါ့"ဟု ပြောသဖြင့် အရှင်အနုရုဒ္ဓါထံခွင့်ပန်၍ တည်းခိုကြပြန်လေသည်။

**ဇရပ်အမ၏ အကြံ**

ထိုဇရပ်အမကား အရှင်အနုရုဒ္ဓါကို မြင်လျှင် မြင်ခြင်းစွဲလမ်းစိတ်ဖြစ်ခဲ့ပြီ၊ ထို့ကြောင့် အရှင်အနုရုဒ္ဓါထံလာ၍ "အရှင်ဘုရားမှာ ဒီလူတွေနဲ့ ရောနေလို့ ချမ်းသာမည်မထင်ပါ, အရှင်ဘုရားဖို့ ခုတင်ကို အိမ်အတွင်းခင်းလိုက်ပါရစေ"ဟု လျှောက်၏၊ အရှင်အနုရုဒ္ဓါလည်း (ခွင့်ပြုသည့်လက္ခဏာဖြင့်) တိတ်တိတ်နေလိုက်သောကြောင့် အိမ်အတွင်း၌ ခုတင်ခင်းပေးလေသည်၊ ထို့နောက်သူ့ကိုယ်သူဆင်ပြင်ကာ နံ့သာမျိုးစုံလိမ်းကျံလျက် ခုတင်ပေါ်မှာနေသောအရှင်အနုရုဒ္ဓါထံလာပြီးလျှင်.... "အရှင်ဘုရားလဲ အလွန်လှ၍ ရှုချင့်စဖွယ် တင့်တယ်ပါ၏, တပည့်တော်မလဲ အလွန်လှ၍ ရှုချင့်စဖွယ်တင့်တယ်ပါသည်၊ တပည့်တော်သည် အရှင်၏ဇနီး ဖြစ်ပါရစေ"ဟု လျှောက်လေသော် အရှင်မြတ်သည်း (ဘာစကားမှပြန်၍ မပြောသာဘဲ) ဆိတ်ဆိတ်နေရလေသည်၊ ဇရပ်အမလည်း ၃–ကြိမ်အထိတောင်းပန်၍မရသောကြောင့် ဒီလိုကြံလျှင် ဟန်ကောင်းရဲ့ဟုတွေးပြီးလျှင် ထမီကိုချွတ်၍ အရှင်အနုရုဒ္ဓါရှေ့၌ လမ်းလျှောက်၍လည်း

ပြ၏၊ မတ်တက်ရပ်၍လည်းပြ၏၊ ထိုင်၍လည်းပြ၏၊ အိပ်၍လည်းပြ၏၊ အရှင်မြတ်ကား စက္ခုန္ဒြေချကာ လုံးလုံးမကြည့်တော့ချေ။

**သံဝေဂရပုံ** ထိုအခါ ဇရပ်အမသည် "သိပ်အံ့ဩစရာကောင်းတာဘဲ၊ ငါကိုလူပေါင်းများစွာက သူတို့ကိုနှစ်သက်ဖို့ရန်လက်ဆောင်ပို့ကြရတယ်၊ ဒီအရှင်မြတ်မှာတော့ ငါကိုယ်တိုင်က ခဲယယ တောင်းပန်ပါလျက် ငါနှင့် ဥစ္စာတွေကို လက်မခံဘဲနေတယ်"ဟု ကြံပြီးလျှင် တမိကို ပြန်ဝတ်၍အရှင်အနုရုဒ္ဓါ၏ခြေပေါ်၌ဦးခေါင်းတင်ပြီးလျှင် လွန်သမျှအပြစ်ကို သည်းခံပါရန် တောင်းပန်ရှာလေသည်၊ အရှင်အနုရုဒ္ဓါလည်း "ယခုလို တောင်းပန်ခြင်းသည် နောင်အခါ ကြီးပွားကြောင်း ဖြစ်ပေသည်၊ နှမ၏ အပြစ်များကို သည်းခံပါ၏"ဟု မိန့်တော်မူပြီးလျှင် ထိုညဉ့်၌ အတွင်းဆောင်မှာပင် အသီးအသီးအိပ်ကြ၍ နံနက်လင်းသည့်အခါ ကောင်းမွန်စွာချက်ပြုတ်၍ ဆွမ်းကပ်လေသည်၊ အရှင်မြတ်လည်း ဆွမ်းဘုဉ်းပေးပြီးနောက် ဇရပ်အမကို တရားဟောပြဆုံးမတော်မူရာ လွန်စွာကြည်ညိုလှသဖြင့် ရတနာ ၃-ပါးကို လေးစားသော ဥပါသိကာမတစ်ယောက်အဖြစ်ဖြင့် မိမိကို အသိအမှတ်ပြုဖို့ရန် လျှောက်ထားလိုက်ရှာလေသည်။

**သိက္ခာပုဒ် ပညတ်တော်မူရပုံ** အရှင်အနုရုဒ္ဓါလည်း ထိုအရပ်မှ ခွဲခွါပြီးနောက် သာဝတ္ထိသို့ ရောက်သောအခါ ရဟန်းတို့အား မိမိ တွေ့ကြုံခဲ့ရပုံ ပြောပြလေလျှင် "အရှင်အနုရုဒ္ဓါသည် အမိုးအကာတူသောနေရာ၌ မာတုဂါမနှင့်အတူ ဘာ့ကြောင့် အိပ်ရသလဲ"ဟု တချို့က ကဲ့ရဲ့ကြ၍ ဘုရားရှင်ထံလျှောက်ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်၊

**သိက္ခာပုဒ်။** ။**ယောပန ဘိက္ခု မာတုဂါမေန သဟသေယျံ ကပ္ပေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင်ရဟန်းသည် မာတုဂါမနှင့်အတူ အမိုးအကာတူသောနေရာ၌အိပ်ခြင်းကိုပြုအံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။ဘီလူးမ-ပြိတ္တာမ ပဏ္ဍုက်မ ခွေးမစသော တိရစ္ဆာန်မများနှင့် အတူအိပ်လျှင် ဒုက္ကဋ်အာပတ်သင့်၏၊ မိမိအိပ်ပျော်နေခိုက်မာတုဂါမ သူတို့ဝင်၍အိပ်လျှင် (မိမိမသိသော်လည်း) အာပတ်သင့်သည်ပင်၊ အမိုးရှိသော်လည်း အကာလုံးလုံး မရှိလျှင်လည်းကောင်း၊ အကာရှိသော်လည်း ၄-ဘက်တွင် ၂-ဘက် သာသာ အမိုး မရှိလျှင်လည်းကောင်း အာပတ်မသင့်၊ အကာ ၄-ဘက်ရှိသော်လည်း အမိုးလုံးလုံးမရှိလျှင်လည်းကောင်း၊ ၄-ပုံ ၂-ပုံသာသာ အကာမရှိလျှင်လည်းကောင်း အာပတ်မသင့်။

ဒိဝါသေယျ ။ “အနုဇာနာမိ ဘိက္ခဝေ ဒိဝါ ပဋိသလ္လီယန္တေန ဒွါရံ သံဝရိတွာ ပဋိသလ္လီယိတုံ = ဘိက္ခုတို့… နေ့အခါ၌ ကိန်းအောင်းသော (အိပ်သော)ရဟန်းသည် တံခါးပိတ်၍ကိန်းအောင်းခြင်းငှာ ခွင့်ပြုတော်မူ၏” ဟူသော ပဉ္စမပါရာဇိကဝိနီတဝတ္ထု ပါဠိတော်နှင့်အညီ နေ့အခါတံခါးရှိသော ကျောင်း၏ အတွင်းအခန်း၌ အိပ်သောရဟန်းသည် မိမိနှင့်သက်ဆိုင်ရာ တံခါးကို ပိတ်ရမည်၊ အခန်းတွင်းအိပ်လျှင် အခန်းတံခါးကိုပိတ်-တစ်ပါးနေကျောင်းတွင် (ကမ္မဋ္ဌာန်းကျောင်းစသည်၌)အိပ်လျှင် ကျောင်းတံခါးပိတ်၍ အိပ်ရမည်၊ မပိတ်ဘဲအိပ်လျှင် ဤဒိဝါသေယျ သိက္ခာပုဒ်အရ ဒုက္ကဋ်အာပတ် သင့်သည်၊ “တံခါး”ဟူရာ၌ အဝင်အထွက်တံခါးကို ဆိုလိုသည်၊ ပြတင်းပေါက်များကို မဆိုလို။

---

## ဆ။ ဓမ္မဒေသနာသိက္ခာပုဒ်

အမှုသည်-ရှင်ဥဒါယီ။

အမှု-မာတုဂါမအား (ယောကျ်ားအစောင့်မပါဘဲ) တရားဟောမှု။

**မယုံကြည်စရာ ဟောပုံ**

ရှင်ဥဒါယီသည် နံနက်အခါ အိမ်တစ်အိမ်သို့ သွား၏၊ ထိုအိမ်၌ယောက္ခမမိန်းမနှင့် ချွေးမတို့သာရှိ၏၊ ယောက္ခမသည် အိမ်ဝင်း၏တံခါး၀၌ ထိုင်နေ၏၊ ချွေးမဖြစ်သူကား အိမ်၏တံခါး၀၌ ထိုင်နေ၏၊ ရှင်ဥဒါယီသည် ယောက္ခမ၏ နားအနီးသို့ကပ်၍ တရားဟောလေသော်, ချွေးမက “ယောက္ခမ၏ လင်ငယ်လေလား, သို့မဟုတ်-လျှောင်စကား ပြောတာလေလား”ဟု တွေးလေသည်၊ ထို့နောက် ရှင်ဥဒါယီသည် ချွေးမ၏နားအနီးကပ်၍ တရားဟောပြန်၏၊ ယောက္ခမကလည်း ရှေးနည်းအတိုင်းပင် တွေးလေသည်၊ ရှင်ဥဒါယီ ပြန်သွားပြီးနောက် ယောက္ခမနှင့်ချွေးမတို့ တစ်ယောက်နှင့်တစ်ယောက် မေးကြလေရာ တရားဟောသွားကြောင်းချည်း ပြောကြသဖြင့် “တရားဆိုလျှင် ပွင့်ပွင့်လင်းလင်းဟောထိုက်တယ်, ရှင်ဥဒါယီသည် ဘာ့ကြောင့် နားအနီးကပ်၍ တရားဟောရသလဲ”ဟု ကဲ့ရဲ့ကြသောကြောင့် “ယော ပန ဘိက္ခု မာတုဂါ-မဿ ဓမ္မံ ဒေသေယျ, ပါစိတ္တိယံ-မာတုဂါမအား တရားဟောလျှင် ပါစိတ်အာပတ်”ဟု မူလပညတ်ကို ပညတ်တော်မူလေသည်။

**ခြောက်ခွန်း မဟောနှင့်**

ထိုသို့ ပညတ်တော်မူပြီးနောက် ဥပါသိကာမတို့သည် တရားဟောဖို့ရန် တောင်းပန်ကြလေသော်, ရဟန်းတို့က မာတုဂါမအား တရားမဟောကောင်းဟု မိန့်တော်မူကြ

သဖြင့်"၅-ခွန်း ၆-ခွန်းလောက် ဟောတော်မူကြပါ, သည့်လောက်ဟောလျှင် သိနိုင်ပါသည်"ဟု လျှောက်သော်လည်း မဟောကြသဖြင့် ကဲ့ရဲ့ကြသောကြောင့်"ယောပနဘိက္ခု မာတုဂါမဿ ဥတ္တရိ ဆပ္ပဉ္စဝါစာဟိ ဓမ္မံ ဒေသေယျ, ပါစိတ္တိယံ"ဟု ဆပ္ပဉ္စဝါစာဟိကိုထည့်၍ ပဌမအနုပညတ်ကို ထပ်တော်မူရလေသည်၊ [ဤအနုပညတ်တော်အလိုအားဖြင့် "၆-ခွန်းထက်ပို၍ မဟောကောင်း, ခြောက်ခွန်းလောက်ကား ဟောကောင်း၏"ဟု ခွင့်ပြုရာရောက်သည်။]

**နားလည်သူယောကျ်ားမရှိဘဲ ၆-ခွန်းထက်ပိုမှု**

ဆဗ္ဗဂ္ဂိယ ရဟန်းတို့သည် "မာတုဂါမအား ၆-ခွန်းလောက်သာ တရားဟောခွင့်ပြုတော်မူသည်"ဟုကြံစည်၍ ဘာမျှနားမလည်သောယောကျ်ားတစ်ယောက်ကို အနား၌ထားပြီးလျှင်(ထိုယောကျ်ားအား ဟောပြောသည့်အနေမျိုးကြံဖန်၍) ၆-ခွန်းထက်ပိုအောင် ဟောကြပြန်လေသည်၊ထိုအခါ ရဟန်းများက ကဲ့ရဲ့ကြသဖြင့် ဘုရားထံ‌ရောက်၍ "အညတြ ဝိညုနာ ပုရိသဝိဂ္ဂဟေန" ဟု ထည့်စွက်၍ ဒုတိယ အနုပညတ်ထပ်တော်မူရလေသည်၊ ဤ၌'ဝိညူပုရိသ" ဟူသည် "ရိုးရိုးသားသားပြောသည်, မရိုးမသားပြောသည်"ဟု ပြောသမျှစကားကို နားလည်လောက်သော အချိန်အရွယ်၌ (မထိုင်း မအသော) ယောကျ်ားတည်း။

**သိက္ခာပုဒ်။** ။**ယောပန** ဘိက္ခု မာတုဂါမဿ ဥတ္တရိဆပ္ပဉ္စ**ဝါစာဟိ** ဓမ္မံ **ဒေသေ**ယျ **အ**ညတြ ဝိညုနာ ပုရိသဝိဂ္ဂဟေန ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင်ရဟန်းသည် နားလည်လောက်သော ယောကျ်ားကိုကြဉ်၍ (ထိုယောကျ်ားမျိုးအနီးအပါး၌ မရှိဘဲ) မာတုဂါမအား ၅-ခွန်း ၆-ခွန်းထက် ပိုလွန်သော စကားလုံးတို့ဖြင့် တရားဟောအံ့၊ ထိုရဟန်း ပါစိတ် အာပတ်သင့်၏။

**မှတ်ချက်။** ။မာတုဂါမတစ်ယောက်လျှင် ၆-ခွန်းကျ (ဝိညူပုရိသမပါဘဲ) ဟောကောင်းရကား မာတုဂါမ ၁၀-ယောက်ရှိရာ၌ (တစ်ယောက်လျှင် ၆-ခွန်းကျစီမှန်း၍) စကားအခွန်းပေါင်း ၆၀-မျှဟောကောင်း၏၊ နားလည်သူ ယောကျ်ားတစ်ယောက် အနီးအပါး၌ရှိလျှင်ကား များစွာပင် ဟောကောင်း၏၊ 'တရား-ဟူသည်လည်း ပါဠိတော် အဋ္ဌကထာ၌ရှိသော ပါဠိဘာသာတရားတည်း၊ ထို့ကြောင့် မြန်မာသက်သက် တရားစကားပြောလျှင် ယောကျ်ား မပါသော်လည်း အာပတ်မသင့်၊ ပါဠိရွတ်၍ဟောလျှင်ကား မာတုဂါမတစ်ယောက် အတွက် ၆-ခွန်းသာ ဟောကောင်းသည်။

## ၈။ ဘူတာရောစနသိက္ခာပုဒ်

**အမှုသည်–ရဟန်းအများ။**
**အမှု–ဈာန်, မဂ်, ဖိုလ် တရားကို ရကြောင်း ပြောမှု။**

**ဈာန် မဂ်ဖိုလ် ရကြောင်း သမှန်ပြောကြားမှု**

စတုတ္ထပါရာဇိကဉ် ပြခဲ့သောဝတ္ထုတွင် လောကီဈာန်ကို ရသော ပုထုဇဉ်တို့သည် ဥတ္တရိမနုဿ ဓမ္မ ပေါ်သော ဈာန်တရားကို လူတို့အား ပြောကြကုန်၏၊ အရိယာ ပုဂ္ဂိုလ်တို့ကား မိမိတို့ကိုယ်တိုင် မပြောကြ၊ အခြား ရဟန်းတို့က "မည်သည့်ကိုယ်တော်ဟာ အရိယာဘဲ"ဟု ပြောသဖြင့် မိမိတို့ကို လူတို့က မေးလျှောက်ကြသည့်အခါ "ဟုတ်မှန်ကြောင်းကို မိမိအတွက် လည်း ကောင်း, အခြား အရိယာများအတွက် လည်းကောင်း" ဝန်ခံကြလေသည်၊ ထိုအကြောင်းကို ဘုရားရှင် သိတော်မူ၍ ဤသိက္ခာပုဒ်ကိုလည်း (စတုတ္ထ ပါရာဇိက ပညတ်တော်မူချိန်မှာ) ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။**ယော ပန ဘိက္ခု အနုပသမ္ပန္နဿ ဥတ္တရိမနုဿဓမ္မံ အာရောစေယျ၊ ဘူတသ္မိံ ပါစိတ္တိယံ။**

မြန်မာပြန်။ ။အကြင် ရဟန်းသည် လူသာမဏေအား ဈာန်, မဂ်, ဖိုလ် တရားဟူသော ဥတ္တရိမနုဿဓမ္မကို (မိမိ၌ ရရှိကြောင်း) ပြောအံ့၊ ပြောသည့်အတိုင်း အမှန်ရလျှင် ပါစိတ်အာပတ် သင့်၏၊ (ပြောသည့် အတိုင်း မမှန်လျှင် ပါရာဇိကဟု ပညတ်တော်မူခဲ့ပြီ။)

---

## ၉။ ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်

**အမှုသည်–ဆဗ္ဗဂ္ဂီ ရဟန်းများ။**
**အမှု–ရှင်ဥပနန္ဒ၏ သံဃာဒိသေသ်အာပတ်ကိုလူတို့အား ပြောကြားမှု။**

**ရှင်ဥပနန္ဒနှင့် ဆဗ္ဗဂ္ဂီယတို့ ဖြစ်ပုံ**

ရှင်ဥပနန္ဒသည် ဆဗ္ဗဂ္ဂီယ ရဟန်းတို့နှင့် ခိုက်ရန် ဖြစ်ထား၏၊ ရှင်ဥပနန္ဒလည်း သုက္ကဝိသဋ္ဌိ သံဃာဒိသေသ် အာပတ် သင့်၍ ဝတ်စောင့်နေရသည်၊ ထိုပရိဝါသ် နေသူသည် (ဝတ်ကို မချရသေးလျှင်) ဆွမ်းစားရာ၌ အစွန်ဆုံးနေရာဝယ် ထိုင်ရရိုးတည်း၊ ထိုအချိန်မှာပင် အသင်းတစ်သင်းသည် သံဃာကုန် ဆွမ်းကပ်လာ၏၊ ထိုအခါ ဆွမ်းစားနေစဉ် ဆဗ္ဗဂ္ဂီယ ရဟန်းတို့သည် ထိုဆွမ်းဒါယကာတို့ကို ပြောကြ

သည်မှာ—ဒါယကာတို့ ချီးမွမ်းနေသော (လက်ညှိုးညွှန်၍) အဲဟို အရှင်ဥပနန္ဒသည် အကြင်လက်ဖြင့် လူ့အပ်သောဆွမ်းကို စား၏၊ ထိုလက်ဖြင့်ပင် သုက်ကို လွှတ်စေမှုကြောင့် ယခု ပရိဝါသ် ဒဏ်ထမ်း နေရသဖြင့် နေရာ အစွန်မှာ ထိုင်နေရသည်၊ ဤသို့ ပြောမှုကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ဘိက္ခုဿ ဒုဋ္ဌုလ္လံ အာပတ္တိံ အနုပသမ္ပန္နဿ အာရောစေယျ၊ အညတြ ဘိက္ခု သမ္မုတိယာ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင် ရဟန်းသည် (သမ္မုတိရသူမဟုတ်ပါဘဲ) ရဟန်းတစ်ပါး၏ ရုန့်ရင်းသော အာပတ်ကို လူ-သာမဏေအား ပြောအံ့၊ ထိုရဟန်းသည် ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။အာပတ်မပြတ် သင့်နေသောရဟန်းကို ရှက်ကြောက်သဖြင့် နောင်အခါ စောင့်စည်းလိမ့်မည်-ဟု သူ၏အကျိုးစီးပွားကို လိုလားသဖြင့် ထို ရဟန်း၏ အာပတ်ကို လူတို့အား ပြောဖို့ရန် ရဟန်းတစ်ပါးကို သမ္မုတိ ပေးထားတတ်၏၊ ထိုသို့ သမ္မုတိရသော ရဟန်းကား ဟိုရဟန်း၏ ရုန့်ရင်းသော သံဃာဒိသေသ် အာပတ်ကို လူတို့အားလည်းကောင်း, သာမဏေတို့အား လည်းကောင်း (မည်သည့်ကိုယ်တော်သည် မည်သည့် သံဃာဒိသေသ်အာပတ် သင့်နေ၏) ဟု ပြောကောင်း၏။

---

## ၉။ ပထဝီခဏနသိက္ခာပုဒ်

**အမှုသည်—ရဟန်းအများ။**

**အမှု-မြေတူးမှုနှင့် အတူးခိုင်းမှု။**

**ရဟန်းများ မြေတူးမှု** အာဠဝီမြို့၌ နေကုန်သော ရဟန်းတို့သည် "နဝကမ္မ" ဟု ခေါ်ရသော အလုပ်သစ်များကိုပြုလုပ်စဉ် မြေကြီးကို ကိုယ်တိုင်လည်း တူးကြ, လူသာမဏေများကိုလည်း "တူးကြစမ်း" ဟု ခိုင်းကြလေသည်၊ လူတို့က "ရဟန်းတို့သည် တစ်ခုသော ကာယိန္ဒြေရှိသော သတ္တဝါကို အဘယ့်ကြောင့် ညှဉ်းဆဲကြရကုန်သနည်း" ဟု ကဲ့ရဲ့ကြလေသည်၊ [ဟိန္ဒူတို့သည် တောတောင်သစ်ပင် မြေကြီးရေစသည်တို့၌ အသက်ရှိ၏-ဟု အယူရှိ၍ မြေကိုတူးလျှင် "မြေ၌ရှိသော အသက်သေသည်" ဟု အယူ ရှိကြ၏၊ ထို့ကြောင့် ကဲ့ရဲ့ခြင်း ဖြစ်သည်၊] ဘုရားရှင်လည်း လူတို့ ကြည်ညိုဖွယ် မဖြစ်သော (သဒ္ဓါတရားပျက်ဖို့ ဖြစ်သော) အလုပ်ကို ရဟန်းများ မလုပ်စေတော်

မူလိုသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်၊ ထို့ကြောင့် "အပ္ပသန္နာနံ ပသာဒါယ, ပသန္နာနံ ဘိယျောဘာဝါယ" ဟု သိက္ခာပုဒ်၏ အကျိုးဆယ်ပါးတွင် ထည့်သွင်းခဲ့ရလေသည်။

**သိက္ခာပုဒ်။** ။**ယော ပန ဘိက္ခု ပထဝိံ ခဏေယျ ဝါ ခဏာပေယျ ဝါ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။[အကြင်ရဟန်းသည် မြေကို ကိုယ်တိုင်တူးအံ့၊ သို့မဟုတ် "တူးစမ်း"ဟု ခိုင်းအံ့၊ ထိုရဟန်း ပါစိတ်အာပတ် သင့်၏။]

**မှတ်ချက်။** ။"တူး"ဟူရာ၌ မြေပျက်အောင် ဖျက်ဆီးခြင်း အမျိုးမျိုးပါဝင်၏၊ ထို့ကြောင့် မြေကြီးကို တုတ်ဖြင့်ခြစ်ခြင်း စသည်ကို မပြုရ၊ ယခုကာလ ကျောင်းပုံစံ စသည်ကိုပြုရာ၌ မြေကြီးခြစ်၍ ပြတတ်ကြ၏၊ ထိုသို့လည်း မခြစ်ကောင်း၊ မြေပျက်စေလိုသော စိတ်ဖြင့် တံမြက်စည်းကိုလည်း ဖိနှိပ် ခြစ်ချုပ်၍ မလှည်းရ၊ လှည်းရိုး လှည်းစဉ် လှည်းရာ၌ မတော်တဆ ပျက်သွားခြင်းကြောင့်ကား အာပတ်မသင့်၊ ပျက်စေလိုသောစေတနာပါလျှင် ကျင်ငယ်ကိုမျှ ပြင်းပြင်း မစွန့်ရ၊ ခိုင်းသည့်အခါလည်း "တူးစမ်း-ပေါက်စမ်း"စသည်ဖြင့် မခိုင်းရ၊ "ဤမြေကို သိစမ်း, တွင်းသိစမ်း တွင်းကပ္ပိစမ်း" ဟု ရဟန်းများနှင့် အပ်စပ်သော အသုံးအနှုန်းမျိုး ဖြင့်သာ ခိုင်းရမည်၊ မြေ-ဟူရာ၌လည်း မြေကြီး အစစ်သာ ပါဝင်၏၊ သဲ, ကျောက်များ မပါဝင်၊ မြေသားနည်း၍ သဲ, ကျောက်, အုတ်များနေလျှင်ကား တူးကောင်း, ဖျက်ကောင်း၏။

မုသာဝါဒဝဂ် ပြီး၏။

# ဘူတဂါမဝဂ်

[ဘူတဂါမသိက္ခာပုဒ်ကို အစ၌ပြသောကြောင့် ''ဘူတဂါမဝဂ်''ဟု နာမည်တပ်၍, သေနာသန (ကျောင်း အိပ်ရာ နေရာ)နှင့် ဆိုင်သော သိက္ခာပုဒ် များစွာပါသောကြောင့် ''သေနာသနဝဂ်'' ဟုလည်း ပါဠိတော်, အဋ္ဌကထာတို့၌ နာမည်တပ်သည်။]

## က။ ဘူတဂါမသိက္ခာပုဒ်

**အမှုသည်–ရဟန်းတစ်ပါး။**

**အမှု–သစ်ပင်ခုတ်မှု။**

**ရဟန်းတစ်ပါး သစ်ပင်ခုတ်မှု** အာဠဝီ မြို့သား ရဟန်း အများတို့သည် နဝကမ္မကို ပြုကြစဉ် သစ်ပင်ကို ကိုယ်တိုင်လည်း ခုတ်ဖြတ်ကြ၏၊ လူ-သာမဏေကိုလည်း ''ခုတ်စမ်း–ဖြတ်စမ်း''ဟု ခိုင်းကြ၏၊ ရဟန်းတစ်ပါးလည်း သစ်ပင်ကို ဖြတ်နေစဉ် ထို သစ်ပင်၌ ရှိသော ရုက္ခစိုးမသည် ''အရှင်ဘုရား .... အရှင်ဘုရား၏ ကျောင်းဗိမာန်ကို ပြုဖို့ရန် အတွက် တပည့်တော်၏ ဗိမာန်ဖြစ်သော သစ်ပင်ကို မဖြတ်ပါနှင့်'' ဟု တား၏၊ ထိုရဟန်းကား နားမထောင်ဘဲ ဖြတ်မြဲ ဖြတ်၏၊ ရုက္ခစိုးမသည် ''ကလေးမြင်လျှင် သနားသောအားဖြင့် မဖြတ်ဘဲ နေတန်ကောင်းရဲ့'' ဟု ကြံ၍ သူ့ကလေးကို ထိုဖြတ်နေသော ရဟန်း၏ ရှေ့သို့ ထိုး၍ ပြလိုက်ရာ ရဟန်းလည်း ရွယ်ပြီးသော ဓားကို မရုပ်သိမ်းနိုင်တော့ဘဲ (အားလွန်၍) ထိုနတ်ကလေး၏ လက်မောင်း ဖြတ်မိလေသည်

ထိုအခါ နတ်မသည် ''ကလဲ့စားချေသောအားဖြင့် ဒီရဟန်းကို သတ်အံ့'' ဟု ကြံ၏၊ ထို့နောက်(ဘုရားမျက်နှာတော်ကို ထောက်၍)ဘုရားထံ အကျိုးအကြောင်း လျှောက်လာလေသော်, မြတ်စွာဘုရားသည် သာဓု ခေါ်တော်မူ၍ (ဇေတဝန်ကျောင်းတိုက်၌ နတ်တစ်ယောက် စုတေပြီးစ ဖြစ်၍ ပိုင်ရှင်မရှိသော)သစ်ပင်တစ်ပင်ကို နေဖို့ရန် နေရာချပေးတော်မူပြီး ဤသိက္ခာပုဒ်ကို ပညတ်တော်မူရ လေသည်။

**သိက္ခာပုဒ်။** ။ဘူတဂါမပါတဗျတာယ ပါစိတ္တိယံ။

**မြန်မာပြန်။** ။ဘူတဂါမ်ကို ဖျက်ဆီးခြင်းကြောင့် ပါစိတ် အာပတ် သင့်၏။

**မှတ်ချက်။** ။ငယ်သေးသည်ဖြစ်၍ ကြီးပွားခြင်းကိစ္စ မကုန်သေးသော သစ်ပင်ကို''ကြီးပွားဆဲ''ဟု ခေါ်၏၊ အစွန်းကုန် ကြီးပွား၍ တို့ထက်တိုးပွားဖွယ်မရှိသော သစ်ပင်ကို ''ကြီးပွားပြီး''ဟု ခေါ်၏၊ ထိုသစ်ပင် ၂-မျိုးလုံးကို''ဘူတဂါမ''ဟု ခေါ်သည်၊ ထိုဘူတဂါမ်ကို (ဖြတ်မှု ခွဲမှု မီးဟိုက်မှု ခြစ်မှု စသောအားဖြင့် တစ်နည်းနည်းနှင့်) ဖျက်ဆီးမှုကြောင့် ပါစိတ်အာပတ်သင့်၏၊ ထို့ကြောင့် သစ်ပင်၌တည်ရှိသော အသီး အပွင့် အရွက် အခက်များကို မခူးရ,မဆိတ်ရ၊ သစ်ပင်မှ ဆွတ်ခူးပြီး၍ နောက်ခါ သစ်ပင်ပေါက်နိုင်သော မျိုးစေ့ ဟူသမျှကို ဗီဇဂါမဟု ခေါ်၏၊ ထိုဗီဇဂါမ်ကို တစ်နည်းနည်းနှင့် ဖျက်ဆီးမှု, အသီးကို စားစဉ် အစေ့ကို ကိုက်ဖြတ်မှုကြောင့်ကား ဒုက္ကဋ်အာပတ်သင့်သည်။

**မအပ်သော ခိုင်းနည်း**

''ဤသစ်ပင်ကို ဖြတ်စမ်း– ခုတ်စမ်း– လှဲစမ်း-ချိုင်စမ်း– ဤအသီးကိုဆွတ်စမ်း''ငရုပ်သီးမှည့် ကြက်သွန် စသည်ကို ''ထောင်းစမ်း,ချက်စမ်း'' အပင်ပေါက်မည့်ကြံ စသည်ကို ''ဖြတ်စမ်း''စသော ခိုင်းခြင်းသည် မအပ်သော ခိုင်းခြင်းဖြစ်၍ အာပတ်သင့်၏၊ ထိုတွင် သစ်ပင်ကား ဘူတဂါမ်, ငရုပ်သီး စသောအပင်မှ လွတ်ပြီး မျိုးစေ့ကား ဗီဇဂါမ်တည်း။

**အပ်သော ခိုင်းနည်း**

''ဤသစ်ပင်ကိုသိစမ်း, ကပ္ပိစမ်း, ဤငရုပ်သီးကိုကပ္ပိစမ်း'' စသော ပထဝီ ခဏန သိက္ခာပုဒ်၌ပြခဲ့သော ခိုင်းနည်းကား အပ်သော ခိုင်းနည်းတည်း၊ မည်သည့်သစ်ပင် မည်သည့် ငရုပ်သီးဟု မညွှန်ဘဲ ''သစ်ပင်ခုတ်လိုက်, ငရုပ်သီးထောင်းလိုက်'' စသော ခိုင်းခြင်း၌ အပြစ်မရှိပါ၊သို့ရာတွင် ''သိစမ်း, ကပ္ပိစမ်း''ဟု ပြောတတ်စေရမည်၊ ဤသိက္ခာပုဒ်၌လည်း ဖျက်ဆီးလိုသောစိတ်မရှိဘဲ သစ်တုံးလှိမ့်ရာ တောင်ဝှေး ထောက်၍ စင်္ကြံသွားရာ အခါတို့၌ မြက်သစ်ပင်တို့ ပျက်စီး သော်လည်း အနာပတ္တိပင်။

**ကပ္ပိခြင်း။** ။အပ်သောနည်းဖြင့် သစ်ပင် သစ်သီး ကြံစသည်ကို ဆွတ်၍ ခုတ်၍ပြီးသောအခါ ဘူတဂါမ်အဖြစ်မှ ကင်းခဲ့လေပြီ၊ သို့သော် နောက်ထပ် အပင်ပေါက်ဦးမည်ဖြစ်လျှင် ဗီဇဂါမ်ဖြစ်နေသေးသောကြောင့် ထိုဗီဇဂါမ် သစ်ကိုင်း သစ်သီး–ကြံချောင်းစသည်ကို ရဟန်းများ သုံးဆောင်ကောင်း လောက်အောင်(ဗီဇဂါမ်ကို ဖျက်ဆီးရာ မရောက်အောင်)''ကပ္ပိခြင်း'' ခေါ် ဝိနည်းကံတစ်မျိုးကို ပြုရသေးသည်။

**ကပ္ပိနည်းအမျိုးမျိုး။** ။[ ကပ္ပသဒ္ဒါသည် ဤနေရာ၌ သမဏဝေါဟာရ (ရဟန်းတို့၏ အပ်အောင် ပြုကြောင်းဖြစ်သော အာ့ံး အနှုန်း) အနက်ကို

ဟော၏၊ ထိုအသုံးအနှုန်းကား ၁-မီးဖြင့်တိုက်ခြင်း, ၂-ဓားဖြင့် ခုတ်ခြင်း ၃-လက်သည်း ခြေသည်းတို့ဖြင့် ဆိတ်ဖြတ်ထိုးဖောက်ခြင်း, ၄-နဂို အစေ့နှင့် အပင်မပေါက်နိုင်ခြင်း, ၅-သရက်သီးမှည့် စသည်ကဲ့သို့ အစေ့ကိုထုတ်ပစ်ခြင်းများတည်း၊ ဤ ၅-မျိုးလုံးပင် ရဟန်းတို့အားအပ်သော အသုံးအနှုန်းများဖြစ်သောကြောင့်''ကပ္ပ''ဟုခေါ်သည်၊ ထိုတွင်အစေ့နှင့်ထုတ်ပစ်၍ရကောင်းသော အစေ့တို့မှာ ကပ္ပိဖွယ်မလို, နဂိုအတိုင်း ကပ္ပဖြစ်သည်။

**ကပ္ပိပုံ။** ။သူ၏မျိုးစေ့မှအပင်ပေါက်လောက်သော သစ်သီး ကြံဘို့ကိုစားလိုလျှင် ရဟန်းက "ကပ္ပိယံ+ ကရောဟိ"ဟု ဆိုပြီးနောက် လူသာမဏေက "ကပ္ပိယံ+ ဘန္တေ"ဟု ဆိုလျက် (ဆိုတုန်းဖြစ်စေ ဆိုပြီးချက်ခြင်းဖြစ်စေ)မီးဖြင့်သော်လည်းထိုး, ဓားဖြင့်သော်လည်းခုတ်, လက်သည်းဖြင့်သော်လည်း ဆိတ်ရမည်၊ ဓား, လက်သည်းဖြင့် ထိုးခုတ်ဆိတ်ဖြတ်ရာ၌ ထက်ပိုင်းမပြတ်ဘဲ ဓားရာ လက်သည်းရာ အပေါက်အပြတ် ထင်ရှားလျှင် စားသုံးကောင်းတော့၏၊ ထက်ပိုင်းပြတ်လျှင်ကား ဆိုဖွယ်ရာမရှိပြီ။

ဆက်ဦးအံ့-''ဓားဖြင့်ခုတ်''ဟူရာ၌ အပ်ဖြင့်ထိုးခြင်းများလည်း ပါဝင်၏၊ ထိုသို့ကပ္ပိရာ၌ သစ်သီးစတော ဝတ္တုက ရဟန်း၏ လက်ထဲ၌ ရှိနေမှုမဟုတ်, ထောင်ပုံရာပုံ ပုံထားသော အကပ်မခံရသေးသော သစ်သီးပုံ,ကြံပုံတို့ကိုလည်း ရဟန်းတစ်ပါးက မထိမကိုင်ဘဲ ''ကပ္ပိယံ ကရောဟိ''ဟု ဆိုလျှင် လူသာမဏေက တစ်ဧပ်တည်းနေသောသစ်သီးတစ်လုံးကြံတစ်ချောင်းကို''ကပ္ပိယံဘန္တေ''ဟု ဆို၍ ခုတ်လိုက်ထိုးလိုက်သောအခါ အားလုံးပင် ကပ္ပိပြီးဖြစ်တော့၏၊ တစ်ကြိမ်ကပ္ပိပြီးသော သစ်သီးများကို (အကပ်မခံရသေးလျှင်) နောက်နောက်ရက်များ၌ပင် ထပ်၍မကပ္ပိဘဲ အကပ်ခံ၍ စားသောက်နိုင်၏။

**ကပ္ပိယံကရောဟိအဓိပ္ပာယ်။** ။"ကပ္ပသဒ္ဒါသည် သမဏ ဝေါဟာရ=ရဟန်းတို့၏အပ်ကြောင်းဖြစ်သော အသုံးအနှုန်းကို ဟောသည်"ဟု ဆိုခဲ့ပြီ၊ ထိုအသုံးအနှုန်း အားလျော်သော အပြုအမူ (ဓားဖြင့်ခုတ်ခြင်း စသည်ကို) "ကပ္ပဿ= သမဏဝေါဟာရအား + အနုရူပံ = လျော်သော အမှုတည်း" ဟူသော ဝိဂ္ဂြိုဟ်အရ"ကပ္ပိယ"ဟု ခေါ်သည်၊ ထို့ကြောင့်"ကပ္ပိယံ=ရဟန်းတို့အား အပ်ကြောင်းဖြစ်သော အသုံးအနှုန်းအား လျော်သော အမှုကို (သဒ္ဒါနက်) ဝါ-အပ်သည်ကို၊(အဓိပ္ပာယ်နက်) ဝါ-ကပ္ပိခြင်းကို (ဝေါဟာရ-သုံးစွဲရိုးအနက်) ကရောဟိ-ပြုလေ"ဟု အနက်ဆို၊ "ကပ္ပိယံဘန္တေ"၌ ''ဘန္တေ- အရှင်ဘုရား။ ကပ္ပိယံ-အပ်သည်ကို၊ (ကရောမိ-ပြုပါ၏)"ဟု ဆို၊

ဤကပ္ပိယံကရောဟိ၌ယကိုဖြတ်၍"ကပ္ပိ"ဟုယခုကာလ၌ပြောကြသည်၊ ပါဠိလို မဆိုတတ်လျှင် မြန်မာလိုဆရာက "ကပ္ပိစမ်း"တပည့်က "ကပ္ပိပါ၏ဘုရား" ဟုဆို၍ ခေါ်စသည်ဖြင့် ခုတ်လျှင်လည်း အပ်သည်သာ၊ [ရဟန်းများ သုံးစွဲကောင်ခြင်း, သုံးစွဲမှုကြောင့် အပြစ်မရှိခြင်းကို "အပ်" ဟု ဝိနည်းမှာ သုံးနှုန်း၏။]

---

## ၁၂။ အညဝါဒကသိက္ခာပုဒ်

**အမှုသည် - အရှင်ဆန္န။**

**အမှု — စကားတစ်မျိုးဖြင့် စကားတစ်မျိုးကို ဖုံးမှု။**

**စကားတစ်မျိုးဖြင့် ဖုံးကွယ်မှု**

အရှင်ဆန္န၏ မလျောက် ပတ်သော (အာပတ်သင့်လောက်သော)အမှုကိုမြင်၍သံဃာ့အလယ်၌ဝိနည်းဓိုရ် ပုဂ္ဂိုလ်က အာပတ်ဖြင့် စစ်ဆေးအပ်သော်, "ကော အာပန္နော = ဘယ်သူ အာပတ်သင့်သလဲ"ဟု ဝိနည်းဓိုရ်ကို ပြန်၍မေး၏၊ "သင်အာပတ်သင့်တယ်" ဟု ဆိုလျှင် "ကိံ အာပန္နော = အဘယ်အာပတ် သင့်သလဲ"ဟု ပြန်၍မေး၏၊ "ပါစိတ်အာပတ်, သို့မဟုတ် ဒုက္ကဋ် အာပတ် သင့်တယ်" ဟု ဆိုလျှင် "ကသ္မိံ အာပန္နော = အဘယ် အမှုကြောင့် သင့်သလဲ"ဟု ပြန်၍ မေး၏၊ 'မည်သည့်အမှုကြောင့် သင့်သည်"ဟုဆိုပြန်လျှင် "ကထံ အာပန္နော = ဘယ်လို အခြင်းအရာဖြင့် (ဘယ်လို ပြုနေရင်း) သင့်သနည်း" ဟု ပြန်၍မေး၏၊ "မည်သည့် အမှုကိုပြုနေရင်း သင့်သည်" ဟု ဆိုပြန်လျှင် "ကံ ဘဏထ = ဘယ်သူ့ကို ပြောနေကြတာလဲ"ဟု မေးပြန်၏၊ "သင့်ကို ပြောနေတာဘဲ"ဟု ဆိုလျှင် "ဘာကိုပြောကြသလဲ"ဟု မေးပြန်၏၊ ဤသို့ စသည်ဖြင့် မပြီးမပြတ်နိုင်လောက်အောင် စကားတစ်မျိုးဖြင့် စကား တစ်မျိုးကိုကွယ်ကာနေမှုကြောင့်'အညဝါဒကေ ပါစိတ္တိယံ"ဟုပညတ်တော် မူရလေသည်။

**သံဃာကိုညှဉ်းဆဲမှု။** ။အရှင်ဆန္နသည် နောက်တစ်ကြိမ် မလျောက်ပတ်မှုကို ပြုခြင်းကြောင့် သံဃာ့အလယ်၌ အာပတ်ဖြင့် စစ်ဆေးအပ်ပြန်သော် (ရှေးကလို စကားအမျိုးမျိုးပြော၍ ကွယ်ကာလျှင် အာပတ်သင့်မည် စိုးသောကြောင့်)ဘာစကားမျှပြန်၍မပြောတော့ဘဲ တိတ်တိတ်နေလေသည်၊ ဝိနည်းဓိုရ်က အထပ်ထပ်မေးသော်လည်း ရှင်ဆန္နကား ဘာမျှပြန်၍ မပြောတော့၊ ထိုအခါ ရဟန်းများက "ပြန်၍ မပြောဘဲ သံဃာကို

ညှဥ်းဆဲရမလား''ဟု ကဲ့ရဲ့ကြသောကြောင့် "ဝိဟေသကေ ပါစိတ္တိယံ" ဟု အနုပညတ်တပ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။အညဝါဒကေ ဝိဟေသကေ ပါစိတ္တိယံ။

မြန်မာပြန်။ ။မေးအပ်သောအကြောင်းမှ တစ်ပါးသော အကြောင်းကို ပြောဆိုတတ်သူ၏ အဖြစ်ကြောင့်လည်းကောင်း၊ သံဃာကို ညှဥ်းဆဲတတ်သူ၏ အဖြစ်ကြောင့်လည်းကောင်း၊ ပါစိတ်အာပတ်သင့်၏။

မှတ်ချက်။ ။အညဝါဒကအမှုကြောင့် ပါစိတ်တစ်ချက်၊ ဝိဟေသက အမှုကြောင့် ပါစိတ်တစ်ချက်သင့်၏၊ ဤသို့ အညဝါဒက အမှုပြုသူကို ရှေးဦးစွာ အညဝါဒကကံပြုရ၏၊ ထိုသို့ ကံပြုလျက် အညဝါဒက အမှုကိုပြုမြဲပြုနေမှ ပါစိတ်အာပက်သင့်သည်၊ အညဝါဒကကံ မပြုရသေးခင် စကားတစ်ခုဖြင့် စကားတစ်ခုကို ကွယ်ကာနေမှုကြောင့်ကား ဒုက္ကဋ်အာပတ်သာ သင့်၏၊ [ဝိဟေသအမှု၌လည်း နည်းတူ။]

## ၈။ ဥဇ္ဈာပနကသိက္ခာပုဒ်

**အမှုသည်-မေတ္တိယ, ဘုမ္မဇကရဟန်းများ။**
**အမှု-အထင်သေးအမြင်သေးအောင်ပြောမှု။**

အရှင်ဒဗ္ဗအပေါ် အထင်သေးအောင်ပြောမှု

ဒုဋ္ဌဒေါသ သိက္ခာပုဒ်၌ (နေရာ ခင်းပေးခြင်း ဆွမ်းလှည့်ချပေးခြင်းတို့ဖြင့်) အရှင်ဒဗ္ဗ၏ သံဃာ့တာဝန်ဆောင်ပုံကို ပြခဲ့ပြီ၊ မေတ္တိယ - ဘုမ္မဇက မည်သော ရဟန်းတို့သည် အရှင်ဒဗ္ဗအပေါ်၌ အခြားရဟန်းတို့က အထင်သေး အမြင်သေးဖြစ်အောင် အရှင်ဒဗ္ဗ၏ မဟုတ်မမှန်သော မကောင်းသတင်းကို လုပ်ကြံ၍ (ဒဗ္ဗသည် ဆန္ဒာဂတိလိုက်ပြီး နေရာခင်းပေးတယ်, ဆွမ်းလှည့်ချတယ်)ဟု အခြားရဟန်းတို့အား ပြောကြလေသည်၊ ထိုအမှုကြောင့် "ဥဇ္ဈာပနကေ ပါစိတ္တိယံ"ဟု ပညတ်တော်မူရလေသည်။

အတင်းပြောမှု

ထိုသို့ပညတ်တော် မူပြီးနောက် ထိုမေတ္တိယ ဘုမ္မဇက ရဟန်းတို့သည်အရှင်ဒဗ္ဗ၏မကောင်းသတင်းကိုအခြားရဟန်းများထံ တိုက်ရိုက်မပြောကြတော့ဘဲ အခြားရဟန်းတို့၏ အနီးအပါး (အခြားရဟန်းတို့ကြားလောက်သည့်) နေရာ၌ "ဒဗ္ဗသည် ဆန္ဒာဂတိလိုက်၍ နေရာခင်းပေးတယ်, ဆွမ်းလှည့်ချပေးတယ်"ဟု သူတို့အချင်းချင်းအတင်းပြောကြကုန်၏၊ [သူသို့အတင်းပြောသံကို ကြားသောရဟန်းတို့က အရှင်ဒဗ္ဗကို

ညှဉ်းဆဲကြလိမ့်မည် ဟု သူတို့အယူရှိကြသည်၊] ထိုအတင်းပြောမှုကြောင့် ''ခီယျနကေ ပါစိတ္တိယံ''ဟု ာနုပညတ်ထပ်တော်မူရပြန်သည်၊ ''ခီယျနကေ-ရှုတ်ချခြင်းကြောင့်''ဟု အနက်ပေးရာ၌အမှန်မှာ ''အတင်းပြောမှု''ပင်။]

သိက္ခာပုဒ်။ ဥဇ္ဈာပနကေ ခီယျနကေ ပါစိတ္တိယံ။

မြန်မာပြန်။ ။အထင်သေး အမြင်သေးစေကြောင်း စကားကို ပြောဆိုခြင်း(ကဲ့ရဲ့ခြင်း) ကြောင့် လည်းကောင်း, အပြစ်ကို ထင်ရှားပြခြင်း (ရှုတ်ချခြင်း)ကြောင့် လည်းကောင်း ပါစိတ်အာပတ်သင့်၏။

---

## ဃ။ ပဌမသေနာသနသိက္ခာပုဒ်

**အမှုသည်—ရဟန်းအများ။**

**အမှု—သံဃိကအိပ်ရာနေရာကို မရုပ်သိမ်းမှု။**

အိပ်ရာနေရာ မရုပ်သိမ်းမှု

ရဟန်းတို့သည် ဆောင်းအခါဝယ် လွင်တီးခေါင်၌ (အမိုးမရှိသော ဟာလာဟင်းလင်း အရပ်၌) သံဃိက ညောင်စောင်း (ခုတင်) အင်းပျဉ် (ထိုင်ခုံအမျိုးမျိုး) စသည်ကိုခင်း၍ နေပူလှုံကြပြီးလျှင် တစ်ခြားအရပ်သို့ သွားသည့်အခါ ထိုအိပ်ရာနေရာများကို ကိုယ်တိုင်လည်း မရုပ်သိမ်းကြ, သူတစ်ပါးကိုလည်း ''ရုပ်သိမ်းလိုက်စမ်းပါ''ဟု မခိုင်းကြ၊ ''တပည့်တော်သွားပါဦးမည်''ဟုတစ်စုံတစ်ယောက်ထံ၌လည်း ခွင့်မပန်ကြ၊ ညောင်စောင်းအင်းပျဉ် (ခုတင်ထိုင်ခုံ) စသည်တို့ နှင်းစိုကုန်လေသည်၊ ထို့ကြောင့် အခြားရဟန်းတို့ ကဲ့ရဲ့ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်၊ [လူ-သာမဏေ-တပည့်ရဟန်းငယ်စသူကို ''ခင်းလိုက်စမ်း''ဟု ခိုင်းမှုကို ''သန္ထရာပေတွာ''ဟုဆို၏၊]

သိက္ခာပုဒ်။ ။ယော ပန ဘိက္ခု သံဃိကံ မဉ္စံ ဝါ ပီဌံ ဝါ ဘိသိံ ဝါ ကောစ္ဆံ ဝါ အဇ္ဈောကာသေ သန္ထရိတွာ ဝါ **သန္ထရာပေတွာ** ဝါ တံ ပက္ကမန္တော နေဝ ဥဒ္ဓရေယျ၊ **နဥဒ္ဓရာပေယျ**၊ **အနာပုစ္ဆံ** ဝါ ဂစ္ဆေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင်ရဟန်းသည် သံဃာ့ဥစ္စာဖြစ်သော ညောင်စောင်း အင်းပျဉ် ဂုံလျှော်အခင်းကို လွင်တီးခေါင်၌ ကိုယ်တိုင်ခင်းပြီးသော်လည်းကောင်း, သူတစ်ပါးကို ခင်းစေပြီး၍သော်လည်းကောင်း၊

အခြားတစ်နေရာသို့ သွားလိုလတ်သော် ထိုညောင်စောင်း စသည်ကို ကိုယ်တိုင်မူလည်း မရုပ်သိမ်းအံ့၊ သူတစ်ပါးကိုမူလည်း မရုပ်သိမ်းစေအံ့၊ မပန်ပြောဘဲမူလည်း သွားအံ့၊ ထိုရဟန်းပါစိတ်အာပတ်သင့်၏။

ဘိသိ။ ။
ကောစ္ဆ။ ။ } ဘာသာဋီကာမှာယူ။
အဇ္ဈောကာသေ–

## ၎။ ဒုတိယသေနာသနသိက္ခာပုဒ်

**အမှုသည်–သတ္တရသဝဂ္ဂီရဟန်းကလေးများ။**
**အမှု–သံဃိကကျောင်း၌အိပ်ရာနေရာခင်း၍ မရုပ်သိမ်းဘဲသွားမှု။**

**သတ္တရသဝဂ္ဂီတို့ မရုပ်သိမ်းမှု** လူ့ဘောင်မှစ၍ မိတ်ဆွေ ဖြစ်လာခဲ့ကြသော ၁၇–ပါးသော ရဟန်းတို့သည် အတူသွားအတူနေ များစွာအကျွမ်းတဝင်ရှိကြလေသည်၊ ထိုရဟန်းတစ်စုကို "သတ္တရသဝဂ္ဂီယ" ဟု ခေါ်၏၊ ထိုသတ္တရသဝဂ္ဂီရဟန်းတို့သည် သံဃိကကျောင်း၌ အိပ်ရာနေရာများကိုခင်း၍ ထိုင်ကြ အိပ်ကြပြီးလျှင် အရပ်တစ်ပါးသို့ သွားကြသည့်အခါ ကိုယ်တိုင်မူလည်း မရုပ်သိမ်းကြ, သူတစ်ပါးကိုလည်း အသိမ်းမခိုင်းကြ, (တာဝန်ဝတ္တရားကို ရှိသေစွာ) စောင့်ရှောက် ကြည့်ရှုမည့် ရဟန်းသာမဏေ အာရာမ်စောင့် ကပ္ပိယများကိုလည်း မတိုင်ကြားဘဲ သွားကြသဖြင့် (အိပ်ရာနေရာတွင်မကဘဲ) ကျောင်းကိုပါ ခြစားသောကြောင့် အခြားရဟန်းတို့ ကဲ့ရဲ့ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယော ပန ဘိက္ခု သံဃိကေ ဝိဟာရေ သေယျံ သန္ထရိတွာ ဝါ သန္ထရာပေတွာ ဝါ တံ ပက္ကမန္တော နေဝ ဥဒ္ဓရေယျ၊ န ဥဒ္ဓရာပေယျ၊ အနာပုစ္ဆံ ဝါ ဂစ္ဆေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင်ရဟန်းသည် သံဃာ့ဥစ္စာဖြစ်သော ကျောင်း၌ အိပ်ရာနေရာအခင်းကို ကိုယ်တိုင်ခင်းပြီး၍သော်လည်းကောင်း, သူတစ်ပါးကို အခင်းခိုင်းပြီး၍သော်လည်းကောင်း ထိုအခင်းကို အခြားတစ်နေရာ သွားလိုသည့်အခါ ကိုယ်တိုင်လည်းမရုပ်သိမ်းအံ့၊ သူတစ်ပါးကိုလည်း အရုပ်သိမ်းမခိုင်းအံ့၊ မပန်ပြောဘဲလည်းသွားအံ့၊ ထိုရဟန်းပါစိတ်အာပတ်သင့်၏။

## သေယျ = အိပ်စရာ ထိုင်စရာ ၁၀-မျိုး

ဘိသိ ဗိမ်ိလိကာ စေဝ, ဥတ္တရတ္ထရဏံပိစ၊
ဘူမတ္ထရဏံ တဋ္ဋိကာ, စမ္မခဏ္ဍော နိသီဒနံ။
ပစ္စတ္ထရဏံ စ တိဏ-သန္ထာရော ပဏ္ဏသန္ထာရော၊
ဒသယိမာ သေယျာ ဝုတ္တာ, မုနိနာဒိစ္စ ဗန္ဓုနာ။

သိသိ-ဘုံလျှို၊ ဗိလိမိကာ-အဝတ်ကြမ်း၊ ဥတ္တရတ္ထရဏံ-အပေါ်လွှမ်းအခင်း၊ ဘူမတ္ထရဏံ-မြေအခင်း၊ တဋ္ဋိကာ-ဖျာကြမ်း၊ ဓမ္မခဏ္ဍော-သားရေပိုင်း၊ နိသီဒနံ-နိသီဒိုန်၊ ပစ္စတ္ထရဏံ-သီးခြားအခင်း၊ တိဏသန္ထာရော-မြက်အခင်း၊ ပဏ္ဏသန္ထာရော-သစ်ရွက်အခင်း၊ ဣမာဒသသေယျာ-ဤအခင်းဆယ်မျိုးတို့ကို၊ မုနိနာ အာဒိစ္စဗန္ဓုနာ-နေမျိုးထွတ်ဘင် ဘုရားရှင်သည်၊ ဝုတ္တာ-ဟောတော်မူအပ်ကုန်ပြီ။

"ဗိမိလိကာ"ဟူသည် အင်္ဂတေစသည်ဖြင့် အချောကိုင်ထားသော မြေ၌ အရောင်မပျက်အောင် ခင်းအပ်သော အခင်းကြမ်းတစ်မျိုးတည်း၊ "ဥတ္တရတ္ထရဏ (ဥတ္တရိ = အပေါ်၌ ⸫ အတ္ထရဏ – ခင်းအပ်သော)" ဟူသည် ညောင်စောင်း အင်းပျဉ်တို့အပေါ်၌ ခင်းအပ်သော အိပ်ရာခင်း စသော အခင်းများတည်း၊ "ဘူမတ္ထရဏ" ဟူသည် ဗိမိလိကာရှိလျှင် ဗိမိလိကာ အပေါ်၌ ခင်းရသော ဗိမိလိကာမရှိလျှင် ရိုးရိုးမြေ၌ခင်းအပ်သော သင်ဖြူးစသည်တည်း၊ "တဋ္ဋိကာ"ဟူသည် သင်ဖြူးစသည်ကဲ့သို့ အနုအချောမဟုတ်-ထန်းရွက်စသည်ဖြင့် ပြုလုပ်အပ်သော ဖျာကြမ်းတည်း။

"စမ္မခဏ္ဍ"ဟူသည် ခြင်္သေ့ရေ သစ်ရေ ကျားရေမှစ၍ အားလုံးသော သားရေတည်း၊ ထိုသားရေကိုပင် နံဘေးပတ်လည် ဖြတ်ထားအပ်သော ကြောင့်"စမ္မ = သားရေ+ ခဏ္ဍ = အပိုင်းအဖြတ်"ဟုခေါ်သည်၊ [ခြင်္သေ့ရေ စသည်ကို ပုဂ္ဂလိကအဖြစ်ဖြင့် သွားလေရာယူ၍ မသုံးစွဲကောင်း၊ ကျောင်း အသုံးအဆောင် အဖြစ်ဖြင့်ကား သားရေအားလုံး သုံးဆောင်ကောင်း သည်။] နိသီဒိုန်ကို နိသီဒနသန္ထတသိက္ခာပုဒ်၌ပြခဲ့ပြီ၊ ပစ္စတ္ထရဏ "(ပတိ+ အတ္ထရဏ = သီးခြားအခင်း၊)" ဟူသည် ကော်ဇောကဲ့သို့ အမွေးပါသော အခင်းများတည်း၊ "တိဏသန္ထာရ ပဏ္ဏသန္ထာရ"ဟူသည် မြက်များကိုလည်း ကောင်း, သစ်ရွက်များကိုလည်းကောင်း တွဲဘပ်၍ အခင်းလုပ်ထားသော အခင်းများတည်း။

**တာဝန်ဝတ္တရား။** ။[ထိုအခင်းများကို သံဃိကကျောင်းပေါ်၌ ခင်းနေပြီးနောက် တစ်ခြားအရပ်သို့ ညဥ့်အိပ်သွားလိုလျှင် ကိုယ်တိုင်ဖြစ်စေ ခိုင်း၍ဖြစ်စေ သိမ်းထားခဲ့ရမည်၊ သို့မဟုတ် ရဟန်း သာမဏေ-အာရာမ်စောင့် ၂-မျိုးရှိလျှင် ရဟန်းထံ, ရဟန်းမရှိလျှင် သာမဏေထံ, ရဟန်း သာမဏေ မရှိလျှင် အာရာမ်စောင့်ထံ အပ်နှံပန်ပြော၍သွားရမည်၊ မည်သူမျှ မရှိလျှင် ကျောင်းဒါယကာထံ အပ်နှံ၍, ကျောင်းဒါယကာက သံဃိကပစ္စည်းကို အိမ်မှာလက်မခံလိုလျှင် တစ်နည်းနည်းနှင့် ကြံဖန်သိမ်းထား၍ သွားရမည်၊ ထိုကဲ့သို့ မသိမ်းဘဲသွားလျှင် ခြတက်၍ကျောင်းပါပျက်စီးတတ်သောကြောင့် ပါစိတ်အာပတ်သင့်သည်၊ ကျောင်းတွင်းမဟုတ်ဘဲ အခြားမလုံခြုံသောနေရာ၌ ထားပစ်ခဲ့လျှင် ကျောင်းမပျက် အခင်းများသာ ပျက်သောကြောင့် ဒုက္ကဋ်၊ [ခြလည်းတက်မည်ဟု မထင်ရ, မိုးလည်း လုံသောကျောင်းမှ သွားရာ၌ကား မသိမ်း မပန်ဘဲသွားခြင်းကြောင့် အာပတ်မသင့်ပါ၊ သို့ရာတွင် ရုပ်သိမ်း၍ ပန်ကြား၍သွားခြင်းမှာ ဝတ္တရားဖြစ်သည်။]

---

### ၈။ အနုပခဇ္ဇသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။**

**အမှု—မထေရ်ကြီးများအနားသို့ကပ်ရောက်နေထိုင်မှု**

**ဆဗ္ဗဂ္ဂီရဟန်းများ ညံ့စ်ပုံ** — သံဃိကအိပ်ရာနေရာများတွင် ကြီးသူတို့ မလိုချင်သော နေရာကိုသာ ငယ်သူတို့ရကြရိုးတည်း၊ ဆဗ္ဗဂ္ဂီ ရဟန်းတို့ကား သံဃာများခရီးသွားကြသည့်အခါရှေးဦးစွာသွား၍ နှင့်ကြ၍ နေရာကောင်းတို့၌ သူတို့၏ သပိတ်သင်္ကန်းများကို ထားပြီးလျှင် ထေရ်ကြီးများကို (ထိုနေရာ မယူရအောင်) အစောင့်အရှက် ပေးကြ၏၊ ထေရ်တို့သည် ဝါစဉ်အတိုင်း နေရာယူသည့်အခါ ဆဗ္ဗဂ္ဂီတို့ မှတ်ထားသော နေရာများ၌ ကျရောက်ကြသဖြင့် "ငါတို့အား ဒီနေရာမှာကျရောက်သည်"ဟု ပြောပြီးလျှင် ဆဗ္ဗဂ္ဂီရဟန်းငယ်တို့ကို ထစေကြလေသည်၊ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် "အရှင်ဘုရားတို့အား ခုတင်ထားရာ ထိုင်ခုံထားရာ အရပ်သာ ရောက်၏, ထိုခုတင်ထိုင်ခုံ၏ နံပါး၌ လွတ်လပ်သော ကြမ်းပြင်သည် အရှင်ဘုရားတို့နှင့်မဆိုင်"ဟု ဆိုပြီးလျှင် သူတို့အတွက် ကျရောက်သော အခြားနေရာမှ ညောင်စောင်းအင်းပျဉ် (ခုတင်ထိုင်ခုံ) များကိုယူခဲ့၍ ထေရ်တို့၏ ခုတင်ထိုင်ခုံများ အနီးအပါး၌ ကပ်လျက်ခင်းပြီးလျှင် ထိုင်ကြ အိပ်ကြ

စာအံကြလေသည်၊ သူတို့ရည်ရွယ်ချက်ကား ယခုလို ကျဉ်းမြောင်းကျပ်တည်းအောင် အနှောင့်အယှက်ပေးလျှင် ထေရ်ကြီးတွေ အခြားနေရာ သွားနေကြလိမ့်မည်၊ ထိုအခါ နဂိုက ငါတို့မှတ်ထားသော ညောင်စောင်းအင်းပျဉ်ကို ငါတို့ပင်ရလိမ့်မည်ဟု ယူဆကြခြင်းဖြစ်၏၊ ထို့ကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယော ပန ဘိက္ခု သံဃိကေ ဝိဟာရေ ဇာနံ ပုဗ္ဗု-ပဂတံ ဘိက္ခုံ အနုပခဇ္ဇ သေယျံ ကပ္ပေယျ ယဿ သမ္ဗာဓော ဘဝိဿတိ၊ သော ပက္ကမိဿတီတိ ဧတဒေဝ ပစ္စယံ ကရိတွာ အနညံ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင်ရဟန်းသည် သံဃိကကျောင်း၌ မထ‌စေထိုက်သူဟု သိလျက် မိမိအလျှင်, ကပ်ဝင်နေထိုင်သောရဟန်း၏အနီးသို့ ကပ်ဝင်၍ ထိုင်ခြင်း အိပ်ခြင်းကိုပြုအံ့၊ (အဘယ်သို့ကြံ၍ ပြုသနည်းဟူမူ) "အကြင်ရဟန်းမှာ ကျဉ်းကျပ်ခြင်းဖြစ်သတ္တံ့၊ ထိုရဟန်း ဖဲသွားလိမ့်မည်" ဟု ကြံ၍ ဤကျဉ်းကျပ်စေခြင်းကိုသာလျှင် အကြောင်းပြု၍ အခြားအကြောင်းမရှိဘဲ ထိုင်ခြင်း အိပ်ခြင်းကိုပြုအံ့၊) ထိုရဟန်း ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။မိမိထက် ကြီးသူကိုလည်းကောင်း, မကျန်းမမာ ဖြစ်နေသူကိုလည်းကောင်း, (အများအကျိုးဆောင်သော စာချ-ဓမ္မကထိက-ဝိနည်းဓိုရ်-ဘဏ္ဍာစိုးစသူတို့အား သီးခြား နေရာပေးထားတတ်၏၊) ထိုသို့ နေရာသီးခြားရထားသူကို လည်းကောင်း, အခြားပုဂ္ဂိုလ်များက "ဒီနေရာ တပည့်တော်အားရောက်သည်" ဟု ဆို၍ ထမသွားစေနိုင်၊ ထိုသို့သူ့နေရာမှ မထစေထိုက်သောရဟန်းဟု သိခြင်းကို "ဇာနံ" ဟု သိက္ခာပုဒ်၌ဆိုသည်။

---

## ဆ။ နိက္ကဍ္ဎနသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။**

**အမှု—သံဃိကကျောင်းမှ ထွက်သွားစေအောင်လုပ်မှု။**

ဆဗ္ဗဂ္ဂီတို့အကြံ။ ။ဇေတဝန်ကျောင်းတိုက်၏အစွန်အဖျား၌ကျောင်းကြီးတစ်ကျောင်းကို "ဤကျောင်း၌ဝါဆိုကြစို့" ဟု တိုင်ပင်၍ သတ္တရသဝဂ္ဂီရဟန်းကလေးတို့ကျောင်းပြင်နေကြလေသည်၊ ဆဗ္ဗဂ္ဂီရဟန်းကြီး

တို့တွင် အချို့က"ဒီရဟန်းကလေးတွေကို ကျောင်းမှထွက်သွားစေကြစို့"ဟု ပြောလျှင် အချို့က ဆိုင်းငံ့ကြဦး, သူတို့ပြင်ပြီးမှ ထွက်စေကြစို့"ဟု ပြောကြ၏၊ [ဝိနည်းတော်ထုံးစံအားဖြင့် သံဃိကကျောင်းမှန်လျှင် ကြီးသူတို့သာ နေရာကောင်း ရရှိကြ၏၊ ကြီးသူတို့ မလိုချင်မှ ငယ်သူတို့ ရကြသည်၊] ထို့ကြောင့် ကျောင်းပြင်ပြီးသောအခါ "ငါ့ရှင်တို့....ဤကျောင်းသည် ငါတို့အားရောက်၏၊ သင်တို့ထွက်ကြ"ဟု နှင်ကြလေသော်.... "အရှင်ဘုရားတို့ စောစောပြောကြလျှင် တပည့်တော်တို့လဲ အခြားကျောင်းကို ပြင်ဆင်ကုန်ရာ ရဲ့"ဟုပြော၍ မထွက်သေးဘဲနေကြလေ၏၊ "ဒီကျောင်းဟာ သံဃိကကျောင်း မဟုတ်လား"ဟု ဆဗ္ဗဂ္ဂီတို့ကမေး၍ "ဟုတ်ပါကြောင်း"ဝန်ခံလျှင် "ငါ့ရှင်တို့ ထွက်ကြ, ငါတို့အားရောက်သည်"ဟု ထပ်၍ပြောကြပြန်လေသည်။

ထိုအခါ သတ္တရသဝဂ္ဂီ ရဟန်းကလေးများက "အရှင်ဘုရားတို့.... ကျောင်းကြီး ကျယ်ပါတယ်, အရှင်တို့လဲ နေကြတာပေ့, တပည့်တော်တို့လဲ နေပါရစေ"ဟု လျှောက်ကြပြန်လျှင် "ငါ့ရှင်တို့ ထွက်ကြလော့, ကျောင်းသည် ငါတို့အားရောက်၏"ဟုပြောပြောဆိုဆိုနှင့်ပင် လည်ပင်းကိုင်၍ ဆွဲထုတ်ကြလေသော် ရဟန်းကလေးတို့ ငိုကြသံကို အခြားရဟန်းများ ကြား၍ ဘုရားထံလျှောက်ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယော ပန ဘိက္ခု ဘိက္ခုံ ကုပိတော အနတ္တမနော သံဃိကာ ဝိဟာရာ နိက္ကဍ္ဎေယျ ဝါ နိက္ကဍ္ဎာပေယျ ဝါ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင်ရဟန်းသည် အခြားရဟန်းကို စိတ်ဆိုးသည်(မိမိ၏ ပင်ကိုယ်စိတ်မရှိသည်)ဖြစ်၍ သံဃိကကျောင်းမှ ကိုယ်တိုင်မူလည်း နှင်ထုတ်အံ့၊ သူတစ်ပါးကိုမူလည်း နှင်ထုတ်ခိုင်းအံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။လဇ္ဇီသူတော်ကောင်းကိုနှင်ထုတ်မှသာ အာပတ်သင့်၏၊အလဇ္ဇီကို လည်းကောင်း ခိုက်ရန်ဖြစ်တတ်သူကို လည်းကောင်း သံဃိက ကျောင်းမှနှင်ထုတ်မှု, ကောင်းစွာ မကျင့်မလိုက်နာသော တပည့်ကို နှင်ထုတ်မှု,မိမိပိုင်ပုဂ္ဂလိကကျောင်းမှ မိမိသဘောမကျသူကို နှင်ထုတ်မှုကြောင့်ကား အာပတ်မသင့်။

## ၉။　ဝေဟာသကုဋိသိက္ခာပုဒ်

**အမှုသည်-ရဟန်းတစ်ပါး။**
**အမှု-အထက်ထပ်၌ အခင်းမရှိသေးဘဲ ခုတင်ကိုခင်း၍ထိုင်မှု။**

**ခုတင်ကိုဖိ၍ထိုင်မှု** သံဃိက ဖြစ်သော ၂-ထပ်ကျောင်း တစ်ဆောင်ဝယ် အထက်ထပ်၌ ပျဉ်စသည် မခင်းရသေး၍ ဟင်းလင်းဖြစ်နေ၏၊ သို့သော် ညောင်စောင်း ထိုင်ခုံများထား၍ ဖြစ်လောက်အောင် ဆင့်ကဲ၍ပြီးပြီဟုကား ဆိုရပေပြီ၊ သို့ရာဝယ် ခုတင်ထိုင်ခုံများ၏ခြေကား ထိုဆင့်များပေါ်၌ထား၍ဖြစ်ဖွယ်မရှိသောကြောင့် အောက်၌ တွဲလျားကျနေပေလိမ့်မည်၊ "ဝေဟာသကုဋိ"ဟု ခေါ်ရသော ကျောင်းငယ်၌ ရဟန်း ၂-ပါးသည် အထက်ထပ်တစ်ပါး အောက်ထပ်တစ်ပါး နေကြလေ၏၊ အထက်ထပ်နေသူ၏ ညောင်စောင်း(ခုတင်)သည် ဘောင်၌ထွင်း၍ အခြေတပ်ထားသော ညောင်စောင်းဖြစ်၏၊ ထိုအခြေကိုလည်း စို့ရိုက်မထားသဖြင့် အလွယ်တကူ ကျွတ်ကျလောက်၏၊ အခါတစ်ပါး၌ အထက်ထပ်နေရဟန်းသည် ထိုညောင်စောင်းကို အဆောတလျင်ဖိ၍ထိုင်လိုက်ရာ ခြေထောက်ကျွတ်၍ အောက်ထပ်နေရဟန်း၏ ဦးခေါင်းပေါ်ကျသဖြင့် အလန့်တကြား အော်လိုက် မိလေသည်၊ ထိုအခါ အော်သံကြား၍ ပြေးလာကြသော ရဟန်းများသိ၍ အထက်ထပ်နေရဟန်းကို "ဘောင်၌အခြေတပ်ထားသော ခုတင်ကို အဆောတလျင် ဖိ၍ထိုင်ရမလား"ဟု ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယော ပန ဘိက္ခု သံဃိကေ ဝိဟာရေ ဥပရိ ဝေဟာသကုဋိယာ အာဟစ္စပါဒကံ မဉ္စံ ဝါ ပီဌံ ဝါ အဘိနိသီဒေယျ ဝါ အဘိနိပဇ္ဇေယျ ဝါ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင်ရဟန်းသည် သံဃိကကျောင်းဝယ် အထက်ဆင့်တွင် ဟင်းလင်းအပြင်ရှိသော ကုဋိ၌ အပေါင်၌ သွင်းအပ်သော အခြေရှိသော ညောင်စောင်းကိုသော် လည်းကောင်း, အင်းပျဉ်ကိုသော်လည်းကောင်း ဖိ၍မူလည်းထိုင်အံ့, ဖိ၍မူလည်း အိပ်အံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏။

## ၈၂။ မဟလ္လကဝိဟာရသိက္ခာပုဒ်

အမှုသည်-ရှင်ဆန္န။
အမှု-ကျောင်းကို အထပ်ထပ်အမိုးမိုးမှု။

**အမှာ။** ။သံဃာဒိသေသ် မဟလ္လကဝိဟာရ သိက္ခာပုဒ်၌ ပြခဲ့သည့် အတိုင်း ကျောင်းဒါယကာ ရှိသောကျောင်းကို "မဟလ္လကဝိဟာရ" ခေါ်ရကြောင်းကိုလည်းကောင်း၊ ထိုမဟလ္လကဝိဟာရဟူသည် အင်္ဂတေ-သို့မဟုတ် မြေညက်တို့ဖြင့် အတွင်းဖြစ်စေ အပြင်ဘက်ဖြစ်စေ ၂-ဘက်လုံးဖြစ်စေ သုတ်အပ်သော (ကုလားများ၏ နေအိမ်နှင့်တူသော) ကျောင်းမျိုးဖြစ်ကြောင်းကိုလည်းကောင်း နားလည်နှင့်ရာ၏။

**အထပ်ထပ် အမိုး အသုတ်နိုင်းခြင်း** အရှင်ဆန္န၏ ဒါယကာ အမတ်ကြီးသည် အရှင်ဆန္နဖို့ ထိုကျောင်းမျိုး ပြုလုပ်စေရာ ထုံးစံအတိုင်း ပြီးစီးပြီးဖြစ်၏၊ သို့သော် အရှင်ဆန္နသည် အားမရသေး၍ ထပ်ကာထပ်ကာ အမိုးလည်းခိုင်း, အင်္ဂတေ-သို့မဟုတ် မြေညက် အသုတ်လည်းခိုင်း၏၊ ထိုသို့ ထပ်၍ မိုးမှု ထပ်၍ သုတ်မှုကြောင့် ဝန်လေးသည်ဖြစ်၍ ကျောင်းကလေးပြိုကျလေတော့၏၊ ရှင်ဆန္နသည် ပြိုကျသော အမိုးမြက်များနှင့် သစ်သားတို့ကို စုရုံးလေရာ သူ၏နင်းမှုကြောင့် ပုဏ္ဏားတစ်ယောက်၏ မုယောလယ်ခင်းပျက်လေတော့၏၊ ထိုအခါ ပုဏ္ဏားက "သူ့မုယောခင်းကို ဖျက်ရမလား"ဟု ကဲ့ရဲ့သည်ကို ရဟန်းများကြား၍ ရဟန်းများက "ပြီးပြီးသောကျောင်းကို ထပ်၍ မိုးစေရ-သုတ်စေရမလား" ဟု ကဲ့ရဲ့ကာ ဘုရားထံ လျှောက်ခြင်းကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**မဟလ္လကံ ပန** ဘိက္ခုနာ ဝိဟာရံ **ကာရယမာနေန** **ယာဝ**ဒွါရကောသာ အဂ္ဂဠဋ္ဌပနာယ အာ**လောက**သန္ဓိပရိ**ကမ္မာယ** **ဒွတ္တိစ္ဆဒနဿ** ပရိ**ယာယံ** **အပ္ပ**ဟရိတေ ဌိတေန အဓိဋ္ဌာတဗ္ဗံ၊ **တတော စေ** ဥတ္တရိ **အပ္ပ**ဟရိတေပိ ဌိတော အဓိဋ္ဌဟေယျ၊ **ပါစိတ္တိယံ**။

**အဓိပ္ပာယ်နှင့်တကွမြန်မာပြန်။** ။မဟလ္လကဝိဟာရကို ပြုလိုသော ရဟန်းသည် တံခါးရွက်နှင့် တံခါးဘောင်ကို ခိုင်မြဲအောင် ထားခြင်းငှာ တံခါးဘောင်-ကြီးခွေ၏ ပတ်ပတ်လည် ၂-တောင့်ထွာ လောက်အရပ်ကို အထပ်ထပ်သုတ်နိုင်၏၊ လေသောက် ပြတင်း၏ တံခါးရွက်များကိုလည်း ခိုင်မြဲအောင်ပြုခြင်းငှာ ထိုတံခါးရွက်များ ဖွင့်လိုက်လျှင်

ရိုက်မိလောက်ရာ အရပ်ကို အထပ်ထပ် သုတ်နိုင်၏၊ ထို့ပြင် အမိုးမိုးရာ၌ အုတ်, ကျောက်တို့ဖြင့် မိုးလျှင် အဖြောင့်အားဖြင့် (တန်း၍) မိုး၏၊ ထိုသို့ အတန်းလိုက် မိုးခြင်းဖြစ်လျှင် ၂-တန်း, ၃-တန်း တိုင်အောင် လည်းကောင်း, မြက်, သစ်ရွက်တို့ဖြင့် မိုးလျှင် လှည့်ပတ်၍ မိုး၏၊ ထိုသို့ လှည့်ပတ်၍ မိုးရာ၌လည်း ၂-ထပ်, ၃-ထပ် တိုင်အောင် လည်းကောင်း (သည်ပုံ-သည်နည်း မိုးရမည်-ဟု) စီမံနိုင်၏၊ ထိုသို့ စီမံရာ၌ မိမိရပ်နေရာအရပ်က ကောက်ပဲသီးနှံစိုက်ထားသော စိမ်းစိမ်းစိုစိုအရပ် မဟုတ်ရ၊ ("ကောက်ပဲသီးနှံ စိုက်ထားလျှင် သူတစ်ပါး၏ လယ်ယာကို ဖျက်ဆီးရာ ရောက်လိမ့်မည်" ဟူလို၊) ထိုသို့ ကောက်ပဲသီးနှံ စိုက်ပျိုးရာ မဟုတ်သော အရပ်၌နေ၍ စီမံစေကာမူ ၂-ထပ်, ၃-ထပ်ထက် ပို၍ကား မစီမံရ၊ ပို၍စီမံလျှင် ပါစိတ်အာပတ် သင့်၏။

## ၁၀။ သပါဏကသိက္ခာပုဒ်

**အမှုသည်-ရဟန်းအများ၊**

**အမှု-ပိုးရှိသောရေကိုသွန်းမှု။**

**ပိုးရှိသော ရေကို သွန်းမှု** အာဠဝီမြို့နေ ရဟန်းတို့သည် နဝကမ္မကို ပြုကြစဉ် ပိုးကျနေသောရေကို မြက်သို့ လည်းကောင်း, မြေထဲသို့ လည်းကောင်း ကိုယ်တိုင်လည်း သွန်လောင်းကြ, သူတစ်ပါးကိုလည်း အသွန်ခိုင်းကြလေ၏၊ ထိုအခါ အခြားရဟန်းတို့က ကဲ့ရဲ့ကြ၍ ဘုရားအား လျှောက်သောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။

သိက္ခာပုဒ်။ ။**ယော ပန ဘိက္ခု ဇာနံ သပ္ပါဏကံ ဥဒကံ တိဏံ ဝါ မတ္တိကံ ဝါ သိဉ္စေယျ ဝါ သိဉ္စာပေယျ ဝါ၊ ပါစိတ္တိယံ။**

မြန်မာပြန်။ ။ပိုးရှိသော ရေမှန်းသိလျက် ထိုပိုးရှိသောရေကို မြက်ထဲသို့ လည်းကောင်း, မြေသို့ လည်းကောင်း၊ (တစ်နည်း-ပိုးရှိသော ရေထဲသို့ မြက်ကို လည်းကောင်း, မြေကို လည်းကောင်း) ကိုယ်တိုင်လည်း လောင်းအံ့၊ သူတစ်ပါးကို သော်လည်း အလောင်း ခိုင်းအံ့၊ ပါစိတ်အာပတ် သင့်၏။

မှတ်ချက်။ ။ပိုးရှိမှန်းသိလျှင် ထိုပိုးရှိသောရေကို မြက်-မြေကြီးစသော အရပ်သို့ မသွန်ကောင်း၊ ထိုရေကို (ပိုးမသေလောက်ရာ) ကန်, ချောင်း စသည်သို့သာ သွန်ရသည်၊ ချောင်းငယ် မြောင်းငယ် စသည်၌ ပိုးရှိသောရေက နည်းနည်းပါးပါး ဖြစ်နေ၍ ထိုရေထဲသို့ မြက်-မြေကြီးတို့ကို လောင်းထည့်လိုက်လျှင် ပိုးကလေးတွေ သေဖွယ်ရှိ၏၊ ထို့ကြောင့် ပိုးရှိသော ရေထဲသို့လည်း မြက်ကို လည်းကောင်း, မြေကြီးကို လည်းကောင်း မလောင်းထည့်ရ။

ဘူတဂါမဝဂ် ပြီး၏။

# ဘိက္ခုနောဝါဒဝဂ်

## က။ ဩဝါဒသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။**

**အမှု—ဘိက္ခုနီတို့အား ဩဝါဒပေးမှု။**

**ဘိက္ခုနီကြောင့် လာဘ်ပေါပုံ**

"ဘိက္ခုနီတို့သည် ဘိက္ခုတို့အထံ၌ ဩဝါဒခံယူဖို့ရန် သွားရမည်"ဟုဘိက္ခုနီ-အာရာမဝဂ်အဋ္ဌမသိက္ခာပုဒ်၌ ပညတ်တော်မူထား၏၊ ထိုပညတ်တော်အရ ဘိက္ခုနီတို့သည် ဩဝါဒခံယူဖို့ရန်လာကြသောအခါအဝါ ၂၀-ရပြီးသောထေရ်ကြီးတို့သည် ဩဝါဒပေးကြ (တရားဟောကြ)ကုန်၏၊ ဘိက္ခုနီတို့သည် မိမိတို့အထံသို့ လာကြသော ဆွေမျိုးများက "အဘယ်ပုဂ္ဂိုလ်ထံ ဩဝါဒခံယူကြပါသလဲ"ဟုမေးသောအခါ "မည်သည့်ထေရ်၏အထံမှာ ဩဝါဒရသည်"ဟု မဟာသာဝက(အရှင်မဟာကဿပ-အရှင်သာရိပုတ္တရာ-အရှင်အာနန္ဒာစသည်)တို့ကိုညွှန်ပြ၍ ထိုထေရ်တို့၏ အမျိုးအနွယ်ဂုဏ် အကျင့်သီလဂုဏ်တို့ကိုပါ ဆက်လက်ပြောကြလေ၏၊ ထိုအခါ ဆွေမျိုးတို့သည် ထိုထေရ်တို့ကို ကြည်ညိုကြသဖြင့် ထိုထေရ်တို့အား ပစ္စည်းလေးပါးကို လှူဒါန်းကြလေသည်။

**ဆဗ္ဗဂ္ဂီတို့အကြံ**

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုကဲ့သို့ ပစ္စည်းရမှုကို အားကျ၍ ဘိက္ခုနီတို့ထံ သွားပြီးလျှင် "ငါတို့ဆီသို့လည်း ဩဝါဒခံယူကြပါဦး"ဟု ပြောကြလေ၏၊ ထိုအခါ ဘိက္ခုနီတို့သည် စိတ်မခိုင်ကြသောကြောင့် ဆဗ္ဗဂ္ဂီတို့စကားကို လိုက်နာ၍ ဆဗ္ဗဂ္ဂီတို့ထံ ဩဝါဒခံသွားကြလေ၏၊ ထိုအခါ ဆဗ္ဗဂ္ဂီတို့သည် တရားစကားကို နည်းနည်းပါးပါးသာပြော၍ တစ်နေ့လုံး မင်းကြီးတို့အကြောင်း သူရဲကောင်းတို့၏အကြောင်းစသော ရဟန်းနှင့်မဆိုင်သောစကားမျိုးကိုပြောကာ အချိန်တန်မှ ပြန်ကြတော့ဟု လွှတ်လိုက်ကြလေသည်၊ ထို့နောက် ဘုရားအထံရောက်ကြ၍ "ဩဝါဒများ ပြည့်ပြည့်စုံစုံရကြရဲ့လား"ဟု မေးတော်မူရာ, ထိုဆဗ္ဗဂ္ဂီတို့၏အကြောင်းစုံကို လျှောက်ကြသဖြင့် ဘိက္ခုနောဝါဒသမ္မုတိကို ခွင့်ပြုတော်မူပြီးလျှင် သိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။ ။ယော ပန ဘိက္ခု အသမ္မတော ဘိက္ခုနိယော ဩဝဒေယျ ပါစိတ္တိယံ။**

မြန်မာပြန်။ ။ဘိက္ခုနီတို့ကို ဩဝါဒပေးသောရဟန်းဟု သမုတ်ခြင်းကို "ဘိက္ခုနောဝါဒသမ္မုတိ"ဟု ခေါ်၏၊ ထိုကဲ့သို့ သမ္မုတိရသူမဟုတ်လျှင် ဘိက္ခုနီတို့ကိုဩဝါဒမပေးရ၊ ပေးလျှင် ဤပါစိတ်အာပတ်သင့်သည်။

**ဘိက္ခုနောဝါဒက အင်္ဂါ ၈-ပါး။** ။ထိုသိက္ခာပုဒ်ပညတ်တော်မူပြီးနောက် ဆဗ္ဗဂ္ဂီတို့သည် "ဘိက္ခုနောဝါဒက"ဟု မိမိတို့အချင်းချင်း သမုတ်ကြပြီးလျှင် ဘိက္ခုနီတို့ထံသွား၍ "ငါတို့လည်း သမ္မုတိရကြပြီ၊ ငါတို့ထံသို့လည်း လာ၍ဩဝါဒခံယူကြပါ"ဟုပြောပြီးလျှင် ရှေးနည်းအတိုင်း ဩဝါဒပေးကြပြန်ရာ ဘုရားရှင်သိတော်မူ၍ ဘိက္ခုနောဝါဒကပုဂ္ဂိုလ်၏ အင်္ဂါ ၈-ပါးကို "၁-ပါတိမောက္ခသံဝရသီလရှိခြင်း, ၂-ပိဋကဗဟုသုတရှိခြင်း, ၃-ဥဘတော ဝိဘင်းနှင့် ပါတိမောက်ကို နှုတ်တက်ရခြင်း, ၄-ကောင်းသော စကားလုံးနှင့် ကောင်းသောအသံရှိခြင်း, ၅-ဘိက္ခုနီသံဃာ( အားလုံးမဟုတ်သော်လည်း ) အများ၏ အကြည်ညိုခံရခြင်း, ၆-ဘိက္ခုနီတို့ကို တရားဟောစွမ်းနိုင်ခြင်း, ၇-ရှေးလူ့ဘဝတုန်းက ဘိက္ခုနီတို့၌ ကာယသံသဂ္ဂ, သိက္ခမာန်သာမဏေတို့၌ မေထုန်မှုကို မပြုဘူးခြင်း, ၈-ဝါ ၂၀-ရရှိခြင်း"ဟု သတ်မှတ်တော်မူရလေသည်။

---

## ၁။ အတ္ထင်္ဂတသိက္ခာပုဒ်

**အမှုသည်—အရှင်ဥူဠပန်။**
**အမှု—နေဝင်အောင် ဩဝါဒပေးမှု။**

**ရှင်စူဠပန်၏ နေဝင်အောင်ဩဝါဒပေးမှု** သမ္မုတိရသော ထေရ်တို့သည် တစ်လှည့်စီ ဘိက္ခုနီတို့အား ဩဝါဒပေးကြကုန်၏၊ အရှင်စူဠပန်၏အလှည့်ကျသောအခါ "ဂရုဓမ်ပါဠိကိုနှုတ်တက်ရကြရဲ့လား"ဟုမေး၍ "ရကြပါ၏"ဟုလျှောက်လျှင် "ဤဂရုဓမ်ပါဠိသည်ပင် ဩဝါဒဖြစ်သည်"ဟု မိန့်တော်မူပြီးလျှင်….

"အဓိစေတသော အပ္ပမဇ္ဇတော,
မုနိနော မောနပထေသု သိက္ခတော၊
သောကာ န ဘဝန္တိ တာဒိနော,
ဥပသန္တဿ သဒါ သတီမတော"။ ။

ဟု ဤဂါထာကိုရွတ်ဆိုပြီးသောအခါ ပြန်လွှတ်လေရှိ၏၊ နောက်တစ်လှည့် ကျသည့်အခါ၌ကား ဘိက္ခုနီတို့က "ယနေ့တော့ ဩဝါဒပြည့်စုံတော့မှာ မဟုတ်ပါဘူး, အရှင်စူဠပန်က သူရွတ်နေကျ ဥဒါန်းဂါထာကလေးကို ရွတ်ပါ လိမ့်မယ်" ဟု စောစောကပင် နိမိတ်ဖတ်နှင့်ကြလေ၏၊ အရှင်စူဠပန်အထံ ရောက်သောအခါလည်း သူတို့ နိမိတ်ဖတ်ထားသည့် အတိုင်းပင် ဖြစ်ရကား— "ကဲ....မပြောလား, ဟို ဥဒါန်းကလေး ရွတ်ပါလိမ့်မယ်လို့" ဟု သူတို့ချင်း တိုးတိုးပြောသံကို ရှင်စူဠပန်ကြား၍ ကောင်းကင်သို့ တက်ပြီးလျှင် တန်ခိုး အမျိုးမျိုး ပြကာ ထို ဥဒါန်းကိုလည်း ရွတ်၏၊ အခြား တရားတော်ကိုလည်း များစွာ ဟော၏၊ ဤနည်းအားဖြင့် နေဝင်သည့်တိုင်အောင် ဩဝါဒပေးပြီးမှ ပြန်လွှတ်လိုက်လေသည်။

**လူများ ကဲ့ရဲ့ခံရပုံ**　ဘိက္ခုနီတို့၏ ကျောင်းကား မြို့တွင်း၏ အစွန်အဖျား၌ တည်ရှိ၏၊ ထိုဘိက္ခုနီများ ပြန်သွားချိန်ဝယ် မြို့တံခါး ပိတ်နှင့်ပြီဖြစ်၍ မြို့ပြင်ဘက်၌ တစ်ညလုံးနေကြရပြီးလျှင် တံခါးဖွင့်မှ စောစော ကြီး မြို့တွင်းသို့ ဝင်သွားကြလေရာ "ဒီ ဘိက္ခုနီတွေ အဗြဟ္မစရိယကို ကျင့်ကြ တယ်, ကျောင်းတိုက်ထဲ၌ ရဟန်းတို့နှင့် အတူအိပ်ပြီး ယခုမှ စောစောဝင်လာ ကြတယ်" ဟု လူတို့ကဲ့ရဲ့ကြသည်ကို ဘုရားရှင် ကြားတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။**　။သမ္မတောပိ စေ ဘိက္ခု အတ္ထင်္ဂတေ သူရိယေ ဘိက္ခုနိယော ဩဝဒေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။　။သမုတ်အပ်သူလည်း ဖြစ်သော ရဟန်းသည် နေဝင်သည့် တိုင်အောင် ဘိက္ခုနီတို့ကို ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

ဂါထာနက်။　။အဓိစေတသော-စိတ်များထိပ်ခေါင်, ဂုဏ်ရောင်လျှံဖိတ်, အရဟတ္တဖိုလ် စိတ်လည်း ရှိပေထသော၊ အပ္ပမဇ္ဇတော-ကုသိုလ်မမေ့, မပြတ် ရအောင်, နိစ္စစဲ့၍, မမေ့သူလည်း ဖြစ်ပေထသော၊ မောနပတေသု- အရဟတ္တဖိုလ်ဉာဏ်, လမ်းကြောင်းမှန်သည့်, ဗောဓိပက္ခိယတရား, သုံးဆယ့် ခုနစ်ပါးတို့၌၊ သိက္ခတော-ကောင်းစွာအသင့်, သဒ္ဓါပွင့်၍, ပြုကျင့်အားထုတ် သူလည်း ဖြစ်ပေထသော၊ တာဒိနော-လောကဓံလှိုင်း, လေမုန်တိုင်းကြောင့်, ရပ်ဆိုင်းမတုန်, တာဒိဂုဏ်နှင့်လည်း ပြည့်စုံပေထသော၊ ဥပသန္တဿ- ကိလေသာဟူ, မီးပူခပ်သိမ်း, အေးငြိမ်းပြီးသူလည်း ဖြစ်ပေထသော၊ သဒါ သတိမတော-ခါခါမလပ်, အရပ်ရပ်ဝယ်, နှီးစပ်ပေသည့်, သတိရှိသူလည်း

ဖြစ်ပေထသော၊ မုနိနော-ယခုနောင်ခါ, ၂-ဖြာလောက, ကျနသိမြင်, အရှင်ရဟန္တာ ပုဂ္ဂိုလ်အား၊ သောကာ-မုန်းသူနှင့်တွဲ, ချစ်သူကွဲကြောင့်, ဝမ်းနည်းခြင်းဟူ, အတွင်းပူတို့သည်၊ နဘဝန္တိ-တစ်ရံတစ်ဆစ်မျှ, မဖြစ်ကြတော့ကုန်။

---

## ၈။ ဘိက္ခုနုပဿယသိက္ခာပုဒ်

**အမှုသည်– ဆဗ္ဗဂ္ဂီ ရဟန်းများ။**
**အမှု– ဘိက္ခုနီကျောင်းသို့ သွား၍ ဩဝါဒပေးမှု။**

**ဆဗ္ဗဂ္ဂီ ရဟန်းများ** ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဘိက္ခုနီတို့၏ ကျောင်းသို့သွား၍ ဆဗ္ဗဂ္ဂီရဟန်းမတို့အား ဩဝါဒပေးကြလေ၏၊ အခြားရဟန်းမတို့သည် ထိုဆဗ္ဗဂ္ဂီရဟန်းမတို့အား "ဩဝါဒခံယူဖို့ရန် သွားကြစို့" ဟု ခေါ်လာသောအခါ ဆဗ္ဗဂ္ဂီကိုယ်တော်များက မိမိတို့ထံလာ၍ ဩဝါဒပေးကြသောကြောင့် မိမိတို့လိုက်ဖို့ မလိုကြောင်းကို ပြောကြလေသည်၊ ထို ဘိက္ခုနီတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို "ဘိက္ခုနီကျောင်းသို့လာ၍ ဩဝါဒ ပေးရမလား" ဟု ကဲ့ရဲ့ကြပြီးလျှင် ရဟန်း ယောကျ်ား တို့အား လျှောက်ထား လေသည်၊ ထို့ကြောင့် ဘုရားရှင် သိတော်မူရကား "ယော ပန ဘိက္ခု ဘိက္ခုနုပဿယံ ဥပသင်္ကမိတွာ ဘိက္ခုနိယော ဩဝဒေယျ ပါစိတ္တိယံ"ဟု မူလပညတ်ကို ပညတ်တော်မူရလေသည်။

**အနုပညတ် ထပ်တော်မူရပုံ** ထိုကဲ့သို့ ပညတ်တော်မူပြီးနောက် မိထွေးတော် ဂေါတမီ မကျန်းမမာ ဖြစ်နေရာသို့ ထေရ်ကြီးတို့သည် ဂိလာန အမေး လာကြစဉ်, မိထွေးတော်က တရား ဟောဖို့ရန် တောင်းပန်သောအခါ "ဘိက္ခုနီကျောင်းသို့ လာ၍ တရားမဟောကောင်း" ဟု အမိန့်ရှိ၍ တရားမဟောဘဲ နေကြလေသည်၊ ထို့နောက် ဘုရားရှင် ကြွလာတော်မူသောအခါ "ရှေးတုန်းက တရားနာရလို့ နေသာ, ထိုင်သာ ရှိတဲ့ အကြောင်း, ယခု တရားမနာရသဖြင့် မချမ်းသာကြောင်း" လျှောက်သောကြောင့် "အညတြ သမယာ .. တတ္ထာယံ သမယော-ဂိလာနာ ဟောတိ ဘိက္ခုနီ, အယံ တတ္ထ သမယော" ဟု ဖြည့်စွက်၍ အနုပညတ် ထပ်တော်မူရ လေသည်။ [မြန်မာပြန်–အကြင်ရဟန်းသည် သွား၍ ဆုံးမသင့်ရာ အခါမဟုတ်ဘဲ ဘိက္ခုနီကျောင်းသို့ သွား၍ ဘိက္ခုနီတို့ကို ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏၊ သွား၍ ဆုံးမသင့်ရာ အခါကား **ဘိက္ခု**နီ မကျန်းမမာ ဖြစ်နေသော အခါတည်း။

## ဃ။ အာမိသသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။**
**အမှု-ထေရ်ကြီးတို့အားစွပ်စွဲမှု။**

**ဆဗ္ဗဂ္ဂီရဟန်းတို့စွပ်စွဲမှု** ဘိက္ခုနီတို့အား ဩဝါဒပေးရသော ထေရ်ကြီးတို့မှာ ပစ္စည်း ၄-ပါး ပေါများကြသည်ကို ဆဗ္ဗဂ္ဂီတို့မြင်၍ "ထေရ်ကြီးတို့သည် တရားကို မြတ်နိုး သောကြောင့် ဘိက္ခုနီတို့အား ဩဝါဒပေးကြသည်မဟုတ်၊ ဆွမ်းသင်္ကန်းစသော အာမိသကို လိုချင်၍ ဩဝါဒပေးကြသည်"ဟု ပြောဆိုစွပ်စွဲမှုကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ဧဝံ ဝဒေယျ အာမိသဟေတု ထေရာ ဘိက္ခူ ဘိက္ခုနိယော ဩဝဒန္တီတိ၊ ပါစိတ္တိယံ၊

**မြန်မာပြန်။** ။အကြင် ရဟန်းသည် ဤသို့ပြောဆိုကဲ့ရဲ့အံ့ (အဘယ်သို့ ပြောဆိုကဲ့ရဲ့သနည်း) အာမိသ အကြောင်းကြောင့် ထေရ်ဖြစ်ကုန်သော ရဟန်းတို့သည် ဘိက္ခုနီတို့ကို ဆုံးမကြကုန်၏၊ ဤသို့ပြောဆိုကဲ့ရဲ့အံ့၊ ထိုရဟန်းပါစိတ်အာပတ်သင့်၏။

---

## ၄။ စီဝရဒါနသိက္ခာပုဒ်

**အမှုသည်-ရဟန်းတစ်ပါး။**
**အမှု-ဘိက္ခုနီအားသင်္ကန်းပေးမှု။**

**ဘိက္ခုနှင့်ဘိက္ခုနီ** ရဟန်းတစ်ပါးသည် လမ်းတစ်လမ်း၌ ဆွမ်းခံလှည့်လည်၏၊ ဘိက္ခုနီတစ်ယောက်လည်း ထိုလမ်း၌ပင် ဆွမ်းခံလှည့်လည်၏၊ ရဟန်းက "နှမ...မည်သည့်နေရာ၌ ဆွမ်းလောင်းရှိတယ်"ဟု ပြော၏၊ ဘိက္ခုနီကလည်း သူမြင်ခဲ့သော နေရာကိုပြန်၍ညွှန်ပြ၏၊ သူတို့ မပြတ် တွေ့ကြသဖြင့် မိတ်ဆွေဖြစ်ကြလေသည်၊ အခါတစ်ပါး၌ ရဟန်းမှာ သံဃိကပစ္စည်းဝေရာမှ သူ့အတွက်သင်္ကန်းချုပ်ဖို့အဝတ် ရလာ၏၊ ထိုဘိက္ခုနီသည်လည်း ဩဝါဒခံယူသွားရင်း ထိုရဟန်းအထံဝင်ရာ "ငါ့မှာ သင်္ကန်းချုပ်ဖို့ အဝတ်ရတယ်၊ ယူမလား"ဟုမေးလျှင် "တပည့်တော်မမှာ သင်္ကန်းရှားပါးနေတာနဲ့ အတော်ဘဲ"ဟုဆို၍ ယူသွားလေ၏၊ ထိုရဟန်းမှာလည်း သင်္ကန်းရှားပါးလျက်ပင်၊ ထို့ကြောင့် အခြားရဟန်းများက ဝေစုရသော

အဝတ်ကို သက်န်းချုပ်ဖို့ရန် တိုက်တွန်းသောအခါ ဘိက္ခုနီမအား ပေးလိုက်ရကြောင်း ပြောလေသည်၊

ထိုအကြောင်းကိုကြား၍ ကဲ့ရဲ့ကြပြီးလျှင် ဘုရားရှင်အား လျှောက်ကြလေရာ, ဘုရားရှင်သည် ဆွေမျိုးတော်-မတော် စစ်မေးတော်မူ၍ "မတော်ကြောင်း" သိတော်မူသောအခါ "ယောပန ဘိက္ခု အညာတိကာယ ဘိက္ခုနိယာ စီဝရံ ဒဒေယျ" ဟု မူလပညတ်ကိုထားတော်မူပြီးနောက် လဲလှယ်၍မျှ မဖြစ်နိုင်ကြသဖြင့် ဘိက္ခုနီတို့ကကဲ့ရဲ့သောကြောင့် "အညတြပါရိဝတ္တကာ" ဟု ဖြည့်စွက်၍ အနုပညတ်ထပ်တော်မူရပြန်လည်။

မြန်မာပြန်။ ။အကြင်ရဟန်း လဲလှယ်အပ်သော သင်္ကန်းကို ကြဉ်၍ ဆွေမျိုးမသောတော်ဘိက္ခုနီအား သင်္ကန်းပေးအံ့၊ ပါစိတ်အာပတ်သင့်၏။

---

## ၈။ စီဝရသိဗ္ဗနသိက္ခာပုဒ်

**အမှုသည်—ရှင်ဥဒါယီ။**

**အမှု—ဘိက္ခုနီအား သင်္ကန်းချုပ်ပေးမှု။**

ဥဒါယီနှင့် ဇနီးဟောင်းဘိက္ခုနီ

ရှင်ဥဒါယီသည် သင်္ကန်းအချုပ် ကောင်းသူတည်း၊ အခါတစ်ပါး၌ သူ၏ဇနီးဟောင်း ဖြစ်ခဲ့သော ဘိက္ခုနီက သင်္ကန်းချုပ်ခိုင်းသဖြင့် ကောင်းစွာ ချုပ်ဆိုးပြီးလျှင် ထိုသင်္ကန်း၏ အလယ်ခေါင် (ဝတ်သည့်အခါ ကျောဘက်ကျလောက်သောအရပ်၌) ယောကျ်ားနှင့်မိန်းမ မေထုန်မှီဝဲနေပုံ အရုပ်ဘင်အောင်ချုပ်၍ ခေါက်ထားလေ၏၊ ထိုဘိက္ခုနီသည် သင်္ကန်းလာယူသောအခါ "ရော့... ခေါက်ထားတဲ့အတိုင်း ယူသွားပြီးသိမ်းထား, ဩဝါဒခံယူဖို့ လာသောအခါကျမှ ဒီသင်္ကန်းကိုဝတ်ပြီး ဘိက္ခုနီတို့ရဲ့ နောက်ဆုံးကလိုက်ခဲ့" ဟု မှာလိုက်လေသည်။

ထိုဘိက္ခုနီမလည်း သူ့လင်ဟောင်း မှာလိုက်သည့် အတိုင်း သိမ်းထားပြီးလျှင် ဩဝါဒခံယူလာမှ ထိုသင်္ကန်းကို အမှတ်တမဲ့ဝတ်၍ နောက်ဆုံးက လိုက်လာမိရာ, ထိုဘိက္ခုနီကိုယ်တိုင်မှာ အရုပ်ပါနေကြောင်း သိဟန်မတူသော်လည်း မြင်ရသောလူတို့က "သိပ်အရှက်မရှိတဲ့ ဘိက္ခုနီတွေဘဲ" ဟု အားလုံးကိုသိမ်းကြုံး၍ ကဲ့ရဲ့ကြလေသည်၊ ထို့နောက် ဘိက္ခုနီတို့ကမြင်ကြ၍ "ဘယ်သူ့ လက်ရာလဲ" ဟု ထိုဘိက္ခုနီကို စစ်မေးလေသော် ဥဒါယီ၏

လက်ရာဖြစ်ကြောင်းသိကြ၍“ဒီလိုအလုပ်မျိုးဟာ အရှက်မရှိဘူးလို့ နာမည်ရတဲ့ သေသောက်ကြူးသူတွေသော်မှ မတင့်တယ်ဘူး၊ ရှင်ဥဒါယီကား အဘယ်မှာ တင့်တယ်နိုင်ပါမလဲ” ဟု ကဲ့ရဲ့ကြ၍ ရဟန်းတို့အား လျှောက်ကြလေရာ, ရဟန်းတို့မှတစ်ဆင့် ဘုရားထံလျှောက်ကြ၍ ဆွမ်းမျိုးမတော်ကြောင်းကိုလည်း သိတော်မူရသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယော ပန ဘိက္ခု အညာတိကာယ ဘိက္ခုနိယာ စီဝရံ သိဗ္ဗေယျ ဝါ သိဗ္ဗာပေယျ ဝါ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင်ရဟန်းသည် ဆွေမျိုး မတော်သော ဘိက္ခုနီ၏ သင်္ကန်းကို ကိုယ်တိုင်မူလည်းချုပ်အံ့၊ သူတစ်ပါးကိုမူလည်းချုပ်စေအံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏။

## ၂၈။ သံဝိဓာနသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ။**

**အမှု-ဘိက္ခုနီတို့နှင့်တိုင်ပင်၍ ခရီးသွားမှု။**

**ဘိက္ခုနီတို့နှင့် ဆဗ္ဗဂ္ဂီများ**

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဘိက္ခုနီတို့နှင့် အတူ စီစဉ်၍ (မည်သည့်ရက် မည်သည့်အချိန် သွားကြစို့-ဟု အချိန်းအချက်ပြု၍) ခရီးသွားကြကုန်၏၊ လူတို့က “ငါတို့ သားမယားနှင့်အတူ ခရီးသွားကြသကဲ့သို့, သူတို့လည်းသွားကြသည် ” ဟု ကဲ့ရဲ့ကြသောကြောင့် “ယောပန ဘိက္ခု ဘိက္ခုနိယာ သဒ္ဓိံ သံဝိဓာယ ဧကဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇေယျ အန္တမသော ဂါမန္တရမ္ပိ၊ ပါစိတ္တိယံ”တိုင်အောင် မူလပညတ်ကို ထားတော်မူရလေသည်။

**အနုပညတ်**

အခါတစ်ပါး၌ ဘိက္ခုနီတို့သည်လည်းကောင်း, ဘိက္ခုတို့သည်လည်းကောင်း သာကေတမြို့မှ သာဝတ္ထိသို့ခရီးသွားဖွယ်ရှိကြ၏၊ ထိုအခါ ဘိက္ခုနီတို့က “တပည့်တော်မတို့သည် အရှင်ဘုရားတို့နှင့် အတူ လိုက်ကြပါရစေ”ဟု လျှောက်လျှင် ရဟန်းတို့က “သင်တို့နှင့်အတူ မသွားကောင်း, သင်တို့သော်လည်း ရှေ့ကသွားနှင့်ကြ, သို့မဟုတ် ငါတို့သော်လည်း အရင်သွားနှင့်ကြမည်”ဟု ပြောဆိုကြလေသည်၊ ထိုအခါ “အရှင်ဘုရားတို့သည် မြတ်သောယောကျ်ားများ ဖြစ်ကြပါသည်၊ အရှင်ဘုရားတို့ပင်

ရှောကြွနှင့်ကြပါကုန်”ဟု လျှောက်၍ ဘိက္ခုနီတို့ နောက်ချန် နေရစ်ကြလေသည်၊ ထိုသို့နောက်ချန်ပြီးမှ လိုက်သွားကြသော ဘိက္ခုနီတို့မှာ သပိတ်သင်္ကန်းကိုလည်း အလုခံရ, လူကိုလည်း ဖျက်ဆီးခံရလေသည်၊ ထိုအကြောင်းကို ဘုရားရှင်သိတော်မူ၍–“အညတြ သမယာ ပါစိတ္တိယံ၊ တတ္ထာယံ သမယော သတ္ထဂမနီယော ဟောတိ မဂ္ဂေါ သာသင်္ကသမ္မတော သပ္ပဋိဘယော၊ အယံ တတ္ထ သမယော”ဟု ဖြည့်စွက်၍ အနုပညတ် ထပ်တော်မူရပြန်သည်။

**သိက္ခာပုဒ်၏ အကျဉ်းချုပ်အဓိပ္ပာယ်။** ။လမ်းခရီးသည် အဖော်ကုန်သည်မပါလျှင် ဘေးအန္တရာယ်ဖြစ်စေတတ်သောကြောင့် အဖော်ကုန်သည်နှင့်အတူ သွားထိုက်သော ခရီးမျိုးဖြစ်အံ့၊ စိုးရိမ်ကြောင့်ကြဖွယ်ရှိသောခရီးဟုအများအသိအမှတ်ပြုထားအံ့၊ ဘေးရန်အန္တရာယ်လည်းရှိအံ့၊ ထိုခရီးမျိုးကို သွားရာ၌ ဘိက္ခုနီနှင့်အတူ ချိန်းချက်၍သွားကောင်း၏၊ ရိုးရိုးဘေးအန္တရာယ်ကင်းသော ခရီးမျိုးကို သွားရာ၌ကား ဘိက္ခုနီနှင့် ချိန်းချက်၍ အတူမသွားကောင်း။

## ၈။ နာဝါဘိရုဟနသိက္ခာပုဒ်

**အရှုသည်–ဆဗ္ဗဂ္ဂီ ရဟန်းများ။**

**အမှု–ဘိက္ခုနီတို့နှင့်အတူတိုင်ပင်၍ လှေစီးမှု။**

**ဆဗ္ဗဂ္ဂီတို့နှင့် ဘိက္ခုနီများ** ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဘိက္ခုနီတို့နှင့် အတူစီစဉ်၍(မည်သည့်ရက် မည်သည့်အချိန် မည်သည့်လှေဖြင့် သွားကြစို့ဟု တိုင်ပင်ချိန်းချက်၍) လှေတစ်စင်းတည်းကို စီးသွားကြလေရာ, “သားမယားနှင့်အတူ ငါတို့လှေကစားကြသကဲ့သို့, ဤရဟန်းတို့လည်း ဘိက္ခုနီတို့နှင့်အတူ လှေကစားကြသည်”ဟု လူတို့ ကဲ့ရဲ့သောကြောင့် “ယောပနဘိက္ခု ဘိက္ခုနိယာ သဒ္ဓိံ သံဝိဓာယ ဧကံနာဝံ အဘိရုဟေယျ ဥဒ္ဓံဂါမိနိံ ဝါ အဓောဂါမိနိံ ဝါ၊ ပါစိတ္တိယံ”ဟု မူလပညတ်ကို ထားတော်မူရလေသည်။

**အနုပညတ်။** ။ဘိက္ခုနှင့် ဘိက္ခုနီတို့သည် သာကေတမှ သာဝတ္ထိသို့သွားဖို့ကိစ္စ ကြုံလေရာ, လမ်းခရီးမှာလည်း မြစ်တစ်ခုကို (အထက်အောက် အစုန်အဆန် မဟုတ်ဘဲ) ကန့်လန့်ဖြတ်ကူးဖွယ် ရှိ၏၊ ထိုအခါ ဘိက္ခုနီတို့က

"အရှင်ဘုရားတို့နှင့်အတူ ကူးပါရစေ" တောင်းပန်ရာ "အတူလှေမစီးကောင်း" ဟု ပယ်အားခဲ့သဖြင့် နောက်မှ ကူးတို့လှေကိုစီးကြရသော ဘိက္ခုနီတို့၏ သပိတ်သင်္ကန်းကိုခိုးသူတို့လုယူကြသည့်ပြင် ဘိက္ခုနီတို့ကိုလည်း မတရားကျင့်လိုက်ကြလေသည်၊ ထိုအကြောင်းကို သိတော်မူ၍ "အညတြတိရိယံ တရဏာယ" ဟု ဖြည့်စွက်တော်မူလျက် အနုပညတ်လပ်တော်မူရလေသည်။

**သိက္ခာပုဒ်။**　။ယော ပန ဘိက္ခု ဘိက္ခုနိယာ သဒ္ဓိံ သံဝိဓာယ ဧကံနာဝံ အဘိရုဟေယျ ဥဒ္ဓံဂါမိနိံ ဝါ အဓောဂါမိနိံ ဝါ **အညတြ** တိရိယံ တရဏာယ၊ ပါစိတ္တိယံ။

**မြန်မာပြန်။**　။အကြင်ရဟန်းသည် ဘိက္ခုနီနှင့်အတူ ချိန်းချက်၍ ဖီလာဖြတ်ကူးခြင်းကိုကြဉ်၍ အထက်သို့ ဆန်တက်သည်မှုလည်းဖြစ်သော အောက်သို့ စုန်ဆင်းသည် မှုလည်းဖြစ်သော တစ်စင်းတည်းသော လှေကိုစီးအံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏၊

---

## ၈၂။ ဘိက္ခုနီပရိပါစိတသိက္ခာပုဒ်

**အမှုသည်–ရှင်ဒေဝဒတ်။**
**အမှု–ဘိက္ခုနီကစီမံပေးသောဆွမ်းကိုစားမှု။**

**ရှင်ဒေဝဒတ်နှင့် ဘိက္ခုနီ**

ရာဇဂြိုဟ်မြို့၌ "ထုလ္လနန္ဒာ" မည်သော ဘိက္ခုနီသည် တစ်ဦးသော အမျိုးအိမ်ဝယ် အမြဲဆွမ်းစား၏၊ ထိုအိမ်ရှင်သည် အခါတစ်ပါး၌ ထေရ်ကြီးများကိုလည်း ပင့်ဖိတ်ထားလေသည်၊ ထုလ္လနန္ဒာသည် နံနက်စောစော အိမ်သို့ကြွလာသောအခါ ပြင်ဆင်ထားသည်ကိုမြင်၍ "ယနေ့ ခဲဖွယ်ဘောဇဉ်တွေ များလှပါတကား" ဟု ပြော၏၊ "တပည့်တော် မထေရ်ကြီးများကို ပင့်ထားပါတယ်" "ထေရ်ကြီးများဆိုတာ ဘယ်ပုဂ္ဂိုလ်များပါလဲ"…. "အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလ္လာန်, အရှင်မဟာကစ္စာယန, အရှင်မဟာကောဋ္ဌိက, အရှင်ကပ္ပိန, အရှင်နန္ဒ, အရှင်အနုရုဒ္ဓါ, အရှင်ရေဝတ, အရှင်ဥပါလိ, အရှင်အာနန္ဒာ, အရှင်ရာဟုလာ" ဟုပြောလေသော် .. "ရဟန္တာကြီးတွေရှိပါလျက် ဘာ့ကြောင့် နောက်လိုက်နောက်ပါကလေးတွေ ပင့်ထားရသလဲ၊ မထေရ်ကြီးတွေဆိုတာ အရှင်ဒေဝဒတ်, အရှင်ကောကာလိက, အရှင်ကဋ္ဋမောဒက

တိဿက, အရှင်သမုဒ္ဒဒတ္တ''ဟု ပြောနေတုန်းမှာပင် အရှင်သာရိပုတ္တရာတို့လည်း အိမ်ပေါက်သို့ဝင်လာလည်ကို မျက်စိတစ်ဘက်ဖြင့် မြင်လိုက်၍ မိမိစကား ကြားသွားကြောင်းကိုလည်း သိသောကြောင့် ''ရဟန္တာကြီးတွေကိုပင့်ထားတာ အမှန်သားဘဲ''ဟု ချက်ချင်း စကားပြင်လိုက်လေသည်၊ ထိုအခါ ဆွမ်းဒါယကာသည် ''ခုတင်က နောက်လိုက်နောက်ပါကလေးတွေ''ဟု ဆိုပြီး, အခုဘဲ ''ရဟန္တာကြီးတွေ''ဟု ဆိုပြန်တယ်ဟု ပြောရသလားဟု ဆိုကာ အိမ်မှဆွဲထုတ်၍ အမြဲဆွမ်းဝတ်ကိုလည်း ဖြတ်လိုက်လေသည်၊ ထိုအခါ ''ဘိက္ခုနီက (ဆွယ်တရားဟော၍) စီမံပေးနေသောဆွမ်းကို ရှင်ဒေဝဒတ်တို့တစ်စုစားလေ့ရှိကြောင်း''အပြစ်ဟောင်းပေါ်လာ၍ ဘုရားရှင်ကိုလျှောက်ကြသောကြောင့် ''ယော ပန ဘိက္ခု ဇာနံ ဘိက္ခုနိပရိပါစိတံ ပိဏ္ဍပါတံ ဘုဉ္ဇေယျ ပါစိတ္တိယံ''ဟု မူလပညတ်ကို ထားတော်မူရလေသည်။

**အနုပညတ်** ရာဇဂြိုဟ်မြို့၌ ရဟန်းပြု၍အခြားအရပ်သို့သွားရောက်နေထိုင်သောရဟန်းတစ်ပါးသည် ရာဇဂြိုဟ်သို့ပြန်လာရာ, ဆွေမျိုးများက ''ငါတို့အရှင်သည် ကြာလှမှ (တစ်ခါတစ်လေ) ကြွလာသည်''ဟု အထူးတလယ် ဆွမ်းကို ချက်ပြုတ်ကပ်ကြလေသည်၊ ထိုအမျိုးမှာလည်း အမြဲဆွမ်းစားသောဘိက္ခုနီတစ်ပါးရှိ၏၊ ထိုဘိက္ခုနီကလည်း (လူတို့ဆွမ်းကပ်စဉ်) ''အရှင်ဘုရားအား လှူကြပါ''ဟု စကားမလောက်တွင် ဝင်၍ဖြည့်စွက်လေရာ, ထိုရဟန်းသည် ဆွေမျိုးများလှူအပ်သော ဆွမ်းကိုပင် ဘိက္ခုနီ ဝင်၍ပြောသောကြောင့် ''ဘိက္ခုနီစီမံသော ဆွမ်းမျိုးဖြစ်နေပြီ''ဟု ယူဆ၍ ထိုဆွမ်းကို အကပ်မခံဘဲ နေလေသည်၊ ဆွမ်းခံချိန်လည်း မရှိတော့သဖြင့် ထိုနေ့အဖို့ ဆွမ်းမရတော့ချေ၊ ထို့နောက်ကျောင်းတိုက်သို့ ပြန်ရောက်၍ ရဟန်းများအား (သူတွေ့ကြုံခဲ့ရပုံကိုလျှောက်ထား၍) ဘုရားရှင် သိတော်မူသောကြောင့် ''အညတြ ပုဗ္ဗေ ဂိဟိသမာရမ္ဘာ''ဟု ဖြည့်စွက်၍ အနုပညတ် ထပ်တော်မူရလေ့သည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ဇာနံ ဘိက္ခုနိပရိပါစိတံ ပိဏ္ဍပါတံ ဘုဉ္ဇေယျ အညတြ ပုဗ္ဗေ ဂိဟိသမာရမ္ဘာ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင်ရဟန်းသည် ရဟန်းမ မစီမံမီ ရှေး၌လူတို့အားထုတ်အပ်သော ဆွမ်းကိုကြဉ်၍ ရဟန်းမ စီမံအပ်သောဆွမ်းဟု သိလျက် ရဟန်းမ စီမံအပ်သော ဆွမ်း (ဘောဇဉ် ငါးပါး တစ်ပါးပါး) ကို စားအံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏၊

## ည။ ရဟောနိသဇ္ဇသိက္ခာပုဒ်

အမှုသည်–ရှင်ဥဒါယီ။

အမှု–ဘိက္ခုနီနှင့်အတူ လူကွယ်ရာ၌နေမှု။

**ရှင်ဥဒါယီနှင့် ဘိက္ခုနီ** ရှင်ဥဒါယီ၏ ဇနီးဟောင်းသည် ဘိက္ခုနီလုပ်ပြီးလျှင် ရှင်ဥဒါယီထံ မကြာပကြာလာတတ်၏၊ ရှင်ဥဒါယီလည်း ထိုဘိက္ခုနီထံ သွားတတ်၏၊ အခါတစ်ပါး၌ကား သူတို့ ၂-ယောက်သည် အဖော်မပါဘဲ (ပြောလိုရာကို လွတ်လွတ်လပ်လပ် ပြောနိုင်ဖို့ရာ အခြားသူတို့ မကြားလောက်အောင် ဝေးသောကြောင့်) "နား၏ကွယ်ရာ"ဟု ဆိုထိုက်သောအရပ်၌ ထိုင်နေကြလေသည်၊ ထိုအခါ ရဟန်းများ ကဲ့ရဲ့ကြ၍ ဘုရားထံသျှောက်ခြင်းကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယော ပန ဘိက္ခု ဘိက္ခုနိယာ သဒ္ဓိံ **ဧကော ဧကာယ** ရဟော နိသဇ္ဇံ ကပ္ပေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင် ရဟန်းသည် ရဟန်းမနှင့် တကွ တစ်ယောက်ချင်းချင်း နား၏ကွယ်ရာအရပ်၌ ထိုင်နေခြင်းကို ပြုအံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏။

ဘိက္ခုနောဝါဒဝဂ် ပြီး၏။

# ဘောဇနဝဂ်

## က။ အာဝသထပိဏ္ဍသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီ ရဟန်းများ။**

**အမှု—တည်းခိုရာဇရပ်၌ အမြဲနေ၍ ဆွမ်းစားမှု။**

**တည်းခိုရာဇရပ်** သာဝတ္ထိမြို့၌ အသင်းတစ်သင်းသည် မြို့၏ အနီးအပါး ဧည့်သည်တို့ တည်းခို နေထိုင်ဖို့ရာ ဇရပ်တစ်ဆောင်ကို ဆောက်လုပ်ထား၏၊ ထိုဇရပ်ကို ကောင်းစွာ လုံခြုံအောင် ကာရံ၍ ဇရပ်တွင်း၌ ခရီးသွားသူ မကျန်းမာသူ ကိုယ်ဝန်ဆောင် မိန်းမနှင့် ရသေ့ရဟန်းများအတွက် ထိုက်သည်အားလျော်စွာ ညောင်စောင်း အင်းပျဉ် (ခုတင်-ထိုင်ခုံ)များကိုလည်းခင်း၍ သူ့အခန်းနှင့်သူ တစ်ကန့်စီကန့်ပြီးလျှင် အခန်းမျက်နှာသာ အဝင်ပေါက်၌ ဆင်ဝင်စမုတ်များကိုလည်း အသီးအသီး ထားသဖြင့် တန်းလျားရှည် ဇရပ်မျိုးဖြစ်လေသည်။

**ဆဗ္ဗဂ္ဂီတို့ အမြဲနေ၍ ဆွမ်းစားမှု** ထိုဇရပ်၌ ဧည့်သည် အဧဂန္တုများ အတွက် ဆွမ်းတမင်းကိုလည်း ထားကြလေရာ, ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းခံ၍မရလျှင် ထိုဇရပ်သို့ လာကြကုန်၏၊ ကောင်းမှုရှင်တို့ကလည်း "အရှင်မြတ်တို့သည် တစ်ရံတစ်ခါ အတော်ကြာမှလာကြပေသည်"ဟု ကောင်းမွန်စွာပြုစုကြကုန်၏၊ ဆဗ္ဗဂ္ဂီတို့ကား အလိုက်မသိကြ, နောက်တစ်နေ့ ဆွမ်းမရလျှင်လည်း လာကြပြန် ထို့နောက်တစ်နေ့ ဆွမ်းမရလျှင်လည်း လာကြပြန်၏၊ ထိုသို့ ၃-ရက်မျှစားပြီးသည့် အခါ၌ကား "နက်ဖြန်လည်း လာဦးမည့်အတူ မပြန်ဘဲနေကြစို့"ဟု တိုင်ပင်ကာ အမြဲနေ၍ ဆွမ်းစားကြလေသည်၊ တိတ္ထိတို့ကား ရှောင်ရှားထွက်သွားကြကုန်၏၊ တိတ္ထိတို့ကို မမြင်ရ၍ မေးကြသည့်အခါ ရဟန်းများ အမြဲနေကြသည်ကိုမြင်၍ ရှောင်သွားကြကြောင်းကိုကြားရသဖြင့် "ကိုယ်တော်တွေဟာ ဘာ့ကြောင့် နေ့စဉ်နေ၍ စားကြရသတဲ့လဲ, သူတို့ဖို့ချည်းမဟုတ်ဘူး, လာလာသမျှအတွက်စားဖို့ ချက်ထားတာဖြစ်တယ်"ဟု ကဲ့ရဲ့ကြသည်ကို ဘုရားရှင် ကြားတော်မူ၍ "ဧကော အာဝသထပိဏ္ဍော ဘုဉ္ဇိတဗ္ဗော, တတော စေ ဥတ္တရိ ဘုဉ္ဇေယျ၊ ပါစိတ္တိယံ"ဟု မူလပညတ်ကိုထားတော်မူရလေသည်။

**အနုပညတ်။** ။ထိုကဲ့သို့သော တည်းခိုဇရပ်မျိုးကား ထိုထိုအရပ်၌လည်း ရှိတတ်၏၊ ထို့ကြောင့် အရှင်သာရိပုတ္တရာသည် သာဝတ္ထိသို့ ကြွတော်မူလာ

ရာဝယ် ထိုကဲ့သို့သော တည်းခိုဇရပ်၌ တစ်နေ့စာမျှ ဘုဉ်းပေးပြီးနောက် အတော်ပြင်းထန်သော ရောဂါဖြစ်၍ ထိုဇရပ်မှ မကြွနိုင်လောက်အောင် ပြင်းထန်သော ရောဂါဖြစ်လေသည်၊ ထို့ကြောင့် ဒါယကာတို့က နောက် တစ်ရက် ဆွမ်းကပ်ကြသည့်အခါ "မအပ်"ဟု အယူရှိ၍ မဘုဉ်းပေးဘဲ နေ တော်မူရှာလေသည်၊ ထို့နောက် ရောဂါသက်သာ၍ သာဝတ္ထိသို့ ရောက်သော အခါ ထိုအကြောင်းကို ရဟန်းများအား ပြောပြ၍ ဘုရားရှင်လည်းသိတော် မူရသဖြင့် "အဂိလာနေန ဘိက္ခုနာ"ဟု ဖြည့်စွက်၍ အနုပညတ် ထပ်တော်မူ ရလေသည်၊ ဤအနုပညတ်တော်အရ "ဂိလာနဖြစ်နေလျှင် ရောဂါမပျောက် သေးခင် နေ့စဉ်စားကောင်း၏"ဟု ခွင့်ပြုတော်မူရာရောက်သည်။

သိက္ခာပုဒ်။ ။အဂိလာနေန ဘိက္ခုနာ ဧကော အာဝသထပိဏ္ဍော ဘုဉ္ဇိတဗ္ဗော၊ တတော စေ ဥတ္တရိ ဘုဉ္ဇေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။ဂိလာန မဟုတ်သော ရဟန်းသည် တစ်နေ့စာ ဖြစ်သော တည်းခိုရာ ဇရပ်စသည်၌ ဝတ်တည်အပ်သော ဆွမ်းကို စားအပ်စားနိုင် ၏၊ ထိုတစ်နေ့စာထက် အလွန် အကယ်၍စားအံ့၊ ထိုရဟန်း ပါစိတ် အာပတ်သင့်၏။

---

## ခ။ ဂဏဘောဇနသိက္ခာပုဒ်

**အမှုသည်-ရှင်ဒေဝဒတ်။**

**အမှု-သဖေ်အပေါင်းနှင့်အတူဂဏဘောဇဉ်ကိုစားမှု။**

**ရှင်ဒေဝဒတ် လာဘ်လျော့လာပုံ**

အရှင်ဒေဝဒတ်သည် ဈာန်အဘိညာဉ်ကို ရဘူးသေး သောကြောင့် နဂိုက လာဘ်လာဘ မရှားသောပုဂ္ဂိုလ် တစ်ပါးပင် ဖြစ်၏၊ ဗိမ္ဗိသာရမင်းကို သတ်ဖို့ရန် (အဇာတသတ်အား) အကြံပေးမှု၊ လေးသမားတွေကို စေလွှတ်၍ ဘုရားကို အပစ်သတ်ခိုင်းမှု၊ ဘုရားကိုကျောက်ဖြင့်လှိမ့်ချ၍လုပ်ကြံမှုကို၌လည်းအကြောင်း သိသူနည်းပါးသောကြောင့် ဖြစ်မှုမထင်ရှားရကား လာဘ်လာဘ မလျော့ သေးပေ၊ နာဠာဂိရိမည်သော နေပါလလည်းမည်သော ဆင်ကြီးကို အရက် တိုက်စေ၍ ဘုရားကြွလာတော်မူမည့် လမ်းသို့လွှတ်ကာ ဆင်နှင့် အတိုက်ခိုင်း ရာ၌ကား နေ့လယ်ကြောင်တောင် မြို့လယ်ခေါင် ဖြစ်နေ၍ သူ၏ပြစ်မှု ထင်ရှား သောကြောင့် ထိုအမှုကို အစပြု၍ ရှေ့ကပြစ်မှုတွေပါ (နဂိုကသိလျက် မပြော

ဝ့်၍ ဖုံးထားရသူဟိုက) ယုတ်ဖော်ပြောကြလေသည်၊ ထိုအခါ "ဒီအမှုတွေကို ရှင်ဘုရင်နှင့်ပင်း၍ ပြုခြင်းဖြစ်သည်၊ ရှင်ဘုရင်က ဘာ့ကြောင့် ဒီလောက် ယုတ်မာသူကို ကြည်ဖြူစွာ ချီးမြှောက်ထားရသလဲ"ဟု မြို့သူမြို့သားတို့လှုပ်ရှား သကြလာသောကြောင့် အဇာတသတ်မင်းလည်း ရှင်ဒေဝဒတ်ကို နှင်ထုတ်ကာ ယောက်ပုံ့ပြဲဖြစ်သော ဆွမ်းအိုးငါးရာကိုလည်း ဖြတ်ပစ်ရလေတော့သည်။

ဟောင်းရင်း စားသောက်ရပုံ

ထိုအခါမှစ၍ လာဘ်လာဘ ယုတ်လျော့ရကား ရှင်ဒေဝဒတ်သည် မိမိပရိသတ်နှင့်အတူ ဟိုအိမ်ဒီအိမ် လှည့်လည်၍ "သင်တို့က ငါးစာထမင်းကို ပေးကြပါ, သင်တို့က နှစ်ပါးစာ ထမင်းပေးကြပါ" စသည်ဖြင့် တောင်း၍ မိမိပရိသတ်နှင့်အတူ စားရလေသည်၊ ထိုအကြောင်းကို သိတော်မူ၍ "ဂဏဘောဇနေပါစိတ္တိယံ" ဟု မူလပညတ်ကို ထားတော်မူရလေသည်၊ [ဤ၌ ဂဏဟူသည် ၄-ပါးမှ အထက်ဖြစ်သော ရဟန်းအပေါင်းတည်း၊ ထို ၄-ပါးမှ အထက်ဖြစ်သော ရဟန်းအပေါင်းတို့အား လှူအပ်သော ဘောဇဉ်ကို "ဂဏဘောဇဉ်"ဟု ခေါ်သည်၊ ထိုဂဏဘောဇဉ်ကိုစားလျှင် ပါစိတ်အာပတ်သင့်၏။]

ဘောဇဉ် ၅-ပါး။ ။"ဩဒနော သတ္တုကုမ္မာသော, မစ္ဆော မံသဉ္စ ဘောဇနံ" နှင့်အညီ ဩဒန=စပါးမျိုး ၇-မျိုးမှဖြစ်သော ဆန်တစ်မျိုးမျိုးကို ချက်ထားသောထမင်း၊ (လက်ဖြင့်ကော်ယူ၍ ရလောက်သော ယာဂုအပြစ်လည်း ဩဒနဥ်ပါဝင်၏၊) သတ္တု=စပါးမျိုး ၇-ပါး၏ဆန်ကို အမှုန့်ထောင်း ထားသောမုန့်မှုန့်၊ (ထိုမုန့်မှုန့်ကို သကြား ထောပတ် နွားနို့စသည်ဖြင့်ရောစပ်၍ အရည်ဖြစ်စေ အခဲဖြစ်စေ သောက်ကြ စားကြရသည်၊) ကုမ္မာသော= မုယော စပါး(ဂျုံဖြူ)ကိုလုပ်သော မုန့်အမျိုးမျိုး၊ (ယခုကာလ များစွာသောဂျုံမုန့်) မစ္ဆော=ငါး(ရေသတ္တဝါအမျိုးမျိုး၏အသား)၊ မံသ=အသား(ကုန်းသတ္တဝါ အမျိုးမျိုး၏အသား)၊ ဤ ၅-ပါးကို ဘောဇဉ် ၅-ပါးဟု ခေါ်၏။

အပ်-မအပ်ပုံနည်း။ ။ပါဠိလိုဖြစ်စေ မြန်မာလိုဖြစ်စေ "ပိဏ္ဍပါတ= ပိဏ္ဍ=ဆွမ်း"ဟူသော အသုံးအနှုန်းပါလျှင် ရဟန်းသုံးဖြစ်၍ အပ်သော အသုံး အနှုန်းတည်း၊ ဩဒန=ဘတ္တ=ထမင်း၊ သတ္တု,ကုမ္မာသ=မုန့်၊ မစ္ဆ=ငါး,ငါး ခြောက်,ငါးပိ၊ မံသ=နွားသား အမဲသားဟင်း ဝက်သားဟင်း စသော အသုံးအနှုန်းများကား အရပ်သုံးလူသုံးဖြစ်၍ မအပ်သော အသုံးအနှုန်း တည်း၊ ထိုမအပ်သော အသုံးအနှုန်းဖြင့် လာ၍ပင့်လျှင် သုံးပါး အထိသာ ထိုအစာကို ခံယူသုံးဆောင်ကောင်း၏၊ ၄-ပါးဖြစ်၍ ဂဏဖြစ်နေလျှင်ကား

မခံယူကောင်း၊ ထို့ကြောင့် ဂဏဘောဇနဟူရာ၌ ၄-ပါး ပေါင်း၍ ထမင်းပေးပါ စသည်ဖြင့် တောင်းခြင်းကို လည်းကောင်း, လူတို့က "ထမင်းစားကြွပါ-မုန့်ဘုဉ်းပေးကြွပါ"စသည်ဖြင့် ရဟန်း ၄-ပါးအား မအပ်မရာ ပင့်ဖိတ်လာခြင်းကို လည်းကောင်း မခံယူကောင်းဟု မှတ်၊ "ဆွမ်းဘုဉ်းပေး ကြွပါ= ဆွမ်းစားလာပါ၊ မုန့်တီဆွမ်း ဘုဉ်းပေးလှည့်ပါ"စသည်ဖြင့် ဆွမ်းဟု နာမည်ထည့်၍ ပင့်ဖိတ်လာလျှင်ကား အပ်လောက်ပါ၏-ဟု ယူကြသည်၊ ဝတ္ထုကြောင်း၌ ၄-ပါး, ၅-ပါး စသည်ပေါင်း၍ တောင်းမှုသာ ရှိသော်လည်း ပညတ်တော်မူသည့် အခါ၌မူ မအပ်မရာ ပင့်ဖိတ်မှုကို ထည့်ထားတော်မူသည်။

အနုပညတ်။ ။ထိုသို့ မူလပညတ်ကို ထားတော်မူပြီးနောက် ဝတ္ထုအမျိုးမျိုး ပေါ်ပေါက်လာသဖြင့် မကျန်းမာသည့် အခါ၌ လည်းကောင်း, စီဝရဒါနဟုခေါ်သော သင်္ကန်းလှူချိန်နှင့် စပ်ဆိုင်သည့် သီတင်းကျွတ်လပြည့်မှ (ကထိန် မရလျှင်) တန်ဆောင်မုန်း လပြည့်အထိ (ကထိန်ရလျှင်) တပေါင်းလပြည့်အထိအခါ၌ လည်းကောင်း, သင်္ကန်းချုပ်ကြရာအခါ၌ လည်းကောင်း, အနည်းဆုံး တစ်ယူဇနာ၁က် မျှလောက် ခရီးရှည် သွားရမည့် အခါ၌ လည်းကောင်း, လှေစီးသွားရာ အခါ၌ လည်းကောင်း, ရဟန်း အများ စုမိ၍ ဂဏဘောဇဉ်ကိုမှ မစားလျှင် မမျှတလောက်ရာ အခါ၌ လည်းကောင်း, ရဟန်း-ရသေ့-ပရိဗိုဇ်( ပိုးသူတော် ) စသူတို့က ကျွေးမွေးရာ အခါ၌ လည်းကောင်း, ဂဏဘောဇဉ်ကို စားနိုင်၏၊ ထိုအခါမျိုးမဟုတ်လျှင် မစားရ-ဟု အနုပညတ်ထပ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ဂဏဘောဇနေ အညတြ သမယာ ပါစိတ္တိယံ တတ္ထာယံ **သမယော**—ဂိလာန သမယော, စီဝရဒါနသမယော, စီဝရကာရ **သမယော**, အဒ္ဓါနဂမန သမယော, နာဝါဘိရုဟန သမယော, မဟာသမယော, သမဏဘတ္တ သမယော၊ အယံ တတ္ထ သမယော။

မြန်မာပြန်။ ။စားသင့်ရာအခါကိုကြဉ်၍ ဂဏဘောဇဉ်ကိုစားခြင်းကြောင့် ပါစိတ်အာပတ် သင့်၏၊ ထို စားသင့်ရာ အခါတို့ကား—မကျန်းမာရာ အခါ, သင်္ကန်းလှူရာအခါ, သင်္ကန်းချုပ်ဆိုးရာအခါ, အဓွန့်ရှည်သော ခရီးကို သွားရာအခါ, လှေစီးရာအခါ, ရဟန်းများစွာ စုမိရာအခါ, သမဏ အမည်ရသူတို့၏ ထမင်းကျွေးရာ အခါများတည်း။

## ၈။ ပဏ္ဍမ္ဗရဘောဇနသိက္ခာပုဒ်

အမှုသည်-ရဟန်းအများ။
အမှု-ဘောဇဉ်နာမည်ဖြင့် ပင့်ဖိတ်ထားလျက် ဆွမ်းခံ စားမှု။

**လူဆင်းရဲ၏ သံဃာကုန်ထမင်း** ဝေသာလီမြို့၌ မွန်မြတ်သော ဘတ္တ ( ထမင်း ) များကို တစ်လှည့်စီ ကျွေးကြရာ ရဟန်းတော်များ၌ ထိုထမင်း ဟူသော အသုံးအနှုန်းဖြင့် ပင့်ထားသော အလှည့်သည် ဆက်ကာဆက်ကာ မပြတ်ဘဲရှိနေ၏၊ ဆင်းရဲရှာသော အလုပ်သမားတစ်ယောက် လည်း (ပစ္စည်း တတ်နိုင်သူတို့၏ အားတက်သရော လှူဒါန်းကြပုံကို အားကျ သဖြင့်) သူ၏အလုပ်ရှင့်ထံမှ လစာကိုတောင်း၍ မြတ်စွာဘုရားထံ သူ့ထမင်း ကိုလည်း ရဟန်းသံဃာနှင့်အတူ အလှူခံဖို့ရန် ပင့်လျှောက်လေသော်''ဒါယကာ ရဟန်းသံဃာတွေက များသည်, တတ်နိုင်-မတတ်နိုင်ကို စဉ်းစားဦးလော့''ဟု မိန့်တော်မူ၍, ''တတ်နိုင်ပါကြောင်း, ဆီးသီးမှုန့်တွေကို သကြားစသည်နှင့် ရော၍ စားသောက်ဖို့ရန် များစွာ စီမံထားပါကြောင်း''ကို လျှောက်လေ သည်။ [ဆီးသီးအမှုန့်သာမက အခြားသော ဆွမ်းစသော စားဖွယ်များကို လည်း စီစဉ်ထားသေး၏၊ သို့သော် သူပြောရိုးအတိုင်း ဆီးသီးမှုန့်တွေကို လျှောက်ခြင်း ဖြစ်သည်။] မြတ်စွာဘုရားလည်း ဆိတ်ဆိတ် နေတော်မူကာ လက်ခံတော်မူလိုက်၏။

**ရဟန်းများ ဆွမ်းခံ စားမှု** ရဟန်းများသည် ထိုအကြောင်းကို ကြား၍ (ဆင်းရဲသူ၏ အိမ်၌ ပြည့်ပြည့်စုံစုံ လုံလုံ လောက်လောက် ရှိမည် မထင် ကြသောကြောင့်) နံနက် စောစော ကပင် ဆွမ်းခံ၍ စားထားကြလေ၏၊ သို့သော် ''ဆင်းရဲသား တစ်ဦးက ဘုရားအမှူးရှိသော သံဃာကုန် ပင့်ထားသတဲ့''ဟု ကြားရသူတို့က ထိုသူ၏ အိမ်သို့ ကောင်းမွန် သော ခဲဖွယ် ဘောဇဉ်များကို ပို့ကြလေသည်၊ ထို ဆင်းရဲသားလည်း နံနက် မလင်းမီကပင် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီစဉ်၍ ထမင်းစားဖို့ရန် အချိန်တန်ပါကြောင်းကို အတောက် လျှောက်လိုက်သည့်အခါ ဘုရားနှင့်တကွ သံဃာကုန် ကြွလာတော်မူ၏၊ ထို့နောက် သပိတ်၌ ဆွမ်းထည့်သော အခါ ရဟန်းများက ''နည်းနည်းထည့်, နည်းနည်းထည့်''ဟု မိန့်ကြလေသော် ''ကပ္ပတော် အများကြီး စီမံထား ပါသည်, အလိုရှိတိုင်း ဘုဉ်းပေးတော် မူကြပါ''ဟု လျှောက်လေ၏၊ ထိုအခါ ရဟန်းများက''မလောက်မငံ ဖြစ်မှာစိုး လို့ မဟုတ်ပါ, နံနက်ကပင် ဆွမ်းခံပြီး စားခဲ့ကြလို့ပါ''ဟု ပြောကြလေသည်၊

ထိုအခါ ထိုဆင်းရဲသားသည် စိတ်မချမ်းမသာဖြစ်၍ "ငါကအဝစားရအောင် လှူနိုင်ပါလျက် အရှင်မြတ်တို့က ပင့်ထားကဲ့နေရာက ဘောဇဉ်ကိုတော့ မစားဘဲ အခြားဘောဇဉ်ကို ဘာ့ကြောင့်စားကြသလဲ" ဟု ကဲ့ရဲ့သောကြောင့် "ပရမ္ပရဘောဇနေ ပါစိတ္တိယံ"ဟု မူလပညတ်ကို ထားတော်မူရလေသည်။

မှတ်ချက်။ ။ဤသိက္ခာပုဒ်၌ မအပ်သော ပင့်ဖိတ်နည်းဖြင့် ပင့်ဖိတ်သော ဘောဇဉ်ကိုသာ ရှေ့ပင့်ထားသည်ကို မစားဘဲ နောက်မှရသော ဘောဇဉ်ကို စားမှုကြောင့် အာပတ်သင့်ရသည်၊ ယခုကာလ"ဆွမ်းဘုဉ်းပေးကြွပါ"ဆိုသည်ဖြင့် အပ်သော ပင့်နည်းမျိုး၌ကား ရှေ့ပင့်ထားသည်ကို မစားဘဲ နောက်မှ (ပင့်၍ဖြစ်စေ ဆွမ်းခံ၍ဖြစ်စေ) ရသောဆွမ်းကို စားမှုကြောင့် အာပတ်မသင့်၊ ဘတ္တ (ထမင်း) ဟူသော နာမည်ဖြင့်ပင့်ရာ၌ ရှေ့သိက္ခာပုဒ်အရ "၄-ပါးအထက်ခံယူ၍ မစားကောင်း" ဟုရာ၌လည်း သံဃာကုန် မဟုတ်လျှင်သာ မစားကောင်းသည်၊ သံဃာကုန်ပင့်ရာ၌"ဂဏ"မဟုတ်တော့ဘဲ"သံဃ" ဖြစ်သောကြောင့် အတူတကွ ခံယူစားကောင်း၏၊ ထို့ကြောင့် ယူဆင်းရဲက "အမိပါသော ဘတ္တံ=တပည့်တော်၏ ထမင်းကို လက်ခံတော်မူပါ"ဟု ပင့်ရာ၌ သံဃာကုန်ဖြစ်၍ အတူတကွ ခံယူစားကြလေသည်။

**အနုပညတ်**။ ။ထို့နောက် ပရမ္ပရဘောဇဉ်ကို ရှောင်နေရ၍ ဂိလာန ဖြစ်သူအား အစားအသောက် ချို့ယွင်းမှု၊ သင်္ကန်းလှူချိန်ဝယ် သင်္ကန်းနှင့် အတူ ထမင်းကိုလည်းလှူလေ့ရှိကြရာ ထိုထမင်းကို လက်မခံလျှင် သင်္ကန်းလည်း မရကြ၍ သင်္ကန်းနည်းပါးမှု၊ သင်္ကန်းချုပ်ဆိုးချိန်ဝယ် ပရမ္ပရဘောဇဉ်ကို ရှောင်ကြဉ်နေရလျှင် အလုပ်မတွင်မှုများကြောင့် ဂိလာန၊ စီဝရဒါန၊ စီဝရ ကာရသမယတို့၌ ပရမ္ပရ ဘောဇဉ်ကို စားခွင့်ပြုသောအားဖြင့် "အညတြ သမယာ" စသည်ကို ဖြည့်စွက်၍ အနုပညတ် ထပ်တော်မူရသည်၊

**သိက္ခာပုဒ်**။ ။ပရမ္ပရဘောဇနေ အညတြ သမယာ ပါစိတ္တိယံ၊ တတ္ထာယံ သမယော, ဂိလာနသမယော, စီဝရဒါနသမယော, စီဝရကာရသမယော၊ အယံ တတ္ထ သမယော။

မြန်မာပြန်။ ။စားသင့်ရာအခါကိုကြဉ်၍ နောက်နောက် ပင့်ဖိတ်သူ၏ ဘောဇဉ်ကို စားခြင်းကြောင့် ပါစိတ်အာပတ်သင့်၏၊ ထိုစားသင့်ရာ အခါဟူသည် မကျန်းမာရာအခါ၊ သင်္ကန်းလှူရာ အခါ၊ သင်္ကန်း ချုပ်ဆိုးရာ အခါများဖြစ်သည်။

## ဃ။ ကာဏမာတာသိက္ခာပုဒ်

အမှုသည်-ရဟန်းအများ။
အမှု-လက်ဆောင်ပေးဖို့မုန့်များကို အကုန်ခံယူမှု။

**လက်ဆောင်မုန့်တွေ ကုန်အောင်ခံယူမှု**

သာဝတ္ထိမြို့၌ အမျိုးသမီး တစ်ယောက်သည် အလွန်အဆင်းလှ၍၊ သူ့ကိုမြင်ရသူ လုလင်ပျိုတို့ကို မိုးမမြင်လေမမြင်အောင် (ကန်း) စေတတ်သောကြောင့် "ကာဏာ"ဟု ထင်ရှား၍ သူ၏မိခင်လည်း "ကာဏမာတာ"ဟု ထင်ရှားသည်၊ ထိုကာဏာကို ရွာငယ်တစ်ရွာက ယောကျ်ားတစ်ယောက်နှင့် လက်ထပ်လိုက်၏၊ အခါတစ်ပါးသော် ကာဏာသည် မိခင်ထံ အလည်အပတ်ပြန်လာရာ ယောကျ်ားက လူလွှတ်၍ အမြန်ပြန်လာဖို့မှာ၏၊ မိခင်က "လက်ဆောင်မပါလျှင် ရှက်စရာ"ဟု ထင်၍ လက်ဆောင်ပေးလိုက်ဖို့ရန် မုန့်ကြော်နေစဉ် ရဟန်းတစ်ပါး ဆွမ်းခံဝင်လာသောကြောင့် ကျက်ပြီးမုန့်ကိုလောင်းလိုက်၏၊ နောက်တစ်ပါး နောက်တစ်ပါးနှင့် ဆွမ်းခံလာတိုင်း (သဒ္ဓါဟရုး ကောင်းကောင်းဖြင့်) လောင်းချည်းနေရာ စီစဉ်ထားသောမုန့် အားလုံးကုန်သွားသောကြောင့် ထိုနေ့၌ ကာဏာ မပြန်ဖြစ်ချေ။

ယောကျ်ားသည် လူလွှတ်၍ ကာဏာပြန်လာခဲ့ဖို့ရန် ၂-ကြိမ်မြောက်မှာပြန်၏၊ လက်ဆောင်ပေးဖို့ မုန့်ကြော်ပြန်ရာ ရှေးနည်းအတိုင်း ကုန်ပြန်၏၊ ၃-ကြိမ်မြောက် နောက်တစ်နေ့၌ကား ယောကျ်ားက "ကာဏာမပြန်လာလျှင် နောက်မယားယူရလိမ့်မည်"ဟု မှာပြန်၏၊ ကာဏာပြန်ချင်လှပြီ, မိခင်ကား မုန့်ကြော်နေပြန်၏၊ ရဟန်းများလည်း ဆွမ်းခံဝင်မြဲဝင်လာရာ မုန့်တွေကုန်ပြန်လေသည်၊ အတော်ကြာလျှင် "ကာဏာ၏ယောကျ်ားက နောက်မယားယူထားပြီ"ဟု ကာဏာကြား၍ ငိုနေစဉ် ဘုရားကြွလာခိုက်နှင့် ကြုံကြိုက်၍ ဘုရားရှင်က တရားဟောမှ ကာဏာသက်သာရာရ၏၊ ထိုယောကျ်ားလည်း "ကာဏာအထံသို့ ဘုရားသခင်ကြွတော်မူ၍ တရားဟောတော် မူရသတဲ့"ဟု ကြား၍ ကာဏာကို ချစ်သနားစိတ်ဝင်ကာ ကာဏာကို ပြန်ခေါ်ပြီးလျှင် နဂိုအရာ၌ပင် ထားလေသည်၊ ဤဝတ္ထုကို အကြောင်းပြု၍ သိက္ခာပုဒ်၌ "ဘိက္ခုံပနေဝ ကုလံ ဥပဂတံ ပူဝေဟိ အဘိဟဋ္ဌုံ ပဝါရေယျ"ဟု ပညတ်တော်မူခွင့်ရှိ၏၊ သို့သော် ဤသိက္ခာပုဒ်ကို မပညတ်ရသေးမီ ဝတ္ထု တစ်မျိုး ပေါ်လာပြန်လေသည်။

**ရိက္ခာကုန်အောင် အလှူခံမှု** ရာဇဂြိုဟ်မြို့၌ အရိယာဖြစ်ပြီးသော ဥပါသကာတစ်ယောက်သည် အဖော် ကုန်သည် များနှင့် အတူ ရာဇဂြိုဟ် မြို့မှ အနောက်ဘက် ကျသော အရပ်သို့ ကူးသန်း ရောင်းဝယ်ရန် လိုက်မည်ဟု ကြံ၍ လမ်းစာ ရိက္ခာများကို အသင့်ပြင်ဆင်ထား၏၊ ထိုအချိန်မှာ ရဟန်းတစ်ပါးသည် ထိုကုန်သည်များရှိရာသို့ ဆွမ်းခံဝင်လေရာ, ထို ဥပါသကာသည် ရိက္ခာဖြစ်သော မုန့်တချို့ကို အလှူခိုင်း၏၊ နောက် တစ်ပါး, နောက်တစ်ပါးနှင့် ကြွလာတိုင်းလှူရာ လမ်းစာ ရိက္ခာ မုန့်တွေ အားလုံး ကုန်လေသည်၊ အဖော် ကုန်သည်များကား မဆိုင်းငံ့ကြဘဲ ထွက်သွားနှင့်ကြ၏၊ သူ့မှာမူ ထပ်၍ ရိက္ခာစီစဉ်နေရသဖြင့် နောက်မှလိုက်သွားရာ လမ်း၌ ခါးပြ အလုခံရ လေသည်၊ ထိုအခါ လူတို့က ''အတိုင်းအရှည် ပမာဏကို မသိဘဲ ရဟန်းတွေ လမ်းစာရိက္ခာကို ခံယူမှုကြောင့် အလုခံရသည်''ဟု ကဲ့ရဲ့ကြသော ကြောင့် ''**ဘိက္ခုံပနေဝ ကုလံ ဥပဂတံ မန္ထေဟိ အဘိဟဋ္ဌုံ ပဝါရေယျ**''ဟု ပညတ်တော်မူခွင့်ရှိရာ, ရှေးဝတ္ထုနှင့် ပေါင်း၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ဘိက္ခုံပနေဝ ကုလံ ဥပဂတံ ပူဝေဟိဝါ **မန္ထေဟိဝါ အဘိဟဋ္ဌုံ ပဝါရေယျ၊ အာကင်္ခမာနေန** ဘိက္ခုနာ ဒွတ္တိပတ္တပူရာ ပဋိဂ္ဂဟေတဗ္ဗာ၊ တတောစေ ဥတ္တရိံ ပဋိဂ္ဂဏှေယျ ပါစိတ္တိယံ၊ ဒွတ္တိပတ္တပူရေ ပဋိဂ္ဂဟေတွာ တတော နီဟရိတွာ ဘိက္ခူဟိ သဒ္ဓိံ သံဝိဘာဇိတဗ္ဗံ၊ အယံ တတ္ထ သာမိစိ။

**မြန်မာပြန်။** ။အိမ်သို့ ကပ်ဝင်လာသော ရဟန်းကို လက်ဆောင်မုန့် လမ်းစာရိက္ခာ မုန့်တို့ဖြင့် ရှေးရှုယူဆောင်၍ ဖိတ်မံလျှင် (လောင်းလှူလျှင်) ခံယူလိုသော ရဟန်းသည် ၂-သပိတ်, ၃-သပိတ် ပြည့်အောင် ခံနိုင်၏၊ ထို့ထက်တိုး၍ မခံရ၊ ၂-သပိတ်ပြည့်အောင် ခံယူလျှင် တစ်သပိတ်ကို ရဟန်းများအား ဝေငှ၍ တစ်သပိတ်ကို မိမိအတွက် ထား၊ ၃-သပိတ်ခံယူလျှင် ၂-သပိတ်ကို ရဟန်းများအား ဝေငှရမည်၊ ခံယူခဲ့ပြီးနောက် တွေ့သမျှ ရဟန်းတွေကို ''တပည့်တော် မည်သည့် အိမ်မှ မုန့်တို့ကို မည်မျှလောက် ခံယူခဲ့ပြီ''ဟု ပြောရမည်၊ ထိုနောက်-နောက် ရဟန်းများကား ပထမရဟန်းက တစ်သပိတ်စာသာ ခံယူခဲ့လျှင် ၂-

သပိတ်စာ ယူနိုင်သေး၏၊ ပဌမရဟန်းက ၃-သပိတ်စာ ယူပြီးလျှင်ကား နောက်၌ မည်သူမျှ ထပ်၍ မခံယူရတော့ချေ။

---

## ၈။ ပဌမပဝါရဏာသိက္ခာပုဒ်

**အပ္ပသည်-ရဟန်းအများ။**
**အမှု-တော်ပြီပု ဆိုပြီးမှ အခြားတစ်နေရာသွား၍စားမှု။**

**ရဟန်းများနှင့် ပုဏ္ဏား**

ပုဏ္ဏား တစ်ယောက်သည် ရဟန်းတို့ကိုပင့်၍ ဆွမ်း ကျွေး၏၊ ရဟန်းတို့သည် ဆွမ်းစားကြစဉ် (ဆွမ်း-ဟင်းတို့ကို လိုက်သည့် အခါ) "တော်ပါပြီ၊ ပြည့်စုံပါပြီ၊ ဝပါပြီ၊ နည်းနည်းတည့်ပါ" စသည်ဖြင့် လိုက်သော ဆွမ်း-ဟင်းကို တားမြစ်ပြီး ဖြစ်ပါလျက် တချို့က ဆွေမျိုးများအိမ်သို့ သွား၍ နောက်ထပ်စားကြ၊ တချို့ကလည်း ထိုအိမ်မှ ဆွမ်းကိုပင် သပိတ်ဖြင့်ယူ၍ အခြား တစ်နေရာသို့ သွား၍ စားသောက်ကြကုန်၏၊ ပုဏ္ဏားသည် ရဟန်းတို့ သွားပြီးနောက် အိမ်နီးချင်းတို့ကို "လာကြပါဦး .... အရှင်မြတ်တို့ကို တင်းတိမ်လောက်အောင် **ဆွမ်း**ကပ်လိုက်ပါပြီ၊ မိတ်ဆွေတို့ကိုလည်း တင်းတိမ်လောက်အောင် ကျွေးပါရစေ"ဟု ဖိတ်ခေါ်လေ၏၊ ထိုအခါ အိမ်နီးချင်းများက "ဘယ်မှာ ကိုယ်တော်များ တင်းတိမ်ဦးမှာလဲ၊ တချို့က ကျုပ်တို့အိမ် လာပြီး နောက်ထပ် စားကြ၊ တချို့က ယူသွားကြတယ်"ဟု ပြောကြလေသည်၊ ထိုစကားကိုကြား၍ စိတ်မချမ်းမသာဖြစ်ကာ "ဘာ့ကြောင့် ငါ့အိမ်၌ စားပြီးပါလျက် တခြားအိမ်၌ စားကြရသေးသလဲ၊ ငါက ဝအောင် မတတ်နိုင်လို့လား"ဟု ပုဏ္ဏားက ကဲ့ရဲ့သောကြောင့် "ယော ပန ဘိက္ခု ဘုတ္တာဝီ ပဝါရိတော ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ၊ ပါစိတ္တိယံ"ဟု မူလပညတ်ကို ထားတော်မူရလေသည်။

**အနုပညတ်။** ။ရဟန်းတို့သည် (မိမိတို့ စားပြီးနောက်) ဂိလာန ရဟန်းများဖို့ မွန်မြတ်သော **ဆွမ်း**တို့ကို တောင်းယူ လာကြကုန်၏၊ ဂိလာန ရဟန်းတို့ကား စိတ်ထင်သလောက် မစားနိုင်ကြ၊ ကြွင်းကျန်သမျှကိုလည်း (စားပြီးသော ရဟန်းတို့ နောက်ထပ် မစားကောင်း သောကြောင့်) စွန့်ပစ်ကြရလေတော့၏၊ ထိုစွန့်ပစ်အပ်သော ဆွမ်းတို့ကို စားကြ လုကြသော ကျီးတို့၏အသံဖြင့် ဆူညံနေသည်ကို ဘုရားရှင် ကြားတော်မူ၍ အရှင်အာနန္ဒာကို မေးတော်မူရာ၊ ဂိလာနအကျန်ဖြစ်သော ဆွမ်းများကို စွန့်ထားကြောင်း လျှောက်သဖြင့်

"ရဟန်းတို့ ... (ဆွမ်းစားစဉ်တော်ပြီဟု ပယ်မြစ်ခဲ့သော ရဟန်းသည်) ဂိလာနု၏ အကြွင်းအကျန်ကိုလည်းကောင်း, ဂိလာနမဟုတ်သူ၏ အကြွင်း အကျန်ကိုလည်းကောင်း စားခြင်းငှာ ခွင့်ပြုတော်မူ၏"ဟု မိန့်တော်မူ၍ "ယော ပန ဘိက္ခု ဘုတ္တာဝီ ပဝါရိတော အနတိရိတ္တံ ခါဒနီယံ ဝါ။ပေ။ ပါစိတ္တိယံ"ဟု အနတိရိတ္တပုဒ်ကိုထည့်၍ အနုပညတ် ထပ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ဘုတ္တာဝီ ပဝါရိတော အနတိ-ရိတ္တံ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင်ရဟန်းသည် တစ်ချို့တစ်ဝက်စားပြီး ပယ်မြစ်စေ အပ်ပြီးဖြစ်ပါလျက် အတိရိတ်ဝိနည်းကံလည်း မပြုအပ်, ဂိလာနု၏ အကျန်လည်းမဟုတ်သော ခဲဖွယ်ကိုသော်လည်းကောင်း, ဘောဇဉ်ကိုသော်လည်းကောင်း ခဲမူလည်းခဲအံ့၊ စားမူလည်း စားအံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏၊ [ဤသိက္ခာပုဒ်နှင့် စပ်၍ မှတ်ဖွယ်များကို ပါတိမောက်ဘာသာဋီကာ၌ရှုပါ။]

## ၈။ ဒုတိယပဝါရဏာသိက္ခာပုဒ်

**အမှုသည်—ရဟန်းတစ်ပါး။**
**အမှု = ပဝါရိတ် သင့်ထားသော ရဟန်းအား နောက်ထပ် စားဖို့ရန် တိုက်တွန်းမှု။**

**ရဟန်း ၂-ပါး ဖြစ်ပုံ** ရဟန်း ၂-ပါးသည် သာဝတ္ထိမြို့သို့ ခရီးရှည်သွားစဉ် တစ်ပါးကဝိနည်းနှင့်မလျော်သောအမှုကို ပြုသောကြောင့် အခြားတစ်ပါးက မပြုဖို့ရန် တားမြစ်ရာ ထိုတားမြစ်သောရဟန်းကို မလျော်သောအမှုကိုပြုသော ရဟန်းက ရန်ငြိုးဖွဲ့လေသည်၊ သာဝတ္ထိသို့ရောက်သောအခါ ရန်ငြိုးဖွဲ့ထားသော ရဟန်းသည် သူ၏အမျိုး အိမ်သို့သွား၍ ဆွမ်းကိုယူလာပြီးလျှင် (မိမိကို ပြောဖူးသော) ထိုရဟန်းထံ သွား၍ "စားစမ်းပါ"ဟု ထိုဆွမ်းကိုပေးလေ၏၊ [ထိုအပေးခံရသောရဟန်း ကား ပဌမ ပဝါရဏာသိက္ခာပုဒ်၌ ပြခဲ့သည့်အတိုင်း ပဝါရိတ် သင့်ထား သောကြောင့် အဘိရိတ္တ (အပိုအလျှံ စားကြွင်း စားကျန်) ခဲဖွယ်ဘောဇဉ် မဟုတ်လျှင် နောက်ထပ် မစားကောင်းတော့ချေ၊ ထိုသို့ ပဝါရိတ်သင့်ပြီး မှန်းကိုလည်း ဆွမ်းလာပေးသော ရဟန်းသည်သိ၏။]

ထိုသို့လာပေးသည့်အခါ "တော်ပါပြီ၊ ပြည့်စုံပါပြီ"ဟု ပထမသော် ငြင်းပယ်၏၊ ရန်ငြိုးဖွဲ့ထားသော ရဟန်းကား မစားချင် စားချင်အောင် "ကောင်းလွန်းလို့ပါ၊ စားစမ်းပါ"ဟု တိုက်တွန်းပြန်၏၊ ထိုအခါ သူတိုက် တွန်းလှသဖြင့် အားနာပါးနာ စားရရှာတော့၏၊ ထိုသို့စားလျှင် စားခြင်း ပင် "သင်လိုလူက ခရီးသွားတုန်းက ငါ့ကိုမအပ်ဘူးလေး ဘာလေးနှင့် ပြောရသေးသလား၊ သင်လဲ ပဝါရိတ် သင့်ပြီးပါလျက် အတိရိတ္တ မဟုတ် သော ဘောဇဉ်ကိုစားတာဘဲ"ဟု ပြောကာ လက်စားချေလေသည်၊ ထိုအခါ "ငါ့ရှင်....အစက အတိရိတ္တမဟုတ်ကြောင်းကို ပြောထိုက်သည် မဟုတ်ပါ လား" "ငါ့ရှင်ကလဲ မေးထိုက်သည် မဟုတ်ပါလား"ဟု အပြန်အလှန် ပြော ဆိုကြ၍ အခြားရဟန်းတို့အား အစွပ်စွဲခံရသော ရဟန်းက ပြောပြလေသည်၊ ထိုအခါ အခြားရဟန်းတို့က ကဲ့ရဲ့ကြပြီးလျှင် ဘုရားရှင်ကို လျှောက်ကြ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယော ပန** ဘိက္ခု ဘိက္ခုံ ဘုတ္တာဝိံ ပဝါရိတံ **အန-တိရိတ္တေန** ခါဒနီယေန ဝါ ဘောဇနီယေန ဝါ **အဘိဟဋ္ဌုံ** ပဝါရေယျ "ဟန္ဒ ဘိက္ခု ခါဒ ဝါ ဘုဉ္ဇ ဝါ"တိ၊ **ဇာနံ အာသာဒနာပေက္ခော** ဘုတ္တသ္မိံ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင်ရဟန်းသည် **ဆွမ်းစားစဉ်** ပဝါရိတ်သင့်ပြီးသော ရဟန်းကို ပဝါရိတ် သင့်ထားမှန်းလည်း သိပါလျက် သက်သက် အပြစ်တင်ခြင်းကို ရှင့်သည် (အပြစ်တင်မည်ဟု ကြံစည်ချက်ရှိသည်) ဖြစ်၍ "ရော့....ဒီခဲဖွယ်ကလေးကို ခဲစမ်း ပါ၊ ဒီစားဖွယ်ဘောဇဉ်ကို စားစမ်းပါ"ဟု အတိရိတ်မဟုတ် သော ခဲဖွယ်ဘောဇဉ်ဖြင့် ဖိတ်မံအံ့ (ပေးအံ့) (ထိုသို့ဖိတ်လျှင် ပေးလျှင် ဒုက္ကဋ်အာပတ် သင့်နှင့်ပြီ၊) ထိုအပေးခံရသော ရဟန်းက စားလျှင်ကား ပေးသော ထိုရဟန်းမှာ ပါစိတ် **အာပတ်သင့်၏။**

---

## ၁၀။ ဝိကာလဘောဇနသိက္ခာပုဒ်

**အမှုသည်-သတ္တရသဝဂ္ဂီရဟန်းကလေးများ။**

**အမှု-နေလွဲအခါ စားသောက်ကြမှု။**

**ပွဲကြည့်သွားခြင်း။** ။ ရာဇဂြိုဟ်မြို့ဝယ် တောင်နှင့်စပ်၍ မြတ်သော ကြီးကျယ်သော ပွဲသဘင်ရှိ၏၊ ထိုတောင်ပွဲသည်

ယခုကာလ တောင်ပြုံးပွဲ စသည်ကဲ့သို့ စည်ကားလှ၏၊ သတ္တရသဝဂ္ဂ ရဟန်းကလေးတို့ကား (အသက် ၂၀-ပြည့်မှ ရဟန်းပြုရမည်ဟု မပညတ်မီက) ၇ နှစ်အရွယ်မှာပင် ရဟန်းပြုခဲ့ကြသော တစ်ကျိပ်ခုနစ်ယောက်သော ကစားဖော်ကစားဖက် ကလေးများတည်း၊ သူတို့သည် ပွဲမကြည့်ရဟု သိက္ခာပုဒ် မပညတ်ရသေးသောကြောင့် ထိုတောင်တော်ပွဲသို့ ပွဲကြည့်သွားကြလေသည်၊ ပွဲသို့ရောက်သောအခါ ဆွေမျိုးများနှင့်တွေ့၍ ရေချိုးပေး နံ့သာလိမ်းပေးပြီးလျှင် ယမင်းလည်းကျွေးကာ မုန့်ပဲသရေစာကိုလည်း သူတို့လက်ထဲ၌ထည့်ပေးလိုက်ကြလေသည်၊ သူတို့သည် ကျောင်းသို့ ပြန်ရောက်ကြသည့်အခါ သူတို့အား တစ်ခါတစ်ခါ အနိုင်ကျင့်တတ်သော ဆဗ္ဗဂ္ဂီ ရဟန်းတို့အား "ရော့စားကြပါဦး"ဟုပေးရှာကြလေသည်၊ "သင်တို့ဘယ်ကရခဲ့သလဲ" ဟုမေးလျှင် ဆွေမျိုးများထံက ရခဲ့ကြောင်း, ဟိုမှာတုန်းကလဲ ထမင်းစားခဲ့ကြရကြောင်းကို ပြန်ပြောင်းပြောပြသဖြင့်, ဆဗ္ဗဂ္ဂီတို့က "သင်တို့မွန်းလွဲမှစားကြသလား"ဟု မေးရာ "ဟုတ်ပါကြောင်း" ဝန်ခံကြသဖြင့် ကဲ့ရဲ့ရှုတ်ချ၍ ရဟန်းများမှတစ်ဆင့် ဘုရားသိတော်မူရကား ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယော ပန ဘိက္ခု ဝိကာလေ ခါဒနီယံဝါ ဘောဇနီယံဝါ ခါဒေယျဝါ ဘုဉ္ဇေယျဝါ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင်ရဟန်းသည် နေလွဲအခါ၌ ခဲဖွယ်ကိုသော်လည်း ကောင်း, ဘောဇဉ်ကိုသော်လည်းကောင်း ခဲမူလည်း ခဲအံ့၊ စားမူလည်း စားအံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏။

ဝိကာလ- အရုဏ်တက်သည်မှစ၍ မွန်းမတည့်မီအချိန်ကို ရဟန်းများ ဆွမ်းခဲဖွယ်ကို စားသောက်နိုင်ရာ "ကာလ"ဟု သတ်မှတ်ထား၏၊ ထိုကာလ ကုန်လျှင် "ဝိကာလ"ဟု ခေါ်၏၊ [ဝိ=ကင်းသော+ ကာလ= စားသောက်ချိန်၊] ထို့ကြောင့် ဤသိက္ခာပုဒ်အရ မွန်းလွဲသည်မှစ၍ အရုဏ်မတက်ခင် ဘောဇဉ်ငါးပါးနှင့်တကွ မုန့်အမျိုးမျိုး သစ်သီးအမျိုးမျိုးဟူသော ခဲဖွယ်များကို မစားကောင်း၊ ထိုဝိကာလအချိန်ဝယ် အနာရောဂါမရှိလျှော်က မည့်သည့်ဆေးကိုမျှ (အယုတ်သဖြင့် လျက်ဆားနှင့် ဆားရိုးရိုးကိုမျှ မစားကောင်း၊ မလျက်ကောင်း၊ ဆာလောင်မွတ်သိပ်လျှင် ထန်းလျက်ရည် ဖျော်သကြားရည် သန့်ရှင်းစွာ စစ်ထားသော မန်ကျည်း ဖျော်ရည် စသည်ကား၊ သောက်ကောင်း၏၊ မဆာဘဲ သက်သက်သောက်ချင်ရုံမျှဖြင့်ကား မသောက်ကောင်း၊ ယခုကာလ "ညချင်းသုပ်" စသည်ကား သူနှင့်သင့်မြတ်သော ဂဏရောဂါမရှိ

လျှင် မည်သည့် နည်းနှင့်မျှ မစားအပ်၊ ရောဂါရှိလျှင် (လက်သုပ်မဟုတ်သော) ချင်းရိုးရိုးကို စားကောင်းပါ၏၊ လေရောဂါစသည်မရှိဘဲ ထမင်းလျက်ခဲ ကြံသကာ သကြားမှုန့်တို့ကိုလည်း မစားကောင်း၊ သောက်လျှင်စားလျှင် ဒုက္ကဋ်အာပတ်သင့်၏၊

**နေ့လယ်စာ စားမြစ်ရပုံ**

ဘုရားပွင့်တော်မူပြီးနောက် သာသနာတည်စ အချိန်ဝယ် အချို့ ရဟန်းတော်များသည် ( လူ့ ထုံးစံ အတိုင်း) နံနက်စာ, နေ့လယ်စာ, ညစာဟု ၃ ထပ်ပင် စားကြသေး၏၊ ထိုသုံးထပ်တွင် ''နေ့လယ်စာ''ဟူသည် မွန်းလွဲအခါ နေ့လယ်ပိုင်းမှာ စားအပ်သော အစာတည်း၊ ထိုနေ့လယ်စာကို မစားဖို့ရန် ပထမပညတ်တော်မူသည်၊ ထိုနေ့လယ်စာကို ပယ်မြစ်တော်မူချိန်၌ တစ်ချို့ ရဟန်းတို့မှာ စိတ်မချမ်းမသာ ဖြစ်ကြသေး၏၊ သို့သော် မြတ်စွာဘုရားကို ချစ်ကြောက်ရိုသေသောအားဖြင့် နေ့လယ်စာကို ရှောင်ကြဉ်ကြလေသည်။

**ညစာ စားမြစ်ပုံ**

ထို့နောက် အတော်ကြာသောအခါ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူပြန်၏၊ ''ဘိက္ခုတို့.... ငါဘုရားသည် မွန်းမလွဲမီ နံနက်ပိုင်း တစ်ချိန်မှသာ အစားအစာကို ဘုဉ်းပေးတော်မူသည်၊ ထိုသို့နံနက်ပိုင်း တစ်ချိန်မှသာ ဘုဉ်းပေး၍နေလွှဲသောအခါ၌မစားဘဲ ရှောင်နေခြင်းကြောင့် အနာရောဂါမရှိဘဲ အညောင်းအကိုက်လည်းမရှိဘဲ ပေါ့ပေါ့ပါးပါးနှင့် အားအင်ပြည့်တာကို တွေ့ရသည်၊ အသင်ရဟန်းများလည်း နံနက်တစ်ချိန်သာစားကြ၊ ထိုသို့စားသဖြင့် အနာရောဂါလည်း နည်းပါး အညောင်းအကိုက်လည်း နည်းပါး၍ ပေါ့ပေါ့ပါးပါး အားအင်ပြည့်တာကို သိကြရလိမ့်မည်''ဟု ဤသို့ မိန့်တော်မူ၍ ဤဝိကာလဘောဇန သိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။

ထိုသို့ပညတ်တော်မူသောအခါ အချို့ရဟန်းတို့မှာ စိတ် မချမ်းသာဖြစ်ကြ၏၊ ဖြစ်ပုံကား ''လူဝတ်ကြောင်တို့သည် နံနက်စာကိုတော်သလိုစားကြ၍ညစာကိုမှ ပြတ်နိုင်သမျှ ကောင်းမွန်အောင် စီစဉ်၍ စားကြသည်၊ ထိုသို့အထူးတလည်ချက်ပြုတ်သော အစာကိုပင် လက်ဦးလက်ဖျား လှူတတ်ကြရာ ထိုညစာကို ဘုရားရှင်ပယ်မြစ်တော်မူပြန်ပြီ''ဟု တွေး၍ စိတ်မချမ်းမသာဖြစ်ကြလေသည်၊ ထိုသို့ဖြစ်ကြသော်လည်း ဘုရားရှင်အပေါ်၌ ချစ်ကြောက် ရိုသေသောအားဖြင့် အများပင်လိုက်နာကြ၏၊ ဘဒ္ဒါလိမည်သော မထေရ်တစ်ပါးကား (ရှေးကကြီးကန်းဘဝမှ လာသောကြောင့် ညစာ မစားရလျှင် မနေနိုင်

သလောက်ရှိရကား) ဘုရားရှင် ညစာတားမြစ်မှုကို အကြီးအကျယ် ကန့်ကွက်လေသေး၏။

သို့ရာတွင် ညစာ စားစဉ်တုန်းက ညဆွမ်း လှည့်လည်ခံယူကြသော ရဟန်းတို့တွင် တချို့သည် ညဥ့်မှောင်မဲကြီး၌ ဆွမ်းခံ လှည့်လည်စဉ် တန်စီးအိုင်ထဲ၌ ကျသူကျ၊ ထို တန်စီးအိုင်မှ စီးလာသော ဗွက်ထဲ၌ ကျသူကျ၊ ဆူးပုံကို နင်းမိသူက နင်းမိ၊ အိပ်နေသော နွားမကို တက်နင်းမိသူက နင်းမိ၊ တချို့လည်း ယဇ်နတ် ပူဇော်ချင်သော ခိုးသူတို့ အဖမ်းခံရ၊ တချို့ကား "မာတုဂါမက ဒီမှာဘဲ ညစာစားပြီး သူနှင့်အတူ အိပ်ပါတော့"ဟု အဖိတ်ခံရ၊ ရဟန်းတစ်ပါးမှာတော့ ထမင်းချက်သော နေရာနား၌ မိုးမှောင်ကျခိုက် ဆွမ်းရပ်နေစဉ် မာတုဂါမက ခွက်ဆေးနေတုန်း ဖြူန်းကနဲ လျှပ်လက်လိုက်ရာ မာတုဂါမလန့်ပြီး "အမယ်လေး....တစ္ဆေကြီးပါတော့" ဟုအော်လေသော်..."ဟဲ့ဟဲ့နှမ တစ္ဆေမဟုတ်ပါဘူး၊ ဆွမ်းခံကိုယ်တော်ပါ" ဟု ပြောပါလျက် "ကိုယ်တော့် အဖေ-အမေတွေ သေကုန်လို့ ညမှောင်ကြီးထဲ ဆွမ်းခံရသလား"ဟုကက်ကက် လန်အောင် ရန်တွေ့ခံရလေသည်။

ညစာ စားမှုကြောင့် ဤကဲ့သို့ တွေ့ကြုံရသော ဒုက္ခစုတို့ကို သူတစ်ခွန်း, ငါတစ်ခွန်း ပြောကြ, ဆိုကြ, ဘုရားကို လျှောက်ကြသဖြင့် ဝိကာလဘောဇနသိက္ခာပုဒ်ကို ကန့်ကွက်ခဲ့သော အရှင်ဘဒ္ဒါလိလည်း အကြီးအကျယ် နောင်တရ၍ ဘုရားကိုဝန်ချကာ ထို သိက္ခာပုဒ်ကို လိုက်နာလေတော့သည်။ [မဇ္ဈိမပဏ္ဏာသ, ဘဒ္ဒါလိသုတ်နှင့် လဋုကိကောပမသုတ်။]

---

## ၉။ သန္ဒိဋ္ဌိသိက္ခာပုဒ်

**အရှုသည်-အရှင်ဗေလဋ္ဌသီသ။**

**အမှု-ဆွမ်းကိုချန်ထား၍ နောက်ရက်၌ စားမှု။**

**သမာပတ် ဝင်စားခြင်း** အရှင်ဗေလဋ္ဌသီသ သည် (ရှင်ကြီးတစ်ထောင်ဟု အများ သိကြသော) ရဟန်း တစ်ထောင်တွင် ပါဝင်သော မထေရ်ကြီး တစ်ပါး တည်း၊ အရှင်အာနန္ဒာ၏ ဥပဇ္ဈာယ်ဆရာကြီးလည်း ဖြစ်၏၊ ထိုအရှင်မြတ်သည် ဇေတဝန် ကျောင်းတိုက်၏ အနီးဖြစ်သော ကမ္ဘဋ္ဌာန်းကျောင်း၌ သီတင်းသုံးကာ ဖလသမာပတ်ကို ဝင်စားတော်မူလေ့ ရှိ၏၊ ထို့ကြောင့် ဟင်းမပါသော ဆွမ်းကို အခြောက်လှမ်းပြီးလျှင် ၇-ရက်လောက်ကြာမှ သမာပတ်ကထ၍ ထို ထမင်းခြောက်ကို

ရေဖြင့်နှူးကာ ဘုဥ်းပေးတော်မူ၏၊ ထို့နောက် သမာပတ် ဝင်စားပြန်၏၊ ဤနည်းဖြင့် ထမင်းခြောက်ကို ဘုဥ်းပေးကာ ရက်သတ္တပတ် အတော်များများ ကြာမှ ဆွမ်းခံ ဝင်လေ့ ရှိသည်၊ အခြား ရဟန်းများက "ကြာလှမှ တစ်ခါ တစ်ခါ ဆွမ်းခံ ဝင်ခြင်း၏ အကြောင်း" ကို မေးလျှောက်ကြသော အခါ ဆွမ်းအခြောက်ကို သိုမှီး၍ စားကြောင်း အမိန့်ရှိလေသော် အချို့ ရဟန်း များက ကဲ့ရဲ့၍ ဘုရားအား လျှောက်ကြသဖြင့် ဘုရားရှင်လည်း "ဤကိစ္စသည် သန္တုဋ္ဌိ သလ္လေခ (ရသာမျှနှင့် မျှတရောင့်ရဲသော ခြိုးခြံသော အကျင့်) ဖြစ်၍ အပြစ်မရှိသော်လည်း လူများသိလျှင် အပြစ်တင်စရာ ဖြစ်သောကြောင့် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။ ။ယော ပန ဘိက္ခု သန္နိဓိကာရကံ ခါဒနီယံ ဝါ ဘောဇနီ ယံ ဝါ ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင်ရဟန်းသည် သိုမှီး သိမ်းဆည်းမှုကို ပြုခြင်းရှိသော ခဲဖွယ်ကိုသော် လည်းကောင်း, ဘောဇဉ်ကိုသော် လည်းကောင်း ခဲမူ လည်း ခဲအံ့၊ စားမူလည်း စားအံ့၊ ပါစိတ်အာပတ် သင့်၏။

**စွန့်လွှတ်လျှင် သန္နိဓိမဖြစ်။** ။အကပ်ခံပြီးနောက် ခဲဖွယ်ဘောဇဉ်များကို လူသာမဏေတို့အား စွန့်ပေးလိုက်လျှင် သန္နိဓိ သိုမှီးမှုမဖြစ်၊ နက်ဖြန် နံနက်၌ သူတို့သိမ်းထားသော အာမိသကို သူတို့ထံမှ တစ်ဖန်အကပ်ခံ၍ စားကောင်း၏၊ သို့သော် စွန့်သည့် အခါ၌ကား "အနပေက္ခဝိသဇ္ဇန" ခေါ် "ထို အာမိသကို ငါမစားတော့ပြီ" ဟု မငဲ့ဖက္ခက် စွန့်လိုက်, ပေးလိုက်မှသာ စွန့်ရာရောက်သည်။

**မှတ်ချက်။** ။ပြောင်အောင်မဆေးအပ်သော သပိတ်, ပန်းကန်ခွက်ကို "ဒုဓ္ဓေါတ" ဟု ခေါ်၏၊ သန္နိဓိနှင့်စပ်၍ ဒုဓ္ဓေါတ သပိတ်ခွက်များနှင့် အနပေက္ခ ဝိသဇ္ဇနတို့ကို ကောက်ချက်ချလိုက်သည့်အခါ အောက်ပါ အချက်များ ပေါ်ထွက် လာ၏၊ သပိတ်, ပန်းကန်, ခွက်, လက်ဖက်ရည်ကရား စသည်များ၌ ထည့်၍ စားသောက်ပြီးနောက် ထိုသပိတ် စသည်နှင့် တကွ အကြွင်းအကျန်ကို လူသာမဏေတို့အား မပေးမစွန့်ဘဲ သပိတ် စသည်ကို ကိုယ်တိုင် ဆေးရာဝယ် မစင်ကြယ်၍ အာမိသ ကပ်ကျန် နေလျှင် နက်ဖြန်နံနက်၌ အခြားအာမိသနှင့် ရောနှော၍ ဝမ်းတွင်းသို့ ပါသွားက ဤသိက္ခာပုဒ်အရ အာပတ် သင့်၏။

ထိုသပိတ်စသည်၌ ရှိသောအာမိသကို လူသာမဏေအား ပေးလိုက် လျှင် လူသာမဏေတို့က ထို သပိတ်စသည်ကို ဆေးရာဝယ် မစင်ကြယ်

သော်လည်း ထိုအာမိသအဘိအကပ်တို့ သန္နိဓိမဖြစ်၊ သို့ရာဝယ် ထိုအာမိသအဘိအကပ် ကျန်ရှိနေသော သပိတ် ပန်းကန် လက်ဖက်ရည်ကရား များ၌ ထည့်၍ နက်ဖြန်နံနက် စားသောက်လိုလျှင် ရဟန်းကိုယ်တိုင် စ၍မကိုင်ရ၊ လူသာမဏေတို့ယံ အကပ်ခံရဦးမည်၊ ထိုသို့အကပ်မခံဘဲ ကိုင်လျှင် ကိုင်သည့်အတွက် ဥဂ္ဂဟိတ (ကောက်ယူမှု) ဒုက္ကဋ်နှင့် ထိုအာမိသကို အကပ်မခံဘဲစားရာရောက်သဖြင့် လာလတ္တံ့ဒန္တပေါဏသိက္ခာပုဒ်အတွက် ပါစိတ်အာပတ် သင့်လိမ့်မည်။

---

## ၈၂။ ပဏီတဘောဇနသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။**

**အမှု-မွန်မြတ်သော အစာကို တောင်းစားမှု။**

**မွန်မြတ်သောအစာကို တောင်းစားမှု** ဆဗ္ဗဂ္ဂီရဟန်းတို့သည် မွန်မြတ်သော ထောပတ်ဆီဦး စသည်တို့နှင့် ရောနှောအပ်သော ဘောဇဉ်တို့ကို တောင်း၍ စားလေ့ရှိ၏၊ လူတို့က''ရဟန်းတော်တို့သည် ဘာကြောင့် မွန်မြတ်သော အစားအစာတို့ကို တောင်းရမ်း စားသောက်ကြရသလဲ, ကောင်းသောအရသာကို ဘယ်သူမနှစ်သက်ဘဲ ရှိမည်လဲ'' ဟု ကဲ့ရဲ့သောကြောင့် ဤသိက္ခာပုဒ်ကို ''အဂိလာနော''ပုဒ် မပါသေးဘဲ ပညတ်တော်မူရသည်၊ ထို့နောက် ဂိလာနရဟန်းများသည် မွန်မြတ်သော ဘောဇဉ်ကိုမရ၍ ရောဂါမသက်သာသောကြောင့် ''ဂိလာန ဖြစ်လျှင်ကား မွန်မြတ်သောဘောဇဉ်တို့ကို တောင်း၍စားနိုင်၏''ဟုခွင့်ပြုတော်မူ၍''အဂိလာနော'' ပုဒ်ကို ဖြည့်စွက်၍ အနုပညတ် ထပ်တော်မူရပြန်သည်၊ [ဤ၌ ထောပတ်စသည်တို့ကား ပဏီတ (မွန်မြတ်သောအစာ,တည်း၊ ထောပတ်ထမင်း, ဆီဦးထမင်း, ဆီထမင်း, ပျားရည်ထမင်း, ငါးဒန်ပေါက်, အသားဒန်ပေါက်, နွားနို့ထမင်း, နို့ဓမ်းထမင်း တို့ကား ပဏီတဘောဇနတည်း။]

**သိက္ခာပုဒ်။** ။ယာနိ ခေါပန **တာနိ ပဏီတဘောဇနာနိ၊** **သေယျထိဒံ၊ သပ္ပိ, နဝနီတံ, တေလံ, မဓု, ဖာဏိတံ, မစ္ဆော,** မံသံ, ခီရံ,ဒဓိ၊ **ယော ပန** ဘိက္ခု **ဧဝရူပါနိ ပဏီတဘောဇနာနိ** **အဂိလာနော** အတ္တနော **အတ္ထာယ** ဝိညာပေတွာ ဘုဉ္ဇေယျ၊ ပါစိတ္တိယံ။

ဖြန်မာဖြန်။ ။အကြင်မွန်မြတ်သော အာဟာရနှင့် ရောစပ်အပ်သော ဘောဇဉ်တို့သည် ရှိကုန်၏၊ ဤမွန်မြတ်သော အာဟာရတို့ဟူသည် အဘယ်နည်း၊ ထောပတ်, ဆီဦး, ဆီ, ပျားရည်, တင်လဲ, ငါး, ကုန်းသတ္တဝါတို့၏ အသား, နို့ရည်, နို့ဓမ်းတည်း၊အကြင်ရဟန်းသည် ဤသို့ သဘောရှိကုန်သော မွန်မြတ်သော အာဟာရနှင့် ရောစပ်အပ်သော ဘောဇဉ်တို့ကို ဂိလာနမဟုတ်ဘဲ မိမိ၏အကျိုးငှာတောင်း၍ စားအံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏။

---

## ည။ ဒန္တပေါဏသိက္ခာပုဒ်

**အမှုသည်–ရဟန်းတစ်ပါး။**

**အမှု–လှူသာမကောတို့က မပေးအပ်(မကပ်အပ်)သော အာဟာရကို စားမှု။**

**သုသာန် ကိုယ်တော်** ဝေသာလီမြို့၌ ရဟန်းတစ်ပါးသည် ပံ့သကူရသောပစ္စည်းကိုသာ သုံးစွဲ၏၊ သုသာန်၌ စွန့်ပစ်အပ်သော ခွက်ကို သပိတ်လုပ်၍လည်းကောင်း, သုသာန်၌ စွန့်ပစ်အပ်သော အဝတ်ကိုသာ သင်္ကန်းချုပ်ပြီး၍လည်းကောင်း, သုသာန်ကရသော ခုတင် ထိုင်ခုံကိုသာ သုံးစွဲ၏၊ သုသာန့်သစ်ပင်အောက်, တံခါးခုံစသည်တို့၌ သေလွန်ပြီးသော မိဘတိုးဘွားတို့ကို ရည်စူး၍ထားအပ်သော အစားအသောက်များကိုသာ ကိုယ်တိုင်ယူ၍ စားသောက်၏၊ ဤသုသာန်ကိုယ်တော်ကို လူတို့က "ဘိုးဘွားမိဘတို့ကို ရည်စူး၍ထားအပ်သော စားဖွယ်တို့ကို အဘယ့်ကြောင့် ကိုယ်တိုင်ယူပြီး (သူများလာမပေးဘဲ) စားရသလဲ, ဝလိုက်တာလဲ ဖြဲလို့, အသားတွေလဲ ကျစ်ကျစ်လျစ်လျစ်ရှိ၏၊ လူသားကို စားနေဟန် တူသည်"ဟု လူတို့ ကဲ့ရဲ့ကြလေသည်၊ [မည်သူကမှ မိမိလက်ရောက်အောင် မပေးဘဲစားခြင်းကို လူကြီးလူကောင်းတို့ မပြုကြသောကြောင့် ထိုရဟန်း၏ ကိုယ်တိုင်ယူ၍ စားမှုကို ကဲ့ရဲ့ကြခြင်းဖြစ်သည်။]

ထိုအကြောင်းကို ရဟန်းများကြား၍ ရဟန်းများကလည်း "အဘယ့်ကြောင့် မပေးအပ်(မကပ်အပ်)သောအစာကို ခံတွင်းဝသို့ ဆောင်ရသလဲ"ဟု ကဲ့ရဲ့ကြ၍ ဘုရားရှင်အား လျှောက်ကြသောကြောင့် "ယောပန ဘိက္ခု မုခဒွါရံ အာဟာရံ အာဟရေယျ, ပါစိတ္တိယံ"ဟု မူလပညတ်ကို ထားတော်မူရလေသည်၊ [ဤ၌ "အဒိန္နံ = မပေးအပ်" ဟူရာဝယ် " မိမိပစ္စည်းပင် ဖြစ်

သော်လည်း လူ-သာမဏေစသူတို့က မိမိလက်ရောက်အောင် မပေးအပ်သည်ကို ဆိုလိုသည်၊]ထို့နောက် အချို့ရဟန်းတို့သည် "ရေ၌လည်းကောင်း, ဒန်ပူ၌လည်းကောင်း သူတစ်ပါးက မပေးလျှင် (မကပ်လျှင်)သောက်ကောင်း ခဲကောင်းမည် မထင်-ဟု သံသယ ဖြစ်ကြသောကြောင့် "အညတြ ဥဒကဒန္တပေါဏာ"ဟု ဖြည့်စွက်၍ အနုပညတ် ထပ်တော်မူရပြန်သည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု အဒိန္နံ မုခဒွါရံ အာဟာရံ အာဟရေယျ အညတြ ဥဒကဒန္တပေါဏာ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင် ရဟန်းသည် ရေ-ဒန်ပူကိုကြဉ်၍ (ရေ-ဒန်ပူမှ တစ်ပါး) မပေးမကပ်အပ်သော အာဟာရကို ခံတွင်းဝသို့ဆောင်အံ့၊ (မျိုအံ့၊) ထိုရဟန်း ပါစိတ်အာပတ်သင့်၏။

**အကပ်မြောက် အင်္ဂါ ၅-ပါး။** ။၁-ကပ်မည့်သူက ရွှေ့ရှုဆောင်ခြင်း, ၂-အကပ်ခံမည့်ရဟန်း၏ ၂-တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ ရောက်ခြင်း, ၃-အား အလတ်စားရှိသူ မြှောက်ချီနိုင်သော ဝတ္ထုဖြစ်ခြင်း, ၄-ကိုယ်ဖြင့် ဖြစ်စေ ကိုယ်နှင့်စပ်နေသော (ကိုင်ထားသော)ခွက် စသည်ဖြင့်ဖြစ်စေ ပစ်၍ ဖြစ်စေ ဤ ၃-မျိုးတွင် တစ်မျိုးမျိုးဖြင့် ကပ်သူကပေးခြင်း, ၅-ကိုယ်ဖြင့်ဖြစ်စေကိုယ်နှင့်စပ်သောကိုင်ထားသော ခွက်တုတ်စသည်ဖြင့် ခံ၍တို့၍ထိ၍ ဖြစ်စေ ဤ၂-မျိုးတွင် တစ်မျိုးမျိုးဖြင့် အကပ်ခံသော ရဟန်းကခံယူခြင်း, ဤအင်္ဂါ ၅-ပါးပြည့်စုံမှ အကပ်မြောက်သည်။

**[ဆောင်]** ရွှေ့ရှုလည်းဆောင်, ၂-တောင့်ထွာရောက်, မြှောက်နိုင်ဝတ္ထု, သုံးခုပေးခြင်း, ခံခြင်းနှစ်လှောက်, ကပ်မြောက်, မှတ်လောက် အင်္ဂါ ၅-ပါးတည်း။

ရှေ့ရှုဆောင်ပုံ—"ရွှေ့ရှုဆောင်"ဟူရာ၌ လက်ဖြင့်ရွှေ့တိုးပေးမှ ရွှေ့ရှုဆောင်ရာ ရောက်လေသည်မဟုတ်သေး၊ ဦးခေါင်းပေါ်၌ ရွက်ထားသော စားဖွယ်ခွက်ကို လှူလို၍ ဦးခေါင်းကိုအနည်းငယ် စောင်းညွတ်ပေးလိုက်လျှင် ရွှေ့ရှုဆောင်ရာ ရောက်သောကြောင့် ရဟန်းကထိုခွက်ကို လက်ဖြင့်ထိကာ အလိုရှိရာယူစားနိုင်၏၊ အားအလတ်ရှိသူ ကြွမြှောက်နိုင်သော ယာဂုအိုးကြီးကို ရှင်ငယ်ကလေးက မကြွနိုင်၍ မြေပေါ်၌ပင် လှိမ့်လျက် ကပ်ရာ၌လည်း ရဟန်းက လက်ထိုးပေးကာ(ထိရုံထိ၍ ဖြစ်စေ)အကပ်ခံနိုင်၏။

ဤစကားအရ—ယခုကာလ တစ်ယောက်တည်း ကြွနိုင်သော စားပွဲကို ဟင်းဖိတ်မည်စိုး၍ ၂-ယောက်, ၃-ယောက်ကိုင်လျက် ကပ်ခြင်း, စားပွဲအခင်းတို့ ကြမ်းပြင်မှာထိနေလျက်ကပ်ခြင်း, ကပ်မည့်သူက ရှေ့ရှုဆောင်၍ ၂-တောင့်ထွာ အတွင်း ရောက်ရှိသောဝတ္ထုကို လက်မြှောက်လှမ်းယူ၍ အကပ်ခံခြင်းများ၌ အကပ်မြောက်သည်ချည်းမှတ်။

**ဟတ္ထပါသ်တိုင်းနည်း။** ။၂-တောင့်ထွာ ဟတ္ထပါသ်တိုင်းရာ၌ ရှေ့ကလာ၍ ကပ်ရာဝယ် ရဟန်းကထိုင်နေလျှင် ထိုရဟန်း၏ တင်ပါး နောက်ဘက်အစွန်းဖြင့်, ရပ်နေလျှင် ဖနောင့်စွန်းဖြင့်, စောင်းလျက်လှဲနေလျှင် စောင်းသောနံပါး၏ ပြင်ဘက်စွန်းဖြင့် တိုင်းရမည်၊ ဝမ်းလျားမှောက်၍နေရာ ဦးခေါင်းနား၌လာ၍ကပ်လျှင် ဦးခေါင်းစွန်း၏ အနီးဆုံးဖြစ်သော လည်ပင်းဖြင့်တိုင်းရမည်၊ ဤသို့လျှင် အကပ်ခံသူ၏ လှမ်းယူသော လက်မှတစ်ပါး အနီးဆုံး ကိုယ်အင်္ဂါ၏ နောက်ဘက်စွန်းဖြင့်တိုင်း၍ .... ကပ် သူ့အတွက်လည်း လှမ်း၍ ပေးသော လက်မှတစ်ပါး အခြားသော အနီးဆုံးအင်္ဂါ၏ ဤဘက်အစွန်းဖြင့် တိုင်းတာရမည်၊ [စားပွဲကြီးအလယ်ခြား၍ အကပ်ခံကြရာ၌ အနီးဆုံးအင်္ဂါချင်း ဟတ္ထပါသ်ကို သတိပြုရာ၏။]

**မုခဒွါရံ။** ။"ခံတွင်းအဝ"ဟူသည် ပါးစပ်ပေါက်မဟုတ်, အောက်ပိုင်းအဝဖြစ်သော လည်ချောင်းပေါက်တည်း၊ မုခတော ခံတွင်းမှ၊ ဟေဋ္ဌာ-အောက်ဖြစ်သော၊ ဒွါရံ-အပေါက်သည်၊ မုခဒွါရံ-မည်၏၊ ထို့ကြောင့် အာဟာရကို ပါးစပ်ကဖြစ်စေ နှာခေါင်းပေါက်ကဖြစ်စေ သွင်းရာ၌ လည်ချောင်းပေါက်၏ အတွင်းရောက်လျှင် မျိုရာရောက်၏ လည်ချောင်းမရောက်ခင် ပါးစပ်အတွင်း၌ ငုံရှိုင်ပြီး(အရည်တစ်စက်မျှ လည်ချောင်းတွင်း မဝင်စေဘဲ)ထွေးပစ်နိုင်လျှင် အကပ်မခံသော်လည်း အပြစ်မရှိသေး၊ ထိုကဲ့သို့ ပြုနိုင်လျှင် ညနေဘက်မှာလည်း ဝိကာလဘောဇန အပြစ်မရှိ၊ သို့သော် အကျိုးမရှိသော ထိုအလုပ်မျိုးကို မလုပ်ခြင်းသာလျှင် ကောင်း၏။

**အာဟာရံ။** ။ယာဝကာလိက စသော ၄-ပါးကို အာဟာရဟုဆိုသည်၊ ထိုအာဟာရကို အကပ်ခံရာ၌ ရထရေဏုမှုန်သည် အကပ်ခံနိုင်သော အသေးဆုံးအာဟာရတည်း၊ အကပ်ခံပြီးသော အာဟာရ၌ ရထရေဏုမှုန် ကျလျှင်လည်း အကပ်ပျက်တော့သည်သာ၊ [လှည်းရထားတို့ သွားသည့်အခါထသော မြူမှုန့်ကို ရထရေဏုမြူဟု ခေါ်၏၊ တံမြက်လှည်း၍ လေတိုက်၍ ထသော မြူများလည်း ရထရေဏုမြူပင်၊ ထို့အောက်ငယ်သော နှံရံပေါက်မှ ဝင်လာသော

နေရောင်ဖြင့် မြင်ရသောမှုန့်ကို တဇ္ဇာရီမှုန့်ဟုခေါ်၏၊ ထိုတဇ္ဇာရီမှုန့်မှုန့်နှင့်အလားမှုန့် ပရမာဏုမှုန့်တို့မှာ အကပ်မပျက်နိုင်၊ မှုန့်မှုန့်(ဖုံ)များကို ယာဝဇီဝိကအာဟာရတွင် ပါဝင်သည်ဟုမှတ်။]

အညတြဥဒကဒန္တပေါဏာ· ဥဒကဟူသည် ရထရေဏုမှုန့် ပမာဏရှိသော မှုန့်မှုန့်မပါသည့် သန့်ရှင်းသောရေတည်း၊ ထိုသန့်ရှင်းသောရေသည် ကာလိက လေးပါးမှ အလွတ်ဖြစ်၍ အကပ်မခံဘဲ သောက်ကောင်း၏၊ ကိုယ်တိုင်လည်း ကြိုကောင်း၏-ချက်ကောင်း၏၊ ရထရေဏုမှုန့်မှုန့် ပါသောရေကား မှုန့်အတွက် အကပ်မခံဘဲ မသောက်ရ၊ သို့ဖြစ်၍ ဝိနည်းကို ဂရုစိုက်သူတို့ အကပ်မခံသော ရေကို အမြဲစစ်၍သောက်ကြသည်။

ဒန်ပူစားရာ၌ အိန္ဒိယ ထုံးစံမှာ သွားဖြင့်ဝါး၍ ဒန်ပူရည်ထွက်အောင် စားလေ့ရှိ၏၊ ထိုအရည်ထွက်မှ သွားပိုးမစားနိုင်ဘဲ သွားစင်ကြယ်သည်-ဟု အယူရှိသည်၊ ထိုသို့ဒန်ပူစားရာ၌ ဒန်ပူရည်များ လည်ချောင်းတွင်း မဝင်လျှင် အကပ်ခံဖွယ် မလိုသောကြောင့် "အညတြဥဒကဒန္တပေါဏာ" ဟု မိန့်တော်မူရသည်၊ အကယ်၍ ဒန်ပူရည်က လည်ချောင်းတွင်းဝင်လျှင်ကား အကပ်ခံမှ သင့်မည်၊ အကပ်မခံလျှင်-ဤသိက္ခာပုဒ်အရ အာပတ်သင့်မည်သာ။

အချုပ်မှာ—"အညတြဥဒကဒန္တပေါဏာ"ဖြင့် လွတ်လပ်ခွင့် အယူမရ၊ ကြည်နေသောရေသည် ကာလိကဝိမုတ်ဖြစ်၍ နဂိုကပင်အပ်၏၊ ဒန်ပူလည်း ခံတွင်းသို့ အရည်မဝင်လျှင် ပင်ကိုယ်ကပင် အပ်၏၊ သို့ရာတွင် ဘုရားရှင် လက်ထက်တော်က ရဟန်းအချို့တို့ ရေနှင့်ဒန်ပူအတွက် သံသယ ဖြစ်ကြ သောကြောင့် ဘုရားရှင်ကထပ်၍ ချွင်းချက်ပြုတော်မူရသည်။

**မှတ်ချက်။** ။ပြခဲ့သောစကားများအရ....ရထရေဏုမှုန့်သည်အကပ်ခံလောက် သော အာဟာရတွင်ပါဝင်ရကား ဆွမ်းခံတုန်းဖြင့်စေ ဆွမ်းသေးတုန်း ဖြစ်စေ စားခွက်တွင်းသို့ ထိုမှုန့်မှုန့်မျိုး ကျလျှင် ထိုမှုန့်နှင့်တကွ ဆွမ်း အနည်းငယ်ကို ယူပစ်ရမည်၊ ထပ်၍အကပ်မခံဘဲ ဆက်လက်၍ ဆွမ်းခံ လျှင် ဝိနယဒုက္ကဋ်ခေါ် ဒုက္ကဋ်အာပတ်သင့်၏၊ ဆက်၍ ဆွမ်းစားလျှင် ထိုမှုန့်မှုန့်ကို စားမိက ဤသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်၏။

ထို့ပြင် ဆွမ်းလုပ်ကို ပါးစပ်သို့ သွပ်သွင်းပြီးနောက် ပါးစပ် ဘွင်းမှ ဆွမ်းလုံးတစ်လုံးဖြစ်စေ သပိတ်ထဲသို့ ပြန်၍ကျလျှင် ထပ်၍ အကပ်ခံလေ့ရှိကြ၏၊ သို့သော် ထိုပြန်ကျလာသော ဆွမ်းလုံးသည် ပါးစပ်ထဲရှိသော သွားရည် နှုတ်ခမ်းရည် စသည်နှင့် မလူးဘဲ ပြန်ကျလျှင် အကပ်မပျက်သေး၊ သွားရည် စသည်နှင့် လူးပြီးမှ ပြန်ကျလျှင်သာ ထိုသွားရည်အတွက် အကပ်ပျက်ရသည်၊ ထို့ကြောင့် ပါးစပ်မှ ဆွမ်းလုံးပြန်ကျသည့်အခါ ထပ်၍ အကပ်ခံလေ့ ရှိရာ၌

ဆွမ်းလုံးကျသည့်အတွက် သပိတ်အတွင်းရှိ ဆွမ်းများ အကပ်ပျက်သောကြောင့် မဟုတ်, ပြန်ကျလာသော ဆွမ်းလုံးက သွားရည်စသည်ဖြင့် လူးလာခဲ့လျှင် အကပ်ပျက်ရာ သောကြောင့် ထိုပြန်ကျလာသော ဆွမ်းလုံးကို ထပ်၍ အကပ်ခံခြင်းဖြစ်သည်ဟု-မှတ်။

ထို့ပြင်-ဆွမ်း အချိုပွဲ စသည် စားရာ၌ လက်မဆေးဘဲစားလျှင် လက်၌ ရထရေကျူမြူမှုလောက်သော မြူမှုန်များ ကပ်နေခဲ့လျှင်ထိုမြူမှုန်များအတွက် လက်ဖြင့်ထိရာ ခဲဖွယ်ဘောဇဉ်တို့ပါ အကပ်ပျက်တတ်ရကား ဆွမ်းစားခါနီးလက်ဆေး, ဆွမ်းစားပြီးနောက် အချိုပွဲ စားခါနီး လက်ဆေးရမည်၊ ညာလက်ကိုသာဆေး၍ ဘယ်လက်ကို မဆေးလျှင် ဘယ်ဘက်လက်ဖြင့် စားဖွယ်များကို ကိုင်ရာ၌လည်း ဤနည်းအတိုင်းပင်၊ ထို့ကြောင့် ဘယ်လက်ကိုမဆေးလျှင် ထိုလက်ဖြင့် စားဖွယ်များကို မကိုင်မိစေရ။

ဆိုဖွယ်ရှိသေး၏-အချို့ကား စားမည်ဟု လက်ဆေးပြီးနောက် ယိုလက်ဖြင့် သကၤန်းကိုသိမ်းကြ၏၊ ထိုသို့ သိမ်းရာဝယ် သင်္ကန်း၌ ရထရေကျူမြူမှုန်ကို ကိုင်မိလျှင် လက်မဆေးသူနှင့် အတူပင်တည်း၊ တချို့ကား အချိုပွဲစားစဉ် အကပ်ခံမထားသော လက်သုတ်ပဝါကို သုံးလိုက်-အချိုပွဲကိုနှိုက်လိုက်နှင့် စားကြ၏၊ ထိုသို့ စားရာ၌ လက်သုတ်ပဝါ ညစ်ပေတော့မည်မှာ သေချာပြီ၊ လက်သုတ်ပဝါ၌ ရထရေကျူမြူမှုန် ပါလျှင် စားဖွယ်များလည်း အကပ်ပျက်လိမ့်မည်၊ ထို့ကြောင့် အစာစားမည်-ဟု လက်ဆေးပြီးနောက် ယိုလက်ဖြင့်အစာမှ တစ်ပါး အခြားလက်သုတ်ပဝါ သင်္ကန်း စသည်ကိုမကိုင်ဘဲစားခြင်း ကိစ္စပြီးမှသာလက်ဆေး၍ လက်သုတ်ပဝါကို သုတ်သင့်ကြပေသည်။

**ဒုရူပစိဏ္ဏ ဥဂ္ဂဟိတ** [ဒု+ဥပစိဏ္ဏ=မကောင်း လေ့ကျင့်မှု (အလေ့အကျင့်မကောင်းမှု)၊ ဥဂ္ဂဟိတ=မြှောက်ခါနေရာရွှေ့အောင်ယူမှု၊] ရှေ့၌ ဝိနယဒုက္ကဋ်ကိုပြခဲ့ပြီ၊ အကပ်မခံရသေးသော ခဲဖွယ်ဘောဇဉ်ကို (လူသာမဏေအား ပေးရန်မဟုတ်ဘဲ) သက်သက် လက်နော့ ခြေဆော့သဘောဖြင့် ထိလျှင် (နေရာမှမရွှေ့စေဘဲ ကိုင်လျှင်) ဒုရူပစိဏ္ဏ ဒုက္ကဋ်အာပတ်သင့်၏၊ ဥပမာ-သာမဏေ ဆွမ်းချက်နေရာ၌ ဆွမ်းအိုးကို ဖွင့်ခြင်းစသည်နှင့် အကပ်မခံဘဲ ချထားသော သပိတ်၏အဖုံးကို ဖွင့်ခြင်း စသည်များတည်း၊ သစ်ပင်ပေါ်ရှိ သစ်သီးနှင့် စားဖွယ် အရွက်များကို ကိုင်ရာ၌လည်း ဒုရူပစိဏ္ဏပင်၊ ကိုင်ရုံထိရုံမကဘဲ နေရာရွှေ့လောက်အောင် ကိုင်လျှင် (အခြားတစ်နေရာရွှေ့သွားလျှင်) ဥဂ္ဂဟိတ ဒုက္ကဋ် အာပတ်သင့်၏။

ထို့ပြင်-လူသာမဏေတို့၏ ခွက်ထဲသို့ ရဟန်းက အကပ်ခံပြီး ဖြစ်သော ဆွမ်းဟင်း မုန့်စသည်ကို ထည့်ပေးရာ (ဆွမ်းဟင်းလိုက်ရာ) တို့၌ လူသာမဏေ

တို့၏ ရှိရင်းအစာတို့နှင့် မထိအောင် မြှောက်၍ ထည့်ပေးရမည်၊ ဘာ့ကြောင့်နည်း....လူသာမဏေတို့၏အစာသည် ရဟန်း၏ လက်စသည်ကို ငြိ၍ပါလာလျှင် ထိုအစာက အကပ်မခံရသေးသဖြင့် ကပ်ပြီး အစာနှင့် ရောက ကပ်ပြီးအစာပါ အကပ်ပျက်ဖွယ် ရှိသောကြောင့်တည်း၊ ဒုရူပစိဏ္ဍ ဖြစ်သောအစာကို ထို ထိ ကိုင်သော ရဟန်းတစ်ပါးသာ မစားကောင်း,အခြားရဟန်းများ စားကောင်း သေး၏၊ ဥဂ္ဂဟိတက အစာကိုကား ရဟန်း အားလုံးပင် မစားကောင်း တော့ပြီ။

ခရီးသွားစဉ် မိဘ သာမဏေများဖို့ အစာကိုကား အကပ်မခံဘဲလည်း ယူသွားကောင်း၏၊ မိမိဖို့ဟု ရည်ရွယ်ချက် လုံးဝမပါ, မိဘ စသူဖို့သာဟု မိမိစိတ်ကို စင်ကြယ်စေနိုင်လျှင် ကိုယ်တိုင် ယူခဲ့သော ထို အစာများကို ရောက်ရာအရပ်၌ အလိုရှိက အကပ်ခံ၍ စားကောင်း၏၊ ထို့ထက် အကျယ်ကို ပါစိတျာဒိ အဋ္ဌကထာမှာရှု။

**အကပ်ပျက်ကြောင်း အင်္ဂါများ** (စွန့်) အကပ်ခံပြီးသော အစာကို မစားတော့အံ့ ဟု အာလယပြတ် (ငဲ့ကွက်မှုမရှိဘဲ) စွန့်လိုက်ခြင်းကြောင့်လည်း အကပ်ပျက်၏၊ ထိုသို့ စွန့်ရာ၌ လက်ကလွတ်မှ အကပ်ပျက်သည်၊ (ချ) သိက္ခာချခြင်းကြောင့်လည်း အကပ်ပျက်၏၊ (ပေး) သူတစ်ပါးကို ပေးခြင်း ကြောင့်လည်း အကပ် ပျက်၏၊ ဤ ပေးရာ၌လည်း လက်လွတ်မှ ပျက်သည်၊ နှုတ်က ပေးသော်လည်း လက် မလွတ်သေးလျှင် အကပ်မပျက်၊ (လု) လူစသူတို့က အတင်း လုယူ သွားခြင်းကြောင့်လည်း အကပ်ပျက်၏၊ (မစ္စု)သေခြင်း-(လိင်ပြန်) ဘိက္ခုအဖြစ်မှ ဘိက္ခုနီ အဖြစ်သို့ လိင်ပြန်ခြင်းတို့ကြောင့်လည်း အကပ်ပျက်၏။

[ဆောင်] စွန့်-ချ-ပေး-လု, မစ္စု-လိင်ပြန်, ဤ ၆-တန် ကပ်ခံ ပျက်ကြောင်းတည်း။

**မှတ်ချက်။** ။ဤအကပ်ခံပျက်ရာ၌ အာဟာရကို တစ်ပါးပိုင်ဟု မှတ်၊ ၂-ပါး, ၃-ပါး စသည်ဆိုင်သော စားဖွယ်၌ တစ်ပါးက စွန့်ရုံနှင့် အကပ် မပျက်နိုင်၊ ထို့ပြင်-စွန့်မှ အကပ်ပျက်ရကား စားနေစဉ် လူသာမဏေ တို့လာ၍ ကိုင်ရာ၌ (ရဟန်းက လက်ဖြင့် ထိမထား စေကာမူ) အကပ် မပျက်၊ အကပ် ခံပြီးသော သပိတ်ကို မစွန့်ဘဲ လူ သာမဏေကို အခြား တစ်နေရာသို့ အရွှေ့ (အထား) ခိုင်းလိုက် သော်လည်း အကပ် မပျက်၊ သို့ရာတွင် လူ သာမဏေတို့ ကိုယ်မှ မြူမှုန်များ အာဟာရ၌ ကျနေရစ်လျှင်ကား ထိုမြူမှုန်အတွက် အကပ် ပျက်၏။

**ဘောဇနဝဂ် ပြီး၏။**

# အစေလကဝဂ်

## က။ အစေလကသိက္ခာပုဒ်

**အမှုသည်–အရှင်အာနန္ဒာ။**

**အမှု–ပရိဗိုဇ်မအား မုန့် ၂-ယှက် (မှား၍) ပေးမိမှု။**

**အရှင်အာနန္ဒာနှင့် ပရိဗိုဇ်မ**

ဤ သိက္ခာပုဒ် ပညတ်တော်မူခါနီး အချိန်ဝယ် သံဃာတော်၌ "ခဲဖွယ်"ဟု ခေါ်ရသော မုန့်ပဲ သရေစာတွေ (စားရုံဖြင့် မကုန်နိုင်အောင်) ပေါများနေလေသည်၊ အရှင်အာနန္ဒာသည် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်၍ အကြွင်းအကျန်ကို တောင်းရမ်း စားသောက်သူတို့အား ဝေပေးလိုက်" ဟု ဘုရားရှင် မိန့်တော်မူသောကြောင့်စားကြွင်းစားသူတို့ကို စီတန်းထိုင်နေစေ၍မုန့်တစ်ယှက်စီ ဝေပေးလေရာ ရသေ့ ပရိဗိုဇ်မ တစ်ယောက်အား တစ်ယှက် အထင်ဖြင့် ၂-ယှက်ထပ်ကို ပေးမိလေသည်၊ ထိုအကြောင်းကို သိသော အနီး အပါး ပရိဗိုဇ်မများက "ဒီရဟန်းက ညီးလင်ငယ်"ဟု ပြောကြလေသော် "လင်ငယ် မဟုတ်ပါ, တစ်ယှက်ဟုထင်ပြီး ၂-ယှက်ပေးတာပါ"ဟု ပြန်ပြော၏၊ နောက်နေ့ မုန့်ဝေပေးရာ၌လည်း ထို ပရိဗိုဇ်မအားပင် မှား၍ ပေးမိပြန်၏၊ ထို့နောက် လည်း တစ်ကြိမ်ထပ်၍ မှားပြန်၏၊ ထိုအခါ "လင်ငယ်ဘဲ လင်ငယ်မဟုတ်" ဟု အငြင်းအခုန် ဖြစ်ကြလေသည်။

**အာဇီဝကတစ်ယောက် ပြောပုံ**

အာဇီဝက တစ်ယောက်သည် ဆွမ်းလုပ်ကျွေးရာ အရပ်သို့ သွားလေသော်.... သူ့အား ရဟန်း တစ်ပါးက ထောပတ်ဖြင့် ဆွမ်းကို နယ်၍ ပေး၏၊ "ဘယ်က ရသလဲ"ဟု အခြားအာဇီဝကတစ်ယောက်ကမေးလတ်သော် "ရဟန်း ဂေါတမ ဆိုတဲ့ ကတုံးသူကြွယ်ကို ဆွမ်းလုပ်ကျွေးတဲ့နေရာက ရခဲ့တယ်"ဟု ဗုဒ္ဓရှင်တော်အား ထိပါးပြောဆိုသံကို ဥပါသကာများကြား၍ ဗုဒ္ဓမြတ်စွာအား လျှောက်ကြသည်မှာ–"မြတ်စွာဘုရား ဒီ တိတ္ထိတွေဆိုတာ ဗုဒ္ဓ, ဓမ္မနှင့် သံဃာတော်များ၏ အပြစ်ကိုသာ လိုလားကြပါသည်၊ အရှင်ရဟန်းတော်များသည် ထို တိတ္ထိတို့အား မိမိတို့လက်ဖြင့် (ကိုယ်တိုင်) မပေးကြလျှင် ကောင်းလိမ့်မည် ထင်ပါသည်"၊ ဤသို့ လျှောက်ကြပြီးလျှင် ဗုဒ္ဓရှင်တော်၏ တရားစကားကို နာယူ ပြန်သွားပြီးနောက် ဤသိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။

သိက္ခာပုဒ်။　။ယော ပန ဘိက္ခု အစေလကဿ ဝါ ပရိဗ္ဗာဇကဿ ဝါ ပရိဗ္ဗာဇိကာယ ဝါ သဟတ္ထာ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ဒဒေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။　။အစေလက အားလည်းကောင်း ပရိဗိုဇ်ယောကျ်ားအားလည်းကောင်း ပရိဗိုဇ်မအားလည်းကောင်း မိမိလက်ဖြင့် ခဲဖွယ်ဘောဇဉ်ကိုပေးလျှင် ပေးသောရဟန်းသည် ပါစိတ်အာပတ်သင့်၏၊ မိမိလက်ဖြင့်ပေးမှ (တိုက်ရိုက်ပေးမှ) အာပတ်သင့်ရကား, သူတစ်ပါးကို အပေးခိုင်းလျှင် လည်းကောင်း သူ့လက်မှ ချထားသော ခွက်ထဲ၌ ထည့်လျှင်လည်းကောင်း အာပတ်မသင့်။

မှတ်ချက်။　။အဝတ်မဝတ်သူကို ''အစေလက - တက္ကတွန်း''ဟု ခေါ်၏၊ [''စေလ-အဝတ် + အ-မရှိသူ''။] အဝတ်ဝတ်သောရသေ့အမျိုးကို ''ပရိဗိုဇ်''ဟု ခေါ်၏၊ပြခဲ့သော အာဇီဝကလည်း အဝတ်ပါလျှင် ပရိဗိုဇ်မျိုးပင်တည်း၊ ဆိုအားလုံးသည် သာသနာတော်မှ တစ်မျိုးတစ်ခြား အယူရှိသူတိတ္ထိများသာ ဖြစ်ရကား ယခုကာလ၌ မိုးသုတော်နှင့် သီလရှင်များမှာ သာသနာတော် အယူကိုသာ ယူကြသောကြောင့် တိတ္ထိမဟုတ်နိုင်ကြ၊ သုတ်ပါထေယျ သမ္မသာဒနီယသုတ်အဋ္ဌကထာ၌ ပြအပ်သော ''သေတဝတ္ထ သမဏဝံသ-အဝတ်ဖြူဝတ် ရဟန်းနွယ်များ''ဖြစ်ကြသည်၊ သာသနာတော် အယူကိုသာယူသောရသေ့-ရသေ့မများလည်း ဤနည်းပင်တည်း။

---

## ၁။ ဥယျောဇနေသိက္ခာပုဒ်

**အမှုသည်—ရှင်ဥပနန္ဒ။**

**အမှု—ရဟန်းတစ်ပါးကို ဆွမ်းခံခေါ်သွားပြီး နောက်ဘာမျှ မပေးဘဲ ပြန်လွှတ်မှု။**

**အရှင်ဥပနန္ဒ၏ မတရားမှု** အရှင်ဥပနန္ဒသည် နောင်တော်၏ တပည့်ရဟန်းတစ်ပါးကို ''လိုက်ခဲ့, ရွာသို့ဆွမ်းခံဝင်ချေရအောင်''ဟု အဖော်ခေါ်သွား၍ ရွာသို့ရောက်သောအခါ အဖော်ပါနေသဖြင့် သူပြောချင်တာကိုမပြောရသောကြောင့် ''ငါ့ရှင်....ပြန်တော့, ငါ့မှာသင်နှင့် အတူဖြစ်နေလို့စကားပြောရတာ-ထိုင်နေရတာမချမ်းသာဘူး၊ငါတစ်ယောက်တည်းနေရတာက ကောင်းသေးတယ်''ဟု ပြော၍စားသောက်ဖွယ် တစ်စုံ

တစ်ရာကိုမျှမပေးဘဲ ပြန်လွှတ်လိုက်လေသည်၊ ထိုကိုယ်တော်ကလေးမှာ ဆွမ်းခံဖို့ရာလည်း အချိန်မရှိတော့၊ ဆွမ်းစားကျောင်းမှာလည်း အားလုံး ဆွမ်းစားပြီး နေကြသဖြင့် ဆွမ်းအငတ်ခံရှာရလေ၏၊ ထိုအကြောင်းကို ဗုဒ္ဓရှင်တော် သိတော်မူရကား ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယော ပန ဘိက္ခု ဘိက္ခုံ ဧဟာဝုသော ဂါမံ ဝါ နိဂမံ ဝါ ပိဏ္ဍာယ ပဝိသိဿာမာတိ တဿ ဒါပေတွာ ဝါ အဒါပေတွာ ဝါ ဥယျောဇေယျ၊ ဂစ္ဆာဝုသော န မေ တယာ သဒ္ဓိံ ကထာ ဝါ နိသဇ္ဇာ ဝါ ဖာသု ဟောတိ၊ ဧကကဿ မေ ကထာ ဝါ နိသဇ္ဇာ ဝါ ဖာသု ဟောတီတိ ဧတဒေဝ ပစ္စယံ ကရိတွာ အနညံ၊ ပါစိတ္တိယံ။**

မြန်မာပြန်။ ။"ရဟန်းတစ်ပါးကို ရွာသို့ (သို့မဟုတ်-နိဂုံးသို့) ဆွမ်းခံဝင်ချကြစို့"ဟု ခေါ်သွားပြီးလျှင် ထိုအဖော်ရဟန်းအား ခဲဖွယ်ဘောဇဉ်တစ်စုံတစ်ရာကို ပေးပြီးဖြစ်စေ, မပေးဘဲဖြစ်စေ, "ငါ့ရှင် ... ပြန်တော့၊ သင်နှင့်အတူနေ၍ စကားပြောရ-ထိုင်နေရတာ မချမ်းသာဘူး, ငါတစ်ယောက်တည်း နေရတာက ချမ်းသာသေးတယ်"ဟု ပြော၍ပြန်လွှတ်အံ့၊ ထိုပြန်လွှတ်ရာ၌ မိမိတစ်ယောက်တည်း ပြောချင်ရာပြောဖို့, နေချင်သလိုနေဖို့, ကျင့်ချင်သလိုကျင့်ဖို့ အကြောင်းမှတစ်ပါး, (၂-ပါးအတူ ဆွမ်းခံလျှင် မပြည့်စုံမည်ကို စိုးရခြင်းစသော) အခြားသင့်တော်သော အကြောင်းမရှိဘဲ ပြန်လွှတ်လျှင် အာပတ်သင့်၏။

---

## ဂ။ သဘောဇနသိက္ခာပုဒ်

**အမှုသည်—ရှင်ဥပနန္ဒ။**
**အမှု-အိမ်ရှင်မနှင့်အတူ အိပ်ခန်းတွင်း၌ ထိုင်နေမှု။**

**ရှင်ဥပနန္ဒအနေအထိုင်မတတ်မှု**

ရှင်ဥပနန္ဒသည် လူတုန်းက သူငယ်ချင်းဖြစ်သူ၏ အိမ်သို့ ဆွမ်းခံချိန်သွား၍ ထိုသူ၏ဇနီးနှင့်အတူ အိပ်ခန်းတွင်း၌ ထိုင်နေလေသည်၊ ထိုအခါအိမ်ရှင် ယောကျ်ားလည်း အနားလာ၍ထိုင်ပြီးလျှင် "ကိုယ်တော့်အား ဆွမ်းလောင်းလိုက်"ဟု ခိုင်း၍ အိမ်ရှင်မက ဆွမ်းလောင်းပြီးသောအခါ "ကိုယ်တော်....ဆွမ်းရပြီးလျှင် ပြန်ပါတော့"ဟု ပြော၏၊ အိမ်ရှင်မကား သူ့ယောကျ်ား၏ ကာမစိတ်ဖြစ်ပုံ

ကို ရိပ်မိ၍ ''ထိုင်ပါဦးဘုရား, မပြန်ပါသေးနှင့်''ဟု တား၏၊ ယောကျ်ားက ၂-ကြိမ်, ၃-ကြိမ် ပြော၍မရသဖြင့် အိမ်ပြင်ထွက်၍ ရှင်ဥပနန္ဒ၏ အလိုက်မသိတတ်ပုံကို ရဟန်းတို့အား ပြောပြလေသည်၊ ထိုအကြောင်းကို ဗုဒ္ဓရှင်တော်ကြားတော်မူရကား ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယော ပန ဘိက္ခု သဘောဇနေ ကုလေ အနုပခဇ္ဇ နိသဇ္ဇံ ကပ္ပေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။(သား, သမီး စသည် မရှိဘဲ) သမီး, ခင်ပွန်း ၂-ယောက်တည်းသာ ရှိသောအိမ်ဝယ် အိပ်ခန်းဖြစ်သော အရပ်၌ ဝင်ကပ်နေထိုင်အံ့၊ ပါစိတ်အာပတ် သင့်၏၊ [ဤ သိက္ခာပုဒ်ကား အလိုက်မသိမှုအပြစ်တည်း။]

## ၄။ ရဟောပဋိစ္ဆန္နသိက္ခာပုဒ်

**အမှုသည်-ရှင်ဥပနန္ဒ။**
**အမှု—အိမ်ရှင်မနှင့်အတူ ကွယ်ရာ၌ ထိုင်နေမှု။**

**ရှင်ဥပနန္ဒနှင့် မာတုဂါမ** ရှင်ဥပနန္ဒသည် လူတုန်းက သူငယ်ချင်း ဖြစ်ဖူးသူ၏ အိမ်သို့ သွား၍ အကွယ်အကာရှိသောကြောင့် မျက်စိ၏ ကွယ်ရာဟု ဆိုရလောက်သော အရပ်ဝယ် ထို အိမ်ရှင်၏ ဇနီးသည်နှင့် အတူ တစ်ယောက်ချင်း ထိုင်နေလေသည်၊ ထို ထိုင်နေပုံကို အိမ်ရှင်ယောကျ်ားက မကျေနပ်၍ ကဲ့ရဲ့သောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။

**သိက္ခာပုဒ်။** ။**ယော ပန ဘိက္ခု မာတုဂါမေန သဒ္ဓိံ ရဟော ပဋိစ္ဆန္နေ အာသနေ နိသဇ္ဇံ ကပ္ပေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင် ရဟန်းသည် မာတုဂါမနှင့်တကွ မျက်စိကွယ်ရာ၌ ဖုံးကွယ်အပ်သော နေရာ၌ ထိုင်နေခြင်းကို ပြုအံ့၊ ထိုရဟန်း ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။ဤသိက္ခာပုဒ်အရ မာတုဂါမနှင့် တစ်ယောက်ချင်း အကွယ်အကာရှိသောနေရာဝယ် မနေကောင်း၊ အနီးအပါး၌ ပြောစကားကို နားလည်လောက်သော အဖော်ယောကျ်ား(ကလေးစသူ)ပါလျှင်ကား-ထိုင်ကောင်း၏၊ [ရဟန်းက သွား၍ထိုင်နေခြင်းမဟုတ်ဘဲ, ရဟန်းနေရာသို့ မာတုဂါမကလာ၍ ထိုင်နေပြန်လျှင်လည်း ရဟန်းမှာ အပြစ်မရှိ။]

## ၄။ ရဟောနိသဇ္ဇသိက္ခာပုဒ်

**အမှုသည်–ရှင်ဥပနန္ဒ။**

**အမှု-အိမ်ရှင်မနှင့်အတူ ပြောစကားကို သူများမကြားနိုင်သော လူမြင်ကွင်း၌ ထိုင်နေမှု။**

ရှင်ဥပနန္ဒနှင့် မာတုဂါမ

ရှင်ဥပနန္ဒသည်ပင် သူငယ်ချင်းအိမ်သို့သွား၍ အိမ့်ရှင်မနှင့်အတူ တစ်ယောက်ချင်း အကွယ်အကာ မရှိ၍ ဟာလာဟင်းလင်း လူမြင်ကွင်း၌ ထိုင်နေပြန်၏၊ သို့သော် သူတို့ထိုင်နေရာအရပ်၏ ပတ်ဝန်းကျင် အနီးအပါး၌ ပြောစကားကို ကြားနိုင်သူ မရှိရကား ထိုအရပ်ကို "နားကွယ်ရာ အရပ်" ဟု ဆိုအပ်၏၊ ထိုသို့ ထိုင်နေမှုကိုလည်း အိမ်ရှင်ယောကျ်ားက မကျေနပ်၍ ကဲ့ရဲ့ပြန်သောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။

**သိက္ခာပုဒ်။** **။ယော ပန ဘိက္ခု မာတုဂါမေန သဒ္ဓိံ ဧကော ဧကာယ ရဟော နိသဇ္ဇံ ကပ္ပေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင်ရဟန်းသည် မာတုဂါမနှင့်တကွ တစ်ယောက်ချင်း နား၏ကွယ်ရာ၌ ထိုင်နေအံ့၊ ထိုရဟန်း ပါစိတ်အာပတ် သင့်၏။

**သိက္ခာပုဒ် ၂-ပါးအထူး။** ။ရှေး သိက္ခာပုဒ်၌ အကွယ်အကာ ရှိသောကြောင့် "ရဟော"အရ မျက်စိကွယ်ရာဖြစ်ခြင်း, ယောကျ်ားများသာ အဖော်ဖြစ်နိုင်ခြင်းနှင့် ဤသိက္ခာပုဒ်၌ အကွယ်အကာ မရှိသောကြောင့် "ရဟော" အရ နားကွယ်ရာဖြစ်ခြင်း, ယောကျ်ား-မိန်းမ ၂-မျိုးလုံးပင် အဖော် ဖြစ်နိုင်ခြင်းသည် သိက္ခာပုဒ် ၂-ပါး၏ ထူးခြားချက်တည်း၊ "နားကွယ်ရာ" အရပ်ကိုလည်း ၁၂-တောင်အတွင်း၌ ကြားမည့်သူ မရှိသောအရပ်ဟု သတ်မှတ်ကြသည်။

---

## ၅။ စာရိတ္တသိက္ခာပုဒ်

**အမှုသည်-ရှင်ဥပနန္ဒ။**

**အမှု-ထမင်းဖြင့် ဖိတ်ထားလျက် ထိုထမင်း မစားခင် အခြားအိမ်သို့ လှည့်လည်မှု။**

ရှင်ဥပနန္ဒ၏ အိမ်လည်မှု

ရှင်ဥပနန္ဒ၏ ဒါယကာဖြစ်သော အမျိုးသည် ရှင်ဥပနန္ဒနှင့်တကွ အခြား ရဟန်းများ ကိုပါ ထမင်းစား ကြွဖို့ရန် ("ဘတ္တ= ထမင်း" ဟူသော နာမည်ဖြင့်) ပင့်ဖိတ်ထား

လေသည်၊ [ယခုကာလ၌ ပင့်ဖိတ်တတ်သူတို့သည် ဆွမ်းစားကြွပါ, ဆွမ်းဘုဉ်းပေးကြွပါ" စသည်ဖြင့် ရဟန်းတို့အား အပ်စပ်သော လျှောက်နည်းဖြင့် လျှောက်၍ ပင့်ဖိတ်ကြ၏၊ ထိုဒါယကာကား ထိုသို့မလျှောက်ဘဲ "ထမင်း" ဟူသောနာမည် "ဘတ္တ" ဟူသော ပါဠိနာမည်မျိုးဖြင့် ပင့်ထားသည်-ဟု မှတ်၊] ထိုသို့ ပင့်ထားပြီးနောက် ရှင်ဥပနန္ဒသည် ထိုဘတ္တကို မစားမီ အခြားအိမ်များသို့ လှည့်လည်နေ၏၊ ဖိတ်ထားသောအိမ်သို့ ရဟန်းအများရောက်နှင့်ကြသော်လည်း ရှင်ဥပနန္ဒကား မရောက်လာသေး။

ထိုအခါ ရဟန်းများက "ဒါယကာတို့ ဘတ္တ(ထမင်း) ကိုပေးကြလော" ဟု ပြောကြ၏၊ ဒါယကာများက "အရှင်ဥပနန္ဒ လာသည်တိုင်အောင် ဆိုင်းငံ့ကြပါဦး" ဟု လျှောက်ကုန်၏၊ ၂-ကြိမ် ပြောကြပြီးနောက် ရဟန်းများက ၃-ကြိမ်မြောက် ထပ်၍ ပြောကြသောအခါ "အရှင်ဥပနန္ဒကို အကြောင်းပြု၍ ထမင်းကျွေးရခြင်း ဖြစ်ပါတယ်, အရှင်ဥပနန္ဒ လာသည့်တိုင်အောင် ဆိုင်းငံ့ကြပါဦး" ဟုလျှောက်ကြလေသော် ရဟန်းများဘာမှမပြောသာတော့ဘဲ ဆွမ်းဆာလျက် ဆိုင်းငံ့ကြရလေတော့၏၊ ရှင်ဥပနန္ဒလည်း ထိုဘတ်ကို မစားသေးခင် လည်ချင်တိုင်း လည်ပြီးနောက် နေမြင့်လှမှ ရောက်လာ၏၊ ရဟန်းများကား စိတ်ရှိသလောက် မစားနိုင်ကြကုန်၊ ထိုအကြောင်းကို ဗုဒ္ဓရှင်တော် ကြားတော်မူ၍....

**"ယော ပန ဘိက္ခု နိမန္တိတော သဘတ္တော သမာနော ပုရေဘတ္တံ ကုလေသု စာရိတ္တံ အာပဇ္ဇေယျ"**

ဟု မူလပညတ်ကို ထားတော်မူရလေသည်၊ [အကြင်ရဟန်းသည် "ဘတ္တ" ဟူသောနာမည်ဖြင့် ပင့်ဖိတ်အပ်သူ (ပင့်ဖိတ်ထားသော)ဘတ်ရှိသူ ဖြစ်ပါလျက် ထိုဘတ်ကို မစားမီ အိမ်တို့၌လည်နေအံ့၊ ထိုရဟန်း ပါစိတ် အာပတ်သင့်၏၊] ဤမူလပညတ်တော်ဝယ် "ပစ္ဆာဘတ္တံ" စသော စကားများ မပါသေးကြောင်းကို သတိပြုခဲ့ပါ။

**ပစ္ဆာဘတ်အချိန် လည်ပြန်ခြင်း**

ရှင်ဥပနန္ဒသည် "ပင့်ဖိတ်ထားသောဘတ် (ထမင်း)ကို မစားသေးခင် မလည်ရ" ဟု ပညတ်တော်မူချက်ကို ရှောင်၍ ထိုဘတ်ကို စားပြီးမှ ဟိုအိမ် သည်အိမ် လည်နေပြန်၏၊ ထိုလည်နေခိုက်မှာပင် သူ၏ ဒါယကာအိမ်မှ ခဲဖွယ်မုန့်များကို "အရှင်ဥပနန္ဒ ကိုပြပြီးမှ သံဃာအား လှူလေ" ဟု မှာ၍ အပ္ပိုခိုင်းလိုက်ပြန်လေ

သည်၊ အပိုလာသူတို့မှာ အရှင်ဥပနန္ဒကိုမတွေ့ရ၍ အခက်ကြုံနေရကား ရဟန်းတော်များက ထိုအကြောင်းကို ဗုဒ္ဓရှင်တော်အား လျှောက်ကြလေသော် "ဥပနန္ဒလာသည့်တိုင်အောင် အကပ်ခံထားကြ"ဟု မိန့်တော်မူသဖြင့် အကပ်ခံ၍ မစားသေးဘဲ စောင့်နေကြရလေသည်၊ ရှင်ဥပနန္ဒကား လည်ချင်တိုင်း လည်ပြီး၍ နေမြင့်လှမှပြန်လာ၏၊ သို့သော် ထိုအပိုလာသူတို့က မစောင့်နိုင်ကြတော့, ထိုမုန့်တွေကို အိမ်သို့ပြန်ယူသွားလေပြီ၊ ထိုအကြောင်းကို ဗုဒ္ဓရှင်တော် သိတော်မူ၍ "ယောပန ဘိက္ခု နိမန္တိတော သဘတ္တော သမာနော ပုရေဘတ္တံဝါ (ပစ္ဆာဘတ္တံဝါ)ကုလေသု စာရိတ္တံ အာပဇ္ဇေယျ, ပါစိတ္တိယံ"ဟု ပစ္ဆာဘတ္တံပုဒ်ကို ဖြည့်စွက်၍ အနုပညတ် ထပ်တော်မူပြန်သည်။

**မှတ်ချက်**။ ။ဤ၌"ပစ္ဆာဘတ္တ– ဘတ်ကို စားပြီးနောက်ကာလ" ဟူသည် ဖိတ်ထားသောဘတ်ကို (နည်းနည်းပါးပါးဖြစ်စေ) စားပြီးနောက် မွန်းမတည့်မီအချိန် အတွင်းတည်း၊ နေလွဲသည့်အချိန်မှစ၍ကား ဤသိက္ခာပုဒ်အတွက် စောင့်စည်းဖွယ်မလိုတော့၊ ဝိကာလဂေါမပ္ပဝေသနသိက္ခာပုဒ်အရသာ စောင့်ရှောက်ရလိမ့်မည်၊ ဤသိက္ခာပုဒ်အရ မွန်းမတည့်မီစောင့်ရခြင်းမှာလည်း မအပ်သောဖိတ်ခြင်းဖြင့်"ထမင်းစား, ငါး-အမဲစား,မုန့်စား,မုန့်တီ-ခေါက်ဆွဲစား ကြွပါ"ဟု ဖိတ်ထားမှသာ စောင့်ရှောက်ရ၏၊ ယခုကာလလို "ဆွမ်း"စသည်ဖြင့် လျှောက်၍ ဖိတ်ထားလျှင် ဤသိက္ခာပုဒ်အရ စောင့်ဖွယ်မလို။

**သင်္ကန်းလှူရာကာလ**။ ။အချို့ ရဟန်းတော်များသည် ထမင်းစားဖိတ်ထားသဖြင့် "ကထိန်ခေတ်"ဟု ခေါ်ရသော သင်္ကန်းလှူရာ ကာလ၌လည်း ဒါယကာ ဒါယိကာမအိမ်သို့ မသွားကြရတော့သဖြင့် (ရဟန်းများကို မြင်ရတွေ့ရမှ သတိရကြ, မမြင်မတွေ့ရလျှင် သတိမရကြတော့သော ဒါယကာ ဒါယိကာမတို့သည် သင်္ကန်း မလှူကြသောကြောင့်) သင်္ကန်း အရနည်းပါးကြလေသည်၊ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်သည် "သင်္ကန်း လှူချိန်ကာလဖြစ်လျှင် ထမင်းစားဖိတ်ထားလျက်ရှိသော်လည်း အခြားအိမ်တို့သို့ လှည့်လည်နိုင်၏"ဟု ခွင့်ပြုတော်မူသောအားဖြင့် "အညတြ သမယာ ပါစိတ္တိယံ၊ တတ္ထာယံ သမယော စီဝရဒါန သမယော"ဟု ဖြည့်စွက်၍ ဒုတိယအနုပညတ် ထပ်တော်မူရလေသည်။

**မှတ်ချက်**။ ။စီဝရဒါနသမယကို ယခုကာလ၌ ကထိန်ခေတ်ဟု အသိအမှတ်ပြုကြ၏၊ ထို့ကြောင့် "သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှစ၍ တန်ဆောင်မုန်း လပြည့်တိုင်အောင် လည်းကောင်း, ကထိန်အာနိသင် ရသူအတွက် တပေါင်းလပြည့်တိုင်အောင်လည်းကောင်း, စီဝရဒါနသမယ = သင်္ကန်းလှူရာအခါ"ဟုမှတ်၊ ဤစီဝရဒါနသမယ၌

ပုရေဘတ္တ ပစ္ဆာဘတ္တ အချိန်ဝယ် အိမ်သို့ သွားလာလှည့်လည်ခြင်းကြောင့် အပြစ်မသင့်ရကား ဤသိက္ခာပုဒ်ကို ကထိန်၏အကျိုး ၅-ပါးတွင် တစ်ပါးအပါအဝင်ဟုလည်း သတိပြု၊ [ကထိန်အကျိုးတွင် ဤစာရိတ္တသိက္ခာပုဒ်ကိုမယူဘဲ ဝိကာလေဂါမပ္ပဝေသန သိက္ခာပုဒ်ကို ယူမှားတတ်ကြသည်။]

**သက်နှံးချုပ်ဆိုးရာကာလနှင့်ဂိလာနကာလ။** ။အချို့ ရဟန်းတော်များသည် သင်္ကန်းချုပ်ဆိုးကြသည့်အခါ ထမင်းဖြင့် ဖိတ်ထားလျက် ရှိသောကြောင့် ပုရေဘတ္တ ပစ္ဆာဘတ္တအချိန်ဝယ် ဟိုအိမ်သို့မသွားဝံ့ကြချေ၊ အပ်၊ အပ်ချည်၊ ခါးကလေးများလည်း လိုလျက်ရှိ၏၊ ထိုအကြောင်းကို ဗုဒ္ဓရှင်တော် ကြားတော်မူ၍ ''သင်္ကန်းချုပ်ဆိုးရန်ဖြစ်မူ သွားကောင်း၏'' ဟု ခွင့်ပြုတော်မူလျက် ''စီဝရကာရသမယော'' ဟု ဖြည့်စွက်ကာ တတိယအနုပညတ်ထပ်တော်မူရပြန်သည်၊ ထိုသို့ ပင့်ဖိတ်ထားသော ရဟန်းတို့သည် မကျန်းမမာဖြစ်၍ ဆေးဖြင့် အလိုရှိပါလျက် အိမ်သို့ မသွားဝံ့ကြောင်းကို ကြားတော်မူပြန်ရကား ထင်ရှားရှိသော ရဟန်းကို ခွင့်ပန်တိုင်ကြား၍ သွားခွင့် ပြုတော်မူကာ ''သန္တံ ဘိက္ခုံ အနာပုစ္ဆာ'' ဟု ဖြည့်စွက်၍ စတုတ္ထ အနုပညတ်ထပ်တော်မူရလေသည်။

**မှတ်ချက်။** ။''သန္တံဘိက္ခုံ'' အရ ထင်ရှားရှိ-ဟူသည် ၁၂-တောင် အတွင်း၌ရှိခြင်း သို့မဟုတ် ရွာတွင်းသို့ သွားလိုစိတ်ဖြစ်ချိန်မှာ မိမိမြင်လောက်ရာ အရပ်၌ရှိခြင်းတည်း၊ ထိုသို့ထင်ရှားရှိသော ရဟန်းကို ခွင့်ပန်၍ သွားလျှင်ကား ဂိလာနမဟုတ်သူလည်း သွားကောင်း၏၊ ထိုသို့ ခွင့်ပန်ဖို့ရာ အနီးအပါး၌ ရဟန်းမရှိပြန်လျှင်လည်း ခွင့်မပန်ဘဲပင် သွားကောင်းပြန်၏၊ [ခွင့်ပန်ပုံကား- ''မည်သူ၏အိမ်သို့ သွားပါဦးမည်၊ တစ်နည်း ·အိမ်တို့၌ လှည့်လည်ပါဦးမည်'' ဟူသည်တည်း၊] ဤသိက္ခာပုဒ်၌ '' ၁-ပစ္ဆာဘတ္တံဝါ၊ ၂-စီဝရဒါနသမယော၊ ၃-စီဝရကာရသမယော၊ ၄-သန္တံဘိက္ခုံ အနာပုစ္ဆာ'' ဟု အနုပညတ် ၄-ရပ်ရှိသည်။

---

## ဆ။ မဟာနာမသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။**

**အမှု—နှိပ်နှိပ်စက်စက်တောင်းမှု။**

**မဟာနာမ်မင်းကြီး ဆေးလှူခြင်း** ''မဟာနာမ်မင်းကြီး'' ဟူသည် ဗုဒ္ဓရှင်တော်၏ ဘထွေးတော်သား (ညီအစ်ကို တစ်ဝမ်းကွဲတော်သူ နောင်တော်ကြီးဖြစ်သော) သကာဒါဂါမ် ဥပါသကာကြီး

ပေတည်း၊ သူသည် သံဃာတော်အား ဆေးပစ္စည်းများ အလိုရှိလျှင် တောင်းခံဖို့ရာ ၄-လအတွက် တာဝန်ခံ၍ ဖိတ်မန်ထားလေသည်၊ ရဟန်းတော်များသည် မတောင်းကောင်းဘူးထင်၍ မတောင်းကြကုန်၊ ဗုဒ္ဓရှင်တော် သိတော်မူ၍ "၄-လပက်လုံး ဆေးပစ္စည်းများဖြင့် ဖိတ်မန်ခြင်းကို (ရောဂါရှိလျှင် တောင်းမည်ဟူသော စိတ်ထားဖြင့်) လက်ခံနိုင် သာယာနိုင်သည်"ဟု ထပ်လောင်း၍ ခွင့်ပြုတော်မူရလေသည်၊ ထိုသို့ ခွင့်ပြုထားသော်လည်း နည်းနည်းပါးပါးသာ တောင်းကြသောကြောင့် ေ ာပတ်စသော ဆေးပစ္စည်းတွေ များပြားနေလေသော် နောက် ၄-လအတွက်ထပ်၍ ဖိတ်ပြန်လေသည်၊ ရှေးအတိုင်းပင် အတောင်းအခံနည်းပါးသဖြင့် များမြဲ များပြန်ရာ ဗုဒ္ဓထံတော် လျှောက်၍ အမြဲမပြတ် တစ်သက်လုံးအတွက် ထပ်၍ ဖိတ်ပြန်လေသည်။

**ဆဗ္ဗဂ္ဂီတို့အလွန် တောင်းကြပုံ**

ဆဗ္ဗဂ္ဂီရဟန်းဟူကား သင်းပိုင်ဝတ်ပုံ ကောသီရမ်းပုံ ရှိပုံ သပ်သပ် ရပ်ရပ် မရှိကြ၊ နေထိုင်ပြောဆိုပုံများလည်း ရဟန်းနေ ရဟန်းထိုင် မဟုတ်ဘဲ လူနေလူထိုင် ဖြစ်နေကြ၏၊ မဟာနာမ်မင်းကြီးသည် ထိုဆဗ္ဗဂ္ဂီတို့ကိုမြင်၍ "ရဟန်းဆိုတာ ညီညီညာညာ ဝတ်ရ, ရမ်းရ, ရုံရပါတယ်၊ ရဟန်းအချိုးကျအောင် နေထိုင်ပြောဆိုရပါတယ်" ဟု ( · သွန်သင်သော အနေအားဖြင့် ) လျှောက်ထားသည်ကို ဘုန်းကြီးမာန်တက်၍ နေသော ဆဗ္ဗဂ္ဂီတို့ မခံနိုင်ရကား မင်းကြီးအပေါ် အငြိုးထားကြလေသည်၊ ထို့နောက် "ဒီမင်းကြီးကို ဘယ်နည်းနှင့် နာမည်ပျက်၍ အရှက်ရအောင် လုပ်ကြရပါမလဲ"ဟု စဉ်းစားတိုင်ပင် ကြလေရာ ဆေးပစ္စည်းဖြင့် ဖိတ်မန်ထားသည်ကို သတိရ၍ "ဟန်ကျပြီ, သူ့ကို ထောပတ် တောင်းကြစို့"ဟု တိုင်ပင်ကာ မင်းကြီးထံသွား၍ "ထောပတ် တစ်စိတ်သားလောက် အလိုရှိတယ်"ဟု တောင်းကြလေသည်။

**မင်းကြီး**။ ။အဇ္ဇဏှော ဘန္တေ အာဂမေထ = ယနေ့တစ်ရက်ဆိုင်းငံ့ကြပါဘုရား၊ (လုပ်သားများ နွားခြံသို့ ထောပတ်ယူရန်သွားကြပါပြီ၊) ကာလံ အာဟရိဿထ = နက်ဖြန်ခါ၌ ဆောင်ယူကြပါလိမ့်မည်။ [ဝိမတိဋီကာ၌ "ကာလံ ဘဿထ = ယနေ့ကာလကို လွန်သွားပါလိမ့်"ဟုလည်း မှုကဲ့ရှိ၏။]

**ဆဗ္ဗဂ္ဂီ**။ ။(၂-ကြိမ်ထပ်၍တောင်းကြ၏၊ မင်းကြီး ထိုအတိုင်းလျှောက်၏၊ ၃-ကြိမ်ထပ်၍ တောင်းကြပြန်၏၊ မင်းကြီးက ထိုအတိုင်းပင် လျှောက်သည်၊ ဆဗ္ဗဂ္ဂီတို့သည် နဂိုကပင် မင်းကြီးကို နှိပ်စက်လို၍

ဖော ျင်းခြင်းဖြစ်ရကား) "ဒါယကာကြီး....အသင် ဒါယကာကြီးဟာ ဖိတ်တော့ဖိတ်ပြီး မလှူဘူး, မလှူချင်ဘဲနှင့် ဖိတ်ထားလို့ ဘာလုပ်မှာ လဲ"ဟု နှိပ်နှိပ်စက်စက် ပြောဆိုပြန်သွားကြ လေသည်။

မင်းကြီး။ ။"ကိုယ်တော်တွေနှယ်....ယနေ့ တစ်ရက်လောက် ဆိုင်းငံ့ကြပါ, နွားခြံသို့ အယူသွားကြပါတယ်, နက်ဖြန်ယူလာပါလိမ့်မယ်-ဟု လျှောက်ပါလျက် မဆိုင်းငံ့ကြဘူး"ဟု ကဲ့ရဲ့သည်ကို အခြားရဟန်းတော်များကြား၍ ရှင်တော်ဘုရားအား လျှောက်ကြသဖြင့်ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**အဂိလာနေန ဘိက္ခုနာ စတုမာသပစ္စယပဝါရဏာ သာဒိတဗ္ဗာ၊ အညတြ ပုနပဝါရဏာယ အညတြ နိစ္စပဝါရဏာယ၊ တတော စေ ဥတ္တရိံ သာဒယေယျ၊ ပါစိတ္တိယံ။**

မြန်မာပြန်။ ။ဂိလာန မဟုတ်သော (ကျန်းကျန်း မာမာ ရှိသော) ရဟန်းသည် (နောက်ထပ်ဖိတ်ခြင်း သို့မဟုတ် အမြဲအသက်ထက်ဆုံး ဖိတ်ခြင်းမျိုး မဟုတ်ဘဲ) ၄-လဟု ကန့်သတ်၍ ဆေးပစ္စည်းဖြင့် ဖိတ်ခြင်းကို (မကျန်းမာသည့်အခါ တောင်းမည်ဟု ရည်ရွယ်၍) လက်ခံသာယာယာကောင်း၏၊ ထို ၄-လထက်ပို၍ လက်ခံသာယာ လျှင်ကား ပါစိတ်အာပတ်သင့်၏၊ [ဤသိက္ခာပုဒ်၌ ဝတ္ထုကြောင်း ၁-ချက်ရှိသော်လည်း ပညတ်ဘော်မှာ တစ်မျိုးသာရှိ၏၊ မူလပညတ် အနုပညတ်ဟု မကွဲပြားတော့ချေ။]

**မှတ်ချက်။** ။မူလဝတ္ထုကြောင်း၌ ၄-လဖိတ်, နောက်ထပ်ဖိတ်, အမြဲဖိတ်ဟု ၃-မျိုးကွဲပြားသောကြောင့် "စတုမာသ ပစ္စယပဝါရဏာ သာဒိတဗ္ဗာ"ဟူလည်းကောင်း"အညတြ ပုန ပဝါရဏာယ"ဟုလည်း လည်း "အညတြ နိစ္စ ပဝါရဏာယ"ဟုလည်းကောင်း မိန့်တော်မူသည်၊ အချုပ်မှာ-ဆေးပစ္စည်းဖြင့် ဖိတ်လာလျှင် ဘယ်အခါမဆို လက်ခံကောင်းပါသည်၊ တစ်နှစ်အတွက်ဖိတ်လျှင် တစ်နှစ်အတွက် တောင်းကောင်း၏၊ ကန့်သတ်ထားသော ကာလထက်ပို၍ကား မတောင်းကောင်း၊ မည်သည့်ဆေး(ထောပတ် သို့မဟုတ်ပျားရည် စသည်ဖြင့်)ဆေးနာမည်တပ်၍ ကန့်သတ်ထားပြန်လျှင်လည်း ထို ဆေးကိုသာ တောင်းကောင်း၏၊ နာမည်မတပ်ပါမူ အခါမရွေး ဆေးမရွေး တောင်းကောင်း၏၊သို့သော်"အဂိလာနေန ဘိက္ခုနာ"

ဟု မိန့်တော်မူသောကြောင့် တောင်းသည့်အချိန်မှာ သိုင်ရာဆေးနှင့် သင့်တော်သော ရောဂါရှိသူ ဂိလာနလည်း ဖြစ်စေရမည်၊ ရောဂါ မရှိဘဲကား မတောင်းကောင်း၊ ဖိတ်ထားသောဆေးက တစ်ခြား, ရောဂါကတစ်ခြား ဖြစ်နေပြန်လျှင်လည်း အကျိုးအကြောင်းပြောပြ၍ မဖိတ်သောဆေးကိုပင် တောင်းကောင်းပါ၏၊ ဖိတ်ထားသောရက် လွန်သွားမှ ရောဂါဖြစ်ပြန်လျှင်လည်း လွန်သွားကြောင်းကို ပြော ပြ၍ တောင်းကောင်းပါသေး၏၊ ဤကား ဆေးအတွက် သက်သက် ဖိတ်ထားသူ့ထံ တောင်းခံနည်းတည်း၊ အမြဲ ပစ္စည်း ၄-ပါးဖိတ် ထားသူ၌ကား အခါမရွေးတောင်းကောင်းသည်။

**သတိပြုဖွယ်။** ။ဤသိက္ခာပုဒ်၌ ဖိတ်မန်ထားသူထံ အလွန်အမင်းတောင်းခြင်း ဟူသော အပြစ်ကိုတွေ့ရ၏၊ ယခုကာလ၌လည်း ပစ္စည်း ၄-ပါးဖိတ် ထားသူကို အတောင်းအရမ်း များခြင်းကြောင့် အပြစ်ပြောသံကို မကြာခဏကြားရ၏၊ ထို့ပြင်-မဟာနာမ်မင်းကြီးသည် ဆဗ္ဗဂ္ဂီတို့ ဝတ်ပုံ,ရုံပုံ,နေထိုင်ပုံမှစ၍ မသပ်ရပ်ခြင်းကြောင့် အပြစ်တင်၏၊ ယခု ကာလ၌လည်း အဝတ်အစား, အနေအထိုင် မသပ်ရပ်မှုကြောင့် လူများ၏ အထင်သေးကို ခံနေကြရလေပြီ၊ ဘုန်းကြီးများကို မိုးနိုး ဖလာကိုးကွယ်ခဲ့ကြသော်လည်း များစွာသော နောက်ခေတ် လူတို့က အထင်သေးလျက် ရှိကြလေပြီ၊ ထို့ကြောင့် အထင်သေးခံရခြင်း၏ အကြောင်းများကို အနာဂတ်သာသနာရေး၌ အကျယ်ရေးထား ပြီးဖြစ်ရကား ထိုအပြစ်များကို မိမိတို့၌မရှိရအောင် အထူးသတိပြု ကာ သာသနာတော်ကို မြှင့်တင်တော်မူကြပါကုန်။

---

## ၉။ ဥယျုတ္တသေနာသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ။**

**အမှု-ရန်သူစစ်တပ်သို့ ချီတက်လာသော စစ်တပ်ကို ကြည့်ရှုမှု။**

**စစ်တပ် အကြည့်သွားမှု** သာဝတ္ထိပြည်ရှင် ကောသလ မဟာရာဇာသည် မိမိ စစ်တပ်နှင့်အတူ ရန်သူစစ်တပ်ရှိရာသို့ ချီတက်ဖို့ရာ မြို့မှ ထွက်လာခဲ့၏၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကလည်း မြို့တော်မှ ထွက်လာသော ထိုစစ်တပ်ကို အကြည့်အရှုသွားကြ၏၊ မဟာရာဇာသည် ခပ်လှမ်းလှမ်း၌ လာနေကြသော ထိုရဟန်းတို့ကိုမြင်လျှင် အပင့်ခိုင်း၍ "ဘာလုပ်လာကြသတုန်း" ဟု မေး၏၊ "မဟာရာဇာကို ကြည့်ချင်လို့"ဟု ဖြေကြလေသော် "ကိံ ဘန္တေ မံ ဒိဋ္ဌေန ယုဒ္ဓါဘိနန္ဒိနံ - စစ်တိုက်မှုကို လွန်စွာနှစ်သက်နေသော ဒကာတော်ကို ကြည့်ရခြင်းဖြင့် ဘာအကျိုးရှိမှာလဲ ဘုရား၊" "နနု ဘဂဝါ ပဿိတဗ္ဗော = ဘုရားကို ဖူးနေထိုက်သည် မဟုတ်

ပါလော”ဟု ပြောဆို လွှတ်လိုက်လေသည်၊ ထိုအခါ စစ်သားတွေကလည်း ကဲ့ရဲ့ကြသဖြင့် “ယော ပန ဘိက္ခု ဥယျုတ္တံ သေနံ ဒဿနာယ ဂစ္ဆေယျ၊ ပါစိတ္တိယံ”ဟု မူလပညတ်ကို ပညတ်တော်မူရလေသည်။

**သွားခွင့်ရပုံ** ထို သိက္ခာပုဒ် ပညတ်တော်မူပြီးနောက် ရဟန်း တစ်ပါး၏ ဦးကြီး(သို့မဟုတ်ဦးလေး)ဖြစ်သော စစ်သားတစ်ယောက်သည် စစ်တပ်၌ မကျန်းမမာ ဖြစ်နေစဉ် သူ့တူဦးပဥ္စင်း ကြွလာဖို့ရာ လူလွှတ်၍ လျှောက်ထားလေ၏၊ ထိုအကြောင်းကို ဗုဒ္ဓရှင်တော်အား လျှောက်ထား၍ ရှင်တော်ဘုရားသည် “အညတြ တထာရူပပစ္စယာ”ဟု ဖြည့်စွက်တော်မူကာ အနုပညတ် ထပ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ဥယျုတ္တံ သေနံ ဒဿနာယ ဂစ္ဆေယျ အညတြ တထာရူပပစ္စယာ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။ဆွေမျိုးစစ်သား၏ မကျန်းမမာ ဖြစ်နေခြင်း စသော ထို သွားထိုက်သော အကြောင်း မရှိဘဲ တိုက်ဖို့ရန် ထွက်လာသော စစ်တပ်ကို ကြည့်ရှုဖို့ရန် သွားသောရဟန်းမှာ ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ် ဤ ၄-ပါးစုံမှ “စစ်တပ်”ဟုခေါ်၏၊ ထို ၄-မျိုး မစုံသောတပ်စိတ်တစ်ခုကို အကြည့်အရှုသွားလျှင်ကား ဒုက္ကဋ်အာပတ်သာ သင့်၏၊ တိုက်ဖို့ရန် အတွက်လာသော စစ်တပ်မဟုတ်ဘဲ ဥယျာဉ်စသည်သို့ သွားသောစစ်တပ်ကို ကြည့်ရှုရန် သွားလျှင် ဤ သိက္ခာပုဒ်အရ အာပတ် မသင့်၊ ဆွေမျိုးသားချင်း စသူက ပင့်ဖိတ်၍ အကြောင်း အားလျော်စွာ သွားလျှင်လည်း အနာပတ္တိပင်၊ တမင်တကာ မသွားဘဲ မိမိရှေ့မှောက်ရောက်လာ၍ ကြည့်ခြင်း, ကျောင်းတိုက်တွင်းမှ နေ၍ ကြည့်ခြင်းလည်း အနာပတ္တိပင်။

---

## ၅၀။ သေနာ၀ါသသိက္ခာပုဒ်

**အမှုသည်–ဆဗ္ဗဂ္ဂီရဟန်းများ။**
**အမှု–စစ်တပ်၌ ကြာရှည်စွာနေမှု။**

**၃-ညဥ့်ထက် ပို၍ စစ်တပ်၌နေမှု** သာဝတ္ထိမြို့၌ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် စစ်တပ်သို့ သွားထိုက်သော အကြောင်းကြောင့် သွားကြပြီးနောက် ထို စစ်တပ်ထဲ၌ ၃-ညဥ့်ထက် ပို၍ နေကြလေသည်၊ ထိုအခါ လူတို့က ကဲ့ရဲ့ကြသည်မှာ– “အကြင် ငါတို့မှာ အသက်မွေး ဝမ်း

ကျောင်းအတွက် သားကျွေးမှု, မယားကျွေးမှု အတွက်ကြောင့် စစ်တပ်မှာ နေကြရသည်၊ ထိုငါတို့မှာ လူ့ဘဝကို အရမတော်ကြကုန်၊ ထိုငါတို့မှာ လူ့အဖြစ်ကို မကောင်းသဖြင့် ရအပ်၏၊ ရဟန်းတော်တွေကား (အနေသာသားနှင့်) ဘာကြောင့် စစ်တပ်ထဲမှာ နေကြရသနည်း'' ဤသို့ ကဲ့ရဲ့ကြသည်ကို ဗုဒ္ဓရှင်တော် ကြားတော်မူရ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရ လေသည်။

**သိက္ခာပုဒ်။** ။**သိယာ စ တဿ ဘိက္ခုနော ကောစိဒေဝ ပစ္စယော သေနံ ဂမနာယ၊ ဒိရတ္တ တိရတ္တံ တေန ဘိက္ခုနာ သေနာယ ဝသိတဗ္ဗံ၊ တတော စေ ဥတ္တရိ ဝသေယျ၊ ပါစိတ္တိယံ။**

မြန်မာပြန်။ ။ထို ရဟန်းမှာ စစ်တပ်သို့ သွားဖို့ရန် လုံလောက်သော အကြောင်း တစ်စုံတစ်ရာ ရှိအံ့၊ (ဆွေမျိုး၏ မမာမကျန်း ဖြစ်၍ ပင့်လျှောက်ခြင်း, တရားဟောဖို့ ကိစ္စရှိခြင်းစသော လုံလောက်သော အကြောင်းကိစ္စ ရှိအံ့-ဟူလို၊) ထိုရဟန်းသည် သွားကောင်း၏၊ ရှေ့သိက္ခာပုဒ်အရ အာပတ်မသင့်-ဟူလို၊ သို့သော် ထိုရဟန်းသည် ၂-ညဉ့်ဖြစ်စေ, အလွန်ဆုံး ၃-ညဉ့်ဖြစ်စေ စစ်တပ်၌ နေနိုင်၏၊ ထို ၃-ညဉ့် ထက် လွန်၍ နေလျှင် ပါစိတ်အာပတ် သင့်သည်။ [ဤ သိက္ခာပုဒ်၌ "ကောစိဒေဝပစ္စယော" အရနှင့် ရှေ့ သိက္ခာပုဒ်လာ "တထာရူပပစ္စယာ" အရသည် သဘောတူပင်တည်း။]

## ည။ ဥယျောဓိကသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီ ရဟန်းများ။**

**အမှု—စစ်တိုက်နေသည်ကို ကြည့်မှု။**

**စစ်ပွဲကို ကြည့်ရှုမှု** သာဝတ္ထိမြို့၌ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် စစ်တပ်သို့သွားဖို့ရန် လုံလောက်သော အကြောင်းရှိ၍ စစ်တင်ထဲ၌ နေစဉ် တစ်ဘက်နှင့်တစ်ဘက် အပြင်းအထန် တိုက်ခိုက်နေသောစစ်ပွဲကိုလည်း သွား၍ ကြည့်ရှုကြကုန်၏၊ စစ်သားတို့ကို ရေတွက်ရာ အရပ်သို့လည်း သွား၍ကြည့်ရှုကြကုန်၏၊ စင်ဆင်ရာအရပ်သို့လည်း သွား၍ကြည့်ရှုကြကုန်၏၊ ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင် တပ်များ၏ တပ်စိတ်များ ကိုလည်း သွား၍ ကြည့်ရှုကြ

ကုန်၏၊ စစ်ပွဲသို့သွားကြည့်သော ရဟန်းတစ်ပါးမှာလည်း မြားမှန် ခံရသဖြင့် လူတို့က ပြောင်လှောင် ကြသည်မှာ– "ဘယ့်နှယ်လဲ ကိုယ်တော်....ကောင်းကောင်း စစ်တိုက်ခဲ့ရပါရဲ့လား၊ ကိုယ်တော်က အမှတ် ဘယ်လောက် ရခဲ့ပါသလဲ" ဟု မြားမှန်ခံရရုံမက ဤသို့ အပြောင်အလှောင် ခံရသောကြောင့် ထိုကိုယ်တော်သည် မျက်နှာပျက်ရှာ လေတော့၏၊ အခြား လူတို့ကလည်း "ကိုယ်တော်တွေနှယ်– အနေသာသားနှင့်၊ ဘာ့ကြောင့် စစ်ပွဲကို ကြည့်ရသလဲ"ဟု ကဲ့ရဲ့ကြလေသည်၊ ထို့ကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။**ဒိရတ္တ တိရတ္တံ စေ ဘိက္ခု သေနာယ** ဝသမာနော **ဥယျောဓိကံ** ဝါ **ဗလဂ္ဂံ** ဝါ **သေနာဗျူဟံ** ဝါ **အနီကဒဿနံ** ဝါ **ဂစ္ဆေယျ၊ ပါစိတ္တိယံ။**

မြန်မာပြန်။ ။ရဟန်းသည် ၂-ညဥ့်, ၃-ညဥ့်ပတ်လုံး စစ်တပ်၌နေစဉ် စစ်ပွဲသို့သော်လည်းကောင်း, စစ်သည်အစုကို ရေတွက်ရာ အရပ်သို့သော်လည်းကောင်း, စစ်ဆင်ရာသို့ သော်လည်းကောင်း, ဆင်တပ်, မြင်းတပ် စသည်ကို ကြည့်ရှုရာ သို့ သော်လည်းကောင်း, အကယ်၍ သွားအံ့၊ ထိုရဟန်းမှာ ပါစိတ်အာပတ် သင့်၏။

**အစေလကဝဂ် ပြီး၏။**

# သုရာပါနဝဂ်

## က။ သုရာပါနသိက္ခာပုဒ်

**အမှုသည်–အရှင်သာဂတ။**

**အမှု-သေရည်သောက်မှု။**

**အရှင်သာဂတနှင့် နဂါးကြီး** ဗုဒ္ဓရှင်တော်သည် စေတိယတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူစဉ် "ဘဒ္ဒဝတိကာ" မည်သော ရွာသို့ ကြွတော်မူလေရာထိုရွာအနီးသရက်ပင်ဆိပ်၌နဂါးကြီးတစ်ကောင်ရှိလေသည်၊ နွားကျောင်းသားတွေ့ဆိတ်ကျောင်းသားတွေ့လယ်သမားတွေ့ ခရီးသွားတွေက ဗုဒ္ဓရှင်တော်ကို ဘဒ္ဒဝတိကာသို့ ကြွတော်မူသည်ကို မြင်ကြ၍ ဘဒ္ဒဝတိကာရွာ ရောက်လျှင် သရက်ပင်ဆိပ်သို့ မကြွဖို့ရန်နှင့် ထိုသရက်ပင်ဆိပ်မှာ အဆိပ်ပြင်းထန်သော နဂါးကြီး ရှိကြောင်းကို လျှောက်ထားကြ၏၊ ဗုဒ္ဓရှင်တော်ကား (ဘာမှ ပြန်၍ မိန့်တော်မမူဘဲ) ဆိတ်ဆိတ် နေတော်မူလေသည်၊ ၃-ကြိမ် တိုင်အောင် လျှောက်ထားကြ သော်လည်း ဆိတ်ဆိတ်ပင်နေတော်မူကာ ဘဒ္ဒဝတိကာရွာသို့ ကြွရောက် သီတင်းသုံးတော်မူ လေသည်၊ ထိုအခါ နောက်ပါ သံဃာတော် အများတွင် အပါအဝင်ဖြစ်သော အရှင်သာဂတသည် သရက်ပင်ဆိပ်ဝယ် ရသေ့၏ ကျောင်းသခ်မ်းဝင်း၌ နဂါးကြီး ရှိကြောင်းကိုသိပါလျက် ထိုကျောင်းဝင်းသို့ကြွ၍ နဂါးကြီးနေရာ မီးတင်းကုပ် (မီးလှုံတဲ)သို့ ဝင်ပြီးလျှင် ကမ္ဗလာန်းအာရုံယူကာ တင်ပျဉ်ဖွဲ့ခွေ ထိုင်နေလေသည်၊ နဂါးကြီးသည် အရှင်သာဂတကို မြင်လျှင်မြင်ခြင်း ပြင်းထန်သော ဒေါသဖြစ်၍ နဂါး၏ အခိုး အငွေ့များကို လွှတ်၏၊ အရှင်သာဂတလည်း သူ့ထက် သာအောင် (ဈာန် အဘိညာဉ် အစွမ်းဖြင့်) အခိုးအငွေ့ တွေကို ပြန်၍လွှတ်၏၊ နဂါးကြီးသည် သူ့ဂုဏ် အပျက်မခံနိုင်ဘဲ မီးတောက် မီးလျှံတွေကို တောက်လာစေ၏၊ အရှင်သာဂတလည်း မီးတောက်မီးလျှံဖြစ်အောင် သမာပတ် ဝင်စားပြန်၏၊ ထိုနည်းဖြင့် နဂါးကြီး အစွမ်းဆုံး၍ အရှုံးပေးမှ အရှင်သာဂတလည်း ဘဒ္ဒဝတိကာရွာသို့ ကြွတော်မူလေသည်။

**အရှင်သာဂတ သေရည်သောက်မိပုံ** အရှင်သာဂတ၏နဂါးကြီးနှင့်တန်ခိုးပြိုင်၍နိုင်လာကြောင်း သတင်းသည် ကောသမ္ဗီမြို့တိုင်အောင် ပျံ့နှံ့သွား လေ၏၊ ဗုဒ္ဓရှင်တော်လည်း ဘဒ္ဒဝတိကာ ရွာ၌ သီတင်းသုံးတော်မူပြီးနောက် ကောသမ္ဗီသို့ ကြွတော်မူလေရာ, ရတနာသုံးပါး၌ ကြည်ညိုရင်းစွဲ

ဖြစ်ကြသောဥပါသကာကြီးတို့သည် အရှင်သာဂတကိုကြည်ညိုအားရလှသဖြင့် "အရှင်ဘုရား ... ဘာကိုရဖို့ခဲယဉ်းပါသနည်း, ဘာကိုနှစ်သက်တော် မူပါသနည်း, အရှင်ဘုရားဖို့ ဘာကိုစီမံပေးရပါမည်နည်း"ဟု လျှောက်ကြလေသော် အရှင်သာဂတသည် ဘာမှမပြောဘဲ နေစဉ် ဆဗ္ဗဂ္ဂီကိုယ်တော်များက ဝင်၍ ပြောကြသည်မှာ—"ဥပါသကာတို့....ခိုကလေးများ ခြေထောက် အသွေးအရောင်ကဲ့သို့ နီနေသောသေရည်အကြည်သည် ရဟန်းများမှာရလဲရခဲ၏, နှစ်လဲနှစ်သက်၏, ထိုသေရည်ကို စီမံကြပါလား"ဟု ပြောပြကြသဖြင့် သဒ္ဓါတရားကောင်းလှသော ဥပါသကာတို့သည် ထိုသေရည်ကိုအိမ်တိုင်းစေ့ စီမံထားကြပြီးလျှင် ဆွမ်းခံဝင်လာသော အရှင်သာဂတကို အိမ်တိုင်းစေ့ ကပ်လှူကြလေသည်၊ အရှင်သာဂတလည်း သေရည်မူး၍ ယိုင်တိယိုင်တိုင်နှင့် ဆွမ်းခံပြန်လာခဲ့ရာ မြို့တံခါးပေါက်အရောက်မှာ ထိုးလဲပါလေတော့သည်။

**သတိလစ်နေပုံ** ဘုရားရှင်သည် ရဟန်းများနှင့်အတူ ဆွမ်းခံပြန်လာတော်မူသောအခါ လဲနေသော အရှင်သာဂတကို တွေ့ရ၍ "သာဂတကိုတွဲခေါ်ခဲ့ကြ"ဟု မိန့်တော်မူလေသည်၊ ရဟန်းတော်များတွဲယူခဲ့၍ ကျောင်းတိုက်သို့ ရောက်သောအခါ ဘုရားဘက်သို့ ဦးခေါင်း ထား၍ ချကြလေသော် အရှင်သာဂတသည် ပြောင်းပြန်-ပြန်လျက် ဘုရားဘက်သို့ ခြေလှည့်၍ အိပ်ပြန်လေသည်၊ ထိုအခါ ဗုဒ္ဓရှင်တော်က ရဟန်းများကို မေးတော်မူသည်မှာ—

"ဘိက္ခုတို့....သာဂတသည် ရှေးတုန်းက ငါဘုရားအပေါ်၌ ရိုသေကျိုးနွံခြင်း ရှိခဲ့သည်မဟုတ်လော"

**ရဟန်းများ။** ။မှန်ပါဘုရား။

**ဘုရားရှင်။** ။ယခုတော့ ရိုသေကျိုးနွံသေးရဲ့လား။

**ရဟန်းများ။** ။မရိုသေ-မကျိုးနွံတော့ပါဘုရား။

**ဘုရားရှင်။** ။သာဂတသည် သချက်ပင်ဆိပ်က နဂါးကြီးနှင့် တန်ခိုးပြိုင်ခဲ့ဖူးသည် မဟုတ်သား။

**ရဟန်းများ။** ။မှန်ပါဘုရား။

**ဘုရားရှင်။** ။ယခု နဂါးကြီးနှင့် ပြိုင်နိုင်ဦးမလား။

**ရဟန်းများ။** ။မပြိုင်နိုင်တော့ပါဘုရား။

**ဘုရားရှင်။** ။ဘိက္ခုတို့....အကြွင်းအရည်ကို သောက်မိ၍ သညာကင်းသူ (သတိလစ်သူ)ဖြစ်ရတယ်၊ ထိုအရည်ကို သောက်ထိုက်ပါ မလား။

**ရဟန်းများ။** ။မသောက်ထိုက်ပါဘုရား။

**ဘုရားရှင်။** ။ဘိက္ခုတို့ .. သာဂတရဲ့ သေရည်သောက်မှုသည် ရဟန်းများ နှင့် မလျောက်ပတ် မအပ်စပ်သော အမှုဖြစ်၏၊ လူများ အကြည်ညိုပျက်စရာလည်းဖြစ်၏၊ သို့ဖြစ်၍ "သုရာမေရယ-ပါနေ ပါစိတ္တိယံ=သေရည်အရက်ကို သောက်ခြင်းကြောင့် ပါစိတ်အာပတ်သင့်၏" ဟူသော ဤသိက္ခာပုဒ်ကိုပညတ်တော်မူမည်ဟု မိန့်တော်မူကာ ဤသိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။

**မှတ်ချက်။** ။အရှင်သာဂတသည် နဂါးကြီးနှင့် တန်ခိုးပြိုင်စဉ်က လောကီဈာန်အားလုံးကို အပြီးအဆုံး ရရုံတွင်မက တန်ခိုးအမျိုးမျိုးကို ဖန်ဆင်း နိုင်လောက်အောင် အဘိညာဉ်ပါ ရနေသော ပုဂ္ဂိုလ်ပေတည်း၊ ထိုဈာန်အဘိညာဉ်များသည် သေရည် အရက်ငင်သည်နှင့် တစ်ပြိုင်နက် အလိုလို ပျောက်ကွယ်ကြလေပြီ၊ သေရည် အရက်ကား ဤမျှလောက်ပင် ကုသိုလ်တရားများကို မွေလျော့ ပျက်ပြားအောင် ပြုတတ်လေသည်။

---

## ၁။ အင်္ဂုလိပတောဒကသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ။**
**အမှု—ကလိထိုး၍ကစားမှု။**

**သတ္တရသဝဂ္ဂီနှင့် ဆဗ္ဗဂ္ဂီ** "သတ္တရသဝဂ္ဂီ" ဟု ခေါ်သော ရဟန်းကလေး ၁၇-ပါးသည် "အသက် ၂၀-ပြည့်မှ ရဟန်းပြုရမည်" ဟုသိက္ခာပုဒ် မပညတ်မီက ရဟန်းပြုနှင့်ကြသဖြင့် သူတို့ ရဟန်းပြုချိန်မှာ ၇-နှစ်အရွယ်သာ ရှိကြသေး၏၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကား အားအား ရှိလျှင် ထိုကိုယ်တော်ကလေးများကို ကျီစားလေ့ရှိကြ၏၊ အခါတစ်ပါး၌ သတ္တရသဝဂ္ဂီ ရဟန်းကလေး တစ်ပါးကို ဆဗ္ဗဂ္ဂီ ရဟန်းတို့က ဝိုင်း၍ ကလိထိုးပြီး (လက်ချောင်းတို့ဖြင့် ချိုင်းကြားစသည်ကို ထိုးပြီး) ရယ်အောင် ပြုကြလေရာ, ကိုယ်တော်ကလေးသည် အရယ်လွန်သဖြင့် မောဟိုက်ပင်ပန်းကာ အသက်ရှူကျပ်၍ သေရှာလေသည်၊ [ ဥတ္တာသေန္တော-အရယ်လွန်၍ ပင်ပန်းသည်၊ ဝါ-

တက်သွားသည်၊ အနဿာသကော-ရှူသက်, ရှိုက်သက်မရှိသည်၊ ဝါ-အသက် မရှူနိုင်သည်၊ (ဟုတွာ) ကာလမကာသိ။]ထိုအကြောင်းကို ဘုရားရှင် ကြား တော်မူ၍-

"**အင်္ဂုလိ ပတောဒကေ ပါစိတ္တိယံ**"-

ဟု ပညတ်တော်မူရလေတည်၊[အင်္ဂုလိ=လက်ချောင်းတို့ဖြင့်၊ ပတောဒကေ= ချိုင်းကြား, ခါးစသော အရပ်တို့၌ ထိုး၍ ကစားခြင်း၊ ယခုကာလ၌"ချိုင်း ကလိထိုးခြင်း=ကလိထိုးခြင်း"ဟု ခေါ်၏၊] မည်သည့်ကိုယ်အင်္ဂါမဆို ရဟန်း ချင်း ကလိထိုး၍ ကစားလျှင်ကား ပါစိတ်အာပတ် သင့်၏၊ လူဝတ်ကြောင် သာမဏေတို့ကို ကလိထိုး၍ ကစားလျှင်ကား ဒုက္ကဋ် အာပတ် သင့်သည်၊ ရဟန်းကိုဖြစ်စေ လူသာမဏေကိုဖြစ်စေ လက်ဖြင့်မဟုတ်ဘဲ တုတ်စသည်ဖြင့် ထိုး၍ ကစားလျှင်လည်း ဒုက္ကဋ်အာပတ်ပင်၊ ယခုကာလ၌အမှတ်တမဲ့ ကစား တတ်ကြ၏ သတိပြုပါ။

---

## ၈။ ဟာသဓမ္မသိက္ခာပုဒ်

**အမှုသည်-သတ္တရသဝဂ္ဂီရဟန်းကလေးများ။**

**အမှု-အစိရဝတီမြစ်ထဲ၌ ရေကစားမှု။**

ကောသလမင်းနှင့် သတ္တရသဝဂ္ဂီ

သတ္တရသဝဂ္ဂီ ရဟန်းကလေးများသည် အစိရဝတီမြစ် ထဲ၌ ရေကစားနေကြ၏၊ ကောသလမဟာရာဇာသည် မလ္လိကာဒေဝီနှင့်အတူ နန်းတော် အထက်ထပ်၌နေစဉ် ရေကစားနေကြသည်ကိုမြင်၍ "မလ္လိကာ... ဟို ရဟန္တာကလေးတွေရေကစား နေကြတယ်၊ [ရဟန္တာမဟုတ်သော်လည်း လှောင်ပြောင်တဲ့သဘောနှင့် သုံးစွဲ ခြင်းဖြစ်သည်၊ ဤကောသလ မဟာရာဇာကား ရှေးပိုင်းတုန်းက မလ္လိကာ လောက် ရတနာသုံးပါးကို မကြည်ညိုသေး၊ ]ဤသို့ မဟာရာဇာက ပြောလိုက် လျှင် မလ္လိကာက-"မဟာရာဇာ....အမှန်ပင် ဗုဒ္ဓရှင်တော်မြတ်က သိက္ခာပုဒ် တော်ကို မပညတ်ရသေးလို့ဖြစ်ပါလိမ့်မယ်၊ သိက္ခာပုဒ်ပညတ်ပြီးဖြစ်လျှင်လည်း ဒီကိုယ်တော်ကလေးတွေ "အပကတညုနော-ပြုအပ် ပညတ်အပ်ပြီးသော သိက္ခာပုဒ်ကို မသိရှာကြသေးလို့ပါ" ဤသို့ ပြန်၍ သံတော်ဦးတင်လေသည်။

ထို့နောက် မဟာရာဇာသည် "ကေန နုခေါ အဟံ ဥပါယေန ဘဂဝ-တောစ န အာရောစေယျံ, ဘဂဝါစ ဇာနေယျ-ဣမေ ဘိက္ခူ ဥဒကေ ကီဠိတာတိ=ဘယ်လို ဥပါယ်တံမျဉ်နဲ့ (ဘယ်နည်းလမ်းနဲ့) ငါကိုယ်တိုင် ဘုရားလဲ မလျှောက်ဘဲ, ဘုရားလဲ ဒီရဟန်းတွေ ရေ၌ကစား၍ ပြန်လာကြောင်းကို သိအောင် လုပ်ရပါမလဲ"ဟု စဉ်းစားပြီးလျှင် ရဟန်းကလေးများကိုအခေါ်ခိုင်း၍ ကြံသကာခဲကြီးကို ပေးပြီးလျှင် ဒီကြံသကာခဲကို ဘုရားအား လှူကြပါလေ"ဟု မှာထားလွှတ်လိုက်လေသည်၊ (ငယ်ရွယ်သူရဟန်းကလေးများလည်း အကြောင်းကို မသိရှာကြသဖြင့်) ဘုရားထံသွား၍ "ဤ ကြံသကာခဲကို ကောသလ မဟာရာဇာက လှူလိုက်ပါကြောင်း" လျှောက်ရှာကြလေသည်။

ဘုရားရှင်။ ။သင်တို့ကို မဟာရာဇာက ဘယ်မှာတွေ့လို့လဲ။

ရဟန်းကလေးများ။ ။အစိရဝတီ မြစ်ထဲမှာ ရေကစားနေကြတာကို မြင်လို့ပါဘုရား။

ဘုရားရှင်။ ။"ဘာ့ကြောင့် သင်တို့ ရေကစားကြသလဲ၊ ဒီရေကစားခြင်းဟာ မကြည်ညိုသေးသူများ၏ ကြည်ညိုစရာလဲ မဟုတ်၊ ကြည်ညိုပြီးသူများရဲ့ အကြည်ညိုတိုးဖို့လဲ မဟုတ်၊ စင်စစ်မှာ - မကြည်ညိုသေးသူများရဲ့ မကြည်ညို စရာလဲဖြစ်, ကြည်ညိုပြီးသားပုထုဇဉ်များရဲ့ အကြည်ညိုပျက်စရာလဲ ဖြစ်တယ်" ဟု မိန့်တော်မူပြီးလျှင်—

## "ဥဒကေ ဟသဓမ္မေ ပါစိတ္တိယံ"-

ဟု သိက္ခာပုဒ် ပညတ်တော်မူရလေသည်၊ ဤသိက္ခာပုဒ်တော်အရ ခြေဖမျက် မြုပ်သောရေ၌မကစားကောင်း၊ [ကစား ဟူရာ၌ ရေချိုးရင်းငုပ်လိုက်ဖော်လိုက် ရေပေါ်ဖော်ပြီး ကူးလိုက် လုပ်ခြင်းကို ဆိုလိုသည်၊ လှေဖြင့် ကစားခြင်း ရေထဲ၌ အိုးခြမ်းကွဲ စသည်ကိုပစ်၍ ကစားခြင်း, အိုးခွက်၌ရှိသော ရေကို လက်ဖြင့်ပုတ်၍ ကစားခြင်း, ပုန်းရည် နို့ရည် ရက်တက်ရည် စသော အရည်နှင့်စပ်၍ ကစားခြင်း အားလုံး၌ ဒုက္ကဋ်အာပတ်သင့်၏၊ ကစားစိတ်မပါဘဲ အကြောင်းအားလျော်စွာ (အညောင်းပြေအောင်) ရေကူးခြင်း၌ အာပတ်မသင့်။]

## ၃။ အနာဒရိယသိက္ခာပုဒ်

**အမှုသည်–အရှင်ဆန္န။**
**အမှု–ရဟန်းတို့အား မလေးမစား ပြောမှု။**

ရှင်ဆန္န၏ မလေးစားမှု

ဗုဒ္ဓရှင်တော်၏ ဖွားဖက်တော် ဖြစ်ခဲ့သော အရှင်ဆန္နသည် မသင့် မတင့်သော အကျင့်ကို ပြုကျင့်၏၊ ရဟန်းတို့က "ငါ့ရှင်ဆန္န.... ဒီလို မလုပ်ပါနှင့်, ဒီ အလုပ်ဟာ မအပ်ပါဘူး"ဟု ပြောကြ၏၊ ရှင်ဆန္နကား ထို ပြောသူတို့ကို မလေးစား (အရေးမစိုက်)သော အားဖြင့် ဇွတ်တိုး၍ လုပ်၏၊ ထို အကြောင်းကို ဗုဒ္ဓရှင်တော် ကြားတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။

**သိက္ခာပုဒ်။ ။အနာဒရိယေ ပါစိတ္တိယံ။**

**ဖြန်မာပြန်။** ။ပုဂ္ဂလ ဓမ္မကို မရိုသေခြင်းကြောင့် ပါစိတ် သင့်၏၊ ပြောလာသော ရဟန်းကို အရေးမစိုက်မှုသည် ပုဂ္ဂလကို အရေးမစိုက်ခြင်း၊ သိက္ခာပုဒ်တော်ကို အရေးမစိုက်မှုသည် ဓမ္မကို အရေးမစိုက်ခြင်း၊ ထို ၂-မျိုးတွင် တစ်မျိုးမျိုးကို မလေးမစား အရေးမစိုက် လုပ်လျှင် ပါစိတ်အာပတ် သင့်၏။

## ၄။ ဘီသာပနသိက္ခာပုဒ်

**အမှုသည်–ဆဗ္ဗဂ္ဂီ ရဟန်းများ၊**
**အမှု–ခြောက်လှန့်မှု။**

ဆဗ္ဗဂ္ဂီနှင့် သတ္တရသဝဂ္ဂီ

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သတ္တရသဝဂ္ဂီ ရဟန်းကလေးများကို ယခုကာလ "တစ္ဆေကြီးဟ, သူရဲကြီးဟ" စသည်ဖြင့် ခြောက်လှန့်ခြင်းမျိုးကဲ့သို့ ခြောက်လှန့်ကြကုန်၏၊ ရဟန်းကလေးများကား ငိုကြွေးလေသည်၊ ထို အကြောင်းကြောင့်–

**ယော ပန ဘိက္ခု ဘိက္ခုံ ဘီသာပေယျ ပါစိတ္တိယံ။**

"ရဟန်းချင်း ခြောက်လှန့်လျှင် ပါစိတ်အာပတ်"ဟု ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်၊ ဤသိက္ခာပုဒ်၌ အခြောက်ခံရသူက ကြောက်သည် ဖြစ်စေ, မကြောက်သည်ဖြစ်စေ ရဟန်းအချင်းချင်း ခြောက်လျှင် ပါစိတ်၊ လူ သာမဏေတို့ကို ခြောက်လျှင် ဒုက္ကဋ်အာပတ် သင့်၏။

## ၈။ ဇောတိသိက္ခာပုဒ်

**အမှုသည်-ရဟန်းအများ၊**
**အမှု-မီးလှုံမှု။**

ရဟန်းများကို မြွေလိုက်ခြင်း

ရဟန်းတို့သည် ဆောင်းအခါ၌ အခေါင်းရှိသော သစ်တုံးကြီးကို မီးရှို့၍ မီးလှုံကြကုန်၏၊ ထို သစ်ခေါင်း၌ရှိသော မြွေဟောက်သည် မီးပူ (လောင်အပ်)သည် ဖြစ်၍ ထွက်လာပြီးလျှင် ရဟန်းတို့ကို လိုက်လေတော့၏၊ ရဟန်းတို့လည်း ခြေဦး တည့်ရာ ပြေးကြလေတော့၏၊ ဤအကြောင်းကြောင့်—

ယော ပန ဘိက္ခု ဝိသိဗ္ဗနာပေက္ခော ဇောတိံ သမာဒဟေယျ ဝါ သမာဒဟာပေယျ ဝါ၊ ပါစိတ္တိယံ။

ဟု မူလပညတ်ကို ထားတော်မူရ လေသည်၊ ထို့နောက် ရဟန်းတို့သည် ဆီမီးထွန်းခြင်း၌ လည်းကောင်း၊ သပိတ်ဖုတ်ခြင်း၊ ချွေးအောင်းခြင်း ကိစ္စဝယ် မီးတောက်စေခြင်း လည်းကောင်း၊ မီးတင်းကုပ်(ရေနွေးစသည် ကျိုရာဌာန)၌ လည်းကောင်း၊ မီး မမွေးကောင်း-မီး မထည့်ကောင်းဟု အယူရှိကြသဖြင့် ဗုဒ္ဓရှင်တော်ကို လျှောက်ကြလေရာ "အဂိလာနော အညတြ တထာရူပပစ္စယာ" ပုဒ်တို့ကို ထည့်၍ အနုပညတ် ထပ်တော်မူရပြန်သည်။

မြန်မာပြန်။ ။အကြင်ရဟန်းသည် ဂိလာနမဟုတ်ဘဲ လှုံခြင်းကို ရှင့်သည် (လှုံလိုသည်)ဖြစ်၍ မီးတောက်စေထိုက်သော အကြောင်းကို ကြဉ်၍ မီးကို ကိုယ်တိုင်မူလည်း တောက်စေအံ့၊ သူတစ်ပါးကိုမူလည်း တောက်ပါစေဟု စေခိုင်းအံ့၊ ထိုရဟန်း ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။ဤသိက္ခာပုဒ်အရ ဂိလာနမဟုတ်သူ (ပကတိ ကျန်းမာနေသူ) ဖြစ်လျက် မီးလှုံဖို့သက်သက်ဖြင့် မီးမမွေးကောင်း, သူများ မွှေးပြီးသားကိုလည်း တောက်အောင် ထင်းမထည့်ကောင်း, မီး မသိုးကောင်းဟု မှတ်၊ ညအခါ မီးထွန်းခြင်း ဂိလာနဖြစ်၍ မီးလှုံဖို့အတွက် မီးထည့်ခြင်း, သပိတ်ဖုတ် ရေနွေးကျို ဆွမ်းချက်ကိစ္စအတွက် မီးမွှေးပေးခြင်း, ခြင်သေ့-သစ်ကျားစသော ဘေးရန်အတွက် မီးထည့်ခြင်း, မီးထိုးခြင်း စသည်ကား အပ်ပါ၏၊ သို့သော် ရဟန်းကိုယ်တိုင် မီးမွှေးရာ၌ မီးလောင်ပြီး မဟုတ်သော မြေပေါ်၌ လည်းကောင်း, မြက်သစ်ပင် ရှိသော မြေပေါ်၌ လည်းကောင်း မမွှေးကောင်း ဟု သတိပြုပါ၊ မိမိက မနိုင်းဘဲ သာမဏေ စသူတို့ ထည့်ထားသော မီးကိုလည်း လှုံကောင်းပါ၏၊ သို့သော် မီးငြိမ်းနေသည်ကို တောက်လာအောင် မမှုတ်ကောင်း, ထင်းထိုး၍လည်း မပေးကောင်း ဟု သတိပြုပါ၊

---

## ၁၀။ နှာနသိက္ခာပုဒ်

**အမှုသည်-ရဟန်းအများ။**
**အမှု-အလိုက်မသိဘဲရေချိုးမှု။**

**ဗိမ္ဗိသာရနှင့် ရဟန်းများ** ရဟန်းတို့သည် တပေါဒါမြစ်၌ ရေချိုးနေကြစဉ် ဗိမ္ဗိသာရ၏ မဟာရာဇာလည်း ခေါင်းဆေးမင်္ဂလာပြုလို၍ (ခေါင်းလျှော်လို၍) အထိုက်အလျောက် အခြံအရံဖြင့် ထွက်လာပြီးလျှင် "ယာဝ ါယျာ (ယာဝ + အယျာ) နဟာယန္တိ = အကြင်မျှလောက်သော ကာလ၌ အရှင်မြတ်တို့ ရေချိုးနေကြသေး၏၊ (တာဝ ပဋိမာနေဿာမိ = ထိုမျှလောက် ကာလပတ်လုံး စောင့်ဆိုင်းဦးမည်)"ဟု ကြံ၍ သင့်တော်ရာ အရပ်၌စောင့်ဆိုင်းနေလေသည်၊ ရဟန်းများလည်း (ဘုရင်စောင့်နေသည်ကို ပင် အလိုက်မသိကြဘဲ) ယာဝ သမန္ဓကာရာ နှာယိံသု = မှောင်ရာကာလနှင့် ညီမျှသောကာလတိုင်အောင် (မှောင်သည့်အထိ) ရေချိုးနေကြလေသည်၊

**မဟာရာဇာမြို့မြင့် အိပ်ရပုံ** မဟာရာဇာသည် ရဟန်းများရေချိုးပြီးနောက် မှောင်မိုက်မှ ခေါင်းလျှော်ရသဖြင့် မြို့တံခါးလည်းပိတ်ထားပြီး ဖြစ်လေတော့ရကား မြို့ပြင်ဘက်၌ပင် စက်တော်ခေါ်၍ နံနက်စောစော ဗုဒ္ဓအထံတော်သို့သွားလေသည်၊ ထိုအခါ ညဉ့်တုန်းက လိမ်းထားသော နံ့သာများပင် မပျက်သေးချေ၊ သို့ဖြစ်၍ ရှင်တော်မြတ်က "မဟာရာဇာ...လိမ်းထားသော နံ့သာများပင် မပျက်သေးဘဲ စောစော စီးစီး အဘယ်ကိစ္စကြောင့် လာသနည်း"ဟုမေးတော်မူလေရာ မဟာရာဇာက ဖြစ်ပုံအားလုံးကို လျှောက်လေသည်၊ ထို့နောက် ထိုက်သင့်သော တရားစကားကို မိန့်တော်မူ၍ မဟာရာဇာ ပြန်သွားသောအခါ ရဟန်းများကို ခေါ်တော်မူပြီးလျှင်- "ရဟန်းအများသည် ရှင်ဘုရင်ကို မြင်ပါလျက်လည်း "န မတ္တံ + ဇာနိတွာ = ပမာဏ မသိ (အလိုက်မသိ) ဘဲ ရေချိုးနေကြတယ်" ဆိုတာ မှန်ပါသလား။

ရဟန်းများ။ ။မှန်ပါကြောင်းပါဘုရား။

ဘုရားရှင်။ ။[ဤစကားကို ကြားတော်မူ၍ ကဲ့ရဲ့တော်မူပြီးလျှင်....]
"ယော ပန ဘိက္ခု ဩရေနဒ္ဓမာသံ နှာယေယျ, ပါစိတ္တိယံ = ပထမ ရေချိုးပြီးနောက် ၁၅-ရက်မပြည့်သေးခင် ထပ်၍မချိုးရ"ဟု မူလ ပညတ်တော်ကိုထားတော်မူလေသည်။

**ပူအိုက်ရာအခါ ရေချိုးတော့။** ။ထိုသို့ပညတ်တော်မူပြီးနောက် ပူ-အိုက်ရာအခါ၌လည်း ရေမချိုးကောင်းဟုအယူရှိကြ၍ ရေမချိုးဘဲ နေကြလေရာ “သေဒဂတေန ဂတ္တေန = ဖြစ်သော ချွေးရှိသောကိုယ်ဖြင့် (ကိုယ်၌ ချွေးပေလျက်)အိပ်ကြရကုန်၏၊ သင်္ကန်းလည်း ပျက်စီး, ကျောင်းအိပ်ရာ နေရာလည်း ပျက်စီး၏၊ ထိုအကြောင်းကို ဗုဒ္ဓရှင်တော် သိတော်မူ၍ “ပူသောအခါ အိုက်သောအခါဖြစ်မူ ၁၅-ရက်အတွင်း၌လည်း ရေချိုးခွင့်ပြုတော်မူ၏” ဟုမိန့်တော်မူရပြန်လေသည်၊ ပူသောအခါနှင့် အိုက်သောအခါကိုကား ဤသို့ သတ်မှတ်တော်မူ၏။

၁။ တပေါင်းလပြည့်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိ နွေ ၄-လ ရှိသည်တွင် နောက်ဆုံး တစ်လခွဲ (နယုန်လဆန်း တစ်ရက်မှ ဝါဆိုလပြည့်အထိ)သည် ဥဏှသမယ(ပူသောကာလ)မည်၏။

၂။ မိုး ၄-လတွင် ပဌမ (ဝါဆိုလပြည့်ကျော် တစ်ရက်မှ ဝါခေါင်လပြည့်အထိ)သည် ပရိဠာဟသမယ (အိုက်သောကာလ)မည်၏။

ထိုသို့ သတ်မှတ်သည့်အတိုင်း “အညတြ သမယာ….တတ္ထာယံ သမယော၊ ဒိယဍ္ဎော မာသော သေသော ဂိမှာနံ, ဝဿာနဿ ပဌမော မာသော ဣစ္စေတေ အဍ္ဎတေယျ မာသာ ဥဏှသမယော ပရိဠာဟသမယော၊ အယံ- တတ္ထ သမယော” ဟုဖြည့်စွက်၍ ပဌမအနုပညတ်ထပ်တော်မူရလေသည်။

**မကျန်းမာလျှင်လည်း ရေချိုးတော့။** ။မကျန်းမာသော ရဟန်းတို့သည် ရေမချိုးရသဖြင့် ရောဂါမသက်သာကြောင်းကို ကြားသိတော် မူရပြန်ကား မကျန်းမာသည့်အခါဖြစ်မူ ၁၅ ရက်အတွင်းမှာ ရေချိုးခွင့် ပြုတော်မူ၍ “ဂိလာနသမယော” ဟု ဖြည့်စွက်တော်မူကာ ဒုတိယအနုပညတ် ထပ်တော်မူရပြန်လေသည်။ [ရေချိုးမှ သက်သာမည့်ရောဂါရှင်ကိုသာ ဂိလာနဟုမှတ်။]

**အလုပ်လုပ်တဲ့အခါ ရေချိုးတော့။** ။ရဟန်းတို့သည်ကျောင်းတို့၌ ဟိုဟို သည်သည် အလုပ်များကိုလုပ်ကိုင်ကြရ၍ ချွေးထွက်ကုန်၏၊ ရေမချိုးကောင်း ဟု အယူရှိကြ၍ ရေမချိုးဝံ့ကြရကား ကိုယ်၌ချွေးပေနေလျက်ပင် အိပ်ကြရလေရာ သင်္ကန်းလည်း ပျက်စီး, ကျောင်းအိပ်ရာလည်း ပျက်စီးကုန်၏၊ ထိုအကြောင်းကိုကြားသိတော်မူ၍ “အလုပ်-လုပ်သောအခါဖြစ်မူ ၁၅-ရက် မပြည့်သော်လည်း ရေချိုးတော့” ဟု ခွင့်ပြုတော်မူကာ “ကမ္မသမယော” ဟု

ဖြည့်စွက်၍ တတိယအနုပညတ်ထပ်တော်မူရပြန်သည်၊ "အလုပ်"ဟူရာ၌ကား ကျောင်းဝင်း၌ တံမြက်လှည်းခြင်းကိုလည်း အလုပ်၌ ထည့်သွင်းတော်မူသည်။

**ခရီးသွားတဲ့အခါ ရေချိုးတော့။** ။ခရီးရှည်သွားသော ရဟန်းတို့သည် ချွေးပေနေသော်လည်း ရေမချိုးဝံ့ကြောင်းကို ကြားတော် မူရပြန်သဖြင့် "ခရီးရှည်သွားသောအခါဖြစ်မူ ၁၅-ရက်မပြည့်သော်လည်း ရေချိုးတော့" ဟုခွင့်ပြုတော်မူ၍ "အဒ္ဓါနဂမနသမယော"ဟု ဖြည့်စွက်တော်မူကာ စတုတ္ထ အနုပညတ်ထပ်တော်မူရပြန်သည်၊ "အဒ္ဓါနဂမန = အခွန့်ရှည်သော ခရီးကို သွားခြင်း" ဟူရာ၌ကား "တစ်ယူဇနာ၏ထက်ဝက်ခရီး"ဟုသတ်မှတ်တော်မူ၏၊ ထိုခရီးမျိုးကို သွားမည်ကြံလျှင်လည်းကောင်း, ပြန်လာလျှင်လည်းကောင်း ရေချိုးနိုင်သည်။

**လေမိုးကျလျှင် ရေချိုးတော့။** ။ရဟန်းတို့သည် အကွယ်အကာ အမိုး မပါသောလွင်ပြင်၌သင်္ကန်းချုပ်ဆိုးနေကြစဉ် မြူမှုန်တွေကိုတိုက်ခတ်လာသော လေကျသဖြင့် ကိုယ်၌မြူမှုန်(ဖုံတွေ ပေနေလေ၏၊ဒေဝေါ စ ထောထံ ထောကံ ဖုသာယတိ = မိုးကလဲ နည်းနည်း နည်းနည်း ထိပြန်၏၊ ရွာပြန်၏၊ ရဟန်းတို့မှာ မြူမှုန်တွေ ပေနေကြပါလျက် ရေမချိုးရကြောင်းကို ကြားသိတော်မူရ၍ "ဖုံနှင့်တစ်ကွ လေပြင်းတ၍ မိုးကျသောအခါဖြစ်မူ ၁၅-ရက်မပြည့်သော် လည်း ရေချိုးတော့"ဟုခွင့်ပြုတော်မူကာ"ဝါတဝုဋ္ဌိသမယော"ဟု ဖြည့်စွက်၍ ပဉ္စမအနုပညတ် ထပ်တော်မူရပြန်လေသည်။ [ကိုယ်၌လည်းဖုံပေ, မိုးရေ ပေါက်လည်း ၂-ပေါက် ၃-ပေါက်လောက်မိလျှင်ပင်ချိုးကောင်းပြီ-ဟုမှတ်။]

**မှတ်ချက်။** ။သိက္ခာပုဒ်တို့တွင် အချို့သိက္ခာပုဒ်များသည် ဒေသောဒိဿ = ရည်စူးအပ်သောအရပ်ဒေသရှိ၏၊ ဤသိက္ခာပုဒ်တော်ကို ထိုခေတ်က ဥတုမျှာသောအိန္ဒိယဒေသ (မဇ္ဈိမနယ်)လောက်ကိုသာ ရည်စူး၍ ပညတ်တော်မူ၏၊ ထို့ကြောင့် အိန္ဒိယ၌နေသော ရဟန်းတော် များသည် ၁၅-ရက်မပြည့်ခင် ရေချိုးချင်လျှင် မိမိနေရာကို တံမြက် လှည်း၍ "ကမ္မသမယ"ဟု သဘောထားပြီးမှ ရေချိုးရပေလိမ့်မည်၊ ဥတုမညီမျှသော မြန်မာ, သီရိလင်္ကာ, ထိုင်းနိုင်ငံ တို့၌ကား ဤသိက္ခာပုဒ်အရ ပြုကျင့်ဖွယ်မလိုတော့ရကား အချိန်မရွေးရေချိုးခွင့် ရသည်ဟုမှတ်။ [သဗ္ဗပစ္စန္တိမေသု-အားလုံး မဇ္ဈိမဒေသ၏အစွန် အဖျားကျကုန်သော၊ ဇနပဒေသု-ဇနပုဒ်တို့၌၊ နှာယန္တဿ-ရေချိုး သောရဟန်း၏၊ အနာပတ္တိ။]

## ၉။ ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်

အမှုသည်-ရဟန်းအများ။

အမှု-သင်္ကန်းမမှတ်မိမှု။

**ခရီးသွားစဉ် ခိုးပြတိုက်** ရဟန်းအများနှင့် ရသေ့ပရိဗိုဇ်အများသည် သာကေတမြို့မှ သာဝတ္ထိသို့ခရီးသွားကြစဉ်ခိုးပြတို့ထွက်၍လုကြကုန်၏၊ သာဝတ္ထိမှ မင်းမှုထမ်းများထွက်လာ၍ ထိုခိုးပြတို့ကို ခိုးထုပ်ခိုးထည်နှင့်တစ်ကွ ဖမ်းပြီးလျှင် ရဟန်းများအထံသို့ "အရှင်ဘုရားတို့ ကြွခဲ့ကြပါ၊ ကိုယ့်သင်္ကန်းကို မှတ်သား၍ ယူလှည့်ကြပါ"ဟု တမန်လွှတ်၍ လျှောက်ကြလေသည်၊ (ရသေ့ပရိဗိုဇ်တို့၏သင်္ကန်းနှင့် ရဟန်းများ၏ သင်္ကန်းမှာ ရောနှောနေသောကြောင့်) ရဟန်းများသည် ကိုယ့်သင်္ကန်းကို မမှတ်မိကြကုန်၊ ထိုအခါ မင်းမှုထမ်းများက "အရှင်ကောင်း အရှင်မြတ်တွေလုပ်နေပါလျက် ကိုယ့်သင်္ကန်းကိုမျှ မမှတ်မိကြ"ဟုကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**နဝံ ပန** ဘိက္ခုနာ စီဝရ**လာ**ဘေန တိဏ္ဏံ ဒုဗ္ဗဏ္ဏ**ကရဏာ**နံ အညတရံ ဒုဗ္ဗဏ္ဏကရဏံ **အာ**ဒါတဗ္ဗံ နီလံဝါ **က**ဒ္ဒမံဝါ **ကာ**ဠသာမံဝါ၊ အနာဒါ စေ ဘိက္ခု တိဏ္ဏံ ဒုဗ္ဗဏ္ဏ**ကရဏာ**နံ အညတရံ ဒုဗ္ဗဏ္ဏ**ကရ**ဏံ **နဝံ စီဝ**ရံ ပရိဘုဉ္ဇေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။သင်္ကန်း အသစ်ကို ရသော ရဟန်းသည် "အညိုရောင်ကပ္ပဗိန္ဒု၊ ရွှံ့ညွန်ရောင်ကပ္ပဗိန္ဒု၊ မဲညိုရောင်ကပ္ပဗိန္ဒု" ဤ ၃-မျိုးတွင် တစ်မျိုးမျိုးသော ကပ္ပဗိန္ဒုကိုယူရမည်၊ ထို ၃-မျိုးသော ကပ္ပဗိန္ဒုတို့တွင် တစ်မျိုးမျိုးကိုမယူဘဲ သင်္ကန်းသစ်ကိုသုံးစွဲဝတ်ရုံလျှင် ပါစိတ်အာပတ်သင့်၏၊ [အညိုရောင်ဟူသည်ယခုကာလ၌သစ်ရွက်မှထွက်သောစိမ်းညိုရောင်တည်း၊ ထို့ကြောင့် သစ်ရွက်စိမ်းကို သင်္ကန်းထောင့်၌ထား၍ တုတ်ချောင်းများဖြင့် အရည်ထွက်အောင်ထိုးလျှင်အညိုရောင်ဗိန္ဒုဖြစ်၏၊ ခဲတန်ဖြင့်ထိုးလျှင် ရွှံ့ညွန်ရောင်ဖြစ်၏၊ မင်နက်ဖြင့်ထိုးလျှင် မဲညိုရောင်ဖြစ်၏။]

**မှတ်ချက်။** ။"ကပ္ပဗိန္ဒုထိုးခြင်းဟူသည် မိမိသင်္ကန်းကို မိမိမှတ်မိအောင်အမှတ်အသားပြုခြင်းပင်တည်း၊ ကပ္ပဗိန္ဒုမထိုးရသေးလျှင် အတော်ဟောင်းသောသင်္ကန်းဖြစ်စေကာမူ သင်္ကန်းသစ်ဟုပင်ဆိုရမည်၊ ထို့ကြောင့်

အသစ်ကျပ်ချွတ် သင်္ကန်းဖြစ်ဖြစ် တစ်ပတ်ရစ် အဟောင်းအနွမ်းဖြစ်ဖြစ် (သူများလက်ထဲကုန်းက ကပ္ပဗိန္ဒုမထိုးရသေးလျှင်) မိမိလက်ထဲ၌ ဝတ်မည့်သင်္ကန်းဟူသမျှကို ကပ္ပဗိန္ဒု ထိုးပြီးမှ ဝတ်ရသည်၊ သူများ လက်ထဲ၌ ထိုးပြီးဖြစ်လျှင်ကား ထပ်၍ထိုးဖွယ်မလို၊ [ကပ္ပ = ရဟန်း များ၌ အပ်စပ်ကြောင်းဖြစ်သော + ဗိန္ဒု = အပြောက်လုံး။]

**ကပ္ပဗိန္ဒုပမာဏနှင့်ထိုးရာဌာန။** ။ထိုဗိန္ဒုပြောက်ကိုသင်္ကန်း ၄ ထောင့် လုံးမှာလည်းထိုးနိုင်, ၃-ထောင့်, ၂-ထောင့်, ၁-ထောင့်မှာလည်း ထိုးနိုင်၏၊ ထိုသို့ထိုးရာ၌ တစ်ထောင့်လျှင် တစ်ပြောက်စီသာ ထိုးနိုင်၏၊ ၂-ပြောက်, ၃-ပြောက် စသည်တန်း၍ဖြစ်စေ, ၄-၅ ပြောက်ဝိုင်း၍ဖြစ်စေ, ၃-ပွင့်ဆိုင်၍ ဖြစ်စေ မထိုးကောင်း၊ [ပါဠိ(ကပ္ပ အတန်းကပ္ပဗိန္ဒု) ကဏ္ဏိကကပ္ပ (ကြာချက် ကဲ့သို့ ၄-ပြောက် ၅-ပြောက်ဝိုင်း၍ ထိုးအပ်သောကပ္ပဗိန္ဒု) အာဒယော ပန သဗ္ဗတ္ထ ပဋိသိဒ္ဓါ = အဋ္ဌကထာ အားလုံး၌ တားမြစ်ထားသည်။] ထိုကပ္ပဗိန္ဒု ၏ အရွယ်ပမာဏမှာ ဥဒေါင်းမျက်ဝန်းလောက်, သို့မဟုတ် ကြမ်းပိုး ကျောက်ကုန်းလောက် ရှိစေရမည်။ [ယခုကာလ၌ အချို့ဗိန္ဒုပြောက်များ သည် သေးငယ်လွန်း၏၊ ]ဗိန္ဒုထိုးပြီးမှ လျှော်ပါများ၍ ပျက်သွားသော်လည်း ဝတ်ကောင်းပါ၏။

---

## ၈၂။ ဝိကပ္ပနသိက္ခာပုဒ်

**အမှုသည်-ရှင်ဥပနန္ဒ။**

**အမှု-ပစ္စုဒ္ဓိုရ်မပြန်ရသေးသောသင်္ကန်းကိုဝတ်မှု။**

**ရှင်ဥပနန္ဒနှင့် ရဟန်းတစ်ပါး** ရှင်ဥပနန္ဒသည် နောင်တော်၏ သဒ္ဓိဝိဟာရိကရဟန်း အား ကိုယ်တိုင် သင်္ကန်းကို ဝိကပ္ပနာပြုပြီးနောက် ထိုရဟန်းက ပစ္စုဒ္ဓိုရ်မပြန်အပ်သေးဘဲ ထိုသင်္ကန်းကို သုံးစွဲလေသည်၊ ထို့ကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ဘိက္ခုဿဝါ ဘိက္ခုနိယာဝါ သိက္ခမာနာယဝါ သာမဏေရဿဝါ **သာမဏေရိယာဝါ သာမံ** **စီဝရံ** ဝိကပ္ပေတွာ အပစ္စုဒ္ဓါရဏံ ပရိဘုဉ္ဇေယျ၊ ပါစိတ္တိယံ။

ပြန်မာပြန်။ ။သင်္ကန်းကိုသိတင်းသုံးဖော် ၅ ယောက်တွင် တစ်ယောက်ယောက်အား ကိုယ်တိုင်ဝိကပ္ပနာပြုပြီး၍ ပစ္စုဒ္ဓိုရ် မပြန်အပ်သေးသော ထိုသင်္ကန်းကိုဝတ်ရုံသုံးစွဲလျှင် ပါစိတ်အာပတ်သင့်၏။

**ဝိကပ္ပနာ၏အဓိပ္ပါယ်။** ။[ဝိ = မိမိဥစ္စာအဖြစ်မှကင်းအောင် + ကပ္ပနာ = ပြုခြင်း၊] မည်သည့်ရဟန်းမဆို (သင်းပိုင်, ဧကသီ, ၂-ထပ်သင်္ကန်းကြီး) ၃-ထည်သာကိုယ်ပိုင်အဖြစ်ဖြင့် အဓိဋ္ဌာန်တင်၍ထားကောင်း၏၊ ထို ၃-ထည် ထက်ပို၍ရလာလျှင် ကိုယ်ပိုင်ဥစ္စာအဖြစ်မှ ကင်းလွတ်အောင် "ဝိကပ္ပနာ" ဟုခေါ်ရသော ဝိနည်းကံတစ်ခုကိုပြုထားရသည်၊ ထို့ကြောင့် "ဝိကပ္ပနာပြုခြင်း" ဟူသည် သူတစ်ပါးအား ပေးလိုက်, စွန့်လိုက်ခြင်းပင်တည်း-ဟုမှတ်၊ ထိုသို့ ပေးစွန့်ရာ၌ သိတင်းသုံးဖော် ၅-ယောက် (ဘိက္ခု, ဘိက္ခုနီ, သိက္ခမာန်, သာမဏေ, သာမဏေမ)တို့တွင် တစ်ယောက်ယောက်အား ပေးစွန့်ရသည်။

**ဝိကပ္ပနာပြုပုံ။** [မိမိပေးစွန့်လိုရာ တစ်ပါးပါးထံ သွား၍] "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ" ဟု ပါဠိလိုချည်းဖြစ်စေ "ဤသင်္ကန်းကိုအရှင့်အား(သင့်အား) ဝိကပ္ပနာပြုပါ၏" ဟု မြန်မာလိုချည်းဖြစ်စေ ဝိကပ္ပနာပြုရသည်။ [၂-ထည်, ၃-ထည်ဖြစ်၍ များလျှင် "ဣမာနိစီဝရာနိ=ဤသင်္ကန်းတို့ကို" ဟု ပြင်၍ဆို။] ထိုသို့ ဝိကပ္ပနာပြုပြီးသောအခါ ထိုသင်္ကန်းကို ပြန်ယူ၍ သိမ်းထားလိုလျှင် သိမ်းထားကောင်း၏၊ သုံးစွဲမှုကိုကား မပြုကောင်းသေး၊ အကယ်၍ ဝတ်ရုံသုံးစွဲလျှင် ဤသိက္ခာပုဒ်၌ "အပစ္စုဒ္ဓါရဏံ ပရိဘုဉ္ဇေယျ, ပါစိတ္တိယံ" နှင့်အညီ ပါစိတ်အာပတ်သင့်၏၊ ထို့ကြောင့် ဝိကပ္ပနာအပြုခံရသော(အပေးခံရသော) ဝိနည်းမိုရ်ပုဂ္ဂိုလ်က ပစ္စုဒ္ဓိုရ် ပြုရဦးမည်။

**ပစ္စုဒ္ဓိုရ်ပြုပုံ။** ။[ပဋိ = တစ်ဖန်၊ ဝါ-ပြန်၍ + ဥဒ္ဓရဏ = ထုတ်ဆောင်ခြင်း၊]မိမိရသောသင်္ကန်းကိုမူလသင်္ကန်းရှင်အားပြန်၍ထုတ်ခြင်းကို(အလိုရှိသလို သုံးစွဲခွင့်ပြုခြင်းကို)ပစ္စုဒ္ဓိုရ်ပြုခြင်းဟုခေါ်၏၊ ပစ္စုဒ္ဓိုရ်ပြုပုံကား "မယှံ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ, ယထာပစ္စယံ ကရောဟိ = ငါ၏ (တပည့်တော်၏) ဥစ္စာကိုသုံးစွဲလိုလည်း သုံးစွဲတော့ (သူတစ်ပါးအား) စွန့်လိုလည်း စွန့်တော့၊ အကြောင်းအားလျော်စွာ လုပ်တော့" ဤသို့ ပါဠိလိုချည်းဖြစ်စေ မြန်မာလိုချည်းဖြစ်စေ ပစ္စုဒ္ဓိုရ်ပြုရသည်၊ ဤသို့ ပစ္စုဒ္ဓိုရ်ပြုအပ်ပြီးသောအခါ မူလသင်္ကန်းရှင်သည် ထိုသင်္ကန်းကို ဝတ်ရုံသုံးစွဲခြင်းစသောအမှုကို အလိုရှိသလို ပြုလုပ်နိုင်ပြီ။ [ဝိကပ္ပနာပြုနည်းအမျိုးမျိုးကိုပ 'တိမောက်ဘာသာဋီကာမှာရှု။]

## ၁၀။ စိဝရအပနိဓာနသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။**
**အမှု—သပိတ်သက်န်းကိုဖွက်ထားမှု။**

**သပိတ်သက်န်း ဖွက်ထားမှု** သတ္တရသဝဂ္ဂီရဟန်းကလေးတို့သည် (ငယ်ရွယ်သူကလေးများဖြစ်ကြသည် အားလျော်စွာ) သပိတ် သင်္ကန်း စသော ပရိက္ခရာကို ကောင်းမွန်စွာ မသိမ်းဆည်းတတ်ကြကုန်၊ [အသန္နိဟိတ ပရိက္ခရာ = ကောင်းစွာ မသိမ်းဆည်းအပ်သော ပရိက္ခရာ ရှိကုန်သည်၊ ဟောန္တိ၊ ] ဆဗ္ဗဂ္ဂီ ရဟန်းတို့ကလည်း (ထိုရဟန်းကလေးများကို ကျီစားလေ့ရှိရာ)အခါတစ်ပါး၌ ထိုရဟန်းကလေးများ၏ သပိတ်သင်္ကန်းကို ဝှက်ထား (ဖွက်ထား) ကြလေသည်၊ သတ္တရသဝဂ္ဂီ ရဟန်းကလေးများက "အရှင်ဘုရားတို့.... တပည့်တော်တို့၏ သပိတ်သင်္ကန်းကို ပေးကြပါ"ဟု တောင်းသောအခါ ဆဗ္ဗဂ္ဂီတို့က ရယ်မောကြကုန်၏၊ ထိုအကြောင်းကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။

**သိက္ခာပုဒ်။ ။ယော ပန ဘိက္ခု ဘိက္ခုဿ ပတ္တံဝါ စီဝရံဝါ နိသီဒနံဝါ သူစိဃရံဝါ ကာယဗန္ဓနံဝါ အပနိဓေယျဝါ အပနိဓာပေယျဝါ၊ အန္တမသော ဟာသာပေက္ခောပိ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင်ရဟန်းသည် ရဟန်းတစ်ပါး၏ သပိတ်ကိုသော်လည်းကောင်း၊ သင်္ကန်းကိုသော် လည်းကောင်း၊ အပ်ဘူးကိုသော် လည်းကောင်း၊ နိသီဒိုန်ကိုသော် လည်းကောင်း၊ ခါးပန်းကြိုးကို သော်လည်းကောင်း ကိုယ်တိုင်မူလည်း ဝှက်ထားအံ့, သူတစ်ပါး ကိုမူလည်း ဝှက်ထားစေအံ့၊ အောက်ထစ်ဆုံးအားဖြင့် ရယ်ရှင်မှုကို ငဲ့၍လည်း ဝှက်အံ့,ဝှက်စေအံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏။

ဤသိက္ခာပုဒ်အရ ရယ်ရှင်လို ကျီစားလို၍သော်လည်း ရဟန်း၏ သပိတ်, သင်္ကန်း,နိသီဒိုန်ခေါ် အခင်း, အပ်ဘူး, ခါးပန်းကြိုးများကို ဝှက်ထားလျှင် ပါစိတ်အာသင့်၏၊ တမင်သက်သက် ညှင်းဆဲလို၍ ဝှက်ထားရာ၌ကား ပါစိတ်အာပတ်သင့်ကြောင်း ပြောဖွယ်မရှိပြီ၊ သိက္ခာပုဒ်၌ တိုက်ရိုက်ပါသော ပစ္စည်းမှတစ်ခြားဖြစ်သော ခဲတန် စာအုပ် စသည်ကို ဝှက်ထားလျှင်လည်းကောင်း ရဟန်းမဟုတ်သော သာမဏေ–လူဝတ်ကြောင်များ၏သပိတ်သင်္ကန်း စသည်ကို ဝှက်ထားလျှင်လည်းကောင်း ဒုက္ကဋ် အာပတ်သင့်၏၊ ဝှက်လိုစိတ် မရှိဘဲ ပြောဆိုဆုံးမလို၍ သိမ်းထားလျှင်ကား အနာပတ္တိ။

**သုရာပါနဝဂ် ပြီး၏။**

# သပ္ပါဏကဝဂ်

## က။ သဥ္စိစ္စသိက္ခာပုဒ်

**အမှုသည်–ရှင်ဥဒါယီ။**
**အမှု-ကျီးကန်းသတ်မှု။**

**ကျီးကန်းမုန်းသော ရှင်ဥဒါယီ**

ရှင်ဥဒါယီသည် လူ့ဘောင်၌နေစဉ် လေးဆရာ ဖြစ်ခဲ့ဖူး၏၊ သူသည် ကျီးကန်းများကို အလွန်မုန်း၏၊ ထို့ကြောင့် ကျီးကန်းများကို လေးဖြင့်ပစ်သတ်၍ ဦးခေါင်းဖြတ်ပြီးလျှင် တံစို့၌ လျှိုထားလေသည်၊ အခြား ရဟန်းများ မြင်ကြ၍…. "ကေနိမေ အာဝုသော ကာကာ ဇီဝိတာ ဝေါရောပိတာ = ငါ့ရှင်တို့…. ဒီကျီးတွေကို ဘယ်သူသတ်ထားသလဲ"….ဟု မေးလေသော် "မယာ အာဝုသော, အမနာပါ မေ ကာကာ = တပည့်တော် သတ်ထားပါတယ်, အရှင်ဘုရားတို့….တပည့်တော် ကျီးကန်းတွေကို မနှစ်သက်ပါကုန် (အလွန်မုန်းပါတယ်)"ဟု ရှင်ဥဒါယီက လျှောက်လေသည်၊ ဤအကြောင်းကို ဗုဒ္ဓရှင်တော်ဘစ်ဆင့် ကြားတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်။

**သိက္ခာပုဒ်။** ။**ယော ပန ဘိက္ခု သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေယျ၊ ပါစိတ္တိယံ။**

မြန်မာပြန်။ ။အကြင်ရဟန်းသည် သတ္တဝါဟုသိသော သညာနှင့်တကွ စေ့ဆော်၍ တိရစ္ဆာန် သတ္တဝါကို ဇီဝိတိန္ဒြေမှ ခွင်းအံ့(ခွဲအံ့)ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။ဤသိက္ခာပုဒ်တော်အရ ကြမ်းပိုးဥကိုသော်လည်း သနားခြင်းကင်းမဲ့စွာ ဖြစ်ညှစ်ဖျက်ဆီးသောရဟန်းမှာ ပါစိတ်အာပတ်သင့်၏၊ ထို့ကြောင့် ကျောင်းကို ရှင်းလင်းသောရဟန်းသည် ကျောင်း၌ ကပ်တွယ်နေသောပိုးမွှားကလေးများအပေါ်ဝယ်သနားကြင်နာကရုဏာထား၍ သေနာသနဝတ် (ကျောင်းဝတ်)ကို ပြုရမည်။

## ၆။ သပ္ပါဏကသိက္ခာပုဒ်

**အမှုသည်–ဆဗ္ဗဂ္ဂီရဟန်းများ။**
**အမှု–ပိုးကောင်ရှိမှန်း သိလျက် ရေကိုသောက်မှု ချိုးမှု။**

**ပိုးကောင်ရှိသော ရေကိုသုံး စွဲမှု** ဆဗ္ဗဂ္ဂီ ရဟန်းသည် ပိုးကောင်ရှိသောရေကို (ပိုးကောင်= ပိုးလောက်လန်းစသည် ရှိမှန်းသိလျက်) သောက်ကြ, ချိုးကြ, သပိတ် စသည်ကို ဆေးကြကုန်၏၊ ထို့ကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ဇာနံ သပ္ပါဏကံ ဥဒကံ ပရိဘုဉ္ဇေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင် ရဟန်းသည် ပိုးကောင်ရှိသော ရေဟု သိလျက် ပိုးကောင်နှင့် တကွ ဖြစ်သော ရေကို သုံးစွဲအံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။ဤသိက္ခာပုဒ်တော်၌ ''ပိုးကောင်''ဟူသည် ပိုးလောက်လန်း စသော သေးသေးမွှားမွှား ပိုးကောင်ကလေးများတည်း၊ ထိုပိုး ကလေးများသည် ရေထဲ၌ရှိနေလျှင် သောက်လိုက်-ချိုးလိုက် ဆေး ကြောလိုက်သောအခါ သေရှာကြရတော့၏၊ ထို့ကြောင့် ပိုးရှိမှန်း သိလျှင် ထိုရေဖြင့် ကုဋီတကဲရာ၌ သန့်သက်ရေ မဆေးကောင်း, သပိတ် စသည် မဆေးကောင်း, မြေကြီးပေါ်၌လည်း သွန်မပစ် ကောင်း၊ သို့ဖြစ်၍ သောက်ရေ သုံးရေများကို ပိုးမကျနိုင်အောင် နေ့စဉ်လဲလှယ်ရမည်၊ သောက်ရေ၌ အမှုန်မပါအောင် ပိုးမပါ အောင် အမြဲစစ်၍ သောက်ရမည်၊ ကုဋီရေ၌လည်း ၂-ရက် ၃-ရက် ကြာလျှင် ပိုးကျတတ်သောကြောင့် ရေစစ်ရှိလျှင် သာ၍ကောင်း၏၊ သို့မဟုတ် နေ့စဉ်ရေလဲရမည်၊ ထိုသောက်ရေသုံးရေများ၌ ပိုးကျ နေလျှင် မြေကြီးပေါ်၌ သွန်မပစ်ဘဲ ရေများများရှိသော တွင်း- ချောင်း-ကန်ထဲ၌သာ လောင်းထည့်ရမည်။

---

## ၇။ ဥက္ကောဋ္ဋနသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီ ရဟန်းများ။**
**အမှု-ငြိမ်းပြီးသောအဓိကရုဏ်းကို လှုံ့ဆော်ပေးမှု။**

**ငြိမ်းပြီးသောကံကို ထပ်မံလှုံ့ဆော်မှု** အဓိကရုဏ်းတစ်ခုသည် ဝိနည်းတော်နှင့်အညီသံဃာတော် များ ဆုံးဖြတ်သဖြင့် ငြိမ်းအေးပြီးဖြစ်နေ၏၊ ဆဗ္ဗဂ္ဂီ ရဟန်းတို့ကား (ထိုသို့ ဝိနည်းတော်နှင့်အညီ ငြိမ်းအေးပြီး

ကြောင်း သိပါလျက်) ''အကတံကမ္မံ=ကံကိုမပြုအပ်သေး၊ ဒုက္ကဋံကမ္မံ= (ပြုပြီးစေကာမူ) ကံကိုမကောင်းသဖြင့် မတရားသဖြင့်ပြုအပ်ပြီ၊ ပုနကာတဗ္ဗံကမ္မံ= ကံကိုထပ်၍ ပြုသင့်၏၊ အနိဟတံ အဓိကရုဏ်းကို မနုတ်အပ်သေး၊ ဒုန္နိဟတံ= ( နုတ်အပ်ပြီးဖြစ်စေကာမူ ) မကောင်းသဖြင့် မတရားသဖြင့် နုတ်အပ်၏၊ ပုန နိဟရိတဗ္ဗံ=ထပ်၍နုတ်သင့်၏၊'' ဤသို့ ပြောဆိုကာ ထပ်၍ ကံပြုအောင် လှုံ့ဆော်ပေးကြလေသည်၊ ထို့ကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။

သိက္ခာပုဒ်။ ။ယော ပန ဘိက္ခု ဇာနံ ယထာဓမ္မံ နိဟဋာဓိကရဏံ ပုနကမ္မာယ ဥက္ကောဋေယျ၊ ပါစိတ္တိယံ။

[နိပ္ပာပြန်]။ ။အကြင်ရဟန်းသည် တရားသဖြင့် ငြိမ်းစေအပ်ပြီးသော အဓိကရုဏ်းဟုသိလျက် တရားနည်းလမ်းအတိုင်း နှိမ်နင်းအပ်ပြီးသော အဓိကရုဏ်းကို ထပ်မံ၍ ကံပြုဖို့ရာ လှုံ့ဆော်ပေးအံ့၊ ထိုရဟန်းပါစိတ်အာပတ်သင့်၏။

---

## ၃။ ဒုဋ္ဌုလ္လသိက္ခာပုဒ်

**အမှုသည်–ရဟန်းတစ်ပါး။**

**အမှု= အခြားရဟန်း၏ဒုဋ္ဌုလ္လအာပတ်ကို ဖုံးထားမှု။**

**ဒုဋ္ဌုလ္လအာပတ်ကို ဖုံးထားမှု** ရှင်ဥပနန္ဒသည်သုက္ကဝိသဋ္ဌိအမှုကြောင့် သံဃာဒိသေသ်အာပတ်သင့်၍ ထိုအာပတ်ကို နောင်တော်၏တပည့်ထံ ဒေသနာပြောပြီးလျှင် ''မာ ကဿစိ အာရောစေဟိ=ဘယ်သူ့မှမပြောလိုက်ပါနှင့်''ဟု နှုတ်ပိတ်ထား၏၊ ထိုရဟန်းကလည်း အာပတ်၏အကြောင်းကို ကောင်းကောင်း မသိရှာသဖြင့် ဘယ်သူ့မှ မပြောမိချေ၊ ထို့နောက် အခါတစ်ပါး၌ အခြားရဟန်းတစ်ပါးသည် ထိုသုက္ကဝိသဋ္ဌိသံဃာဒိသေသ် အာပတ်ကြောင့် ပရိဝတ်ဆောက်တည်နေ၏၊ (ထိုကျင့်ဝတ်၏ ထုံးစံမှာ တွေ့ရာမြင်ရာ ရဟန်းများကို မိမိပရိဝတ်နေကြောင်း ပြောပြရ၏၊ ထို့ကြောင့်) ထိုနှုတ်ပိတ်ခံရသော ရဟန်းကိုမြင်၍ ပရိဝတ်နေကြောင်း ပြောပြသောအခါ .

နှုတ်ပိတ်ခံရသောရဟန်း။ ။ဘယ်နှယ်လဲ, ဒီအာပတ်မျိုး သင့်သူမှန်လျှင် ဒီလိုချည်း ဝတ်ဆောက်တည်ရသလား။

ဝတ်ဆောက်တည်သောရဟန်း။ ။ဟုတ်ပါတယ်။

**နှုတ်ပိတ်ခံရသောရဟန်း**။ ။ရှင်ဥပနန္ဒ ကတော့ ဒီလို အာပတ်သင့်ပြီး "ဘသူ့မှ မပြောလိုက်ပါနှင့်"ဟု နှုတ်ပိတ်ထားတယ်။

**ဝတ်ရဟန်း**။ ။ကိုယ်တော်က ဘသူ့မှမပြောဘဲ ဖုံးထားသလား။

**နှုတ်ပိတ်ရဟန်း**။ ။ဟုတ်ပါတယ်။

ဤအကြောင်း ကို ဗုဒ္ဓရှင်ဘော်သိဘော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်၊ ဤသိက္ခာပုဒ်၌ ဒုဋ္ဌုလ္လအာပတ်ဟူသည် သံဃာဒိသေသ် အာပတ် သာတည်း၊ "ဖုံးထားခြင်း"ဟူရာ၌လည်း အာပတ်သင့်သူကို "အပြစ်တင်ကြ မှာစိုး၍ ကဲ့ရဲ့ရှုတ်ချခံရမှာစိုး၍ မျက်နှာပျက်မှာစိုး၍ ဂုဏ်ငယ်သွားမှာစိုး၍ ငဲ့ညှာသောအားဖြင့် ဖုံးထားခြင်းတည်း၊ ထိုသို့ဖုံးထားသူမှသာ ဤသိက္ခာပုဒ် အရ အာပတ်သင့်၏"၊ ထိုသို့ငဲ့ညှာ၍မဟုတ်ဘဲ "သူ့ကံနှင့်သူ ဖြစ်လိမ့်မည်" စသောသဘောရှိုးဖြင့် သူတစ်ပါးအား တစ်ဆင့်မပြောသူမှာ အာပတ်မသင့် ပါ။

**သိက္ခာပုဒ်**။ ။**ယော ပန ဘိက္ခု ဘိက္ခုဿ ဇာနံ ဒုဋ္ဌုလ္လံ အာပတ္တိံ ပဋိစ္ဆာဒေယျ၊ ပါစိတ္တိယံ**။

**မြန်မာပြန်**။ ။အကြင်ရဟန်းသည် ဒုဋ္ဌုလ္လအာပတ်ဟုသိလျက် ရဟန်း၏ ရှုန့်ရင်းဖော်သောအာပတ်ကို ဖုံးထားအံ့၊ ထိုရဟန်း ပါစိတ်အာပတ် သင့်၏။

---

## ၉။ ဦနဝိသတိဝဂ္ဂသိက္ခာပုဒ်

**အမှုသည်–ရဟန်းအများ။**

**အမှု–အသက် ၂ဝ-မပြည့်သူကို ရဟန်းပြုပေးမှု။**

**ဥပါလိ၏မိဘများ အရှည်မျှော်ပုံ**

ရာဇဂြိုဟ်မြို့၌တစ်ဆယ့်ခုနစ်ယောက်သော ကစားဖော် ကလေးများသည် "သတ္တရသဝဂ္ဂီ" ဟု ထင်ရှား၏၊ ထိုကလေးများတွင် ဥပါလိမည်သော ကလေးသည် ခေါင်းဆောင်ဖြစ်၏၊ အခါတစ်ပါး၌ ဥပါလိ၏ မိဘတို့သည် သားကလေး အတွက် နောင်ရေးကိုစဉ်းစား၍ "ကျုပ်တို့ကွယ်လွန်သောအခါသားကလေး ဥပါလိသည် ဘယ်လိုနည်းဖြင့် အသက်မွေးဝမ်းကြောင်း ချောင်လည်ရစ်ပါ့ မလဲ"....ဟု တိုင်ပင်ကြလေသည်။

**ပဌမအကြံ။** ။"စာရေးအတတ်သင်ရလျှင် ကောင်းလိမ့်မည်ထင်တယ်"။

**ဒုတိယအကြံ။** ။"စာရေးရလွန်းအားကြီးလို့ လက်ချောင်းကလေးတွေ ဒုက္ခများကုန်လိမ့်မည်၊ ဂဏန်းအတတ် သင်ရလျှင် ကောင်းပါလိမ့်မယ်"။

**တတိယအကြံ။** ။"ဂဏန်းသင်္ချာဆိုတာ များစွာကြံစီရတယ်,ကြံစီရလွန်းအားကြီးလျှင် သူ၏ရင်ဘတ် ဒုက္ခရောက်လိမ့်မယ်, ငွေပန်းထိမ်သည်အတတ်ကို သင်စေရလျှင် ကောင်းပါလိမ့်မယ်"။

**စတုတ္ထအကြံ။** ။"ငွေပန်းထိမ်အတတ်သင်ပေးလျှင် အရုပ်တံဆိပ်များကို လှည့်ကာပတ်ကာ ကြည့်ရှုရသဖြင့် မျက်စိများ ဒုက္ခ ရောက်ကုန်လိမ့်မယ်၊ ရဟန်းတော်များသည် ကောင်းသောသီလ အကျင့်ရှိကြ၍ ကောင်းစွာမွန်စွာ စားသောက်ပြီးလျှင် လေငြိမ်သော အိပ်ရာနေရာတို့၌ နေကြရတယ်၊ ဥပါလိသည် ရဟန်းပြုလျှင် ကောင်းမှာပဲ၊ ရဟန်းပြုလျှင် ကျုပ်တို့ ကွယ်လွန်သောအခါ ချမ်းသာစွာလဲ အသက်မွေးရမယ်၊ ပင်ပန်းဖွယ်လည်း မရှိနိုင်။

**ဥပါလိတို့ ရှင်ရဟန်းပြုကြပုံ** ထိုသို့ မိဘများတိုင်ပင်သံကို ဥပါလိကြား၍ သူ့ကစားဖော်များကို ပြောပြလေရာ, ကစားဖော်များကလည်း"ခင်ဗျား ဘုန်းကြီးလုပ်လျှင် ကျုပ်တို့လဲ ဘုန်းကြီးလုပ်ကြမယ်"ဟု ဝန်ခံကြ၍ ဆိုင်ရာမိဘတို့ကလည်း ကျေကျေနပ်နပ် ခွင့်ပြုကြသဖြင့် ပထမ ကိုရင်ဝတ်၍ တစ်ဆက်တည်း ရဟန်းပြုကြလေသည်၊ သူတို့သည် နံနက်စောစော၌ ဆာလောင်မွတ်သိပ်ရှာကြသဖြင့် အစောကြီးထပြီးလျှင် "ယာဂုပေးကြပါ, ထမင်းပေးကြပါ, သရေစာပေးကြပါ"ဟု တောင်းကာ ငိုကြရုံမက, ကျောင်းပေါ်မှာပင် ကျင်ကြီးကျင်ငယ်စွန့်ကြသဖြင့် တစ်ကျောင်းလုံးပေနေလေတော့သည်၊ ထိုအကြောင်းကို ဘုရားရှင်သိတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ဇာနံ ဦနဝီသတိဝဿံ ပုဂ္ဂလံ ဥပသမ္ပာဒေယျ၊ သော စ ပုဂ္ဂလော အနုပသမ္ပန္နော၊ တေ စ ဘိက္ခူ ဂါရယှာ၊ ဣဒံ တသ္မိံ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင်ရဟန်းသည် အသက် ၂၀-မပြည့်သေးမှန်းသိလျက် (ဥပဇ္ဈာယ်ဆရာလုပ်၍) ရဟန်းခံပေးအံ့၊ ထိုရဟန်းလောင်းလည်း ရဟန်းမဖြစ်၊ ထိုရဟန်းခံကိစ္စ၌ ပါဝင်ကြသော သံဃာများနှင့်ကမ္မဝါ

ဆရာလုပ်သူလည်း ကဲ့ရဲ့ထိုက်ကုန်၏၊ (“ကဲ့ရဲ့ထိုက်” ဟူရာ၌ “ဒုက္ကဋ် အာပတ် သင့်ကုန်၏” ဟု ဆိုလိုသည်၊) ဤအာပတ်ကား အသက် ၂၀-မပြည့်သေးသူကို သိလျက် ရဟန်းခံပေးသော ဥပဇ္ဈာယ် ဆရာ၌ သင့်သော ပါစိတ်အာပတ် တည်း၊ [အသက် ၂၀-ရေတွက်ရာ၌ အမိ ဝမ်းဝယ် ပဋိသန္ဓေနေရာရက်မှစ၍ တွက်ရသည်၊ အကျယ်ကို ဘာသာ ဋီကာမှာ ရှု။]

မှတ်ချက်။ ။အသက် ၂၀-မပြည့်သေး၍ အရွယ် နုသူတို့သည် အချမ်း, အပူ, ဆာလောင် မွတ်သိပ်ခြင်းဒဏ်ကို မခံနိုင်သေး၊ မှက်,ခြင်,လေပူ, နေပူ,ကင်းတို့၏ အတွေ့အထိဒဏ်ကိုမခံနိုင်သေး၊သူတစ်ပါးတို့က မခံသာအောင်·ပြောလာသော စကားနှင့် ကိုယ်ဆင်းရဲမှုများ ကိုလည်း မခံနိုင်သေး၊ ရဟန်းစစ်စစ် ဘဝဟူသည်မှာ (ဥပါသိ မိဘများ ထင်သလို အချောင်စား, အချောင်နေ မဟုတ်ကြ) ရာသတ်သရွေ့နှင့် စောင်းတိမ်ရမည့်ဘဝ, ဖြစ်သလိုနေထိုင်ရမည့် ဘဝ, ပရိယတ်ကိုဖြစ်စေ, ပဋိပတ်ကိုဖြစ်စေ လူများစီးပွားရေး ထက် ဖွဲ့သန်စွာ ဖြည့်ကျင့်ရမည့်ဘဝ ဖြစ်ပေသည်၊ ထို့ကြောင့် ဗုဒ္ဓရှင်တော်သည် အသက် ၂၀-ပြည့်မှ ရဟန်းဘဝဖြင့် နေခွင့် ပြုတော်မူရပေသည်။

---

## ၈။ ထေယျသတ္တသိက္ခာပုဒ်

**အမှုသည် ရဟန်းတစ်ပါး။**

**အမှု-ခိုးသူကုန်သည်နှင့် အတူသွားမိမှု။**

**ခိုးမည့်ကုန်သည်များနှင့် အတူ ခရီးသွားမှု**

ကုန်သည်တစ်စုသည် ရာဇဂြိုဟ်မှ အနောက်အရပ်သို့ ခရီးသွားရန်ပြင်ဆင်နေကြ၏[ပဋိယာလောကော-နေရောင်၏ ရှေးရှု ဖြစ်သော အနောက် အရပ်၊] ရဟန်းတစ်ပါးသည် “ငါရှင်(ဒါယကာ)တို့နှင့်အတူ လိုက်ပါရစေ”ဟု ပြော လေရာ, “တပည့်တော်တို့သည် (ကင်းကောက် မပေးရအောင်) ကင်းကို ရှောင်လွှဲ၍ သွားကြမလို့ပါ”ဟု လျှောက်ကြ၏၊ “သင်တို့ဘာသာ သိကြတာ ပေါ့”ဟု ရဟန်းကပြော၍ လိုက်သွားလေသည်။

စစ်မှုထမ်းတို့သည် ထို အကြောင်းကို ကြားသဖြင့် ထို ကုန်သည်များကို လမ်းကနေ၍ ဖမ်းကြပြီးလျှင် ထိုရဟန်းကိုလည်း “ကင်းခွန် မပေးရအောင် ခိုး၍သွားမည့် ကုန်သည်တွေမှန်း သိလျက် ဘာ့ကြောင့် အတူ သွားရပါ သလဲ”ဟု အပြစ်တင်ကြလေသည်၊ ထိုအကြောင်းကြောင့် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရ လေသည်။

သိက္ခာပုဒ်။ ။ယော ပန ဘိက္ခု ဇာနံ ထေယျသတ္ထေန သဒ္ဓိံ သံဝိဓာယ ဧကဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇေယျ အန္တမသော ဂါမန္တရမ္ပိ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင် ရဟန်းသည် ထေယျသတ္ထဟု သိလျက် ခိုး၍ လာသည့်ကုန်သည်, ခိုး၍သွားမည့်ကုန်သည်အပေါင်းနှင့် တစ်ကြောင်းတည်း အစွန့်ရှည်သောခရီးကို သွားအံ့၊ အောက်ထစ်ဆုံး အားဖြင့် အခြားတရွာသို့လည်း သွားအံ့၊ ထိုရဟန်းမှာ ပါစိတ်အာပတ် သင့်၏။

---

## ၆၈။ သံဝိဓာနသိက္ခာပုဒ်

**အမှုသည် - ရဟန်းတစ်ပါး။**

**အမှု - မာတုဂါမနှင့် အတူခရီးသွားမှု။**

မာတုဂါမနှင့် အတူသွားမှု

ရဟန်းတစ်ပါးသည် သာဝတ္ထိသို့သွားစဉ် ရွာတံခါး တစ်ခုကို ဖြတ်သွားရ၏၊ မိန်းမတစ်ယောက်ကား သူ့ ခင်ပွန်းနှင့် ရန်ဖြစ်၍ ထိုရွာမှ ထွက်လာရာ ထိုရဟန်းကို တွေ့၍ "ဘယ်ကြွမလို့ပါလဲ"ဟု မေး၏၊ "သာဝတ္ထိ ကြွမလို့"ဟု ပြောလျှင် "တပည့်တော်မလည်း အတူလိုက်ပါရစေ"ဟု လျှောက်လေသော် "လိုက်ခဲ့တာပေါ့" ဟု ခွင့်ပြုကာ အတူသွားနေစဉ် ယောကျ်ားဖြစ်သူ လိုက်လာ၍ (ထိုရဟန်းက ခေါ်သွားသည် ဟူသော အထင်ဖြင့်, ထိုရဟန်းကို ထောင်းထုပြီးမှ လွှတ်လိုက်လေသည်၊ ထိုရဟန်းလည်း သူ၏ဖြစ်ပုံကို တွေးတောလျက် သစ်ပင် အောက်၌ ထိုင်နေစဉ် (မိန်းမ၏ အဖြစ်မှန်ကို ပြောပြချက် အရ) ထိုယောကျ်ား လာ၍ ကန်တော့ တောင်းပန်လေသည်၊ ထိုအကြောင်းကို ကြားတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။ ။ယော ပန ဘိက္ခု မာတုဂါမေန သဒ္ဓိံ သံဝိဓာယ ဧကဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇေယျ အန္တမသော ဂါမန္တရမ္ပိ၊ ပါစိတ္တိယံ။**

မြန်မာပြန်။ ။အကြင်ရဟန်းသည် မာတုဂါမနှင့် အတူတကွ ချိန်းချက်၍ တစ်ကြောင်းတည်း အစွန့်ရှည်သော ခရီးကို အောက်ထစ်ဆုံး အားဖြင့် အခြား တစ်ရွာသို့လည်းသွားအံ့၊ ထိုရဟန်း ပါစိတ်အာပတ် သင့်၏။

မှတ်ချက်။ ။ဤသိက္ခာပုဒ်တော်အရ မာတုဂါမများနှင့်တိုင်ပင်၍ (''မည်သည့်ရက်နေ့ ဘုရားဖူးသွားကြစို့''စသည်ဖြင့် ချိန်းချက်၍ စစ်ကိုင်းမှ မန္တလေး စသည်သို့) မသွားကောင်း၊ ယခုကာလ၌ကား မြန်မာနိုင်ငံမှအိန္ဒိယ,သီရိလင်္ကာသို့ပင် (ထိုကဲ့သို့တိုင်ပင်ချိန်းချက်ကာ) ဘုရားဖူးဆို၍ သွားမိတတ်ကြသေး၏၊ သူတစ်ပါးတို့ ချိန်းချက်ရာဝယ် မိမိမပါဘဲ အချိန်ကျမှ ကိုယ့်ဘာသာ လိုက်သွားသူမှာ အပြစ်ခရှိ၊ စောစောကမချိန်းဘဲ သဘော ရတောကျမှ ဆုံမိ၍ သွားသူများလည်း(နောက်ထပ် ဆက်၍လည်း မချိန်းချက်ပါမူ) အာပတ် မသင့်၊ မိန်းမက ချိန်းချက်စေကာမူ ရဟန်းက ပြန်၍ မချိန်းချက်လျှင်လည်း အာပတ် မသင့်။ ၂ ဦးလုံး သဘောတူ တိုင်ပင် ချိန်းချက်၍ သွားမှသာ အာပတ် သင့်သည်၊ ဤသို့ သဘောတူ ချိန်းချက်တိုင်ပင်၍ကား ရွာချင်းကပ်နေသော အခြား တစ်ရွာသို့မျှ မသွားကောင်း။

---

## ၈။ အရိဋ္ဌသိက္ခာပုဒ်

**အမှုသည်-အရိဋ္ဌရဟန်း။**
**အမှု-မိစ္ဆာအယူကိုယူမှု။**

အရိဋ္ဌရဟန်း၏ မိစ္ဆာ အယူ

အရိဋ္ဌမည်သော ရဟန်း၏အမျိုး၌ ရှေးက ငှင်းတတို့ကို သတ်ဖြတ်ခဲ့ကြ ကုန်၏၊ ထို့ကြောင့် ''ဂဒ္ဓဗာဓိပုဗ္ဗ= ငှင်းတကို သတ်သော ပုဗ္ဗပုရိသရှိသူ''ဟု ထင်ရှားသော ထို အရိဋ္ဌရဟန်းမှာ မိစ္ဆာ အယူတစ်မျိုး ဖြစ်နေ၏၊ သူသည် သုတ္တန်ဘက်၌ ကျွမ်းကျင်သော ဓမ္မကထိက ပုဂ္ဂိုလ်တည်း၊ ဝိနည်း၌ကား မကျွမ်းကျင်ရှာချေ၊ ထို့ကြောင့် တစ်နေ့သ၌ ဆိတ်ငြိမ်ရာအရပ်ဝယ် တစ်ယောက်တည်း စဉ်းစားမိသည်မှာ—

''လူဝတ်ကြောင် တို့သည် အိမ်ထောင်ပြုလျက် ကာမဂုဏ်ကို ခံစားကာ သောတာပန်,သကဒါဂါမ်များ ဖြစ်နေကြ၏၊ (ကာမဂုဏ် မခံစားလျှင်)လူဝတ်ကြောင်အနာဂါမ်လည်းရှိ၏၊ ရဟန်းများလည်း နူးညံ့သော ပိုး ဖဲ ကတ္တီပါစသည်တို့ကို သုံးစွဲနိုင်ကြ၏၊ ထိုအလုံးစုံကို သုံးစွဲကောင်းလျှင် မိန်းမနှင့်ဆိုင်သော အဆင်း အသံ အနံ့ အရသာ အတွေ့အထိလည်း သုံးဆောင်ကောင်းစရာ ရှိသည်၊ ဤသို့ စဉ်းစားရုံတွင်မကဘဲ သူ့အယူဝါဒကို စပ်မိစပ်ရာ ပြောပြသည်—

''မြတ်စွာဘုရားသည် .... မေထုန် အကျင့် တို့ကို (ရဟန်းများပြုကျင့်လျှင်)လူ့ပြည် နတ်ပြည်နှင့် ဈာန် မဂ် ဖိုလ်၏ အန္တရာယ် ဖြစ်၏၊

မေထုန်မှီဝဲသော ရဟန်းသည် သေလျှင် လူ-နတ် မဖြစ်နိုင်, ဤဘဝ၌လည်း ဈာန် မဂ် ဖိုလ်ကို မရနိုင်, ကေန်မုချ အပါယ်ကျလိမ့်မည်”ဟု ဟောတော်မူ ထား၏၊ (အလွန်အမင်း တပ်မက်ခြင်း မရှိသော) အကြင်နည်းဖြင့် မှီဝဲလျှင် အန္တရာယ် မဖြစ်နိုင်၊ ထို အန္တရာယ် မဖြစ်နိုင်သော အခြင်းအရာနည်းလမ်းဖြင့် ဘုရားဟောထားသော တရားကို ငါ နားလည်ပါသည်”။

ဤသို့ စပ်မိစပ်ရာ ပြောပြသည်ကို ကြားကုန်သော ရဟန်းတို့က—

“ငါ့ရှင်....ဒီလို မပြောပါနှင့်, ဘုရားကို(မဟောဘဲနှင့် ဟောတယ်ဟု ပြောပြီး) မစွပ်စွဲပါနှင့်၊ ဘုရားကို စွပ်စွဲခြင်းသည် မကောင်းပါ၊ မြတ်စွာ ဘုရားသည် (သင် ပြောသလို ရဟန်းများ မေထုန် မှီဝဲလို့ အန္တရာယ် မဖြစ်ဘူးဟု) မဟောပါ၊ အန္တရာယ် ပြုတတ်သော မေထုန်အမှုတို့ကို ပရိယာယ် အမျိုးမျိုးဖြင့် အန္တရာယ် ပြုတတ်သည် ဟုပင် ဟောထားပါသည်၊ ထို မေထုန်တို့ကို မှီဝဲသော ရဟန်းမှာ(ထိုမေထုန်အကျင့်တို့က) အန္တရာယ် ပြုတတ်ကြပါသည်”။

ဤသို့ ရဟန်းများက ပြောဆို တားမြစ်ကြသော်လည်း မရဘဲ သူ့အယူဝါဒကို ချီးမြှောက်မြဲချီးမြှောက် (ဝါဒဖြန့်မြဲဖြန့်)နေလေရာ, ထိုအကြောင်းကို ဘုရားထံ လျှောက်ကြသဖြင့်, ခေါ်တော်မူ၍ စစ်ဆေး မေးမြန်းသည့် အခါ ထိုကဲ့သို့ ဟောထားသော တရားတော် မရှိဘဲ သူ့အထင်မျှသာ ဖြစ်သော ကြောင့် အရိဋ္ဌကို ကဲ့ရဲ့ပြစ်တင်တော်မူကာ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယော ပန ဘိက္ခု ဧဝံ ဝဒေယျ၊ တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ ယထာ ယေ မေ အန္တရာယိကာ ဓမ္မာ ဝုတ္တာ ဘဂဝတာ တေ ပဋိသေဝတော နာလံ အန္တရာယာယာတိ၊ သော ဘိက္ခု ဘိက္ခူဟိ ဧဝမဿ ဝစနီယော၊ မာယသ္မာ ဧဝံ အဝစ၊ မာ ဘဂဝန္တံ အဗ္ဘာစိက္ခိ၊ နဟိ သာဓု ဘဂဝတော အဗ္ဘက္ခာနံ၊ နဟိ ဘဂဝါ ဧဝံ ဝဒေယျ၊ အနေကပရိယာယေနာ ဝုသော အန္တရာယိကာ ဓမ္မာ အန္တရာယိကာ ဝုတ္တာ ဘဂဝတာ၊ အလဉ္စ ပန တေ ပဋိသေဝတော အန္တရာယာယာတိ၊ ဧဝဉ္စ

သော ဘိက္ခု ဘိက္ခူဟိ ဝုစ္စမာနော တထေဝ ပဂ္ဂဏှေယျ၊ သော ဘိက္ခု ဘိက္ခူဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗော တဿ ပဋိနိဿဂ္ဂါယ၊ ယာဝတတိယဉ္စေ သမနုဘာသိယမာနော တံ ပဋိနိဿဇ္ဇေယျ၊ ဣစ္စေတံ ကုသလံ၊ နော စေ ပဋိနိဿဇ္ဇေယျ၊ ပါစိတ္တိယံ။

သိက္ခာပုဒ်မြန်မာပြန်မှာ ဝတ္ထုကြောင်းအတိုင်း သိသာပြီ၊ ထိုဝတ္ထုကြောင်းအတိုင်း သူ့ဝါဒကိုချီးမြှောက်(ဝါဒဖြန့်)နေသော ရဟန်းကို ဉတ်ကမ္မဝါစာဖြင့် ၃-ကြိမ်ဆုံးမရမည်၊ ၃-ကြိမ်မစေ့ခင် ထိုအယူကို စွန့်လျှင် ဒုက္ကဋ်အာပတ်သင့်၏၊ ၃-ကြိမ်စေ့၍မျှမစွန့်လျှင်ကား ပါစိတ်အာပတ်သင့်သည်။

## ၆၉။ ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်

အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။

အမှု-နှင်ထုတ်ခံရသောရဟန်းနှင့် ပေါင်းသင်းမှု။

**သံဃာမှ ဖယ်ထုတ်ခံရသူ**

ရှေ့သိက္ခာပုဒ်၌ ပြခဲ့သည့်အတိုင်း အရိဋ္ဌရဟန်းသည် သူ၏မိစ္ဆာအယူကို မစွန့်သောကြောင့် သံဃာတော်က ဥက္ခေပနီယကံပြုထား၏၊ [သူများနှင့်အပေါင်းအသင်း အဆက်အဆံ မပြုဖို့ရန် ဖယ်ထုတ်ကြောင်းကံကို "ဥက္ခေပနီယကံ"ဟု ခေါ်၏၊ ထိုကံအပြုခံရသူကို "ဥက္ခိတ္တကပုဂ္ဂိုလ်"ဟု ခေါ်၏၊ (ဥက္ခိတ္တက = သံဃာမှ ဖယ်ထုတ်ထားအပ်သူ၊)] ထိုသို့ ဖယ်ထုတ်ခံရသောပုဂ္ဂိုလ်သည် ထိုကံကို ပြန်၍ ရုပ်သိမ်းကြောင်းဖြစ်သော ကျင့်ဝတ်များကိုပြုကျင့်နေရ၏၊ ထိုသို့ ကျင့်နေ၍ သံဃာက ကျေနပ်သောအခါ ကံကိုရုပ်သိမ်းပါရန် တောင်းပန်ရ၏၊ ထိုသို့ တောင်းပန်၍ ကံကိုရုပ်သိမ်းပြီးသောအခါ သံဃာသို့ ပြန်၍သွင်းရောက်၏၊ သံဃာတွင်းသို့ ပြန်သွင်းမှုကို "အနုဓမ္မ = လျော်သောအကျင့်"ဟု ခေါ်၏၊ ထိုသို့ မသွင်းရသေးသူကို "အကတာနုဓမ္မ = လျော်သောအကျင့်ကို မပြုရသေးသူ"ဟု ခေါ်သည်။

**ဥက္ခိတ္တကနှင့် ပေါင်းသင်းမှု**

ဆဗ္ဗဂ္ဂီရဟန်းတို့သည် အရိဋ္ဌရဟန်းကို ဥက္ခိတ္တက ပုဂ္ဂိုလ်မှန်းလည်းသိကြ၏၊ ဆိုင်ရာကျင့်ဝတ်ကို မကျင့်ဘဲ မိစ္ဆာ အယူကိုလည်းမစွန့်ဘဲ နေသာဖြင့် အနုဓမ္မကို (သံဃာက

အပေါင်းအသင်းလုပ်ဖို့ရန်ပြန်၍သွင်းမှုကို)မပြုရသေးဟုလည်းသိကြ၏၊ ထိုသို့ သိပါလျက် အရိဋ္ဌနှင့်အတူ အစားအဝတ်ကို ပေးလားကမ်းလား ယူလား ငင်လားပြုကြကုန်၏၊စာပေကိုလည်း သင်လား ချလားလုပ်ကြကုန်၏၊ (ဤသို့ အစားအဝတ်ကို ပေးကမ်းယူငင်မှုကို "အာမိသသံဘောဂ = အစားအဝတ်ကို အတူသုံးစွဲခြင်း"ဟု ခေါ်၏၊ စာပေကိုသူ့ထံသင်ခြင်း, သူ့ကိုချပေးခြင်းကို "ဓမ္မသံဘောဂ = တရားကို အတူသုံးစွဲခြင်း"ဟု ခေါ်၏၊ ဤ ၂-မျိုးလုံးကို သိက္ခာပုဒ်၌"သံဘုဉ္ဇေယျ"ဟု မိန့်တော်မူသည်။)

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုအရိဋ္ဌရဟန်းနှင့်အတူ ဥပုသ်ကံ, ပဝါရဏာကံ စသော ကံကြီးကံငယ်ကိုလည်း ပြုကြကုန်၏၊ ဤသို့ပြုခြင်းကို "သံဝါသ = အတူနေထိုင်ခြင်း"ဟုခေါ်၏၊ သိက္ခာပုဒ်၌"သံဝသေယျ"ဟုမိန့်တော်မူသည်၊ ထိုအရိဋ္ဌရဟန်းနှင့်အတူ အမိုးတူ အကာတူကျောင်း၌ အိပ်ကြကုန်၏၊ ဤသို့ အိပ်ခြင်းကို "သဟသေယျ"ဟု ခေါ်၏၊ သိက္ခာပုဒ်၌ "သဟသေယ်ျ"ဟု မိန့်တော်မူသည်၊ ဤသို့လျှင် ဥက္ခိတ္တကပုဂ္ဂိုလ်ဖြစ်သော အရိဋ္ဌရဟန်းနှင့် ဆဗ္ဗဂ္ဂီရဟန်းတို့ အတူပေါင်းသင်း ဆက်ဆံမှုကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်၊ [သိက္ခာပုဒ်၏အဓိပ္ပါယ်မှာ ဝတ္ထုကြောင်းဖြင့် ထင်ရှားပြီ၊ အရိဋ္ဌရဟန်းကား ထိုဥက္ခေပနီယကံ အပြုခံရပြီးနောက် ကျင့်ဝတ်များကို ကောင်းစွာမကျင့်ရုံသာမက, အတော်ကြာလျှင် ထိုမိစ္ဆာအယူကို မစွန့်နိုင်ဘဲ လူထွက်လေတော့သည်။]

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ဇာနံ တထာဝါဒိနာ ဘိက္ခုနာ အကတာနုဓမ္မေန တံ ဒိဋ္ဌိံ အပ္ပဋိနိသဋ္ဌေန သဒ္ဓိံ သံဘုဉ္ဇေယျ ဝါ သံဝသေယျ ဝါ သဟ ဝါ သေယ်ျ ကပ္ပေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင်ရဟန်းသည် ဥက္ခိတ္တကရဟန်းမှန်း သိလျက် ထို "တထာဟံ ဘဂဝတာ" အစရှိသော စကားကို ပြောလေ့ရှိသော မပြုအပ်သေးသော ဩသာရဏာကံ ရှိသော ထိုမိစ္ဆာအယူကို မစွန့်သေးသော ရဟန်းနှင့်အတူတစ်ကွ အာမိသဓမ္မသံဘောဂကိုမူလည်း ပြုအံ့၊ ဥပုသ်ပဝါရဏာစသော သံဝါသကိုမူလည်းပြုအံ့၊ သဟသေယျ ကိုမူလည်းပြုအံ့၊ ထိုရဟန်းမှာ ပါစိတ်အာပတ်သင့်၏။

## ၁၀။ ကဏ္ဍက သိက္ခာပုဒ်

-အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ။
အမှု-မိစ္ဆာအယူ မစွန့်သော သာမဏေနှင့် ပေါင်းသင်း ဆက်ဆံမှု။

ကဏ္ဍက သာမဏေ ကဏ္ဍကမည်သော သာမဏေမှာလည်း အရိဋ္ဌရဟန်းကဲ့သို့ မိစ္ဆာအယူဖြစ်နေလေသည်၊ ထိုအယူကို မစွန့်သဖြင့် ထိုသာမဏေကိုလည်း သံဃာတော်က "(အပေါင်းအသင်း မပြုရသော အားဖြင့်)" ဖျက်ဆီး ထားလေသည်၊ "ဖျက်ဆီး" ဆိုသည်ကား-ယနေ့ကစ၍ သင်သည် ဘုရားရှင်ကို ဆရာဟုမညွှန်ပြနှင့်၊ (ဒီလိုမိစ္ဆာအယူ ယူနေသူသည် ဘုရားရှင်၏ တပည့်မဖြစ်ထိုက်-ဟူလို၊) အခြား သာမဏေတို့သည် ရဟန်းတော်များနှင့် ၃-ညဉ့်အထိ တစ်မိုးတစ်ရံတည်းသော ကျောင်း၌ အိပ်ခွင့်ရ၏၊ ထို အခွင့်လည်းသင့်မှာမရနိုင်၊ အလကာ့ သာမဏေ....လေချင်ရာလေ လွင့်ချင်ရာလွင့်ပါး၍ ပျက်ပြားလေတော့"ဟု ကြေငြာ ပြောဆိုခြင်းတည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့ကား ဤသို့ ဖျက်ဆီးထားသော သာမဏေမှန်း သိလျက် (သူတို့ဘက်သားဖြစ်အောင်) သပိတ်ပေး-စာပေပို့ချလုပ်၍ ပြုစုယောင်း သွေးဆောင်ကြကုန်၏၊ ထိုသာမဏေ၏ အပြုအစုကိုလည်း ခံကြကုန်၏၊ အာမိသသံဘောဂ ဓမ္မသံဘောဂ ၂-မျိုးကိုလည်း ပြုကြကုန်၏၊ တစ်မိုးတရံတည်းသောကျောင်း၌ အတူလည်း အိပ်ကြကုန်၏၊ ထို အကြောင်းကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။ [သိက္ခာပုဒ် အဓိပ္ပာယ်လည်း ဝတ္ထုကြောင်း ထင်ရှားပြီ။]

သိက္ခာပုဒ်။ ။သမဏုဒ္ဒေသောပိ စေ ဧဝံ ဝဒေယျ "တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ၊ ယထာ ယေမေ အန္တရာယိကာ ဓမ္မာ ဝုတ္တာ ဘဂဝတာ၊ တေ ပဋိသေဝတော နာလံ အန္တရာယာယာ" တိ၊ သော သမဏုဒ္ဒေသော ဘိက္ခူဟိ ဧဝမဿ ဝစနီယော "မာဝုသော သမဏုဒ္ဒေသ ဧဝံ အဝစ၊ မာ ဘဂဝန္တံ အဗ္ဘာစိက္ခိ၊ န ဟိ သာဓု ဘဂဝတော အဗ္ဘက္ခာနံ၊ န ဟိ ဘဂဝါ ဧဝံ ဝဒေယျ၊ အနေကပရိယာယေနာဝုသော သမဏုဒ္ဒေသ အန္တရာယိကာ ဓမ္မာ

အန္တရာယိကာ ဝုတ္တာ ဘဂဝတာ၊ အလဉ္စ ပန တေ ပဋိ-
သေဝတော အန္တရာယာယာ''တိ၊ ဧဝဉ္စ ပန သော သမ-
ဏုဒ္ဒေသော ဘိက္ခူဟိ ဝုစ္စမာနော တထေဝ ပဂ္ဂဏှေယျ၊
သော သမဏုဒ္ဒေသော ဘိက္ခူဟိ ဧဝမဿ ဝစနီယော
''အဇ္ဇတဂ္ဂေ တေ အာဝုသော သမဏုဒ္ဒေသ နစေဝ
သော ဘဂဝါ သတ္ထာတိ အပဒိသိတဗ္ဗော၊ ယမ္ပိ စညေ သမ-
ဏုဒ္ဒေသာ လဘန္တိ ဘိက္ခူဟိ သဒ္ဓိံ ဒိရတ္တတိရတ္တံ သဟ
သေယျံ၊ သာပိ တေ နတ္ထိ၊ စရ ပိရေ ဝိနဿာ'' တိ၊ ယော
ပန ဘိက္ခု ဇာနံ တထာနာသိတံ သမဏုဒ္ဒေသံ ဥပလာပေ-
ယျ ဝါ ဥပဋ္ဌာပေယျ ဝါ သံဘုဉ္ဇေယျ ဝါ သဟ ဝါ သေယျံ
ကပ္ပေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်**။ ။သာမဏေသည်လည်း ဤသို့ ပြောဆိုအံ့၊ အဘယ်သို့ ပြောဆိုသနည်း၊ အကြင် မေထုန်အကျင့်တို့ကို နတ်ရွာ နိဗ္ဗာန် ချာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်၏ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်ပြီ၊ ထိုမေထုန်အကျင့်တို့ကို မှီဝဲသောရဟန်း၏ ထိုမေထုန်အကျင့်တို့သည် အကြင်သို့သော အပြားအားဖြင့် နတ်ရွာ နိဗ္ဗာန် ချာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုခြင်းငှာ မစွမ်းနိုင်ကုန်၊ ထို အပြားအားဖြင့် မြတ်စွာဘုရား ဟောသားတော်မူအပ်သော တရားကို ငါသိ၏၊ ဤသို့ပြောဆိုအံ့။

ထိုသာမဏေကို မြင်ကုန် ကြားကုန်သော ရဟန်းတို့သည် ဤသို့ ပြောဆိုထိုက်၏၊ (အဘယ်သို့ပြောဆိုထိုက်သနည်း)၊ ငါ့ရှင်သာမဏေ ... ဤသို့ မပြောပါနှင့်, မြတ်စွာဘုရားကို မစွပ်စွဲပါနှင့်, မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်းပါ, မြတ်စွာဘုရားသည် ဤငါ့ရှင်ပြောသည့် အတိုင်းမဟောတန်ရာပါ၊ ငါ့ရှင်သာမဏေ....ပရိယာယ်အမျိုးမျိုးဖြင့် အန္တရာယ်ကို ပြုတတ်ကုန်သော မေထုန်အကျင့်တို့ကို အန္တရာယ်ကို ပြုတတ်ကုန်၏ဟု ဟောတော်မူပါသည်၊ ထိုမေထုန်ကို မှီဝဲသော ရဟန်း၏ ထိုမေထုန်အကျင့်တို့သည် နတ်ရွာနိဗ္ဗာန် ချာန်မဂ်ဖိုလ်၏ အန္တရာယ်ကိုပြုခြင်းငှာ စွမ်းနိုင်ကုန်သည်သာ ဤသို့ ပြောဆိုထိုက်၏။

ဤသို့ရဟန်းတို့က ပြောဆိုအပ်ပါလျက် ထိုသာမဏေသည်

ရှေးနည်းအတိုင်း ချီးမြှောက်နေသေးအံ့၊ ( အယူမစွန့်သေးအံ့ )၊ ထိုသာမဏေကို ရဟန်းတို့သည် ဤသို့ပြောဆိုထိုက်၏၊ (အဘယ်သို့ ပြောဆိုထိုက်သနည်း )၊ ငါ့ရှင်သာမဏေ.... ယနေ့ကစ၍ သင်သည် ထို ငါတို့မြတ်စွာဘုရားကို ဆရာဟူ၍ မညွှန်ပြထိုက်တော့၊ သည်သာ မကသေး သင်မှတစ်ပါးကုန်သော သာမဏေတို့သည် ရဟန်းတို့နှင့် တကွ ၂-ည၃-ညဥ့်ပတ်လုံး အကြင်အဘူ အိပ်ခွင့်ကိုလည်း ရကြ ကုန်၏၊ ထိုအတူ အိပ်ခွင့်သည်လည်း သင့်အတွက်မှာ မရှိတော့ပြီ၊ 'ပြင်ပသူစိမ်း ဟဲ့လူပြိန်း....သွားလော့၊ တော်ရာချောင်ကြားပျက်ပြား လေလော့'' ဤသို့ ပြောဆိုထိုက်၏၊ အကြင်ရဟန်းသည် ထိုသို့ ဖျက်ဆီးအပ်ပြီးသော သာမဏေဟုသိလျက် ထို ဆိုအပ်ပြီးသော နည်းဖြင့် ဖျက်ဆီးအပ်ပြီးသော သာမဏေကို သွေးဆောင်မူလည်း သွေးဆောင်အံ့၊ လုပ်ကျွေးမူလည်း လုပ်ကျွေးစေအံ့၊ အာမိသဓမ္မ သံဘောဂကိုမူလည်းပြုအံ့၊ သဟသေယျကိုမူလည်းပြုအံ့၊ ထိုရဟန်းမှာ ပါစိတ်အာပတ်သင့်၏။

**သပ္ပါဏကဝင် ပြီး၏။**

# သဟဓမ္မိကဝဂ်

## က။ သဟဓမ္မိကသိက္ခာပုဒ်

**အမှုသည်—အရှင်ဆန္န။**
**အမှု—သိက္ခာပုဒ်ကိုမကျင့်လိုမှု။**

**သိက္ခာပုဒ်၌ မကျင့်လိုမှု** ဗုဒ္ဓရှင်တော်၏ ငယ်ကျွန်တော် အရှင်ဆန္နသည် သိက္ခာပုဒ်နှင့် မသင့်မတော်သော အကျင့်ကို ကျင့်၏၊ ထိုအခါ "ဤအမှုကိုမပြုပါနှင့်, မအပ်ပါ"ဟု အခြားရဟန်းတို့က ပြောဆိုအပ်သော် "အရှင်တို့ထက်တတ်သိနားလည်သော အခြားဝိနည်းဓိုရ်ကို အပ်သလား မအပ်ဘူးလားဟု မမေးရသေးသမျှ ဤသိက္ခာပုဒ်၌ တပည့်တော် မကျင့်နိုင်သေး"ဟု ပြော၏၊ ထိုအကြောင်းကို ဗုဒ္ဓရှင်တော် သိတော်မူ၍ အရှင်ဆန္နကို ခေါ်ယူကဲ့ရဲ့တော်မူပြီးလျှင် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။

**သိက္ခာပုဒ်။** ။**ယော ပန** ဘိက္ခု ဘိက္ခူဟိ သဟဓမ္မိကံ ဝုစ္စမာနော **ဧဝံ ဝဒေယျ "န** တာဝါဟံ **အာဝုသော ဧတသ္မိံ သိက္ခာပဒေ သိက္ခိဿာမိ၊** ယာဝ န **အညံ** ဘိက္ခုံ ဗျတ္တံ ဝိနယဓရံ ပရိပုစ္ဆာ**မီ"တိ၊** ပါစိတ္တိယံ၊ **သိက္ခမာနေန** ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ၊ **ပရိပုစ္ဆိတဗ္ဗံ ပရိပဉှိတဗ္ဗံ၊** အယံ တတ္ထ သာမီစိ။

**မြန်မာပြန်။** ။"ယောပန ဘိက္ခု" မှစ၍ "ပါစိတ္တိယံ" တိုင်အောင် မြန်မာပြန်မှာ ဝတ္ထုကြောင်းအတိုင်း သိသာပြီ၊ "သိက္ခမာနေန ဘိက္ခဝေ။ပေ။ အယံ တတ္ထ သာမီစိ" ဟူသော စကားတော်ကား ရဟန်းဟူသမျှ လိုက်နာရမည့် ကျင့်ဝတ်ကိုပြသောစကားတော်တည်း၊ ရဟန်းမှန်လျှင် သိက္ခာပုဒ်တော်၌ ကျင့်ကြံလိုသော စိတ်ရှိရမည်၊ ကျင့်ကြံလိုစိတ်ရှိသည်ဖြစ်၍ သိက္ခာပုဒ်တိုင်း၏ အနက်အဓိပ္ပာယ်ကို သိအောင် ကြိုးစားရမည်၊ မသိလျှင်လည်း မေးရမည်၊ မေးပြီးနောက်လည်း (ကိုယ်စိတ်ထဲ၌စွဲနေလောက်အောင်) စဉ်းစားရမည်၊ ဤသို့သိအောင်ပြုရ, မသိလျှင်မေးရ, မေးပြီးနောက်လည်း စဉ်းစားရခြင်းကား လောကုတ္တရာ တရားကို ရဖို့ရန် လျှော်ကန်သော အကြောင်းပေတည်း။

# ၁။ ဝိလေခနသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။**
**အမှု—ဝိနည်းသိက္ခာပုဒ်ကို ကဲ့ရဲ့မှု။**

**ဝိနည်း ချီးမွမ်းတော်မူခြင်း** အခါတစ်ပါး၌ ဘုရားရှင်သည် ဝိနည်းနှင့် စပ်သော တရားစကားကို များစွာဟောပြောတော်မူ၏၊ ဝိနည်း သိက္ခာပုဒ်(မာတိကာ) ကို အကျယ်ခွဲ၍ ဝိနည်းကို သင်ယူခြင်း၏ ဂုဏ်ကျေးဇူးများကို ဟောတော်မူ၏၊ ဟောတော်မူပုံကား—

၁။ ဝိနည်းကိုနားလည်သော (ဝိနည်းမိုရ်) ပုဂ္ဂိုလ်သည် မိမိသီလကိုလည်း လုံခြုံအောင် စောင့်ထိန်းနိုင်၏၊ "နားမလည်သူကား မည်ကဲ့သို့ ထိန်းသိမ်း စောင့်ရှောက်ရမည် ဟု မသိသောကြောင့် သီလကျိုးပျက် ပေါက်ကြားလျက် ရှိတတ်သည်" ဟူလို၊

၂။ ဝိနည်းနှင့်စပ်၍ အပ်လေသလား, မအပ်လေသလား ဟု ယုံမှားသံသယ ရှိနေသော ရဟန်းကောင်းများ၏ မှီခိုအားထားရာလည်း ဖြစ်၏၊ "ထိုဝိနည်းမိုရ်ထံ မေးမြန်းလိုက်ရမှ သံသယကင်း၍ စိတ်ရှင်းသွား သည်" ဟူလို။

၃။ မိမိက အပ်,မအပ်ကို ပြတ်ပြတ်သားသား နားလည်ပြီး ဖြစ်သော ကြောင့် သံဃာ့အလယ်၌ ပြောဆိုဆုံးဖြတ်ဖွယ်ရှိလျှင် ရဲရဲရင့်ရင့် ပြောဆိုနိုင်၏၊

၄။ သာသနာတော်၏ ဆူးငြောင့် ခလုတ်သဖွယ်ဖြစ်သော ရန်သူ့,မိမိ၌ စွပ်စွဲလာသော ရန်သူများကို (ဝိနည်းဥပဒေတော်ကို ညွှန်ပြ၍)ကျကျ နန နှိမ်နင်းနိုင်၏။

၅။ သူတော်ကောင်းတရား (သာသနာတော်) တည်တံ့ဖို့ရာ ကျင့်သော ပုဂ္ဂိုလ်လည်းဖြစ်၏၊ ဤသို့စသည်ဖြင့် ဝိနည်းကို သင်ယူခြင်း၏ အကျိုး များကို ဟောတော်မူသည်။

ဝိနည်းအရာဝယ် ဧတဒဂ်ရတော်မူသော အရှင်ဥပါလိ၏ ဂုဏ်ကျေးဇူး ကိုလည်း(ဥပါလိသည် ဤသို့ဤပုံ ဝိနည်းကို တတ်သိနားလည်၏- စသည်ဖြင့် ဝိနည်းနားလည်ပုံ အမျိုးမျိုးကို ညွှန်ပြ၍) မိန့်ဟော်မူ၏၊ [ဤသို့ မိန့်တော် မူခြင်းကား ရဟန်းအများ ဝိနည်းသင်ယူချင်လာအောင် မိန့်တော်မူခြင်းဖြစ် သည်။]

ရဟန်းအများ ဝိနည်းသင်ကြပုံ

ဤပြခဲ့သော နည်းအားဖြင့် ဘုရားရှင်သည် ဝိနည်း၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း, ဝိနည်းမိုရ် အရှင် ဥပါလိ၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း မိန့်တော်မူသောအခါ များစွာသော ရဟန်းတို့သည် ဝိနည်းကို တတ်သိ နားလည်လိုသောစိတ်, အရှင်ဥပါလိအထံ ဝိနည်းကိုသင်ယူ- လိုသောစိတ်များ ဖြစ်ပေါ်လာကြသောကြောင့် ရဟန်းငယ် ရဟန်းလတ်နှင့် ထေရ်ကြီး အများပင် အရှင်ဥပါလိအထံ၌ ဝိနည်းတရားတော်ကို သင်ယူကြလေသည်။ [ထိုသို့ သင်ယူ၍ မိမိတို့ သိသမျှကိုလည်း "ဘယ်ဟာကို ပြုကောင်းတယ်, ဘယ်ဟာကို မပြုကောင်းဘူး" စသည်ဖြင့် ပြောကြဟန်တူသည်။]

ဆဗ္ဗဂ္ဂီကို ဝိနည်းကဲ့ရဲ့ပုံ

ထိုသို့ ရဟန်းတော်အများပင် ဝိနည်းကို သင်ယူလေ့လာကြသောအခါ (အရာမှာ၌ ပေါ့ပေါ့ဆဆ နေလိုကြသော) ဆဗ္ဗဂ္ဂီရဟန်းတို့ တိုင်ပင်ကြသည်မှာ- "ငါ့လူတို့ ယခုအခါ ရဟန်းအများပင် ဥပါလိအထံ၌ ဝိနည်းကို သင်ယူနေကြသည်၊ သူတို့ဟာတွေ ဝိနည်း တတ်လာပဲ့အခါ ငါတို့ကို (ယေနိစ္ဆကံ=အလိုရှိသော အကြောင်းအရာဖြင့်၊ ယဒိစ္ဆကံ-အလိုရှိသော အပြစ်သို့၊ ယာဝဒိစ္ဆကံ-အလိုရှိတိုင်း) ဆွဲကြ ငင်ကြလိမ့်မည်၊ ဒါ့ကြောင့် ငါတို့က ဝိနည်းအပြစ်ကို ယခုနှယ်က တင်ကြို၍ ပြောထားကြစို့။"

ဤသို့ တိုင်ပင်ကြပြီးလျှင် "ဤ ခုဒ္ဒါနုခုဒ္ဒက (သေးသေးနုပ်နုပ်) သိက္ခာပုဒ်ကလေးတွေကို သင်ယူနေခြင်းဖြင့် ဘာအကျိုးရှိမှာလဲ၊ (ပါရာဇိက, သံဃာဒိသေသ် သိက္ခာပုဒ်ကြီးတွေကိုတတ်သိနားလည်လျှင် တော်ရော့ပေါ့-ဟု ဆိုလိုသည်၊) ဤ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်ကလေးတွေဟာ (သူတို့ကို သင်အံလေ့ကျက် ဆောင်ရွက်နေသမျှ ) ကုက္ကုစ္စ- ဝိဟေသ- ဝိလေခ ဖြစ်ဖို့သာရှိတယ်၊ (သည့်ပြင် ဘာအကျိုးမှမရှိ)"ဟု သိက္ခာပုဒ်များကို ကဲ့ရဲ့ကြလေသည်။

ကုက္ကုစ္စ ။ ။တစ်စုံတစ်ခု ပြုမိပြောမိလျှင် ငါ ပြုတာ ငါပြောတာ အပြစ်ရှိလေမလား, မရှိဘူးလားဟုတွေးတောကြံဆနေမှုကို "ကုက္ကုစ္စ"ဟု ခေါ်၏။

ဝိဟေသာ ။ ။ထိုသို့ တွေးတောနေရသဖြင့်စိတ်ပင်ပန်းမှုကို "ဝိဟေသာ" ဟု ခေါ်၏။

ဝိလေခ ။ ။ဤသို့ ကုက္ကုစ္စဖြစ်နေသောအခါ စိတ်ကို တစ်စုံတစ်ခုဖြင့် ရေးခြစ်နေသကဲ့သို့ ဖြစ်ခြင်းကို "ဝိလေခ"ဟုခေါ်သည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ပါတိမောက္ခေ ဥဒ္ဒိဿမာနေ ဧဝံ ဝဒေယျ "ဣဒါနေဝ ခေါ အဟံ ဇာနာမိ အယမ္ပိ ကိရ ဓမ္မော သုတ္တာဂတော သုတ္တပရိယာပန္နော အနွဒ္ဓမာသံ ဥဒ္ဒေသံ အာဂစ္ဆတီ"တိ၊ သိက္ခာပဒဝိဘင်္ဂေ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင်ရဟန်းသည် ပါတိမောက်ကို ရွတ်ဆိုအပ်သော် ဤသို့ပြောဆိုအံ့၊ (အဘယ်သို့ ပြောဆိုရာသနည်း၊) "ရွတ်ဆိုအပ်ကုန်သော ငယ်ကုန် သာ၍ငယ်ကုန်သော ဤသိက္ခာပုဒ်တို့ဖြင့် ဘာအကျိုးရှိမှာလဲ၊ ဤခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့သည် အလွန်အကဲ သာလျှင် ကုက္ကုစ္စအကျိုးငှာ လည်းကောင်း, ပင်ပန်းခြင်းငှာလည်း ကောင်း, စိတ်ကိုရေးခြစ်သကဲ့သို့ ဖြစ်သော ဝိစိကိစ္ဆာ အကျိုးငှာ လည်းကောင်း, ဖြစ်ကုန်၏" ဤသို့ ပြောဆိုအံ့၊ ဤသို့ သိက္ခာပုဒ်ကို ကဲ့ရဲ့ခြင်းကြောင့် ထိုရဟန်းမှာ ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။"ဝိနည်းကို ကဲ့ရဲ့၍ ဝိနည်းကို မသင်ကြားပါနှင့်"ဟု ပြောလျှင်လည်း ဤသိက္ခာပုဒ်အရ အပြစ်ရှိ၏၊ ကဲ့ရဲ့လို၍ မဟုတ်ဘဲ "သုတ္တန်ကို အလျင်သင်ပါ, နောက်မှ ဝိနည်းသင်ပါပေါ့"ဟု ပြောခြင်းမျိုး အာပတ်မသင့်။

---

## ၈။ မောဟနသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။**
**အမှု-သိလျက်အပြစ်ကို ပြုပြီးနောက် မသိ၍ ပြုမိဟန် ဆောင်မှု။**

**ဆဗ္ဗဂ္ဂီများ ဥာဏ်**

ဆဗ္ဗဂ္ဂီရဟန်းများသည် ဝိနည်းနှင့် မလျော်သော အမှုကို ပြုကြ၏၊ [လောက၌ မသိလို့ အပြစ်ပြုမိသူကို ပတ်ဝန်းကျင်က သိပ်ပြီး အထင်မသေးလှ၊ သိလျက် အပြစ်ပြုသူကိုသာ အထင်သေးကြ, အပြစ်တင်တတ်ကြလေသည်၊] ထိုထုံးစံကို နားလည်ပြီးသော ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဥပုသ်ပြုသောအခါ၌ပါတိမောက်ကို ရွတ်ဆိုရာတွင် သူတို့ပြုမိသော အပြစ်မျိုးကို မပြုလုပ်ကောင်းကြောင်း ညွှန်ပြသော သိက္ခာပုဒ်သို့ ရောက်လေလျှင် "ဟင်....ခုမှသိရတယ်၊ ဤသိက္ခာပုဒ်လဲ လခွဲ တစ်ကြိမ်ကျ ပါတိမောက် ရွတ်ပြရာတွင် ပါဝင်သကိုး"ဟု ပြောဆိုကာ မသိဟန်ဆောင်ကြလေသည်။

**မောဟနက ကံပြုပုံ** သူက မသိဟန်ဆောင်သော်လည်း ရှေးအလျင် ပါတိမောက်ရွတ်ပြစဉ်က (ဥပုသ်ပြုစဉ်က) ၂-ခါ ၃-ခါထက် မနည်း ပါဝင်ဖူးကြောင်းကို အများလည်း သိနေအံ့၊ [ယခုအကြိမ်မှ ပါတိမောက်ကို ပထမကြားနာရသူမဟုတ်၊ ရှေးဥပုသ်နေ့များတုန်းကလည်း ၂-ခါ ၃-ခါ ကြားနာဖူးပြီ ဟူလို၊] ထိုသို့ ရှေးကလည်း ကြားဖူးပါလျက် ယခုမှကြားသိရလေဟန်ဆောင်သူကို မောဟကံသို့ တင်ရမည်၊ "မောဟကံသို့တင်" ဆိုသည်ကား မသိဟန်ဆောင်သူအား ပြုအပ်သောကံကို သံဃာ့အလယ်မှာ ဉတ်ကမ္မဝါစာဖြင့် ရွတ်ဆို၍ မောဟကံ (မသိဟန်ဆောင်သူအား ပြုအပ်သောကံ)ပြုရမည်-ဟု ဆိုလိုသည်၊ မောဟကံ မပြုမီက မသိဟန်ဆောင်မှုကြောင့် ဒုက္ကဋ်အာပတ်သင့်၏၊ မောဟကံ ပြုပြီးနောက်မှ ထပ်၍ မသိဟန်ဆောင်လျှင်ကား ဤသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်၏။

သိက္ခာပုဒ်။ ။**ယော ပန** ဘိက္ခု **အန္ွဍမာသံ** ပါတိမောက္ခေ ဥဒ္ဒိဿမာနေ **ဧဝံ** ဝဒေယျ "ဣဒါနေဝ ခေါ အဟံ ဇာနာမိ၊ **အယမ္ပိ** ကိရ ဓမ္မော သုတ္တာဂတော သုတ္တပရိယာပန္နော အန္ွဍမာသံ ဥဒ္ဒေသံ **အာဂစ္ဆတီ**"တိ၊ တဉ္စေ ဘိက္ခုံ **အညေ** ဘိက္ခူ **ဇာနေယျုံ** **နိသိန္နပုဗ္ဗံ** **ဣမိနာ** ဘိက္ခုနာ ဒွတ္တိက္ခတ္တုံ **ပါတိမောက္ခေ** **ဥဒ္ဒိဿမာနေ၊ ကော ပန ဝါဒေါ ဘိယျော၊** န စ **တဿ** ဘိက္ခုနော **အညာဏကေန** မုတ္တိ အတ္ထိ၊ **ယဉ္စ** **တတ္ထ** **အာပတ္တိံ** **အာပန္နော၊** **တဉ္စ** **ယထာ** **ဓမ္မော** **ကာရေတဗ္ဗော၊** ဥတ္တရိဉ္စဿ **မောဟော** **အာရောပေတဗ္ဗော၊** "တဿ **တေ** **အာဝုသော** **အလာဘာ၊** **တဿ** **တေ** ဒုလ္လဒ္ဓံ၊ **ယံ** **တွံ** ပါတိ- **မောက္ခေ** **ဥဒ္ဒိဿမာနေ** န **သာဓုကံ** **အဋ္ဌိံ** **ကတွာ** **မနသိ** **ကရောသီ**"တိ၊ ဣဒံ တသ္မိံ **မောဟနကေ** ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင် ရဟန်းသည် အစဉ်အားဖြင့် လခွဲတိုင်း ပါတိမောက်ရွတ်ပြအပ်သော် ဤသို့ ပြောဆိုအံ့၊ (အဘယ်သို့ ပြောဆိုရာသနည်း) "ယခုမှသာ တပည့်တော် သိရတယ်၊ ဤသိက္ခာပုဒ်၊ တရားတော်သည်လည်း ပါတိမောက် ပါဠိတော်၌လာသည် ပါတိမောက်

ပါဠိတော်၌ အကျုံးဝင်သည်ဖြစ်၍ လခွဲတိုင်း ရွတ်ပြအပ်သည်၏ အဖြစ်သို့ ရောက်သကိုး" ဤသို့ ပြောဆိုအံ့၊ ထိုရဟန်းကို အခြား ရဟန်းတို့က ဤရဟန်းသည် ၂-ကြိမ် ၃-ကြိမ် ပါတိမောက်ရွတ်ပြအပ်စဉ် ဥပုသ်ပြုသံဃာတွင် ပါဝင်နေထိုင်အပ်ဖူးသည်ကို အကယ်၍သိကုန်အံ့၊ ၂-ကြိမ် ၃-ကြိမ်ထက် အလွန်ပါဝင်ဖူးမှုကား ပြောဖွယ်မရှိတော့ချေ။

ဆက်ဦးအံ့၊ ထိုရဟန်းမှာ မသိဟန်ဆောင်ခြင်းကြောင့် အာပတ်မှလွတ်ခွင့်မရှိ၊ ထိုသိက္ခာပုဒ် လွန်ကျူးခဲ့ရာ၌ အကြင်အာပတ်သို့ ရောက်ပြီ၊ ထို အာပတ်ကိုလည်း ဝိနည်းသိက္ခာပုဒ်မှာပါသော အခြင်းအရာအားဖြင့် ကုစားစေထိုက်၏၊ ထို့ထက် တိုးတက်၍လည်း ထိုရဟန်း၏ အပေါ်သို့ မောဟကံ တင်ရမည်၊ (အဘယ်သို့ ကဲ့ရဲ့ပြီး၍ တင်ရမည်နည်း) "ငါ့ရှင် အကြင်သင်သည် ပါတိမောက်ရွတ်ပြအပ်စဉ် ကောင်းမွန်စွာအကျိုးရှိသည်ကိုပြု၍ နှလုံးမသွင်း ထိုသင်သည် ဒိဋ္ဌဓမ္မိက သမ္ပရာယိက လာဘ်တို့ကို မရအပ်ဖလကုန်ဖွ၊ ထိုသင်သည် ကံကောင်းထောက်မသဖြင့် ရအပ်သော လူ့အဖြစ်ကို အရမတော်လေစွ" ဤသို့ကဲ့ရဲ့ပြီး၍ မောဟကံသို့တင်ရမည်၊ ထိုမသိဟန်ဆောင်သော ပုဂ္ဂိုလ်၌ ဤပါစိတ်အာပတ်သင့်သည်။

**မှတ်ချက်။** ။"မသိဟန်မဆောင်ခင်က ကျူးလွန်မိသောအာပတ်ကို ဝိနည်း ဟရားတော်အတိုင်း ကုစားရမည်"ဟူရာ၌ မေထုန်မှီဝဲခြင်း, သူ့ဥစ္စာ ခိုးခြင်း စသော ပါရာဇိကမှုကိုပြုမိလျှင် လူထွက်စေရမည်၊ သံဃာဒိသေသ် စသော အာပတ်ကို ကျူးလွန်မိလျှင်လည်း သံဃာဒိသေသ်စသည် ယုံးစံအတိုင်း ကုစားစေရမည်၊ မသိဟန်ဆောင်သည့်အတွက် သင့်ပြီးသောအာပတ်မှလည်း လွတ်လပ်သက်သာခွင့် မရ-ဟုမှတ်။

## ၅။ ပဟာရသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ။**

**အမှု-ရိုက်နှက်ပုတ်ခတ်မှု။**

**ဆဗ္ဗဂ္ဂီနှင့် သတ္တရသဝဂ္ဂီ** ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီ ရဟန်းကလေးတို့ကို ရိုက်နှက်ပုတ်ခတ်ကြကုန်၏၊ ရဟန်းကလေးတို့သည် ငိုကြွေးကုန်၏၊ ထိုအကြောင်းကို ဘုရားရှင်ကြားသိတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ဘိက္ခုဿ **ကုပိတော အနတ္တ-မနော ပဟာရံ ဒဒေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင်ရဟန်းသည် စိတ်ဆိုးသည် မိမိစိတ်မရှိသည်ဖြစ်၍ ရဟန်းအား ပုတ်ခတ်ခြင်းကိုပေးအံ့၊ ထိုရဟန်း ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။ရဟန်းကို ရိုက်နှက်ပုတ်ပေါ်လျှင် ပါစိတ်၊ လူ-သာမဏေ တိရိစ္ဆာန်တို့ကို ရိုက်နှက်ပုတ်ပေါ်လျှင် ဒုက္ကဋ်ပေတ်၊ သေစေလိုသော စေတနာမရှိဘဲ နာကျင်အောင် ရိုက်နှက်ရာက မတော်တဆ လက်လွန်၍ သေသွားစေကာမူ ပါရာဇိကမကျ၊ သူတစ်ပါးကနှိပ်စက် လာသဖြင့် သူတို့ဘေးမှ လွတ်မြောက်အောင် ကာကွယ်ရာ၌ကား လက်လွန်၍ သေစေကာမူ အာပတ်မသင့်။

---

## ၄။ တလသတ္တိကသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ၊**
**အမှု—ရိုက်နှက်တော့မလိုချိန်ရွယ်မှု။**

**ဆဗ္ဗဂ္ဂီနှင့် သတ္တရသဝဂ္ဂီ** ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီ ရဟန်းကလေးတို့အား ရိုက်တော့မည့် ဟန်ဖြင့် ချိန်ရွယ်ကြကုန်၏၊ သတ္တရသဝဂ္ဂီ ရဟန်းကလေးတို့သည် ရှေးက အရိုက်ခံရဖူးလှသဖြင့် ယခုလည်း ရိုက်တော့မည်ထင်ရကား ရွယ်ရုံဖြင့် ငိုကြွေလေတော့၏၊ ထိုအကြောင်းကို ဘုရားရှင်ကြားသိတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယောပန ဘိက္ခု ဘိက္ခုဿ **ကုပိတော** အနတ္တမနော **တလသတ္တိကံ ဥဂ္ဂိရေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင် ရဟန်းသည် ရဟန်း၏အပေါ်၌ စိတ်ဆိုးသည် မိမိစိတ်မရှိသည်ဖြစ်၍ လုံ၏အလား လက်ဝါးပြင်ကို မိုးအံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏၊

**မှတ်ချက်။** ။ရိုက်မည်ဟုမကြံရွယ်ဘဲ ခြိမ်းချောက်လိုသောကြောင့် ရဟန်းအပေါ်၌ လက်ဝါးကြီး တမိုးမိုး၊ လက်သီးတရွယ်ရွယ်၊ တုတ်ဓားတပြပြ လုပ်လျှင် ပါစိတ်၊ ယိုသို့ ခြိမ်းခြောက်ရွယ်မိုးရင်း အားလွန်သွား၍ ရိုက်မိလျှင် ထိုရိုက်မိမှုကြောင့်-(ရိုက်မည်ဟု ရည်ရွယ်ချက်မရှိရကား) ရှေးသိက္ခာပုဒ်အရ ပါစိတ်ထပ်၍ မသင့်ဘဲ ဒုက္ကဋ်သာ ထပ်၍ သင့်တော့၏၊ ရန်သူက ရန်မူလာ၍ လွတ်မြောက်အောင် ချိန်ရွယ်ရာ၌ကား အာပတ်မသင့်ပါ။

## ၈။ အမူလကသိက္ခာပုဒ်

အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။
အမှု-ရဟန်းတစ်ပါးကို သံဃာဒိသေသ် အာပတ်ဖြင့် စွပ်စွဲမှု။

ဆဗ္ဗဂ္ဂီနှင့် ရဟန်း တစ်ပါး

ဆဗ္ဗဂ္ဂီရဟန်းတို့သည် (မိမိတို့ကိုယ်တိုင် သူများက စွပ်စွဲဖွယ် အပြစ်တွေ များလှသဖြင့် သူတစ်ပါးကို မိမိတို့က စွပ်စွဲထားလျှင် သူတို့ကို အခြား ရဟန်းများက မစွပ်စွဲနိုင်ဟု အယူရှိရကား) ရဟန်းတစ်ပါးအား သံဃာဒိသေသ်အာပတ် သင့်လောက်သော အမှုတစ်စုံတစ်ရာ ပြုနေသည်ကို မြင်လည်းမမြင်, တစ်ဆင့်စကားလည်း မကြား, ပြုနေဟန်တူသည်ဟု ယုံမှားသံသယလည်း မဖြစ်ပါဘဲ (မြင်မှု ကြားမှု ယုံမှားမှုတွင် တစ်စုံတစ်ခုမျှ အကြောင်းရင်း အခြေခံ မရှိပါဘဲ) သက်သက် "ကိုယ်တော်မှာ သံဃာဒိသေသ် အာပတ် သင့်သည်" ဟု စွပ်စွဲ ပြောဆိုကြလေ၏၊ ထိုအကြောင်းကို ဘုရားရှင်သိတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယော ပန ဘိက္ခု ဘိက္ခုံ **အမူလကေန သံဃာဒိသေသေန အနုဒ္ဓံသေယျ၊ ပါစိတ္တိယံ။**

မြန်မာပြန်။ ။အကြင် ရဟန်းသည် ရဟန်းကို အခြေအမြစ် မရှိသော သံဃာဒိသေသ် အာပတ်ဖြင့် စွပ်စွဲအံ့၊ ထိုရဟန်း ပါစိတ် အာပတ် သင့်၏။

မှတ်ချက်။ ။ပါရာဇိကဖြင့် စွပ်စွဲလျှင် သံဃာဒိသေသ် အာပတ်ဟု သံဃာဒိသေသ်အခန်း၌ ပြခဲ့ပြီ၊ ပါစိတ်စသော အောက်အာပတ်များဖြင့် စွပ်စွဲလျှင် ဒုက္ကဋ်အာပတ်၊ လူနှင့် သာမဏေများကို အပြစ် တစ်စုံတစ်ခုဖြင့် စွပ်စွဲလျှင်လည်း ဒုက္ကဋ်အာပတ်ပင်။

---

## ၉။ သဉ္စိစ္စသိက္ခာပုဒ်

အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ။
အမှု-ကုက္ကုစ္စကို ဖြစ်စေမှု။

ကုက္ကုစ္စ။ ။"ကုက္ကုစ္စ" ဟူသည် "ဟုတ်လေသလား, မဟုတ်လေလား" 'အပ်ပါ့မလား, မအပ်ဘဲများ နေမလား'' စသည်ဖြင့် စဉ်းစားခြင်း, တွေး

တောခြင်းတည်း၊ ထိုစဉ်းစားမှုသည့် တချို့နေရာ၌ ဉာဏ်နှင့်ယှဉ်သော ဝိတက် ဖြစ်၍ စိတ်မပပန်း, တချို့နေရာ၌ကား စိတ်မချမ်းသာမှု ဒေါမနဿနှင့် ယှဉ် သော ဝိတက်ဖြစ်၍ စိတ်ပင်ပန်း၏။

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သတ္တရသဝဂ္ဂီ ရဟန်းကလေးများကို စိတ် မချမ်း မသာ ဖြစ်စေလိုသောကြောင့် "ငါ့ရှင်ကလေးတို့...မြတ်စွာဘုရားက အသက် ၂၀-မပြည့်သေးသူကို ရဟန်းပြုမပေးရဘူး, ရဟန်းပြုပေးသော်လည်း ရဟန်း မဖြစ်ဘူး"လို့ မိန့်တော်မူတယ်၊ ငါ့ရှင်ကလေးတို့လဲ ၄-နှစ် အရွယ် ရဟန်း ပြုလာကြတယ်၊ ဘယ့်နှယ်လဲ သင်တို့(ရဟန်းမဖြစ်ဘဲ)သာမဏေများ ဖြစ်နေ ကြပါမယ်"ဟု ပြောဆိုကြလေရာ ရဟန်းကလေးတွေ ငိုရှာကြလေသည်၊ ထို အကြောင်းကို ဘုရားရှင် သိတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော် မူရ လေသည်။

**သိက္ခာပုဒ်။** ယော ပန ဘိက္ခု ဘိက္ခုဿ **သဉ္စိစ္စ** ကုက္ကုစ္စံ **ဥပဒဟေယျ** "ဣတိဿ မုဟုတ္တမ္ပိ အဖာသု **ဘဝိဿတီ**"တိ **ဧတဒေဝ ပစ္စယံ** ကရိတွာ အနညံ၊ ပါစိတ္တိယံ။

မြန်မာပြန်။ အကြင် ရဟန်းသည် ရဟန်း၏ အပေါ်၌ သညာနှင့်တကွ စေ့ဆော်၍ ကုက္ကုစ္စဖြစ်စေအံ့၊ (အဘယ်သို့ ရည်ရွယ်၍ ဖြစ်စေသနည်း) "ဤသို့ ဖြစ်စေရလျှင် ထိုရဟန်းမှာ တစ်မုဟုတ်မျှလည်း မချမ်းသာ မှုသည် ဖြစ်လိမ့်မည်" ဤသို့ရည်ရွယ်၍ ဤ စိတ်မချမ်းသာစေလိုခြင်း ကိုသာလျှင် **အကြောင်းပြု၍** အခြား အကြောင်း မရှိဘဲ ကုက္ကုစ္စကို ဖြစ်စေအံ့၊ ထိုရဟန်း ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။သူတစ်ပါးကို စိတ်မချမ်းသာစေလိုသောသဘောဖြင့် "ကိုယ်တော် ဆွမ်းစားတုန်းက နေလွဲသွားဟန်တူတယ်၊ ကိုယ်တော်သောက်တဲ့ အရည်ဟာ သေရည်ထင်တယ်" စသည်ဖြင့် ကုက္ကုစ္စ ဖြစ်အောင် ပြောလေသမျှ ဤသိက္ခာပုဒ်အရ အာပတ်သင့်၏၊ သတ္တရသဝဂ္ဂီ ရဟန်းကလေးများသည် "အသက် ၂၀-မပြည့်ခင် ရဟန်းမပြုရ" ဟု ပညတ်တော်မမူမီက ရဟန်းဖြစ်နှင့်သောကြောင့် ရဟန်း**အစစ်** ဖြစ်မှန်းသိလျက် ဆဗ္ဗဂ္ဂီရဟန်းတို့က တမင်သက်သက် ကုက္ကုစ္စ ဖြစ်အောင် ပြောဆိုကြခြင်း ဖြစ်သည်၊ လူသာမဏေများကို ထို ကဲ့သို့ ကုက္ကုစ္စ ဖြစ်အောင်လုပ်လျှင် ဒုက္ကဋ်၊ စိတ်ကောင်း, **စေတနာ** ကောင်းဖြင့် "ကိုယ်တော် ရဟန်းပြုတုန်းက အသက် ၂၀-ပြည့်ခဲ့ လား" စသည်ပြောလျှင် အာပတ်မသင့်။

## ၈။ ဥပဿုတိသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ။**
**အမှု—ရန်ဖြစ်သောရဟန်းများ စကားပြောနေသည်ကို ချောင်း၍နားထောင်မှု။**

**သူတော်ကောင်းရဟန်းများနှင့် ရန်ဖြစ်ခြင်း** ဆဗ္ဗဂ္ဂီရဟန်းတို့သည်သီလဖြူစင်သူတော်စင် ရဟန်းများနှင့် ငြင်းကြခုန်ကြ ခိုက်ရန် ဒေါသဖြစ်ကြလေသည်၊ ထိုအခါ သီလစင်ကြယ်သောရဟန်းတို့သည် သူတို့အချင်းချင်း ကွယ်ရာ၌ ပြောဆိုကြသည်မှာ...."အရှင်ဘုရားတို့...ဆဗ္ဗဂ္ဂီရဟန်းတွေဟာ အလဇ္ဇီတွေဖြစ်တယ်၊ သူတို့နှင့် ဘက်ပြိုင်၍ရန်မဖြစ်ထိုက်ဘူး"ဤသို့ပြောဆိုကြလေသည်၊ထိုသို့ပြောဆိုနေသံကို ချောင်း၍နားထောင်သော ဆဗ္ဗဂ္ဂီရဟန်းတို့ကြား၍ "ကိုယ်တော်တို့က တပည့်တော်တို့ကို ဘာ့ကြောင့် အလဇ္ဇီလို့ပြောရသလဲ"ဟု သွား၍ ပြောဆိုကြလေသော် "ကိုယ်တော်တို့ ဘယ်ကကြားသလဲ" တပည့်တော်တို့ ကိုယ်တော် ပြောတဲ့အနီးမှာပဲ တည်ရှိနေကြတယ်"ဟု ပြောကြလေသည်၊ထိုသို့ ချောင်း၍ နားထောင်မှုမှစ၍ အကျယ်အကျယ် မငြိမ်းဖွယ်ကို ဘုရားရှင် ကြားသိတော်မူသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ဘိက္ခူနံ ဘဏ္ဍနဇာတာနံ ကလဟဇာတာနံ ဝိဝါဒါပန္နာနံ ဥပဿုတိံ တိဋ္ဌေယျ၊ "ယံ ဣမေ ဘဏိဿန္တိ၊ တံ သောဿာမိ"တိ **ဧတဒေဝ** ပစ္စယံ ကရိတွာ အနညံ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင်ရဟန်းသည် မိမိတို့ဘက်တွင် တိုင်ပင်ခြင်းရှိကုန်သော ခိုက်ရန်ရှိကုန်သော ငြင်းခုံခြင်းသို့ ရောက်ကြကုန်သော ရဟန်းတို့၏ တိုင်ပင်သံ၏အနီး၌ (တိုင်ပင်သံကို ကြားလောက်ရာအရပ်၌) တည်နေအံ့၊ (အဘယ်သို့ကြံ၍ တည်နေသနည်း၊) "ဤရဟန်းတွေ အကြင်စကားကို ပြောကြလိမ့်မည်၊ ထိုစကားကို နားထောင်အံ့"၊ ဤသို့ကြံ၍ ဤနားထောင်လိုခြင်းကိုသာလျှင် အကြောင်းပြု၍အခြား အကြောင်းမရှိဘဲ တည်အံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။ချောင်း၍နားထောင်ရာ၌ သူတို့စကားကိုကြားလျှင် သူတို့ကိုပြန်၍ ချေပမည်-စွပ်စွဲမည်ဟု **မ**တရား ရည်ရွယ်ချက်ဖြင့် နားထောင်မှသာ အာပတ်သင့်သည်၊စိတ်ကောင်း စေတနာကောင်းဖြင့်"ငါ့ကိုသူတို့

အထင်လွဲခြင်းမှ လွတ်စေမည်၊ ထိုအမှုကို ငြိမ်းအေးအောင် လုပ်မည်''စသည်ဖြင့် ကြံရွယ်၍ နားတောင်လျှင်ကား အာပတ်မသင့်၊ ရန်ဘက်ဖြစ်သော လူသာမကောဘို့၏တိုင်ပင်သံကိုချောင်း၍ နားထောင်ရာ၌ ဒုက္ကဋ်အာပတ်။

---

## ၈၂။ ကမ္မပတိဗာဟနသိက္ခာပုဒ်

အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ၊
အမှု-ဆန္ဒပေးပြီးမှကံကိုတားမြစ်မှု။

ကံပြုရာ၌ ထုံးစံ — ကံသည် ရဟန်းခံခြင်းကိစ္စကဲ့သို့ပင် ပုဂ္ဂိုလ် တစ်ပါးပါးကို ချီးမြှောက်သော (ပဂ္ဂဟ) ကံလည်းရှိ၏၊ ရဟန်းတစ်ပါးကို သံဃာက အပေါင်းအသင်းမပြုဖို့ရန် ထုတ်ပယ်သော (နိဂ္ဂဟ) ကံလည်းရှိ၏၊ သံဃာစည်းဝေး၍ ပြုရသော ထိုကံဟူသမျှ၌ ထိုအစည်းအဝေးတွင်ပါဝင်သောသံဃာအားလုံး သဘောတူကျေနပ်မှုထိုကံအထမြောက်သည်၊ ကံပြုရာတွင် ကိုယ်တိုင်မလိုက်နိုင်သော ရဟန်းများလည်း (သိမ်ထဲမှာနေလျှင်) ယခုပြုမည့်ကံကိုသဘောတူကြောင်းဆန္ဒပေးလိုက်ရသည်၊ ထိုသို့ ဆန္ဒပေးလျှင် မည်သည့်ကံကိုပြုပြု သဘောတူပြီးဖြစ်တော့သည်။

ဆဗ္ဗဂ္ဂီတို့ကို နှိပ်သောကံပြုခြင်း — ''ဆဗ္ဗဂ္ဂီရဟန်းတို့သည် မတော်မလျော်သောအကျင့်ကို ကျင့်လေ့ ရှိသောကြောင့် ထိုအကျင့်မှ ရှောင်ပါစေတော့''ဟုသဘောထား၍ ဆဗ္ဗဂ္ဂီတစ်ပါးပါးကိုသံဃာမှ ဝိုင်းပယ်မည့်သော နိဂ္ဂဟကံတစ်ခုခုကိုပြုမည်ဟု သံဃာစည်းဝေးလျှင် ထိုဆဗ္ဗဂ္ဂီအများကပင် ဝိုင်းကန့်ကွက်ကြသောကြောင့် ကံအထမမြောက်ဘဲ ရှိခဲ့ကြလေသည်၊ အခါတစ်ပါး၌ကား ''သံဃာက ကံတစ်ခုပြုစရာရှိလို့ သံဃာများ ကြွပါ''ဟု အစည်းအဝေးဖိတ်သောအခါ ဆဗ္ဗဂ္ဂီအများပင် သင်္ကန်းချုပ်ဆိုးစရာကိစ္စရှိ၍ မလိုက်နိုင်ကြဘဲ ဆဗ္ဗဂ္ဂီတစ်ပါးအား ဆန္ဒယူသွားပါဟုပြော၍ ဆန္ဒပေးလိုက်ကြလေသည်။

ထိုအခါ သံဃာက ထိုရောက်လာသော ဆဗ္ဗဂ္ဂီတစ်ပါးကိုပင် နှိပ်သောကံကို ပြုလိုက်ကြလေသည်၊ ထိုကံပြုခံရသော ရဟန်းပြန်သွားသောအခါ ''သံဃာက ဘာကံပြုသလဲ''ဟု ဆဗ္ဗဂ္ဂီတို့က မေးကြလေသည်၊ ထိုအခါ ''တပည့်တော်ကို ကံပြုလိုက်ကြသည်''ဟု ပြောလေသော်.... ''ဟာ.... တပည့်တော်တို့ ဆန္ဒပေးတာက ကိုယ်တော့်ကို ကံပြုဖို့ပေးတာမဟုတ်ဘူး၊ ကိုယ်တော့်ကို

ကံပြုမည်မှန်းသိလျှင် တပည့်တော်တို့ ဆန္ဒပေးမှာမဟုတ်ဘူး"ဟု ပြောဆိုကာ ထိုကံကို ကဲ့ရဲ့ရှုတ်ချကြလေတော့၏၊ ဤအကြောင်းကို ဘုရားရှင်ကြားသိတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ဓမ္မိကာနံ ကမ္မာနံ ဆန္ဒံ ဒတွာ ပစ္ဆာ ခိယျနဓမ္မံ အာပဇ္ဇေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင်ရဟန်းသည် တရားသဖြင့် ပြုအပ်ကုန်သောကံတို့ဖို့ ဆန္ဒပေးပြီးနောက်၌ ရှုတ်ချခြင်းသဘောသို့ ရောက်အံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။တရားသဖြင့် ပြုအပ်သောကံကို ကဲ့ရဲ့မှ အာပတ်သင့်သည်၊ နဂိုကပင် မတရားပြုသောကံကို မတရားပြုသောကံဟု သိ၍ ကဲ့ရဲ့လျှင်ကား အာပတ်မသင့်။

## ၁၊ ဆန္ဒံ အဒတွာ ဂမနသိက္ခာပုဒ်

**အမှုသည်–ဆဗ္ဗဂ္ဂီရဟန်းတစ်ပါး။**

**အမှု–ဆန္ဒမပေးဘဲ ဖဲသွားမှု။**

**သံဃာ စည်းဝေးခြင်း** အခါတစ်ပါး၌ သံဃာတော်သည် ကိစ္စတစ်စုံတစ်ခုအတွက် စည်းဝေးကြ၏၊ ထိုအချိန်၌ ဆဗ္ဗဂ္ဂီရဟန်းအများပင် သင်္ကန်းချုပ်မှု ဆိုးမှုတို့ဖြင့် ကိစ္စများနေကြ၏၊ ထို့ကြောင့် ဆဗ္ဗဂ္ဂီဂိုဏ်းဝင် ရဟန်းတစ်ပါးကို (ထိုပြုမည့်ကံအတွက် သဘောတူကြောင်း) ဆန္ဒပေး၍ လွှတ်လိုက်ကြလေသည်၊ [ရှေးခေတ်က ကျောင်းတိုက်ကြီး တစ်ခုလုံးကို သိမ်းကျုံး၍ မဟာသိမ်သမုတ်လေ့ရှိ၏၊ ရာဇဂြိုဟ်မြို့တော်၌ကား ပတ်ဝန်းကျင်ရှိသမျှ ကျောင်းတိုက်တွေကို သိမ်းကျုံး၍ တစ်မြို့လုံးကိုပင် သိမ်သမုတ်ထား၏၊ ဗုဒ္ဓဘာသာဝင် ဟုတ်ဟုတ်, မဟုတ်ဟုတ် အားလုံး လူဝတ်ကြောင်တွေလည်း ထိုမဟာသိမ်အတွင်းမှာပင် အိမ်မှုကိစ္စကို ရွက်ဆောင်နေထိုင်ကြရ၏။

တစ်စုံတစ်ခုကံကို ပြုလိုသောအခါ ထိုသိမ်တွင်း၌ ရဟန်းအများ အစုံအညီလာနိုင်လျှင် အစုံအညီလာရ၏၊ မလာနိုင်လျှင် ထိုပြုမည့်ကံကို သဘောတူပါကြောင်း ဆန္ဒပေးလိုက်ရ၏၊ ကိုယ်တိုင်လည်းမလာ, ဆန္ဒလည်းမပေးလျှင် ထိုကံအထမမြောက်၊ ထို့ကြောင့် မလိုက်နိုင်သော ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် အားလုံးကဆန္ဒပေး၍ ဆဗ္ဗဂ္ဂီရဟန်းတစ်ပါးကို အစည်းအဝေးသို့လွှတ်လိုက်ကြ

ရလေသည်၊ ထိုအခါ သံဃာတော်သည် နဂိုကပင် ဆဗ္ဗဂ္ဂီရဟန်းများကို (နှိမ်ချသော)ကံတစ်ခုပြုဖို့ရန် ရည်မှန်း၍ စည်းဝေးခြင်း ဖြစ်သောကြောင့် ထိုလာသော ဆဗ္ဗဂ္ဂီကိုပင် ကံပြုဖို့ရန် ဉတ်ထားလေတော့၏၊ [သံဃာတော်ကို ရှေးဦးစွာ အသိပေးသောစကားကို ဉတ်ဟုခေါ်၏၊ ထိုဉတ်ကို တစ်ပါးက ရွတ်ခြင်းကို "ဉတ်ထားခြင်း"ဟု ခေါ်သည်၊

**ဆန္ဒမပေးဘဲ ထသွားခြင်း**

ထိုသို့ ဉတ်ထားသောအခါကျမှ ပါလာသော ဆဗ္ဗဂ္ဂီသည် မိမိကို ကံပြုတော့မည့် အကြောင်းကို သိရကား "ဒီကိုယ်တော်တွေဟာ ဒီလိုချည်း တို့ဆဗ္ဗဂ္ဂီတွေကို တစ်ပါးစီလာတဲ့အခါ ကံပြုတတ်ကြတယ်၊ ...ကဲဒီတစ်ခါတော့ ဘယ်သူ့ကိုကံပြုနိုင်ကြဦးမှာလဲ"ဟု ပြောဆိုကာ ဆန္ဒမပေးဘဲ ထသွားလေတော့သည်၊ [သူကဆန္ဒမပေးဘဲထသွားလျှင် သံဃာမညီညွတ်ပြန်ရကား ထိုကံကို မပြုနိုင်တော့ချေ၊ ထိုသို့ ကံမပြုနိုင်အောင်ပင် ထိုရဟန်းလည်း ထသွားခြင်းဖြစ်၏။]

**သိက္ခာပုဒ်၊** ။ယော ပန ဘိက္ခု သံဃေ ဝိနိစ္ဆယကထာယ ဝတ္တမာနာယ ဆန္ဒံ အဒတွာ ဥဋ္ဌာယာသနာ ပက္ကမေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင်ရဟန်းသည် သံဃာ၌ ဆုံးဖြတ်ကြောင်းစကား ဖြစ်နေစဉ် ဆန္ဒမပေးဘဲ နေရာမှထ၍ ဖဲသွားအံ့၊ ထိုရဟန်း ပါစိတ် အာပတ်သင့်၏။

**မှတ်ချက်။** ။"ဝိနိစ္ဆယကထာ (ဆုံးဖြတ်ကြောင်းစကား) ဖြစ်နေစဉ်" ဟူရာ၌ ကံတစ်ခုခုပြုဖို့ရန် အမှုကိုပြောဆို၍ ဆုံးဖြတ်ချက်မချရသေးသည်ကိုလည်းကောင်း, ဉတ်ကမ္မဝါစာ ရွတ်ဆို၍ ကံပြုရာ၌ ကမ္မဝါစာ မပြီးသေးသည်ကိုလည်းကောင်း "ဝိနိစ္ဆယကထာဖြစ်နေစဉ်= ဖြစ်နေတုန်း"ဟု ဆိုသည်။

ထိုအချိန်၌ ကံကိုမပြုဖြစ်အောင် ဆန္ဒမပေးဘဲ ထသွားလျှင် ပါစိတ် အာပတ်သင့်၏၊ "မတရားသောကံကို ပြုမိလိမ့်မည်"ဟုအယူရှိ၍ဖြစ်စေ မကျန်းမမာခြင်းစသည်ကြောင့်ဖြစ်စေ သဘောရိုးဖြင့် ထသွားသူမှာ အာပတ်မသင့်။

## ၄။ ဒုဗ္ဗလသိက္ခာပုဒ်

**အမှုသည်–ဆဗ္ဗဂ္ဂီရဟန်းများ။**

**အမှု–သံဃာနှင့် သဘောတူ သင်္ကန်းပေးပြီးမှ ရှုတ်ချကဲ့ရဲ့မှု။**

**အရှင်ဒဗ္ဗအား သင်္ကန်းပေးခြင်း**

မလ္လာမင်းသား အရှင်ဒဗ္ဗသည် ၇-နှစ် အရွယ်ကပင် ရဟန္တာဖြစ်ခဲ့သော ပုဂ္ဂိုလ်တည်း၊ အာဂန္တုသံဃာများအတွက် အိပ်ရာနေရာကိုခင်းပေးရသောအလုပ်, သံဃိကပင့်လာသော ဆွမ်းများကို အလှည့်ကျ ညွှန်ချပေးရသော အလုပ်များကို ပြုလုပ်ခြင်းအားဖြင့် သံဃာ့တာဝန်ကို ရွက်ဆောင်ကာ မိမိ၏ နောက်ဆုံးဘဝကို အသုံးချနေသော ပုဂ္ဂိုလ်တစ်ပါးလည်းဖြစ်၏၊ အခါတစ်ပါး၌ကား ထိုအရှင်မှာ သင်္ကန်းရှားပါးနေ၏၊ သံဃာမှာလည်း သံဃိကသင်္ကန်းတစ်ထည်ရှိနေ၏၊ ထိုသင်္ကန်းကို သံဃာက အားလုံးကို သဘောတူဖို့ရန် ခွင့်ပန်၍ အရှင်ဒဗ္ဗအား ပေးလိုက်လေသည်။

**ဆဗ္ဗဂ္ဂီတို့ ကဲ့ရဲ့ခြင်း**

ဆဗ္ဗဂ္ဂီ တစ်ဂိုဏ်းလုံးကား အရှင်ဒဗ္ဗအပေါ်၌ (သံဃာဒိသေသ် ဒုဋ္ဌဒေါသသိက္ခာပုဒ်တုန်းက ပြခဲ့သည့်အတိုင်း) မကျေနပ်မှု ရှိနေကြ၏၊ ထို့ကြောင့် သံဃာနှင့်အတူ သင်္ကန်း ပေးတုန်းက ပေးမှုကလည်း တရားနည်းလမ်း ကျသောကြောင့် ဘာမျှမပြောကြဘဲ နောက်မှ "ရဟန်းတွေဟာ သံဃိကပစ္စည်းကို မိမိတို့ ချစ်ကျွမ်းဝင်ရာ ညွတ်စေကြ (ပေးကြ) တယ်"ဟု ပြောဆိုကဲ့ရဲ့ကြလေသည်။

**သိက္ခာပုဒ်။** ။**ယော ပန ဘိက္ခု သမဂ္ဂေန သံဃေန** စီဝရံ ဒတွာ **ပစ္ဆာ ခိယျနဓမ္မံ အာပဇ္ဇေယျ** "ယထာ သန္ထုတံ ဘိက္ခူ သံဃိကံ လာဘံ ပရိဏာမေန္တီ"တိ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင် ရဟန်းသည် ညီညွတ်သော သံဃာနှင့် တကွ သင်္ကန်းပေးပြီး နောက်၌ ရှုတ်ချခြင်းသဘောသို့ ရောက်အံ့၊ (အဘယ်သို့ ရှုတ်ချသနည်း) "ရဟန်းတွေဟာ အကြင်အကြင် မိတ်ဆွေ ရဟန်းသို့ သံဃာ့ဥစ္စာဖြစ်သော လာဘ်ကို ညွတ်စေကြ၏၊" ဤသို့ ရှုတ်ချအံ့၊ ထိုရဟန်း ပါစိတ်အာပတ် သင့်၏။

မှတ်ချက်။ ။အပေးခံရသူက သံဃာ့တာဝန် ဆောင်ဖို့ရန် သမုတ်ထားသူဖြစ်၍ ထိုသူ့ပေးရာ၌ ကဲ့ရဲ့မှ ပါစိတ်အာပတ် သင့်သည်၊ ထိုသို့ သမုတ် မရသူကို သင်္ကန်းပေးရာ၌ ကဲ့ရဲ့လျှင် လည်းကောင်း, သင်္ကန်းမှတစ်ပါး အခြားပစ္စည်းကို (မည်သူအားမဆို)ပေးရာ၌ ကဲ့ရဲ့လျှင် လည်းကောင်း ဒုက္ကဋ်အာပတ် သင့်၏၊ အမှန်အားဖြင့်

အဂတိလိုက်စား၍ မပေးထိုက်သူအား ပေးရာ၌ ကဲ့ရဲ့လျှင်ကား အာပတ် မသင့်။

## ၅။ ပရိဏာမနသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ။**

**အမှု-သံဃိကလာဘ်ကို အခြားပုဂ္ဂိုလ်သို့ ညွတ်စေ, ရှုစေမှု။**

**ကုသိုလ်ပြုအသင်း** သာဝတ္ထိမြို့၌ ကုသိုလ်ကောင်းမှု ပြုလုပ်လေ့ရှိသော အသင်းတစ်သင်း ရှိ၏၊ ထိုအသင်းသားတို့သည် သံဃာတော်အား ဆွမ်းကပ်၍ သင်္ကန်းလှူမည်ဟု ရည်မှန်းကာ ဆွမ်းနှင့် သင်္ကန်းကို စီစဉ်ထားကြလေသည်၊ ဤသို့ သံဃာအားလှူဖို့ မှန်း၍ စီစဉ်ထားသည်ကိုပင် "သံဃာကို ညွတ်စေပြီးဖြစ်သော လာဘ်(ပစ္စည်း)"ဟု ဆိုရသည်။

**ဆဗ္ဗဂ္ဂီ ရဟန်းများ** ထိုအကြောင်းကို ကြားသိရသော ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ထိုအသင်းသား (ခေါင်းဆောင်)များ အထံ သွား၍ "ဤ သင်္ကန်းတွေကို ဟောဒီ ရဟန်းများအား (သူတို့ ဆဗ္ဗဂ္ဂီများကို ဆိုလိုသည်) လှူကြပါ" ဟု ပြောဆို လေသည်၊ အသင်းသားတို့က "ကိုယ်တော်တို့အား မလှူနိုင်ပါ၊ နှစ်စဉ် သံဃာအား လှူနေကျ ဖြစ်၍ သံဃာဖို့ စီစဉ်ထားခြင်း ဖြစ်ပါသည်" ဟု ပြောလေသော်.... "ဒါယကာတို့ရာ....သံဃာမှာ လှူမည့်သူတွေ များပါတယ်၊ သံဃာမှာ အကောင်းတွေလဲ များပါတယ်၊ ဟောဒီ ရဟန်းများမှာတော့ သင်တို့ကို မှီပြီး သင်တို့ကိုကြည့်ရှုအားကိုးပြီး နေကြရပါတယ်၊ သင်တို့မှ မလှူလျှင် ဘယ်သူ လှူမှာလဲ၊ ဒီရဟန်းများကိုသာ လှူကြပါ"ဟု အတင်းတိုက်တွန်းသဖြင့် သံဃာဖို့ မှန်းထားသော သင်္ကန်းကို ဆဗ္ဗဂ္ဂီရဟန်းတို့အား လှူဒါန်း၍ သံဃာကိုကား ဆွမ်းသာ ကပ်လှူကြရလေတော့သည်။

**ရဟန်းများ ကဲ့ရဲ့ကြပုံ** ထိုအခါ တချို့ ရဟန်းများသည် ထိုအသင်းက သံဃာဖို့ သင်္ကန်းနှင့် ဆွမ်း စီမံထားကြောင်းကိုသာ သိ၍ ဆဗ္ဗဂ္ဂီတို့အား သင်္ကန်းလှူလိုက်ရကြောင်းကို မသိကြ၊ ထိုရဟန်းတို့က "သံဃာဖို့ မှန်းထားသော သင်္ကန်းကိုလည်း တစ်ခါတည်း လှူကြပါလား"ဟု ဆွမ်းကပ်သော ဒါယကာတို့ကို ပြောပြလေသော်.... သင်္ကန်းကိုတော့ ဆဗ္ဗဂ္ဂီရဟန်းများက သူတို့အား လှူဖို့ရန် တိုက်တွန်းသောကြောင့် လှူလိုက်ရကြောင်းကို လျှောက်ကြလေသည်၊ ထိုအခါ ရဟန်းများက ဆဗ္ဗဂ္ဂီရဟန်းတို့အား ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရ

လေသည်။ [ဤ သိက္ခာပုဒ်နှင့်စပ်၍ မှတ်ဖွယ်ကို နိသဂ္ဂိယ အဆုံး သိက္ခာပုဒ်၌ ပြခဲ့ပြီ။]

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ဇာနံ သံဃိကံ လာဘံ ပရိဏတံ ပုဂ္ဂလဿ ပရိဏာမေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင်ရဟန်းသည် သံဃာသို့ညွတ်ပြီးဟု သိလျက်သံဃာ့ဥစ္စာဖြစ်သော သံဃာသို့ ညွတ်စေအပ်ပြီးသော လာဘ် (ပစ္စည်း)ကို ပုဂ္ဂိုလ်သို့ ညွတ်စေအံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏။

**သဟဓမ္မိကဝဂ် ပြီး၏။**

---

# ရတနဝဂ်=ရာဇဝဂ်

## က။ အဋ္ဌေပုရသိက္ခာပုဒ်

**အမှုသည်—အရှင်အာနန္ဒာ။**
**အမှု-မိမိဝင်လာမည့်အကြောင်းကို တင်ကြို၍ မသိစေဘဲ နန်းတော်ခန်းဆောင်ဝင်မှု။**

**ကောသလမင်း ဥယျာဉ်ထွက်ခြင်း** ကောသလ မဟာရာဇာသည် ဥယျာဉ်တော်သို့ထွက်တော်မူလာသောအခါ ဥယျာဉ်တော်ဝယ် သစ်ပင် တစ်ပင်အောက်၌ သီတင်းသုံးတော်မူခိုက်ဖြစ်သော ဘုရားရှင်နှင့် ကြုံကြိုက်နေရကား ထိုဘုရားရှင်ရှိရာသို့ သွားလေသည်၊ ထိုအချိန်၌ဥပါသကာတစ်ယောက်လည်း ဘုရားအထံ၌ ရောက်နှင့်လျက်ရှိ၏၊ ကောသလမဟာရာဇာသည် ဥပါသကာကိုမြင်၍ ပထမသော်စိတ်၌ ထင့်ကနဲ ဖြစ်သွားသော်လည်း "ဘုရားအထံ နေသူဟာ လူးဆိုး လူယုတ်မာတော့ မဖြစ်တန်ရာ"ဟုတွေး၍ ဘုရားအနီးသို့ ရောက်အောင်သွားလေသည်။

**မင်းထက် ဘုရားရှိသေခြင်း** ထိုဥပါသကာသည် ကောသလမဟာရာဇာ လာသည်ကို မြင်သော်လည်း ဘုရားကိုလေးစားခြင်းကြောင့် (ဘုရားအနားထိုင်ရာမှထ၍ မင်းကိုအရိုအသေပေးလျှင် ဘုရားကို မလေးစားရာ, ဘုရားထက်မင်းကို ရိုသေရာရောက်မည် ဖြစ်သောကြောင့်) ကောသလမဟာရာဇာကို ရှိလည်းမခိုး-ခရီးဦးလည်း မကြိုဘဲ ထိုင်မြဲထိုင်နေလေသည်၊ ထိုအခြင်းအရာကိုမြင်၍ ကောသလမဟာရာဇာလည်း စိတ်မကျေ

မနပ်ဖြစ်သွား၏၊ ထိုသို့ မကျေမနပ်ဖြစ်ဟန်ကို ဘုရားရှင်လည်း သိတော်မူရကား—

"မဟာရာဇာ.... ဤ ဥပါသကာသည် တရားတော် အရာဝယ် အကြားအမြင် ဗဟုသုတများ၍ ပိဋကသုံးပုံကို နှုတ်ငုံဆောင်နိုင်သော ကာမဂုဏ်တို့၌လည်း တပ်မက်ခြင်း မရှိလောက်အောင် အနာဂါမ် ဖြစ်ပြီးသော လူသူတော်ဖြစ်သည်"ဟု မိန့်တော်မူရလေသည်၊ ထိုအခါကျမှ မဟာရာဇာလည်း အတော်အတန်ကျေနပ်၍ "ဥပါသကာ.... သင်အလိုရှိတာများရှိလျှင် ပြောပါ"ဟု ဖိတ်မန်လေသည်၊ ဥပါသကာကလည်း "ကောင်းပါပြီ မင်းမြတ်" ဟု သံတော်ဦးတင်လိုက်၏။

**ဥပါသကာနှင့် ပြန်၍တွေ့ခြင်း**

ထိုကဲ့သို့တွေ့ကြုံပြီးနောက်အခါတစ်ပါး၌ကောသလမဟာရာဇာသည် နန်းတော် အထက်ထပ်မှာ နေစဉ် ထိုဥပါသကာသည်ပင် နန်းယင်ပြင် ရထားလမ်း၌ ထီးဆောင်း၍ ဖိနပ်စီးလျက် ခရီးသွားနေသည်ကိုမြင်၍ အခေါ်ခိုင်းပြန်လေသည်၊ ထိုအခါ၌ကား အခေါ်ခိုင်းကြောင်းကို ကြားလျှင်ပင် ထီးကိုရုတ်၍ ဖိနပ်ချွတ်ကာ ဘုရင့်အထံသို့လာ၍ ရှိခိုးဝပ်ချပြီးမှ ရိုသေစွာ ထိုင်နေလေသည်၊ ထိုအခါ ကောသလမဟာရာဇာသည် ထိုဥပါသကာအား နန်းတွင်းသူတို့ကို စာချပေးဖို့ရန် တိုက်တွန်း၏၊ ဥပါသကာကလည်း နန်းတွင်း၌အပြစ်များပုံကိုမြင်၍ "အရှင်မင်းမြတ်....ကျွန်တော်မျိုးတရားသိရခြင်းမှာ ရဟန်းတော်များအထံမှတစ်ဆင့်နာယူ၍ သိရခြင်းဖြစ်ပါသည်၊ ရဟန်းတော်များ ကိုယ်တိုင် နန်းတော်သူများကို သင်ပေးသင့်ပါသည်"ဟု သံတော်ဦးတင်လေသည်၊ မင်းတရားလည်း "သူ သံတော်ဦးတင်တာ မှန်ပေသားပဲ"ဟု ယူဆ၍ ဥပါသကာကို ပြန်လွှတ်လိုက်လေသည်။

**ရှင်အာနန္ဒာ စာသင်ပေးခြင်း**

ထို့နောက် ဘုရားအထံတော်ဝယ် ရဟန်းတစ်ပါးကို တောင်းသောအခါ အရှင်အာနန္ဒာကိုရ၍ မကြာမကြာ နန်းတော်သို့ ကြွလာပြီးလျှင် အရှင်အာနန္ဒာ ကိုယ်တော်တိုင် နန်းတော်သူများကို တရား(စာ) သင်ပေးတော်မူရလေသည်၊ ထိုသို့ မကြာမကြာ ကြွလာရာဝယ် တစ်နေ့သောအခါ၌ကား ကောသလမင်းနှင့် မလ္လိကာတို့ စက်တော်ခန်းဆောင်မှာနေစဉ် အရှင်အာနန္ဒာလည်းနန်းတော် အဆောင်သို့ဝင်လာသည်ကိုမလ္လိကာမြင်၍ ကပျာကယာထလိုက်ရာ ချောမွေ့သော ခါးဝတ်လွှာသည် လျှောကျသွားလေတော့၏၊ အရှင်အာနန္ဒာလည်း ရှေ့တိုးမသွားတော့ဘဲ ထိုနေရာမှ ပြန်လှည့်သွေလေတော့၏၊ ကျောင်းတော်သို့

ပြန်ရောက်သောအခါ လှည့်ပြန်ခဲ့ရခြင်း၏ အကြောင်းကို ရဟန်းတို့အား ပြောပြလေရာ ရဟန်းတို့က "လာမည့်အကြောင်းကို တင်ကြို၍အသိမပေးဘဲ ဝင်ရမလား" ဟု အပြစ်တင်ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ရညော ခတ္တိယဿ မုဒ္ဓါဘိသိတ္တဿ **အနိက္ခန္တရာဇကေ** **အနိဂ္ဂတရတနကေ** **ပုဗ္ဗေ** **အပ္ပဋိသံဝိဒိတော** ဣန္ဒခီလံ **အတိက္ကာမေယျ၊** **ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင် ရဟန်းသည် ခတ္တိယဇာတ် ရှိသော ဘိသိက်ခံပြီးသော မင်း၏ မထွက်သေးသော မင်းရှိသော, မထွက်သေးသော မိဖုရားရတနာရှိသော စက်တော်ခန်းဆောင်၌ မဝင်မီ ရှေးအဖို့က(မိမိဝင်လာမည့်အကြောင်းကို) မသိစေဘဲ တံခါးခုံကို ကျော်လွန်စေအံ့၊ ထိုရဟန်း ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။ခတ္တိယဇာတ် (မင်းမျိုး မင်းနွယ်) လည်းဖြစ်, အဘိသိက် သွန်းပြီးလည်း ဖြစ်သော မင်း၏ ခန်းဆောင်ကို ဝင်မှ ပါစိတ် အာပတ်သင့်သည်၊ ခတ္တိယလည်း မဟုတ်, ခတ္တိယ ဟုတ်စေကာမူ အဘိသိက် မသွန်းရသေးသော မင်း၏ခန်းဆောင်သို့ ဝင်ရာ၌ကား ဤသိက္ခာပုဒ်အရ အာပတ်မသင့်၊ သို့သော် ယခုကာလ၌ပင် ရာဇာဆိုသူတို့၏ အိမ်တော်တွင်းသို့ ဝင်ထွက် သွားလာခြင်း၌ အပြစ် မကင်းတတ်ပုံကိုကား ထိုသိက္ခာပုဒ်၌ ဘုရား ဟောတော်မူထားသော အပြစ်များဖြင့် ထင်ရှားသိနိုင်ပေသည်။

## အိမ်တော်ဝင်မှု အပြစ်ဆယ်ခု

၁။ မင်း မိဖုရားတို့ အာ့ူနေစဉ် နန်းတော်, အိမ်တော်သို့ ဝင်လာသော ရဟန်းကို မိဖုရားမြင်၍ ပြုံးမိတတ်၏၊ ရဟန်းက သော်လည်း မိဖုရားက ကြည့်၍ ပြုံးမိတတ်၏၊ ထိုသို့ပြုံးမိရာ၌ "သူတို့နှစ်ယောက်ဟာ ဟို ကိစ္စ ဒီကိစ္စ ပြုပြီးသော်လည်း ဖြစ်လိမ့်မည်၊ သို့မဟုတ် နောင်ပြုဖို့ရန် အချိန်းအချက် သော်လည်း ရှိလိမ့်မည်၊ ဒါကြောင့်သာ ပြုံးတာပဲ" ဟု ရှင်ဘုရင် အထင်လွဲ တတ်သည်၊ (ရှင်ဘုရင် အထင်လွဲနေလျှင် တစ်စုံတစ်ခု အပြစ်ရှာစရာ ရှိသည်-ဟူလို)၊ ဤကား နန်းတော် ဝင်မှု၌ အပြစ် တစ်ခုတည်း။

၂။ မင်းဆိုသည်မှာ ကိစ္စအလွန်များသူ ဖြစ်၏၊ နန်းတော်သူ မောင်းမငယ် တစ်ယောက်ယောက်ကို သွားလာပြီးသော်လည်း မမှတ်မိဘဲ ဖြစ်ေ

တတ်၏၊ ထိုမောင်းမငယ်သည် တကယ်လို့များ ကိုယ်ဝန်ရှိလာသော အခါ ရှင်ဘုရင်သည် သူသွားလာဖူးသည်ကို အမှတ်မရဘဲ "အိမ်တော်တွင်းမှာ အခြားယောကျ်ား အထွက် အဝင် မရှိ၊ ရဟန်းသာ အထွက် အဝင် ရှိ၏၊ မောင်းမငယ် ကိုယ်ဝန်မှာ ရဟန်းနှင့် ရတာလေလား" ဟု ယုံမှားသံသယ ဖြစ်တတ်သည်၊ ဤကား အိမ်တော်ဝင်မှု၌ ဒုတိယ အပြစ် တစ်ခုတည်း။

၃။ နန်းတော်၌ အဖိုးတန် ရတနာ ပျောက်သော အခါလည်း အဝင် အထွက် များသော ရဟန်းကိုပင် အထင်မှား တတ်၏၊ ဤကား အိမ်တော်ဝင်မှု၌ တတိယအပြစ် တစ်ခုတည်း။

၄။ နန်းတော်တွင်း၌ လျှို့ဝှက်စွာ တိုင်ပင်ထားသော အကြံအစည် တစ်စုံ တစ်ရာသည် အတွင်းသူလျှိုများကြောင့် အပြင်ဘက်၌ ပေါက်ကြား တတ်၏၊ ထိုအခါ၌လည်း အဝင် အထွက်များသော ရဟန်းကိုပင် အထင်မှားတတ်၏၊ ဤကား အိမ်တော်ဝင်မှု၌ စတုတ္ထ အပြစ် တစ်ခု တည်း။

၅။ တစ်ရံတစ်ခါ သားတော်နှင့် ခမည်းတော်တို့ အဆင်မပြေဘဲရှိတတ်၏၊ သားတော်ကသော်လည်း ခမည်းတော်ကို လုပ်ကြံဖို့ရန် ကြံစည်တတ်၏၊ ခမည်းတော်ကသော်လည်း သားတော်ကို ဖမ်းဆီးဖို့ရန် ကြံစည် တတ်၏၊ ထိုသို့ဖြစ်ရာ၌ "ရဟန်း၏ ကုန်းတိုက်မှုကြောင့် ဤသို့ ဖြစ်ရ လေသလား" ဟု ယုံမှား ခံရတတ်၏၊ ဤကား အိမ်တော်ဝင်မှု၌ ပဉ္စမ အပြစ် တစ်ခုတည်း။

၆။ တစ်ရံတစ်ခါ၌ ရှင်ဘုရင်သည် ရာထူးနိမ့်သူကို ရာထူး မြှင့်ပေးတတ်၏၊ ထိုသို့ မြှင့်ပေးခြင်းကို မလိုလားသူတို့က "ရှင်ဘုရင်သည် ရဟန်းနှင့် အကျွမ်းဝင်၏၊ ရဟန်းက ပြောပေးလို့ ရာထူး တက်တာ ထင်သည်" ဟု ရဟန်းကိုပင် အထင်မှားတတ် အငြိုးထား တတ်၏၊ ဤကား အိမ်တော်ဝင်မှု၌ ဆဋ္ဌမအပြစ် တစ်ခုတည်း။

၇။ တစ်ခါတစ်ရံ ရှင်ဘုရင်သည် ရာထူးမြင့်နေသူကို ရာထူးလျှော့ချတတ်၏၊ ထိုသို့ လျှော့ချခြင်းကို မလိုလားသူတို့က "ရှင်ဘုရင်သည် ရဟန်းနှင့် တိုင်ပင်နှီးနှော ပြောဆိုလေ့ ရှိ၏၊ ဒီကိစ္စဟာ ရဟန်း၏ အကြံများ ဖြစ်လေသလား" ဟု ယုံမှားတတ်၊ အငြိုးထား တတ်၏၊ ဤကား အိမ်တော်ဝင်မှု၏ သတ္တမအပြစ် တစ်ခုတည်း။

၈။ တစ်ရံတစ်ခါ ရှင်ဘုရင်သည် အချိန်ကာလမဟုတ်ဘဲ စစ်တပ်ကို တစ်နေရာသို့ ပို့တတ်၏၊ ထိုသို့ပို့ခြင်းကို မလိုလားသူတို့က "ရဟန်းနှင့် တိုင်ပင်၍ ပို့တာလေလား" ဟု ရဟန်းကိုပင် ယုံမှားတတ်၏၊ ဤကား အိမ်တော်ဝင်မှု၏ အဋ္ဌမ အပြစ်တစ်ခုတည်း။

၉။ တစ်ရံတစ်ခါ ရှင်ဘုရင်သည် လွှတ်သင့်ရာအခါဝယ် စစ်တပ် လွှတ်ပြီး မှလည်း လိုရာအရပ်သို့ မရောက်မီ လမ်းခရီးအကြားမှ ပြန်၍ ခေါ် တတ်၏၊ ထိုသို့ ပြန်ခေါ်ခြင်းကို မလိုလားသူတို့က "ရဟန်း၏ သဘောကျ လုပ်တာလေလား" ဟု ရဟန်းကိုပင် ယုံမှားတတ်၏၊ ဤကား အိမ်တော်ဝင်မှု၌ နဝမအပြစ်တစ်ခုတည်း။

၁၀။ နန်းတော် အိမ်တော် ဆိုသည်မှာ ဆင်သံ မြင်းသံ ရထားသံတို့ဖြင့် ဆူညံတတ်၏၊ တပ်မက်ဖွယ်ရာ အဆင်း အသံ အနံ့ အရသာစသော အာရုံတို့သည်လည်း ပေါများလှ၏၊ ထိုအားလုံးသည်ပင် သူတော်ကောင်းရဟန်းများနှင့်မလျော်ချေ၊ ဤသို့ မလျော်သောအာရုံများသော အိမ်တော်တွင်းသို့ ဝင်ထွက်သွားလာနေထိုင်ရခြင်းသည်လည်း ရဟန်းများအတွက် ဒသမ အပြစ်တစ်မျိုးပင် ဖြစ်သည်။

မှတ်ချက်။ ။ဤပြခဲ့သော အပြစ်များသည် အစိုးရအိမ်များ၌သာ ရှိသည် မဟုတ်သေး၊ အထက်တန်းလူကုံထံတို့အိမ်များ၌လည်း ရှိနိုင်၏၊ ထို့ကြောင့် ရဟန်းတော်များသည် အစိုးရနှင့် လူကုံထံ အိမ်သာမက သာမန်လူဝတ်ကြောင်တို့အိမ်များ၌လည်းအထူးပင့်ဖိတ်ချက်မရှိလျှင် မသွားဘဲ ရှောင်ကြဉ်ခြင်းသာ အပြစ်ကင်းလွတ်ပေလိမ့်မည်။

## ၁။ ရတနသိက္ခာပုဒ်

**အမှုသည်-ရဟန်းတစ်ပါး။**

**အမှု-ငွေထုပ်ကိုသိမ်းထားမှု။**

ပုဏ္ဏား၏ ငွေထုပ်

ရဟန်းတော်တစ်ပါးသည် အစိရဝတီမြစ်၌ ရေချိုးနေစဉ် ပုဏ္ဏားတစ်ယောက်လည်း အသပြာ (ငွေ) ငါးရာထုပ်ကို ကုန်းပေါ်မှာချထား၍ ရေဆင်းချိုး၏၊ ထိုပုဏ္ဏားသည် ရေချိုးပြီးနောက် ထိုအသပြာထုပ်ကိုမေ့၍ ပြန်သွားလေသော် ရဟန်းတော် တွေ့၍ (အခြားသူ ယူသွားမည်စိုးသောကြောင့် ပြန်ပေးဖို့ရာ) ကောက်ယူ

ထားလေ၏၊ ထိုပုဏ္ဏားလည်း အတော်သွားပြီးမှ သတိရ၍ ပြန်လာပြီးလျှင် ရဟန်းကိုမေးလေရာ ထိုရဟန်းထံမှ အလွယ်တကူ ပြန်ရလေ၏။

[ထိုခေတ်၌ ထိုကဲ့သို့ ကိစ္စဝယ် ကျေးဇူးတင်၍ ငွေတစ်ရာလျှင် ငါးကျပ်ကျ ပြန်ပေးလေ့ရှိ၏၊] ပုဏ္ဏားသည် ထိုသို့ပေးရမည် စိုးသောကြောင့် "ကျွန်ုပ်ဟာ ငါးရာမဟုတ်ဘူး၊ တစ်ထောင်ဖြစ်တယ်" ဟု ပြော၍ ထိုရဟန်းတော်ကို အနှောင့်အယှက် ပေးပြီးမှ လွှတ်လိုက်လေသည်၊ ရဟန်းတော်လည်း ကျောင်းတော်ရောက်၍ သူ့ဖြစ်ပုံကို ပြောပြလေရာ ရဟန်းကိုသာ ဝိုင်း၍ "ရတနာ (ငွေ)ကို ကောက်ယူသိမ်းထားရမလား" ဟု အပြစ်တင်ကြ လေသည်၊ ထိုအကြောင်းကို သိတော်မူ၍ "ယော ပန ဘိက္ခု ရတနံဝါ ရတနသမ္မတံဝါ ဥဂ္ဂဏှေယျဝါ ဥဂ္ဂဏှာပေယျဝါ၊ ပါစိတ္တိယံ" [ရတနာကို ဖြစ်စေ, ရတနာဟု သမုတ်အပ်သော ဝတ်စားတန်ဆာကိုဖြစ်စေ ကိုယ်တိုင် ကောက်ယူလျှင် သို့မဟုတ် အကောက်အယူခိုင်းလျှင် ပါစိတ်အာပတ်သင့်၏၊] ဟု မူလပညတ်ကို ထားတော်မူရလေသည်။

**ဝိသာခါ၏ ဘဏ္ဍာထုပ်**

ထိုသို့ မူလပညတ်တော်ကို ပညတ်တော်မူပြီးရာ အခါ တစ်ပါး၌ သာဝတ္ထိမြို့တော်ဝယ် ကြီးကျယ်သောဥယျာဉ်ပွဲ ရှိ၏၊ လူအများပင် ဝတ်စားတန်ဆာပြင်ဆင်၍ ဥယျာဉ်သို့ သွားကြ၏၊ ဝိသာခါလည်း ဥယျာဉ်သွားမည်ဟု ဆင်ပြင် ထွက်လာပြီးမှ ဘုရား အထံတော်သို့ သွားလိုသောစိတ် ဖြစ်ပေါ်လာသဖြင့် ဆင်ပြင်ထားသော တန်ဆာကို ချွတ်၍ နောက်ပါကျွန်မထံ ထိုတန်ဆာထုပ်ကို အပ်လျက် ဘုရားအထံ ချဉ်းကပ်လေသည်၊ ဘုရားရှင်၏ ဩဝါဒကို နာယူပြီးနောက် ပြန်သွားသောအခါ ကျွန်မသည် ထိုတန်ဆာထုပ်ကို မေ့ထားခဲ့လေရာ ရဟန်းများတွေ့၍ ဘုရားရှင်အားလျှောက်ကြသဖြင့် "ကောက်ယူသိမ်းထား လိုက်ကြ" ဟု မိန့်တော်မူပြီးလျှင် "ကျောင်းတိုက် အာရာမ်အတွင်း၌ဖြစ်မူ ကောက်ယူနိုင်, သိမ်းထားနိုင်၏၊ ကျောင်းတိုက် အာရာမ်မှ အခြားအရပ်၌ ကောက်ယူသိမ်းထားလျှင်ပါစိတ်အာပတ်" ဟုမိန့်တော်မူ၍ "ယော ပန ဘိက္ခု ရတနံဝါ ရတနသမ္မတံဝါ အညတြ အဇ္ဈာရာမာ ဥဂ္ဂဏှေယျဝါ ဥဂ္ဂဏှာပေ- ယျဝါ၊ ပါစိတ္တိယံ" ဟု အနုပညတ်ထပ်တော်မူရလေသည်။

**အလုပ်သမား၏ လက်စွပ်**

ထိုသို့ ပညတ်တော် မူပြီးသောအခါ များစွာသော ရဟန်းတော်တို့သည် ကာသိနယ်သို့ ဒေသစာရီလှည့်လည် ကြလေရာ အနာထပိဏ် သေဌေး၏ အလုပ်သမားများ နေရာရွာသို့ ရောက်ကြလေသည်၊ အနာထပိဏ်သေဌေးသည် သူ၏အတွင်းလူ

တစ်ယောက်ကို ''ရဟန်းတော်များရောက်သာလျှင် ဆွမ်းပြုစုဖို့ မှာထား၏'' ထို့ကြောင့် ထိုအတွင်းလူ အလုပ်သမားသည် ရဟန်းတော်များကိုပင့်၍ ဆွမ်းကပ်ခါနီးတွင် သူ၏လက်စွပ်ကို ချွတ်ထား၏၊ ဆွမ်းကပ်ပြီးလျှင် ''အရှင်ဘုရားများလဲ ဆွမ်းဘုဉ်းပေးပြီး အလိုရှိရာ ကြွကြပေတော့၊ တပည့်တော်လဲ အလုပ်သွားစရာ ရှိပါသေးသည်''ဟု လျှောက်၍ လက်စွပ်ကို မေ့ပြီး အလုပ်သွားလေသည်။

ထိုနောက် ရဟန်းတော်များသည် ထိုလက်စွပ်ကိုမြင်၍ ''ငါတို့သွားလျှင် ဤလက်စွပ် ပျောက်ရှာတော့မည်''ဟု စိုးရိမ်ကြသောကြောင့် မပြန်သေးဘဲ ဆွမ်းစားသောနေရာ၌ပင် နေကြလေရာ အလုပ်သမားပြန်လာမှ အကြောင်းကို ပြောပြ၍ ပြန်ကြွတော်မူကြလေသည်၊ ထိုအကြောင်းကို ဘုရားရှင်သိတော်မူ၍ ''ကျောင်းတိုက်အတွင်း မဟုတ်သော်လည်း(ခေတ္တဖြစ်စေ) မိမိနေထိုင်ရာ အိမ် ကျောင်းစသော အရပ်၏ အတွင်း၌ ကောက်ယူ သိမ်းထားနိုင်၏၊ အာရာမ်အတွင်း နေရာ အရပ်အတွင်းမဟုတ်လျှင် မကောက်မယူရ''ဟု ဒုတိယအနုပညတ် ထပ်ဆင့်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယော ပန** ဘိက္ခု ရတနံ ဝါ ရတနသမ္မတံ ဝါ **အညတြ အဇ္ဈာရာမာ ဝါ အဇ္ဈာဝသထာ ဝါ** ဥဂ္ဂဏှေယျ ဝါ ဥဂ္ဂဏှာပေယျ ဝါ၊ ပါစိတ္တိယံ။ **ရတနံ** ဝါ **ပန** ဘိက္ခုနာ **ရတနသမ္မတံ** ဝါ **အဇ္ဈာရာမေ** ဝါ အဇ္ဈာဝသထေ ဝါ ဥဂ္ဂဟေတွာ ဝါ ဥဂ္ဂဟာ-**ပေတွာ** ဝါ နိက္ခိပိတဗ္ဗံ၊ ယဿ ဘဝိဿတိ **သော** ဟရိဿတီတိ၊ **အယံ တတ္ထ သာမိစိ။**

**မြန်မာပြန်။** ။အကြင်ရဟန်းသည် ရတနာကိုဖြစ်စေ ရတနာဟုသမုတ်အပ်သော အသုံးအဆောင်ကိုဖြစ်စေ အာရာမ်အတွင်း၊ မိမိနေရာဌာနအတွင်းကိုကြဉ်၍ ကိုယ်တိုင်သော်လည်း ကောက်ယူအံ့၊ သူတစ်ပါးကိုသော်လည်း ကောက်အယူခိုင်းအံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏။

ဆက်ဦးအံ့၊ ရဟန်းသည် ရတနာကိုဖြစ်စေ, ရတနာဟု သမုတ်အပ်သော အသုံးအဆောင်ကိုဖြစ်စေ အာရာမ်အတွင်း၌သော်လည်းကောင်း၊ မိမိနေရာဌာနအတွင်း၌သော်လည်းကောင်း ကိုယ်တိုင်ကောက်ယူပြီးဖြစ်စေ, သူတစ်ပါးကို ကောက်အယူခိုင်း၍ဖြစ်စေ သိမ်းထားနိုင်၏၊ အဘယ်သို့ ရည်ရွယ်၍ သိမ်းထားရမည်နည်း၊ ''အကြင်သူ၏ဥစ္စာဖြစ်လတ္တံ့၊ ထိုဥစ္စာရှင်သည် ဆောင်ယူလာလိမ့်မည်''ဤသို့ရည်ရွယ်၍ သိမ်းထားရမည်၊ ဤသို့ကောက်ယူ၍သိမ်းထား

ခြင်းသည် ထိုရတန,ရတနသမ္မတကို တွေ့ရာ၌ လောကုတ္တရာတရားအား လျော်သော ကျင့်ဝတ်တစ်မျိုးပေတည်း။

**မှတ်ချက်။** ။''ရတနာ''ဟူသည် ရွှေ ငွေ ပုလဲ စသော ရတနာ ၇-ပါးတည်း၊ ''ရတနာဟု သမုတ်အပ်သော အသုံးအဆောင်''ဟူသည် ရတနာအတုများနှင့် ဝတ်စားတန်ဆာ အဝတ်အထည် အသုံးအဆောင်များတည်း၊ ထိုပစ္စည်းများကို ကျောင်း၊တိုက်အတွင်း မိမိနေရာ ဌာနအတွင်း၌ မေ့နေရစ်သော်လည်းကောင်း,ကျရစ်သော်လည်းကောင်း သိမ်းဆည်းမထားလျှင် ရဟန်းသာမဏေများယူထားသည်ဟု အထင်ရှိသောကြောင့် ကောက်ယူသိမ်းထားဖို့ရန်ဝတ္တရားရှိသည်ဟု ပညတ်တော်မူခြင်းဖြစ်သည်၊ ထိုသို့ ကောက်ယူသိမ်းထားဖို့ရန် ဝတ္တရားရှိလျက် ဝတ္တရားပျက်ကွက်လျှင်ကား ဝတ္တဘေဒဒုက္ကဋ် (ဝတ်ပျက်မှုအာပတ်) သင့်သေး၏။

**ဆက်ဦးအံ့-ထိုသို့** အထင်မှားမည်စိုး၍သာ သိမ်းထားခွင့်ရှိသောကြောင့်အထင်မှားစရာမရှိသော လူအများနေထိုင်ရာ သွားလာရာအရပ်၌ကား ကောက်ယူသိမ်းထားခွင့်မရ၊ ထို့အပြင် လူဝတ်ကြောင်တို့က ''မည်သည့်ပစ္စည်းကို သိမ်းထားပေးစမ်းပါ''ဟု စေခိုင်းလျှင်လည်း မိဘပစ္စည်းပင် ဖြစ်စေကာမူ သိမ်းဆည်းမပေးရ၊ ''ငါတို့မှာမအပ်ဘူး''ဟုပယ်ရမည်၊ သူတို့ကအရေးကြီး၍ အတင်း ထားသွားလျှင်ကား မတတ်သာ၍ ကြည့်ရှုသိမ်းထားခွင့်ရှိသည်-ဟူ၏။

---

## ၈။ ဝိကာလေ ဂါမပ္ပဝေသနသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ။**
**အမှု-နေလွဲအခါ ရွာတွင်းဝင်၍ တိရစ္ဆာနကထာ (နတ်ပြည်လမ်းနိဗ္ဗာန်လမ်း = မဂ်တရား၏ ဗိလာကန့်လန့်ဖြစ်သောစကားကို)ပြောဆိုမှု။**

**ဆဗ္ဗဂ္ဂီ ရဟန်းများ** ဆဗ္ဗဂ္ဂီရဟန်းတို့သည် နေလွဲအခါ၌ ရွာတွင်း (မြို့တွင်း) သို့ ဝင်သွား၍ သဘာတစ်ခု၌ထိုင်ပြီးလျှင်''တိရစ္ဆာနကထာ'' ဟုခေါ်ဝေါ်အပ်သော စကားအမျိုးမျိုး ပြောဆိုကြလေသည်။

**မှတ်ချက်။** ။ပွဲလမ်းသဘင်ကိုလည်းကောင်း, ဈေးရုံကိုလည်းကောင်း, တရားရုံးကိုလည်းကောင်း ''သဘာ''ဟုခေါ်၏၊ ''တိရစ္ဆာန''ဟူသည် ''ဗိလာကန့်လန့် = ဆန့်ကျင်ဘက်'' တည်း၊ အကြင်စကားသည် နတ်ပြည် လူ့ပြည် သုဂတိသို့ရောက်ကြောင်းလည်း

မဟုတ်၊ နိဗ္ဗာန်ရောက်ကြောင်းလည်းမဟုတ်၊ ထိုစကားသည် သုဂတိလမ်း နိဗ္ဗာန်လမ်းနှင့် ဆန့်ကျင်ဘက် ဖီလာ ကျနေသော ကြောင့် "တိရစ္ဆာနကထာ" မည်၏၊ ထိုတိရစ္ဆာနကထာများ ကား—

၁။ **ရာဇကထာ**—မင်း (အစိုးရ) ကိုအကြောင်းပြု၍ ပြောဆိုအပ်သော စကား၊ မည်သည့်မင်းသည် ဘုန်းတန်ခိုးကြီး၏၊ ရုပ်အဆင်းလှ၏၊ သို့မဟုတ် ဘုန်းတန်ခိုးညံ့၏၊ အရုပ်ဆိုး၏၊ မိဖုရားနှင့် သားတော် သမီးတော်မည်မျှရှိ၏၊ ဤသို့ စသော အကျိုးမရှိသော ရာဇဝင်စကားမျိုးတည်း၊ မည်သည့်မင်းသည် သာသနာတော်ကို မည်သို့ မည်ပုံ ပြုစု၏၊ တိုင်းပြည် ကောင်းစားအောင် မည်သို့ မည်ပုံ ကြိုးစား၏၊ ထိုသို့ ဘုန်းတန်ခိုးကြီးသော မင်းသော်မှလည်း နောက်ဆုံးကျတော့ သေရသေးတာပဲ, စသည်ဖြင့် တရားနှင့်စပ်သောစကား မျိုးကား တိရစ္ဆာနကထာမဟုတ်။

၂။ **စောရကထာ**—သူခိုး, ဓားပြ, သူပုန် အကြောင်းကိုပြောသောစကား၊ သူပုန်ထပုံ ဓားပြတိုက်ပုံ ခိုးယူပုံ အစွမ်းသတ္တိရှိပုံစသော **စကား**မျိုးတည်း။

၃။ **မဟာမတ္တကထာ**—အမတ်ကြီး ဝန်ကြီးများ၏ ကောင်းကြောင်း, မကောင်းကြောင်းကို ပြောသောစကား။

၄။ **သေနာကထာ**—စစ်တပ်၏ အရည်အချင်း ရှိကြောင်း, မရှိကြောင်းကို ပြောသောစကား။

၅။ **ဘယကထာ**—စစ်ဘေး, သူခိုးဓားပြဘေး, ငတ်မွတ်ခြင်းဘေး စသည် တို့၏ အကြောင်းကို ပြောသောစကား။

၆။ **ယုဒ္ဓကထာ**—စစ်တိုက်ရာ၌ မည်သူက မည်သူကို သတ်လိုက်ကြောင်း စသည်ဖြင့် စစ်အကြောင်းကို ပြောသောစကား။

၇။ **အန္နကထာ**—"**မ**ည်သည့် ထမင်း ဟင်းဟာ မည်ကဲ့သို့ ကောင်း၏" စသည်ဖြင့် ထမင်းဟင်းတို့၏ အကြောင်းအရာကို ပြောသောစကား။

၈။ **ပါနကထာ**—"မည်သည့် သောက်ဖွယ် အဖျော်ရည်သည် မည်သို့ ကောင်း၏" စသည်ဖြင့် သောက်ဖွယ် အဖျော်ရည်တို့၏ အကြောင်းကို ပြောသောစကား။

၉။ **ဝတ္ထကထာ**— "မည်သည့်အဝတ် (သင်္ကန်း- ခြုံထည် စသည် ) သည် မည်ကဲ့သို့ အဆင်ကောင်း အသွေးကောင်း အသားကောင်း၏" စသည်ဖြင့် အဝတ်အကြောင်းကို ပြောသောစကား။

၁၀။ **သယနကထာ**–"မည်သည့်အိပ်ရာနေရာသည် မည်သို့ညက်ညော၏" စသည်ဖြင့် အိပ်ရာနှင့်စပ်သော စကား။

၁၁။ **မာလာကထာ**–"မည်သည့် ပန်းကုံး, ပန်းခိုင်သည် မည်သို့ မည်ပုံ လှ၏" စသည်ဖြင့် ပန်းကုံး, ပန်းခိုင်အကြောင်းကို ပြောသောစကား။

၁၂။ **ဂန္ဓကထာ**–"မည်သည့် နံ့သာသည် မည်သို့ မည်ပုံ မွှေးကြိုင်၏" စသည်ဖြင့် နံ့သာ(မျက်နှာချေပေါင်ဒါ သနပ်ခါးစသည်၏) အကြောင်း အရာကို ပြောသောစကား။

၁၃။ **ဉာတိကထာ**-"ငါတို့ ဆွေမျိုးသည် သတ္တိရှိ၏, ပစ္စည်းဖေါ၏" စသည်ဖြင့် ဆွေမျိုးအကြောင်းကို ပြောသောစကား။

၁၄။ **ယာနကထာ** "မည်သည့် မော်တော်ကား မည်သည့် ရထားသည် စီးလို့ကောင်း၏" စသည်ဖြင့် ယာဉ်ရထားအကြောင်းကို ပြောသောစကား။

၁၅။ **ဂါမကထာ**–"မည်သည့်ရွာသည် သာယာ၏၊ ထိုရွာသူရွာသားတို့ သည် ရဲရင့်၏" စသည်ဖြင့် ရွာအကြောင်းကို ပြောသောစကား။

၁၆,၁၇,၁၈။ **နိဂမ**– (နိဂုံး) နဂရ(မြို့) ဇနပဒ (ဇနပုဒ်=နယ်=ခရိုင်) တို့၏အကြောင်းအရာကို ပြောသောစကား။

၁၉။ **ဣတ္ထိကထာ**–"မည်သည့်မိန်းမသည် ရုပ်ချော၏"စသည်ဖြင့် မိန်းမ အကြောင်းကို ပြောသောစကား။

၂၀။ **သူရကထာ**–"မည်သည့် သူရဲကောင်း စစ်ဗိုလ်ကြီးသည် မည်သို့ ရဲရင့်၏" စသည်ဖြင့် သူရဲကောင်းများ၏ အကြောင်းကို ပြောသောစကား။

၂၁။ **ဝိသိခါကထာ**–"မည်သည့် လမ်းသည် သာယာ၏၊ ထိုလမ်းက လူများသည် သတ္တိရှိ၏" စသည်ဖြင့် လမ်းဆုံ လမ်းမ၏ အကြောင်းကို ပြောသောစကား။

၂၂။ **ကုမ္ဘဋ္ဌာနကထာ**-အိုး၏တည်ရာ အရပ်နှင့်စပ်၍ အိုးခွက်လုပ်ရာဌာန (ပုဂံစက်)၏ အကြောင်း, အိုးလုပ်သမား၏ ကျွန်မအကြောင်း, ရေခပ် ဆိပ်ကမ်း၏အကြောင်းကို ပြောသောစကား။

၂၃။ **ပုဗ္ဗပေတကထာ**–သေလွန် ပြီးသော ဆွေမျိုးများ၏ ဂုဏ်ကို ပြောသောစကား။

ခြင်းသည် ထိုရတန,ရတနသမ္မတကို တွေ့ရာ၌ လောကုတ္တရာတရားအား လျော်သော ကျင့်ဝတ်တစ်မျိုးပေတည်း။

**မှတ်ချက်။** ။''ရတနာ''ဟူသည် ရွှေ ငွေ ပုလဲ စသော ရတနာ ၇-ပါးတည်း၊ ''ရတနာဟု သမုတ်အပ်သော အသုံးအဆောင်''ဟူသည် ရတနာအတုများနှင့် ဝတ်စားတန်ဆာ အဝတ်အထည် အသုံးအဆောင်များတည်း၊ ထိုပစ္စည်းများကို ကျောင်း၊တိုက်အတွင်း မိမိနေရာ ဌာနအတွင်း၌ မွေ့နေရစ်သော်လည်းကောင်း,ကျရစ်သော်လည်းကောင်း သိမ်းဆည်းမထားလျှင် ရဟန်းသာမဏေများယူထားသည်ဟု အထင်ရှိသောကြောင့် ကောက်ယူသိမ်းထားဖို့ရန်ဝတ္တရားရှိသည်ဟု ပညတ်တော်မူခြင်းဖြစ်သည်၊ ထိုသို့ ကောက်ယူသိမ်းထားဖို့ရန် ဝတ္တရားရှိလျက် ဝတ္တရားပျက်ကွက်လျှင်ကား ဝတ္တဘေဒဒုက္ကဋ် (ဝတ်ပျက်မှုအာပတ်) သင့်သေး၏။

**ဆက်ဦးအံ့-ထို**သို့ အထင်မှားမည်စိုး၍သာ သိမ်းထားခွင့်ရှိသောကြောင့်အထင်မှားစရာမရှိသော လူအများနေထိုင်ရာ သွားလာရာအရပ်၌ကား ကောက်ယူသိမ်းထားခွင့်မရ၊ ထို့အပြင် လူဝတ်ကြောင်တို့က ''မည်သည့်ပစ္စည်းကို သိမ်းထားပေးစမ်းပါ''ဟု စေခိုင်းလျှင်လည်း မိဘာပစ္စည်းပင် ဖြစ်စေကာမူ သိမ်းဆည်းမပေးရ၊ ''ငါတို့မှာမအပ်ဘူး''ဟုပယ်ရမည်၊ သူတို့ကအရေးကြီး၍ အတင်း ထားသွားလျှင်ကား မတတ်သာ၍ ကြည့်ရှုသိမ်းထားခွင့်ရှိသည်-ဟူ၏။

---

## ၈။ ဝိကာလေ ဂါမပ္ပဝေသနသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ။**
**အမှု-နေလွဲအခါ ရွာတွင်းဝင်၍ တိရစ္ဆာနကထာ (နတ်ပြည်လမ်းနိဗ္ဗာန်လမ်း = မဂ်တရား၏ ဗိလာကန့်လန့်ဖြစ်သောစကားကို) ပြောဆိုမှု။**

**ဆဗ္ဗဂ္ဂီ ရဟန်းများ** ဆဗ္ဗဂ္ဂီရဟန်းတို့သည် နေလွဲအခါ၌ ရွာတွင်း (မြို့တွင်း) သို့ ဝင်သွား၍ သဘာတစ်ခု၌ထိုင်ပြီးလျှင်''တိရစ္ဆာနကထာ'' ဟုခေါ်ဝေါ်အပ်သော စကားအမျိုးမျိုး ပြောဆိုကြလေသည်။

**မှတ်ချက်။** ။ပွဲလမ်းသဘင်ကိုလည်းကောင်း, ဈေးနှံကိုလည်းကောင်း, တရားရုံးကိုလည်းကောင်း ''သဘာ''ဟုခေါ်၏၊ ''တိရစ္ဆာန''ဟူသည် ''ဗိလာကန့်လန့် = ဆန့်ကျင်ဘက်'' တည်း၊ အကြင်စကားသည် နတ်ပြည် လူ့ပြည် သုဂတိသို့ရောက်ကြောင်းလည်း

ဘိက္ခု အနာပုစ္ဆာ ဂါမံ ပဝိသေယျ၊ ပါစိတ္တိယံ=ရွာတွင်းသို့ ဝင်ပါဦးမည်ဟု ခွင့်မပန်ဘဲဝင်လျှင် ပါစိတ်အာပတ်'' (အချင်းချင်းခွင့်ပန် ဝင်လျှင်ကား ဝင်ကောင်း၏)ဟု ပထမ အနုပညတ် ထပ်ဆင့်တော်မူရလေသည်။

**ဒုတိယ အနုပညတ်**

ထိုသို့ အနုပညတ် ထပ်ဆင့်တော်မူပြီးနောက် ရဟန်းတစ်ပါးသည် သာဝတ္ထိမြို့သို့ သွားစဉ် ညနေချမ်း အခါ ရွာတစ်ရွာသို့ ရောက်၍ လူတို့က ''ရွာထဲသို့ ဝင်ပါ'' ဟု လျှောက်ကြလေရာ တစ်ပါးတည်းဖြစ်နေ၍ အချင်းချင်း ခွင့်ပန်စရာ မရှိသောကြောင့် ရွာပြင်ဘက်မှာပင် နေရလေသည်၊ ထိုရဟန်းကိုလည်း ခိုးသူတို့က ပါသမျှ သပိတ် သင်္ကန်းကို လုယူကြသဖြင့် အဆင့်ဆင့် ဘုရားထံ လျှောက်ကြပြန်ရာ ''ယော ပန ဘိက္ခု သန္တံ ဘိက္ခုံ အနာပုစ္ဆာ ဝိကာလေ ဂါမံ ပဝိသေယျ၊ ပါစိတ္တိယံ=ထင်ရှားရှိနေသောရဟန်းကို ခွင့်မပန်ဘဲ နေလွဲအခါ၌ ရွာတွင်းသို့ဝင်လျှင် ပါစိတ်အာပတ် (ခွင့်ပန်စရာ ရဟန်း တစ်ပါးမျှ ထင်ရှားမရှိလျှင် ခွင့်မပန်ဘဲလည်း ဝင်ကောင်း၏)'' ဟု ဒုတိယအနုပညတ် ထပ်ဆင့်တော်မူရပြန်လေသည်။

**တတိယ အနုပညတ်**

ထိုသို့ ဒုတိယ အနုပညတ် ထပ်ဆင့်တော် မူပြီးနောက် နေလွဲအချိန်ဝယ် ရဟန်းတစ်ပါးကို မြွေကိုက်သောကြောင့် အခြား ရဟန်းတစ်ပါးသည် မီးယူဖို့ရာ ရွာဆီသို့ ကပျာကယာ သွား၍ ရွာနားရောက်မှ ခွင့်မပန်ခဲ့ရသည်ကို သတိရ၍ မဝင်ဘဲ ပြန်လာခဲ့ရ လေသည်၊ ထိုအကြောင်းကို ဘုရားရှင်အား ရဟန်းများက လျှောက်ကြလေရာ ''အရေးတကြီး ကိစ္စရှိလျှင် ထင်ရှားရှိသော ရဟန်းကို ခွင့်မပန်ဘဲ ရွာတွင်းသို့ ဝင်နိုင်၏'' ဟု ခွင့်ပြုတော်မူကာ တတိယ အနုပညတ် ထပ်ဆင့်၍ (ယခုအခါ အပြည့်အစုံ တွေ့ရသော သိက္ခာပုဒ်ကို) ပညတ်တော်မူရပြန်လေသည်။

**သိက္ခာပုဒ်**။ ။**ယော ပန ဘိက္ခု သန္တံ ဘိက္ခုံ အနာပုစ္ဆာ ဝိကာလေ ဂါမံ ပဝိသေယျ အညတြ တထာရူပါ အစ္စာယိကာ ကရဏီယာ၊ ပါစိတ္တိယံ**။

**မြန်မာပြန်**။ ။အကြင် ရဟန်းသည် ထိုသို့ သဘောရှိသော အဆောတလျင် ပြုဖွယ်ကိစ္စကိုကြဉ်၍ ထင်ရှားရှိသော ရဟန်းကို မပန်ပြောဘဲ နေလွဲအခါ၌ ရွာတွင်းသို့ ဝင်အံ့၊ ထိုရဟန်း ပါစိတ်အာပတ် သင့်၏။

မှတ်ချက်။ ။မြို့တွင်းရွာတွင်းသို့ ဝင်လိုသောစိတ်ဖြစ်ချိန်ဝယ် တွေ့ရမြင်ရသောသို့မဟုတ် လှမ်း၍ပြောသော စကားကို ကြားနိုင်လောက်ရာ ၁၂-တောင်အတွင်းမှာ ရှိသောရဟန်းကို ''သန္တဘိက္ခု- ထင်ရှားရှိသောရဟန်း''ဟု ခေါ်သည်၊ ထိုသို့မရှိလျှင် တမင်တကာလိုက်၍ရှာနေဖွယ်မလို၊ ကိစ္စတစ်ခုအတွက်ရွာတွင်းသို့ဝင်ဖို့ရာတစ်ကြိမ်ခွင့်ပန်ပြီးဖြစ်လျှင် ထိုကိစ္စမပြီးမချင်း အခြားရွာသို့လည်း ဆက်ကာဆက်ကာ သွားနိုင်၏၊ ''တော်ပြီ,မသွားတော့ဘူး''ဟု ဆုံးဖြတ်ပြီးမှ ရွာတွင်းသို့ဝင်လိုပြန်လျှင် ထပ်မံ၍ ခွင့်ပန်ရမည်။

ခွင့်ပန်ရာ၌ ''ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိ''ဟု ပါဠိလိုဖြစ်စေ ''မြို့ထဲသွားပါဦးမည်, ရွာထဲသွားပါဦးမည်''ဟု မြန်မာလိုဖြစ်စေ ပန်နိုင်၏၊ မြို့ရွာအတွင်း၌ တည်နေသော ကျောင်းတိုက်သို့သွားသောအခါ, ရွာမှဖြတ်၍ အခြားအရပ်သို့ သွားသောအခါတို့၌ကား (ရွာဝင်လိုစိတ်မဟုတ်, လမ်းအမှတ်ဖြင့် ဖြတ်သွားလိုစိတ်ဖြစ်သောကြောင့်) ခွင့်ပန်နေဖွယ်မလို။

---

## ဃ။ သူစိဃရသိက္ခာပုဒ်

**အမှုသည်—ရဟန်းအများ။**
**အမှု-အလိုက်မသိဘဲ အပ်ဘူးအများကိုတောင်းမှု။**

**ရဟန်းအများ အလိုက်မသိမှု** ကပိလဝတ်မြို့တော်ဝယ် ဆင်စွယ် အလုပ်သမား တစ်ယောက်သည် ရဟန်းတို့အား ''အပ်ဘူးအလိုရှိလျှင် တောင်းပါ''ဟု ဖိတ်ထား၏၊ ရဟန်းတို့သည် အလိုက်မသိဘဲ (မည်မျှလောက်တောင်းလျှင် တော်လောက်ပြီဟု အတိုင်းအရှည်ပမာဏကိုမသိဘဲ) များစွာသော အပ်ဘူးတို့ကို တောင်းကြလေသည်၊ နဂိုကအပ်ဘူးအကြီးရှိသူကလည်း အပ်ဘူးငယ်ကို တောင်းကြ, အပ်ဘူးအငယ်ရှိသူတို့ကလည်း အပ်ဘူးအကြီးကိုတောင်းကြလေသည်၊ ထိုဆင်စွယ်အလုပ်သမားသည် ရဟန်းများအတွက် အပ်ဘူးလုပ်ပေးနေရသောကြောင့် ရောင်းဖို့ပစ္စည်းများကို မလုပ်အားတော့ချေ၊ တဖြည်းဖြည်းနှင့် အိမ်သားအားလုံးပင်စားရေးသောက်ရေး ကျပ်တည်းလာကြလေ၏၊ ထိုအကြောင်းကို သိသူလူတို့က ရဟန်းများကို ကဲ့ရဲ့ပြစ်တင်ကြသောကြောင့် အခြားရဟန်းတို့သည် ဘုရားရှင်ထံ လျှောက်ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု အဋ္ဌိမယံ ဝါ ဒန္တမယံ ဝါ ဝိသာဏမယံ ဝါ သူစိဃရံ ကာရာပေယျ၊ ဘေဒနကံ ပါစိတ္တိယံ။

မြန်မာပြန်။ ၊အကြင် ရဟန်းသည် အရိုးဖြင့် ပြုအပ်သည် မူလည်းဖြစ်သော ဆင်စွယ်ဖြင့် ပြုအပ်သည်မူလည်းဖြစ်သော ဦးချိုဖြင့်ပြုအပ်သည်မူလည်းဖြစ်သော အပ်ကျည်(အပ်ဘူး)ကို ပြုလုပ်စေအံ့၊ ထိုရဟန်းမှာ ခွဲခြင်းရှိသော ပါစိတ်အာပတ်သင့်၏။

---

## ၈။ မဉ္စပီဌသိက္ခာပုဒ်

**အမှုသည်—ရှင်ဥပနန္ဒ။**
**အမှု—မြင့်သောညောင်စောင်း (ခုတင်)ပေါ်၌အိပ်မှု။**

**အခြေရှည် ညောင်စောင်း** အိပ်ရာခုတင်ကို ညောင်စောင်းဟု လည်းကောင်း ထိုင်ခုံ စားပွဲခုံ စသောခုံအမျိုးမျိုးကို အင်းပျဉ်ဟုလည်းကောင်း ခေါ်၏၊ သာဝတ္ထိ မင်းသားတို့တွင် အပါအဝင်ဖြစ်သော ရှင်ဥပနန္ဒသည် အတော်မြင့်သော ညောင်စောင်းပေါ်၌ အိပ်လေ့ရှိ၏၊ တစ်နေ့သ၌ ဘုရားရှင်သည် ကျောင်းစဉ်လှည့်၍ ကြည့်ရှုတော်မူသောအခါ ရှင်ဥပနန္ဒ၏ ကျောင်းနားသို့ ရောက်တော်မူလေသော် ရှင်ဥပနန္ဒသည်မြတ်စွာဘုရားကို (သူ့ကိုယ်တိုင်ဟန်လုပြီ-ဟု ထင်နေသော) အိပ်ရာပေါ်၌ လျောင်းတော်မူရန် ဖိတ်မန့်လေသည်၊ မြတ်စွာဘုရားသည် ထိုကျောင်းနားမှ ပြန်လှည့်တော်မူ၍ ရဟန်းများကို ခေါ်တော်မူပြီးလျှင်....

''ဘိက္ခုတို့....ဤသူဟာ မင်ဖိုလ်မှ အချည်းနှီးသော = မင်ဖိုလ်မရသော မောဃပုရိသဖြစ်ကြောင်းကို သူ၏အဇ္ဈာသယ (သူ၏အလိုဆန္ဒ=သူကြိုက်နှစ်သက်ပုံ) ကြည့်သောအားဖြင့် သိနိုင်သည်၊ (ခမ်းခမ်းနားနားဟန်ကြီးပန်ကြီးနှင့် နေတတ်သူဟာ မင်ဖိုလ်ရဖို့အရေးနှင့် အဝေးကြီးဖြစ်သည်)''ဟု မိန့်တော်မူလိုဟန်တူသည်၊ ဤသို့ မိန့်တော်မူ၍ ခုတင်အမြင့်ကြီးပေါ်မှာ ဟန်ကြီးပန်ကြီး အိပ်တတ်သော ရှင်ဥပနန္ဒကို ကဲ့ရဲ့ရှုတ်ချတော်မူပြီးလျှင်ဤသိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။

**သိက္ခာပုဒ်။** ။နဝံ ပန ဘိက္ခုနာ မဉ္စံ ဝါ ပီဌံ ဝါ ကာရယမာနေန အဋ္ဌင်္ဂုလပါဒကံ ကာရေတဗ္ဗံ သုဂတင်္ဂုလေန အညတြ ဟေဋ္ဌိမာယ အဋနိယာ၊ တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အသစ်ဖြစ်သော ညောင်စောင်းကို သော်လည်းကောင်း, အင်းပျဉ်ကိုသော်လည်းကောင်း ပြုစေလိုသော ရဟန်းသည်အောက်၌ ဖြစ်သော ဘောင်ကိုကြဉ်၍(တိုင်းသောအခါ ဘောင်အောက်ကိုသာ) ဘုရားရှင်၏ လက်သစ်တော်ဖြင့် လက်ရှစ်သစ် အခြေရှိအောင် ပြုစေနိုင်၏၊ ထိုလက်ရှစ်သစ် ပမာဏကို လွန်စေသော ရဟန်းမှာ ဖြတ်ခြင်းရှိသော ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။လက်သစ်တိုင်းရာ၌ ခုတင်ပေါင် (ဘောင်) ကိုထည့်၍ မတိုင်းရ၊ ပေါင်အောက်ကခြေသက်သက်ကိုသာ တိုင်းရသည်၊ ဘုရားရှင်၏ လက်သစ်တော်အားဖြင့် ရှစ်သစ်သည် မဇ္ဈိမပုရိသ တွက်ကိန်းဖြင့် (၃-ဆ တက်၍) ၂၄-သစ်ရှိ၏ဟု ယူ၏၊ ထို ၂၄-သစ်ဖြင့် တိုင်းသောကြောင့်လည်း ''ယခုကာလ ခုတင် (ခတင်) ခြေထောက်များ ပညတ်တော်လာ ပမာဏထက်မပို''ဟု ယူဆရသည်၊ အကယ်၍ ယခုရိုးရိုးရှစ်သစ်ဖြင့် တိုင်းလျှင်ကား ပမာဏထက် ပိုနေပေလိမ့်မည်။

ထိုကဲ့သို့ ပမာဏထက်ပိုသော ခုတင်ကို အလုပ်ခိုင်း၍ ရလျှင် ဤသိက္ခာပုဒ်အရ ရှေးဦးစွာ ပိုသောပမာဏကိုဖြတ်ပစ်ပြီးမှ ပါစိတ်အာပတ်ကို ဒေသနာပြောရမည်၊ ကိုယ်ကအလုပ်မခိုင်းဘဲ လှူလာ၍ ရလျှင်ကား အာပတ်မသင့်၊ အသုံးပြုသောအခါ၌မူ ပမာဏထက်ပိုသမျှကို ဖြတ်ပစ်၍ ဖြစ်စေ, မြေကြီး၌မြှုပ်၍ဖြစ်စေ, အပေါ်မှာ တန်းထိုး၍ ထိုတန်းပေါ်၌ ငြမ်းဆင်သလိုတင်၍ဖြစ်စေ သုံးစွဲရမည်၊ ထိုသို့ မပြုပြင်ဘဲ သုံးစွဲလျှင်ကား သုံးတိုင်းသုံးတိုင်း ဒုက္ကဋ်အာပတ်သင့်၏။ ထို့ကြောင့်လည်း ရှေးကဆရာတော် အချို့၏ အသုံးအဆောင် ခုတင်ကလေးများမှာ ခြေထောက် ပုတိုတိုနှင့် တွေ့ကြရပေသည်၊ [တစ်ယောက်တည်း မရွေ့နိုင်လောက်အောင် ကြီးမားသောခုတင်ကြီးများကိုကား ဘူမိဂတိက (မြေနှင့်အလားတူ) ဟု ယူကြ၏၊ ထို့ကြောင့် အခြေ ရှည်သော်လည်း သုံးစွဲကောင်း၏ဟု ယူကြသည်။ ]

---

## ၈။ တူလောနဒ္ဓသိက္ခာပုဒ်

**အမှုသည်–ဆဗ္ဗဂ္ဂီရဟန်းများ။**

**အမှု–ညောင်စောင်းအင်းပျဉ်ကို လဲဝါဂွမ်းတို့ဖြင့် အပေါ်ကဖွဲ့ထားမှု။**

**ဆဗ္ဗဂ္ဂီရဟန်းများ** ဆဗ္ဗဂ္ဂီရဟန်းတို့သည် အင်းပျဉ် ညောင်စောင်းတို့ကို လဲတို့ဖြင့် ဖွဲ့ကြကုန်၍ (ညောင်စောင်းပေါ်၌ လဲဝါတို့ကိုဖြန့်ခင်း၍ အပေါ်က အထည်တစ်ခုခုကို လွှမ်းဖုံးပြီး)ထားကြကုန်၏၊ ကျောင်းစဉ်လှည့်၍

ကြည့်ရှုသော လူတို့သည် ထိုညောင်စောင်း အင်းပျဉ် ခုတင် ထိုင်ခုံတို့ကို မြင်၍ "ကာမဂုဏ် ခံစားသော လူများ၏ ခုတင် ထိုင်ခုံကို လဲဝါဂွမ်း မှို့တို့ဖြင့် ဖွဲ့ကြက်ထားကြသလို ရဟန်းတော်များက ဘာ့ကြောင့် ခုတင်ထိုင်ခုံတို့ကို လဲ ဝါဂွမ်းတို့ဖြင့် ဖွဲ့ကြက်ထားကြရသလဲ"ဟု ကဲ့ရဲ့ကြလေသည်၊ ထိုအကြောင်းကို ဘုရားရှင် သိတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယော ပန ဘိက္ခု မဉ္စံဝါ ပီဌံဝါ တူလောနဒ္ဓံ ကာရာပေယျ၊ ဥဒ္ဒါလနကံ ပါစိတ္တိယံ။**

မြန်မာပြန်။ ။အကြင် ရဟန်းသည် ညောင်စောင်းကို လည်းကောင်း, အင်းပျဉ်ကိုလည်းကောင်း လဲဖုံမွေ့ရာ အခင်းရှိသည်ကို ပြုစေအံ့၊ ထိုရဟန်းမှာ လဲကိုထုတ်ခြင်းရှိသော ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။ဤသိက္ခာပုဒ်တော်သည် ပြုလုပ်မှုကြောင့် ပညတ်ရသော သိက္ခာပုဒ်တည်း၊ သုံးစွဲရာ၌ကား ဥစ္စာသယန မဟာသယန သိက္ခာပုဒ်တွင် မဟာသယန (မြတ်သောနေရာ)၌ ပါဝင်သောကြောင့် ရဟန်းသာမဏေ ဥပုသ်သည် အားလုံးပင် လဲ ဝါ ရှင်မွေလွှန်း အဆာသွတ်ထားသော ဖုံအခင်းမွေ့ရာများ၌ မထိုင်မအိပ်ကောင်း၊ ထိုကဲ့သို့အခင်းများကိုတရားပလ္လင်ပေါ်၌သော်မှလည်း မထိုင်ကောင်း၊ နေထိုင်သုံးစွဲလျှင်ဒုက္ကဋ်အာပတ်သင့်၍ သာမဏေများ၌ ဒဏ်ထိုက်၏၊ ဥပုသ်သည်များ၌ ဥစ္စာသယန မဟာသမယ သိက္ခာပုဒ်ပျက်၏၊ သူတစ်ပါးထံမှရရှိလျှင် ထို လဲ ဝါ အဆာကိုထုတ်ပစ်၍ သုံးစွဲရသည်၊ "လဲ"ဟူရာ၌ သစ်ပင်အမျိုးမျိုးမှဖြစ်သောလဲ,နွယ်ပင်မှဖြစ်သောလဲ, မြက်အမျိုးမျိုးမှ ဖြစ်သောလဲ အားဖြင့် လဲ ၃-မျိုးရှိသည်၊ ယခုအခါ ရှပ်မွေလွှန်းများသည် မြက်မျိုးတည်း။

---

## ဆ။ နိသီဒနသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ။**

**အမှု—အလွန်ကြီးသော နိသီဒိုန် အခင်းကိုဆောင်မှု။**

**နိသီဒိုန် ခွင့်ပြုတော်မူခြင်း** ရဟန်းတို့သည် ထောပတ် ဆီဦးစသည်တို့ဖြင့် ရောစပ်အပ်၍ "မွန်မြတ်သည်"ဟု ဆိုရသော ဆွမ်းတို့ကိုဘုဉ်းပေးပြီးလျှင် ညဉ့်အိပ်ခါနီး၌ တရားဆင်ခြင်မှု(ကမ္မဋ္ဌာန်းနှလုံးသွင်းမှု) မပြုကြဘဲ အမှတ်တမဲ့ အိပ်ကြလေရာ ကာမနှင့်စပ်သော အိပ်မက်-မက်၍ သုက်လွှတ်သောကြောင့် ကျောင်းအိပ်ရာတွေ ညစ်ပေကုန်တော့၏၊

ဘုရားရှင်သည် အရှင်အာနန္ဒာနှင့်အတူ ကျောင်းစဉ်လှည့်၍ ကြည့်ရှုတော်မူလေရာ ထိုပေနေသော ကျောင်းအိပ်ရာတို့ကို မြင်တော်မူရသောကြောင့် ကိုယ်ကိုလည်းကောင်း, သင်္ကန်းကိုလည်းကောင်း, ကျောင်းအိပ်ရာကို လည်းကောင်း မညစ်မပေအောင် စောင့်ရှောက်ခြင်းအကျိုးငှာ နိသီဒိုန်အခင်းကို ခွင့်ပြုတော်မူလေသည်။

**ကြီးကျယ်သော နိသီဒိုန်** ထိုသို့ နိသီဒိုန်အခင်းကို ခွင့်ပြုတော်မူသောအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် အတိုင်းအရှည်ပမာဏ မရှိလောက်အောင် အလွန်ကြီးသော နိသီဒိုန်ကို ပြုလုပ်ကြလေသည်၊ ထိုနိသီဒိုန်ကို ညောင်စောင်း-အင်းပျဉ်(ခုတင် ထိုင်ခုံများ) အပေါ်၌ ခင်းသောအခါ ရှေ့ရောနောက်ပါ တွဲလျားကျနေ၏၊ ထိုခေတ်၌ အဝတ်ရှားပါးသော ခေတ်ဖြစ်ရကား ထိုကဲ့သို့ ကြီးကြီးမားမား ပြုခြင်းကိုပင် ရဟန်းအများက ဝိုင်း၍အပြစ်တင်ကာ ဘုရားရှင်အား လျှောက်ထားလေရာ-"ဘုရားအထွာတော်ဖြင့် အလျား ၂-ထွာ, အနံ ၁-ထွာခွဲ ပမာဏရှိသော နိသီဒိုန်ကို ပြုစေရမည်"ဟု ပထမပညတ်တော်မူလေသည်။

**အနုပညတ်။** ။ထိုနိသီဒိုန်သည် အတွင်းခံ အဝတ်ကဲ့သို့ ကိုယ်အလယ်ပိုင်းကို ပတ်၍လည်း အသုံးပြုနိုင်, နေရာထိုင်ကဲ့သို့ ခင်း၍လည်း ထိုင်နိုင်ရကား အခါတစ်ပါး၌ ခန္ဓာကိုယ်ကြီးမားသော အရှင်ဥဒါယီသည် ဘုရားရှေ့တော်၌ ထိုနိသီဒိုန်ကိုခင်း၍ထိုင်ရာ ကိုယ်မလုံသောကြောင့် နိသီဒိုန်ကို (သားရေအလုပ်သမားသည် သားရေကိုပြန့်ကျယ်အောင် ဆွဲဆန့်သကဲ့သို့) မသိမသာဆွဲဆန့်နေလေသည်၊ ထိုအခါကျမှ နိသီဒိုန် အစွန်အနား၌ တစ်ထွာလောက်ရှိသော အမြိတ်အဆာကို တပ်ဖို့ရာ ထပ်မံခွင့်ပြုတော် မူရလေသည်။

**သိက္ခာပုဒ်။** ။နိသီဒနံ ပန ဘိက္ခုနာ ကာရယမာနေန ပမာဏိကံ ကာရေတဗ္ဗံ၊ တတြိဒံ ပမာဏံ၊ ဒီဃသော ဒွေ ဝိဒတ္ထိယော သုဂတဝိဒတ္ထိယာ၊ တိရိယံ ဒိယဍ္ဎံ၊ ဒသာ ဝိဒတ္ထိ၊ တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံ။

**ပြန်မြဲ။** ။နိသီဒိုန်ကို ပြုစေလိုသော ရဟန်းသည် ပမာဏနှင့်ယှဉ်သော နိသီဒိုန်ကို ပြုစေထိုက်၏၊ နိသီဒိုန်၏ ပမာဏကား- ဘုရားရှင်၏ အထွာတော်ဖြင့် အလျား ၂-ထွာ, အနံ ၁-ထွာခွဲ, အမြိတ်အဆာ တစ်ထွာဖြစ်၏၊ ထိုပမာဏကို လွန်စေသော ရဟန်းမှာ ဖြတ်ခြင်းရှိသော ပါစိတ်အာပတ်သင့်၏၊ [ပြုလုပ်ခြင်းကြောင့် ပါစိတ်အာပတ်

သင့်၍ သုံးစွဲခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်၏၊ သူတစ်ပါးထံမှရလျှင် ပမာဏပိုသမျှကို ဖြတ်၍သုံးစွဲကောင်း၏။

**မှတ်ချက်။** ။နိသီဒိုန်ကို အမြိတ်အဆာတပ်လိုက်လျှင် (အဝတ်လှမ်းသလို ဖြန့်ချထားသောအခါ ၂-မြှာကွဲနေသော အမြိတ်အဆာနှင့်တကွ) ဘောင်းဘီလှမ်းထားပုံနှင့်တူ၏၊ ထိုနိသီဒိုန်ကို ရှေ့ဆီးပုံးဘက်က ထား၍ အဆာ ၂-လွှာကို ခါးတောင်းကြိုက်သလို နောက်သို့မို့ပြီးလျှင် ကြိုးသေးသေးနှင့် ဆက်စပ်ချည်ထားသောအခါ အတွင်းခံဘောင်းဘီကို ဝတ်ထားသကဲ့သို့ ဖြစ်နေပေလိမ့်မည်၊ ထိုနိသီဒိုန်ကိုပင် အဆာ ၂-လွှာကို အလယ်က ကြိုးနှင့်တွဲ၍ ခင်းသောအခါ နေရာထိုင် ရိုးရိုးကဲ့သို့လည်း ထိုင်စရာဖြစ်နိုင်ပြန်၏၊ ဆွမ်းစားသောအခါ တစ်ပိုင်းကိုခင်း၍ အမြိတ် ၂-ခုကို တင်ပျဉ်ပေါ် တင်ထားလိုက်လျှင် ဆွမ်းဟင်းအစက်များကိုလည်း ကာကွယ်နိုင်၏၊ ထိုကဲ့သို့ ကိုယ်အလယ်ပိုင်းကို ဖုံး၍လည်းကောင်း, ခင်း၍လည်းကောင်း အသုံးပြုနိုင်သောကြောင့်ပင် ကိုယ်ခန္ဓာနှင့်သင်္ကန်း ကျောင်း အိပ်ရာတို့ကို မညစ်မပေအောင် ခွင့်ပြုတော် မူခြင်း ဖြစ်ပေသည်၊ ဤနိသီဒိုန်ကို ''သက်နှီးသင်္ကန်း''ဟုလည်း ခေါ်စမှတ်ပြုကြသည်။

## ၉။ ကဏ္ဍုပဋိစ္ဆာဒိသိက္ခာပုဒ်

အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။

အမှု—အနာလွှမ်းသင်္ကန်းကို ပမာဏလွန်အောင်ပြုလုပ်မှု။

**အနာလွှမ်းသင်္ကန်း ခွင့်ပြုခြင်း** အရှင် အာနန္ဒာ၏ ဥပဇ္ဈာယ်ဆရာတော်ဖြစ်သော အရှင် ဗေလဋ္ဌသီသမှာ ထူပြစ်နေအောင် အိုင်းကျနေသော ဝဲနာပေါက်နေ၏၊ ထိုအနာခေးတို့ကြောင့် သင်္ကန်းတို့သည် ကိုယ်၌ ကပ်တွယ်နေကုန်၏၊ ဂိလာန ပြုစုသော ရဟန်းတို့သည် ထိုသင်္ကန်းတို့ကို ရေဖြင့် ဆွတ်၍ ဆွတ်၍ ကိုယ်မှ ခွာယူကြရကုန်၏၊ ဘုရားရှင်သည် ကျောင်းစဉ်လှည့်၍ ကြည့်ရှုတော်မူသောအခါ တွေ့မြင်တော်မူရကား ကဏ္ဍု-ယားနာဖြစ်စေ, ပီဠကာ-အိုင်းအမာ(သွေးစုနာ) ဖြစ်စေ, အဿာဝ-အရိအရွဲယိုသော ဘဂန္ဒြိုရ်စသော အနာတစ်မျိုးမျိုးဖြစ်စေ, ထုလ္လကစ္ဆု-ထူပြစ်အိုင်းကျနေသော ဝဲနာဖြစ်စေ ပေါက်သောအခါ သင်္ကန်းမပေအောင် ထိုအနာကို ဖုံးထားဖို့ရာ အနာလွှမ်းသင်္ကန်းကို ခွင့်ပြုတော်မူရလေသည်။

**ကြီးကျယ်သော အနာလွှမ်းပြုမှု** ထိုသို့ အနာလွှမ်း သင်္ကန်းကို ခွင့်ပြုတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အတိုင်းအရှည် ပမာဏမထားဘဲ အလွန်ကြီးမားသောအနာလွှမ်းသင်္ကန်းကိုပြုကြကုန်၏၊

ထိုအနာလွှမ်းသင်္ကန်းကို အနာပေါ် ဖုံးလွှမ်း၍ ထားသောအခါ ရှေ့ရော နောက်ပါ တွဲလျားကျကုန်၏၊ ထို့ကြောင့် ရဟန်းများက ကဲ့ရဲ့ကြသဖြင့် အတိုင်းအရှည် ပမာဏကို ညွှန်ပြသော ဤသိက္ခာပုဒ်ကို ပညတ်တော် မူရလေသည်။

**သိက္ခာပုဒ်။** ။ကဏ္ဍုပဋိစ္ဆာဒိံ ပန ဘိက္ခုနာ ကာရယမာနေန ပမာဏိကာ ကာရေတဗ္ဗာ၊ တတြိဒံ ပမာဏံ၊ ဒီဃသော စတဿော ဝိဒတ္ထိယော သုဂတဝိဒတ္ထိယာ၊ တိရိယံ ဒွေ ဝိဒတ္ထိယော၊ တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အနာလွှမ်းသင်္ကန်းကို ပြုစေလိုသောရဟန်းသည် ပမာဏ နှင့်ယှဉ်သော အနာလွှမ်းသင်္ကန်းကို ပြုစေထိုက်၏၊ ထိုအနာလွှမ်း သင်္ကန်း၏ပမာဏကား ဘုရားရှင်၏အထွာတော်ဖြင့် အလျား၄-ထွာ, အနံ ၂-ထွာဖြစ်၏၊ ထိုပမာဏကို လွန်စေသောရဟန်းမှာ ဖြတ်ခြင်း ရှိသော ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။"အနာ"ဟူရာ၌ ချက်၏အောက်နှင့် ပုဆစ်ဒူးဝန်း ၂-ဘက် ၏အထက် အရပ်မှာပေါက်သော ပြခဲ့သောအနာတည်း၊ အခြား နေရာ၌ပေါက်သော အနာကိုကား သာမန်အဝတ်စဖြင့် ဖုံးထားနိုင် သောကြောင့် ထိုနေရာကိုသာ သီးခြားပြတော်မူဟန်တူသည်၊ ဤ သိက္ခာပုဒ်လည်း ပြုလုပ်မှုကြောင့် ပညတ်ရသော သိက္ခာပုဒ်တည်း၊ သုံးစွဲမှုကြောင့်ကား ဒုက္ကဋ်အာပတ်သင့်၏၊ သူတစ်ပါးထံမှ ပမာဏ လွန်သော အနာလွှမ်းသင်္ကန်းကိုရလျှင် ပိုသော ပမာဏကို ဖြတ်၍ သုံးစွဲကောင်း၏။

---

## ၈၂။ ဝဿိကသာဋိကာသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီရဟန်းများ။**
**အမှု—အတိုင်းအရှည်လွန်သော မိုးရေခံသင်္ကန်းကို ဆောင်ယူ (ပြုလုပ်)မှု။**

**ရဟန်းများ မိုးရေချိုးခြင်း** ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိမြို့ ဇေတဝန် ကျောင်းတိုက် တော်၌ သီတင်းသုံးတော်မူစဉ် မိုးကြီးသည် လေးကျွန်းလုံး အနှံ့ရွာချလေ၏၊ ထိုအခါ ဘုရားရှင်သည် ရဟန်းတို့ကို မိုးရေချိုးကြဖို့ရန် "ရဟန်းတို့....ဤမိုးကြီးသည် ဇေတဝန် ကျောင်းတိုက်မှာ ရွာသကဲ့သို့ လေးကျွန်းအလုံး၌ ရွာ၏၊ လေးကျွန်းလုံး အနှံ့ရွာသောမိုးတို့တွင်

ဤမိုးကြီးသည် နောက်ဆုံးဖြစ်၍ သင်တို့၏ကိုယ်ကို မိုးစွတ်ခံလိုက်ကြ''ဟု မိန့်တော်မူ၏၊ ထိုအခါ ရဟန်းအများပင် သင်္ကန်းကိုချထား၍ ကိုယ်ကို မိုးစွတ်ခံကြလေ၏၊ ထိုအချိန်ကား သင်္ကန်းပေါများသော အချိန်မဟုတ်၊ ထို့ကြောင့် ရေလဲသင်းပိုင် အပိုမရှိရကား ကိုယ်တုံးလုံးဖြင့် မိုးရေချိုးနေကြလေသည်။

**ကျွန်မ အထင်မှားပုံ** ထိုနေ့ ထိုရက်ကား ဘုရားရှင် ဒေသစာရီ လှည့်လည်၍ ပြန်ရောက်ပြီး နောက်တစ်ရက်ဖြစ်၏၊ ဝိသာခါသည်မနေ့ကပင် ဘုရားထံသို့ချဉ်းကပ်၍ သံဃာကုန်ဆွမ်းဘုဉ်းပေးပင့်ထား၏၊ ထို့ကြောင့် နံနက်စောစော၌ မွန်မြတ်သော ဆွမ်းဘောဇဉ်ကို စီစဉ်၍ ကျွန်မအား ဆွမ်းကျက်ပြီးဖြစ်ကြောင်း လျှောက်ဖို့ရန် စေလွှတ်လိုက်လေ၏၊ ကျွန်မသည် ဝိသာခါ၏အမိန့်ဖြင့် ကျောင်းတိုက်သို့ ရောက်သွားသောအခါ ဒုဝတ်မပါဘဲ ရေချိုးနေကြသော ရဟန်းတော်များကို တိတ္ထိတွေထင်မှတ်၍ ပြန်လာပြီးလျှင် ကျောင်းတိုက်မှာ ရဟန်းတော်များမရှိကြောင်း, တိတ္ထိဖတွ ရေချိုးနေကြကြောင်းကို ဝိသာခါအား ပြောပြလေသည်။

**ဝိသာခါ ဥာဏ်ရှိပုံ** ထိုသို့ ကျွန်မကပြောသော်လည်း ဝိသာခါသည် ကိုယ်တော်များ၌ သင်္ကန်းအပိုမထားကြောင်းကိုသိပြီးဖြစ်ရကား ''ကေန်မုချ ကျွန်မနားမလည်၍ ပြောခြင်းဖြစ်လိမ့်မည်, ကိုယ်တော်များ ရေချိုးကြဟန်တူသည်''ဟု တွေးပြီးလျှင် ''ထိုကျွန်မကိုပင် တစ်ဖန်ပြန်၍ အလျှောက်ခိုင်းပြန်လေသည်၊ ထိုကဲ့သို့ စေခိုင်း၍ ကျွန်မ ရောက်သွားသောအခါ၌ကား ကိုယ်တော်များလည်း ရေချိုးပြီးဖြစ်၍ မိမိဆိုင်ရာကျောင်းခန်းတွင်းသို့ ဝင်နေကြလေရာ, ကျွန်မသည် ရဟန်းတစ်ပါးမျှ မတွေ့သောကြောင့်ပြန်လာ၍ ''ကျောင်းတိုက်မှာ ရဟန်းတစ်ပါးမျှမရှိ''ဟု ပြောပြန်လေသည်။

**ဘုရားရှင် ကြွလာခြင်း** ထိုအခါ ဝိသာခါသည် ''ကိုယ်တော်များ ကျောင်းခန်းတွင်းဝင်၍ ငြိမ်သက်စွာ နေတော်မူကြဟန် တူသည်၊ သူနားမလည်လို့သာ ကိုယ်တော်များမရှိဟု ပြောခြင်းဖြစ်လိမ့်မည်''ဟု တွေး၍ ထိုကျွန်မကိုပင် ထပ်၍လွှတ်ပြန် လေသည်၊ ထိုအချိန်၌ကား ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့အား ''သပိတ်သင်္ကန်းကို အသင့်ပြင်ကြတော့, ဆွမ်းအချိန်တန်ပြီ''ဟု မိန့်တော်မူ၍ ရဟန်းများနှင့်အတူ ဝိသာခါ၏ အိမ်သို့ တန်ခိုးဖြင့် ကြွတော်မူလေသည်။

**မိုးရေခံသင်္ကန်း ခွင့်ပြုတော်မူခြင်း** ဝိသာခါသည် ထိုသို့ တန်ခိုးဖြင့် ကြွတော်မူလာကြသော ဘုရားအမှူးရှိသော သံဃာတော်များကို ဝမ်းမြောက်, ဝမ်းသာ ဆွမ်းကပ်ပြီးနောက် "သင်္ကန်းမပါဘဲ ရေချိုးကြသော ရဟန်းများကို တိတ္ထိတွေ" ဟု ကျွန်မ၏ အထင်မှားပုံကို လျှောက်ပြီးလျှင် မိုးရေခံသင်္ကန်းကို လှူဒါန်းလိုပါကြောင်း လျှောက်ထား လေသည်၊ [အာဂန္တုကဘတ် (ဆွမ်း)လှူလိုပါကြောင်း စသည်ကိုလည်း တစ်ဆက်တည်း လျှောက်လေ၏၊] ထို လျှောက်ထားချက်အရ ဘုရားရှင်သည် ဤ မိုးရေခံ သင်္ကန်းကို ခွင့်ပြုတော်မူရလေသည်။

**ပမာဏလွန်အောင် ပြုလုပ်မှု** ထိုသို့ မိုးရေခံ သင်္ကန်းကို ခွင့်ပြုတော်မူပြီးသောအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် အတိုင်းအရှည် ပမာဏ မရှိ— ကြီးချင်တိုင်း ကြီးသော မိုးရေခံသင်္ကန်းကို ချုပ်လုပ်ကြပြီးလျှင် ရှေ့ရောနောက်ပါ တရွတ်ဆွဲလျက် လှည့်လည်ကြသောကြောင့် အတိုင်းအရှည် ပမာဏကိုညွှန်ပြ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ **ဝဿိကသာဋိကံ ပန ဘိက္ခုနာ ကာရယမာနေန ပမာ- ဏိကာ ကာရေတဗ္ဗာ၊ တတြိဒံ ပမာဏံ၊ ဒီဃသော ဆ ဝိဒတ္ထိယော သုဂတဝိဒတ္ထိယာ၊ တိရိယံ အဍ္ဎတေယျာ၊ တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။မိုးရေခံ သင်္ကန်းကို ပြုစေလိုသော ရဟန်းသည် ပမာဏ နှင့်ယှဉ်သော မိုးရေခံသင်္ကန်းကို ပြုစေထိုက်၏၊ ထို မိုးရေခံသင်္ကန်း၏ ပမာဏကား ဘုရားရှင် အထွာတော်ဖြင့် အလျားမှ ၆-ထွာ, အနံမှ ၂-ထွာခွဲ ဖြစ်၏၊ ထို ပမာဏကို လွန်၍ ပြုစေသော ရဟန်းအား ဖြတ်ခြင်းရှိသော ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။မိုးရေခံ သင်္ကန်းသည် ရေချိုးအိမ်အတွင်း မြစ်ချောင်း အတွင်း၌ ရေချိုးခြင်းမျိုး မဟုတ်၊ ကိုယ်ကိုကျန်းမာ ခန့်ကျန်းအောင် မိုးရွာနေစဉ် လွင်ပြင်၌ ကိုယ်ကို မိုးစွတ်စေခြင်း, မိုးရေချိုးခြင်း ဖြစ်၏၊ ထိုသို့ လွင်ပြင် ဖြစ်သောကြောင့်ပင် ထိုမိုးရေခံ အဝတ်တစ်ပိုင်းကို ဝတ်၍ တစ်ပိုင်းကို အထက်ပိုင်းကိုယ်မှာ လွှမ်းခြုံထားဖို့ရာ အလျား

ရှည်ရှည် ခွင့်ပြုတော်မူရ လေသည်၊ သင်္ကန်း ဆိုသော်လည်း နဂို သင်္ကန်းများကဲ့သို့ အဝါရောင် ဖြစ်လာအောင် ဆိုးမှ အပ်သည် မဟုတ်၊ ဆင်စွယ်ရောင်ကဲ့သို့ တစ်ကြိမ်မျှ ဆိုးလျက် အဖြူရောင် ပျက် လျှင်ပင် ဝတ်ကောင်းပြီ။

## ၉။ နန္ဒတ္ထေရသိက္ခာပုဒ်

**အမှုသည်-ညီတော်နန္ဒထေရ်။**

**အမှု-ဘုရား သင်္ကန်းတော်လောက် ကြီးသော သင်္ကန်းကို ဝတ်မှု။**

**အရှင်နန္ဒ** အရှင်နန္ဒသည် မိထွေးတော် ဂေါတမီ၏ သား (ဘုရား ရှင်နှင့် မိကွဲ ဖတူ ဖြစ်သော) ညီတော် ဖြစ်၏၊ အလွန် အဆင်း လှ၏၊ ရှုချင့်စဖွယ် တင့်တယ်၍ မြင်ရသူ၏ စိတ်နှလုံးကို ယူကျုံး မွေ့လျော်စေနိုင်လောက်အောင် ကျက်သရေကိုဆောင်၏၊ အရပ်တော်လည်း ထောင်ထောင် မောင်းမောင်း ရှိ၍ ဘုရားရှင်အောက် လက် ၄-သစ်လောက် သာ နိမ့်၏၊ ထို့ကြောင့် ဘုရားရှင်၏ သင်္ကန်းတော်နှင့် ညီမျှသော သင်္ကန်း ကိုသာ ဝတ်လေ့ရှိရကား အခါတစ်ပါး၌ ခပ်လှမ်းလှမ်းမှ အရှင်နန္ဒ လာနေ သည်ကို မြင်ကြသော ရဟန်းတော်တို့သည် "ဘုရားရှင် ကြွလာသည်" ဟု ထင်၍ ထိုင်နေရာမှ ထနှင့်ကြကုန်၏၊ အနားရောက်မှ အရှင်နန္ဒမှန်း သိကြ၍ "ဘုရားသင်္ကန်းလောက်ကြီးသော သင်္ကန်းကို ဝတ်ရုံ ရကောင်းလား" ဟု အပြစ်တင်ကြ လေသည်၊ ထို အကြောင်းကို ဘုရားရှင်သိတော်မူ၍ ဘုရားရှင် သင်္ကန်းပမာဏကို ညွှန်ပြတော်မူပြီးလျှင် "ဘုရားရှင်၏ သင်္ကန်းတော်လောက် ဖြစ်စေ, ထို့ထက်ကြီးသော သင်္ကန်းကိုဖြစ်စေ မဆောင်ရ=မဝတ်ရ" ဟု ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယော ပန ဘိက္ခု သုဂတစီဝရပ္ပမာဏံ စီဝရံ ကာရာ-ပေယျ**၊ အတိရေကံဝါ၊ ဆေဒနကံ ပါစိတ္တိယံ၊ တတြိဒံ သုဂတဿ **သုဂတစီဝရပ္ပမာဏံ**၊ ဒီဃသော နဝ ဝိဒတ္ထိယော သုဂတ ဝိဒတ္ထိယာ၊ တိရိယံ ဆဝိဒတ္ထိယော၊ ဣဒံ သုဂတဿ သုဂတစီဝရပ္ပမာဏန္တိ။

မြန်မာပြန်။ ။အကြင် ရဟန်းသည် ဘုရားရှင်၏ သင်္ကန်းတော် ပမာဏ ရှိသည်မူလည်း ဖြစ်သော ပိုလွန်သည်မူလည်း ဖြစ်သော သင်္ကန်းကို ပြုစေအံ့၊ ထိုရဟန်း ပါစိတ်အာပတ် သင့်၏၊ မြတ်စွာဘုရား၏ သင်္ကန်း

တော် ပမာဏကား ဘုရားရှင်၏ အထွာတော်ဖြင့် အလျား ၉-ထွာ, အနံ ၆-ထွာ ဖြစ်၏။

**မေးမွယ်**။ ။ဘုရားရှင်၏ သင်္ကန်း ပမာဏကို ပြရာ၌ "အလျား ၉-ထွာ, အနံ ၆-ထွာ"=(၄-တောင့်ထွာ + ၃-တောင်)ဟု ပြ၏၊ ထို ပမာဏ လောက်ကြီးသော သင်္ကန်းကို ဝတ်လျှင် "ထိုရှည်သမျှ ပမာဏ ကို လည်း ဖြတ်, ပါစိတ်အာပတ်လည်း သင့်၏"ဟု ပညတ်တော်မူထား၏၊ ယခုကာလ သင်္ကန်း(ကေသီ=သင်္ကန်းကြီး) တို့သည် ထို ပမာဏထက် ပိုလွန်လျက် ရှိရာ အဘယ်သို့ ဖြစ်နေပါသနည်း" ဟု မေးဖွယ် ရှိ၏၊

**အဖြေ**။ ။"ဗုဒ္ဓမြတ်စွာ၏ ၁-ထွာသည် မဇ္ဈိမပုရိသ (အလယ်, အလတ် ယောကျ်ား၏ အထွာဖြင့်)၃-ထွာနှင့် ညီမျှ၏"ဟု ယူဆ၍ ယခုကာလ သင်္ကန်းများ၏ ပမာဏသည် ထိုသိက္ခာပုဒ်လာ ပမာဏထက် ရှည်လျား နေသည်ကို တွေ့ကြရပေသည်။

**အဋ္ဌကထာ**။ ။သုဂတဝိဒတ္ထိနာမ ဣဒါနိ မဇ္ဈိမဿ ပုရိသဿ တိဿော ဝိဒတ္ထိယော, ဝဍ္ဎကိဟတ္ထေန ဒိယဍ္ဎော ဟတ္ထော ဟောတိ- ဘုရား တစ်ထွာသည် ယခုအခါ အလယ်,အလတ် ယောကျ်ား၏ အထွာဖြင့် ၃-ထွာ ဖြစ်၍ လက်သမားတို့၏ အတိုင်းအတာဖြင့် တစ်တောင့်ထွာ ရှိသည်။ [ကင်္ခါ, သံဃာဒိသေသ- ကုဋိကာရ သိက္ခာပဒ အဖွင့်။]

**သုဒ္ဓပါစိတ်အခန်း ပြီး၏။**

# ၆။ ပါဋိဒေသနီယ အခန်း

## ပဌမပါဋိဒေသနီယ သိက္ခာပုဒ်

အမှုသည်-ရဟန်းတစ်ပါး။
အမှု-ဘိက္ခုနီ၏လက်မှ ဆွမ်းကို ခံယူစားသောက်မှု။

**သိက္ခနှင့် ဘိက္ခုနီ**

ဘိက္ခုနီ တစ်ယောက်သည် သာဝတ္ထိမြို့၌ ဆွမ်းခံ၍ ပြန်လာသော အခါ မြို့တွင်းမှာပင် ရဟန်း တစ်ပါးကို မြင်၍ "အရှင်ဘုရား....တပည့်မရဲ့ ဆွမ်းကို ခံယူပါ"ဟု လျှောက်လေသည်၊ ထိုရဟန်းသည် "ကောင်းသားပဲ"ဟု ပြော၍ ဆွမ်း အားလုံးကို ယူလိုက်လေ၏၊ နောက်ထပ် ဆွမ်းခံချိန် မရှိတော့သဖြင့် ဘိက္ခုနီမှာ ထိုနေ့အဖို့ ဆွမ်းငတ်လေတော့၏။

နောက်တစ်ရက်၌လည်း ထို့အတူပင် ထိုရဟန်းကိုမြင်၍ မိမိခံယူလာသော ဆွမ်းကို တစ်ဆင့်ခံယူဖို့ရန် လျှောက်ပြန်ရာ ထိုရဟန်းက အားလုံးကိုပင်ယူလိုက်ပြန်သဖြင့် ဒုတိယနေ့မှာလည်း ဆွမ်းငတ်ပြန်၏၊ တတိယ နေ့၌လည်း ထိုနည်းအတိုင်းပင် (အလိုက် မသိတတ်သော ရဟန်းကြောင့်) ဆွမ်း ငတ်ရ ပြန်လေသည်။

စတုတ္ထနေ့၌ကား ၃ ရက်လုံးလုံး ဆွမ်းမစားရရှာသော ထို ဘိက္ခုနီသည် ရထားစုံသွားနေသော ပြလမ်းမ၌ တုန်တုန်ရီရီနှင့် သွားနေစဉ် ရထားစီး၍ လာသော သေဋ္ဌေးတဦးက "အရှင်မ....ဖယ်ပါ" ဟု လျှောက်၍ လမ်းဖယ်လိုက်စဉ် လဲသွားတော့၏၊ စိတ်သဘော ကောင်းသော သေဋ္ဌေးသည် ရထားမှ ဆင်းလာ၍ တောင်းပန်ရှာ၏၊ ဘိက္ခုနီလည်း "ရထားကို လမ်းဖယ်ရလို့ လဲတာ မဟုတ်ပါ၊ နဂိုကပင် အားနည်းနေလို့ပါ" ဟု ပြန်ပြော၏၊ "ဘာပြုလို့ အားနည်းရပါတုန်း" ဟု ထပ်၍မေးရာ "ရဟန်းတစ်ပါးက သူလှူသောဆွမ်းကို အကုန်လုံး ခံယူသောကြောင့် ၃-ရက်လုံးလုံး ဆွမ်းမစားခဲ့ရကြောင်း" ပြောပြလေသည်။

ထိုအခါ သေဋ္ဌေးသည် ဘိက္ခုနီကို အိမ်သို့ပင့်၍ ဆွမ်းကျွေးပြီးလျှင် "နဂိုကမှ လာဘ်လာဘ အရနည်းသော ဘိက္ခုနီရဲ့ဆွမ်းကို ရဟန်းယောကျ်ားဖြစ်သူက အလိုက်မသိ အကုန်လုံး ခံယူရသတဲ့လား" ဟု နှီးစပ်ရာ ပြောပြ၍ ရှုတ်ချ ကဲ့ရဲ့လေသည်၊ ထိုစကားကို ရဟန်းတော်များ အဆင့်ဆင့် ကြား၍

ဘုရားရှင်အား လျှောက်သောအခါ ထိုရဟန်းကို ခေါ်တော်မူ၍ ဘိက္ခုနီနှင့် ဆွေမျိုး တော်-မတော်ကို စစ်ဆေးတော်မူရာ ဆွေမျိုး မတော်ကြောင်း သိတော်မူ၍—

"မောဃပုရိသ ..ဆွေမျိုးမတော်သော ဘိက္ခုနီနှင့် သင့်လျော်သောအရာ, မသင့်လျော်သော အရာ, သူ့မှာရှိသော အရာ, မရှိသော အရာကို ဆွေမျိုး မတော်သော ရဟန်းက မသိနိုင်၊ သင်မို့လို ဆွေမျိုးမတော်သော ဘိက္ခုနီ၏ လက်က ဆွမ်းကို ခံယူရက်ပလေ၊ သင်လုပ်ပုံဟာ မကြည်ညိုသေး သူတို့၏ ကြည်ညိုစရာလည်း မဟုတ်၊ ကြည်ညိုပြီးသူတို့ သဒ္ဓါတရား တိုးစရာလည်း မဟုတ်၊ စင်စစ်မှာ မကြည်ညိုသေးသူတို့ မကြည်ညိုစရာနှင့် ကြည်ညိုပြီးသော ပုထုဇဉ်တချို့၏ အကြည်ညိုပျက်စရာသာ ဖြစ်သည်"... ဟု ကဲ့ရဲ့တော်မူပြီးကာ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်**။ ။**ယော ပန ဘိက္ခု အညာတိကာယ ဘိက္ခုနိယာ အန္တရဃရံ ပဝိဋ္ဌာယ ဟတ္ထတော ခါဒနီယံ ဝါ ဘောဇနီယံ ဝါ သဟတ္ထာ ပဋိဂ္ဂဟေတွာ ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ၊ ပဋိဒေသေတဗ္ဗံ တေန ဘိက္ခုနာ "ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ၊ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမိ"တိ**။

**မြန်မာပြန်**။ ။အကြင် ရဟန်းသည် ရွာတွင်းသို့ ဝင်ပြီးသော ဆွေမျိုး မတော်သော ရဟန်းမ၏လက်မှ ခဲဖွယ်ကို ဖြစ်စေ, ဘောဇဉ်ကို ဖြစ်စေ မိမိလက်ဖြင့် ခံယူ၍ ခဲမူလည်း ခဲအံ့, စားမူလည်း စားအံ့၊ ထို ရဟန်း သည် "ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပာယံ ပါဋိဒေသနီယံ တံ ပဋိဒေသေမိ"ဟု ဆို၍ သီးခြားဒေသနာ ပြောရမည်။

---

## ဒုတိယပါဠိဒေသနီယ သိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ**။
**အမှု-ဆွမ်းစားစဉ် စီမံနေသောဘိက္ခုနီကို မတားမြစ်မှု**။

**လောကွတ်ကောင်းသော ဘိက္ခုနီ**

ရဟန်းတော်အများသည် ပင့်ဖိတ်ထားသောအိမ်၌ ဆွမ်းဘုဉ်းပေး နေကြလေရာ, ဆဗ္ဗဂ္ဂီ ရဟန်းများ လည်း ပါဝင်ကြ၏၊ ဆဗ္ဗဂ္ဂီဂိုဏ်းဝင် ဘိက္ခုနီမတို့ သည် ထိုအိမ်သူ အိမ်သားတို့နှင့် အကျွမ်းဝင်ရကား ဆဗ္ဗဂ္ဂီ ရဟန်းများအတွက်

"ဒီမှာ ဟင်းလိုက်ကြပါ, ဒီမှာ ဆွမ်းလိုက်ကြပါ" ဟု စီမံနေကြ လေသည်၊ သူတို့စီမံမှုကြောင့် ဆဗ္ဗဂ္ဂီရဟန်းအများပင် အလိုရှိတိုင်း စားကြရသော်လည်း (ဆဗ္ဗဂ္ဂီ ဂိုဏ်းဝင် မဟုတ်သော) အခြား ရဟန်းတို့မှာ စိတ်တိုင်းကျအောင် မဘုဉ်းပေးကြရချေ၊ ထိုအကြောင်းကို သိရသော ရဟန်းတော်တို့သည် ဆဗ္ဗဂ္ဂီ ရဟန်းတို့အား "စီမံသော ဘိက္ခုနီကို မစီမံဖို့ရန် မတားမြစ်ကောင်းလား" ဟု ကဲ့ရဲ့ရှုတ်ချ၍ ဘုရားရှင်အား လျှောက်ကြခြင်းကြောင့် ဘုရားရှင်သည် ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို စစ်ဆေးမေးမြန်း၍ အပြစ်တင်တော်မူကာ ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ဘိက္ခူ ပနေဝ ကုလေသု နိမန္တိတာ ဘုဉ္ဇန္တိ၊ တတြ**စေ** **သာ** ဘိက္ခုနီ ဝေါသာသမာနရူပါ ဌိတာ ဟောတိ "ဣဓ သူပံ ဒေထ ဣဓ ဩဒနံ ဒေထာ"တိ၊ တေဟိ ဘိက္ခူဟိ သာ ဘိက္ခုနီ **အပသာဒေတဗ္ဗာ "အပသက္က** တာဝ ဘဂိနိ ယာဝ ဘိက္ခူ ဘုဉ္ဇန္တီ"တိ၊ **ဧကဿ** **စေပိ** ဘိက္ခုနော န ပဋိဘာသေယျ တံ ဘိက္ခုနိံ **အပသာဒေတုံ "အပသက္က တာဝ** ဘဂိနိ ယာဝ ဘိက္ခူ ဘုဉ္ဇန္တီ"တိ၊ ပဋိဒေသေတဗ္ဗံ **တေဟိ** ဘိက္ခူဟိ "ဂါရယှံ **အာဝုသော** ဓမ္မံ **အာပဇ္ဇိမှ** **အသပ္ပါယံ** ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမာ"တိ။

မြန်မာပြန်။ ။ရဟန်းတို့သည် အိမ်တို့၌ ပင့်ဖိတ်အပ် ကုန်သည် ဖြစ်၍ ဆွမ်း ဘုဉ်းပေးကြ ကုန်၏၊ ထို ဆွမ်းဘုဉ်းပေးရာ အရပ်၌ ထို(ဝတ္ထုကြောင်း၌ လာသော ရဟန်းမ ကဲ့သို့သော) ရဟန်းမသည် "ဤ၌ ဟင်းပေးကြပါ, ဤ၌ ထမင်းပေးကြပါ" ဤသို့ စီမံသည်ဖြစ်၍ တည်နေအံ့၊ ထို ဆွမ်းဘုဉ်းပေးသော ရဟန်းတို့က ထို ရဟန်းမကို တားမြစ်ရမည်၊ (အဘယ်သို့ တားမြစ်ရ မည်နည်း) "နှမ....အကြင်မျှလောက် ရဟန်းတွေ ဆွမ်းဘုဉ်းပေးနေကြသေး၏၊ ထို ဆွမ်း ဘုဉ်းပေးနေသမျှ တော်ရာ ဖဲသွားပါဦးလော့" ဤသို့ တားမြစ် ရမည်၊ ရဟန်းတစ်ပါး တလေသော်မှလည်း ထိုရဟန်းမကို "အပသက္က တာဝ ဘဂိနိ, ယာဝ ဘိက္ခူ ဘုဉ္ဇန္တိ" ဟု ပြော၍ တားမြစ်ဖို့ရာ အကယ်၍ စိတ်ကူး မပေါ်လာအံ့၊ ထိုရဟန်းတို့သည် "ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိမှ အသပ္ပာယံ ပါဋိဒေသနီယံ, တံ ပဋိဒေသေမ" ဟု ဆို၍ သီးခြားဒေသနာ ပြောရမည်။

## တတိယပါဠိဒေသနီယသိက္ခာပုဒ်

အမှုသည်-ရဟန်းတော်အများ။
အမှု-အတိုင်းအရှည်မသိဘဲ ခဲဖွယ် ဘောဇဉ်ကို ခံယူမှု။

**သေက္ခ သမုတ်ခြင်း** သောတာပန်, သကဒါဂါမ်, အနာဂါမ် (အရိယာ) ဖြစ်ပြီးသူများကို''သေက္ခ''ဟု ခေါ်၏၊ ဤသူတို့ကား အစစ်အမှန် သေက္ခ ဖြစ်သူများတည်း၊ ထိုသို့ အရိယာ ဖြစ်ပြီးသူများသည် အလှူဒါနု၌ လွန်စွာ မွေ့လျော်ကြ၏၊ အစစ်အမှန် အလှူခံ ပုဂ္ဂိုလ်က သူတို့နှင့် ထိုက်တန်သော ပစ္စည်းကို အလှူခံလာလျှင် မိမိမှာ ရှိနေသော ပစ္စည်းကို မပေးဘဲ မနေနိုင်ကြ၊ ဤကား သေက္ခ ပုဂ္ဂိုလ်တို့၏ ထုံးစံတည်း၊ အိမ်တစ်အိမ်၌ကား သမီး-ခင်ပွန်း ၂-ယောက်လုံးပင် သေက္ခ (အရိယာ) မဖြစ်သေးသော်လည်း သဒ္ဓါတရားမှာမူ သေက္ခ (အရိယာ)တို့ ကဲ့သို့ပင် ထက်သန်ကြ၏၊ ပစ္စည်း ဥစ္စာကမူ ဆုတ်ယုတ်နေအံ့၊ (လှူရလွန်း၍ ဖြစ်စေ, အရောင်းအဝယ် မကောင်း၍ဖြစ်စေ တစ်နည်းနည်းဖြင့် ဆုတ်ယုတ် နေအံ့၊) ထို အိမ်သူ-အိမ်သားကို သံဃာအများ စုဝေးကာ ဉတ် ကမ္မဝါ စာဖြင့် ''သေက္ခ'' ဟု သမုတ်ထားရလေသည်။

**ဝတ္ထုကြောင်း** သာဝတ္ထိမြို့၌ သမီး-ခင်ပွန်း ၂-ယောက်လုံးပင် သဒ္ဓါတရား ထက်သန်လှ၏၊ သို့သော် စည်းစိမ်ဥစ္စာကား လှူရင်း လှူရင်း ပင် ဆုတ်-ဆုတ် နေ၏၊ သူတို့အိမ်၌ နံနက်စာအဖြစ်ဖြင့် ချက်ပြုတ်ထားသော စားဖွယ်, ခဲဖွယ်များကို ဓနစဉ်ဆွမ်းခံကြွလာသော ရဟန်းတို့အား တစ်ပါးပြီး တစ်ပါး လောင်းလှူနေရာ တစ်ခါတစ်ရံမှာမူ သူတို့ စားဖို့ပင် မကျန်အောင် ကုန်သွား၏၊ နောက်ထပ်လည်း ချက်ပြုတ်ဖို့ မဝယ်နိုင်ရကား ထို နံနက်အဖို့ မစားဘဲသာ ဆိုင်ရာအလုပ်ကို လုပ်ကြရှာတော့၏၊ ထိုအကြောင်းကို သိသော အိမ်နားနီးချင်းတို့သည် ရဟန်းများကို အလိုက်မသိကောင်းလား''ဟု ကဲ့ရဲ့ကြ လေရာ တစ်ဆင့်စကား ဘုရားရှင်ကြားတော်မူ၍ ထိုအိမ်ကို(အိမ်သူ-အိမ်သား များကို) သေက္ခဟု သမုတ်ထားဖို့ရန် ပညတ်တော်မူလေသည်။

**သမုတ်ပုံ** ရှေးဦးစွာ ကျောင်းတိုက်တွင်းရှိ ရဟန်းသံဃာတော်များကို သိမ် အတွင်း၌ (အချင်းချင်း ၂-တောင့်ထွာ အတွင်းမှာ တည်ရှိအောင်) စုဝေးစေရ၏၊ သံဃာစုံညီသောအခါ သွက်သွက် လက်လက်, ထက်ထက် မြက်မြက် ရှိသော ရဟန်းတော် တစ်ပါးသည် ''ကမ္မဝါစာ= ကံပြုသော စကား''ဟု ခေါ်သော ပါဠိစကားဖြင့် အောက်ပါ (မြန်မာပြန်

အတိုင်း) အကြောင်းအရာကို သံဃာတော်အား ပြောပြရသည်၊ ထိုသို့ ပြောပြခြင်းကိုပင် "ကမ္မဝါစာ ရွတ်ခြင်း= (စာကြည့်ဖတ်လျှင်) ကမ္မဝါ ဖတ်ခြင်း" ဟု ခေါ်သည်။ [စာကြည့်ဖတ်ခြင်းကား အရကျက်မထားနိုင်၍, ရသော်လည်း မတော်တဆ တစ်လုံးတလေ မှားမည်ကိုစိုး၍ဖြစ်သည်၊ အမှန်မှာ-စာမကြည့်ဘဲ ရွတ်ဆိုရမည့်သာ ဖြစ်၏။]

**ဉတ်စကား။** ၊အရှင်ဘုရားတို့ ... သံဃာတော်သည် တပည့်တော်၏ စကားကို နားစိုက်တော်မူပါ၊ မည်သည့်အမျိုးသည် သဒ္ဓါအားဖြင့် တိုးပွားပါ၏၊ စည်းစိမ်ဥစ္စာ အားဖြင့်ကား ဆုတ်ယုတ် နေပါသည်၊ သံဃာတော်၏ (ယခု သမ္မုတိပေးမည့်)ကံသည် အကယ်၍ သင့်လျော် လျောက်ပတ်သော ကံ ဖြစ်အံ့၊ ထိုသို့ ဖြစ်လျှင် သံဃာတော်သည် မည်သည့် အမျိုးအား သေက္ခသမ္မုတိကို ပေးချိန်တန်ပါပြီ-ဤကား သံဃာကို အသိပေးသော စကားတည်း။ [ကမ္မဝါစာ မဟုတ်သေး၊ "ဉတ္တိ=အသိပေး" ဟု ခေါ်သည်။]

**ကမ္မဝါစာ။** ။အရှင်ဘုရားတို့ .... သံဃာတော်သည် တပည့်တော်၏ စကားကို နားစိုက်တော်မူပါ၊ မည်သည့်အမျိုးသည် သဒ္ဓါအားဖြင့် တိုးပွားပါ၏၊ စည်းစိမ်ဥစ္စာ အားဖြင့်ကား ဆုတ်ယုတ်နေပါသည်၊ သံဃာတော်သည် မည်သည့်အမျိုးအား သေက္ခသမ္မုတိကို ပေးနေ၏၊ မည်သည့် အမျိုးအား သေက္ခသမ္မုတိ ပေးခြင်းသည် အကြင် အရှင် အား နှစ်သက်၏၊ ထိုအရှင်သည် ဆိတ်ဆိတ်နေပါ၊ အကြင် အရှင်အား မနှစ်သက်၊ ထိုအရှင်သည် (ငါ သဘောမတူ-ဟု) ပြောနိုင်=ကန့်ကွက် နိုင်ပါသည်။ [ဤသို့ မေးသောအခါ မည်သူမျှ မကန့်ကွက်လျှင် ထို သေက္ခသမုတ်မှု အထမြောက်တော့၏။]

**နိဂုံးစကား။** ။သံဃာတော်သည် မည်သည့်အမျိုးအား (မည်သည့် သမီး-ခင်ပွန်းအား) သေက္ခသမ္မုတိကို ပေးအပ်ပြီ-(ပေးပြီးပါပြီ၊) သံဃာတော် အားလုံးပင် သဘောတူသော အထိမ်း အမှတ်အားဖြင့် တိတ်ဆိတ်စွာနေကြပါ၏၊ ထိုသို့ တိတ်တိတ်နေခြင်းကြောင့်ပင် သံဃာတော် အားလုံးက အသိအမှတ် ပြုပါသည်။ [ဤအချိန်ကျမှ သမုတ်မှု ကိစ္စ ပြီးစီး၏။] ဤသို့ သမုတ်ထားသော အိမ်မှ ခဲဖွယ်, ဘောဇဉ်များကို ဆွမ်းခံသလို ကိုယ်တိုင် မခံယူရတော့ချေ။

**တမင်ပင့်သော် ခံယူခွင့်ပြုပုံ** ထိုသို့ ပညတ်တော်မူပြီးနောက် သာဝတ္ထိမြို့၌ ပွဲသဘင် (သကြံန်ပွဲစသော ပွဲမျိုး)ဖြစ်သောအခါ များစွာသော လူတို့သည် ရဟန်းတော်များကို ပင့်ဖိတ်၍ ဆွမ်းကျွေးကြကုန်၏၊ သေက္ခဟု သမုတ်ထားသော ထိုအိမ်ကလည်း ရဟန်းတော်များကို ပင့်ဖိတ်လေရာ ရဟန်းတော်များသည် ထိုအိမ်မှ ခဲဖွယ်ဘောဇဉ်ကို မစားကောင်းဟု အယူရှိကြသောကြောင့် ထိုပင့်ဖိတ်သည်ကို လက်မခံကြကုန်။

ထိုသို့ ဆွမ်းစားပင့်၍ မရသောအခါ "ငါတို့၏ဆွမ်းကို ရဟန်းတော်များက မခံယူလျှင် ငါတို့မှာ အသက်ရှင်နေလို့ ဘာအကျိုး ရှိတော့မှာလဲ"ဟု စိတ်ဆင်းရဲခြင်းဖြစ်ကာ ရဟန်းတော်များအပေါ်၌ မကျေနပ်သောစကားကို ပြောကြရှာလေသည်၊ ထိုစကားကို ဘုရားရှင် တစ်ဆင့်ကြားတော် မူ၍ "တမင်တကာ ပင့်ဖိတ်လျှင် ထိုသေက္ခဟု သမုတ်ထားသောအိမ်မှ ခဲဖွယ်ဖောဇဉ်ကို ကိုယ်တိုင်ခံယူ၍ သုံးဆောင်ကောင်း၏"ဟု အနုပညတ် ထပ်ဆင့်တော်မူရပြန်လေသည်။

**ဂိလာနအား ခွင့်ပေးတော်မူခြင်း** ရဟန်းတစ်ပါးသည် မကျန်းမမာဖြစ်နေ၏၊ သေက္ခဟု သမုတ်ထားသော အိမ်ကလည်း ထိုရဟန်းနှင့် ရင်းနှီး၍ ထိုရဟန်းဝင်နေကျ အိမ်တည်း၊ ထို့ကြောင့် ဆွမ်းခံချိန်ဝယ် ထိုအိမ်သို့ဝင်သွားသောအခါ အိမ်ရှင်များက ဆွမ်းကပ်ကြလေသော်, ထိုရဟန်းသည် ပညတ်ထားသော သိက္ခာပုဒ်ကို ရိုသေသော အားဖြင့် (စားကောင်းလိမ့်မည်မထင်သောကြောင့်) ထိုကပ်လှူသော ဆွမ်းကို လက်မခံဘဲ နေလေသည်၊ မကျန်းမမာဖြစ်နေသောကြောင့် အခြားအိမ်တို့သို့ လှည့်လည်၍လည်း ဆွမ်းမခံနိုင်ရကား ထိုနေ့အဖို့ ဆွမ်းမစားရရှာတော့ချေ၊ ထိုအကြောင်းကို ရဟန်းများက ဘုရားရှင်အား လျှောက်ထား လေသော် "ဂိလာနဖြစ်လျှင် သေက္ခဟု သမုတ်ထားသော အိမ်မှ ခဲဖွယ် ဘောဇဉ်ကို ကိုယ်တိုင်ခံယူ၍ သုံးဆောင်ကောင်း၏"ဟု ခွင့်ပြုတော်မူရပြန်သည်။

**သိက္ခာပုဒ်။** ။**ယာနိ ခေါ ပန တာနိ သေက္ခသမ္မတာနိ ကုလာနိ၊**

ယော ပန ဘိက္ခု တထာရူပေသု **သေက္ခသမ္မတေသု** ကုလေသု ပုဗ္ဗေ **အနိမန္တိတော အဂိလာနော** ခါဒနီယံ ဝါ ဘောဇနီယံ ဝါ သဟတ္ထာ **ပဋိဂ္ဂဟေတွာ** ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ ပဋိဒေသေတဗ္ဗံ

**တေန ဘိက္ခုနာ "ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမိ" တိ။**

**မြန်မာပြန်။** ။သေက္ခဟု သမုတ်အပ်ကုန်သော အကြင်အမျိုးတို့သည် ရှိကုန်၏၊ အကြင် ရဟန်းသည် ထိုသို့သဘောရှိကုန်သော သေက္ခဟု သမုတ်အပ်ကုန်သော အမျိုးတို့၌ အိမ်ဥပစာမရောက်မီ ရှေးအဖို့က ပင့်လည်း မပင့်အပ်, ဂိလာနလည်းမဟုတ်ဘဲ ခဲဖွယ်ကိုဖြစ်စေ, ဘောဇဉ်ကို ဖြစ်စေ မိမိကိုယ်တိုင်ခံယူ၍ ခဲမူလည်းခဲအံ့, စားမူလည်းစားအံ့၊ ထို ရဟန်းသည် "ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊တံ ပဋိဒေသေမိ"ဟုဆို၍ သီးခြားဒေသနာပြောရမည်။

**မှတ်ချက်။** ။သေက္ခဟု သမုတ်ရလောက်အောင် သဒ္ဓါတရားကောင်း၍ ပစ္စည်းဥစ္စာ ဆုတ်ယုတ်နေသောကြောင့် အလှူခံ(ဆွမ်းခံ)လာသမျှကို လှူနေလျှင် ထိုသူတို့သာ၍ ပင်ပန်းသွားမည်စိုးသောကြောင့် ရှေးဦးစွာ သေက္ခဟု သမုတ်ရမည်၊ ထိုအိမ်၌ ဆွမ်းခံခြင်းစသော အလှူခံမှု မပြုရဟု ပညတ်တော်မူ၍ သူတို့တတ်နိုင်သမျှ ပင့်ဖိတ်သောအခါ၌ ကား သူတို့သဒ္ဓါတရားမပျက်အောင် အလှူခံတော့ဟု ခွင့်ပြုတော်မူခြင်းဖြစ်သည်၊ ဤသိက္ခာပုဒ်တော်၌ ဘုရားရှင်၏ ကရုဏာတော် မေတ္တာတော်နှင့် မြော်မြင်တော်မူပုံများကို စဉ်းစားကြည့်ညိုပြီးလျှင် မိမိတို့စပ်ဆိုင်ရာ ဒါယကာ ဒါယိကာမတို့အားလည်း သူတို့လှူလိုတိုင်း လက်မခံဘဲ အရာရာထောက်ထား၍ အလှူခံသင့်မှ ခံစေလိုသော ဘုရားရှင်၏ အလိုတော်ကို နားလည်ကြပါလေ။

**အလိုက်သိမှု** ဤနေရာစယ်"ဘောဇနေ မတ္တညုတာ"နှင့်စပ်၍ ကျမ်းစာတို့၌ ဖွင့်လှစ်ရှိသော အလိုက်သိပုံများကို သိထားသင့်ပါသည်၊ အလှူခံဖြစ်သော ရဟန်းသာမဏေများသည် ဆွေမျိုးမတော်သော အလှူရှင်, သို့မဟုတ်- "အလိုရှိရာတောင်းပါ"ဟု ဖိတ်မန်လျှောက်ထားခြင်း မရှိဘူးသော အလှူရှင်အား ဘာပစ္စည်းကိုမျှ (အယုတ်သဖြင့် ရေကိုမျှ) မတောင်းကောင်းကြောင်းကို နောက် သေခိယအခန်း၌လာမည့် "သူပေါဒန ဝိညတ္တိ"သိက္ခာပုဒ်ဖြင့် သိထားနှင့်ရာ၏၊ ဤနေရာ၌ကား အလှူခံကောင်းသော ဉာတိ (ဆွေမျိုး) ဖိတ်ထားသော (ပဝါရိတ), သို့မဟုတ် ဆွမ်းခံသလိုရပ်၍ အလှူခံရသော အလှူရှင်, ဤ ၃-မျိုးအပေါ်၌ အလှူခံပုဂ္ဂိုလ်က အလိုက်သိရသော အချက် ၃-ချက်ရှိ၏။

ထို ၃-ချက်ကား—၁-အလှူ့ရှင်၏ အလိုဆန္ဒ, ၂-ပစ္စည်း၏အနည်းအများ, ၃-မိမိမှာ လိုသလောက်, ဤ ၃-ပါးတည်း၊ ထိုတွင်—

၁။ အလှူရှင်မှာ ပစ္စည်းဥစ္စာပေါများပါသော်လည်း သူ့ဆန္ဒကနည်းနည်းသာ လှူလိုလျှင်(သူ့မှာပစ္စည်း မည်မျှပင် ပေါပေါ မိမိမှာ မည်မျှပင် အသုံးလိုလို) သူ၏ဆန္ဒ သူ၏သဒ္ဓါတရားလိုက်၍ နည်းနည်းသာအလှူခံပါ၊ များများ အလှူခံနေလျှင် သူ၏သဒ္ဓါဆန္ဒနှင့် မကိုက်၍ အလိုက်မသိရာ ရောက်လိမ့်မည် ဟူလို။

၂။ အလှူရှင်သည် သဒ္ဓါတရားကောင်းလှ၏၊ မိမိအတွက်ဆိုလျှင် ကုန်ကုန်ခမ်းခမ်းလှူဒါန်းမည်သာ၊ သို့သော် သူ့မှာပစ္စည်းဥစ္စာ ပေါများလှသည် မဟုတ်၊(ထိုအချိန်မှာ လှူစရာ နည်းနည်းသာ ရှိနေ၏၊) ထိုကဲ့သို့ အလှူ့ရှင်မျိုးထံ (သူ့သဒ္ဓါတရား ဘယ်လောက်ပင် ကောင်းကောင်း, မိမိမှာ မည်မျှပင် အသုံးလိုလို) သူ၏ပစ္စည်း အခြေအနေကို ထောက်ထား၍ နည်းနည်းပါးပါးသာ အလှူခံပါ၊ များများအလှူခံနေလျှင် သူ့မှာရှိသော ပစ္စည်းနှင့်မကိုက်၍ အလိုက်မသိရာ ရောက်လိမ့်မည်-ဟူလို၊ [ဤသိက္ခာပုဒ်အရ "သေက္ခမျိုး" ဟု သမုတ်ရခြင်းမှာလည်း ဤအလှူ့ရှင်မျိုးကို ညွှာတာခြင်းပင်တည်း။]

၃။ အလှူ့ရှင်တစ်ဦးကား ပစ္စည်းဥစ္စာလည်း ပေါများ၏, သဒ္ဓါတရားလည်း ကောင်းလှ၏၊ သို့သော် (သူက တစ်ရာတန် လှူနိုင်သော်လည်း မိမိမှာ ၁၀-တန်သာ အသုံးလိုလျှင်) မိမိအသုံးလိုသလောက်သာ အလှူခံပါ၊ ပစ္စည်း ပေါသလောက် သဒ္ဓါကောင်းသလောက် အလှူခံနေလျှင် မိမိသုံး၍ ပိုနေသမျှ အချည်းနှီးဖြစ်စရာရှိသောကြောင့် (ဘုန်းကြီးတွေ အလိုက်မသိတတ်ဘူး-ဟု) ဘေးလူများ၏ အကဲ့ရဲ့ဒဏ်ကို တစ်သာသနာလုံး ခံရပါလိမ့်မည်ဟူလို၊ ထို့ကြောင့် အလှူခံပုဂ္ဂိုလ်တို့မှာ အဘက်ဘက်က အလိုက်သိတတ်မှသာ လူအများနှင့် ဆက်ဆံရာဝယ် ပြေပြေပြစ်ပြစ် ဖြစ်နိုင်ဖွယ်ရာ ရှိပါသည်၊ ဏေနိပါတ အင်္ဂုတ္တရဋ္ဌကထာ, ဝိရိယာရမ္ဘာဒိဝဂ်။]

## စတုတ္ထပါဋိဒေသနီယသိက္ခာပုဒ်

**အမှုသည်—တောကျောင်းဘုန်းကြီးများ။**
**အမှု—သာကီဝင်မင်းသမီးအများ တောပုန်းတို့က လုယက် ဖျက်ဆီးခံရမှု။**

**သူပုန်ထချိန် တောကျောင်း သွား၍ရှုမှု**

ကပိလဝတ် နေပြည်တော်ဝယ် နိဂြောဓာရုံကျောင်းတိုက်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သာကီဝင်မင်းတို့၏ ကျွန်တို့ ပုန်ကန်နေခိုက်နှင့် ကြုံကြိုက် နေလေသည်၊

သာကီဝင် မင်းသမီးတို့သည် တောကျောင်းသို့ ဆွမ်းကပ်သွားလိုကြကုန်၏၊ ထိုအကြောင်းကိုကြား၍ တောကျောင်းလမ်းက ပုန်းအောင်း နေနှင့်ကြကုန်သော သူပုန်တို့သည် ဆွမ်းအပို့လာသော သာကီဝင်မင်းသမီးများအားပစ္စည်းကိုလည်းလု, လူကိုလည်း ဖျက်ဆီးကြကုန်၏၊ သာကီဝင်မင်းတို့သည် ခိုးထုပ်နှင့်တကွ ထိုသူပုန်တို့ကို ဖမ်းပြီးလျှင်ရဟန်းတော်တို့အား "သူပုန်တွေရှိကြောင်းကို အသိမပေးကောင်းလား" ဟု အပြစ်တင်ကြကုန်၏၊ ထိုအကြောင်းကို ဘုရားရှင်ကြားတော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်၊ [ကျောင်းတိုက်သို့ မလာခင် တင်ကြို၍လျှောက်လျှင် "သူပုန်တွေရှိသည်" ဟု ပြောခွင့်ရသောကြောင့် ဤသို့ ပညတ်တော်မူခြင်းဖြစ်သည်။]

**ဂိလာနအား နှင့်ပြုတော်မူခြင်း** ထိုသို့ ပညတ်တော်မူပြီးနောက် တောကျောင်း ရဟန်းတစ်ပါးသည် မကျန်းမမာဖြစ်နေစဉ် လူတို့သည် ခဲဖွယ်ဘောဇဉ်ကိုယူ၍ တောကျောင်းသို့ လာကြကုန်၏၊ လူတို့သည် ထိုဂိလာနရဟန်းအား ဆွမ်းလှူကြသောအခါ ထိုရဟန်းသည် (ကျောင်းတိုက်သို့မရောက်ခင် တင်ကြို၍ မလျှောက်ထားသော ဆွမ်းဖြစ်ရကား) အလှူမခံဘဲနေကာ ထိုနေ့အဖို့ ဆွမ်းမစားရရှာတော့ချေ၊ ထိုအကြောင်းကို ဘုရားရှင်သိတော်မူ၍ "တောကျောင်းရဟန်းအား (ဂိလာန ဖြစ်နေလျှင်) တင်ကြို၍ မလျှောက်ထားသော ခဲဖွယ်ဘောဇဉ်ကို ကိုယ်တိုင်ခံယူ၍ စားခွင့်ပြုတော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာနိ ခေါ ပန တာနိ အာရညကာနိ **သေနာသနာနိ သာသင်္ကသမ္မတာနိ** သပ္ပဋိဘယာနိ၊ ယော ပန ဘိက္ခု **တထာ** ရူပေသု **သေနာသနေသု** ပုဗ္ဗေ အပ္ပဋိသံဝိဒိတံ **ခါဒနီယံဝါ ဘောဇနီယံဝါ** အဇ္ဈာရာမေ **သဟတ္ထာ** ပဋိဂ္ဂဟေတွာ အဂိလာနော **ခါဒေယျဝါ ဘုဉ္ဇေယျဝါ**၊ ပဋိဒေသေတဗ္ဗံ တေန ဘိက္ခုနာ "ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမိ" တိ။

မြန်မာပြန်။ ။တောရဖြစ်ကုန်သော သာသင်္ကသပ္ပဋိဘယဖြစ်ကုန်သော ကျောင်းတို့သည် ရှိကုန်၏၊ အကြင်ရဟန်းသည် ထိုသို့ သဘောရှိကုန်သော ကျောင်းတို့၌ အာရာမ်၏ ဥပစာသို့ မရောက်မီ

ရှေးက မသိစေအပ်ဘဲ ခဲဖွယ်ကို ဖြစ်စေ, ဘောဇဉ်ကို ဖြစ်စေ အာရာမ် အတွင်း၌ မိမိကိုယ်တိုင် ခံယူ၍ ဂိလာန မဟုတ်ဘဲ ခဲမှုလည်းခဲအံ့, စားမှုလည်း စားအံ့၊ ထိုရဟန်းသည် "ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမိ" ဟု ဆို၍ သီးခြား ဒေသနာ ပြောရာ၏။

ပါဋိဒေသနီယအခန်းပြီး၏။

## ၇။ သောခိယအခန်း

# ပရိမဏ္ဍလဝဂ်

### ပရိမဏ္ဍလသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီရဟန်းများ။**
**အမှု-သင်းပိုင်,ကေသီကို မညီမညွတ်ဝတ်မှု။**

**မညီမညွတ် ဝတ်ခြင်း** ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိမြို့ ဇေတဝန် ကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သင်းပိုင် (ကိုယ်ဝတ်)ကို မညီမညွတ် ဝတ်ကြကုန်၏၊ ရှေ့ကလည်း တွဲလဲကျ, နောက်ကလည်း တွဲလဲကျနေကုန်၏၊ ကေသီခေါ် (အပေါ်ခြုံ) သက်န်းကိုလည်း ရှေ့ကဖြစ်စေ, နောက်ကဖြစ်စေ ၂-ဘက်လုံးဖြစ်စေ တွဲလဲချ၍ မညီမညွတ် ရမ်းကြကုန်၏။

**လူတို့က အထင်သေးခြင်း** ထိုသို့ မညီမညွတ် ဝတ်ကြ ရမ်းကြပုံကို မြင်ရသော လူတို့သည် ထိုဆဗ္ဗဂ္ဂီရဟန်းတို့ကို (အဝတ်မှမဝတ်တတ်ကြဘူး-ဟု) အထင် သေးကြကုန်၏၊ တချို့ လူများကား အထင်သေးရုံတွင်မကဘဲ နှုတ်ဖြင့် အပြစ်ပြောကြကုန်၏၊ တချို့ကမူ စပ်မိတိုင်းအပြစ် ပြောသဖြင့် ရဟန်းများ၏ အပြစ်သည် ပျံ့နှံ့သွားလေတော့၏။

**မညတ်တော်မူခြင်း** လူတို့၏အပြစ်ပြောသံကို အခြားရဟန်းတော်များကြားသိရ၍ ဘုရားရှင်အား လျှောက်ကြလေရာ ဘုရားရှင်သည် သံဃာ စည်းဝေးစေတော်မူပြီးလျှင် ဆဗ္ဗဂ္ဂီရဟန်းတို့ကို စစ်ဆေးမေးမြန်းတော် မူသောအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့ကလည်း ဟုတ်မှန်ပါကြောင်း ဝန်ခံကြလေသည်။

ထိုအခါ ''ဤမညီမညွတ် ဝတ်မှုသည် သာသနာတော်ကို မကြည်ညိုသေးသူတို့ ကြည်ညိုဖို့ရာလည်း မဟုတ်၊ ကြည်ညိုပြီးသူတို့၏ သဒ္ဓါတရား တိုးပွားဖို့ရာလည်း မဟုတ်၊ မကြည်ညိုသေးသူတို့ မကြည်ညိုစရာနှင့် ကြည်ညိုပြီးသော (အချို့)ပုထုဇဉ်များ၏၊ သဒ္ဓါတရား ပျက်ပြားဖို့သာဖြစ်သည်''ဟု ကဲ့ရဲ့တော်မူပြီးလျှင်-

## ပရိမဏ္ဍလံ နိဝါသေဿာမိ တိ သိက္ခာ ကရဏီယာ။

အထက်ဝန်းကျင် ဝန်းဝိုင်းညီညွတ်စွာ ဝတ်အံ့ဟု ကျင့်မှုကို ပြုရမည်။

ပရိမဏ္ဍလံ နိဝါသေတဗ္ဗံ နာဘိမဏ္ဍလံ ဇာဏုမဏ္ဍလံ ပဋိစ္ဆာဒေန္တေန= အထက်ပိုင်း၌ ချက်အဝန်းအဝိုင်း(ပတ်လည်)ကိုလည်းကောင်း, ဒူးပုဆစ်အဝန်းအဝိုင်း(ပတ်လည်)ကိုလည်းကောင်း ဖုံးစေလျက် အဝန်းညီစွာ ဝတ်ရမည်။

ယော အနာဒရိယံ ပဋိစ္စ ပုရတော ဝါ ပစ္ဆတော ဝါ ဩလမ္ဗေန္တော နိဝါသေတိ၊ အာပတ္တိ ဒုက္ကဋဿ=ဤသိက္ခာပုဒ် ပညတ်တော်ကို ဂရုမစိုက်ဘဲ ရှေ့ကဖြစ်စေ, နောက်ကဖြစ်စေ တွဲလဲကျစေလျက် ဝတ်သောရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်၏၊ ဤသို့ သိက္ခာပုဒ် ပညတ်တော်မူရသေးသည်၊ [ကေသီကို မညီမညွတ် ခြုံမှုရမ်းမှု၌လည်း ဤအတိုင်းပင် ပညတ်တော်မူလေသည်။]

**မှတ်ချက်။** ။"သိက္ခာ ကရဏီယာ = ကျင့်မှုကို ပြုရမည်"ဟူရာ၌ ဝတ်နည်းရမ်းနည်း (ခြုံနည်း) ကိုတတ်အောင် သင်ရမည်၊ ထိုသို့ သင်ရမည်ဖြစ်လျက် မသင်ခြင်းသည်ပင် သိက္ခာပုဒ်ကို မလေးစားရာရောက်၏၊ [နိဝါသန ဝတ္တံ ဟိ သာခုကံ ဥဂ္ဂဟေတဗ္ဗံ၊ တဿ အနုဂ္ဂဟဏမေဝဿ အနာဒရိယံ၊] ထိုသို့သင်၍ တတ်သောအခါ ညီညီညွတ်ညွတ် ဝတ်လေ့ရှိရမည်၊ ဝတ်နည်းကိုသိပါလျက် ညီညီညွတ်ညွတ် မဝတ်လျှင် ဒုက္ကဋ်အာပတ်သင့်၏၊ သာမဏေများ၌ ဒဏ်ထိုက်၏၊ [နောက်လာမည့် သေခိယ သိက္ခာပုဒ်များလည်း ဤနည်းချည်းတည်။]

**ဝတ်ပုံ။** ။အထက်ပိုင်း၌ ချက်ကိုဖုံးလောက်အောင် ရှေ့ရောနောက်ပါ ညီစွာဝတ်ရမည်၊ အောက်ပိုင်း၌ ဒူး(ပုဆစ်)ရိုးမှအောက် လက်ရှစ်သစ်လောက်ချ၍ ရှေ့ရောနောက်ပါ ညီစွာဝတ်ရမည်၊ ["ဇာဏုမဏ္ဍလဿ ဟေဋ္ဌာ ဇင်္ဃဋ္ဌိကတော ပဋ္ဌာယ အဋ္ဌင်္ဂုလမတ္တံ နိဝါသနံ ဩတာရေတွာ နိဝါသေတဗ္ဗံ၊ တတော ပရံ ဩတာရေန္တဿ ဒုက္ကဋန္တိ ဝုတ္တံ"-သေခိယ အဋ္ဌကထာ၊] သင်္ကန်းရမ်းရာ၌လည်း ဒူးပုဆစ်အောက် လက် ၄-သစ်လောက်ချ၍ ညီစွာရမ်းရမည်။

**ဋီကာ။** ။အဋ္ဌင်္ဂုလမတ္တန္တိ မတ္တသဒ္ဒေန တတော ကိဉ္စိ အဓိကံ ဦနမ္ပိ သင်္ဂဏှာတိ၊ တေနာပိ ပရိမဏ္ဍလသိက္ခာပဒဿ သာဓာရဏတ္တာ ဇာဏုမဏ္ဍလတော ဟေဋ္ဌာ စတုရင်္ဂုလမတ္တံ ဩတာရေတွာ အနောလမ္ဗေတွာ ပရိမဏ္ဍလမေဝ ပါရုပိတဗ္ဗံ၊....[သေခိယ အဖွင့်၊]

**ဘာသာပြန်။** ။"လက်ရှစ်သစ်လောက်"ဟု "မတ္တ=လောက်" သဒ္ဒါကြောင့် ထိုရှစ်သစ်ထက် အပိုအလိုကိုလည်း သိမ်းယူ၏၊ ....ဤသုပ္ပဋိစ္ဆန္န

သိက္ခာပုဒ်၌လည်း ပရိမဏ္ဍလသိက္ခာပုဒ်နှင့် ဆက်ဆံသည့်အတွက် ဒူးပုဆစ်ဝန်းမှ အောက် လက် ၄-သစ်လောက်ချ၍ တွဲလဲလည်းမကျစေဘဲ ဝန်းဝိုင်းစွာရုံရမည်။

**ညီစွာဝတ်ရာ ဌာန**။ ။ရဟန်း **သာမဏေ**များသည် ကျောင်း အာရာမ်အတွင်းဝယ် ဘုရားဝတ်တက်ရာအခါ၊ ဆရာသမားထံ ချဉ်းကပ်ရာအခါ၊ သံဃာအများ စုဝေးရာအခါ၊ သံဃာအများ **ဆွမ်း**စားရာအခါ စသည်တို့၌လည်းကောင်း, မြို့ရွာအတွင်း တည်းခိုနေထိုင်ရာ အခါ၌လည်းကောင်း ဤသိက္ခာပုဒ် ၂-ပါးကြောင့် ညီစွာဝတ်၍ ရမ်း၍နေရမည်၊ [“ဝိဟာရေပိ အန္တရဃရေပိ ပရိမဏ္ဍလမေဝ နိဝါသေတဗ္ဗဥ ပါရုပိတဗ္ဗဥ .... (အဋ္ဌကထာ) “ဝိဟာရေပီတိ သံဃသန္နိပါတဗုဒ္ဓုပဋ္ဌာနာဒိကာလံ သန္ဓာယ ဝုတ္တံ”-ဝိမတိ၊] ဤစကားအရ-“မိမိ တစ်ပါးတည်းနေရာ အခါစသည်၌ ပရိမဏ္ဍလမဖြစ်သော်လည်း အပြစ်မရှိ”ဟုမှတ်။

**ခြွင်းချက်**။ ။ညီစွာဝတ်မည် ရမ်းမည်ဟု သဘောထား၍ ဝတ်ပါသော်လည်း မညီမညွတ် ဖြစ်သွားရာအခါ၊ တခြားကိစ္စ၌ စိတ်စိုက်နေခိုက် အမှတ်တမဲ့(သတိမထားဘဲ)ဝတ်မိရာအခါ၊ ညီညီညွတ်ညွတ် ဝတ်ပါလျက် ရှည်သွားမှန်း တိုနေမှန်း မသိရာအခါ (တစ်နည်း-ဝတ်နည်း ရမ်းနည်းကို သိပါလျက် နားမလည် သေးရာအခါ (ခြေသလုံး၌ ဖြစ်စေ, ခြေထောက်၌ ဖြစ်စေ အနာပေါက်နေ၍ (ဂိလာန ဖြစ်ခိုက်) အနာတိုက်မိမှာစိုးသဖြင့် တိုတိုဝတ်ရာအခါ, ယင်အုံမှာစိုးသဖြင့် ရှည်ရှည်ချ၍ဝတ်ရာအခါ, ခြေသလုံး ခြောက်ကပ်ခြင်း ခြေသလုံးသားကြီးခြင်း စသည် ဖြစ်ရာအခါ, ဘေးရန်ကြောင့် ပြေးလွှားရာအခါ, ရူးနေရာအခါတို့၌အတိုအရှည်ဝတ်သော်လည်း အာပတ်မသင့်, ဒဏ်မထိုက်။

---

## သုပ္ပဋိစ္ဆန္နသိက္ခာပုဒ် ၂-ပါး

**အမှာ**။ ။ဤသေခိယအခန်း၌လာသော ဤသိက္ခာပုဒ်များသည် သာဝတ္ထိမြို့မှာချည်း ဖြစ်၍ ဆဗ္ဗဂ္ဂိယရဟန်းများကိုချည်း အကြောင်းပြု၍ ပညတ်တော်မူရသော သိက္ခာပုဒ်များဖြစ်သည်။

**မြို့ရွာအတွင်း၌ ကိုယ်ကိုဖော်၍ သွားလာနေထိုင်မှု** ဆဗ္ဗဂ္ဂိရဟန်းတို့သည် မြို့ရွာအတွင်း၌ သွားလာသည့်အခါ ကိုယ်ကိုဖော်၍ (ဒူးဖော်,ရင်ဖော် ဖော်၍) သွားလာကြကုန်၏၊ ထိုင်သည့်အခါလည်း ကိုယ်ကိုဖော်၍ ထိုင်နေကြကုန်၏၊ ထိုသို့ ကြည်ညိုဖွယ်မကောင်းသော သွားလာနေထိုင်ပုံကို မြင်ရ၍

လူတို့က ကဲ့ရဲ့ကြဲဘောကြောင့် ကဲ့ရဲ့သံကိုကြားရသော ရဟန်းတော်များက ဘုရားရှင်ကို လျှောက်ကြသဖြင့်....

(က) "သုပ္ပဋိစ္ဆန္နော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

(ခ) သုပ္ပဋိစ္ဆန္နော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ"။

ဟု ဤသိက္ခာပုဒ် ၂-ရပ်ကို ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ။လည်ပင်း, လက်ကောက်ဝတ်မှစ၍ ကိုယ်ကို ကောင်းစွာ ဖုံးလျက် မြို့ရွာအတွင်း၌ သွားရမည်, နေထိုင်ရမည်ဟူသော အလေ့ အကျင့်ကို ပြုကျင့်ရမည်။

ကောင်းစွာ ဖုံးပုံ　"သု=ကောင်းစွာ+ပဋိစ္ဆန္န=ကိုယ်ကိုဖုံး" ဟူရာ၌ တစ်ကိုယ်လုံး ဦးခေါင်းပါ ဖုံးရမည်-ဟု မိန့်တော်မူလိုသည် မဟုတ်၊ ယခုကာလ သင်္ကန်းရုံခြင်းမျိုးကို ဆိုလိုသည်၊ ထို့ကြောင့် မြို့ရွာအတွင်း သွားလာသောအခါ သင်္ကန်းရုံ၍ အနားပတ်သီးကို တပ်ကြရသည်၊ ထိုသို့ သင်္ကန်းရုံ၍ အနားပတ်သီး တပ်ထားလျှင် လည်မျိုဇလုပ် ဦးခေါင်းနှင့် လက်ကောက်ဝတ် ပြင်ဘက်လက် ခြေသလုံး အောက်ပိုင်းမှတစ်ပါး တစ်ကိုယ်လုံးကို ဖုံးပြီးဖြစ်၏၊ ထိုင်သောအခါလည်း ထိုကဲ့သို့ပင် ကောင်းစွာဖုံး၍ ထိုင်ရသည်။

အဋ္ဌကထာ။ ။ဒုတိယသိက္ခာပဒေ ဂလဝါဋကတော ပဋ္ဌာယ သီသံ, မဏိဗန္ဓတော ပဋ္ဌာယ ဟတ္ထေ,ပိဏ္ဍိမံ သတော စ ပဋ္ဌာယ ပါဒေ ဝိဝရိတွာ နိသီဒိတဗ္ဗံ=ထိုင်ခြင်းနှင့်စပ်သော ဒုတိယသိက္ခာပုဒ်ဝယ် လည်မျိုဇလုပ်မှစ၍ ဦးခေါင်းကိုလည်းကောင်း, လက်ကောက်ဝတ်မှစ၍ လက်တို့ကိုလည်းကောင်း, ခြေသလုံးအသားစိုင်မှစ၍ ခြေတို့ကိုလည်းကောင်း ဖွင့်ပြီးထိုင်ရမည်။

မှတ်ချက်။ ။ယခုကာလ၌ တစ်ချို့ ထိုင်ရာ၌ ခြေဖျား လက်ဖျားတို့ကိုပင်ဖုံး၍ ထိုင်ကြ၏၊ ထိုသို့ ထိုင်ခြင်းကို အပြစ်ရှိသည်ဟု အခြား သိက္ခာပုဒ် အရ မတွေ့ရသောကြောင့် ထိုသို့ထိုင်ခြင်းကို အဋ္ဌကထာအတိုင်း မဟုတ်ဟုဆိုရုံမှ တစ်ပါး အပြစ်မမြင်ချေ၊ ထိုသို့ဖုံးခြင်းကို ကြည်ညို ဖွယ်ရာမဖြစ်ဟုလည်းမဆိုသာ၊ ဦးခေါင်းကိုကား နောက်၌မဖုံးရဟု ပညတ်တော်လာဦးလတ္တံ့ဖြစ်၍ မချွင်သင့်၊ ထို့ပြင်လည်ပင်းကို ဖုံးရာ၌ ရှေ့ပိုင်း လည်မျိုဇလုပ်ကိုဖုံးအောင် သင်္ကန်းရုံမှ ကျေနပ်ကြ၏၊

ထိုသူတို့ကား "ဂလဝါဠကတော ပဌ္ဓာယ" ဟူသော စကားဖြင့် စဉ်းစားသင့်သည်။

**ခြွင်းချက်**။ ။ဤသိက္ခာပုဒ် ၂-ပါး၌လည်း ရှေ့ပရိမဏ္ဍလ သိက္ခာပုဒ်လာ ခြွင်းချက်များ ရနိုင်သည့်ပြင် ("ဝဿုပဂတ"ခေါ်) ဝါတွင်း၌ ဆွမ်းခံ ဆွမ်းစား တရားဟောခိုက် နေထိုင်ခြင်းမျိုးမဟုတ်ဘဲ တည်းခိုသော အနေ မျိုးဖြင့် နေသော ရဟန်းလည်း သက်န်းမရုံဘဲ နေနိုင်သေး၏၊ [ဝဿုပဂ တဿာတိ-ဝါသတ္ထာယ ဥပဂတဿ ရတ္တိဘာဂေဝါ ဒိဝသဘာဂေဝါ ကာယံ ဝိဝရိတွာ နိသီဒနတော အနာပတ္တိ"-အဋ္ဌကထာ။]

ဆက်ဦးအံ့—"တည်းခိုသောအနေမျိုး" ဟူရာ၌ အဘယ်လောက်ကြာမှ "တည်းခိုခြင်း"ဖြစ်သနည်း-ဟု စဉ်းစားဖွယ်ရှိ၏၊ ကခ်ါဋီကာသစ်၌ ညဉ့် အိပ်မည်ဟု ရည်ရွယ်ချက်ဖြင့် တည်းခိုမှ "အတည်းခို"ဟု ဆိုလို၏၊ ဝိမတိ ဋီကာ၌ကား "ဝါသတ္ထာယ ဥပဂတဿာတိ ဝုတ္တတ္တာ ဝါသာဓိပ္ပာယံ ဝိနာ (နေလိုသော ဆန္ဒနှင့် ကင်း၍) ဓမ္မဒေသနာ ပရိတ္တဘဏနာဒိ အတ္ထာယ သုစိရမ္ပိ နိသီဒန္တေန သဗ္ဗံ အန္တရဃရဝတ္တံ ပူရေတဗ္ဗမေဝ နိသီဒိတဗ္ဗံ" ဟု ဆိုသောကြောင့် တည်းခိုနေလိုသော ဆန္ဒရှိလျှင် ခေတ္တပင် ဖြစ်သော်လည်း "အတည်းခိုပင်"ဟု အဓိပ္ပာယ်ကျသည်။

ထို့ပြင် အိမ်ရှင်တို့သည် "အရှင်ဘုရားများ သီတင်းသုံးသမျှ ဤအိမ်ကို လှူပါ၏"ဟု လျှောက်တတ်ကြ၏၊ ထိုသို့လျှောက်လျှင် (အတည်းခိုမဟုတ်ဘဲ) ဆွမ်းစားသွားခြင်း စသည်ပင်ဖြစ်သော်လည်း ကျောင်းမှာနေသလို သက်န်း မရုံဘဲ နေနိုင်၏ဟု ယူဆကြ၏၊ ထိုအယူကိုကား- "တံ သဗ္ဗံ နဂဟေတဗ္ဗံ, တထာ ဝစနာဘာဝါ ဒါနလက္ခဏာဘာဝါ တာဝတ္တကေန ဝိဟာရသင်္ချာ နုပဂမနတောစ=ထို အားလုံးကို အတည် မယူထိုက်၊ (ဘာကြောင့်နည်း၊) ထိုကဲ့သို့ယူဖို့ရာ အဆိုအမိန့်မရှိခြင်း, ခေတ္တ လှူခြင်းသည် အလှူမမြောက် အငှားသာဖြစ်ခြင်း, ထိုသို့ လျှောက်ရုံမျှဖြင့် ကျောင်းဟု မဆိုနိုင်ခြင်းကြောင့် တည်း"ဟု ဆို၍ ဝိမတိ ပယ်လေသည်။

---

## သုသံဝုတ သိက္ခာပုဒ် ၂-ပါး

**ဆဗ္ဗဂ္ဂီတို့လက်ဆော့ ခြေဆော့ခြင်း** ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြို့ရွာအတွင်း၌ လက်ဆော့ ခြေ ဆော့ ဆော့လျက် သွားလာကြ, နေထိုင်ကြ ကုန်၏၊ လူတို့ကလည်း ကဲ့ရဲ့ကြလေသည်၊ ထိုအကြောင်းကို ဘုရားရှင်ကြားတော်မူ၍....

(က) "သုသံဝုတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။
(ခ) သုသံဝုတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ"။

ဟု ဤသိက္ခာပုဒ်တော် ၂-ရပ်ကို ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ။လက်,ခြေတို့ကို မဆော့ (မကစား)ဘဲ ကောင်းစွာ စောင့်စည်းလျက် မြို့ရွာ အတွင်း၌ သွားလာမည်, နေထိုင်မည်" ဟူသော အလေ့အကျင့်ကို ပြုကျင့်ရမည်။ [သု=ကောင်းစွာ + သံဝုတ = လက်, ခြေတို့ကို စောင့်ရှောက်သူ၊ ဤ သိက္ခာပုဒ်တော်အရ မြို့ရွာ အတွင်း၌ လက်ဆော့, ခြေဆော့ မလုပ်ရ။]

---

## ဩက္ခိတ္တစက္ခု သိက္ခာပုဒ် ၂-ပါး

**ဟိုဟိုသည်သည် ကြည့်ခြင်း** ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မြို့ရွာအတွင်း၌ ဟိုဟို သည်သည် (တောင်ကြည့်,မြောက်ကြည့်) ကြည့်လျက် သွားလာ-နေထိုင်ကြ ကုန်၏၊ ထိုသို့ တောင်ကြည့် မြောက်ကြည့် ကြည့်လျက် ဣန္ဒြေမရဘဲ သွားလာနေထိုင်မှုကို ယဉ်ကျေးသော လူကောင်း, သူကောင်းတို့သော်မှ မပြုကြပါဘဲ, အထူး ယဉ်ကျေးသည်ဟု အသိအမှတ်ပြုရမည့် ဘုရားသားတော်တို့က ပြုနေကြသည်ကို လူတို့က ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ကြသောကြောင့်—

(က) "ဩက္ခိတ္တစက္ခု အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။
(ခ) ဩက္ခိတ္တစက္ခု အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ"။

ဟု ဤသိက္ခာပုဒ်တော် ၂-ရပ်ကို ဘုရားရှင် ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ။ရထားထမ်းပိုး တစ်ပြန်လောက်သာ ကြည့်လျက် မျက်စိကို အောက်သို့ချ၍ မြို့ရွာ အတွင်း၌ သွား,လာ-နေထိုင်မှုကို ပြုမည်-ဟု အလေ့အကျင့်ကိုပြုရမည်။[ဤ သိက္ခာပုဒ်တော်အရ စက္ခုဣန္ဒြေ(စက္ခု+ဣန္ဒြေ)ချ၍ မြို့ရွာအတွင်း၌ နေကြရသည်။ ၎င်းသော် ယာဉ်,ရထား နွား, မြင်း စသော ဘေးရန် ရှိ, မရှိကိုကား တစ်ချေ တစောင်း ကြည့်ကောင်းပါ၏။]

ရထား, ထမ်းပိုး တစ်ပြန်ကိုလည်း "၄-တောင်- တချို့ အဋ္ဌကထာ၌ ၄-တောင့်ထွာခန့်" ဟု ခန့်မှန်းကြသည်၊ ယဉ်ကျေးပြီးသော အာဇာနည် ဆင်, မြင်းတို့သည် ထိုမျှလောက်သာ ကြည့်လေ့ ရှိကြသတဲ့၊ မှန်၏—ထိုသို့ မျက်စိကို ဣန္ဒြေရရထား၍ သွား, လာနေထိုင်မှုကို ယဉ်ကျေးသူတိုင်း ပြုကြ၏၊ တောင်ကြည့်, မြောက်ကြည့် ကြည့်ခြင်းကား အရိုင်းအစိုင်း တို့၏ အပြု အမူ ဖြစ်သည်။

---

## ဥက္ခိတ္တကသိက္ခာပုဒ် ၂-ပါး

**သက်န်းကို မြှောက်ပင့်ခြင်း** ဆဗ္ဗဂ္ဂိရဟန်းတို့သည် မြို့ရွာအတွင်း၌ သင်္ကန်းကို မြှောက်၍ ပင့်၍ (စွန်တောင်ဆွဲ၍) သွားလာကြ ကုန်၏၊ ထိုင်သော အခါလည်း သင်္ကန်းကို ပင့်၍ ထိုင်ကြကုန်၏၊ ထိုအပြုအမူ ကို လူတို့က ကဲ့ရဲ့ကြသောကြောင့်–

(က) "**န** ဥက္ခိတ္တကာ**ယ** အန္တ**ရဃရေ** ဂမိဿာမီတိ **သိက္ခာ ကရဏီယာ**။

(ခ) **န** ဥက္ခိတ္တကာယ **အန္တရဃရေ** နိသီဒိဿာမီတိ သိက္ခာ ကရဏီ**ယာ**"။

ဟု ဤသိက္ခာပုဒ် ၂-ပါးကို ဘုရားရှင် ပညတ်တော်မူရ လေသည်။

**မြန်မာပြန်**။ ။"သင်္ကန်းကို မြှောက်ပင့်လျက် မြို့ရွာအတွင်း၌ မသွားအံ့-မထိုင်အံ့" ဟု အလေ့အကျင့်ကို ပြုရမည်။ [ဤ သိက္ခာပုဒ်တော် အရ မြို့ရွာအတွင်း၌ သင်းပိုင်ကိုယ်ရုံကို ဝဲဘက်ကဖြစ်စေ,ယာဘက်ကဖြစ်စေ မမြှောက်ပင့်ရ၊ ကိုယ်ရုံကို ခါးပေါ်အောင်ပင် တချို့ကျောင်းတွင်း၌ နေတတ်ကြ၏၊ မြို့ရွာအတွင်းဖြစ်မူ ထိုကဲ့သို့ မမြှောက်ပင့်ရ။]

ထိုင်သောအခါ၌ကား ရုံထားသော အပေါ်သင်္ကန်းကို အနည်းငယ်ပင့်၍ တင်ပါးအောက်မှာ ဖိမနေစေဘဲ ထိုင်ရမည်ဟု ပညတ်တော်မူချက်(ခန္ဓကမှာ) ရှိ၏၊ ထို့ကြောင့် ထိုကဲ့သို့ ပင့်ခြင်းမှ တစ်ပါး သင်းပိုင်မှာ ပတ်ထားသော ခါးပန်းကြိုး ပေါ်လာအောင် မြှောက်ပင့်၍ မထိုင်ရ၊ သို့သော် တည်းခို နေထိုင်ခိုက်ဖြစ်မူကား ကျောင်းမှာနေသကဲ့သို့ ထိုက်တန်သလောက် မြှောက်ပင့် သော်လည်း "ဝါသူပဂတဿ အနာပတ္တိ" ဟု ဤ သိက္ခာပုဒ်မှာ ခြွင်းချက် ပါပေသည်။

**ပရိမဏ္ဍလဝဂ် ပြီး၏။**

---

# ဥဇ္ဈဂ္ဃိကဝဂ်

## ဥဇ္ဈဂ္ဃိကသိက္ခာပုဒ် ၂-ပါး

**ကျယ်စွာရယ်ခြင်း** ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မြို့ရွာအတွင်း၌ ကျယ်လောင်စွာ ရယ်၍ သွားလာကြ နေထိုင်ကြ ကုန်၏၊ [ကျယ်စွာ ရယ်ခြင်းသည် ယဉ်ကျေးသောလူများ၏ အပြုအမူ မဟုတ်၊ ယဉ်ကျေးသူတို့သည် ရယ်ရွှင်ဖွယ်အာရုံနှင့် ကြုံလာလျှင် သွားမဖော်ဘဲ လည်းကောင်း, သွားများ ပေါ်ရုံမျှ လည်းကောင်း ပြုံးကြကုန်၏၊ အသံထွက်လာလျှင်လည်း သာသာ ညှဉ်းညှဉ်း အသံလောက် ထွက်စေကြကုန်၏၊ အသံကျယ်စွာ ထွက်အောင် ရယ်မောလေ့ မရှိကြ၊ ထို့ကြောင့်] ဆဗ္ဗဂ္ဂီ ရဟန်းတို့၏ ကျယ်လောင်စွာ ရယ်မှုသည် ယဉ်ကျေးသူတို့၏ အပြုအမူ မဟုတ်ရကား လူတို့က ကဲ့ရဲ့ကြသော ကြောင့်—

(က) "န ဥဇ္ဇဂ္ဃိကာယ **အန္တရဃရေ** ဂမိဿာမီတိ **သိက္ခာ** ကရဏီယာ။

(ခ) န ဥဇ္ဇဂ္ဃိကာယ **အန္တရဃရေ** နိသီဒိဿာမီတိ **သိက္ခာ** ကရဏီယာ"။

ဟု ဤသိက္ခာပုဒ် ၂-ပါးကို ဘုရားရှင် ပညတ်တော်မူရလေသည်။

**မြန်မာပြန်**။ "ကျယ်စွာ ရယ်၍ မြို့ရွာအတွင်း၌ မသွားလာအံ့, မနေထိုင်အံ့"ဟု အလေ့အကျင့်ကို ပြုရမည်။ [အကယ်၍ ရယ်ဖွယ်အာရုံနှင့် ကြုံလာလျှင် ပြုံးရုံမျှသာ ပြုံးရမည်-ဟု မိန့်တော်မူ၏။ "ဥ=အသံကျယ်စွာ+ဇဂ္ဃ=ရယ်ခြင်း" ကို တားမြစ်ရကား ခတ်တိုးတိုး အသံထွက်ရုံကိုကား တားမြစ်မည် မထင်။]

## အပ္ပသဒ္ဒ **သိက္ခာပုဒ်** ၂-ပါး

**အသံကျယ်စွာ စကားပြောခြင်း** ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မြို့ရွာအတွင်း၌ အသံကျယ်စွာ စကားပြော၍ သွားလာ နေထိုင်ကြ ကုန်၏။ [အသံကျယ်စွာ စကားပြောခြင်းလည်း ယဉ်ကျေးပြီး သူတို့၏ အပြုအမူ မဟုတ်၊ ယခုကာလ၌ပင် တောသူတောသားနှင့် မြို့သူမြို့သား စကားပြောပုံသည် အသံ ကျယ်-မကျယ်အားဖြင့် ကွဲပြားလျက် ရှိ၏၊ ထို့ကြောင့်] ဆဗ္ဗဂ္ဂီရဟန်းတို့၏ အသံကျယ်စွာ စကားပြောမှုကို သာဝတ္ထိ မြို့သူမြို့သားတို့က ကဲ့ရဲ့ရှုတ်ချ အောက်တန်းစားတွေဟု အသိအမှတ် ပြုကြသောကြောင့်....

(က) "အပ္ပသဒ္ဒေါ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။
(ခ) အပ္ပသဒ္ဒေါ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ"။
ဟု ဤ သိက္ခာပုဒ် ၂-ပါးကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်။** ။"တိုးသောအသံ ရှိသည်ဖြစ်၍ (စကား ပြောစရာ ရှိလျှင် တိုးတိုးသက်သာ ပြောလျက်) မြို့ရွာအတွင်း၌ သွားလာ-နေထိုင်မည်" ဟု အလေ့အကျင့်ကို ပြုရမည်။

၁၂-တောင် ကျယ်သောအိမ်ဝယ် မြောက်အစွန်၌တစ်ပါး, တောင်အစွန်၌ တစ်ပါး, အလယ်အကြား ၆-တောင်ခန့်၌ တစ်ပါး ထိုင်နေရာ, မြောက်ဆုံး ပုဂ္ဂိုလ်က အလယ်ပုဂ္ဂိုလ်အား လှမ်း၍ စကားပြောရာ၌ အလယ် ပုဂ္ဂိုလ်သာ စကားလုံးကို ကွဲကွဲပြားပြား ကြားရ၍ တောင်ဆုံးပုဂ္ဂိုလ်က ကွဲကွဲပြားပြား မကြားရလျှင် ထိုအသံကို အပ္ပသဒ္ဒ-တိုးသော အသံဟု ဆိုရ၏၊ တောင်ဆုံး ပုဂ္ဂိုလ်ပါ ကွဲကွဲပြားပြား ကြားရလျှင်ကား မဟာသဒ္ဒဖြစ်၍ အပြစ် ရှိသည်။

**မှတ်ချက်။** ။ဤ သိက္ခာပုဒ်ကို ရဟန်း သာမဏေချင်း စကား ပြောရာ၌သာ ပညတ်တော်မူလိုရင်း ဖြစ်ဟန်တူ၏၊ လူများနှင့် စကားပြောရာ၌ကား(အထူးအားဖြင့် မိန်းမများနှင့် စကားပြောရာ၌) တိုးတိုး ပြောနေလျှင် အပြစ် တင်ဖွယ်ပင် ဖြစ်ရာ၏၊ တရားဟောရာ၌မူ အရှင်အာနန္ဒာ,အရှင်မဟိန္ဒ စသော မထေရ်များပင် မြို့အတွင်း၌ ကျယ်စွာသောအသံဖြင့် ပရိသတ် ကြားလောက်အောင် ဟော တော်မူလေ့ ရှိပေသည်။

---

## ပဉ္စာလကသိက္ခာပုဒ် ၆-ပါး

**ကိုယ်,လက်ရှုံး, ဦးခေါင်း လှုပ်ခြင်း** ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြို့ရွာအတွင်း၌ အထက်ပိုင်း ကိုယ်ကို မတ်မတ် မထားဘဲ လှုပ်လှုပ် ရှားရှား ဖြစ်စေလျက် အိအိ ခွဲခွဲ တွဲလွဲ ချသလိုလုပ်၍ သွားလာကြ-နေထိုင်ကြကုန်၏၊ လက်ရုံး လက်မောင်းကိုလည်း တောင့်တောင့် တင်းတင်း မထားဘဲ တွဲလွဲ ချသကဲ့သို့ လှုပ်လှုပ်ယမ်းယမ်းလုပ်၍ သွား လာ နေထိုင်ကြကုန်၏၊ ဦးခေါင်း ကိုလည်း ခိုင်ခိုင်မတ်မတ်မထားဘဲ တွဲလွဲ ချသကဲ့သို့ ဘေးစောင်း ရှေ့ ငိုက် ထားကြကုန်၏။

ထိုအပြုအမူမျိုးသည် ပျင်းရိသူ-ကလေးကလား နေတတ်သူတို့၏ အပြုအမူမျိုးသာဖြစ်၍ လူကြီးလူကောင်းများ, ယဉ်ကျေးပြီးသူများ၏အပြုအမူ မဟုတ်ချေ၊ မှန်၏—ဘုရားရှင်သည် ဒေသစာရီ ကြွချီသောအခါ ထိုင်တော်မူသောအခါတို့၌ အထက်ပိုင်း ကိုယ်တော်သည် လှေပေါ်မှာ တင်ထားအပ်သော ဆင်းတုတော်ကဲ့သို့ အလွန် ငြိမ်သက်တော်မူလေသည်၊ ထို့ကြောင့် ယဉ်ကျေးသူတို့၏ အထွတ်အထိပ် ဖြစ်တော်မူသော ဘုရားရှင်၏ တပည့်များက ထိုကဲ့သို့ လှုပ်လှုပ်ရှားရှား မငြိမ်မသက် သွားလာနေထိုင်ကြသည်ကို မကြည်ညိုနိုင်သော လူတို့သည် ကဲ့ရဲ့ရှုတ်ချလေကုန်၏။ ထို့ကြောင့်—

(က,ခ) "**နကာယပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ နိသီဒိဿာ-
မီတိ သိက္ခာ ကရဏီယာ။**

(ဂ, ဃ) **န ဗာဟုပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ, နိသီဒိဿာ-
မီတိ သိက္ခာ ကရဏီယာ။**

(င, စ) **န သီသပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ, နိသီဒိဿာမီတိ
သိက္ခာ ကရဏီယာ"။**

ဟု ဤသိက္ခာပုဒ် ၆-ပါးကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်**။ ။"မြို့ရွာ အတွင်း၌ ကိုယ်ကို လှုပ်စေ၍ လှုပ်စေ၍ လည်းကောင်း, လက်ရုံးလက်မောင်းကို လှုပ်စေ၍ လှုပ်စေ၍ လည်းကောင်း, ဦးခေါင်းကို လှုပ်စေ၍ လှုပ်စေ၍ လည်းကောင်း မသွားလာ-မနေထိုင်အံ့"ဟု အလေ့အကျင့်ကို ပြုရမည်။

**ဥဇ္ဈတ္တိကဝဂ် ပြီး၏။**

# ခမ္ဘကဝတ်

## ခမ္ဘကတသိက္ခာပုဒ် ၂-ပါး

**ခါးထောက်ခြင်း** ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြို့ရွာအတွင်း၌ ခါးထောက်၍ သွားလာ-နေထိုင်ကြကုန်၏၊ ထို အပြုအမူသည်လည်း ဟန်ကြီး, ပန်ကြီး လုပ်သူတို့၏ အပြုအမူဖြစ်၍ မြင်ရသူကို ကျေနပ်ဖွယ်ကောင်းသော အပြုအမူ မဟုတ်ရကား ကဲ့ရဲ့ရှုတ်ချကြသောကြောင့်—

(က, ခ) **"န ခမ္ဘကတော အန္တရဃရေ ဂမိဿာမိတိ, နိသီဒိဿာမိတိ သိက္ခာ ကရဏီယာ"**။

ဟု ဤသိက္ခာပုဒ် ၂-ပါးကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်**။ ။"ဝဲဘက်ယာဘက်တစ်ဘက်ဘက်မှာ ဖြစ်စေ,၂-ဘက်လုံးမှာ ဖြစ်စေ ခါးကို လက်ဖြင့်ထောက်၍ မသွားလာအံ့, မနေထိုင်အံ့" ဟု အလေ့အကျင့်ကို ပြုရမည်။

---

## ဩဂုဏ္ဌိတသိက္ခာပုဒ် ၂-ပါး

**ခေါင်းခြုံခြင်း** ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြို့ရွာအတွင်း၌ ဦးခေါင်းကို ခြုံ၍ သွားလာ-နေထိုင်ကြကုန်၏၊ဦးခေါင်းနှင့်တကွတစ်ကိုယ်လုံးကို (ခေါင်းမြီးခြုံ ကုလားမတို့ကဲ့သို့) ခြုံ၍ သွားလာ-နေထိုင်ခြင်းကား ရိုးသားသူတို့ အပြုအမူ မဟုတ်သဖြင့် မြင်ရသူတို့က ကဲ့ရဲ့ ရှုတ်ချ ကြသောကြောင့်—

(က, ခ) **"န ဩဂုဏ္ဌိတော အန္တရဃရေ ဂမိဿာမိတိ နိသီဒိဿာမိတိ သိက္ခာ ကရဏီယာ"**။

ဟု ဤသိက္ခာပုဒ်တော် ၂-ပါးကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်**။ ။"ဦးခေါင်းခြုံလျက် မြို့ရွာအတွင်း၌ မသွားလာ, မနေထိုင်အံ့"ဟု အလေ့အကျင့်ကို ပြုရမည်။

## ဥက္ကုဋ္ဋိကသိက္ခာပုဒ်

**ဖဝါးဆုံ့နင်းခြင်း** ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မြို့ရွာအတွင်း၌ ဖဝါးဆုံ့နင်း၍ သွားလာကြကုန်၏၊ [ခြေဖျားထောက်၍ ဖနောင့်ကို မြှောက်လျက် လည်းကောင်း, ဖနောင့်သာနင်း၍ ခြေဖျား ထောက်လျက် လည်းကောင်း သွားခြင်းကို ခြေဖဝါး နာနေသလို, ဆုံ့နေသလို ဖြစ်သော ကြောင့် "ဖဝါးဆုံ့" နင်းခြင်းဟု ခေါ်၏။] ထိုသို့ ဖဝါးဆုံ့နင်း၍ သွား ခြင်းကား ကလေးများ ဆော့ခြင်းနှင့် တူသောကြောင့် အမြင် မတော်ချေ၊ ထို့ကြောင့် ထိုသို့သွားသောဆဗ္ဗဂ္ဂီရဟန်းများကို လူတို့ ကဲ့ရဲ့ရှုတ်ချလေရကား-

"**န ဥက္ကုဋ္ဋိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ**"။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်**။ ။ဖဝါးဆုံ့နင်း၍ "မြို့ရွာအတွင်း၌ မသွားအံ့" ဟူသော အလေ့အကျင့်ကို ပြုရမည်။

## ပလ္လတ္ထိက သိက္ခာပုဒ်

**ဒူးကို ပတ်ဖွဲ့ခြင်း** ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မြို့ရွာ အတွင်း၌ ဒူး ၂-ဘက်ကို ထောင်၍ ထိုထောင်ထားသော ဒူးကို လက် ၂-ဘက်ဖြင့် ပတ်ဖွဲ့၍ လည်းကောင်း, အဝတ် ကြိုးလုံးဖြင့် ပတ်ဖွဲ့၍ လည်းကောင်း ထိုင်ကြ ကုန်၏၊ ထိုသို့ ထိုင်ရခြင်းကား လူမမာတို့ အတွက် သက်သာသော ထိုင်ရခြင်းဖြစ်၍ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ထိုသို့ ပတ်ဖွဲ့၍ ထိုင်ကြ လေသည်၊ ထိုထိုင်ခြင်းမျိုးသည် ဣန္ဒြေသိက္ခာရှိသော လူကြီးလူကောင်းတို့၏ အပြုအမူ မဟုတ်သောကြောင့် လူတို့ကဲ့ရဲ့ရကား—

"**န ပလ္လတ္ထိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ**"။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်**။ ။"လက် အဝတ်တို့ဖြင့် ဒူးကို ပတ်ဖွဲ့လျက် မထိုင်အံ့" ဟု အလေ့အကျင့်ကို ပြုရမည်၊ [မရှိသေ မလေးစားသော စိတ်ဖြင့် ထိုင်မှသာ အပြစ်ရှိသည်၊ မကျန်းမာသောကြောင့် ထိုကဲ့သို့ ထိုင်ခြင်း ကြောင့်ကား အပြစ် မရှိပါ၊ ဤသို့ ဒူးကို လက်-ကြိုးတို့ဖြင့် ပတ်ဖွဲ့၍ ထိုင်ခြင်းကို "အာယောဂပတ်" ဟု ကျမ်းစာတို့၌ ဆိုသည်။]

## သက္ကစ္စပဋိဂ္ဂဟဏ သိက္ခာပုဒ်

မလေးမစား ဆွမ်းခံမှု

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းကို မလေးမစား ခံယူကြကုန်၏၊ ''မလေးမစား''ဟူသည် ဆွမ်းကို မလိုချင်သလို၊ စွန့်ပစ်မှာ လိုလို လုပ်သော အမူအရာတည်း၊ ထို အမူအရာ မျိုးကို မြင်ရသောအခါ ဆွမ်းလောင်းသူတို့၏စိတ်၌ သဒ္ဓါတရား မတိုးတက်သည့်ပြင် ဆွမ်းလောင်းချင်သော စိတ်ပင် ပျက်စီးကြကုန်၏၊ ထို့ကြောင့် ထို မလေး မစား ခံယူမှုကို လူတို့ ကဲ့ရဲ့ရကား–

''**သက္ကစ္စံ** ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ **သိက္ခာ** **ကရဏီ-ယာ**''။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ။''ဆွမ်းကို လေးလေးစားစား (လိုလိုချင်ချင်) ခံယူမည်'' ဟု အလေ့အကျင့်ကို ပြုရမည်။

---

## ပတ္တသညီသိက္ခာပုဒ်

ဟိုဟိုသည်သည် ကြည့်၍ ဆွမ်းခံမှု

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းခံသည့် အခါ ဟိုကြည့်၊ သည်ကြည့်နှင့် ခံယူကြကုန်၏၊ (သပိတ်၌ စိတ်မစိုက်ဘဲ တောင်ကြည့် မြောက်ကြည့် ကြည့်၍ ဆွမ်းခံရကား ဆွမ်းလောင်းနေသည်ကိုလည်း မသိလိုက်ကြ၊ ဆွမ်းလောင်းပြီးသည်ကိုလည်း မသိလိုက်ကြ၊ ထိုသို့ နမော်နမဲ့ ဖြစ်လောက်အောင် ငေးမေ့၍ ဆွမ်းခံမှုကို လူတို့ မကြည်ညိုသဖြင့် ကဲ့ရဲ့ကြသောကြောင့်–

''**ပတ္တသညီ** ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ **သိက္ခာ** **ကရဏီယာ**''။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ။''သပိတ်၌ အမှတ်သညာ ရှိသည်ဖြစ်၍ (သပိတ်၌ စိတ်စိုက် လျက်) ဆွမ်းကို ခံယူမည်''ဟု အလေ့အကျင့်ကို ပြုရမည်။

## သမသူပကသိက္ခာပုဒ်

**ပဲဟင်းကို များစွာခံယူမှု**

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပဲဟင်းကိုများစွာ ခံယူကြကုန်၏၊ [''ပဲဟင်း''ဟူသည် မပြစ်လွန်း မကျဲလွန်းသော လက်ဖြင့် ကော်ယူလျှင် ရနိုင်လောက်သော ပဲနောက်ဟင်း ပဲကြီးဟင်းတည်း၊ အခြားပဲဟင်းများလည်း ပါဝင်၏-ဟု ဆိုသေး၏၊] ထိုကဲ့သို့ ပဲဟင်းကို များစွာခံယူခြင်းကြောင့် လူတို့ကဲ့ရဲ့ရကား—

**''သမသူပကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ''**။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်**။ ။''တော်လောက်ရုံသော ပဲဟင်းရှိသည်ဖြစ်၍ **ဆွမ်းခံယူ** အံ့''ဟု အလေ့အကျင့်ကို ပြုရမည်။

**မှတ်ချက်**။ ။ဆွမ်း၏ ၄-ပုံတွင် ၁-ပုံလောက်သာရှိသောပဲဟင်းကို''ဆွမ်းနှင့် ညီမျှသောပဲဟင်း''ဟု ဆိုသည်၊ အိန္ဒိယနိုင်ငံ၌ ပဲဟင်း စားလေ့ရှိသောကြောင့် ပဲဟင်းနှင့်စပ်၍ သိက္ခာပုဒ်တစ်ရပ် ပညတ်တော်မူရသည်၊ ထို့ကြောင့် ပဲဟင်းမှတစ်ပါး အခြားသော ဟင်းချိုဟင်း ချဉ်ရည်ဟင်း သားဟင်း ငါးဟင်းများကိုကား များစွာခံယူသော်လည်းကောင်း, လက်ကော်ရ ပဲဟင်းကိုလည်း ဉာတိတို့ပစ္စည်း,ဖိတ်မန်အပ်သူတို့ ပစ္စည်းဖြစ်မူ များစွာ ခံယူသော် လည်းကောင်း အာပတ်မသင့်။

---

## သမတိတ္ထိကသိက္ခာပုဒ်

**မောက်လျှံနေအောင် ဆွမ်းခံမှု**

ဆဗ္ဗဂ္ဂီရဟန်းတို့သည် သပိတ်ပေါ်၌ မောက်လျှံနေအောင် **ဆွမ်း**ခံကြကုန်၏၊ (ထိုကဲ့သို့ မောက်လျှံနေအောင် ဆွမ်းခံခြင်းသည် အလွန် လောဘကြီးရာ ရောက်၏၊ မို့မောက်နေသည့်အတွက် အမြင်လည်းမတော်ချေ၊ ထို့ကြောင့်) လူတို့ကဲ့ရဲ့ရကား—

**''သမတိတ္ထိကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ''**

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်**။ ။''သပိတ်၏ အတွင်းနှုတ်ခမ်းရစ်နှင့် ညီမျှရုံသာ **ဆွမ်း**ကိုခံယူအံ့''ဟု အလေ့အကျင့်ကို ပြုရမည်၊ [သပိတ်၌အတွင်းနှုတ်ခမ်း, အပြင်နှုတ်ခမ်းဟု ၂-မျိုးရှိ၏၊ အပြင်နှုတ်ခမ်းသည်အတွင်းနှုတ်ခမ်းထက်မြင့်၏၊

ထို့ကြောင့် အပြင်နှုတ်ခမ်းနှင့်ညီမျှနေလျှင် ဘေး၌လျှံကျဖွယ်ရှိသော ကြောင့် အတွင်းနှုတ်ခမ်းအရစ်နှင့် ညီမျှရုံသာ ဆွမ်းခံရသည်၊ သပိတ် ဟူရာ၌ အဓိဋ္ဌာန်တင်လောက်သော သပိတ်အစစ်ကို ဆိုလိုသည်၊ ထို့ ကြောင့် သပိတ်ပေါ်၌ အခြားဟင်းခွက်များဖြင့် ထည့်၍ခံလျှင်လည်း ကောင်း၊ သပိတ်ဖုံးပေါ်တင်၍ ခံလျှင်လည်းကောင်း အာပတ်မသင့်၊ သပိတ်တစ်လုံးပြည့်၍ အခြား သပိတ်တစ်လုံးဖြင့် လဲလှယ်ခံလျှင်လည်း အာပတ်မသင့်။]

ခမ္ဘကတဝဂ် ပြီး၏။

---

# သက္ကစ္စဝဂ်

## သက္ကစ္စ ဘုဉ္စန သိက္ခာပုဒ်

**မစား ချင်သလို ဆွမ်းစားမှု**

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းစားသောအခါ မစားချင် စားချင် အနေမျိုးဖြင့် လေးလေးစားစား မဟုတ်ဘဲ ဆွမ်းစားကြကုန်၏၊ (လူတို့ထုံးစံမှာ ထမင်းဟင်းများ ကို အသက်သခင် အနေမျိုးဖြင့် အလွန်လေးစားကြကုန်၏၊ တချို့လူမျိုး ထုံးစံမှာ ထမင်းစားခါနီး၌ လက်အုပ်ချီကြသေး၏၊ ထို့ကြောင့်)မစားချင် စားချင်နှင့် ဆွမ်းစားမှုကို လူတို့ကဲ့ရဲ့ကြသောကြောင့်-

**"သက္ကစ္စံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ"**

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ၄၈။ "လေးလေးစားစား ဆွမ်းကိုစားအံ့"ဟု အလေ့အကျင့်ကို ပြုရမည်၊ [ဆွမ်းစားမကောင်းခြင်း စသည်ဖြင့် မကျန်းမမာဖြစ်နေ၍ လေးလေးစားစား မစားနိုင်ရာ၌ကား အာပတ်မသင့်၊ မလေးမစား စားမည်ဟု တမင်တကာ အရှဲ့တိုက်လိုသော စေတနာမရှိခြင်းစသည် ကြောင့်လည်း အာပတ်မသင့်။]

## ပတ္တသညီ ဘုဥ္စနသိက္ခာပုဒ်

**ဆွမ်းစားခွက်၌ သတိမထားခြင်း** ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းစားသောအခါ ဆွမ်းထည့်စားရာခွက်၌စိတ်မစိုက်ဘဲ တောင်ကြည့် မြောက်ကြည့် ကြည့်၍စားကြကုန်၏၊ [ရှေးက ဆွမ်းဟင်းပွဲနှင့်စားကြသည်မဟုတ်၊ စားလိုရာဟင်းကို သပိတ်၌သာထည့်၍စားကြကုန်၏ တောင်ကြည့် မြောက်ကြည့် ကြည့်၍ ငေးချင်ရာငေး တွေးချင်ရာတွေး၍ စားနေကြသောကြောင့်] သပိတ်ထဲ၌ ဆွမ်း-ဟင်းများကို နောက်ထပ် ထည့်သည်ကိုလည်း မသိလိုက်ကြ၊ ထည့်ပြီး၍ လွန်သွားသည်ကိုလည်း မသိလိုက်ကြသဖြင့် လူတို့ကဲ့ရဲ့ကြသောကြောင့်-

"ပတ္တသညီ ပိဏ္ဍပါတံ ဘုဥ္စိဿာမီတိ သိက္ခာ ကရဏီယာ"

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်**။ ။"သပိတ်၌ ( ဆွမ်းစားခွက်၌ ) အမှတ်သညာထား၍ ဆွမ်းစားမည်"ဟု အလေ့အကျင့်ကိုပြုရမည်၊ [ဤ၌ "ပတ္တ"ဟူသည် သပိတ်သာမက, ဆွမ်းထည့်၍စားရာ ခွက်အားလုံးကိုပင် ယူရမည်၊ တချို့ကား "ပတ္တ"ယူသော ပါဠိ၌ "သပိတ်"ဟူသာ အနက်ထင်၍ "ဇလုံပန်းကန်"တို့၌ထည့်၍စားသော်လည်း"သပိတ်အမှတ်ဖြင့် စားရမည်"ဟု မဆီမဆိုင် အဓိပ္ပာယ်ပြောကြလေသည်။]

---

## သပဒါနသိက္ခာပုဒ်

**အစဉ်အတိုင်း မစားခြင်း** ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းစားသောအခါ အစဉ်အတိုင်း မစားကြဘဲ (သပိတ် စားခွက်တို့ဝယ် အစမှစ၍ အစဉ်အတိုင်းစားမသွားဘဲ)အစဘက်နှိုက်လိုက် အလယ်လောက်နှိုက်လိုက်, ဘေးနားနှိုက်လိုက်နှင့်စားကြကုန်၏၊ ဤစားနည်းသည် ယဉ်ကျေးသူတို့၏စားနည်းမဟုတ်၊ [မဟာဟံသဇာတ်တော်၌ အလွန်ယဉ်ကျေးပြီးသောအလောင်းတော် ဟံသာမင်းကား မနေ့တုန်းက စားပြီးသောနေရာမှာပင် သက်ဆင်း၍ ထိုစားပြီးနေရာကမှ ဆက်၍စားလေ့ရှိသတတ်။] ထို့ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့၏ ဟိုနေရာနှိုက် သည်နေရာနှိုက်နှင့် စားမှုကို လူတို့ကဲ့ရဲ့ရကား—

**"သပဒါနံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ"။**

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်။** ။"ဟိုနှိုက် သည်နှိုက် မနှိုက်ဘဲ အစဉ်အတိုင်း ဆွမ်းကို စားအံ့"ဟု အလေ့အကျင့်ကိုပြုရမည်။

---

## သမသူပကဘုဉ္ဇနသိက္ခာပုဒ်

**ပဲဟင်းကို များစွာစားခြင်း** ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းစားသောအခါပဲဟင်းကိုချည်း များစွာစားကြကုန်၏၊ (ရှေးခေတ်က ပဲဟင်းသည် မပါလျှင် မပြီးသလောက် အသုံးများ၍ အများကြိုက်ဟင်းဖြစ်ခဲ့ဟန်တူ၏၊ ထို့ကြောင့်)ပဲဟင်းကို အတိုင်းထက် အလွန်စားသော ဆဗ္ဗဂ္ဂီရဟန်းများကို လူတို့ကဲ့ရဲ့ကြသောကြောင့်—

**"သမသူပကံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာကရဏီယာ"။**

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်။** ။(မပြစ်မကျဲ-လက်ဖြင့် ကော်ယူ၍ ရလောက်သော) ပဲဟင်းကို ဆွမ်း၏ ၄-ပုံ တစ်ပုံလောက်သာ စားအံ့"ဟု အလေ့အကျင့်ကိုပြုရမည်၊ [ဤသိက္ခာပုဒ်၌လည်း သမသူပက သိက္ခာပုဒ်၌ကဲ့သို့ ဉာတိဖြစ်သူ နဂိုကဖိတ်မန်ထားသူတို့၏ ဆွမ်းကိုစားရာ၌လည်းကောင်း မိမိပိုင် ပဲဟင်းကို စားရာ၌လည်းကောင်း ဆွမ်း၏ ၄-ပုံ တစ်ပုံထက်များစွာစားသော်လည်း အနာပတ္တိ၊ လူများက ကျွေးသောဆွမ်းကို စားရာ၌သာ ဆွမ်း၏ ၄-ပုံတစ်ပုံထက်ပို၍စားလျှင် အာပတ်သင့်သည်၊] ["အနာပတ္တိ-ဉာတကာနံ ပဝါရိတာနံ အတ္တနော ဓနေန"စသည်-ပါဠိတော်။]

---

## ထူပကတသိက္ခာပုဒ်

**ဆွမ်းဦးကို စားမှု** ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းစားသောအခါ အလယ်ဗဟိုမှ မောက်နေသော ဆွမ်းဦးဆွမ်းထိပ်မှနှိုက်ယူ၍စားကြကုန်၏၊ ထိုစားခြင်းမျိုးလည်း ယဉ်ကျေးသူတို့၏ အပြုအမူ မဟုတ်သဖြင့် လူတို့ကဲ့ရဲ့ကြသောကြောင့်—

"န ထူပကတော ဩမဒ္ဒိတွာ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ"။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်**။ ။"ဆွမ်းဦး ဆွမ်းထိပ်မှ နှိုက်ယူ၍ ဆွမ်းကိုမစားအံ့"ဟု အလေ့အကျင့်ကို ပြုရမည်၊ [ဆွမ်းစားပြီးခါနီး၌ သပိတ်-စားခွက်ထဲ ဝယ် အနည်းငယ် ကျန်နေသည်ကို သိမ်းကျုံး စုဆောင်းလိုက်သော အခါ အစုအပုံ မို့မို့မောက်မောက် ဖြစ်နေတတ်သေး၏၊ ထိုသို့ သိမ်းကျုံး ထားသော အစုအပုံကလေးကို နှိုက်၍ စားရာ၌ကား အာပတ်မသင့်၊] ["အနာပတ္တိ-ပရိတ္တကေ သေသေ ဧကတော သံကဍ္ဎိတွာ ဩမဒ္ဒိတွာ ဘုဉ္ဇတိ"-ပါဠိတော်။]

---

## ပဋိစ္ဆာဒနသိက္ခာပုဒ်

**ဟင်းကို ဆွမ်းဖြင့်ဖုံးမှု**

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းခံသောအခါ (ဤသို့ဖုံး ထားလျှင် မရသေးဘူးထင်၍ နောက်ထပ်လောင်းကြ လိမ့်မည်ဟု မရိုးသားသော စိတ်ကူးဖြင့်) များများ အလိုရှိ၍ ပဲဟင်း-ဟင်းလျာတို့ကို ဆွမ်းဖြင့် ဖုံးထားကြကုန်၏၊ (ဤသို့ပြုလုပ် မှုကား သက်သက် အောက်တန်းစားတို့၏ အပြုအမူသာဖြစ်၏၊ ထို့ကြောင့်) ထိုအပြုအမူကို သိရှိသောလူတို့က ကဲ့ရဲ့ကြသဖြင့်—

"န သူပံ ဝါ ဗျဉ္ဇနံ ဝါ ဩဒနေန ပဋိစ္ဆာဒေဿာမိ ဘိယျောကမျတံ ဥပါဒါယာတိ သိက္ခာ ကရဏီယာ"။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်**။ ။"ပဲဟင်းကိုလည်းကောင်း, ပဲဟင်းမှတစ်ပါး အခြား ဟင်းလျာကိုလည်းကောင်း အများကိုအလိုရှိသည်ဖြစ်၍ ဆွမ်းဖြင့်မဖုံး အံ့"ဟု အလေ့အကျင့်ကို ပြုရမည်၊ [အများကို အလိုရှိ၍မဟုတ်ဘဲ အခြားအကြောင်းကြောင့် ဖုံးရာ၌လည်းကောင်း, လူကိုယ်တိုင်က နှား သားဟင်းစသည်ကို လူသိမှာစိုး၍ ဖုံးပြီးလှူလိုက်ရာ၌ လည်းကောင်း အာပတ်မသင့်။]

## သူပေါဒနဝိညတ္တိသိက္ခာပုဒ်

**ဆွမ်း-ဟင်းတို့ကို တောင်းမှု**

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဟင်းကိုလည်းကောင်း, ဆွမ်းကိုလည်းကောင်း မိမိစားဖို့ လူတို့ထံတောင်း၍ စားကြကုန်၏၊ လူတို့သည် "ကောင်းတာကို ဘယ်သူ မကြိုက်ဘဲ ရှိမှာလဲ"ဟု ကဲ့ရဲ့ကြကုန်၏၊ ထို့ကြောင့် "မိမိအတွက် ဟင်း-ဆွမ်းကို တောင်း၍ မစားရ"ဟု ပထမပညတ်တော်မူပြီးလျှင် ထိုပညတ်တော်ကြောင့် မကျန်းမမာသော(ဂိလာန)ရဟန်းတို့လည်း တောင်း၍မစားရသဖြင့် ရောဂါ မသက်သာကြောင်းကို ကြားတော်မူ၍ "ဂိလာနရဟန်းသည် ဟင်းကိုလည်းကောင်း, ဆွမ်းကိုလည်းကောင်း မိမိအတွက်တောင်း၍ စားနိုင်သည်"ဟု ခွင့်ပြုတော်မူကာ—

**"န သူပံ ဝါ ဩဒနံ ဝါ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ"။**

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်။** ။ဟင်းကိုလည်းကောင်း, ဆွမ်းကိုလည်းကောင်း ဂိလာန မဟုတ်လျှင် မိမိအတွက် တောင်း၍-မစားအံ့"ဟု အလေ့အကျင့်ကို ပြုရမည်၊ ["မတောင်းကောင်း"ဟု ဆိုသော်လည်း-ဆွေမျိုးမတော်သူ "အလိုရှိရာတောင်းပါ"ဟု ဖိတ်မန်မထားသူတို့ကိုသာ မတောင်းကောင်း၊ ဆွေမျိုးတော်လျှင်လည်းကောင်း, ဖိတ်မန် ထားဖူးလျှင်လည်းကောင်း တောင်းကောင်းပါ၏။]

**မှတ်ချက်။** ။"မိမိအတွက် မတောင်းကောင်း"ဟု ဆိုသောကြောင့် "သူများအတွက်ကား တောင်းကောင်းပါ၏"ဟု ဆိုရာရောက်နေ၏၊ သို့သော် အညာတကဝိညတ္တိသိက္ခာပုဒ် အဋ္ဌကထာရင်း၌ အခြားရဟန်းအတွက် မိမိဉာတိပဝါရိတ (ဖိတ်မန်ထားသူ)အထံ တောင်းပေးခြင်း, အခြားရဟန်း၏ ဉာတိပဝါရိတ အထံ (ထိုရဟန်းမသွားနိုင်သဖြင့် မိမိသွား၍) ထိုရဟန်းအတွက် တောင်းပေးခြင်းကြောင့် အနာပတ္တိ (အာပတ်မသင့်)ဟု ဖွင့်သည်၊ ဉာတိပဝါရိတ မဟုတ်သူထံ အခြားရဟန်းအတွက် တောင်းပေးခြင်းကြောင့် အနာပတ္တိဟု မဖွင့်။

**ဝိမတိ။** ။ပဋ္ဌသဟမ္မိကာနံ အတ္ထာယ အညာတက အပ္ပဝါရိတဋ္ဌာနေ ဝိညာပေန္တော ဝိညတ္တက္ခဏေ အဋ္ဌကထာသု သုတ္တာနုလောမတော ဝုတ္တ အကတဝိညတ္တိဒုက္ကဋတော န မုစ္စတိ၊ သဥ္စိ ဘုဉ္ဇနက္ခဏေ သယံစ အညေန မိစ္ဆာဇီဝတော န မုစ္စတိ။

**မြန်မာပြန်**။ ။ဘိက္ခု ဘိက္ခုနီ သာမဏေ သိက္ခမာန် သာမဏေတို့ကို သိတင်းသုံးဖော် ၅-ဦးဟုခေါ်၏၊ ထိုသူတို့အတွက် ဉာတိမဟုတ်သူ မဖိတ်ဘူးသူတို့ထံ တောင်းသောရဟန်းသည် တောင်းဆဲခဏ၌ အင်္ဂ ကထာဝယ် ပါဠိတော်နှင့်အလျော်ဆိုအပ်သော အကာတဝိညတ္တိ ဒုက္ကဋ် အာပတ်မှမလွတ်၊ (သူများအတွက် မတောင်းကောင်း-ဟူလို၊) ထို တောင်းအပ်သော ပစ္စည်းကို မိမိနှင့်တကွ သုံးစွဲသူအားလုံးလည်း မိစ္ဆာဇီဝမှ မလွတ်ကြ။

**မှတ်ချက်**။ ။ဤဋီကာကိုထောက်၍ ဉာတိ-ပဝါရိတ မဟုတ်သော လူတို့ အထံ၌ ဂိလာန မဟုတ်လျှင် အယုတ်သဖြင့် ရေကိုမျှ မတောင်းအပ်၊ ဆွမ်းဖိတ်ပေးခြင်း, ပစ္စည်း ၄-ပါး အဖိတ်ခိုင်းခြင်း,ရဟန်းဒါယကာ ရှင်ဒါယကာအလုပ်ခိုင်းခြင်းများလည်း မအပ်, ခိုင်းသူလည်း အပြစ် မလွတ်,ထိုသို့ခိုင်း၍တောင်း၍ ရသောပစ္စည်းလည်း အဆက်ဆက် မအပ်-ဟုမှတ်။

**[ဆောင်ပုဒ်]** အပ္ပဝါရိ, အညာတိကို, မိမိအတွက်တောင်း, သူ့အတွက် တောင်းတည့်, သောင်းပြောင်း ယင်းဆွမ်း,ဖိတ်မန်ခန်းနှင့်, ရဟန်း ဒကာ, ရှင့်ဒကာဟု လုပ်စေမှုစပ်,အရပ်ရပ်,မအပ်ဆက်ဆက်တည်း။

**အချုပ်**။ ။သံဃာ့အတွက် ဖိတ်ထားသော ဆေးပစ္စည်းကို ဂိလာနမဟုတ် ဘဲ တောင်းလျှင် မဟာနာမသိက္ခာပုဒ်အရ ပါစိတ်အာပတ်၊ ဉာတိ ပဝါရိတ မဟုတ်သူထံ ထောပတ်ဆွမ်း စသော ပဏီတ ဘောဇဉ်ကို တောင်းလျှင် ပဏီတဘောဇနသိက္ခာပုဒ်အရ ပါစိတ်အာပတ်၊အခြား အစာကိုတောင်းလျှင် ဤသိက္ခာပုဒ်အရ ဒုက္ကဋ် အာပတ်သင့်၏။

---

## ဥဇ္ဈာနသညီသိက္ခာပုဒ်

**ကဲ့ရဲ့လို၍ သူ့သပိတ်ကြည့်မှု**

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကဲ့ရဲ့လို၍ (ဆွမ်း-ဟင်း အရနည်း လျှင် လျှောင်လိုပြောင်လို နှိမ်လို၍, အရများလျှင် "ရမှာပေါ့ ဒါယကာ ဒါယိကာမနှင့် ပေါင်းတတ် တာကိုး" စသည်ဖြင့် အပြစ်ပြောလို၍) သူများသပိတ်ကို ကြည့်ကြကုန်၏၊ ထိုသို့အကြည့်ခံရသော ရဟန်းတို့မှစ၍ အခြားရဟန်းတို့က ကဲ့ရဲ့ကြသော ကြောင့်—

"န ဥဇ္ဈာနသညီ ပရေသံ ပတ္တံ ဩလောကေဿာမီတိ သိက္ခာ ကရဏီယာ"။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်။** ။"ကဲ့ရဲ့ခြင်း၌ သညာရှိသည်ဖြစ်၍ (ကဲ့ရဲ့လို၍)သူတစ်ပါး တို့၏ သပိတ်ကို မကြည့်အံ့"ဟု အလေ့အကျင့်ကို ပြုရမည်၊ ကဲ့ရဲ့လို သောစိတ် မရှိဘဲ "သူ့မှာနည်းနေလျှင် ပေးမည်, များနေလျှင်လည်း တောင်းမည်"ဟူသော စိတ်ဖြင့်ကား ကြည့်ကောင်း၏။

---

## အတိမဟန္တကဗဠ သိက္ခာပုဒ်

**ဆွမ်းလုပ် ကြီးမှု** ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုတ်ကို အလွန်ကြီးစွာ လုပ်၍ စားကြကုန်၏၊ ထိုသို့ ဆွမ်းလုတ်ကြီးကြီးလုပ်၍ စားခြင်း ကား ပါးစပ်ထဲ၌ မို့မောက် ဖောင်းပွနေသောကြောင့် အမြင်မတော်လှ၊ လောဘကြီးသကဲ့သို့လည်း ထင်ရ၏၊ သို့ဖြစ်၍ လူတို့ကဲ့ရဲ့ သောကြောင့်....

"**နာတိမဟန္တံ** ကဗဠံ ကရိဿာမီတိ **သိက္ခာ** **ကရဏီယာ**"။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်။** ။"ဒေါင်းဥအလား အလွန်ကြီးမားသော ဆွမ်းလုတ်ကို မပြုအံ့"ဟု အလေ့အကျင့်ကို ပြုရမည်။

ဒေါင်းဥသည်ကြီး၏၊ ကြက်ဥသည် သေးငယ်၏၊ ထို့ကြောင့် ဒေါင်းဥနှင့် ကြက်ဥ ၂-မျိုး၏ အလယ်လောက်ရှိသော ဆွမ်းလုတ်ကို ပြုရမည်ဟု ဆိုလို သည်၊ ကြီးခြင်းကိုသာ တားမြစ်လိုသောကြောင့် ကြက်ဥလောက် ငယ်သည့် အတွက်ကား အာပတ်မသင့်ပါ၊ ["ကုက္ကုဋဏ္ဍံ အတိခုဒ္ဒကံတိ ဣဒံ အသာ- ရုပ္ပဝသေန ဝုတ္တံ၊-အတိမဟန္တေဝ အာပတ္တီတိ ဒဋ္ဌဗ္ဗံ"-ဝိမတိဋီကာ၊] ဆွမ်း လုတ်မဟုတ်သော သစ်သီး, မုန့်, လက်သုပ် စသည်ကား ကြီးသော်လည်း အနာပတ္တိ။

---

## ပရိမဏ္ဍလအာလောပ သိက္ခာပုဒ်

**ရှည်လျားသော ဆွမ်းလုပ်ပြုမှု** ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရှည်လျားသော ဆွမ်းလုတ်ကို ပြုကြ ကုန်၏၊ ထိုအပြုအမူကိုလည်း လူတို့ ကဲ့ရဲ့ကြသောကြောင့်

"ပရိမဏ္ဍလံ အာလောပံ ကရိဿာမီတိ **သိက္ခာကရဏီယာ**"။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်။** ။"ထက်ဝန်းကျင် ဝန်းဝိုင်းသော ဆွမ်းလုတ်ကိုပြုအံ့"ဟု အလေ့အကျင့်ကိုပြုရမည်။

ဝိုင်းဆိုသော်လည်း အလွန်တိကျအောင် ဝိုင်းရမည်ဟုမဆိုလို၊ အကြောင်းရင်းဝတ္ထုမှာ ရှည်လျားနေသည်ကို ကဲ့ရဲ့ခံရသောကြောင့် "ရှည်လျားမနေစေဘဲ ဖြစ်နိုင်သမျှဝိုင်းအောင်ကြိုးစားရမည်" ဟု ဆိုလိုသည်၊ တချို့ပုဂ္ဂိုလ်များကား ပဲဟင်းစသည်ဖြင့် ရောနယ်ထားသော်ဆွမ်းကို အလွန်ဝိုင်းစက်လှပအောင် ဆွမ်းလုပ်ပြုနိုင်ကြပေသည်၊ ဤဥ္စလည်း သစ်သီး မုန့်-လက်သုပ်စသည်တို့မှာ ပရိမဏ္ဍလ(ဝိုင်းဝိုင်း)ဖြစ်အောင် မလုပ်သော်လည်း အနာပတ္တိ။

**သတ္တစ္စဝဂ် ပြီး၏။**

---

# ကဗဋ္ဌဝဂ်

## အနာဟဋ္ဌသိက္ခာပုဒ်

**ခံတွင်းအဝကို ဖွင့်မှု** ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းစားသောအခါ ခံတွင်းအဝ (ပါးစပ်ပေါက်)အနီးအပါးသို့ ဆွမ်းလုတ်မရောက်သေးမီ ခံတွင်းအဝကို ဟ၍ထားနှင့်ကြကုန်၏၊ ထိုအပြုအမူသည် ယဉ်ကျေးသူတို့၏ အပြုအမူမဟုတ်၍ရကား လူအများကဲ့ရဲ့ကြသောကြောင့် ...

"န **အနာဟဋေ** ကဗဠေ မုခဒွါရံ ဝိဝရိဿာမီတိ **သိက္ခာကရဏီယာ**"။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်။** ။"ခံတွင်းပေါက်သို့ ဆွမ်းလုတ် မရောက်သေးမီ ခံတွင်းပေါက်ကိုဖွင့်၍(ဟ၍)မထားအံ့"ဟု အလေ့အကျင့်ကိုပြုရမည်။

---

## ဘုဥ္ဇမာနသိက္ခာပုဒ်

**လက်ချောင်းကို ပါးစပ်တွင်းသွင်းမှု**

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းစားကြစဉ် လက်ချောင်းအားလုံးကို ပါးစပ်တွင်း သွင်းကြကုန်၏၊ (ဆွမ်းလုပ်သွင်းသောအခါ လက်ချောင်းတွေပါ ခံတွင်းထဲသို့ ပါသွားအောင် သွင်းကြသည်၊) ထိုအပြုအမူလည်း အလွန်မယဉ်ကျေးသော အပြုအမူဖြစ်ရကား လူအများကဲ့ရဲ့ကြသောကြောင့် ...

**"န ဘုဥ္ဇမာနော သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပိဿာမီတိ သိက္ခာ ကရဏီယာ။"**

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်။** ။"ဆွမ်းစားစဉ် အလုံးစုံသော လက်ချောင်းကို ခံတွင်း (ပါးစပ်)ထဲသို့မသွင်းအံ့"ဟု အလေ့အကျင့်ကိုပြုရမည်။

**မှတ်ချက်။** ။ဟတ္ထ သဒ္ဒါသည် လက်တစ်ခုလုံးကို ဟောသော်လည်း ဤသိက္ခာပုဒ်၌ လက်ချောင်းတို့ကိုသာ (ကေဒေသျူပစာနည်းအားဖြင့်) ယူရသည်၊ "အလုံးစုံသောလက်ချောင်းကို မသွင်းကောင်း"ဟု ဆိုသဖြင့် လက်ချောင်း တစ်ချောင်းကိုမျှ မသွင်းရ-ဟုမှတ်။ [သမ္ဗံ ဟတ္ထံတိ-ဟတ္ထေကဒေသာ အင်္ဂုလိယော ဝုတ္တာ, "ဟတ္ထမုဒ္ဒါ'ဣသုဝိယ=ဟတ္ထမုဒ္ဒါ-လက်ချောင်းချိုး၍ ရေတွက်ခြင်း"ဟူရာ၌ ဟတ္ထသဒ္ဒါသည် လက်ချောင်းအနက်ကို ဟောသကဲ့သို့တည်း၊ တသ္မာ ဧကင်္ဂုလိမ္ပိ မုခေ ပက္ခိပိတုံ နဝဋ္ဋတိ - ဝိမတိ။]

---

## သကဗဠသိက္ခာပုဒ်

**ဆွမ်းလုပ်ရှိတုန်း စကားပြောမှု**

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခံတွင်းထဲ၌ ဆွမ်းလုပ်ရှိနေစဉ် စကားပြောကြကုန်၏၊ ထိုအခါ ကြည့်၍မကောင်းသည့်ပြင် စကားလုံးလည်း မပီမသ ဖြစ်နေ၏၊ ထို့ကြောင့် လူတို့ကဲ့ရဲ့ကြရကား....

**"န သကဗဠေန မုခေန ဗျာဟရိဿာမီတိ သိက္ခာကရဏီယာ"။**

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ။“ဆွမ်းလုပ်နှင့်တကွ ဖြစ်နေသော ခံတွင်းဖြင့်(ခံတွင်းထဲ၌ ဆွမ်းလုပ် ရှိနေတုန်း) စကား မပြောအံ့”ဟု အလေ့ အကျင့်ကို ပြုရမည်။

မှတ်ချက်။ ။တရားဟောသောအခါ သျှိသျှားသီးပိုင်း နွယ်ချိုတုံးကလေးကို ပါးစပ်ထဲထည့်၍ ဟောလျှင် စကားလုံးမပီမသ မဖြစ်သောကြောင့် ဟော ကောင်းသကဲ့သို့ ထို့အတူ ပါးစပ်ထဲ၌ ဆွမ်းလုပ်ရှိသော်လည်း ဆွမ်းလုပ် က အနည်းအပါးသာဖြစ်၍ စကားလုံး ပီသအောင် ပြောနိုင်လျှင်အာပတ် မသင့်ဟု အဋ္ဌကထာဆိုသည်။

## ပိဏ္ဍုက္ခေပက သိက္ခာပုဒ်

ဆွမ်းကို စမြှောက်၍စားခြင်း

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းစားသောအခါ ဆွမ်းလုပ်ကို ပါးစပ်နားကပ်၍ မသွင်းဘဲ မြှောက်၍(ပစ်၍) ပါးစပ် ထဲသို့ သွင်းကြကုန်၏၊ ထိုအပြုအမူကား အလွန်ရိုင်းစိုင်း သော အပြုအမူတည်း၊ ထို့ကြောင့်, လူတို့ ကဲ့ရဲ့ကြရကား....

“န ပိဏ္ဍုက္ခေပကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ”။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ။“ဆွမ်းလုပ်ကို မြှောက်၍မစားအံ့”ဟု အလေ့ အကျင့် ကို ပြုရမည်။

မှတ်ချက်။ ။“ပိဏ္ဍ=ထမင်းခဲကို+ဥက္ခေပကံ=မြှောက်၍”ဟု သဒ္ဒါနက်ထွက် သောကြောင့် ဆွမ်းလုပ်တစ်ခုလုံးသာမက, ဆွမ်းခဲတစ်ခဲကိုမျှလည်း=မြှောက် ၍ပစ်၍ ပါးစပ်ထဲမသွင်းရ၊ ပါးစပ်အနား ကပ်၍ တေ့၍ သွင်းရသည်၊ သို့သော် မုန့်စသော ခဲဖွယ်နှင့်သစ်သီး ကြီးငယ်ကိုကား ပါးစပ်နားမတေ့ မိခင် မြှောက်၍ သွင်းသော်လည်း အာပတ်မသင့်ဟု ခွင့်ပြုတော်မူသည်။

## ကဗဠာဝစ္ဆေဒကသိက္ခာပုဒ်

ဆွမ်းလုပ်ကို ကိုက်ဖြတ်စားမှု

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုပ်ကို (အဆုပ်ဖြစ်အောင်လုပ် ပြီးနောက်) ကိုက်ဖြတ်၍ စားကြကုန်၏၊ [ယခုအခါ စေးကပ်သောထမင်း ကောက်ညှင်းများကို ဆုပ်ပြီးမှ ကိုက်ဖြတ်၍ စားသကဲ့သို့ဘည်း၊] ထိုအပြုအမူကိုလည်း လူတို့ကဲ့ရဲ့ကြသော ကြောင့်....

"န ကဗဠဝစ္ဆေဒကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ"။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ။"ဆွမ်းလုတ်ကို ကိုက်ဖြတ်၍မစားအံ့"ဟု အလေ့အကျင့်ကို ပြုရမည်၊ ["အနာပတ္တိ-ခဇ္ဇကေ (ခဲဖွယ်မုန့်သရေစာ)ဖလာဖလေ (သစ်သီးကြီးငယ်)ဥတ္တရိဘင်္ဂေ (လက်သုပ်)" ဟု ခြွင်းချက်ရှိသောကြောင့် ပြောင်းဖူး, ငှက်ပျောသီးစသည်ကို ကိုက်ဖြတ်၍ စားသော်လည်း အာပတ်မသင့်၊ ထိုခြွင်းချက်တွင် မပါဝင်သော သားငါးတို့ကိုကား သွားဖြင့်ကိုက်ဖြတ်၍ မစားအပ်-ဟု မှတ်သင့်၏၊ လက်စသည်ဖြင့် ဖြတ်ခြင်းကား ဤသိက္ခာပုဒ်နှင့်မဆိုင်။ ၂

---

## အဝဂဏ္ဍကာရက သိက္ခာပုဒ်

**ပါးစောင်၌ထား၍ စားခြင်း**

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုတ်ကို ပါးစောင်၌ထား၍ ပါးတစ်ဘက် မို့မောက်နေအောင် စားကြကုန်၏၊ ထိုသို့ စားခြင်းသည် မျောက်သတ္တဝါတို့ စားပုံနှင့် တူရကား အမြင်မကောင်းလှသဖြင့် လူတို့ကဲ့ရဲ့ကြသောကြောင့်....

"န အဝဂဏ္ဍကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ"။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ။"ပါးစောင်ကို အမြင်မကောင်းအောင် မို့မောက်စေ၍ မစားအံ့"ဟု အလေ့အကျင့်ကို ပြုရမည်၊ ["ဂဏ္ဍ=ပါးစောင်ကို+အဝ=ယုတ်ညံ့အောင်အမြင်မကောင်းအောင်-မို့မောက်နေအောင်+ကာရကံ-ပြု၍"ဟုသဒ္ဒါနက်မှတ်၊ ဆွမ်းသာမက ခဲဖွယ်ဟု ခေါ်သော မုန့်များကိုလည်း ထိုကဲ့သို့ မစားအပ်၊ သစ်သီးကြီးငယ်ကိုကား မို့မောက်အောင် စားသော်လည်း အပြစ်မရှိ။]

---

## ဟတ္ထနိဒ္ဓုနက သိက္ခာပုဒ်

**လက်ကိုခါ၍ စားခြင်း**

ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်၌ပေနေသော ဆွမ်း-ဟင်းများကို ကွာကျသွားအောင် လက်ကို ခါ၍ ခါ၍ စားကြကုန်၏၊ ထိုလက်ခါမှုလည်း အမြင်မတော်သဖြင့် လူတို့ကဲ့ရဲ့ကြသောကြောင့်....

"န ဟတ္ထနိဒ္ဓုနကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ"။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

ဖြန့်မာဖြန်။ ။"လက်ကို ခါ၍ ခါ၍ ဆွမ်း မစားအံ့"ဟု အလေ့အကျင့်ကို ပြုရမည်။ ဟတ္ထ-လက်ကို = လက်ချောင်းတို့ကို + ဓုနက-ခါ၍။ [လက်၌ ဆွမ်းဟင်းကပ်နေလျှင် လက်ချောင်းဖြင့်သာ ခြစ်၍, ဖယ်၍ ချရမည်၊ ဆွမ်း၌ အမှိုက် အရိုး ကျောက်ခဲစသည်ပါနေ၍ ပစ်ရာ၌ကား လက်ကိုခါရာ ရောက်သော်လည်း အာပတ်မသင့်။]

---

## သိတ္ထာဝကာရက သိက္ခာပုဒ်

ဆွမ်းလုံးကို ကြဲဖြန့်ခြင်း　ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းစားသောအခါ ဆွမ်းလုံးကို ဖြန့်ကြဲ၍ (ဟိုပစ်, သည်ပစ်နှင့် ပစ်စလက်ခတ်လုပ်၍) စားကြကုန်၏၊ ဆွမ်းတစ်လုံးဖြစ်ဖို့ အကြောင်းကို (နွားချေးချရ, လယ်ထွန်ရ စသည်ဖြင့် အလုပ်များစွာလုပ်မှ ဆွမ်းတစ်လုံး ဖြစ်နိုင်ပုံကို) နားလည်ကြသော လူတို့သည် ဆွမ်းလုံးကို ဖြန့်ကြဲ၍ ပစ်ကြပုံကို မကျေနပ်ကြသဖြင့် ကဲ့ရဲကြသောကြောင့်—

"န သိတ္ထာဝကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ"။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

ဖြန့်မာဖြန်။ ။"ဆွမ်းလုံးတို့ကို ဖြန့်ကြဲ၍ ဖြန့်ကြဲ၍ မစားအံ့"ဟု အလေ့အကျင့်ကို ပြုရမည်၊ ["သိတ္ထ—ဆွမ်းလုံးတို့ကို + အဝကာရက—ယုတ်ညံ့စွာပြု၍=ကြဲဖြန့်၍။ ဤသိက္ခာပုဒ်၌လည်း အမှိုက်, အရိုး, ကျောက်ခဲစသည်ကို စွန့်ပစ်ရင်း ဆွမ်းလုံးပါသွား၍ ဖြန့်ကြဲရာရောက်သော်လည်း အာပတ်မသင့်။]

---

## ဇိဝှါနိစ္ဆာရက သိက္ခာပုဒ်

လျှာထုတ်ခြင်း　ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းစားသောအခါ လျှာထုတ်၍ ထိုလျှာပေါ်၌ ဆွမ်းလုပ်ကိုတင်ပြီးမှ အတွင်းသို့ ကော်ယူကြကုန်၏၊ ထိုအပြုအမူလည်း ယဉ်ကျေးသူတို့၏ အပြုအမူ မဟုတ်ရကား လူတို့ ကဲ့ရဲ့ကြသောကြောင့်—

**"န ဇိဝှနိစ္ဆာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ"။**

ဟု ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ။"လျှာကို ထုတ်၍ ထုတ်၍ မစားအံ့"ဟု အလေ့အကျင့်ကို ပြုရမည်။ (ဇိဝှာ—လျှာ + နိစ္ဆာရကံ—ထုတ်၍။)

---

## စပုစပု ကာရက သိက္ခာပုဒ်

**ပျတ်ပျတ်အသံ ပြုခြင်း** ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် စပ်စပ် ( ပျတ်ပျတ် ) အသံပြု၍ ဆွမ်းစားကြကုန်၏၊ ထိုသို့ အသံမြည်စေခြင်းသည်လည်း ယဉ်ကျေးသူတို့၏ အပြုအမူ မဟုတ်ရကား လူတို့ကဲ့ရဲ့ကြသောကြောင့်—

**"န စပုစပုကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ"။**

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ။"စပ်စပ် (ပျတ်ပျတ်) မြည်အောင် မစားအံ့" ဟု အလေ့အကျင့်ကို ပြုရမည်။ (စပုစပု—စပ်စပ်=ပျတ်ပျတ် + ကာရကံ—ပြု၍။)

ကဗဠဝဂ် ပြီး၏။

---

# သုရုသုရုဝဂ်

## ဆွမ်းစားမှုနှင့်ဆိုင်သော သိက္ခာပုဒ်များ

### သုရုသုရုသိက္ခာပုဒ်

[ဤသိက္ခာပုဒ်ကား ကောသမ္ဗီမြို့၊ ဃောသိတာရုံကျောင်းတိုက်၌ ပညတ်အပ်သောသိက္ခာပုဒ်တည်း။]

**ရှူးရှူး မြည်စေခြင်း** ဗြာဟ္မဏ (ဗြာဟ္မဏ် = ပုဏ္ဏား) တစ်ယောက်သည် သံဃာတော်များအတွက် နွားနို့ကိုစီစဉ်ထား၏၊ ရဟန်းတို့သည် နွားနို့ကို "ရှူးရှူး"အသံမြည်အောင် သောက်ကြ၏၊ ဇာတ်လူပြက်ဘဝမှ ရဟန်းပြုလာသော ကိုယ်တော်က "သဗ္ဗောယံ မညေ သံဃော သီတီကတော=ဤသံဃာအားလုံးကို အအေးနှိပ်စက်ထားဟန်တူတယ်၊ (ချမ်းလွန်းလို့ ရှူးရှူးလုပ်နေဟန်တူတယ်)"ဟု ပြက်ရယ်ပြုလေသည်၊ ထိုအခါအလှောင်ခံရသောရဟန်းများက "လှောင်ရ ပြောင်ရကောင်းလား" ဟု ကဲ့ရဲ့ကြပြီးလျှင် ဘုရားရှင်အားလျှောက်ကြလေရာ—"န ဘိက္ခဝေ ဗုဒ္ဓံဝါ ဓမ္မံဝါ သံဃံဝါ အာရဗ္ဘ ဒဝေါ ကာတဗ္ဗော၊ ယော ကရေယျ၊ အာပတ္တိ ဒုက္ကဋဿ=ဘုရား တရား သံဃာနှင့်စပ်၍ ပြက်ရယ်မပြုရ, ပြုလျှင် ဒုက္ကဋ် အာပတ်"ဟု သိက္ခာပုဒ် ပညတ်တော်မူရလေသည်။ [ဤကား သေခိယ မဟုတ်သေး၊ ကြွင်းသိက္ခာပုဒ်တော်တစ်မျိုးသာ ဖြစ်သည်။] ထို့နောက် "ရှူးရှူး"ဟု အသံမြည်အောင် နွားနို့သောက်မှုလည်း လူကြီးသူမတို့အပြု အမူမဟုတ်ရကား—

"န သုရုသုရုကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ"။

ဟု ဤသေခိယသိက္ခာပုဒ်တော်ကိုလည်း ပညတ်တော်မူရပြန်သည်။

မြန်မာပြန်။ ။"ရှူးရှူးရှူးရှူးဟု အသံပြု၍ မစားမသောက်အံ့"ဟု အလေ့အကျင့်ကိုပြုရမည်၊ [ဤသိက္ခာပုဒ်တော်အရ ဆွမ်းစားရင်း ငရုတ်သီးစပ်သလို "ရှူးရှူး"ဟု အသံမမြည်စေရ၊ ဟင်းရည် နွားနို့ စသော သောက်ဖွယ်ကို သောက်သောအခါလည်း "ရှူးရှူးရှူးရှူး"ဟု အသံမမြည်စေရ၊ ဇွန်း-သောက်ခွက်တို့ကို နှုတ်ခမ်းနားဥ္စတွေ့ပြီးမှ အနည်းငယ်မြှော်၍ ကော်၍ သောက်ရသည်။]

## ဟတ္ထ, ပတ္တ, သိတ္ထ
## နိလ္လေဟကသိက္ခာပုဒ် ၃ ပါး

**လက်ကိုလျက်ခြင်း** ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းစားသောအခါ လက်ကို လျှာဖြင့် လျက်၍လျက်၍စားကြကုန်၏၊ သပိတ်ကိုလည်း လက်ဖြင့် ခြစ်၍ခြစ်၍စားကြကုန်၏၊ နှုတ်ခမ်းကိုလည်း လျှာဖြင့် လျက်၍လျက်၍ စားကြကုန်၏၊ ထိုအပြုအမူ အားလုံးပင် လူကြီးသူမတို့၏ အပြုအမူမဟုတ် ရကား လူတို့ကဲ့ရဲ့ကြသောကြောင့်—

**''န ဟတ္ထ နိလ္လေဟကံ....၊န ပတ္တနိလ္လေဟကံ ၊ နကံ သိတ္ထနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ''**။

ဟု ဤသိက္ခာပုဒ် ၃-ပါးကိုပညတ်တော်မူရလေသည်။

**မြန်မာပြန်။** ။''လက်ကိုလျက်၍ သပိတ်ကိုခြစ်၍....နှုတ်ခမ်းကိုလျက်၍ မစားအံ့''ဟု အလေ့အကျင့်ကိုပြုရမည်။

ဤသိက္ခာပုဒ်များအရ ကပ်နေသော ဆွမ်းစ ဟင်းစကို နှမြောသော အနေဖြင့် လက်ဝါးကိုဖြစ်စေ လက်ချောင်းကိုဖြစ်စေ လျှာဖြင့် မလျက်ရ၊ လက်ချောင်းဖြင့် တို့၍ ကော်၍ စားရသော နို့ဃနာ သကာရည်စသည်ကို စားရာ၌ကား လက်ကိုလျက်သော်လည်း အာပတ်မသင့် ဟု အဋ္ဌကထာ ဆို၏၊ထိုသို့ ကော်ယူ၍စားရာ၌ လက်ချောင်းသည် ခံတွင်းထဲသို့ရောက်သွား၏၊ ထိုသို့ရောက်သွားသော်လည်း ''သဗ္ဗဟတ္ထ မုခေပက္ခိပန''သိက္ခာပုဒ်ဖြင့် အာပတ် မသင့်ဟု ဝိမတိဋီကာဆိုသည်။ [ဝိမတိ၌''ယာဂုပြစ်''စသည်ကို စားရာဝယ် သပိတ်ကို လက်ဖြင့်ခြစ်ကောင်း, နှုတ်ခမ်းကို လျှာဖြင့် လျက်ကောင်း၏''ဟု ဆိုထားသေးသည်ကို စဉ်းစားသင့်၏။]

---

## ပါနီယထာလကသိက္ခာပုဒ်

[ဘဂ္ဂတိုင်း၊ သုံသုမာရဂိရိမြို့၌ ပညတ်တော်မူသည်]

**ပေသောလက်ဖြင့် သောက်ရေခွက်ကို ကိုင်မှု** ရဟန်းတို့သည် ကောကနဒပြာသာဒ်ဝယ် ဆွမ်းဘုဉ်း ပေးကြပြီးနောက် ဆွမ်းစသည်ပေနေသော လက်ဖြင့် ရေသောက်ခွက်ကို ကိုင်ကြကုန်၏၊ (ထိုသို့ ကိုင်ခြင်း ကြောင့် နောက်ပုဂ္ဂိုလ်များ ထိုခွက်ဖြင့် ရေမသောက် ချင်စရာဖြစ်သွား၏၊) ထို့ကြောင့် လူတို့ကဲ့ရဲ့ရကား—

“န သာမိသေန ဟတ္ထေန ပါနီယထာလကံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ”။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ။ဆွမ်း-ဟင်းများကို“အာမိသ”ဟု ခေါ်၏၊ “ထိုအာမိသ ပေနေသော လက်ဖြင့် သောက်ရေခွက်ကို မကိုင်အံ့”ဟု အလေ့အကျင့်ကို ပြုရမည်၊

ဤ သိက္ခာပုဒ်တော် အရ ဆွမ်းစားပြီးလျှင် မပေသော ဘယ်လက်ဖြင့် သောက်ရေခွက်ကို ကိုင်လေ့ ပြုကြသည်၊ ‘သောက်ရေခွက်ကိုသာ မကိုင်ရ” ဟု ပညတ်သောကြောင့် ဆေးရေခွက်ကိုကား ကိုင်ကောင်း၏-ဟု မှတ်၊ သောက်ရေခွက်ကိုလည်း “ကိုင်ပြီးနောက်, ဆေးမည်, သို့မဟုတ် အဆေးခိုင်းမည်”ဟု ရည်ရွယ်၍ ကိုင်လျှင် အာပတ်မသင့်။

## သသိတ္ထက သိက္ခာပုဒ်

**ဆွမ်းလုံးနှင့် ဆေးရေကို မြို့ရွာတွင်း၌ သွန်မှု** ရဟန်းတို့သည် ထိုကောကနဒပြာသာဒ်၌ပင် ဆွမ်းစားပြီးနောက် ဆွမ်းလုံးနှင့် တကွသော သပိတ်ဆေးရေကို မြို့ရွာတွင်း၌ သွန်ပစ်ကြကုန်၏၊ (ထိုသို့ သွန်ပစ်ခြင်းကြောင့် သွန်ရာဌာနသည် စက်ဆုပ်စရာ ဖြစ်နေ၏၊ တစ်နည်းအားဖြင့် လူတို့သည် အသက်သခင်ဖြစ်သော ဆွမ်းလုံးကို မနင်းလိုကြ၊) ထို့ကြောင့် လူတို့ ကဲ့ရဲ့ရကား—

“န သသိတ္ထကံ ပတ္တဓောဝနံ အန္တရဃရေ ဆဍ္ဍေဿာမီတိ သိက္ခာ ကရဏီယာ”။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ။“ဆွမ်းလုံးနှင့်တကွဖြစ်သော (ဆွမ်းလုံးပါသော(သပိတ် (စားခွက်)ဆေးရေကို မြို့ရွာအတွင်း၌ မသွန်အံ့”ဟု အလေ့အကျင့်ကို ပြုရမည်၊ [ဆွမ်းလုံးတို့ကို သီးခြား ဆယ်ထုတ်ပြီးမှ ရေချည်းသွန်လျှင် လည်းကောင်း,ဆွမ်းလုံးများကို အသုံးပျက်အောင် ချေပြီးမှ သွန်လျှင် လည်းကောင်း, ရွာတွင်းဖြစ်စေကာမူ လက်ဆေးခံ စသည်၌ ဆွမ်းလုံး

ပါသော ရေကိုသွန်လျှင် လည်းကောင်း အာပတ်မသင့်၊ မြို့ ရွာပြင် ဘက်သို့ ယူခဲ့ပြီးမှ သွန်ရာ၌လည်း အနာပတ္တိပင်။]

## ဤတွင် ဆွမ်းစားမှုနှင့် ဆိုင်သော သိက္ခာပုဒ်များ ပြီး၏။

---

## တရားဟောမှုနှင့်ဆိုင်သော သိက္ခာပုဒ်များ

### ၁။ ဆတ္တပါဏိသိက္ခာပုဒ်

**လက်၌ ထီးရှိသူအား တရားဟောမှု** ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်၌ ထီးရှိသူ(ထီးကိုင်ထားသူ, ထီးဆောင်းနေသူ)အား တရားဟောကြကုန်၏၊(တရားဟောမှု ဟူသည် မြင့်မြတ်သော အလုပ်ဖြစ်ရကား— ဟောသူက အထက်တန်းကျမှသာ သင့်လျော်မည်၊ ယခုသော် ထီးဆောင်း၍ ဟန်ကြီး ပန်ကြီး လုပ်သူအား ဟောသဖြင့် ဟောသူက အောက်ကျ သကဲ့သို့ ဖြစ်၏၊ ထို့ကြောင့်) ရဟန်းတော်များ ကိုယ်တိုင်ကပင် ထို ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို ကဲ့ရဲ့၍ ဘုရားရှင်အား လျှောက်ထားကြသောကြောင့် "ထီးလက်စွဲသူအား တရား မဟောရ" ဟု ပထမ ပညတ်တော်မူပြီးလျှင်, ဂိလာနတို့အားလည်း ထီးကိုင်ထားလျှင် တရားမဟောဘဲ နေကြသောကြောင့် လူတို့ကဲ့ရဲ့ရကား—

"န **ဆတ္တ**ပါဏိဿ အဂိလာနဿ ဓမ္မံ **ဒေသေဿာ**မီတိ သိက္ခာ **က**ရဏီယာ"။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ။"ဂိလာနမဟုတ်သော (ကျန်းကျန်းမာမာရှိသော) ပုဂ္ဂိုလ်အား လက်၌ထီးကိုင်ထားလျှင် တရားမဟောအံ့"ဟု အလေ့အကျင့်ကို ပြုရမည်၊ [ဂိလာန ဖြစ်နေလျှင် (မိုးမိမှာစိုး၍ ထီးဆောင်း ထားစေကာမူ) တရားဟော ကောင်း၏။]

---

## (၂) ဒဏ္ဍ, (၃) သတ္ထ, (၄) အာဝုဓပါဏိ သိက္ခာပုဒ်များ

**တုတ်, ဓားစသော လက်နက်, လေး** ၄–တောင်ရှိသော တုတ်ကိုသာ "ဒဏ္ဍ" ဟု ခေါ်၏၊ ဓား,သန်လျက်စသောလက်နက်ကို"သတ္ထ"ဟု ခေါ်၏၊ လေးမြားကို "အာဝုဓ"ဟု ခေါ်၏၊ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် လက်၌ တုတ်စသည် ရှိသူတို့အား တရား ဟောကြ သောကြောင့်

ရဟန်းတို့ကကဲ့ရဲ့ကြသဖြင့် ''မဟောရ''ဟု ဝါးမြစ်တော်မူပြီးလျှင် ဂိလာန ဖြစ်သူတို့အား မဟောကြသောအခါ လူတို့က ကဲ့ရဲ့ကြပြန်သောကြောင့်-

''န ဒဏ္ဍပါဏိဿ ။ န သတ္ထပါဏိဿ ။ န အာဝုဓပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိ သိက္ခာ ကရဏီယာ''။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ။''ဂိလာန မဟုတ်ဘဲ လက်၌တုတ်(တောင်ဝှေး) ကိုင်ထားသူ၊ ဓားစသော လက်နက်တစ်စုံတရာ ကိုင်ထားသူ၊ လေးမြားကိုင်ထားသူအား တရားမဟောအံ့''ဟု အလေ့အကျင့်ကိုပြုရမည်၊ [ဂိလာနဖြစ်နေလျှင်ကား ထိုပုဂ္ဂိုလ်များအား တရားဟောကောင်း၏။]

သုရုသုရုဝဂ် ပြီး၏။

---

# ပါဒုကာဝဂ်

## ပါဒုကာရှင်စသော သိက္ခာပုဒ် ၈-ပါး

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဂိလာနမဟုတ်သော-

၁။ ခြေနင်း(ခုံဖိနပ်) စီးထားသူအား တရားဟောကြကုန်၏။

၆။ အခြားဖိနပ် တစ်မျိုးမျိုး စီးထားသူအား တရားဟောကြကုန်၏။

၇။ လှည်း ရထားစသော ယာဉ်ပေါ်၌ နေသူအား တရားဟောကြကုန်၏။

၈။ အိပ်ရာပေါ်၌ နေသူအား တရားဟောကြကုန်၏။

၉။ ဒူးထောင်၍ လက်အဝတ်တို့ဖြင့် ပတ်ပွေ့ထိုင်နေသူအား တရားဟောကြကုန်၏။

၁၀။ ခေါင်းပေါင်းကြီး ကုလားများ ပေါင်းသကဲ့သို့ ဦးခေါင်းကို ဆံစမပေါ်အောင် ရစ်ပတ်ပေါင်းထားသူအား တရားဟောကြကုန်၏။

၁၁။ ခေါင်းမြီးခြုံထားသူအား တရားဟောကြကုန်၏။

၁၂။ တရားဟောသူက အခင်းမပါ မြေပေါ်မှာထိုင်လျက် အခင်းပေါ် ခုံပေါ်၌ ထိုင်နေသူအား တရားဟောကြကုန်၏။

ထိုသို့ တရားဟောကြရာ၌ကား (လူတို့က မကဲ့ရဲ့ရဘဲ) ရဟန်းတော်များ ကိုယ်တိုင်ကပင် အောက်ကျ နောက်ကျ ရှိလှသော ထိုအပြုအမူကို ကဲ့ရဲ့၍

ဘုရားရှင်အား တိုင်တန်းလျှောက်ထားလေရာ ဘုရားရှင်လည်း မျှားစွာအပြစ်တင်တော်မူပြီးလျှင်-

''နပါဒုကာရူဠ္ဟဿ ။ န ဥပါဟနာရူဠ္ဟဿ....။ နယာနဂတဿ....။ နသယနဂတဿ....။ နပလ္လတ္ထိကာယ နိသိန္နဿ....။ န ဝေဌိတသီသဿ...။ န ဩဂုဏ္ဌိတသီသဿ....။ န ဆမာယံ နိသီဒိတွာ အာသနေ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ''။

ဟု ဤ ၈-ပါးသော သိက္ခာပုဒ်များကို ပညတ်တော် မူရလေသည်။

မြန်မာပြန်။ ။ဂိလာန မဟုတ်ဘဲ ခုံဖိနပ်စီးထားသူ၊ အခြား ဖိနပ်အမျိုးမျိုးစီးထားသူ၊ ယာဉ်၌တက်စီးနေသူ၊ အိပ်ရာပေါ်၌ လျောက်နေသူ၊ လက်အဝတ်တို့ဖြင့် ဒူးကိုပတ်ဖွဲ့နေသူ၊ ဦးခေါင်းကို ခေါင်းပေါင်းကြီး ရစ်ပေါင်းထားသူ၊ ခေါင်းမြီးခြုံထားသူ၊ မြေပေါ်၌ နေလျက် နေရာထိုင်ခုံပေါ်၌ နေသူအား တရားမဟောအံ့''ဟု အလေ့အကျင့်ကို ပြုရမည်။

## ၁၃။ နီစေအာသနသိက္ခာပုဒ်

**အမြင့်၌နေသူအား တရားဟောမှု** ဆဗ္ဗဂ္ဂီရဟန်းတို့သည် မိမိတို့က နိမ့်သောနေရာ၌ ထိုင်၍ မြင့်သောနေရာ၌ နေသူအား တရားဟောကြကုန်၏၊ ထိုသို့နေထိုင်ပုံကို မကျေနပ်သော ရဟန်းတော်တို့သည် ထိုဆဗ္ဗဂ္ဂီရဟန်းတို့ကို ကဲ့ရဲ့ရှုတ်ချ၍ ဘုရားရှင်အား တိုင်တန်း လျှောက်ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရား သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို မျှားစွာ အပြစ်တင်တော်မူပြီးလျှင် ရှေးတုန်းက ဖြစ်ခဲ့ဖူးသော အကြောင်း ဝတ္ထုတစ်ခုကို ဟောပြတော်မူလေသည်။

**သရက်သီးခိုးစဉ်က ဖြစ်ခဲ့ပုံ** ရှေးသော အခါက ဒွန်းစဏ္ဍားတစ်ယောက်သည် သရက်သီးပေါ်ချိန် မဟုတ်သော အခါဝယ် ကိုယ်ဝန်အရင့်အမာဖြင့် လွန်စွာသရက်သီး စားလိုသော ချင်ခြင်း အာသာကြောင့် မစားရလျှင် သေရမလောက်ဖြစ်နေသော မယား အတွက် သရက်သီးရှာထွက်ရလေသည်၊ ထိုအချိန်၌ ရှင်ဘုရင်၏ သရက်ပင်တစ်ပင်သည် အမြဲ အသီး-သီးလေ့ရှိ၏၊ ထိုဒွန်းစဏ္ဍားသည် အခြားနေရာ၌ရှာမရသောကြောင့် ညဉ့်အခါဝယ် ထိုဘုရင့်သရက်ပင်ပေါ်တက်၍ ဟိုရှာသည်ရှာ ရှာနေတုန်းမှာပင် မိုးလင်းသဖြင့် မဆင်းသာဘဲ အပင်ပေါ်မှာ ပုန်းနေရလေသည်။

ထိုအချိန်မှာပင် ရှင်ဘုရင်နှင့်ပုရောဟိတ်ပုဏ္ဏားလည်း သရက်ပင်အောက်သို့ ရောက်လာ၍ နိမ့်သောနေရာ၌ ထိုင်နေသော ဆရာပုရောဟိတ်က မြင့်သော နေရာ၌ထိုင်နေသောရှင်ဘုရင်အား မန္တာန်ချပေးလေသည်၊ ထိုအခြင်းအရာကို မြင်နေရသော သရက်သီးသူခိုးမှာ အောက်ပါအတိုင်း စဉ်းစားမိလေသည်။

(၁) အမြင့်ပေါ်ကနေ၍ မန္တာန်ကိုသင်ယူသောမင်းလည်း သိပ်မတရား သောမင်းတည်း၊ (၂) နိမ့်သောနေရာမှာနေ၍ မန္တာန်ပို့ချပေးသော ဆရာ ပုဏ္ဏားလည်းသိပ်မတရားသူပင်တည်း၊ (၃) မယားအတွက်သရက်သီးခိုးသော ငါလည်း အလွန်မတရားသူပင်ဖြစ်၏၊ ၃-ယောက်လုံး၏ အလုပ်ဟာ ယုတ်မာ ဆိုးရွားလှ၏၊ ဤသို့စဉ်းစားမိ၍ (ငါ့သဿေ, သူတို့သဿေ သဘောဖြင့်) သရက်ပင်ပေါ်မှခုန်ချ၍ မင်းပုဏ္ဏား ၂-ဦးသားကိုပင် တရားကို မသိမမြင် ကြကြောင်းဖြင့် ပြစ်တင်ကဲ့ရဲ့လေသည်၊ ထိုဝတ္ထု၌ ဒွန်းစဏ္ဍား ဆိုသူကား ငါတို့ဘုရားအလောင်းပင်တည်း။ [စတုက္ကနိပါတ်,ဆဝဇာတ်။]

ဤဝတ္ထုကို ဟောတော်မူပြီးလျှင် "ဘိက္ခုတို့ ...ထိုဒွန်းစဏ္ဍား ဖြစ်စဉ်တုန်း ကပင် နိမ့်သောနေရာ၌နေ၍ မန္တာန်ပို့ချမှုကို မနှစ်သက်ခဲ့သေး၏၊ ယခုဘုရား ဖြစ်သောအခါ၌ကား အဘယ်မှာ နှစ်သက်နိုင်ပါမည်နည်း"ဟု မိန့်တော် မူကာ—

"**န နီစေ အာသနေ နိသီဒိတွာ ဥစ္စေ အာသနေ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာကရဏီယာ**"။

ဟု ဤသိက္ခာပုဒ်ကိုပညတ်တော်မူရလေသည်၊

မြန်မာပြန်။　။"နိမ့်သောနေရာပေါ်၌နေ၍ မြင့်သော(ကောင်းသော) နေရာပေါ်၌နေသော ဂိလာနမဟုတ်သူအား တရားမဟောအံ့"ဟု အလေ့အကျင့်ကိုပြုရမည်။

---

## (၁၄) ဌိတနိသိန္န (၁၅) ပစ္ဆတောဂစ္ဆန္တိ (၁၆) ဥပ္ပထေနဂစ္ဆန္တိသိက္ခာပုဒ်များ

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဂိလာနမဟုတ်သော—

၁၄။ ထိုင်နေသူအား မိမိတို့က မတ်မတ်ရပ်လျက် တရားဟောကြကုန်၏၊ [ထိုင်ခြင်းနှင့်ရပ်ခြင်းတွင် ရပ်ခြင်းကအောက်တန်းကျ၏၊ထို့ကြောင့် အကဲ့ရဲ့ခံရ၏။]

၁၅။ ရှေ့ကသွားသူအား မိမိတို့က နောက်မှလိုက်လျက် တရားဟောကြကုန်၏။

၁၆။ လမ်း၌သွားနေသူအား မိမိတို့က လမ်းဘေးမှသွားလျက် တရားဟောကြကုန်၏။

ထိုအပြုအမူကို အခြားရဟန်းများကမနှစ်သက်ကြသဖြင့် ကဲ့ရဲ့ကြပြီးလျှင် ဘုရားရှင်အား တိုင်တန်းလျှောက်ထားကြသောကြောင့် တားမြစ်တော်မူပြီးနောက် ဂိလာနဖြစ်နေလျှင် ဟောခွင့်ပြုတော်မူကာ—

"န ပစ္ဆတော ဂစ္ဆန္တေန ပုရတော ဂစ္ဆန္တဿ အဂိလာနဿ ။ န ဥပ္ပထေန ဂစ္ဆန္တေန ပထေန ဂစ္ဆန္တဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ"။ [*note: first line reading "န ဋ္ဌိတော..." uncertain*]

ဟူ၍သိက္ခာပုဒ် ၃-ပါးကို ပညတ်တော်မူရလေသည်။

မြန်မာပြန်။ ။"မိမိကရပ်လျက် ထိုင်နေသော ဂိလာနမဟုတ်သူအား ... မိမိက နောက်မှလိုက်လျက် ရှေ့ကသွားသော ဂိလာနမဟုတ်သူအား.... မိမိက လမ်းမဟုတ်သော လမ်းဘေးမှလိုက်လျက် လမ်းကသွားနေသော ဂိလာနမဟုတ်သူအား တရားမဟောအံ့"ဟု အလေ့အကျင့်ကို ပြုရမည်။ ["တရား"ဟုလာသမျှ၌ ပါဠိတော်အဋ္ဌကထာဘုရားကိုသာ ဆိုလိုသည်၊ မြန်မာဘာသာစသည်ဖြင့်ပြောလျှင် အာပတ်မသင့်။]

## ဤတွင်တရားဟောမှုနှင့်ဆိုင်သော သိက္ခာပုဒ်များပြီး၏။

---

## ဋ္ဌိတောဥစ္စာရသိက္ခာပုဒ်

ရပ်၍ကျင်ကြီး ကျင်ငယ်စွန့်မှု — ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရပ်လျက် ကျင်ကြီး ကျင်ငယ်စွန့်ကြကုန်၏၊ ထိုသို့စွန့်မှုသည် လူကြီးသူမတို့၏ အပြုအမူ မဟုတ်ရကား လူတို့ ကဲ့ရဲ့ကြသောကြောင့် "ရပ်လျက် ကျင်ကြီး ကျင်ငယ် မစွန့်ရ"ဟု-တားမြစ်တော်မူပြီးနောက် မထိုင်နိုင်သော ဂိလာနတို့အတွက် ခြွင်းချက်ပြုကာ—

''န ဌိတော အင်္ဂလာနော ဥစ္စာရံဝါ ပဿာဝံဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ''။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်။** ။''ငါသည် ဂိလာနမဟုတ်ဘဲ ရပ်လျက် ကျင်ကြီး, ကျင်ငယ် မစွန့်အံ့'' ဟု အလေ့အကျင့်ကို ပြုရမည်။

## ဟရိတေ ဥစ္စာရ သိက္ခာပုဒ်

**မြက်သစ်ပင်ပေါ်၌ ကျင်ကြီး ကျင်ငယ်နှင့် တံတွေး စွန့်မှု** ။ ။ သာဝတ္ထိရဟန်းတို့သည် စိမ်းစိုသော(ခြောက်၍သေနေသည် မဟုတ်သော)မြက်သစ်ပင်ပေါ်၌ ကျင်ကြီး, ကျင်ငယ်နှင့် တံတွေးကို စွန့်ကြ,ထွေးကြ ကုန်၏၊ လူတို့ကား စိမ်းနေသော မြက်သစ်ပင်များကို အသက်ရှိ(အရှင်)ဟု မှတ်ထင်ကြကုန်၏၊ ထို့ကြောင့် ထိုစွန့်မှု,ထွေးမှုကို ကဲ့ရဲ့ကြသဖြင့် ''မစွန့် မထွေးရ''ဟု တားမြစ်တော်မူပြီးနောက် ဂိလာနဖြစ်၍ မြက်သစ်ပင် မရှိသော အရပ်သို့ မသွားနိုင်သော ဂိလာနများအတွက် ခြွင်းချက်ပြုကာ—

''န ဟရိတေ အဂိလာနော ဥစ္စာရံဝါ ပဿာဝံဝါ ခေဠံဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ''။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**မြန်မာပြန်။** ။''ငါသည် ဂိလာနမဟုတ်လျှင် စိမ်းစိုသော မြက်သစ်ပင် ပေါ်၌ ကျင်ကြီး,ကျင်ငယ် တံတွေး(နှပ်)တို့ကို မစွန့်အံ့'' ဟု အလေ့ အကျင့်ကို ပြုရမည်။

**မှတ်ချက်။** ။မြက်သစ်ပင်တို့မှ ဖြာထွက်လာသော သစ်ကိုင်း, မြေပေါ်၌ ပေါ် နေသော သစ်မြစ်တို့အပေါ်၌လည်း မစွန့်ကောင်း၊ မြက်ခင်းပေါ် ၌နေစဉ် လွတ်လပ်သော မြေကွက်ကို မရှာနိုင်မူ သစ်ရွက်ခြောက် စသည့် အပေါ်၌ စွန့်ချရမည်၊ ထိုသစ်ရွက်ခြောက်မှ တစ်ဆင့် စီးသွား၍ မြက်ပေါ်၌ကျသော်လည်း အာပတ်မသင့်၊ မြက်သစ်ပင် မရှိသော နေရာကို ရှာနေစဉ် မချုပ်တည်းနိုင်၍ ထွက်သွားရာ၌ (ဂိလာန သဘော ရောက်နေသောကြောင့်) အာပတ် မသင့်၊ ဤ သိက္ခာပုဒ်နှင့် နောက် သိက္ခာပုဒ်၌ ငေ့ဖြင့် နှပ်ပါ ယူရမည်၊ ပါးစပ်ဖြင့် ငုံထားသော ရေနှင့် ကြိတ် အရိုး စသည် ကိုကား မြက်သစ်ပင်ပေါ်၌ ထွေးကောင်း၏။

## ဥဒကေ ဥစ္စာရ သိက္ခာပုဒ်

ရေကောင်း၌ ကျင်ကြီး စသည်စွန့်မှု ဆဗ္ဗဂ္ဂီရဟန်းတို့သည် သောက်ကောင်း၊ သုံးကောင်းသော ရေ၌ ကျင်ကြီး၊ ကျင်ငယ်၊ နှပ်၊ တံတွေးတို့ကို စွန့်ကြ-ထွေးကြကုန်၏၊ ထို အပြုအမူကို လူတို့ ကဲ့ရဲ့ရာမှ ရဟန်းတော်များ တစ်ဆင့်ကြား၍ ကဲ့ရဲ့ရှုတ်ချပြီးလျှင် ဘုရားရှင်အား တိုင်တန်းလျှောက်ထားကြ သောကြောင့်၊ "မစွန့် မထွေးရ" ဟု တားမြစ်တော်မူပြီးနောက် ဂိလာနတို့အတွက် ခြွင်းချက်ပြုတော်မူကာ -

"န ဥဒကေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ"။

ဟု ဤသိက္ခာပုဒ်ကို ပညတ်တော် မူရလေသည်။

မြန်မာပြန်။ ။"ငါသည် သုံးကောင်းသောရေ၌ ဂိလာန မဟုတ်လျှင် ကျင်ကြီး၊ ကျင်ငယ်၊ နှပ်၊ တံတွေးကို မစွန့် မထွေးအံ့" ဟု အလေ့အကျင့်ကို ပြုရမည်။

ပှတ်ချက်။ ။ကုန်းတွင်း၌ ဝင်နေသောရေ၊ သမုဒ္ဒရာ၌ ဆားငံရေများသည် သုံးကောင်းသော ရေမဟုတ်၊ မြစ်ထဲ၌ လှေ၊ သင်္ဘော စီးသွားစဉ် လည်းကောင်း၊ မိုးအားကြီး၍ရေပြင်ကြီးဖြစ်နေစဉ် လည်းကောင်း ဥစ္စာရ စသည်ပြုဖို့ ရေလွတ်သော အရပ်ကို မရနိုင်လျှင်....''တော ဒိသေ ကာလေ-ဤကဲ့သို့သော ကာလ၌၊ အနုဒကဋ္ဌာနံ ရေမရှိသောအရပ်ကို၊ အလဘန္တေန-မရနိုင်သူသည်၊ ကာတုံ-ရေထဲ၌ စွန့်ချခြင်းငှာ၊ ဝဋ္ဋတိ-အပ်၏''ဟု အဋ္ဌကထာ မိန့်သည်။

သေခိယအခန်း ပြီး၏။

# ဘိက္ခုပါတိမောက်လာ သိက္ခာပုဒ်တော်များ ပြီးပြီ။

# ဘိက္ခုနီ ဖြစ်ပေါ်လာပုံ

**မလွယ်ကူပုံ** ဘုရားပွင့်တော်မူပြီးစ ပထမအချိန်ကပင် ပဉ္စဝဂ္ဂီငါးပါးကို အစထား၍ သာသနာ့ဝန်ထမ်း ရဟန်းယောကျ်ား ဖြစ်ကြသော ဘိက္ခုတို့သည် အလွယ်တကူ ဖြစ်ခွင့် ရခဲ့ကြသော်လည်း မိန်းမသား ဖြစ်သော ဘိက္ခုနီတို့မှာ အလွယ်တကူ ဖြစ်ခွင့်မရကြ၊ မိထွေးတော် ဂေါတမီ ကိုယ်တိုင်ပင် ဘိက္ခုနီ ပြုလုပ်ရဖို့အကြောင်း ခဲယဉ်းစွာ တောင်းပန်ခဲ့ရလေသည်။

**မိထွေးတော် ဂေါတမီ** မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် တပေါင်းလ လောက်မှာပင် ကပိလဝတ် နေပြည်တော်သို့ ပထမဆုံး ကြွတော်မူ၍ နိဂြောဓာရုံကျောင်းတိုက်၌ရဟန္တာ ၂-သောင်းနှင့် အတူ သီတင်းသုံးတော်မူ၏၊ ထို အချိန်တုန်းကပင် မယ်တော် မာယာ၏ ညီမတော် အရင်းဖြစ်သော မိထွေးတော် ဂေါတမီသည် ဘုရား အထံတော်၌ ဘိက္ခုနီ (ရဟန်းမ) ပြုလိုပါကြောင်း ခွင့်တောင်းလေသည်၊ သို့သော် ဗုဒ္ဓမြတ်စွာသည်(“နောက်နောင်အခါဖြစ်လာကြမည့် ဘိက္ခုနီတို့က အလွယ်တကူ ခွင့်ပြုထားသော ရဟန်းအဖြစ်ကို မလေးစားဘဲ ရှိကြလိမ့်မည်”ဟု) မြော်မြင်တော်မူသောကြောင့် မိထွေးတော်၏ ခွင့်တောင်းမှုကို ခွင့်ပြုတော်မမူသဖြင့် မိထွေးတော်သည် အလွန် ဝမ်းနည်းစွာ ငိုယိုကာဖြင့် ပြန်သွားရှာလေသည်။

**နောက်တစ်ကြိမ် ကြိုးစားခြင်း** မြတ်စွာဘုရားသည် ဝေသာလီမြို့၌ သီတင်းသုံးတော်မူသောအခါ နောက်တစ်ကြိမ်လာ၍ ခွင့်တောင်းပြန်၏၊ ထို အချိန်၌ကား တစ်ယောက်တည်း မဟုတ်တော့၊ ခင်ပွန်းသည် မင်းသားတို့ ရဟန်းပြုသွားရုံမက, ရဟန္တာလည်း ဖြစ်နှင့်ကြသဖြင့် လူ့ဘဝ၌ မျှော်လင့်ချက် ကင်းမဲ့နေကြသော သာကီဝင်မင်းသမီး ငါးရာနှင့်အတူလာ၍ တောင်းပန်ခြင်းဖြစ်သည်၊ သူတို့အားလုံး ကပိလဝတ် နေပြည်တော်တုန်းကပင် ဘုရားကို ရည်မှန်း၍ (ဘုရား၏ တပည့်အနေမျိုးဖြင့်) ရဟန်းပြုခဲ့ကြ၏၊ သူတို့ အားလုံး နေပြည်တော်မှ ထွက်သွားကြောင်းကို ကြားသောအခါ (သူတို့တတွေ ခြေကျင်သွားနိုင်ကြမည် မဟုတ်ဟု ယူဆ၍ ဝေါ(ယမ်းစဉ်)တို့ကို ဆွေတော် မျိုးတော်များက ပို့ကြသော်လည်း “ဝေါစီး၍သွားလျှင် ဘုရားကို မရှိသေရာ ရောက်မည်” ဟု ယူဆ၍ မည်သူမျှ မစီးကြ၊ ပင်ကို ရိုးရာအားဖြင့် မြေပြင်၌

ခြေကျင်သွားလေ့ မရှိကြသော သာကီဝင်မင်းသမီးတို့သည် ငါးဆယ့်တစ်ယူဇနာ ဝေးသောခရီးကို ဝေါမစီးကြဘဲ ခြေကျင်သာ သွားရှာကြလေသည်။

**ပင်ပန်းကြီးစွာဖြင့် ဝေသာလီ ရောက်ပုံ** သာကီဝင်မင်းတို့သည် ထို မင်းသမီးတို့အား ဘေးရန်အန္တရာယ် ကာကွယ်ဖို့ရန် ရှေ့ရောနောက်ပါ အစောင့်အရှောက် လိုက်စေ၍ ဆန်, ယောပက်, ဆီ စသည်တို့ကို လှည်းဖြင့် တင်ဆောင်ကာ ရောက်ရာအရပ်၌ စားရေး သောက်တာ စီမံလုပ်ကျွေးမည့် လူတို့ကိုလည်း ထည့်လိုက်ကြ ကုန်၏၊ ထိုသို့ ချမ်းသာအောင် အစောင့်အရှောက် လိုက်ပါလာကြ သော်လည်း ခြေကျင် လာရသည့်အတွက် နုလှစွာသော ခြေဖဝါးတို့၌ သွေးခြည်များဥကာ အဖုတွေ ထလာပြီးလျှင် တချို့အဖုများလည်း ပေါက်ကွဲ ကုန်၏၊ ခြေ ၂-ဘက်လုံးမှာပင်ဝပေါင်း ရေကြည်စေ့တွေသီးနေသလို ဖူးဖူးရောင်၍ နေကုန်တော့၏၊ ဝေသာလီ ရောက်ပြန်သော်လည်း ရုတ်တရက် ဘုရားအထံ မဝင်ဝံ့ကြ၊ သူတို့ ကိုယ်တိုင်ပင် ဘိက္ခုနီအသွင်ကို ဝင်ဆင်လာခဲ့မိကြလေပြီ၊ "ဤအကြိမ်မှာလဲ ဘုရားရှင်က ဘိက္ခုနီအဖြစ်ကို ခွင့်ပြုတော်မမူပြန်လျှင် အရှက်တကွဲ အကျိုးနည်းကြတော့မည်" ဟု တွေးတော စိုးရွံ့ကာ ကျောင်းတိုက်အပြင် တံခါးမုခ်အနီးမှာပင် ယိုစီးသောမျက်ရည်ဖြင့် ဆိုင်းငံ့၍ နေရှာကြလေသည်။

**အရှင်အာနန္ဒာနှင့် တွေ့ပုံ** အရှင်အာနန္ဒာသည် (ကျောင်းတိုက်အပြင် ထွက်လာလတ်သော်) ခရီးပန်းသဖြင့် ညှိုးနွမ်းသော လက္ခဏာရှိ၍ တစ်ကိုယ်လုံးလည်း မြူမှုန်(ဖုံ)တွေ ဖွေးလျက် ဖူးရောင်၍ နေသော ခြေတို့ဖြင့် မသက်မသာ ငိုယိုကာနေသော မိထွေးတော် ဂေါတမီကို(သာကီဝင် မင်းသမီး ငါးရာနှင့်အတူ)တွေ့ရ၍ ဖြစ်ပျက်ပုံကို မေးလေရာ, လာခဲ့ရပုံ အကြောင်းစုံနှင့်တကွ ဘိက္ခုနီအဖြစ်ကို ဘုရားရှင် ခွင့်မပြုခြင်းကြောင့် ငမ်းနည်းပုံကိုပါ ပြောပြလေသည်၊ ထိုအခါ သောတာပန်သာဖြစ်သေးသော အရှင်အာနန္ဒာမှာလည်း(လွန်စွာ ထိခိုက်ဟန်ရှိ၍) ဒီလိုဆိုလျှင် ခဏလောက် ဒီမှာ နေရစ်ပါဦး၊ နောင်တော်ဘုရားကို ခွင့်တောင်း လျှောက်ထားပါဦးမည်ဟု ပြောဆို၍ ဘုရားထံသို့ဝင်သွား၍ လျှောက်ထားသည်မှာ—

**ရှင်အာနန္ဒာ။** ။"မြတ်စွာဘုရား .... မဟာပဇာပတိ ဂေါတမီသည် ၅၁-ယူဇနာခရီးကို ခြေကျင်လာခဲ့ရသည့်အတွက် ရောင်နေသောခြေ, မြူမှုန် လိမ်းကျံနေသော ကိုယ်, ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ကာ မျက်ရည်ယိုသော မျက်နှာဖြင့် ကျောင်းတံခါးမုခ်မှာ ရပ်နေရှာ

သာသနာရေးဦးစီးဌာန



ကမ္ဘာအေး - ရန်ကုန်။

ပါသည်၊ ဘိက္ခုနီပြုဖို့ရန် ဘုရားရှင် ခွင့်ပြုတော်မမူသည့်အတွက် ကျောင်းတိုက်တွင်းသို့ မဝင်ဝံ့ရှာပါ၊ မြတ်စွာဘုရား....မာတုဂါမများ ဘုရားသာသနာတော်အတွင်းဝယ် ရဟန်းပြုခွင့် ရဖို့ရန် တောင်းပန် ပါရစေ"ဟု လျှောက်လေသည်။

ဘုရားရှင်။ ။မတော်ဘူး အာနန္ဒာ.... ဘုရားသာသနာတော် အတွင်း၌ မာတုဂါမတို့ ရဟန်းပြုခြင်းကို သင်-မနှစ်သက်ပါလင့်။

ရှင်အာနန္ဒာ။ ။၂-ကြိမ်မြောက် တောင်းပန်၏။

ဘုရားရှင်။ ။၂-ကြိမ်မြောက် ပယ်မြစ်တော်မူ၏။

ရှင်အာနန္ဒာ။ ။၃-ကြိမ်မြောက် တောင်းပန်ပြန်၏။

ဘုရားရှင်။ ။၃-ကြိမ်မြောက် ပယ်မြစ်တော်မူပြန်၏။

ရှင်အာနန္ဒာ။ ။"ဒီ နည်းနှင့် တောင်းပန်လို့တော့ ခွင့်ပြုတော်မူမှာ မဟုတ်တော့၊ အခြားနည်းဖြင့် တောင်းပန်ဦးမည်"ဟု ကြံစည်၍ "မြတ်စွာဘုရား....မာတုဂါမတို့သည် သာသနာတော်မှာ ရဟန်းပြု၍ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ မိန်းမများ ဖြစ်ဖို့ရန် မထိုက်တန်ပါဘူးလား ဘုရား။

ဘုရားရှင်။ ။ထိုက်တန်ပါရဲ့ အာနန္ဒာ။

ရှင်အာနန္ဒာ။ ။မြတ်စွာဘုရား ... မိထွေးတော် (အဒေါ်လေးရင်း) ဖြစ်သော မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရား အပေါ်မှာ လွန်စွာ ကျေးဇူးများခဲ့ပါသည်၊ မင်းသားကလေးဘဝမှ ကြီးရင့် လာအောင် စောင့်ရှောက်ခဲ့ရုံမက, ( ဘုရားရှင် ၇-ရက် အရွယ်တွင် မယ်တော်မာယာ နတ်ရွာစံသဖြင့် သားတော်ရင်း နန္ဒမင်းသား ကလေးကို အထိမ်းတော်တို့နှင့်ထား၍) မိထွေးတော် ကိုယ်တိုင် ဘုရားရှင်ကို နို့ချိုတိုက်ကျွေး၍ မွေးမြူခဲ့ပါသည်။

မြတ်စွာဘုရား....မာတုဂါမတို့ သာသနာတော်မှာရဟန်းပြု၍သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်ဖို့ရန် ထိုက်တန်ကြပါလျှင် ထိုမျှလောက် ကျေးဇူးကြီးလှသော မိထွေးတော် ဂေါတမီသည် မြတ်စွာဘုရား၏သာသနာ တော်ဝယ် ရဟန်းပြုခွင့်ရစေချင်ပါသည်ဘုရား။

မှတ်ချက်။ ။နန္ဒမင်းသားသည် ဘုရားအလောင်းထက် ရက်အနည်းငယ်သာ ငယ်၏၊ ထိုနန္ဒမင်းသား ဖွားမြင်ပြီးနောက် အထိမ်းတော်တို့အား အပ်နှံ၍ မိထွေးတော်ကိုယ်တိုင် အမိမဲ့ အလောင်းတော်ကလေးကို နို့ချိုတိုက်ကျွေးလေသည်၊

**ဘုရားရှင်**။ ။အာနန္ဒာ .. ပဇာပတိ ဂေါတမီသည် ဂရုဓမ်(အလေးပြုအပ်သော ပညတ်တော်)ရှစ်ပါးကို လက်ခံနိုင်လျှင်, ထိုလက်ခံမှုသည်ပင် သူ၏ရဟန်းပြုခြင်းကိစ္စ ပြီးစေတော့၏၊ (သူတစ်ပါးလို သိမ်ထဲ၌ ကမ္မဝါစာဖြင့် ရဟန်းပြုနေဖွယ်မလို ဟူလို။)

**မှတ်ချက်**။ ။မာဘုဂါမတို့သည် အစစ်အမှန် သဒ္ဓါတရား အလွန်နည်းပါး၏၊ ဖြစ်သမျှ သဒ္ဓါအစစ်လည်း မတည်မြဲလှ၊ ထို့ကြောင့် ရဟန်းပြုခွင့်ကို တောင်းလျှင်တောင်းခြင်း မပေးသေးဘဲ ခဲယဉ်းစွာခွင့်တောင်းမှ ခွင့်ပြုတော်မူခဲ့ပေသည်၊ ထိုသို့ ခွင့်ပြုပြန်ပါလည်း သာသနာတော်ကိုသာ၍ လေးစားစေလိုသောကြောင့် ဂရုဓမ်ပညတ်များကိုထားပြီးမှ ခွင့်ပြုတော်မူသည်။

---

## ဂရုဓမ်ရှစ်ပါးကား

၁။ မည်သည့် ဘိက္ခုနီမဆို ရဟန်းသိက္ခာ ဝါတစ်ရာပင်ရပြီးစေကာမူ ယနေ့မှရဟန်းဖြစ်သော ဘိက္ခုအပေါ်၌ အဘိဝါဒန, ပစ္စုဋ္ဌာန, အဉ္ဇလိကမ္မ, သာမီစိကမ္မကို ပြုရမည်၊ ဤပညတ်တော်ကိုလည်း ကောင်းမွန် ရိုသေစွာ လိုက်နာ ပြုကျင့်သောအားဖြင့် မြတ်နိုးကော်ရော် ပူဇော်လျက် အသက်ထက်ဆုံး မကျူးလွန်ရ။

**မှတ်ချက်**။ ။နဖူးမြေကျ ဝပ်ချမှုကို ''အဘိဝါဒန=ရှိခိုးမှု''ဟု ခေါ်၏၊ မိမိကထိုင်နေစဉ် အဝေးမှလာနေသည်ကိုမြင်၍ ထိုင်နေရာမှ ထိုင်ခုံမှ ထပေးမှု, အရပ်ဝေးမှ လာသည်ကိုမြင်၍ ဧည့်ဦးကြိုမှုကို ''ပစ္စုဋ္ဌာန = နေရာမှထခြင်း, ဧည့်ဦးကြိုခြင်း''ဟု ခေါ်၏၊ ဝပ်ချ၍ မဖြစ်သောနေရာမျိုး (လမ်းခရီးတွေ့ရာစသည်၌) လက်အုပ်ချီမှုကို ''အဉ္ဇလိကမ္မ''ဟု ခေါ်၏၊ သင့်လျော်သောအမှုကို''သာမီစိကမ္မ=အရိုအသေပြုမှု''ဟု ခေါ်သည်။

၂။ ဘိက္ခုနီသည် အနီးအပါးဝယ် ဩဝါဒပေးမည့် ရဟန်းယောကျ်ားမရှိသောကျောင်း၌ ဝါမဆိုရ၊ ဤပညတ်တော်ကိုလည်း ကောင်းမွန် ရိုသေစွာ လိုက်နာ ကျင့်ကြံသော အားဖြင့် မြတ်နိုးကော်ရော် ပူဇော်လျက် အသက်ထက်ဆုံး မကျူးလွန်ရ၊ [''အနီးအပါး''ဟူရာ၌ မိမိက ထိုရဟန်းရှိရာသို့ ဩဝါဒခံယူသွား၍ ထိုနေ့၌ပင် ပြန်လာနိုင်သော အရပ်ကို ဆိုလိုသည်။]

၃။ ဘိက္ခုနီသည် လခွဲတစ်ကြိမ် (၁၅ ရက်တစ်ကြိမ်ကျ) ယခုလာမည့်ဥပုသ်နေ့သည် ၁၄-ရက် မြောက်ပါလား, ၁၅-ရက် မြောက်ပါလားဟု

ဥပုသ်နေ့မေးခြင်း, ဩဝါဒခံယူဖို့ရန် ချဉ်းကပ် ခွင့်တောင်းခြင်း ဟူသော ၂-ပါးသောတရားတို့ကို ဘိက္ခုသံဃာ့အထံမှတောင့်တရမည်၊ "ထို ၂-ပါးကို ရအောင်ပြုရမည်" ဟူလို၊ ဤပညတ်တော်ကိုလည်း ကောင်းမွန်ရှိသေစွာ လိုက်နာကျင့်ကြံသောအားဖြင့် မြတ်နိုးကော်ရော် ပူဇော်လျက် အသက်ထက်ဆုံး မကျူးလွန်ရ။

၄။ ဝါကျွတ်ပြီးသောဘိက္ခုနီသည် ဘိက္ခုနီသံဃာ ဘိက္ခုသံဃာ ၂-ဘက်လုံး၌ ပဝါရဏာပြုရမည်။ [ဘိက္ခုတို့ကား ဘိက္ခုသံဃာ့အထံ၌သာ ပဝါရဏာပြုရသည်၊ ဘိက္ခုနီတို့ကား ဘိက္ခုနီသံဃာ့အထံ၌တစ်ကြိမ် ဘိက္ခုသံဃာ့အထံ၌ တစ်ကြိမ်အားဖြင့် ၂-ကြိမ် ပြုရမည် - ဟူလို၊ (ပဝါရဏာပြုပုံကို နောက်၌ သိရလတ္တံ့။)] ဤပညတ်တော်ကိုလည်း ကောင်းမွန်ရှိသေစွာ လိုက်နာ ပြုကျင့်သောအားဖြင့် မြတ်နိုးကော်ရော် ပူဇော်လျက် အသက်ထက်ဆုံး မကျူးလွန်ရ။

၅။ သံဃာဒိသေသ် အာပတ်သင့်သော ဘိက္ခုနီသည် ဘိက္ခု ဘိက္ခုနီ ၂-ဘက်လုံး သံဃာ့အထံ၌ ပက္ခမာနတ် (၁၅-ရက်ကျင့်ရသော မာနတ်) အကျင့်ကိုကျင့်ရမည်၊ [ဘိက္ခုတို့ကား ၆-ရက်သာ မာနတ် ကျင့်ရ၏။] ဤပညတ်တော်ကိုလည်း ကောင်းမွန်ရှိသေစွာ လိုက်နာ ပြုကျင့်သောအားဖြင့် မြတ်နိုးကော်ရော် ပူဇော်လျက် အသက် ထက်ဆုံး မကျူးလွန်ရ။

၆။ ၂-နှစ်ပတ်လုံး ၆-ပါးသော သိက္ခာပုဒ်တို့၌ မကျိုးမပေါက်အောင် ကျင့်ပြီးသော သိက္ခမာန်သည် ၂-ဘက်သံဃာ၌ ရဟန်းအဖြစ်ကို ရှာရမည်။ [ယောကျ်ားတို့သည် ဘိက္ခုသံဃာ၌သာ ရဟန်းပြုခြင်း ကိစ္စပြီး၏၊ ၂-နှစ်လည်း ကျင့်ဖွယ်မလို၊ မိန်းမတို့ကား ၂-နှစ်လုံး ကျင့်ပြီးမှ ၂-ဘက်သံဃာ၌ ၂-ကြိမ်ရဟန်းပြုရသည်။] ဤပညတ်တော် ကိုလည်း ကောင်းမွန်ရှိသေစွာ လိုက်နာပြုကျင့်သော အားဖြင့် မြတ်နိုးကော်ရော် ပူဇော်လျက် အသက်ထက်ဆုံး မကျူးလွန်ရ။

၇။ ဘိက္ခုနီသည် မည်သည့်နည်းပရိယာယ်နှင့်မျှ ဘိက္ခုကို ဆဲလည်းမဆဲရ, ခြိမ်းလည်း မခြိမ်းခြောက်ရ, ဤပညတ်တော်ကိုလည်း ကောင်းမွန် ရှိသေစွာ လိုက်နာပြုကျင့်သောအားဖြင့် မြတ်နိုးကော်ရော် ပူဇော် လျက် အသက်ထက်ဆုံး မကျူးလွန်ရ။

၈။ ယနေ့ကစ၍ ဘိက္ခုနီတို့က ဘိက္ခုတို့အပေါ်၌ ပြောဆိုဆုံးမခွင့်ကို ပိတ်လိုက်ပြီ၊ ဘိက္ခုတို့က ဘိက္ခုနီသို့အပေါ်၌ ပြောဆိုဆုံးမခွင့်ကို ကား မပိတ်ဘဲ ဖွင့်ထားသည်၊ ဤပညတ်အောက်ကိုလည်း ကောင်းမွန် ရိုသေစွာ လိုက်နာကျင့်ကြံသောအားဖြင့် မြတ်နိုးကော်ရော် ပူဇော် လျက် အသက်ထက်ဆုံး မကျူးလွန်ရ။

**မှတ်ချက်။** ။ဘိက္ခုနီတို့သည်ပြောဆိုဆုံးမဖွယ် အပြစ်တွေ့စေကာမူမပြောဆို မဆုံးမရ၊ ''ရှေးကမထေရ်ကြီးများတော့ ဒီလိုမလုပ်ကြပါဘူး'' စသည်ဖြင့် ပရိယာယ်လောက်သာ ပြောရသည်၊ဘိက္ခုတို့ကား ဘိက္ခုနီတို့အပေါ်၌ အပြစ်တွေ့လျှင် ငေါက်ငမ်း၍ပင် ဆုံးမနိုင်၏။

**ဂရုဓမ် လက်ခံပုံ**

အရှင်အာနန္ဒာသည် မြတ်စွာဘုရားအထံတော်မှ ဂရုဓမ် ရှစ်ပါး ပညတ်တော်များ အရကျက်မှတ်၍ တံခါးမုခ် ပေါက်၌ စောင့်မျှော်နေသော မိထွေးတော် ဂေါတမီအထံသို့ ပြန်လာပြီးလျှင် ဂရုဓမ်ရှစ်ပါး ပညတ်တော်များကို ပြောပြ၍ 'ဤဂရုဓမ် ပညတ်တော်ရှစ်ပါးကို လက်ခံနိုင်လျှင် အဲဒီလက်ခံခြင်းသည်ပင် မိထွေးတော် ၏ ရဟန်းပြုခြင်းကိစ္စ ပြီးနိုင်ပါလိမ့်မည်''ဟု ပြောပြလေသည်၊ ထိုအခါ မိထွေးတော်ဂေါတမီသည် ဂရုဓမ်ပညတ်တော်များကို လက်ခံရင်း ပြောပြ သည်မှာ—

''အရှင်အာနန္ဒာ... ပျိုမြစ်နုနယ် အရွယ်ငယ်သည့်ပြင် တန်ဆာ ဆင်ဖို့ အလေ့အလာ ဝါသနာပါသော လုလင်ပျို-မိန်းမပျိုသည် ခေါင်းလျှော်ရေချိုးပြီးခါစ၌ ကြာပန်းဖြစ်စေ မြလေးပန်း ဖြစ်စေ အဓိမုတ္တက ( ဘိန်းနွယ် ) ပန်းဖြစ်စေ ပေးလာလျှင် မငြင်းဆန်ဘဲ ဝမ်းမြောက်စွာ လက်ခံသကဲ့သို့ ထို့အတူ အသက်ဆုံးတိုင် မကျူး လွန်နိုင်အောင် လေးလေးစားစား လိုက်နာရမည့် ဂရုဓမ်ပညတ် တော်ရှစ်ပါးကို ဦးထိပ်ရွက် ပန်ဆင်ကာ ဝမ်းမြောက်စွာ လက်ခံ ပါသည်ဘုရား''ဟု လျှောက်ထားလေသည်။

**ဘိက္ခုနီများ ထွန်းကားခဲ့ပုံ**

ထိုအချိန်မှစ၍ ဘိက္ခုနီများ ထင်ရှားလာကာ အတူပါ သော သာကီဝင်မင်းသမီးငါးရာလည်းဘိက္ခုများအထံ၌ ထိုးစံအတိုင်း ကမ္မဝါစာဖြင့် ဘိက္ခုနီမများဖြစ်ကြရလေ သည်၊ နောက်နောင်အခါ၌ကား ယသောဓရာမိဖုရား၊ ခေမာမိဖုရား၊ ဥပ္ပလဝဏ် သေဋ္ဌေးသမီး၊ ဓမ္မဒိန္နာသေဋ္ဌေးကတော်၊ ဘဒ္ဒါကာပိလာနီသေဋ္ဌေးကတော်

(အရှင်မဟာကဿာပ၏ ကြင်ယာဟောင်း)စသော အထက်တန်း အမျိုးသမီး များလည်း ဘိက္ခုနီဘဝသို့ ရောက်လာကြ၍ ဗုဒ္ဓမြတ်စွာ၏သာသနာတော်ကို အမျိုးသမီးများဘက်က ခေါင်းဆောင်လျက် သာသနာ့အသရေ တိုးတက် စေခဲ့ကြပေသည်။

**ဂရုဓမ်ကလည်း လေးနက်ပုံ**

သို့ရာတွင် နောက်နောင်အခါ၌ သဒ္ဓါ ပညာ ဝီရိယ နည်းပါးသော အမျိုးသမီးများလည်း ဝင်ရောက်လာ ပြန်ရာ အကယ်၍ ဂရုဓမ်ရှစ်ပါး ပညတ်တော် မထား ခဲ့လျှင် ထိုသူများအတွက် ရဟန်းယောကျ်ားတို့နှင့် ရောယှက်ရှုပ်ထွေးကာ သာသနာတည်ရေးသည် တစ်ဝက်လောက် လျော့ပါး၍ ခပ်မြန်မြန် ကွယ် ပျောက်သွားဖွယ်ရှိ၏၊ ယခုသော်ကား ဂရုဓမ်ရှစ်ပါး ပညတ်တော်များ ကြောင့် သာသနာတည်တံ့ချိန် မလျော့ပါးဘဲ နဂိုအတိုင်းပင် အချိန်ပြည့် တည်တံ့နိုင်ဖွယ် ရှိလေသည်။

**သိက္ခာပုဒ် တိုးလာရပုံ**

ထိုသို့ ဂရုဓမ် ပညတ်တော်များဖြင့် လာမည့် ဘေးကို ကြိုတင်၍ တားဆီးထားပါသော်လည်း အတော်ကြာ သည့်အခါ ထူးထူးခြားခြား ပေါက်ကြားမှုများလည်း ပေါ်ပေါက်ပြန်ရကား ရဟန်းယောကျ်ားများအတွက် ပညတ်ထားသော "မေထုန်မမှီဝဲရ, သူ့ဥစ္စာမခိုးရ, သူ့အသက်မသတ်ရ, ဈာန်မဂ်ဖိုလ်မရဘဲ "ရသည်"ဟု မလိမ်ရ"စသော ပညတ်တော်တချို့ကိုလည်း ဘိက္ခုနီတို့ပါ သက်ဆိုင်စေ၍ ရဟန်းယောကျ်ားများနှင့် အပြစ်ပြုပုံချင်း မတူသောကိစ္စ များအတွက် သီးခြားထပ်၍ ပညတ်တော်မူရပြန်လေသည်၊ ယခုအခါ ထိုဘိက္ခုနီပညတ်တော်များကို ပြပါဦးမည်။

# ဘိက္ခုနီ သိက္ခာပုဒ်များ

## ၁။ ပါရာဇိကအခန်း

### က။ ဥဗ္ဘဇာဏုမဏ္ဍလိကာပါရာဇိက

**အမှုသည်-သုန္ဒရီနန္ဒာ။**

**အမှု-ယောကျ်ား၏ ကိုင်ခြင်းကို သာယာမှု။**

**သုန္ဒရီနန္ဒာ** "နန္ဒာ, နန္ဒဝတီ, သုန္ဒရီနန္ဒာ, ထုလ္လနန္ဒာ" အမည်ရှိကြသော ညီအစ်မ ၄-ယောက်တို့သည် ဘိက္ခုနီတို့အထံ၌ ဘိက္ခုနီပြုနေကြကုန်၏၊ ထို ၄-ယောက်တို့တွင် သုန္ဒရီနန္ဒာသည်ငယ်ငယ်ကပင် သာမဏေ ပြုလုပ်လာခဲ့၏၊ အလွန်အဆင်းလှ၏, ရှုချင့်စဖွယ် တင့်တယ်၏, မြင်ရသူ၏စိတ်ကို ကြည်နူးစေနိုင်၏, ပင်ကိုယ်အလိမ်မာလဲရှိ၏, တက်တက်မြက်မြက်လဲရှိ၏, ထိုးထွင်းဉာဏ်လဲကောင်း၏, ဘယ်အရာမဆို ကျွမ်းကျင်၏, လုပ်ရကိုင်ရမှာလဲ မပျင်းတတ်, အကြောင်အားလျော်စွာ ပေါ်လာသော ကိစ္စတိုင်းတွင် အမြော်အမြင်လဲကောင်း၏, ဘယ်ကိစ္စမဆို ကိုယ်တိုင်လဲပြုနိုင်, သူတစ်ပါးတို့ကိုလဲ စီမံနိုင်၏။

**ဝိသာခါ၏မြေး မောင်သာဠ** ကျောင်းအမဝိသာခါ၏ မြေးဖြစ်သော မောင်သာဠသည် ဘိက္ခုနီများအတွက် ကျောင်းဆောက်လှူဒါန်းလိုသောကြောင့် ဘိက္ခုနီသံဃာ့အထံ ကျောင်းစီမံမည့် ဘိက္ခုနီတစ်ယောက်ကိုတောင်းလေရာ ဘိက္ခုနီသံဃာသည် ကျောင်းကြပ်မတ်ဆောက်လုပ်ဖို့ရန် သုန္ဒရီနန္ဒာကို ညွှန်ပြကြလေသည်၊ သုန္ဒရီနန္ဒာသည် ကျောင်းနှင့်ဆိုင်ရာ ပစ္စည်းများကို တောင်းဖို့ရာ ကျောင်းဒါယကာအိမ်သို့ မကြာခဏ သွားရလေ၏၊ ကျောင်းဒါယကာလဲ ပြုပြီးတာမပြုရသေးတာကို သိဖို့ရာ ကျောင်းသို့ မကြာခဏ လာရလေ၏။

**အမြင်များလို့ အခစ်များ** သူတို့ ၂-ယောက်တွင် (စာအတိုင်း စဉ်းစားရသော် တစ်ယောက်သည် ရုပ်ချော၍လိမ်မာသွက်လက် ထက်မြက်သူဖြစ်ကြောင်း သေချာ၏၊ အခြားတစ်ယောက်လည်း ဝိသာခါ၏မြေးဟု ဆိုသောကြောင့်) အရွယ် မကြီးသေးသော ခနရှင်ဖြစ်ကြောင်း သေချာ၏၊ (အိုးချင်းထားလျှင် ဖိုးချင်းထိ၍ ကြိုးချင်းတားလျှင် ကြိုးခြင်းငြိတတ်သော လောကြီးဝယ် ကျောင်းဒါယကာ မောင်သာဠသည်

သုန္ဒရီနန္ဒာကို "နွားပိန်အသားဖြည့်၍ ကြည့်သော" နွားကုန်သည်နည်းဖြင့် ခေါင်းတုံးအပြင်ဝယ် ဆံသုံးတင်၍ကြည့်နေဟန်တူ၏၊ ထို့ကြောင့်)မကြာခဏ မြင်နေရသူ ၂-ယောက်မှာအချင်းချင်းစွဲနေကြလေပြီ၊ သို့သော်စွဲနေသလောက် လွတ်လပ်ခွင့်ကား မရကြချေ၊ ထို့ကြောင့် အခွင့်ကောင်းရှာဖို့ရာ ကျောင်း ဒါယကာသည် ဘိက္ခုနီသံဃာကုန် ဆွမ်းကပ်ဖို့ရန် ဖိတ်မန်လေတော့၏။

**နေရာခင်းပုံ။** ။ဆွမ်းစားဖို့ နေရာပြင်သောအခါ သုန္ဒရီနန္ဒာထက် ကြီးသူများအတွက် တသန့်၊ သုန္ဒရီနန္ဒာအောက် ငယ်သူများအတွက် တသန့် ခင်းထား၏၊ ကြီးသူပိုင်းကလည်း သုန္ဒရီနန္ဒာသည် အငယ်ပိုင်းမှာ ပါသွား ၏၊ ငယ်သူပိုင်းကလည်း အကြီးပိုင်းမှာ ပါသွား၏ ဟု ထင်မှတ်အောင် ဖြစ်သည်။

**သုန္ဒရီဉာဏ်။** ။သုန္ဒရီနန္ဒာကလဲ "ဒီဆွမ်းကျွေးဟာ ကုသိုလ်လိုလား၍ ကျွေးတာမဟုတ်၊ ငါကို ကြံချင်လို့ ကျွေးတာ"ဟု အတတ်သိထားသဖြင့် "လိုက်သွား၍ သူကကြံလျှင် ငါကလန့်အော်မိမှာ စိုးရသည်"ဟု တွေးကာ တပည့်မတစ်ယောက်ကို "ငါ့ဖို့ ဆွမ်းယူခဲ့၊ ဘယ်သူကမေးမေး နေမကောင်း လို့ဟု ပြောလေ"ဟု မှာ၍ ကျောင်းမှာပင် နေရစ်ခဲ့လေသည်။

**ကျောင်းဒါယကာ မျှော်မျှော်နေပုံ** ကျောင်းဒါယကာ မောင်သာဠှသည် ဘိက္ခုနီသံဃာများ လာသောအခါ တံခါးပေါက်ပြင်ဘက်ကနေ၍ သုန္ဒရီနန္ဒာ ပါ၊ မပါ ကြည့်ရာမှ မနေနိုင်လှသဖြင့် "မယ်သုန္ဒရီနန္ဒာကော ဘယ်မှာလဲ၊ မယ်သုန္ဒရီနန္ဒာကော ဘယ်မှာလဲ"ဟု အဘပ်ဘပ် မေးလေရာ ထိုမှာလိုက်သောတပည့်မက "နေမကောင်းလို့ ကျောင်းမှာနေ ရစ်ပါတယ်၊ သူ့ဖို့ ဆွမ်းယူသွားရပါမယ်" ဟု ပြောလေသော်... ကျောင်း ဒါယကာသည် သူကိုယ်တိုင် ကြည့်ရှု၍ ဆွမ်းမကျွေးနိုင်တော့ဘဲ သူ့ လူများကို ဆွမ်းကျွေးရစ်ကြဖို့ မှာထား၍ ဘိက္ခုနီကျောင်းသို့ လိုက်သွား လေသည်။

**ကျောင်း လိုက်သွားပုံ** သုန္ဒရီနန္ဒာသည် ကျောင်းတံခါးမုခ်ပြင်ဘက်က ရပ်လျက် ကျောင်းဒါယကာ လာမည်ကို မျှော်နေစဉ် အဝေးက လာတာကိုမြင်၍ ကျောင်းတွင်းသို့ဝင်ပြီးလျှင် ခုတင်က လေးပေါ်မှာ ခေါင်းမြီးခြုံကာ အိပ်ချင်ဟန် ဆောင်နေသည်၊ ကျောင်း ဒါယကာလဲ ပျာယာပျာယာနှင့်လာ၍ သုန္ဒရီနန္ဒာနေရာသို့ ဝင်သွားပြီးလျှင် "အရှင်မ ...ဘယ်လိုနေမကောင်းနေပါသလဲ၊ ဘာဖြစ်လို့ အိပ်နေပါသလဲ"ဟု လဲမျိုးစုံစွာ အရေးတကြီး မေးရှာလေသည်။

**ဖွေ့ကြပုံ**

ထိုအခါသုဒ္ဒိန္နသည် "(ဝမ်းနည်းသံဖြင့်.... အိုတစ်ခြား ရောဂါမဟုတ်ပါဘူး) ကိုယ်လိုတာမရတဲ့သူဟာ ဒီလိုဘဲ ဖြစ်တတ်ပါတယ်"ဟု ပြောလေရာ.. "ကျုပ်ကကောအရှင်မကို ဘာမလိုလားဘဲရှိမှာလဲ၊ အခွင့်မရလို့ ခုလိုနေရတာပေါ့"ဟု ပြောပြောဆိုဆိုနှင့် ကိုယ်လက်နှိုးနှောမှုကို ပြုလေတော့သည်။

**ဘိက္ခုနီကြီးက ကဲ့ရဲ့ပုံ**

ထိုအချိန်မှာ အဖွားအို ဘိက္ခုနီကြီးသည် ခြေနာနေသဖြင့် ဆွမ်းစားမလိုက်ဘဲ ခပ်လှမ်းလှမ်းမှာ အိပ်နေ၏၊ သူတို့ ၂-ယောက်ကား (မျာများနေသဖြင့်) ထိုဘိက္ခုနီကြီးကျောင်းတွင်းမှာ ရှိကြောင်းကို မသိကြ၊ ဘိက္ခုနီကြီးသည် သူတို့ဖြစ်ပုံအလုံးစုံမြင်နေရသဖြင့် ကဲ့ရဲ့ရှုတ်ချ၍အခြားဘိက္ခုနီတို့အားပြောပြလေသည်၊ အခြားဘိက္ခုနီတို့ကလဲ နှီးစပ်ရာဘိက္ခုတို့အား လျှောက်ထားသဖြင့် ဘိက္ခုတို့ကလည်း ဘုရားရှင်အား လျှောက်ထားကြလေသည်။

**သိက္ခာပုဒ် ပညတ်ရပုံ**

ထို အခါ ဗုဒ္ဓမြတ်စွာသည် သံဃာစည်းဝေးစေ၍ သုန္ဒရီနန္ဒာ၏ အကြောင်းကိုရဟန်းတို့အား မေးတော်မူ၍ ဟုတ်မှန်ကြောင်းကို လျှောက်ကြသော အခါ သုန္ဒရီနန္ဒာကို အမျိုးမျိုးကဲ့ရဲ့တော်မူပြီးလျှင် ထိုကိစ္စနှင့် သက်ဆိုင်သော တရားကို ဟောတော်မူကာ အောက်ပါသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်**။ **ယာ** ပန ဘိက္ခုနီ **အဝဿုတာ** **အဝဿုတဿ** ပုရိသပုဂ္ဂလဿ **အဓက္ခကံ** ဥဗ္ဘဇာဏုမဏ္ဍလံ **အာမသနံ** **ဝါ** ပရာမသနံ ဝါ ဂဟဏံ ဝါ ဆုပနံ ဝါ **ပဋိပီဠနံ** ဝါ **သာဒိယေယျ၊** **အယမ္ပိ** ပါရာဇိကာ **ဟောတိ** **အသံဝါသာ** ဥဗ္ဘဇာဏုမဏ္ဍလိကာ။

**မြန်မာပြန်**။ ။အကြင် ဘိက္ခုနီသည် ကိုယ်လက် နှိုးနှော လိုသော ရာဂစိတ်ရှိသည်ဖြစ်၍ ကိုယ် လက် နှိုးနှောလိုသော ရာဂစိတ်ရှိသော ယောကျ်ားက ညှပ်ရိုး ၂-ဘက်အောက်, ဒူးဆစ် ၂-ဘက်၏အထက် တတောင်ဆစ်မှ အထက် လက်မောင်း ဤအတွင်း တစ်နေရာဝယ် နေရာမရွေ့ဘဲ နာနာဖြစ်ညှစ်၍ ကိုင်ခြင်း (အာမသန), ဟိုရွေ့ သည်ရွေ့ ရွေ့၍ နာနာညှစ်လျက် ကိုင်ခြင်းဟူသော (ပရာမသန),

နာနာမည္စ်ဘဲ ကိုင်ရုံမျှဖြစ်သော(ဂဟဏ), တို့ခြင်းဟူသော(ဆုပန), ပွေ့ယူဖြစ်ညှစ်ခြင်း ဟူသော(ပဋိပီဠန) ဤပြုမှုကို သာယာနှစ်သက်အံ့၊ ထို ဘိက္ခုနီသည် ဥဗ္ဘဇာဏုမဏ္ဍလိကာ မည်သော ပါရာဇိက ကျလေတော့၏၊ ကုံကြီး,ကုံငယ်ကိစ္စ ဘိက္ခုနီကောင်းတို့နှင့် အပေါင်းအသင်း မပြုရ။

(က) ညှပ်ရိုးအထက် လည်ပင်း မျက်နှာစသည်ကို လည်းကောင်း, ဒူးဆစ်အောက် ခြေသလုံး စသည်ကို လည်းကောင်း, တတောင်ဆစ်အပြင်ဘက် လက်မောင်း လက်ချောင်း စသည်ကို လည်းကောင်း ကိုင်မှု, တို့မှု, ဆိတ်မှုစသည်ကို သာယာလျှင် ထုလ္လစ္စည်း အာပတ်သင့်၏။

( ခ ) ယောကျ်ား၏ ကိုယ်လက်အသားဖြင့် ကိုယ်နှင့်စပ်သော အဝတ်စသည်ကိုကိုင်ရာ၌လည်းကောင်း သာယာလျှင် ထုလ္လစ္စည်းအာပတ်သင့်၏။

( ဂ ) ကိုယ်နှင့်စပ်သော အဝတ်ချင်း စသည်လောက် ထိရုံကိုင်ရာ၌ လည်းကောင်း, တစ်စုံတစ်ခုဖြင့် (ခဲ စသည်ဖြင့်) ပေါက်၍ ကျီစယ်ရာ၌ လည်းကောင်း သာယာလျှင် ဒုက္ကဋ်အာပတ် သင့်၏။

(ဃ) အကိုင် အတို့ အထိခံလိုသောစိတ်မရှိဘဲ မတော်တဆ ထိသွားရာ၌ လည်းကောင်း, ထိမှန်းပင် မသိလိုက်ရာ၌ လည်းကောင်း, သိသော်လည်း မသာယာလိုက်ရာ၌ လည်းကောင်း, ရူးနေ စိတ်လွင့်နေ, ရောဂါ အပြင်းအထန် နှိပ်စက်ခံနေရသော အခါတို့၌ လည်းကောင်း အာပတ်မသင့်။

---

## ၁။ ဝဇ္ဇပဋိစ္ဆာဒိကာ ပါရာဇိက

**အမှုသည်–ထုလ္လနန္ဒာ။**
**အမှု–အပြစ်ကို ဖုံးထားမှု။**

**အပြစ်ဖုံးမှု** သုန္ဒရီနန္ဒာသည် ကျောင်းဒါယကာ သာဠှနှင့်စပ်၍ ကိုယ်ဝန်ရလေရာ, ကိုယ်ဝန်နုတုန်း၌ ဖုံးထားနိုင်သော်လည်း ကိုယ်ဝန်ရင့်သည့်အခါ လူထွက်၍ ဖွားမြင်ရလေ၏၊ ထိုအခါ အခြား ဘိက္ခုနီတို့က ထုလ္လနန္ဒာကို မေးကြသည်မှာ– "ဘယ့်နှယ်လဲ.... သုန္ဒရီနန္ဒာဟာ လူထွက်ပြီး ကြောခင် မျက်နှာမြင်ရတယ်၊ ဘိက္ခုနီ ဘဝတုန်းက ရတဲ့ ကိုယ်ဝန်လား"–

**ထုလ္လနန္ဒာ။** ။ဟုတ်ပါတယ် အရှင်မတို့။

**အမျာ း။** ။ဘာပြုလို့ ပါရာဇိက ကျနေမှန်း သိလျက် ကိုယ်တိုင်လည်း စောဒနာမှု (စွပ်စွဲမှု)ကို မပြု, ဘိက္ခုနီ ဂိုဏ်းအား လည်း တိုင်ကြားမှု မပြုဘဲ နေရသလဲ။

**ထုလ္လနန္ဒာ** (သုန္ဒရီနန္ဒာနှင့် သူဟာ ညီအစ်မ အရင်း ဖြစ်ရကား) သူ့ရဲ့ အပြစ်ဟာ တပည့်တော်ရဲ့ အပြစ်လဲ ဟုတ်တယ်၊ သူ့ရဲ့ မကောင်းသတင်းဟာ တပည့်တော်ရဲ့ မကောင်းသတင်းလဲ ဟုတ်တယ်၊ သူ့မှာ အခြံအရံ မရှိခြင်းဟာ တပည့်တော်မှာ မရှိခြင်းနှင့် အတူတူပဲ၊ သူ့မှာ လာဘ် လာဘ မရခြင်းလည်း တပည့်တော်မှာ မရခြင်းနှင့် အတူတူပဲ၊ သည်တော့ သူ့ရဲ့အပြစ်ကို ဘာ့ကြောင့် သူတစ်ပါး ပြောနိုင်မှာလဲ။

**သိက္ခာပုဒ် ပညတ်ရပုံ** ထိုကဲ့သို့ သုန္ဒရီနန္ဒာ၏ အပြစ်ကို ဖုံးထားသည့် အတွက် မကျေမနပ်ဖြစ်ကြသော ဘိက္ခုနီအများပင် ထုလ္လနန္ဒာကို ကဲ့ရဲ့ ရှုတ်ချ၍ ဘိက္ခုတို့အား လျှောက်ကြလေရာ, ဘိက္ခုတို့က တစ်ဆင့် ဘုရားရှင်အား လျှောက်ကြသောကြောင့် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရ လေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဇာနံ ပါရာဇိကံ ဓမ္မံ **အဇ္ဈာပန္နံ** ဘိက္ခုနိံ **နေဝတ္တနာ** ပဋိစောဒေယျ, န ဂဏဿ **အာရောစေယျ**၊ ယဒါစ **သာ** ဌိတာဝါ အဿ စုတာဝါ နာသိတာဝါ **အဝဿဋ္ဌာ** ဝါ၊ **သာ** ပစ္ဆာ ဧဝံ ဝဒေယျ ''ပုဗ္ဗေဝါဟံ အယျေ **အညာသိံ** **ဧတံ** ဘိက္ခုနိံ ''ဧဝရူပါစ ဧဝရူပါစ **သာ** ဘဂိနီ''တိ၊ **နောစ** **ခေါ** **အတ္တနာ** ပဋိစောဒေဿံ၊ န ဂဏဿ **အာရောစေဿံ**''န္တိ၊ **အယမ္ပိ** ပါရာဇိကာ ဟောတိ အသံဝါသာ ဝဇ္ဇပဋိစ္ဆာဒိကာ။

မြန်မာပြန်။ ။အကြင် ရဟန်းမသည် ပါရာဇိကကျနေသူမှန်း သိပါလျက် ပါရာဇိက ကျနေသော ရဟန်းမကို ကိုယ်တိုင်လည်း မစောဒနာ, ဘိက္ခုနီ ဂိုဏ်းအားလည်း မတိုင်ကြားဘဲ နေအံ့၊ အကြင်အခါ ထို ပါရာဇိက ကျနေသော ဘိက္ခုနီသည် ဘိက္ခုနီအသွင်၌ တည်နေ၏၊ သို့မဟုတ် စုတေ(သေ)၏၊ သို့မဟုတ် လူထွက်၏၊ သို့မဟုတ် တိတ္ထိ အဖြစ်သို့ ပြောင်းသွား၏၊ ထို ဖုံးထားပြီးရာ နောက်အခါ ကျမှ

''ရှေးတုန်းကပင် သူမရဲ့ အကြောင်းကို ဒီလို ဒီလိုဆိုတာ သိခဲ့ပါရဲ့၊ သို့သော် ကိုယ်တိုင်လည်း မစောဒနာခဲ့ပါ, ဘိက္ခုနီဂိုဏ်းအားလည်း မတိုင်ကြားခဲ့ပါ''ဟုပြောအံ့၊ (ဤသို့ ပြောဆိုဝန်ခံခြင်း,မခံခြင်းသည် လိုရင်းမဟုတ်၊ အပြစ်ကိုဖုံးထား၍ မပြောကြားတော့ဟု ဆုံးဖြတ်တုန်းကပင်) ဝဇ္ဇပဋိစ္ဆာဒိကာမည်သော ပါရာဇိကကျသူဖြစ်တော့၏၊ ဘိက္ခုနီကောင်းတို့နှင့် ကံကြီးကံငယ်ကိစ္စ၌ အပေါင်းအသင်း မရှိရ။

မြွင်းချက်။ ။လို ပါရာဇိက ကျနေသူ၏ ဂုဏ်သိက္ခာကို ကာကွယ်တဲ့စိတ်ဖြင့် ဖုံးထားမှသာ အပြစ်ရှိသည်၊ ယိုစိတ်မဟုတ်ဘဲ ငါကဖော်ပြောလိုက်လျှင်....

(က) သံဃာအချင်းချင်း ခိုက်ရန်ဖြစ်၍ ကွဲပြားလိမ့်မည်၊ မကွဲစေကာမူ အရေးအကြောင်း(အက်ကြောင်း)ဖြစ်လိမ့်မည်ဟု စိုးရိမ်သောကြောင့် ဖြစ်စေ၊

(ခ) ပါရာဇိကကျနေတဲ့ ဘိက္ခုနီဟာ ကြမ်းတမ်းသူဖြစ်ဘယ်၊ သူ့အပြစ်ကို ဖော်ပြောလျှင် ငါ့အသက်အန္တရာယ်နှင့် သာသနာတော်မနေနိုင်အောင် လုပ်မည့်အန္တရာယ်ကို ကြောက်ရတယ်-ဟု တွေးမိသောကြောင့်ဖြစ်စေ၊

(ဂ) အခြားသဘောတူမည့် ဘိက္ခုနီများကို မတွေ့ရသောကြောင့် ပြောဖို့ရန် ဆိုင်းငံ့ထားသည်ဖြစ်စေ၊

(ဃ) သူ၏ဂုဏ်သိက္ခာကို ကာကွယ်ဖုံးထားလိုစိတ် မရှိဘဲ အကြောင်း အမျိုးမျိုးကြောင့် မပြောမိသည် ဖြစ်စေ၊

(င) သူ့အမှုနှင့်သူ တစ်နေ့နေ့မှာ ထင်ရှားလာလိမ့်မည်ဟု သဘောထား၍ ဖြစ်စေ၊ ဘိက္ခုနီဂိုဏ်းအား မပြောဘဲနေလျှင် အာပတ်မသင့်။

## ၇။ ဥက္ခိတ္တာနုဝတ္တိကာပါရာဇိက

အမှုသည်—ထုလ္လနန္ဒာ။

အမှု—သံဃာကနှင်ထုတ်ထားသောရဟန်း၏နောက်လိုက်လုပ်မှု။

ထုလ္လနန္ဒာ

[ဘိက္ခုပါတိမောက် သင်္ဃာဒိသေသကဏ္ဍ၌ အရိဋ္ဌသိက္ခာပုဒ်ဟု ပါရှိခဲ့၏၊ ထိုသိက္ခာပုဒ်၌လာသော အရိဋ္ဌရဟန်းကို သံဃာက အပေါင်းအသင်း မလုပ်ဖို့ရန် ဝိနည်းထုံးစံအတိုင်း နှင်ထုတ်ထား၏။] ထုလ္လနန္ဒာသည် ထိုအရိဋ္ဌရဟန်း၏ အယူဝါဒကို သဘောတူသောအားဖြင့် နောက်လိုက်လုပ်နေ၏၊ ထို့ကြောင့် ဤသိက္ခာပုဒ်ကိုပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ သမဂ္ဂေန သံဃေန ဥက္ခိတ္တံ ဘိက္ခုံ ဓမ္မေန ဝိနယေန သတ္ထုသာသနေန အနာဒရံ အပ္ပဋိကာရံ

**အကတသဟာယံ** တမနုဝတ္တေယျ၊ သာ ဘိက္ခုနီ **ဘိက္ခုနီဟိ** ဧဝမဿ ဝစနီယာ "**ဧသော ခေါ** အယျေ ဘိက္ခု သမဂ္ဂေန သံဃေန ဥက္ခိတ္တော ဓမ္မေန ဝိနယေန သတ္ထုသာသနေန အနာဒရော အပ္ပဋိကာရော အကတသဟာယော၊ မာယျေ ဧတံ ဘိက္ခုံ အနုဝတ္တီ"တိ၊ ဧဝဉ္စ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဝုစ္စမာနာ တထေဝ ပဂ္ဂဏှေယျ၊ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗာ တဿ ပဋိနိဿဂ္ဂါယ၊ ယာဝတတိယဉ္စေ သမနုဘာသိယမာနာ တံ ပဋိနိဿဇ္ဇေယျ၊ ဣစ္စေတံ ကုသလံ၊ နော စေ ပဋိနိဿဇ္ဇေယျ၊ အယမ္ပိ ပါရာဇိကာ ဟောတိ အသံဝါသာ ဥက္ခိတ္တာနုဝတ္တိကာ။

မြန်မာပြန်။ ။ညီညွတ်သော သံဃာတော်သည် သဘောအားဖြင့် မှန်ကန်၍, စစ်ဆေး မေးမြန်းမှု သူ့အပြစ်ကို အမှတ်ရစေမှုပြုသော ဝိနည်းထုံးတမ်းအတိုင်း စစ်မေး-သတိပေး၍ ဥက္ခိတ္တကမ္မဝါစာဖြင့် ကျကျနန နှင်ထုတ်ထားသော, နှင်ထုတ်သော ပုဂ္ဂိုလ်များနှင့် ဥက္ခိတ္တကမ္မဝါစာကိုလည်း အရေးမစိုက်သော, ထိုနှင်ထုတ်ကံ ငြိမ်းဖို့အောင် (ရုပ်သိမ်းအောင်) ကုစားခြင်းလည်း မရှိသော, ကံကြီး ကံငယ်ကိစ္စ သူ့ကို အပေါင်းအဖော်မရှိသော (အချုပ်ကွဲသို့သော) ရဟန်းကို အကြင် ဘိက္ခုနီသည် နောက်လိုက်လုပ်၏။

ထိုဘိက္ခုနီကို "ထိုရဟန်းသည် ဝိနည်းထုံးတမ်းအတိုင်း နှင်ထုတ်ထားသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ပြောပြ၍ သူ့အယူဝါဒသို့ မလိုက်ဖို့ရန်" ပြောပြရမည်၊ ထိုသို့ပြောပါလျက် နဂိုအတိုင်း မလျှော့ဘဲ သူ့ဝါဒကိုပင် အကောင်းအနေမျိုးဖြင့် ချီးမြှောက် နေသေးလျှင် ထိုဘိက္ခုနီကို ထိုအယူဝါဒစွန့်ဖို့ရာ ဥက္ခိတ္တကမ္မဝါစာဖြင့် ၃-ကြိမ်တိုင်တိုင် ဆုံးမရမည်၊ ထိုသို့ဆုံးမ၍ သူ့အယူစွန့်လျှင် ကောင်း၏၊ (ပါရာဇိက အာပတ်မသင့်သေး၊) မစွန့်လျှင်မူကား ဥက္ခိတ္တာနုဝတ္တိကာ မည်သော ပါရာဇိကသို့ ရောက်တော့၏၊ ဘိက္ခုနီကောင်းတို့နှင့် အပေါင်းအသင်း မရှိရတော့။

## ဃ။ အဋ္ဌဝတ္ထုကာ ပါရာဇိက

**အမှုသည်—သဗ္ဗဂ္ဂိဘိက္ခုနီများ။**

**အမှု—ယောကျ်ား၏ လက်ဆွဲခြင်းစသော ရှစ်မျိုးကိုသာယာမှု။**

**ဆဗ္ဗဂ္ဂိဘိက္ခုနီများ။** ။[ဆဗ္ဗဂ္ဂိရဟန်းများ၏ ဩဝါဒခံ ဘိက္ခုနီများကို "ဆဗ္ဗဂ္ဂိဘိက္ခုနီ" ဟု ခေါ်၏။] ဆဗ္ဗဂ္ဂိဘိက္ခုနီတို့သည် ကိုယ်လက်နှီးနှောလိုသောရာဂဖြင့် စိုစွတ်သည်ဖြစ်၍ ကိလေသာ မိုးရေစို၍နေသော ယောကျ်ား၏—

၁။ (တတောင်ဆစ်မှအထက်) လက်ဆွဲမှုကိုလည်း သာယာကြကုန်၏။
၂။ မိမိဝတ်တားသော သင်္ကန်းကိုင်မှုကိုလည်း သာယာကြကုန်၏။
၃။ ယောကျ်ား၏အနီး၌သည်း ရပ်နေကြကုန်၏။
၄။ နှီးနှီးကပ်ကပ်လည်း စကားပြောနေကြကုန်၏။
၅။ မည်သည့်နေရာ လာခဲ့ပါဟု ယောကျ်ားက ချိန်းချက်လိုက်လျှင် ထိုနေရာသို့လည်း သွားကြကုန်၏။
၆။ မိမိဆီသို့ ယောကျ်ားလာခနသည်ကိုသည်း သာယာကြကုန်၏။
၇။ ကိုယ်လက်နှီးနှောခံလို၍ အမိုးအကာရှိသော အရပ်သို့လည်း ဝင်ကြကုန်၏။
၈။ ကိုယ်လက် နှီးနှောခံလို၍ မိမိကိုယ်ကိုလည်း ယောကျ်ား အနီးသို့ တိုးဓမးကြကုန်၏။

ထိုအကြောင်းအရာကို မြင်ကုန်ကြားကုန်သော ဘိက္ခုနီတို့သည် ကဲ့ရဲ့ရှုတ်ချ၍ ဘိက္ခုတို့အား လျှောက်ကြလေရာ ဘိက္ခုတို့ကတစ်ဆင့် ဘုရားရှင်အား လျှောက်ထားသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ **အဝဿုတာ** အဝဿုတဿ ပုရိ**သ**ပုဂ္ဂလဿ ဟတ္ထဂ္ဂဟဏံ ဝါ သာဒိယေယျ၊ သံဃာဋိ**က**ဏ္ဏဂ္ဂဟဏံ ဝါ သာဒိယေယျ၊ သန္တိဋ္ဌေယျ ဝါ၊ သလ္လပေယျ ဝါ၊ သင်္ကေတံ ဝါ ဂစ္ဆေယျ၊ ပုရိသဿ ဝါ အဗ္ဘာဂမနံ သာဒိယေယျ၊ ဆန္နံ ဝါ **အ**နုပဝိသေယျ၊ ကာယံ ဝါ တဒတ္ထာယ ဥပသံဟရေယျ ဧတဿ အသဒ္ဓမ္မဿ ပဋိသေဝနတ္ထာယ၊ အယမ္ပိ ပါရာဇိကာ ဟောတိ **အသံဝါသာ** အဋ္ဌဝတ္ထုကာ။

မြန်မာပြန်။ ။အကြင်ဘိက္ခုနီသည် ကိုယ်လက် နှိုးနှောလိုသော ရာဂ မိုးရေ စိုစေအပ်သည်ဖြစ်၍ ထိုရာဂမိုးရေ စိုစေအပ်သော ယောကျ်ား၏ လက်ဆွဲမှုကိုလည်း သာယာအံ့၊ အဝတ်သင်္ကန်း ကိုင်ဆွဲမှုကိုလည်း သာယာအံ့၊ ၂-တောင့်ထွာအတွင်း အနီး၌လည်း ရပ်နေအံ့၊ နီးနီး ကပ်ကပ်လည်း စကားပြောအံ့၊ ယောကျ်ား ချိန်းချက်အပ်သော အရပ် သို့လည်း သွားအံ့၊ မိမိဆီသို့ ယောကျ်ား၏လာမှုကိုလည်း သာယာအံ့၊ အမိုးအကာရှိသောအရပ်သို့လည်းဝင်အံ့၊ကိုယ်ကိုလည်း ထို ကိုယ်လက် နှိုးနှောဖို့ရာ အနီးသို့ ညွတ်ပေးအံ့၊ ဤဘိက္ခုနီလည်း အဋ္ဌဝတ္ထုကာ မည်သော ပါရာဇိကကျ၏၊ ဘိက္ခုနီကောင်းတို့နှင့် အပေါင်းအသင်း မရှိရ။

မှတ်ချက်။ ။ဤပါရာဇိက၌ ရှစ်ပါးလုံးကျူးလွန်မှ ပါရာဇိက ကျသည်၊ ''ရှစ်ပါးလုံး''ဟူရာ၌ တစ်ဆက်တည်း ကျူးလွန်မှုမဟုတ်၊ ယနေ့ တစ်ခုကျူးလွန်, နောက်ရက်၌ တစ်ခုကျူးလွန်ခြင်း စသည်ဖြင့် ကျူးလွန်လျှင် ရှစ်ပါးပြည့်သောအခါ ပါရာဇိကကျ၏၊ တစ်ခုခု ကျူးလွန်ပြီးနောက် သံဝေဂဖြစ်၍ (ကျူးလွန်မိတာ မှားပေါ့-ဟု နောင်တရသဖြင့်) နောက်မကျူးလွန်တော့ပါဘူးဟု ဆုံးဖြတ်၍ ဒေသနာပြော (အာပတ်ဖြေ) နိုင်လျှင် ထိုအာပတ် ပျောက်သွား၏၊ ယို့နောက် စိတ်ကိုမထိန်းနိုင်၍ နောက်ထပ် အခြားအပြစ်များ ကို ကျူးလွန်သော်လည်း ''ရှစ်ပါးအပြည့်''ဟု မဆိုရ၊ ဤအပြစ် ကိုလည်း ကျူးလွန်မည် ထိုထိုအပြစ်များကိုလည်း ကျူးလွန်မည်ဟု နောက်မဆုတ်သောစိတ်ဖြင့် တစ်မျိုးပြီးတစ်မျိုး ကျူးလွန်မှသာ ''ရှစ်ပါးပြည့်''ဟု ဆိုရသည်။

အမှာ။ ။ဘိက္ခုနီများအတွက် သီးခြားပညတ်တော်မူအပ်သော ဤပါရာဇိက ၄-ပါးအပြင် ဘိက္ခုတို့အား ပညတ်အပ်သော ''မေထုန်မှီဝဲမှု, လူ့ဥစ္စာခိုးမှု, လူကိုသတ်မှု, ဈာန်မဂ်ဖိုလ်မရဘဲနှင့်ရသည်ဟုလိမ်မှု'' ၄-ပါးကိုလည်း ဘိက္ခုနီများ လိုက်နာရသည်၊ ထို့ကြောင့်ဘိက္ခုနီ များ၌ ပါရာဇိက ရှစ်ပါးရှိ၏။

မှတ်ချက်။ ။ဘိက္ခုတို့၌ ကိုယ်လက်နှီးနှောမှုကို သံဃာဒိသေသ် အာပတ်မျှ သာ ပညတ်ထားသော်လည်း ဘိက္ခုနီများ၌ ဇာတောင်ဆစ် ဒူးဆစ် ညှပ်ရိုးတို့၏အတွင်းဘက်ကိုနှိုးနှောရာဝယ် သာယာခံမှုဖြင့် ပါရာဇိက ကျ၏၊ ကြွင်းသောမျက်နှာ လက်ခြေတို့ကို ကိုင်ရာ၌ သာယာမှုကြောင့် ကား ဘိက္ခုနီကို၌ ထုလ္လစ္စည်းသာသင့်၍ ဘိက္ခုတို့၌ မိမိကကိုင်လျှင် သံဃာဒိသေသ် သင့်၏၊ သူကလာကိုင်၍ သာယာရာ၌ကား မိမိက

မလျှပ်မရှားလျှင် အာပတ်ပင်မသင့်၊ ရှိရှိစဉ်းစားလျှင် ဘိက္ခုနီများ အတွက် အဘက်ဘက်မှာပင် ကြီးလေးသော အာပတ်ကိုသာ ပညတ်တော်မူကြောင်းတွေ့ရ၏။ ထိုသို့ မိန်းမသားတို့သည် နဂိုကပင် စိတ်သားနုနယ် သေးငယ်သူများဖြစ်၍ အထူး စောင့်စည်း ထိန်းသိမ်းရမည့်သူများ ဖြစ်သောကြောင့် ထိုကဲ့သို့ ပညတ်တော်မူဟန် ရှိသည်၊ ယခု လူ့လောက၌ သားယောက်ျားကို အချို့နေရာ၌ လွတ်လပ်ခွင့် ပေးထားနိုင်သော်လည်း ထိုနေရာမျိုးမှာပင် သမီး မိန်းမကို မျက်နှာသာ မပေးနိုင်သကဲ့သို့တည်း။

**ပါရာဇိကအခန်းပြီး၏။**

# ၂။ သံဃာဒိသေသအခန်း

## က။ ဥဿယဝါဒိကာသိက္ခာပုဒ်

**အမှုသည်–ထုလ္လနန္ဒာ။**

**အမှု–တရားစွဲမှု။**

**ဘဏ္ဍာတိုက်နှင့် စပ်၍ ငြင်းခုံခြင်း** ဥပါသကာ တစ်ယောက်သည် ဘိက္ခုနီ သံဃာအား ဘဏ္ဍာတိုက်တစ်ခုကို လှူပြီးနောက် မကြာမီ ကွယ်လွန်သွား၏၊ ကျန်ရစ်သော သား ၂-ယောက်တို့တွင် တစ်ယောက်သည် သဒ္ဓါတရားကောင်း၍ တစ်ယောက်ကား သဒ္ဓါတရားမရှိ၊ ညီအစ်ကို ၂-ယောက် အမွေခွဲကြသောအခါ သဒ္ဓါတရားမရှိသူက "ဘဏ္ဍာတိုက်ကိုလဲ အမွေခွဲကြစို့"ဟု ပြော၏၊ သဒ္ဓါရှိသူက "ဒီလိုမပြောပါနှင့်, ဘိက္ခုနီသံဃာအား လှူခဲ့ပြီးဖြစ်တယ်"ဟု ပြော၏၊ သဒ္ဓါမရှိသူသည် နောက်တစ်ကြိမ်ပြောပြန်၏၊ သဒ္ဓါကောင်းသူကလည်း ရှေးနည်းအတိုင်း တားမြစ်၏။

ထို့နောက် တစ်ကြိမ်ထပ်၍ (၃-ကြိမ်တိုင်တိုင်) ပြောသောအခါ သဒ္ဓါကောင်းသူက "ငါ့ရလျှင်လဲ ငါကပဲ ပြန်လှူမည်"ဟု ကြံ၍ "ခွဲဝေတာပေါ့"ဟု ပြောလိုက်၏၊ အမွေဝေသောအခါ ထိုဘဏ္ဍာတိုက်သည် သဒ္ဓါမရှိသူဘက်မှာ မဲကျလေ၏၊ ထိုအခါ သဒ္ဓါမရှိသူကလာ၍ နေထိုင်ကြသော ဘိက္ခုနီတို့ကို နှင်လေတော့၏၊ ထုလ္လနန္ဒာသည် "အမောင့်,ဒီလိုမနှင်ပါနှင့်၊ သင်၏အဘက ဘိက္ခုနီသံဃာအား လှူခဲ့ပြီးဖြစ်ပါတယ်"ဟု ပြော၍ "လှူတယ်, မလှူဘူး" အငြင်းအခုံဖြစ်ကာ တရားသူကြီးများထံ (မည်သူ့ဟာ ဖြစ်သင့်သလဲ)ဟု မေးမြန်းကြလေသည်။

**တရားသူကြီး။** ။ဒီဘဏ္ဍာတိုက်ကို ဘိက္ခုနီသံဃာအား လှူကြောင်း အသိသက်သေ ဘယ်သူရှိပါသလဲ။

**ထုလ္လနန္ဒာ။** ။တစ်စုံတစ်ခု လှူတဲ့အခါ အသိသက်သေထား၍ လှူတယ်လို့ အသင်တရားသူကြီးများ မြင်ဖူးကြားဖူးပါသလား။

**တရားသူကြီး။** ။အရှင်မပြောတာ ဟုတ်ပါတယ် (အသိသက်သေထား၍ လှူတယ်လို့ မရှိခဲ့ဘူး) ဟု သဘောပေါက်၍ ထိုဘဏ္ဍာတိုက်ကို ဘိက္ခုနီသံဃာပိုင်ဟု ဆုံးဖြတ်လိုက်ကြလေသည်။

**ဒဏ်တပ်ခံရပုံ** ထိုအခါ တရားရှုံးသော ထိုယောကျ်ားသည် (နဂိုကပင် သဒ္ဓါတရား မရှိတဲ့အပေါ်မှာသာ၍ မကြည်ညိုသော

ကြောင့်)''ဒီကတုံးမတွေဟာ သမဏီ=ရဟန်းမ အကောင်းတွေ မဟုတ်ကြဘူး၊ ယောကျ်ားတွေကို နှောင်ဖွဲ့တတ်သော (ဗန္ဓကီ = လင်ငယ်နေသော) အကောင်မတွေ''ဟု ဆဲရေးရှုတ်ချသောကြောင့် ထုလ္လနန္ဒာသည် တရားသူကြီးများကို တိုင်လေရာ တရားသူကြီးတို့က ထိုသူ့ကို ဒဏ်တပ်ကြလေသည်။

**အာဇီဝကတွေနှင့် တိုက်ပေးပုံ** ထိုသို့ ဒဏ်တပ်ခံရသောအခါ ထိုယောကျ်ားသည်ဘိက္ခုနီကျောင်းတိုက်အနီးဝယ် အာဇီဝက (တိတ္ထိ)တို့၏ကျောင်းကိုဆောက်၍, သူ့ကျောင်းထိုင်သော အာဇီဝကတို့ကို ''ကိုယ်တော်တို့လာကြ, ဘိက္ခုနီတွေကို ဆဲကြ'' ဟု တိုက်တွန်း လေသည်၊ ထုလ္လနန္ဒာသည် ထို(အာဇီဝကတို့နှင့် ရန်တိုက်ပေးတဲ့) အကြောင်းကိုလည်း တရားသူကြီးတို့အား တိုင်ပြန်လေရာ, ထိုယောကျ်ားကို ဖမ်းဆီးချုပ်နှောင်ကြလေသည်။

**သိက္ခာပုဒ် ပညတ်ရခြင်း** (အကြောင်းမှန်မသိသူ) လူအများက ''ဘိက္ခုနီတို့သည် ပထမအကြိမ် ဘဏ္ဍာတိုက်ကို တရားသူကြီးတို့အား နှိုအတင်းယူစေကြတယ်, ဒုတိယအကြိမ် ဒဏ်တပ်စေကြတယ်, ယခု တတိယအကြိမ် ဖမ်းဆီးချုပ်နှောင်စေကြ၊ နောက်တစ်ကြိမ်ဆိုလျှင် အသတ်ခိုင်းကြတော့မှာပဲ''ဟု ကဲ့ရဲ့ကြသည်ကို ဘိက္ခုနီများ ကြားသဖြင့် ဘိက္ခုတို့အား လျှောက်ထားရာ, ဘိက္ခုတို့ကတစ်ဆင့် ဘုရားရှင်အား လျှောက်ထားသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန ဘိက္ခုနီ ဥဿယဝါဒိကာ ဝိဟရေယျ ဂဟပတိနာဝါ ဂဟပတိပုတ္တေနဝါ ဒါသေနဝါ ကမ္မကာရေနဝါ အန္တမသော သမဏပရိဗ္ဗာဇကေနာပိ၊ အယံ ဘိက္ခုနီ ပဌမာပတ္တိကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ။**

**မြန်မာပြန်။** ။အကြင် ဘိက္ခုနီသည် (အိမ်ပိုင်ရာပိုင်ရှိသော) အိမ်ရှင်ယောကျ်ား, အိမ်ရှင် ယောကျ်ား၏သား (ညီအစ်ကို), ကျွန်,အလုပ်သမား, အောက်ထစ်ဆုံးရဟန်း, ပရိဗိုဇ်, ဤသူများနှင့် အငြင်းအခုံဖြစ်ပွား၍ **တရားတွေ့ဆုံအံ့၊** ထိုဘိက္ခုနီသည် ပထမလွန်ကျူးဆဲခဏ၌သင့်ရောက်အပ်သော - တရားသူကြီးတို့ ဆုံးဖြတ်ပြီးသည်နှင့် တစ်ပြိုင်

နက် သင့်ရောက်အပ်သော သံဃာမှ နှင်ထုတ်ကြောင်း ဖြစ်သော သံဃာဒိသေသ်အာပတ်သင့်၏။

**မှတ်ချက်။** ။[ဤအာပတ်သည် ၃-ကြိမ်တိုင်တိုင် ဥတ်ကမ္မဝါစာဖြင့် ဆုံးမပြီးသည့်အခါမှ သင့်ရောက်ရသော အာပတ်မဟုတ်, ပထမ လွန်ကျူးဆဲခဏ၌ပင် သင့်ရောက်အပ်သော အာပတ်ဖြစ်သည်၊ ဤ အာပတ်သင့်၍ မာနတ်ကျင့်နေရသည့်အခါ ထို ကျင့်ဝတ်များကို ကျင့်နေခိုက်၌ သံဃာမှ နှင်ထုတ်ထားရာ ရောက်သောကြောင့် ''သံဃာမှ နှင်ထုတ်ကြောင်းအာပတ်''ဟု ဆိုသည်။]

**အာပတ်အမျိုးမျိုး။** ။တရားစွဲမည်ဟုကြံ၍ သက်သေဖြစ်စေ, အဖော် ဖြစ်စေ ရှာလျှင်လည်းကောင်း, တရားရုံး-တရားသူကြီးထံ သွားလျှင်လည်း ကောင်း ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ်များစွာသင့်၏၊ တရားလို တရားခံ ၂-ဦးတွင် တစ်ဦးဦး၏ (ပြောလိုသော)စကားကို တရားသူကြီးအားပြောလျှင် ဒုက္ကဋ်အာပတ်သင့်၏၊ ထိုနောက် အခြားတစ်ဦး၏ ပြောလိုသော စကားကို တရားသူကြီးအားပြောလျှင် ဘိက္ခုနီမှာ ထုလ္လစ္စဥ်းအာပတ်သင့်၏၊ တရားသူ ကြီးတို့ ဆုံးဖြတ်ပြီးသောအခါ, ရှုံးသည်ဖြစ်စေ နိုင်သည်ဖြစ်စေ ဘိက္ခုနီမှာ သံဃာဒိသေသ် အာပတ်သင့်၏။

**တရားခံဖြစ်လျှင် အာပတ်မသင့်။** ။ဘိက္ခုနီက တရားမစွဲပဲ လူဝတ် ကြောင်က ဘိက္ခုနီအား တရားစွဲရာ၌ တရားခံအဖြစ်ဖြင့် ခေါ်ယူ၍သွားရရာ၌ ကား သွားခြင်းကြောင့်လည်းကောင်း, မှန်ကန်သောစကားကို ပြောခြင်း ကြောင့်လည်းကောင်း အာပတ်မသင့်၊ တရားပြီးဆုံးသော အခါ၌လည်း မိမိ အနိုင်ရစေကာမူ အာပတ်မသင့်။

**အစောင့်အရှောက်တောင်းခြင်း။** ။မိမိတို့ ကျောင်းအနီး၌ ရွာသား ကလေးများ သေသောက်ကြူးများ, ခိုးသူများက မတော်မလျော် ပြုလုပ်ကြ သော်လည်းကောင်း, ကျောင်းနှင့်သက်ဆိုင်သော သစ်ပင်များကိုခုတ်ဖြတ်ကြ သော်လည်းကောင်း, သစ်သီးများကို ဆွတ်ခူးကြသော်လည်းကောင်း, သပိတ် သင်္ကန်းစသည်ကိုခိုးသွားကြသော်လည်းကောင်း ဆိုင်ရာအစိုးရအားပြောပြ၍ အစောင့်အရှောက် တောင်းခွင့်ရှိ၏၊ (တရားမစွဲကောင်း။)

ထိုသို့အစောင့်အရှောက်တောင်းရာ၌ လွန်ခဲ့ပြီးသော အမှုအတွက်ဖြစ်စေ အနာဂတ်၌ မပြုကြဖို့ဖြစ်စေ ပြစ်မှုရှိသူ (သို့မဟုတ်လွန်ကျူးတတ်သူ) တို့၏ နာမည်ကို ထုတ်ဖော်၍မပြောရ၊ ထုတ်ဖော် ပြောသည့်အတွက် ထိုသူတို့ကို

ဖမ်း၍ ဒဏ်တပ်လျှင် ဘိက္ခုနီမှာ ဘဏ္ဍာ စားထိုက်၏၊ (၁၀-တပ်လျှင် ထို တစ်ဆယ်ကို ဘိက္ခုနီက ထိုအမှုသည်အား အစား ပေးရမည်-ဟူလို၊) ဒဏ် တပ်တော့မှာပဲဟု သိသော်လည်း ဘိက္ခုနီမှာ ဘဏ္ဍာစားသာ ထိုက်၏၊ မည်သူ မည်ဝါဟာ ဘိက္ခုနီများကို အနှောင့်အယှက် ပေးနေသည်, သို့မဟုတ် ပေး လိမ့်မည့် သူတို့ကို ဒဏ် တပ်ပါဟု တိုက်ရိုက် ခိုင်းလျှင်ကား ၅-ပဲလောက် ဒဏ်တပ်လျှင်ပင် ဘိက္ခုနီမှာ ပါရာဇိက ကျတော့၏။

ဆိုင်ရာ အစိုးရက "အရှင်တို့အား နှောင့်ယှက်သူဆိုတာ ဘသူပါလဲ"ဟု မေးလျှင် "ဘယ်သူ ဘယ်ဝါဟု ငါတို့မပြောကောင်း, သင်တို့ဘာသာ သိကြ လိမ့်မပေါ့၊ ငါတို့တော့ အစောင့်အရှောက်ကိုသာ တောင်းတာပဲ၊ ခိုးသွားတဲ့ ပစ္စည်းကိုလဲ ပြန်ရအောင် လုပ်ပေးကြပါ"ဟု ပြောရမည်၊ ဤသို့ နာမည်ကို ထုတ်ဖော် မပြောဘဲ အစောင့် အရှောက်ကိုသာ တောင်းကောင်း၏၊ ထိုသို့ နာမည်မပြောဘဲ အစောင့်အရှောက်ကိုသာ တောင်းရာ၌ ဆိုင်ရာ အစိုးရ ဘာသာ ပြုလုပ်သူကို ဖွေရှာ၍ ဒဏ်တပ်လျှင် (ထိုသူ့ဥစ္စာကို အကုန် သိမ်း သော်လည်း) ဘိက္ခုနီမှာ လုံးဝ အပြစ်မရှိ၊

သပိတ် သင်္ကန်း ခိုးနေသည်ကို မြင်၍ (သူ့ကို ဖမ်းပြီး ဒဏ်တပ်ပါစေ-ဟူသော စေတနာဖြင့်) "သူခိုး, သူခိုး" ဟု မြူ မအော်ကောင်း၊ ထိုသို့ အော်သောကြောင့် ဆိုင်ရာက လိုက်ဖမ်း၍ ဒဏ်တပ်လျှင် အော်သူမှာ ဘဏ္ဍာ စားထိုက်၏၊ ဆိုင်ရာ အစိုးရသည် မိမိစကားကို ကောင်း နားထောင်မည့်သူ ဖြစ်လျှင် "မည်သူဟာ ငါ၏ပရိက္ခရာကို ခိုးသွားသည်၊ ပြန်ရအောင် လုပ်ပေး ပါ, ဒဏ်တော့ မတပ်ပါနှင့်"ဟု နာမည်ကို ထုတ်ဖော် ပြောဆိုမှုသည်လည်း ပြောကောင်း၏-ဟု အဋ္ဌကထာ၌ ခွင့်ပြုချက်ဆို၏၊ ဤ ပြခဲ့သော စကား အားလုံးသည် ဘိက္ခုနီများနှင့်သာမက, ဘိက္ခုများနှင့်လည်း သက်ဆိုင်၏။ ["ယထာစာယံ ဘိက္ခုနီနံ့ ဝုတ္တော, ဘိက္ခူနံပိ ဧသေဝနယော"-အဋ္ဌကထာ။]

**မှတ်ချက်။** ။ဤသိက္ခာပုဒ်၌ ဗုဒ္ဓနန္ဒာ၏ တရားစွဲမှုသည် အမှန်ဘက်က စွဲမှု ဖြစ်၏၊ ထိုအမှန်တရားကိုသော်လည်း လူဝတ်ကြောင်-သာသနာပ ရသေ့ ပရိဗိုဇ်များနှင့် မပြုရ၊ မိမိကို နှိပ်စက်သော် လည်းကောင်း, မိမိ၏, သို့မဟုတ် သံဃာ၏ ပစ္စည်း တစ်စုံတစ်ရာကို မတရား ယူထားသော် လည်းကောင်း ကာကွယ်ပေးရန်, ပြန်ရအောင် ပြုလုပ်ပေးရန် တိုင်တန်းမှုကိုသာ ပြုရသည်၊ တရားမစွဲရ၊ ဘိက္ခု များလည်း ဤအတိုင်း လိုက်နာရမည်၊ ဘိက္ခု-ဘိက္ခုနီစသော သီတင်း သုံးဖော် အချင်းချင်း အငြင်းအခုန် ဖြစ်ရာ၌ကား (အဓိကရဏ သမထ ခန္ဓက၌ လာသည့် အတိုင်း) ဝိနည်းမိုရ်

ရဟန်းတော်များထံ အဆုံးအဖြတ် ခံရမည်၊ ထိုသို့ ဆုံးဖြတ်၍ မနာခံရာ၌ကား ပစ္စည်းမှု မဟုတ်လျှင် သူ့ထိုက်နှင့် သူ့ကံ ထားရုံသာ၊ ပစ္စည်းမှုကို မတရားယူထားရာ၌ကား အာဏာပိုင်သူများထံ တရားမစွဲဘဲ အကူအညီကို တရားသဖြင့် တောင်းနိုင်စရာ ရှိသည်။

---

## ခ။ စောရီဝုဋ္ဌာပန သိက္ခာပုဒ်

အမှုသည်-ထုလ္လနန္ဒာ။

အမှု—ခိုးသူမကို ရဟန်းပြုပေးမှု။

လင်ငယ်နေသော မိန်းမ — ဝေသာလီပြည်၌ လိစ္ဆဝီမင်းတစ်ယောက်၏ ဇနီးသည်သည် လှန်ကျူး၍ ကျင့်လေ့ (လင်ငယ် နေလေ့) ရှိ၏၊ လိစ္ဆဝီမင်းသည် ထိုအကြောင်းကိုသိ၍ ''ငါတောင်းပန်ပါတယ်, ရှောင်ကြဉ်ပါ၊ မင့်ကို အကျိုးမဲ့ဖြစ်အောင် ပြုမိလိမ့်မယ်'' ဟု ပြော၏၊ ထိုမိန်းမသည် ယောကျ်ား၏ စကားကို နားမထောင်၊ ထိုအချိန်မှာ လိစ္ဆဝီမင်းအများ၏ အစည်းအဝေးရှိ၏၊ (လိစ္ဆဝီမင်းတို့သည် တစ်လှည့်စီ တိုင်းပြည်ကိုအုပ်ချုပ်၍ မကြာခဏလည်း စည်းဝေး ဆွေးနွေးလေ့ ရှိ၏၊) ထိုအစည်းအဝေး၌ အခြားမင်းတို့အား ''မိမိဖို့ မိန်းမတစ်ယောက် ထပ်၍ယူခွင့်ပေးရန် ခွင့်တောင်း၍ မိမိမယား လင်ငယ်နေသဖြင့် သတ်ချင်ကြောင်းကိုပါ ပြောပြလေသော်, မင်းအများကလည်း ကိုယ့်သဘောအတိုင်း သိပေတော့ဟု ခွင့်ပြုလိုက်ကြလေသည်။

ထွက်ပြေး၍ ဘိက္ခုနီပြုလုပ်ခြင်း — ထိုမိန်းမသည် သူ့ကို သတ်တော့မည့်အကြောင်း ကြားရ၍ ပုလဲ, ပတ္တမြားစသော အကောင်းဆုံး ပစ္စည်းများ ခိုးယူ၍ သာဝတ္ထိမြို့သို့ ထွက်ပြေးပြီးလျှင် တိတ္ထိတို့အထံ တိတ္ထိရဟန်းမ ပြုပေးဖို့အကြောင်း ခွင့်တောင်းလေသည်၊ တိတ္ထိတို့ကား သူ့ကို ''တိတ္ထိမ'' ပြုမပေးလိုကြ၊ ထိုနောက် ဘိက္ခုနီတို့ထံ သွား၍ ခွင့်တောင်းပြန်လည်း ဘိက္ခုနီသံဃာက ခွင့်မပြုကြ၊ ထုလ္လနန္ဒာထံသွား၍ ဘဏ္ဍာတွေကို ပြပြီး ခွင့်တောင်းလေရာ ထုလ္လနန္ဒာသည် ထို ဘဏ္ဍာတွေကိုယူ၍ ဘိက္ခုနီ ပြုလုပ်ပေးလေသည်။

ယောကျ်ားလိုက်ရှာပုံ ကဲ့ရဲ့ပုံ — ထိုယောကျ်ားသည် ထွက်ပြေးသော မိန်းမကို လိုက်၍ ရှာသောအခါ သာဝတ္ထိမြို့၌ ဘိက္ခုနီ ပြုနေသည်ကို တွေ့ရ၍(ကောသလမင်း၏နိုင်ငံဖြစ်၍ သူမပိုင်ရကား) ကောသလမင်းထံ တိုင်ကြားလေသည်၊ ကောသလမင်းသည် ''ဘိက္ခုနီ

ပြုနေလျှင် ဘာမှသူကို မပြုပါနှင့်၊ ကောင်းစွာဟောထားအပ်သော ဘုရား တရားတော်ကို ကျင့်နေပါစေ"ဟု ပြောဆိုလေသော်, ထိုယောကျ်ားသည် ဘိက္ခုနီအားလုံးကို သိမ်းကျုံး၍ "သူခိုးမကို ရဟန်းပြုပေးရမလား" ဟု ကဲ့ရဲ့ရှုတ်ချလေသည်၊ ထိုကဲ့ရဲ့သည်ကိုကြား၍ အကြောင်းမှန်ကိုသိသော ဘိက္ခုနီ တို့က ထုလ္လနန္ဒာကို အပြစ်တင်ပြီးလျှင် ဘိက္ခုတို့အား လျှောက်ထားသဖြင့် ဘုရားရှင် ကြားတော်မူသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော် မူရလေ သည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဇာနံ စောရိံ ဝဇ္ဈံ ဝိဒိတံ အနပလောကေတွာ ရာဇာနံဝါ သံဃံဝါ ဂဏံဝါ ပူဂံဝါ သေဏိံဝါ အညတြ ကပ္ပါ ဝုဋ္ဌာပေယျ၊ အယမ္ပိ ဘိက္ခုနီ ပဌမာပတ္တိကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ။

**မြန်မာပြန်။** ။အကြင်ဘိက္ခုနီသည် သတ်ထိုက်သော သူခိုးမဖြစ်ကြောင်း ကို သိပါလျက် အမှန်လည်း သတ်ထိုက်သော သတ်ထိုက်သူဟူ၍လည်း ထင်ရှားသော သူခိုးမကို မင်းကိုဖြစ်စေ, ဘိက္ခုနီ သံဃာကိုဖြစ်စေ, မင်းအပေါင်းဟူသော ဂိုဏ်းကိုဖြစ်စေ, ကုသိုလ်ပြု အသင်းကိုဖြစ်စေ, ကုန်သည်တို့၏ အစည်းအရုံးကိုဖြစ်စေ မတိုင်ကြားဘဲ ပြုပေးကောင်း လောက်အောင် ("ကပ္ပါ-အပ်စပ်သူမ")လည်း မဟုတ်ဘဲ ဥပဇ္ဈာယ် လုပ်၍ ဘိက္ခုနီပြုပေးအံ့၊ ထိုဘိက္ခုနီမှာ လွန်ကျူးပြီးလျှင် ပြီးခြင်း သင့်ရောက်အပ်သော သံဃာမှ နှင်ထုတ်ကြောင်းလည်း ဖြစ်သော သံဃာဒိသေသ် အာပတ်သင့်၏။

**မှတ်ချက်။** ။ရှင်ဘုရင်ကိုယ်တိုင် အုပ်ချုပ်သောနေရာ၌ ("မည်သည့်မိန်းမ အား ဘိက္ခုနီပြုပေးမလို-ပါ")ဟု မင်းကို တိုင်ကြားရမည်၊ ပူဂ, ဂဏ,သေဏိတို့ အုပ်ချုပ်သော နေရာ၌ ထိုပူဂ စသည်ကိုတိုင်ကြား ရမည်၊ ထိုသို့ မင်းစသူတို့တွင် တစ်ဦးဦးကို တိုင်ကြားပြီးနောက် လည်း ဘိက္ခုနီသံဃာကို တိုင်ကြားရဦးမည်။

**ဂဏစသည်။** ။ဗိုဿနိုးနတ်ကို ကိုးကွယ်သူ လူအပေါင်း, ခန္ဒနတ်ကို ကိုးကွယ်ဆည်းကပ်သူ လူအပေါင်းကို "ဂဏ=ဂိုဏ်း"ဟု ခေါ်၏၊ သာသနာ တော်နှင့်စပ်၍ ကုသိုလ်တရား အားထုတ်သော ဆွမ်းလောင်းအသင်း,ကထိန် အသင်း စသည်ကို "ပူဂ=အသင်းအပင်း"ဟု ခေါ်၏၊ နံ့သာကုန်သည် အထည်ကုန်သည် စသော ကုန်သည် အစည်းအရုံးကို "သေဏိ"ဟု ခေါ်၏၊ ထိုဂဏစသည်တို့အား တစ်ရံတစ်ခါ သူတို့အင်အားအလိုက် သူတို့ဆိုင်ရာ ရပ်

ကွက်၍ အုပ်ချုပ်ဖို့ရန် လွှဲအပ်ထားတတ်လေသည်၊ ထိုသို့လွှဲအပ်ထားသော ဂဏ စသည်အားသာ တိုင်ကြားရပည်-ဟု မိန့်တော်မူလိုသည်။

**ပြုပေးအပ်သူ။** ။လူဝတ်ကြောင် အဖြစ်ဖြင့် လာသူကိုသာ ဘိက္ခုနီ ပြုမ ပေးကောင်း၊ တိတ္ထိထံ၌ ရသေ့မ ပရိဗိုဇ်မ ပြုပြီးသူကိုဖြစ်စေ, အခြားသော ဘိက္ခုနီတို့အထံ သာမဏေမ ပြုပြီးသူကိုဖြစ်စေ ဘိက္ခုနီပြုပေးကောင်း၏၊ ထိုသို့ ပြုပေးကောင်းသူမကို "ကပ္ပါ=ပြုပေးခြင်းငှာအပ်သူ" ဟု ခေါ်သည်။

## ဂ။ ဂါမန္တရစတုတ္ထသိက္ခာပုဒ်

**အမှုသည်–ဘိက္ခုနီအမျိုးမျိုး။**

**အမှု–တခြားရွာသို့ တစ်ယောက်တည်း သွားမှုစသည်။**

**အခြားတစ်ရွာသို့ တစ်ယောက်တည်း သွားမှု**

သာဝတ္ထိမြို့၌ ဘဒ္ဒါကာပိလာနီမည်သော (အရှင်မဟာကဿပ၏ အလုပ်အကျွေးဟောင်း) မထေရီမ၏ တပည့်မ ဘိက္ခုနီတစ်ယောက်သည် အခြားဘိက္ခုနီတို့နှင့် ရန်ဖြစ်၍ ဆွေမျိုးရှိရာ ရွာငယ်တစ်ခုသို့ သွားလေသည်၊ မထေရီမသည်ထိုဘိက္ခုနီကို မမြင်၍ မေးသောအခါရန်ဖြစ်ပြီးဘယ်သွားသည် မသိကြောင်း လျှောက်ကြကုန်၏၊ "အမိတို့....ဟိုရွာငယ်မှာ သူ့ရဲ့အမျိုးရှိပါတယ်၊ အဲဒီသွားပြီး ရှာကြပါ" ဟု အရှာခိုင်း၍ တွေ့သောအခါ လိုက်၍ရှာသော ဘိက္ခုနီတို့က "ဘာ့ကြောင့် တစ်ယောက်တည်းသွားရသလဲ, ယောကျ်ားတွေရဲ့ အဖျက်ဆီး မခံရဘူးလား" ဟု မေးကြလေရာ "မခံရပါဘူး" ဟု ပြန်၍ပြောလေသည်၊ ထို့နောက် ထိုအကြောင်းကိုကြားသော ဘိက္ခုနီတို့က ကဲ့ရဲ့ရှုတ်ချသဖြင့် "တခြားရွာသို့ တစ်ယောက်တည်း မသွားရ, သွားလျှင် သံဃာဒိသေသ်အာပတ်" ဟု ပထမပညတ်တော်မူရလေသည်။

**တစ်ယောက်တည်း တစ်ဘက်ကမ်းသွားမှု**

ဘိက္ခုနီ ၂-ယောက်သည် သာကေတမြို့မှသာဝတ္ထိမြို့သို့ လာကြရာ, မြစ်တစ်ခုကို ဖြတ်ကူးစရာ ရှိသဖြင့် လှေသမားတို့ကို တစ်ဘက်ကမ်းသို့ ပို့ပေးပါရန် တောင်းပန်ကြလေသည်၊ လှေသမားတို့သည် (သူတို့အကြံဖြင့်) "တစ်ကြိမ်တည်း ၂-ယောက်ကူးလို့ လှေကမနိုင်ဘူး" ဟု ပြော၍ လှေသမား၂-ယောက်တွင် တစ်ယောက်စီတင်၍ ပို့လေရာ, ဟိုတစ်ဘက်ကမ်းရောက်နှင့်သော လှေသမားက ဟိုဘက်ရောက်ပြီး ဘိက္ခုနီကိုဖျက်ဆီး၍ မရောက်သေးသော လှေ

သမားကလည်း ဘိက္ခုနီကို ဖျက်ဆီးလေသည်၊ ဘိက္ခုနီ ၂-ယောက်တွေ့ကြ၍ "အဖျက်ဆီး မခံရဘူးလား" ဟု အချင်းချင်းမေးကြရာ "အဖျက်ဆီးခံရကြောင်း" ပြော၍ သာဝတ္ထိသို့ ရောက်သောအခါ အခြားဘိက္ခုနီတို့အား ပြောပြကြသဖြင့် ထိုဘိက္ခုနီတို့က "တစ်ယောက်ချင်း တစ်ဘက်ကမ်းကူး ရသလား" ဟု ကဲ့ရဲ့ရှုတ်ချသောကြောင့် "တစ်ယောက်တည်း မြစ်တစ်ဘက်ကမ်းသို့ မကူးရ, ကူးလျှင် သံဃာဒိသေသ် အာပတ်" ဟု ဒုတိယပညတ်တော်မူရပြန်သည်။

**ညဉ့်အခါ အဖော်နှင့်ခွဲနေမှု**

များစွာသော ဘိက္ခုနီတို့သည် သာဝတ္ထိမြို့သို့ သွားကြလေရာ, ထိုဘိက္ခုနီများတွင် အလွန်အဆင်းလှ၍ ရှုချင့်စဖွယ်တင့်တယ်သော ဘိက္ခုနီတစ်ယောက်လည်း ပါလာလေသည်၊ သူတို့သည် ညနေအခါ ရွာငယ်တစ်ခုသို့ ရောက်ကြလေသော်တည်းခိုဖို့နေရာ၌ ထိုဘိက္ခုနီအများဖို့ နေရာခင်းပေးသောအခါ ယောကျ်ားတစ်ယောက်သည် ထိုလှပသောဘိက္ခုနီကို မြင်လျှင်မြင်ခြင်း စွဲနေရကား ထိုဘိက္ခုနီအတွက် နေရာကို ချောင်ကျသောအရပ်၌ ခင်းပေးထား၏၊ ထိုဘိက္ခုနီကလည်း ထိုယောကျ်ား၏ နေရာခင်းပုံကိုမြင်၍ သူ့အပေါ် စိတ်ဖေါက်ပြန်ကြောင်း ရိပ်မိရကား မတော်လို့များ ညအခါလာလျှင် အော်မိမှာစိုးသောကြောင့် အခြားဘိက္ခုနီတို့အား မတိုင်ကြားဘဲ အိမ်တစ်အိမ်သို့သွား၍ အိပ်လေသည်။

ထိုယောကျ်ားလဲ ညအခါ၌ အမှန်ပင်လာ၍ ထိုဘိက္ခုနီကို ရှာသောအခါ အခြားဘိက္ခုနီတို့ကို တိုက်ခိုက်မိလေ၏၊ အခြားဘိက္ခုနီတို့သည် ထိုဘိက္ခုနီကို ရှာသောအခါ မတွေ့ကြသဖြင့် "ထိုယောကျ်ားနှင့် ကေန်ထွက်သွားပေါ့" ဟု တွေးကြပြီးလျှင် မိုးလင်းသောအခါ ပြန်လာသောဘိက္ခုနီကို မေးကြလေရာ အကြောင်းမှန်ကိုသိရသော်လည်း "ညဉ့်အခါ အဖော်နှင့်ခွဲ၍ တစ်ယောက်တည်းနေရသလား" ဟု ကဲ့ရဲ့ရှုတ်ချသဖြင့် "ညဉ့်အခါ၌ အဖော်နှင့်ခွဲ၍ တစ်ယောက်တည်း မနေရ, နေလျှင် သံဃာဒိသေသ်အာပတ်" ဟု တတိယပညတ်တော်မူရပြန်သည်၊ ["တစ်ယောက်ထည်းခွဲ" ဟူရာ၌ အဖော်မနှင့် ၂-တောင့်ထွာထက် ဝေးနေလျှင်ပင် တစ်ခန်းတည်း ဖြစ်သော်လည်း ခွဲနေရာရောက်သတဲ့။]

**နောက်ချန်ရစ်၍ ဖျက်ဆီးခံရပုံ**

ဘိက္ခုနီအများတို့သည် သာဝတ္ထိသို့ သွားကြလေရာ, ထိုဘိက္ခုနီအများတွင် ဘိက္ခုနီ တစ်ယောက်သည် လမ်းခရီးတွင် ကျင်ကြီး စွန့်ချင်သည်ဖြစ်၍ နောက်ချန်နေရစ်ခဲ့၏၊ နောက်မှ တစ်ယောက်တည်း လာသော ဘိက္ခုနီကို ယောကျ်ားတွေ့မြင်၍

ဖျက်ဆီးကြကုန်၏၊ ထိုဘိက္ခုနီသည် သွားနိုင်သော ဘိက္ခုနီများကို မှီသော အခါ ယောက်ျားတွေ၏ အဖျက်ဆီးခံရကြောင်းကို ပြောပြ၍ "တစ်ယောက်တည်း ချန်နေရစ်ကောင်းလား" ဟု ကဲ့ရဲ့ရှုတ်ချကြသောကြောင့် "အဖော်အပေါင်းနှင့်ခွဲ၍ တစ်ယောက်တည်း ချန်မနေရစ်ရ, နေရစ်လျှင် သံဃာဒိသေသ်အာပတ်" ဟု စကုတ္ထပညတ်တော်မူရပြန်သည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဧကာ ဝါ ဂါမန္တရံ **ဂစ္ဆေယျ၊ ဧကာ ဝါ** နဒီပါရံ ဂစ္ဆေယျ၊ ဧကာ ဝါ ရတ္တိံ ဝိပ္ပ**ဝသေယျ၊ ဧကာ ဝါ** ဂဏမှာ ဩဟိယေယျ၊ **အယမ္ပိ** ဘိက္ခုနီ **ပဌမာပတ္တိကံ** ဓမ္မံ **အာ**ပန္နာ နိဿာရဏီယံ သံဃာဒိ**သေသံ**။

မြန်မာပြန်။ ။အကြင် ဘိက္ခုနီသည် တစ်ယောက်တည်း တစ်ခြားရွာသို့သော်လည်း သွားအံ့၊ မြစ်တစ်ဘက်ကမ်းသို့သော်လည်း တစ်ယောက်တည်းသွားအံ့၊ ညဉ့်အခါ၌ အဖော်နှင့်ခွဲ၍သော်လည်း တစ်ယောက်တည်းနေအံ့၊ (ခရီးသွားစဉ်) အဖော်အပေါင်းမှသော်လည်း နောက်ချန်နေရစ်အံ့၊ ထိုဘိက္ခုနီသည် လွန်ကျူးလျှင်ကျူးခြင်း သင့်ရောက်အပ်သော သံဃာမှ နှင်ထုတ်ကြောင်းလည်း ဖြစ်သော သံဃာဒိသေသ် အာပတ်သင့်၏။

---

## ဃ။ ဥက္ခိတ္တဩသာရဏသိက္ခာပုဒ်

**အမှုသည်—ထုလ္လနန္ဒာ။**

**အမှု—သံဃာက ဖယ်ထုတ်ထားသူကို ပြန်၍သွင်းမှု။**

**စဏ္ဍကာဠီကို ဘက်ပြုခြင်း**

သာဝတ္ထိမြို့၌ "စဏ္ဍကာဠီ" မည်သော ဘိက္ခုနီသည် မိမိ အသင်းအပင်းတွင် တိုင်ပင်မှုကိုလည်း ပြုတတ်၏, ခိုက်ရန်ဖြစ်မှုကိုလည်း ပြုတတ်၏၊ ဆန့်ကျင်ဘက် ပြောမှုကိုလည်း ပြုတတ်၏၊ စကားအလွန်များ၏၊ သံဃာ၌ အဓိကရဏ်း ဖြစ်အောင်လည်းပြုတတ်၏၊ ထိုစဏ္ဍကာဠီကို ဘိက္ခုနီသံဃာက ဥက္ခေပနီယကံ (နှင်ထုတ်မှုကံ) ပြုမည်လုပ်လျှင် ထုလ္လနန္ဒာသည် မပြုဖို့ရန် ကန့်ကွက်၏၊ အခါ တစ်ပါး၌ကား ရွာနယ်တစ်ခုကို ထုလ္လနန္ဒာ သွားနေခိုက်၌ ထိုစဏ္ဍကာဠီကို, သင့်နေသော အာပတ်ကို (အာပတ်ဟု) မရှုသည့်အတွက် ဥက္ခေပနီယကံ ပြုလေသည်၊ [ဤကံအပြုခံရသူသည် သံဃာ့ကံစွဲ၌ အပေါင်းအဖော် မလုပ်ရတော့။]

**ထုလ္လနန္ဒာအား အကြောင်းပြန်ပြောပုံ**

ထုလ္လနန္ဒာသည် ရွာငယ်၌ ကိစ္စပြီး၍ ပြန်လာသော အခါ စဏ္ဍကာဠီသည်(ပြုနေကျဖြစ်သောခြေဆေး ရေ ခပ်ပေးခြင်း, သပိတ် သင်္ကန်း လှမ်းယူခြင်း– စသော) တာဝန့်ဝတ္တရားကိုမပြုဘဲ (စိတ်ကောက်)နေ၏၊ ထုလ္လနန္ဒာက "ဘာပြုလို့ဝတ္တရားကို မပြုသလဲ"ဟု မေးသောအခါ "အားကိုးစရာ မရှိတဲ့ သူဟာ ဒီလို (ဝတ္တရားမပြုဘဲ) နေရတာပေါ့"ဟု လျှောက်၏၊ "ဘာလို့ အားကိုးစရာ မရှိရမှာလဲ"ဟု ပြောသောအခါ "သူ့ကို ဘိက္ခုနီသံဃာက (ဒီဘိက္ခုနီဟာ အားကိုးစရာမရှိ, ထင်ရှားသူမဟုတ်, သူ့ဘက်က ဘယ်သူမှ ကန့်ကွက်မည့်သူမရှိဘူး–ဆိုတဲ့အနေမျိုးဖြင့်) သူ့ကိုနှင်ထုတ်ထားကြောင်းကို ပြောပြလေသည်။

**ထုလ္လနန္ဒာက ပြန်၍သွင်းပုံ**

ထိုအခါ ထုလ္လနန္ဒာသည် "ကံပြုတဲ့ ဒီကောင်မတွေဟာ အမိုက်မတွေ ညာဏ်ရှိသူမတွေမဟုတ်ကြဘူး၊ သင်းတို့ဟာ ကံကိုလဲ နားမလည်ကြဘူး, ကံ့ရဲ့အပြစ်ကိုလဲ နားမလည် ကြဘူး, ကံရဲ့ပြည့်စုံပုံ ပျက်စီးပုံကိုလဲ နားမလည်ကြဘူး၊ ငါတို့သာ နားလည် ကြတယ်, ငါတို့ဟာ မပြုရသေးတဲ့ ကံကိုလဲ ပြုအောင်လုပ်နိုင်ကြတယ်, ပြုပြီး တဲ့ကံကိုလဲ ဖျက်ပစ်နိုင်တယ်"ဟု ပြော၍ ဘိက္ခုနီသံဃာကို ကပျာကယာ စည်းဝေးစေပြီးလျှင် ထုတ်ဖယ်ထားသော စဏ္ဍကာဠီကို သံဃာတွင်းသို့ပြန်၍ သွင်းလေသည်၊ (ပြန်၍သွင်းသောကံ ပြုပေးလေသည်-ဟူလို၊) ထိုအခါ ဘိက္ခုနီအများက ထုလ္လနန္ဒာ၏ ပြောပုံ ဆိုပုံ လုပ်ကိုင်ပုံကို ကဲ့ရဲ့ကြ၍ ရဟန်း တော်များ လျှောက်ထားသဖြင့် ဘုရားရှင် သိတော်မူသောကြောင့် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ သမဂ္ဂေန သံဃေန ဥက္ခိတ္တံ ဘိက္ခုနိံ ဓမ္မေန ဝိနယေန သတ္ထုသာသနေန အနပလောကေတွာ ကာရက သံဃံ အနညာယ ဂဏဿ ဆန္ဒံ ဩသာရေယျ၊ အယမ္ပိ ဘိက္ခုနီ ပဌမာပတ္တိကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ။

**မြန်မာပြန်။** ။အကြင်ဘိက္ခုနီသည် မှန်ကန်သော သဘောလည်းဖြစ် သော ဝိနည်းထုံးစံအတိုင်း စစ်ဆေး မေးမြန်းမှုလည်း ရှိသော ဉတ်ကမ္မဝါစာဖြင့် (ကံပြု၍) သံဃာမှ ဖယ်ထုတ် ထားအပ်သော ဘိက္ခုနီကို ကံပြုသော သံဃာကိုလည်း ခွင့်မပန်ဘဲ ထိုကံပြုသော

ဘိက္ခုနီအပေါင်း၏ စိတ်ဆန္ဒကိုလည်း မသိရဘဲ သံဃာ့အတွင်းသို့ ပြန်၍သွင်းအံ့၊ ထိုဘိက္ခုနီလည်း လွန်ကျူးလျှင် လွန်ကျူးခြင်း သင့်ရောက်အပ်သော သံဃာမှ နှင်ထုတ်ကြောင်းလည်းဖြစ်သော သံဃာဒိသေသ်အာပတ်သင့်၏။

## ၄။ အဝဿုတဘုဥ္ဇန သိက္ခာပုဒ်

**အမှုသည်–သုန္ဒရီနန္ဒာ။**

**အမှု–မိမိကို ချစ်ကြိုက်နေသူကို၏လက်မှ ခဲဖွယ်ဘောဇဉ်ကို ယူ၍စားမှု။**

**သုန္ဒရီနန္ဒာအား ကျေးကြပုံ** သုန္ဒရီနန္ဒာသည် ( ပါရာဇိကအခန်း၌ ပြခဲ့သည့်အတိုင်း ) အလွန်အဆင်းလှသောကြောင့် ဆွမ်းကျွေးသူတို့ ဆွမ်းစားဇရပ်၌ သုန္ဒရီနန္ဒာကိုမြင်လျှင် ခင်မင်ကြသည်ဖြစ်၍ ကောင်းသော ခဲဖွယ်ဘောဇဉ်ကို ရွေး၍ သုန္ဒရီနန္ဒာအား ပေးကြကုန်၏၊ သုန္ဒရီနန္ဒာမှာ စိတ်တိုင်းကျ စားရသလို၊ အခြားဘိက္ခုနီတို့ မစားကြရကုန်၊ ထို့ကြောင့် အခြားဘိက္ခုနီတို့က သုန္ဒရီနန္ဒာအား "မိမိကို ချစ်ကြိုက်နေသူတို့၏ လက်မှ ခဲဖွယ်ဘောဇဉ်ကို မိမိကလည်း ပြန်၍ ချစ်ကြိုက်နေပါလျက် လက်ခံ စားရကောင်းလား" ဟု ကဲ့ရဲ့ရှုတ်ချကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ အဝဿုတာ **အဝဿုတဿ** **ပုရိသပုဂ္ဂလဿ** ဟတ္ထတော ခါဒနီယံဝါ **ဘောဇနီယံဝါ** **သဟတ္ထာ** ပဋိဂ္ဂဟေတွာ ခါဒေယျဝါ ဘုဉ္ဇေယျဝါ၊ **အယမ္ပိ** ဘိက္ခုနီ ပဌမာပတ္တိကံ ဓမ္မံ **အာပန္နာ** **နိဿာရဏီယံ** **သံဃာဒိသေသံ။**

**မြန်မာပြန်။** ။အကြင်ဘိက္ခုနီသည် မိမိကိုယ်တိုင်က ကိလေသာမိုးရေ စိုစွတ်နေသူဖြစ်လျက် ကိလေသာမိုးရေ စိုစွတ်နေသော ယောကျ်ား၏လက်မှ ခဲဖွယ်ကိုဖြစ်စေ, ဘောဇဉ်ကိုဖြစ်စေ, မိမိလက်ဖြင့်ခံယူ၍ ခဲ, စားအံ့၊ ထိုဘိက္ခုနီလည်း လွန်ကျူးလျှင်ကျူးခြင်းသင့်ရောက်အပ်

သော သံဃာမှ နှင်ထုတ်ကြောင်းဖြစ်သော သံဃာဒိသေသ် အာပတ်သင့်၏၊ [ဤသိက္ခာပုဒ်သည် ပြခဲ့သော ဥဗ္ဗာဇာကုမဏ္ဍလိကာ ပါရာဇိက မပညတ်မီ ပညတ်တော်မူရသော သိက္ခာပုဒ်တည်း။]

## ၈။ ဥယျောဇိကာ သိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီတစ်ပါး။**

**အမှု-သုန္ဒရီနန္ဒာကို တိုက်တွန်းမှု။**

သုန္ဒရီနန္ဒာကို တိုက်တွန်းမှု

ဆွမ်းစား ဇရပ်၌ သုန္ဒရီနန္ဒာကို ချစ်ကြိုက်နေကြသော ယောကျ်ားတို့သည် သုန္ဒရီနန္ဒာအား ကောင်းမွန်သော ဘောဇဉ်တို့ကို ပေးကြသောအခါ သုန္ဒရီနန္ဒာသည် (ရှေ့ သိက္ခာပုဒ်တော်ကြောင့် မခံယူကောင်းဟု အယူရှိ၍) မခံယူဘဲ နေလေသည်၊ သုန္ဒရီနန္ဒာနှင့် တစ်ဆက်တည်း ထိုင်နေသော ဘိက္ခုနီက "ဘာ့ကြောင့် ပေးတာကို မယူသလဲ" ဟု မေးရာ, သူက ချစ်ကြိုက်လို့ ပေးတာ ဖြစ်သောကြောင့် မယူကြောင်းကို ပြန်ပြော၏၊ "အရှင်မကကော ကြိုက်နေသလား" ဟု မေးပြန်ရာ မကြိုက်ကြောင်းကို ပြန်ပြော၏၊ "ဒီလိုဆိုလျှင် သူ့ဘာသာသူ ကြိုက်ကြိုက်-မကြိုက်ကြိုက်, ကိုယ်ကမှ မကြိုက်လျှင် ဘာတတ်နိုင်မှာလဲ၊ ယူသာ ယူပါ" ဟု တိုက်တွန်းလေသည်၊ ထိုအကြောင်းကို အခြားဘိက္ခုနီများ သိ၍ တိုက်တွန်းသော ဘိက္ခုနီကို ကဲ့ရဲ့ ရှုတ်ချကြသောကြောင့် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရ လေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ဧဝံ ဝဒေယျ "ကိန္တေ အယျေ ဧသော ပုရိသပုဂ္ဂလော ကရိဿတိ အဝဿုတော ဝါ အနဝဿုတော ဝါ၊ ယတော တွံ အနဝဿုတာ၊ ဣင်္ဃ အယျေ ယံ တေ ဧသော ပုရိသပုဂ္ဂလော ဒေတိ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ၊ တံ တွံ သဟတ္ထာ ပဋိဂ္ဂဟေတွာ ခါဒ ဝါ ဘုဉ္ဇ ဝါ" တိ၊ အယမ္ပိ ဘိက္ခုနီ ပဌမာပတ္တိကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ။

မြန်မာပြန်။ ။အကြင် ဘိက္ခုနီသည် "အရှင်မ...ဤ ယောကျ်ားသည် ကိလေသာ မိုးရေ စိုနေသည်လည်း ဖြစ်စေ, မစိုဘဲလည်း ရှိစေ အရှင်မမှာ ကိလေသာ မိုးရေ စိုမနေလျှင် သူ ဘာတတ်နိုင်မှာလဲ၊

တိုက်တွန်းပါရဲ့၊ ဤယောကျ်ား ပေးသမျှ ခဲဖွယ်၊ ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ ခဲ-စားပါ'' ဟု ပြောဆို တိုက်တွန်းအံ့၊ ဤဘိက္ခုနီလည်း လွန်ကျူးလျှင် ကျူးခြင်း သင့်ရောက်အပ်သော သံဃာမှ နှင်ထုတ်ကြောင်း ဖြစ်သော သံဃာဒိသေသ်အာပတ် သင့်၏။

---

## ၆။ ကုပိတသိက္ခာပုဒ်

**အမှုသည်—စဏ္ဍကာဠီ။**

**အမှု-စိတ်ဆိုးသည် ဖြစ်၍ ''ဘုရားကို စွန့်ပါ၏'' စသည်ဖြင့် ပြောဆိုမှု။**

**စဏ္ဍကာဠီ၏ ပြောဆိုမှု** စဏ္ဍကာဠီမည်သော ဘိက္ခုနီသည် အခြား ဘိက္ခုနီတို့နှင့် ရန်ဖြစ်ပြီးနောက် စိတ်ဆိုးဆိုးနှင့် ပြောဆိုသည်မှာ ''ဘုရားကိုလဲ စွန့်၏၊ တရားကိုလဲ စွန့်၏၊ သံဃာကိုလဲ စွန့်၏၊ သာကီဝင်မင်းသား ဘုရား၏ သမီးဆိုသူတို့သာ သမဏီ(ရဟန်းမ)တို့တဲ့လား၊ မကောင်းမှုမှ ရှက်တတ်ကြသော၊ ကိစ္စတစ်ခု ကြုံလာလျှင် ပူအပ်လေသလား, မပူအပ်လေသလားဟု စဉ်းစားတတ်ကြကုန်သော, သိက္ခာ ၃-ပါးကို လိုလားကြကုန်သော အခြားသမဏီမတို့လဲ ရှိကြပါသေး၏၊ ထိုသူတို့အထံ၌ မြတ်သောအကျင့်ကို ကျင့်တော့မည်'' ဤသို့ပြောဆိုလေသည်၊ ထိုသို့ ပြောဆိုသည့်အတွက် အခြား ဘိက္ခုနီတို့က ကဲ့ရဲ့ ရှုတ်ချကြသောကြောင့် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ကုပိတာ အနတ္တမနာ ဧဝံ ဝဒေယျ ''ဗုဒ္ဓံ ပစ္စာစိက္ခာမိ, ဓမ္မံ ပစ္စာစိက္ခာမိ, သံဃံ ပစ္စာစိက္ခာမိ, သိက္ခံ ပစ္စာစိက္ခာမိ၊ ကိံနုမာဝ သမဏိယော ယာ သမဏိယော သကျဓီတရော, သန္တညာပိ သမဏိယော လဇ္ဇိနိယော ကုက္ကုစ္စိကာ သိက္ခာကာမာ တာသာဟံ သန္တိကေ ဗြဟ္မစရိယံ စရိဿာ''မိတိ၊ သာဘိက္ခုနီ ဘိက္ခုနီဟိ ဧဝမဿ ဝစနီယာ ''မာယျေ ကုပိတာ အနတ္တမနာ ဧဝံ အဝစ ဗုဒ္ဓံ ပစ္စာစိက္ခာမိ, ဓမ္မံ ပစ္စာစိက္ခာမိ, သံဃံ ပစ္စာစိက္ခာမိ, သိက္ခံ ပစ္စာစိက္ခာမိ၊ ကိံနုမာဝ သမဏိယော ယာ သမဏိယော သကျဓီတရော, သန္တညာပိ သမဏိယော

**လဇ္ဇိနိယော ကုက္ကုစ္စကာ သိက္ခာကာမာ၊ တာသာဟံ သန္တိကေ ပြဟွစရိယံ စရိဿာမီတိ၊ အဘိရမာယျေ, သွာက္ခာတော ဓမ္မော, စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာ''တိ၊ ဧဝဉ္စ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဝုစ္စမာနာ တထေဝ ပဂ္ဂဏှေယျ၊ သာဘိက္ခုနီ ဘိက္ခုနီဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗာ တဿ ပဋိနိဿဂ္ဂါယ၊ ယာဝတတိယဉ္စေ သမနုဘာသိယမာနာ တံ ပဋိနိဿဇ္ဇေယျ၊ ဣစ္စေတံ ကုသလံ၊ နော စေ ပဋိနိဿဇ္ဇေယျ၊ အယမ္ပိ ဘိက္ခုနီ ယာဝတတိယကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ။**

**မြန်မာပြန်။** ။အကြင် ဘိက္ခုနီသည် စိတ်ဆိုးသည်, စိတ်မချမ်းသာသည် ဖြစ်၍ ဘုရားကိုလည်း စွန့်၏, တရားကိုလည်း စွန့်၏, သံဃာကိုလည်း စွန့်၏, သိက္ခာပုဒ်ကိုလည်း စွန့်၏၊ သာကီဝင်မင်းသား ဘုရား၏ သမီး ဆိုသူတို့သာ သမဏီမတို့ဘဲလား, မကောင်းမှုမှ ရှက်ဘတ်၊ ပူအပ်လေ သလား, မပူအပ်လေသလား ဟု စဉ်းစားတတ်၊ သိက္ခာ ၃-ပါးကို လိုလားတတ်ကုန်သော အခြားသမဏီမတို့လည်း ရှိကြပါသေး၏၊ ထို သူတို့အထံ၌ မြတ်သောအကျင့်ကို ကျင့်တော့မည်၊ ဤသို့ ပြောဆိုအံ့၊ ထို ဘိက္ခုနီကို မြင်ကုန်, ကြားကုန်သော ဘိက္ခုနီတို့က ဤသို့ မပြော ဖို့ရန် တားမြစ်၍ ''အရှင်မ ...သာသနာတော်၌ မွေ့လျော်ပါ၊ တရား တော်ကို ကောင်းစွာဟောထားအပ်ပါပြီ၊ ကောင်းမွန်စွာ ဒုက္ခအဆုံး ကို ပြုဖို့ရာ မြတ်သောအကျင့်ကို ကျင့်ပါ''ဟု ပြောဆိုရမည်၊ အခြား ဘိက္ခုနီတို့က ဤသို့ ပြောဆိုအပ်ပါလျက် ထို ရှေးနည်း အတိုင်းပင် (သူ့အပြောကို မလျှော့ဘဲ) ချီးမြှောက်အံ့၊ ထို ဘိက္ခုနီကို အခြား ဘိက္ခုနီက ထို အပြောကို စွန့်လွှတ်ဖို့ရာ ၃-ကြိမ် တိုင်အောင် ဉတ် ကမ္မဝါစာဖြင့် ပြောဆို ထိုက်၏၊ ၃-ကြိမ်တိုင်အောင် ဉတ်ကမ္မဝါ စာဖြင့် ဆိုဆုံးမ၍ မပြီးခင် ထိုအပြောကို စွန့်လျှင် ကောင်းသေး၏၊ ပြောဆို ဆုံးမပြီးသည့်တိုင်အောင် မစွန့်လျှင်ကား ယာဝတတိယက မည်သော သံဃာမှ နှင်ထုတ်ကြောင်း ဖြစ်သော သံဃာဒိသေသ် အာပတ် သင့်၏။

**အမှာ။** ။ဤမှ နောက်၌လည်း ယာဝတတိယက (၃-ကြိမ်မြောက် ဆိုဆုံးမ ခြင်း၏အဆုံး၌ သင့်ရောက် အပ်သော) သံဃာဒိသေသ်ချည်း ဖြစ်၏၊

ဆုံးမပုံ အစီအစဉ်ကို ဘိက္ခုတို့၏ သံဃာဒိသေသ် အခန်း၌ ပြခဲ့ပြီ၊ ဥတ်ကမ္မဝါစာကား ပါဠိတော်မှာ တိုက်ရိုက်လာပါသည်၊ အလို ရှိသော ပုဂ္ဂိုလ်များ ပါဠိတော်မှာ ရှုပါကုန်။

---

## ဂ။ ပစ္စာကတသိက္ခာပုဒ်

**အမှုသည်—စဏ္ဍကာဠီ။**
**အမှု-စိတ်ဆိုး၍ ပြောဆိုရန်တွေ့မှု။**

စဏ္ဍကာဠီ၏ ရန်တွေ့မှု — စဏ္ဍကာဠီ ဘိက္ခုနီသည် အဓိကရုဏ်း (အမှု) တစ်ခုမှာ ရှုံးသည်ဖြစ်၍ ‘‘ဘိက္ခုနီမတွေဟာ ဆန္ဒာဂတိ လိုက်ကြ တယ်၊ ဒေါသာဂတိ လိုက်ကြတယ်၊ မောဟာဂတိ လိုက် ကြတယ်၊ ဘယာဂတိ လိုက်ကြတယ်’’ ဟု တရားဆုံးဖြတ်ရာတွင်ပါဝင် သော ဘိက္ခုနီတို့ကို ရန်တွေ့လေသည်၊ ထိုအခါ အခြားဘိက္ခုနီတို့က စဏ္ဍကာဠီကို ‘‘ရန်တွေ့ရကောင်းလား’’ဟု ကဲ့ရဲ့ရှုတ်ချကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။**ယာ ပန** ဘိက္ခုနီ ကိသ္မိဉ္စိဒေဝ **အဓိကရဏေ ပစ္စာကတာ** ကုပိတာ အနတ္တမနာ ဧဝံ ဝဒေယျ၊ ‘‘ဆန္ဒဂါမိနိယော စ ဘိက္ခု- နိယော၊ ဒေါသဂါမိနိယော စ ဘိက္ခုနိယော၊ **မောဟဂါမိနိယော စ** ဘိက္ခုနိယော၊ ဘယဂါမိနိယော စ ဘိက္ခုနိယော’’တိ၊ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဧဝမဿ ဝစနီယာ၊ ‘‘မာယျေ ကိသ္မိဉ္စိဒေဝ အဓိကရဏေ ပစ္စာကတာ ကုပိတာ အနတ္တမနာ ဧဝံ အဝစ၊ **ဆန္ဒဂါမိနိယော စ** ဘိက္ခုနိယော၊ ဒေါသဂါမိနိယော စ ဘိက္ခုနိယော၊ **မောဟဂါမိ-** နိယော စ ဘိက္ခုနိယော၊ ဘယဂါမိနိယော စ ဘိက္ခုနိယောတိ၊ အယျာ ခေါ ဆန္ဒာပိ ဂစ္ဆေယျ၊ ဒေါသာပိ ဂစ္ဆေယျ၊ **မောဟာပိ** ဂစ္ဆေယျ၊ ဘယာပိ ဂစ္ဆေယျာ’’တိ၊ ဧဝဉ္စ **သာ** ဘိက္ခုနီ ဘိက္ခုနီဟိ ဝုစ္စမာနာ တထေဝ ပဂ္ဂဏှေယျ၊ **သာ** ဘိက္ခုနီ ဘိက္ခုနီဟိ ယာဝ- တတိယံ **သမ**နုဘာသိတဗ္ဗာ တဿ ပဋိနိဿဂ္ဂါယ၊ ယာဝတတိယဉ္စေ သမနုဘာသိယမာနာ တံ ပဋိနိဿဇ္ဇေယျ၊ ဣစ္စေတံ ကုသလံ၊ နော စေ ပဋိနိဿဇ္ဇေယျ၊ အယမ္ပိ ဘိက္ခုနီ ယာဝတတိယကံ ဓမ္မံ **အာ**ပန္နာ နိဿာရဏီယံ သံဃာဒိ**သေသံ**။

**မြန်မာပြန်။** ။အကြင် ဘိက္ခုနီသည် အဓိကရုဏ်း (အမှု) တစ်ခုခု၌ ရှုံးသဖြင့် စိတ်လည်းဆိုး စိတ်လည်းမချမ်းသာရကား "ဘိက္ခုနီမတွေ ဆန္ဒာဂတိလိုက်ကြတယ်"စသည်ဖြင့် ရန်တွေ့အံ့၊ ထိုဘိက္ခုနီကို အခြား ဘိက္ခုနီတို့က"ရန်မတွေ့ဖို့ရန်" ပြောရမည်၊ ထိုသို့ ပြောဆိုဆုံးမပါ လျက် သူ၏ရန်တွေ့မှု, ပြောဆိုမှုကို ရှေးအတိုင်း (မလျှော့ဘဲ) ချီး မြှောက်ထားအံ့၊ ထိုဘိက္ခုနီကို အခြားဘိက္ခုနီတို့က ထိုအပြောကို စွန့်ဖို့ရာ ၃-ကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ပြောဆိုဆုံးမရမည်၊ ၃-ကြိမ်တိုင်တိုင် ဆုံးမစဉ် ထိုအပြောကို စွန့်လျှင်ကောင်း၏၊ မစွန့် လျှင် ထိုဘိက္ခုနီလည်း ယာဝတတိယကမည်သော သံဃာမှနှင်ထုတ် ကြောင်းလည်း ဖြစ်သော သံဃာဒိသေသ်အာပတ်သင့်၏။

**မှတ်ချက်။** ။လမ်းမှန်အတိုင်း မဆုံးဖြတ်ဘဲ ချစ်သူဘက်ပင်း၍ ဟရားဆုံး ဖြတ်လျှင် ဆန္ဒာဂတိလိုက်သည်မည်၏၊ မုန်းသူဘက်ကို နှိမ်၍ ဆုံး ဖြတ်လျှင် ဒေါသာဂတိ လိုက်သည်မည်၏၊ ဘယ်လိုဆုံးဖြတ်ရမှန်း မသိဘဲအရမ်းဆုံးဖြတ်လျှင် မောဟာဂတိလိုက်သည်မည်၏၊ ကြောက် သဖြင့် မတရားဆုံးဖြတ်လျှင် ဘယာဂတိလိုက်သည်မည်၏။

## ဃ။ သံသဋ္ဌသိက္ခာပုဒ်

အမှုသည်-ထုလ္လနန္ဒာ၏ တပည့်မ ဘိက္ခုနီများ။
အမှု-လူတို့နှင့် ရောရောနှောနှောနေထိုင်မှု။

**ဆရာမကောင်းသော တပည့်မကောင်းများ** ထုလ္လနန္ဒာ၏ တပည့်မ ဖြစ်ကြသော ဘိက္ခုနီတို့သည် လူဝတ်ကြောင်တို့နှင့် ရောရောနှောနှော နေကြကုန်၏၊ ယုတ်မာသောအကျင့်-မကောင်း သတင်း ကျော်စောခြင်း, မကောင်းသော အသက်မွေးခြင်း ရှိကြကုန်၏၊ (ဘိက္ခုနီ သံဃာက နှိပ်ကွပ်ဖို့ရန် ကံပြုမည်လုပ်လျှင် ထိုကံကို တားမြစ်သောအား ဖြင့်) ဘိက္ခုနီသံဃာကို ညှဉ်းဆဲတတ်ကြကုန်၏၊ သူတို့အချင်းချင်းမှာ ရှိသော အပြစ်ကိုလည်း ဖုံးထားတတ်ကြကုန်၏၊ ထိုဘိက္ခုနီတို့ကို အခြား ဘိက္ခုနီတို့က ကဲ့ရဲ့ကြသောကြောင့်ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ဘိက္ခုနိယော ပနေဝ သံသဋ္ဌာ ဝိဟရန္တိ ပါပါစာရာ ပါပသဒ္ဒါ ပါပသိလောကာ ဘိက္ခုနိသံဃဿ ဝိဟေသိကာ အညမညိဿာ ဝဇ္ဇပဋိစ္ဆာဒိကာ၊ တာ ဘိက္ခုနိယော, ဘိက္ခုနီဟိ ဧဝမဿု ဝစနီယာ "ဘဂိနိယော ခေါ သံသဋ္ဌာ ဝိဟရန္တိ ပါပါစာရာ ပါပသဒ္ဒါ ပါပသိလောကာ ဘိက္ခုနီသံဃဿ ဝိဟေသိကာ အညမညိဿာ ဝဇ္ဇပဋိစ္ဆာဒိကာ၊ ဝိဝိစ္စထာယျော၊ ဝိဝေကညေဝ ဘဂိနီနံ သံဃော ဝဏ္ဏေတီ"တိ၊ ဧဝဉ္စ တာ ဘိက္ခုနိယော ဘိက္ခုနီဟိ ဝုစ္စမာနာ တထေဝ ပဂ္ဂဏှေယျုံ၊ တာ ဘိက္ခုနိယော ဘိက္ခုနီဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗာ တဿ ပဋိနိဿဂ္ဂါယ၊ ယာဝတတိယဉ္စေ သမနုဘာသိယမာနာ တံ ပဋိနိဿဇ္ဇေယျုံ၊ ဣစ္စေတံ ကုသလံ၊ နော စေ ပဋိနိဿဇ္ဇေယျုံ ဣမာပိ ဘိက္ခုနိယော ယာဝတတိယကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ။

မြန်မာပြန်။ ။ဘိက္ခုနီ အများတို့သည်ပင် လူတို့နှင့် ရောရောနှောနှော နေကြကုန်၏၊ ယုတ်မာသောအကျင့် မကောင်းသတင်းကျော်စောခြင်း မကောင်းသော အသက်မွေးခြင်း ရှိကြကုန်၏၊ ဘိက္ခုနီသံဃာကို ညှဉ်းဆဲတတ်ကြကုန်၏၊ အချင်းချင်း၏ အပြစ်ကိုလည်း ဖုံးထားတတ်ကြကုန်၏၊ ထိုဘိက္ခုနီတို့ကို မြင်ကုန်ကြားကုန်သောဘိက္ခုနီတို့က "ညီမတို့...လူတို့နှင့် ရောရောနှောနှော မနေကြပါနှင့်" စသည်ဖြင့် ပြောဆိုဆုံးမ၍ "ညီမတို့....လူတို့နှင့် ကင်းကင်းရှင်းရှင်း နေကြပါ၊ ညီမတို့၏ ကင်းကင်းရှင်းရှင်း နေခြင်းကိုသာ ဘိက္ခုနီသံဃာက ချီးမွမ်းပါသည်"ဟု ဖျောင်းဖျပြောဆိုရမည်၊ ထိုသို့ ပြောဆိုပါလျက် သူတို့၏ ထိုအကျင့်ကို ရှေးအတိုင်းပင် (မလျှော့ဘဲ) ချီးမြှောက်နေကြသေးအံ့၊ ထိုဘိက္ခုနီတို့ကို အခြားဘိက္ခုနီတို့က ထိုအကျင့်ကို စွန့်လွှတ်ဖို့ရန် ၂-ကြိမ်တိုင်တိုင် ဉတ်ကမ္မဝါစာဖြင့် ဆုံးမရမည်၊ ထိုသို့ ဆုံးမစဉ် ထိုအကျင့်ကိုစွန့်လွှတ်ကြလျှင် ကောင်း၏၊ မစွန့်လွှတ်ကြလျှင်ကား ထိုဘိက္ခုနီတို့သည် ယာဝတတိယကမည်သော သံဃာမှ နှင်ထုတ်ကြောင်းဖြစ်သော သံဃာဒိသေသ် အာပတ်သင့်ကြသည်။

**မှတ်ချက်။** ။''ရောရောနှောနှော''ဟူသည် လူဝတ်ကြောင် မိန်းမများအတွက် ဆံစပါး ဖွတ်ပေးခြင်း, နံ့သာကြိတ်(သနပ်ခါးသွေး) ပေးခြင်း, ပန်းကုံးပေးခြင်း (ယခုခေတ်အတိုင်းဆိုလျှင် အင်္ကျီချုပ်ပေးခြင်း, ဇာထိုးပေးခြင်း, ထမင်းဟင်း ချက်ပေးခြင်း) စသော ကိုယ်နှင့်ဆိုင်ရာကိစ္စဝယ် ကူညီမှု, အောင်သွယ်ပေးခြင်းစသော နှုတ်နှင့်ဆိုင်ရာ ကိစ္စဝယ် ကူညီမှုကို ''ရောရောနှောနှော နေခြင်း''ဟုဆိုသည်၊ စာသင်ပေးမှု, လိမ္မာအောင် ဆုံးမမှုတို့ကား ပြုသင့်သော ရောနှောမှုများပင်တည်း၊ ထိုကဲ့သို့ မတရားရောနှောမှုကြောင့်ပင် မကောင်းသတင်း ထွက်နေတော့သည်၊ ထိုသို့ လူတို့ကို ဆံဖွတ်ပေးမှုစသည် ပြုသောကြောင့် လူတို့က သူတို့အား ပြန်၍ပေးလှူကြ၏၊ ထိုကဲ့သို့ ရသော ပစ္စည်းကို သုံးစွဲနေခြင်းသည်ပင် မကောင်းသော အသက်မွေးခြင်းဖြစ်တော့၏။

---

## သံသဋ္ဌာနုဗပ္ပဒါနသိက္ခာပုဒ်

**အမှုသည်—ထုလ္လနန္ဒာ။**

**အမှု- လူတို့နှင့်ရောနှော၍နေခြင်းကို အားပေးမှု။**

**ထုလ္လနန္ဒာ၏ အားပေးခြင်း**

ရှေ့သိက္ခာပုဒ်၌ ပြခဲ့သည့်အတိုင်း လူတို့နှင့် ရောရောနှောနှော နေသောဘိက္ခုနီတို့ကို အခြားဘိက္ခုနီတို့က ဥတ်ကမ္မဝါစာဖြင့် ဆုံးမပြီးသောအခါ (ထုလ္လနန္ဒာသည် သူ၏တပည့်မတို့ကို သံဃာကနှိမ်သည်ဟု အယူရှိဟန်တူသောကြောင့်) ''အရှင်မတို့....သင်တို့သည် လူဝတ်ကြောင် မိန်းမတို့နှင့် ရောနှော၍သာနေကြပါ၊ တစ်သီးတစ်ခြားခွဲ၍မနေကြပါနှင့်၊ သံဃာထဲမှာ ဒီလိုအကျင့်ရှိကြ, ဒီလို မကောင်းသတင်းရှိကြ, ဒီလို အသက်မွေးမှုရှိကြကုန်သော ဘိက္ခုနီ၊ သံဃာကို ညှဉ်းဆဲတတ်ကြ, အချင်းချင်း၏အပြစ်ကို ဖုံးထားတတ်ကြသော ဘိက္ခုနီတွေ သင်တို့အပြင်ရှိကြပါ၏။

ထို ဘိက္ခုနီတွေကိုတော့ သံဃာကဘာမှမပြော၊ သင်တို့ကိုသာ သံဃာက အောက်တန်းစားတွေဟု အမှတ်ထားသောကြောင့် လည်းကောင်း, သူတို့တတွေဟာ ငါတို့ကို ဘာတတ်နိုင်မှာလဲ-ဟု နိုင်ထက်စီးနင်းအသိမျိုးကြောင့် လည်းကောင်း,(အခြားဘိက္ခုနီများ၏ အပြစ်ကိုတော့ သည်းခံနိုင်ပါလျက်) သင်တို့ကိုမှ သည်းမခံနိုင်သောကြောင့်လည်းကောင်း, သူတို့သာအားရှိသည်, သူတို့စကားသာ အောင်နိုင်၏ဟု အယူရှိသောကြောင့်လည်းကောင်း, သင်

တို့က (ကိုယ့်ဘက်သားဖြစ်သော) အင်အားနည်းသောကြောင့်လည်းကောင်း ဒီလို( သူတို့နှင့်ရောနှောရှုမနေကြပါနှင့်စသည်ဖြင့်)ပြောဆိုခြင်းဖြစ်သည်”ဟု အားပေးအားမြှောက် ပြုလေသည်၊ ထိုသို့ပြုသည်ကို အခြားဘိက္ခုနီတို့က ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ဧဝံ ဝဒေယျ၊ “သံသဋ္ဌာဝ အယျေ တုမှေ ဝိဟရထ၊ မာ တုမှေ နာနာ ဝိဟရိတ္ထ၊ သန္တိ သံဃေ အညာပိ ဘိက္ခုနိယော ဧဝါစာရာ ဧဝံ သဒ္ဒါ ဧဝံ သိလောကာ ဘိက္ခုနိသံဃဿ ဝိဟေသိကာ အညမညိဿာ ဝဇ္ဇပဋိစ္ဆာဒိကာ၊ တာ သံဃော န ကိဉ္စိ အာဟ၊ တုမှေညေဝ သံဃော ဥညာယ ပရိဘဝေန အက္ခန္တိယာ ဝေဘဿိယာ ဒုဗ္ဗလျာ ဧဝမာဟ၊ ဘဂိနိယော ခေါ သံသဋ္ဌာ ဝိဟရန္တိ ပါပါစာရာ ပါပသဒ္ဒါ ပါပသိလောကာ ဘိက္ခုနိသံဃဿ ဝိဟေသိကာ အညမညိဿာ ဝဇ္ဇပဋိစ္ဆာဒိကာ၊ ဝိဝိစ္စထာယျေ ဝိဝေကညေဝ ဘဂိနီနံ သံဃော ဝဏ္ဏေတီ”တိ၊ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဧဝမဿ ဝစနီယာ၊ “မာယျေ ဧဝံ အဝစ၊ သံသဋ္ဌာဝ အယျေ တုမှေ ဝိဟရထ၊ မာ တုမှေ နာနာ ဝိဟရိတ္ထ၊ သန္တိ သံဃေ အညာပိ ဘိက္ခုနိယော ဧဝါစာရာ ဧဝံသဒ္ဒါ ဧဝံသိလောကာ ဘိက္ခုနိသံဃဿ ဝိဟေသိကာ အညမညိဿာ ဝဇ္ဇပဋိစ္ဆာဒိကာ၊ တာ သံဃော န ကိဉ္စိ အာဟ၊ တုမှေညေဝ သံဃော ဥညာယ ပရိဘဝေန အက္ခန္တိယာ ဝေဘဿိယာ ဒုဗ္ဗလျာ ဧဝမာဟ၊ ဘဂိနိယော ခေါ သံသဋ္ဌာ ဝိဟရန္တိ ပါပါစာရာ ပါပသဒ္ဒါ ပါပသိလောကာ ဘိက္ခုနိသံဃဿ ဝိဟေသိကာ အညမညိဿာ ဝဇ္ဇပဋိစ္ဆာဒိကာ၊ ဝိဝိစ္စထာယျေ ဝိဝေကညေဝ ဘဂိနီနံ သံဃော ဝဏ္ဏေတီ”တိ၊ ဧဝဉ္စ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဝုစ္စမာနာ တထေဝ ပဂ္ဂဏှေယျ၊ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗာ တဿ ပဋိနိဿဂ္ဂါယ၊ ယာဝတတိယဉ္စေ သမနုဘာသိယမာနာ တံ ပဋိနိဿဇ္ဇေယျ၊ ဣစ္စေတံ ကုသလံ၊ နော စေ ပဋိနိဿဇ္ဇေယျ၊ အယမ္ပိ ဘိက္ခုနီ ယာဝတတိယကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ။

မြန်မာပြန်။ ။အကြင် ဘိက္ခုနီသည် ဤသို့ ပြောဆိုအံ့၊ (အဘယ်သို့ ပြောဆိုသနည်း၊) အရှင်မတို့...သင်တို့သည် လူဝတ်ကြောင် မိန်းမတို့နှင့် ရောနှော၍သာ နေကြပါ၊ အသီးအသီးခွဲခွါ၍ မနေကြပါနှင့်၊ သံဃာထဲမှာ ဒီလို အကျင့်, ဒီလို ကျော်စောသံ, ဒီလို အသက်မွေးမှု ရှိကြကုန်သော ဘိက္ခုနီသံဃာကို ညှဉ်းဆဲတတ်ကြ- အချင်းချင်း၏ အပြစ်ကို ဖုံးထားတတ်ကြကုန်သော (သင့်တို့အပြင်) အခြားဘိက္ခုနီတွေ ရှိကြပါသေးသည်၊ ထိုဘိက္ခုနီတွေကိုတော့ သံဃာက ဘာကိုမှ မပြောပါ၊ သင်တို့ကိုသာ သံဃာက အောက်တန်းစားတွေဟု အမှတ်ထားခြင်း, "ငါတို့ပြောကော ဘာတတ်နိုင်မှာလဲ"ဟု နှိုင်ထက်စီးနင်းသိခြင်း, သင်တို့၏ အပြစ်ကိုမှ သည်းမခံနိုင်ခြင်း, သူတို့စကားသာ အောင်နိုင်၏ဟု မှတ်ယူရလောက်အောင် သူတို့က အားရှိခြင်း, သင်တို့က (ဘက်သား) အင်အားနည်းပါးခြင်းတို့ကြောင့် "ဘဂိနိယော သံသဋ္ဌာ ဝိဟရန္တု"စသည်ဖြင့် တားမြစ်ခြင်း ဖြစ်သည်-ဟု ပြောဆိုအံ့၊ ထိုဘိက္ခုနီကို အခြားဘိက္ခုနီတို့က ဤသို့မပြောဖို့ရန် တားမြစ်ရမည်၊ ဤသို့ တားမြစ်ပါလျက် ထို ရှေးအတိုင်း (မလျှော့ဘဲ) ထိုစကားကို ချီးမြှောက်အံ့၊ ထို ဘိက္ခုနီကို ထိုအပြော စွန့်ဖို့ရာ ၃-ကြိမ်တိုင်တိုင် ဥတ်ကမ္မဝါစာဖြင့် ဆုံးမရာ၏၊ ၃-ကြိမ်တိုင်တိုင် ဆုံးမအပ်စဉ် ထိုအပြောကို စွန့်လွှတ်လျှင် ကောင်း၏၊ မစွန့်လွှတ်လျှင် ထို ဘိက္ခုနီ ယာဝတတိယက မည်သော သံဃာမှ နှင်ထုတ်ကြောင်း ဖြစ်သော သံဃာဒိသေသ် အာပတ် သင့်၏။

အမှာ။ ။ဘိက္ခုတို့အတွက် သံဃာဒိသေသ် သိက္ခာပုဒ် ၁၃-ပါး ရှိ၏၊ ဘိက္ခုနီတို့ အတွက်ကား ၁၇-ပါး ရှိသည်၊ ၁၇-ပါး ဟူသည် ဘိက္ခုတို့မှ သဥ္စရိတ္တနှင့် ဒုဋ္ဌဒေါသ သိက္ခာပုဒ် ၂-ပါး, ယာဝတတိယက သိက္ခာပုဒ် ၄-ပါး ပေါင်း ၇-ပါးကိုယူ၍ ဤ၌ တိုက်ရိုက်ပြထားသော သိက္ခာပုဒ် ၁၀-ပါးနှင့်ပေါင်းလျှင် ၁၇-ပါးဖြစ်၏၊ ထို ၁၇-ပါးတွင် ပဌမာပတ္တိက (လွန်ကျူးလျှင် ကျူးခြင်း ပထမ ရောက်အပ်သော) သိက္ခာပုဒ် ၉-ပါး, ယာဝတတိယက သိက္ခာပုဒ် ၈-ပါးပါသည်။

**သံဃာဒိသေသ အခန်း ပြီး၏။**

# ၃။ နိသဂ္ဂိယပါစိတ် အခန်း

## က။ ပတ္တသန္နိစယသိက္ခာပုဒ်

အမှုသည်--ဘိက္ခုနီအများ။
အမှု--သပိတ်အများကို သိုမှီး သိမ်းဆည်းထားမှု။

**သိက္ခုနီ တို့၏ သပိတ်အပို သိမ်းထားမှု** သာဝတ္ထိမြို့၌ ဘိက္ခုနီတို့သည် များစွာသော သပိတ်တို့ကို အပို သိမ်းထားကြ ကုန်၏၊ ဘိက္ခုနီတို့၏ ကျောင်းကို လှည့်လည် ကြည့်ရှုကြသော လူတို့သည် သပိတ် အများ သိမ်းထားသည်ကို တွေ့မြင်ကြ၍ "ဘိက္ခုနီတွေ သပိတ်ကုန်သည် လုပ်ကြမလို့တဲ့လား, ပန်းကန် ခွက်ရောက်ဆိုင် ခင်းကြ မလို့တဲ့လား (သပိတ်တွေ သိမ်းထားလိုက်တာ)"ဟု ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရ လေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန** ဘိက္ခုနီ **ပတ္တသန္နိစယံ ကရေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။**

မြန်မာပြန်။ ။အကြင်ဘိက္ခုနီသည် သပိတ်ကို အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ သိုမှီး သိမ်းဆည်းထားအံ့၊ ထိုဘိက္ခုနီသည် သပိတ်ကိုလည်း စွန့်ထိုက်၏၊ ပါစိတ်အာပတ်လည်း သင့်၏။

အမှာ။ ။စွန့်ပုံနှင့် အဓိဋ္ဌာန်တင်ပုံ ဝိကပ္ပနာပြုပုံကို ဘိက္ခုတို့၏ နိသဂ္ဂိပါစိတ် အခန်း၌ ပြခဲ့ပြီ၊ ဘိက္ခုတို့မှာ အဓိဋ္ဌာန် ဝိကပ္ပနာ (တစ်ခုခု)မပြုဘဲ ဆယ်ရက်ထားခွင့် ရသေး၏၊ ဘိက္ခုနီတို့မှာကား တစ်ရက်မျှ ထားခွင့်မရ။

---

## ခ။ စီဝရဘာဇနသိက္ခာပုဒ်

အမှုသည်--ထုလ္လနန္ဒာ။
အမှု--အကာလသင်္ကန်းကို ကာလသင်္ကန်းလုပ်၍ ဝေဖန်မှု။

**ဒါယကာတို့ သင်္ကန်းလှူခြင်း** ဘိက္ခုနီတို့သည် ဝါတွင်းအခါ ရွာငယ်တစ်ခု၌ နေ၍ ဝါကျွတ်သောအခါ ဘုရားရှင်ရှိရာ သာဝတ္ထိမြို့သို့ လာကြကုန်၏၊ [ဝါကျွတ်သောအခါ များစွာသော ဒါယကာတို့သည် မိမိတို့ကျောင်းတိုက်၌ နေသူအား ဝါဆိုသင်္ကန်း (ဝါဆို၍ ဝါကျွတ်သူတို့အား လှူအပ်သော သင်္ကန်း)ကို ကပ်လှူလေ့ ရှိကြကုန်၏၊ ထို ဘိက္ခုနီ

တို့မှာ ထိုဝါဆိုသင်္ကန်းလည်း ရခဲ့ကြဟန်မတူ၊ ထို့ကြောင့်] ဟောင်းနွမ်းကြမ်းတမ်းသော သင်္ကန်းရှိ၍ သွားပုံ၊ လာပုံ၊ နေထိုင်ပုံအားဖြင့် ကြည့်ညိုဖွယ်ရာကောင်းသော ထိုဘိက္ခုနီများကိုမြင်၍ ''အရှင်မတို့မှာ သူခိုး ဓားပြတို့ အလုခံခဲ့ရဟန်တူတယ်''ဟု ''ထိုဘိက္ခုနီများရပါစေ'' ဟူသော စိတ်ထားဖြင့် ဥပါသကာတို့သည် ဘိက္ခုနီသံဃာအား အကာလသင်္ကန်းကို လှူဒါန်းကြလေသည်။

**အမှာ**။ ။ကထိန် ခေတ်ကာလ အတွင်း၌ လှူအပ်သောသင်္ကန်းကို ''ကာလသင်္ကန်း''ဟု ခေါ်၏၊ ထိုကာလ သင်္ကန်းမျိုးကို ထိုတိုက်၌ ဝါကျွတ်သောသံဃာသာ ရခွင့်ရှိ၏၊ ကထိန်ခေတ်ကာလ မဟုတ်သော အချိန်၌ လှူအပ်သောသင်္ကန်း ကထိန်ခေတ်ပင် ဖြစ်သော်လည်း အကာလသင်္ကန်းအနေဖြင့် လှူအပ်သော သံဃိက သင်္ကန်းသည် အကာလ သင်္ကန်းမည်၏၊ ထိုအကာလ သင်္ကန်းကိုကား အခြားကျောင်းတိုက်၌ ဝါကျွတ်ခဲ့သော သံဃာများလည်း ရခွင့်ရှိသည်။

**ထုလ္လနန္ဒာ၏ မတရားမှု** ထုလ္လနန္ဒာသည် ထိုဥပါသကာတို့ လှူအပ်သော အကာလသင်္ကန်းကို ကာလသင်္ကန်းဟုအဓိဋ္ဌာန်၍ (ကာလသင်္ကန်းဟု ပြော၍)ထိုသာဝတ္ထိမြို့၌ ဝါကျွတ်သော သံဃာများအား သာဝေပေးစေပြီး ဥပါသကာတို့သည် ရှာငယ်၍ ဝါကျွတ်ခဲ့သော ထိုဘိက္ခုနီတို့ကို သင်္ကန်းဟောင်းမြဲ ဟောင်းနေသည်ကိုမြင်၍ ''အရှင်မတို့မှာ သင်္ကန်းဝေစု မရကြဘူးလား''ဟု မေးကြလေသော်၊ ထုလ္လနန္ဒာ၏ သင်္ကန်းဝေပုံကို ပြောပြကြသဖြင့် ဥပါသကာတို့က ထုလ္လနန္ဒာကို ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်**။ ။**ယာ ပန ဘိက္ခုနီ အကာလစီဝရံ ကာလစီဝရန္တိ အဓိဋ္ဌဟိတွာ ဘာဇာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။**

**မြန်မာပြန်**။ ။အကြင် ဘိက္ခုနီသည် အကာလသင်္ကန်းကို ကာလသင်္ကန်းဟု အဓိဋ္ဌာန်၍ (ပြောဆို၍) ဝေဝေအံ့ (ခွဲဝေပေးဖို့ရန် တစ်ယောက်ယောက်ကို စေခိုင်းအံ့၊ သို့မဟုတ် ကိုယ်တိုင်ဝေပေးအံ့၊) ထိုဘိက္ခုနီမှာ နိဿဂ္ဂိယ ပါစိတ်အာပတ်သင့်၏၊ ''ရသောသင်္ကန်းကိုလည်း စွန့်ရမည်၊ ပါစိတ်အာပတ်လည်း သင့်သည်''ဟူလို။

**မှတ်ချက်**။ ။ကထိန်ခေတ် သင်္ကန်းကာလပင် ဖြစ်သော်လည်း သံဃာကို ရည်ရွယ်၍ ဆရာတော်ကြီး၊ ကျောင်းထိုင်ဘုန်းကြီးစသော ပုဂ္ဂိုလ်ကို ရည်ရွယ်၍လှူလျှင် ထိုသင်္ကန်းသည် ''ကာလသင်္ကန်း'' ဟု အမည်

မရ၊ ထိုသို့ပုဂ္ဂိုလ်ကို ရည်စူးထားလျှင် သံဃိကသင်္ကန်း မဟုတ်သောကြောင့် ကထိန်သင်္ကန်းအရာ မမြောက်၊ ထိုသင်္ကန်းဖြင့် ကထိန်ခင်းသော်လည်း ကထိန်မမြောက်၊ ကထိန် မမြောက်လျှင် ကထိန်၏ အကျိုးများမရ၊ ထို့ကြောင့် ကထိန်သင်္ကန်းကို လှူခါနီး၌ ပုဂ္ဂိုလ်တစ်ပါးကို မရည်စူးမိအောင် သံဃာကို ရည်စူးနိုင်အောင် ဟောပြောသင့်ကြပေသည်။

---

## ၈။ စီဝရအစ္ဆိန္နသိက္ခာပုဒ်

**အမှုသည်–ထုလ္လနန္ဒာ။**
**အမှု–သင်္ကန်းချင်းလဲပြီးနောက် ပြန်၍ လုယူမှု။**

**ထုလ္လနန္ဒာ၏ သင်္ကန်းလုယူခြင်း** ထုလ္လနန္ဒာသည် ဘိက္ခုနီ တစ်ယောက်နှင့် သင်္ကန်းချင်း လဲလှယ်၍ ထိုသင်္ကန်းကို သုံးစွဲနေ၏၊ ထိုသင်္ကန်းလဲသော ဘိက္ခုနီကား ထုလ္လနန္ဒာထံမှ ရသောသင်္ကန်းကို မသုံးသေးဘဲခေါက်ထား၏၊ ထုလ္လနန္ဒာသည်(လဲယူထားသောသင်္ကန်း အတော်နွမ်းနေမှ) ထိုဘိက္ခုနီထံသွား၍ "တပည့်တော်နှင့် လဲထားသော သင်္ကန်းဘယ်မှာလဲ"ဟု မေး၏၊ ထိုဘိက္ခုနီသည် သိမ်းထားသော သင်္ကန်းကိုထုတ်ပြသောအခါ ထုလ္လနန္ဒာသည် "ရော့, ဒါဟာအရှင်မရဲ့သင်္ကန်း၊ တပည့်တော်ရဲ့သင်္ကန်းကို ပြန်ပေးတော့၊အရှင်မ-ဥစ္စာ အရှင်မရဲ့ဥစ္စာပဲ၊ တပည့်တော်ရဲ့ဥစ္စာလဲ တပည့်တော့်ဥစ္စာပဲ"ဟု ပြောပြောဆိုဆို လုယူလေတော့သည်၊ [တကယ့်ကိုယ် ကိုယ့်ဥစ္စာအမှတ်နှင့် လုယူသောကြောင့် အဒိန္နာဒါနကား မထိုက်။]ထိုသို့လဲပြီးသောသင်္ကန်းကိုပြန်၍ လုယူကြောင်း ကြားသဖြင့် ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန** ဘိက္ခုနီ ဘိက္ခုနိ**ယာ သဒ္ဓိံ** စီဝရံ **ပရိဝတ္တေ-တွာ** သာ ပစ္ဆာ ဧဝံ ဝဒေယျ "ဟန္ဒာယျေ တုယှံ စီဝရံ၊ **အာဟာ**ရ **မေ**တံ စီဝရံ၊ **ယံ** တုယှံ တုယှမေဝေတံ၊ **ယံ** မယှံ **မယှမေဝေတံ၊ အာဟ**ရ **မေ**တံ **စီဝ**ရံ၊ **သကံ ပစ္စာဟရာ**"တိ **အစ္ဆိန္ဒေယျ ဝါ အစ္ဆိန္ဒာပေယျ ဝါ၊** နိဿဂ္ဂိယံ **ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင်ဘိက္ခုနီသည် အခြားဘိက္ခုနီနှင့်အတူ သင်္ကန်းချင်းလဲလှယ်ပြီး၍ထိုဘိက္ခုနီသည်နောက်အခါဤသို့ပြောအံ့(အဘယ်သို့ပြောသနည်း၊) အရှင်မ, အရှင်မရဲ့ သင်္ကန်းကို ပြန်ယူတော့၊

တပည့်တော်ရဲ့ သင်္ကန်းကို ယူခဲ့ပါ၊ (ပြန်ယူတော့မည်-ဟူလို) အကြင် သင်္ကန်းသည် နဂိုက အရှင်မ၏ဥစ္စာ ဖြစ်၏၊ ထိုသင်္ကန်းသည် ယခုလဲ အရှင်မ၏ ဥစ္စာပင် ဖြစ်၏၊ အကြင်သင်္ကန်းသည် နဂိုက တပည့်တော်၏ ဥစ္စာ ဖြစ်၏၊ ထိုသင်္ကန်းသည် ယခုလဲ တပည့်တော်ရဲ့ ဥစ္စာပဲ၊ အဲဒီ တပည့်တော်၏ ဥစ္စာကို ဆောင်ယူခဲ့ပါ၊ ကိုယ့်ဥစ္စာကို ပြန်၍ ယူပါ၊ ဤသို့ပြောအံ့၊ ဤသို့ ပြောပြီးလျှင် ပြောပြောဆိုဆို ကိုယ်တိုင်ဖြစ်စေ, ခိုင်း၍ဖြစ်စေ လုယူအံ့၊ ထိုဘိက္ခုနီမှာ နိသဂ္ဂိပါစိတ်အာပတ် သင့်၏။

---

## ဃ။ အညံ့ဝိညာဉ်ပန် သိက္ခာပုဒ်

**အမှုသည်–ထုလ္လနန္ဒာ။**

**အမှု–ထောပတ်ကို တောင်းပြီးနောက် ရသောအခါ မလိုချင်ဟု ပြော၍ ဆီကို တောင်းမှု။**

**အခြားတစ်မျိုးပြော၍ အခြားတစ်မျိုး တောင်းမှု**

ထုလ္လနန္ဒာသည် မကျန်းမမာဖြစ်နေ၏၊ သူ့ကိုကြည်ညိုသော ဥပါသကာ တစ်ယောက်သည် ဂိလာန အမေးလာ၍ “ရောဂါက ဘာရောဂါပါလဲ့, ဘာကို ယူခဲ့စေလိုပါသလဲ” ဟု လျှောက်၏၊ ထုလ္လနန္ဒာသည် “ထောပတ် အလိုရှိတယ်” ဟု ပြောလိုက်၏၊ ဥပါသကာသည် ဈေးဆိုင်မှ ထောပတ် တစ်ကျပ်ဖိုးဝယ်ခဲ့၍ ထုလ္လနန္ဒာအား လှူလေသော်....(ဒီလိုပြောရလျှင် ပါလာသော ထောပတ်ကို လှူပြီး ဆီကိုလဲ နောက်ထပ် လှူလိမ့်မည်” ဟု ယူဆ၍) “ဥပါသကာ....ထောပတ် အလိုမရှိတော့ဘူး၊ ဆီကို အလိုရှိသည်” ဟု ပြောလေသည်။

**ဥပါသကာ ကဲ့ရဲ့ခြင်း**

ဥပါသကာသည် (ထိုထောပတ်ကို ထုလ္လနန္ဒာ မျှော်လင့်သလို မလှူခဲ့ဘဲ)ဈေးသည်ထံသွား၍ အရှင်မက ထောပတ် မလိုတော့ဘူးတဲ့, ဆီကို အလိုရှိသတဲ့၊ ဒါ့ကြောင့် အသင်၏ ထောပတ်ကို ပြန်ယူပြီး ဆီကို ပေးပါ” ဟု ပြောလေသည်၊ ထိုအခါ ဈေးသည်က “ရောင်းပြီးသော ဘဏ္ဍာကို ပြန်ပြီး လက်ခံရမယ်ဆိုလျှင် ကျွန်တော့ ကုန်ပစ္စည်းတွေ ဘယ်တော့ ကုန်တော့မှာလဲ၊ ဆီလိုချင်လျှင် ဆီအဖိုး ယူခဲ့ပေါ့” ဟု ပြောလေသည်၊ ထိုစကားလည်း အမှန်ပင် ဖြစ်နေရကား ဥပါသကာလည်း ရှေ့မပြောသာတော့ဘဲ ထုလ္လနန္ဒာကိုသာ “ခုတစ်မျိုး, ခုတစ်မျိုး တောင်းရ

ကောင်းလား”ဟု ကဲ့ရဲ့လေတော့သည်၊ ထို့ကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ အညံ ဝိညာပေတွာ အညံ ဝိညာပေယျ၊ နိသဂ္ဂိယံ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင်ဘိက္ခုနီသည် အခြားတစ်မျိုးကို ပထမတောင်းပြီးနောက်၊ ပြောင်းလဲ၍ အခြားတစ်မျိုးကို တောင်းပြန်အံ့၊ ထိုဘိက္ခုနီသည် နိသဂ္ဂိပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။မကျန်း မမာသောအခါ သင့်တော်သော အစာနှင့် ဆေးကို တောင်းကောင်း၏၊ ထို့ကြောင့် ထောပတ်အပြင် ဆီကိုအလိုရှိ၍ ဆီကို ထပ်တောင်းလျှင် လည်းကောင်း, ဆေးဖက်အတူတူဝင်၍ ဆီက ဈေးချိုခြင်းစသော အကျိုးကိုပြောပြ၍ ထောပတ် တောင်းပြီးမှ ဆီကိုပြင်၍ တောင်းလျှင် လည်းကောင်း အာပတ်မသင့်။

## ၄။ အညံ့စေတာပနသိက္ခာပုဒ်

**အမှုသည်-ထုလ္လနန္ဒာ။**

**အမှု—အခုတစ်မျိုးအလဲနိုင်းပြီး, နောက်တစ်မျိုး အလဲခိုင်းပြန်မှု။**

**ထုလ္လနန္ဒာ စိတ်ယုတ်မာပုံ**

ထုလ္လနန္ဒာသည် မကျန်းမမာ ဖြစ်နေ၏၊ ဥပါသကာ တစ်ယောက်သည် ထုလ္လနန္ဒာထံ လာ၍ မကျန်းမာကြောင်း သိသဖြင့် “ဈေးသည်(နာမည်ကိုဖော်ပြော၍)မည်သူ့ထံ ငွေတစ်ကျပ် အပ်ထားခဲ့ပါမည်၊ ထို ဈေးသည်ထံမှ အလိုရှိရာ အယူခိုင်းပါ” ဟု လျှောက်ထား၍ ပြန်သွားလေ၏၊ ထုလ္လနန္ဒာသည် သိက္ခမာန် (ဘိက္ခုနီလောင်း) တစ်ယောက်ကို ထိုဈေးသည်ထံမှ ဆီ တစ်ကျပ်ဖိုးတန် (မိမိအတွက်ပြော၍) တောင်းခံခဲ့ဖို့ရန် စေလွှတ်လိုက်လေလည်။ [သိက္ခမာန်အကြောင်းကို နောက်၌ သိရလတ္တံ့။]

ထို သိက္ခမာန်သည် ဈေးသည်ထံမှ ဆီကိုတောင်း၍ ပြန်လာသော အခါ “ဆီကို မလိုချင်တော့ဘူး, ထောပတ် အလိုရှိတယ်” ဟု ပြောလေသည်၊ [သိက္ခမာန်မသည် ပစ္စည်း,ဥစ္စာ ကြွယ်ဝသော အမျိုးသမီး ဖြစ်၍ “ဆီကို ထုလ္လနန္ဒာအား ပေးခဲ့၍ ထောပတ်ကို သူ့အမျိုးအိမ်က တောင်းခဲ့လိမ့်မည်” အယင်နှင့် ထိုသို့ ဆီမလိုချင်ကြောင်း, ထောပတ်ကို အလိုရှိကြောင်း ပြောခြင်း ဖြစ်သည်။]

**သိက္ခမာန် ငိုရပုံ** ထိုသိက္ခမာန်သည် ဈေးသည်ထံ ပြန်သွား၍ "အရှင်မက ဆီကို မလိုချင်ဘူးဟဲ့၊ ထောပတ်ကို အလိုရှိသတဲ့၊ ဒါ့ကြောင့် ဆီကို ပြန်ယူ၍ ထောပတ်ကို ပေးပါ" ဟု တောင်းလေရာ ဈေးသည်က "ရောင်းပြီး ဘဏ္ဍာကို ပြန်၍ လက်ခံလျှင် ဘယ်တော့ ရောင်းလို့ ကုန်တော့မှာလဲ၊ ထောပတ်လိုချင်လျှင် ထောပတ်ဖိုး ထပ်ပေးပေါ့"ဟု ပြောလိုက်သောအခါ (ဆွေမျိုး အိမ်သို့လည်း သွား၍ မတောင်းဝံ့ရှာသော) သိက္ခမာန်မသည် ငိုရှာလေတော့၏၊ အခြား ဘိက္ခုနီတို့ကမေး၍ အကြောင်းကို ပြောပြသောအခါ ထုလ္လနန္ဒာကို ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန ဘိက္ခုနီ အညံ စေတာပေတွာ အညံ စေတာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင်ဘိက္ခုနီသည် ဆီစသော အခြားဝတ္ထုကို လဲလှယ်စေပြီး၍ (ရလာသောအခါ) ထောပတ်စသော အခြား တစ်မျိုးကို ပြန်၍ လဲစေအံ့၊ ထိုဘိက္ခုနီသည် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏၊ ဤသိက္ခာပုဒ်၌ ရှေ့သိက္ခာပုဒ်၌ကဲ့သို့ စိတ်ကောင်းဖြင့် ပြန်၍ အလဲ ခိုင်းလျှင် အာပတ်မသင့်။

## ၈။ သံဃိကေန အညံ စေတာပန သိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီအများ။**

**အမှု-သင်္ကန်းကိုရည်ညွှန်း၍ ရှုအပ်သော သံဃိက ဥစ္စာဖြင့် ဆေးကိုလဲလှယ်စေမှု။**

**ဥပါသကာများ** သာဝတ္ထိမြို့၌ ဥပါသကာတို့သည် ဘိက္ခုနီသံဃာအား သင်္ကန်းလှူဖို့ရာ (တတ်နိုင်သမျှ လှူကြဖို့ ပြောဆို၍) စုဆောင်းပြီးလျှင် ထိုရသမျှပစ္စည်း ကို အထည်သည် တစ်ဦး၏ အိမ်၌ ဘိက္ခုသံဃာက တောင်းလျှင် လှူဖို့ရန်အပ်နှံ၍ ဘိက္ခုနီ သံဃာအားလည်း အလိုရှိသောအခါ သင်္ကန်းကို အလှူခံဖို့ရန် လျှောက်ထားကြလေသည်။

ဘိက္ခုနီတို့သည် သင်္ကန်းလှူဖို့ ရည်မှန်းအပ်သော ထိုပရိက္ခရာဖြင့် ဆေးကို အလဲခိုင်း၍ သုံးစွဲလိုက်ကြလေရာ အလှူ့ရှင်ဥပါသကာတို့ ကြားသဖြင့် "သင်္ကန်းဖို့ ရည်းမှန်းထားသော ပရိက္ခရာဖြင့် ဆေးကိုလဲစေ၍ သုံးစွဲကြတာ

ကောင်းသလား" ဟု ပြောဆို ပြစ်တင်ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန** ဘိက္ခုနီ အညဒတ္ထိ**ကေန** ပရိက္ခာရေန **အညု**ဒ္ဒိသိ**ကေန** သံဃိ**ကေန** အညံ စေတာပေယျ၊ **နိဿဂ္ဂိယံ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင် ဘိက္ခုနီသည် အခြားပစ္စည်းအတွက် လှူအပ်-အခြားပစ္စည်းကို ရည်ညွှန်း၍ လှူအပ်သော သံဃိက ပရိက္ခရာဖြင့် အလှူရှင် ရည်ညွှန်း၍လှူအပ်သောပစ္စည်းမှ အခြားပစ္စည်း တစ်မျိုးကို လဲစေအံ့၊ (လဲပေးဖို့ရန် ခိုင်းအံ့)၊ ထိုဘိက္ခုနီအား နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

**မှတ်ချက်။** ။အလှူရှင်တို့ ရည်ရွယ်တိုင်းလဲစေ၍ အပိုကို အခြားပစ္စည်းနှင့် လဲ၍ သုံးစွဲလျှင်လည်းကောင်း၊ အလှူရှင်များကို ကျေနပ်အောင် ပြောပြီးမှဖြစ်စေ, စင်ဘေး သူခိုး မားပြ သူပုန်ဘေး ကြုံရာကာလ၌ ဖြစ်စေ အခြားပစ္စည်းကို လဲစေလျှင်လည်းကောင်း အနာပတ္တိ။

---

## ဆ။ သံဃိက သံယာစိကေန အညံ စေတာပန သိက္ခာပုဒ်

**အမှုသည်--ဘိက္ခုနီအများ။**

**အမှု-သက်နှ်းကို ရည်ညွှန်း၍ လှူအပ်သော သံဃိကဥစ္စာ, ကိုယ်တိုင်တောင်း၍ ရသော ဥစ္စာ ၂-မျိုးဖြင့် ဆေးကို လဲစေမှု။**

**ဥပါသကာများ** ရှေ့သိက္ခာပုဒ်အတိုင်းပင် ဥပါသကာများ စုပေါင်း၍ အထည်သည် အိမ်မှာ (ဆန် ဆီ စသော ရသမျှ ပစ္စည်းကို) အပ်နှံပြီးလျှင် ဘိက္ခုနီသံဃာအားလည်း ထိုပစ္စည်းဖြင့် သင်္ကန်းကို လဲစေ၍ သုံးစွဲဖို့ရန် ဖိတ်မာန် လျှောက်ထားကြလေသည်၊ ဘိက္ခုနီတို့ကား သူတို့ရည်ရွယ်သည့်အတိုင်း မဟုတ်ဘဲ ထိုပစ္စည်းနှင့် မိမိတို့ အခြားမှ ရသော ပစ္စည်းပါပေါင်း၍ ထိုပစ္စည်း ၂-မျိုးဖြင့် ဆေးကို လဲစေ၍ သုံးစွဲကြလေသည်၊ ထိုအကြောင်းကို ကြား၍ အလှူရှင် ဥပါသကာတို့ ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ အညဒတ္ထိ**ကေန** ပရိက္ခာရေန **အညု**ဒ္ဒိသိ**ကေန** သံဃိ**ကေန** သံယာစိကေန **အညံ စေတာပေယျ၊ နိဿဂ္ဂိယံ** ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင် ဘိက္ခုနီသည် အခြား ပစ္စည်းအတွက် လှူအပ်-အခြား ပစ္စည်းကို ရည်ညွှန်း၍ လှူအပ်သော သံဃိက ပရိက္ခရာ, မိမိကိုယ်တိုင်တောင်း၍ ရအပ်သော ပရိက္ခရာ, ဤပရိက္ခရာ ၂-မျိုးဖြင့် အလှူ့ရှင် ရည်ညွှန်းအပ်သော ပရိက္ခရာမှ အခြား တစ်မျိုးသော ပရိက္ခရာကို လဲစေအံ့၊ ထိုဘိက္ခုနီမှာ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

---

## ၉။ မဟာဇနိကေန အညံ့ စေတာပန သိက္ခာပုဒ်

**အမှုသည်–ဘိက္ခုနီအများ။**

**အမှု–ယာဂုကို ရည်ညွှန်း၍ လှူအပ်သော ဘိက္ခုနီအများဆိုင် ပရိက္ခရာဖြင့် ဆေးကို လဲစေမှု။**

**ကျောင်းဒါယကာ အသင်း** အသင်းတစ်ခုက ဆောက်လုပ် လှူဒါန်းအပ်သော ကျောင်းပရိဝုဏ်အတွင်း၌ နေထိုင်ကြသော ဘိက္ခုနီတို့မှာ ယာဂုလုံလောက်စွာ မသောက်ရသဖြင့် ပင်ပန်းကြသည်ကို ထိုကျောင်းဒါယကာ အသင်းကသိ၍ အသင်းသားများထံမှ တတ်နိုင်သမျှ ပစ္စည်းကို အလှူခံပြီးလျှင် ဈေးသည် တစ်ဦးထံ အပ်နှံထားကြပြီးနောက် ထိုကျောင်းနေ ဘိက္ခုနီတို့အားလည်း ထိုဈေးသည်ထံမှဆန်ကို အလှူခံဖို့ရန် လျှောက်ထားကြလေသည်။

ဘိက္ခုနီတို့သည် ထိုဈေးသည်အထံမှ ဒါယကာတို့ ရည်ညွှန်း အပ်သော ဆန်ကိုအလှူမခံဘဲ ထိုအပ်နှံထားသော ပရိက္ခရာဖြင့် ဆေးကို လဲစေကြလေရာ, ထိုအကြောင်းကို ကြားသော အသင်းသားတို့က ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။**ယာ ပန ဘိက္ခုနီ အညဒတ္ထိကေန ပရိက္ခာရေန အညုဒ္ဒိသိကေန မဟာဇနိကေန အညံ စေတာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။**

မြန်မာပြန်။ ။အကြင် ဘိက္ခုနီသည် အခြား ပစ္စည်းအတွက် လှူအပ်-အခြားပစ္စည်းကို ရည်ညွှန်း၍ လှူအပ်သော ဘိက္ခုနီ အများဆိုင်ဖြစ်သော ပရိက္ခရာဖြင့် အခြား ပစ္စည်းတစ်မျိုးကို လှူစေအံ့၊ ထိုဘိက္ခုနီမှာ နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

## ၈၂။ မဟာဇနိကသံယာစိကေန အညံ့စေတာပန သိက္ခာပုဒ်

အမှုသည်-ဘိက္ခုနီအများ။
အမှု-ယာဂုကို ရည်ညွှန်း၍ လှူအပ်သော အများဆိုင်ပရိက္ခရာ,
ကိုယ်တိုင်တောင်း၍ရသော ပရိက္ခရာ ၂-မျိုးဖြင့် ဆေးကို လဲစေမှု။

**ဥပါသကာများ** ဧရှေသိက္ခာပုဒ်အတိုင်းပင် ကျောင်းဒါယကာ အသင်းဝင် ဥပါသကာ အများစုပေါင်း၍ ဈေးသည်တစ်ဦးအိမ်မှာ ဆန်ဆီစသော ပရိက္ခရာကို အပ်နှံပြီးလျှင် မိမိတို့ ကျောင်း၌နေသော ဘိက္ခုနီတို့အားလည်း ထိုဈေးသည်ထံမှ (ယာဂုအတွက်) ဆန်ကို အလှူခံဖို့ရန် လျှောက်ထားကြလေသည်၊ ဘိက္ခုနီတို့ကား ထိုကျောင်းဒါယကာတို့ ညွှန်ပြအပ်သောဆန်ကို မလဲစေဘဲ ထိုအပ်နှံထားသော ပရိက္ခရာ, မိမိတို့ အခြားနေရာမှ တောင်း၍ရသော ပရိက္ခရာ ၂-မျိုးဖြင့် ဆေးကို လဲစေကြလေသည်၊ ထိုအကြောင်းကို ကြား၍ အသင်းသား ကျောင်းဒါယာတို့ ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ အညဒတ္ထိကေန ပရိက္ခာရေန အညုဒ္ဒိသိကေန မဟာဇနိကေန သံယာစိကေန အညံ့ စေတာပေယျ၊ နိသဂ္ဂိယံ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင် ဘိက္ခုနီသည် အခြား ပစ္စည်းအတွက် လှူအပ်- အခြား ပစ္စည်းကို ရည်ညွှန်း၍ လှူအပ်သော အများဆိုင် ပရိက္ခရာ, မိမိကိုယ်တိုင် တောင်း၍ ရအပ်သော ပရိက္ခရာ, ဤပရိက္ခရာ ၂ မျိုးဖြင့် အလှူ့ရှင် ရည်ညွှန်းအပ်သော ပရိက္ခရာမှ အခြား ပရိက္ခရာတစ်မျိုးကို လဲစေအံ့၊ ထိုဘိက္ခုနီမှာ နိသဂ္ဂိပါစိတ် အာပတ်သင့်၏။

---

## ည။ ပုဂ္ဂလိက သံယာစိကေန အညံ့ စေတာပန သိက္ခာပုဒ်

အမှုသည်-ထုလ္လနန္ဒာ။
အမှု-ကျောင်းကိုရည်ညွှန်း၍ လှူအပ်သော ပုဂ္ဂလိက ပစ္စည်း ကိုယ်တိုင်တောင်း၍ ရအပ်သော ပစ္စည်း ၂-မျိုးဖြင့် ဆေးကို လဲစေမှု။

**ထုလ္လနန္ဒာနှင့် မဟာရာဇာ** ထုလ္လနန္ဒာသည် များသော အကြားအမြင် ရှိ၏၊ တရားတော်များကို အရအဆောင်ထား၏၊ ရဲရင့်၏၊ တရားဟောကောင်း၏၊ များစွာသော လူတို့သည် ထုလ္လနန္ဒာကို

ဆည်းကပ်ကြ လေ၏၊ ထိုအခါ၌ ထုလ္လနန္ဒာ၏ ကျောင်းသည် ပြိုကျနေ၏၊ လူတို့က "ဘာ့ကြောင့် ကျောင်းပြိုပါသနည်း" ဟု မေးလျှောက်သောအခါ ပြုပြင်မည့် ဒါယကာ မရှိကြောင်းကို ပြောပြသဖြင့် ကျောင်းပြင်ဖို့ရာ သဘောတူသူ လူအများစုပေါင်း၍ ဆန်စသော ပရိက္ခရာကို ထုလ္လနန္ဒာအား လှူကြလေသည်၊ ထုလ္လနန္ဒာသည် ထိုသူအပ်သော ပရိက္ခရာ, မိမိကိုယ်တိုင်လည်း တောင်း၍ရသော ပရိက္ခရာ, ၂-မျိုးဖြင့် ကျောင်းမပြင်ဘဲ ဆေးကို လဲစေ လေရာ, ထိုအကြောင်းကို ကြားသောလူတို့ ကဲ့ရဲ့သောကြောင့် ဤသိက္ခာ ပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ **အညဒတ္ထိကေန** ပရိက္ခာရေန **အညုဒ္ဒိ·** သိကေန ပုဂ္ဂလိကေန သံယာစိကေန အညံ စေတာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင် ဘိက္ခုနီသည် အခြား ပစ္စည်းအတွက် လှူအပ်— အခြားပစ္စည်းကို ရည်ညွှန်း၍ လှူအပ်သော မိမိပိုင်ပုဂ္ဂလိက ပရိက္ခရာ, ကိုယ်တိုင် တောင်း၍ ရအပ်သော ပရိက္ခရာ, ဤ၂-မျိုးဖြင့် အလှူ့ရှင် ရည်ညွှန်းအပ်သော ပရိက္ခရာမှ အခြားတစ်မျိုးကို လဲစေအံ့၊ ထို ဘိက္ခုနီမှာ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။

---

## ၄။ ဂရုပါဝုရဏ စေတာပန သိက္ခာပုဒ်

**အမှုသည်-ထုလ္လနန္ဒာ။**

**အမှု—ကောသလမင်း၏ ကမ္ဗလာကို တောင်းမှု။**

**ထုလ္လနန္ဒာ** ထုလ္လနန္ဒာသည် ( ရှေ့ သိက္ခာပုဒ်၌ ပြခဲ့သည့် အတိုင်း ) အပြောကောင်း,အဟောကောင်း ဖြစ်ရကား ကောသလ မဟာရာဇာသည် အေးချမ်းသောအခါဖြစ်၍ အဖိုးတန် ကမ္ဗလာကို ခြုံလျက် ထုလ္လနန္ဒာအထံသို့ ရောက်လာ၏၊ ထုလ္လနန္ဒာသည် ကောသလမဟာရာဇာအား တရားစကား ပြောဟော၍ သဘောကျသောကြောင့် "အရှင်မ အလိုရှိတာ ပြောပါ"ဟု ဖိတ်မန်လေသည်၊ ထုလ္လနန္ဒာလည်း(အချိန်မဆိုင်းဘဲ)"လှူလိုလျှင် ဒီကမ္ဗလာကို လှူခဲ့ပါလား" ဟု ပြောလေသော် မဟာရာဇာလည်း မရှောင် သာဘဲ ကမ္ဗလာကို လှူခဲ့ရလေသည်။

လူအိုက်ရဲ့ပုံ။ ။ထိုအကြောင်းကို ကြားသိရသော လူတို့သည် ''ဘိက္ခုနီတွေဟာ အလွန် အလို(လောဘ) ကြီးကြသည်, တင်းတိမ်ရောင့်ရဲခြင်း မရှိကြ၊ ဘယ်နှယ်, မဟာရာဇာကိုတောင် ကမ္ဗလာ အလှူခံကြရသလဲ'' ဟု ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရ လေသည်။

သိက္ခာပုဒ်။ ။**ဂရုပါဝုရဏံ ပန ဘိက္ခုနိယာ စေတာပေန္တိယာ စတုက္ကံသပရမံ စေတာပေတဗ္ဗံ၊ တတော စေ ဥတ္တရိ စေတာပေယျ၊ နိသဂ္ဂိယံ ပါစိတ္တိယံ**။

မြန်မာပြန်။ ။လေးသောခြုံထည် တောင်းသောဘိက္ခုနီသည် အလွန်ဆုံး ၄-ကံသသာ တန်သော ခြုံထည်ကို တောင်းရမည်၊ ထို့ထက် ပို၍ တန်ဖိုးရှိသော ခြုံထည်ကို တောင်းလျှင် နိသဂ္ဂိ ပါစိတ် အာပတ် သင့်၏။

မှတ်ချက်။ ။လေးသောခြုံထည်ဟူသည်အေးသောအခါခြုံဖို့ရာ ခြုံထည်တည်း၊ တစ်ကံသသည် ၄-ကျပ်ရှိ၏၊ထို့ကြောင့် ၁၆-ကျပ်တန်ခြုံထည်ကို ''စတုက္ကံသ=၄-ကံသ တန်''ဟု ဆိုသည်။

---

## ၄။ လဟုပါဝုရဏ စေတာပန သိက္ခာပုဒ်

ထုလ္လနန္ဒာနှင့် မဟာရာဇာ ကောသလ မဟာရာဇာသည် ပူအိုက်သော အခါဝယ် အဖိုးများစွာ ထိုက်တန်သော ခေါမတိုင်းဖြစ် ခြုံထည်ကို ခြုံ၍ ထုလ္လနန္ဒာ အထံ ရောက်လာ ပြန်ရာ ထုလ္လနန္ဒာဟောပြောအပ်သော တရားစကားကို သဘောကျ၍ ''အလိုရှိတာ ပြောပါ'' ဟု ဖိတ်ပြန်လေသည်၊ ထုလ္လနန္ဒာသည် ချက်ခြင်းပင် ''လှူလိုလျှင် ဒီခြုံထည်ကို လှူခဲ့ပါလား'' ဟု တောင်း လေသည်၊ မဟာရာဇာလည်း မရှောင်သာ၍ လှူရလေသော် (ရှေ့သိက္ခာပုဒ် အတိုင်း) လူတို့က ကဲ့ရဲ့ပြန် သောကြောင့် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။**လဟုပါဝုရဏံ ပန ဘိက္ခုနိယာ စေတာပေန္တိယာ အဍ္ဎတေယျကံသပရမံ စေတာပေတဗ္ဗံ၊ တတော စေ ဥတ္တရိ စေတာပေယျ၊ နိသဂ္ဂိယံ ပါစိတ္တိယံ**။

**မြန်မာပြန်။** ။ပေါ့သော ခြုံထည်ကို တောင်းလိုသော ဘိက္ခုနီသည် အလွန်ဆုံး ၂-ကံသ ခွဲသာ တန်ဖိုးရှိသော ခြုံထည်ကို တောင်းရမည်၊ ထို့ထက်ပို၍ တန်ဖိုးရှိသော ခြုံထည်ကို တောင်းလျှင် နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။

**မှတ်ချက်။** ။ပူအိုက်သောအခါ ခြုံရသော ခြုံထည်ကို ''ပေါ့သောခြုံထည်'' ဟု ဆို၏၊ ''ခြုံထည်''ဟူသည်လည်း အိန္ဒိယလူမျိုးတို့ အပေါ်ပိုင်း၌ ခြုံလေ့ရှိသော အပေါ်ခြုံမျိုးပင် ဖြစ်ဟန်တူသည်၊ ''၂-ကံသခွဲ'' ဟူသည် ၁၀-တည်း။

**နိဿဂ္ဂိပါစိတ်။** ။[နိဿဂ္ဂိ = စွန့်ခြင်း။] ဝိနည်း ထုံးစံအရ သံဃာ့ထံမှာ ဖြစ်စေ, ၂-ပါး ၃-ပါး (ဂိုဏ်း)ထံမှာ ဖြစ်စေ, ၁-ပါး(ပုဂ္ဂိုလ်) ထံမှာ ဖြစ်စေ ရရှိသော ပစ္စည်းကို စွန့်ရသည်၊ ထိုသို့စွန့်ပြီးမှ ပါစိတ် အာပတ်ကို ဒေသနာ ပြောရ၏၊ ဒေသနာ ပြောကြားရုံဖြင့် မပြီးဘဲ ပစ္စည်းကိုလည်း စွန့်ရသေးသောကြောင့် ''နိဿဂ္ဂိ ပါစိတ် အာပတ်'' ဟု ခေါ်သည်။

**သိက္ခာပုဒ်-၃၀။** ။ဘိက္ခုတို့အတွက် နိဿဂ္ဂိယ ပါစိတ္တိယ သိက္ခာပုဒ်-၃၀ ရှိသကဲ့သို့ ဘိက္ခုနီများ အတွက်လည်း ၃၀-ပင် ရှိ၏၊ ဘိက္ခုနီတို့၏ ၃၀-ကား ပြခဲ့သော ၁၂-ပါး, ဘိက္ခု၏ စီဝရဝဂ်လာ ၁၀-ပါးတွင် ပုရာဏစီဝရ ဓောဝါပန နှင့် စီဝရ ပဋိဂ္ဂဟန သိက္ခာပုဒ် ၂-ပါးကို ကြဉ်၍ စီဝရဝဂ်လာ ၈-ပါး, ပတ္တဝဂ်လာ ၁၀-ပါး, ပေါင်း ၃၀ ဖြစ်၏။

နိဿဂ္ဂိယပါစိတ်အခန်း ပြီး၏။

# ၄။ သုဒ္ဓပါစိတ်အခန်း

## လသုဏဝဂ်

### က။ လသုဏသိက္ခာပုဒ်

အမှုသည်—ထုလ္လနန္ဒာ။
အမှု–အလိုက်မသိဘဲ ကြက်သွန်ဖြူတို့ကို များစွာဆောင်ယူစေမှု၊

ထုလ္လနန္ဒာ၏ အလိုက်မသိမှု

သာဝတ္ထိမြို့နေ ဥပါသကာ တစ်ယောက်သည် ဘိက္ခုနီသံဃာအား ကြက်သွန်ဖြူဖြင့် ဖိတ်မန်ပြီးလျှင် ယာတောစောင့်သူကိုလည်း ဘိက္ခုနီများ လာခဲ့သော် တစ်ပါးလျှင် ဂဏ္ဍိကမည်သော ကြက်သွန်ဖြူ ၂-ဥ, ၃-ဥစီ လှူဖို့ရန် မှာထား၏။ [''ဂဏ္ဍိက'' ဟူသည် အမြွှာင့် များစွာ ပါသော မဂဓတိုင်းဖြစ် ကြက်သွန်ဖြူဥ တစ်မျိုးတည်း။]

ထိုသို့ဖိတ်မန်ထားရာ၌အခါ၌ပင် သာဝတ္ထိမြို့၌ ပွဲသဘင်ရှိလေရာ ယာခင်းမှ ဆောင်ယူခဲ့သမျှ ကြက်သွန်ဖြူတွေသည် ရောင်း၍ မလောက်နိုင်အောင် ကုန်လေတော့၏၊ ဘိက္ခုနီတို့သည် ထိုအချိန်မှာပင် ဥပါသကာထံသွား၍ ကြက်သွန်ဖြူ အလိုရှိကြောင်း ပြောကြလေသော်, ဥပါသကာသည် အိမ်မှာ ကြက်သွန်ဖြူ မရှိသောကြောင့် ''ယာခင်းသို့ သွားကြပါတော့'' ဟု လျှောက်ရလေသည်၊ ထိုအခါ ထုလ္လနန္ဒာသည် ယာခင်းသို့သွား၍ ပမာဏကို မသိဘဲ များစွာသော ကြက်သွန်ဖြူကို ဆောင်ယူစေလေသော် ယာခင်းစောင့်သူက မကျေနပ်၍ ကဲ့ရဲ့သောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ လသုဏံ ခါဒေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင် ဘိက္ခုနီသည် ကြက်သွန်ဖြူကို ခဲစားအံ့၊ ထို ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

မှတ်ချက်။ ။ကြက်သွန်ဖြူကို ခဲစားရာ၌ ''ဘိက္ခုနီတို့မှာ ပါစိတ်အာပတ်၊ ဘိက္ခုတို့မှာ ဒုက္ကဋ်၊ ရောဂါရှိ၍ စားသော သဘောဖြင့်ကား စားကောင်း၏'' ဟု ဝိနယဝဏ္ဏ၊ ခန္ဓကဋ္ဌ မိန့်တော်မူသည်၊ ''ကြက်သွန်ဖြူ'' ဟူ၍ မဂဓတိုင်း၌ ဖြစ်သော အမြွှာင့် များစွာပါသော ကြက်သွန်ဖြူ မျိုးကို ဆိုလိုသည်၊ ၁-မြွှာင့်, ၂-မြွှာင့်, ၃-မြွှာင့်လောက်မျှပါသော ကြက်သွန်မျိုးကိုမဆိုလို၊ ထိုကြက်သွန်ဖြူကိုလည်း ဟင်း-လက်သုပ်စသည်၌ ထည့်ခတ်ခြင်း

မဟုတ်ဘဲ အစိမ်းသက်သက်စားမှ အာပတ်သင့်သည်၊ဟင်းစသည်၌ ပါမှုအနာပတ္တိ၊ ''ပလဏ္ဍုက''ခေါ်တစ်မြှောင့်တည်းရှိသော ကြက်သွန်,ဝါ''ဘဒ္ဒုနက''ခေါ် ၂-မြှောင့်ရှိသော ကြက်သွန်နီ(''ဘဒ္ဒုနကော လောဟိတဝဏ္ဏော'' အဋ္ဌကထာ)၊ ''ဟရိတက'' ခေါ် ၃-မြှောင့်ရှိသော ကြက်သွန်စိမ်း,စာပခေါ်အမြှောင့်လုံးဝမရှိသော ကြက်သွန်မြိတ်တိုကိုကား သုံ့ချည်းစားသော်လည်း အနာပတ္တိ။

## ၁။ သမ္ဗာဓ သိက္ခာပုဒ်

**အမှုသည်–ဆဗ္ဗဂ္ဂီဘိက္ခုနီများ။**
**အမှု–အင်္ဂါဇာတ်အမွေးတို့ကိုနှုတ်(ရိတ်)မှု။**

**ဆဗ္ဗဂ္ဂီမများ** ဆဗ္ဗဂ္ဂီရဟန်းတို့၏ ဩဝါဒခံသော ဘိက္ခုနီများကိုလည်း ''ဆဗ္ဗဂ္ဂီယာ''ဟု ခေါ်၏၊ ထိုဘိက္ခုနီတို့သည် အင်္ဂါဇာတ်မွေးတို့ကို ဖယ်ကြ,နှုတ်ကြ,ရိတ်ကြပြီးလျှင် အစိရဝတီမြစ်၌ ရေလဲမပါဘဲ ပြည့်တန်ဆာမတို့နှင့် ရောနှော၍ ရေချိုးကြကုန်၏၊ ထိုအခါပြည့်တန်ဆာမတို့သည်''ဘိက္ခုနီတွေကလဲ ကာမဂုဏ်ခံစားသော လူဝတ်ကြောင် မိန်းမများလိုအမွေးအမျှင်ကို နှုတ်ကြ,ရိတ်ကြရသတဲ့လား''ဟု ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ သမ္ဗာဓေ လောမံ သံဟရာပေယျ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင် ဘိက္ခုနီသည် ကျဉ်းမြောင်းသော (ချိုင်းကြား, အင်္ဂါဇာတ်) အရပ်၌ အမွေးအမျှင်ကို ပယ်ရှားအံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။ကတ်ကျေး, ဇွေးညှပ်, သင်တုန်းတို့တွင် ဘာနှင့်မျှ မပယ်ရှားရ၊ ဘိက္ခုတို့ ပယ်ရှားလျှင် ဒုက္ကဋ်ဟု ခုဒ္ဒက ဝတ္ထုခန္ဓကဌ် မိန့်၏၊ အနာရောဂါရှိ၍ ဆေးမစွဲလျှင် ပယ်ရှားကောင်း၏။

## ၈။ တလဃာတကသိက္ခာပုဒ်

**အမှုသည်–ဘိက္ခုနီ ၂-ယောက်။**
**အမှု–အင်္ဂါဇာတ်ကို ပုတ်ခတ်မှု။**

**ဘိက္ခုနီ ၂-ယောက်** သာဝတ္ထိမြို့၌ ဘိက္ခုနီ ၂-ယောက်သည် သာသနာတော်၌ မပျော်နိုင်အောင် ဖြစ်နေရကား အခန်းတွင်း သို့ဝင်၍ သူတို့၏ အင်္ဂါဇာတ် အပြင်ကို (နင်တို့ကြောင့် မပျော်

တဘာဲ ဟူသော အနေဖြင့် တဖတ်ဖတ် အသံမြည်အောင်)ညှဉ်းဆဲနှိပ်စက်ကြကုန်၏၊ ထိုအသံကိုကြား၍ အခြား ဘိက္ခုနီတို့ ပြေးဝင်လာပြီးလျှင် "ယောကျ်ားနှင့်ဖောက်ပြားနေကြသလား" ဟု မေးကြလေရာ, သူတို့၏အဖြစ်မှန်ကို ပြောပြကြလေသည်၊ ထိုအခါဘိက္ခုနီအများက ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။တလဃာတကေ ပါစိတ္တိယံ။

မြန်မာပြန်။ ။ပဿာဝမဂ်(အင်္ဂါဇာတ်)အပြင်ကို ပုတ်ခတ်ခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။

မှတ်ချက်။ ။ပဿာဝမဂ်ကိုလက်,ဘုတ်စသည်သာမကကြာရွက်ဖတ်,ကြာဝတ်ဆံကလေးနှင့်မျှ မပုတ်မခတ်ရ၊ မဂ်နားဌပေါက်နေသော အနာရှိ၍ပုတ်ခတ်သင့်၍ကား အနာကိုသာပုတ်ခတ်ကောင်း၏။ [ရဟန်းတစ်ပါးကား ထိုကဲ့သို့ မမွေ့လျော်မှုဖြစ်သောအခါသူ၏အင်္ဂါဇာတ်ကို ဖြတ်ပစ်လေတော့၏၊ထိုအကြောင်းကို ဘုရားရှင်ကြားတော်မူ၍ "အင်္ဂါဇာတ်ကို မဖြတ်ရ,ဖြတ်လျှင် ထုလ္လစ္စည်းအာပတ်" ဟု ပညတ်တော်မူရလေသည်။....ခုဒ္ဒဝတ္ထုခန္ဓက။]

## ဿ။ ဇတုမဋ္ဌကသိက္ခာပုဒ်

အမှုသည်–ဘိက္ခုနီတစ်ယောက်။

အမှု–သူ၏အင်္ဂါသို့ ချိပ်တောင့်သွင်းမှု။

**မောင်းမဟောင်း ထံမှနည်းရပုံ** ရှင်ဘုရင်၏ မောင်းမဟောင်း(မိဖုရားငယ်) ဖြစ်ဖူးသော မိန်းမတစ်ယောက်သည် ဘိက္ခုနီပြုလုပ်နေ၏၊ အခါတစ်ပါး၌ အခြားဘိက္ခုနီတစ်ယောက်သည် တဏှာရာဂထကြွသဖြင့် ဘိက္ခုနီဘဝ၌ မပျော်ပိုက်နိုင်အောင် ရှိလေ၏၊ ထိုအခါ ထိုဘိက္ခုနီသည် မောင်းမဟောင်း ဘိက္ခုနီထံကပ်၍ မေးမြန်းသည်မှာ – မိဖုရားတွေအများကြီးထားသော ရှင်ဘုရင်သည် အရှင်မတို့ဆီသို့ အတော်ကြာမှအလှည့်ကျမှာပဲ၊ အဲဒီတော့ ကိုယ့်ဆီလာလှည့် မကျတဲ့အခါ ဘယ်လိုများ ချုပ်တည်းထားကြပါသလဲ။

ထိုအခါ ထိုမောင်းမဟောင်း ဘိက္ခုနီသည် ရှင်းရှင်းနှင့် ဘွင်းဘွင်း ပြောသည်မှာ– "ချိပ်တောင့်နှင့် ဖြေရတာပေါ့"တဲ့၊ ထို ဘိက္ခုနီမသည် သဘောမပေါက်၍ ချိပ်တောင့်အကြောင်းကို မေးပြန်ရာ, မောင်းမဟောင်း

ဘိက္ခုနီတို့သည် စုံစုံလင်လင်ပြောပြလေတော့၏၊ ထိုအခါသဘောကျ၍ သူ၏ ထကြွမှုကိုလည်း ချိပ်တောင့်ဖြင့် ဖျော်ဖြေပြီးနောက် ရေဆေးရမည်ကို သတိမရဘဲ တစ်နေရာ ပစ်ထားမိလေသည်။

ထိုအခါ ယင်တွေအုံနေသော ထိုဟာကို ဘိက္ခုနီတို့မြင်ကြ၍ စစ်ဆေးမေးမြန်းသော အခါ ထိုဘိက္ခုနီမသည် သူ့ဥစ္စာဖြစ်ကြောင်း ဝန်ခံရလေသည်၊ ထိုဘိက္ခုနီကို အများကပင် ကဲ့ရဲ့ရှုတ်ချ၍ တစ်ဆင့်အားဖြင့် ဘုရားရှင်ကြားသိတော်မူရကား ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ဇတုမဋ္ဌကေ ပါစိတ္တိယံ။

**မြန်မာပြန်။** ။ချောမောသော ချိပ်တောင့်ဖြင့် ပဿာဝမဂ်ကိုသွင်းခြင်းကြောင့် ပါစိတ်အာပတ်သင့်၏၊ ဤသိက္ခာပုဒ်တော်အရ ချိပ်ဖြင့်ပြုလုပ်ထားသော အတောင့်သာမက, သစ်သား မြေညက်စသည်ဖြင့်ပြုလုပ်သော အတောင့်, အတန်ဟူသမျှ (ကြာဝတ်ဆံကလေးကိုမျှ) အင်္ဂါအတွင်းသို့ မသွင်းရ။

## ၄။ ဥဒကသုဒ္ဓိကသိက္ခာပုဒ်

**အမှုသည်–ဘိက္ခုနီတစ်ယောက်။**

**အမှု–အလွန်နက်၍ ရေဆေးမှု။**

**မိထွေးတော်**

ကပိလဝတ် နေပြည်တော် ဘုရားရှင် သီတင်းသုံးတော်မူစဉ် မိထွေးတော် ဂေါတမီသည် ဘုရားအထံတော်သို့ လာ၍ (မြတ်စွာဘုရားအထံ မကောင်းအနံ့ ရောက်မည် စိုးသောကြောင့်) လေအောက်က ထိုင်ပြီးလျှင် “မြတ်စွာဘုရား၊ ... မာတုဂါမဆိုတာ (နဂိုအတိုင်းဆိုလျှင်) အနံ့မကောင်းပါ”ဟု လျှောက်ရှာလေသည်၊ ထိုအခါ ဘုရားရှင်သည်“ဘိက္ခုနီများ သန့်ရှင်းစင်ကြယ်အောင် ရေကိုယူနိုင်=ရေဆေးနိုင်သည်”ဟု မိန့်တော်မူ၍ တရားစကား ဟောပြောတော် မူပြီးနောက် မိထွေးတော်ပြန်သွားသော အခါ သံဃာစည်းဝေး၍ ဘိက္ခုနီများအတွက် ရေဆေးမှုကို ခွင့်ပြုတော် မူရလေသည်။

**အလွန်အကျွံဆေးမှု**

ထိုသို့ ခွင့်ပြုတော်မူလိုက်လျှင်ပင် ဘိက္ခုနီအများတို့ သူတို့အင်္ဂါအတွင်းကို ဆေးကြလေရာ ဘိက္ခုနီတစ်ယောက်မှာမူ နှိုက်ရင်းနှိုက်ရင်း သာယာသည့်အတွက် လက်ချောင်းကို

အတော်နက်အောင်သွား၍ ဆေးခြင်းကြောင့် အတွင်း၌ အနာဖြစ်နေရကား မနေသာသဖြင့် နီးစပ်ရာဘိက္ခုနီများကို ပြောပြရလေတော့သည်၊ ထိုအခါ ကြားကြားသမျှ ဘိက္ခုနီတို့က "ဒါလောက်နက်အောင် နှိုက်၍ဆေးရ မလား"ဟု အပြစ်တင်ပြီးလျှင် ဘုရားရှင်ကြားလောက်အောင် လျှောက် ထားကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ဥဒကသုဒ္ဓိကံ ပန ဘိက္ခုနိယာ **အာဒိယမာနာယ** ဒွင်္ဂုလပဗ္ဗပရမံ **အာဒါတဗ္ဗံ၊** တံ **အတိက္ကာမေန္တိယာ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။ရေဆေးမှုကိုပြုသော ဘိက္ခုနီသည် လက် ၂-ချောင်း၏ လက် ၂-ဆစ်လောက်သာ နှိုက်၍ ဆေးရမည်၊ ထိုထက်ပို၍ နှိုက် ဆေးလျှင် (လက်အတွေ့ကိုသာယာ၍ တစ်ဆံခြည်မျှ ပိုသွားလျှင်) ပါစိတ်အာပတ်သင့်၏၊ (လက် ၂-ဆစ်ဟူရာ၌ လက်တစ်ချောင်းလျှင် တစ်ဆစ်စီအားဖြင့် ၂-ဆစ်ဟုမှတ်။)

---

## ၈။ ဥပဋ္ဌာနသိက္ခာပုဒ်

**အမှု-အမတ်ကတော်ဟောင်း ဘိက္ခုနီ။**

**အမှု-ဆွမ်းစားသော ရဟန်းအနီး၌ - သောက်ရေ ယပ်ခတ်မှုဖြင့်ပြုစုခြင်း။**

**အမတ်နှင့် ကတော်ဟောင်း**

သာဝတ္ထိမြို့၌ အမတ်ကြီးတစ်ယောက်သည် ရဟန်းပြုလုပ် သွားသဖြင့် အမတ်ကတော်လည်း ဘိက္ခုနီ ပြုလုပ်သွား လေသည်၊ တစ်နေ့သ၌ အမတ်ဟောင်း ရဟန်းသည် အမတ်ကတော်ဟောင်း ဘိက္ခုနီထံမှာ ဆွမ်းစားနေစဉ် ကတော်ဟောင်း ဘိက္ခုနီသည် လက်တစ်ဘက်ဖြင့် သောက်ရေခွက်ကိုကိုင်၍ လက်တစ်ဘက်ဖြင့် ယပ်ခတ်ပေးနေ၏၊ ထိုသို့ ပြုစုနေရင်း (ရှေးဟောင်းနှောင်း ဖြစ်တွေကို တွေးမိကာ) "ဟိုတုန်းကလဲ အရှင်ဘုရား ထမင်းစားနေပလားဆို ဒီလိုပဲ ပြုစုခဲ့ရတယ်နော်"ဟု ပြောလေရာ, "ဟင်းဟင်းမတော်ဘူး, ဒီလိုစကားတွေ မပြောနှင့်" ဟု တားမြစ်ငေါက်ငမ်း လေသော်...အောင်မာ, ဟိုတုန်းက တော့ငါ့ကို ဟိုလိုပြု ဒီလိုပြုနှင့် ပြုချင်တိုင်းပြုခဲ့ပြီးတော့, အခုမှဒီစကား ကလေးကိုမခံနိုင်ဘူးလား"ဟု ပြောပြောဆိုဆို ကိုင်ထားသော ရေခွက်ကို

ထိပ်ပေါ်ပစ်ချ၍ ယပ်တောင်နှင့် ရိုက်လေတော့သတည်း၊ ထိုသို့ဖြစ်ပုံကို အခြားဘိက္ခုနီတို့က ကဲ့ရဲ့ကြ၍ ဘုရားရှင်သိတော်မူသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်** ။**ယာ** ပန ဘိက္ခုနီ ဘိက္ခုဿ ဘုဉ္ဇန္တဿ **ပါနီယေန ဝါ ဝိဓူပနေန ဝါ** ဥပတိဋ္ဌေယျ၊ **ပါစိတ္တိယံ**။

မြန်**မာ**ပြန်။ ။အကြင်ဘိက္ခုနီသည် ဆွမ်းစားနေသော ရဟန်း၏အနီး၌ သောက်ရေဖြင့် သော်လည်းကောင်း, ယပ်ဖြင့် သော်လည်းကောင်း တည်နေအံ့၊ ( သောက်ရေ ယပ်ခတ်မှုဖြင့် ပြုစုလုပ်ကျွေးအံ့၊ ) ထိုဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်**။ ။ဤသိက္ခာပုဒ်၏ ဝတ္ထုကြောင်း၌ ရိုက်နှက်မှုပါသော်လည်း ရိုက်နှက်မှုသည် ဤသိက္ခာပုဒ်နှင့်မဆိုင်၊ ရေ-ယက်တက်ရည်-နွားနို့ စသော အရည်ဖြင့်လည်းကောင်း, ယပ်ဖြင့်လည်းကောင်း ပြုစုမှုသာဆိုင်၏၊ ဘိက္ခုနီက ဘိက္ခုကို ပုတ်ခတ်ရိုက်နှက်လျှင် ဒုက္ကဋ်အာပတ်သင့်၏။ (ဘိက္ခုနီခန္ဓက)၊

## ဆ။ အာမကဓညသိက္ခာပုဒ်

**အမှုသည်–ဘိက္ခုနီအများ။**
**အမှု–စပါးကို တောင်း၍စားမှု။**

**စပါးတောင်း၍ ယူလာခြင်း**

သာဝတ္ထိမြို့၌ ဘိက္ခုနီတို့သည် ကောက်(စပါး)ပေါ်ချိန်၌ (ဉာတိ,ပဝါရိတတို့အထံ၌)စပါးကိုတောင်း၍ မြို့တွင်းသို့ (သူတို့၏ကျောင်းသို့)ယူလာကြကုန်၏၊ မြို့တံခါးပေါက်သို့ ရောက်သောအခါ အစောင့်တို့က (ဆန်ဆိုလျှင် ကိစ္စမရှိ) စပါးသွင်းယူလာသည့်အတွက် အခွန်ကောက်သည့် အနေအားဖြင့် ကျသင့်သောအဖို့(ဘာဂ)ကို ပေးရမည်ဟု ပြောဆိုနှောင့်ယှက်ပြီးမှ လွှတ်လိုက်ကြလေသည်၊ ကျောင်းသို့ ရောက်သောအခါ ထိုဖြစ်ခဲ့ပုံကို ပြောပြသဖြင့်“စပါးကို တောင်းရကောင်းလား”ဟုအခြားဘိက္ခုနီတို့က ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်**။ ။ယာ ပန ဘိက္ခုနီ **အာမကဓညံ** ဝိညတွာ ဝါ ဝိညာပေတွာ ဝါ ဘဇ္ဇိတွာ ဝါ ဘဇ္ဇာပေတွာ ဝါ ကောဋ္ဋေတွာ ဝါ ကောဋ္ဋာပေတွာ ဝါ ပစိတွာ ဝါ ပစာပေတွာ ဝါ ဘုဉ္ဇေယျ၊ **ပါစိတ္တိယံ**။

**မြန်မာပြန်**။ ။အကြင် ဘိက္ခုနီသည် စပါးစိမ်းကို (စပါးဟူသမျှကို ခြောက်သွေ့နေသော်လည်း စပါးစိမ်းဟု ခေါ်၏၊) ကိုယ်တိုင် တောင်းပြီးလျှင်, သို့မဟုတ်အတောင်းခိုင်းပြီးလျှင် ကိုယ်တိုင်(ပေါက်ပေါက်လှော်သလို) လှော်၍ဖြစ်စေ, သူတစ်ပါးကို အလှော်ခိုင်း၍ ဖြစ်စေ, ကိုယ်တိုင်ထောင်း၍ဖြစ်စေ, သူတစ်ပါးကို အထောင်းခိုင်း၍ ဖြစ်စေ, ကိုယ်တိုင်ချက်ကြို၍ဖြစ်စေ,သူတစ်ပါးကို အချက်အကြိုခိုင်း၍ ဖြစ်စေ စားအံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်**။ ။ရဟန်းယောကျ်ားများကား စပါးကိုကိုင်လည်း မကိုင်ရ, လှူစေကာမူ အလှူမခံရ၊ ကိုင်လျှင် အလှူခံလျှင် ဒုက္ကဋ်အာပတ်သင့်သည်။

---

## ၈။ တိရောကုဋ္ဋသိက္ခာပုဒ်

**အမှု—ဘိက္ခုနီတစ်ယောက်။**

**အမှု—နံရံတစ်ဘက်၌ ကျင်ကြီးခွက်ကိုစွန့်ပစ်မှု။**

**ပုဏ္ဏားတစ်ယောက်** ယခုခေတ်၌ ဈေးခွန် ကောက်ခွင့်ရသူ စသည်တို့ကဲ့သို့ အခွန်အတုပ်ကောက်ခွင့် အာဏာတစ်ခု ရရှိထားသော ပုဏ္ဏားတစ်ယောက်သည် ထိုရာထူးကို နောက်တစ်နှစ်အတွက် ဆက်လက်ရအောင် မင်းထံသို့ အတောင်းသွားမည်ဟုကြံ၍ ခေါင်းလျှော် ရေချိုးပြီးလျှင် ဘိက္ခုနီတို့၏ ကျောင်းတံတိုင်းနှင့် ကပ်နေသော လမ်းဖြင့် မင်းထံသို့သွားစဉ် ဘိက္ခုနီတစ်ယောက်ကလည်း ကျင်ကြီးစွန့်ထားသောခွက်တစ်ခုကို တံတိုင်းပြင်ဘက်သို့ အပစ်လိုက်မှာ ပုဏ္ဏား၏ ဦးခေါင်းပေါ်သို့ တည့်တည့်ကြီးကျသွားလေတော့သည်။

ပုဏ္ဏားသည် ("မင်္ဂလာရှိအောင် ခေါင်းလျှော်ရေချိုး၍ ရာထူးအတွက် သွားခါမှ အမင်္ဂလာဖြစ်ရလေခြင်း"ဟု မကျေမနပ်ဖြစ်ကာ) ဘိက္ခုနီတို့၏ ကျောင်းကို မီးရှို့မည်ဟု မီးစကိုင်၍ဝင်လာသည်ကို ကျောင်းမှထွက်လာသော ဥပါသကာမြင်၍ အကြောင်းအရာကို မေးမြန်းသောအခါ"ခင်ဗျာ.... ကျုပ်က ရှင်ဘုရင့်ထံ ရာထူးတောင်းမယ်လို့အသွားမှာ ဟောဒီ ခေါင်းတုံးလင်ကောင်မတွေက သူတို့ချေးခွက်ကို ကျုပ်ခေါင်းပေါ် ပစ်ချကြတယ်၊ ဒါကြောင့် ကျုပ်က သင်းတို့ကျောင်းကိုမီးရှို့မလို့"ဟု ပြောလေရာ, အပြောကောင်း အချော့ကောင်း ဥပါသကာက "ဒီလိုဆိုရင် ဒါဟာ မင်္ဂလာပဲ, သွားသာသွားပေတော့အသပြာတစ်ထောင်ရော ရာထူးရော ရပါလိမ့်မည်"ဟု

ပြောသဖြင့် စိတ်ဆိုးပြေကာ တစ်ဖန်ခေါင်းလျှော် ရေချိုး၍ မင်းထံသို့ သွားလေသော် ဥပါသကာ ပြောသည့်အတိုင်းပင် အသပြာတစ်ထောင်နှင့် ရာထူးပါ ရခဲ့လေသည်။

ကျောင်းမှ ထွက်လာသော ဥပါသကာလည်း ကျောင်းသို့ ပြန်ဝင်၍ ဘိက္ခုနီတို့အား ပုဏ္ဏားစိတ်ဆိုး၍ ကျောင်းမီးရှို့မည်ဟု ဝင်လာကြောင်း, နောင်ခါ ဒီလိုမပစ်ကြဖို့အကြောင်းကို ပြောပြလေလျှင် ထိုအကြောင်းကို ကြားသိရသော ဘိက္ခုနီတို့က ထိုသွန်ပစ်သော ဘိက္ခုနီကို ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဥစ္စာရံ ဝါ ပဿာဝံ ဝါ သင်္ကာရံ ဝါ ဝိဃာသံ ဝါ တိရောကုဋ္ဋေ ဝါ တိရောပါကာရေ ဝါ ဆဍ္ဍေယျ ဝါ ဆဍ္ဍာပေယျ ဝါ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင် ဘိက္ခုနီသည် ကျင်ကြီးကိုဖြစ်စေ ကျင်ငယ်ကို ဖြစ်စေ အမှိုက်ကိုဖြစ်စေ (စားပြီး၍ ကြွင်းကျန်သော) စားကြွင်းကို ဖြစ်စေ ဝရံတာ– သို့မဟုတ် တံတိုင်း၏တစ်ဘက် (ဟိုဘက်) သို့ ကိုယ်တိုင် သော်လည်း စွန့်ပစ်အံ့, အခြား တစ်စုံတစ်ယောက်ကိုသော်လည်း အပစ်ခိုင်းအံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

---

## ၈။ ဟရိတေ ဆဍ္ဍနသိက္ခာပုဒ်

**မုယောခင်းနှင့် စပ်မှု** ပုဏ္ဏားတစ်ယောက်သည် ဘိက္ခုနီကျောင်းအနီး၌ မုယောခင်း လုပ်ထား၏၊ ဘိက္ခုနီတို့သည် အလိုက်မသိ, ကိုယ့်ပစ္စည်းချင်း မစာဘဲ ကျင်ကြီး ကျင်ငယ် အမှိုက် စားကြွင်းများကို ထို မုယောခင်းပေါ်မှာ စွန့်ပစ်ကြလေရာ အခင်းရှင်ပုဏ္ဏားမခံနိုင်၍ ကဲ့ရဲ့သောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဥစ္စာရံ ဝါ ပဿာဝံ ဝါ သင်္ကာရံ ဝါ ဝိဃာသံ ဝါ ဟရိတေ ဆဍ္ဍေယျ ဝါ ဆဍ္ဍာပေယျ ဝါ ပါစိတ္တိယံ။

**မြန်မာပြန်။** ။ကျင်ကြီး ကျင်ငယ် အမှိုက် စားကြွင်းများကို စိမ်းစိုသော ကောက်ပဲသီးနှံအပင်ပေါ်၌ ကိုယ်တိုင်, သို့မဟုတ် စေခိုင်း၍ စွန့်ပစ်သော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။သေခိယ၌လည်း ''စိမ်းစိုသော မြက်သစ်ပင်ပေါ်၌ မစွန့်ရ''ဟု ပါခဲ့ပြီ၊ သို့သော် ထို၌ကား တိုက်ရိုက်စွန့်ခြင်းကိုသာ တားမြစ်၏၊ ထို၌ စားပင် သောက်ပင်မဟုတ်သော သစ်ပင်များလည်း ပါဝင်၏၊ ဤ၌ကား စားပင် သောက်ပင် မဟုတ်သော သစ်ပင်များ မပါ၊ ကျင်ကြီးကျင်ငယ်ကို အိုးခွက်၌ စွန့်ပြီးနောက် ထိုခွက်မှတစ်ဆင့် စွန့်လျှင် ထို၌အပြစ်မရှိ၊ ဤ၌ကား ခွက်၌စွန့်ပြီးနောက် သွန်ခြင်း, ခွက်ပါ စွန့်ပစ်ခြင်းကိုသာ တားမြစ်လိုခြင်း ဖြစ်သည်။

## ၁၀။ နစ္စဂီတဒဿနသိက္ခာပုဒ်

ဘိက္ခုနီအများသည် တောင်တော်ပွဲ ကျင်းပသောအခါ ပွဲကြည့်သွားကြသည်ကို လူတို့ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ နစ္စံဝါ ဂီတံဝါ ဝါဒိတံဝါ ဒဿနာယ ဂစ္ဆေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်းကို ကြည့်ရှု နားထောင်ဖို့ရန် သွားသော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။''ဘိက္ခုတို့မှာ ဒုက္ကဋ် အာပတ်သင့်၏''ဟု ခုဒ္ဒကဝတ္ထုခန္ဓက၌ ပညတ်တော်မူ၏၊ ကမှု ဟူရာ၌ ဥဒေါင်းကခြင်း, မျောက်ကခြင်း, ကလေးသူငယ်ကခြင်းများလည်း ပါဝင်သည်၊ သီချင်းဟူရာ၌ တေးသံပေါက်အောင် ရွတ်အပ်သော တရားများလည်း ပါဝင်သည်၊ ထိုကမှုစသည်ကို ကိုယ်တိုင်လည်း မပြုကောင်း, ခိုင်းလည်း မခိုင်းကောင်း၊ ပွဲလမ်းသဘင်ဖြင့် စေတီတော်ကို, ဘုန်းကြီးပျံကို ပူဇော်ပါရစေ လျှောက်စေကာမူ ''အင်း-ကောင်းပြီ''ဟုမျှ ဝန်မခံရ၊ ဘိက္ခုနီမှာ ပါစိတ်, ဘိက္ခုမှာ ဒုက္ကဋ်၊ ကျောင်းတိုက်တွင်း၌ နေ၍ ကြည့်ရှုနားထောင်ရာ- ကို့စွတစ်စုံတစ်ခုဖြင့်သွားစဉ် မျက်စိရှေ့ရောက်လာ၍ ကြည့်ရှုရာ၌ကား ဝိနည်းပြစ်မရှိ၊ အဘိဓမ္မာပြစ်မှာ စိတ်သာ ပမာဏ တည်း။

**လသုဏဝဂ် ပြီး၏။**

# အန္ဓကာရဝဂ်

## က။ ရတ္တန္ဓကာရသိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီတစ်ယောက်။**
**အမှု-အမှောင်ထဲ၌ ယောကျ်ားနှင့်အတူ တစ်ယောက်ချင်းနေမှု။**

ရှင်မဘဒ္ဒါ၏ တပည့်

ဘဒ္ဒါကာပိလာနီ၏ တပည့်မ ဘိက္ခုနီနှင့် ဆွေမျိုးတော်စပ်သော ယောကျ်ား တစ်ယောက်သည် ရွာငယ်တစ်ခုမှ သာဝတ္ထိသို့ ကိစ္စတစ်စုံတစ်ရာအတွက် ရောက်နေ၏၊ ထိုဘိက္ခုနီသည် ထိုယောကျ်ားနှင့်အတူ အရောင်အလင်းမရှိသော မှောင်အတွင်း၌ တစ်ယောက်ချင်း စကားပြောနေသည်ကို အခြားဘိက္ခုနီတို့မြင်၍ ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန ဘိက္ခုနီ ရတ္တန္ဓကာရေ အပ္ပဒီပေ ပုရိသေန သဒ္ဓိံ ဧကေနေကာ သန္တိဋ္ဌေယျ ဝါ သလ္လပေယျ ဝါ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင်ဘိက္ခုနီသည် ဆီမီးမရှိသော ညဉ့်မှောင်မိုက်၌ ယောကျ်ားနှင့်အတူ တစ်ယောက်ချင်း ရပ်တည်မှုလည်း ရပ်တည်အံ့၊ စကားပြောမှုလည်း စကားပြောအံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။''ပဒီပ''အရ ရေနံဆီဓာတ်ဆီတို့ဖြင့် ထွန်းထားသော ဆီမီးဓာတ်မီးကိုသာ ယူရိုးရှိသော်လည်း ဤသိက္ခာပုဒ်၌ အလင်းရောင်ရှိ-မရှိသာ လိုရင်းဖြစ်သောကြောင့် လရောင် နေရောင်နှင့် မီးဖိုမှ မီးရောင်များကိုလည်း ''ပဒီပ''အရ၌ ယူရသည်၊ ''အပ္ပဒီပေတိ- ဒီပ စန္ဒ သူရိယ အဂ္ဂိသု ဧကေနာပိ အနောဘာသိတေ''အဋ္ဌကထာ၊ [ဤအဖွင့်ကိုထောက်၍ ''သမ္ပဇ္ဇနီ ပဒီပေါစ'' ကဲ့သို့ ပဒီပလာသမျှ၌ ယူပါလေ။]

---

## ခ။ ပဋိစ္ဆန္နောကာသ သိက္ခာပုဒ်

အကွယ်အကာမရှိသော အရပ်၌နေမှု

ဘဒ္ဒါကာပိလာနီ၏ တပည့်မဖြစ်သော ဘိက္ခုနီသည်ပင် ဆွေမျိုးဖြစ်သော ယောကျ်ားနှင့်အတူ (ရှေ့သိက္ခာပုဒ်ကို ရှောင်ရှား၍ အရောင်အလင်းရှိသော)နံရံဖြင့် ကွယ်ကာအပ်သောအရပ်၌ တစ်ယောက်ချင်း နေမှုကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ပဋိစ္ဆန္နေ ဩကာသေ ပုရိသေန သဒ္ဓိံ ဧကေနေကာ သန္တိဋ္ဌေယျ ဝါ သလ္လပေယျ ဝါ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင်ဘိက္ခုနီသည် နံရံစသည်ဖြင့် ဖုံးကွယ်အပ်သော အရပ်၌ ယောကျ်ားနှင့်အတူ တစ်ယောက်ချင်း ရပ်တည်မှုလည်း ရပ်တည်အံ့၊ စကားပြောမှုလည်း စကားပြောအံ့၊ ထိုဘိက္ခုနီမှာပါစိတ် အာပတ်သင့်၏။

---

## ဂ။ အဇ္ဈောကာသသိက္ခာပုဒ်

လွင်ပြင်၌ နေမှု — ဘဒ္ဒါကာပိလာနီ၏ တပည့်မဖြစ်သော ထိုဘိက္ခုနီသည်ပင် (ရှေ့သိက္ခာပုဒ်များကို ရှောင်ရှား၍) ထိုယောကျ်ားနှင့်အတူ လွင်တီးခေါင်၌ (အကွယ်အကာ မရှိသော လွင်ပြင်၌) တစ်ယောက်ချင်းနေမှုကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ အဇ္ဈောကာသေ ပုရိသေန သဒ္ဓိံ ဧကေနေကာ သန္တိဋ္ဌေယျ ဝါ သလ္လပေယျ ဝါ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင် ဘိက္ခုနီသည် လွင်တီးခေါင်၌ ယောကျ်ားနှင့် အတူ တစ်ယောက်ချင်း ရပ်တည်မှုလည်း ရပ်တည်အံ့၊ စကားပြောမှု လည်း စကားပြောအံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

---

## ဃ။ ရထိကာဒိသိက္ခာပုဒ်

**အမည်–ထုလ္လနန္ဒာ။**

**အမှု–ရထားလမ်းစသည်၌ ယောကျ်ားနှင့်အတူ တစ်ယောက်ချင်းနေမှု။**

ထုလ္လနန္ဒာ၏ နေပုံ — ထုလ္လနန္ဒာသည်(မြင်းရထား, မော်တော်ကား စသည်တို့ သွားနိုင်ရာ) ရထားလမ်း၌လည်းကောင်း, (အခြားလမ်းသို့ ထုတ်ချင်းမပေါက်ဘဲ ဝင်သောနေရာမှပင်ပြန်၍ထွက်ရသော) လမ်းတို့၌လည်းကောင်း, လမ်းဆုံလမ်းခွ၌လည်းကောင်း ယောကျ်ား

နှင့်အတူ တစ်ယောက်ချင်းအနီး၌လည်းရပ်၏၊ အနီး၌လည်း စကားပြော၏၊ နားအနီးကပ်၍လည်း တိုးတိုးပြော၏၊ အဖော်ပါလာလျှင်လည်း ပြောချင်တာပြောရအောင် ပြန်၍လွှတ်၏၊ ထိုပြုလုပ်ပုံတွေကို အခြားဘိက္ခုနီတို့ ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန ဘိက္ခုနီ ရထိကာယဝါ ဗျူဟေဝါ သိင်္ဃာ-ဋကေဝါ ပုရိသေန သဒ္ဓိံ ဧကေနေကာ သန္တိဋ္ဌေယျဝါ သလ္လ-ပေယျဝါ နိကဏ္ဏိကံဝါ ဇပ္ပေယျ ဒုတိယိကံဝါ ဘိက္ခုနိံ ဥယျော-ဇေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင် ဘိက္ခုနီသည် ရထားသွားလောက် ထုတ်ချင်းပေါက်လမ်း၌သော်လည်းကောင်း, ထုတ်ချင်းမပေါက်သော လမ်း၌သော်လည်းကောင်း,လမ်းဆုံလမ်းခွ၌သော်လည်းကောင်းယောကျ်ားနှင့်အတူ တစ်ယောက်ချင်း ရပ်တည်မှုလည်း ရပ်တည်အံ့, စကားပြောမှုလည်း စကားပြောအံ့, နားရင်း၌မှုလည်း ပြောဆိုအံ့, အဖော်ဖြစ်သော ရဟန်းမကိုမှုလည်း ပြောဆိုအံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

---

## ၈။ ပုရေဘတ္တံ အနာပုစ္ဆာသိက္ခာပုဒ်

အမှုသည်–ဘိက္ခုနီတစ်ယောက်။

အမှု–နေရာထိုင်ပေါ် ထိုင်ပြီးနောက် အကြောင်းမကြားဘဲ ပြန်သွားမှု။

**နေရာထိုင် ပျောက်ခြင်း**

ဘိက္ခုနီတစ်ယောက်ကို အိမ်တစ်အိမ်က အမြဲဆွမ်းစားပင့်ထား၏၊ ထိုဘိက္ခုနီသည် ပုရေဘတ္တအခါ (မွန်းမတည့်မီအချိန်) ထိုအိမ်သို့သွား၍ ထိုင်စရာတစ်ခုပေါ်မှာ ထိုင်ပြီးလျှင် ပြန်သွားသောအခါ ဥစ္စာရှင်တို့ကို မတိုင်ကြားဘဲ ပြန်သွားလေသည်၊ ထိုအိမ်က ကျွန်မသည် တံမြက်လှည်းသောအခါ ထိုနေရာထိုင်ကို အိုးခွက်တို့အကြား၌ ပစ်ထားလိုက်၏၊ ဥစ္စာရှင်တို့သည် ထိုနေရာထိုင်ကိုရှာ၍ မတွေ့သောကြောင့် ဘိက္ခုနီအပေါ် မယုံသင်္ကာဖြစ်ရကား "နေရာထိုင် ဘယ်မှာလဲ"ဟု မေးကြလေသော် ဘိက္ခုနီကလည်း သူမယူရကြောင်း ပြောသဖြင့် ထိုဘိက္ခုနီကို ခြိမ်းခြောက်၍ အမြဲဆွမ်းပတ်ကိုသဲ ဖြတ်လိုက်ကြလေသည်။

ထို့နောက် ထိုအိမ်ရှင်တို့သည် အိမ်ကို သုတ်သင်ရှင်းလင်းသော အခါ အိုးခွက်တို့အကြား၌ ထိုနေရာထိုင်ကိုတွေ့၍ ဘိက္ခုနီကို တောင်းပန်ပြီးလျှင် ဆဲရေးကျေးမြဲ ကျေးလေသည်၊ မိမိဖြစ်ပုံကို ထိုဘိက္ခုနီက အခြားဘိက္ခုနီတို့အား ပြောလေသော် အခြားဘိက္ခုနီတို့က ခွင့်မပန်ဘဲ ပြန်လာမှုကို အပြစ်တင်ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ပုရေဘတ္တံ ကုလာနိ ဥပသင်္ကမိတွာ **အာသနေ** နိသီဒိတွာ **သာမိကေ အနာပုစ္ဆာ** ပက္ကမေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင် ဘိက္ခုနီသည် ပုရေဘတ်အချိန်ဝယ် အိမ်တို့သို့ ချဉ်းကပ်၍ နေရာတစ်ခု၌ ထိုင်ပြီးလျှင် ဥစ္စာရှင်တို့ကို "ပြန်တော့မည်"ဟု မတိုင်ကြားဘဲ ပြန်သွားအံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။ [ဤသိက္ခာပုဒ်၌ "အာသန" ဟူသည် တင်ပျဉ်ခွေ၍ ထိုင်နေနိုင်လောက်အောင် ကြီးကျယ်သော နေရာထိုင်(ထိုင်ခုံ)တည်း။]

---

## ၈။ ပစ္ဆာဘတ္တံ အနာပုစ္ဆာ သိက္ခာပုဒ်

အမှုသည်—ထုလ္လနန္ဒာ။

အမှု-ပစ္ဆာဘတ်အခါ၌ မတိုင်ကြားဘဲ နေရာထိုင်ခုံကို ခင်း၍ ထိုင်မှု။

ထုလ္လနန္ဒာ၏ မတိုင်ကြားမှု

ထုလ္လနန္ဒာသည် ပစ္ဆာဘတ်အခါ( နေလွဲအခါ )အိမ်တို့သို့ ချဉ်းကပ်၍ ဥစ္စာရှင်တို့ကို မတိုင်ကြားဘဲ နေရာထိုင်ခုံကို ခင်း၍ ထိုင်လည်း ထိုင်၏၊ လျောင်းလည်း လျောင်း၏၊ ဥစ္စာရှင်တို့သည် မိမိတို့ကို ခွင့်မတောင်းဘဲ ပိုင်စိုးပိုင်နင်း လုပ်မှုကို မကျေနပ်၍ ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ပစ္ဆာဘတ္တံ ကုလာနိ ဥပသင်္ကမိတွာ **သာမိကေ** အနာပုစ္ဆာ **အာသနေ** အဘိနိသီဒေယျ ဝါ **အဘိနိ-**ပဇ္ဇေယျ ဝါ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင် ဘိက္ခုနီသည် ပစ္ဆာဘတ်အခါ၌ အိမ်တို့သို့ ချဉ်းကပ်၍ ဥစ္စာရှင်တို့ကို ခွင့်မပန်ဘဲ နေရာထိုင်ခုံ၌ ထိုင်မူလည်း ထိုင်အံ့၊ လျောင်းမူလည်းလျောင်းအံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

မှတ်ချက်။　။တစ်ချို့နေရာ၌ ဆွမ်းစားပြီးလျှင် မွန်းမလွဲခင် အချိန်ကိုလည်း ပစ္ဆာဘတ် (ဆွမ်းစားပြီးနောက်)ဟု ခေါ်၏၊ ဤသိက္ခာပုဒ်၌ကား (ရှေ့သိက္ခာပုဒ်ဖြင့် အရုဏ်တက်က မွန်းတည့်အထိ ယူခဲ့ပြီးဖြစ်သော ကြောင့်) မွန်းလွဲမှစ၍ နေမဝင်မီအချိန်ကို "ပစ္ဆာဘတ္တ = ဆွမ်း စားပြီးနောက်"ဟု ခေါ်သည်။

## ဆ။ ဝိကာလေအနာပုစ္ဆာသိက္ခာပုဒ်

**အမှုသည်–ဘိက္ခုနီအများ။**

**အမှု–အိမ်ရှင်ကိုခွင့်မပန်ဘဲ အိပ်ရာကိုခင်း၍ ထိုင်မှုလျောင်းမှု။**

**ဘိက္ခုနီအများနှင့် ပုဏ္ဏား**　ဘိက္ခုနီတို့သည် သာဝတ္ထိသို့ သွားကြစဉ် မိုးချုပ်မှ ရွာငယ်တစ်ရွာသို့ ရောက်ကြ၍ ပုဏ္ဏားအိမ်သို့ ဝင်ပြီးလျှင် တည်းခိုခွင့် တောင်းကြလေသည်၊ ထိုအချိန်မှာ အိမ်ရှင်ပုဏ္ဏား မရှိခိုက်ဖြစ်၍ ပုဏ္ဏားမကို ခွင့်တောင်းလေရာ (သူကိုယ်တိုင် ပေးချင်ပါလျက် ခွင့်မပေးဝံ့သော) ပုဏ္ဏားမသည် "ပုဏ္ဏားလာအောင် စောင့်ပါ"ဟု ပြောဆိုဆိုင်းငံ့ထား၏၊ (ဤအတိုင်းဆိုလျှင် တော်ပါသေး၏၊ သို့သော် အလိုက်မသိ အတင့်ရဲသော) ဘိက္ခုနီတစ်ချို့သည် အိပ်ရာ ခုတင်တို့ကိုခင်း၍ တစ်ချို့က ထိုင်နေနှင့်ကြ, တစ်ချို့က လဲလျောင်းနေနှင့်ကြလေသည်။

အတော်ညဉ့်မှောင်မှ ပုဏ္ဏားပြန်လာလတ်သော် ထိုဘိက္ခုနီတို့ ပိုင်စိုးပိုင်နင်း နေထိုင်ပုံကိုမြင်ရ၍ သဘောမကျသောပုဏ္ဏားသည် "ကာဠုမာ-ဒိဟာ တွေက ဘာတွေလဲ"ဟု သူ့ပုဏ္ဏားမအား မေးလေသည်၊ "ဘိက္ခုနီများပါ အရှင်ရယ်"ဟု သူ့ပုဏ္ဏားမက ချိုချိုသာသာ ပြန်ပြောသော်လည်း သဘော မကျရင်းစွဲ ဖြစ်နေသောကြောင့် "ဒီကတုံး လင်ကောင်မတွေကို နှင်ထုတ်ကြ" ဟု သူ့အခိုင်းအစေတို့ကို ခိုင်းသဖြင့် အလိုက်သင့် ထွက်ခဲ့ကြရလေသည်၊ ထို အကြောင်းကို သာဝတ္ထိရောက်မှ ပြန်ပြောကြသဖြင့် (အလိုက်မသိ, ပိုင်စိုး ပိုင်နင်း ပြုမှုကို) ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေ သည်။

သိက္ခာပုဒ်။　။ယော ပန ဘိက္ခုနီ ဝိကာလေ ကုလာနိ ဥပသင်္ကမိတွာ သာမိကေ အနာပုစ္ဆာ သေယျံ သန္ထရိတွာ ဝါ သန္ထရာပေတွာ ဝါ အဘိနိသီဒေယျ ဝါ အဘိနိပဇ္ဇေယျ ဝါ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင်ဘိက္ခုနီသည် နေလွဲအခါ၌ အိမ်တို့သို့ ချဉ်းကပ်၍ (ပေးနိုင် ခွင့်ပြုနိုင်သော)အိမ်ရှင်တို့ကို ခွင့်မပန်ဘဲ အိပ်ရာကို ကိုယ်တိုင်ခင်း၍ဖြစ်စေ အခင်းခိုင်း၍ဖြစ်စေ ထိုင်ခြင်း-သို့မဟုတ်လဲ လျောင်းခြင်းကိုပြုအံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

မှတ်ချက်။ ။အခြားနေရာ၌ မွန်းလွဲမှစ၍ အရုဏ်မတက်မီ အချိန်ကို "ဝိကာလ"ဟု ယူရသော်လည်း ရှေ့သိက္ခာပုဒ်ဖြင့် နေမဝင်မီအထိ ယူခဲ့ပြီး ဖြစ်သောကြောင့် နေဝင်သည်မှစ၍ အရုဏ်မတက်မီကို "ဝိကာလ"ဟု ယူရသည်။

---

## ၈။ ဒုဂ္ဂဟိတ သိက္ခာပုဒ်

အမှုသည်-ဘဒ္ဒါကာပိလာနီ၏ တပည့်မဘိက္ခုနီ။
အမှု-မိမိက အကြားလွဲ၊ အမှတ်လွဲ၍ သူတစ်ပါးကို ကဲ့ရဲ့မှု။

ရှင်မဘဒ္ဒါ၏ တပည့်မ — ဘဒ္ဒါကာပိလာနီ၏ တပည့်မ ဘိက္ခုနီသည် သူ၏ဆရာမကို ကောင်းစွာ ပြုစုလုပ်ကျွေး၏၊ ဘဒ္ဒါကာပိလာနီ၏ ကိုတပည့်မ၏ ကောင်းမွန်စွာ ပြုစုဖော်ရကြောင်းကိုလည်း ကောင်း, ထိုတပည့်မအား သက်နိုင်းပေးမည့် အကြောင်းကိုလည်းကောင်း အခြားဘိက္ခုနီတို့အား ပြောပြ၏၊ ထိုစကားကို တပည့်မ ဘိက္ခုနီသည် "ကောင်းစွာပြုစုဖော်ပရဘူး, သူ့အား သင်္ကန်းမပေးတော့ဘူး"ဟု ပြောင်းပြန်ကြားသဖြင့် သူ့ဆရာ (ရှင်မဘဒ္ဒါ) အား အထင်သေး အမြင်သေး ဖြစ်အောင် "တပည့်တော်က သူ့ကိုကောင်းမွန်စွာ မပြုစုဘူးတဲ့"ဟု အခြားဘိက္ခုနီတို့အား ပြောလေသည်၊ ထိုသို့ သူအကြားလွဲ၍ ဆရာမအား အပြစ်ပြောသည်ကို မခံနိုင်သော ဘိက္ခုနီတို့က ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ဒုဂ္ဂဟိတေန ဒူပဓာရိတေန ပရံ ဥဇ္ဈာပေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင်ဘိက္ခုနီသည် မိမိက မှားမှားယွင်းယွင်း ယူခြင်း, မှားမှားယွင်းယွင်း မှတ်ထားခြင်းဖြင့် (ရဟန်းဖြစ်သူ)သူ တစ်ပါးကို အထင်သေး အမြင်သေးခံရအောင် အပြစ်ပြောအံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏၊ [ထိုသို့ အမှတ်လွဲ၍ သာမဏေ-လူဝတ်ကြောင်ကို အပြစ်ပြောလျှင် ဒုက္ကဋ်အာပတ်သင့်၏။]

## ၈၂။ ဒုဗ္ဘာသိတသိက္ခာပုဒ်

အမှုသည်—ဆဗ္ဗဂ္ဂီ။
အမှု—မိမိကိုလည်းကောင်း, သူတစ်ပါးကိုလည်းကောင်းကျိန်ဆဲမှု။

**ဆဗ္ဗဂ္ဂီ** သာဝတ္ထိမြို့၌ ဘိက္ခုနီတို့သည် မိမိ၏ သပိတ်-ပရိက္ခရာ ဘဏ္ဍာ တစ်ခုခုကို မတွေ့လျှင် ဆဗ္ဗဂ္ဂီကို "မမြင်မိ ဘူးလား"ဟု မေးကြကုန်၏၊ (နဂိုကပင် စိတ်ကြမ်း,နှုတ်ကြမ်း ဖြစ်နေသော) ဆဗ္ဗဂ္ဂီသည် ထိုကဲ့သို့ မေးသည်ကို "သူခိုး-ရိုးသည်" ဟု ထင်၍ "ငါသာ သူခိုးတဲ့လား, ငါသာ အလဇ္ဇီမ (အရှက် မရှိသူမ)တဲ့လား၊ သင်တို့ ဘဏ္ဍာကို ယူမိရိုးမှန်လျှင် ရဟန်းမ မဟုတ်ဘဲ ရှိရစေရဲ့၊ သာသနာတော်မှ လျှောကျ ရစေရဲ့၊ (လူဖြစ်ရစေရဲ့၊) ငရဲကျရစေရဲ့၊ ငါ့ကို မဟုတ်ဘဲနှင့် ပြောတဲ့သူလဲ ရဟန်းမ မဟုတ်ဘဲ ရှိပါစေဟယ်၊ သာသနာတော်မှ လျှောကျပါစေဟယ်၊ (လူဖြစ်ပါစေဟယ်)၊ ငရဲကျပါစေဟယ်" ဟု မိမိအတွက်ရော, သူ့အတွက်ပါ ကျိန်ဆဲလေသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ အတ္တာနံ ဝါ ပရံ ဝါ နိရယေန ဝါ ဗြဟ္မစရိယေန ဝါ အဘိသပေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင် ဘိက္ခုနီသည် မိမိကို လည်းကောင်း, (ရဟန်း-ရဟန်းမ ဖြစ်သော) သူတစ်ပါးကို လည်းကောင်း ငရဲဖြင့် ဖြစ်စေ မြတ်သောအကျင့် (သာသနာတော်)ဖြင့် ဖြစ်စေ ကျိန်ဆဲအံ့၊ ကျိန်စာ ဆိုအံ့၊ ထို ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။လူကိုဖြစ်စေ သာမဏေကိုဖြစ်စေ ကျိန်ဆဲလျှင် လည်းကောင်း, ငရဲ မြဟ္မစရိယမှ တစ်ပါးသော "ခွေးဖြစ်ရစေရဲ့, ဝက်ဖြစ်ရစေရဲ့, အကန်းဖြစ်ရစေရဲ့၊ သူလဲ ခွေးဖြစ်ပါစေ" စသည်ဖြင့် ကျိန်ဆဲ လျှင် ဒုက္ကဋ်အာပတ် သင့်၏၊ ဘိက္ခုတို့မှာ ဒုက္ကဋ်ချည်းသာ။

---

## ၈၃။ ဝမိတွာရောဒနသိက္ခာပုဒ်

အမှုသည်-ဆဗ္ဗဂ္ဂီ။
အမှု-ရန်ဖြစ်၍ မိမိကိုယ်ကို ညှဉ်းဆဲကာ, ညှဉ်းဆဲကာ ငိုမှု။

**ဆဗ္ဗဂ္ဂီ၏ ဒေါသ** ဆဗ္ဗဂ္ဂီသည် အခြား ဘိက္ခုနီတို့နှင့် ခိုက်ရန် ဒေါသ ဖြစ်၍(ဒေါသ ကြီးလွန်းလှသဖြင့်)သူ့ကိုယ်ကို ထိုးလိုက် ရိုက်လိုက်နှင့် ညှဉ်းဆဲ နှိပ်စက်ကာ ငိုသဖြင့် အခြား ဘိက္ခုနီတို့ ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာပန ဘိက္ခုနီ အတ္တာနံ ဝဓိတွာ ဝဓိတွာ ရောဒေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။မိမိကိုယ်ကို ညှဉ်းဆဲနှိပ်စက်၍, ညှဉ်းဆဲနှိပ်စက်၍ ငိုသော ဘိက္ခုနီအား ပါစိတ်အာပတ် သင့်၏။

မှတ်ချက်။ ။ညှဉ်းဆဲရုံသာ ညှဉ်းဆဲ၍ မငိုလျှင် လည်းကောင်း, ငိုရုံသာငို၍ ကိုယ်ကို မညှဉ်းဆဲလျှင် လည်းကောင်း ဒုက္ကဋ် အာပတ်သာ၊ ဆွေမျိုးပျက်စီးခြင်း စသည်ကြောင့် ငိုရုံသာငို၍ ကိုယ်ကိုမညှဉ်းဆဲလျှင် အနာပတ္တိ။

**အန္ဓကာရဝဂ် ပြီး၏။**

---

# နဂ္ဂဝဂ်

## က။ နဂ္ဂနှာယနသိက္ခာပုဒ်

အပ္ပုသည်-ဘိက္ခုနီအများ။
အမှု-ရေလဲမပါဘဲ ရေချိုးမှု။

**ပြည့်တန်ဆာမ များနှင့် အတူရေချိုးခြင်း** သာဝတ္ထိမြို့၌ များစွာသောဘိက္ခုနီတို့သည် အစိရဝတီ မြစ်ထဲ၌ ပြည့်တန်ဆာမ များနှင့် အတူ ရေလဲမပါဘဲ ဗလာကိုယ်တည်းဖြင့် ရေချိုးကြလေရာ ပြည့်တန်ဆာမ တို့သည် ထို ဘိက္ခုနီများကို ကြည့်၍ ခနိုးခနဲ့ ပြောကြသည်မှာ— ''အရှင်မ တို့ရယ်....အရွယ်ကောင်းတုန်းမှာ မေတုန်ရှောင်တဲ့ အကျင့်မြတ်ကို ကျင့်နေလို့ ဘာအကျိုးရှိမှာလဲ၊ ဒီအရွယ်မှာ ကာမချမ်းသာကို ခံစားပြီး အရွယ်ကြီးမှ မြတ်သောအကျင့်ကို ကျင့်ကြပါလား၊ ဒီလိုဆိုလျှင် ဒီဘဝအကျိုး, နောင် ဘဝအကျိုး ၂-မျိုးလုံး ပိုင်ပြီးသား ဖြစ်တာပေါ့'' ဟု ခနိုးခနဲ့ ပြောကြ လေသည်။

ထိုသို့ ခနိုးခနဲ့ အပြောခံရ၍ ခတ်ရှက်ရှက်နှင့် မျက်နှာပျက်ခဲ့ရသော ဘိက္ခုနီတို့သည် ကျောင်းသို့ ရောက်သောအခါ အဝတ်မပါဘဲ ရေချိုးမိလို့ ပြည့်တန်ဆာမတွေရဲ့ အခနဲ့ ခံခဲ့ရကြောင်းကို ပြောပြကြလေသော်....သူတို့ကို မသနားသည့်ပြင် ''အပတ်မပါ ဗလာကိုယ်တည်းဖြင့် ရေချိုးကြရ ကောင်း လား'' ဟု ကဲ့ရဲ့ကြ၍ တစ်ဆင့်အားဖြင့် ဘုရားကို လျှောက်ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရတေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ နဂ္ဂါ နှာယေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အဝတ်မပါ ဗလာကိုယ်တည်းဖြင့် ရေချိုးသော ဘိက္ခုနီအား ပါစိတ်အာပတ်သင့်၏၊ ဘိက္ခုတို့မှာ ဇန္တာဃရ (ရေချိုးအိမ်) နှင့် ရေထဲမှာ အဝတ်မပါဘဲ ချိုးကောင်းသေး၏၊ ဘိက္ခုနီတို့ကား ထိုကဲ့သို့ နေရာများ၌သော်မှ အဝတ်မပါဘဲ ချိုးကောင်း၏ ဟု ခွင့်ပြုချက် မတွေ့ရ။

---

## ၁။ ဥဒကသာဋိကာသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီဘိက္ခုနီများ။**
**အမှု-သိပ်ကြီးသောရေသနုပ်ကို ပြုလုပ်၍ဝတ်မှု။**

**ရေသနုပ် ခွင့်ပြုတော်မူရခြင်း** ဝိသာခါသည် ဘုရားအထံ၌ ဆုရှစ်ပါးကို တောင်းသောအခါ ပြည့်တန်ဆာမတို့က ခနိုးခနဲ့ပြောင်လှောင်လိုက်ကြကြောင်းကို လည်းကောင်း, မာတုဂါမတို့၏ကိုယ်တုံးလုံးနေခြင်းသည်စက်ဆုပ်ရွံဖွယ်မတင့်တယ်ကြောင်းကိုလည်းကောင်း, လျှောက်ထား၍ "ဘိက္ခုနီအား အမြဲရေသနုပ် လှူလိုပါကြောင်းကိုလည်း ဆုတစ်ပါးအဖြစ်ဖြင့် ထည့်သွင်းလျှောက်တောင်းလေသည်၊ ထိုအခါ ဗုဒ္ဓမြတ်စွာသည် ဘိက္ခုနီတို့အား ရေသနုပ်ကို မဟာဝါ-စီဝရက္ခန္ဒက၌ အမြဲခွင့်ပြုတော်မူခဲ့၏။

ထိုသို့ ခွင့်ပြုလိုက်လျှင်ပင် ဆဗ္ဗဂ္ဂီဂိုဏ်းဝင် ဘိက္ခုနီတို့သည် အတိုင်းအရှည် ပမာဏမထားဘဲ အလွန်ရှည်လျား ကြီးမားသော ရေသနုပ်ကို ချုပ်လုပ်ဆောင်ထား၍ ရှေ့ရောနောက်ပါ တွဲလျားချလျက် ဟိုဟိုဒီဒီ လှည့်လည်ကြသည်ကို အမြင်မတော်သော ဘိက္ခုနီတို့က ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ဥဒကသာဋိကံ** ပန ဘိက္ခုနိယာ **ကာရယမာနာယ ပမာဏိကာ ကာရေတဗ္ဗာ၊** တတြိဒံ **ပမာဏံ - ဒီဃသော စတသော ဝိဒတ္ထိယော** သုဂတဝိဒတ္ထိယာ **တိရိယံ ဒွေဝိဒတ္ထိယော** တံ **အတိက္ကာမေန္တိယာ ဆေဒနကံ** ပါစိတ္တိယံ။

**မြန်မာပြန်။** ။ရေသနုပ်ကို ချုပ်လုပ်စေသောဘိက္ခုနီသည် ပမာဏနှင့်ယှဉ်သော ရေသနုပ်ကိုသာ ချုပ်လုပ်စေရမည်၊ ထိုရေသနုပ်၏

ပမာဏကား-ဘုရားရှင်၏ လက်သန်း အထွာတော်ဖြင့် အလျား ၄-ထွာ, အနံ ၂-ထွာတည်း၊ ထိုပမာဏကို လွန်စေသော ဘိက္ခုနီမှာ ပိုသမျှကို ဖြတ်ပစ်ရခြင်းရှိသော ပါစိတ်အာပတ်သင့်၏။

---

## ၇။ ဝိသိဗ္ဗနသိက္ခာပုဒ်

အမှုသည်—ထုလ္လနန္ဒာ။
အမှု—အချုပ်မကောင်းသော သင်္ကန်းကိုအဖြေခိုင်းပြီးနောက် ပြင်၍ ချုပ်မပေးမှု။

**ထုလ္လနန္ဒာ၏ မတရားမှု** ဘိက္ခုနီ တစ်ယောက်၏ သင်္ကန်းချုပ်ဖို့ အဝတ်သည် အဖိုးများစွာ ထိုက်တန်၏၊ သို့သော် သင်္ကန်းချုပ်သော အခါ၌ကား ချုပ်ပုံမကောင်းဘဲ ဖြစ်နေ၏၊ ထိုချုပ်ပုံ မကောင်းသော သင်္ကန်းကို ထုလ္လနန္ဒာမြင်၍ "ရှင်မ၏ သင်္ကန်းဟာ အသား ကောင်းပါလျက် အချုပ်မကောင်း" ဟု ပြော၏၊ ထိုအခါ သင်္ကန်းရှင်က "အရှင်မ ပြန်၍ ပြင်ချုပ်ပေးမလား, ဖြေလိုက်မယ်" ဟု မေးလေသော်, "ဖြေလိုက်လေ, ပြင်ချုပ်ပေးမယ်" ဟု ဝန်ခံလိုက်၏၊ သင်္ကန်းရှင်သည် သင်္ကန်းကို ဖြေပြီးနောက် ပြင်ချုပ်ပေးဖို့ရန် ပြောသောအခါ ထုလ္လနန္ဒာ သည် ကိုယ်တိုင်လည်း ချုပ်မပေး, တစ်ယောက်ယောက်ကိုလည်း ချုပ်ပေး ဖို့ရန် ကြောင့်ကြမစိုက်ဘဲ ဂရုမစိုက်ဘဲနေ၏၊ ထိုသို့ ဂရုမစိုက်ပုံကို သင်္ကန်း ရှင်က အခြားဘိက္ခုနီတို့အား ပြောပြသဖြင့် ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာ ပုဒ်ကို ပညတ်တော်မူရလေသည်၊

**သိက္ခာပုဒ်။** ။**ယာ ပန** ဘိက္ခုနီ ဘိက္ခုနိ**ယာ** စီဝရံ ဝိသိဗ္ဗေ**တွာ ဝါ** ဝိသိဗ္ဗာ**ပေ**တွာ ဝါ **သာ** ပစ္ဆာ **အနန္တရာယိကိနီ နေဝ သိဗ္ဗေယျ ဝါ န** သိဗ္ဗာ**ပနာ**ယ ဝါ ဥဿုက္ကံ ကရေယျ **အညတြ** စတူဟ-ပဉ္စာဟာ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင် ဘိက္ခုနီသည် ဘိက္ခုနီတစ်ယောက်၏ သင်္ကန်းကို ကိုယ်တိုင်ဖြစ်စေ ခိုင်း၍ဖြစ်စေ ဖြေပြီးနောက် (ချုပ်မပေးနိုင်လောက် အောင်) အန္တရာယ်မရှိပါဘဲ ၄-ရက် ၅-ရက်ထက်လည်းကြာအောင် အချိန်ဆွဲ၍ ကိုယ်တိုင်သော်လည်း ချုပ်၍မပေးအံ့၊ သူတစ်ပါးကို သော်လည်း ချုပ်ပေးအောင် ကြောင့်ကြမစိုက်အံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

---

## ဃ။ သယ်ာဝ္ဍိစာရသိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီအများ။**

**အမှု-အခြားသက်န်းများကို အပ်နှံထားခဲ့၍**
**သင်းပိုင် ကေသိနှင့်သာ ဒေသစာရီလှည့်လည်နေမှု။**

**သက်န်းများ နှိတက်နေခြင်း** ဘိက္ခုနီတို့မှာ သက်န်း ၅-ထည် ကိုယ်ပိုင်ထားခွင့်ရှိ၏၊ တစ်ချို့ဘိက္ခုနီတို့သည် ထိုသက်န်း ၅-ထည်တွင်(သက်န်းကြီး, ရေသနုပ်, ရင်စည်းတဘက်) ၃-ထည်ကို အခြား ဘိက္ခုနီတို့ထံ အပ်နှံထားခဲ့၍ သင်းပိုင်ကေသိ ၃-ထည်ဖြင့်သာ ဒေသစာရီလှည့်လည် (ခရီးသွား) ကြကုန်၏၊ အပ်နှံထားသော သက်န်းတို့ကား ဝတ်လည်း မဝတ်ရ, နေလည်းမလှမ်းရခြင်းကြောင့် အောက်စော်နံ၍ မှိုလည်းတက်နေကုန်၏၊ ထိုသက်န်းတို့ကို အပ်နှံခံရသော ဘိက္ခုနီတို့သည် နေလှမ်းပေးကြရကုန်၏၊ ထိုနေလှမ်းနေကြသော ဘိက္ခုနီတို့ကို အခြား ဘိက္ခုနီတို့က မေးကြသောအခါ ခရီးသွားနေသော ဘိက္ခုနီတို့၏ သက်န်းဖြစ်ကြောင်းကို ပြောပြကြသဖြင့် သက်န်းရှင် ဘိက္ခုနီတို့ကို ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ပဉ္စာဟိကံ သယ်ာဝ္ဍိစာရံ အတိက္ကာမေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင် ဘိက္ခုနီသည် ၅-ရက်ကို သက်န်းတို့၏လှည့်လည်ခြင်းကို လွန်စေအံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။''သက်န်းတို့၏ လှည့်လည်ခြင်း'' ဟူသည် သက်န်းတို့ကို အထုပ်သေတ္တာစသည်၌ ငြိမ်သက်၍ မနေစေဘဲ အနည်းဆုံး ငါးရက်တစ်ကြိမ်ကျ ဝတ်သော်လည်း ဝတ်ပေးခြင်း, နေသော်လည်း လှမ်းပေးခြင်းတည်း၊ သက်န်း ၅-ထည်ကို ၅-ရက်မြောက်နေ့ ရောက်လျှင် ဝတ်သော်လည်းဝတ်, မဝတ်လျှင် နေလှမ်းရမည်၊ ဝတ်လဲမဝတ်, နေလဲမလှမ်းဘဲ ၅-ရက်လွန်လျှင် ပါစိတ်အာပတ်သင့်သည်-ဟူလို။

## င။ စီဝရသက်မနီယသိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီတစ်ယောက်။**

**အမှု-သူ့သက်န်းကို ခွင့်မပန်ဘဲဝတ်မှု။**

**ဝတ္တရားမသိသော ဘိက္ခုနီ** ဘိက္ခုနီ တစ်ယောက်သည် ရေစိုနေသော သက်န်းကို ဖြန့်လှမ်း၍ ကျောင်းတွင်းသို့ ဝင်သွား၏၊ အခြား ဘိက္ခုနီ တစ်ယောက်သည် သက်န်းရှင်ကို ခွင့်မပန်ဘဲ ထိုသက်န်းကို

ဝတ်ရုံ၍ ရွာတွင်းသို့ ဆွမ်းခံဝင်သွား၏၊ သင်္ကန်းရှင် ဘိက္ခုနီသည် ကျောင်းခန်းတွင်းမှထွက်လာ၍ သူ့သင်္ကန်းကို မမြင်သောကြောင့် မေးသောအခါ အခြားဘိက္ခုနီတို့က "မည်သူ(နာမည်ကိုဖော်၍) ဝတ်သွားကြောင်း ကို" ပြောကြကုန်၏၊ ထိုအခါ သင်္ကန်းရှင်နှင့်တကွ တစ်ဆင့်ကြား၍ သိရကုန်သော ဘိက္ခုနီတို့ ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ စီဝရသင်္ကမနီယံ ဓာရေယျ ပါစိတ္တိယံ။

**မြန်မာပြန်။** ။ပြောင်းရွှေ၍ ဝတ်အပ်သော သင်္ကန်းကို ဆောင်ယူသော ဘိက္ခုနီအား ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။"ပြောင်းရွှေ၍ဝတ်အပ်"ဟူသည် မိမိထံမှာ အမြဲမထားဘဲ ပြောင်း၍ ပြန်၍ ပေးရမည့် သင်္ကန်းတည်း၊ ထိုသို့ ပြန်ပေးရမည့် သင်္ကန်းကို ဥစ္စာရှင်ထံ ခွင့်မပန်ဘဲ (မိမိသင်္ကန်း ပျောက်နေခြင်း, သူခိုးအခိုးခံရခြင်း ဟူသော အကြောင်းလည်းမရှိဘဲ) ဥစ္စာရှင်ကို ခွင့်မတောင်းဘဲဝတ်လျှင် ပါစိတ်အာပတ်သင့်၏။

---

## ၈။ လာဘန္တရာယကရဏ သိက္ခာပုဒ်

အမှုသည်—ထုလ္လနန္ဒာ။
အမှု—ဘိက္ခုနီသံဃာ၏သင်္ကန်းလာဘ်ကိုပိတ်ပင်တားမြစ်မှု

**မဂ်ှရဘဲ မီးလောင်ခံရခြင်း** ထုလ္လနန္ဒာကို ပြုစုလုပ်ကျွေးနေသော (ကြည်ညိုသော) အိမ်ရှင်တို့သည် ဘိက္ခုနီသံဃာအား သင်္ကန်းလှူမည့် အကြောင်းကို ထုလ္လနန္ဒာအား လျှောက်ကြကုန်၏၊ ထုလ္လနန္ဒာသည် မလှူဖြစ်အောင် "သင်္ကန်းတို့မှာ ကိစ္စတွေ များသနှင့်"ဟု ပြော၍ တားမြစ်ထား၏၊ ထိုအချိန်မှာပင် ထိုဒါယကာတို့၏အိမ်ကို မီးလောင်လေရာ ဒါယကာတို့က "ငါတို့မှာ ပစ္စည်းလဲကုန်, ကုသိုလ်လဲမရ ဖြစ်ကြရပေါ့"ဟု ဝမ်းနည်းစွာနှင့် ထုလ္လနန္ဒာကို အပြစ်တင် ကြလေသည်၊ ထို အကြောင်းကိုကြား၍ အခြားဘိက္ခုနီတို့ကိုလည်း ကဲ့ရဲ့ကြသောကြောင့် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဂဏဿ စီဝရလာဘံ အန္တရာယံ ကရေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။ဘိက္ခုနီ ဂိုဏ်းသံဃာ၏ ရခွင့်ရှိသော သင်္ကန်းလာဘ်ကို (မရအောင် တားမြစ်သောအားဖြင့်) အန္တရာယ်ပြုသော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

မှတ်ချက်။ ။ဘယ်လောက်တန် လှူမည်ဟု ကြံစည်ကြသလဲဟု မေး၍ သူတို့ မှန်းသလောက်ဆိုလျှင် ပစ္စည်းဝတ္ထုနည်းမှာစိုး၍ "ခဏဆိုင်းကြဦး၊ အဖိုးချိုတဲ့အခါမှ လှူကြတာပေါ့"ဟုစိတ်ရိုးစိတ်ကောင်းဖြင့်ဆိုင်းငံ့ တားထားလျှင် အနာပတ္တိ။

## ဆ။ ပဋိဗ္ဗာဟန သိက္ခာပုဒ်

**အမှုသည်–ထုလ္လနန္ဒာ။**
**အမှု–သင်္ကန်းဝေဖန်ခြင်းကို တားမြစ်မှု။**

**ထုလ္လနန္ဒာ၏ မတရားမှု** သာဝတ္ထိမြို့၌ ဘိက္ခုနီသံဃာမှာ အကာလသင်္ကန်းရရှိ၏၊ [အကာလသင်္ကန်းဟူသည် ကထိန်ခေတ်ကာလနှင့် မဆိုင်သော သင်္ကန်းတည်း၊ ထိုအကာလသင်္ကန်းမျိုးကို ကထိန်အာနိသင်ရသူဖြစ်စေ, မရသူဖြစ်စေ အားလုံး ခွဲဝေရသည်၊] ထိုအကာလ သင်္ကန်းကို ဝေဖို့ရန် ဘိက္ခုနီသံဃာအားလုံး စည်းဝေးချိန်မှာ ထုလ္လနန္ဒာ၏ တပည့်ဘိက္ခုနီတို့သည် တစ်ခြားအရပ်သို့ ခရီးသွားနေခိုက်ဖြစ်၏၊ ထို့ကြောင့် ထုလ္လနန္ဒာသည် "သင်္ကန်းမဝေကြပါသေးနှင့်ဦး, ဘိက္ခုနီတချို့ ခရီးသွားနေ၍ မရှိကြပါ"ဟု ပြောဆိုတားမြစ်လေသည်၊ ထိုအခါ အခြား ဘိက္ခုနီတချို့လည်း "သင်္ကန်းမဝေဖြစ်သေးဘူးတဲ့"ဟု ပြောဆိုကာ အရပ်တစ်ပါးသို့ ခရီးသွားကြကုန်၏၊ ထုလ္လနန္ဒာသည် သူ၏တပည့်မတို့ ပြန်ရောက်ကြသော အခါ (အခြားဘိက္ခုနီတို့ မပြန်လာမီပင်) သံဃာစည်းဝေးစေ၍ သင်္ကန်းကို ဝေဖေလေတော့၏၊ ထိုမတရားပြုမှုကို အခြားဘိက္ခုနီတို့က ကဲ့ရဲ့ကြသော ကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ဓမ္မိကံ စီဝရဝိဘင်္ဂံ ပဋိဗာဟေယျ၊ ပါစိတ္တိယံ။**

မြန်မာပြန်။ ။တရားနှင့် လျော်သော သင်္ကန်းဝေမှုကို တားမြစ်သော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏၊ [တိုက်တာအတွင်း၌ လက်ရှိ ဘိက္ခုနီအားလုံး စည်းဝေး၍ဝေမှုကို 'တရားနှင့်လျော်သော ဝေမှု" ဟု ခေါ်သည်။]

## ၈။ သမဏာစီဝရဒါနသိက္ခာပုဒ်

**ဘာမှုသည်–ထုလ္လနန္ဒာ။**
**အမှု–လူဝတ်ကြောင်စသူတို့အား ရဟန်း၏ သင်္ကန်းကိုပေးမှု။**

**ထုလ္လနန္ဒာ၏ ညာဏ်ဆန်း** ထုလ္လနန္ဒာသည် သူ၏ဂုဏ်သတင်းလွင့်ဖို့ (ကြော်ငြာဖို့) မှန်း၍ ဇာတ်ဆရာ၊ ကချေသည်၊ ဘားကစားသူ၊ မျက်လှည့်သမား၊ အိုးစည်တီးသမား၊ စသူတို့အား ရဟန်းများ ဝတ်လောက်ရုံလောက်၍ ကပ္ပဗိန္ဒု ထိုးပြီးသားဖြစ်သော သင်္ကန်းကိုပေး၍ "ပရိသတ်ထဲ၌ ငါ၏ ဂုဏ်သတင်းကို ပြောပေးကြပါ" ဟု မှာလိုက်၏၊ ထိုသူတို့ကလည်း ပရိသတ်ထဲ၌ "အရှင်မ ထုလ္လနန္ဒာသည် ဗဟုသုတ ရှိပါသည်၊ ရဲရဲရင့်ရင့်ရှိပါသည်၊ တရားဟောလဲ ကောင်းသည် လှူစရာရှိလဲ အရှင်မအား လှူကြပါ၊ ကျောင်းဆောက် စသည်ပြုစရာရှိလဲ အရှင်မထံ ပြုကြပါ"ဟု ပြောကြလေသည်၊ ထိုအကြောင်းကို အခြားဘိက္ခုနီများကြား၍ "သမဏာစီဝရကို လူဝတ်ကြောင်စသူတို့အား ပေးရသလား" ဟု ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန** ဘိက္ခုနီ **အဂါရိကဿ ဝါ** ပရိဗ္ဗာဇကဿ ဝါ ပရိဗ္ဗာဇိကာယ ဝါ **သမဏစီဝရံ** ဒဒေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင် ဘိက္ခုနီသည် လူဝတ်ကြောင်အား သော်လည်းကောင်း၊ ပရိဗိုဇ် (ရသေ့ ဖိုးသူတော်ဝတ်သော ယောကျ်ား)အား သော်လည်းကောင်း၊ ပရိဗိုဇ်မ (ရသေ့မ သီလရှင်)အားသော်လည်း ကောင်း၊ သမဏသင်္ကန်းကိုပေးအံ့၊ ထိုဘိက္ခုနီအား ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။"သမဏာစီဝရ"အရ ဝတ်လောက်ရုံလောက်သော ကပ္ပဗိန္ဒု ထိုးအပ်ပြီးသင်္ကန်းကိုယူ၊ အဂါရိကအရ "လူ" ဟု ဆိုအပ်သော်လည်း မိဘမှတစ်ပါးအခြားလူများကိုယူ၊ သိတင်းသုံးဖော် ၅-ဦးနှင့် မယ်တော် ခမည်းတော်မှတစ်ပါး လူဝတ်ကြောင်၊ ဖိုးသူတော်၊ သီလရှင်၊ ရသေ့(ယောကျ်ား မိန်းမ) ပရိဗိုဇ်ဟူသမျှအား သမဏ စီဝရကိုပေးသော ဘိက္ခုနီမှာပါစိတ်၊ ဘိက္ခုတို့မှာ ဒုက္ကဋ်၊ကပ္ပဗိန္ဒု မထိုးရသေးလျှင်ကား သမဏစီဝရအမည်မရသေး၍ ပေးသင့်သူအား ပေးကောင်း၏၊ [ဤစကားကို ကောက်ချက်ချလျှင် ကပ္ပဗိန္ဒု မထိုးရသေးသော (သင်္ကန်းဟု ခေါ်သော) အဝတ်ကိုလူများဝတ်ရုံ ကောင်း၏ဟု အဓိပ္ပာယ်ရ၏၊ သို့ဖြစ်လျှင် ၂-ထပ်သင်္ကန်းကြီးကို သာမဏေတို့ဝတ်ရာ၌ ဝတ်ကောင်းကြောင်းကား ဆိုဖွယ်မရှိပြီ။]

## ၈၂။ သမယာတိက္ကာမန သိက္ခာပုဒ်

အမှုသည်-ထုလ္လနန္ဒာ။

အမှု-သင်္ကန်းအပေါ် (ရလိမ့်မည်ဟု) အားနည်းသော မျှော်လင့်ချက်ဖြင့် သင်္ကန်းကာလကို လွန်စေမှု။

**အားနည်းသော မျှော်လင့်ချက်** ထုလ္လနန္ဒာကို ပြုစုလုပ်ကျွေးသော အိမ်မှ သားတို့သည် "တပည့်တော်တို့ တတ်နိုင်လျှင် ဘိက္ခုနီ သံဃာအား သင်္ကန်း လှူကြပါလိမ့်မည်" ဟု လျှောက်ထားဖူး၏၊ ထိုသို့ လျှောက်ထားဖူးခြင်းကို "သင်္ကန်း ရလိမ့်မည်" ဟု ဘိက္ခုနီ ဘက်က မျှော်လင့်ရသော အချက်တည်း၊ သို့သော် "တတ်နိုင်လျှင်" ဟူသော ဝိသေသန ကြောင့် ထို မျှော်လင့်ချက်သည် သေချာသော မျှော်လင့်ချက် မဟုတ်၊ အားနည်းသော မျှော်လင့်ချက် ဖြစ်သည်။

**ထုလ္လနန္ဒာ၏ အားနည်းမှု** သင်္ကန်းကာလ၌ ရှိသမျှ သင်္ကန်းသည် ထိုကျောင်းတိုက် အတွင်းမှာ ပထမဝါ၌ ဝါဆို ဝါကျွတ်သော သံဃာနှင့် သာဆိုင်၏၊ ထို့ကြောင့် ထိုကျောင်းတိုက်၌ ပထမဝါကျွတ်သော ဘိက္ခုနီသံဃာသည် သံဃိကသင်္ကန်းကို ခွဲခြမ်းဝေဖန်မည်ဟု စည်းဝေးကြသောအခါ ထုလ္လနန္ဒာက "မဝေကြပါသေးနှင့်, နောက်ထပ် သင်္ကန်း ရစရာ မျှော်လင့်ချက် ရှိပါသေးသည်" ဟု ပြောဆို၍ ထိုသင်္ကန်းရမှ ရော၍ ဝေဖို့ တားမြစ်ထားလေသည်။

ထိုသို့ တားမြစ် ထားသောကြောင့် သင်္ကန်းကာလ လွန်သွားရကား ထိုသင်္ကန်းများသည် ပထမ ဝါကျွတ်သော သံဃာသာမက, အားလုံး လာလာသမျှ သံဃာနှင့် ဆိုင်သွားသဖြင့် ပထမ ဝါကျွတ်သော သံဃာတို့မှာ နောက်ထပ် ရမည့်သင်္ကန်းက အမှန်ရလျှင် ဝေသောအခါ အရနည်းဖွယ် မရှိပါ၊ နောက်ထပ်ရမည့် သင်္ကန်းက မရလျှင် ဝေသောအခါ အရနည်းဖွယ် ရှိ၏၊ ထို့ကြောင့် "ထိုမျှော်လင့်ချက် သင်္ကန်းကို စုံစမ်းပါ" ဟု ထုလ္လနန္ဒာကို တိုက်တွန်းကြ၍ စုံစမ်းသောအခါ မလှူနိုင်ဘောကြောင်းကို သိရသဖြင့် ထုလ္လနန္ဒာကို ဝိုင်း၍ ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရ လေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဒုဗ္ဗလစီဝရပစ္စာသာယ စီဝရကာလ· သမယံ အတိက္កာမေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။သင်္ကန်းရဖို့ရာ အားနည်းသော မျှော်လင့်ချက်ဖြင့် သင်္ကန်းကာလ သမယကို လွန်စေသော ဘိက္ခုနီမှာ ပါစိတ် အာပတ် သင့်၏။

**မှတ်ချက်။** ။"လှူမည်လို့တော့ မသေမချာ ပြောထားပါတယ်, သို့သော် သူတို့မှာ အလုပ်အကိုင် အရောင်းအဝယ်ကောင်း၍ ပစ္စည်းတက်နေသောကြောင့် သို့မဟုတ် သဒ္ဓါတရားကောင်းသော ဒါယကာ ပြန်ရောက်လာသောကြောင့် ကေန်လှူဖြစ်စရာ ရှိပါတယ်" စသည်ဖြင့် အကျိုးအကြောင်း ပြောပြ၍ တားမြစ်ထားလျှင် အနာပတ္တိ။

---

## ၉။ ကထိနုဒ္ဓါရ ပဋိဗာဟန သိက္ခာပုဒ်

**အမှုသည်-ထုလ္လနန္ဒာ။**

**အမှု-တရားလမ်းကြောင်းကျသော ကထိန်နုတ်ခြင်းကို တားမြစ်မှု။**

**ကထိန်နုတ်ခွင့်** ဥပါသကာ တစ်ယောက်သည် သံဃိကလှူဖို့ရန် ကျောင်း ဆောက်ပြီးနောက် ကျောင်းရေစက်ချသောအခါ ပထမဝါကျွတ်သော သံဃာသာမက, ရှိသမျှသံဃာအားလုံးကို သင်္ကန်းလှူလိုသော ဆန္ဒ ရှိ၏၊ ထိုအချိန်၌ ဘိက္ခု-ဘိက္ခုနီ သံဃာ ၂-ဘက်လုံးမှာပင် ကထိန် ခင်းပြီး ဖြစ်နေသောကြောင့် သံဃိက သင်္ကန်းလှူလျှင် ကထိန် အာနိသင် ရထားသော (ထိုကျောင်းတိုက်၌ ပထမဝါကျွတ်သော) သံဃာများသာ ရခွင့်ရှိ၏၊ ထို့ကြောင့် လာလာသမျှ သံဃာအားလုံးနှင့် သက်ဆိုင်အောင် လှူလိုသော ဒါယကာသည် ခင်းပြီးကထိန်ကို ပြန်၍ နုတ်ဖို့ရန် လျှောက်ထားသဖြင့် ရဟန်းများက ဘုရားရှင်အား တစ်ဆင့် လျှောက်ကြသောကြောင့် ကထိန်နုတ်ခွင့် ပြုတော်မူရလေသည်။ [သံဃာစည်းဝေး၍ ဘုရားအမိန့်တော် ကမ္မဝါစာဖြင့် ခင်းပြီး ကထိန်ကို ပြန်၍ ရုပ်သိမ်းမှုကို "ကထိန်နုတ်" ဟု ခေါ်သည်။]

**ထုလ္လနန္ဒာ၏ တားမှု** ထိုသို့ ကထိန်နုတ်ခွင့် ပြုတော်မူသောကြောင့် ကထိန် နုတ်မည်ဟု သံဃာ စည်းဝေးသောအခါ ထုလ္လနန္ဒာသည် (လှူမည့် သင်္ကန်းကို နောက်လာသူများနှင့် မဆိုင်စေဘဲ ပထမဝါကျွတ်သော သူတို့တစ်စုသာ ပိုင်ဆိုင်လိုသောကြောင့်) ထိုကထိန် နုတ်ခြင်းကို တားမြစ်ထား လေသည်၊ ထိုအကြောင်းကို ကြားရသော ကျောင်း

ဒါယကာ ဥပါသကာသည် ထုလ္လနန္ဒာ၏လုပ်ပုံကို မကျေနပ်၍ ကဲ့ရဲ့သော ကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဓမ္မိကံ ကထိနုဒ္ဓါရံ ပဋိဗာဟေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။တရားနှင့်လျော်သော ကထိန်နုတ်ခြင်းကို တားမြစ်သော ဘိက္ခုနီအား ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။ဤ ကထိန်နုတ်ခွင့်ပြုတော်မူခြင်းမှာ သံဃာအားလုံး ညီတူညီမျှ သံဃိကသက်နှီးကို ရပါစေတော့ဟု ဘဝေါထား၍ ခွင့်ပြုတော်မူခြင်းဖြစ်သော်လည်း ပထမဝါကျွတ်သော သံဃာများမှာ အရနည်းနေလျှင် မသင့်လျော်ချေ၊ သို့ဖြစ်၍ ကထိန်နုတ်ခြင်းကြောင့် ရရှိမည့်လာဘ်သည် ကထိန်အာနိသင် လာဘ်အောက် နည်းနေလျှင် "ဓမ္မိက ကထိနုဒ္ဓါရ = တရားနှင့်လျော်သော ကထိန်နုတ်ခြင်း" မဟုတ်၊ ကထိန်နုတ်ခြင်းကြောင့် နောက်ထပ် ရရှိမည့်လာဘ်က ကထိန်အာနိသင် လာဘ်ထက် များသော်လည်းကောင်း၊ တန်းတူသော်လည်းကောင်း ဖြစ်မှ "ဓမ္မိက ကထိနုဒ္ဓါရ"ဖြစ်သည်။

**နဂ္ဂဝဂ်ပြီး၏။**

# တုဝဋ္ဋဝဂ်

## က။ တုဝဋ္ဋသိက္ခာပုဒ်

**အမှုသည်–ဘိက္ခုနီများ။**

**အမှု–ခုတင်တစ်ခု၌ ၂-ယောက်အတူ အိပ်မှု။**

လူလို မအိပ်ရ

သာဝတ္ထိမြို့၌ ဘိက္ခုနီတချို့သည် ခုတင်တစ်ချပ်တည်း၌ ၂-ယောက်အတူ အိပ်ကြကုန်၏၊ ကျောင်းကိုလှည့်လည်၍ ကြည့်ရှုကြသော လူတို့သည် ထိုအိပ်ကြပုံကို မြင်၍ "လူများအိပ်သလို အိပ်ကြတာပဲကိုး"ဟု ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနိယော ဒွေ ဧကမဉ္စေ တုဝဋ္ဋေယျုံ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။ညောင်စောင်း(ခုတင်)တစ်ခုတည်း၌ ၂-ယောက်အတူ အိပ်သော ဘိက္ခုနီတို့မှာ ပါစိတ်အာပတ်သင့်၏။

မှတ်ချက်။ ။ဘိက္ခုတို့မှာ ဒုက္ကဋ်အာပတ် သင့်၏၊ တစ်ယောက်အိပ်တုန်း အခြားတစ်ယောက်က ထိုင်နေလျှင်လည်းကောင်း၊ ၂-ယောက်လုံး မအိပ်ဘဲ ထိုင်နေလျှင်လည်းကောင်း အနာပတ္တိ။

## ၁။ ကေတ္ထရဏပါဝုရဏ သိက္ခာပုဒ်

အမှုသည်–ဘိက္ခုနီအများ။

အမှု–အခင်းတစ်ခုတည်းကိုပင် ၂-ယောက်အတူ ခင်းလည်းခင်း ခြုံလည်းခြုံ၍ အိပ်မှု။

လူလို မအိပ်ရ — သာဝတ္ထိမြို့၌ ဘိက္ခုနီတချို့သည် (ခုတင်ပေါ်၌ အတူမအိပ်ရဟု ပညတ်ထားသည့်အတွက် အတူမအိပ်ကြဘဲ) ကြမ်းပြင်စသည်အပေါ်၌ ခင်းလည်းခင်း ခြုံလည်းခြုံ၍ ဖြစ်နိုင်သော အဝတ်, သင်ဖြူး စသည်ကို ၂-ယောက်အတူ တစ်ဖက်အစွန်းကို ခင်း တစ်ဖက်အစွန်းကို ခြုံ၍ အိပ်ကြလေရာ ကျောင်းကြည့်လာသော လူတို့ မြင်သွားသဖြင့် "လူများလို အိပ်ကြတာပဲကိုး"ဟု ကဲ့ရဲ့ကြသောကြောင့် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနိယော ဒွေ ကေတ္ထရဏပါဝုရဏာ တုဝဋ္ဋေယျုံ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အဝတ်အထည် တစ်ခုတည်းကိုပင် ၂-ယောက် အတူ ခင်းလည်းခင်း ခြုံလည်းခြုံ၍ အိပ်ကြသော ဘိက္ခုနီတို့အား ပါစိတ် အာပတ်သင့်၏။

မှတ်ချက်။ ။ထိုကဲ့သို့ ဘိက္ခုတို့အိပ်လျှင် ဒုက္ကဋ်အာပတ်ဟု (ခုဒ္ဒကဝတ္ထု ခန္ဓက၌)ပညတ်တော်မူ၏၊ ဆက်ဦးအံ့- သိက္ခာပုဒ်ရင်း၌ တစ်ထည်တည်းကိုပင် ခင်းလည်းခင်း ခြုံလည်းခြုံ၍ အိပ်သူအတွက် ပညတ်ထား၏၊ ခုဒ္ဒကဝတ္ထုခန္ဓက၌ကား အခင်း အခြုံ ၂-မျိုးလုံး မတူဘဲ အတူခင်း၍ ကိုယ့်ခြုံထည်နှင့်ကိုယ် အိပ်ခြင်း, ကိုယ့်အခင်းနှင့် ကိုယ် ခင်း၍ အတူခြုံအိပ်ခြင်းကိုလည်း ဘိက္ခုတို့မှာ ဒုက္ကဋ်ဟု ပညတ်တော်မူ၏၊ ဘိက္ခုတို့မှာ ဒုက္ကဋ်အာပတ်သင့်လျှင် ဘိက္ခုနီတို့မှာ ဒုက္ကဋ်ပင် သင့်စရာ ရှိသည်၊ ဆက်ဦးအံ့၊ ဤကေတ္ထရဏ အရာ၌ အဋ္ဌကထာဝယ် "သံဟာရိမာနံ ပါဝါရကဋ္ဋ သာရကာဒီနံ = ပြောင်းရွှေ့၍ ရစကောင်းသော အဝတ် ပဝါသင်ဖြူးဖျာ စသည်တို့၏"စသည်ဖြင့်

ဖွင့်သောကြောင့် ယခုအခါ ပြောင်းရွှေ့၍ ရကောင်းသော သင်ဖြူးကြီး ကော်ဇောကြီး စသည်၌ အတူမအိပ်ကောင်းဟု သတိပြုပါ၊ ထိုအပေါ်၌ အခင်းတစ်ခု ထပ်ခင်း၍ တစ်ပါးက ထိုအခင်းပေါ်မှာ အိပ်လျှင်လည်းကောင်း, အသီးအသီး အပေါ်ထပ် အခင်းရှိလျှင်လည်းကောင်း အိပ်ကောင်းပါ၏၊ ထိုသို့ အပေါ်အခင်း မထပ်နိုင်ဘဲ မလွှဲသာ၍ အိပ်ခွင့်ကြုံခဲ့သော် အလယ်ကြား၌သက်နီး, ခါးပန်းကြိုး, တုတ်,တောင်ဝှေး စသည့်တစ်ခုခုကို အပိုင်းအခြားထား၍ အိပ်လျှင် ''အနာပတ္တိ ဝဝတ္ထာနံ ဒဿေတွာ နိပဇ္ဇန္တိ''ဟုခွင့်ပြုတော်မူသည်၊ ခုတင်တစ်ခုပေါ်၌ကား ထိုသို့ အပိုင်းအခြားထား၍ အိပ်ခွင့် ရပုံကို မပြချေ။

---

## ဂ။ အဖာသုကရဏ သိက္ခာပုဒ်

အမှုသည်—ဇုလ္လနန္ဒာ။
အမှု—အရှင်မဘဒ္ဒါကို စိတ်မချမ်းသာအောင်ပြုမှု။

အလုပ်ဟူ ၆။ ၇ သာဝတ္ထိမြို့၌ ထုလ္လနန္ဒာသည် ဘုရားတရားတော်၌ များစွာ သင်ကြားတတ်မြောက်သူဖြစ်၍ တရားတော်ကို ရွတ်ဆိုနိုင် ဆောင်ရွက်မှတ်သားနိုင်၏၊ ပရိသတ်၌ ရဲရင့်၏၊ တရားဟောကောင်း၏၊ ဘဒ္ဒါကာပိလာနီ အရှင်မလည်း ထိုကဲ့သို့ပင် စွမ်းရည်သတ္တိပြည့်စုံ၏၊ ထူးချားချက်ကား (အထက်တန်းမှ ရဟန်းပြုလာသူဖြစ်၍ လည်းကောင်း, အနေအထိုင် မွန်မွန်ရည်ရည် ရှိ၍လည်းကောင်း) အဘက်တန်းကျပေသည်ဟု ချီးမွမ်းခံရသူဖြစ်လေသည်၊ မြို့သူမြို့သားတို့သည် ဘိက္ခုနီကျောင်းသို့ သွားသောအခါ အရှင်မဘဒ္ဒါအထံ ရှေးဦးစွာသွား၍ ထုလ္လနန္ဒာအထံသို့ နောက်မှ သွားကြကုန်၏။

ထိုသို့ ဖြစ်ပုံကို အကြောင်းပြု၍ ထုလ္လနန္ဒာသည် အရှင်မဘဒ္ဒါ အပေါ်၌ ကိုယ့်ထက်သာမနာလိုရကား အရှင်မဘဒ္ဒါကို စောင်းမြောင်း၍ ''တစ်နေ့လုံးလှုပ်ဝတ်ကြောင်တွေကို သိအောင်တရားဟောနေ-အမျိုးမျိုး အကြောင်းပြ၍ ဟောပြနေတဲ့ ဘိက္ခုနီတွေဟာ ပစ္စည်းလာဘ်လာဘကို အလိုမရှိကြသူတွေတဲ့လား, ရသမျှ ပစ္စည်းဖြင့် ကင်းတိမ်ရောင့်ရဲကြသူတွေတဲ့လား, လူတို့နှင့် ကင်းကင်းရှင်းရှင်း မရောမနှော နေကြသူတွေတဲ့လား၊ ဤသို့စောင်းမြောင်း ပြောဆိုရုံမကဘဲ, အရှင်မဘဒ္ဒါ၏ ရှေ့၌ (မလေးစားသောအားဖြင့်) လမ်းလျှောက်၍လည်းနေ၏၊ မတ်တတ်ရပ်၍လည်းနေ၏၊ လည်းလျှောင်း၍လည်း

နေ၏၊ စာကိုဖြစ်စေ ရွတ်ပြပို့ချနေ၏၊ မိမိကိုသော်လည်း တစ်စုံတစ်ယောက်က ရွတ်ပြပေးစေ၏၊ စာကိုသော်လည်း ပြန်ဆိုနေ၏၊ ထိုသို့ အရှင်မဘဒ္ဒါ မချမ်းသာအောင် ပြုမှုကို မြင်ရ,ကြားရသော ဘိက္ခုနီတို့က ကဲ့ရဲ့ကြ၍ ဘုရားရှင်ကို တစ်ဆင့် လျှောက်ကြသောကြောင့် ဤသိက္ခာပုဒ်ကိုပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ဘိက္ခုနိယာ သဉ္စိစ္စ အဖာသုံ ကရေယျ၊ ပါစိတ္တိယံ။**

မြန်မာပြန်။ ။စေတနာနှင့်တကွ စေ့ဆော်၍ (မချမ်းသာအောင် ပြုမည် ဟူသောစိတ်ဖြင့်) အခြားဘိက္ခုနီ၏ မချမ်းသာမှုကိုပြုသော ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

## ဃ။ သဟဇီဝိနီ သိက္ခာပုဒ်

**အမှုသည်-ထုလ္လနန္ဒာ။**

**အမှု-မိမိကို ဥပဇ္ဈာယ်ဆရာလုပ်၍နေသော တပည့်မကို မကျန်းမမာ ဖြစ်နေလျက် မပြုစုမှု။**

**ထုလ္လနန္ဒာ၏ မပြုစုမှု**

ထုလ္လနန္ဒာသည် မိမိကို ဥပဇ္ဈာယ်ဆရာပြု၍ ဘိက္ခုနီဖြစ်လာသော တပည့်မကို မကျန်းမမာ ဖြစ်နေကြောင်း သိပါလျက် ကိုယ်တိုင်းလည်း မပြုစု၊ သူတစ်ပါးကို ပြုစုအောင်လည်း ကြောင့်ကြမစိုက်ဘဲ ပစ်ထားလေသည်၊ ထိုသို့ ဂရုမစိုက်မှုကို အခြားဘိက္ခုနီတို့သိ၍ ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ဒုက္ခိတံ သဟဇီဝိနိံ နေဝ ဥပဋ္ဌေယျ၊ န ဥပဋ္ဌာပနာယ ဥဿုက္ကံ ကရေယျ၊ ပါစိတ္တိယံ။**

မြန်မာပြန်။ ။မကျန်းမမာဖြစ်၍ ဒုက္ခရောက်နေသော အတူနေ တပည့်မကို ကိုယ်တိုင်လည်း မပြုစု, သူတစ်ပါး ပြုစုပေးဖို့ရန်လည်း ကြောင့်ကြမစိုက်သော ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏၊ [ထိုသို့ ပြုစုသင့်သော အခါ မပြုစုသော ဘိက္ခုတို့မှာကား တာဝန်ဝတ္တရား ပျက်ကွက်မှုကြောင့် (ဝတ္တက္ခန္ဓက-လာ)ဒုက္ကဋ်အာပတ် သင့်၏။

## င။ နိကာမုနသိက္ခာပုဒ်

အမှုသည်-ထုလ္လနန္ဒာ။
အမှု-ကျောင်းကိုပေးပြီးမှ စိတ်ဆိုး၍ နှင်ထုတ်မှု။

ထုလ္လနန္ဒာနှင့် အရှင်မဘဒ္ဒါ ဘဒ္ဒကာပိလာနီ မည်သော အရှင်မသည် သာကေတမြို့၌ ဝါဆိုနေစဉ် တစ်စုံတစ်ခု အနှောင့်အယှက်ရှိသောကြောင့် သာဝတ္ထိသို့ ပြန်လာလို၍ ထုလ္လနန္ဒာထံ "နေစရာ ကျောင်း ပေးလိုရှိလျှင် သာဝတ္ထိသို့ ပြန်လာလိုကြောင်း" တမန် စေလွှတ်လိုက်ရာ, ထုလ္လနန္ဒာကလည်း "လာခဲ့ပါ, ပေးပါမယ်" ဟု စကားပြန်လိုက် သဖြင့် သာဝတ္ထိသို့ ပြန်လာလေသည်။

ထို ၂-ဦးလုံးပင် တရားအရာ၌ များစွာတတ်သိ၍ တရားဟော ကောင်းသူချည်းဖြစ်၍ အရှင်မဘဒ္ဒါလာမူ အထက်တန်းစားဟု အများ ချီးမွမ်းခံရသူ ဖြစ်သောကြောင့် ဘိက္ခုနီကျောင်းသို့ ရောက်လာသူတို့သည် အရှင်မဘဒ္ဒါထံ ပထမဝင်ပြီးမှ ထုလ္လနန္ဒာထံသို့ သွားကြကုန်၏၊ ထုလ္လနန္ဒာသည် ကိုယ့်ထက် သာသော အရှင်မဘဒ္ဒါကို မနာလိုသော(ဣဿာ)ကြောင့် သူပေးထားသော ကျောင်းမှ နှင်ထုတ်လေရာ, အခြား ဘိက္ခုနီတို့က ထုလ္လနန္ဒာကို ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ဘိက္ခုနိယာ ဥပဿယံ ဒတွာ ကုပိတာ အနတ္တမနာ နိက္ကဍ္ဎေယျ ဝါ နိက္ကဍ္ဎာပေယျ ဝါ ပါစိတ္တိယံ။

မြန်မာပြန်။ ။ဘိက္ခုနီတို့အား ကျောင်းကို ပေးပြီးနောက် စိတ်ဆိုး၍ မနှစ်သက်၍ ထိုကျောင်းမှ ကိုယ်တိုင်ဖြစ်စေ, ခိုင်း၍ဖြစ်စေ နှင်ထုတ်သော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

## စ။ သံသဋ္ဌသိက္ခာပုဒ်

အမှုသည်-စဏ္ဍကာဠီ။
အမှု-ယောကျ်ားတို့နှင့် ရောရောနှောနှော နေမှု။

စဏ္ဍကာဠီ သာဝတ္ထိမြို့၌ စဏ္ဍကာဠီ မည်သော ဘိက္ခုနီသည် အိမ်ပိုင်, ရာပိုင်ရှိသော ယောကျ်ားနှင့် လည်းကောင်း, ထို သူတို့၏

သားနှင့် လည်းကောင်း ရောရောနှောနှော နေလေ့ရှိ၏၊ သူ၏နေပုံကို အခြား ဘိက္ခုနီတို့ မနှစ်သက်၍ ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော် မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ သံသဋ္ဌာ ဝိဟရေယျ ဂဟပတိနာ ဝါ ဂဟပတိပုတ္တေန ဝါ၊ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဧဝမဿ ဝစနီယာ၊ "မာယျေ သံသဋ္ဌာ ဝိဟရိ ဂဟပတိနာပိ ဂဟပတိပုတ္တေနာပိ၊ ဝိဝိစ္စာယျေ ဝိဝေကဉ္စေဝ ဘဂိနိယာ သံဃော ဝဏ္ဏေတီ"တိ၊ ဧဝဉ္စ ပန သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဝုစ္စမာနာ တထေဝ ပဂ္ဂဏှေယျ၊ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗာ တဿ ပဋိနိဿဂ္ဂါယ၊ ယာဝတတိယဉ္စေ သမနုဘာသိယမာနာ တံ ပဋိနိဿဇ္ဇေယျ၊ ဣစ္စေတံ ကုသလံ၊ နော စေ ပဋိနိဿဇ္ဇေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အကြင် ဘိက္ခုနီသည် အိမ်ပိုင် ရာပိုင်ရှိ၍ ဂဟပတိ အမည် ရသူနှင့်သော် လည်းကောင်း, ထိုဂဟပတိသားနှင့်သော် လည်းကောင်း ရောရောနှောနှော နေအံ့၊ ထိုဘိက္ခုနီကို အခြား ဘိက္ခုနီတို့က ဤသို့ ပြောဆိုရမည်၊ (အဘယ်သို့ ပြောဆိုရမည်နည်း-ဟူမူ)၊ အိုအရှင်မ... သင်သည် ဂဟပတိနှင့် လည်းကောင်း, ဂဟပတိ၏ သားနှင့် လည်း ကောင်း ရောရော နှောနှော မနေပါလင့်၊ အို အရှင်မ....ထိုသူတို့နှင့် ကင်းကင်း ရှင်းရှင်း နေပါ၊ အရှင်မ၏ ကင်းကင်း ရှင်းရှင်း နေခြင်း ကိုသာ ဘိက္ခုနီ သံဃာက ချီးမွမ်းပါသည်၊ ဤသို့ ပြောဆိုရမည်၊ ဤသို့ အခြား ဘိက္ခုနီတို့က ပြောဆိုအပ်ပါလျက် ထိုဘိက္ခုနီသည် ရှေးအတိုင်းပင် (သူ့အနေကို မပြင်ဘဲ) ချီးမြှောက်နေအံ့ (သာ၍ ကဲ နေအံ့)၊ ထို ဘိက္ခုနီကို အခြား ဘိက္ခုနီတို့က ထိုအယူ, ထို နေပုံကို စွန့်ဖို့ရာ ၃-ကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ပြောဆို ဆုံးမရမည်၊ ၃-ကြိမ်တိုင်အောင် ပြောဆိုနေစဉ် ထိုအယူကို စွန့်လျှင် (ပါစိတ် အာပတ် မသင့်ကြောင်းဖြစ်၍)ကောင်းသေး၏၊ [ဒုက္ကဋ်အာပတ်တော့ သင့်လေပြီ။] လုံးလုံးမစွန့်လျှင်ကား ကမ္မဝါစာအဆုံး၌ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

## ၁၀။ အန္တောရဋ္ဌသိက္ခာပုဒ်

အမှုသည်-ဘိက္ခုနီများ။
အမှု-မိမိတိုင်းပြည်အတွင်း ရွံရှာဖွယ်ဟု သမုတ်အပ်၍ ဘေးရန်လည်းရှိသောအရပ်၌ အဖော်ကုန်သည်များ မပါဘဲ ဒေသစာရီလှည့်မှု။

ထိုသို့ ဒေသစာရီ လှည့်ကြသော ဘိက္ခုနီတို့ကို သေသောက်ကြူးတို့က ဖျက်ဆီးလိုက်ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော် မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန ဘိက္ခုနီ အန္တောရဋ္ဌေ သာသင်္ကသမ္မတေ သပ္ပဋိဘယေ အသတ္ထိကာ စာရိကံ စရေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။မိမိတို့နေရာ တိုင်းပြည်အတွင်း၌ ရွံရှာဖွယ်ဟု သမုတ်အပ်သော ဘေးရန်လည်းရှိသော အရပ်၌ အဖော် ကုန်သည်များ မပါဘဲ ဒေသစာရီ လှည့်လည်သွားလာသော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

---

## ၉။ တိရောရဋ္ဌ သိက္ခာပုဒ်

အမှုသည်-ဘိက္ခုနီများ။
အမှု-တိုင်းတစ်ပါး၌ ရွံရှာဖွယ်ဟု သမုတ် အပ်၍ ဘေးရန်လည်းရှိသော အရပ်၌ အဖော်ကုန်သည်များ မပါဘဲ ဒေသစာရီလှည့်လည်သွားလာမှု။

ထိုသို့ သွားလာသူတို့ကို သေသောက်ကြူးတို့က ဖျက်ဆီးလိုက်ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ တိရောရဋ္ဌေ သာသင်္ကသမ္မတေ သပ္ပဋိဘယေ အသတ္ထိကာ စာရိကံ စရေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။မိမိနေရာ တိုင်းပြည်မှတစ်ပါး အခြားတိုင်းပြည်၌ ရွံရှာဖွယ် ရှိ၏ဟု သမုတ်အပ်သော အမှန်လည်း ဘေးရန်ရှိသော အရပ်၌ အဖော်ကုန်သည်များ မပါဘဲ ဒေသစာရီလှည့်လည်သွားလာသော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

---

## ၈၂။ အန္တောဝဿ သိက္ခာပုဒ်

အမှုသည်-ဘိက္ခုနီအများ။
အမှု-ဝါတွင်း၌ ဒေသစာရီ လှည့်လည်သွားလာမှု။

ထိုသို့ သွားလာသော ဘိက္ခုနီတို့ကို မြက်သစ်ပင်၌ အသက်ရှိ၏ဟု အယူရှိကြသော လူတို့က "မိုးကာလအတွင်းဖြစ်၍ စိမ်းစို လန်းဆန်း နေသော မြက်သစ်ပင် အရှင်ကလေးတွေကို သေအောင်နင်း၍ လှည့်လည်သွားလာနေကြသလား"ဟု ကဲ့ရဲ့ကြသောကြောင့် လူတို့အလိုလိုက်၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ အန္တောဝဿံ စာရိကံ စရေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။ဝါတွင်း ဒေသစာရီလှည့်လည်သော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

---

## ၈၃။ စာရိကာ အပက္ကမန သိက္ခာပုဒ်

အမှုသည်-ဘိက္ခုနီအများ။
အမှု-ဘယ်မှမသွားဘဲ တစ်နေရာတည်း၌ မိုးရာ ဆောင်းရာနွေရာ နေကြမှု။

လူကိုအပြစ်ရှာပုံ

ရာဇဂြိုဟ်မြို့၌ နေထိုင်ကြသော ဘိက္ခုနီတို့သည် မိုး, ဆောင်း, နွေပါ ဥတု ၃-ပါးလုံး ဘယ်မှ မသွားကြဘဲ ထိုရာဇဂြိုဟ်မြို့၌သာ နေကြကုန်၏၊ ကိုအခါ လူတို့သည် "ဘိက္ခုနီတွေမှာ သွားစရာ နေရာ ကျဉ်းမြောင်းကုန်ပြီ၊ အရပ် ၄-မျက်နှာလုံးပင် သူတို့အတွက် အလင်းမရ-မှောင်ကြီးကျနေသလို ဖြစ်ကုန်ပြီ"ဟု ကဲ့ရဲ့ကြသည်ကို တစ်ဆင့်စကား ကြားရတော်မူသောကြောင့် မကြည်ညိုသေးသူတို့ကို ကြည်ညိုစေခြင်း, ကြည်ညိုပြီးသူတို့ကို ပို၍ကြည်ညိုစေခြင်း စသော အကျိုးငှာ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ဝဿံ ဝုတ္ထာ စာရိကံ န ပက္ကမေယျ အန္တမသော ဆပ္ပဉ္စယောဇနာနိပိ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။မိုးလပတ်လုံး ဝါတွင်း၌ နေပြီး၍ ဝါကျွတ်သောအခါ (ဘေး အန္တရာယ်-ကင်းပါမူ) အနည်းဆုံး ၅-ယူဇနာ, ၆-ယူဇနာ လောက်မျှ ဒေသစာရီ မလှည့်လည်သော ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

တုဝဋ္ဋဝဂ် ပြီး၏။

---

# စိတ္တာဂါရဝဂ်

## က။ စိတ္တာဂါရသိက္ခာပုဒ်

**အမှုသည်–ဆဗ္ဗဂ္ဂီဘိက္ခုနီများ။**
**အမှု-ဆန်းကြယ်စွာ ပြုလုပ်အပ်သော အိမ်တော်ကို အကြည့် သွားကြမှု။**

**ဆန်းကြယ်သော အိမ်တော်** ကောသလမဟာရာဇာ၏ မင်းဥယျာဉ်အတွင်း၌ နဂိုကပင် အဆန်းတကြယ် ဆောက်လုပ်ထားသော အိမ်တော်ဝယ် ပန်းချီ ဆေးရေးရုပ်တို့ဖြင့် ဆန်းကြယ်စွာ ခြယ်လှယ်ထား သောကြောင့် လူအများပင် အကြည့်အရှု သွားကြလေသည်၊ ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့၏ ဩဝါဒခံ ဆဗ္ဗဂ္ဂီဂိုဏ်းဝင် ဘိက္ခုနီတို့လည်း အကြည့်အရှု သွားကြသောကြောင့် "လူဝတ်ကြောင်မိန်းမတွေလို ဒီဘိက္ခုနီတွေကလဲ ဆန်းကြယ်သော အိမ်တော်ကို အကြည့်အရှု သွားပဲသွားရဲ ကြတယ်" ဟု ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ရာဇာဂါရံ ဝါ စိတ္တာဂါရံ ဝါ အာရာမံ ဝါ ဥယျာနံ ဝါ ပေါက္ခရဏိံ ဝါ ဒဿနာယ ဂစ္ဆေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။မင်းနန်းတော်ကိုဖြစ်စေ, ဆန်းကြယ်သော အိမ်ကိုဖြစ်စေ, အာရာမ် (ခြံ)ကို ဖြစ်စေ, ဥယျာဉ်ကို ဖြစ်စေ, ရေကန်ကို ဖြစ်စေ, တမင်တကာ အကြည့်အရှု သွားသော ဘိက္ခုနီမှာ ပါစိတ် အာပတ် သင့်၏။

**ရာဇ-စိတ္တာဂါရ။** ။ရှင်ဘုရင်၏ တစ်ရံတစ်ခါ ပျော်ပျော်ပါးပါး နေထိုင် ဖို့ရာ ဆောက်လုပ်အပ်သော အိမ်တော်ကို "ရာဇာဂါရ"ဟု ခေါ်၏၊

နတ်နန်းကို "နတ်ကွန်း" ဟု ခေါ်သကဲ့သို့ ထိုအိမ်တော်ကိုလည်း "မင်းကွန်း=စံနန်း" ဟု ခေါ်၏၊ လူအများ၏ ကစားပျော်မွေ့ဖို့ရာ ဆန်းကြယ်စွာ ဆောက်လုပ်ထားသော အိမ်ကို "စိတ္တာဂါရ" ဟု ခေါ်၏၊ [စိတ္တ=ဆန်းကြယ်သော+အဂါရ=အိမ်၊ ယခုအခါ မြို့ကြီးများ၌ "ကလာပ်"များနှင့် တူ၏။

**အာရာမ, ဥယျာန**။ ။မြို့ကြီးများ၌ အထူးတလည်ပြုပြင်ထား၍ လူအများ ပျော်စရာ ကောင်းသော ပန်းခြံများကို "အာရာမ" ဟု ခေါ်၏၊ လူအများ ပျော်မွေ့ဖို့ရာ သစ်သီးဥယျာဉ်, ပန်းဥယျာဉ်များကို "ဥယျာန" ဟု ခေါ်၏။

**ပေါက္ခရဏီ**။ ။ရန်ကုန်မြို့တော်၏ကန်တော်ကြီးကဲ့သို့ လူအများ စိတ်ကြည်နူးဖို့ရာ သာသာယာယာ ပြုပြင်ထားသော ရေကန်ကို "ပေါက္ခရဏီ" ဟု ခေါ်၏၊ ထို ၅-မျိုးတွင် တစ်မျိုးမျိုးကို သက်သက် အကြည့်သွားလျှင် ခြေလှမ်းတိုင်း ဒုက္ကဋ်၊ မြင်လောက်သော အရပ်၌ ရပ်၍ တစ်မျိုးကြည့်လျှင် (ဘိက္ခုနီတို့မှာ) ပါစိတ် တစ်ချက်၊ ၅-မျိုးလုံးကို လှည့်၍ ကြည့်လျှင် ပါစိတ် ၅-ချက် သင့်၏၊ ဘိက္ခုတို့အတွက်ကား အားလုံး ဒုက္ကဋ် အာပတ်ချည်းသာဟု (အဋ္ဌကထာ)ဆို၏။

---

## ၁။ အာသန္ဒိသိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီအများ။**

**အမှု-အလွန်မြင့်သော ညောင်စောင်း အင်းပျဉ် ခုတင်, ထိုင်ခုံများနှင့် ခြသေ့ရုပ် ကျားရုပ်စသော ရဲရင့်သော သားကောင် အရုပ်များပါသော ပလ္လင်ကို သုံးစွဲကြမှု။**

ထိုသို့သုံးစွဲကြသဖြင့် လူတို့ကဲ့ရဲ့သောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်**။ ။**ယာ ပန ဘိက္ခုနီ အာသန္ဒိံ ဝါ ပလ္လင်္ကံ ဝါ ပရိဘုဉ္ဇေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်**။ ။တစ်တောင့်ထွာ ပမာဏထက် ပိုသော ခြေရှိ၍ အလွန်မြင့်သော ညောင်စောင်း အင်းပျဉ်=ခုတင်, ထိုင်ခုံကို လည်းကောင်း, ခြသေ့ သစ်ကျား အရုပ်များဖြင့် ခမ်းနား ဆန်းကြယ်သော ပလ္လင်ကို လည်းကောင်း သုံးစွဲသော ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

မှတ်ချက်။ ။ဘိက္ခုတို့လည်း ထိုနေရာများကို မသုံးစွဲရ၊ သုံးစွဲလျှင် ဒုက္ကဋ်အာပတ်သင့်၏၊ သုံးစွဲလိုလျှင် တစ်တောင့်ထွာထက်မလွန်အောင် ခြေထောက်ကိုဖြတ်၍ လည်းကောင်း, ပလ္လင်၌ ခြသေ့်,သစ်ကျားအရုပ်များကို ဖျက်၍ လည်းကောင်း သုံးစွဲကောင်း၏၊ အာသန္ဒီ၏ပုံစံကို ကန်ါအဋ္ဌကထာ၌ ''၄-ထောင့်''ဟု ပါရှိသော်လည်း ဤပါဠိတော်အဖွင့်၌ ''အတိက္ကန္တ ပမာဏာ-(တစ်တောင့်ထွာထက်) လွန်သော ပမာဏရှိသောနေရာ''ဟု သာမည ဖွင့်သောကြောင့် ခုတင်ထိုင်ခုံ အားလုံးကိုပင် ပြလိုက်သည်။ ''ပလ္လင်္ကော နာမ အာဟရိမေဟိ(တပ်အပ်ကုန်,ထိအပ်ကုန်သော)ဝါဠေဟိ-သားရဲ, သားကောင် (ခြသေ့်,သစ်ကျား) တို့ဖြင့် ကတော''ဟု ဖွင့်၏၊ ဤ သိက္ခာပုဒ်သည် ဘိက္ခုနီတို့ သုံးစွဲမှုကြောင့် ပညတ်အပ်သော သိက္ခာပုဒ်တည်း၊ ပမာဏာတိက္ကန္တ-ညောင်စောင်းစသည်ကို ပြုလုပ်လျှင်ကား ပါစိတ် အာပတ်ဟု ဘိက္ခုရတနဝဂ်၌ ပညတ်တော်မူခဲ့ပြီ။

---

## ဂ။ သုတ္တကန္တနသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီဘိက္ခုနီများ။**
**အမှု-မိုင်းငင်=ချည်ငင်မှု။**

''ဘိက္ခုနီတွေနှယ် ကာမစည်းစိမ် ခံစားသော အိမ်ထောင်သည် မိန်းမများလို မိုင်းငင် ကြရသလား'' ဟု လူတို့ ကဲ့ရဲ့မှုကြောင့် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန ဘိက္ခုနီ သုတ္တံ ကန္တေယျ၊ ပါစိတ္တိယံ။**

မြန်မာပြန်။ ။ချည်ငင်သော ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏၊ ချည်မငင်မီ ဝါကို ရွေးချယ်သည်မှစ၍ လုံ့လစိုက်တိုင်း ဒုက္ကဋ် အာပတ်သင့်၏၊ ငင်သည့်အခါ ဝင်ရိုး၌ တစ်ပတ်ရတိုင်း, တစ်ပတ်ရတိုင်း ပါစိတ် တစ်ချက်,တစ်ချက် သင့်၏။

---

## ဃ။ ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီအများ။**
**အမှု လူဝတ်ကြောင်များ၏ ဝေယျာဝစ္စကို ရှက်ဆောင် ပြုလုပ်ပေးမှု။**

''ဝေယျာဝစ္စ'' ဟူသည်- မောင်းထောင်း ဆန်ဖွပ်ခြင်း, ထမင်း, ဟင်း, မုန့်ပဲ သရေစာကို ပြုလုပ်ခြင်း, အဝတ် ဖွက်လျှော်ခြင်း စသော အလုပ်ကိစ္စ

တည်း၊ လူဝတ်ကြောင်များ၏ ထိုအလုပ်ကိစ္စကို ကူညီ ပြုလုပ်ပေးမှုကြောင့် အမြင်မတော်သော လူတို့က ကဲ့ရဲ့ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန ဘိက္ခုနီ ဂိဟိဝေယျာဝစ္စံ ကရေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။လူလူဝတ်ကြောင် တို့၏ ဝေယျာဝစ္စကို ပြုလုပ်သော ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။မောင်းထောင်းပေးခြင်း စသည်ကို ပုဗ္ဗပယောဂ (ယာဂုစသည် မကျိုချက်မီ လုလ္လပြုခြင်း) ဟု ခေါ်၏၊ ထို ပုဗ္ဗပယောဂ အခိုက်၌ လုလ္လပြုတိုင်း ဒုက္ကဋ်အာပတ် သင့်၏၊ ယာဂုကျိုခြင်း ထမင်းချက်ခြင်းတို့၌ အိုးအရေအတွက် ရှိသလောက် (အိုးတစ်လုံး အာပတ်တစ်ချက်အားဖြင့်) ပါစိတ်အာပတ် သင့်၏၊ မုန့်လုပ် ပေးရာ၌ မုန့်အရေအတွက် များသလောက် ပါစိတ်အာပတ်များ၏၊ ထို ဂိဟိဝေယျာဝစ္စကို ဘိက္ခုများ လုပ်လျှင်လည်း ဒုက္ကဋ်အာပတ် သင့်၏။

**ခြွင်းချက်။** ။ဘုရားနှင့် ရဟန်းသံဃာအား ယာဂု-ဆွမ်းမုန့် ကပ်ဖို့ ဖြစ်လျှင် ချက်ပြုတ် လုပ်ကိုင် ပေးကောင်း၏၊ မိမိ၏ ဝေယျာဝစ္စ (အလုပ်ကိစ္စ) ကို ပြုလုပ်ပေးသူ့ အတွက်လည်း မိမိက သူ၏ ဝေယျာဝစ္စကို လုပ်ကိုင်ပေးကောင်း၏၊ ဥပမာ—သူက မိမိ၏ အဝတ် ဖွပ်ပေးလျှင် ကျောင်း တလင်း သုတ်သင်နေလျှင် မိမိ၏တောက်တိုမယ်ရ ခိုင်းစေရသူဖြစ်လျှင် သူ၏ ဝေယျာဝစ္စကိုလည်း မိမိက ပြုလုပ်ပေးကောင်း၏၊ မယ်တော်ခမည်းတော်များ ကျောင်းလာ၍ သူတို့အတွက် ချက်ပြုတ် ပေးရတော့မည် ဖြစ်လျှင် သူတို့ကို ရှေးဦးစွာ ကိုယ့်ဝေယျာဝစ္စ ပြုသူဖြစ်အောင် တံမြက်စည်းကလေး အရိုးတပ်ပေးစမ်းပါ၊ ယပ်တောင်ကလေး လုပ်ပေးစမ်းပါ-စသည်ဖြင့် ခိုင်းပြီးမှ သူတို့၏ ဝေယျာဝစ္စကို ပြုရမည်။

**သတိပြုဖွယ်။** ။ယခုကာလ၌ ဘိက္ခုနီတို့နေရာဝယ် သီလရှင်များရောက်နေကြလေပြီ၊ များစွာသော လူဝတ်ကြောင် တို့သည် ဇရပ်ကလေး စသည် ဆောက်ပေး၍ ဥပုသ်စောင့် စသည်သွားကာ သီလရှင်များ၏ ချက်ပြုတ်ပေးမှု အပြုအစုကို ခံယူလေ့ ရှိကြ၏၊ တချို့ကား ဘုရားဖူးသွား ဈေးသွား စသည်၌ သီလရှင်ကိုပင် လက်ဆွဲခြင်း ဈေးတောင်းများကို ကိုင်ယူစေကြ၏၊ သီလရှင်များကိုပင် အဝတ် ဖွပ်ပေးစေကြ၏၊ ထိုကိစ္စ အားလုံးပင် ၂-ဘက်လုံး ဆင်ခြင်သင့်ကြလေသည်။

## ၈။ အဓိကရဏာဝူပသမ သိက္ခာပုဒ်

အမှုသည်-ထုလ္လနန္ဒာ။
အမှု-အဓိကရုဏ်းကို ငြိမ်းစေမည်ဟု ဝန်ခံပြီးနောက် ငြိမ်းအောင်း လုပ်မပေးမှု။

ထုလ္လနန္ဒာ၏ ဂရုမစိုက်ပုံ

ဘိက္ခုနီ တစ်ယောက်မှာ အဓိကရုဏ်း တစ်ခု ဖြစ်နေ၏၊ ဥပမာ-သူ့မှာ ကိစ္စ တစ်စုံတစ်ရာအတွက် အာပတ်သင့်-မသင့်ကို မဆုံးဖြတ်နိုင်အောင် ဖြစ်နေ၏၊ ဤသို့ဖြစ်မှုကိုပင် အာပတ္တာဓိကရုဏ်းဟု ခေါ်၏၊ ထိုသို့အဓိကရုဏ်း တစ်ခုခု ဖြစ်နေသော ဘိက္ခုနီသည် ''ထို အဓိကရုဏ်းကို ဆုံးဖြတ်ပေးစမ်းပါ''ဟု ထုလ္လနန္ဒာကို တောင်းပန်လေရာ, ထုလ္လနန္ဒာသည် ''ကောင်းပြီ, ငြိမ်းအောင် ဆုံးဖြတ်ပေးမည်''ဟု ဝန်ခံပြီးနောက် တစ်စုံတစ်ခု အနှောင့်အယှက် အန္တရာယ်မရှိပါဘဲ ကိုယ်တိုင်လည်း ငြိမ်းအောင်လုပ်မပေး, အခြားသူတို့ လုပ်ပေးအောင်လည်း ကြောင့်ကြမစိုက်ဘဲ နေ၏၊ ထိုအကြောင်းကို အမှုရှင်ဘိက္ခုနီက အခြား ဘိက္ခုနီတို့အား ပြောပြသဖြင့် ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ॥ယာ ပန ဘိက္ခုနီ ဘိက္ခုနိယာ ''ဟောဟိ ဣမံ အဓိကရဏံ ဝူပသမေဟိ''တိ ဝုစ္စမာနာ ''သာဓူ''တိ ပဋိဿုဏိတွာ သာ ပစ္ဆာ အနန္တရာယိကိနီ နေဝဝူပသမေယျ န ဝူပသမာယ ဥဿုက္ကံ ကရေယျ၊ ပါစိတ္တိယံ॥

မြန်မာပြန်။ ॥အကြင် ဘိက္ခုနီသည် အခြား ဘိက္ခုနီတစ်ယောက်က ''အရှင်မ....လာစမ်းပါ, မည်သည့်အဓိကရုဏ်းကို ငြိမ်းအောင် လုပ်ပေးစမ်းပါဟု''ဟု တောင်းပန်အပ်စဉ်တုန်းက ''ကောင်းပါပြီ'' ဟု ဝန်ခံပြီး၍ နောက်အခါ၌အနှောင့်အယှက် အန္တရာယ်မရှိပါဘဲ ကိုယ်တိုင်လည်းငြိမ်းအောင် လုပ်မပေးအံ့၊ သူတစ်ပါး လုပ်ပေးအောင်လည်း ကြောင့်ကြမစိုက်အံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။ [ရေ, မီးစသော အန္တရာယ်, တစ်စုံတစ်ယောက်က မဆုံးဖြတ်အောင် နှောင့်ယှက်မှုအန္တရာယ် ရှိ၍ဖြစ်စေ, ကူညီမည့်အဖော် မရ၍ဖြစ်စေ ငြိမ်းအောင် မလုပ်ပေးသူမှာ အနာပတ္တိ။]

---

## ၉။ သဟတ္ထာဒါန သိက္ခာပုဒ်

အမှုသည်—ထုလ္လနန္ဒာ။
အမှု—ဇာတ်ဆရာ, ဇာတ်သျှ, ဇာတ်သား စသည့်တို့အား မိမိကိုယ်တိုင် ခဲဖွယ် ဘောဇဉ်ပေးမှု။

ထုလ္လနန္ဒာ၏ အကြံ

ထုလ္လနန္ဒာသည် မိမိကျော်ကြားဖို့ရန် ကြိုးစားလေ့ရှိ၏၊ ထို့ကြောင့် ဇာတ်ဆရာ, ဇာတ်သမား, ဘား (ဂျွမ်း) သမား, မျက်လှည့်ပြသူ, အိုးစည် (ဗိုးပတ်) တီးသူတို့အား "ငါ၏ဂုဏ်သတင်းကို ပရိသတ်မှာ ပြောကြပါ" ဟု တိုက်တွန်း၍ ခဲဖွယ် ဘောဇဉ်များကို ကိုယ်တိုင်ပေးလေ့ရှိ၏၊ ထိုအကြောင်းကို ကြားသိသော ဘိက္ခုနီတို့က ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန ဘိက္ခုနီ အဂါရိကဿ ဝါ ပရိဗ္ဗာဇကဿ ဝါ ပရိဗ္ဗာဇိကာယ ဝါ သဟတ္ထာ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ဒဒေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင် ဘိက္ခုနီသည် လူဝတ်ကြောင်အား သော်လည်းကောင်း, ပရိဗိုဇ်ယောကျ်ားအား သော်လည်းကောင်း, ပရိဗိုဇ်မအားသော်လည်းကောင်း, ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့်(ကိုယ်တိုင်) ပေးအံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။ဤသိက္ခာပုဒ်သည် ခဲဖွယ်ဘောဇဉ် ပေးမှုအတွက်သာ ပညတ်အပ်သော သိက္ခာပုဒ်တည်း၊ ဂုဏ်သတင်းအပြောခိုင်းမှုကား မအပ်သော ပစ္စည်းရှာမှုမျိုးဖြစ်၍ ဒုက္ကဋ်အာပတ်သာ ဖြစ်သင့်၏၊ ထိုသို့ ခိုင်းသဖြင့် ဂုဏ်သတင်းကို ကြားသိရသောလူတို့က လှူကြသော ပစ္စည်းတို့မှာမူ ထိုသူနှင့်တကွ ရဟန်းဟူသမျှ မသုံးကောင်း၊ သုံးစွဲသူတိုင်း ဒုက္ကဋ်အာပတ်သင့်၏။

## ၁၀။ အာဝသထစီဝရ သိက္ခာပုဒ်

အမှုသည်-ထုလ္လနန္ဒာ။
အမှု-ကျောင်းပိုင်ဖြစ်သော ဥတုနီးသင်္ကန်းကို သူချည်းသုံးစွဲမှု။

ကျောင်း သင်္ကန်း

ဘိက္ခုနီများ၏ ကျောင်း၌ ဥတုလာသူတို့ အသုံးပြုဖို့ရန် "ဥတုနီး" သင်္ကန်းကို လှူဒါန်းထားတတ်ကြ၏၊ ထိုသင်္ကန်းကို သုံးရာ၌ ထုံးစံမှာ ၂-ညဉ့် ၃-ညဉ့် သုံးပြီး

လျှင် ၄-ရက်မြောက်နေ့၌ဖွပ်လျှော်၍ အခြားဥတုလာသူ(ဘိက္ခုနီ,သိက္ခမာန်မ, သာမဏေမ)တို့အား တစ်ဆင့်ပေးရ၏၊ ဥတုလာနေသူ ရှိပါလျက် ထိုသူအား တစ်ဆင့်မပေးလျှင် ဤသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်၏၊ ဥတုလာသူမရှိ၍ ဆက်လက်သုံးနေလျှင်ကား အနာပတ္တိ၊ ထုလ္လနန္ဒာကား ထိုသင်္ကန်းကို အခြားသူအား အလှည့်မပေးဘဲ သူ့ချည်း သုံးနေသဖြင့် အခြားဘိက္ခုနီတို့က ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ **အာဝသထစီဝရံ** အနိဿဇ္ဇိတွာ ပရိဘုဉ္ဇေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။ဥတုနှီးသင်္ကန်းကို မစွန့်ဘဲ အသုံးပြုနေသူမှာ ပါစိတ် အာပတ်သင့်၏။

**ခန္ဓကကျင့်ဝတ်။** ။ဤသိက္ခာပုဒ်နှင့် စပ်၍ **စူဠဝါ**(ဘိက္ခုနီခန္ဓက) ပါဠိတော်၌ သိက္ခာပုဒ်များရှိသေး၏။

(က) ဘိက္ခုနီတို့သည် ဥတုလာနေစဉ် ကြိမ်ခတ်ထားသော ညောင်စောင်း အင်းပျဉ်(ခုတင်-ထိုင်ခုံ)တို့အပေါ်၌ ထိုင်ကြ အိပ်ကြလေရာ ခက်ထားသောကြိုး ကြိမ်တို့ကို ဖောက်၍ အောက်ကြမ်းပြင်ပေါ်၌ စို့ရွှဲနေသောကြောင့် ဥတုနှီးသင်္ကန်းကို ခွင့်ပြုတော်မူလေသည်။

(ခ) ထိုဥတုနှီးသင်္ကန်း၌ သွေးများပေကျံနေပြန်ရကား အတွင်း၌ဆို့ထားဖို့ရာ အတွင်းဆို့ အဝတ်ကို ခွင့်ပြုတော်မူရပြန်၏။

(ဂ) ထိုအတွင်းဆို့ အဝတ်သည်မမြဲဘဲ ကျွတ်ကျသောကြောင့် အတွင်းဆို့ အဝတ်ကို ကြိုးငယ်ဖြင့် ဖွဲ့ချည်၍ ကြိုးစတစ်ခုဖြင့် ပေါင်၌ဖွဲ့ချည်ထားဖို့ရန် ခွင့်ပြုတော်မူရပြန်၏။

(ဃ) ထိုကြိုးသေးကလေး ပြတ်၍ ပြုတ်ကျပြန်သောကြောင့် ခါးတောင်းကြိုက်၍ဖြစ်သော ခါးကြိုးတန်ဆာ တစ်မျိုးကိုခွင့်ပြုတော်မူရပြန်သည်။

---

## ၈။ အာဝသထာနိဿဇ္ဇနသိက္ခာပုဒ်

**အမှုသည်–ထုလ္လနန္ဒာ။**
**အမှု-ကျောင်းကို မစွန့်လွှတ်(မအပ်နှံ)ဘဲ ဒေသစာရီ လှည့်လည်မှု။**

ကျောင်းကို ဝိုးလောင်ခြင်း

ထုလ္လနန္ဒာသည် ဒေသစာရီ လှည့်လည်သွားခါနီး၌ သူ့ကျောင်းကို ကြည့်ရှုစောင့်ရှောက်ရစ်ဖို့ရန် တစ်ယောက်ယောက်ထံမျှ မအပ်နှံဘဲ ဒေသစာရီ လှည့်လည်လေ၏၊

ထိုအခိုက်မှာပင် သူ၏ကျောင်းကို မီးလောင်လေရာ, တချို့က "ကျောင်းထဲမှ ပစ္စည်းဘဏ္ဍာများကို ထုတ်ယူကြစို့"ဟု ပြော၏၊ တချို့ကလည်း "မတော် တဆ တစ်စုံတစ်ခုပျောက်လျှင် ငါတို့ကို တရားစွဲလိမ့်မည်၊ ငါတို့တော့ မထုတ် ဝံ့ပါ"ဟု (သူ၏ နှုတ်ကြမ်း အာကြမ်းနှင့် ရမ်းတတ်ပုံကို ကြောက်၍)ပြော၏၊ ထို့ကြောင့် ကျောင်းရှိပစ္စည်းဘဏ္ဍာတွေပါ မီးလောင်ခံလိုက်ရလေသည်။

ဒေသစာရီလှည့်လည်ရာမှ ထုလ္လနန္ဒာပြန်လာသောအခါ "ပစ္စည်းဘဏ္ဍာ များကို ထုတ်မယူကောင်းလား"ဟု အပြစ်တင်လေသော် "သူ့ကိုယ်တိုင်က သူ၏ကျောင်းကို တစ်ယောက်ယောက်ထံ မအပ်နှံဘဲ သွားရသလား" ဟု သူ့ကိုပြန်၍ ကဲ့ရဲ့ကြလေရာ "အရင်းစစ်လျှင် အမြစ်မြေက"ဆိုသလို သူ၏ အပြစ်က အရင်းကျသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ အာဝသထံ အနိဿဇ္ဇိတွာ စာရိကံ ပက္ကမေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။ကျောင်းကို(ဘိက္ခုနီ, သိက္ခမာန်, သာမဏေမ ၃-မျိုးတွင်) တစ်စုံတစ်ယောက်ထံ မစွန့်လွှတ် မအပ်နှံဘဲ ဒေသစာရီ လှည့်လည်သော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

---

## ၈၂။ တိရစ္ဆာနဝိဇ္ဇာ ပရိယာပုဏနသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီဘိက္ခုနီများ။**
**အမှု—တိရစ္ဆာနဝိဇ္ဇာကို သင်ယူမှု။**

တိရစ္ဆာနဝိဇ္ဇာကို သင်ယူသော ဘိက္ခုနီတို့အား လူတို့က "ကာမစည်းစိမ် ခံစားသူ လူဝတ်ကြောင် မိန်းမများလိုပဲ"ဟု ကဲ့ရဲ့ကြသောကြောင့် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ တိရစ္ဆာနဝိဇ္ဇံ ပရိယာပုဏေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။တိရစ္ဆာနဝိဇ္ဇာကို သင်ယူသော် ဘိက္ခုနီမှာ ပါစိတ် အာပတ်သင့်၏။

## ည။ တိရစ္ဆာနဝိဇ္ဇာဝါစန သိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီဘိက္ခုနီများ။**

**အမှု—တိရစ္ဆာနဝိဇ္ဇာကို ပို့ချပေးမှု။**

တိရစ္ဆာနဝိဇ္ဇာကို ပို့ချပေးသော ဘိက္ခုနီတို့အားလည်း "လူဝတ်ကြောင် မိန်းမများလိုပဲ" ဟု စွပ်စွဲကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ တိရစ္ဆာနဝိဇ္ဇံ ဝါစေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။တိရစ္ဆာနဝိဇ္ဇာကို ပို့ချသော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

**တိရစ္ဆာနဝိဇ္ဇာ။** ။"တိရစ္ဆာန"သဒ္ဒါသည် "ဖီလာကန့်လန့်"ဟူသော အနက်ကိုဟော၏၊ ထို့ကြောင့် မဂ်ဖိုလ်ရခြင်း၏ ဖီလာကန့်လန့်ဖြစ်သောအတတ်ကို "တိရစ္ဆာနဝိဇ္ဇာ"ဟု မှတ်၊ ထို့ကြောင့်ပင် "တိရစ္ဆာနဝိဇ္ဇာနာမ ယံကိဉ္စိ ဗာဟိရကံ အနတ္ထသံဟိတံ=သာသနာတော်မှ အပဖြစ်သော အကျိုးမဲ့ အတတ်ပညာအားလုံးသည် တိရစ္ဆာန ဝိဇ္ဇာမည်၏"ဟု ဤသိက္ခာပုဒ်များအရ ပဒဘာဇနီယမှာ (ဘုရားရှင်ကိုယ်တော်တိုင်) ဖွင့်ပြတော်မူလေသည်။

**အဋ္ဌကထာ။** ။ဤသိက္ခာပုဒ်၏ အဋ္ဌကထာ၌လည်း "ဗာဟိရက အနတ္ထသံဟိတ"အတတ်ဟူသည်ကား- ဆင်အတတ်, မြင်းအတတ်, ရထားစီးအတတ်, ခေါးရိုးချုတ် (ခေါးအိမ်မှခေါးရိုးကို ဆွဲနုတ်ကြောင်းအတတ်,) သူတစ်ပါးကို သတ်ဖြတ်ဖို့ရန်ဖြစ်သော အာထဗ္ဗန မန္တာန်, သစ်သားနှစ်ငုတ်ကို မန္တာန်မန်းမှုတ်၍ မြေ၌စိုက်လျှင် ရည်စူးအပ်သူ သေစေတတ်သော သစ်ငုတ်စိုက်မန္တာန်, မိမိအလိုပါအောင် (စိတ်ဖောက်ပြန်၍မိမိအလိုပါလာအောင်) ပြုတတ်သောမန္တာန်, အဆိပ်သေးကို ဖော်စပ်သော အတတ်, ဤသို့ စသည်ဖြင့် သူတစ်ပါးကို အကျိုးမဲ့အောင် နှိပ်စက် သတ်ဖြတ် ဖျက်ဆီးကြောင်း အတတ်များဖြစ်သည်။

**အနာပတ္တိ။** ။ဤသိက္ခာပုဒ်များ၏ ပါဠိတော်ဝယ် အနာပတ္တိဝါရ၌ "အနာပတ္တိ လေခံ ပရိယာပုဏာတိ=အက္ခရာ (စာ) ရေးနည်းကိုပြသော လက်ရေးအတတ်ကို သင်သော်လည်းကောင်း, ဓာရဏံ ပရိယာပုဏာတိ=ဆေးရန် ကာကွယ်ဖို့ရန် အဆောင်(လက်ဖွဲ့စသော)

လုပ်နည်းကို သင်သော်လည်းကောင်း, ဝုတ္တတ္တာယ ပရိတ္တံ ပရိယာပုဏာတိ-မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်ဖို့ရန် မန္တာန်ကိုဖြစ်စေ မြွေမလာသော စည်းဝိုင်းအတတ်ကို ဖြစ်စေ သင်သော်လည်းကောင်း (ဝါစေတိ-ထိုအားလုံးကို ပို့ချသော်လည်းကောင်း) အာပတ်မသင့်" ဟု ခွင့်ပြုတော်မူ၏။

**မှတ်ချက်။** ။ဤဝိနည်းတော် အလိုအားဖြင့် မသင်ကောင်း မချကောင်းသော တိရစ္ဆာနဝိဇ္ဇာ ဟူသည် "ပရူပဃာတကရ-သူတစ်ပါးအားနှိပ်စက်သတ်ဖြတ်မှုကိုပြုကြောင်း မကောင်းသောအတတ်များ"ဖြစ်ကြောင်း သိသာပြီ၊သို့ပါလျက် အတော်ရှေးကျသော ရှေးက"ဂဏန်းအတတ်ကိုလည်းကောင်း၊ အင်္ဂလိပ်, ဟိန္ဒူ, သက္ကတ ကျမ်းစာတို့ကိုလည်းကောင်း၊ မသင်ကောင်း၊ သင်လျှင် ပို့ချလျှင် အာပတ်သင့်၏" ဟု ပြောဆိုကြ၏၊ ထိုသို့ အပြောမှားမှုကြောင့် သီလသိက္ခာကို ရိုသေထိန်းသိမ်းကြသော ရှေးဘုန်းတော်ကြီးများသည် ဘုန်းကြီးကျောင်း၌ ဂဏန်းသင်္ချာ လောကဓာတ်ပညာကိုမျှသင်ပြ၍ မပေးဝံ့ခဲ့ကြရကား ယခုအခါ၌ ဘုန်းကြီးကျောင်းအများပင် စာသင်မည့်ကျောင်းသားနည်းပါး (တချို့ကျောင်း၌ လုံးလုံးပင်မရှိတော့) ရုံမက, ဘုန်းကြီးကျောင်းထွက် မဟုတ်သော ခေတ်ပညာတတ်များ၏ အမျိုးမျိုးဝေဖန်သံကို ဘုန်းကြီးများ ခံနေကြရပေါ့။

**ဆက်ဦးအံ့။** ။"အင်္ဂလိပ်စာ, သက္ကတစာ"ဟူသည် အတတ်ပညာမဟုတ်သေး, အက္ခရာစာလုံးတွေသာတည်း၊ မြန်မာစာဟူသည်လည်း အက္ခရာစာလုံးတွေသာတည်း၊ ဘုရားတရားတော်ကို မြန်မာစာ ဖတ်တတ်သူတို့အတွက် မြန်မာ အက္ခရာစာလုံးဖြင့် ရေးသား၍ အင်္ဂလိပ်စာ ဖတ်တတ်သူတို့အတွက် အင်္ဂလိပ်စာလုံး ဖြင့် ရေးသားရပေမည်၊ ထိုသို့ ရေးသားထားသော စာလုံးများဖြင့် သင်ယူပို့ချမှုကိုတိရစ္ဆာနဝိဇ္ဇာ သင်ယူပို့ချမှုဟု ဆိုနိုင်မည်လော၊ ထို့ကြောင့် ရေးသားထားသော အက္ခရာစာလုံးသည် ပဓာနမဟုတ်၊ ထိုစာဖြင့် ရေးသားညွှန်ပြအပ်သော အတတ်သာ လိုရင်းဖြစ်၍ "သူတစ်ပါးနှိပ်စက်ဖို့အတတ်ဖြစ်လျှင်သာ မသင်ကောင်း"ဟု ဆုံးဖြတ်ပါလေ။

**ဂဏန်းသင်္ချာ။** ။"ဂဏန်းသင်္ချာ မသင်ကောင်းဘူး"ဆိုလျှင် သင်္ဂြိုဟ်သရုပ်ခွဲရာ၌ စိတ်စေတသိက် ယှဉ်ပုံများကို ဘယ်လိုတွက်မည်နည်း၊ ကျမ်းကြီးပဋ္ဌာန်း- ကျမ်းငယ်ဆန်း၌ သင်္ချာဝါရနှင့် ပတ္ထာရဖြန့်ရာဝယ် ထောင်ပေါင်းများစွာ ရနိုင်သော ဂါထာတွေကို ဘယ်လိုနည်းဖြင့် တွက်မည်နည်း၊ "ဂဏန်းသင်္ချာ မသင်ကောင်းဘူး"ဟု ဆုံးဖြတ်ခဲ့သော ဆရာတော်တို့သည်ပင်"နောကောနော, နဝ ဓွေ အဋ္ဌာရသ"

စသည်ဖြင့် မြန်မာအက္ခရာသင်္ကေတအသံထွက်ဖြင့် ရေးထားသော ၉-ကြောင်းလက်ာကို သင်ပြ နေကြသည် မဟုတ်ပါလော၊ ''နော ဧကေ နော''ကို သင်ကောင်း၏ ဆိုးဖြတ်၍''၉-တစ်လီ ၉, ၉-နှစ်လီ တစ်ဆယ့်ရှစ်''ကိုတော့ မသင်ကောင်းဟု ဆိုးဖြတ်ခြင်းသည်တရား သော ဆိုးဖြတ်ခြင်း ဟုတ်နိုင်ပါမည်လော၊ အဋ္ဌကထာဆရာနှင့် မူလဋီကာ ဆရာစသော ရှေးဆရာတို့သည် ပဋ္ဌာန်းသင်္ချာဝါရ၌ အလွန်ကျွမ်းကျင်တော်မူရကား ဂဏန်းသင်္ချာဟတ် ဆရာမြတ်ကြီးတို့ ပါပေတည်း။

**သုတ္တန်ပါဠိတော် အလို။** ။တစ်ချို့ကား ဗြဟ္မဇာလသုတ် စသော သုတ္တန် ပါဠိတော်ဝယ် မိစ္ဆာဇီဝအခန်း၌ ထိုဂဏန်းသင်္ချာများပါနေ သောကြောင့် ''ဂဏန်းသင်္ချာ ဝိနည်းအလို အပြစ်မရှိစေကာမူ သုတ္တန်အလိုအားဖြင့် မသင်ကောင်း'' ဟု ဆိုးဖြတ်ကြပြန်၏၊ ထို သုတ္တန်၌ သင်ခြင်း ပို့ချခြင်းကို အပြစ်တင်တော်မူသည် မဟုတ်ပါ၊ သင်၍ တတ်မြောက်သောအခါ ထိုအတတ်ဖြင့် ပစ္စည်းလာဘ်လာဘ ရအောင် ငွေကြေးအခယူ၍ အသက်မွေးမှုကိုသာ 'မိစ္ဆာဇီဝ=ကဲ့ရဲ့ ထိုက်သော အသက်မွေးမှု'' ဟု အပြစ်တင်တော်မူလိုရင်း ဖြစ်ပါ သည်၊ သင်ရုံ့ပို့ချရုံကို အပြစ်တင်ခြင်းမဟုတ်ပါ၊ ထို့ကြောင့်ပင် ပါဠိတော်၌ ''ဧဝရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝေ ဇီဝိတံ ကပ္ပေန္တိ''ဟု ချည်း ဟောတော်မူပါသည်။

မှန်၏ - ထိုပါဠိတော်များ၌ နက္ခတ်တာရာတို့ အကြောင်းလည်း ပါ၏၊ ထိုနက္ခတ်တာရာတို့ သွားလာပုံကို တောကျောင်းဘုန်းကြီး များမှာ တပင်တကာ သင်ယူရမည်ဟုပင် ပညတ်တော်မူ၏၊ ''နက္ခတ္တ ပဒါနိ ဥဂ္ဂဟေတဗ္ဗာနိ သကလာနိဝါ ဧကဒေသာနိဝါ=တောနေ ရဟန်းသည် နက္ခတ်တို့ကို အားလုံးဖြစ်စေ, တစ်ချို့ဖြစ်စေ သင်ယူ ပှတ်သားကြရမည်'' [စူဠဝါ, ဝတ္တက္ခန္ဓက, အာရညိကဝတ်။]

ထိုပါဠိတော်များ၌ ဆေးပေးမှု, ဆေးကုမှုကိုလည်း အပြစ် တင်တော်မူ၏၊ ထိုအပြစ်တင်ဘော်မူခြင်းမှာ မိစ္ဆာဇီဝ ဖြစ်သော ကြောင့် (ဘုန်းကြီးက ဆေးကုလျှင် လူတွက ကျေးဇူးဆပ်သော အားဖြင့် လှူဒါန်းတတ်ကြသောကြောင့် ဆေးမကုဘဲ တရားသဖြင့် နေသော ဘုန်းကြီးများကို အကြည်ညို ပျက်မည်စိုး၍ ) ဖြစ်၏၊ မဆိုင်သော လူများကို ဆေးမကုဖို့ရန် ဝိနည်းတော်မှာလည်း တား မြစ်ထားပါသည်၊ ထိုသို့ ပါဠိတော်ပါရုံမျှဖြင့် ဆေးအတတ်ကို မသင်

မချကောင်းဟု မမှတ်ရ၊ အကောင်အလှောင်များကို သတ်ဖြတ်မှု မပါသော ဆေးဘက်ဆိုင်ရာ၌ ဆရာဝန်ကြီးအထိ သင်ယူကောင်း, တတ်ပြန်လျှင်လည်း ပို့ချကောင်းပါ၏၊ မှန်၏-ဂိလာနကို လုပ်ကျွေးသူ၏ အင်္ဂါ၌ "ဆေးစပ်တတ်ရမည်" ဟု ပါသည့်ပြင် ဝိနည်းမဟာဝါ ပါဠိတော် ဘေသဇ္ဇခန္ဓက တစ်ခန်းလုံးလည်း ဆေးကျမ်းပင်ဖြစ်၏၊ ထိုအခန်းကို ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူ၍ ရဟန်းတော် အများပင် သင်ယူ,ပို့ချ လက်တွေ့လည်း သင်ပြနေကြရပါသည်။

အချုပ်မှာ- ပါဠိတော်များ၌ "တိရစ္ဆာနဝိဇ္ဇာ" ဟု နာမည်ပါတိုင်း မသင်မချကောင်းဟု မမှတ်ယူဘဲ, ထိုတိရစ္ဆာနဝိဇ္ဇာဖြင့် လူများလို အသက်မွေးမှုကိုသာ မပြုကောင်းဟုလည်းကောင်း အမှန် မသင်ကောင်း, မချကောင်းသော (ဤသိက္ခာပုဒ် ၂-ပါးဖြင့် တားမြစ်အပ်သော) တိရစ္ဆာနဝိဇ္ဇာမှာ သူတစ်ပါးကို ညှဉ်းဆဲသတ်ဖြတ်ကြောင်းဖြစ်သော ဆင်အတတ် စသည်များသာဖြစ်သည်ဟု လည်းကောင်း မှတ်ပါ။

**စိတ္တာဂါရဝဂ် ပြီး၏။**

# အာရာမဝဂ်

## က။ အာရာမသိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီအများ။**

**အမှု-ခွင့်မပန်ဘဲ ဘိက္ခုတို့၏ကျောင်းတိုက်အာရာမ်အတွင်းဝင်မှု။**

**ဘိက္ခုတို့ သင်္ကန်းချုပ်ချိန်** ရွာငယ် ကျောင်းတိုက်တစ်တိုက်၌ များစွာသော ရဟန်းတော်တို့သည် အပေါ်ရုံသင်္ကန်းကို ချသား၍ သင်းပိုင်တစ်ထည်ကို ဝတ်လျက် သင်္ကန်းချုပ်နေကြစဉ် ဘိက္ခုနီတို့သည် (ကျောင်းတိုက်အတွင်းသို့ ဝင်လာလိုကြောင်း) ခွင့်မတောင်းကြဘဲ ဝင်သွားကြလေ၏၊ (ထိုသို့ အပေါ်ရုံ ကောသိမပါဘဲ နေခြင်းသည် လူစိမ်းသူစိမ်းမရှိခိုက်သာလျှော်၏၊ ပိန်းမသားတို့ မြင်သွားလျှင်ကား သာ၍မလျော်) ထို့ကြောင့် ခွင့်မတောင်းဘဲ ဝင်လာခြင်းကို ဘိက္ခုတို့မနှစ်သက်၍ ကဲ့ရဲ့ကြသောကြောင့် "ခွင့်မတောင်းဘဲ ဘိက္ခုတို့အာရာမ်အတွင်းသို့ မဝင်ရ" ဟု ပဌမ ပညတ်တော်မူရလေသည်။

ရဟန်းမရှိ၍ မဝင်ရပုံ

ထိုသို့ သိက္ခာပုဒ် ပညတ်တော်မူပြီးနောက် ထိုကျောင်းတိုက်မှ ရဟန်းတော်အားလုံးပင် အရပ်တစ်ပါးသို့ ကိစ္စရှိ၍ သွားကြကုန်၏၊ ဘိက္ခုနီတို့သည် ကျောင်းတိုက်၌ ခွင့်ပန်စရာ ရဟန်းမရှိသောကြောင့်ကျောင်းတိုက်တွင်းသို့ မဝင်ကြကုန်၊ အရပ်တစ်ပါးသို့သွားသောရဟန်းများပြန်ရောက်လာမှဘိက္ခုနီတို့လည်းထိုအာရာမ်တွင်းသို့ ခွင့်တောင်း၍ ဝင်သွားကြသောအခါ ထိုဘိက္ခုနီတို့အား "ကျောင်းတိုက်ထဲ၌ တံမြက်မလှည်းကောင်းလား, သောက်ရေသုံးရေ ခပ်မထားကောင်းလား" ဟု ကဲ့ရဲ့ကြပြန်သောကြောင့် "ထင်ရှားရှိသော ရဟန်းကို ခွင့်ပန်၍ ဝင်ရမည်၊ (ရဟန်းမရှိလျှင် ခွင့်မပန်ဘဲ ဝင်နိုင်သည်၊)" ဟု ပဌမ အနုပညတ် ထပ်တော်မူရလေသည်။

မသိ၍ ဝင်မိကြပုံ

ထိုသို့ အနုပညတ် ထပ်ဆင့်တော်မူပြီးနောက် ထိုရဟန်းတော်အားလုံးပင် ကိစ္စတစ်ခုဖြင့် အခြားအရပ်သို့ ဖဲခွာထွက်သွားကြပြီးလျှင် မကြာခင်ပင် ပြန်ရောက်လာကြကုန်၏၊ ဘိက္ခုနီတို့သည် ကျောင်းတိုက်၌ ရဟန်းများမရှိကြောင်းသာ သိ၍ ပြန်ရောက်နေကြောင်း မသိကြသောကြောင့် ခွင့်မပန်ဘဲ ဝင်သွားကြရာ, ကျောင်းတိုက်အတွင်းရောက်မှ ရဟန်းများရှိနေသည်ကို တွေ့ရသဖြင့် "သူတို့မှာ ပါစိတ်အာပတ် သင့်လေသလား" ဟု ယုံမှားသံသယဖြစ်၍ ဘုရားရှင်အား လျှောက်ထားကြပြန်သောကြောင့် ဤဒုတိယ အနုပညတ် ထပ်တော်မူရပြန်လေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန ဘိက္ခုနီ ဇာနံ သဘိက္ခုကံ အာရာမံ အနာပုစ္ဆာ ပဝိသေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အကြင် ဘိက္ခုနီသည် ရဟန်းရှိမှန်းသိပါလျက် ရဟန်းရှိနေသော ကျောင်းတိုက်အာရာမ်တွင်းသို့ ခွင့်မတောင်းဘဲ ဝင်သွားအံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

"ခွင့်ပန်" ဟူရာ၌ ရဟန်းတစ်ပါးပါး ကိုဖြစ်စေ, သာမဏေတစ်ပါးပါးကိုဖြစ်စေ, အာရာမ်ကို စောင့်နေသော ကျောင်းစောင့်ကပ္ပိယကိုဖြစ်စေ, ခွင့်ပန်နိုင်၏၊ ခွင့်ပန်၍ဝင်သွားသော ဘိက္ခုနီ၏ နောက်မှ တစ်ဆက်တည်းဝင်လိုက်သွားလျှင်လည်းကောင်း, ကျောင်းတိုက်အတွင်း၌ ဘိက္ခုနီများ စည်းဝေးနေထိုင်ခိုက်ဖြစ်လျှင်လည်းကောင်း ခွင့်မပန်ဘဲ ဝင်သွားနိုင်၏။

## ခ။ ဘိက္ခုနီဝိဘင်္ဂ သုဒ္ဓပါစိတ်

### ၁။ ဘိက္ခုအကြောသနသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီဘိက္ခုနီများ။**
**အမှု-အရှင်ဥပါလိကို ဆဲဆိုမြိမ်းခြောက်မှု။**

**အကြီးဆုံးဆဗ္ဗဂ္ဂီမသေဆုံးခြင်း** ဝေသာလီမြို့၌ ဆဗ္ဗဂ္ဂီဘိက္ခုနီတို့၏ အကြီးဆုံး ဘိက္ခုနီသည် စုတေလေရာ များစွာသောဆဗ္ဗဂ္ဂီဂိုဏ်းဝင် ဘိက္ခုနီတို့သည် ထိုအလောင်းကို သုသာန်၌ အမြဲနေသော အရှင်ကပ္ပိတက၏ ကျောင်းအနီးမှာ မီးရှို့၍ အရိုးအိုးစေတီ တည်ထားပြီးလျှင် မကြာမကြာ သွား၍ ငိုကြလေသည်၊ ထိုသို့ မကြာမကြာလာ၍ ငိုကြသော အသံသည် အရှင်ကပ္ပိတကမှာ အနှောင့်အယှက်တစ်ခု ဖြစ်နေသောကြောင့် အရှင်ကပ္ပိတကသည် ထိုအရိုးအိုး စေတီကို ဖျက်၍ ဖရိုဖရဲဖြန့်ကြဲပစ်စေ၏၊ [“အရှင်ကပ္ပိတက”ဟူသည် ဥရုဝေလကဿပ စသော ရဟန္တာတစ်ထောင်တွင် အပါအဝင်ဖြစ်၍ အရှင်ဥပါလိ၏ ဥပဇ္ဈာယ်ဆရာကြီးတည်း၊ “အရှင် ဥပါလိ”ကား လူ့ဘဝတုန်းက အရှင်နုရုဒ္ဓါ စသော မင်းသားတို့ကို ရေချိုးပေးရသူဖြစ်၍ အရှင်အနုရုဒ္ဓါစသည်တို့နှင့်အတူပင် တောထွက်လာသော ဝိနည်းမိုရ်တေဒဂ်ရ ရဟန္တာပုဂ္ဂိုလ်တည်း။]

ဆဗ္ဗဂ္ဂီဘိက္ခုနီတို့သည် သူတို့ဆရာမကြီး၏ အရိုးအိုးစေတီကို ဖျက်ပစ်သော အရှင်ကပ္ပိတကကို သတ်ဖို့ရန် တိုင်ပင်ကြကုန်၏၊ ထို အကြောင်းကို ကြားသော ဘိက္ခုနီတစ်ယောက်သည် အရှင်ဥပါလိထံသွား၍ တိုးတိုးတိတ်တိတ် လျှောက်ထားလေရာ, အရှင်ဥပါလိကလည်း အရှင်ကပ္ပိတကကို လျှောက်ထားသဖြင့် အရှင်ကပ္ပိတကသည် ကျောင်းမှထွက်ခွာ၍ တစ်နေရာမှာ ပုန်းနေရှာလေသည်၊ ဆဗ္ဗဂ္ဂီဘိက္ခုနီတို့သည် တိုင်ပင်ထားသည့်အတိုင်းပင် ညဉ့်တစ်ညဉ့်မှာ အရှင်ကပ္ပိတကကျောင်းကို ဝိုင်း၍ ကျောက်ခဲ, အုတ်ခဲတို့ဖြင့် တစ်ယောက်တစ်လက် ဆက်ကာဆက်ကာ ထုကြလေရာ ကျောင်းကလေး ပိပြားသွားခါမှ “ကပ္ပိတကတော့ သေလောက်ပေါ့”ဟုဆို၍ ပြန်သွားကြလေသည်။

နံနက် လင်းသောအခါ ဝေသာလီမြို့၌ ဆွမ်းခံကြနေသော အရှင်ကပ္ပိတကကိုမြင်ကြ၍ “ဒီကပ္ပိတကဟာ အသက်ရှင်နေတယ်၊ ငါတို့တိုင်ပင်တာကို ဘယ်သူသွားပြောပါလိမ့်မလဲ”ဟု စုံထောက်ကြသောအခါ အရှင်ဥပါလိ သွားပြောကြောင်း ကြားသိရ၍ အရှင်ဥပါလိထံ ဆဗ္ဗဂ္ဂီဘိက္ခုနီအများ

သွားကြပြီးလျှင် "ဖန်ရည်ဆိုးထားတဲ့ အဝတ်ဝါကိုဝတ်ကာ သူတစ်ပါး အညစ်အကြေးကို ပွတ်တိုက်ရေချိုးပေးရတဲ့ ဒီဇာတ်နိမ့်တဲ့သူက ငါတို့ရဲ့ တိုင်ပင်တာကို ဟိုပြော, ဒီပြော, ပြောရသလား"ဟု ဝိုင်း၍ ဆဲဆိုကြိမ်းမောင်းကြလေသည်၊ ထိုအကြောင်းကို ကြားသိသော ဘိက္ခုနီ-ဘိက္ခု အများပင် ထိုဆဗ္ဗဂ္ဂီဘိက္ခုနီတို့အား ကဲ့ရဲ့ကြ၍ဘုရားရှင်အား လျှောက်ထားသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန** ဘိက္ခုနီ ဘိက္ခုံ **အက္ကောသေယျ** ဝါ **ပရိဘာသေယျ** ဝါ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။ရဟန်းယောကျ်ားကို ဆဲသော, သို့မဟုတ် ဘေးကိုပြ၍ (ဘယ်လိုလုပ်မည် စသည်ဖြင့်) ခြိမ်းခြောက်သောဘိက္ခုနီမှာ ပါစိတ် အာပတ်သင့်၏၊ [သာမဏေစသည်နှင့် လူဝတ်ကြောင်များကို ထိုကဲ့သို့ ဆဲဆိုကြိမ်းမောင်းလျှင်ကား ဒုက္ကဋ် အာပတ်သင့်၏။]

---

## ၈။ ဂဏပရိဘာသနသိက္ခာပုဒ်

**အမှုသည်—ထုလ္လနန္ဒာ။**

**အမှု—ဘိက္ခုနီသံဃာ (ဂိုဏ်း) ကိုပုတ်ခတ်ပြောဆိုမှု။**

**စဏ္ဍကာဠီ နှင်ထုတ်ခံရခြင်း** စဏ္ဍကာဠီမည်သော ဘိက္ခုနီသည်(တစ်ဘက်နှင့်တစ်ဘက် မတဲ့နေရာဝယ် ဘယ်လိုဘယ်ပုံ ပြုလုပ်ကြစို့ စသည်ဖြင့်) မိမိဘက်သားချင်း တိုင်ပင်မှု( ဘဏ္ဍန )ကိုလည်း ပြုတတ်(ပြုလေ့ရှိ)၏၊ ရန်ဖြစ်မှု( ကလဟ )ကိုလည်း ပြုလေ့ရှိ၏၊ သူတစ်ပါးနှင့် ဆန့်ကျင်ဘက်(ဝိဝါဒ)စကားကိုလည်း ပြုလေ့ရှိ၏၊ ထိုစဏ္ဍကာဠီကို သံဃာက နှင်ထုတ်မှု( ဥက္ခေပနီယကံ )ပြုမည်ဟု စည်းဝေးလျှင် ထုလ္လနန္ဒာသည် အမြဲတမ်း ကန့်ကွက်လေ့ရှိ၏၊ ထို့ကြောင့် ထုလ္လနန္ဒာသည် သာဝတ္ထိမှ ရွာငယ်တစ်ရွာသို့ သွားနေခိုက်ဝယ် စဏ္ဍကာဠီကို အပေါင်းအသင်းမလုပ်ဘဲ သံဃာမှ ဖယ်ထုတ်ကြောင်းဖြစ်သော(ဥက္ခေပနီယ)ကံကို ပြုကြလေသည်။

**ထုလ္လနန္ဒာ၏ ပုတ်ခတ်မှု** ထို့နောက် ထုလ္လနန္ဒာသည် သာဝတ္ထိသို့ ပြန်လာသော အခါ တပည့်ဖြစ်သူက ဆရာအား ပြုနေကျဖြစ်သော (နေရာထိုင်ခုံ ခင်းပေးခြင်း, ခြေဆေးရေ ခပ်ပေးခြင်း, စသော )ဝတ်များကို စဏ္ဍကာဠီက မပြုသည့်အတွက်"ဘာကြောင့် မပြုဘဲ နေရတုန်း"ဟု မေးလေသည်၊ ထိုအခါ "ကိုးကွယ်ရာ မရှိတဲ့သူ ဆိုတာ

ဒီလိုပဲ နေရရိုးမို့ နေရတာပါ”ဟု ဝပ်နည်းသံဖြင့် လျှောက်လေလျှင် ဘာလို့ ကိုးကွယ်ရာ မရှိရမှာလဲ” ဟု ပြန်မေးသောအခါ သူ့ကိုသံဃာက ကံပြုထားကြောင်း ပြောလေသည်။

ထိုအခါ ထုလ္လနန္ဒာသည် ( စာတတ် မာနကြီးသူ ဖြစ်သည်အားလျော်စွာ ဘယ်သူ့မှ အရေးမစိုက်သော လေသံဖြင့် ) “ဒီဟာတွေ ဗာလတွေပဲ, အဗျတ္တ (မထက်မမြက် အဖျင်း အအ )တွေပဲ ဒင်းတို့ကံပြုမှုနှင့် ဆိုင်ရာကို ဘာနားလည်လို့လဲ”ဟု စိတ်ကြွမ်းကိုယ်ကြမ်း ကြမ်းသည့်အတိုင်း ဘိက္ခုနီ တစ်ဂိုဏ်းလုံးကို ပုတ်ခတ်ပြောဆိုလေရာ, ထိုအပြောကိုမခံနိုင်ကြသော ဘိက္ခုနီတို့က ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ **ပန** ဘိက္ခုနီ စဏ္ဍီကတာ ဂဏံ ပရိ**ဘာ**သေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။ဒေါသက ကြမ်းတမ်းအောင် ပြုအပ်သည်ဖြစ်၍(စိတ်ဆိုး၍ ) ဘိက္ခုနီတစ်ဂိုဏ်းလုံးကို ပုတ်ခတ်ပြောဆိုသောဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။တစ်ဂိုဏ်းလုံးမဟုတ်ပဲ ဘိက္ခုနီအများကိုဖြစ်စေ တစ်ယောက်ယောက်ကိုဖြစ်စေ,လူသာမဏေစသည်ကိုဖြစ်စေပုတ်ခတ်ပြောဆိုရာ၌ ဒုက္កဋ်အာပတ်။

## ဿ။ နိမန္တိတသိက္ခာပုဒ်

**အမှုသည်—ဘိက္ခုနီအများ။**

**အမှု—ပင့်လည်းပင့်အင် ပင်္ဂါရိတ်လည်းသင့်ပြီးပါလျက် ခဲ့ဖွယ် ဘောဇဉ်ကိုစားမှု။**

**ဘိက္ခုနီများကို ပင့်၍ဆွမ်းကပ်ခြင်း** ဗြာဟ္မဏ (ပုဏ္ဏား) တစ်ယောက်သည် ဘိက္ခုနီတို့ကို ထမင်းစားဖိတ်၍ (ဆွမ်းစားကြွပါစသည်ဖြင့် မဖိတ်ဘဲ “ထမင်းစားကြွပါ” စသည်ဖြင့် မလျှောက်အပ်သော ပင့်နည်းဖြင့် ပင့်ဖိတ်၍ ) ဆွမ်းကျွေး၏၊ ဘိက္ခုနီတို့သည် မျက်နှာစိမ်း အိမ်ဖြစ်၍ ဝအောင်စားနိုင်ကြဟန်မတူ၊ ထို့ကြောင့် ထိုသူကျွေးစဉ်က “တော်ပါပြီ”ဟုဆို၍ ထပ်လိုက်သော ဆွမ်း, ဟင်းများကို တားမြစ်ခဲ့သော်လည်း ဆွမ်းစားပြီး၍ ပြန်ကြသောအခါ ဆွေမျိုးများအိမ်သို့ သွား၍ တစ်ချို့က ထပ်စားကြ, တစ်ချို့က ကျောင်းကျမှစားဖို့ ဆွမ်းယူ၍သွားကြလေသည်။

ထိုဗြဟ္မဏသည် ဘိက္ခုနီတို့ပြန်သွားသောအခါ အိမ်နီးချင်းတို့ကို "ဘိက္ခုနီများကိုတော့ တင်းတိမ်အားရအောင် ကျွေးပြီးပါ၍, လာကြပါဦး, မိတ်ဆွေတို့ကိုလဲ အားရအောင် ကျွေးပါဦးမည်"ဟု ဖိတ်ခေါ်လေရာ, သူ၏ ဖိတ်ခေါ်ပုံ, (စကားကြီးကျယ်)ပုံကို မခံချင်သူတို့က "ခင်ဗျားက ကျုပ်တို့ကို ဘယ်မှာ တင်းတိမ်အောင် ကျွေးနိုင်မှာလဲ, ခင်ဗျားအိမ်က စားပြီးသော ဘိက္ခုနီတွေတောင် ကျုပ်တို့ အိမ်တွေဆီလာပြီး တချို့က စားသွား, တချို့က ဆွမ်းထည့်ယူသွားကြတယ်"ဟု ထိုသူ့စိတ်ကို ဆွပေးကြလေသည်၊ ထိုအခါ စကားကြီးစကားကျယ် ပြောမိသော ထိုဗြဟ္မဏသည် ရှက်လှသဖြင့် ထို ဘိက္ခုနီများအပေါ် သဒ္ဓါကြည်ညိုစိတ်ကင်း၍ ကဲ့ရဲ့ခြင်းကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ နိမန္တိတာ ဝါ ပဝါရိတာ ဝါ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင်ဘိက္ခုနီသည် မအပ်သော ဖိတ်နည်းဖြင့် ဖိတ်အပ်သည်လည်းဖြစ်-တော်ပြီဟု ပယ်မြစ်ပြီးလည်း ဖြစ်ပါလျက် နောက်ထပ် ခဲဖွယ်ကိုသော်လည်း ခဲအံ့၊ ဘောဇဉ်ကိုသော်လည်း စားအံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။ဘိက္ခုပါစိတ် အခန်း၌ ပါသော ပရမ္ပရဘောဇန သိက္ခာပုဒ် ပဝါရိတ သိက္ခာပုဒ်များနှင့် ဤသိက္ခာပုဒ်သည် မတူတတ်၊ ဤသိက္ခာပုဒ်ကား ဘိက္ခုနီတစ်ယောက်ကို မအပ်သော ပင့်နည်းဖြင့် ပင့်၍ ဆွမ်းကျွေးရာဝယ် တော်ပါပြီဟု တားမြစ်ပြီးနောက် ထို ဆွမ်းအလှူ့ရှင်ကို ခွင့်မပန်ဘဲ ဘယ်နည်းနှင့်မျှ နောက်ထပ် မစားရ၊ အလှူ့ရှင်ကို ခွင့်ပန်ပြီးလျှင်ကား ဘိက္ခုပါစိတ် သိက္ခာပုဒ်၌ ရသင့်သော ခြွင်းချက်များအတိုင်း ညီညွတ်လျှင် နောက်ထပ် စားနိုင်၏။

---

## ၄။ ကုလမစ္ဆရီ သိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီတစ်ယောက်။**

**အမှု-မိမိနှစ်သက်သော ဒါယကာအိမ်သို့ သူတစ်ပါးတို့ မသွားအောင် ဝန်တိုမှု။**

**ဘိက္ခုနီ၏ အကြံ** သာဝတ္ထိမြို့၏ လမ်းမ တစ်ခုပေါ်၌ ဆွမ်းခံ လှည့်နေသော ဘိက္ခုနီ တစ်ယောက်ကို အမျိုးတစ်မျိုးအိမ်က ဆွမ်းကပ်၍ "နောက်ထပ်လဲ့ အခြား ဘိက္ခုနီများ ကြွခဲ့ပါစေ" ဟု

လျှောက်လိုက်၏၊ ထို ဘိက္ခုနီသည် ယခုမှတွေ့ရသော သူ့ဒါယကာ အိမ်သို့ အခြားဘိက္ခုနီများ ရောက်သွားမည်စိုး၍ (ဝန်တို၍) ထိုလမ်းကို ညွှန်ပြကာ "မည်သည့်လမ်းဟာ ခွေးအလွန် ဆိုးတယ်, (သို့မဟုတ်) နွားလားကြီးက သိပ်ကြမ်းတာပဲ, (သို့မဟုတ်) ရွံ့ညွန်ရှိတယ်" ဤသို့ စသည်ဖြင့် မသွား ချင်အောင် အခြားဘိက္ခုနီတို့အား ပြောပြလေသည်။

သူ၏ ပြောပြချက်ကြောင့် များစွာသော ဘိက္ခုနီတို့ ထိုလမ်းကို ဆွမ်းခံ မသွားကြ၊ သို့ရာတွင် ဘိက္ခုနီတစ်ယောက်ကား ထိုလမ်းသို့ ရောက်သွား၍ ထိုအိမ်မှ ပင့်ဖိတ် ဆွမ်းကျွေးပြီးလျှင် "ဘာ့ကြောင့် ဘိက္ခုနီများ ဒီလမ်း မလာကြပါတုန်း" ဟု မေးလေသော် ထိုဘိက္ခုနီသည် ပထမ ဘိက္ခုနီက ပြောထားပုံကို ပြန်၍ပြောလေရာ, ထိုပထမဘိက္ခုနီ၏ ယုတ်မာသော မစ္ဆေရ (ဝန်တိုမှု) စိတ်ထားပုံကို မကျေနပ်၍ ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ကုလမစ္ဆရိနီ အဿ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။မိမိ၏ ဒါယကာ, ဒါယိကာမ အမျိုးကို ဝန်တိုသော ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

မှတ်ချက်။ ။စိတ်ထဲ၌ သူတစ်ပါးတို့ မထွက် မဝင်စေလိုဘဲ ဝန်တိုနေရုံ သက်သက်ကား "မနောဒွါရေ အာပတ္တိနာမ နတ္ထိ" = စိတ် သက်သက်ဖြစ်၍ အာပတ် မသင့်သေး၊ ထိုစိတ်အားလျော်စွာ ထိုအမျိုးအိမ်သို့ မသွားချင်အောင် "မည်သည့်အိမ်ဟာ သိပ် သဒ္ဓါတရား နည်းတာဘဲ" စသည်ဖြင့် အမျိုး၏အပြစ်ကိုဖြစ်စေ, လာပြန်လျှင်လည်း အိမ်သူ အိမ်သားတို့ မကြည်ညိုချင်အောင် "ဘိက္ခုနီတွေဟာ ဘာမှ အရေးတဝင်ဆက်ဆံလို့ မကောင်း ဘူး" စသည်ဖြင့် ဘိက္ခုနီများ၏ အပြစ်ကိုဖြစ်စေ ပြောဆိုမှသာ အာပတ်သင့်၏၊ ဝန်တို၍ မဟုတ်ဘဲ ဟုတ်မှန်သော အပြစ်ကို သတိထားဖို့ရန် ပြောပေးရာ၌ကား အာပတ်မသင့်။

## ၈။ အဘိက္ခုက အာဝါသ သိက္ခာပုဒ်

**အမှုသည်–ဘိက္ခုနီအများ။**

**အမှု–အနီးအပါးဝယ် ရဟန်းယောကျ်ားမရှိသော ကျောင်း၌ ဝါကပ်မှု (ဝါတွင်းနေမှု)။**

ဘိက္ခုနီအများ များစွာသော ဘိက္ခုနီတို့သည် သာဝတ္ထိမြို့နယ် ရွာငယ် တစ်ခု၌ ဝါကပ်၍ (ဝါတွင်း ၃-လနေပြီး၍) ဝါကျွတ်သော အခါ သာဝတ္ထိသို့ သွားကြလေသည်၊ သာဝတ္ထိ၌ရှိနှင့်သော ဘိက္ခုနီတို့သည်

ရောက်လာသော ဘိက္ခုနီတို့ကို ''ဘယ်မှာ ဝါကပ်ခဲ့ကြသလဲ' အဆုံးအမ ဩဝါဒကော ပြည့်စုံရဲ့လား'' ဟု မေးကြလေသည်၊ ထိုအခါ မည်သည့် ရွာငယ်မှာ ဝါကပ်ခဲ့ကြောင်းပြောပြီးလျှင် ''ဩဝါဒပြည့်စုံဖို့တော့ ဘယ်မှာ ဖြစ်နိုင်မည်လဲ၊ အဲဒီရွာငယ်မှာ ဩဝါဒပေးမည့် ရဟန်းယောကျ်ားမှ မရှိဘဲ''ဟု ပြန်ပြောလေရာ, ဘိက္ခုမရှိသောနေရာမှာ ဝါကပ်ခြင်းကို ကဲ့ရဲ့ ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ အဘိက္ခုကေ အာဝါသေ ဝဿံ ဝသေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အနီးအပါးဝယ် ရဟန်းယောကျ်ားမရှိသော ကျောင်း၌ မိုးလပတ်လုံး နေသော ( ဝါကပ်သော )ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။ဘိက္ခုနီတို့သည် အဋ္ဌမ-နဝမသိက္ခာပုဒ်တို့၌ ပြလတ္တံ့အတိုင်း ဩဝါဒပေးနိုင်မည့် ဘိက္ခုအထံသို့ မပြတ်သွား၍ တရားနာဖို့ တာဝန်ရှိ၏၊ ထိုသို့ သွားဖို့ရန်လည်း ယူဇနာဝက်အတွင်း ဘေးရန် အန္တရာယ်ကင်းသော အရပ်ဝယ် ရဟန်းရှိမှ နေ့ချင်းပြန် သွားနိုင် မည်၊ (ဒါတောင် ယူဇနာတွက်ပုံက ''၆-တိုင်နှင့် တာလေးရာ'' ဆိုလျှင်''၃-တိုင်နှင့် တာနှစ်ရာ'' ဝေးသောကြောင့် မိန်းမသားတို့ နေ့ချင်းပြန်သွားဖို့ ခဲယဉ်းသေး၏၊ ယူဇနာတွက်ပုံက ယခုမြန်မာ တွက်ပုံထက် နီးမှသာ ဖြစ်နိုင်မည်၊) ထို့ကြောင့် ''ဘိက္ခုနီနေမည့် ကျောင်းမှ တစ်ယူဇနာဝက်အတွင်း ဘေးကင်းသော အရပ်၌ ရဟန်းမရှိခြင်းကို ရဟန်းမရှိသော ကျောင်း''ဟု ဆိုသည်၊ ထို ကျောင်းမျိုး၌ ဘိက္ခုနီတို့ ဝါမကပ်ရ။

---

## ဆ။ ပဝါရဏာသိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီအများ။**

**အမှု-ဘိက္ခုသံဃာ့အထံ ပဝါရဏာမပြုမှု။**

**ပဝါရဏာ မပြုမှု** ဘိက္ခုနီတို့သည် ရွာငယ်ကျောင်း၌ ဝါကပ်၍ ဝါကျွတ် သောအခါ ဘိက္ခုသံဃာ့အထံ၌ ပဝါရဏာ မပြုဘဲ သာဝတ္ထိသို့ လာကြလေသည်၊ ထိုဘိက္ခုနီတို့ကို ရှိနှင့် သော ဘိက္ခုနီတို့က ''ဘိက္ခုသံဃာ့အထံ ပဝါရဏာ ပြုပြီးကြပြီလား'' ဟု မေးသောအခါ မပြုရသေးကြောင်းလျှောက်ကြသဖြင့် ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ဝဿံ ဝုဋ္ဌာ ဉဘတောသင်္ဃေ တီဟိ ဌာနေဟိ နပ္ပဝါရေယျ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ပါစိတ္တိယံ။

မြန်မာပြန်။ ။မိုးလပတ်လုံး နေထိုင်ပြီးသော (ဝါကျွတ်ပြီးသော) ဘိက္ခုနီသည် နှစ်ဘက်သော ဘိက္ခု ဘိက္ခုနီသံဃာ၌ ဒိဋ္ဌ, သုတ, ပရိသင်္ကိတ ၃-ဌာနတို့ဖြင့် မဖိတ်မံလျှင် ပါစိတ်အာပတ် သင့်၏။

ပဝါရဏာပြု။ ။ဝါကျွတ်သော အခါ မတော်တာကို မြင်သည်ဖြစ်စေ တစ်ဆင့်စကား ကြားသည်ဖြစ်စေ, ယုံမှားသံသယ ရှိသည်ဖြစ်စေ, ဤ ၃-ချက်ဖြင့် ပြောနိုင်ဆိုနိုင် သတိပေးဆုံးမနိုင်ဖို့ရန် အချင်းချင်း ဖိတ်မံခြင်း မိမိကိုယ်ကိုအပ်နှံခြင်းကို "ပဝါရဏာပြု" ဟု ခေါ်သည်၊ ဘိက္ခုတို့သည် ဘိက္ခုအချင်းချင်းသာ ဖိတ်မံဖို့ တာဝန်ရှိ၏၊ ဘိက္ခုနီတို့ကား ၁၄-ရက်အဖိတ်နေ့၌ မိမိတို့ဘိက္ခုနီအချင်းချင်း ပဝါရဏာပြု၍, ထိုပဝါရဏာမှာပင် နက်ဖန် ဘိက္ခု သံဃာ့အထံ၌ ဖိတ်မံဖို့ရန် ဘိက္ခုနီတစ်ယောက်ကို ရွေးချယ်သမုတ်၍ လပြည့်နေ့၌ အားလုံးသွား ပြီးလျှင် ဘိက္ခုသံဃာ့ထံ ထိုရွေးချယ်ထားသော ဘိက္ခုနီက အားလုံး ကိုယ်စား ဖိတ်မန်ရမည်။ [ဖိတ်မန်ပုံကို ပဝါရဏာက္ခန္ဓကကျမှ ပြအံ့။]

---

## ၉။ ဩဝါဒါ ဂမန သိက္ခာပုဒ်

**အမှုသည်–ဆဗ္ဗဂ္ဂီဘိက္ခုနီများ။**

**အမှု–ဩဝါဒခံဖို့ရန် ဘိက္ခုတို့အထံ မသွားမှု။**

**ဆဗ္ဗဂ္ဂီ ဘိက္ခုနီများ** ဘိက္ခုနီတို့သည် လပြည့်လကွယ် ဥပုသ်နေ့၏ နောက်တစ်ရက်၌ ဩဝါဒ ပေးနိုင်မည့် ရဟန်းတစ်ပါးပါးထံ ဩဝါဒခံဖို့ရန် သွားကြရ၏၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကား သူတို့ဂိုဏ်းဝင် ဆဗ္ဗဂ္ဂီဘိက္ခုနီများထံသို့ သူတို့ကသွား၍ ဩဝါဒပေးကြ၏၊ အခါတစ်ပါး၌ အခြားဘိက္ခုနီတို့သည် ဆဗ္ဗဂ္ဂီဘိက္ခုနီတို့ကို "ဩဝါဒ ခံယူရန် သွားကြစို့" ဟု ခေါ်လေရာ, ဆဗ္ဗဂ္ဂီဘိက္ခုနီတို့က "မလိုက်တော့ဘူး, ဒီမှာပဲ အရှင်ဆဗ္ဗဂ္ဂီတို့လာ၍ ဩဝါဒပေးကြသည်" ဟု ပြန်ပြောကြ လေသည်၊ ထိုသို့ ဩဝါဒ ခံယူရန်မသွားမှုကို အကြောင်းပြု၍ ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

---

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဩဝါဒါယ ဝါ သံဝါသာယ ဝါ န ဂစ္ဆေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။ဩဝါဒ အကျိုးငှာ လည်းကောင်း, သံဝါသ အကျိုးငှာ လည်းကောင်း ဘိက္ခုတို့ အထံသို့ မသွားသော ဘိက္ခုနီမှာ ပါစိတ် အာပတ် သင့်၏။

**မှတ်ချက်။** ။''သံဝါသ'' ဟူသည် ဥပုသ်ပြုကံ, ပဝါရဏာပြုကံတို့ကို အတူ ပြုခြင်းတည်း၊ သို့သော် ဘိက္ခုနီတို့သည် ဘိက္ခုတို့အထံ၌ ဥပုသ် မပြုရသောကြောင့် ဤ၌ ဘိက္ခုတို့ထံ ပဝါရဏာအပြု မသွားခြင်း ကိုသာ ''သံဝါသ'' ဟု ဆိုသင့်သည်၊ [ ရှေ့ သိက္ခာပုဒ်ဖြင့် ပဝါရဏာ မပြုခြင်းကို တားမြစ်၍ ဤသိက္ခာပုဒ်ဖြင့် ပဝါရဏာ အပြု မသွားခြင်းကို လည်းကောင်း, ဩဝါဒ ခံယူဖို့ရန် မသွား ခြင်းကို လည်းကောင်း တားမြစ်သည်-ဟု မှတ်။

## ၈၂။ ဥပေါသထာပုစ္ဆနသိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီအများ။**

**အမှု-ဥပုသ်နေ့ကို မမေးဘဲနှင့် ဩဝါဒခံဖို့ရန် ခွင့်တောင်းမှု။**

**ဘိက္ခုနီအများ** ဘိက္ခုနီသာသနာ တည်ခါစ၌ ဘိက္ခုနီ အများတို့သည် ၁၃-ရက်နေ့လောက်ကပင် ''ယခုလာမည့် ဥပုသ်နေ့သည် စာတုဒ္ဒသီ ဥပုသ်ပါလား, ပန္နရသီ ဥပုသ်ပါလား'' ဟု မေးလေ့ မရှိကြ၊ ''တပည့်တော်များ ဩဝါဒကို နာခံလိုပါသည်'' ဟုလည်း ခွင့်တောင်းလေ့ မရှိကြ၊ ထိုအခါ ဘိက္ခုတို့က ကဲ့ရဲ့၍ ဘုရားရှင်ထံ လျှောက်ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**အန္ဝဍ္ဎမာသံ ဘိက္ခုနိယာ ဘိက္ခုသံဃတော ဒွေ ဓမ္မာ ပစ္စာသီသိတဗ္ဗာ ဥပေါသထပုစ္ဆကဉ္စ ဩဝါဒူပသင်္ကမနဉ္စ၊ တံ အတိက္ကာမေန္တိယာ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။ဘိက္ခုနီမှန်လျှင် လခွဲတစ်ကြိမ်ကျ ဘိက္ခုသံဃာ့အထံမှ ဥပုသ်နေ့ မေးခြင်း, ဩဝါဒ ခံယူဖို့ရန် ခွင့်တောင်းခြင်း ဟူသော ၂-ပါးသော တရားတို့ကို တောင့်တထိုက် ကုန်၏၊ ထိုလခွဲကို လွန်စေ သော (လခွဲတစ်ကြိမ် မပြုမိသော) ထို ဘိက္ခုနီမှာ ပါစိတ် အာပတ် သင့်၏။

**မှတ်ချက်။** ။ဤပညတ်တော်အရ ဘိက္ခုနီအများ၏ ကိုယ်စား ၂-ပါး,၃-ပါး သွား၍ ယခုလာမည့် ဥပုသ်နေ့သည် စာတုဒ္ဒသီ (၁၄-ရက်), ပန္နရသီ(၁၅-ရက်) ဥပုသ်ပါလား ဟု မေးရမည်၊ ထိုသို့ မေး၍

ဘိက္ခုများပြုရာ ဥပုသ်နေ့မှာပင် ဘိက္ခုနီတို့လည်း ဥပုသ် ပြုရသည်၊ တစ်ရံတစ်ခါ အကြောင်းအမျိုးမျိုးကြောင့် ဘိက္ခုတို့သည် ၁၄-ရက် ဥပုသ်ကို ၁၅-ရက် ဥပုသ်, ၁၅-ရက် ဥပုသ်ကိုလည်း ၁၄-ရက် ဥပုသ် ပြောင်းလွှဲတတ်၏၊ ထို့ကြောင့် ၁၃-ရက်နေ့က တင်ကြို၍ မေးရသည်၊ [ဩဝါဒ တောင်းပုံကို ဘိက္ခု ပါစိတ် ဘိက္ခုနောဝါဒဝဂ်၌ ပြခဲ့ပြီ။]

## ည။ ပသာခ သိက္ခာပုဒ်

**အမှုသည်–ဘိက္ခုနီတစ်ယောက်။**

**အမှု–ယောကျ်ားနှင့် တစ်ယောက်ချင်း ချက်၏ အောက်ပိုင်း၌ ပေါက်သော အနာကို ခွဲစေမှု။**

ထိုကဲ့သို့ အနာကို ခါးခွဲစေရာဝယ် ယောကျ်ားက ဖျက်ဆီးမည်ကြံသောကြောင့် ထိုဘိက္ခုနီမက အော်လေသည်၊ ထိုအခါ အများပြေးလာ၍ အဖြစ်မှန်ကိုသိရသော ဘိက္ခုနီတို့က "တစ်ယောက်ချင်း ယောကျ်ားအား အတွင်းသား၌ ပေါက်သောအနာကို ခွဲစေရကောင်းလား" ဟု ကဲ့ရဲ့ပြီးလျှင် ဘုရားရှင်ကို တစ်ဆင့်လျှောက်ကြသဖြင့် ဤသိက္ခာပုဒ်ကိုပညတ်တော်မူရ လေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန** ဘိက္ခုနီ **ပသာခေ** ဇာတံ ဂဏ္ဍံ ဝါ ရူမိတံ ဝါ **အနပလောကေတွာ** သံဃံ ဝါ ဂဏံ ဝါ ပုရိသေန သဒ္ဓိံ **ဧကေ-နေကာ** ဘေဒါပေယျ ဝါ ဖာလာပေယျ ဝါ **ဓောဝါပေယျ** ဝါ **အာလိမ္ပာပေယျ** ဝါ ဗန္ဓာပေယျ ဝါ **မောစာပေယျ** ဝါ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင် ဘိက္ခုနီသည် ပသာခ အရပ်၌ ပေါက်သော အဖုအကျိပ်ကိုသော် လည်းကောင်း, အနာကိုသော် လည်းကောင်း သံဃာကို ဖြစ်စေ, ဂိုဏ်းကို ဖြစ်စေ (ခွဲမည့် အကြောင်းကို) မပန်ပြောဘဲ ယောကျ်ားနှင့်အတူ တစ်ယောက်ချင်း ခွဲစေ, ဖောက်စေ, ဖန်ဆေးစေ, ဆေးလိမ်းစေ, ကြပ်စည်းစေ, ဖြေဖြုတ်စေအံ့၊ ထိုဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။သစ်ပင်၏အကိုင်းကြီးကို "ပသာခ" ဟု ခေါ်၏၊ ထိုအကိုင်းကြီးကဲ့သို့ ကိုယ်ခန္ဓာမှဖြာ၍ထွက်သော ပေါင် ၂-လုံးသည်လည်းကောင်း, ပေါင် ၂-လုံး၏ ဖြာ၍ထွက်ခဲ့ရာ ချက်၏အောက်ပိုင်း ကိုယ်လုံးသည်လည်းကောင်း ပသာခ မည်၏၊ ထို "ပသာခ" မည်သော ချက်၏အောက်ပိုင်း ကိုယ်နှင့် ပေါင် ၂-လုံးဝယ် ပေါက်သော မြင်းဖုနှင့် အနာကို သံဃာဂိုဏ်းအား မပန်ကြားဘဲ အခွဲခိုင်းမှု စသော

၆-ခုတွင် တစ်ခုခုခိုင်းသော ဘိက္ခုနီမှာ ခိုင်းမှုကြောင့် ဒုက္ကဋ်အာပတ် တစ်ချက်, ခိုင်းသည့်အတိုင်း ပြုလုပ်ဖြစ်လျှင် ပါစိတ်အာပတ် တစ်ချက် သင့်၏၊ ခွဲမှု ဖောက်မှု ၂-ခုခိုင်းလျှင် ၂-ချက်စီ စသည်သင့်၍ ၆-ခု လုံးကိုခိုင်းလျှင် ဒုက္ကဋ်ပါစိတ် ၆-ချက်စီသင့်၏၊ ဘိက္ခုနီ သံဃာ အားလုံးကိုဖြစ်စေ, ဘိက္ခုနီအများဖြစ်သော ဂိုဏ်းကိုဖြစ်စေ, တိုင် ကြား၍သော်လည်းကောင်း, နားလည်သော ယောက်ျားအဖော် အနီး၌ ထား၍သော် လည်းကောင်း ခွဲမှုစသည်ကို ပြုလျှင်ကား ထိုဆရာက ဖျက်ဆီးခွင့် မရသောကြောင့် အနာပတ္တိ။

**အာရာမဝဂ်ပြီး၏။**

---

# ဂဗ္ဘိနီဝဂ်

## က။ ဂဗ္ဘိနီသိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီအများ။**

**အမှု-ကိုယ်ဝန်ဆောင်မိန်းမကို ဘိက္ခုနီ ပြုလုပ်ပေးမှု။**

**ကိုယ်ဝန်ဆောင် ဘိက္ခုနီ** သာဝတ္ထိမြို့၌ ဘိက္ခုနီတို့သည် ကိုယ်ဝန်ဆောင် မိန်းမ တစ်ယောက်ကို "သူက ဘိက္ခုနီပြုပါရစေ" ဟုခွင့်တောင်း သောကြောင့်ဘိက္ခုနီပြုပေးကြကုန်၏၊ ထိုကိုယ်ဝန်ဆောင် ဘိက္ခုနီသည် ဆွမ်းခံသွားသောအခါ လူတို့က "ဒီအရှင်မအား လှူကြလောင်း ကြပါ, ကိုယ်လေးလက်ဝန်နဲ့မို့" ဟု ပြောဆိုကာ သနားသောအားဖြင့် ဆွမ်း ကိုလည်း ဂရုစိုက်၍ လောင်းကြ, ကိုယ်ဝန်ဆောင်မကို ရဟန်းပြုပေးရကောင်း လား" ဟု ဘိက္ခုနီများကိုလည်း ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကိုပညတ် တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန ဘိက္ခုနီ ဂဗ္ဘိနိံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။ကိုယ်ဝန်ဆောင်မိန်းမကို ရဟန်းပြုပေးသော ဥပဇ္ဈာယ်ဆရာ မမှာ ပါစိတ်အာပတ်သင့်၏၊ [ရဟန်းပြုရာ၌ ကမ္မဝါစာ ဖတ်သူဆရာမ နှင့်အဖော် ဘိက္ခုနီအပေါင်းတို့မှာ ဒုက္ကဋ်အာပတ်သင့်၏။]

---

## ၁။ ပါယန္တီသိက္ခာပုဒ်

**အမှုသည်–ဘိက္ခုနီအများ။**

**အမှု–နို့တိုက်နေသော မိန်းမကို ရဟန်းပြုပေးမှု။**

ထိုကဲ့သို့ ပြုပေးမှုကြောင့် (ရှေ့သိက္ခာပုဒ်ကဲ့သို့) ဆွမ်းကိုလည်း ဂရုစိုက်၍ လောင်းကြ, ကဲ့ရဲ့လည်း ကဲ့ရဲ့ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ပါယန္တိံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။နို့တိုက်ဆဲ (နို့တိုက်နေရသေးသော) မိန်းမကို ရဟန်းပြုပေးသော ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ်အာပတ်သင့်၏၊ [အခြားသူများကား ရှေ့သိက္ခာပုဒ်အတိုင်း ဒုက္កဋ်အာပတ်သင့်၏၊ "နို့တိုက်သော မိန်းမ" ဟူရာ၌ မိခင်အရင်းဖြစ်စေ, နို့ထိန်း ဖြစ်စေ ၂-မျိုးလုံး ပါဝင်၏။]

---

## ဂ။ အသိက္ခိတသိက္ခာ သိက္ခာပုဒ်

**အမှုသည်–ဘိက္ခုနီအများ။**

**အမှု–၂-နှစ် ပတ်လုံး သိက္ခာမကျင့်ရသေးသော သိက္ခမာန်ကို ရဟန်းပြုပေးမှု။**

**သိက္ခမာန်။** ။"သိက္ခမာန" ဟူသော ပါဠိကို "သိက္ခမာန်" ဟု မြန်မာပြန်ကြ၏၊ [သိက္ခမာန = ကျင့်နေဆဲဖြစ်သော ကျင့်၍ မပြီးသေးသော ရဟန်းလောင်းဖြစ်သူ၊] မိန်းမတို့သည် ၁-ပထမ သာမဏေရီ ပြုလုပ်ရ၏၊ ၂-ထို့နောက် အသက်ပြည့်သော်လည်း ရဟန်း မပြုရသေးဘဲ သိက္ခမာန်ဘဝ၌ ၂-နှစ်လုံးလုံး သိက္ခာပုဒ် ၆-ပါးကို ထိန်းသိမ်းနေရ၏၊ သိက္ခာပုဒ် ၆-ပါးကား–ပါဏာတိပါတ, အဒိန္နာဒါန, အဗြဟ္မစရိယ, မုသာဝါဒ, သုရာမေရယ, ဝိကာလဘောဇန တို့မှရှောင်ကြဉ်ရမှုများတည်း၊ ထိုသို့ သိက္ခမာန် ဖြစ်ဖို့ရန်လည်း (ရဟန်းခံသလို) ဘိက္ခုနီသံဃာက ဉတ်ကမ္မဝါစာဖြင့် သိက္ခာသမ္မုတိ ပေးရလေသည်။

ရိုးရိုးသာမဏေရီများလည်း ထို ၆-ပါးမက ၁၀-ပါးလုံးပင်ထိန်းရပါ၏၊ သို့သော် ရိုးရိုးထိန်းမှုကား သိက္ခာပုဒ်ပျက်လျှင် ဆိုင်ရာဒဏ်ကို ထမ်းရုံ, လူဝတ်လဲ၍ သိက္ခာပုဒ်များကို နောက်ထပ် ဆောက်တည်ရုံမျှဖြင့် ပြီးနိုင်၏၊ သိက္ခမာန်အဖြစ်ဖြင့် ကျင့်နေသူကား သိက္ခာပုဒ် ၆-ပါးတွင် တစ်ပါးပါး ပျက်လျှင်

အစမှစ၍ ပြန်ပြီးဆောက်တည်ရ၏၊ ဥပမာ ၂-နှစ်ပြည့်ခါနီးမှ သိက္ခာပုဒ်တစ်ပါး ပျက်လျှင် ပထမရက်ကပြန်၍ ထိန်းရ၏၊ "၂-နှစ်နီးပါး ထိန်းပြီးသားရက်တွေ အလကား ဖြစ်သွားကြလေသည်"ဟူလို၊ ဤသို့ ၂-နှစ်တိတိ သိက္ခာပုဒ် ၆-ပါးကို မပျက်မစီးအောင် ထိန်းပြီးသူဖြစ်မှသာ တစ်ဆင့်တက်၍ ရဟန်းပြုပေးရသည်။

ထိုဘိက္ခုနီများကား ထိုသို့ ၂-နှစ်တိတိ မကျင့်ရသေးသော သိက္ခမာန်ကို ရဟန်းပြုပေးကြသဖြင့် ထိုသိက္ခမာန်တို့သည် ဝိနည်းတော်နှင့်စပ်၍ ပြုအပ်သောအမှု မပြုအပ်သောအမှုကို နားမလည်ရကား အခြားဘိက္ခုနီတို့က ဆရာလုပ်သူကို ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော် မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဒွေ ဝဿာနိ ဆသု ဓမ္မေသု အသိက္ခိတသိက္ခံ သိက္ခမာနံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။၂-နှစ်တို့ပတ်လုံး ၆-ပါးသော သိက္ခာပုဒ်တို့၌ မကျင့်ရသေးသော သိက္ခမာန်ကို ဘိက္ခုနီပြုပေးသော ဥပဇ္ဈာယ် **ဆရာမမှာ** ပါစိတ်အာပတ်သင့်၏။

---

## ၆၄။ သံဃေန အသမ္မတ သိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီအများ။**

**အမှု-သိက္ခာကျင့်ပြီးသော သိက္ခမာန်ကို သမုတိမရဘဲ ဘိက္ခုနီပြုပေးမှု။**

**ရဟန်းပြုပေးခြင်း** ဘဲ့ဘိက္ခုနီများသည် (ရှေ့သိက္ခာပုဒ်တော်နှင့်အညီ) ၂-နှစ်ပတ်လုံး ပါဏာတိပါတစသော သိက္ခာ ၆-ပါးကို မကျိုးမပေါက်ကျင့်ပြီးသော ထိုသိက္ခမာန်ကို ဘိက္ခုနီသံဃာ့ထံ ဘိက္ခုနီပြုဖို့ ခွင့်မပန်ဘဲ ဘိက္ခုနီပြုပေးလိုက်ကြ၏၊ ထိုသိက္ခမာန်များကို ဘိက္ခုနီဖြစ်နေမှန်း မသိကြသော အခြားဘိက္ခုနီတို့သည် သိက္ခမာန်များကို ခိုင်းသကဲ့သို့ "ဟိုဟာပေးမယ်၊ ဒီဟာယူခဲ့စမ်း၊ ကပ္ပိစမ်း"စသည်ဖြင့် ခိုင်းကြလေသော် ထိုဘိက္ခုနီတို့သည် "တပည့်တော်တို့ သိက္ခမာန်မဟုတ်ကြတော့၊ ဘိက္ခုနီဖြစ်နေကြပြီ"ဟု ပြန်၍ပြောကြလေ၏၊ ထိုအခါ သံဃာ့အထံ ခွင့်မပန်ဘဲ ဘိက္ခုနီ

ပြုပေးကြရသလား'' ဟု အခြားဘိက္ခုနီတို့က ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဒွေ ဝဿာနိ ဆသု ဓမ္မေသု သိက္ခိတသိက္ခံ သိက္ခမာနံ သံဃေန အသမ္မတံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။၂-နှစ်ပတ်လုံး သိက္ခာပုဒ် ၆-ပါး၌ ကျင့်ပြီးသော သိက္ခမာန်ကို သံဃာက (သိက္ခမာန် ဘဝမှ ထမြောက်ကြောင်း သမ္မုတိဖြင့်) မသမုတ်အပ်သေးဘဲ သိက္ခမာန်အဖြစ်မှ ထမြောက်စေအံ့(ဘိက္ခုနီပြုပေးအံ့-ဟူလို၊)ဥပဇ္ဈာယ် ဆရာဖြစ်သော ထိုဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏၊ [ကံပြုရာတွင် ပါဝင်သော အခြား ဘိက္ခုနီတို့မှာ ဒုက္ကဋ်အာပတ်သင့်၏။]

**မှတ်ချက်။** ။ဤသိက္ခာပုဒ်အရ- သိက္ခမာန်ကို ရဟန်းဘဝသို့ ရောက်စေလိုလျှင် ဝုဋ္ဌာနသမ္မုတိခေါ် သမ္မုတိတစ်မျိုးကို သံဃာ့ထံခွင့်တောင်း၍ သံဃာက သိမ်အတွင်း၌ ကမ္မဝါစာဖြင့် သမ္မုတိပေးပြီးမှ ရဟန်းပြုခွင့်ရသည်-ဟုမှတ်။

---

## ၄။ ဦနဒွါဒသဝဿသိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီအများ။**

**အမှု-ယောက်ျားနှင့်ဆက်ဆံဖူးသော ၁၂-နှစ်မပြည့်သေးသော သူငယ်မကို ရဟန်းပြုပေးမှု။**

ယောက်ျား သွားလာအပ်ဖူး

အိန္ဒိယ၌ တချို့အယူသည်းသော မိဘတို့သည် သားသမီးများကို ၇-နှစ်အရွယ် လောက်ကပင် လက်ထပ်ထားကြ၏၊ ထိုသို့ လက်ထပ်ပြီးသော သူငယ်မတို့သည် တစ်ဆယ့်နှစ်နှစ် မပြည့်ခင်က လင်ယောကျာ်းနှင့် ဆက်ဆံပြီး ဖြစ်နေတော့၏၊ ထိုကဲ့သို့ အလွန်ငယ်သေးသော ၁၂-နှစ်မပြည့်သေးသော, ယောကျာ်းနှင့်လည်း ဆက်ဆံပြီးဖြစ်သော သူငယ်မကို ရဟန်းပြုပေးမှုကြောင့် အခြားဘိက္ခုနီတို့က ကဲ့ရဲ့ကြ၍ ဘုရားရှင်အား တစ်ဆင့်လျှောက်ကြလေရာ, ဘုရားရှင်ကလည်း ''ယောကျာ်းနှင့် ဆက်ဆံပြီးသော်လည်း ၁၂-နှစ် မပြည့်သေးလျှင် အအေး အပူ စသော ဒုက္ခ အမျိုးမျိုးကို မခံနိုင်သေး''ဟု မိန့်တော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ဦနဒွါဒသဝဿံ ဂိဟိဂတံ ဝုဋ္ဌာ-ပေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။တဆယ့်နှစ်နှစ် မပြည့်သေးသော, ယောကျ်ားသွားလာအပ်ပြီးသော သူငယ်မကို ဘိက္ခုနီပြုပေးသော ဥပဇ္ဈာယ်ဘိက္ခုနီမှာပါစိတ်အာပတ် သင့်၏။ [ကံပြုရာတွင် ပါဝင်သောအခြားဘိက္ခုနီမှာဒုက္ကဋ်အာပတ် သင့်၏။]

---

## ၈။ ဂိဟိဂတ အသိက္ခိတသိက္ခာသိက္ခာပုဒ်

**အမှုသည်—ဘိက္ခုနီအများ။**

**အမှု-ယောကျ်ားဆက်ဆံဖူး၍ ၁၂-နှစ်ပြည့်သော သူငယ်မကို ၂-နှစ်ပတ်လုံး သိက္ခာမကျင့်ရသေးဘဲရဟန်းပြုပေးမှု။**

ထိုသို့ ပြုပေးမှုကြောင့် အခြားဘိက္ခုနီတို့ ကဲ့ရဲ့ကြသဖြင့် ဤသိက္ခာပုဒ်ကိုပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ပရိပုဏ္ဏဒွါဒသဝဿံ ဂိဟိဂတံ ဒွေ ဝဿာနိ ဆသု ဓမ္မေသု အသိက္ခိတသိက္ခံ ဝုဋ္ဌာပေယျ ပါစိတ္တိယံ။

မြန်မာပြန်။ ။ယောကျ်ားသွားလာအပ်ပြီးဖြစ်၍ တဆယ့်နှစ်နှစ်ပြည့်ပြီးသော်လည်း ၂-နှစ်ပတ်လုံး ၆-ပါးသောသိက္ခာပုဒ်တို့၌ မကျင့်ရသေးသော သာမဏေမကို ရဟန်းပြုပေးသော ဥပဇ္ဈာယ်ဘိက္ခုနီမှာပါစိတ်အာပတ် သင့်၏။[အခြားဘိက္ခုနီမှာ ဒုက္ကဋ်။]

မှတ်ချက်။ ။ဤသိက္ခာပုဒ်တော်အရ-ရဟန်းပြုလိုသော သူငယ်မသည် ဆယ်နှစ်ပြည့်ပြီးဖြစ်လျှင် သိက္ခာသမ္မုတိကိုတောင်း၍ သံဃာက ကမ္မဝါစာဖြင့် သမ္မုတိပေးပြီးနောက် ၂-နှစ်ပတ်လုံး သိက္ခမာန်ဘဝ၌ ကျင့်နေရသေးသည်၊ ထိုသို့ကျင့်ပြီးသောအခါ ၁၂-နှစ် ပြည့်ပြီးဖြစ်ပေလိမ့်မည်၊ ဂိဟိဂတ = ယောကျ်ားသွားလာအပ်ပြီးသူသည် အငယ်ဆုံးအားဖြင့် သိက္ခမာန်ဘဝ၌ ၂-နှစ်ကျင့်ပြီးဖြစ်လျှင် ၁၂-နှစ်ပြည့်ကဘိက္ခုနီပြုခွင့်ရ၏။

## ၆၅။ ဦနဝီသတိဝဿ သိက္ခာပုဒ်

အမှုသည်-ဘိက္ခုနီအများ။

အမှု-ဂိဟိဂတ ဖြစ်၍ ၁၂-နှစ်ပြည့်သောအခါ သိက္ခာပုဒ် ၆-ပါး၌ ၂-နှစ်လုံးလုံးကျင့်ပြီးသော်လည်း သံဃာ့အထံမှ ဝုဋ္ဌာနသမ္မုတိ မရဘဲ ရဟန်းပြုပေးမှု။

ထိုသို့ ပြုပေးမှုကြောင့် သိက္ခမာန်ဘဝတွင် ရှိသေးသည်ဟု ထင်နေသော အခြားဘိက္ခုနီတို့က "ယူခဲ့စမ်း, ပေးစမ်း" စသည်ဖြင့် အမိန့်မှား၍ ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။**ယာ ပန** ဘိက္ခုနီ **ပရိပုဏ္ဏဒွါဒသဝဿံ ဂိဟိဂတံ** ဒွေဝဿာ**နိ** ဆသု ဓမ္မေသု သိက္ခိတသိက္ခံ သံဃေန **အသမ္မတံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။တဆယ့်နှစ်နှစ်ပြည့်သော, ယောကျ်ားတို့ သွားလာအပ်ဖူးသော, ၂-နှစ်ပတ်လုံးသိက္ခာပုဒ်ကျင့်ပြီးလည်းဖြစ်သောသိက္ခမာန်ကို သံဃာ့ထံမှ ဝုဋ္ဌာနသမ္မုတိမရသေးဘဲ ရဟန်းပြုပေးသော ဥပဇ္ဈာယ် ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏၊ [အခြားဘိက္ခုနီတို့မှာ ဒုက္ကဋ်။]

---

## ၆၆။ သဟဇီဝိနီ သိက္ခာပုဒ်

အမှုသည်-ထုလ္လနန္ဒာ။

အမှု-အတူတကွ အသက်မွေးနေထိုင်သော တပည့်မကို ၂-နှစ် လောက်မျှ မချီးမြှောက် မစောင့်ရှောက်မှု။

ထိုသို့ မစောင့်ရှောက်သဖြင့် တပည့်ဖြစ်သူသည် ဝိနည်းနှင့် ဆိုင်ရာဝယ် နားမလည်ဘဲဖြစ်နေ၍ ("တပည့်မကောင်း ဆရာ့ခေါင်း" နှင့် အညီ) ဆရာမ ဖြစ်သူကို အခြားဘိက္ခုနီတို့က ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ သဟဇီဝိနိံ ဝုဋ္ဌာပေတွာ ဒွေ ဝဿာနိ နေဝ အနုဂ္ဂဏှေယျ န အနုဂ္ဂဏှာပေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အတူတကွ အသက်မွေးလေ့ရှိ၍ "သဟဇီဝိနီ" မည်သော တပည့်မကို ဘိက္ခုနီအဖြစ်သို့ထမြောက်စေပြီးနောက် ၂-နှစ်ပတ်လုံး ကိုယ်တိုင်လည်း မချီးမြှောက်, သူတစ်ပါးကိုလည်း မချီးမြှောက်စေသော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏၊ [အတူနေသောတပည့်မကို "သဟဇီဝိနီ=သဒ္ဓိဝိဟာရိနီ"ဟု ခေါ်၏၊ သဟ=အတူတကွ+ဇီဝိနီ= အသက်ရှည်လေ့ရှိသူ။]

မှတ်ချက်။ ။စာသင်ပေးခြင်း, ဆုံးမဩဝါဒပေးခြင်းကို''ချီးမြှောက်ခြင်း''ဟု ခေါ်၏၊ ယိုချီးမြှောက်မှုကိုကိုယ်တိုင်တတ်နိုင်လျှင် ကိုယ်တိုင်ပြုရသည်၊ ကိုယ်တိုင်မတတ်နိုင်လျှင် တတ်နိုင်သူ့ထံ အပ်နှံ၍ ပြုပေးရသည်။

---

## ၈၂။ နာနုဗန္ဓန သိက္ခာပုဒ်

အမှုသည်—ဘိက္ခုနီဖြစ်ခါစကလေးများ။
အမှု—ဥပဇ္ဈာယ် ဆရာမ နောက်သို့ (ပြုစုလုပ်ကျွေး၍) ၂-နှစ်လောက်မှ မလိုက်ကြမှု။

ထိုသို့ ဥပဇ္ဈာယ်ဆရာမနှင့် အတူလိုက်၍ မနေကြသဖြင့် အဆုံးအမ ဩဝါဒမရ၍ အရာရာ၌ မကျွမ်းကျင် မလိမ္မာရကား အခြားဘိက္ခုနီတို့က ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ဝုဋ္ဌာပိတံ ပဝတ္တိနိံ ဒွေဝဿာနိ နာနုဗန္ဓေယျ၊ ပါစိတ္တိယံ။**

မြန်မာပြန်။ ။မိမိကို ဘိက္ခုနီအဖြစ်ရောက်အောင် ထမြောက်စေသော ဥပဇ္ဈာယ်ဆရာမ နောက်သို့ ၂-နှစ်ပတ်လုံးလိုက်၍ မနေသောဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏၊ [ဥပဇ္ဈာယ်ဆရာမကို "ပဝတ္တိနီ=မိမိကို ဖြစ်စေသူ၊ ကြီးပွားစေသူ"ဟု ခေါ်၏။]

---

## ၈၃။ နေဝဠပကာသန သိက္ခာပုဒ်

အမှုသည်-ထုလ္လနန္ဒာ။
အမှု—တပည့်မကို ရဟန်းပြုပေးပြီးနောက် အရပ်တစ်ပါးသို့ ခေါ်မသွားမှု။

ထိုသို့ ခေါ်မသွားမိသည့်အတွက် ထိုဘိက္ခုနီကလေး၏ လင်ဟောင်းက ဖမ်းယူမှုကြောင့် အခြား ဘိက္ခုနီတို့က ဆရာမဖြစ်သူကို ကဲ့ရဲ့ကြသဖြင့် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ သဟဇီဝိနိံ ဝုဋ္ဌာပေတွာ **နေဝ** ဝူပကာသေယျ, န ဝူပကာသာပေယျ၊ အန္တမသော ဆပ္ပဉ္စ- ယောဇနာနိပိ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အတူနေ တပည့်မကို ရဟန်းအဖြစ် ရောက်အောင် ထမြောက်စေပြီးနောက် အနည်းဆုံး ၅-ယူဇနာ ၆-ယူဇနာလောက် ဝေးအောင် အရပ်တစ်ပါးသို့ ကိုယ်တိုင်လည်းခေါ်၍မသွား, သူတစ်ပါးကိုလည်း ခေါ်၍ မသွားစေသော ဥပဇ္ဈာယ်ဆရာမမှာ **ပါစိတ်** အာပတ်သင့်၏။

**ဂဗ္ဘိနီဝဂ် ပြီး၏။**

# ကုမာရိဘူတဝဂ်

## က။ ဦနဝီသတိဝဿ သိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီအများ။**
**အမှု-အသက် ၂၀-မပြည့်သေးသော ကုမာရိဘူတ သာမဏေမကို ရဟန်းပြုပေးမှု။**

ကုမာရိဘူတ

ယောကျ်ားတို့ မသွားလာအပ်ဖူး၍ အပျိုစင်ဖြစ်နေသော မိန်းမသားတို့သည် စိတ်ရောကိုယ်ပါ နုနယ်ကြ၏၊ ထို့ကြောင့်အအေးအပူစသော ဒုက္ခများကို ယောကျ်ားတို့ သွားလာအပ်ဖူးသော (ဂိဟိဂတာ) မိန်းမများလောက် ခံနိုင်ရည်မရှိကြ၊ အသက် ၂၀-အရွယ်ရောက်မှသာ ထိုဒုက္ခများကို ခံနိုင်ရည်ရှိကြ၏၊ ဤသိက္ခာပုဒ်၏ အမှုရှင်ဖြစ်သော ဘိက္ခုနီဆရာမကြီးတို့သည် ဤအကြောင်းကို သတိမထားဘဲ ငယ်ဖြူသာမဏေမတို့ကို ဘိက္ခုနီပြုပေးမိသဖြင့် အခြားဘိက္ခုနီတို့က ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဦနဝီသတိဝဿံ ကုမာရိဘူတံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အသက် ၂၀-မပြည့်သေးသော အပျိုစင်သာမဏေမကို ဘိက္ခုနီပြုပေးသော ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ် အာပတ်သင့်၏။

## ခ။ အသိက္ခိတသိက္ခ သိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီအမျိုး။**

အမှု-အသက် ၂၀-ပြည့်သော်လည်း ၂-နှစ်ပတ်လုံး သိက္ခာ ၆-ပါးကို မကျင့်ရသေးသော အပျိုစင် သာမဏေမကို ဘိက္ခုနီပြုပေးမှု။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ပရိပုဏ္ဏဝီသတိဝဿံ ကုမာရိဘူတံ ဒွေဝဿာနိ ဆသု ဓမ္မေသု အသိက္ခိတသိက္ခံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အသက် ၂၀-ပြည့်ပြီးသော အပျိုစင်သာမဏေမကို ၂-နှစ်ပတ်လုံး သိက္ခာ မကျင့်ရသေးဘဲ ဘိက္ခုနီ ပြုပေးသော ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ်အာပတ် သင့်၏။

---

## ဂ။ သံဃေနအသမ္မတသိက္ခာပုဒ်

**အမှုသည်-ဘိက္ခုနီအမျိုး။**

အမှု-အသက် ၂၀-ပြည့်၍ သိက္ခာပုဒ် ၆-ပါးတို့ကို ၂-နှစ် ပတ်လုံး ကျင့်ပြီးဖြစ်သော်လည်း သံဃာ့အထံမှ ဝုဋ္ဌာပန သမ္မုတိ မရသေးဘဲ ဘိက္ခုနီပြုပေးမှု။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ပရိပုဏ္ဏဝီသတိဝဿံ ကုမာရိဘူတံ ဒွေဝဿာနိ ဆသု ဓမ္မေသု သိက္ခိတသိက္ခံ သံဃေန အသမ္မတံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။အသက် ၂၀-ပြည့်ပြီးဖြစ်၍ ၂-နှစ်ပတ်လုံး သိက္ခာပုဒ် ၆-ပါးကို ကျင့်ပြီးဖြစ်သော အပျိုစင် သာမဏေမကို သံဃာ့ထံမှ ဝုဋ္ဌာပန သမ္မုတိမရသေးဘဲ ဘိက္ခုနီပြုပေးသော ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ်အာပတ် သင့်၏။

ဤ က-ခ-ဂ သိက္ခာပုဒ်များသည် ဂဗ္ဘိနီဝဂ်လာ ဂိဟိဂတ ပါသော သိက္ခာပုဒ် ၃-ပါးနှင့် အသွားတူ၏၊ ဂိဟိဂတနှင့် ကုမာရီဘူတ ဖြစ်ခြင်းသာ ထူးသည်။

## ဃ။ ဦနဒွါဒသဝဿာ သိက္ခာပုဒ်

**အမှုသည်–ဘိက္ခုနီအများ။**
**အမှု-တစ်ဆယ့်နှစ်ဝါ မရသေးဘဲ ဥပဇ္ဈာယ် ဆရာမ လုပ်၍ သူတစ်ပါးကို ဘိက္ခုနီပြုပေးမှု။**

ကဲ့ရဲ့ခံရခြင်း မိမိကိုယ်တိုင်က ၁၂-ဝါ မရသေးဘဲနှင့် ဥပဇ္ဈာယ်လုပ်၍ သူတစ်ပါးကို ဘိက္ခုနီ ပြုလုပ်ပေးသဖြင့် သူတို့ ကိုယ်တိုင်လည်း ဝိနည်းနှင့် စပ်၍ အပ်သောအရာ, မအပ်သောအရာကို နားမလည်ကြ, သူတို့၏ တပည့်မတို့လည်း နားမလည်ကြသဖြင့် အခြားဘိက္ခုနီတို့က ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ဦနဒွါဒသဝဿာ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။တစ်ဆယ့်နှစ်ဝါ မရသေးဘဲ ဥပဇ္ဈာယ် ဆရာမ လုပ်၍ သူတစ်ပါးကို ဘိက္ခုနီပြုပေးသော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

---

## င။ သံဃေနအသမ္မတာသိက္ခာပုဒ်

**အမှုသည်–ဘိက္ခုနီအများ။**
**အမှု-သံဃာ့အထံမှ ဝုဋ္ဌာပန သမ္မုတိမရဘဲ ဥပဇ္ဈာယ် ဆရာမ ပြုလုပ်မှု။**

ကဲ့ရဲ့ခံရခြင်း တစ်ဆယ့်နှစ်ဝါ ရသော်လည်း သံဃာ့အထံမှ ဥပဇ္ဈာယ်ဆရာလုပ်ဖို့ရန် "ဝုဋ္ဌာပန သမ္မုတိ" မရသေးဘဲ ဥပဇ္ဈာယ် လုပ်၍ ဘိက္ခုနီပြုပေးကြသဖြင့် သူတို့ကိုယ်တိုင်က ဘိက္ခုနီဝါများသလောက် ဝိနည်း နားမလည်သေးရကား သူတို့၏တပည့်များ အပ်-မအပ်ကို နားမလည်ကြ၍ အခြားဘိက္ခုနီတို့က ဆရာကို ကဲ့ရဲ့ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ပရိပုဏ္ဏဒွါဒသဝဿာ သံဃေန အသမ္မတာ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။တစ်ဆယ့်နှစ်ဝါ ပြည့်သော်လည်း သံဃာ့အထံမှ ဝုဋ္ဌာပန သမ္မုတိ မရသေးဘဲ ဥပဇ္ဈာယ်လုပ်၍ ဘိက္ခုနီပြုပေးသော ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။ဘိက္ခုနီတို့သည် ၁၂-ဝါရ၍ ဥပဇ္ဈာယ်ဆရာ လုပ်လိုသောအခါ သံဃာ့အထံ၌ ဝုဋ္ဌာပန သမ္မုတိ (ဥပဇ္ဈာယ် လုပ်နိုင်သောသမ္မုတိ)ကို တောင်းရသေး၏၊ ထိုသို့ တောင်းသောအခါသံဃာက သူ၏ဝိနည်းနားလည်မှု ရှိ-မရှိကို စဉ်းစား၍ ဆရာလုပ်လောက်သော အရည်အချင်းရှိမှ ဝုဋ္ဌာပန သမ္မုတိပေးရ၏၊ ထိုသမ္မုတိရသူမှသာ ဥပဇ္ဈာယ်ဆရာ လုပ်နိုင်သည်။

ဘိက္ခုနီများလည်း ဥပဇ္ဈာယ် လုပ်ချင်တိုင်း မလုပ်ရ, ၁-ဆယ်ဝါရပြီးခြင်း, ၂-ဒွေမာတိကာကို အကျယ်ဖွင့်ပြသော ဝိဘင်း ၂-ဖြာကိုနားလည်ခြင်း, ၃-ရဟန်းခံ သိမ်သမုတ်စသော ကံကြီးကံငယ် လုပ်ထုံးကို နားလည်ခြင်း, ၄-မဟာဝါ စူဠဝါ ခန္ဓကတို့၌ လာသောသိက္ခာပုဒ်များကို နားလည်ခြင်း, ၅-နာမ်တရား ရုပ်တရားကိုခွဲခြား ဟောပြနိုင်ခြင်း, ဤဂုဏ်အင်္ဂါငါးပါးနှင့် ပြည့်စုံသူမှသာဥပဇ္ဈာယ်ဆရာ (ကျောင်းထိုင်ဘုန်းကြီး) လုပ်နိုင်၏၊ ထိုသို့ မပြည့်စုံသေးလျှင် ကျောင်းထိုင်ဘုန်းကြီး မလုပ်ရသေး၊ ထိုဂုဏ်အင်္ဂါနှင့်ပြည့်စုံသော ဆရာ တစ်ပါးပါးကို မှီခို၍ နေရသည်။

**[ဆောင်]** ဆယ်ဝါပြည့်တင်း, ဝိဘင်းနှစ်ဖြာ, ကမ္မာကမ္မ, ခန္ဓကပုဒ်, နာမ်ရုပ်ပိုင်ပိုင်, ဟောပြနိုင်, ကျောင်းထိုင် ငါးအင်္ဂါ။

---

## ၈။ ဒိယျနဝမ္မာပဇ္ဇန သိက္ခာပုဒ်

**အမှုသည်–စဏ္ဍကာဠီ။**

**အမှု–ဘိက္ခုနီတို့ကဲ့ရဲ့မှု။**

**ဝုဋ္ဌာပန သမ္မုတိ မပေးကြခြင်း**

စဏ္ဍကာဠီသည် ၁၂-ဝါရ၍ ဥပဇ္ဈာယ်ဆရာမ လုပ်လိုသောကြောင့် သံဃာ့အထံ၌ ဝုဋ္ဌာပန သမ္မုတိကိုတောင်းသောအခါ စဏ္ဍကာဠီ၏ အရည်အချင်းကို အားမရ၍ "မိမိကဥပဇ္ဈာယ်လုပ်၍ သူတစ်ပါးကို ရဟန်းအဖြစ်ရောက်အောင် ထမြောက်စေဖို့ (ဘိက္ခုနီပြုပေးဖို့) မတော်သေးပါ"ဟု ပြောသောအခါ "ကောင်းပါပြီ"ဟု ဝန်ခံခဲ့ပြီးနောက် အခြားဘိက္ခုနီတို့အား သံဃာက ဝုဋ္ဌာပနသမ္မုတိပေးသောအခါ စဏ္ဍကာဠီသည် မကျေနပ်သောကြောင့် "သံဃာက ငါ့ကိုသမ္မုတိမပေးဘဲ, အခြားဘိက္ခုနီတွေကိုတော့ သမ္မုတိပေးတယ်, ငါကတော့ အ အမို့တဲ့လား, အလဇ္ဇီမမို့တဲ့လား, ဟု ကဲ့ရဲ့ရှုတ်ချလေသည်၊ ထိုသို့ ရှုတ်ချမှုကို ကြားရသော ဘိက္ခုနီတို့က သူ့ကိုကဲ့ရဲ့ကြ၍ ဘုရားရှင်ထံ တစ်ဆင့်လျှောက်ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ "**အလံတာဝ တေ** အယျေ ဝုဋ္ဌာပိတေနာ"တိ ဝုစ္စမာနာ "သာဓူ"တိ **ပဋိဿုဏိတွာ** သာ ပစ္ဆာ ခိယျနဓမ္မံ **အာပဇ္ဇေယျ၊** ပါစိတ္တိယံ။

မြန်မာပြန်။ ။(ဝုဋ္ဌာပန သမ္မုတိတောင်းသောအခါ) "အရှင်မ.... အရှင်မမှာ ဥပဇ္ဈာယ်လုပ်၍ ဘိက္ခုနီပြုပေးဖို့ မတော်သေးပါ" ဟု ပြောဆိုအပ်စဉ်က "ကောင်းပြီ"ဟု ဝန်ခံခဲ့၍ နောက်မှ ကဲ့ရဲ့ရှုတ်ချသော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။သံဃာက တရားလမ်းအတိုင်း ပြုလုပ်ရာ၌ ကဲ့ရဲ့မှသာ အာပတ်သင့်၏၊ သံဃာကိုယ်တိုင်က မတရားလုပ်၍ (အဂတိလိုက်၍) သမ္မုတိပေးသင့်သူကို မပေး, မပေးသင့်သူကို ပေးသောကြောင့် ကဲ့ရဲ့လျှင်ကား "အနာပတ္တိ ပကတိယာ (နဂိုကပင်) ဆန္ဒာ ဒေါသာ ဘယာ မောဟာ ကရောန္တီတိ ခိယျတိ"ဟု အာပတ်မသင့်ကြောင်း မိန့်တော်မူသည်။

---

## ၁၀။ **ပတိဿဝနဝိသံဝါဒန သိက္ခာပုဒ်**

**အမှုသည်–ထုလ္လနန္ဒာ။**
**အမှု–ငါ့အား သင်္ကန်းပေးလျှင် ဘိက္ခုနီပြုပေးမည်ဟု ဝန်ခံပြီးနောက် ထိုဝန်ခံချက် ပျက်ကွက်မှု။**

**ထုလ္လနန္ဒာ၏ ပျက်ကွက်မှု** ထုလ္လနန္ဒာသည် သိက္ခမာန် တစ်ယောက်က ဘိက္ခုနီပြုပေးပါရန် တောင်းပန်လာသောအခါ "သင်က ငါ့အားသင်္ကန်း ပေးလျှင် ဥပဇ္ဈာယ်လုပ်၍ သင့်ကို ဘိက္ခုနီ ပြုပေးမည်"ဟု ဝန်ခံပြီးနောက် ရဟန်းပြုပေးဖို့ မဖြစ်နိုင်လောက်သော အန္တရာယ်မရှိပါဘဲ ကိုယ်တိုင်လည်း ရဟန်းပြုမပေး, သူတစ်ပါးကို ပြုပေးစေဖို့ရန် ကြောင့်ကြ မစိုက်သောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန** ဘိက္ခုနီ သိက္ခမာနံ "**သစေ မေ တွံ အယျေ စီဝရံ** ဒဿသိ၊ ဧဝါဟံ တံ ဝုဋ္ဌာပေဿာမီ"တိ ဝတွာ **သာ ပစ္ဆာ အနန္တရာယိကိနီ** နေဝ ဝုဋ္ဌာပေယျ၊ **နဝုဋ္ဌာပနာယ** ဥဿုက္ကံ ကရေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။သိက္ခမာန်ကို "အကယ်၍ ငါ့အား သင်္ကန်းပေးအံ့၊ ထိုသို့ ပေးလျှင် ငါ သင့်ကို ဘိက္ခုနီအဖြစ် ရောက်အောင် ထမြောက်စေ

မည် (ဘိက္ခုနီ ပြုပေးမည်) ဟု ပြောဆိုပြီး၍ နောက်အခါ တစ်စုံ တစ်ရာ အန္တရာယ်မရှိပါဘဲ ကိုယ်တိုင်လည်း ရဟန်းပြုမပေးသော, သူတစ်ပါးကိုလည်း ပြုပေးဖို့ရန် ကြောင့်ကြမစိုက်သော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

---

## ၈။ အနုပခ္ဂန သိက္ခာပုဒ်

**အမှုသည်-ထုလ္လနန္ဒာ။**

**အမှု-ငါ့နောက်သို့ ၂-နှစ်ပတ်လုံး လိုက်နေလျှင် ဘိက္ခုနီပြုပေးမည်ဟု ဝန်ခံပြီးနောက် ထိုဝန်ခံချက် ပျက်ကွက်မှု။**

**ထုလ္လနန္ဒာ၏ ဂတိမတည်မှု** သိက္ခမာန် တစ်ယောက်သည် ထုလ္လနန္ဒာအား ဘိက္ခုနီ ပြုပေးပါရန် တောင်းပန်လာ၏၊ ထိုအခါ ထုလ္လနန္ဒာက "ငါ့နောက်သို့ ၂-နှစ်ပတ်လုံးလိုက်၍ ပြုစုလုပ်ကျွေးမည် ဖြစ်လျှင် ဘိက္ခုနီပြုပေးမည်"ဟု ဝန်ခံပြီးနောက် တစ်စုံတစ်ရာ အန္တရာယ် မရှိပါဘဲ ပြုမပေးသည့်အတွက် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ သိက္ခမာနံ **"သစေ မေ တွံ အယျေ ဒွေ ဝဿာနိ အနုဗန္ဓိဿသိ၊ ဧဝါဟံ တံ ဝုဋ္ဌာပေဿာမီ"** တိ ဝတွာ သာ ပစ္ဆာ အနန္တရာယိကိနီ နေဝ ဝုဋ္ဌာပေယျ၊ နဝုဋ္ဌာပနာယ ဥဿုက္ကံ ကရေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။သိက္ခမာန်ကို "အကယ်၍ ငါ့နောက်သို့ ၂-နှစ်ပတ်လုံး လိုက်နေအံ့၊ ထိုသို့လိုက်နေလျှင် ငါသည် သင့်ကို ဘိက္ခုနီ ပြုပေး မည်"ဟု ပြောဆိုပြီး၍ နောက်အခါ တစ်စုံတစ်ရာအန္တရာယ်မရှိပါဘဲ ကိုယ်တိုင်လည်း ရဟန်းပြုမပေးသော, သူတစ်ပါးတို့ကိုလည်း ပြုပေး ဖို့ရန် ကြောင့်ကြမစိုက်သော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

---

## ၉။ သောကာဝါသ သိက္ခာပုဒ်

**အမှုသည်-ထုလ္လနန္ဒာ။**

**အမှု-ယောကျ်ားကြီး ယောကျ်ားငယ်တို့နှင့် ရောရောနှောနှော နေထိုင်၍ ကြမ်းတမ်းသော သောကၡ၏ တည်ရာဖြစ်သော စဏ္ဍကာဠီမည်သော သိက္ခမာန်ကို ရဟန်းပြုပေးမှု။**

ထိုသို့ ဘိက္ခုနီပြုပေးမှုကြောင့် အခြား ဘိက္ခုနီတို့က ကဲ့ရဲ့ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယော ပန ဘိက္ခုနီ ပုရိသယုဂံ ကုမာရကယုဂံ စတ္တိံ ယောကာဝ ါသ သိက္ခမာနံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။အသက် ၂၀-လွန်ပြီးသော ယောကျ်ားကြီးတို့နှင့် ရောရောနှောနှော နေတတ်သော အသက် ၂၀-မပြည့်သေးသော သတို့သားတို့နှင့်လည်း ရောရောနှောနှောနေတတ်သော ( ကိုယ် နှုတ် စိတ်ပါ)ကြမ်းတမ်းသော ယောကျ်ားတို့၏အတွင်း (မမြင်ရလျှင် မနေနိုင်လောက်အောင် )သောကကို သွင်းတတ်-(မိမိက မမြင်ရလျှင်လည်း သောကဖြစ်နေတတ်သဖြင့်) သောကဟူသော နေရာလည်းရှိသော သိက္ခမာန်ကို ရဟန်းပြုပေးသော ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ်အာပတ်သင့်၏။

---

## ည။ အနနုညာတ သိက္ခာပုဒ်

**အမှုသည်–ထုလ္လနန္ဒာ။**
**အမှု-မိဘနှင့် လင်ယောကျ်ားတို့က ခွင့်မပြုအပ်သော သိက္ခမာန်ကို ရဟန်းပြုပေးမှု။**

ထိုသို့ ပြုပေးသည့်အတွက် မိဘနှင့်လင်ယောကျ်ားတို့က ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယော ပန** ဘိက္ခုနီ **မာတာပိတူဟိ ဝါ သာမိကေန ဝါ အနနုညာတံ သိက္ခမာနံ ဝုဋ္ဌာပေယျ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။မိဘတို့သည် လည်းကောင်း, လင်သည် လည်းကောင်း ( ရဟန်းပြုဖို့ရန် )ခွင့်မပြုအပ်သော သိက္ခမာန်ကို ရဟန်းပြုပေးသော ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။မာတုဂါမတို့သည်ရှင်သာမဏေမ ပြုလိုသောအခါ၌ တစ်ကြိမ်, ဘိက္ခုနီပြုလိုသောအခါ၌တစ်ကြိမ်အားဖြင့် ၂-ကြိမ်မျှ မိဘနှင့်( လင်ရှိလျှင် )လင်တို့ကိုခွင့်တောင်းရ၏၊ ယောကျ်ားတို့ကား ရှင်ပြုတုန်းက မိဘတို့ ခွင့်ပြုထားလျှင် ရဟန်းပြုခါနီး၌ခွင့်တောင်းဖွယ်မလို၊ သို့သော် ရှင်ပြုခွင့်သာ ပေးခြင်းဖြစ်၍ ရဟန်းပြုခွင့် မပေးလိုသော မိဘတို့ကိုကား ကျေနပ်အောင် ခွင့်တောင်းရလိမ့်ဦးမည်၊ ခွင့်မရဘဲ ဘိက္ခုပြုပေးလျှင်မူ ဒုက္ကဋ်အာပတ်သင့်၏၊ ရဟန်းလောင်းကား ရဟန်းဖြစ်သည်သာ။

---

## ၄။ ပါရိဝါသိကဆန္ဒဒါန သိက္ခာပုဒ်

အမှုသည်–ထုလ္လနန္ဒာ။
အမှု–ပျက်ပြီးသော ဆန္ဒပေးခြင်းဖြင့်ဘိက္ခုနီပြုပေးမှု။

ထုလ္လနန္ဒာ ပြုလုပ်ပုံ

ရာဇဂြိုဟ်မြို့၌ နေစဉ် ထုလ္လနန္ဒာသည် သိက္ခမာန် တစ်ယောက်ကို ဘိက္ခုနီ ပြုလုပ်ပေးဖို့ရန် ရဟန်းယောကျ်ား မထေရ်ကြီးများကို ပင့်ဖိတ်ထားသဖြင့် ကြွနိုင်သော မထေရ်ကြီးများသည် ကိုယ်တိုင်ကြွရောက်၍ မကြွနိုင်သော ထိုမဟာသိမ် အတွင်း၌နေကြသော ရဟန်းများလည်း ထိုကံကို သဘောတူကြောင်း (ဝိနည်းထုံးစံအတိုင်း) ဆန္ဒပေးလိုက်ကြလေသည်၊ ထိုသံဃာ့အစည်းအဝေး၌ ဘိက္ခုနီပြုပေးပြီးနောက် ကျွေးမွေးဖို့ရန် ခဲဖွယ်ဘောဇဉ်များကိုလည်း ဆိုင်ရာက စီမံထား၏၊ ထုလ္လနန္ဒာသည် ထိုခဲဖွယ်ဘောဇဉ်များကို (သူနှင့် ခေတ်ချင်းမတူသော) မထေရ်ကြီးများကို မဘုဉ်းပေးစေလိုသောကြောင့် "အရှင်ဘုရားတို့....သိက္ခမာန်ကို ယခုဘိက္ခုနီ မပြုပေးလိုသေးပါ" ဟု လျှောက်၍ မထေရ်ကြီးများကို ပြန်လွှတ်လိုက်ရလေသည်။

ထိုသို့ ပြန်လွှတ်လိုက်သည့်အခါ ထိုကံအတွက် သဘောတူကြောင်းပေးလိုက်သောဆန္ဒလည်း ပျက်ပျယ်လေတော့၏၊ ထုလ္လနန္ဒာသည် ထိုသို့ ပျက်ပြယ်ပြီးသော ဆန္ဒပေးခြင်းကိုပင် ထပ်မံအသုံးပြု၍ (နောက်ထပ် ဆန္ဒမယူစေဘဲ) အရှင်ဒေဝဒတ်နှင့် ဘက်တော်သားဖြစ်သော ကောကာလိက စသော ရဟန်းများကိုပင့်၍ သိက္ခမာန်ကို ဘိက္ခုနီပြုပေးလေသည်၊ ထိုသို့ပြုပေးရာ၌ သူပင့်လိုရာ ပင့်၍ ပြုပေးခြင်းက ကံမပျက်စေသော်လည်း ပျက်ပြယ်ပြီးဆန္ဒကို အသုံးပြုခြင်းကား ကံကိုပျက်စေကြောင်း ထုလ္လနန္ဒာ၏ ထိုအမှုကို အခြား ဘိက္ခုနီတို့က ကဲ့ရဲ့ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ပါရိဝါသိကဆန္ဒဒါနေန သိက္ခမာနံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။သုံးအပ်ပြီးသော (နဂိုဆန္ဒပျက်ပြယ်ပြီးသော) ဆန္ဒပေးခြင်းဖြင့် သိက္ခမာန်ကို ဘိက္ခုနီပြုပေးသော ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။မာတုဂါမတို့သည် ပထမအကြိမ်၌ ဘိက္ခုနီသံဃာ့အထံ၌ဝယ် ရဟန်းပြုကြရ၏၊ ထို့နောက် ဒုတိယအကြိမ်၌ ဘိက္ခုသံဃာ့အထံမှာ ရဟန်းပြုကြရသည်။

## ၄၅။ အနုဝဿံ ဝုဋ္ဌာပန သိက္ခာပုဒ်

အမှုသည်-ဘိက္ခုနီအများ။
အမှု-နှစ်စဉ် (တစ်နှစ်တစ်ပါးကျ) ဥပဇ္ဈာယ် လုပ်နိုင်သော ဘိက္ခုနီတို့က ကိုယ်စီကိုယ်စီ ရဟန်းပြုပေးကြမှု။

ထိုသို့ ကိုယ်စီကိုယ်ငှ ရဟန်းပြုပေးကြသည့်အတွက် နေဖို့ရာကျောင်းများ မလောက်သဖြင့် လူတို့ကစ၍ ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ အနုဝဿံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။တနှစ်လျှင် တစ်ပါးကျ ဘိက္ခုနီ ပြုပေးသော ဥပဇ္ဈာယ် ဆရာမမှာ ပါစိတ်အာပတ်သင့်၏။

## ၄၆။ ဧကဝဿံ ဒွေ ဝုဋ္ဌာပန သိက္ခာပုဒ်

အမှုသည်-ဘိက္ခုနီအများ။
အမှု-တစ်နှစ်တည်း၌ ၂-ပါး ရဟန်းပြုပေးမှု။

နှစ်စဉ် ၁-ပါးကျ ပြုမပေးရသဖြင့် တစ်နှစ်ခြားပြီးလျှင် နောက်တစ်နှစ်၌ သိက္ခမာန် ၂-ပါးကို ဆရာလုပ်နိုင်သူတို့က ဥပဇ္ဈာယ်လုပ်၍ ရဟန်းပြုပေး ကြလေရာ ရှေ့သိက္ခာပုဒ်လာ ဝတ္ထုအတိုင်း နေရာကျောင်း မလောက် သောကြောင့် လူတို့ကစ၍ ကဲ့ရဲ့ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရ လေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ဧကဝဿံ ဒွေ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။တနှစ်တည်း၌ သိက္ခမာန် ၂-ပါးကို ရဟန်းပြုပေးသော ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ်အာပတ်သင့်၏၊ [ဤသိက္ခာပုဒ် ၂-ပါး အလိုအားဖြင့် ၂-နှစ်မှ တစ်ပါးသာ ရဟန်းပြုပေးကောင်းသည်။]

ကုမာရီဘူတဝဂ် ပြီး၏။

# ဆတ္တုပ္ပါဟနဝဂ်

## က။ ဆတ္တုပ္ပါဟန သိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီဘိက္ခုနီများ။**

**အမှု-ထီးဆောင်း, ဖိနပ်စီးမှု။**

**ထီးဖိနပ်** ထီးဆောင်းခြင်း ဖိနပ်စီးခြင်းကို ဟန်ကြီး ပန်ကြီးလုပ်ခြင်းနှင့် အလှပြင်ခြင်း တစ်မျိုးဟု (ရှေးခေတ်က) ယူဆကြဟန်တူ၏၊ ထို့ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီတို့ ထီးဆောင်း၍ ဖိနပ်စီးလျက် ထိုထိုဤဤ လှည့်လည်သွားလာခြင်းကို "ကာမစည်းစိမ်ကို ခံစားသော လူဝတ်ကြောင် -မိန်းမများလိုပဲ" ဟု လူတို့က စွပ်စွဲ ကဲ့ရဲ့ကြသောကြောင့် "ထီးဖိနပ်ကို မဆောင်ရ" ဟု ပထမပညတ်တော်မူပြီးလျှင် ထီး ဖိနပ် မဆောင်းမစီးရလျှင် ရောဂါတိုးမည့် ဂိလာနဘိက္ခုနီအတွက် ခြွင်းချက်ထား၍ ဒုတိယပညတ်တော်မူရပြန်သည်။

**သိက္ခာပုဒ်။** ။**ယာ ပန ဘိက္ခုနီ အဂိလာနာ ဆတ္တုပါဟနံ ဓာရေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။ဂိလာနမဟုတ်ဘဲ ထီး ဖိနပ်ကိုဆောင်းသော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။ဂိလာနမဟုတ်ဘဲ ကျောင်းတိုက်အတွင်းနှင့် ကျောင်းတိုက် ဥပစာမှ တစ်ပါးသော မြို့တွင်း, ရွာတွင်း တောအရပ်အားလုံးမှာပင် ဘိက္ခုနီတို့ ထီး ဖိနပ် ၂-မျိုးလုံးကို ဆောင်လျှင် စ၍ဆောင်တိုင်း ပါစိတ်အာပတ်သင့်၏၊ တစ်မျိုးကိုသာဆောင်လျှင် ဒုက္ကဋ်အာပတ်သင့်၏၊ "ဆောင်" ဟူသည် ထီးကိုဆောင်းခြင်း ဖိနပ်ကိုစီးခြင်းတည်း၊ ဘိက္ခုတို့လည်း ထီးအတွက်မှာ ဘိက္ခုနီများကဲ့သို့ မြို့ရွာ တောအားလုံးမှာပင် မဆောင်းအပ်ဟု ခုဒ္ဒကဝတ္ထု၊ ခန္ဓကဋ္ဌမိန့်တော်မူသည်၊ ဖိနပ်ကား မြို့ရွာအတွင်းနှင့် အာဂန္တုအဖြစ်ဖြင့် အခြားကျောင်းတိုက်၌သာ မစီးအပ်၊ အာဂန္တု မဟုတ်သည့်အခါ မိမိကျောင်းတိုက်တွင်းမှာမူ စီးကောင်း၏။

**ထီး ဖိနပ် အပ်သော အချက်။** ။ကိုယ်ပူ ရောဂါ-သည်းခြေပျက်ရောဂါ-မျက်စိ အားနည်းသော ရောဂါ-စသည်ဖြင့် ထီးမဆောင်းရလျှင် တိုးပွားမည့် ရောဂါမျိုးရှိလျှင် လည်းကောင်း, မိုးရွာသည့်အခါ၌ အအေးမိမည်စိုးရိမ်ရခြင်း နေပူလွန်း၍ အပူမိမည်ကို စိုးရိမ်ရခြင်း,

သက်န်းကို မိုးစိုမည်မှ စောင့်ရှောက်လိုခြင်းစသော လုံလောက်သောအကြောင်းရှိလျှင်လည်းကောင်း ထီးဆောင်းကောင်း၏၊ နေပူလွန်းခြင်း, အအေးများခြင်း သွားရာအရပ်က ရောဂါဘယ ရှိခြင်းစသော အကြောင်းကြောင့် ကျန်းမာရေးကို ထိခိုက်လောက်လျှင် ဖိနပ်လည်း စီးကောင်း၏၊ ထိုသို့ အကြောင်းမလုံလောက်လျှင် ထီးဖိနပ် ၂-မျိုးလုံးပင်မအပ်၊ ထီးအစား ယပ်ကိုသုံးစွဲ၍ ဖိနပ်မစီးဘဲ သွားနိုင်ခြင်းသာ အပြစ်အကင်းဆုံး ဖြစ်သည်။

---

## ၁။ ယာဉ် သိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂိဘိက္ခုနီများ။**

**အမှု-ယာဉ်ဖြင့် သွားလာမှု။**

ယာဉ် ခြေဖြင့်မသွားဘဲ ယာဉ်ဖြင့် သွားခြင်းလည်း ဟန်ကြီးပန်ကြီးလုပ်ခြင်း တစ်မျိုးပင်ဟု (ရှေးခေတ်က) ယူဆသောကြောင့် ဆဗ္ဗဂ္ဂိဘိက္ခုနီတို့ ယာဉ်စီး၍သွားခြင်းကို "ကာမဂုဏ် ခံစားသော လူဝတ်ကြောင် မိန်းမများလိုပဲ" ဟု လူတို့ကစွပ်စွဲကဲ့ရဲ့ကြသဖြင့် "ယာဉ်မစီးရ" ဟု ပထမပညတ်တော်မူပြီးလျှင် ယာဉ်မစီးရလျှင် ရောဂါတိုးမည့် ဂိလာနအတွက် ခြွင်းချက်ပြုကာ ဒုတိယ ပညတ်တော်မူရပြန်သည်။

**သိက္ခာပုဒ်။** ။**ယာ ပန** ဘိက္ခုနီ **အဂိလာနာ ယာနေန ယာယေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။ဂိလာနမဟုတ်ဘဲ ယာဉ်ဖြင့် ခရီးသွားသော ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။မဟာဝါ စမ္မက္ခန္ဓက ပါဠိတော်၌ "ဘိက္ခုနီတို့လည်း ဂိလာန မဟုတ်လျှင် ယာဉ်မစီးရ၊ စီးလျှင်ဒုက္ကဋ်အာပတ်" ဟု ပညတ်တော်မူ၏၊ ထို၌ "ယာဉ်ဟူသည် ပုရိသယုတ္တံ = အထီး ( နွားထီးမြင်းထီး) ကအပ်သောယာဉ်၊ ဟတ္ထဝဋ္ဋကံ=လက်ဖြင့်လိမ့်စေအပ်သောယာဉ်" ဟု သရုပ်ပြထား၏၊ ထို့ကြောင့် ဂိလာနမဟုတ်လျှင် နွားလှည်း မြင်းရထား လက်တွန်းလှည်း လန့်ချားများကို မစီးကောင်းဟုမှတ်။

ထို့ပြင်-ခြေကျင်မသွားနိုင်လောက်သော ဂိလာန (အိုနာလည်း ပါဝင်၏၊) မဟုတ်လျှင် သိဝိကာ (ထမ်းစင် = ဝေါ) ကိုလည်းကောင်း, ပါဋင်္ကီ (အဝတ်ထမ်း) ကို လည်းကောင်း,ဝယှ (လူ ၂-ယောက် လက်ချင်းယှက်၍ ဆောင်ယူရသော လက်ပွေ့

အထမ်း) အမျိုးမျိုးကို လည်းကောင်း မစီးကောင်း၊ ဂိလာန ဖြစ်လျှင် ပြဲသမျှ အားလုံး အစ်၏၊ သို့သော် မြင်းမ, နွားမ ကသော ရထားလှည်းတို့ မအပ်၊ နောက်ခေတ်မှ ပေါ်လာသောမ မီးရထား, မော်တော်ကားတို့ကား ယာဉ်တွင် ပါဝင်စေကာမူ မောင်းနှင်သူကို ညွှဲးဆဲရာ မရောက်သောကြောင့် လည်းကောင်း, မအပ်ဟု သရုပ်ဖော်ထားသောယာဉ်တို့တွင် မပါဝင်သောကြောင့် လည်းကောင်း, သင်္ဘော, လေယာဉ်ပျံတို့နှင့်အလွားတူ "အပ်သော ယာဉ်"ဟု ယူကြသည်။

---

## ၈။ သဃ်ာဏိသိက္ခာပုဒ်

**အပူသည်-ဘိက္ခုနီတစ်ယောက်။**

**အမှု-ခါးကြိုးတန်ဆာကို ဆောင်မှု။**

**ခါးကြိုးတန်ဆာ** ဘိက္ခုနီ တစ်ယောက်သည် ဆွမ်းခံနေကျ အိမ်မှ မိန်းမ တစ်ယောက်က "ဤခါးကြိုးကို မည်သည့်မိန်းမထံ ပို့ပေးစမ်းပါ"ဟု ပြော၍ ခါးကြိုးတန်ဆာကို ယူလာသောအခါ သပိတ်ထဲ၌ ထည့်ယူ သွားလျှင် အမှတ်တမဲ့ လန့်ပြီး အော်မိမှာစိုး၍ (မြွေကလေးနှင့် တူဟန် ရှိသည်)ခါး၌ဝတ်၍ ယူသွားလေသည်၊ ယာဉ်ရထားတို့ သွားလာရာ လမ်းမသို့ ရောက်သောအခါ ထိုခါးကြိုးပြတ်သဖြင့် တပ်ထားသော ပတ္တမြား လုံးကလေးတွေ ဖရိုဖရဲကြဲသဖြင့် လူအများမြင်ကြ၍ 'ဘိက္ခုနီတွေဟာ ကာမ စည်းစိမ် ခံစားသော လူဝတ်ကြောင် မိန်းမများလို ခါးကြိုး တန်ဆာကို ဆောင်ကြတာပဲကိုး" ဟု ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာ** **ပန** ဘိက္ခုနီ သဃ်ာဏိံ **ဓာရေယျ၊ ပါစိတ္တိယံ။**

**မြန်မာပြန်။** ။ခါးကြိုးတန်ဆာကို ဆောင်သော ဘိက္ခုနီမှာ ပါစိတ် အာပတ်သင့်၏။

ခါး၌ဝတ်ဆင်အပ်သောကြိုးသာမက, ခါးပန်းကြိုး ရိုးရိုးမှတစ်ပါး အလှပတ်ဖို့ ခါးစည်းကြိုး ခါးပတ်ဟူသမျှလည်း ပါဝင်သည်၊ ဘိက္ခုတို့ ဆောင်လျှင် ဒုက္ကဋ်အာပတ်။

## ဃ။ ဝုတ္တာလင်္ကာရ သိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီဘိက္ခုနီများ။**

**အမှု-မိန်းမတို့၏ အသုံးအဆောင်တန်ဆာကို ဆောင်မှု။**

**မိန်းမ အသုံးအဆောင်** ဦးခေါင်း, လည်ပင်း, လက်, ခြေ, ခါးတို့၌ ဝတ်ဆင်အပ်သော ပုတီး,နားတောင်း, လက်ကောက်, လက်ကြပ်, လက်စွပ်, လက်ပတ်နာရီ, ခြေကျင်း စသော မိန်းမတို့၏ အဆင်တန်ဆာ ဟူသမျှကို ဆဗ္ဗဂ္ဂီ ဘိက္ခုနီတို့ ဝတ်ဆင်ကြလေရာ လူတို့က "ကာမစည်းစိမ်ခံစားသော လူဝတ်ကြောင်မိန်းမများလိုပဲ" ဟု စွပ်စွဲကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဝုတ္တာလင်္ကာရံ ဓာရေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။မိန်းမတို့၏ အဆင်တန်ဆာကို ဆောင်သော ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။ [ဘိက္ခုတို့မှာ ဒုက္ကဋ်အာပတ် သင့်၏။]

---

## င။ ဂန္ဓဝဏ္ဏကသိက္ခာပုဒ်

**အမှုသည်—ဆဗ္ဗဂ္ဂီဘိက္ခုနီများ။**

**အမှု-နံ့သာရည် အလှရည်တို့ဖြင့် ရေချိုးမှု။**

အမွှေးအကြိုင်အနံ့ရှိသော အရည်တို့ဖြင့် ဖြစ်စေ, ထိုအရည်တို့ကို ရေ၌ ရောစပ်၍ဖြစ်စေ ရေချိုးကြခြင်း, အဆင်းကို လှစေနိုင်သော အလှရည်တို့ဖြင့် ဖြစ်စေ, အလှရည် ရောစပ်ထားသော ရေဖြင့်ဖြစ်စေ ရေချိုးကြခြင်းကြောင့် လူတို့က "ကာမစည်းစိမ် ခံစားသော မိန်းမများလိုပဲ" ဟု စွပ်စွဲကဲ့ရဲ့ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဂန္ဓဝဏ္ဏကေန နှာယေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။နံ့သာရည်, အလှရည်တို့ဖြင့် ရေချိုးသော ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။ [ဘိက္ခုတို့မှာ ဒုက္ကဋ်၊ ကိုယ်နံ့ မကောင်းခြင်း ကိုယ်အရေ အဆင်းပျက်သော ရောဂါ ရှိခြင်းကြောင့် ချိုးလျှင် အနာပတ္တိ။]

## ၈။ ဝါသိတကသိက္ခာပုဒ်

အမှုသည်–ဆဗ္ဗဂ္ဂီဘိက္ခုနီများ။
အမှု–နံ့သာထုံအပ်သော နှမ်းမှုန့်ညက်ဖြင့် ပွတ်တိုက်၍ ရေချိုးမှု။

ထိုသို့ ရေချိုးမှုကြောင့် “ကာမစည်းစိမ်ကို ခံစားသော လူဝတ်ကြောင် မိန်းမများလိုပါပဲကလား” ဟု လူတို့က စွပ်စွဲကဲ့ရဲ့ကြသဖြင့် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရ လေသည်။

သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ ဝါသိတကေန ပိညာကေန နှာပေယျ၊ ပါစိတ္တိယံ။

မြန်မာပြန်။ ။နံ့သာဖြင့် ထုံအပ်သော, နှမ်းမှုန့်ညက်ဖြင့် ရေချိုးသော ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

မှတ်ချက်။ ။ပဌမ သိက္ခာပုဒ်သည် နံ့သာအလှရည်တို့ကို ရေ၌ ရောစပ်၍ ချိုးခြင်းမှ တားမြစ်သော သိက္ခာပုဒ်တည်း၊ ဤ သိက္ခာပုဒ်ကား နံ့သာထုံအပ်သော နှမ်းမှုန့်တို့ဖြင့် ကိုယ်ကိုပွတ်တိုက်၍ ရေချိုးခြင်းမှ တားမြစ်သည်၊ သိက္ခာပုဒ် ၂-ပါးလုံးပင် မာလာဂန္ဓ ဝိလေပန ဓာရဏ စသော သိက္ခာပုဒ်နှင့် တစ်ထပ်တည်း ကျရကား ဘိက္ခု, ဘိက္ခုနီတို့သာမဏေ-သာမဏေရီများလည်း နံ့သာရေသော ရေဖြင့် လည်းကောင်း, နံ့သာထုံထားသော နှမ်းမှုန့်ညက် ဆပ်ပြာဖြင့် လည်းကောင်း ရေမချိုးကောင်း။ [နှမ်းမှုန့်ညက်သည် ချေးကို ကြည်လင်စေတတ်၏၊ ထို့ကြောင့် ရှေးက နှမ်းမှုန့်များဖြင့် ကိုယ်ကို ပွတ်တိုက်လေ့ ရှိကြသည်၊ နံ့သာ မထုံအပ်သော နှမ်းမှုန့်ညက်ဖြင့် ပွတ်တိုက်ခြင်းကား အနာပတ္တိ။]

ဆက်ဦးအံ့–ယခုခေတ် များစွာသောဆပ်ပြာတို့သည် ဝါသိတက ဆပ်ပြာများ ဖြစ်ကြ၏၊ ထိုဆပ်ပြာတို့ကား (အမှန် ပြောရလျှင်) မသုံးအပ်ကြချေ၊ အများထက် ထူးခြား၍ ကိုယ်နံ့ ဆိုးဝါးသူများ ရှိတတ်၏၊ ထိုသူများ အတွက်ကား ဤဆပ်ပြာမွှေးများ အပ်ပါ၏၊ ကိုယ်နံ့ မဆိုးဝါးဘဲလျက် ဆပ်ပြာမွှေး များကို သုံးစွဲလို၍ ကိုယ်နံ့ ဆိုးဝါးသူဖြစ်အောင်လည်း မိမိကိုယ်ကိုမကြံဆောင်သင့်၊ ထို့ကြောင့် ရောဂါထူး မရှိသူတို့မှာ မျက်နှာသစ် ရေချိုး စသည်ဖို့၌ အမွှေးနံ့ မထင်ရှားသော ရိုးရိုး ဆပ်ပြာများကိုသာ သုံးစွဲသင့်ကြပေသည်။

## ဆ။ ဥမ္မဒ္ဒါပန သိက္ခာပုဒ်

**အမှုသည်–ဘိက္ခုနီအများ။**

**အမှု–အခြားဘိက္ခုနီတို့ကို ခြေဆုပ် လက်နယ် ခိုင်းမှု။**

ကိုယ်ကိုယ်တိုင် အညောင်းအညာဖြေခြင်း, လမ်းလျှောက်ခြင်း စသည်ကို မပြုဘဲ သူတစ်ပါးကို ခိုင်းခြင်းသည် အခိုင်းအစေနှင့် နေနိုင်သော အိမ်ရှင်မများနှင့် တူရကား ထိုသို့ခိုင်းစေမှုကို လူတို့က "ကာမစည်းစိမ် ခံစားသော လူဝတ်ကြောင် မိန်းမ များလိုပါပဲတကား" ဟု ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဘိက္ခုနိယာ ဥမ္မဒ္ဒါပေယျဝါ ပရိမဒ္ဒါပေယျဝါ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။ဘိက္ခုနီမကို ပွတ်တိုက်ခိုင်းသော အဆုပ် အနယ်ခိုင်းသော ဘိက္ခုနီမှာ ပါစိတ် အာပတ် သင့်၏။

**မှတ်ချက်။** ။ဥမ္မဒ္ဒါပေယျကို "ဥဗ္ဗဋ္ဋာပေယျ-ပွတ်တိုက်စေအံ့" ဟု ဖွင့်ရကား "ရေချိုးရာ၌ ချေးပွတ်ခိုင်းခြင်းကို နာနာနှိပ်၍ ဟိုပွတ်သည်ပွတ် ပွတ်စေသည်ကို ဥမ္မဒ္ဒါပေယျဟု မိန့်လိုဟန် တူ၏၊ ပရိမဒ္ဒါပေယျ ဟူသည် အနင်းအနှိပ် ခံခြင်းမျိုးပင်တည်း၊ ထိုသို့ ခိုင်းခြင်းဟူရာ၌ အရသာခံသောသဘော, ဟန်ကြီးပန်ကြီးလုပ်သော သဘောဖြင့် ခိုင်းရာ၌သာ အာပတ်သင့်၏၊ တကယ်ညောင်းညာ-မကျန်းမာ၍ ခိုင်းလျှင်ကား အနာပတ္တိ။

**ဇ-ဈ-ည။** ။ထို့နောက် သိက္ခမာန်ကို ခိုင်းမှု, သာမဏေမကို ခိုင်းမှု, လူဝတ်ကြောင် မိန်းမကို ခိုင်းမှုကြောင့် သိက္ခာပုဒ် ၃-ရပ်ကို ပညတ်တော်မူရသေး၏။

---

## ဋ။ အနာပုစ္ဆာနိသီဒန သိက္ခာပုဒ်

**အမှုသည်–ဘိက္ခုနီအများ။**

**အမှု–ခွင့်မပန်ဘဲ ဘိက္ခုတို့၏ရှေ့၌ နေထိုင်မှု။**

ထိုသို့ ထိုင်မှုကြောင့် ဘိက္ခုတို့က ကဲ့ရဲ့ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဘိက္ခုဿ ပုရတော အနာပုစ္ဆာ အာသနေ နိသီဒေယျ၊ ပါစိတ္တိယံ။

**မြန်မာပြန်။** ။ဘိက္ခု၏ရှေ့၌ ခွင့်မတောင်းဘဲ ထိုင်သော ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

မှတ်ချက်။　။''ပုရတော-ရှေ့၌'' ဟု ဆိုသော်လည်း၊ ''ဧဒံ-ဤ ပုရတော ဟူသော စကားကို၊ ဥပစာရံသန္ဒာယ-ဥပစာကို ရည်ရွယ်၍၊ ဝုတ္တံ-ဆိုအပ်၏''ဟူသော အဋ္ဌကထာနှင့် ''သမန္တာ ဒွါဒသဟတ္ထုပစာရံ သန္ဓာယ-ပတ်ဝန်းကျင် ၁၂-တောင် ဥပစာကို''ဟူသော ဋီကာကို ထောက်၍ ''ရှေးတည့်တည့်၌''ထိုင်လိုမှသာ ခွင့်ပန်ရမည် မဟုတ်သေး၊ ရဟန်း၏ ပတ်ဝန်းကျင် တစ်ဆယ့်နှစ်တောင် ဥပစာအတွင်း၌ ထိုင်လိုလျှင် ''ထိုင်ပါရစေ'' ဟု ခွင့်တောင်း၍ အခွင့်ရမှ ထိုင်ကောင်းသည်။

---

## ၄။ အနောကာသ ကတ သိက္ခာပုဒ်

**အပူသည်-ဘိက္ခုနီအများ။**

**အမှု-ပြဿနာ မေးခွင့်မတောင်းဘဲ ပြဿနာမေးမှု။**

ထိုသို့ အခွင့်မတောင်းဘဲ ပြဿနာ မေးမှုကြောင့် ဘိက္ခုတို့က ကဲ့ရဲ့ကြသဖြင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။　။ယာ ပန ဘိက္ခုနီ အနောကာသကတံ ဘိက္ခုံ ပဉှံ ပုစ္ဆေယျ ပါစိတ္တိယံ။**

မြန်မာပြန်။　။ပြဿနာမေးခွင့် မပြုသော ရဟန်းကို ပြဿနာမေးသော ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

မှတ်ချက်။　။ဘိက္ခုနီသည် ဘိက္ခုအထံ၌ ပြဿနာမေးလိုလျှင် ချက်ခြင်း မမေးရသေး ''ပြဿနာ မေးပါရစေ''ဟု ခွင့်တောင်း၍ ''မေးတော့'' စသည်ဖြင့်ခွင့်ပြုမှ မေးရသည်၊ ထိုသို့မေးရာ၌လည်း''ဝိနည်းဘက်က, သို့မဟုတ်-သုတ္တန်ဘက်က, သို့မဟုတ်-အဘိဓမ္မာဘက်က မေးပါရစေ''ဟု ခွင့်တောင်းရမည်၊ ဝိနည်းဘက်က ခွင့်တောင်းပြီးနောက် သုတ္တန်, အဘိဓမ္မာဘက်မှာ မမေးရ၊ မေးလျှင် ပါစိတ် အာပတ်သင့်၏၊ ထို့အတူ သုတ္တန်ဘက်, အဘိဓမ္မာဘက်၌လည်း ခွင့်ပေးထားသောအချက် မဟုတ်လျှင် ပါစိတ်အာပတ် သင့်၏၊ သို့မဟုတ် ခွင့်တောင်းတုန်း ကပင် ''မည်သည့်ဘက်က'' ဟု ထန့်သတ်ချက် မပါဘဲ ခွင့်တောင်း၍ ခွင့်ရလျှင် မေးချင်ရာကို မေးနိုင်သည်။

---

## ၃။ အသံကစ္စိကာ သိက္ခာပုဒ်

**အပူသည်-ဘိက္ခုနီတစ်ယောက်။**

**အမှု-ရင်မည်းတဘက်မပါဘဲ ရွာတွင်းသို့ ဆွမ်းခံဝင်မှု။**

**အလောင်းခံရခြင်း**　ရင်စည်းမပါဘဲ ဆွမ်းခံ ဝင်မိလေသော် မြင်းရထားတို့ သွားလာရာ လမ်းမပေါ်၌ လေပွေတိုက်သဖြင့် အပေါ်

သင်္ကန်းများ လှန်၍သွားသဖြင့် လူတို့က "သုန္ဒရာအယျှာယ ထန်ဒရာ-အရှင်မ ရဲ့ သားမြတ်နှင့် ဝမ်းဗိုက်တို့သည် လှပါပေကုန်၏၊" ဟု ပြောင်လှောင်ကြ လေသည်၊ ထိုသို့ဟစ်အော်၍ ပြောင်လှောင်မှုခံခဲ့ရကြောင်းကို ထိုဘိက္ခုနီက ပင် အခြားဘိက္ခုနီတို့အား ပြောပြသဖြင့် အခြား ဘိက္ခုနီတို့က "ရင်စည်း မပါဘဲ ရွာတွင်းသို့ ဝင်ရသလား"ဟု ကဲ့ရဲ့ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။**ယာ ပန ဘိက္ခုနီ** အသံကစ္ဆိကာ ဂါမံ ပဝိသေယျ၊ **ပါစိတ္တိယံ။**

**မြန်မာပြန်။** ။ရင်စည်းမပါဘဲ ရွာတွင်းသို့ဝင်သော ဘိက္ခုနီမှာ ပါစိတ် အာပတ် သင့်၏။

**မှတ်ချက်။** ။"သံကစ္ဆိကာ" ဟူသည် ညှပ်ရိုး ၂-ဘက်၏အောက် ချက် ပတ်ဝန်းကျင်၏ အထက်ကို(ကိုယ်၏ အလယ်ပိုင်းကို) ဖုံးထားဖို့ရာ ဘိက္ခုနီများအတွက် သက်သက်ခွင့်ပြုအပ်သော အတွင်းခံ ရင်စည်း တဘက် တစ်မျိုးတည်း၊ အတွင်းခံကိုယ်ကြပ်အင်္ကျီနှင့် သဘောတူဟန် ရှိသော်လည်း အင်္ကျီကို ခွင့်မပြုရကား တဘက် တစ်မျိုးသာ ဖြစ် သင့်သည်။

## ဆတ္တုပါဟနဝဂ် ပြီး၏။

---

**မှာထားချက်။** ။ဤ ပါစိတ်အခန်း၌ လသုဏဝဂ်မှစ၍ ဝဂ်ပေါင်း ၉-ဝဂ် ရှိ၏၊ ရှေ့ဝဂ်များ၌ သိက္ခာပုဒ် ၁၀-ပါးစီရှိ၍ နောက်ဆုံး ၂-ဝဂ်၌ ၁၃-ပါးစီ ရှိကား ဘိက္ခုနီများနှင့်သာဆိုင်သော သိက္ခာပုဒ်ပေါင်း ၉၆-ပါး ရှိ၏၊ ထို့ပြင် ဘိက္ခုများအတွက် ပြခဲ့သော မုသာဝါဒ စသော သိက္ခာပုဒ် ၉၂-ပါးတွင် ၂၂-ပါးသည် ဘိက္ခုနီများမဆိုင်၊ ကျန် ၇၀-သာ ဆိုင်၏၊ ထို့ကြောင့် ဘိက္ခုနီများအတွက် ပါစိတ် အာပတ်ကို ပညတ်ထားသော သိက္ခာပုဒ်ပေါင်း ၁၆၆-ပါး ရှိသည် ဟု မှတ်။

**မဆိုင်သောသိက္ခာပုဒ်။** ။ဘိက္ခုနီများနှင့် မဆိုင်သော ဘိက္ခုပါစိတ် သိက္ခာ ပုဒ်ပေါင်း ၂၂-ပါး ဟူသည် ဘိက္ခုနီဝဂ်လာ သိက္ခာပုဒ် ၁၀, ပရမ္ပရဘောဇန,အနတိရိတ္တဘောဇန, အဘိဟဋ္ဌုံပဝါရဏာ, ဏာတိ ဘောဇနပိညတ္တိ, အစေလက, ဒုဋ္ဌုလ္လပဋိစ္ဆာဒန, ဦနဝီသတိဝဿုပ သမ္ပာဒန, မာတုဂါမေန အဒ္ဓါနဂမန, ရာဇန္တေ ပုရပ္ပဝေသန, ဝိကာလေ ဂါမပ္ပဝေသန, နိသီဒန, ဝဿိကသာဋိကတို့တည်း။

## ပါစိတ်အခန်း ပြီး၏။

# ၅။ ပါဋိဒေသနီယအခန်း

## ၈။ သပ္ပိဝိညာပနသိက္ခာပုဒ်

**အမှုသည်-ဆဗ္ဗဂ္ဂီဘိက္ခုနီများ။**
**အမှု-ထောပတ်ကို တောင်း၍စားမှု။**

ထိုသို့ စားခြင်းကြောင့် လူတို့က "ကောင်းတာကို ဘယ်သူမကြိုက်ဘဲ ရှိမှာလဲ" ဟု ကဲ့ရဲ့ကြသဖြင့် "ထောပတ်ကို တောင်း၍ မစားရ" ဟု ပဌမ ပညတ်တော်မူပြီးလျှင် ထောပတ်ကိုမစားရ မကျန်းမာသော ဂိလာနဘိက္ခုနီ အတွက် ခြွင်းချက်ထားတော်မူကာ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်၊** ။ယာ ပန ဘိက္ခုနီ အဂိလာနာ သပ္ပိံ ဝိညာပေတွာ ဘုဉ္ဇေယျ၊ ပဋိဒေသေတဗ္ဗံ တာယ ဘိက္ခုနိယာ "ဂါရယှံ အယျေ ဓမ္မံ **အာပဇ္ဇိံ** အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမိ" တိ။

**မြန်မာပြန်။** ။အကြင်ဘိက္ခုနီသည် ဂိလာနမဟုတ်ဘဲ (ထောပတ်စားရမှ ကျန်းမာမည့်သူမဟုတ်ဘဲ) ထောပတ်ကို တောင်း၍စားအံ့၊ ထိုဘိက္ခုနီသည် "အရှင်ပတို့.... တပည့်တော်သည် ကဲ့ရဲ့ထိုက်သော လျောက်ပတ်သော ပါဋိဒေသနီယ သိက္ခာပုဒ်သို့ ရောက်ပါပြီ၊ ထိုအာပတ်ကို (အာပတ်သင့်ကြောင်း ဝန်ခံသောအားဖြင့်) သီးခြားပြောပြပါ၏" ဟု ဆို၍ ဒေသနာပြောရမည်။

**မှတ်ချက်။** ။ဂိလာန မဟုတ်သော်လည်း ဆွေမျိုး တော်စပ်သူထံ၌ လည်းကောင်း, အလိုရှိလျှင် ပြောပါ (အမိန့်ရှိပါ) ဟု ဖိတ်ထားသူထံ၌ လည်းကောင်း တောင်း၍စားကောင်း၏။

---

**ဒမိဝိညာပနစသော သိက္ခာပုဒ် ၇ ပါး**

ဆဗ္ဗဂ္ဂီယမည်သော ဘိက္ခုနီသည်ပင်—

(ခ) နို့ ၊မ်းနို့ချဉ်ကို တောင်း၍စားမှုကြောင့် ဒမိဝိညာပနသိက္ခာပုဒ်။
(ဂ) ဆီကိုတောင်း၍စားမှုကြောင့် တေလဝိညာပန သိက္ခာပုဒ်။
(ဃ) ပျားရည်ကိုတောင်း၍ စားမှုကြောင့် မဓုဝိညာပန သိက္ခာပုဒ်။

(င) တင်လဲ (ကြံရည်, ကြံသကာ, ထန်းရည်, ဓနိရည်, သကာရည်, သကာခဲ, ထန်းလျက်) ကိုတောင်း၍ စားမှုကြောင့် ဖာဏိတဝိညာပန သိက္ခာပုဒ်။

(စ) ငါးဟင်းကိုတောင်း၍ စားမှုကြောင့် မစ္ဆဝိညာပန သိက္ခာပုဒ်။

(ဆ) နွားသားစသော အသားဟင်းကို တောင်း၍စားမှုကြောင့် မံသဝိညာပန သိက္ခာပုဒ်။

(ဇ) နွားနို့စသော နို့ရည်ကို တောင်း၍သောက်မှုကြောင့် ခီရဝိညာပန သိက္ခာပုဒ်။

ဤသိက္ခာပုဒ်များကို ထိုထိုအစာ မစားမသောက်ရလျှင် မကျန်းမာမည့် ဂိလာနတို့အတွက် ခြွင်းချက်ပြု၍ ပါဋိဒေသနီယ သိက္ခာပုဒ်ဟု ပညတ်တော်မူရလေသည်။

## ပါဋိဒေသနီယအခန်း ပြီး၏။

**အမှာ။** ။ဤမှနောက်၌ သေခိယအခန်းရှိ၏၊ ထိုသေခိကအခန်းလာ သိက္ခာပုဒ်များကား အားလုံးပင် ဘိက္ခုသိက္ခာပုဒ်များနှင့်တူပြီ၊ အားလုံးပေါင်းလျှင် ဘိက္ခုနီများအတွက် အာပတ်တပ်၍ ပညတ်အပ်သော ဘိက္ခုနီပါတိမောက်၌လာသော သိက္ခာပုဒ်ပေါင်း—

ပါရာဇိက ၈-ပါး, သံဃာဒိသေသ် ၁၇-ပါး, နိဿဂ္ဂိယပါစိတ် ၃၀, သုဒ္ဓပါစိတ် ၁၆၆-ပါး, ပါဋိဒေသနီယ ၈-ပါး, သေခိယ ၇၂-ပါးအားဖြင့် ၂၉၃-ပါး ရှိသတည်း၊ ထို့ပြင်-မဟာဝဂ္ဂ စူဠဝဂ္ဂခန္ဓကတို့၌ သိက္ခာပုဒ်ငယ်များ များစွာရှိသေး၏၊ ထိုသိက္ခာပုဒ်များကိုကား ဤ၌မပြသေးဘဲသင့်လျော်သောအခါကျမှ သီးခြားပြပါမည်။

# ဘိက္ခုနီခန္ဓကမှ လာသော တချို့သိက္ခာပုဒ်များ

## ၁။ မာတုဂါမကို ရှိမခိုးရ

**မိထွေးတော် လျှောက်ပုံ**

မိထွေးတော်ဂေါတမီသည် အရှင်အာနန္ဒာကို ဘုရားရှင်ထံ လျှောက်ပေးပါရန် တောင်းပန်သည်မှာ— "အရှင်အာနန္ဒာ ...ဘိက္ခုနှင့် ဘိက္ခုနီတို့အချင်းချင်း ကြီးစဉ်ငယ်လိုက် ရှိခိုးဝပ်ချဖို့ရန် နေရာမှထပေးဖို့ရန် (ခရီးဦးကြိုဆိုရန်) လက်အုပ်ချီဖို့ရန် အရိုအသေပြုဖို့ရန် လျှောက်ပေးပါ"ဟု တောင်းပန်လေသည်၊ [ဤတောင်းပန်ချက်အတိုင်းဆိုလျှင် ရဟန်းယောကျ်ားငယ်က မိမိထက် သိက္ခာကြီးသော ရဟန်းမကို ရှိခိုးဦးချ အရိုအသေပြုရလိမ့်မည်။]

**ဘုရားရှင် ပယ်တော်မူပုံ**

အရှင်အာနန္ဒာသည် ဘုရားရှင်ထံသွား၍ မိထွေးတော် တောင်းပန်သည့် အကြောင်းကို လျှောက်ထားလေသော် "အာနန္ဒာ....မာတုဂါမကို ရဟန်းယောကျ်ားဖြစ်သူ ရှိခိုးဝပ်ချမှု, နေရာမှထပေးမှု, လက်အုပ်ချီမှု, အရိုအသေပေးမှုကို ငါဘုရားခွင့်ပြုဖို့ရန် လုံလောက်သော အကြောင်းအရာမရှိ၊ အာနန္ဒာ....မမှန်သော တရားရှိကြသော တိတ္ထိများသော်မှ မာတုဂါမကို ရှိခိုးဦးချ အရိုအသေ မပြုကြပါဘဲ, ငါဘုရားက ဘာ့ကြောင့် "မာတုဂါမအား ရှိခိုးဦးချ အရိုအသေပြုရမည်"ဟု ခွင့်ပြုနိုင်မှာလဲ အာနန္ဒာ"-ဟု မိန့်တော်မူ၍ အောက်ပါသိက္ခာပုဒ်ကို ပညတ်တော်မူရလေသည်။

"န ဘိက္ခဝေ မာတုဂါမဿ အဘိဝါဒနံ ပစ္စုဋ္ဌာနံ အဉ္ဇလိကမ္မံ သာမိစိကမ္မံ ကာတဗ္ဗံ၊ ယော ကရေယျ, အာပတ္တိ ဒုက္ကဋဿ။—ဘိက္ခုတို့....မာတုဂါမကို ရှိခိုးဝပ်ချမှု ခရီးဦးကြိုမှု, လက်အုပ်ချီမှု,အရိုအသေပေးမှုကို မပြုရ၊ အကြင်ရဟန်းသည် ထိုအမှုကိုပြု၏၊ ထိုရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်စေ။"

## ၂။ ဆဗ္ဗဂ္ဂီဂိုဏ်းဝင်ဘိက္ခုနီများ မတော်တရော်ပြုမှု

(က) ဆဗ္ဗဂ္ဂီဂိုဏ်းဝင် ဘိက္ခုနီတို့သည် ဘိက္ခုတို့အား ("အဒုပ္ပဝနာမ အမ္မေသု သာရဇ္ဇေယျုံ–ငါတို့အပေါ်၌တပ်မက်မှုရှိကြကုန်တန်ရာ၏"ဟု အချစ်စမ်းသော သဘောဖြင့်) ကိုယ်ကိုဖွင့်ဖော်၍ ပြကြကုန်၏။

(ခ) တချို့က သားမြတ်ကို ဖွင့်ဖော်၍ပြကြကုန်၏။

(ဂ) တချို့က ပေါင်ကိုလှန်၍ ပြကြကုန်၏။

(ဃ) တချို့က အင်္ဂါဇာတ်ကို လှန်၍ပြကြကုန်၏။

(င) တချို့က ဘိက္ခုတို့ကို ကာမဂုဏ်နှင့်စပ်၍ ပြောကြကုန်၏။

(စ) တချို့က ဘိက္ခုတို့နှင့် မာတုဂါမတို့ကို စပ်ပေးကြကုန်၏။

ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ကြသဖြင့် "ထိုအမှုများကို မပြုရ, ပြုသော ဘိက္ခုနီမှာ ဒုက္ကဋ်အာပတ်"ဟု ပညတ်တော်မူရလေသည်။

---

## ၃။ ဘိက္ခုနီများ နံရိုးအလှပြင်မှု

(က) တချို့ဘိက္ခုနီသည် ခါးပန်းကြိုး(ခါးပတ်ကြိုး) အရှည်ကို အသုံးပြု၍ တစ်ပိုင်းဖြင့် ခါးပတ်ပြီးလျှင် တစ်ပိုင်းဖြင့် နံရိုးများကို ပတ်ကြကုန်၏၊ [နံရိုးကိုပတ်ထားလျှင် နံရိုးတွေအပြင်မောက်၍မထွက်သောကြောင့် ကိုယ်ကလေးလုံးလုံးခဲခဲ ဖြစ်နေသဖြင့် ငါးရံ့ကိုယ်ကလေးကဲ့သို့ဖြစ်ကာ ကြည့်၍လှလေသည်။]

ထိုသို့ပြုမှုကို လူတို့သိကြသဖြင့် "ကာမစည်းစိမ်ခံစားသော လူဝတ်ကြောင်မိန်းမများလိုပါပဲလား"ဟု ကဲ့ရဲ့ကြသောကြောင့်"ရှည်စွာသောခါးပန်းကြိုးကိုမဆောင်ရ ခါးကိုတစ်ပတ် ပတ်မိရုံလောက်သော ခါးပန်းကိုသာ ဆောင်ရမည်၊ ထိုခါးပန်းကြိုးဖြင့်လည်း နံရိုးတို့ကို ကိုင်းညွတ်အောင် မပြုလုပ်ရ၊ ပြုလုပ်လျှင် ဒုက္ကဋ်အာပတ်" ဟု သိက္ခာပုဒ် ပညတ်တော်မူရလေသည်။

ထိုသို့ ပညတ်တော်မူသောအခါ သူတို့၏အလှပြင်မှုကို တချို့ဘိက္ခုနီများ လက်မလွှတ်နိုင် သေးသောကြောင့် တားမြစ်ပြီးသောအမှုက ရှောင်ရှား၍ မတားမြစ်ရသေးသောအမှုကို ကျူးလွန်ကြပြန်ရာဝယ်....

( ခ ) တချို့က နှီးအပြားဖြင့် နံရိုးကိုညွတ်စေကြ (မမောက်အောင် ပြင်ဆင်ကြ) ကုန်၏။
( ဂ ) တချို့က သားရေပြား,
( ဃ ) တချို့က အဝတ်ဖြူအပြားဖြင့်,
( င ) တချို့က ဖွတ်မြီးထိုးထားသော(အဝတ်ပြားတွေကို အထပ်ထပ် ပြုထားသော) အဝတ်ဖြူဖြင့်,
( စ ) တချို့က အဝတ်ဖြူအလုံးဖြင့်,
( ဆ ) တချို့က သင်္ကန်းအပြားဖြင့်,
( ဇ ) တချို့က သင်္ကန်းအဝတ်လုံးဖြင့်,
( ဈ ) တချို့က အထပ်ထပ်ပြုထားသော ချည်သက်သက်ဖြင့်,
( ည ) တချို့က ချည်တွေ စုလုံးထားသော ချည်လုံးဖြင့် နံရိုးတို့ကို ညွတ်စေကြကုန်၏။

ထိုအမှုကိုလည်း လူတို့သိ၍ ကဲ့ရဲ့ကြသောကြောင့် ဒုက္ကဋ်အာပတ် ပညတ်တော်မူရပြန်သည်။

## ၄။ ဘိက္ခုနီများ ခါးစည်းကို အလှပြင်မှု

မာတုဂါမတို့သည် လှမည်ဆိုလျှင် အဆင်းရဲခံ၍ ကိုယ်ကို အလှပြင်လေ့ ရှိသောကြောင့်—

( က ) တချို့ ဘိက္ခုနီတို့သည် ခါးကို (သို့မဟုတ်-တင်ပါးကို) နွား၏ ခြေသလုံးရိုးဖြင့် ပွတ်တိုက်ပေးကြကုန်၏။
( ခ ) တချို့က နွား၏မေးရိုးဖြင့် ပွတ်တိုက်ပေးကြကုန်၏။
( ဂ ) တချို့က လက်မောင်းအဖျားကို (အပိုင်းအဖြတ်ထား၍) ဒေါင်း ၏အတောင် စသည်တို့ဖြင့် ဆန်းကြယ်စွာ တန်ဆာဆင်ကြကုန်၏။
( ဃ ) တချို့က လက်ဖမိုးကို ထိုကဲ့သို့ တန်ဆာဆင်ကြကုန်၏။
( င ) တချို့က ခြေသလုံးကို,
( စ ) တချို့က ခြေဖမိုးကို,
( ဆ ) တချို့က ပေါင်ကို,
( ဇ ) တချို့က မျက်နှာကို,
( ဈ ) တချို့က သွားဖုံးအသားကို တန်ဆာဆင်ကြကုန်၏။

ထိုအမှုကို လူတို့သိ၍ ကဲ့ရဲ့ကြသောကြောင့် "ထိုကဲ့သို့မပြုရ, ပြုလျှင် ဒုက္ကဋ် အာပတ်" ဟု ပညတ်တော်မူရလေသည်။

## ၅။ မျက်နှာကိုအလှပြင်မှု

ဆဗ္ဗဂ္ဂီဘိက္ခုနီတို့သည် မျက်နှာကို သနပ်ခါးအထုံ စသည်တို့ဖြင့် လိမ်းကြကုန်၏၊ မျက်နှာခြေမှုန့်တို့ဖြင့် ပွတ်တိုက် ကြိတ်ချေကြကုန်၏၊ နံ့သာမှုန့် (ပေါင်ဒါ) တို့ဖြင့် လိမ်းကျံကြကုန်၏၊ ဆေးဒန်း မြင်းသီလာမှုန့် တို့ဖြင့် အပျောက်သားခြင်း အကြောင်းဆွဲခြင်း စသည်ကို ပြုကြကုန်၏၊ လက်ခြေစသော အင်္ဂါကြီးငယ်ကို တပ်နှစ်သက်ဖွယ်ကောင်းအောင် (လှအောင်) ခြယ်လှယ်ကုန်၏၊ မျက်နှာကို တပ်နှစ်သက်ဖွယ်ကောင်းအောင် ခြယ်လှယ်ကြကုန်၏၊ ထိုအမှုကို လူတို့သိ၍ ကဲ့ရဲ့ကြသောကြောင့် ''ထိုကဲ့သို့မပြုရ၊ပြုလျှင် ဒုက္ကဋ်အာပတ်''ဟု ပညတ်တော်မူရလေသည်။

## ၆။ အထွေထွေပြစ်မှုများ

ဆဗ္ဗဂ္ဂီဘိက္ခုနီတို့သည် မျက်လုံးလှအောင် မကောင်းသေးသော နေရာ၌ ကောင်းသော အရေးအကြောင်းများကို ဆွဲကြကုန်၏၊ ပါး၌မှုန်ကူကွက်ကို ပြုကြကုန်၏၊ လေသောက်ပြတင်းကိုဖွင့်၍ လမ်းမကိုကြည့်ကြကုန်၏၊ တံခါးကို ဖွင့်၍ မိမိတို့ကိုယ်ကို ပြကြကုန်၏၊ ကပွဲကိုပြုစေကြကုန်၏၊ တချို့က ပြည့်တန်ဆာမကိုပင် ထားကြကုန်၏၊ တချို့က ထန်းရည်အရက်ဆိုင် ထောင်ကြကုန်၏၊ တချို့က ဝက်သား ကြက်သား အမဲသား စသော အသားဆိုင်ဖွင့်ကြကုန်၏၊ တချို့က ကုန်စုံဆိုင် ဖွင့်ကြကုန်၏၊ တချို့က ငွေတိုးပေးကြကုန်၏၊တချို့က ကူးသန်းရောင်းဝယ်မှုကို ပြုကြကုန်၏၊ တချို့က ကျွန်ယောကျ်ား ကျွန်မိန်းမ အလုပ်သမားယောကျ်ား အလုပ်သမားမိန်းမတို့ကို ပြုစုလုပ်ကျွေးစေကြကုန်၏၊ တချို့က ခိုင်းစေဖို့ရာ တိရစ္ဆာန်မွေးထားကြကုန်၏၊ တချို့က ဟင်းသီးဟင်းရွက် ဆိုင်ဖွင့်ကြကုန်၏၊ ထိုအမှုကို လူတို့သိ၍ ကဲ့ရဲ့ကြသောကြောင့် ''ထိုသို့မပြုရ,ပြုလျှင် ဒုက္ကဋ်အာပတ်''ဟု ပညတ်တော်မူရလေသည်၊ ဤသို့ စသည်ဖြင့် ဘိက္ခုနီများ အတွက်သာဖြစ်သော ပညတ်တော်များလည်း ''ဘိက္ခုနီခန္ဓက''၌ များစွာရှိလေသေး၏။

## ဘိက္ခုနီသိက္ခာပုဒ်များ

## ပြီးပြီ။

# ကျမ်းပြီး နိဂုံး

## ရည်ရွယ်ချက်

ဤ ဘုရားဥပဒေတော်ကြီး စီစဉ်ရာ၌ အတော်များများသော ရည်ရွယ်ချက်ရှိပါသည်၊ ထိုရည်ရွယ်ချက် အများတွင်—

၁။ ဝိနည်း ပါဠိတော်ရင်းအတိုင်း နားလည်လိုကြသော နားလည်သ လောက်လည်း ကောင်းမွန်စွာ နေထိုင်လိုကြသော ရဟန်း သာမဏေတို့အား ဝိနည်းဥပဒေကို လွယ်ကူစွာ နားလည်စေလိုခြင်း။

၂။ သာသနာတော်ကို ပစ္စည်း ၄-ပါးဖြင့် ထောက်ပံ့နေကြသော ဒါယကာ ဒါယိကာမတို့အား ဝိနည်းတရားတော် အမှန်ကို လွယ်ကူစွာ နားလည် စေ၍ ထိုနားလည်သည့်အတိုင်းလည်း သာသနာတော်ကို ပြုစုတတ်ကြစေ လိုခြင်း။

၃။ ဤနည်းအားဖြင့် လူ့ဘက် ရှင်ဘက် ၂-ဘက်လုံးမှာပင် ဝိနည်း သာသနာထွန်းကားလာ၍ သာသနာ့ဝန်ထမ်း ရဟန်း သာမဏေ များကို နိုင်ငံသူ နိုင်ငံသားတို့က ယခုထက်တိုး၍ လေးစားလာလိမ့်မည်ဟု မျှော်လင့် ခြင်း။

၄။ ထိုသို့ လူဝတ်ကြောင်တို့က လေးစားလာသည် အားလျော်စွာ သာသနာ့ဝင် အရှင်များမှာလည်း မေတ္တာ ကရုဏာ မုဒိတာ တိုးပွား၍ ဒါယကာ ဒါယိကာမတို့အား ထိုမေတ္တာ ကရုဏာ မုဒိတာ အခြေခံပါသော ဩဝါဒကိုပေးခြင်း, ကလေးသူငယ်တို့အား အပြစ်မရှိသော (သင်ပြကောင်း သော) သိပ္ပဝိဇ္ဇာကို သင်ပြခြင်းတို့ဖြင့် သာသနာ့ဝင် အရှင်များက လောကတ္ထစရိယာ (လောကကောင်းကျိုးကို) ကျင့်ကြခြင်း။

၅။ ထိုသို့ ကျင့်ကြသဖြင့် "ကျွန်းကိုကိုင်းမှီ ကိုင်းကိုကျွန်းမှီ" ပမည်မယွင်း အချင်းချင်းအားထားလျက် တိုးတက်လာသော ပြည်ထောင်စု မြန်မာနိုင်ငံ တော်၏ ကမ္ဘာပေါ်တွင် ကြည်လင်သော လမင်းကဲ့သို့ ထင်ရှားနေပုံကို မျှော်မှိခြင်း၊ ....ဤသို့သောအကျိုးကို မျှော်ကိုးရည်ရွယ်ကာ ဤဥပဒေတော်ကို စီစဉ်ရခြင်းဖြစ်ပါသည်။

၆။ မလွယ်ကူမှန်း သိခြင်း။

ထိုကဲ့သို့ မျှော်လင့်ချက်ကြီးစွာဖြင့် အနာဂတ် သာသနာရေး, ရုပ်ပုံ ရှင် ကျင့်ဝတ်တို့နှင့် ဤဥပဒေတော်ကြီးကို စီစဉ်ရပါသော်လည်း ရည်ရွယ်ချက်

အကျိုးများ မျှော်ကိုးသလောက် အထမြောက်ဖို့ မလွယ်ကူကြောင်းကိုလည်း ကိုယ်တိုင် ကြိုးစားချက်များက လက်တွေ့ပြသလျက် ရှိပါသည်၊ ထင်ရှားစေပါမည်။

၇။ မိမိသည် သာသနာ့ဝင်ဖြစ်သည့် အားလျော်စွာ လောကီလောကုတ္တရာ ၂-ဘက်လုံးမှာပင် အထက်တန်း အရောက်ဆုံး ဖြစ်တော်မူသော မြတ်စွာဘုရား၏ ရှေးခေတ်သာသနာတော်ကို မှန်းမျှော်ကြည်ညိုပြီးလျှင် ယခုခေတ် သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များကိုလည်း ကိုးကွယ်ဆည်းကပ်သူ လူ့ဝတ်ကြောင်တို့ လေးစားလောက်သော ကျက်သရေကို အလွန်ပင် ဆောင်စေလိုပါသည်၊ ထိုသို့ ကျက်သရေဆောင် ဖြစ်စေလိုသည် အားလျော်စွာ မိမိစောင့်ရှောက်ရာ ကျောင်းတိုက်နှင့် သံဃာများကို အထူးစံနစ်ကျအောင် ကြိုးစားခဲ့သည်မှာ အတော်ကြာခဲ့ပါပြီ၊ ကြိုးစားပုံကား—

ဂ။ သာယာသန့်ရှင်းရေး—

(က) မိမိနေရာ မဟာဂန္ဓာရုံကျောင်းတိုက်သည် အမရပူရမြို့နှင့် အလှမ်းမဝေးသော်လည်း နီးစပ်လျက်ကားမနေပါ၊ "ဂမနာဂမနသမ္ဗန္ဓ" ဟု ဆိုရလောက်အောင် သွားလို့ပြန်လို့ သင့်တော်ရုံသာရှိပါသည်။

(ခ) ရှေးကမဟာဂန္ဓာရုံဆရာတော်ကြီးစသော ဆရာတော်ကြီးအဆက်ဆက်တို့ နှစ်သက်မွေ့လျော်စွာ သီတင်းသုံးတော်မူခဲ့ရာ ကမ္မဋ္ဌာန်းကျောင်းတိုက်ဖြစ်၍ နဂိုမူလ သဘာဝအတိုင်းလည်း တိတ်ဆိတ်လျက် ရှိပါသည်။

(ဂ) ကျောင်းတိုက်၏ အတော်ဝေးသော အနောက်စွန် ကျမှသာ လူနေအိမ်ခြေကိုမြင်ရ၍ မြောက်ဘက်၌ ယာခင်းများနှင့် ကျော်အောင်စံထားကျောင်းတိုက် ခြားလျက်ရှိသည့်ပြင်, တောင်ဘက် တစ်ခွင်လုံးမှာ ဘုရားစေတီများနှင့် တောင်လေးလုံးကျောင်းတိုက်သာ ရှိပါတော့သည်။

(ဃ) အရှေ့ဘက်၌ကား ရာဇဝင်ထင်ရှားသော တောင်သမန် အင်းကြီးသည် နယုန်လလောက်မှစ၍ တန်ဆောင်မုန်း နတ်တော်လောက် အထိ ကျယ်ပြန့်သော ရေပြင်ကြီးဖြင့်လည်းကောင်း ထို့နောက် နွေဥတုအရောက်မှာ စိုက်ပျိုးကြသော မုယင်းစပါးခင်း, ယာခင်းများဖြင့်လည်းကောင်း ရှုမျှော်ခင်း သာသာယာယာနှင့် လွန်စွာ သန့်ရှင်းသော လေကောင်းကို ကျောင်းတိုက်အတွင်းသို့ ဆောင်ပို့လျက် ရှိပါသည်။

(င) ထိုသို့ သဘာဝအားဖြင့် သာယာနေသော ကျောင်းတိုက်ဝယ် ကြီးကြီးငယ်ငယ် ကျောင်းများနှင့်တကွ ကျောင်းတိုက်ဝင်းကို လည်း သန့်ရှင်းနိုင်သမျှ သန့်ရှင်းအောင် နေ့စဉ်လည်းကောင်း အထူးအားဖြင့် ဥပုသ်မတိုင်မီ အဖိတ်နေ့များ၌လည်းကောင်း ရေ ဖြန်း၍ အမှိုက်လှည်းစေခြင်း, ပိုးမျှင်စသည်ကို သုတ်သင်စေခြင်း, အဝတ်စသည်ကို နေလှန်းစေခြင်း, ဖွတ်လျှော်စေခြင်း စသည်ဖြင့် ဘုရားပညတ်တော်မူအပ်သော သေနာသနဝတ် (ကျောင်းနှင့်စပ် သောကျင့်ဝတ်)များကို ပြုလုပ်စေပါသည်။

(စ) ဤကားသက်မဲ့ပစ္စည်းများကို ပြုပြင်ရေးဖြစ်၏၊ ဤသက်မဲ့ပြုပြင် ရေးသည် ပြုပြင်ထားတိုင်း မပျက်စီးနိုင်သဖြင့် လည်းကောင်း, တာဝန်ဝတ္တရားကိုရွက်ဆောင်နေကြသဖြင့်လည်းကောင်း အထိုက် အလျောက် အထမြောက်သည်ဟု ဆိုထိုက်ပါပေ၏။

၉။ သံဃာများကိုပြုပြင်ရေး

သက်မဲ့ပစ္စည်းကို ပြုပြင်သလို သက်ရှိပုဂ္ဂိုလ်များကိုလည်း "ကြိုးစား လျှင် ဘုရားတောင် ဖြစ်နိုင်သေးတာပဲ"ဟူသော ဇွဲဖြင့် စွဲစွဲမြဲမြဲကြိုးစားခဲ့ ပါသည်။

(က) နေ့စဉ် နံနက် အရုဏ်တက်လျှင် ပဲပြုတ် ချဉ်ပေါင်ဟင်း တို့လို ဟင်းမျှဖြင့် ဆွမ်းစားကြပြီးနောက် စာမမြင်သေးခင် အချိန်မှာ ပင် တုံးခေါက်၍ သံဃာအားလုံး စုရုံးပြီးကာ ဘုရားပါဠိတော် ကို (ဠမ ဘိက္ခဝေ တထာဂတော လောကေ ဥပ္ပဇ္ဇတိ-စသော သာသနာတော် ဖြစ်ပေါ်ပုံ အစဉ်ပြပါဠိတော်မျိုးနှင့် ဓမ္မစကြာ ပါဠိတော်မျိုးကို) အဖြတ်အတောက် ကောင်းမွန်သေသပ်စွာနှင့် အနက်ကိုပါ ညီညီညာညာ ရွတ်စေပါသည်။

(ခ) ထိုနေရာမှာပင် စိတ်နေစိတ်ထား ကောင်းအောင် သဒ္ဓါတရား တိုးပွားအောင် တရားတော်နှင့် သက်ဆိုင်လာသော ဩဝါဒနှင့် အကြောင်းအားလျော်စွာ ပေါ်ပေါက်လာသော ဩဝါဒများ ကို ပြောပြ၍ တချို့ငယ်ရွယ်သူများကို ပြန်လွှတ်ပြီးလျှင် ပါဠိ တော် အဋ္ဌကထာ စာတစ်ဝါကို ဆွမ်းခံမသွားမီ အချိန်ရသမျှ ပို့ချပါသည်။

(ဂ) ထို့နောက် နေ့ဆွမ်းအတွက် အများပင် ဆွမ်းခံကြရပါသည်၊ ["ဆွမ်းမခံဘဲ ဆွမ်းစားနိုင်သည်"ဟု ဂုဏ်မယူစေဘဲ ဘုရားရှင်နှင့် သာဝကအဆက်ဆက်တို့ ဆွမ်းခံတော်မူကြသည်ကိုသာ အားကျ

စေလျက် ''ငါတို့တော့ အမြဲဆွမ်းခံစားခဲ့တာပဲ''ဟူသော ဂိုဏ်းကို ကြီးရင့်သောအခါ ယူကြဖို့တိုက်တွန်း၍ ကျန်းမာလည်း ကျန်းမာ အခြားအကြောင်းလည်း မရှိပါဘဲ ဆွမ်းမခံသူများကို အထင် မကြီးကြဖို့ရန် အမြဲညွှန်ပြပါသည်။]

(ဃ) အလုပ်ဝတ္တရား ရှက်ဆောင်ချိန်မှတစ်ပါး ကျောင်းတိုက်အတွင်း၌ ပင် ဣန္ဒြေရရဝတ်ဖို့, မြို့ရွာအတွင်းသို့ သွားသောအခါ ဆွမ်းခံ ချိန် မဟုတ်သော်လည်း အမြဲသင်္ကန်းရုံ၍ သွားဖို့ရန်နှင့် ရထား သဘော်၊ စသည်တို့၌ ဣန္ဒြေရရ သွားလာကြဖို့ရန် ညွှန်ပြပါသည်။

(င) သင်္ကန်း အသွေးအရောင် ကိုလည်း ပိန္နဲသွေး အရင့်ရောင်နှင့် ညောင်ခေါက်သွေး ရှားသွေး ခပ်ဖျော့ဖျော့ အရောင်ကိုသာ အားလုံးပင် ဝတ်ရုံစေပါသည်။

(စ) အကြောင်းထူးမရှိလျှင်လည်းကောင်း,အရေးကြီးသောကိစ္စလည်း မရှိလျှင်လည်းကောင်း မြင်းရထား,လှည်း,လန်ချားတို့ကို မစီးစေ ရပါ။

(ဆ) ပွဲကြည့်မှုနှင့် ပိုက်ဆံကိုင်မှုများမှာ ချက်ခြင်းတိုက်က သွားရမည့် ပြစ်မှုများဖြစ်၍ ပိုက်ဆံကိုလည်း ကပ္ပိယထံ အပ်နှံခြင်းမှတစ်ပါး မိမိသေတ္တာအတွင်း၌ မထားဖို့ရန် အမြဲသတိပေးကာ တစ်ရံတစ် ခါ သေတ္တာကိုပင် အားလုံးဖွင့်၍ ရှာစေပါသည်။

၁၀။ စာသင်နည်းနှင့်စာမေးပွဲ

(က) မိမိကျောင်းတိုက်၌ သံဃာတော်များကို အဝတ်အစား အနေ အထိုင် အသွားအလာ ကိစ္စတို့၌သာ ကျက်သရေရှိအောင် ပြုပြင် သည် မဟုတ်သေးပါ၊ စာသင်နည်းကိုလည်း စာမေးပွဲအောင်မှု ကို ပဓာနမပြုဘဲ ကျမ်းရင်းစာသား နိုင်နင်းမှုကိုသာ ပဓာနပြု၍ သင်ပြပါသည်။

(ခ) သို့ရာတွင်-စာမေးပွဲ မအောင်လျှင် ယခုနှင့် နောက်ခေတ်ဝယ် အလုပ်တွင်ကျယ်စွာလုပ်နိုင်လိမ့်မည် မထင်သောကြောင့် စာမေးပွဲ ကိုလည်း အချိန်မှီသူတိုင်း လက်လှမ်းမှီရာ တစ်နိုင်ငံလုံး အသိအ မှတ်ပြုသော စာမေးပွဲများကို ဝင်ဖို့ရန် တိုက်တွန်းပါသည်၊ [သို့သော် ကျမ်းရင်းစာသားကို နိုင်နင်းမှုသာ စင်ခွင့်ပြုဌသော ကြောင့် ဤကျောင်းတိုက်မှ စာမေးပွဲဝင်ရာ၌ အမြဲအချိန်နှောင်း လျက် ရှိတတ်ပါသည်။]

၁၁။ ပြုပြင်သမျှ အပျက်တွေ့ရခြင်း

(က) ထိုမျှလောက် စိတ်ရော ကိုယ်ပါ ပြုပြင်ထားသည့် အတွက် ကျောင်းတိုက်၏ သာယာမှုနှင့် သံဃာတော်များ၏ ငြိမ်သက်စွာ နေထိုင်မှုတို့က ရောက်လာသူတို့၏ စိတ်ကို ယိုဖိတ်ကြည်နူးစေပါ သော်လည်း တစ်ခါတစ်ခါ တိုက်တာမှထုတ်ပစ်ရလောက်အောင် အပြစ်ကျူးလွန်သူများကို တွေ့နေရ, ဖမ်း၍ မမိနိုင်အောင် သာ မန်ကျူးလွန်နေသူများလည်း ရှိနေသေးသောကြောင့် အားရ ကျေနပ်ခြင်း မရှိသေးပါ။

(ခ) ယိုသို့တွေ့ရသောအပြစ်တို့မှာလည်း များသောအားဖြင့် မူလ မိဘ နှင့် ဆရာရင်းတို့က သွန်သင်ဆုံးမမှု မပြုခဲ့ကြခြင်း, ပတ်ဝန်းကျင် အပေါင်းအဖော်အပေါင်းတို့က မကောင်းခြင်းနှင့် သူ၏ နဂိုစိတ်ရင်းကို က ညံ့ဖျင်းခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

(ဂ) ထို့ကြောင့် ဤသာသနာတော်ကိုနိုင်ငံတော်၏အများကိုးကွယ်ရာ သာသနာတော်အဖြစ်မှ မရွေ့လျောစေလိုလျှင် တစ်တိုက်တစ်တာ ပြုပြင်ရုံဖြင့် ကိစ္စမပြီးဘဲ မြို့ရော နယ်ပါ ကျောင်းတိုက် ကြီးငယ် အသွယ်သွယ်ပြုပြင်ကြ၍ သာသနာဝင်ချိန်ကာလကပင် စည်းစနစ် ထား၍ ဝင်ခွင့်ပြုမှသာ လူမျိုးနှင့်သာသနာ နှစ်ဖြာလုံး၏ ကျက် သရေကိုဆောင်နိုင်သောသာသနာတော် ဖြစ်နိုင်ဖွယ်ရာရှိကြောင်း ကို တိုင်းသူပြည်သား ရှင်လူအများတို့အား ထပ်လောင်း၍ ညွှန် ပြပါသည်၊ ယခုအခါ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာ ကျော်က အနာဂတ်ဖြစ်လတ္တံ့ကိုမျှော်၍ မိန့်တော်မူခဲ့သော ဖုသျှ မထေရ်မြတ်၏ ဂါထာဖြင့် အပြီးသတ် ကမ္ပတ်ဖုံး၍ နိဂုံးချုပ်ပါ တော့မည်။

# ဖုဿထေရဂါထာပါဠိနှင့်
# မြန်မာပြန်

**၁။ ပါသာဒိကေ ဗဟူ ဒိသွာ, ဘာဝိတတ္တေ သုသံဝုတေ၊**
**ဣသိ ပဇ္ဇလ္လ သဂေါတ္တော, အပုစ္ဆိ ဖုဿ သဝှယံ။**

တိုးပွားစေအပ်သော ကိုယ်စိတ်လည်း ရှိကုန်, ကောင်းစွာ စောင့်စည်းအပ်သော ဣန္ဒြေလည်း ရှိကုန်သည်ဖြစ်၍ ကြည်ညိုဖွယ် ကောင်းကုန်သော ရဟန်းတော်များစွာတို့ကို မြင်ရသဖြင့် "ပဇ္ဇလ္လ"ဟု မိမိ အနွယ်ရင်း ရှိသော ရသေ့တစ်ယောက်သည် "ဖုဿ" ဟု မိမိအမည်ရင်းရှိသော မထေရ်မြတ်ကို လျှောက်ထားမေးမြန်းလေသည်။

**၂။ ကိံဆန္ဒာ ကိမဓိပ္ပာယာ, ကိမာကပ္ပာ ဘဝိဿရေ၊**
**အနာဂတမှိ ကာလမှိ, တံ မေ အက္ခာဟိ ပုစ္ဆိတော။**

အနာဂတ်ကာလ၌ ရဟန်းတို့သည် အဘယ်ဆန္ဒ, အဘယ်အလို, အဘယ် အသွင်အပြင်ရှိကြဖို့ လမ်းမြင်ပါသနည်း၊ ထိုအကြောင်းကို အမေးခံရသော အရှင်ဘုရားသည် တပည့်တော်အား မိန့်ကြားတော်မူပါ။

**၃။ သုဏောဟိ ဝစနံ မယှံ, ဣသိ ပဇ္ဇလ္လ သဝှယ၊**
**သက္ကစ္စံ ဥပဓာရေဟိ, အာစိက္ခိဿာမျနာဂတံ။**

"ပဇ္ဇလ္လ"ဟု မိမိနာမည်ရင်း ရှိသော အိုရသေ့... ငါ၏စကားကို နားထောင်ပါလော့၊ လေးလေးစားစား စွဲမှတ်ထားပါလော့၊ အနာဂတ် အကြောင်းအရာကို ကောင်းစွာပြောပြပါမည်။

**၄။ ကောဓနာ ဥပနာဟီစ, မက္ခီ ထမ္ဘီ သဌာ ဗဟူ၊**
**ဣဿုကီ နာနာဝါဒါစ, ဘဝိဿန္တိ အနာဂတေ။**

အနာဂတ်ကာလ၌ ရှင်ရဟန်းအများတို့သည် နေရာတိုင်းမှာ စိတ်တိုလေ့ ရှိကြလိမ့်မည်၊ တစ်ယောက်အပေါ် တစ်ယောက် အခဲမကြေနိုင်ဘဲ စွဲမြဲစွာ ရန်ငြိုးထားလေ့ရှိကြလိမ့်မည်၊ ဆရာသမား သီတင်းသုံးဖော်များက မိမိအား ပြုဖူးသောကျေးဇူးကို ချေဖျက်ပစ်လေ့ ရှိကြလိမ့်မည်၊ မာန်မာနလျှော့၍ ပျောင်းပျောင်းနူးနူးညွတ်ညွတ်သင့်ပါလျက် မနူးညွတ်သည့်အပြင် နေရာတိုင်းမှာ ထန်ချင်ကြလိမ့်မည်၊ မရှိသောဂုဏ်ကို ရှိဟန်ဆောင်လျက် ကောက်ကျစ်စဉ်းလဲကြလိမ့်

မည်၊ ရဟန်းအချင်းချင်း ကိုယ့်ထက်သာလျှင် မနာလို မရှုစိမ့်သော ဣဿာ တရားများ တိုးပွားကြလိမ့်မည်၊ ဂိုဏ်းဂဏကွဲ ပုဂ္ဂိုလ်ကွဲသဖြင့် အနည်းနည်း အဖုံဖုံ ဝါဒစုံယူကြ၍ မဟုတ်မှုသော ဝါဒ ရှိရစ်ကြလိမ့်မည်၊ [ဤ ဂါထာလာ အပြစ်တို့ ယခုဖြစ်နေကြပြီ မဟုတ်ပါလော။]

**၅။ အညာတမာနိနော ဓမ္မေ, ဂမ္ဘီရေ တီရဂေါစရာ၊ လဟုကာ အဂရူ ဓမ္မေ, အညမညမဂါရဝါ။**

မိမိတို့ကိုယ်တိုင်က ရေတိမ်ကမ်းနား၌ ကျက်စားသော ဖျံကဲ့သို့ သာမည တရားလောက်၌သာ ကျက်စားနိုင်ပါလျက် လေးနက်သော သစ္စာ ၄-ပါး၊ ပဋိစ္စသမုပ္ပါဒ်စသော တရား၌သိပြီး(ကိစ္စပြီးပြီး)ဟု မှတ်ထင်ကြ၍ အဖက်အမှန် တရား၌ ပေါ့ပေါ့ဆဆ အလေးမပြုကြဘဲ တရား အားထုတ်သူ အချင်းချင်း လည်း မလေးမစား အရေးမထားဘဲ နေရစ်ကြလိမ့်မည်၊ [ယခုအခါ တရားပေါက်ပြီဟု အထင်ရှိကြသူတွေကို တိုက်ရိုက် သတိပေးသလို ဖြစ်သော ဂါထာပါပေတည်း။]

**၆။ ဗဟူ အာဒီနဝါ လောကေ, ဥပ္ပဇ္ဇိဿန္တျ နာဂတေ၊ သုဒေသိတံ ဣမံ ဓမ္မံ, ကိလေသိဿန္တိ ဒုမ္မတီ။**

ဤသတ္တလောက (သတ္တဝါအပေါင်း)ဝယ် များစွာသော အပြစ်တို့သည် အနာဂတ်ကာလ၌ ဖြစ်ကြရလိမ့်မည်၊ ကောင်းစွာဟော ပြောအပ်သော ဤတရားတော်မြတ်ကို ပညာမဲ့သူ လူပြိန်းတို့က ညစ်နွမ်းအောင် ပြုရစ်ကြ လိမ့်မည်။ [ယခုအခါ တရားကုတွေကြောင့် တရား အစစ်များ ညစ်နွမ်းနေ ပါပြီ။]

**၇။ ဂုဏဟီနာပိ သံဃမှိ, ဝေါဟာရန္တာ ဝိသာရဒါ၊ ဗလဝန္တော ဘဝိဿန္တိ, မုခရာ အဿုတာဝိနော။**

သီလ, သမာဓိ, ပညာဘက်က ပြောပလောက်အောင် ဂုဏ်မရှိကြ, ကျမ်းဂန်ဗဟုသုတလည်း မရှိကြပါဘဲ သူတို့သည်ပင် သံဃာ့အလယ်၌ နှုတ် ကြမ်း အာကြမ်း ပရမ်းပတာ ရဲရဲ့စွာ ပြောဆိုကြကုန်လျက် နောက်လိုက် အင်အား ပေါများသူတွေ ဖြစ်ရစ်ကြလိမ့်မည်။ [ယခု ဤ အတိုင်းပင် များစွာသော နေရာတို့၌ ဖြစ်နေပြီ မဟုတ်ပါလော။]

**၈။ ဂုဏဝန္တောပိ သံဃမှိ, ဝေါဟရန္တာ ယထာတ္တတော၊ ဒုဗ္ဗလာ တေ ဘဝိဿန္တိ, ဟိရိမနာ အနတ္ထိကာ။**

သီလ, သမာဓိ, ပညာနှင့် ကျမ်းဂန်ဗဟုသုတဂုဏ် ရှိကြကုန်သည် ဖြစ်၍ ရှက်စိတ်လည်းရှိကြ, ဂုဏ်ပကာသနနှင့် လာဘ်လာဘကိုလည်း အလိုမရှိကြသော ရဟန်းတော်တို့သည် သံဃာ့အလယ်၌ ဟုတ်တိုင်းမှန်ရာ ပြောဆိုကြလျှင် ထိုပုဂ္ဂိုလ်တို့မှာ ထောက်ခံသူနည်းပါး၍ အင်အား မရှိသူများ ဖြစ်ရစ်ကြလိမ့်မည်။ [ယခုအချိန်၌ တကယ့်ပညာရှိ သူတော်ကောင်းများသည် ပရိသတ်အလယ်မှာ ပြောဆိုခြင်းငှာ ရဲဝံ့ကြပါသေး၏လော။]

**၉။ ရဇတံ ဇာတရူပဉ္စ, ခေတ္တံ ဝတ္ထုံ အဇေဠကံ၊**
**ဒါသိဒါသံ စ ဒုမ္မေဓာ, သာဒယိဿန္တိ နာဂတေ။**

အနာဂတ်ကာလ၌ ပညာမဲ့သော ရဟန်းသာမဏေတို့သည် ငွေ, ရွှေ, လယ်မြေ, ယာခင်း, ဆိတ်, သိုး, ကျွန်မိန်းမ, ကျွန်ယောကျ်ားကို သာယာကြ (အလှူလာလျှင် ခံယူကြ)လိမ့်မည်။ [ယခုအခါ ငွေနှင့်လယ်ယာကို မအပ်သောနည်းဖြင့်လည်း အတိအလင်း ခံယူကြလေပြီ။]

**၁၀။ ဥဇ္ဈာန သညိနော ဗာလာ, သီလေသု အသမာဟိတာ၊**
**ဥန္နဠာ ဝိစရိဿန္တိ, ကလဟာဘိရတာ မဂါ။**

အနာဂတ်ကာလ၌ မလိမ္မာသော ရှင်ရဟန်းတို့သည် (ကိုယ့်အပြစ်ကိုတော့ မမြင်ဘဲ) သူတစ်ပါးကိုသာ ကဲ့ရဲ့စရာဟု မှတ်ထင်ကြကုန်, သီလတို့၌ ကောင်းစွာ ထားအပ်သော စိတ်သမာဓိ မရှိကြကုန်, ကျူရိုးအလား အနှစ်မဲ့ တက်ကြွားသော မာန်မာနရှိကုန်, ခိုက်ရန်ဖြစ်နေရမှ ပျော်မွေ့ကြကုန်သည် ဖြစ်၍ လှည့်လည် နေထိုင် ရစ်ကြလိမ့်မည်။ [တချို့မှာ ဤအတိုင်း ဖြစ်နေကြ၏၊ သို့သော် များဟန်မတူသေးပါ။]

**၁၁။ ဥဒ္ဓတာစ ဘဝိဿန္တိ, နီလ စီဝရ ပါရုတာ၊**
**ကုဟာ ထဒ္ဓါ လပါသိင်္ဂီ, စရိဿန္တျရိယာဝိယ။**

အနာဂတ် ကာလ၌ အတွင်းစိတ်မှာ မငြိမ်မသက် လှုပ်ယှက် နေရစ်ကြလိမ့်မည်၊ သင်္ကန်းညိုကြီးများကို ဝတ်ရုံးသုံးစွဲကာ ဒါယကာ ဒါယိကာမတို့ အထင်ကြီးလောက်အောင် အံ့ဩဖွယ်ကို ဆောင်ကုန်လျက် ပစ္စည်း ၄-ပါး လှူအောင် အရိပ်အရောင် စကားပြောခြင်းဖြင့် ဆွယ်တရား ဟောကြပြီးလျှင် နွားဦးချိုလို တဏှာချိုဖြင့် ဟိုထိုး ဒီထွေနှင့် အတွင်းစိတ်က မရိုးသားပါသော်လည်း အများအမြင်အားဖြင့် အရိယာကြီးများလို ထင်ရလောက်အောင် ဟန်ဆောင်၍ လှည့်လည်ရစ်ကြလိမ့်မည်။ [ဤအမှုလည်း တချို့

အတွက် ဖြစ်နေပြီ၊ ဒါယကာ ဒါယိကာမဆိုသူတို့ကလည်း ဘာမျှနားမလည် ကြ၊ ကြာလျှင် ထိုပုဂ္ဂိုလ်မျိုးတွေ များသည်ထက် များလာဖွယ်ရှိသည်။]

၁၂။ ပေါလသဏ္ဌောဟိ ကေသေဟိ, စပလာ အဉ္ဇနက္ခိကာ၊
ရထိကာယ ဂမိဿန္တိ, ဒန္တဝဏ္ဏိက ပါရုတာ။

အနာဂတ်ကာလ၌ ရှင်ရဟန်းတို့သည် ဆံပင် (အတို)ကို ဆီတို့ဖြင့် ကျနအောင်ထား၍ လျှပ်ပေါ်လော်လီ မတည်ကြည်ရုံသာမက မျက်လုံးများကိုလည်း (ကုလားများလို ညိုနေအောင်) မျက်ရေး ကွင်းကုန်လျက် ဆင်စွယ်ရောင် အသွေးရှိသော အဝါနုသင်္ကန်းကလေးကို ခြုံရမ်း၍ လှည်း မြင်းရထား မော်တော်ကားတို့ အသွားများသော လမ်းမ၌ ရပ်ချော ဘန်းပြလှည့်လည်ရစ်ကြလိမ့်မည်၊ [ဤအချက်ကိုကား မိမိတို့ ကိုယ်တိုင် မပါဝင်အောင် သတိထားသင့်၏၊ အမှတ်များများကတော့ တချို့တစ်ဝက် အပြစ်တွင် ပါဝင်နေပြီ။]

၁၃။ အဇေဂုစ္ဆံ ဝိမုတ္တေဟိ, သုရတ္တံ အရဟဒ္ဓဇံ၊
ဇိဂုစ္ဆိဿန္တိ ကာသာဝံ, ဩဒါတေသု သမုစ္ဆိတာ။

အဖြူရောင်အဝတ်တို့၌ မက်မောအားရ မျက်စိကျနေသော အနာဂတ် ရှင်ရဟန်းတို့သည် အာသဝေါကင်းကွာ ရဟန္တာ အရှင်မြတ်ကြီးတို့ မစက်ဆုတ်အပ် (မြတ်နိုးအပ်)သော ကောင်းစွာ ဆိုးအပ်သဖြင့် ရဟန္တာအရှင်မြတ်တို့၏ အောင်လံသဖွယ် လွန်တင့်တယ်သော သင်္ကန်းကို စက်ဆုပ်ရွံမုန်းရစ်ကြလိမ့်မည်။ [ဤအခြေအနေ ယခုအခါ ရောက်သေးသည်မထင်ပါ။]

၁၄။ လာဘကာမာ ဘဝိဿန္တိ, ကုသီတာ ဟီနဝီရိယာ၊
ကိစ္ဆန္တာ ဝနပတ္ထာနိ, ဂါမန္တေသု ဝသိဿရေ။

အနာဂတ် ရှင်ရဟန်းတို့သည် ပစ္စည်းလာဘ်ကို လိုလားကြ, ပျင်းရိကြ, ယုတ်လျော့သောဝီရိယ ရှိရစ်ကြလိမ့်မည်၊ တောရကျောင်းတို့၌ နေဖို့ ပင်ပန်းကြကုန်သည်ဖြစ်၍ ရွာနီးကျောင်းတို့၌ နေရစ်ကြလိမ့်မည်။ [လာဘ် လာဘ သာမကာ ဂုဏ်ကိုပါ ယခုအခါ လိုလားနေကြသည်သာ များသည်။]

၁၅။ ယေယေ လာဘံ လဘိဿန္တိ, မိစ္ဆာဇီဝရတာ၊
တေတေ အနုသိက္ခန္တာ, ဘဇိဿန္တိ အသံယတာ။

အကြင် အကြင် ရဟန်းတို့သည် အခါခပ်သိမ်း မတရားသောနည်းဖြင့် အသက်မွေးမှု၌ မွေ့လျော်ကာ များစွာသော လာဘ်ကိုရကြလတ္တံ့၊ ထိုထို

လာဘ် ပေါသော ရဟန်းတို့ကိုပင် အတုလိုက်၍ ကျင့်ကုန်လျက် သီလ သိက္ခာတို့၌ စောင့်စည်းခြင်း မရှိကြတော့ဘဲ (ထိုလာဘ်ပေါသော ရဟန်းများကိုသာ) ဆည်းကပ်ရစ်ကြလိမ့်မည်။ [ယခုအခါ ဤအတိုင်း လိုလိုပင် ဖြစ်နေကြလေပြီ။]

**၁၆။ ယေယေ အလာဘိနော လာဘံ, န တေ ပုဇ္ဇာ ဘဝိဿရေ၊**
**သုပေသလေပိ တေ ဓီရေ, သေဝိဿန္တိ န တေ တဒါ။**

အကြင်အကြင် ရဟန်းတို့သည် လာဘ်လာဘ မရကြကုန်၊ ထို ရဟန်းတို့ကား အပူဇော်ခံရသူများ ဖြစ်ရစ်လိမ့်မည်မဟုတ်၊ ထိုကဲ့သို့ လာဘ်လာဘကို အရေးစိုက်နေသော အနာဂတ်ကာလ၌ အလွန် သီလ ပြည့်ဝ၍ ပညာရှိ ဖြစ်ကြသော ထိုအရှင်တို့ကိုသော်မှလည်း (လာဘ်မရှိသည့်အတွက်)ထို အနာဂတ် ရှင်ရဟန်းတို့က ဆည်းကပ်ရမှန်းတောင် သိရစ်ကြမည် မဟုတ်ချေ။ [ဒါယကာ ဒါယိကာမ မရှိသော စာတတ် ဘုန်းတော်ကြီးများသည် ယခု အခါ မထင်ရှားဘဲ အများနောက်မှာ နေကြရသည်။]

**၁၇။ ပိလက္ခရဇနံ ရတ္တံ, ဂရဟန္တာ သကံ ဓဇံ၊**
**တိတ္ထိယာနံ ဓဇံ ကာစိ, ဓာရိဿန္တျဝဒါတကံ။**

အနာဂတ် ရှင်ရဟန်းတို့သည် မိမိတို့၏ အောင်လံဖြစ်သော ညောင် ခေါက်ဆိုး သင်္ကန်းကို ကဲ့ရဲ့ကြကုန်လျက် တိတ္ထိတို့၏ အလံဖြစ်သော အဝတ်ဖြူ ကို တချို့က ဆောင်ကြ ဝတ်ကြလိမ့်မည်။ [ညောင်ခေါက်ဆိုး (ပိန္နဲဆိုး ရင့်ရင့်)သည် အလွန် ဂုဏ်ရှိ၏၊ သို့သော် ဝါဝါကလေး လောက်တော့ ကြည့်၍ မလှသဖြင့် အများမျက်စိ မကြိုက်တတ်ပါ။]

**၁၈။ အဂါရဝေါစ ကာသာဝေ, တဒါ တေသံ ဘဝိဿတိ၊**
**ပဋိသင်္ခါ စ ကာသာဝေ, ဘိက္ခူနံ န ဘဝိဿတိ။**

ထိုအနာဂတ်ကာလ၌ ထိုရှင်ရဟန်းတို့၏ သင်္ကန်း၌ အလေးမပြုခြင်း ဖြစ် ရစ်လိမ့်မည်၊ သင်္ကန်း၌ ရဟန်းတို့၏ ပညာဖြင့် ဆင်ခြင်မှု (ပစ္စဝေက္ခဏာ ဆင် ခြင်မှု)လည်း ဖြစ်ရစ်တော့မည်မဟုတ်။ [မိမိကိုယ်တိုင် ဆင်ခြင်မိ, မဆင်ခြင်မိ ကို သတိပြုသင့်၏။]

**၁၉။ အဘိဘူတဿ ဒုက္ခေန, သလ္လဝိဒ္ဓဿ ရုပ္ပတော၊**
**ပဋိသင်္ခါ မဟာဃောရာ, နာဂဿာသိ အစိန္တိယာ။**

သောနုတ္တရမှဆိုးက မြားဖြင့် ပစ်ဖောက်အပ်သည်ဖြစ်၍ ဒုက္ခဝေဒနာ လွန်စွာနှိပ်စက်အပ်လျက် ဖောက်ပြန်နေရှာသော ဆဒ္ဒန်ဆင်မင်းမှာ ကြံစည်၍ မရနိုင်လောက်အောင် အလွန် ပြင်းပြသော ဉာဏ်အဆင်အခြင် ဖြစ်ခဲ့ဖူးလေပြီ။ [ဤသက်နန်းနှင့်စပ်၍ ဖုဿမထေရ်မြတ်သည် အလောင်းတော် ဆဒ္ဒန်ဇာတ်ကို သတိရတော်မူဟန်တူသည်။]

၂၀။ ဆဒ္ဒန္တော ဟိ တဒါ ဒိသွာ, သုရတ္တံ အရဟဒ္ဓဇံ၊
တာဒိဘိ ဘဏိ ဂါထာ, ဂဇော အတ္ထောပသံဟိတာ။

မှန်၏-- ထိုဆဒ္ဒန္တဇာတ် ဖြစ်ရာအခါ၌ ဆဒ္ဒန်ဆင်မင်းသည် ကောင်းစွာ ဆိုးအပ်သော ရဟန္တာအရှင်မြတ်တို့၏ အောင်လံသဖွယ်ဖြစ်သော သင်္ကန်းကို မြင်ရ၍ ထိုခဏ၌ပင် အနက်အဓိပ္ပာယ်ပါလှသော ဂါထာတို့ကို ရွတ်ဆိုလေသည်။ (ရွတ်ဆိုပုံကား)--

၂၁။ အနိက္ကသာဝေါ ကာသာဝံ, ယော ဝတ္ထံ ပရိဓဿတိ၊
အပေတော ဒမသစ္စေန,န သော ကာသာဝ မရဟတိ။

အကြင်သူသည် ကိလေသာ ဖန်ရည်ကုန်ခန်း၍ ရဟန္တာမဖြစ်သေးပါဘဲ ဖန်ရည်ဆိုးသင်္ကန်းကို တင်လှမ်းဝတ်ပုံ၏၊ ဣန္ဒြေတို့ကို ဆုံးမမှုနှင့် ဝစီသစ္စာမှ ကင်းကွာသော ထိုသူမျိုးသည် ဖန်ရည်ဆိုးသင်္ကန်းကို တင်လှမ်းဝတ်ရုံခြင်းငှာ မထိုက်တန်ချေ။

၂၂။ ယော စ ဝန္တကသာဝဿ, သီလေသု သုသမာဟိတော၊
ဥပေတော ဒမသစ္စေန, သ ဝေ ကာသာဝ မရဟတိ။

အကြင်ပုဂ္ဂိုလ်ကား ကိလေသာ ဖန်ရည်တွေကို အန်ထုတ်ပြီး၍ သီလတို့၌လည်း ကောင်းစွာ စောင့်စည်းထားအပ်သော စိတ်ရှိ၏၊ ဣန္ဒြေတို့ကို ဆုံးမမှု-ဝစီသစ္စာနှင့်လည်း ပြည့်စုံ၏၊ ထိုပုဂ္ဂိုလ်မျိုးသာလျှင် အမှန်အားဖြင့် ဖန်ရည်ဆိုးသင်္ကန်းကို တင်လှမ်းဝတ်ရုံထိုက်ပါသည်။

၂၃။ ဝိပန္နသီလော ဒုမ္မေဓော, ပါကဋော ကာမကာရိယော၊
ဝိဗ္ဘန္တစိတ္တော နိဿုက္ကော,န သော ကာသာဝ မရဟတိ။

အကြင်သူသည် ပျက်စီးသောသီလရှိ၏၊ ပညာလည်းမရှိ၊ ယိုယိုကိစ္စ၌ ဣန္ဒြေသမာဓိမရဘဲ ပေါ်လွင်လှ၏၊ ကိလေသာမာရ်၏ အလိုရှိတိုင်းပြုသမျှကို ခံနေရ၏၊ ပျံ့လွင့်တုန်လှုပ်သော စိတ်လည်းရှိ၏၊ ဖြူစင်သန့်ရှင်းသော စိတ်လည်းမရှိ၊ ထိုသူမျိုးသည် ဖန်ရည်ဆိုးသင်္ကန်းကို တင်လှမ်းဝတ်ရုံခြင်းငှာ မထိုက်တန်ချေ။

၂၄။ ယော စ သီလေန သမ္ပန္နော, ဝိတရာဂေါ သမာဟိတော၊
ဩဒါတ မနသင်္ကပ္ပော, သ ဝေ ကာသာဝ မရဟတိ။

အကြင်ပုဂ္ဂိုလ်ကား သီလနှင့်လည်း ပြည့်စုံ၏၊ ကင်းသော ရာဂရှိ၏၊ စိတ်တည်ကြည်၏၊ ဖြူစင်သောစိတ်အကြံလည်းရှိ၏၊ ထိုပုဂ္ဂိုလ်မျိုးသာလျှင် အမှန်အားဖြင့် ဖန်ရည်ဆိုးသင်္ကန်းကို တင်လှမ်းဝတ်ရုံ ထိုက်ပါပေသည်။

၂၅။ ဥဒ္ဓတော ဥန္နလော စာလော, သီလံ ယဿ န ဝိဇ္ဇတိ၊
ဩဒါတကံ အရဟတိ, ကာသာဝံ ကိံ ကရိဿတိ။

အကြင်သူသည် မငြိမ်မသက် လှုပ်ယှက်သောစိတ်ရှိ၏၊ ကျူရိုးအလား အနှစ်မဲ့တက်ကြွားသော မာန်မာနလည်းရှိ၏၊ ကြောင်းကျိုးမနှိုက် အမိုက်သက်သက်သာဖြစ်၍, ယင်းကဲ့သို့သောသူမှာ သီလလည်းမရှိ၊ ထိုသူမျိုးသည် အဝတ်ဖြူကိုသာဝတ်၍ ဖိုးသူတော်သာ လုပ်ထိုက်၏၊ သူ့မှာ ဖန်ရည်ဆိုး သင်္ကန်းသည် ဘာအသုံးပြုတော့မည်နည်း။ [ဤအလောင်းတော်၏ အလို အရ သင်္ကန်းဝတ်လိုလျှင် စည်းကမ်းဥပဒေထား၍ ဝတ်သင့်မှ ဝတ်ခွင့်ပြုသင့် သည်။ ]

၂၆။ ဘိက္ခူ စ ဘိက္ခုနိယော စ, ဒုဋ္ဌစိတ္တာ အနာဒရာ၊
တာဒိနံ မေတ္တစိတ္တာနံ, နိဂ္ဂဟိဿန္တိ နာဂတေ။

ဣ-နာဂတ်ကာလ၌ ဘိက္ခု,ဘိက္ခုနီတို့သည် ဒေါသစိတ်ရှိ၍ တရား၌လည်း ကောင်း, ပုဂ္ဂိုလ်တို့၌ လည်းကောင်း ရိုသေလေးစားခြင်းမရှိကုန်သည်ဖြစ်၍ (လောကဓံကြောင့် ဖောက်ပြန် တုန်လှုပ်ခြင်းမရှိကြဘဲ မေတ္တာစိတ်ဖြင့် နေ လေ့ရှိကြသော) သူတော်ကောင်းတို့ကို နှိမ်ရစ်ကြလိမ့်မည်။ [တစ်ချို့ဒေသ၌ သူတော်ကောင်းများ အနှိမ်ခံရလေပြီ။]

၂၇။ သိက္ခာပေန္တာပိ ထေရေဟိ, ဗာလာ စီဝရဓာရဏံ၊
န သုဏိဿန္တိ ဒုမ္မေဓာ, ပါကဋာ ကာမကာရိယာ။

ဆရာသမားတို့က သင်္ကန်းဝတ်ရုံပုံ( စားသောက် နေထိုင်ပုံ )အလုံးစုံကို သင်ပြအပ်ကုန်ပြီးသော်လည်း မိုက်မာနရှိ၍ အလိမ္မာပညာခံ မရှိကြဘဲ ထိုထို ကိစ္စ၌ ဣန္ဒြေမရ ပေါ်လွင်ကြကုန်သော အနာဂတ် ရှင်ရဟန်းတို့သည် ကိလေ သာကာမ၏ ပြုသမျှကို ခံနေကြရသည်ဖြစ်၍ ( သင်ပြသည်ကို ) ရိုသေစွာ နားထောင်ရစ်ကြလိမ့်မည်မဟုတ်။ [ယခုသော်ကား မနာခံကြသဖြင့် တစ်ချို့ ဆရာသမားသည် သင်ပြမှုကိုပင် မပြုကြတော့ကုန်။]

၂၈။ တေတေ အသိက္ခိတာ ဗာလာ, အညမညံ အဂါရဝါ၊
နာဒိယိဿန္တုပဇ္ဈာယေ, ခဠုင်္ကော ဝိယ သာရထိံ။

ထိုထို အသင်အပြ မခံရကုန်သော အနာဂတ်ရှင်ရဟန်း အပေါင်းအဖျင်း တို့သည် အချင်းချင်းလည်း မလေးစားကြတော့ဘဲ ဥပဇ္ဈာယ် ဆရာများ၏ ဆုံးမစကားကိုပင် နာယူကြတော့မည်မဟုတ်၊ ဥပမာ-မြင်းကြမ်းမြင်းယုတ်မာ သည် ရထားထိန်းကို (ရထားထိန်း၏ စကားကို) မနာယူဘဲ သူသွားချင် သလိုသွားသကဲ့သို့တည်း။ [ယခုအခါ ဆိုဆုံးမ၍ရသူ နည်းသည်ထက် နည်း လာလေပြီ။]

၂၉။ ဧဝံ အနာဂတဒ္ဓါနံ, ပဋိပတ္တိ ဘိက္ခုနိ၊
ဘိက္ခူနံ ဘိက္ခုနီနဉ္စ, ပတ္တေ ကာလမှိ ပစ္ဆိမေ။

အနာဂတ်ကာလ၌ နောက်ပိုင်းအချိန်ရောက်လတ်သော် ဘိက္ခုနှင့်ဘိက္ခုနီ တို့၏ ကျင့်ကြံနေထိုင်ပုံသည် ဤပြခဲ့သောနည်းအတိုင်း ဖြစ်ရစ်လိမ့်မည်။

၃၀။ ပုရာ အာဂစ္ဆတေ ဧတံ, အနာဂတံ မဟဗ္ဘယံ၊
သုဗ္ဗစာ ဟောထ သခိလာ, အညမညံ သဂါရဝါ။

ဤ အနာဂတ် ဘေးကြီးမရောက်လာမီ (အသင်တို့သည်) အချင်းချင်း ရိုသေလေးစားခြင်းရှိကြကုန်သည်ဖြစ်၍ ပြောဆိုဆုံးမလွယ်သော စကားရှိသူ များ နူးညံ့ပြေပြစ်သူများ ဖြစ်ကြပါလော့။ [တိံသနိပါတ် ဖြစ်သည်အား လျော်စွာ ဤနေရာတွင် ဂါထာ ၃၀-ပြည့်နေပြီဖြစ်၍ ဤမှာ ပြီးဆုံးသင့်၏၊ သို့သော် နောက်ထပ် ၂-ဂါထာကို ပါဠိတော်မှာ တွေ့ရသေးသည်။]

၃၁။ မေတ္တစိတ္တာ ကာရုဏိကာ, ဟောထ သီလေသု သံဝုတာ၊
အာရဒ္ဓဝီရိယာ ပဟိတတ္တာ, နိစ္စံ ဒဠှ ပရက္ကမာ။

အချင်းချင်း မေတ္တာစိတ်ရှိကြပါကုန်၊ သနားကြင်နာ ကရုဏာစိတ်လည်း ရှိကြပါကုန်၊ သီလတို့၌ စောင့်ရှောက်အပ်သော တံခါးရှိကြပါကုန်၊ အား ထုတ်အပ်သော ဝီရိယရှိကြပါကုန်၊ ကိုယ်နှင့်အသက်မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့စေ လွှတ် အပ်သော စိတ်ရှိကြကုန်၍ အမြဲမပြတ် တစ်ဆင့်ထက်တစ်ဆင့် အမြင့် ရောက်အောင် ကြိုးစားကြပါကုန်။

၃၂။ ပမဒံ ဘယတော ဒိသွာ, အပ္ပမာဒဉ္စ ခေမတော၊
ဘာဝေထဋ္ဌင်္ဂိကံ မဂ္ဂံ, ဖုသန္တိ အမတံ ပဒံ။

မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေခြင်းကို ကြီးစွာသော ဘေးဟူလည်းကောင်း, မမေ့မလျော့ မပေါ့မဆနေခြင်းကို ဘေးကင်းကြောင်းဟူလည်းကောင်း, ကောင်းစွာသိမြင်၍ မဂ္ဂင်ရှစ်ပါး မြတ်တရားကို မိမိသန္တာန်၌ဖြစ်အောင် ကြိုးစားကြပါကုန်၊ (ဤသို့ကြိုးစားကြလျှင်) အမြိုက်နိဗ္ဗာန်ကို ကေန်ထိရောက်နိုင်ကြပါသည်။

မှတ်ချက်။ ။လွန်ခဲ့သောနှစ်ပေါင်း နှင့်ထောင့်ငါးရာကျော်လောက်က ဖုဿမထေရ်မြတ်၏ အနာဂတ်မြော်မြင်တော်မူချက်တို့တွင် များစွာသော အချက်တို့သည် ယခုအချိန်မှာ အထင်အရှားဖြစ်လျက်ရှိကြပါပြီ၊ ထိုသို့ဖြစ်နေပုံကို စိစစ်ပြီးလျှင် ထိုဘေးတို့သည် မိမိအပေါ်၌ ရောက်လျက်ရှိကြ-မရှိကြသည်ကိုလည်း သတိပြုကာ မိမိကိုယ်ကို ထိုဘေးတို့မှလွတ်အောင် ရှန်းနိုင်ကြပါစေသတည်း။

ဤတွင်
ဘုရားဥပဒေတော်ကြီး
ပြီးပြီ။